ဓနုဖြူမြို့ နဲ့ကြိုးရွာ

မဟာထူပါရာမကျောင်းတိုက်

# နှဲ့ကြိုးဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသော

# ဝဍ္ဎဗောဒနီကျမ်း

# တရားပေါင်းချုပ်

(မူပိုင်ရှင်–ဒေါ်ခင်စောနွဲ့)

ကြင်ကြင်

အမျိုးသမီးသိဒ္ဓိပိဋကတ်စာအုပ်ဆိုင်

အမှတ်၄၃-၄၄၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊

ရွှေဂုံဘိုင်စာတိုက်၊ ဗဟန်း၊ ရန်ကုန်မြို့။

(ပဌမအကြိမ်)

၁၃၅၁-ခု၊ တန်ခူးလ　　၁၉၉၀-ခု၊ ဧပြီလ

၂၈၆၄

စနုမြို့မြို နဲ့ကြီးရွာ
မဟာထူပါရာမကျောင်းတိုက်

နဲ့ကြီးဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသော

# ဝဋ္ဋဘောဒနီကျမ်း
# တရားပေါင်းချုပ်

(မူပိုင်ရှင်–ဒေါ်ခင်ဆွေသန့်)

ကြင်ကြင်

အမျိုးသမီးသိဒ္ဓိပိဋကတ်စာအုပ်ဆိုင်
အမှတ် ၄၃-၄၄၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊
ရွှေစုံတိုင်စာတိုက်၊ ဗဟန်း၊ ရန်ကုန်မြို့။

(ပဌမအကြိမ်)

၁၃၅၁-ခု၊ တန်ခူးလ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၃၁/၉၀ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂/၉၀ (၄)

ရိုက်နှိပ်ခြင်း—ပဌမအကြိမ်

အုပ်ရေ—၁၀၀၀

ပုံနှိပ်ပြီးသည့်နေ့—၃၁—၃-၉၀

ပုံနှိပ်သူနှင့် အဖုံးရိုက်—ဇောတိကပုံနှိပ်တိုက်

ထုတ်ဝေသူ—ဒေါ်ပုလေး (၀၃၀၈၁)
မြင့်မိုရ်စာအုပ်တိုက်
၁၁၂-၉၂ လမ်း၊ ကန်ဘော်ဇသဲ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ — ဒေါ်ပုလေး (၀၂၆၃၃)
ဇောတိကပုံနှိပ်တိုက်
၁၁၂-၉၂ လမ်း၊ ကန်ဘော်ဇသ၊ ရန်ကုန်မြို့။

# မူလနိဒါန်း

ဇေယျတု....တိလောကာဓိပတိ မုနိပုင်္ဂဝေါ သုံးလူ့ဖော်သည် ဝဲမှော်ရေကြမ်း ဩဃလမ်း၌ ရိန္နမ်းမြုပ်ရ မလှုပ်ကြနိုင်ဘဲ ဒုက္ခကြီးဝေ့ များဝေနေတို့ကို သောင်မြေသာကုန်း အပါချွန်းအံ့ဟု နှလုံးတော်စွဲ ကျုံးမျှော်ခဲ၍ ဗျာဒိတ်ပွဲယင် မြတ်ဒီပင်ကို ဦးတင်ရနောက် ပြီးတိုင်မြောက်လေက ကျွတ်လောက်သင့်ရာ ရင့်အမာတို့ကို ပင့်ကာဆောင်နွှဲ ဖောင်တော်နှင့်တွဲပြီးလျှင် ဝဲဩဃထန် သမုဒ်ယံကို ဆုတ်ဆန်တော်မူသည့်နောက် အထောက်ကွာလတ် ဒွေးသဟာသ်နှင့် ဗာလေးထပ်စေ့ ငါးဆယ်ပြည့်ကြုံ နှစ်အဆုံတွင် မွန့်ဘုံတိုင်းတွင်း သမိုင်းလင်းလှသော သမုဒ္ဒဃောသ လောကသေဋ္ဌနင်း ပုသိမ်မင်း၏ ညာနှင်းဒေဝီ မပေယသီကျော်ကြား ဥမ္မာဒန် မိဖုရားသည်၊ ပိုင်စားဆုရ စုဘာဂမို့ ဘာသာ့ထောမနာ မွန့်ဝေါဟာဖြင့် 'နှဲ့' မှာ-သခင်မ၊ 'ကြိုး' ပစနမှာ ပိုင်စား ရွာဟု ချီသာကမ္ပည်း ယည့်ယူချီးအပ်သော စံမှီးရိုက်ရာ နှဲ့ကြိုးရွာ၌ သာသနာ့ဝုဍ္ဎိ ဝိရုဠှိကို လိုရှိစိတ်ကြံ စာမရိတစ်ခု ဇာနည်တုနှင့် အားပြုသန် နိုင်ငံတွင်ဟည်း သတင်းကြီးလှသော တိုက်သူကြီး ဦးထုံးကြီး-သူကြီးကတော် မယ်ပန်းဖြူတို့သည် ရည်ယူကမလွန် သဒ္ဓါမွန်နှင့် မှောက်သွန်ကြဲမြုပ် သောင်းထည်ထုပ်ဖြင့် ဆောက်လုပ်လှူဒါန်းအပ်သော ဘုံခန်းသုံးဆင့် နန်းဝေမြင့်ကဲ့သို့ စွင့်စွင့်လျံညီး အုတ်ကျောင်းကြီး၌ မငြိုးယာပထ သပ္ပါယဖြင့် မျှတပျော်မှီ မဟာထေရ်သည် ကြုံလို့ညည်းတ သည်းထန်လှသည့် ဒုက္ခိတညှိုးငယ် ဝေနေယျ ရောဂါသည်တို့မှာ ကယ်ဆယ်သူ ဆေးသမားနှင့် ကုစားဖို့ ဆေးဝါးကောင်းကို တစ်ပါးမှာ ရှာစုဆောင်းပါသော်သည်း ရနိုင်ကြောင်းမမြင် အရင်းစစ် အမြစ်ပင်မှာ ဘုရားမှသာလျှင် ဆေးဆရာ, တရားတော်မှသာ ဆေးဝါးကောင်း ထောင့်ငါးရာ ရောဂါအား၍ ဝဋ္ဋဘေးကြီး လွတ်လွယ်ကြောင်းဟု ကောင်းကောင်းကြီး အရေးမြင်၍ များဗိုလ်လူ ဝဋ္ဋကင်းစင်ရအောင် နောင်အစဉ် ရှည်အံ့လျား သာသနာ ပွင့်စည်ကားစေဖို့ ရေးသားစီရင်တော်မူအပ်သော "ဝဋ္ဋဘေဒနီကျမ်း" ပ-ဒု-တ-စ လေးတွဲကို တစ်အုပ်တည်း စုပေါင်းလျက် ရန်ကုန်မြို့ အမှတ် ၁၁၂၊ ၉၂ လမ်း၊ ကန်တော်ကလေး၊ ဇောတိက ပုံနှိပ်တိုက်က မှန်ကန်စွာ အဖန်ဖန်အထပ်ထပ် တည်းဖြတ်ပြင်ဆင်၍ စက်တင်ပုံနှိပ်လိုက်ပါသတည်း။

(မြင့်မိုရ်) ဖ-က (ပဌမအကြိမ်)

# ကျမ်းဦးနိဒါန်း မှတ်ဖွယ်

"ကျမ်းဦးနိဒါန်းမှတ်ဖွယ်" ဟူသည် အရာဌာနအားလျော်စွာ သိမှတ်ဖွယ်တို့ကို အကျဉ်းချုံး ရေးသားအပ်သော စာတမ်းငယ်ဖြစ်သည်။ အစဉ်အလာအားဖြင့် ကျမ်းတစ်စောင်တစ်ဖွဲ့၏ အဦးအစ၌ ထိုကျမ်းနှင့်ဆိုင်ရာ အကြောင်းအရာများကို "နိဒါန်း" ဟူသောအမည်ဖြင့် တိုတိုတုတ်တုတ်ပင် ရေးသားကြသည်။ ယခု ဤနေရာ၌ကား နိဒါန်းဟူသော ခေါင်းစီးတွင် "ကျမ်းဦးနိဒါန်းမှတ်ဖွယ်" ဟူသော အမည်ဖြင့် အစားထိုး၍ စာမျက်နှာ ရယူနိုင်သလောက် ဆိုင်ရာမှတ်ဖွယ်တို့ကို အကျဉ်းချုပ်အားဖြင့် ရေးသားထားပါသည်။

ကျမ်းတစ်စောင် တစ်ဖွဲ့၏ နောက်ဆုံးအပြီးသတ် စကားကို နိဂုံးဟု နားလည်ကြသကဲ့သို့ ကျမ်းအဦးအစ၌ ရေးသားအပ်သော စာတမ်းငယ်ကို နိဒါန်းဟု သဘောမှန်အားဖြင့် နားလည်ပြီး ဖြစ်ကြသည်။ ထိုနိဒါန်းဟူသော စကား၏ အဓိပ္ပာယ်အရသို့ကို ရှာဖွေစိစစ်သောအခါ–

(၁) အကျိုးကို ဖြစ်စေတတ်သော သဘော=အကြောင်းကို လည်းကောင်း။

(၂) အကြောင်းအရာဖြစ်ပေါ်ရာဒေသ (ဌာန) ကိုလည်းကောင်း။

(၃) ဆိုလိုသောစကားကို ခိုင်မြဲစေရန် ညွှန်ပြသော အထောက်အထား အမှတ်အသားများကိုလည်းကောင်း။

(၄) အရာအားလျော်စွာ သိသင့် သိထိုက်၍ ထုတ်ဆောင် ရေးသားပြဆိုအပ်သော အကြောင်းအရာများကိုလည်းကောင်း နိဒါန်းဟု ဆိုထားသည်ကို တွေ့ရ၏။

ဘုရားရှင်၏ တရားတော်ဘို့တွင်....ဝိနည်း ပိဋက အရာ၌ သိက္ခာပဒနိဒါန်း, အဘိဓမ္မာ ပိဋက၌ အဓိဂမနိဒါန်း, သုတ္တန်ပိဋက၌ ဒေသနာနိဒါန်းဟု အရာဌာနအလိုက် သီးသန့်ပြဆိုထားသည်။ သို့ရာတွင် ဒေသနာနိဒါန်းကား ဘုရားရှင်၏ တရားတော်တိုင်း၌ပင် ရနိုင်သည် ရှိရသည်ချည်းဖြစ်၏။

အထူးအားဖြင့် ဝိနည်း အဋ္ဌကထာတို့၌ ဗာဟိရနိဒါန်း, အဗ္ဘန္တရ (အဗ္ဘန္တရ) နိဒါန်းကိုလည်းကောင်း အဘိဓမ္မာ အဋ္ဌကထာတို့၌ဒူရေနိဒါန်း အဝိဒူရေနိဒါန်း, သန္တိကေ နိဒါန်းတို့ကိုလည်းကောင်း ထင်ထင် ရှားရှား တခမ်းတနား ရေးသားထားသည်ကို တွေ့ရသည်။

(ပဌမအကြိမ်)

## ၁—အကြောင်းနိဒါန်း

နိဒါန သဒ္ဒါသည် အကြောင်းဟူသော အနက်ကိုဟောရာ၌ မူလပဓာန အဓိကအကြောင်းရင်းဖြစ်စေ, သာမန်အကြောင်းဖြစ်စေ တစ်စုံတစ်ရာအကျိုး တစ်ခုခုကို ဖြစ်စေတတ်သော အနက်သဘောအားဖြင့် အကြောင်းမှန်သမျှကို နိဒါန=နိဒါန်း ဟု ဆိုနိုင်သည်။ ထို နိဒါန သဒ္ဒါနှင့် အကြောင်းဟော ပရိယာယ်တူတို့ကို ဟေတု=ဟိတ်, နိမိတ္တ=နိမိတ်, ပစ္စယ=ပစ္စည်း စသည်ဖြင့် အဘိဓာန်ကျမ်းတို့၌ ၁၂ ပုဒ် ထုတ်ပြထားလေသည်။[၁] အဋ္ဌကထာ, ဋီကာ တို့၌လည်း နိဒါနသဒ္ဒါကို ဟေတု, ပစ္စယ, ကာရဏ စသည်တို့ဖြင့်ပင် လဲလှယ် ဖွင့်ပြကြသည်။

၁။ (က) အကြောင်းကို နိဒါန်းဟုဆိုရာ၌ အကျိုးတစ်ခုခုကို ဖြစ်စေ တတ်သော သဘောတရား တစ်ခုတည်းကိုလည်း နိဒါန်းဟု ဆိုသည်။

ဥပမာ....“လောဘသည် ဝဋ္ဋဂါမိကကံတို့ကို ဖြစ်စေတတ်သောအကြောင်း ရင်း နိဒါန်းဖြစ်သည်”[၂] ဟူသော စကား၌ လောဘတရားတစ်ခု တည်းကိုပင် အကြောင်းနိဒါန်းဟု ဆိုလေသည်။

(ခ) ပဓာနသဘောတရား တစ်ခုတည်းသာ မဟုတ်ဘဲ အကျိုးကို ဖြစ်စေတတ်သော သာမန်အကြောင်းတို့ကိုလည်း နိဒါန်းဟု ဆိုသည်၊

ဥပမာ....“အကျိုးတရား မှန်သမျှ အကြောင်းတရားတို့ကြောင့် ဖြစ်ရ ကုန်၏”[၃] ဟူသောစကား၌ (လောဘစသောဟိတ်တရားတို့ကဲ့သို့ မူလပဓာန အကြောင်းရင်း မဟုတ်သော်လည်း) ဖြစ်စေတတ်သော အကြောင်းမှန်သမျှကို နိဒါန်းဟု ဆိုလေသည်။

၁။ အဘိဓာန်နှင့် ၎င်းဋီ၊ ဂ၊ ၉၁၊ အဘိဓာနပ္ပဒီပိကာသူစိ၊ ၃၀၃။

၂။ တယောဝ နိဒါနာ ပဟာနာယ လောဘော နိဒါနံ ကမ္မာနံ သမုဒယာယ။ အင်္ဂုတ္တရပါဠိ၊ ပထမ၊ ၈၁၊ ၁၃၃၊ (၂၆၆)။ နိဒါနံ ဟေတု သမ္ဘဝေါ ပစ္စယော ရူပန္တိ သဗ္ဗာနိ ဟိ တာနိ ကာရဏ ဝေဝစနာနေဝ။ လောဘော ဝဋ္ဋဂါမိကကမ္မာနံ သမုဒယာယ ပိဏ္ဍကရဏတ္ထာယ နိဒါနံ ကာရဏံ ပစ္စယောတိ အတ္ထော။ အင်္ဂုတ္တရ၊ ဋ္ဌ၊ ဒုတိယ၊ ၅၄၊ ၁၀၃၊ (၂၃၂)။ နိဒါတိ ဖလန္တိ နိဒါနံ....ဝေ နိဒါနာဒိပဒါနမ္ပိ ဟေတုပရိယာယတာ ဝေဒိတဗ္ဗာ။ အင်္ဂုတ္တရ၊ ဋီ၊ ပထမ၊ ၄၈။

၃။ ယေ ဓမ္မာ ဟေတုပ္ပဘဝါ။ ဝိနယ၊ မဟာဝဂ္ဂပါဠိ၊ ၅၁။ အပဒါနပါဠိ၊ ပထမ၊ ၂၇။

(ဂ) တရားတစ်ထုံး အဆုံးအဖြတ် ဟောကြားပညတ် သတ်မှတ်ရန် ပေါ်ပေါက်သော ပြဿနာဖြစ်ရပ် အတ္ထုပ္ပတ်ကိုလည်း နိဒါန်းဟုဆိုသည်။ ဥပမာ....ရှင်သုဒိန်သည် ရှေးလူ့ဘဝက မယားဟောင်း၌ မေထုန်မှီဝဲသည်။

ဤ အကြောင်းအရာ အလုံးစုံကို ဂုဟန်းတော်များက ဘုရားရှင်အား လျှောက်ထားကြသည်၊ ရှင်သုဒိန်၏အပြစ် လွန်ကျူးပုံ လျှောက်ထားကြသည့် အတ္ထုပ္ပတ်ကို အကြောင်းပြု၍ ဘုရားရှင်သည် ပထမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ဤအရာဝယ် အပြစ်ကို လွန်ကျူးခြင်းသည် သိက္ခာပုဒ် ပညတ်ရခြင်း၏ အကြောင်းဖြစ်၏၊ သို့ဖြစ်၍ ထိုအပြစ် လွန်ကျူးပုံ အခြင်းအရာကိုပြဆိုသော စကားရပ်တို့ကိုလည်း (သိက္ခာပုဒ်ပညတ်ရခြင်း၏)အကြောင်းဖြစ်၍ နိဒါန်း ဟုဆိုသည်။[၁]

ဤသဘောတရားကိုနည်းမှီး၍ ရေးသားပြုစုအပ်သော ကျမ်းတစ်စောင် တစ်ဖွဲ့မှာလည်း မည်သူတောင်းပန်ခြင်းကြောင့် ရေးသားရသည်၊မည်သည့် ပြဿနာ ဖြစ်ပေါ်ခြင်းကြောင့် ရေးသားရသည်၊ မည်သည့်အကြောင်း ကြောင့်ရေးသားရသည်စသည်ဖြင့် ကျမ်းရေးသားထွက်ပေါ်လာရခြင်း၏ အကြောင်းကို ပြဆိုသော စကားရပ်တို့ကို နိဒါန်းဟုခေါ်ဆိုနိုင်လေသည်၊ [အထက်၌(က)(ခ)အမှတ်ဖြင့် ဖော်ပြခဲ့ပြီးသောအကြောင်းနိဒါန်းနှစ်မျိုး တို့ကား ကျမ်းဦးအစ စာတမ်း၏ နိဒါန်းဟူသော ဝေါဟာရနှင့် အမည် ချင်းတူသော်လည်း အဓိပ္ပာယ်အရ သဘောတရားချင်း တိုက်ရိုက်ဖြောင့် ဖြောင့် မတူကြသည်ကို သိနိုင်ပေသည်။]

## ၂-ဖြစ်ပေါ်ရာ ဒေသနိဒါန်း

(၂) အကြောင်းအရာတစ်ခုခု ဖြစ်ပေါ်ရာဒေသ (=ဌာန)ကိုလည်း နိဒါန်းဟုဆို၏၊ ဥပမာ....ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ် အကြင်ဒေသနာကို ဟောသည်....ဆိုကြ

၁။ သုဒိန္နဿ အဇ္ဈာစာရဝီတိက္ကမော သိက္ခာပဒပညတ္တိယာ နိဒါနဥ္စေဝ ပကရဏဥ္စာတိ ဝုတ္တော တိ ဝေဒိတဗ္ဗော၊ ကာရဏဥ္စိ ယသ္မာ နိဒေတိအတ္တနော ဖလံ, ''ဂဏှာထန'' နိဒ္ဒေသော ပိဝိယ အပ္ပေတိတိ၊ ဝိနယ၊ ဋ္ဌ၊ ပထမ၊ ၁၃၀၊ ၅။

ပါစို့၊ ထိုဒေသနာတော်အတွက် သာဝတ္ထိပြည်ကို (ဒေသနာတော် ဟောကြားရာ ဒေသနာဖြစ်ပေါ်ရာဌာနဖြစ်၍) နိဒါန်းဟု ဆိုရသည်။

သံယုတ္တနိကာယ် စသည်တို့၌ သုတ်တို့၏ ၂စတွင် ထိုသုတ်၏ ဟောကြားရာဌာန (ဒေသ)နိဒါန်းကို အကျဉ်းချုပ်အားဖြင့် "သာဝတ္ထိနိဒါန်" စသည်ဖြင့် ညွှန်ပြထားသည်ကို တွေ့နိုင်လေသည်၊ ထို့အတူ ဝိနည်းပိဋကဌ်လည်း သိက္ခာပုဒ်ပညတ်ရာ ဒေသ မြို့ရွာ စသည်ကိုပင် နိဒါန်းဟု ဆိုသည်၊[၁] ဤနိဒါန်းမျိုးကားဒေသနာတော်၏ဖြစ်ပေါ်ရာ ဟောကြားရာဒေသ(ဌာန)ကို ဆိုသောအရာဖြစ်၍ ဒေသနိဒါန်း (ဌာနနိဒါန်း)ဟု ခေါ်ဆိုနိုင်သည်။

## ၃-အမှတ်အသား နိဒါန်း

(၃) ပြောကြားလိုသောစကားရပ် ဟောကြားလိုသော တရားတော်ကို နာကြားရသူတို့အဖို့ လေးစားယုံကြည်လက်ခံစေရန် ထိုစကားရပ်နှင့် ထိုတရားတော်၏ ပြောဆိုဟောကြားရာ နေရာဌာန်, ပြောဆိုဟောကြားသော အချိန်အခါ, ပြောဆိုဟောကြားသောပုဂ္ဂိုလ်,ပြောဆိုဟောကြားစဉ် မျက်မှောက်ရှိနေသူ ပရိသတ် ဤသို့စသည်ဖြင့် မှတ်သားထားအပ်သော အမှတ်အသား စကားရပ်ဘို့ကိုလည်း (ညွှန်ပြသော အနက် သဘောအားဖြင့်) နိဒါန်းဟု ခေါ်ဆိုရသည်။

ဥပမာ....အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သေဌေး၏ အရန်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို "ရဟန်းတို့-အကြောင်းကြောင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒ် ဟူသည် အဘယ်နည်း၊ ရဟန်းတို့ မသိမှု(အဝိဇ္ဇာ) အကြောင်းခံကြောင့် ပြုစီရင်မှု (သင်္ခါရ)တို့ဖြစ်ရကုန်၏ .. ဤတရားကို ပဋိစ္စသမုပ္ပါဒ်တရားဟု ဆိုအပ်၏။ ၂

---

၁။ နိဒါနံနာမ ဝေသာလိ ရာဇဂဟ သာဝတ္ထိ အာဠဝိ ကောသမ္ဗီ သက္ကဘဂ္ဂါနံ ဝသေန သတ္တဝိဓံ ပညတ္တိဋ္ဌာနံ၊ ဣဒံ ဟိ သဗ္ဗသိက္ခာပဒါနံ နိဒါနံ။ ကင်္ခါ အဋ္ဌကထာ၊ ၁၁၆။

၂။ သံယုတ္တပါဠိ၊ ပထမ၊ ၂၃၄။

(ပဉ္စမအကြိမ်)

ဤစကားရပ်များဝယ် "ရဟန်းတို့ အကြောင်းကြောင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်ဟူသည် အဘယ်နည်း"... ဟု အစချီဆိုအပ်သော စကားရပ်များသာ ဘုရားရှင်ကိုယ်တိုင် ဟောကြားအပ်သော (ပဋိစ္စသမုပ္ပါဒ်) တရားအစစ်ဖြစ်၏၊ "အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်"....စသော စကားရပ်တို့ကား ဘုရားစကားတော်မဟုတ်၊ (ပဋိစ္စသမုပ္ပါဒ်) တရားတော်ကို ဘုရားဟောကြားခဲ့သည်၊ ဟောကြားရာ ဒေသမှာ သာဝတ္ထိပြည်ဖြစ်သည်၊ ထိုတရားဟောစဉ်အခါမှာ ရဟန်းပရိသတ်များ မျက်မှောက်ရှိနေသည်ဟု တရားတော်၏ ဟောရာ အချိန်ကာလ, ဟောရာဒေသ, ဟောကြားသည့် ပုဂ္ဂိုလ် (ဘုရား), မျက်မှောက်ရှိသည့် ပရိသတ် စသော ယုတ္တိသာဓက အမှတ်အသားတို့ကို (ပထမသင်္ဂါယနာတင်စဉ်က) ညွှန်ပြသတ်မှတ်ခြင်း ဖြစ်သည်၊ ထိုသို့ အမှတ်အသားအားဖြင့် ညွှန်ပြအပ်သော ကာလ, ဒေသ, ပုဂ္ဂလ, ပရိသတ် စသည်ကို ပြဆိုသော စကားရပ်ကိုလည်း နိဒါန်းဟု ဆိုလေသည်။

ရှည်သော သုတ် ဒေသနာတို့ကို မဆိုထားဘိ အနုသန္ဓေ တစ်ခုမျှသာရှိသော တရား တစ်သုတ်ပင်လျှင် ထိုကာလ, ဒေသ စသော နိဒါန်းရှိရသည်သာ၊ ဤ၌ ထိုကာလ, ဒေသ စသော နိဒါန်းစကားသည် သုတ်မှ သီးခြားမဟုတ်၊ အမည်တစ်ခုခု ရရှိပြီးသော သုတ်၌ စကားအစိတ်အပိုင်းအားဖြင့် ပါဝင်နေပြီး ဖြစ်သည်။ *

## ၄ - ထုတ်ဆောင် ပြအပ်သော မှတ်ဖွယ်စကားနိဒါန်း

စာပေ ကျမ်းဂန် တစ်စောင်တစ်ဖွဲ့ကို မရေးသားမီ သိသင့် သိထိုက်၍ ထုတ်ဆောင်ရေးသား ပြဆိုအပ်သောမှတ်သားဖွယ် စကားရပ်တို့ကိုလည်း နိဒါန်းဟု ခေါ်ဆိုရသည်။

---

* ကောနုသန္ဓိတံ သုတ္တံ နိဒါနေန အာဒိကလျာဏံ၊ ဝိနယ၊ ဋ္ဌ၊ ၁၊ ၉၀။ နိဒါနေနာတိ အာနန္ဒတ္ထေရေန ဌပိတာ ကာလ ဒေသ ဒေသက ပရိ သာဒိ အပဒိသနလက္ခဏေန နိဒါနဂန္ထေန။ သာရတ္ထ၊ ၁၊ ၃၂၄၊ ဝိသုဒ္ဓိ၊ ဋီ ။ ၂၆၀။ နိဒါနံ နာမ ကာလဉ္စ နာရဉ္စ ဒေသော စ ဘာသိတံ စ။ ဝဇိရ၊ ၄၅၁ ပဋိညာဟေတူဟိ အာဒီသု ဟိ လောကေ ဝစနာဝယဝေါ ဟေတူတိ ဝုစ္စ- တိ။ ပဌာန၊ ဋ္ဌ၊ ၃၃၄၊ (ပဋိညာဥပမာဟေတု စသော မဘာဒဝိန္တ-ာ၊ ဂါ၊ ၁၄-တို့ကိုလည်းကြည့်)။

(ပဥ္စမအကြိမ်)

ကျမ်းဦး အစ၌ ရေးသားသော ထိုစကားမျိုးကား ကျမ်း၏ အတွင်း သားထဲ၌ ပါဝင်သော အကြောင်းအရာဖြစ်စေ, မပါဝင်သော အကြောင်း အရာ ဖြစ်စေ ကျမ်းကို လေ့လာရာ၌ အထောက်အကူ မဖြစ်စေနိုင်သော (ကိုက်ရိုက် အထောက်အကူ မဖြစ်စေနိုင်ကာမူ လေ့လာသူတို့အဖို့ သိမှတ် ထားထိုက်သော) အကြောင်းအရာများကို တခမ်းတနား ရေးသားသော စကားရပ်များ ဖြစ်သည်။

ဥပမာ....နိကာယ်တို့၏ အဖွင့် အဋ္ဌကထာများ ကျမ်းဦးအစ၌ အထူး အားဖြင့် ဝိနည်းအဖွင့် အစဆုံး ပါရာဇိကဏ် အဋ္ဌကထာကျမ်းဦး အစ၌ တခမ်းတနား ရေးသားထားသော နိဒါန်းကြီးကို တွေ့နိုင်လေသည်၊ ထို နိဒါန်းကြီးမှာ ရေးသားဖွင့်ဆိုလတ္တံ့သော ပရိဝါပါဠိ သင်္ဂီတိကဏ္ဍကဥ် ပါဝင်သည့် ပထမ သင်္ဂါယနာတင်ပုံ အခြင်းအရာများနှင့် တကွ ဘုရား ဒေသနာမြတ်၏ ရသအစွမ်းအားဖြင့်တစ်ပါး၊ ဓမ္မ,ဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါးပြားပုံ, ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိပုံ စသည်တို့ကို လည်းကောင်း ထို့နောက် ဆရာအဆက်ဆက်, မထေရ်အသီးသီးတို့က ထိုပိဋကတ်တို့ကို ထိန်းသိမ်းစောင့်ရှောက် ဆောင်လာကြပုံမှစ၍ ဒုတိယ, တတိယ သင်္ဂါယနာ တင်ပုံများ ကိုးတိုင်း ကိုးဌာန သာသနာ ကျယ့်ပြန့် သွားပုံများပါမကျန် သာသနာ့ဖြစ်စဉ်ကိုလည်းကောင်း အကျယ်တဝင့် ရေးသားထားတော်မူလေသည်။

ထို့နောက်(တေန သမယေန ဗုဒ္ဓေါ ဘဂဝါ-စသော) ဝေရဉ္ဇကဏ္ဍနှင့် တကွ ဝိနယ ပိဋကကို ကုန်ဆုံးသည်အထိ ဖွင့်ဆိုရေးသားလေသည်၊ ဤ စကားရပ်များတွင် ပထမသင်္ဂါယနာတင်ပုံမှစ၍ ဝေရဉ္ဇကဏ္ဍအထိ တိုင် ရှိသော စကားရပ်တို့ကား ကျမ်းတွင်းပါ စကားရပ်များမဟုတ်၍ (ဝါ-ပါရာဇိကကဏ္ဍဟု အမည်ရသည့် ကျမ်းအတွင်းပါ စကားရပ်များမဟုတ် အပြင်အလွတ်ဖြစ်သော စကားရပ်များဖြစ်၍) ဗာဟိရ-ဟု ဆိုရသည်၊ ဝေရဉ္ဇကဏ္ဍမှစ၍ သိက္ခာပုဒ် ပညတ်သည် အထိ စကားရပ်တို့ကား ကျမ်း၏ အတွင်းပါ စကားရပ်များဖြစ်၍ (ဝါ-ပါရာဇိက ကဏ္ဍဟု အမည်ရသော ကျမ်း၏ အတွင်း၌ပါသော စကားရပ်များဖြစ်၍) အဗ္ဘန္တရ (အဇ္ဈတ္တိက) ဟု ဆိုရသည်၊ ဤကျမ်းမှအပ အလွတ်ဖြစ်သော(ဗာဟိရ) အကြောင်း အရာများကို နိဒါန်းအရာ၌ တတ်သိ သမုပ္ပါဒ် စသော (ပရမတ္ထ) (ပဋ္ဌမအကြိမ်)

လိုမှာစေခြင်းငှာ (မသိရသေးသည်ကို သိစေရန်) ထုတ်ပြအပ်သောအနက်သဘောကြောင့် နိဒါန်း (ဗာဟိရနိဒါန်း) ဟု ဆိုရလေသည်။ [၁] (အဗ္ဘန္တရနိဒါန်းကား ကျမ်းတွင်း၌ ပါဝင်သော စကားရပ်များ ဖြစ်၏)။

အဘိဓမ္မာ အဋ္ဌကထာ နိဒါန်းများ၌ကား သဗ္ဗညုတဉာဏ်ကို ရတော်မူခြင်းသည် **အဓိဂမနိဒါန်း** မည်၏ဟု အထူးပြဆိုသည်။ အဘိဓမ္မာဒေသနာကား ပရမတ္ထ ဒေသနာဖြစ်၏၊ သဗ္ဗညုတဉာဏ်ရမှသာလျှင် (ဝါ- သဗ္ဗညုတဉာဏ် ရတော်မူသော ဘုရားရှင်မှ သာလျှင်) ဟောကြားနိုင်ပေသည်။ အခြား ဒေသနာတို့ကား ဝေါဟာရဒေသနာဖြစ်၏။ ပုဂ္ဂိုလ် အဇ္ဈာသယအား လျော်စွာ သာလျှင် ဟောကြားတော်မူရလေသည်။ [၂] ထို့ကြောင့် အဘိဓမ္မာ အဋ္ဌကထာ ကျမ်းဦးအစ၌ ရေးသားအပ်သော သုမေဓာဘဝမှစ၍ သဗ္ဗညုတဉာဏ်ကို ရတော်မူ၍ ဘုရားဖြစ်တော်မူသည်အထိ (ပြဆိုအပ်သော စကားရပ်ကို) **အဓိဂမနိဒါန်း** ဟု ဆိုသည်။

သဗ္ဗညုတဉာဏ်ရပြီး (ဘုရားဖြစ်ပြီး) နောက် ဓမ္မစကြာဒေသနာ (အဘိဓမ္မ ဒေသနာတော်) ကို ဟောကြားသည့်အထိ (ပြဆိုအပ်သောစကားကို) **ဒေသနာနိဒါန်း** ဟုဆိုသည်။ ဤ၌ ဘုရားဒေသနာတိုင်း၊ အရပ်၊ ကာလ၊ ဒေသစသော ဒေသနာနိဒါန်းကား ရှိသည်ချည်းပင်ဟု ယခင် ရေးသားခဲ့သည့်အတိုင်း အဘိဓမ္မာအရာ၌လည်း အခြား ဒေသနာများကဲ့သို့ (ဧကံ သမယံ ဘဂဝါ) တစ်ရံရောအခါ ဘုရားရှင်သည်–စသော ဒေသနာနိဒါန်း တိုက်ရိုက် မပါမည် ရှိသော်လည်း "ဘုရားရှင်သည် ခုနစ်ဝါမြောက် ရောက်ကာလ တာဝတိံသာ နတ်ပြည်၌ နတ်ပြဟ္မာတို့အား ကုသလာဓမ္မာ အစရှိသော အဘိဓမ္မာ–တရားတော်ကို ဟောတော်မူသည်" ဟု ထေရာဒါ အဆက်ဆက် လက်ခံပြီးဖြစ်၍ ဘုရားဟူသော ဒေသက၊ တာဝတိံသာ ဟူသောဒေသ၊ နတ်ပြဟ္မာဟူသော ပရိသတ်စသော ဒေသနာနိဒါန်းကို သိရလေသည်။ အခြား ဓမ္မစကြာ၊ ပဋိစ္စ သမုပ္ပါဒ် စသော (ပရမတ္ထ)

---

၁။ နိဒ္ဒါတိ ဒေသနံ ဒေသကာလာ ဒိဝသေန အဝိဒိတံ ဝိဒိတံ ကတွာ နိဒသေတီတိ နိဒါနံ၊ သာရတ္ထ၊ ပထမ၊ ၂၇၊ ဝိမတိ၊ ပထမ၊ ၁၀၊ သီလက္ခန်၊ ဋီ၊ ၂၀ ၎င်း-ဋီ၊ သစ်၊ ပထမ၊ ၃၆၊ မူလဂဏ်၊ ဋီ။ ပထမ၊ ၂၂၊ ၃။ သံယုတ္တ၊ ဋီ၊ ပထမ။ ၂၀။ အင်္ဂုတ္တရ၊ ဋီ၊ ပထမ။ ၂၃။ ကင်္ခါ၊ ဋီ၊ သစ်။ ၁၀။

၂။ အဋ္ဌသာလိနီ။ ၇၇၊ ၈။ မူလဋီ၊ ၂၄။ အနုဋီ။ ၂၅ တို့ကြည့်။

(အဘိဓမ္မာ) သုတ်တို့၏ ဒေသနာနိဒါန်းကား တိုက်ရိုက်ပါပြီး ရှိပြီး ဖြစ်ကြလေသည်။

၎င်းပြင် သုမေဓာဘဝ ဒီပင်္ကရာဘုရား ခြေရင်းမှစ၍ မြောက်မြားစွာသော (အစုဆက္ကဇာတက)ဘဝဖြစ်စဉ်များနှင့်တကွ နောက်ဆုံး တုသိတာနတ်ပြည်၌ အလောင်းတော်နတ်သား ဖြစ်သည်အထိ အကြောင်းအရာပြ စကားရပ်တို့ကို (အဘိဓမ္မာကို ဟောကြားခြင်း၏ ဝေးကွာသေးသော အကြောင်း)ဒူရေနိဒါန်း။ တုသိတာနတ်ပြည်မှ ဘုရားအဖြစ်သို့ ရောက်သည့် ဗောဓိမဏ္ဍိုင်အထိ အကြောင်းအရာစကားရပ်တို့ကို (မဝေးကွာတော့သော အကြောင်း)အဝိဒူရေနိဒါန်း။ ဘုရားဖြစ်ပြီးနောက် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာကို ဟောကြားခါနီးအထိ အကြောင်းအရာပြ စကားရပ်တို့ကို (နီးကပ်သော အကြောင်း) သန္တိကေနိဒါန်း ဟု သတ်မှတ်ပြလေသည်။ (ဤ၌ ဒေသနာနိဒါန်းကိုပင် သန္တိကေနိဒါန်းဟု ဆိုသည်။) ထို့အတူ ဇာတ်အဋ္ဌကထာနိဒါန်း စသည်တို့၌လည်း အရာအားလျော်စွာ ပြဆိုအပ်သော စကားရပ်များဖြင့် ဒူရေနိဒါန်း စသည်တို့ကိုလည်း ဖွင့်ပြကြကုန်၏။

## ဝဏ္ဏဘောဒနီနှင့် နဲ့ကြိုး

"ကျမ်းဦး နိဒါန်းမှတ်ဖွယ်"ဟူသော ဤနေရာ၌ အစအဆုံးနိဒါန်းဟူသောစကား၏ အဓိပ္ပာယ်အရ သဘာဝတို့ကိုဗဟုသုတအလို့ငှာ အကျဉ်းချုပ် ပြဆိုပြီးနောက် ဤနေရာမှစ၍ ဤကျမ်းစာနှင့်သာ သက်ဆိုင်သော မှတ်သားဖွယ်တို့ကို ရေးသားပါအံ့။

ရောင်တီတိုင်း ဓနုဖြူမြို့နယ် (ဓနုဖြူမြို့မှ အနောက်မြောက်ယွန်းယွန်း ၁၄-မိုင် ကွာဝေးသော)နဲ့ကြိုးရွာမဟာထူပါရာမ ကျောင်းတိုက်၌ သီတင်းသုံးတော်မူသွားသောနဲ့ကြိုးဆရာတော်ကြီးသည်ရှေးလွန်ခဲ့သောနှစ်ပေါင်း ၅၀-ကျော်က ဤဝဏ္ဏဘောဒနီကျမ်းကို ရေးသားတော်မူခဲ့ပေသည်။

နဲ့ကြိုးဟုဆိုလျှင် ဝဏ္ဏဘောဒနီတရားစာ ရေးထုတ်တဲ့ရွာလား၊ဝဏ္ဏဘောဒနီဟု ဆိုလျှင်လည်း နဲ့ကြိုး ဝဏ္ဏဘောဒနီလား....ဟု မြန်မာပြည် အရပ်ရပ်

(ပဌမအကြိမ်)

ပျံ့နှံ့သိရှိနေကြသော ထို နဲ့ကြိုးရွာသည်* အိမ်ခြေ (၂၀၀) ခန့်ရှိ၏။ ပေ ၂၅၀ - ကျော်ခန့်ကျယ်ပြီး အရှေ့အနောက် တန်းနေသောချောင်းကို မှီ၍ တည်ထားသည့်ရွာတန်းဖြစ်သည်။ နဲ့ကြိုးကိုဗဟိုပြု၍မှီနေသော ပတ်ဝန်းကျင် ရွာပေါင်းမှာ (၁၅) ရွာရှိ၍ အိမ်ခြေပေါင်း (၂၀၀၀) ကျော်ခန့် ရှိလေသည်။ နဲ့ကြိုးရွာ၌ ရှေးအခါက ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ၍ ခေတ်မီသူများ အများအပြား နေထိုင်ကြ၏၊ အရှေ့ဘက် ရွာဦးထိပ်တွင် ချောင်းသုံးခွဆိုင်နေရာ ကမ်းအင်ူတွင် ဆရာတော်ကြီး သီတင်းသုံးတော်မူသွားသော မဟာထူပါရာမ ကျောင်းတိုက် ရှိသည်။ ရှေးတလိုင်းမင်းများ တည်ထားခဲ့သော မြေစိုက်စေတီကြီး တစ်ဆူလည်းရှိ၏။ ထိုစေတီနှင့် ထိုကမ်းအင်ူကို အစွဲပြု၍ ဘုရားငူကျောင်းဟူ၍လည်း ရှေးက ခေါ်တွင်ခဲ့ဖူးသည်။

ထိုမဟာထူပါရာမကျောင်းတိုက်မှာ ဆရာတော်ကြီး လက်ထက်က စာသင်သား သံဃာ ၆၀ - ကျော်ရှိသောဟူ၏။ နဲ့ကြိုးရွာသူရွာသားတို့မှာလည်း ဆရာတော်ကြီး၏ တရားတော်အဆုံးအမသြဝါဒဖြင့် ဘာသာရေး၊ သာသနာရေးဆိုင်ရာ၌ စနစ်တကျ အဝါးဝပြီး၊ အသားရပြီးသူများ ဖြစ်ကြပေ၏။

ကျောင်းဝင်းအတွင်း၌ကား သရက်၊ ပိန္နဲ၊ ကံ့ကော်စသော သီးပင်ပွင့်ပင်များဖြင့် တင့်တယ်ဝေဆာ သာယာလှပေသည်၊ ကမ်းနံဖူးတစ်လျှောက် သစ်ပင်တို့မှာလည်း ချောင်းရေရိပ်ဖြင့် လွန်စွာ ပဏ္ဏာချလှသည်။ ရေနက်၊ ချောင်းကျယ်ဖြစ်၍သန့်ရှင်းကြည်လင်ပြီးချိုးသုံးရန်အလွန်ကောင်းလှတော့၏။ ထို့ကြောင့် မဟာထူပါရာမကျောင်းသခ်မ်း၏ ဝေဆာတင့်တယ် ရှုချင်စဖွယ် ဥယျာဉ်ကြီးတမျှ သာယာလှသော သဘာဝသည်(ထိုသဘာဝအတွေ့

---

* နဲ့ကြိုး–ဟူသော အမည်သည် တလိုင်း (မွန်) စကား ဖြစ်သည်။
နဲ့–သခင်မ၊ ကြိုး–ပိုင်စားသောရွာ။ နဲ့ကြိုး–သခင်မ ပိုင်စားသောရွာ။ သမုဒ္ဒဃောသပုသိမ်တလိုင်းမင်း (မွန်) ၏ မိဖုရား ဥမ္မာဒန္တီ-ပိုင်စားသောရွာ ဟု ဆိုလိုသည်။ "ဒွေးသဟာသ်နှင့်၊ ရာလေးထပ်စေ့။ ငါးဆယ်ပြည့်ကြို၊ နှစ်အဆုံးဘွင်၊ မွန်ဘုံတိုင်းတွင်၊ သခိုင်းလင်းလှသော၊ သမုဒ္ဒဃောသ၊ လောကသေဋ္ဌနင်း။ ပုသိမ်မင်း၏၊ ညာနှင်းဒေဝီ၊ မဟေသီကျော်ကြား ဥမ္မာဒန္တီ မိဖုရားသည်၊ ပိုင်စားဆုရ၊ စုဘာဂကိုး ဘာသာ့ဘောမနာ၊ မွန်ဝေါဟာပြင့်၊ နဲ့မှာ သခင်မ၊ ကြိုးဝစနမှာ၊ ပိုင်စားရွာဟု...."စသည်ဖြင့် ဆရာတော်ကြီးရေး ဪဝဠ္ဌဘေဒနီ မူလနိဒါန်း၌ မိန့်ဆိုထားလေသည်။
(ပဉ္စမအကြိမ်)

ကို ကိုယ်တိုင်ထိတွေ့ခံစားရသော ဆရာတော်ကြီးအဖို့) စာပေရေးသားရန် စဉ်းစားဉာဏ် စိတ်ကူးကို အထူးပင် အထောက်အကူ ဖြစ်လေတော့သည်၊ မှန်ပေစွ—

ဝေဿန္တရာမင်းကြီးသည် အလှူကြီး ပေးပြီးနောက် မဒ္ဒီနှင့်တကွ ဇာလီ ကဏှာ ကလေးနှစ်ယောက်တို့ကိုပါ ခေါ်ဆောင်၍ ဝင်္ကဘာတောင်သို့ ထွက်ခဲ့ရာ တောတန်းမြိုင်တစ်လျှောက် သစ်ပင်တို့မှ အသီးအပွင့်တို့ကို ဇာလီ ကဏှာတို့ တွေ့မြင်သော်အခန်း၌....

တေသံ ဖလာနံ၊ ထိုထိုငုံသီး ထိန်ထိန်ငြိုးတဲ့ သစ်သီးသစ်ပွင့် တို့ကို။ ဟေတုမှိ၊ ကစားကလူ တအားယူ၍ သွားချူပါခေါင်း ရလိုကြောင်းဖြင့်။ ဥပရောဒန္တိ၊ ကျောက်ကန်လက်လှမ်း အော်မြည် တမ်း၍ ပင်ပန်းလှိုက်ခုန် ငိုကြကုန်၏။ ဟူ၍လည်းကောင်း ...

ဥဗ္ဗိဒ္ဓါ၊ မမီလက်မြောက် တန်းစီလျှောက်၍ ပင်စောက်ရင်မှုံ မြင့်ကြကုန်သော။ ဝိပုလာ၊ လုံးပတ်လက်ကိုင် မဖက်နိုင်အောင် ကြီးခိုင်ပြန့်ပွား အလွန်လည်း စည်ကားကုန်သော။ဒုမာ၊ ဖူးပွင့်စုံညီ ငုံစီစီနှင့် မြင့်သီထီးထီး၊ သစ်ပင်ကြီးတို့သည်။ စသည်ဖြင့် လည်း ကောင်း—

ရေးသားထားသည့် စာသားတို့မှာ မိမိကိုယ်တိုင် ထိတွေ့နေရသော မဟာ ထူပါရာမကျောင်းသခ်မ်း၏ သာယာလျှမ်းပြည့် တည်ရှိနေပုံ တစ်စိတ် တစ်ဒေသကဲ့သို့ပင် စိတ်ထဲ၌ ထင်မြင်သည့်အတိုင်း ရေးသီကုံးလိုက်ဟန် တူသည်ဟုဆိုနိုင်ပေတော့သည်။

ရေ, မြေ, ဥတု, အမျိုးပြုရလျှင် ရှင်သန်ကြီးထွားနိုင်ရမည်ပင် ဖြစ်သော် လည်း စန္ဒကူးနံ့သာပင်သည် ဟေမဝါမြိုင် ဂန္ဓိုင်ထပ်သပ် တောတောင် အရပ်၌သာလျှင် ဝေဆာကြီးထွား စည်ပင်ပြန့်ပွား၍ အနှစ် အသား ရနံ့ တို့ဖြင့် သင်းပျံ့မွှေးကြိုင် တောတောင်လုံးမြိုင်သကဲ့သို့....ဆရာတော်ကြီး၏ စာဆိုဉာဏ်မှာလည်း နဲ့ကြိုးဒေသ သာယာသော ထူပါရုံကျောင်းသခ်မ်း ကို အမှီရတော့မှ ပို၍ထက်မြက် လေးနက်စူးရှပြီးအထူးပင် ရှင်လန်းလျက် လျှမ်းလျှမ်းတောက် ပြောင်မြောက်သော အရေးအသားဖြင့် ကလောင်ဝင့် ကြွား တိုင်းပြည်တွင် ကျော်ကြားရလေသည်။

(ပဌမအကြိမ်)

## နှံ့ကြိုးဆရာတော်ကြီး၏ ဖြစ်တော်စဉ်

ဆရာတော်ကြီးကား - နှံ့ကြိုးဇာတိ မဟုတ်ပေ၊ အထူး အာဏာရ တိုက်သူကြီး ဘိုးထုံးကြီး, မယ်ပန်းဖြူနှင့်တကွ နှံ့ကြိုးရွာ ဒါယကာ, ဒါယိကာမတို့ ပင့်ဆောင်သဖြင့် ၁၂၄၄-ခုနှစ်တွင် နှံ့ကြိုးသို့ ကြွရောက်တော်မူလာပြီး သီတင်းသုံးနေတော်မူလေသည်။

ဆရာတော်ကြီးသည် ဇလွန်မြို့ ကျုံတုန်းရွာ ညောင်ဝိုင်းရပ်၌ မြန်မာသက္ကရာဇ် ၁၂၁၂-ခုနှစ်တွင် ဖွားမြင်တော်မူ၍ ငယ်မည်မှာ "**မောင်ဘိုးသာ**" ဟု ခေါ်တွင်သောဟူ၏၊ မောင်ဘိုးသာ အသက် ခုနစ်နှစ် ရှယ်လောက်တွင် ဇလွန်မြို့ ဗျဉ်းညားရွာ သာသနမူလာရုံကျောင်း ဘုန်းတော်ကြီး ဦးဂန္ဓမာထံ၌ စာပေသင်ကြားလေသည်၊ ပါရမီနှင့် ဇာတိလက္ခဏာ ပါလာသည့် အတိုင်း ကျောင်းသားကလေး မောင်ဘိုးသာသည် အဖော်အပေါင်းများနှင့် ဘာသာဘာဝ ကစားသောအခါ ဟန်မူပါပါနှင့် ရှင့်ဘုရင်စကားများကိုလည်းကောင်း, လုံးထပ် နဘောထပ်များဖြင့်လည်းကောင်း ပြောဆိုကစားလေ့ရှိသော ဟူ၏။

မောင်ဘိုးသာ အသက် ၁၀ နှစ်အရွယ်လောက်တွင် ဘုန်းတော်ကြီး ဦးဂန္ဓမာ ထံမှာပင် ရှင်သာမဏေပြုသည်၊ ဘွဲ့အမည်မှာ "ရှင်ဇိန"ဖြစ်၏။ ရှင်ဇိနသည် ဆရာဘုန်းတော်ကြီး ဦးဂန္ဓမာထံ၌ သဒ္ဒါ, သင်္ဂြိုဟ်, ဇာတ်ကြီးဆယ်ဖွဲ့ စသော အခြေခံစာများကို သင်ကြားပြီး အသက် ၁၃ နှစ်လောက်တွင် အညာဆန် လျှော်ကြုံဖြင့် မန္တလေးသို့ ပညာသင်ရန် လိုက်သွားလေသည်၊ မန္တလေးရောက်ပြီး အရှေ့ပြင် ဝိသုဒ္ဓါရုံတိုက်၌ နေထိုင်၍ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံမှာပင် ပညာများ ဆက်လက်သင်ကြားလေသည်။ ထိုအချိန်မှာ သက္ကရာဇ် ၁၂၂၆-ခုနှစ် ခန့်လောက်ဖြစ်၍ မင်းတုန်းမင်းကြီးသည် မန္တလေးမြို့ကို တည်ထောင်ပြီး ငါးနှစ်ခန့်ရှိသော အချိန်အခါဖြစ်၍ နေပြည်တော်တွင် အထူးစည်ကားသည့် အချိန် ကျမ်းဂန်တတ်ဆရာတော်များကိုလည်း အထူးချီးမြှောက်ပြီး ပရိယတ္တိကို အားပေးချိန် သာသနအရှိန်အဝါ ထွန်းလင်း တောက်ပြောင်ချိန် ဖြစ်လေသည်။

ရှင်ဇိနသည် သာမဏေဘဝဖြင့်ပင် သင်ရိုး အဋ္ဌကထာ, ဋီကာများကို သင်ကြားပေါက်ရောက်တော်မူသည်၊ သက္ကရာဇ် ၁၂၃၁-ခုနှစ်တွင် ရှင်ဇိန အသက် ၂၀ ပြည့်သဖြင့် ဝိသုဒ္ဓါရုံ ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍

(ပဌမအကြိမ်)

ပဥ္စင်းအဖြစ်သို့ ရောက်သည်။ ပဥ္စင်းငယ် အရှင်ဇိနသည် ပရိယတ္တိများကို ထပ်မံ၍ အချောသတ် သင်ကြားပြန်သည်။

ဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးသည် စာဝါများ ချပို့သောအခါ၌ အဓိပ္ပာယ်ပြောယင်း ပါဠိ, အဋ္ဌကထာ, ဋီကာများမှ မှတ်သားဖွယ်ရာ ဝါကျများ, ဂါထာဗန္ဓများ တွေ့ရသောအခါ စာလိုက်ပုဂ္ဂိုလ်တို့အား ဤပါဠိ ဤဂါထာ အလွန်မှတ်ဖွယ် ကောင်းလှသည်၊ တပည့်တို့ကိုယ်တိုင် ဉာဏ်စွမ်းရှိသရွေ့ အနက် ရေးသားခဲ့ကြရမည်ဟု မကြာခဏ မိန့်တော်မူသည့်အတိုင်း နောက်တစ်နေ့တွင် အသီးသီးရေးယူလာကြပြီး ဆရာတော်ကြီးထံ ဖတ်ကြားတင်ပြကြရသည်။ ထိုသို့ ဖတ်ကြားတင်ပြရာတွင် နောက်ဆုံး၌ အရှင်ဇိန၏ ယောဇနာချက် အနက်သဝလျှင် အကောင်းဆုံးအဲဖြစ်, အရွေးချယ်ခံရသည်၊ မှတ်တမ်းတင်၍ စံထားခံရသည်ချည်းဖြစ်တော့သည်။ ထိုအချိန်မှစ၍ အရှင်ဇိနသည် အနက်ယောဇနာ၌ ထူးချွန်ပြောင်မြောက်အောင် ကောင်းပေသည်ဟု ထင်ပေါ်ခဲ့လေသည်၊ အရွေးချယ်ခံ စံတင်ခံရသော အရှင်ဇိန၏ အနက်ယောဇနာချက်များသည် စာလိုက် သံဃာများ၏ နှလုံးသားတွင် စွဲထင်သွားလေတော့သည်။

အရှင်ဇိနနှင့် စာသင်ဖက် ထိုပုဂ္ဂိုလ်တို့မှာ စာသင်သားဘဝမှကျောင်းထိုင် ကျောင်းပိုင် ဆရာတော် သမားတော်များ ဖြစ်ကြပြီး တပည့်အဆက်ဆက် ပြန့်ပွားကာ ကာလကြာညောင်းလာသော ယခုအချိန်တွင်အရှင်ဇိန၏ ယောဇနာ အနက်တို့မှာလည်း မြန်မာပြည်အနှံ့အပြား အဆက်ဆက် သံဃာအတော်များများ၏ နှုတ်ဖျား၌ အလိုအလျောက် ပျံ့နှံ့နေတော့၏။

အရှင်ဇိနသည် (နှံ့ကြိုးဆရာတော်ဖြစ်လာပြီးနောက်) ဝဋ္ဋဘေဒနီစသော ကျမ်းတို့ကို ရေးထုတ်လိုက်သောအခါ ထိုစဉ်က မှတ်တမ်းတင် စံထားခံခဲ့ရသော မိမိ၏ အနက်ယောဇနာချက် အချို့တို့ကိုလည်း အလျဉ်းသင့်သလို ထည့်သွင်း ရေးသားတော်မူလေသည်။ အချို့ပုဂ္ဂိုလ်များသည် မည်သည့်အချိန်က မည်သူ့ထံမှ ဤအနက်ကို မိမိတို့ မှတ်မိရယူထားသည်ဟု အတိအကျ မရှိခဲ့ဖြစ်သော်လည်း ဝဋ္ဋဘေဒနီကျမ်းစာတွင် ဤအနက်ယောဇနာချက်တို့ကို တွေ့ကြရသော အခါ "ငါတို့သည် ဤဝဋ္ဋဘေဒနီကျမ်းစာကို မကြည့်ရှုခဲ့ဖူး ဖြစ်ပါလျက် ငါတို့ရရှိထားသော အနက်ယောဇနာချက်များသည် ဤကျမ်းစာအုပ်၌ ပါရှိနေပါတကား"ဟု အံ့အားသင့်ကြတော့သည်။

(ပဌမအကြိမ်)

အရှင်ဇိနသည် ဝါတော် ၇-ဝါလောက်ကပင် ဝိသုဒ္ဓါရုံတိုက်၌ စာချ ဘုန်းကြီးအဖြစ်ဖြင့် ပရိယတ္တိများကို ပြန်လည်ပို့ချလျက် နေတော်မူ၏။ ထိုနောက် သက်တော် ၃၀-အရ (၁၂၄၁-ခုနှစ်လောက်)တွင် မိမိ၏ ဇာတိ နေရပ် အောက်ပြည်သို့ ပြန်လည်ကြွလာတော်မူပြီး ငယ်ဆရာရင်း ဘုန်း တော်ကြီး ဦးဂန္ဓမာ၏ ကျောင်း(ဇလွန်မြို့၊ ဗျဉ်းညားရွာ၊ သာသနမူလာရုံ ကျောင်း)၌ပင် သီတင်းသုံးတော်မူလေသည်၊ အရှင်ဇိန အောက်ပြည်သို့ ပြန်ကြွလာသောအခါ ဝိသုဒ္ဓါရုံတိုက်မှ တပည့်သံဃာ ၁၀-ပါးခန့် လိုက်ပါ လာကြသည်။

ဘုန်းတော်ကြီး အရှင်ဇိနသည် ဗျဉ်းညားကျောင်း၌ ပရိယတ္တိများကို သင်ကြား ပို့ချတော်မူလျက် ကာလ, ဒေသ အလျောက် သာသနာကို ပြုစု စောင့်ရှောက်တော် မူသည်။ ထိုအချိန်တွင် အောက်မြန်မာပြည်၌ ကံ,ဒွါရ ဝန္ဒနာ ငြင်းခုံပြောဆိုကြသော အသံများ မစဲသေးသော အချိန် ဖြစ်ပေသည်။

## နှံကြိုးသို့ ကြွရောက်တော်မူလာခြင်း

အုတ်ဖိုဆရာတော် ဘုရားကြီးသည် သာသနာရေးကိစ္စဖြင့် ဇလွန်သို့ ကြွလာတော်မူသည်ဟု ကြားသိရသောအခါ အထူးအာဏာရ တိုက်သူကြီး ဘိုးထုံးကြီး, မယ်ပန်းဖြူ အမှူးပြုသော နှံကြိုးရွာမှ ဒါယကာ ဒါယိကာမ တို့သည် ဇလွန်မြို့သို့ ရောက်ရှိနေသော အုတ်ဖို ဆရာတော်ဘုရားကြီးထံ သွားရောက်ပြီး—

"တပည့်တော်များ နှံကြိုးနယ်မှာ သာသနာ ထွန်းလင်းရန် အလိုရှိကြပါသည်ဘုရား၊ ဆရာတော်ဘုရားကဲ့သို့ပင် ဘုရားအဆုံး အမ ဒေသနာတော်အတိုင်း ဟုတ်တိုင်းမှန်ရာကို တည်ကြည်ရဲရင့် စွာဖြင့် ဟောပြောညွှန်ပြ၍ သာသနာပြုမည့် သတ္တိ,ဗျတ္တိ နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ပါးကို ဆရာတော်ဘုရား၏ ကိုယ်စား စေ လွှတ်တော်မူပါဘုရား၊ တပည့်များကလည်း ပစ္စည်းလေးပါးဖြင့် အဖော်ပြု၍ သာသနာပြုရန် ထက်သန်သော သဒ္ဓါဖြင့် ပြဋ္ဌာန်းပြီး အသင့်ရှိပါသည်ဘုရား" ဟု လျှောက်ထားကြလေသည်။

အုတ်ဖိုဆရာတော်ကြီးသည် ဗျဉ်းညားဘုန်းတော်ကြီးနှင့်သာ သင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း အရှင်ဇိနအား "မောင်ဇိန–ငါ၏ ကိုယ်စား နဲ့ကြိုးရွာသို့သွား၍ သာသနာပြုချေ"ဟု ညွှန်ကြားတော်မူလေသည်။

ဘုန်းတော်ကြီး အရှင်ဇိနသည် သက်တော် ၃၂-နှစ် (သက္ကရာဇ် ၁၂၄၄ ခုနှစ်) တွင် နောက်ပါ သံဃာ ၂၀–ကျော်နှင့်အတူ နဲ့ကြိုးသို့ ကြွရောက်ပြီး သီတင်းသုံးတော်မူသည်။

ဘိုးထုံးကြီး မယ်ပန်းဖြူတို့သည် ဆရာတော် သီတင်းသုံးရန် သုံး–ထပ် အုတ်တိုက် တစ်လုံး၊ လက်ထောက်စာချဘုန်းကြီးများနှင့် စာသင်သားများ နေထိုင်ရန် တိုင်အလုံး ၈၆-တိုင်ရှိ အဆောင် လေး ဆောင်နှင့်သစ်ကျောင်း ကြီး တစ်ဆောင်ကို ထပ်မံဆောက်လုပ် လှူဒါန်းကြသည်။

ဆရာတော်သည် ထိုမဟာထူပါရာမကျောင်းတိုက်၌ တပည့်စာသင်သား ၆၀ ကျော်တို့အား ပရိယတ္တိများကိုသင်ကြားပို့ချလျက် သာသနာပြုရင်း ဖြစ်ပေါ်လာသော သာသနာရေးဆိုင်ရာ ပြဿနာအရပ်ရပ်ကို မိမိနှင့်ဆက်စပ်သမျှ ယထာဘူတ, လမ်းမှန်ကျကျ ကျမ်းဂန်သို့ချသွင်း၍ ဟုတ်မှန်တိုင်း ဖြေရှင်းခြင်း, ရေးသားခြင်း, ဟောပြောခြင်းဖြင့် သာသနလုပ်ငန်းတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူသည်၊ သို့ဖြင့်တစတစ နဲ့ကြိုးဆရာတော် ဟု ထင်ရှားလာခဲ့လေသည်။ ဆရာတော်ကြီး၏ ဂုဏ်သတင်းကိုကား–ယခု ဤနိဒါန်းကို ဖတ်ရှုနေသော သင်ကိုယ်တိုင် ကြားသိထားပြီးသော ဤဝဂ္ဂ ဘေဒနီ ကျမ်းစာနှင့်အမျှပင် မြန်မာပြည်အနှံ့ ထင်ပေါ် ကျော်ကြားသည် ဟု ဤကျမ်းစာအုပ်ကိုပင် သက်သေထား၍ ကျွန်ုပ် ရေးသားလိုပါသည်။

ဆရာတော်ကြီးသည် ၁၂၇၆-ခုနှစ်တွင် ဇလွန်မြို့ ကိုင်းတောကွင်းရွာ ဒါယကာများက အလှူအတွက် ပင့်လျှောက်သဖြင့် နဲ့ကြိုးမှ ဇလွန်သို့ ကြွသွားတော်မူရာ လမ်းခုလတ် ရိုးကြီးရွာ အရောက် နှင်းကြမ်း တံတားကို ဖြတ်အကူး ညာဖက်ခြေဖနောင့်၌ သံစူးတော်မူသည်၊ သို့နှင့်ပင် ဆက်လက်၍ ဇလွန်သို့ ရောက်အောင် ကြွတော်မူလေသည်။

ဇလွန်သို့ ရောက်ပြီး မဟာနာဂဝံသ သိမ်ကျောင်း၌ သီတင်းသုံးလျက် သံစူးသည့် ဝေဒနာကို (ထိုခေတ်, ထိုအခါက) သမားကောင်း, ဆေးဝါးကောင်း အမျိုးမျိုးဖြင့် ကုသပါသော်လည်း သက်သာတော်မမူဘဲ

တိုး၍သာ ဆိုးရွားလာသဖြင့် နှံ့ကြိုးသို့ ပြန်ကြွတော်မူလေသည်။ နှံ့ကြိုးမှ တပည့် ဒါယကာ ဒါယိကာမတို့လည်း ဆက်၍ သမားကောင်း, ဆေးဝါးကောင်းများဖြင့် နေ့ညဥ့်မလပ် ကြပ်မတ် ကုသကြပြန်ပါသော်လည်း သက်သာခွင့် ရမလာတော့ဘဲ ၁၂၇၆-တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်နေ့တွင် ဘဝနတ်ဌာန် ပျံလွန်တော်မူလေသည်။

## နှံ့ကြိုးဆရာတော်ကြီး၏ လက်ရာများ

ဆရာတော်ကြီးသည် ၁၂၄၄- ခုနှစ်မှစ၍ နှံ့ကြိုးသို့ ရောက်တော်မူသည်။ သက်တော် ၆၄-နှစ်၊ ဝါတော် ၄၅-ဝါအရ ၁၂၇၆-ခုနှစ်တွင် ပျံလွန်တော်မူသည်၊နှစ်ပေါင်း ၃၀-ကျော်တိုင်တိုင် နှံ့ကြိုး၌ သာသနာပြုသွားတော်မူသည်။

ဆရာတော်ကြီးသည် မိမိထံမှောက် ရောက်လာသော ဒါယကာ, ဒါယိကာမတို့အား ရောက်လာကြောင်းကိစ္စမှတစ်ပါး အပိုစကားကို ပြောလေ့မရှိပေ။ စာပေချုပ်သည့်ကိစ္စ, ရေးသားသည့် ကိစ္စတို့ဖြင့်သာ အချိန်ကိုကုန်လွန်စေသည်။ ဆရာတော်ကြီး၏ ပရိယတ္တိဉာဏ် မည်မျှ ရင့်သန်တော်မူသည်ကိုကား သက်သက် ချီးကျူးမည့်အစား ရေးသားတော်မူခဲ့သော ကျမ်းစာတို့ကို လေ့လာကြည့်ရှုခြင်းဖြင့် သိနိုင်ပေသည်။

ဆရာတော်ကြီးသည် ထိုအချိန်အခါက ဖြစ်ပေါ်နေသော ကံ,ဒွါရဝိနိစ္ဆယ အရေးနှင့် ပတ်သက်၍ ပြတ်ပြတ်သားသားပင် ဒွါရဖြင့် ဝနိစ္ဆယပြုမှသာ ကျမ်းဂန်နှင့် ညီညွတ်မှန်ကန်ကြောင်းကို ဟောလည်း ဟောပြောသည်။ ရေးလည်း ရေးသားခဲ့သည်။ (ကဝိမျက်မှန် ပုံနှိပ်တိုက်မှ ၁၂၆၂-ခုနှစ်၌ ရိုက်နှိပ်သော သမ္မောဟဆေဒနီကျမ်းတွင် ဆရာတော်ကြီး ရေးသားတော်မူခဲ့သောကံ,ဒွါရ-ဝနိစ္ဆယအကြောင်းကို ဖတ်ရှုနိုင်လေသည်။) ဆရာတော်ကြီး ရေးသားတော်မူခဲ့သော ကျမ်းများမှာ-

(၁) သမ္မောဟဆေဒနီကျမ်း။
(၂) သမ္မောဟဒီပနီကျမ်း။
(၃) ဝဋ္ဋဘေဒနီကျမ်း။
(၄) သုဘကမ္မဋ္ဌာန်း အမျိုးမျိုး။
(၅) ဓာတုဝနိစ္ဆယ (ဘုရားရှိခိုး) ကျမ်း။
(၆) နှံ့ကြိုး အဘိဓမ္မတ္ထနိယံကျမ်း။

(၇) သိက္ခာပဒဝိနိစ္ဆယကျမ်း။
(၈) နွဲ့ကြိုးမူ ရှင်ကျင့်ဝတ်....စသည်တို့ ဖြစ်လေသည်။

## ဝင္ဂဘေဒနီတစ်ကျမ်းလုံးကို အကျဉ်းချုံး၍ သုံးသပ်ခြင်း

ဆရာတော်ကြီးသည် ဤဝင္ဂဘေဒနီကျမ်းကို တရားစာအုပ် တစ်အုပ် အနေဖြင့် ရည်ရွယ်ရေးသားပြီး ထုတ်ဝေခဲ့ခြင်း မဟုတ်ပေ။ တပည့် ရဟန်းငယ်, ရှင်ငယ်များ ဆွမ်းကျွေး, ပရိတ်ရွတ်မှစ၍ သုမင်္ဂလ, ဒုမင်္ဂလ ကိစ္စတို့၌ ဟောတတ်, ပြောတတ်, ဟောရဲ-ပြောရဲကြစေရန် ရည်သန်၍ တစ်ပုဒ်စ နှစ်ပုဒ်စ ရေးပေးပြီး ဟောပြောစေရာမှ တစတစ ကြိုက်နှစ်သက်ကြသဖြင့် စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်သောအခါ ဝယ်ယူဖတ်ရှုကြ, ကျက်မှတ် ဟောပြောကြ, လှူဒါန်းပူဇော်ကြရာ တဖြည်းဖြည်း ပျံ့နှံ့လေသည်။

ဤဝင္ဂဘေဒနီကျမ်းသည် သာမန် ယပ်လှဲတရားစာအုပ်မျိုး မဟုတ်၊ မှတ်သားဖွယ်ရာတို့နှင့် အပြည့်, အရေးအသား အသုံးအနှုန်းတို့မှာလည်း စံထား နည်းယူလောက်သော ဂန္ထဝင်မြောက် ကျမ်းစာ တစ်စောင် ဖြစ်သည်။ ထို့ကြောင့်ပင် တိုင်းပြည်နှင့် အဝန်း ရဟန်းရှင်လူတို့ နှစ်သက် တောင့်တကြပေသည်။ ထိုကျမ်း၌ ရေးသားထားသော အကြောင်း အရာတို့ကို ခြုံ၍ကြည့်လိုက်လျှင်—

(၁) သီလပေးပုံနှင့် ရေစက်ချ အမျိုးမျိုး။
(၂) အာသီသ အဖွဲ့ဗန္ဓ ပါဌ်,အနက်များ။
(၃) ဇာတ်ဝတ္ထုများ။
(၄) ရှောင်ကြဉ်ဖွယ်, နည်းယူ မှတ်သားဖွယ်များ။
(၅) ကထိန် အမေးအဖြေများ-ဟု အမျိုးအစားတူအားဖြင့် ငါးမျိုး ရေးသားထားသည်ကို တွေ့နိုင်ပေသည်။ ထိုတွင်-

(၁) နုနယ်သော ရှင်,ရဟန်းငယ်များအတွက် ရေးသားထည့်သွင်း ခဲ့သော ဆုံပေးပုံ, သီလပေးပုံ, ရေစက်ချပုံ အမျိုးမျိုးတို့ကိုကား အထူး ဝေဖန်သုံးသပ်ရန် မလိုပြီ။

(၂) **အာသီသအဖွဲ့ဗန္ဓများ**....ရှေးအခါက ယပ်လှဲတရားကို ဟော ကြသော ဓမ္မကထိက များသည် တရားဟောရန် ပရိသတ် ရှေ့မှောက်

(ပဉ္စမအကြိမ်)

တရားပလ္လင်ပေါ် သို့ရောက်ပြီး၍သီလပေးပြီးနောက် တရားမဟောမီ ပထမ အသံစမ်း အသံတယ်သည့် အနေဖြင့် (မိမိလေယူ လေသိမ်းအဘိုင်း) နှစ်သက်ဖွယ်,သာယာနာပျော်ဖွယ်အဖွဲ့ဗန္ဓတို့ကိုသံနေသံထား (သရဘည်) ဖြင့် ရွတ်ဖတ်လေ့ရှိကြသည်။ ထိုသို့ ရွတ်ဖတ်အပ်သော အဖွဲ့ဗန္ဓကို အာသီသ ဗန္ဓ(အာသီသဂါထာ)ဟု ခေါ်ဆိုသည်။ ဆရာတော်ကြီးသည် ဓမ္မကထိကများ လိုအပ်သလို ရွတ်ဖတ်နိုင်ကြစေရန် ထိုအာသီသဗန္ဓများကို ၁၆-ပုဒ်မျှ ရေးသားတော်မူခဲ့သည်။

အာသီသဗန္ဓများအတွက်–ဘုရားပင့်များ,ရတနာသုံးပါးနှင့် စပ်သည့် ဂုဏ်ကျေးဇူးများ,ဒါနစသော ကုသိုလ်တရားများ၏ အကျိုးကျေးဇူးများ သာသနာတော်ကြီး၏ ဂုဏ်ကျေးဇူးများ စသည်ကို ဖွဲ့နွဲ့သီကုံးလေ့ရှိကြသည်။

ဆရာတော်ကြီး ရေးသားတော်မူခဲ့သော ထိုအဖွဲ့ဗန္ဓတို့မှာကိုယ်တိုင်ရေးသားတော်မူခဲ့သော ရစနာဂါထာများ, ရှေးဆရာတော်ကြီးများရေးသားတော်မူခဲ့သော ပေါရာဏက ရစနာဂါထာများ,ကျမ်းဂန်များ၌တိုက်ရိုက်လာသော ဂါထာဗန္ဓများနှင့် ကျမ်းဂန်လာအဖွဲ့ဗန္ဓနှင့် မိမိရေးသားသော အဖွဲ့ဗန္ဓနှစ်ရပ် ရောစပ်သော ဂါထာဗန္ဓများဖြစ်ကြသည်ကိုတွေ့ရပေသည်။

(၃) ဇာတ်ဝတ္ထုများ....ဝတ္ထုများကို ဓမ္မပဒ, ဝိမာန, ပေတ, ထေရ, ထေရီ, အပဒါန်, ဇာတကစသော ပါဠိ, အဋ္ဌကထာတို့မှ လိုရာထုတ်နုတ်၍ ဝတ္ထုပေါင်း ၂၀-ကျော်ရေးသားထားခဲ့သည်။ ဝတ္ထုကိုရေးသား ဟောပြောရာ၌ ထိုဝတ္ထုပါ လိုရင်းအချက်နှင့်ဆီလျော်သက်ဆိုင်သောအကြောင်းအရာ(ကထာ)ကို ပထမနိဒါန်းခံပြီးမှ ထို၏ သာဓက အထောက်အထား အနေဖြင့် ဝတ္ထုကြောင်းကိုထုတ်ဆောင်ရေးသားထားသည်ကိုတွေ့ရသည်။ ဥပမာ–

နန္ဒိယသူကြွယ်ဝတ္ထုကို ရေးသားထားရာ၌ ရှေးဦးစွာ ထိုဝတ္ထုပါလိုရင်း အချက်များနှင့် ဆီလျော်သက်ဆိုင်သော ဒါန၏ အကျိုးကြီးပုံ, ဒါန၏ အစွမ်းသတ္တိရှိပုံ, ထိုဒါနကို ကြိုးစားအားထုတ်သင့်ပုံ စသည်ဖြင့် ကျမ်းဂန်များနှင့်ညီညွတ်သော ကထာ (ဒါနကထာ)ကို ရေးသားထားလေသည်။ ထို့အတူ သီလ၏ အကျိုးကိုပြဆိုသော ဥဒယဘဒ္ဒါခင်းသမီး ဝတ္ထုကိုရေးသားရာ၌လည်း ထိုဝတ္ထု၏ ရှေ့အဖို့၌ သီလ၏အကျိုး အာနိသံသဆိုင်ရာ (သီလကထာ) ရေးသားထားသည်ကိုလည်းကောင်း, ကာမဂုဏ်အပြစ်ပြ

(ပဉ္စမအကြိမ်)

စူဠဝံနဂုဏ္ဏဟ၀တ္ထုကို ရေးသားထားရာ၌လည်း၊ ထိုဝတ္ထု၏ ရှေ့အဖို့၌ ကာမာဒိနဝကထာကိုလည်းကောင်း ထို့အတူ ဝတ္ထုတိုင်း၌ ဆိုင်ရာဆိုင်ရာ ကထာများကို ဦးစွာနိဒါန်းခံ၍ ရေးသားထားသည်ကို တွေ့ရသည်။ ထိုသို့ ရေးသားရာ၌ ဆရာတော်ကြီးသည် ကျမ်းဂန်လာ ပါဠိဗန္ဓတို့ကို တိုက်ရိုက်ထုတ်ဆောင်၍သော်လည်းကောင်း, ကျမ်းဂန်နှင့် လျော်ညီစွာ ကိုယ်တိုင်သီကုံးအပ်သော ရစနာဗန္ဓတို့ဖြင့် တန်ဆာဆင်၍ လည်းကောင်း ပြေပြစ်ညက်ညောသော အရေးအသားတို့ဖြင့် ရေးသားတော်မူခဲ့လေသည်။

(၄) ကျင့်သုံးနည်းယူ မှတ်သားဖွယ်များ.... ဆရာတော်ကြီးသည် ဤတရားစာအုပ်၌ ကျဉ်းအိုင်ဖွဲ့၍ ဝတ္ထုကြောင်းကို အသားပေး ဟောပြောရသော ယပ်လှဲတရားမျိုးချည်း သက်သက်မဟုတ်ဘဲ ကျင့်သုံးနည်းယူ မှတ်သားဖွယ်များဖြစ်သော ဒုလ္လဘငါးပါး တရားမျိုး, ကြွက်လေးမျိုး, မိုးလေးမျိုး ဥပမာ ပုဂ္ဂိုလ်လေးမျိုး တရားများ, အသုဘ, မရဏာဿတိစသည်နှင့်ဆိုင်ရာမှတ်ဖွယ် ကျင့်သုံးဖွယ်စသော တရားမျိုးကိုလည်းကောင်း (ဥပနိသိန္နကထာအနေဖြင့်)ရေးသားတော်မူခဲ့သည်ကိုလည်း တွေ့ရသည်။

ဤနေရာတွင် အလှူအတန်း ပွဲသဘင်များအတွက် ဟောကြသော ယပ်လှဲတရား (ဟောတရား) မျိုးထက် မိမိထံမှောက် ဆိုက်ရောက်လာသော ဒါယကာ,ဒါယိကာမတို့အား စပ်ရာစပ်ရာ ဟောပြောရသော ကျင့်သုံးမှတ်သားဖွယ် ဥပနိသိန္နကထာ(ပြောတရား) မျိုးကား ရေးသားရာ၌လည်းကောင်း ဟောပြောရာ၌လည်းကောင်း ပို၍ အရေးပါလေသည်။

(၅) ကထိန်အမေးအဖြေ... ရှေးအခါက ကထိန်အလှူပွဲ၌ တရားဟောခြင်းကို အမိကမထားဘဲ ပြတ်ပြတ်သားသား ရွတ်တတ် ဖတ်တတ်သော ပုဂ္ဂိုလ် နှစ်-ပါးကို ပွဲထုတ်ပြီး ကထိန်နှင့်ဆိုင်ရာ သိမှတ်ဖွယ်တို့ကို စီစဉ်ရေးသားထားသော အမေးအဖြေတို့ကိုတစ်ပါးစီဖတ်ကြားစေခြင်းပြုလုပ်လေ့ရှိကြသည်။ ပရိသတ်တို့ကလည်း နာကြားကြည်ညိုကြသည်။ ယခုခေတ်၌ကား ဤကထိန် အမေးအဖြေ ဖတ်ကြားခြင်းမျိုး ခေတ်မစားတော့ပြီ၊ မပြုလုပ်ကြတော့ပြီ။

ဤသို့ ကျမ်းစာတစ်အုပ်လုံး၌ ရေးသားထားသော အကြောင်းအရာတို့၏ အမျိုးအစားကို တူရာပေါင်း၍ စိစစ်ပြဆိုပြီးနောက် တစ်ဖန် ထိုအကြောင်းအရာတို့၏ အဓိပ္ပာယ်သဘောအရတို့ကိုခြုံကြည့်လိုက်သောအခါ

ဒါနကထာ,သီလကထာ,ကာမာနံအာဒီနဝကထာ,နေက္ခမ္မေအာနိသံသကထာ စသည်တို့တွင် ဒါနကထာနှင့်စပ်သော တရားများကို အများအပြား ရေးသားထားပြီး အခြားကထာနှင့်ဆိုင်ရာတရားတို့ကိုကား အနည်းငယ်မျှ ရေးသားထားသည်ကို တွေ့ရသည်။ ယပ်လှဲတရား စာအုပ်မျိုးဖြစ်၍ ဝိပဿနာဆိုင်ရာ လုပ်ငန်းတစ်မျိုးကို မရေးသားခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်စေကာမူ အမှန်အားဖြင့် ထိုတရားစာကို ရေးသားသောအချိန်အခါ၌ ဒါနနှင့်ဆိုင်ရာလုပ်ငန်းများသော ထင်ပေါ်ခေတ်စားချိန် ဖြစ်သောကြောင့် ဆရာတော်ကြီးသည်လည်း ခေတ်ကိုမလွန်ဆန်ဘဲဒါနကထာကိုသာ အလေးပေး၍ ရေးသားခဲ့ခြင်း ဖြစ်သည်ဟုဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။ မှန်ပေသည်.. သာသနာဆိုသည်မှာလည်း လောကီနိုင်ငံရေး ခေတ်များ ပြောင်းလဲသကဲ့သို့ပင် ပြောင်းလဲလေသည်။

လောက၌ တိုင်းပြည်တွင် အုပ်ချုပ်ရေး, စီးပွားရေး,လူမှုရေး စသော စနစ်များမှာ ကမ္ဘာဦးအစ မဟာသမ္မတမင်းခေတ်မှ တဖြည်းဖြည်း ကောရာဇ်ခေတ်, ပဒ္ဒေသရာဇ်ခေတ်, အရင်းရှင်ခေတ်, ဆိုရှယ်လစ်ခေတ် စသည်ဖြင့် ပြောင်းလဲ လာခဲ့လေသည်၊ နောင်အခါလဲ တစ်ခေတ်ပြီး တစ်ခေတ်သို့ ပြောင်းလဲသွားဦးမည်ကား သဘာဝအတိုင်းပင် ဖြစ်သည်။

## သာသနာနှင့် ယုဂငါးမျိုး

တိုင်းပြည်၌ စနစ်ခေတ် ပြောင်းလဲသကဲ့သို့ပင် သာသနာ၌လည်း သာသနာခေတ်ပြောင်းလဲလေသည်။အရှင်ဘုရားပရိနိဗ္ဗာန်စံပြီးပထမသင်္ဂါယနာတင်ပြီးချိန်မှစ၍ သာသနာဆိုင်ရာ သာသနာ့လုပ်ငန်း,သာသန ဖြစ်ရပ်များမှာလည်း—

(၁) ဝိမုတ္တိယုဂခေတ်
(၂) ထို့နောင်....သမာဓိယုဂခေတ်
(၃) ထို့နောင်....သီလယုဂခေတ်
(၄) ထို့နောင်....သုတယုဂခေတ်
(၅) ထို့နောင်.. ဒါနယုဂခေတ်

ထိုဒါနယုဂခေတ် ကုန်ဆုံးသောအခါ(ပထမဆုံး ဝိမုတ္တိယုဂခေတ်သို့ပြန်လည်ပြီး)တစ်ဖန် ဝိမုတ္တိယုဂခေတ်မှ သမာဓိယုဂခေတ်,ထို့နောင် သီလယုဂ

(ပဥ္စမအကြိမ်)

ခေတ်,ထို့နောင် သုတယုဂခေတ်,ထို့နောင် ဒါနယုဂခေတ်သို့ အစဉ်အတိုင်း တစ်ခါတ်ပြန်လည်လေသည်။ ဤသို့ခေတ်ငါးခေတ်နှစ်ကြိမ်ထပ်၍ပြန်လည်ပြီး (ဆယ်ကြိမ် ပြောင်းလဲပြီး)သောအခါ သာသနာ ၅၀၀၀-သက်တမ်း ကုန်ဆုံးလေတော့သည်။

တစ်ခေတ် တစ်ခေတ် နှစ်အပိုင်းအခြားမှာနှစ်ပေါင်း ၅၀၀-စီ,၅၀၀-စီ ကြာလေသည်။ ထို့ကြောင့်-ပထမသင်္ဂါယနာ တင်ပြီးချိန်မှစ၍ သာသနာနှစ် ၅၀၀-ခုနှစ်အထိ ကာလသည် ဝိမုတ္တိယုဂခေတ်။ ထို့နောင် ၅၀၁-ခုနှစ်မှ သာသနာနှစ် ၁၀၀၀-ခုနှစ်အထိ အနှစ် ၅၀၀ သည် သမာဓိယုဂခေတ်။ ထို့နောင် ၁၀၀၁-ခုနှစ်မှစ၍ ၁၅၀၀-ခုနှစ်အထိနှစ်ပေါင်း ၅၀၀-သည် သီလယုဂခေတ်။ ထို့နောင် ၁၅၀၁-ခုမှ ၂၀၀၀-ခုနှစ်အထိ နှစ်ပေါင်း ၅၀၀-သည် သုတယုဂခေတ်။ ထို့နောင် သာသနာခုနှစ် ၂၀၀၁-ခုမှ ၂၅၀၀-ခုနှစ်အထိ နှစ်ပေါင်း ၅၀၀-သည် ဒါနယုဂခေတ် (ဤဒါနယုဂခေတ် ကုန်ဆုံးသော ၂၅၀၀ ခုနှစ်အချိန်သည် သာသနာတစ်ဝက် ကာလဖြစ်သည်။)

ထိုဒါနယုဂခေတ် ကုန်ဆုံးပြီးနောက် သာသနာသက္ကရာဇ် ၂၅၀၁-ခုနှစ်မှ ၃၀၀၀-ခုနှစ်အထိ နှစ်ပေါင်း ၅၀၀-သည် ဝိမုတ္တိယုဂခေတ်သို့တစ်ဖန်ပြန်လည်သည်။ ထို့နောင် ဝိမုတ္တိယုဂခေတ်ကုန်ဆုံးသော ၃၀၀၁-ခုနှစ်မှစ၍ အနှစ် ၅၀၀-စီ သမာဓိယုဂ, သီလယုဂ,သုတယုဂ, ဒါနယုဂ ခေတ်များသို့ ယခင်နည်းအတိုင်း ပြောင်းလဲသွားလိမ့်ဦးမည်။ ဤဒုတိယအကြိမ် ဒါနယုဂခေတ်ကုန်ဆုံးလျှင် သာသနာ ၅၀၀၀-ပြည့်လေတော့သည်။

## ယုဂခေတ် ၄ါးမျိုး အဓိပ္ပါယ်အကျဉ်း

(၁) ဝိမုတ္တိယုဂခေတ် ဟူသည် မဂ်, ဖိုလ်, နိဗ္ဗာန်တရားများ, ထိုတရားများကိုရကြောင်း ဝိပဿနာလုပ်ငန်းများကိုအများအပြားအားထုတ်,ပြောဟောမှု စသည် ခေတ်စားသော အချိန်အခါ။

(၂) သမာဓိယုဂခေတ် ဟူသည် ဈာန်အဘိညာဉ်များ, ထိုတရားများကို ရကြောင်း သမထလုပ်ငန်းများကို အများအပြား အားထုတ် ပြောဟောမှု စသည် ခေတ်စားသော အချိန်အခါ။

(၃) သီလယုဂခေတ် ဟူသည် သီလအမျိုးမျိုး,ထိုသီလများကို အများအပြား ကျင့်သုံးအားထုတ်မှုစသည် ခေတ်စားသော အချိန်အခါ။

(ပဉ္စမအကြိမ်)

(၄) သုတယုဂခေတ် ဟူသည် စာပေကျမ်းဂန် ဗဟုသုတများ, ထိုစာပေများကို အများအပြားသင်ကြားပို့ချမှုခေတ်စားသော အချိန်အခါ။

(၅) ဒါနယုဂခေတ် ဟူသည် ပေးကမ်းလှူဒါန်းခြင်းဒါန, ထိုဒါနမှုကို အများအပြား ပြုလုပ်အားထုတ်မှု ခေတ်စားသော အချိန်အခါ။

တစ်ခေတ်မှ တစ်ခေတ်သို့ ကူးပြောင်းရာ၌ ဆိုင်ရာခေတ်စားနေသော ဖြစ်ရပ်များ ယတိပြတ်ပြီး တစ်မျိုးသော ဖြစ်ရပ်များသို့ ရုတ်ခြည်းပြောင်းလဲသွားသည် မဟုတ်ပေ။ တစ်ခေတ်ကုန်ခါနီး ၁၅-နှစ် အနှစ် ၂၀-သောက်တွင် ထိုခေတ်၏ သာသနာဖြစ်ရပ် ခေတ်စားမှုများ တဖြည်းဖြည်း တိမ်ကောစပြုလာပြီး ပြောင်းလဲတော့မည့် အကြိုခေတ်၏ ဆိုင်ရာလုပ်ငန်း, ဖြစ်ရပ်များက တဖြည်းဖြည်း ပေါ်လွင်ခေတ်စား, ခေတ်စားရှိလာပြီး တဖြည်းဖြည်း ပြောင်းလဲ၍ သွားလေသည်၊ ထို့ကြောင့် ပြောင်းလဲသောခေတ်နှစ်ခေတ်၏ ဟိုဘက် ဒီဘက် ရှေ့နောက် အနှစ် ၂၀-စီခန့်လောက် ကာလကား ခေတ်ပြောင်းနေချိန် ကာလ ဖြစ်လေသည်။

## ယုဂငါးမျိုးနှင့် သာသနာဖြစ်ရပ်

အထက် ဖော်ပြပါအတိုင်း ယုဂငါးမျိုးဖြင့် သာသနာ ခေတ်ပြောင်းပုံ, နှစ် ၅၀၀-စီ ပိုင်းခြားပုံတို့ကို နိကာယ် အဋ္ဌကထာ, ဋီကာကျမ်းကြီးများ၌ ပြဆိုသည်ကို မတွေ့ရဖူးသေးချေ။ ထေရအဋ္ဌကထာ ဒုတိယအုပ် ၃၆၈-၌ကား ယုဂငါးမျိုးအစဉ်အတိုင်း ပြောင်းလဲကြောင်းမျှသာ သံ့မန်ဆိုထားသည်ကို တွေ့ရသည်။ အဋ္ဌကထာ, ဋီကာကြီးများ၌ကား ပဋိသမ္ဘိဒါ ပတ္တရဟန္တာခေတ် ၁၀၀၀၊ သုက္ခဝိပဿက ရဟန္တာခေတ် ၁၀၀၀ စသည်ဖြင့် သာသနာ ၅၀၀၀-ကိုသာ အမျိုးမျိုးပြဆိုကြသည်။*

ယုဂငါးမျိုးဖြင့် သာသနာခေတ် ပြောင်းလဲပုံကို အဋ္ဌကထာ, ဋီကာကြီးတို့၌ တိုက်ရိုက် မပြဆိုသော်လည်း ပထမ သင်္ဂါယနာ တင်ပြီးချိန်မှ ယနေ့

---

* ဓူဠဝ၀ါ၊ ဋ္ဌ။ ၁၂၇။ သာရတ္ထ။ တတိယ၊ ၄၃၉။ ၄၄၀။ ဝိမတိ၊ ဒုတိယ။ ၂၆၄။ သုတ်ပါထေယျ၊ ဋ္ဌ။ ၈၃။ ၎င်းဋီကာ။ ၈၃။ အင်္ဂုတ္တရ။ ဋ္ဌ၊ ပထမ၊ ၆၇။ ၎င်းဋီကာ။ ၁၁၈။ သံယုတ္တ၊ ဋ္ဌ၊ ဒုတိယ။ ၁၈၇၊ ၎င်းဋီကာ၊ ဒုတိယ။ ၁၇၁-တို့၌ကြည့်။ (မိလိန္ဒ ပဉှ။ ၁၃၃။ သုတ် မဟာဝါ၊ ပါဠိ။ ၁၂၅-တို့၌လည်း ကြည့်)။

အထိ သာသနသမိုင်း သာသနာဖြစ်စဉ်ဖြစ်ရပ်တို့ကို စိစစ်သုံးသပ်ကြည့်လျှင် ကား ဤယုဂခေတ်ငါးမျိုး ပြောင်းလဲပုံစကားမှာ အလွန်ပင် ယုတ္တိတန်၍ မှတ်သားထိုက်သည်ကို တွေ့ရပေမည်။ "ပဋိသမ္ဘိဒါပ္ပတ္တာပိ ကဒါစိ ဗဟူ ဟောန္တိ၊ ကဒါစိ အပ္ပါ" စသော ဋီကာဆရာကြီးများ၏ စကားမှာလည်း ဤနေရာ၌ အထောက်အကူ ဖြစ်နိုင်သော သဲလွန်စများ ဖြစ်ပေသည်။

သာသနာဝင်, သာသနသမိုင်းတစ်လျှောက်ကို ကြည့်လျှင်....ပုထုဇဉ်ဟု ထုတ်မပြနိုင်လောက်အောင် အရိယာပုဂ္ဂိုလ်များ များပြားခဲ့တော်စားခဲ့ပုံ စသောစကားများ, ကောင်းကင် ဈာန်ပျံပုဂ္ဂိုလ်များ အရိပ်ကြောင့် စပါး လှန်းရန်ပင် နေရောင်မရနိုင်လောက်အောင်ဖြစ်ခဲ့ပုံ စကားရပ်များ, အကျင့် သီလအားဖြင့်လည်း ကျော်ကြား, ဝိနည်းအရာ၌လည်း လေးစားရသော မဟာသုမ, မဟာပဒုမ, မဟာသိဝ, မဟာသံဃရက္ခိတ, တိပိဋက စူဠနာဂ စသော မထေရ်များ၊ ထို့နောင်—ဋီကာကျမ်းပြု မထေရ်များ၊ မြန်မာ ပြည်၌လည်း ကျစွာမင်းကြီးခေတ်, ရှင်ပြင် စသော်အကျော် န္တားမလိုက် ဆရာတော်, မကာရလောပ ခင်ကြီးပျော်ဆရာတော်၊ ထို့နောင် ရှင်မဟာ ရဋ္ဌသာရ, ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်များမှစ၍ ပဋ္ဌမသင်္ဂါယနာခေတ်နှင့် ယခု ဆဋ္ဌသင်္ဂါယနာခေတ်တိုင်အောင် သာသနာဖြစ်စဉ် သမိုင်းကို သာသနာ သက္ကရာဇ် ခုနှစ် ကာလ အချိန်အခါနှင့်ဘက္က အသေးစိတ် တိတိကျကျ လေ့လာကြည့်လျှင် ယုဂခေတ်ငါးမျိုးမှာ ပို၍ ခိုင်လုံယုတ္တိတန်သည်ကို တွေ့ရပေမည်။

## ကျွန်ုပ်တို့မျက်မှောက် ယုဂခေတ် နှစ်ခေတ်

ယခု ကောဇာသက္ကရာဇ် ၁၃၃၁-ခုဘွင် (ဒွေး အဋ္ဌနှင့်၊ ကော ကော၊ နေ့ာတုံပါက၊ သာသနာနှစ်၊ အဘိဘ်ဖြစ်၏။ ၁၁၈၂-ခု ရောက်လျှင်) သာသနာနှစ် ၂၅၁၂-ခုနှစ် ဖြစ်၏၊ ဒါနယုဂခေတ်မှ ဝိမုတ္တိယုဂခေတ်သို့ ပြန်လည်ပြောင်းလဲလာသည်မှာ ၁၂-နှစ်ရှိပြီ၊ ကျွန်ုပ်တို့သည် ခေတ်နှစ်ခေတ် ကို မျက်မှောက်ပြု ကြုံတွေ့ရသူများ ဖြစ်ကြပေသည်။ (သာသနဗဟုသုတ များရှိကြသူဖြစ်လျှင်) ဒါနယုဂခေတ်နှင့်ဝိမုတ္တိယုဂခေတ်နှစ်ခေတ်အကြောင်း ကို ဝေဖန် သုံးသပ်နိုင်ကြပေလိမ့်မည်။ ပြောပြ, ရေးပြလျှင်လည်း သဘော ပေါက်ကြပေလိမ့်မည်။

(ပဋ္ဌမအကြိမ်)

ယနေ့မှစ၍ လွန်ခဲ့ပြီး အနှစ် ၂၁-ကျော် အတိတ်ခေတ်ကို ပြန်လည် သုံးသပ်ကြည့်လျှင် ဝိပဿနာဆိုင်ရာ လုပ်ငန်းများကို ပြောဟော အား ထုတ်သူ အလွန်နည်းပေသည်။ အချို့အနည်းငယ်မျှသာ ရှိကြ၍၊ ထိုပုဂ္ဂိုလ် များကိုလည်း အများအပြားက ပြက်ရယ်ပြုကျသည်၊ မလေးမစား အရေး မထား ပြုကြသည်။ သို့ရာတွင် ထိုအခါက ဒါနဆိုင်ရာ လုပ်ငန်းတို့ကိုကား အားရှိ ပါးရှိ အားထုတ်ကြသည်။ သောင်း, သိန်းကုန် လှူဒါန်းကြသည်၊ ထိုသို့ လှူဒါန်းခြင်းမျိုးကို ဂုဏ်ယူကြသည်၊ ထင်ပေါ်ကျော်ကြားသည်၊ ချီးကျူးဂုဏ်ပြုကြသည်၊ တတ်နိုင်သလောက် ချဲ့ထွင်ဟောပြော ရေးသား ကြသည်ကို သိရပေသည်။

ထိုအတိတ်နှစ် ၂၀-ခန့်၏ ဤမှာဘက် အချိန်မှစ၍ ဒါနလုပ်ငန်းဆိုင်ရာ များ တဖြည်းဖြည်း တိမ်ကောလာပြီး ဝိပဿနာဆိုင်ရာ လုပ်ငန်းများသာ ထဖြည်းဖြည်း ကြီးပွားတိုးတက်လာသည်၊ တွင်ကျယ် ခေတ်စားလာသည် ကို တွေ့ရပေသည်၊ တိုးတက်မှုကိုကြည့်လျှင်လည်း နောက် ၁၅-နှစ်လောက် က ဟောပြောအားထုတ်ကြပုံထက် ယခုဟောပြော အားထုတ်ကြပုံတို့မှာ မည်မျှ တိုးတက်လာသည်,မည်မျှ တိကျ၍တည်ငြိမ်လာသည်တို့ကို ကျွန်ုပ်တို့ ကိုယ်တွေ့ မျက်မြင်ပင် ဖြစ်ပေသည်။ ဤနည်းအတိုင်း တိုးတက်သွားလျှင် နောင် ၁၅-နှစ် ၂၀-နှစ်လောက်ကြာလျှင် မည်မျှလောက် တိုးတက်လာနိုင် မည်ကိုလည်း မှန်းဆ သိနိုင်ပေတော့သည်။

ဤသို့ ယုဂခေတ် အချိန်ဖြင့်ကြည့်လျှင် ဝဋ္ဋဘေဒနီကျမ်း ရေးသားချိန် မှာ ဒါနယုဂခေတ် အားကောင်းနေချိန် ဖြစ်သည့်အတိုင်း ဆရာတော်ကြီး သည်လည်း ခေတ်ကိုမလွန်ဆန်ဘဲ ယေဘုယျအားဖြင့်ဒါနကထာကိုအလေး ပေး ရေးသွားတော်မူခြင်းဖြစ်သည်ဟုအထက်၌ ကျွန်ုပ်ရေးသားခဲ့ပါသည်။

## ဝဋ္ဋဘေဒနီကျမ်း၏ စာသားများ

ဤဝဋ္ဋဘေဒနီကျမ်း၌ ရေးသားထားသော စာသားတို့ကို အသေးစိတ် စိစစ်ကြည့်လျှင်လည်း အငပ်အဟပ်ကာရန်နှင့်တကွ စကားလုံးတို့မှာအလွန် ပင် ပြေပြစ်ချောညက်လှသည်ကို တွေ့ရသည်။ အဓိပ္ပာယ် သဘာဝတို့မှာ

လည်း သူ့နေရာနှင့်သူ သက်ဆိုင်ဆီလျော်စွာ ထည့်သွင်းသုံးနှုန်း၍ ဥပမာ ဥပမေယျ စသည်တို့နှင့်တကွ တန်ဆာဆင် ရေးသားထားသဖြင့် အလင်္ကာ ဂုဏ်မြောက်ပြီး စံထားနည်းယူလောက်သော အရေးအသားများ ဖြစ်ပေသည်။

စာရေးသားရာ၌ လည်းကောင်း, ဟောပြောရာ၌ လည်းကောင်း အလင်္ကာဂုဏ်မြောက်ရန် ဆိုသည်မှာသည်း အထူးအားစိုက်ရည်စူး၍ ရေးသားရသည့်, ဟောပြောရသည် မဟုတ်ပေ၊ အမှန်စင်စစ်အားဖြင့် မိမိရေးသား ဟောပြောသော အကြောင်းအရာ၌ ပြေပြစ်ညက်ညောသော စကားလုံးများ, ရှေ့နောက် ဆီလျော်ဆက်စပ်သော အသုံးအနှုန်းများဖြင့် အဓိပ္ပာယ် သရုပ်ပါပါ ပေါ်လွင်အောင်, လေးနက်အောင် ကြည့်ရှုနားထောင်သူများ စိတ်ထဲ ဉာဏ်မျက်စိထဲမှာ ထင်မြင်လာအောင် ပြောဟော ရေးသားသော အသုံးအနှုန်းများဖြစ်လျှင် အလင်္ကာဂုဏ် မြောက်လေတော့သည်။

ဥပမာ—ပဋာစာရီဝတ္ထု၌ ပဋာစာရီသည် တောရွာမှ မိဘရပ်ထံ သာဝတ္ထိမြို့သို့ ပြန်လာရာ လမ်းခုလတ်၌ မီးဖွားခြင်းကိစ္စ ဖြစ်ပေါ်သည်။ ထိုအချိန်တွင် မိုးသက်လေမုန်တိုင်းကြီး ကျလာသည်၊ ထို့နောက် လင်ယောကျ်ား မြွေကိုက်သေသည်၊ သားငယ် စွန်ချီသွားသည်၊ သားကြီး ရေနစ်သေသည်၊ တစ်ဖန် မိဘအိမ် ရောက်လာပြန်တော့ မိဘနှစ်ပါးနှင့် မောင်ကြီးပါ တိုက်ပြိုပိ၍ သေကြသည်ကို ကြုံတွေ့ရပြန်သည်။

ဤဖြစ်ရပ်များ၌ တစ်နေ့တည်းမှာ ပဋာစာရီကိုယ်ဘိုင် တောကြီးမျက်မည်း၌ မီးဖွားရပုံ, ထိုအချိန်တွင် သစ်ပင်, တိုက်, အိမ်, အဆောက်အအုံများ ပြိုလဲလေအောင် တိုက်ခတ်သော မိုးသက် လေမုန်တိုင်းကြီးကျပုံ, မြစ်, ချောင်း, အင်း, အိုင်များ ပြည့်လျှံပုံ ထို့နောင် သားငယ် နှစ်ယောက်နှင့် လင်ယောကျ်ားပါ သေပုံ, မိဘ မောင်ကြီးများ တိုက်ပိ သေကုန်ကြပုံ အလုံးစုံတို့ကို သဘာဝကျကျ သရုပ်ပေါ်အောင် ရေးသား ဟောပြောလျှင် ပဋာစာရီ၏ သနားဖွယ်ကောင်းပုံ ကရုဏာရသ, ပြင်းထန်စွာတိုက်ခိုက်သော လေမုန်တိုင်း၏ ကြောက်မက်ဖွယ်ကောင်းပုံ ရုဒ္ဒရသ, ဘယာနကရသများ သွေးနုသားနု ပဋာစာရီ၏ ပင်ပန်းနွမ်းနယ်ရပုံ သန္တ

(ပဋ္ဌမအကြိမ်)

ရသစသည်များပေါ်လာရပေမည်။ ထို့အတူပင် အရာရာတိုင်း၌အကြောင်းအရာ၏ဆိုင်ရာ သရုပ်သဘော ထင်မြင်လာအောင် ပြေပြစ်သော စကားလုံးတို့ဖြင့်ရေးသားပြောဟောလျှင် သဒ္ဒ,အတ္ထ အလင်္ကာရတို့နှင့်တကွ ရသများပေါ်လာပေမည်။

ဤတရားစာ တစ်အုပ်လုံးမှာလည်း အကြောင်းအရာ အားလျော်စွာ အချက်အလက်တို့ကို သဘာဝကျကျ ထည့်သွင်းပြီး ပြေပြစ်ချောညက်သော စကားလုံးတို့ဖြင့် အစပ်အဟပ် ကာရန်ပါမကျန် ထိမိပိုင်နိုင်စွာ ရေးသားထားသည်ကို တွေ့နိုင်ပေသည်။

တရားစာဟူသည်....

(၁) ပါဠိ, ဂါထာ ဗန္ဓ။
(၂) အနက်ယောဇနာချက်။
(၃) ရိုးရိုးစကားပြေ....ဟု အရေးအသား သုံးမျိုးရှိရာ သုံးမျိုးလုံးကိုပင် သာယာနာပျော်ဖွယ်(သရဘည)သံနေ သံထားဖြင့် သီဆိုရွတ်ဖတ်, ဟောပြောရသည်ချည်းဖြစ်၏။ အနက်ယောဇနာချက်ကိုကား– သရဘညဖြင့် မရွတ်လျှင် မဖြစ်သော အဓိကအချက် ဖြစ်သည်ဟု ဆိုရ၏။ ထို့ကြောင့်ပင် ဆရာတော်ကြီးသည် အနက်ယောဇနာချက်ကို အလေးပေး၍ ဟန်ကုန်အောင် အဓိပ္ပာယ်သွင်းလျောက်ပြီး ရေးသားထားသည်ကို တွေ့ရလေသည်။ ဥပမာ–စာမျက်နှာ ၁၉၁-အလောင်းတော် မျောက်မင်းဝတ္ထု၌–

"မံ၊ မအေးခဏ သေဘေးကျ၍ သောကဟုန်ပွား ငါ့ပုဏ္ဏားကို။ ဥဒ္ဓရိတွာန၊ ချောက်မှယူတက် ဟန်မပျက်ဘဲ စုံနှစ်ဘက်နင်းခုန်တက်ရခြင်းကြောင့်။ သန္တော၊ ရိန္ဒမ်းချွေးကျ ပင်ပန်းလှသော။ နိသဘော၊ သားနှင့်တူလျော် တရားမျော်တဲ့ ပူဇော်အံ့လောက် သူတော်မျောက်သည်။... မုဟုတ္တကံ၊ တစ်မိုတ်ခန့်မျှ မကြာလှဘဲ။ ပသုပိဿံ၊ သင့်ပေါင်စောင်းတွင် ငါ့ခေါင်းတင်၍ လျောင်းငင်မိုတ်ကာ အိပ်ဦးပါအံ့၊ မံ၊ ငါ့ကို။ ရက္ခေသုံ၊ ကျား, သစ်, ခွေးစု

(ပဋ္ဌမအကြိမ်)

ဘေး မပြုအောင် ကြည့်ရှုခြောက်ကာ စောင့်ရှောက်ပါလော့။ ဗုတို ဧတံ၊ အတွင်းထားသို တအားခိုရှ် သားလိုထင်စား ဤစကားကို။ အဖြဝိ၊ အသက်ပုံနှင်း အယုံပြင်းရှ် ကိုယ်ချင်းစက်ကာ ဆိုမြွက်ရှာ၏" ဟု–ရေးသားထားလေသည်။

ဤနေရာ၌"ပသုပိဿံ၊ အိပ်ပါအံ့" ဟု–ကျမ်းရင်း၌ သာမန်ဆိုသော်လည်း ဆရာတော်ကြီးက "ပသုပိဿံ သင့်ပေါင်ခေါင်းတွင် ငါ့ခေါင်းတင်ရှ် လျှောင်းငပ်မှိတ်ကာအိပ်ဦးပါအံ့"ဟု–အရာအားလျော်စွာအဓိပ္ပာယ်သွင်းလျှောက် ရေးသားလိုက်သဖြင့် ပို၍ လေးနက်သွားလေသည်။

ပင်ပန်းကြီးစွာဖြင့် ပုဏ္ဏား၏အသက်ကိုကယ်တင်ရပုံ, ဤသို့ အသက်ကို ကယ်တင်ရသော ငါ့သို့သော ကျေးဇူးရှင်အား ပြန်လည်စောင့်ရှောက်လိမ့်မည်ဟု ကိုယ်ချင်းစာ စိတ်ထားဖြင့်ပုဏ္ဏားအား အသက်ပေး၍ ယုံကြည်ပုံ, မိမိအား ယုံကြည်ကိုးစားသော အသက်သခင် ကျေးဇူးရှင်ကို စောင့်ရှောက်လိုက်ပုံ စသည်တို့မှာ ဖတ်ရှုကြားနာရသူတို့စိတ်၌ ထင်မြင်လာတော့သည်။

ယင်းသို့ ထင်မြင်နေစဉ် တစ်ဖန် ပုဏ္ဏားသည် မျောက်၏အသားဖြင့်လမ်းစာရိက္ခာလုပ်ရန် အကောက်ကြံပြီး ကျောက်ခဲဖြင့် ကောက်၍ အလောင်းတော် မျောက်မင်း၏ ဦးခေါင်းကို ထုလိုက်ပုံ, အလောင်းတော်လည်း ရှတ်ခြည်းထ၍ သစ်ပင်ထက်သို့ တက်ပြေးပြီး သစ်ပင်ပေါ်မှ ပြန်၍ ပုဏ္ဏားကို ကြည့်နေပုံကိုလည်း–

"သောစကပိ၊ ကျောက်ခဲဒဏ်ရောက် မသေပျောက်ဘဲ သွေးပေါက်ယိုဆင်း ထိုမျောက်မင်းသည်လည်း။ ဧဝဂေန၊ အိပ်ပျော်တွင်းမှ ရှတ်ခြည်းထလျက် အတွင်းကြွခုန် ပြင်းပြသော အားအဟုန်ဖြင့်။ ဥဒပ္ပတ္တော၊ နွယ်စဆွဲလျှောက် သစ်ပင်ထက်သို့ရောက်သည်ဖြစ်၍။ ရုဟိရမက္ခိတော၊ ခေါင်းကွဲမှလျှံ တစ်ကိုယ်လုံး သွေးလိမ်းကျံလျက်။ အဿုံ ပုဏ္ဏေဟိ နေတ္တေဟိ၊ တတွဲတွဲယှက် ဝဲကာထွက်သည့် မျက်ရည်စက်ပြည့် နှစ်ဘက်သော မျက်စိတို့ဖြင့်။ ရောဒန္တော၊ ကျင်နာထုံအေး ငိုမြည်ကြွေးလျက်။ မံ၊ မထောက်ခံစံ

(ပဌမအကြိမ်)

အကောက်ဉာဏ်နှင့် ဖောက်ပြန်ကြံမှား ငါပုဏ္ဏားကို။ ဥဒိက္ခတိ၊ လှည့်ယိုင်တာရှည် ကြည့်မှိုင်လေ၏'' ဟု ရေးသားထားလေသည်။

ဤသို့ ဆီလျော်သော အဓိပ္ပာယ်ဘိုကို ထည့်သွင်း ရေးသားထားသဖြင့် အလောင်းတော် မျောက်မင်း၏ကြိုးကြိုးစားစား ကူညီဆောင်ရွက်ပုံ-ဝီရိယရသ,ပင်ပန်းနွမ်းနယ်နေပုံ-သန္တရသ,ပုဏ္ဏား၏ခဉ်းလဲကြမ်းကြုတ်ပုံ-ရုဒ္ဒရသ, ကျောက်ခဲဖြင့်အထုခံရသောအလောင်းတော်၏သနားစဖွယ်ဖြစ်ပုံ-ကရုဏာရသ,ခေါင်းကွဲမှ သွေးများယိုစီးပြီး ငိုခကြွေးလျက် ဖြစ်မှုဖြစ်ရလေခြင်း ပြုမှုပြုရက်လေခြင်း၊ ဟူသော သဘောဖြင့် မှိုင်၍ ပုဏ္ဏားကိုကြည့်နေခြင်း ဝေဝဏ္ဏိယအလင်္ကာရသ စသည်တို့မှာ စိတ်ထဲ၌ လှိုက်လှိုက်လှဲ့လှဲ့ ပေါ်လာရလေတော့သည်။

မြန်မာစကားပြေ ရေးသားရာ၌လည်း အရာအားလျော်စွာ ကြောက်မက်ဖွယ်ဖြစ်ပုံ, ကြမ်းကြုတ်ရက်စက်ပုံ, သနားစဖွယ်ဖြစ်ပုံ, ခဲခဲယဉ်းယဉ်း ပြုစွမ်းနိုင်ပုံ စသည်တို့ကို သရုပ်ပေါ်လာအောင် ရေးသားထားသည်ကို တွေ့ရလေသည်။ ဥပမာ-ဝေသန္တရာဇာတ်အဋ္ဌကထာ, နံပါတ် ၃၂၇ လာ စကားအရ ဝေသန္တရာမင်းကြီးသည် ဇာလီနှင့်ကဏှာ သားသမီးနှစ်ဖြာ တို့ကို ဇူဇကာပုဏ္ဏားလက်သို့ အပ်နှင်းလှူဒါန်းလိုက်သော အခန်း၌—

"ထိုအခါ ဇူဇကာပုဏ္ဏားကြီးသည် သူငယ်မောင်နှမတို့၏လက်ကိုတစ်ဘက်စီနွယ်ကြိုးနှင့်ချည်ပြီး ဆိုမြည်ငေါက်ငမ်း ကြမ်းတမ်း မျက်ကြုတ် ရာဇဝတ်ခိုးသားရိုင်းကို သင်းချိုင်းသို့ထုတ်သကဲ့သို့ ဆွဲထုတ်ရက်စက် နွယ်ကြိုးခေါက်ဖြင့် နွားပေါက်ကို နှက်သလို ရိုက်နှက် တွန်းငင်၍နာကျင်စွာ နှိပ်စက်လှသဖြင့်" စသည်ဖြင့်ရေးသားထားပုံတို့မှာလည်း နှလုံး၌ နစ်၍ အလင်္ကာရသများပေါ်လာပေတော့သည်။

ဤသို့သောနည်းဖြင့် တစ်ပိုဒ်စီထုတ်၍ အသေးစိတ် ဝေဖန်ရေးသားနေလျှင် အရာမဟုတ်သည်၌ အလွန်ရှည်လျားနေပေမည်။ အကျဉ်းချုပ်အားဖြင့် ဤတစ်ကျမ်းလုံးကို ခြုံ၍ကြည့်လျှင်-မလိုအပ် လိုအပ် အချက်ဘိုကိုကြံဖန်ဆွဲစပ်၍ ထည့်သွင်းရေးသားခြင်းမျိုး၊ အလျဉ်းမပါဘဲ ...

(ပဉ္စမအကြိမ်)

(က) အစပ်အဟပ် ကာရန်မိ၍ ရွတ်ဖတ်နားကြားရာ၌ ချောညက် သာယာငြိမ့်ညောင်းလှခြင်း၊

(ခ) အပိုစကားလုံးမပါဘဲ သိလွယ်ပြောင်မြောက်သော စကား အဓိပ္ပာယ်မျိုးတို့ဖြင့် ရေးသားထားခြင်း၊

(ဂ) ဆီလျော်ရာ ဆီလျော်ရာ အဓိပ္ပာယ်သွင်းလျောက်ပုံ ထိမိ ပိုင်နိုင်လှသဖြင့် ဂုဏ်မြောက်၍ လေးနက်သော အဓိပ္ပာယ် အရသာများ ရှိလှခြင်း—စသော အလင်္ကာ ရသတို့နှင့် အပြည့်အဝ နည်းယူစီထားလောက်သော ဂန္ထဝင်မြောက် ကျမ်းတစ်စောင်ဖြစ်သည်ဟု အတိုချုံး၍ လိုရင်းသာ ချီး ကျူးကြပါစို့။

## ဝဏ္ဏဘောဒနီကျမ်းကို ရိုက်နှိပ်ခြင်း

အထက်၌ ရေးသားခဲ့သည့်အတိုင်း ဆရာတော်ကြီးသည် တပည့်ရဟန်း, ရှင်, လူတို့အား ဟောတတ် ပြောတတ်ကြစေရန် ကြည့်ရှုမှတ်သားကြစေရန် တရားတစ်ပုဒ်စနှစ်ပုဒ်စ ရေးပေးရာမှ စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်ကာ ဝယ်ယူကြည့်ရှုကြ, ကျက်မှတ်ကြ, လှူဒါန်းပူဇော်ကြဖြင့် တဖြည်းဖြည်း လူကြိုက်များလာပြီး ဤဝဏ္ဏဘောဒနီကျမ်းကို အထပ်ထပ် ရိုက်နှိပ် ဖြန့်ချိ ရလေတော့သည်။

ဤကျမ်းကို ၁၂၇၂-ခုနှစ်လောက်မှစ၍ ထပ်ကာထပ်ကာ အကြိမ်ပေါင်း ၁၀-ကြိမ်ထက်မနည်း ရိုက်နှိပ်ခဲ့သည်ဟု ကျွန်ုပ်တို့ လေ့လာသိရှိရသည်၊ ထို့နောက် ဒုတိယကမ္ဘာစစ် မဖြစ်မီ ၁၂၉၀-ခုနှစ်လောက်မှစ၍ ထိုစာအုပ်မှာ တဖြည်းဖြည်း ရှားပါးလာခဲ့ရာ ယခုအချိန်တွင် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးကိုကြည်ညိုတမ်းတကြသော အချို့ပုဂ္ဂိုလ်များမှာ ထိုကျမ်းကို အလွန်ကြည့်ရှုလို ကျက်မှတ်လိုကြသော်လည်း စာအုပ်ကို ရှာမရ၊ အချို့ လည်း ကြားဖူးရုံသာရှိ၍ စာအုပ်ကိုမမြင်ဖူးကြတော့ဘဲ တိမ်မြုပ် ပျောက် ကွယ်လုမတတ် ဖြစ်နေခဲ့လေပြီ။

ဤသို့သော ဖြစ်အင်ကို ကျွန်ုပ်တို့ကဲ့သို့သော စာပေသမားများနှင့် ဆရာတော်ကြီး၏ တပည့်တပန်း ရဟန်း,ရှင်လူတို့အဖို့မှာ မည်သည့်နည်း

နှင့်မျှ ဤအတိုင်း ထားနိုင်ကြမည်, ကြည့်နေနိုင်ကြမည် မဟုတ်သည်ကား သဘာဝ အတိုင်းပင် ဖြစ်ချေသည်။ ထို့ကြောင့်ပင် ဆရာတော်ကြီး၏ တပည့်များသည် ဆရာတော်ကြီး၏ အမွေအနှစ် အဆုံးအမ ဩဝါဒနှင့် ကျမ်းစာအုပ်များကို ပြန်လည် ထိန်းသိမ်း စောင့်ရှောက်၍ တတ်နိုင်သလောက် တိုးတက်ပြန့်ပွားအောင် ပြန်လည် ထုတ်ဝေနိုင်ရေးအတွက် ခေတ်အချိန်အခါအလိုက် အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းလိုက်ကြလေသည်။

## စတုပစ္စယဒါယကာ အဖွဲ့

ဆရာတော်ကြီး၏ တပည့် ဒါယကာ ဒါယိကာမတို့သည် ၁၃၂၅-ခု တပေါင်းလပြည့်ကျော် ၆-ရက်နေ့တွင် "စတုပစ္စယ ဒါယကာအဖွဲ့"ကို ဖွဲ့စည်းကြပြီးနောက် တိုင်းပြည်တွင် လူရှင်ရဟန်းတို့လည်း အကျိုးရှိ၊ ဆရာတော်ကြီး၏ ကျောင်းကန်, စေတီများလည်း တစ်ဘက်တစ်လမ်းမှ အထောက်အပံ့ရ၊ တိမ်မြုပ်နေသော ဆရာတော်ကြီး၏ ကျမ်းစာများကို ပြန်လည်ဖော်ထုတ်၍ ကျေးဇူးဆပ်ရာလည်းရောက်ဟု အဆက်ဆက် အကျိုးရှိရေးတို့ကို မျှော်တွေးပြီး ပထမဆုံး ဝဋ္ဋဘေဒနီကျမ်းကို စတုပစ္စယဒါယကာအဖွဲ့က ဦးဆောင်ပြီး ပြန်လည်ရိုက်နှိပ်ရန် စီစဉ်ကြလေသည်။ သို့ရာတွင် ယိုယွင်းနေသော စေတီနှင့် ကျောင်းကန်များကို ဦးစားပေး ပြုပြင်နေရသော တာဝန်ကြောင့် စတုပစ္စယဒါယကာအဖွဲ့မှာ ဝဋ္ဋဘေဒနီ ရိုက်နှိပ်ရေးအတွက် လျာထားသော အစုငွေစာရင်းများကိုပင် စေတီအို, ကျောင်းအိုများ ပြုပြင်သည့်ဘက်သို့ လွှဲပြောင်း၍ အသုံးပြုလိုက်ရသဖြင့် နှောင့်နှေးသွားရပြန်လေသည်၊ ထို့ကြောင့် စတုပစ္စယဒါယကာအဖွဲ့သည် ကိုယ်တိုင် စုပေါင်းရိုက်နှိပ်မည်ဟူသော စီစဉ်ထားချက်မှတစ်ဖန် မည်သူ့ကို မဆို ရိုက်နှိပ်ခွင့်ပြု၍ တာဝန်ယူဆောင်ရွက်မည်ဟု ပြန်လည်ပြင်ဆင် ဆုံးဖြတ်ကြလေသည်။

## ပိဋကတ်တော်ပြန့်ပွါးရေးနှင့် စာအုပ်ချုပ်ဌာနပိုင်ရှင်၏ ဝဋ္ဋဘေဒနီ ထုတ်လုပ်ရေး

ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့မုခ် အမှတ် ၄၃-၄၄ ပိဋကတ်တော် ပြန့်ပွါးရေးနှင့် စာအုပ်ချုပ်ဌာနပိုင်ရှင် ဒေါ်ကြင်ကြင် သည် လွန်ခဲ့သောကာလကပင် ဤဝဋ္ဋဘေဒနီကျမ်းကိုရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် ကြိုးစားခဲ့ဖူးရာ

(ပဋ္ဌမအကြိမ်)

အကြောင်းကြောင်းများကြောင့် မအောင်မြင် ဖြစ်ခဲ့ရသည်။ ကျွန်ုပ်တို့သည် ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် မည်သူကိုမျှလည်း လက်မကမ်းခဲ့ဖူးချေ။ သို့နှင့် ဒေါ်ကြင်ကြင်သည် အဆက်အသွယ်များကို စုံစမ်းလေ့လာကာ ၁၃၂၉-ခုနှစ် သီတင်းကျွတ်လတွင် နှဲကြိုးသို့ရောက်လာပြီး ဝန္ဒာဘေဒနီအရေးကို ဆွေးနွေးစုံစမ်းရာ စတုပစ္စယဒါယကာအဖွဲ့နှင့် တွေ့လေတော့သည်။

စတုပစ္စယဒါယကာအဖွဲ့ဥက္ကဋ္ဌ ဦးဖေသောင်း၊ အတွင်းရေးမှူး ဦးလှကျော်၊ ဘဏ္ဍာရေးမှူး ဦးဘသိန်း-တို့သည် ဆရာတော်ကြီးရေးသားတော်မူခဲ့သော ကျမ်းစာအုပ်များနှင့် ပတ်သက်၍ အဖွဲ့၏ သဘောထားခံယူချက်ကို အောက်ပါအတိုင်း ရှင်းပြကြသည်။

(၁) ဆရာတော်ကြီး၏ကျမ်းစာများ တိုင်းပြည်တွင် မပြတ်ပေါ်ထွက်နေခြင်းကို အမြဲတမ်းအလိုရှိသည်။

(၂) ရိုက်နှိပ်ထုတ်ဝေလိုသူ မည်သူမဆို ဆရာတော်ကြီး၏ သာသနာ (နှဲကြိုးကျောင်းတိုက်) ကို ထိုက်သဲလောက် အကျိုးပြုလျှင် ရိုက်နှိပ်ခွင့်ပြုမည်။

(၃) ထိုသို့ ရိုက်နှိပ်သဖြင့် ဖြစ်ပေါ်လာသော ပြဿနာကို ကျွန်ုပ်တို့ စတုပစ္စယဒါယကာအဖွဲ့က လုံးဝတာဝန်ယူသည်ဟု အကျဉ်းချုပ်ရှင်းပြပြီးလျှင် ၁၃၂၅-ခု (၁၉၆၂ ခု) နှစ်မှစ၍ ယနေ့အထိ ဝန္ဒာဘေဒနီနှင့် ပတ်သက်၍ စတုပစ္စယဒါယကာအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းမှတ်ရာ စာရွက်စာတမ်းတို့ကို ဒေါ်ကြင်ကြင်အား ထုတ်ပြကြသည်။

ဒေါ်ကြင်ကြင်က ဤအတိုင်း စတုပစ္စယဒါယကာ အဖွဲ့က လုံးဝတာဝန်ယူသည်ဟုဆိုလျှင်....တိမ်မြုပ်နေသော တရားစာပေကို ပြန်လည်ဖော်ထုတ်ရာလည်းရောက်၊ အဖွဲ့၏သဘောထားခံယူချက်အတိုင်း အကျိုးလည်းရှိစေရန် ဤစာအုပ်ကိုထုတ်လုပ်ဖြန့်ချိပေးပါမည်၊ ဤအတွက် ထုံးစံထက်မနည်းစေဘဲ နှဲကြိုးမဟာထူပါရာမကျောင်းတိုက်အား လှူဒါန်းပါမည်၊ နောက်ထပ်လည်း သဒ္ဓါပြဋ္ဌာန်းနိုင်သလောက် ထပ်မံ၍ လှူဒါန်းပါမည်ဟု ကတိပြုလေသည်။
(ပဌမအကြိမ်)

ထို့နောက် စတုပစ္စယဒါယကာအဖွဲ့သည် ၁၃၂၉-ခုနှစ် တန်ဆောင်မုန်း လဆန်း ၇-ရက်နေ့ည ၇-နာရီအချိန်တွင် မဟာထူပါရာမ ကျောင်းတိုက် ကထိန်သို့ ကြွရောက်လာကြသော သံဃာတော်များအား လျှောက်ထား စည်းဝေးတော်မူစေပြီးလျှင် အကျိုးအကြောင်းစုံကို လျှောက်ထား၍ သံဃ ဆန္ဒကို ရယူပြီးနောက် ၎င်းလဆန်း ၈-ရက်နေ့, နေ့ ၂-နာရီ ကထိန်လာ ပရိသတ်စုံသော အချိန်တွင် အဖွဲ့က ကြီးမှူး၍ ဝင္ကဘေဒနီကိစ္စကို ကျယ်ကျယ် ပြန့်ပြန့် စည်းဝေးဆုံးဖြတ်ကြသည်။

ထိုသံဃာအစည်းအဝေး, လူထုအစည်းအဝေး နှစ်ရပ်လုံး၏ ဆုံးဖြတ်ချက် အရ ဝင္ကဘေဒနီကျမ်း ရိုက်နှိပ်ရေးအတွက် မည်သူ့ကိုမှ မထိခိုက် မနစ်နာ စေဘဲ အေးအေးချမ်းချမ်း ပြေပြေလည်လည် ဖြစ်စေပြီး ဆောင်ရွက်ရန်, သို့ပါလျက် မပြေမလည်ဘဲ ပြဿနာ ပေါ်လာလျှင်လည်း တရားနည်းမှန် အတိုင်း ပြတ်ပြတ်သားသား ဖြစ်သည်အထိ လိုအပ်သလို ဆောင်ရွက်ရန် ကျွန်ုပ်အား အာဏာကုန်လွှဲအပ်ကြသည်။ လိုအပ်သောငွေကြေးနှင့် အချုပ် ရပ် အကူအညီကိုလည်း စတုပစ္စယဒါယကာအဖွဲ့က အသင့်လုပ်ဆောင် ထားပြီး ဖြစ်သဖြင့် အစည်းအဝေး နှစ်ရပ်လုံး၏ ဆုံးဖြတ်ချက်အရ ကျွန်ုပ်သည် ဒေါ်ကြင်ကြင်နှင့် တိုင်ပင်လျက် လိုအပ်သည့် အစီအစဉ် များကို လိုအပ်သလို စီစဉ်ပြီးလျှင် ပထမ အစမ်းသဘောဖြင့် (အခက် အခဲကြားတွင်) အုပ်ရေကို ပမာနမထားနိုင်ဘဲ ရသလောက် စက္ကူဖြင့် ၁၉၆၈-ခုနှစ် မတ်လတွင် ဖြစ်သလို အမြန်ရိုက်နှိပ် ဖြန့်ချိခဲ့ရပါသည်။

**စာအုပ်အနေအထား**

ကျမ်းစာအုပ်ကောင်း တစ်အုပ်ဟု အသိအမှတ်ပြုရန်—

(က) ကျမ်းဂန်များနှင့် ညီးနှော၍ ဂန္ထဝင်မြောက် စာပေအရေး အသားဖြစ်ခြင်း။

(ခ) အနေအထားနှင့်တကွ ပုဒ်ထီး, ပုဒ်မ, အစိပ်, အကျဲပါ မကျန် စာများ သန့်ရှင်းမှန်ကန်ခြင်း။

(ဂ) ချုပ်ပုံ,ဖုံးအုပ်ထားပုံနှင့် စက္ကူပါကောင်းမွန်သေသပ်ခြင်း။

(ဃ) အတွင်းစာလုံးများ မင်ကျ မင်နများ သေသပ်ကောင်းမွန် ခြင်း....ဟူသော အင်္ဂါရပ်များနှင့် ပြည့်စုံမှသာ စာအုပ် ကောင်းဟု အသိအမှတ်ပြုထိုက်သည်။

ဝဋ္ဋဘေဒနီကျမ်းမှာ အကြိမ်ကြိမ် အထပ်ထပ် ရိုက်နှိပ်သဖြင့် (ပို၍ ပို၍ ကောင်းလာရမည့် အစား) အတွင်းစာသားတို့မှာ စာမျက်နှာတိုင်းလိုလို ရစရာမရှိအောင် မှားယွင်း ပျက်စီးနေသည်ကို တွေ့ရသည်။

ဤစာအုပ်ကို ပြန်လည်ရိုက်နှိပ်သောအခါ မင်းကိုယ်တိုင် နိဒါန်းနှင့်တကွ ရေးသား, ပြင်ဆင်, တည်းဖြတ်ပါဟု ယခုလက်ရှိ နှဲကြီးမဟာထူပါ ရာမဆရာတော် ဦးဝေသဝဏ္ဏ, ဇလွန်မြို့ မဟာနာဂဝံသ သိမ်ကျောင်း ဆရာတော် ဦးဝမ္မာဘိဝံသ, နှင့် ဆရာသမားများ၏ တိုက်တွန်း ညွှန်ကြားချက်ကို ဦးထိပ်ဖြင့် ပန်ယူလျက် မိမိ၏ အလုပ်တာဝန် တစ်ဘက်နှင့်ပင် အားလပ်ချိန်များ၌ တတ်နိုင်သလောက် ဆဋ္ဌမူကျမ်းရင်းများနှင့် တိုက်ဆိုင် နှိုးနှောပြင်ဆင်၍ ရန်ကုန်မြို့၊ လင်းစဒေါင်းလမ်း အမှတ် ၄၃၊ ပိဋကတ်တော် ပြန့်ပွားရေးပုံနှိပ်တိုက်၌ပင် စတုတ္ထအကြိမ် ထပ်မံရိုက်နှိပ်ပြီးလျှင် ယခု... ရန်ကုန်မြို့ ကန်တော်ကလေး ၉၂-လမ်း၊ အမှတ် ၁၁၂-ဇောတိကပုံနှိပ်တိုက်မှ ပဉ္စမအကြိမ်ရိုက်နှိပ်ကာ ရွှေတိဂုံဘုရားအရှေ့မုခ် အမှတ် ၄၃-၄၄ ပိဋကတ်တော် ဖြန့်ချိရေးဌာနမှ ဒေါ်ကြင်ကြင်ကပင် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

ဦးတင်ရွှေ

အဘိဓာန်ပြုစုရေး တာဝန်ခံ အယ်ဒီတာ

တိပိဋကပါဠိ မြန်မာအဘိဓာန်ဌာန

ဗုဒ္ဓသာသနာအဖွဲ့

၁-၁၁-၆၀

---

# ဝိနည်းဘာသာဋီကာကျမ်း-မာတိကာ

## ပထမတွဲ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | လူတို့က သီလမခံယူမီ ရဟန်းတော်များကို သရဏဂုံ သီလတောင်းပန်ခန်း | ၁ |
| ၂ | လူတို့က ကန်တော့ပြီးနောက် ရဟန်းတော်က ဆုပေးရန် ပါဠိ အနက် အကျယ်အကျဉ်း ၃-နည်း | ၃ |
| ၃ | ပါဠိအနက် ဆုတောင်းနှင့် တကွ သီလခံယူနည်း, သီလပေးနည်း | ၅ |
| ၄ | ရေစက်ချ အကျယ်-အကျဉ်းချနည်း | ၈ |
| ၅ | ရဟန်းတော်များကို တရားဟောတောင်းပန်ခန်း | ၁၀ |
| ၆ | ရဟန်းတော်တို့က ဟောပြောရန် ပါဠိ-အနက်နှင့် တကွ အာသီသဂါထာ ၁၆-ပုဒ် | ၁၁ |
| ၇ | ပါရမီ ဆယ်ပါးတို့တွင် ဒါနပါရမီကို ယခု ကမ္ဘာ၌ ဖြည့်ရသည့် စရိယာပိဋကလာ ဝတ္ထု ဆယ်မျိုး၊ ဝေဿန္တရာဇာတ်အဆုံး | ၂၉ |
| ၈ | ဒုလ္လဘငါးပါးကို ခွဲခြမ်း၍ ဟောပြသောအခန်း | ၆၃ |
| ၉ | ဒါနဖြစ်ခြင်း အကြောင်းသုံးပါးကိုပြသော ဝက္ကလိမထေရ်ဝတ္ထု | ၁၀၆ |
| ၁၀ | ဒါနသုံးမျိုးကိုပြသော အလောင်းတော် ကျေးမင်းဝတ္ထု | ၁၃၁ |


(ပဥ္စမအကြိမ်)

## ဒုတိယတွဲ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဓမ္မဒါန၏ အာနိသံသကိုပြသော အလောင်းတော် ရွှေသမင်မင်းဝတ္ထု .... | ၁၄၇ |
| ၂ | ဒါနရှင်မသေမီကပင်ဒါန၏အဟုန်ကြောင့်ဘုံဗိမာန် ပေါ်ခြင်းကိုပြသော နန္ဒိယသူကြွယ်ဝတ္ထု .... | ၁၆၅ |
| ၃ | သာသနဒါယာဒအကျိုးကိုပြသောဘီလူးမဝတ္ထု .... | ၁၇၁ |
| ၄ | အဆွေခင်ပွန်းကောင်းကို ပြစ်မှား၍ ပစ္စုပ္ပန်တမလွန် ၌ ပျက်စီးခြင်းကိုပြသော အလောင်းတော် မျောက် မင်းဝတ္ထု .... | ၁၈၆ |
| ၅ | ဝိဝါဒဖြစ်ပွား၍ ပစ္စုပ္ပန်တွင် ပျက်ပြားရခြင်းကိုပြ သော ဖျံညီနောင် မြေးခွေး ဝတ္ထု .... | ၂၀၀ |
| ၆ | ရူပတဏှာကို လိုက်စား၍ ပျက်ပြားခြင်းကို ပြသော စူဠဓနုဂ္ဂဟ ဝတ္ထု .... | ၂၁၃ |
| ၇ | ရသတဏှာကိုလိုက်စား၍ ပျက်ပြားခြင်းကို ပြသော ဒေဝဒတ်ကျီးဝတ္ထု .... | ၂၂၂ |
| ၈ | ဇာတိဘေးစသော ဘေးကြီးလေးပါးကို ပြသော အသကဝတ္ထု .... | ၂၃၀ |
| ၉ | သံသရာ၌ တွေ့ကြုံရခြင်း ဒုက္ခကိုပြသော ပဋာစာရီ ဝတ္ထု .... | ၂၄၄ |
| ၁၀ | မရဏာသတိကမ္မဋ္ဌာန်း ပွားနည်းကိုပြသော မဟာ ပရိနိဗ္ဗာန်ပြုခန်း .... | ၂၆၅ |
| ၁၁ | အင်္ဂုတ္တိုရ်နှင့် ပုဂ္ဂလပညတ်ကျမ်းကမိုးလေးမျိုးဥပမာ ပြု၍ ပုဂ္ဂိုလ်လေးမျိုးကို ဝေဖန်ခြင်း[မိုးတရား] .... | ၃၀၅ |

(ပဉ္စမအကြိမ်)

## ဒုတိယတွဲ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂ | အင်္ဂတ္တိုရ်နှင့် ပုဂ္ဂလပညတ်ကျမ်းက ကြွက်လေးမျိုးကို ဥပမာပြု၍ ပုဂ္ဂိုလ်လေးမျိုးကို ဝေဖန်ခြင်း၊ [ကြွက်တရား] .... | ၃၀၉ |


## တတိယတွဲ


| | | |
|---|---|---|
| ၁ | ပြိတ္တာဘုံသို့ လားရသောသူတို့ကို ရည်မှန်း၍ လှူဒါန်းအမျှဝေရာ၌ ၎င်းပြိတ္တာတို့၏ အကျိုးထူးခံစားရခြင်းကို ပြသော "သာဏမထေရ်၏ ဝတ္ထု" .... | ၃၁၅ |
| ၂ | သူတစ်ပါးတို့ လှူဒါန်း စွန့်ကြဲခြင်းကို ဝန်တိုဣဿာမသဒ္ဒါသော စိတ်ဖြင့် ကျိန်ဆဲရေရွတ်မိသည့် အတွက် ပြိတ္တာဘုံသို့ရောက်၍ ပေတဒုက္ခနှင့် တွေ့ထိရခြင်းကို ပြသော ရက္ခစိုးနတ်မင်းကြီး၏ဝတ္ထု၊ [ရက္ခစိုးတရား].... | ၃၃၃ |
| ၃ | မကောင်းမှုကိုပြုမိသောသူတို့၏ ပစ္စုပ္ပန်တမလွန်ဘဝ၌ မကောင်းကျိုး တွေ့ရောက်ရခြင်းကို ပြသော ပြည့်တန်ဆာမ ဝတ္ထု .... | ၃၄၀ |
| ၄ | မကောင်းမှုရှိသောသူတို့၏လက်သို့ ရောက်က ကောင်းသော ပစ္စည်းဘဏ္ဍာပင် ဖြစ်သော်လည်း မကောင်းသော ပစ္စည်းဘဏ္ဍာသာဖြစ်ရခြင်းကို ပြသော ဥတ္တရစစ်သူကြီး၏ ဝတ္ထု၊ [ဥတ္တရစစ်သူကြီးတရား] .... | ၃၄၉ |
| ၅ | လောဘ, ဒေါသ, မောဟ တည်းဟူသော အဇ္ဈတ္တိကရန်သူကြီး သုံးယောက်တို့ကြောင့် ပစ္စုပ္ပန် တမလွန် အကျိုးနှစ်ပါးပျက်ပြားရခြင်းကိုပြသောမဟာတိဿမထေရ်, ကောကမုဆိုး, ရွှံထွင်းသမားတို့၏ ဝတ္ထု၊ [လောဘ, ဒေါသ, တရား] .... | ၃၅၇ |


(ပဉ္စမအကြိမ်)

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆ | ဥာဏ်ဗျသနကြောင့် သောကပရိဒေဝ မဖြစ်ခြင်းကို ပြသော ဘုရားအလောင်းပုဏ္ဏားကြီးနှင့်တကွ ခင်ပွန်း ပုဏ္ဏေးမ,သမီး,ချွေးမ,ကျွန်မ,ငါးယောက်တို့၏ ဝတ္ထု [မြွေတရား] | .... | ၃၇၅ |
| ၇ | အသက်တမ်းတို့၏ ယုတ်လျော့ခြင်း တိုးပွားခြင်း အကြောင်းကို ပြသော ဘုရားအလောင်း တည်ပင် စောင့် နတ်မင်းဝတ္ထု | .... | ၃၈၆ |
| ၈ | ရှေးကုသိုလ်ကံ အကြောင်းကုန်၍ သေရမည့်အခါကြုံ က သားမြေးကုန်စုတွဲ၍ အသက်နှင့်ပင်လဲသော်လည်း မလွတ်ဘဲ သေရသည်ကို ပြသော အလောင်းတော် မဟာနန္ဒိယ မျောက်မင်းဝတ္ထု | .... | ၄၀၈ |
| ၉ | ကထိန ဒါန၏ အကျိုးအာနိသံကို ပြသော ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်ရဟန်းတို့၏ ဝတ္ထု [ကထိန်တရား] | .... | ၄၁၂ |

# စတုတ္ထတွဲ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | သီလ၏ အကျိုးအာနိသံသကို ပြသော ဥဒယာဘဒ္ဒါ မင်းသမီးဝတ္ထု | ၄၅၅ |
| ၂ | လောကီစည်းစိမ်ကို တောင့်တ၍ သီတင်းသီလကို ဆောက်တည်ရာ၌ အပြစ်ကို ပြသော သီတင်းသည်မ ငါးရာတို့၏ ဝတ္ထု | ၄၆၀ |
| ၃ | အသုဘအပြား အသုဘပွားနည်း အသုဘဘာဝနာ၏ အကျိုးကိုပြသော အသုဘကမ္မဋ္ဌာန်းတရား | ၄၇၇ |
| ၄ | ကထိန်ဆော် | ၄၀၉ |
| ၅ | တရားတောင်းပန်ခန်း | ၄၉၂ |
| ၆ | ကထိန်အမေး—အဖြေများ | ၄၉၅ |
| ၇ | ကထိန်ရေစက်ချများ | ၅၁၇ |
| ၈ | ရေစက်ချအမျိုးမျိုး | ၅၂၂ |



# ဝဋ္ဋဘာဒနီကျမ်း

## ပ ထ မ တွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁–လူတို့က သီလမခံယူမီ ရဟန်းတော်များကို
သရဏဂုံသီလ တောင်းပန်ခန်း

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။*

ဒေသနာတော်လာရှိသည်ကို သတိမမေ့ မနံ့နှေးကြဘဲ တရေးရေး မျှော်ဆ ဘေးဘယဝဋ္ဋဒုက္ခတို့ကို တဒင်္ဂဝိက္ခမ် သမုစ္ဆေဒသုံးပဟာန်တို့ဖြင့် အဆုံးလှန်တွန်းဖြို နိဗ္ဗူကြီး ပြည်ဗဟိုကို မှီခိုရန်အကြောင်း များထိုထို-၌ လူအပေါင်းတို့ကို နတ်လမ်းကြောင်းထွင်ပြင် စောင်းတန်းကြီး သွယ်ဆင်၍ ပါယ်လေးခွင်အောက်တံခါးကို လျှောက်သွားရာဖို့သိပ် မှောက်ထားကာ ကွယ်ဆို့ပိတ်လျက် အနိဋ္ဌအကျိုးကံ၊ ဗဟိဒ္ဓအဆိုးရန်တို့မှာ ပစ္စုပ္ပန်ခုမျက် မှောက်တွင် ကြွေခြောက်ခါညှို ကြုံပြေပျောက်ရာ တန်ခိုးစုံလှသည့် သရဏဂုံမြတ်သီလတို့ကို ကယ်မတော်မူပါမည့်အကြောင်း လက်ဆယ်ချောင်းကြွ ငုံနှင့် စက်ပဒုံခဝပ်တွား၍ အသနားခံပါသည်....ထေရ်မြတ်သခင် ကျေးဇူးရှင် အရှင်သူမြတ်ဘုရား။

[ထို့နောင်–ဩကာသ–, ဩကာသကို ဆိုနေကျအတိုင်း ဆို]။

---

*သုတ်မဟာဝါပါဠိ၊ ၂၀၄။ သံယုတ္တပါဠိ၊ ပထမ၊ ၂၅။

## ၂·လူတို့က ကန်တော့ပြီးနောက် ရဟန်းတော်က ဆုပေးရန် ပါဠိအနက်

(အကျယ်–အကျဉ်း ၃·နည်း)

ဝဏ္ဏေတပ္ပံ ဝဏ္ဏာရဟံ၊ ဝတ္ထုပ္ပတ္တံယံ၊ ဝန္ဒနတော။
မုဋ္ဌိတဝ္ဝာ အနိဋ္ဌဖလာ၊ သီဃံ ပူရေန္တု၊ ဣစ္ဆိတာ။

(ရစနာ ဂါထာ)

ဘောဝန္တော၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်ဝပ်ညောင်း အိုလူအပေါင်းတို့။ ဝဏ္ဏေတပ္ပံ၊သဒ္ဒါရိုကျိုး လက်စုံမိုး၍ မြတ်နိုးမပြတ် ရှိခိုး အပ်ထသော။ ဝဏ္ဏာရဟံ၊ တစ်နေ့မကင်း ဓလေ့သွင်း၍ မယွင်းနှစ်ခြိုက် ရှိခိုးခြင်းငှာလည်း ထိုက်ပေထသော။ ဝတ္ထုပ္ပတ္တံယံ၊ ဘုရားအစ များမမှနှင့် သံဃရိယာ သုံးရပ်သော ရတနာကို။ဝန္ဒနတော၊ တုပ်ပျပ်ဝပ်လျှိုး ရည်မှတ် ကိုး၍ မြတ်နိုးပူဇော်ရခြင်းကြောင့်။ တုမေ့·လက်အုပ်စုံညီ တင်ချီညွတ် ပြောင်း သင်လူအပေါင်းတို့သည်။ အနိဋ္ဌဖလာ၊ ခုဘဝ, တမလွန်။ ခန္ဓာ ဝန်ကို မသွန်မချ သစ်ဘဝတို့၌ ဖြစ်ရမြုပ်နစ် ယုတ်အညစ်ဟု အပြစ်ဒဏ်ဆိုး မကောင်းသော အနိဋ္ဌ အကျိုးအပေါင်းမှ။ မုဋ္ဌိတဝ္ဝာ၊ ပိန်းကြာဖက်ဖျား ရေမနားသို့ ရှားကာလျှောလျှောက် မျောကွာပြောက်လျက် သွေ့ခြောက် ကင်းပ လွတ်ရှင်းကြကုန်၍။ အနာဂတေပိ၊ ဤဘဝနောင် အစဆောင်၍ မြူမှောင်ဆို့ပိတ် မောဟစိတ်ကို ဖြတ်ရိတ်ချိုးချ အဆုံးတိုင်အောင်သော နောက်ဘဝ၌လည်း။ ဣစ္ဆိတာ·ဣစ္ဆိတေဟိ၊ လူ့ရပ် နတ်ထဲ ဝင်ကပ်စွဲ၍ မလွဲမတိမ်း အမြဲငြိမ်းဖို့ သိန်းသန်းကုဋေ ကိန်းခန်းကြွေအောင် ရွှေငွေ ရတနာ ပဒေသာကို လွယ်ကာသုံးရ ဆုံးဘဝ၌လည်း လုံ့လခုခံ သုံးဝရန်ကို ပယ်လှန်ဖြတ်ချိုး လိုအပ်သော ဣဋ္ဌကျိုးတို့နှင့်။ သီဃံ၊မကြာမနှေး ဖျော်ရှု တွေးက အရေးခုခံ မနှေးကန်ဘဲ။ ပူရေန္တု၊ ထင်စွာမျက်မှောက် ငင်လာ ရောက်၍ ဖြိုးမောက်လျှံညီး အံ့မြောက်ချီးရအောင် ပြီးစီးပြည့်စုံကြပါစေ ကုန်သတည်း။

ဤကား ပါဠိအနက်နှင့် ဆုပေးရန် ပြီး၏။

## တစ်နည်း - ကျယ်ကျယ်နှင့် ဆုပေးလိုမှု

ဗုဒ္ဓစန္ဒေ-အန္နပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ နနာယတိ၊ ။(ပရိဝါပါဠိ၊ ၁၅၇)

ဗုဒ္ဓစန္ဒေ၊ ကရုဏာအေးကြူ ဖွေးဖွေးဖြူတဲ့ ပြိုင်သူပကင်း ဘုရားတည်းဟူသော လမင်းသည်။ အနုပ္ပန္နေ၊ ပလ္လင်ဗောဓိ ပရာဇိရိပ် ဥဒည်ထိပ်က တဖိတ်ဖိတ်လက် ရောင်စုံပြက်၍ မထွက်မပေါ် လာခဲ့ပါသည် ရှိသော်။ ဗုဒ္ဓါဒိစ္စေ၊ ဘုန်းတော်ပွင့်လင်း ထိန်ထိန်ဝင်းတဲ့ ဘုရားတည်းဟူသောနေမင်းသည်။ အနုဂ္ဂတေ၊ ပလ္လင် ညောင်ရိပ် ရွှေတောင်ထိပ်က တဖိတ်ဖိတ်လွှမ်း ရောင်စုံပြွမ်း၍ မထွန်းမပေါ် လာခဲ့သည်ရှိသော်။ တေသံ သဘာဝဓမ္မာနံ၊ လူ့ပြည်နတ်လမ်း မဂ်-ဖိုလ်လှမ်းဖို့ အခန်းခန်းအဝဝ ထိုထို ဟုတ်မှန်သော သဘာဝဓမ္မတို့၏။ နာမမတ္တံ၊ သဘောချင့်၍ အသင့်ယူသို ဤသူလိုကို မဆိုထားဘိ တရားရှိကို သိဖို့ထောက်ဆ ခေါ်ဝေါ်စရာ အမည်လောက်မျှ ကိုပင်။ နနာယတိ၊ သက်ေတယဉ် နာမတင်၍ သိမြင်သူပေ၊ မရှိခဲ့။

အဲ - ဤဒေသနာတော်အလာ လူတို့ရွာမှာ အကယ်၍ လမင်း-နေမင်းတို့မှ မထွက်လာ-မတက်လာလို့ ရှိခဲ့ပါလျှင် အဖြူအပြာ-အဝါအဆန်းအခန်းခန်းတို့ကိုမှ မသိမမြင် မထင်မမှန်းနိုင်ကြဘဲ တစမ်းစမ်း တငိုက်ငိုက် လေးကျွန်းလုံး မှောင်ကြီးဆိုက်ပြီး တမိုက်တည်းမိုက်နေကြရမှာတွေပဲတဲ့။ အဲ-ယခုမှာတော့ လမင်းများ, နေမင်းများ ထွက်လာကြ—တက်လာကြ ပေခြင်းကြောင့်သာ အလင်းကို ရကြသဖြင့် သိသိမြင်မြင် ရှင်ရှင် ပပ ချမ်းသာစွာ နေကြရ ထိုင်ကြရပေတယ်။ ။အဲ သို့ကြောင့် လမင်း, နေမင်းတို့ ထွက်လာ တက်လာကြပေခြင်းသည် လွန်မင်းစွာ လူတို့အပေါ်မှာ ကျေးဇူးများပါသဘာသ်။

အဲ—ထိုနှင့်အတူပဲ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးသော ရတနာတို့သည် အကယ်၍ လူတို့မှာ မပေါ်လာ မထွက်လာလို့ ရှိခဲ့ပါမူ လူ့ရွာနတ်ဘုံ ဖြပဟ္မာကုန်အောင် လုံးစုံများပြား သုံးဘုံသားတို့မှာ ရတနာ သုံးပါးတည်းဟူသော အရောင်အလင်းကိုမရကြ၍ ဒါန, သီလ, ဘာဝနာ အစ ပုညကိရိယာလစ်ဟင်းကြသဖြင့် သုဂတိဘဝ ကွယ်ကင်းပြီး အလင်းမှာ မဆိုက်နိုင်ကြဘဲ အပါယ်လေးဘုံ တည်းဟူသော မှောင်တိုက်ကြီးထဲမှာ

ချည်း ဆိုက်ဆိုက်ပြီး တမိုက်တည်း မိုက်မိုက်နေကြမှာတွေပဲတဲ့။ ။အဲ ယခုမှာတော့ ရတနာသုံးပါးက ပေါ်လာ ရောက်လာပေလို့ သာသနာ တော်တည်းဟူသော အလင်းကိုရကြ၍ ဒါန, သီလ, ဘာဝနာအစ ပုည ကြိယာ မလစ်ဟင်းကြသဖြင့် ဒုဂ္ဂတိအပါယ်ဘာ ကွယ်ကင်းပြီး အပါယ် ဘုံသို့ မဆင်းမရောက်ကြရတဲ့ သုဂတိဘုံကိုသာ ချဉ်းချဉ်းပြီး လူမင်းနတ် မင်းတို့၏ စည်းစိမ်ကို အကြိမ်ကြိမ်ခံစားလို့ နိဗ္ဗာန်တိုင် ကူးသွားရကြပါပေ တယ်။ ။အဲ-သို့ကြောင့် ရတနာသုံးပါးများ ဖြစ်လာ ပေါ်လာဆိုတဲ့ လူတို့အပေါ်မှာ အလွန်အကြူး အထူးအားဖြင့် သာလို့ပင် ကျေးဇူးများ လှပါပေတယ်။ ။အဲ-ယင်းကဲ့သို့ အလွန်အကြူး အထူးအားဖြင့် သာလို့ ပင် ကျေးဇူးများလှပေကုန်သော ရတနာမြတ် သုံးပါးနတ်တို့အား ဆည်း ကပ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရခြင်း တည်းဟူသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်ဝဋ္ဋကျေး ဒုက္ခ ဘေးတို့ အေးအေးကြီးငြိမ်းကြ၍ မတိမ်းမမှောက် သုဂတိ မြတ်ရာလမ်းကို သာ တန်းတန်းကြီး ဝင်လျှောက်ပြီး မဂ်ဖိုလ်-ဉာဏ်အဆုံးပေါက်၍နိဗ္ဗာန်သို့ ရောက်ယှဉ်နိုင်ကြသည် ဖြစ်ပါစေကုန်။

ဤကား အကျယ်ဆုပေးရန် ပြီး၏။

---

**တစ်နည်း-ကျဉ်းကျဉ်းနှင့် ဆုပေးလိုမူ**

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာမာန၊ ပူဇာသက္ကာရ ဘာဇနံ။ ။(ကခ်ါ၊ ဌ၊ ၃)

ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ ဝန္ဒနီယ, ဝန္ဒေတဗ္ဗ, ဝန္ဒနာရဟ၊ ပူဇနီယ, ပူဇေတဗ္ဗ, ပူဇာရဟ-ဖြစ်၍ ရှိခိုးခြင်း၏တည်ရာ, မြတ်နိုးခြင်း၏ တည်ရာ,ပူဇော်ခြင်း၏ တည်ရာ,အရိုအသေပြုခြင်း၏ တည်ရာဖြစ်ကုန်သော ဘုရားအစရှိကုန်သော ရတနာမြတ်သုံးပါး အပေါင်းတို့အား ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပူဇာဝန္တ ပဏာမကုသိုလ်ကံ စေတနာတို့ကြောင့် အနိဋ္ဌဘေးဒဏ် ရန်မာန်ခပ်သိမ်း ဘဝတိုင်း ကင်းလွတ်ငြိမ်းကြ၍ စောင့်ထိန်းသီလ ဒါနစာဂ ပါရမီကုသိုလ် မပြင်ငြိုတဲ့ ဝဋ္ဋဘဝတိုတို့နှင့် မဂ်ဖိုလ်ကို မျက်မှောက် ပြုနိုင်လွယ်ကြသည် ဖြစ်ပါစေကုန်။

ဤကား အကျဉ်းဆုံး ဆုပေးရန် ပြီး၏။
(ပဥ္စမအကြိမ်)

## ၁-ပါဠိအနက် ဆုတောင်းနှင့်တကွ သီလခံယူနည်း

## သီလပေးနည်း

အဟံ ဘန္တေ တိသရဏေန....လ....မေ ဘန္တေ။ ။(၃-ခေါက်ဆို)။
ယမဟံ ဝဒါမိ တံ ဝဒေထ။ ။ဓမ္မာထိက-ရဟန်းကဆို။
နမော တဿ....လ..သမ္မာသမ္ဗုဒ္ဓဿ။ ။(၃-ခေါက်ဆို)။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ...လ...ဂစ္ဆာမိ။ ဒုတိယမ္ပိ၊ တတိယမ္ပိ။ ။
(၃-ခေါက်ဆို)

သရဏဂမဏံ ပရိပုဏ္ဏံ။ ။ရဟန်းကဆို။
ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ပါဏာတိပါတာ၊သေစေစိတ်ထား ရည်မှတ်သား၍ သူတစ်ပါးအသက် ငဲ့ကွက်ခြင်းကင်း သတ်ဖြတ်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ယူသိမ်း မတိမ်းမမှောက် မကျိုးပေါက်အောင် စောင့်ရှောက်ဆောက်တည်ပါ၏။

တေနပုညေန၊ ထိုသို့ ဆည်းပူး ကုသိုလ်ထူးကြောင့်။ အနာဂတေ၊ ရောက်ရာရောက်ရာ နောက်အခါ၌။ ဗာကုလထေရောဝိယ၊ ဗာကုလမည် မဟာထေရ်ကဲ့သို့။ ဒီဃာယုကော၊ အာယုတန်းသပါ လွမ်းကျော်တက်မိ ရှည်ကြာသော အသက်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ အန္တိမဘဝေ၊အဆုံးစွန်ကျ နောက်ဘဝ၌။ နိဗ္ဗာနပုရံ၊ ဒုက္ခဘေးသပင်း မဖအောင်းမခို အလိုပြီးစီး နိဗ္ဗာန်ပြည်ကြီးသို့။ သီဃံ၊ သံယောဇဉ်လှေး မရစ်ထွေးဘဲ မနှေးမကြာ ဆောလျင်စွာသာလျှင်။ ပဝိသာမိ၊ မထောင့်မငြို ဝင်ရောက်ရပါလို၏။

အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ၊ ကိုယ်နှုတ်မြွက်ဆင် အရှင်မပေး ပိုက်ထွေးသိမ်းဆည်း သူ့ပစ္စည်းကို ခိုးလိုစိတ်သွင်း ခိုးယူခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို။သမာဒိယာမိ၊ကောင်းစွာ ယူသိမ်း မတိမ်းမမှောက် မကျိုးပေါက်အောင် စောင့်ရှောက်ဆောက်တည် ပါ၏။

တေနပုညေန၊ ထိုသို့ ဆည်းပူး ကုသိုလ်ထူးကြောင့်။ အနာဂတေ၊ ရောက်ရာရောက်ရာ နောင်အခါ၌။ ဇောတိက ဇဋိလာဒယောဝိယ၊ ဇော

တိက,ဇဋ္ဋိလ စသည်ပုံ့ပျုံုး သေခွေးကြီး ငါးဦးကဲ့သို့။ ဘောဂသမ္ပန္နော၊ ရွှေငွေဘဏ္ဍာ ရတနာစုပုံ စည်းစိမ်ဂုဏ်နှင့် ပြည့်စုံကြွယ်ဝသည်။ ဟုတ္ဝာ၊ ဖြစ်၍။ အန္တိမဘဝေ၊ အဆုံးစွန်ကျ နောက်ဘဝ၌။ နိဗ္ဗာနပ္ပုရံ၊ ဒုက္ခဘေးပေါင်း မအောင်းမခို အလိုပြီးစီး နိဗ္ဗာန်ပြည်ကြီးသို့။ သီဃံ၊ သံယောဇဉ်လှေး မရစ်ထွေးဘဲ မနှေးမကြာ ဆောလျင်စွာသာလျှင်။ ပဝိသာမိ၊ မထောင့်မငြို ဝင်ရောက်ရပါလို၏။

## ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကာမေသု မိစ္ဆာစာရာ၊ ဗုဒ္ဓပဋိကုဋ္ဌ သမုတ်အပ်သင့် မမြတ်သော အကျင့်မှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာယူသိမ်းမဟိမ်းမမှောက် မကျိုးပေါက်အောင် စောင့်ရှောက်တော်ဘည်ပါ၏။

တေနပုညေန၊ ထိုသို့ဆည်းပူး ကုသိုလ်ထူးကြောင့်။ အနာဂတေ၊ ရောက်ရာရောက်ရာ နောက်အခါ၌။ ကစ္စာယန ထေရောဝိယ၊ ဝင်းဝါ ရှောင်လင်း ရွှေအဆင်းနှင့် သန့်ရှင်းရုပ်ရည် ကစ္စည်းမြတ် မထေရ်ကဲ့သို့။ ဝဏ္ဏသမ္ပန္နော၊ မြင်သမျှတို့ ချီးပလောက်ပင် ဆင်းကြန်အင်နှင့် ရုပ်သွင်ဝင်းမှည့် ပြည့်စုံခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ အန္တိမဘဝေ၊ အဆုံးစွန်ကျ နောက်ဘဝ၌။ နိဗ္ဗာနပ္ပုရံ၊ ဒုက္ခဘေးပေါင်း မအောင်းမခိုအလိုပြီးစီး နိဗ္ဗာန်ပြည်ကြီးသို့။ သီဃံ၊ သံယောဇဉ်လှေးမရစ်ထွေးဘဲ မနှေးမကြာ ဆောလျင်စွာသာလျှင်။ ပဝိသာမိ၊ မထောင့်မငြို ဝင်ရောက်ရပါလို၏။

## မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ၊ ဖောက်ပြန်ချွတ်ယွင်း မမှန်သော စကားကို ဆိုခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာယူသိမ်း မဘိမ်းမမှောက် မကျိုးပေါက်အောင် စောင့်ရှောက်ဆောက်တည်ပါ၏။

တေနပုညေန၊ ထိုသို့ ဆည်းပူး ကုသိုလ်ထူးကြောင့်။ အနာဂတေ၊ ရောက်ရာ ရောက်ရာ နောက်အခါ၌။ နာဂသေန ထေရောဝိယ နာဂသိန်မည့်ခေါ်

(ပဉ္စမအကြိမ်)

မသေရ်တော်ကဲ့သို့။ ဝိစိတ္တဝါစကော-ပြဿနာ ထူးဆန်း အခန်းခန်းကိုခွဲခြမ်း ပိုင်ပိုင် ဖြေစွမ်းနိုင်သည်။ ဟုတွာ၊ ဖြစ်၍။ အန္တိမဘဝေ၊ အဆုံးစွန်ကျနောက် ဘဝ၌။ နိဗ္ဗာနပူရံ၊ ဒုက္ခဘေးပေါင်း မဒအောင်းမခို အလိုပြီးစီး နိဗ္ဗာန်ပြည် ကြီးသို့။ သီဃံ၊ သံယောဇဉ်လှေး မရစ်ထွေးဘဲ မနှေးမကြာ ဆောလျင်စွာ သံလျှင်။ ပဝိသာမိ၊ မထောင့်မငြို ဝင်ရောက်ရပါလို၏။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ
သမာဒိယာမိ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ တရားမေ့ပျက် သေအရက်ကို နှစ်သက် မှားယွင်း သောက်စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ ရှောင်ကြဉ်ရာ ပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာယူသိမ်း မတိမ်း မမှောက် မကျိုးပေါက်အောင် စောင့်ရှောက် ဆောက်တည်ပါ၏။

တေပုနညေန၊ ထိုသို့ဆည်းပူး ကုသိုလ်ထူးကြောင့်။ အနာဂတေ၊ ရောက် ရာရောက်ရာ နောက်အခါ၌။ မဟောသဓပဏ္ဍိတောဝိယ၊ လောင်းလျာဗောဓိ မဟောသဓာ ပညာရှိကဲ့သို့၊ ဉာဏ သမ္ပန္နော၊ နက်နဲဆစ်မျက် ခဲအခက်ကို ခွဲဝှက်ဝေပုံ ပညာဉာဏ်နှင့် ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ အန္တိမဘဝေ၊ အဆုံးစွန်ကျ နောက်ဘဝ၌။ နိဗ္ဗာနပူရံ၊ ဒုက္ခဘေးပေါင်း မအောင်းမခိုအလို ပြီးစီးနိဗ္ဗာန်ပြည်ကြီးသို့။ သီဃံ၊ သံယောဇဉ်လှေး မရစ်ထွေးဘဲ မနှေးမကြာ ဆောလျင်စွာသာလျှင်၊ ပဝိသာမိ၊ မထောင့်မငြို ဝင်ရောက်ရပါလို၏။

တိသရဏေန သဟ ပဥ္စသီလံ သာဓုကံကတွာ
အပ္ပမာဒေန သမ္ပာဒေထ။

ဘောန္တော၊ သရဏဂုံသီလ ယူကြစုဆောင်း အို-လူအပေါင်းတို့။ တုမှေ၊ ရှေးသူတော်ဟောင်း နည်းလမ်းကောင်းနှင့် အကြောင်းညီလျော် သင်သူ တော်တို့သည်။ တိသရဏေန၊ အပါယဘေး ပူဝဋ်ကျွေးကို လွတ်အေးစေ တတ် သရဏဂုံသုံးရပ်နှင့်။ သဟာသဟေဝ၊ ရှေ့မူ နောက်ဆက် စဉ်မပျက်ဘဲ နှစ်ချက်အတူ မကွဲမူ၍သာလျှင်။ ပဥ္စသီလံ၊ ပဋိညာဉ်မူ ကိုယ်စီပြု၍ ယခု ယူအပ် ငါးပါးသော သီလတော်မြတ်ကို။ သာဓုကံကတွာ၊တမလွန် ခုဘေး မြန်မြန်အေးဖို့ မျှော်တွေးထောက်ရှု ကောင်းမွန်စွာ အလေးပြု၍။ အပ္ပမာ

ဒေန၊ မမေ့မလျော့ မပေါ့မစား မြဲမြံသောသတိတရားဖြင့်။ သမ္မာဒေထ၊ မကျိုးမပေါက် မပျောက်စေရ ပြည့်စုံရအောင် စောင့်ရှောက်လုံခြုံကြစေကုန်လော။

ဤကား....ပါဠိအနက် ဆုတောင်းနှင့်တကွ
သီလခံယူနည်း, သီလပေးနည်း ပြီး၏။

၄-ရေစက်ချ အကျယ်-အကျဉ်းချနည်း

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဘဝတ္တယံ၊ ဘုံသုံးပါးကို။ အာဒိတ္တံ၊ ပြောင်ပြောင်ရဲရဲ မီးလျှံစွဲသော။ အဂ္ဂိခန္ဓမိဝ၊ ထိန်ထိန်ညီးညီး မီးပုံကြီးကဲ့သို့လည်းကောင်း။ အတိသမ္ဗာဓံ၊ ဘေးရန်ကြိတ်ညပ် လွန်ကျဉ်းကျပ်သော။ အင္ဂုဿရမိဝ၊ ပိတ်လှောင်နှောင်ဆီး ထောင်အိပ်ကြီးကဲ့သို့လည်းကောင်း။ ဘယဘေရဝံ၊ သားရဲ,သစ်ကျား ထိတ်လန့်ဖွယ်များသော။ မဟာဝနမိဝ၊ ဂနိုင်ရစ်ဆီး တောအုပ်ကြီးကဲ့သို့လည်းကောင်း။ ဇာတိ အာဒိသမာကိဏ္ဏံ၊ ပဋိသန္ဓေ အိုသေနာရေး ဘေးနှင့်ရောပြွမ်း မအေးချမ်းဟူ၍သာလျှင်။ မညမာနာ၊ နိဗ္ဗိဒဉာဏ် တွေးကြံသတိ မှတ်ထင်ခြင်းရှိပါကုန်၍။ တတော၊ ထို ဒုက္ခမရှင်း သုံးဘုံတွင်းမှ။ ခိပ္ပံ၊ ဆောလျင်စွာ။ နိက္ခန္တတ္ထာယစ၊ ထွက်မြောက်ပါရခြင်း အကျိုးငှာလည်းကောင်း။ အဇာတို လူ့ရပ်နတ်ပြည် ပဋိသန္ဓေဇာတိ တည်နေရခြင်း မရှိသော။ အဇရံ၊ ဆံဖြူသွားကျိုး နွမ်းညှိုးကိုင်းအို အိုရခြင်းမရှိသော။ အဗျာဓိံ၊ မအီမသာ ပူဆာလောင်ငြိ နာရခြင်းမရှိသော။ အမရဏံ၊ သက်ကြီးရှိုက်ငင် ပူပင်မချိ သေရခြင်းမရှိသော။ သိဝံ၊ ဘေးရန်မငြိ ချမ်းအေးခြင်းရှိသော။ နိဗ္ဗာနံ၊ ဘာယာအေးပြတ် နိဗ္ဗာနဓာတ်ကို။ သစ္ဆိကရဏတ္ထာယစ၊ လက်ရောက်မြင်ရှု မျက်မှောက်ပြုပါရခြင်း အကျိုးငှာလည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ, ကံ၏အကျိုးကိုလည်းကောင်း။ ရတနတ္တယဂုဏဉ္စ၊ ရတနာသုံးပါး၏ ဂုဏ်ကိုလည်းကောင်း။ သဒ္ဒြာပေ့တွာ၊ သက်ဝင် ယုံကြည်ပါကုန်သည်ဖြစ်၍။ ဒိဋ္ဌိံ၊ အယူကို။ ဥဇုံကတွာ၊ ဖြောင့်စွာပြု၍။ ပဏီတာနိ၊ မွန်မြတ်ကုန်သော ဣမာနိဒါနဝတ္ထူနိ၊ ဤအလှူဝတ္ထုတို့ကို။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏ ဟတ္ထေ၊ လက်တော်၌။ ဒက္ခိဏော ဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဧမှာကံ၊ ဧကျွန်ုပ်တို့၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အနာဂတေ၊ နောက်အခါ၌။ အန္တိမဘဝေ၊ အဆုံးစွန်သောဘဝ၌။ ဆဋ္ဌာဘိညာဒိပရိဝါရော၊ အဘိဉာဏ် ခြောက်ရပ်

**သမာပတ်** ရှစ်ဖြာ သမ္မာဒါလေးတန် အခြံအရံရှိသော။ ဗောဓိသမ္ဘာရော၊ ဗောဓိထောက်ကူ အဆောက်အအုံသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗာနပုဓါရံ၊ ကမ်းတစ်ဘက်ရောက် နိဗ္ဗာန်ပေါက်အောင်။ အာဂတံ၊ အပါဆွဲငင် ပို့ဆောင်တင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။မယံ၊ အကျွန်ုပ်တို့သည်။ နိဗ္ဗာနပူရံ၊ နိဗ္ဗာန်ပြည်ကြီးသို့။ အပတ္တာ၊ မရောက်ကြကုန်မီ။ အန္တရေ၊ အကြား၌။ သံသရန္တာ၊ ကျင်လည်ရကုန်သည် ရှိသော်။ အပါယာဒီဟိ၊ အပါယ်အစ နိမ့်ကျနွမ်းညှိုး ဆင်းရဲမျိုးတို့မှ။ မုဉ္စိတွာ၊ မတွေ့မကြုံ လွတ်ကမြောက် ရပါကုန်သည်ဖြစ်၍။ သုဂတိဘဝေသုယေဝ၊ လူ့ဘုံနှင့်နတ် ချမ်းမြေ့ရာ အရပ်တို့၌သာလျှင်။ တိဟေတုကာ၊ တိဟိတ်ဉက္ကဋ္ဌဉာဏသန္တေ စွဲယူနေရကုန်သည်။ ဘဝေယျာမ၊ဖြစ်ရပါလိုကုန်၏။ ဣဒံပုညံဘာဂဥ္စ၊ ဤကောင်းမှုအဖို့ကိုလည်း။ မာတာပိတာဒီနံ၊ မိခင် ဖခင် စသည်တို့အား။ အာဒိံကတွာ၊အစပြု၍။သဗ္ဗသတ္တာနံ၊ ရှိသမျှများစွာအလုံးစုံသော သတ္တဝါတို့အား။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေသတ္တာ၊ထိုထိုသတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ ဣဒံပုညဘာဂံ၊ ဤကောင်းမှု၏အဖို့ကို။ လဘန္တု၊ ရကြသည် ဖြစ်ပါစေကုန်သတည်း။

ဤကား ရေစက်ချအကျယ် ပြီး၏။

---

**ဇေယျတု။** ။ဘန္တေ၊ အရှင်ဘုရား၊ မယံ၊အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယစ၊လွတ်မြောက်ပါရခြင်းအကျိုးငှာလည်းကောင်း။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယစ၊ မျက်မှောက်ပြုပါရခြင်းအကျိုးငှာလည်းကောင်း။ တိသရဏေန၊သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလာနိ၊ ငါးပါးသော သီလဘော်မြတ်တို့ကို။ (အဋ္ဌင်္ဂသီလာနိ၊ အင်္ဂါရှစ်ပါးရှိသော သီလတော်မြတ်တို့ကို။ ဒသသီလာနိ၊ ဆယ်ပါးသော သီလတော်မြတ်တို့ကို။ လျှော်ရာကိုဆိုလေ)။ သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍၊ ဣမာနိ ဒါနဝတ္ထူနိ၊ ဤလှူဖွယ်ဝတ္ထုတို့ကို။ အာယသ္မတော၊ အရှင်ဘုရားအား၊(အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။ သံဃဿ၊ သံဃာတော်မြတ်အား။ လျော်ရာကိုဆိုလေ)။ ဒေမ၊ လှူဒါန်းပါကုန်၏။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ ဝဟံ၊ ဆောင်ရွက်နိုင်သည်။

ဟောတု၊ ဖြစ်ပါစေသတည်း။ ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကံ စေတနာကြောင့်။ ဘာဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တာ၊ ကျင်လည် ရကုန်သည်ရှိသော်။ အနိဋ္ဌေဟိ၊ အလိုမရှိအပ်ကုန်သော်။ အပါယာဒိဟိ၊ အပါယ်အစရှိကုန်သော။ ဒုက္ခေဟိ၊ ဆင်းရဲတို့မှ။ မုစ္စိတွာ၊ လွတ်ရကုန်၍။ ဣဋ္ဌေဟိ၊ အလိုရှိအပ်ကုန်သော။ ပဥ္စပါက ဝိသေသေဟိ၊ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း ဟု ဆိုအပ်ကုန်သော အကျိုးထူးတရား ငါးပါးတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံ ကုန်သည်။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။ ဣဒံ ပုညဘာဂဉ္စ၊ ဤ ကောင်းမှု၏ အဖို့ကိုလည်း။ ဂုဏဝိသိဋ္ဌာနံ၊ ဂုဏ်ကျေးဇူး အထူးရှိကြပေ ကုန်သော။ မာတာပိတုအာစရိယာနဉ္စ၊ မိခင် ဖခင် ဆရာသခင် ကျေးဇူး ရှင်တို့အားလည်းကောင်း။ ဉာတကာနဉ္စ၊ အဆွေအမျိုးတို့အား လည်း ကောင်း။ သေသသတ္တာနဉ္စ၊ ကြွင်းသော သတ္တဝါတို့အားလည်းကောင်း ဘာဇေမ၊ အမျှ ပေးဝေပါကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ ဣဒံပုညဘာဂံ၊ ဤကောင်းမှု၏ အဖို့ကို။ လဘန္တု၊ ရကြပါစေကုန်သတည်း။

ဤကား ရေစက်ချ အကျဉ်းတည်း။

### ၅-ရဟန်းတော်များကို တရားဟော တောင်းပန်ခန်း

နယဿတိ ဝတ ဘော လောကော၊ များဝေနေ စိတ်ဇောနှင့် အလော လောပူပန်ကာ သဟမ္ပတိ မိုးဗြဟ္မာသည် စိုးဗျာပါ ကြောင့်ကြခြင်းဖြင့် ဘုံရုံးထံခဝပ်စင်း၍ တသင်းလုံး ဗြဟ္မာတွေနှင့် ပရမေရှင်တော်စေသည် တုဏှီဘောလျစ်လျူနေ၍ အမြိုက်ရေဓမ္မောဇကို . ဟောပြတော်မမူပါလျှင် များဗိုလ်ပါ ဤလူစုမှာ အားပြုဖို့ခဲခက် သံသရာစက်ဝဋ်ကြီး ဖျက်ဆီးကာ ရှောင်မထွက်နိုင်ကြဘဲ လေးနရက် ပါယ်ဘုံတွင်းမှာ ဝင်ဆင်း၍ အခေါက် ခေါက် ထွေးယှက်ခါ ဝဋ်မကင်းကြ၍ ထန်ပြင်းစွာ ဘေးကြီးရောက်ပြီး ပြေးလျှောက်ခါညည်းညူ ကယ်ဆယ်သူမနီး ဆယ့်တစ်မီးနှင့် အပူကြီး ပူမည့် သူတို့ကို သားရာဟုအလား မေတ္တာယူ တူမခြားဘဲ ချန်ထား မခွာ သနားပါ၍။ ခေမာနိဗ္ဗူ၊ အပါယူရအောင် လောင်ဆူတဲ့ မီးဝဋ်ဘေး ကို တရားအေး မြိုက်ရေချမ်းနှင့် ဆွတ်ဖျန်းတော် မူပါမည့်အကြောင်း (ပဥ္စမအကြိမ်)

ဝပ်ညောင်းကာခွင့်ခံချက်နှင့် ပဥ္စဝဂ်အစ သုဘဒ္ဒအဆုံး ရင့်မာသူနတ်လူလုံး ကိုရှေးနှုန်းနှင့်မပျက် တွက်ကျုံးကာဂဏန်းကွက်ပြီး ကျွန်းသောင်ဘက်ကမ်း နဖူးသို့ ဖောင်ဦးတော်လှည့်ဆန်၍ နိဗ္ဗာန်နန်းစံတော်မူပါပြီ၊ ကြွင်းကျန် မောနစ် လေးသြမြစ်တွင် မျောရစ်ကြသူ များဗိုလ်လူတို့မှာ ကယ်-မ-သူ ကင်းရှင်း မိုးဗြဟ္မာသဟံမင်းလဲ ကြွဆင်း၍မမျှော်လာ မဟာကရုဏာတော် ပွား ရှင်တော်ဘုရားလဲရှုစားမငဲ့ ပစ်ထားတော်မူခဲ့သဲဖြင့်အမိမဲ့သားအရေး ချွတ်လွဲ့ ဘေးဝင့်မြဲတဲ့ ရေနည်းငါးတို့မှာ နွမ်းပါးပန်းရိ မေတ္တာရှေ့တင် ထေရ်သခင်ကို ကြည်လင်သနားဘရုဏာပွားမှသာကိုးစားရာရှိပါ၍ဒုက္ခိတ- လူဗိုလ်ပါတို့ကို ဖဲသြသာ ကြာမှနစ်ရအောင် ဓမ္မရာဇ် မဂ္ဂင်ဖောင်နှင့် နိဗ္ဗူတောင် ငွေသောင် မိုးသို့ ဆောင်ပို့တော်မူပါမည့်အကြောင်း၊ လက် ဆယ်ချောင်း ကြာငုံနှင့် စက်ပဒုံခပ်တွား၍ အသနားတော်ခံပါသည်.... ထေရ်မြတ်သခင် ကျေးဇူးရှင်ဘုရား။

ဤကား-တရားတောင်းပန် ပြီး၏။

---

ဖ-ရဟန်းတော်တို့က ဟောပြောရန် ပါဠိအနက်နှင့်တကွ

အာသီသဂါထာ ၁၆-ပုဒ်

(က) ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
စေတေန သစ္စဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။ ။

ဓမ္မော လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။ ၁
စေတေန သစ္စဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။ ။

သံဃော လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။ ၂
စေတေန သစ္စဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။ ။

လောကေ၊ ကာမ,ရူပ,အရူပဟု ဘဝသုံးထပ် ဘုံသုံးရပ်၌။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကီ လောကုတ် မယုတ်

---

၁၊ ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
၂၊ သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။
သုတ္တနိပါတ်၊ ဌ၊ ဒုတိယ၊ ၂၉၃
(ပဌမအကြိမ်)

တိုးပွား အကျိုးများခြင်းငှာ။ ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို ဆတ်ဆတ်သိမြင်ဘုရားရှင်သည်။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာပေ၏။ ဒေသေန သစ္စဝိဘင်္ဂနေ၊ ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကိုဆိုရခြင်းကြောင့်။ သာခဝေါ၊ ရတနာသုံးရပ် အမြတ်မြတ်ကို ဆည်းကပ် ဝပ်ညွှတ်ခြင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါမကပ် ဥပဒ်မတွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ မကျလွတ်ကင်း ဘေးရန်ရှင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

လောကေ၊ ကာမ, ရူပ, အရူပဟု ဘဝသုံးထပ် ဘုံသုံးရပ်၌။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကီလောကုတ် မယုတ်တိုးပွား အကျိုးများခြင်းငှာ။ ဓမ္မော၊ မဂ်,ဖိုလ်,နိဗ္ဗာန်ဓမ္မက္ခန်နှင့် ကိုးတန်းပိုင်းဖြတ် တရားမြတ်သည်။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာပေ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကို ဆိုရခြင်းကြောင့်။ သာခဝေါ၊ ရတနာသုံးရပ် အမြတ်မြတ်ကို ဆည်းကပ်ဝပ်ညွှတ်ခြင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါမကပ် ဥပဒ်မတွယ် အန္တရာယ်ပေါင်း မကောင်းဟူသမျှ မကျလွတ်ကင်း ဘေးရန်ရှင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

လောကေ၊ ကာမ,ရူပ,အရူပဟု ဘဝသုံးထပ် ဘုံသုံးရပ်၌။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကီလောကုတ်မယုတ်တိုးပွား။ အကျိုးများခြင်းငှာ။ သံဃော၊ မဂ္ဂဋ္ဌာန်,ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် သံဃာတော်သည်။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာပေ၏။ ဧတေန သစ္စဝဇ္ဇေန။ ဤသို့နှုတ်သံဖော်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကို ဆိုရခြင်းကြောင့်။ သာခဝေါ၊ ရတနာသုံးရပ် အမြတ်မြတ်ကို ဆည်းကပ်ဝပ်ညွှတ်ခြင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါမကပ် ဥပဒ်မတွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ မကျလွတ်ကင်း ဘေးရန်ရှင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဤကား—အာသီသ တစ်ပုဒ်တည်း—၁။

(ပဌမအကြိမ်)

(၁) ဗုဒ္ဓါဒိနာနုဘာဝေန၊ ဒုနိမိတ္တာ ဒုမင်္ဂလာ။
ဒုဿဒ္ဒါ ပါပဂါဟာ စ၊ ဝိနဿန္တု ဒုဿုပ္ပိနာ။

(ရစနာဂါထာ)

[ ဤဂါထာ၌လည်း ဆန္ဒာနုရက္ခဏတ္ထသို့ သုပ္ပိန-ဟု ပဒွေတော်နှင့်ရွတ် ]

ဣဗ္ဗေဒာနေ၊ ဓမ္မဿဘင် ပြင်ဆင်ကျင်းပ ဤဌာနသို့။အာဂတာနံ၊ မနော ပုဗ္ဗင် ဇောအစဉ်နှင့် ကြည်ရွှင်ဟာဒယ ရောက်လာကြကုန်သော။ ဝေါတုမှာကံ၊ သင် တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့၏။ အဇ္ဈတ္တိက ဗာဟိရေသု၊ တွင်းပြင်ဝန်းပတ် ထိုထိုသို့သော အရပ်တို့၌။ ဒုနိမိတ္တာစ၊ စနည်းတဘောင် စို့သက်ရောင်နှင့် ခြတောင်ပျားဝပ် ဖွတ်လင်းတကြိုး ဆိုးသမျှ ငှက်တောနက်တိရစ္ဆာန်ဝင်ပျံခိုအိပ်မကောင်းသော တိတ်နိမိတ်တို့သည်လည်းကောင်း။ ဒုမင်္ဂလာစ၊ ကျက်သရေဖျင်းသိမ် သတင်းမှိန်၍ ဂုဏ်ရှိန်မှလင်း အဆင်းဆိုးပုပ် ယုတ်ယုတ် ညှိုးညှိုး အမျိုးအမည် အရည်အသွင် မကြည်လင်အောင် ကြားမြင်တွေ့လာ မကောင်းသော မင်္ဂလာတို့သည်လည်းကောင်း။ ဒုဿဒ္ဒါစ၊ လန့်စိုးရွံ့ထိတ် စိတ်မသန့်ဖွယ် ကျယ်ကျယ်လောင်လောင် ထက်ခေါင်အိမ်မိုး ဝင်တိုးကျော်သမ်း ငှက်သရမ်း၏ ဆိုးစွမ်းသော အသံတို့သည်လည်းကောင်း။ ပါပဂါဟာစ၊ ဂြိုဟ်နိစ်ဂြိုဟ်ဖမ်း စန်းလက်ကြမ်းနှင့် ညှိုးနွမ်းဆိုးယုတ် စုန်းဘုတ်ကဝေ တစ္ဆေမင်စာ မာဒယာ ရက္ခိုသ် အတိုက်အမြှုပ် အနှိပ်အဖွဲ့ အစွဲအလမ်း အကြမ်း အနု ပြုပြုသမျှ မကောင်းသော လုံ့လပယောဂတို့သည် လည်းကောင်း။ ဒုဿုပ္ပိနာစ၊ ကြောက်မက်လန့်ဖွယ် အသွယ်သွယ်ဖြင့် နှိပ်နှယ်ညှဉ်းပန်း အကြမ်းအယုတ် ဖမ်းကုပ်ဆုပ်စွဲ အသည်းအူနုတ်ရိုက်ပုတ်ချည်နှောင် ကယောင်ကတမ်းယောင်ယမ်းငိုကြွေး ပူဆွေးဆူပွက် မနှစ်သက်ဖွယ်သော အိပ်မက်တို့သည်လည်းကောင်း။ ဗုဒ္ဓါဒိနံ၊ ဘုရားအစ ဓမ္မသံဃာ ရတနာတို့၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်ကြောင့်။ ဝိနဿန္တု၊ မမြိုးမစပ် အနီးရပ်သို့ မကပ်မချဉ်း ဝေးအောင်ကွင်း၍ စင်ကင်းလွင့်ပျောက်ကြပါစေကုန်သတည်း။

ဤကား အာသီသ တစ်ပုဒ်တည်း။ ၂

(ပဍ္ဍမအကြိမ်)

(ဂ) ပုရတ္ထိမာယ ဒက္ခိဏာ၊ ပစ္ဆိမုတ္တရဒိသာသု။
ဓတရဋ္ဌော ဝိရုဠှကော၊ ဝိရူပက္ခော ကုဝေရော စ။
တေပိ ရက္ခန္တု အာရောဂျ ရဇ္ဇာနေ၊ ရောဂံ သုခံ အဝေရိတ္တံ။

(ရစနာဂါထာ)

သောတ္ထေနာ၊အိုတရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့။ပုရတ္ထိမာယ ဒိသာယ၊ မြင်းမိုရ်တောင်မှ ငွေရောင်ကွန့်မြူး အရှေ့မျက်နှာစူးစူး၌။ ဓတရဋ္ဌာ၊ ဂန္ဓဗ္ဗနွယ်ရိုး နတ်အမျိုးတို့ကို အုပ်စိုးပိုင်နင်း ဓတရဋ္ဌနတ်မင်းသည်လည်းကောင်း။ ဒက္ခိဏာယဒိသာယ၊ မြင်းမိုရ်တောင်မှ မြရောင်ကွန့်မြူး တောင်မျက်နှာစူးစူး၌။ဝိရုဠှကော၊ ကုမ္ဘဏ်နွယ်ရိုး နတ်အမျိုးတို့ကိုအုပ်စိုးပိုင်နင်း ဝိရုဠှက နတ်မင်းသည်လည်းကောင်း။ ပစ္ဆိမာယဒိသာယ၊ မြင်းမိုရ်တောင်မှ။ ဖန်ရောင်ကွန့်မြူး အနောက်မျက်နှာစူးစူး၌။ ဝိရူပက္ခော၊ နဒ္ဒောပနန္ဒ စသည်ကျော်ဟိုး နဂါးမျိုးတို့ကို အုပ်စိုးပိုင်နင်း ဝိရူပက္ခနတ်မင်းသည်လည်းကောင်း။ ဥတ္တရာယ ဒိသာယ၊ မြင်းမိုရ်တောင်မှ။ ရွှေရောင်ကွန့်မြူး မြောက်မျက်နှာစူးစူး၌။ ကုဝေရော စ၊ အာဠဝက စသည်ကျော်ဟိုး ဘီလူးမျိုးတို့ကို အုပ်စိုးပိုင်နင်း ကုဝေရ နတ်မင်းသည်လည်းကောင်း။ တေပိရဇ္ဇာနော၊ လောကပါလ မည်နာမနှင့် တေဇ ဂုဏ်မောက် ထိုနတ်မင်းကြီး လေးယောက်တို့သည်လည်း။ ဝေါ တုမှာကံ၊ သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အား။ အရောဂံ၊ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာတို့ ကိုယ်မှာရှင်းလင်း အနာကင်းကြလေအောင်။ သုခံ ကိုယ်စိတ်နှစ်ဖြာ အေးကြည်သာ၍ ဗျာပါမငြိ ချမ်းသာခြင်းရှိကြလေအောင်။ အဝေရိတ္တံ၊ မင်း, ရေ, မီး, ခိုး မချစ်နိုးနှင့် ငါးမျိုးသောရန် မခုခံ ရလေအောင်။ ရက္ခန္တု၊ ရင်သားပမာ ကရုဏာဖြင့် ရှုကာရွှေးကောက် ဘေးမရောက်စေဘဲ စောင့်ရှောက် မစကြပါစေကုန်သတည်း။

[ဤဂါထာ၌လည်း ဒက္ခိဏာကို ဤဒိသပြု ပိုလိုသမျှအကွဲရာအစုမှာ သို့လော သို့လော အကြံမပြုနှင့် အနွာနုရက္ခဏတ္ထ ချည်းဟုမှတ်။]

ဤကား အာသီသ တစ်ပုဒ်တည်း–၃။

(ပဥ္စမအကြိမ်)

(ဃ) သီဟနာဒံ ဝနေ သုတွာ၊ ဖန္ဒန္တာ တသန္တိပါဏာ။
ဧဝံ မာရဏာဓမ္မမ္ပိ၊ ရာဂါ သမန္တိ ပါပကာ။
တသ္မာ ဒုက္ခေဟိ မုဥ္စန္တာ၊ မရဏံ ဘာဝေထ သာဓဝေါ။

ဘော်ဗန္တော သပ္ပုရိသာ၊ အို...တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဝနေ၊ တောဝါ မြိုင်ချောင် တောသုံးထောင်၌။ သီဟနာဒံ-ကေသရာဟု အာဇာနေမာန် ခြင်္သေ့သံကို။ သုတွာ၊ အန်းထံပါး ခရီးကြား၌ တန့်နားကြိုက်ကြုံ ကြားရကုန်သည်ရှိသော်။ ပါဏာ၊ ကြီးငယ်မဟူ ပြောင်ဆင်ဖြူနှင့် ကျုံဆူတောသား သတ္တဝါများတို့သည်။ ဖန္ဒန္တာ၊ ရွှေ့လဲနောက်ပြို အသည်းဖိုမျှ ရှုံ့ယိုညှိုးကျုံ တုန်လှုပ်ကုန်သည်ဖြစ်၍။ တသန္တိယထာ၊ ထိုသို့ ပြေးကပ် မှိုင်ငေးရပ်လျက် တဖျပ်ဖျပ်ခုန် လန့်ကြကုန်သကဲ့သို့။ ဧဝံတထာ၊ ထိုနှင့်မပြား ပုံမခြားဘဲ စံထားမှန်ယူ အလားတူသာလျှင်။ မရဏာဓမ္မမ္ပိ၊ သက်ငင်ရှိုက်ပြင်း လျှောင်းကာစင်း၍ သေရခြင်း တရားတော်သံကိုလည်း။ သုတွာ၊ သူမြဟ်ထံပါး မပြတ်သွား၍ မှတ်သားနေ့ည ကြားနာရကုန်သည်ရှိသော်။ ပါပကာ၊ အပါယ်လေးရပ် ဟေးမပြတ်အောင် ပြေးကပ်စေထ ယုတ်မာသော သဘောရှိကြကုန်သော။ ရာဂ-ရာဂါဒိဓမ္မာ၊ အာရုံဟူဘိ တွေ့ကြုံရှိက ကပ်ငြိတွယ်မှေး ရာဂစသော အညစ်အကြေးတို့သည်။ သမန္တိ၊ နံနက်မိုးသောက် နေထိကြောက်က နှင်းပေါက်မသွေ့ ကင်းပျောက်ရလေကုန်၏။ တသ္မာ၊ ထိုသို့ပြီးစီး အကျိုးကြီးခြင်းကြောင့်သာလျှင်။ ဒုက္ခေဟိ၊ ထောင့်ငါးရာဝဋ် မကွာကျွတ်၍ မလွတ်တွေ့ရ ဆင်းရဲခြင်း ဒုက္ခတို့မှ။ မုဥ္စန္တာ၊ ခွါချွတ်ပယ်ချ လွတ်လိုကြကုန်သော။ သာ-ဓဝေါ၊ သံသရာဘေးဟုမ်း လွတ်အေးလမ်းကို တွေးမှန်း မျှော်ညောင်းသင်သူတော်ကောင်းတို့သည်။ မရဏံ၊ ဗိုလ်ခြေခပင်း မကွေကွင်းနိုင်ဘဲ ရွှေယှင်းပျက်ပြား သေရခြင်း သဘောတရားကို။ ဘာဝေထ၊ ကမ်းပါးပွဲ၌ အားနွဲ့သစ်ပင် တရားဝင်၍ဆင်ခြင်တွေးဆပွားများလိုက်ကြပါကုန်လော။

ဤကား အာသီသ တစ်ပုဒ်တည်း-၄။

(ပဉ္စမအကြိမ်)

(င) ဇာတိ ဇရာဒိ သံကိလ္လံ၊ ဝဋ္ဋေ ဒုက္ခံ အနပ္ပကံ။
ဘီရုကာ မုဥ္စနတ္ထာ တတော၊ နာထံ သေဝန္တု သာဓဝေါ။

(ရစနာ ဂါထာ)

ဘောနွော သပ္ပုရိသာ၊ အို....တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဇာတိဇရာဒိသံကိလ္လံ၊ ပဋိသန္ဓေ အိုသေနာရေး ငြိတွယ်မှေး၍ မအေးမချမ်း ဘေးဘျမ်းနှင့် ထွေးသမ်းဘဝ ရောပြွမ်းလှသော။ ဝဋ္ဋေ၊ သံသရာစက် မပျက်မကင်း ဝဋ္ဋနှောင်တွင်း၌။ အနပ္ပကံ၊ ဤမျှ ဤလောက်ဂဏန်းကောက်လည်း မရောက်ဆုံးဖျား အတိုင်းမသိများသော။ ဒုက္ခံ၊ အပြစ်ဒဏ်ဆိုး ရန်အမျိုးနှင့် နှမ်းညှိုးပူပြင်း ကြုံရသော သင်းရဲခြင်းကို။ ဘီရုကာ၊ မြော်မြင်တွေးဆ ကြောက်ရွံ့တတ်ကြကုန်သော၊ တတော၊ ထိုရှည်ကြာမစဲ သံသရာ ရေယဉ်ဝဲမှ။ မုဥ္စနတ္ထာ၊ နှောင်အိမ် ကင်းညွတ် ဖြတ်ရှင်းချွတ်၍ကင်းလွတ်လိုကြကုန်သော။ သာဓဝေါ၊ ပညာမြော်မြင် သမ္ဗောဉ်နှင့် ဆင်ခြင်ကျိုးကြောင်း သင် သူတော်ကောင်းတို့သည်။ နာထံ၊ သံသရာဘေးဟုတ် မထွေးရှုပ်ဘဲ အေးချုပ်လွယ်ကြောင်း မှီခိုရာတရားကောင်းကို။ သေဝန္တု၊ ဒုလ္လဘထဲ ကြုံရဆဲတွင် မလွှဲမညှာ အားခဲ၍ ရှာလိုက်ကြပါကုန်လော့။

ဤကား အာသီသ တစ်ပုဒ်တည်း-၅။

---

(စ) အတိဒီဃေ၀ သံသာရေ၊ ကုသိတော ဟီနဝီရိယော။
တသ္မာဟိ နံ ဇဟိတွာန၊ တာဏံ သေဝန္တု သာဓဝေါ။

(စရနာ ဂါထာ)

ဘောနွော သပ္ပုရိသာ၊ အို..တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ကုသိတော ကုသိတသာ၊ ကိုယ်ကျိုးမသိ လွန်ပျင်းရိသော။ဟီနဝီရိယော ဟီနဝီရိယသာ၊ အားပျော့လျော့ရဲ လုံ့လနည်းသောသူအား။သံသာရေ၊ ပြေးလျှောက်မနား မရပ်အားဘဲ ကူးသွားဖန်ခါ သံသရာသည်။ အတိဒီဃေ၀၊ အဆုံးအစ မမြင်ရအောင် ဘဝမပြည့် ကာလ ရှည်သည်သာ လျှင်တည်း။ တသ္မာ၊ ထိုသို့ လုံ့လဝီရိယ ပေါ့ဆသောသူအား သံသရာရှည်လျားခြင်းကြောင့်။ သာဓဝေါ၊သံသရာဝဋ္ဋဘေး လွတ်လွယ်ရေးကို ကြံတွေး

(ပဥ္စမအကြိမ်)

မျှော်ညော်င်း သင်သူတော်ကောင်းတို့သည်။ ဟိနံ၊ ဒါနသီလ ပုညပေါင်းစု ကောင်းရာမှုကို မပြုချင်ကြ ယုတ်လျော့သော စီရိယကို။ ဇဟိတ္တွာန၊ ထုတ်နှင့်တစ်ပါး သုတ်သင်ရှားကြကုန်သည်ဖြစ်၍။ တာဏံ၊ သံသရာတိုရေး မြန်မြန်အေးဖို့ ရန်ဘေးပယ်ခွာ ကိုးကွယ်ရာကို။ သေန္တု။ လုံ့လမစဲ အရခဲ၍ အမြဲနေ့ည ရှာမှီးလိုက်ကြပါကုန်လော။

ဤကား အာသီသ တစ်ပုဒ်တည်း–၆။

---

(ဆ) ဒုရင်္ဂမာ အပါထိကာ၊ ကိစ္စာ ဂစ္ဆန္တိ ဒုက္ကရာ။
သံသာရိကာ သုဒုလ္လဘာ၊ ဗန္ဓထန္တရေ သုခေရိတာ။

(ရစနာ ဂါထာ)

ဘောဂန္တောသပ္ပုရိသာ၊ အိုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဣဓလောကေ၊ လူ့ရွာလူ့ရပ် ဤလောကဓာတ်၌။ အပါထိကာ၊ ခဲဖွယ်ဘောဇဉ် ချိုချဉ်ထူးတွေ ဆန်ရေမယုတ် ဆောင်လွယ်ကုပ်၍ ရိက္ခာထုတ်မပါကြကုန်သော။ ဒုရင်္ဂမာ၊ တိုင်တာခရီး ကွာမနီး၍ဝေးကြီးဝေးလှ ဘေးဘယနှင့် ကြောင့်ကြဖွယ်များ ခရီးသွားတို့သည်။ ကိစ္စာ။ လိုရာသမ်းဆောက် မှန်းမပေါက်ဘဲ နွမ်းခြောက်ညှိုးကြုံး ပင်ပန်းကုန်လျက်။ ဒုက္ကရာ၊ ထိုင်ကာယိုင်ကာ ကြံမှိုင်ကာနှင့် မသာမရှင် စိတ်ငြိုငြင်ကြကုန်သည် ဖြစ်၍။ ဂစ္ဆန္တိယထာ၊ နားကာ နားကာ အားမပါဘဲ တွားကာချည့်တုန် သွားရကုန်သကဲ့သို့။ဧဝံဘာထာ၊ ပမာနည်းထား ခရီးသွားနှင့်မခြားပုံမှူ အလာတူသာလျှင်။ အပါထိကာ၊ ဖြစ်ဖြိုက်သမျှ ဘုံဘဝ၌ ဘောဂစုံစေ ဂုဏ်ရာပြည့်နှင့်ကြုံတွေ့ဖို့ရာ ခုအခါက ရိက္ခာဒါန မပါကြကုန်သော၊ သံသာရိကာ၊ ဤမျှ ဤကုံး ကျင်လည်ဦးမည်ဟု ကမ်းနန်းမရှိ ဆုံးမသိဘဲ လှည့်ကာလှည့်ကာ သံသရာမှာ ရခဲမနား ခရီးသွားတို့သည်။ ကိစ္စာ၊ ဖြစ်ရာဘဝ ဘုံဌာန၌။ ဘောဂမနော၊ ရတနာဆွေမှ ဆန်ရေစပေါ်း ပါးရှားလိုကြုံ ပင်ပန်းကုန်လျက်။ ဒုက္ကရာ၊ [illegible] အာသမဘော့ သိမပြည့်ဘဲ မစေ့[illegible]စုံ ညှိုးနွမ်းကုန်သည်ဖြစ်၍။ ဂစ္ဆန္တိ၊ သံသရာခရီး ပြင်ကျယ်ကြီး၌ မပြီးဆန်စုန်ကျင်လည်ကြရကုန်၏။ [illegible] ဆိုလို ကုသိုလ် ပုည မပါ[illegible] နေ့[illegible]ရမှ စိ[illegible] အဖြစ်[illegible]ကြောင့်။ သပ္ပုရိသာ၊ ဘွဲ့ပိုင်ရှင် သမ္မာဥာဏ်နှင့် [illegible] သူတော်ကောင်းတို့

တုမှေ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်နှင့် မပြတ်ကြကုန်ဘဝဘုံ၌ ဆန်စုန်မျောပါး စက်ရထားဖြင့် မနားလှည့်မောင်း သင်သူတော်ကောင်းတို့သည်၊ သုဒုလ္လ—ဘော၊ မနုဿဘုံ ဆိုက်ဆိုက်ဆုံ၍ ကြိုက်ကြုံခဲလှ ဒုလ္လဘကို အရတော်ဆောင်း အခါကောင်း၌။ အန္တရေ၊ နိဗ္ဗာန်လမ်းဆုံ ကမ်းမတုန်းမီ ဘုံသုံးလီဝယ် ကျင်လည်ရငြား ခရီးအကြား၌။ သုခါရိတော၊ လက်ကိုင်လှမ်းဆုပ် ဆောင်ယမ်းကုပ်ဖို့ ဒါနထုပ်ကြီး ဖွဲ့စည်းသေချာ လမ်းရိက္ခာတို့ကို။ ဗန္ဓထ၊ မရှုံ့ မဆုတ် မတွန့်လှုပ်ဘဲ ကြိုးကုတ်ဖွေရှာ ထုတ်ယူကြပါကုန်လော။

ဤကား အာသီသ တစ်ပုဒ်တည်း—၇။

(၈) ဥဒ္ဒဂ်မာ တယော နာဝါ၊* ဩဟိနာ တတ္ထ နာရုဟာ။
ဠမာပိ အမနာ ဒိဋ္ဌာ၊ သေန္တာ နံ ဂတာရုဟာ။

(ရစနာ ဂါထာ)

ဘောဓေန္တာသပ္ပုရိသာ၊ အိုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဠမကပ္ပေယော၊ ဘဒ္ဒကပ်ဟု ထွတ်မြတ် ရောင်လင်း ဤ ငါတို့ ကမ္ဘာအတွင်း၌သာလျှင်။ ဠမဒီပေ၊ ဇမ္ဗူဒီပဟု တွင်မည် တောက်ထွန်း ဤငါတို့ကျွန်းကြီး၌။ တယော တိဿောနာဝါ၊ ကောဏ္ဍညသန်၊ ကောဏာ, ကဿပဟု နာမစိုက်ချွန် အောင်တံခွန်နှင့်ပြောင်ဝှန်းညီးညီး သုံးစင်းသောဖောင်တော်ကြီးတို့သည်။ ဥဒ္ဒဂ်မာ၊ စည်သံမောင်းသံ မြစ်လုံးလျှံ၍ခြိမ့်ညံသည်း သည်းသိမ့်သိမ့်လဲအောင် မစဲစက်သံ ဂယက်ပျံမျှ တက်ဆန့်တော်မူကြလေကုန်ပြီ။ တတ္ထ၊ ထိုနိဗ္ဗာန်ကူးတို့ သောင်ရွှေမြို့သို့ဆောင်ပို့ကယ်သွင်း ဖောင်တော်ကြီးသုံးစင်းတို့၌။ တုမှေ၊ သံယောဇဉ်စီး ခင်မင်ကြီး၍ မငြီးနိုင်ကြ ဘုံဘဝမှ မထကြွညောင်း သင်လူအပေါင်းတို့သည်။ အနာရုဟာ၊ ဖောင်ကြီးကိုမျှ မမြင်ရဘဲ လှဲ့ကြီးလှဲ့လျက် ရှောင်လွှဲဖည်သုန် မှစီးလိုက်ကြရကုန်သည်ဖြစ်၍။ ဩဟိနာ၊ အိုလားသေလား တဖွားဖွားနှင့် ရှည်လျားမဆုံး မီးမတုံးဘဲ တဟုန်းဟုန်းတောက် ဘေးကြီးရောက်၍ထွက်ပေါက်မရ ကျန်ရစ်ကြရလေကုန်ပြီ။ ဠမာ

* တိဿော ဥဒ္ဒဂ်မာနာဝါ ဟုဆိုလျှင် ဆရာတော်ကြီး အလိုရှိသော ဆန်းဂိုဏ်းလည်း ရနိုင်သည့်ပြင် နာဝါ-နှင့် ဝိသေသန, ဝိသေသျ လိင်အားဖြင့်လည်း တဲ့ပေမည်။

ပိ၊ ဤငါဘို့ဘုရား ထင်အရှားပင် တရားတိုက်မှောင်း ပဲ့တင်စောင်းမျှ ရိုက်ညောင်းဆော်ညှံ့စည်တော်သံနှင့်တက်ဆန်ဟီးဟီ ဖောင်တော်ကြီး၌လည်း။ ဒိဋ္ဌာ- ဒိဋ္ဌာဧယဝ၊ ဘုရားဖောင်မှူးမဖူးရလိုက်မထိုက်မနားရှင်တော်ထားသည့် တရားသံဃာ ရတနာဟုရောင်ဝါထွန်းပပဲ့ပိုင်းမျှကို ဝေးကမှုန်မှုန်မြင်ရုံသာ မြင်လိုက်ကြရကုန်၏။ အဓနော၊ ကူးတို့ဖောင်ခ လက်ဆောင်သဖို့ ဒါနသီလာ ဘာဝနာကောင်းမှု မစုမထား လက်ကိုင်ပါးကြခြင်းကြောင့်။ အနုံရှုဟာ၊ သဘော် ဖောင်စီး မာလိန်းကြီးက အနီးမခံ ဟီးဟီညံ့မျှ ကျောက်ကန်တွန်းထုတ် နောက်ပြန်ခုတ်လျက် ခွါသုတ်လေပြီး စက်ကုန်ဟီးသဖြင့် မစီးမလိုက် နိုင်ကြကုန်ပဲသာ။ ဩဟိနာ၊ ဤမှာဘက်ကမ်း ဂယက်ကြမ်း၌ပင်ပန်း ရိယော် တမော်မော်နှင့် ဟစ်အော်ညည်းတာ ကျန်ရစ်ကြရကုန်ပြီ။ အနာဂတေ၊ မိတေးမြွတ်စွာ မျှားမကြာမီ ဆန်လာလုံနီး ဖောင်တော်ကြီး၌။ အာရုဟာ- အာရုဠှယ၊ အမြန်ခုန်ကူးဖောင့်တော်ဦးကဲ စူးစူးမြိုင်မြိုင်လက်ဦး ထိုင်၍ စီးနိုင်ကြခြင်းအကျိုးငှါ။ တုမှေ၊ သံသရာဗွက်ကြမ်း တစ်ဘက်ကမ်းကို ထွက်လှမ်းလိုကြောင်း သင်သူတော်ကောင်းတို့သည်။ ဧသန္တု၊ ကူးတို့ဖောင်ခ လက်ဆောင်သဖို့ စာဂသီးသီး ဒါနကြီးကို အပြီးခုကာ ရှာမှီး လိုက်ကြပ့ါကုန်လော။

**[၎င်းဂါထာ၌ဆန္ဒာနုရက္ခဏတ္ထဖို့ဣတ္ထိလိင်"တိယော" ကိုယ့် "တယော" ဟုပုလ္လိင် ပြန်၍ ထားသည်၊ ဤကဲ့သို့ အရာကား ကျမ်းအများ၌ပင် ရှိ၏။ မသိသမျှအံ့မျိုးသားဖို့ သာကေတွေ့ မျှားမျှားထုတ်ပြီး ရှုပ်ရှုပ်ကြီး အမှား မပြုသာဘု ကျမ်းနှံ့အောင်သာရှု]။**

ဤကား အာသီသ တစ်ပုဒ်တည်း-ဂဲ။

---

(၈) ဧကပုပ္ဖံ ကောဒကံ၊ ပူဇေနာပိ သုခံ လဘော။*
တသ္မာဟိ ဒါနမေသန္တု၊ မစ္စုရာဇေ အနာဂတော။

(ရစနာ ဂါထာ)

ဘောန္တာ သပ္ပုရိသာ၊ အိုတရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။ ဧကပုပ္ဖံပိ၊ ကြိုးပမ်းတကုတ် အားမထုတ်ရ နည်းငယ်လှသည့် တောစချုံမြင့် ပန်းတစ်ပွင့်မျှကိုသော်လည်းကောင်း။ ဧကောဒကမ္ပိ၊ အာပါးမစိုက်

---

* ပူဇာယံဒိ သုခံ လဘော။ ?

(ပဥ္စမအကြိမ်)

ဖိုးမထိုက်သည့်တွင်း၌သည်ပိုး ရေတစ်အိုးမျှကိုသော်လည်းကောင်း။ပူဇေန၊ ရတနာသုံးရပ်သဒ္ဓါပြဋ္ဌ်၍မြတ်မြတ်နိုးနိုးတမလွန်ကျိုးကိုမျှော်ကိုးတောင့်တ ပေးလှူရခြင်းကြောင့်။ သုခံ၊ သချော်ကမ္ဘာ လွန်ရှည်ကြာအောင် လေးဖြာ· အပါယ်အန္တရာယ်တို့ မတွယ်မငြိ မထိမစပ် လူ့ရပ်နတ်ရွာ ကြီးကျယ်သော ကို။ လဘေ·ဘေသယျ၊ အသင့်ပိုင်ကာ ရနိုင်ရာ၏။ ဗဟာဒါနံပန၊ ထို့ထက် များအောင် အားပါးဆောင်၍ ရတောင်စုပုံ လှူရကုန်သောသူတို့၏ ဒါန မှာ မူကား။ ပဂေ၀၊ ညှိမျှအကျိုး ညှိမျှ တိုးမည်ဟု ကျမ်းမျိုး နိကာယ် လမ်းရိုးသွယ်၍ အဘယ်မှာပင် ဆိုဖွယ်ရာ ရှိချေတော့အံ့နည်း။ တသ္မာဟိ· တသ္မာဧဝ၊သို့ကလောက်ဒါန အနည်းငယ်မျှနှင့်ဘဝရှည်လျားကောင်းကျိုး များခြင်းကြောင့်သာလျှင်။ တုမှေ၊ ဘဝနောင်ခါ ကိုယ်ချမ်းသာဖို့ ဖွေရှာ လိုကြောင်းသင်သူတော်ကောင်းတို့သည်။ မစ္ဆရာဒေါကိုးဆယ့်ခြောက်ဖြာ စစ်ပိုလ်ပါနှင့် ဝဲယာစီးနင်း ရန်သူပုန်သေမင်းသည်။ အနာဂတေ၊ ခန္ဓာ မြို့တွင်း ဖျက်ဖြိုနင်းမည်ဟု အတင်းအကျပ် သင်း အောင်တပ်နှင့် မချဉ်း မကပ်လာမီ။ ပုဗ္ဗေ၀၊ခန္ဓာ၌ကိုယ်မယွင်းယိုဘဲ ကိုယ်ဆိုတိုင်းရကိုယ့်ကိစ္စကို လိုသမျှပြီး စောစောကသာလျှင်။ ဒါနံ၊ သံသရာစက် မပျက်သမျှ ဆက် ဘဝတို့၌ လက်စမတုံး ဧဃဆုံးအောင် စွဲသုံးမကုန် စည်းစိမ်ဂုဏ်နှင့် တွေ့ကြုံ ရကြောင်း မှီခိုရာဒါနကောင်းကို။သေန္တု၊ ညစ်ကျုံးတွယ်မှေးမစွေလှေးကို လျှော်ဆေးပယ်ချ ရှာမှီးလိုက်ကြပါကုန်လော့။

ညှိကား အာဃာသ တစ်ပုဒ်တည်း·ဇ။

---

(ည) မာလာမာလံ ဝနပ္ပလုံ၊ ဆာယာဆာယံ မဟာဝနံ။
ဥပါဂတာ ရဘာနတ္တာယံ၊ သေန္တု သာခေဝါ သုခံ။

(ရစနာဂါထာ)

ဘောဇန္တာ သပ္ပုရိသာ၊အိုတရားနာပရိသတ်အပေါင်း သူတော်ကောင်း တို့၊မာသာ·မာလံ၊ ပွင့်ချပ်ဝတ်မှုန်မွှေးပျံ့ထုံသည့် ကြာငုံကြာပန်း အဆန်း ဆန်းကို။ဇူဋ္ဌန္တာ၊ ပန်ဆင်ကြလို ရမက်ဖိုး၍ စိတ်ပျိုနှုထွား လူအများ တို့သည်။ ဝနပ္ပလုံ၊ ကြာညိုကြာဖြူ တကြုကြုနှင့် ဆူဆူအုန်းအုန်းပန်းရက် သုံးသည့် ပျားပိတုန်းသံ ဟုန်းဟုန်းညံမျှ ဝဲပျံခိုမှီး ကြာတောကြီးသို့။ ဥပါ ဂတာယထာစ၊ ပေါင်းကာနှောကာ ရှင်မောစွာနှင့် ဝမ်းသာမြူးခုန် ကပ်

(ပဌမအကြိမ်)

၁၈၉၉၃



ကြကုန်သကဲ့သို့လည်းကောင်း။ ဆာယာဆာယံ၊ အေးထက်အေးမြ ချမ်းအေးလှသည့် ဘေးဘယမအောင်း အရိပ်ကောင်းကို။ ဇာလိတ္တ၊ အပူပျောက်ရေး ; မြော်ထောက်တွေး၍ အေးဖို့လိုလား လူအများတို့သည်။ မဟာဝနံ၊ ပင်မြင့်ပင်လတ် အထပ်ထပ်နှင့် ရစ်ပတ်ရှုပ်ဆိုး ဟောမဝန်တောအုပ်ကြီးသို့။ ဥပါဂတာယထာစ၊ ပြေးကာဝင်ကာ ရှင်လန်းစွာနှင့် စုကာမြူးခုန် ကပ်ကြကုန်သကဲ့သို့ လည်းကောင်း။ ဝေမေဝ ဝေဘာထာ၊ ပမာဉ်နှုန်း စံယူသုံး၍သာလျှင်။ သုခါ သုခမ္ဘိ၊ အပါယဒုက္ခ ဘေးဘယမှ အေးမြငြိမ်းကြောင်း ချမ်းသာကောင်းကိုလည်း။ ဇာလိန္တော၊ အာသာငဲ့ကွက် တမက်မက်နှင့် နှစ်သက်တောင့်တ လိုချင်ကြကုန်သော။ သာဓဝေါ၊ ပါရမီထုံကာ စုံသမ္ဘာနှင့် ဒုလ္လဘာခုဒ္ဒခတ် လူ့အဖြစ်ကို စင်စစ်ကြုံတောင်းသင့်သူတော်ကောင်းတို့သည်။ ရတနတ္တယံ၊ အနဂ္ဃမျိုးမြတ် ဖိုးမပြတ်အောင်ကိုးကပ်လောက်လား ရတနာမြတ်သုံးပါးကို။ ဥပါဂတာ၊ ဂါရဝလေးမြတ် ကိုယ်ရေးမှတ်လျက် မပြတ်စင်းခ ကပ်ချဉ်းကြကုန်သည်ဖြစ်၍။ သုခံ၊ လူပေါ် နတ်ရှိ နိဗ္ဗာန်ထိအောင် ဘောဂိရတနာ လိုရာရာနှင့် နောင်ကာမည့်ဦး ချမ်းသာမျိုးကို။ သေန္တု၊ ခါခါဇောကပ်သော မနသ်ဖြင့် မပြတ်ခုကရှာမီးလိုက်ကြပါကုန်လော။

[ဤဂါထာ၌လည်း ''ဝန္ဒိပ္ပလုံ''ဝယ် ယပစ္စည်း၏ သုတ္တကို စိန္တာမယရှိ]။

ဤကား အာသီသ တစ်ပုဒ်တည်း-၃။

---

(၄) အပ္ပကမ္ဘိ ကတံ ပုညံ၊ ပါပေတိ နံ သုခါသယံ။
အပါယတော ဥဓာရိတွာ၊ ဘယာနကာ သုဒုဒ္ဒရာ။
တသ္မာ အတ္တ အဝဿာယံ၊ ခိပ္ပံ သေန္တု သာဓဝေါ။

(ရစနာဂါထာ)

ဘောဒ္ဓေသဗ္ဗပုရိသာ၊ အိုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ အပ္ပကံ၊ တဇွန်းတယောင်း တစလောင်းစ အနည်းငယ်မျှကိုပင်။ ကတံ-စားဖို့ထိက ဝေခွဲမျှတ ပြုလိုက်ရသော။ ပုညမ္ဘိ၊ မပြောပလောက် အောက်ဆုံးရောက်တဲ့ နွမ်းခြောက်ငယ်ညှိုး ကုသိုလ်မျိုးကပင်သော်လည်း။ နံပုဂ္ဂလံ-သဒ္ဓါဇောကြွ သောမနနှင့် ဒါနမြုပ်သို ထိုပုဂ္ဂိုလ်ကို။ ဘယာနကာ၊ ဆူလျှံဝတက် သံရေပွက်၌ မြုပ်လျက်ခံရ ကြောက်မက်ဖွယ်လည်း ရှိထသော။ သုဒုဒ္ဒရာ၊ ပါပကံယုဘ် မကုန်ပြုဘ်က မလှုပ်မကြွ အသွန်လည်း

(ပဉ္စမအကြိမ်)

ထုတ်ဆောင်နိုင်ခဲ ထဒသော။ အပါယ်ဘော၊ တစ်မှိတ်ခန့်မျှ ကိုယ်စိတ်မျှဖို့ မရနိုင်တဲ ကြီးကျယ်သော အပါယ်ငရဲမှ။ ဥဓာရိတွာ၊ ခဲယဉ်းမမှတ် ကျဉ်း အကျပ်မှ ချဉ်းကပ်ထူထောင် ထုတ်ယူဆောင်၍။ သုခါသယံ၊ စည်းစိမ် ခြွေရံ ဘုံဗိမာန်နှင့် လူ့ဌာန် နတ်မြတ် ချမ်းသာရာဘုံမြေရပ်သို့။ ပါပေတိ၊ အသင့်လွယ်ကာ ဖင့်မကြာဘဲ ပင့်ကာမြှောက်ကိုင် ပို့ဆောင်နိုင်၏။ တသ္မာ၊ ထိုသို့သေးသိမ်နုပ်စွ ကုသိုလ်ကပင် အပါယထဲ အရဆွဲ၍ လူထဲနတ်တွင်း ပို့ဆယ်သွင်းနိုင်ခြင်းကြောင့်။ သာဓဝေါ၊ ချမ်းသာသုံးပါး အကျိုးများ ကို ကိုးပွားလိုကြောင်း သင်သူတော်ကောင်းတို့သည်။ အတ္တအတ္တနော၊ သံသရာသြဃ ငုပ်မျောရ၍ ဒုက္ခညစ်ညို မိမိကိုယ်၏။ အဝဿံ၊ အတည် မက္ခာ အရှည်ကြာအောင် မှီရာဖြစ်ကြောင်း ကုသိုလ်ကောင်းကို။ ခိပ္ပံ၊ ဇီဝပိုင်နင်း မရဏမင်း၏ အတွင်းလက်ဒေသာက် သူ့ထံမှောက်သို့ မရောက် ရခင် လျင်လျင်ကြိုဆီး စောစောစီးစီးကပင်။ သေန္တု၊ လုံ့လမပေါ့ မမေ့လျော့ဘဲ အားအံခဲ၍ အမြဲနေ့ညဲ ရှာမှီးလိုက်ကြပါကုန်လော။

ဤကား အာသီသ တစ်ပုဒ်တည်း–၁၁။

---

(၄) ယေကေစိ သြသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟူ။
ဓမ္မောသဓသမံ နတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။

(မိလိန္ဒ၊ ၃၁၈)

ဘောဓနွောသပ္ပုရိသာ၊ အိုတရားနာပရိသတ်အပေါင်း သူတော်ကောင်း တို့၊ လောကေ၊ ဇမ္ဗူဒီပ မဟီကျယ်ဝန်း လူ့နယ်ကျွန်း၌။ ယေကေစိ၊ သူငါ ကစ နာသေဘ်ရဖို့ ဖော်ကြစုပုံ အလုံးစုံ ကုန်သော။ ဝိဝိဓာ၊ သလိပ်လေသွေး သည်းခြေဆေးဟု မှတ်ရေးချည်ထား အမည်လည်းများကုန်သော။ သြသ- ဓာ၊ ကိုးဆယ်နှင့်ခြောက် ပေါ်လာရောက်က ပျောက်ဖို့စုဆောင်း ဆေးဝါး အပေါင်းတို့သည်။ ဗဟူ၊ အနည်းနည်းသာ ကိုယ့်ရောဂါနှင့်ထောက်ခါနှိုင်း ညှိ တိုင်းမသိအောင်။ ဝိဇ္ဇန္တိ၊ သူတွေ့ငါပျောက် နိုင်ငံပေါက်မျှ အံ့လောက် ဖုံဖုံရှိကြကုန်၏။ တေသမ္ပိ၊ ထွေထွေထူးပြား လူအများဘို့ စုထားဖော်ဆောင်း ထို ဆေးအပေါင်းတို့တွင်လည်း။ ဓမ္မောသဓသမံ၊ တစ်ထောင့်ငါးရာ ကိလေ သာဟု ရောဂါငြိမ်းအေး တရားနှင့်တူသော ဆေးသည်။ နတ္ထိ၊ နတ်ဘုံလူ

ရောက် အာကုန်ပေါက်အောင် မေ့နှောက်ရှာဖွေ-မရှိချေ၊ ဘိက္ခုဝေါ ထောင့် ငါးရာမျိုး ရောဂါဆိုးကို ဖျက်ချိုးလိုကြောင်း အို-လူအပေါင်းတို့။တုမ္ဟေ၊ သံသရာရန်မီး ရောဂါစီး၍ အော်ညည်းငိုတ ဘုံဘဝမှ မထရှည်လျှား သင် လူများတို့သည်။တေံ ဓမ္မာသံ၊ ဒုက္ခဝဋ်ဘေး ကျွတ်လွတ်ရေးဖို့ ချိုအေး အဖျော် ထိုဆေးတော်ကို။ ပိဝထ၊ နှလုံးမနှောက် မုန်းမကြောက်ဘဲ ဝမ်း မြောက်ကြည်သာ သောက်မျိုကြပါကုန်လော။

ဤကား အာသီတ တစ်ပုဒ်တည်း-၁၂။

(၃) ပုပ္ဖာနံ သုမနံ အဂ္ဂံ၊ ဒါနာနံ ဓမာကံ။[၁]
　　တသ္မာ တေံ ဒဒါမိ ဝေါ၊ ဟာသံ ဂဏှန္တု သာဓဝေါ။

(ရတနာ ဂါထာ)

ဘော္ဂန္တာသပ္ပုရိသာ၊ အို...တရားနာ ပရိသတ်အပေါင်း သူတော် ကောင်းတို့။ ပုပ္ဖာနံ၊ ဂနိုင်တခင်း အပြိုင်ကျင်း၍ မြိုင်တွင်းမဆံ့ ဆင်းရနံ့ နှင့် သင်းပျံ့ကြိုင်လှောင်း ပန်းအပေါင်းတို့တွင်။သုမနံ၊ လေခတ်ရာမွှေး ရပ်အဝေးသို့ ရှေ့ပြေးဝင်သမ်း မြတ်လေးပန်းသည်။-အဂ္ဂံ၊ ရနံ့လွှမ်းကြူး တကမ်းကူး၍ ဆန်းထူးအကျော် ပန်းမူးဟု ခေါ်ထိုက်ပါပေ၏။ ဒါနာနံ အဝတ်သက်နံး ကျောင်းဆေးဆွမ်းနှင့် လှူဒါန်းကြရှိုး ဒါနမျိုးတို့တွင်၊ဓမ္မ- ဒါနံ၊ သံသရာဝဋ်ကြီး ကျွတ်လွတ်ပြီးဖို့ ခရီးလမ်းပြ စခမ်းချ၍ ဩဝါဒ ကြူ ဓမ္မလှူကို ကြည်ဖြူဇောသွင်း ဟောပြောခြင်းသည်။(မာမကံ၊ တရား ယူဆင် များလူရှင်တို့ ခင်မင်မှတ်ကိုး မပြတ်ကြိုးသည့် အမြတ်နိုးဆုံး ဒါန ပါပေတည်း)။[၂] တသ္မာယော၊ ထိုထိုဒါန ဟူသမျှတွင် ဓမ္မအလှူ ဒါန ဟူသည် မတူကွဲလွဲ အကျိုးထူး လွန်ကဲခြင်းကြောင့်သာလျှင်။ တေံ ဒါနံ၊ ထွေးကျံရစ်လူး ဘေးရန်ဆူးတို့ မပူးမစပ် မလူးကပ်ဘဲ ကူးခပ်ဆေထ ထူး မြတ်သော ဤဒါနကို။ ဝေါ တုမှာကံ၊ သံသရာဝဋ်ဘေး မလွတ်သေး၍ ကျွတ်အေးလိုကြောင်း သင်လူအပေါင်းတို့အား။ အဟံ၊ ငါသည်။ ဒဒါမိ၊

---

၁။ ဒါနာနံ ဓမ္မမုတ္တမံ။?
၂။ (ဥတ္တမံ၊ တရားသခင် ဘုရားရှင်တို့ မှတ်ထင်စံနှုန်း မပြတ်သုံးသည့် အမြတ်ဆုံးဒါနပါပေတည်း)။?
(ပဥ္စမအကြိမ်)

ကရုဏာပွါး မေတ္တာနှင့်၍ ဇောရန့်ဖြာ ဟောဖြန့်ပါအံ့။ သာဓဝေါ၊ နိဗ္ဗာန် နန်းရိပ် သောကမ်းဆိပ်ကို မှန်းစိတ်မပြော်ညောင်း သင် သူတော်ကောင်း တို့သည်။ တံဒါနံ၊ ဘဝဂ်မဆံ့ တက်ရန့်နှင့် မွေးပွါးလွှမ်းကျော် ထို ဓမ္မ ဒါနတည်းဟူသော အလှူတော်ကို။ ဟာသံ-ဟာသန္တော၊ ဗလဝဇောဖြင့် မနောခတ်၌ နှောစပ်မိမိ ဇောကပ် ရွှင်လန်းသော သဒ္ဓါစိတ်ရှိသည်ဖြစ် ၍။ ဂဏှန္တု၊ တမလွန်တိုးပွား နှောင်ကိုးဘဝဖို ကြိုးစား၍ နာယူလိုက် ကြပါကုန်လော။

ဤကား အာသီသ တစ်ပုဒ်တည်း-၁၃။

---

(ခ) ဘဋ္ဌိတွာ သဗ္ဗသတ္တာနံ၊ ဒုက္ခံ သုန္ဒရနိဗ္ဗာနံ။
သဒ္ဓမ္မံ သဝနေတ္တာယ၊ ခရတော လောကနာထဿ။
အာဂန္တွာ သန္နိပတိတာ၊ ဆောကော ဗုဒ္ဓေါ နဒ်န္တာနံ။
ယံ တံ ဝါဒိဿ နဈာဟံ၊ ကရံ သုဏာထ သက္ကစ္စံ။

(ရစနာ ဂါထာ)

ဘောန္တော သပ္ပုရိသာ၊ အို....တရားနာ ပရိသတ်အပေါင်း သူတော် ကောင်းတို့။ သဗ္ဗသတ္တာနံ၊ ပြဟ္မာ နတ်လူ ခပ်သိမ်းသူတို့၏။ ဒုက္ခံ၊ ငြိုငြင် ပြင်းပြ ဘဝမစဲ တွေ့ကြုံရသော ဝဋ်ဆင်းရဲကို။ ဘဋ္ဌိတွာ၊ အရဟတ္တမဂ် ဓားသံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်း၍။ သုန္ဒရံ၊ အသခ်- တခတ်အောင်း ကောင်းထက်ကောင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သောင်ကမ်း ရွှေဘုံနန်းသို့။ ခရတော-ခရေန္တဿ၊ ဖြူစင်ဖွေးလျက် လင်းယဉ်ရှက်ကို ဖြန်ကျက်ကားကား မာမားစွင့်စွင့် ဖွင့်၍အလိုက် လွှင့်တိုက်ပြီးကာ မြစ် ညာသောင်မို့ ဖောင်ကူးတို့ဖြင့် ဆောင်ပို့တော်မူတတ်သော။ လောကနာ- ထဿ၊ လူသုံးပါးတို့၏ ကိုးစားရာအစစ် ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာ ဘုရား၏။ သဒ္ဓမ္မံ၊ ချိုမောစွာလှ ဩသခတ် တရားတော်မြတ်ကို။ သဝ- နတ္တာယ၊ ပန်းဝရက်ကို ဆောင်ရွက်သည့်ပျား ပုံအလားသို့ မှတ်သား ကြည်ဖြူ နာယူခြင်းငှာ။ အာဂန္တွာ၊ ဝင်ကားမျက်မှောက် အနီးအောက်၌ တင်မြှောက်အဋ္ဌလီ စုံချီပန်သွား ဆည်းကပ်လာ၍။ သန္နိပတိတာ၊ ညီညွတ် ဖြဖြ စည်းဝေးကြကုန်သော။ ဘောန္တော၊ အို—တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ နန္ဒန္တာနံ၊ ပဋ္ဌင်တူရိယာ သံဂါညီးညီး တီးမှုတ်တတ်

(ပဥ္စမအကြိမ်-)

သူ နတ်လူ အပေါင်းတို့ထက်။ ဆေကော၊ နာ၍မငြီး သံဟည်းငြိမ့်ငြိမ့် နှစ်သိမ့်စရာ တီးမှုတ်ရာ၌ လိမ္မာတော်မူသော။ ဗုဒ္ဓေါ၊ လောကီလောကုတ် ဓမ္မပုဒ်ကို မယုတ်ကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။ ယံဓမ္မ-နဒံ၊ အကြင် တရားတည်းဟူသော တီးမှုတ်ခြင်းကို။ နဒိ၊ သာယာမြည်လှုပ် တီးမှုတ်တော်မူပြီ။ တံဓမ္မနဒံ၊ ထိုမြတ်ဘုရား၏ လှုပ်ရှားမိန့်ပြန် စည်တော်သံကို။ အဟံ၊ ငါသည်။ ဝါဒိဿံ၊ သဒ္ဒါပယုတ် ဌာန်မပြတ်အောင် လက်ထပ်ကိုင်ဆုပ် တီးမှုတ်ပေအံ့။ တုမှေ၊ တူရိယာဟန် တရားသံကို နာခံလိုကြောင်း သင်သူတော်ကောင်းတို့သည်။ သက္ကစ္စံ၊ တုပ်ဝပ်မြတ်နိုး သဒ္ဓါကျိုးလျက် ရှိခိုးသောချာ ရိုသေစွာလျှင်။ ဂရုံကတွာ၊ယောနိသော ပိုက် မနေ‌ာစိုက်လျက် နှစ်ခြိုက်သမှု အလေးပြုကြကုန်၍။ သုဏာထ၊ သီဟမေဒနီ ခြင်္သေ့ဆီကို သိင်္ဂီဖလား တင်သိုထားသို့ မပြားတူမျှ နာယူကြပါကုန်လော့။

ဤကား အာသီသ တစ်ပုဒ်တည်း-၁၄။

---

(ဏ) ဗုဒ္ဓင်္ကုရော ဌပေတွာန၊ ယော ဂဏှံ့တူတိဒါလဘံ။
ကိတ္တိ ဟိတွာ ပတိတွာဝ၊ တုမှေ သုဏာန္တု ဒုလ္လဘံ။

(ရဝနာဂါထာ)

ဘောဓေ္တသပ္ပုရိသာ၊ အိုတရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။ ဗုဒ္ဓင်္ကုရော၊ ဩဘာမြစ်ပြင် ငွေရေယဉ်မှ ကယ်တင်အံ့ငှါ လူဗိုလ်ပါ၌ ကရုဏာသန် ဗောဓိဉာဏ်ကို ရှာကြံဆင့်ပေါင်း ရင့်မာညောင်းသည့် အလောင်းတော်မြတ် ဗောဓိသတ် ဖြစ်တော်မူသော၊ (ဓမ္မသောဏ္ဍာရော-ရာဇနယ်မှန် ကျင့်ဆယ်တန်နှင့်တရံမကင်း နွယ်သန့်ရှင်းသော ဓမ္မသောဏ္ဍာရ မင်းကြီးသည်။ သာသနန္တရ ကာလေ၊ ကဿပမြတ်စွာ သာသနာသည် ရောင်ဝါမလင်း ကွယ်ပျောက် ကင်းသောအခါ၌။ ဓမ္မကာမော၊ ချီပျားအဟန် တရားသံကို နာခံချင်ဘိ တောင်းတခြင်းရှိသည်ဖြစ်၍။ ဟတ္ထိခန္ဓေ၊ ကကြိုးတန်ဆာ ဒွါဒရာနှင့် ဖွယ်ရာစီလင် ခြယ်ကာတင်အပ်သော မင်္ဂလာဆင် ကျောက်ကုန်းပြင်၌။ သဟဿကဟာပဏံ၊ ရတနာမျိုးမှန် ဖြိုးဖြိုးလျှံသည့် ဖိုးတန်မယုတ် အသပြာတောင်ထုပ်ကို)။ ဌပေတွာန၊ မျက်ဝါးထင်ထင် အမျှားမြင်အောင် ထားတင်ပစေ မိန့်ခွန်းခြွေ၍။ (ယောပဏ္ဍိတော၊

မြတ်ဘုရား၏ မိန့်ကြားထုတ်ပြန် တရားမှန်ကို သင်အံမှတ်မိ အကြင်သို့သော ပညာရှိသည်။ ဓမ္မဒေသကော၊တစ်ပုဒ်တစ်ပါ တစ်ဂါထာနှင့်နည်းစွာ ဖြစ်စေ ဟောဘတ်ပေ၏။ သောပဏ္ဍိတော၊ သို့လောက်ကျေးဇူး လူသုံးဦးတွင် ဂုဏ်ထူးကျော်သိ ထိုကဲ့သို့သော ပညာရှိသည်)။ ဣဒံဓနံ၊ ဒွါဒရာတင် ဦးတော်ဆင်နှင့် ဘော်စင်နှောင်ချုပ် ဤထောင်ထုပ်ကို။ ဂဏှတု၊ ပူဇော်လာဘ်သပ် သူတော်မြတ်မို့ လှူကပ်လိုက်ပေ သိမ်းယူကြပါစေသတည်း။

ဣတိ၊ ဤသို့ထွေထွေ ဟစ်အော်စေလျက်(သတ္တက္ခတ္တုံ၊ အသပြာတပိုးတိုးကာတိုးကာ ခုနစ်ခါ·ခုနစ်ကြိမ်။သဗ္ဗနဂရံ၊ လမ်းမြောင်လမ်းကွေ့ ဟူသရွေ့ကို ရွေ့ကာရွေ့ကာ စည်မောင်းညာလျက် တွင်းပါပြင်ဆုံး တစ်မြို့လုံးကို၊ စရာပေန္တောပိ၊ မရပ်မတည် ပတ်ပတ်လည်အောင် ထိုဤလှူးလာလှည့်စေပါသော်လည်း။ ကေမ္ပိ၊ တစ်ပါဒလောက် အဆုံးပေါက်အောင် ဟောလောက်နိုင်လူတစ်စုံတစ်ယောက်မသောသူကိုမျှလည်း)။အလဘံ·အလဘန္တော၊မတွေ့မဆိုင် မရနိုင်သည်ဖြစ်၍။ မောဃံရာဇဘာဝေါ၊ တရားမမှီးအမှားကြီးလျက် အချည်းနှီးမျှ မင်းပြုရခြင်းသည်။ ကိံ အတ္ထိ၊ မဖွယ်နွမ်းညှိုး လူ့ဘုံဆိုးမှာ လူမျိုးဖြစ်ဘိ ငါ·ဘာကျိုးရှိချေတော့အံ့နည်း။

ဣတိ၊ ဤသို့ဖန်ဖန် ပာတ်နိုးကြံ၍။ (ရဇ္ဇံ၊ မောင်းမမိဿံ နန်းဝေရန်နှင့် နိုင်ငံအုပ်ထိး တိုင်းပြည်ကြီးကို)။ ဟိတွာ၊ မှူးကုန်မတ်ပေါင်း ဗိုလ်ရှစ်သောင်းတို့အား မစောင်းမငဲ့ စွန့်ပစ်ခဲ့၍။ (နိက္ခမန္တော၊ တရားစိတ်စွဲ ကြိတ်အခဲဖြင့် မစဲမနား ထွက်ခါသွားလေသည်ရှိသော်။ ဓမ္မဒေသကံ၊ တစ်ဂါထာရ အကျဉ်းမျှဖြင့် လေးပါဒပုဒ် မွေဟုတ်ကို သရုပ်ပိုင်ပိုင် ဟောစွမ်းနိုင်သော။ယက္ခံ၊မာန်စွယ်ဖြူးဖြူး တောဘီလူးသို့ အထူးတညာဏ် သရုပ်ဖန်၍ နတ်ဌာန်ကဆင်း သိကြားမင်းကို။ ဒိသွာ၊ဂဲနိုင်ရစ်ဆီးတောအုပ်ကြီး၌ ခရီးပြိုင်ဝှေ့ ရင်ဆိုင်တွေ့၍။ သဇိဝကာ၊ရုပ်နာမ်စုံလျက် မကုန်ပျက်သဖြင့် အသက်နှင့်တကွ ဖြစ်သော။ အံတ္တနောကာယံ၊ ကြင်နာစုံမက် မခွါရက်အောင် နှစ်သက်ကြည်ညို မိမိကိုယ်ကို။ ပပါဠ္ဋံ၊ အသူတရာ နက်စွာမြင့်မောက် ကမ်းပါးချောက်သို့)။ပတိတွာဝ၊ အသက်ခန္ဓာ မငဲ့ညှာဘဲ သဒ္ဒါဟုန်တင်း လိမ့်ကာဆင်း၍သာလျှင်။ တဿယက္ခဿ၊ ထိုစားမည်ငမ်းငမ်း စိတ်မာန်ကြမ်းနှင့် လက်လှမ်းကြိုဆီး ဘီလူးကြီးအား၊ အစဇ္ဇိ၊ မလွဲမတွန့်

ရဲဝံ့ဝံ့နှင့် ကြဲစွန့်တော် မူခဲ့လေပြီ။ အစ္ဆရိယံ၊ တစ်ဆူမဖြစ် ဇမ္ဗူခေတ်တွင် မူသစ်တစ်နည်း လက်ဖျောက်တီး၍ အံ့ချီးလောက်လှသော။ တံ–နယံ၊ အသက်မက္ခာ ကိုယ်ခန္ဓာကို ပမာမမှတ် သဒ္ဓါပြတ်၍ အမြတ်ရှာမှီး ထိုမင်းနည်းကို။ ဂဟေတွာ၊ ဖြူစင်နှလုံး ကြည်ရွှင်ပြုံးလျက် မှန်ထုံးတစ်ဆူ စံနှုန်းယူ၍။ တုံမေ၊ သင်တရားနာ ပရိသတ် အပေါင်းသူတော်ကောင်းတို့သည်။ ဒုလ္လဘံ အတိဒုလ္လဘံ၊ ပြဟ္မာလူ့ဘုံ အပ်သွားဆုံလည်း၊ မကြုံလွဲကင်း လွန်ခဲယဉ်းသော။ သဒ္ဓမ္မံ၊ မေဒနီစစ် မြေဆီနှစ်သို့ ချိုမြစ်ပျံ့လျှောင်း တရားကောင်းကို။ သက္ကစ္စံ၊ အဥ္စလီထိပ်ထား စိတ်မပြားဘဲ ညွတ်တွားကြည်ဖြူ အလေးမူ၍။ သုဏန္တု၊ သဒ္ဓါ ရှမ်းအိ မနှမ်းရိဘဲ စွမ်းငြိပစ်ကွာ နာနိုင်ကြပါစေကုန်သတည်း။

[ဤဂါထာ၌ သဒ္ဒါကျဥ္စးလွန်း၍ စုံလင်အောင် ပါဌသေသနှင့် ယော်ဇနာလိုက်ရသည်။ ဝိတ္ထာရဘိရှုတို့ အပျင်းကို အလေးမမူသင့်။ ။ ဤဝတ္ထု၌ "ဓမ္မသောဏ္ဍရ, ဓမ္မသုန္ဒရ" နှစ်ထွေရှိ၏။ သမ္မုတိပညတ်မို့ မှတ်မိသမျှ ရွတ်ဖတ်က အပြစ်ဟုမတပ်ရာ။ ။ကျမ်းကြီးကျမ်းခိုင် မလာသော်ကြောင့်လည်း သပ္ပဗ္ဗလာပဟု အချို့က ဆိုသေး၏။ ဘုရားရှင်ဂုဏ်တော်အရေးမို့ နှုတ်ဝစီမ်ရှုပ်ထွေးစေနှင့် ဝန်လေးမည်ကိုကြောက်]။

ဤကား အာသီသ ဟာစ်ပုဒ်တည်း–၁၅။

---

(တ) ဗုဒ္ဓက်ုရော သသရာဇာ၊ ကာယံ အစဇ္ဇိမတ္တနော။
ပဋိဂ္ဂဟာသ အဂ္ဂမှိ၊ ပတိတွာဝ သဇိဝကံ။
ဥလ္လုရာဇပဒသဗ္ဗတ်၊ မေဒနီယာဝ ဝါသဝေါ။
တံ လိခိတံ ဂဟေတွာန၊ ပရိပူရေန္တု သာဓဝေါ။

(ရဝနာ ဂါထာ

ဘောဒ္ဓေါသပ္ပုရိသာ၊ အို....တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဗုဒ္ဓက်ုရော၊ ပွင့်အံ့လျှင်မြန် ဗောဓိဉာဏ်ကို ရှာကြံရင့်ညောင်းနိဗ္ဗာန်ပြောင်းမည့် အလောင်းတော်မြတ် ဗောဓိသတ် ဖြစ်တော်မူသော။ သသရာဇာ၊ ဖျံ, မြေခွေး, မျောက် ဖော်သုံးယောက်ကို၏ ချီးမြှောက်ဘပ်စင်း ယုန်သူဘော်မင်းသည်။ သဇိဝကံ၊ ရုပ်နာမ်ဖြိုးတက် မညှိုးပျက်ဘဲ

(ပဉ္စမအကြိမ်)

အသက်နှင့်တကွသော။ အတ္တနောကာယံ၊ မြူညစ်မတင် လွန်ချစ်ခင်သည့် သစ်လွင်နုပျို မိမိကိုယ်ကို။ အဂ္ဂမှို၊ သိကြားစိမ် ဟည်းဟည်းညံမျှ အလျှံထိန်ညီး မီးပုံကြီး၌။ ပတိတ္တွာဝ၊ မရှို့မညှာ ရဲဝံ့စွာဖြင့် သဲဒွါ ပါဟုန်ပြင်း ခုန်ကာဆင်း၍သာလျှင်။ ပဍ္ဍိဂ္ဂဟာဿ၊ ဝတီ မိုးစံ တစ်မျိုးဖန်သည့် ခြိုးခြံဝတ်စား အလှူခံပုဏ္ဏားအား၊ အစင်္ဂံ၊ ဝမ်းမြောက်ကြည်ဖြူ ပေးစွန့်တော်မူခဲ့ခလပြီ။ ဝါသဝေါ၊ စတုမဟာ ဝတီ သာဥ္စ အာဏာပိုင်နင်း သိကြားမင်းသည်။ တံအစ္ဆုတံ၊ ထိုမီးလျှံငြိးငွေ့ မဝင်ဝေ့ဘဲ အံ့အဲအထူး မဖြစ်ဘူးဖြစ် ဇမ္ဗူခေတ်တွင် မူသစတရံ ယုန်မင်းဟန်ကို။ နရမရှုဟိ တာယ၊ အများနေ့ခက်သူနတ်ရှင်လူတို့ နည်းယူစံထား အကျိုးများကြစေခြင်းငှာ။ ဥလ္လုရာဇပဿ၊ ငွေစန္ဒြ လပိမာန်၏ ရောင်လျှံတင့်ရှန်း နံရံစွန်း၌။ မေဒနီယာဝ၊ မည်းညိုရွှမ်းသစ် မြင်းမိုရ်နှစ်ကို ယူညှစ်ကြည်လင် တောင်ဆီမင်ဖြင့်သာလျှင်။ လိခိတံ၊ သရုပ်ခြားနား ရွှေစုတ်သား၍ ရေးသားမှတ်တင်ခဲ့လေပြီ။ တံနယံ၊ ထိုအံ့ဖွယ်ဘနန်း ကြက်သီးဖျန်းမျှ ဥဒါန်းမပြီး ယုန်မင်းနည်းကို။ ဂဲဟေတွာ၊ ဖြူစင်နှလုံး ကြည်ရွှင်ပြုံးလျက် မှန်ထုံးဘဆူ စံနူန်းယူ၍။ သာဓဝေါ၊ သံသရာဝဋ်ကြီး လွတ်ဖို့နည်းကို ရှာမှီးကြာညောင်း သင်သူတော်ကောင်းတို့သည်။ ဒါနာဒိပါရမိယော၊ နိဗ္ဗာန်မျိုးစေ့ တရွှေ့ရွှေ့နှင့် ပြည့်ဖို့မျှော်ရည် ဒါနစသော ပါရမီတို့ကို။ ပရိပူရေန္တု၊ မငြွစိတ်ဖင့် မပိတ်လင့်ဘဲ အားနှင့်လျော်စွာ ပြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

ဤကား အာသိသ တစ်ပုဒ်တည်း—၁၆။

ဤတွင် အာသိသ ၁၆–ပုဒ် ပြီး၏။

## ၇-ပါရမီဆယ်ပါးတို့တွင် ဒါနပါရမီကို ယခုကမ္ဘာ၌ ဖြည့်ရသည့် စရိယာပိဋကလာ ဝတ္ထုဆယ်မျိုး

## [ဝေဿန္တရာ ဇာတ်အဆုံး]

မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။

(ပရိတ္တ)

မဟာကာရုဏိကော၊ ဘဝမစဲ ဒုက္ခထဲ၌ လဲကြနစ်ကြ ဝေနေယျကို ဘယ်မလိုဘိ အားကြီးသော ကရုဏာ ရှိတော်မူသော။ နာထော၊ လူသုံးပါးတို့၏ကိုးစားရာအစစ်ဖြစ်ကြီးဖြစ်တော်မူသောမြတ်စွာဘုရားသခင်သည်။ သဗ္ဗပါဏိနံ၊ ခန္ဓာဝန်ထမ်း ရေညှန်လမ်း၌ ပင်ပန်းကြကုန် အလုံးစုံသော သတ္တဝါတို့၏။ ဟိတာယ၊ ဒုက္ခဝဋ်ကြွေး ကျွတ်လွတ်အေးရှ် ရန်ဘေးလွင့်ပါး အကျိုးများကြစေခြင်းငှာ။ သဗ္ဗာပါရမီ၊ ဒါနသီလ နိက္ခမက စ၍ ဘွက်ရေ အလုံးစုံသော ပါရမီတော်တို့ကို။ ပူရေတွာ၊ အယုတ်အလတ် အမြတ်မရွေး ရှာကြံတွေးလျက် မြတ်လေးကြည်ဖြူ ဖြည့်တော်မူ၍။ ဥတ္တမံ၊ လူသုံးဦး၌။ အမူးဥက္ကဌ် လွန်ထူးမြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုအစစ် ဘုရားအဖြစ်သို့။ ပတ္တော၊ ဝဋ်ခန်းကျော်မြောက် တကမ်းပေါက်အောင် လှမ်းရောက်တော့ မူရလေပြီ။

အဲ-ဘုံသုံးပါးမှာ တစ်ပါးသော သူတို့နှင့်မတူ အခြားအခြားသောသူတို့ထက် အဆအရာ အဆအထောင် အဆအသောင်း-အသိန်း, အသန်းမက လွန်ကဲလှသော မဟာကရုဏာတော်ဖြင့် ကြင်နာတော်, သနားတော်မူလှပေသော လူသုံးပါးတို့၏ ကိုးစားရာ, အားထားရာ, တင်စားရာ, ကိုးကွယ်ရာ, မှီခိုရာ, ပုန်းအောင်းရာ, လဲလျောင်းရာတစ်ခု ဖြစ်တော်မူပေသော မြတ်စွာဘုရားသည် ဆီးဘားမရ ဝဋ်ဟုန်ထိုးစီးကျတဲ့ မြစ်မဂင်္ဂါ မဟာသမုဒ္ဒရာကြီးတို့ပမာ အဝိဇ္ဇာနှင့်တဏှာ မပြတ်ကြသဖြင့် ဇာတိကစလို့မို့ ဇရာဗျာဓိနှစ်ပါးကို အလယ်ကြားကချုပ်ကာ မရဏာမှာ အဆုံးသတ်ပြီးတော့ သည်တစ်ဘဝတွင်သည်မျှနှင့် အစမပြတ်ရသေးဘူးတဲ့ ဇာတိနှင့်တစ်ခါလှည့် စပ်ပြန်ရေ့တယ်။ ဇာတိတွယ်မိပြန်ကလဲ ဇရာနှင့်ဗျာဓိတို့က သူတို့နှင့် အလှည့် ရောက်လာပြန်ပြီလို့, အိုဦးမယ်, နာဦးမယ်, လူအိုကြီး ကြာကြာ နေမှုဖြင့်လဲ ဘယ်မှာ ချမ်းသာခွင့်ရနိုင်တော့မလဲ မရဏာလက်ထဲ ကျပြန်

(ပဉ္စမအကြိမ်)

ရောပေါ့၊ တစ်ခါသေပြန်ပြီး ဘဝပြတ်လို့မို့ တကတဲပြီး လက်စသတ်တော့မလားလို့ ဆိုတော့ ဘယ်မှာ လက်စသတ်ပါဦးမလဲ ဇာတိနှင့် စပ်ပြီး ပဋိသန္ဓေသို့ ကပ်ရဦးမဟာပဲ။

အဲ-သည်လိုချည်း ထပ်ထပ်ပြီး မပြတ်တသုန်သုန် မြစ်ကြီးတွေ စီးနေတဲ့ပုံလို လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံတို့၌ ငုပ်တုံပေါ်တုံ ဆန်လိုဆန်, စုန်လိုစုန်, ခုန်လိုခုန်, ကူးလိုကူး ဘဝဂ်တိုင်ကျော်ကြူးအောင် ကွန့်မြူးရစ်ပတ် ခြားရဟတ်လို မရပ်မတည် ချာချာလည်ပြီးတော့ စီစီညံ့ညံ့ ပြောင်းပြန်ဦးစောက် ဆူဆူသီးသီး ဟစ်အော်ညည်းပြီး ပူမီးတွေ လောင်တောက်လို့ ဒုက္ခကြီးရောက်နေကြတဲ့ သတ္တဝါအများ သုံးဘုံသားတို့ကို သုံးပါးကျော့ကွင်း ဝဋ္ဋအတွင်းမှ ကင်းကြလွတ်ကြ ဝဋ္ဋကျွတ်ကြစေခြင်းငှာ ကိုယ့်ဒုက္ခ ကိုယ့်အတွက် ကိုယ့်ရုပ်နာမ် ကိုယ့်အသက်ကိုမှ မငဲ့ကွက်မထောက်ထား ကိုယ့်ကျိုးကိုယ့်ဘေး ကိုယ့်အရေးကိုမျှ မတွေးချင့် မစဉ်းစားဘဲ သူတစ်ပါးတို့၏ ဒုက္ခဝေနေယျတို့၏ ဘေးဘယကိုသာ ကြောင့်ကြဆူသဲ ကယ်မမဲ့စိတ်အကြံနှင့် သည်းထန်စွာအားခဲပြီးတော့ လှူနိုင်ခဲလှတဲ့ဒါန်, ကျင့်နိုင်ခဲလှတဲ့ သီလ, လုံ့လအကျိုး ဆွေမျိုးနှင့် စည်းစိမ်ဘုံ သားမယား အလုံးစုံတို့ကို မစုံမမက် အိမ်ထောင်ပါ ဖျောက်ဖျက်ပြီး တောထွက်ရတာကလဲ အခါခါ မညာမထောက် ထိုးဖောက်ခုတ်လှီး ဖျက်ဆီးထုချေ အထွေထွေကို ပြုလေတယ်လို့မှမရှု စိတ်မာန်ကိုမှ မခုဘဲ သာစုကာရီ မြေမဟီကဲ့သို့ ခန္တီသဘောနှင့် သည်းခံခဲ့ရသော ဘဝကလဲ အနန္တအသင်္ချေ တွက်ရေပျားပြား ပါရမီအပါးပါးတို့ကို။ လေးသင်္ချေ, ရှစ်သင်္ချေ, တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအကြားမှာ မနားအောင်ဖြည့်ကျင့်နိုင်မှသာ ထွတ်တိုင်ဆုံးပေါက်လို့ ဘုံသုံးပါးမှာ ဘုရားအဖြစ်သို့ ရောက်နိုင်ရပါတယ်။

အဲ ဘုရားတစ်ဆူတစ်ဆူ ဖြစ်ရ ပွင့်ရတယ်လို့ဆိုတာ လွယ်လွယ်ကူကူ မပူရ မပင်ရ သာမည-အညတြအပါကဲ့ရှ ပေါ့ပေါ့ဆဆ အနည်းငယ်မျှ လုံ့လအနည်းငယ်မျှ ဥဿာဟ အနည်းငယ်မျှ ပါရမီ သမ္ဘာရနှင့်ပင် ဘုရားဖြစ်နိုင်ကြတာမဟုတ်ပါပေဘူး သံသရာဝဋ္ဋဒုက္ခမှ မကျွတ်မလွတ်နိုင်တဲ့ ဝေနေယျသတ္တဝါများကိုလဲ ရင်သွေးရင်သားနှင့် မခြားမနား အလွန်အကဲ့လဲ သနားဦးပါမှ သနားရုံသာမကသေးပါဘူးတဲ့ ထိုကဲ့သို့သော ဒုက္ခိတဝေနေယျတို့ကို ကယ်မလို ဆောင်မလို မရရအောင် မပါပါအောင် ဆောင်လိုယူလို ကယ်ဆယ်လိုတဲ့လုံ့လ, ဘုရားဖြစ်လိုတဲ့ဆန္ဒကလဲ သူတစ်ပါးထက်လွန်ကဲဦးပါမှတဲ့၊

(ပဉ္စမအကြိမ်)

သည်မျှ မကသေးပါဘူးတဲ့၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်စေ, ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်စေ, တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြစ်စေ, တွက်ရေရှည်လမ်း ကမ္ဘာတွေကုန်ကျွမ်းအောင် ပါရမီတွေအခန်းခန်းကိုလဲ ပင်ပန်းအောင် ဖြည့်စွမ်းနိုင်ပါဦးမှတဲ့၊ အဲ-သည်ကဲ့သို့ အင်္ဂါသုံးပါးနှင့် ညီညွတ်ပါမှ ဘုရားတစ်ဆူတစ်ဆူ ဖြစ်နိုင်ပါတယ်။

ဘုရားအလောင်းတော်၏ ကရုဏာဆိုတာ သတ္တဝါကို သနားတဲ့ အရာမှာ သူတစ်ပါးတို့ ကရုဏာထက် ဘယ်လိုလွန်ကဲပါသလဲလို့ ဆိုတော့ လောကမှာ အမိအဖဖြစ်သော သူတို့သည် ရင်သွေးရင်သား ကိုးလ, ဆယ်လလွယ်၍ ဖွားရတဲ့ သားရင်းသမီးရင်း အပေါ်မှာ အလွန်အကြူး အထူးအားဖြင့် သနားတယ် သနားတယ်လို့ ဆိုကြတယ်၊ ထိုအမိအဖများ သားသမီးကို သနားတာထက်ပဲ ဘုရားအလောင်းတို့ ဝေနေယျကို သနားတာက သာလို့ပင် အားကြီးသေးတယ်၊ ဘယ့်ကြောင့်လဲလို့ဆိုတော့...သားပေါ် သမီးပေါ် ရင်သွေး ရင်သားတို့ အပေါ်မှာ ချစ်လှ,ခင်လှ,ကြင်နာလှတယ်လို့ ဆိုကြတဲ့ အမိအဖများဟာ သားသမီးတို့အပေါ်မှာ တကယ်စောင့်မနိုင်လှပါမှ ကိုယ်ဖြင့်သော်လည်းကောင်း, ပစ္စည်းဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါးစသော ဗာဟိရဝတ္ထု တစ်ခုခုဖြင့် သော်လည်းကောင်း စောင့်မကြည့်ရှုနိုင်ကြတယ်၊ သည်ကဲ့သို့ စောင့်မကြည့်ရှု ပြုစုချီးမြှောက်ခြင်းကိုသာ ချစ်တယ် ခင်တယ် ကြင်နာတယ်သနားတယ်လို့ ဆိုရပါတယ်၊ ရေးကြီးခွင်ကျယ် တကယ်ကြုံကြိုက်လို့မို့ သေလောက် ကျေလောက်ဘေးကြီး ရန်ကြီး မင်းဒဏ်ရာဇဝတ်ကြီး ဆိုက်ရောက်လို့လာခဲ့က ချစ်ခင်လှတယ်လို့ဆိုတဲ့ အမိအဖနှစ်ယောက်တို့တွင် တစ်ယောက်ယောက်က ထွက်လို့မို့ အသက်နှင့်ဖလှယ်ပြီးတော့ သားငယ် သမီးငယ်တို့ ကိုယ်စား ရာဇဝတ်မင်းဒဏ်ကျေအောင် အသက်သေခံစမ်းပါလားဆိုတော့ သနားတဲ့စိတ်ပျောက်ပြီး ကိုယ်သေရမယ့်ဟာ ကြောက်လို့မို့ တစ်ယောက်မှ အသေခံဝံ့ကြမှာ မဟုတ်ကြဘူးတဲ့၊ "ကိုယ်မချိက အမိဖြစ်တောင် သံပူသောင်မှာ ချီဆောင်သက်နင်း သားမောင်ကို ချလို့နင်း"ဆိုတာလို တကယ်အရေးရှိလို့ သေဘေးကြီးထိလာတော့ ချစ်လှတဲ့ မိဘရင်းသော်မှလဲ ကိုယ်လွတ်ရုံသာ ရှောင်ကွင်းကြတာပဲတဲ့၊ ဘုရားလောင်းတို့ ကရုဏာမှာတော့ သည်လိုဟာ မဟုတ်ဘူးတဲ့၊ ဒုက္ခိတသတ္တဝါ ဝေနေယျတို့မှာ သံသရာဝဋ် ဘဝညွှတ်က မလွတ်နိုင် မပြုတ်နိုင် မှုံးမှိုင်မျောပါး မရှောင်ရှားနိုင်ကြဘဲ အို

လိုက်လား နာလိုက်လား၊ သေလား ကျေလား၊ ပဋိသန္ဓေ နေလိုက်လား နှင့် ဝဋ်တရားအလျောက် ဘုံသုံးပါးထောင်အောက်မှာ မင်းဒဏ်ရာဇဝတ် မလွတ်မပျောက် သေဘေးကြီး တွေ့ရောက်နေကြတဲ့ သတ္တဝါတွေကို မြင်ရလျှင်ပင် ကိုယ်တော်တိုင်ပင် ခံရသည့်အလားကဲ့သို့ အလွန်ပင် သနားတော်မူလှလွန်းလို့ တကယ်လို့ကိုယ်လွတ်ရုံသာ ရှောင်ရှားလို့ သတ္တဝါတွေကို မသနားနိုင်ပါဘူးလို့ဆိုရင် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှာပင် စံရင်းဝင်သာဝကဆုကြီးနှင့် နိဗ္ဗာန်ကို လက်ကိုင်ရပြီးသွားကလားတဲ့၊ ထိုအခါတုန်းက မလိုက်မသွားသေးဘဲနှင့် သတ္တဝါအများတို့အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဆက်ပြီးတော့ သံသရာဝဋ်ထဲက မထွက်သေးဘဲ ကမ္ဘာကိုအရှည်ဆက်ပြီး အသက်ကို သေမင်းမှာပေါင်နှံလို့မို့ ကိုယ်တော်မြတ် အပင်ပန်းခံနေရတာ ကရုဏာ လွန်ကဲလွန်းလို့ သတ္တဝါတွေကို ကိုယ့်အသက်နှင့် လဲယူနေရတာပဲတဲ့၊ အဲ-ထို့ကြောင့် ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်းအနီး ဗျာဒိတ်တော်ခံကတည်းကပင်-

> ပထဝိယံ နိပန္နဿ၊ ဧဝံ မေ အာသိ စေတသော။
> ဣစ္ဆမာနော အဟံ အဇ္ဇ၊ ကိလေသေ ဈာပယေ မမ။
> ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
> သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

လို့ ကြိမ်းဝါးတော်မူခဲ့တယ်။

ပထဝိယံ၊ ဒီပင်္ကရာ မြတ်စွာထွက်ဖျား လျှောက်သွားဖို့ရာ ငါ့တာမပြီး ရွှံ့ညွန်ကြီး၌။ နိပန္နဿ၊ အသက်ပင်သေ လျှောက်စေလိုစိတ် မှောက်ကာအိပ်တုန်းကပင်။ မေ၊ ငါ၏။ စေတသော၊ ကရုဏာဖိတ်လျှံ စိတ်အကြံသည်။ ဧဝံ၊ ဤသို့။ အာသိ၊ ဖြစ်ခဲ့ဖူးပြီ။ အဟံ၊ ငါကား။ ဣစ္ဆမာနော၊ တစ်ပါးမထောက် ကိုယ်တစ်ယောက်ဖို့ လွတ်မြောက်စိမ့်ငှာ အကယ်၍အလိုရှိခဲ့ပါသည် ဖြစ်အံ့။ အဇ္ဇ၊ ဒီပင်မြတ်စွာ ရှေ့ဗျာဒိတ်ဆိပ် ခတ်နိုပ်နှံ့စိုက်ဤယခုနေ့၌ပင်လျှင်။ မမ၊ ငါ၏၊ ကိလေသေ၊ လျှံဝေဆူအိုက် မာန်မြူမှိုက်တို့ကို။ ဈာပယေ-ဈာပယေယျံ၊ လက်ပြောင်ညီးညီး မင်္ဂလောင်မီးဖြင့် အပြီးဆုပ်ကိုင် ဖုတ်မြှိုက်နိုင်၏။

ထာမဒဿိနာ၊ သုံးထွေဘုံသား ဗိုလ်ခြေများတို့၏ ကိုယ်စားခိုမှီး စွမ်းအားကိုမြင်ရပြီးသော။ ပုရိသေန၊ စွယ်သွားပြောင်ပေါက် ထောက်ထား

လောက်အောင် ယောကျ်ားကောင်း တစ်ယောက်ဖြစ်တပြီးလျှက်။ ငကေနတိဏ္ဏေနု၊ ဒုက္ခိတသား ဝေနေမျှားကို ပစ်ထားမမတစ်ကိုယ်တည်း ကူးသွားရသဖြင့်။ မေ၊ ငါ့အား။ ကိ ၊ ဘယ်အကျိုးထူးရှိချေတော့အံ့နည်း။ သဗ္ဗညုတံ၊ မဂ်ဥဂ်မာ ယာဉ်နာဝါဖြင့် ခေမာသောင်တူး ဖောင်မှူးအစစ် ဘုရားအဖြစ်သို့။ ပါပုဏ္ဏိတွာ၊ အထွတ်တိုင်မြောက် မချွတ်ရောက်၍။ သဒေဝကံ၊ ဒုက္ခမကျွတ် အပူဝဋ်မှ မလွတ်ကြသူ နတ်နှင့်လူကို။ သန္တာရေဿံ၊ အပါတွန်းငင် သောင်ကျွန်းခွင်သို့ ကယ်တင်ပို့ဆောင်ဦးအံ့။

ငါ့ဖို့ငါ့ဟာ ငါ့တွက်တာမှာဖြင့် ဤဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ပင် သာဝကဆုကြီးကိုလက်လှမ်းလို့ ကိလေသာအာသဝေါ ကုန်ခန်းအောင် မှုတ်မန်းထုတ်ညှစ် နုတ်ပစ်လိုက်တော့မယ့်လို့ဆိုယင်လဲ ငါ့မှာဖြင့် ဒုက္ခကျွတ်၍ သံသရာဝဋ်က လွတ်ရတော့မဟာပဲ၊ သို့သော်လဲ နှောင်အိမ်သွင်းလှောင် ဘုံသုံးဆောင်မှာပူလောင်ကျွမ်းခြစ်လို့ ဒုက္ခထဲမှာ နစ်နေကြတဲ့သတ္တဝါတွေ ဝေနေအမျှားကို ငါမြင်ရက်·တွေ့ရက်·သိရက်သားနှင့်ပင်၊ မကယ်မဆယ် မမ-မစဘဲနှင့် မရှုမစား မျက်နှာလွှဲပစ်ထားခဲ့ပြီး တစ်ကိုယ်တည်း မားမား မသနားဘဲ ချမ်းသာစွာ ရှောင်ရှားလို့သွားခဲ့ချေက ထိုဝေနေအမျှား ဒုက္ခိတဆင်းရဲသားတို့မှ ငါမှတစ်ပါးကိုးစားရာမရသည်ဆင်းရဲ သည်ဒုက္ခမှလွတ်နိုင်ကြတော့မှာ မဟုတ်ချေဘူး ငါသည်မူကား ထိုသူအမျှား ဆင်းရဲသားတို့ကို ထောက်ထားနှိုင်းညှို ကယ်ဆယ်လောက်တဲ့·စွမ်းပကား သတ္တိရှိပါလျှက်နှင့် မကြည့်မရှု လွှဲဖယ်ကာလျစ်လျူပြုပြီး အမှုမဲ့နေခြင်းငှာ သင့်ဖွယ်ရာမရှိ မချိပင်ပန်း ကျွက်ကျွက်လောင်ပူ ပွက်ပွက်ဆူအောင် အပူတွေဖိလွှမ်းလို့မို့ ရိန္ဒမ်းကာနေကြတဲ့ ဘုံသုံးခန်း ဒုက္ခသည်တို့ကို ကယ်ဆယ်ထုတ်ဖော် တွဲပူး၍ အပါယ်ခေါ်ပြီးမှ ဝဲမှော်ဝဋ်တွင်း သောင်စည်းကွင်းကို ကျော်နင်းမိအောင် ငါ အရဆောင်တော့အံ့ဟု အကြံတော်အားသည်း၍ ကိုယ်တော်တည်း မကူးသေးဘဲ ဒီပင်္ကရာ ဘုရားနှင့်ခွဲပြီး တစ်ယောက်တည်း နေရစ်တော်မူတယ်။

အဲ·ထိုကြောင့် ဘုရားလောင်းပုဂ္ဂို၏ ကရုဏာကို သူတစ်ပါးတို့၏ကရုဏာထက် လွန်ကဲတယ်လို့ဆိုရပါတယ်၊ ကရုဏာသာ လွန်ကဲတာမဟုတ်သေးပါဘူးတဲ့ သတ္တဝါအမျှားကို ကယ်မ·သနားလိုတဲ့ဆန္ဒ ဘုရားဖြစ်လိုတဲ့ဆန္ဒကလဲ အထူးပင် လွန်ကဲပါသေးတယ်၊ ဘယ်လိုလွန်ကဲပါသလဲလို့ဆိုတော့ လှိုင်း

ကြမ်း,ရေကြမ်း၊ ငါးဆင်, ငါးမန်း ငါးရဲကြမ်းတို့နှင့် ရောပြွမ်းထွေးယှက်လို့ ရှစ်သောင်းလေးထောင် အစောက်နက်ပြီးတော့ ကမ်းတစ်ဘက်ကိုမှ မမြင်ရအောင် အလွန်အမင်း ကျယ်ဝန်းလှတဲ့ မဟာသမုဒ္ဒရာကြီး၏ဟိုဘက်ကမ်းကို ကျော်သန်းကူးသွားနိုင်သောသူကား လူသုံးပါးမှာ ဘုရားစင်စစ် ကေန်ပင်ဖြစ်ရလိမ့်မယ်၊ ဝေနေယျာအများ ဒုက္ခသားတို့ကိုလဲ သနားကယ်မနိုင်လိမ့်မယ်လို့ တစ်ယောက်သောသူက ဆိုခဲ့လျှင် အမှန်မုချ ဒုက္ခိတတို့ကို ကယ်မရမည်စင်စစ် ဘုရားသားဖြစ်လိမ့်မည်မှန်စေ မသေ့မဖျက် ကိုယ့်အသက်ကို ငဲ့ကွက်ခြင်းမပြု သေရမဲ့ဘေးရန်ကို ဇဆံမျှကြံမရှုဘဲ အဏုမြူခန့် မလန့်မထိတ် ကေသရာ ခြင်္သေ့စိတ်ကဲ့သို့ မပိတ်မတား ချက်ချင်းပင်လဲသွားပြီး ဘုရားဖြစ်မဟာပဲတဲ့၊ သည်သာမက ဤစကြဝဠာတောင်နခန်းနှင့်အမျှ တင်းကြမ်းပြည့် ထည့်ထားတဲ့ မီးကျီးခဲ, သင်ခုန်းသွား, လှံသွား, ဓားသွားများကို ကျောက်ကန်နင်းသွားပြီး တောင်တစ်ဘက် စကြဝဠာတံတိုင်းကို လွန်မြောက်နိုင်သောသူဖြစ်က ကေန်မုချ ဘုရားဖြစ်ရလိမ့်မယ်လို့ပဲဆိုဆို အဝီစိငရဲအောက်ကို တူးဖော်ငုပ်လျှိုနိုင်က သဗ္ဗညုတဉာဏ်ကို ရလိမ့်မယ်လို့ပဲဆိုဆို အမှုမျိုးထိုဘို့ ဘုရားဖြစ်ရလိမ့်မည်ဆိုက တွန့်တိုခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့ မရွံ့မရှား ပြီးဆုံးအောင်ကြိုးစား၍သာ ဘုရားအဖြစ်ကို ရှာကြံတော်မူမှာပဲတဲ့၊ အဲ-သို့ကလောက် ဆန္ဒကြီးမှသာ ဘုရားဆုကြီးကို ရနိုင်ပါတယ်၊ အဲသည်လိုဆန္ဒမျိုးနှင့် ကြိုးစားနိုင်တဲ့ လူတစ်ယောက်ဘုရားအဖြစ်သို့ရောက်မှသာလျှင် ဝေနေယျဒုက္ခိတတို့မှာ ကယ်မမဲ့သူနှင့်တွေ့ကြရတယ်၊ ထိုကြောင့် သုမေဓာရသေ့ကြီး ဖြစ်စဉ်ကာလတုန်းကပင်-

ကိံမေ အညာတဝေသေန၊ ဓမ္မံ သစ္ဆိကတေနိဓ။
သဗ္ဗညုတံ ပါပုဏိတွာ၊ ဗုဒ္ဓေါ ဟေဿံ သဒေဝကေ။

လို့-ကြံစည်တော်မူခဲ့တယ်။

မေ၊ ငါသည်။ ဣဓ၊ဤဒီပင်မြတ်ဘုံရား ထံတော်ပါး၌။ အညာတ ဝေသေန၊ ဝေနေအများ သူတစ်ပါးကို သနားမကြင် မထင်ရှားသော အသွင်ဖြင့်။ဓမ္မံ၊ အမျှားမလှ တစ်ပါးဝနှင့် ဝေငှမခံ ပဒေသဉာဏ်ကို။ သစ္ဆိကတေန၊ မထောက်မရှု မျက်မှောက်ပြုရသဖြင့်၊ ကိံ၊ ဘာကျိုး ရှိချေအံ့နည်း။ သဗ္ဗညုတံ၊ ထောက်ထောက်ထားထား သူတစ်ပါးကို မျှစားဝေဖန် သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာ၊ ရှာကြံဖွေနှိုး လက်ရောက်မိုး၍။ သဒေ္ဝကေ၊

(ပဥ္စမအကြိမ်)

လူ့ပြည်နတ်ရပ် လောကခွင်တွင်၌။ ဗုဒ္ဓေါ၊ သစ္စာလေးကွင်း မကျန်ကြွင်း အောင် ထိုးထွင်းသိဘိ ဘုရားမြတ်သည်။ ဟေယာ၊ မချွတ်မသွေဖြစ်တော့ ပေအံ့။

အဲ-သည်လို ဘုရားဖြစ်ချင်လှတဲ့ဆန္ဒ ဝေနေယျကို ကယ်မလိုတဲ့ဆန္ဒကလဲ လွန်ကဲပါဦးမှ ဘုရားဖြစ်နိုင်ရပါတယ်၊ ထိုမှတစ်ပါး ပါရမီ အပါးပါးကို မနားမနေ ကမ္ဘာလေးသင်္ချေ၊ ရှစ်သင်္ချေ၊ တစ်ဆယ့်ခြောက်သင်္ချေ ကုန်ကျွမ်း အောင် အပင်ပန်းခံလို့ ဖြည့်နိုင်ပါမှလို့ ဆိုတာမှာ ဘုရားလောင်းတို့ ဖြည့်ကျင့်ရတဲ့ ပါရမီဆိုတာ ဘယ်မျှလောက်များပါသလဲ ဘယ်လိုများပြု လို့ ဖြည့်ကျင့်ရပါသလဲလို့ ဆိုတော့ ဘုရားလောင်းတို့ ဖြည့်ကျင့်ရတဲ့ ပါရမီဆိုတာမှာ–

ဒါနံ သီလဉ္စ နိက္ခမံ၊ ပညာဝီရိယေန ပဉ္စမံ။ *

ခန္တိ သစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိမေ ဒသ။

လို့-ဟောတော်မူတယ်။

ဒါနဉ္စ၊ နည်းများမဟူ ပေးလှူသသိ ဒါန ပါရမီလည်းကောင်း။ သီလဉ္စ ငါးပါးအဋ္ဌင်္ဂီ ဒသသီအစ ဖြည့်သုံးရသည့် သီလပါရမီလည်းကောင်း။ နိက္ခ-မဉ္စ၊ ဥစ္စာတိုင်းကား သားမယားကို ရှောင်ရှားစွန့်ဖျက် မငဲ့ကွက်ဘဲ တော ထွက်ရခြင်း နိက္ခမပါရမီလည်းကောင်း။ ပညာစ၊ ဆွမ်းခံရဟန်း နည်းယူ မှန်း၍ ဖြည့်စွမ်းရသော ပညာပါရမီလည်းကောင်း။ ပဉ္စမံ ပဉ္စမေန၊ ငါးခု မြောက်သော။ ဝီရိယေ န၊ မဆုတ်မနစ် မယုတ်ညစ်အောင် အားသစ်ကြိုးပမ်း ရသော ဝီရိယပါရမီနှင့်။ သဒ္ဒိံ၊ တကွ။ ခန္တိစ၊ သူတစ်ပါးဘို့ ထိပါးညစ်ကြံ အပြစ်ဒဏ်ကို သည်းခံရသော ခန္တီပါရမီလည်းကောင်း။ သစ္စဉ္စ၊ သွေဖည်မ သမာဝစီလျှာကို ပစ်ခွာမသိ လုစ်ခါ၍ရသော သစ္စာပါရမီလည်းကောင်း။ အဓိဋ္ဌာနဉ္စ၊ စိတ်အကြံညီညီ ကိစ္စတည်ရသော အဓိဋ္ဌာန်ပါရမီလည်းကောင်း။ မေတ္တာစ၊ ရင်နှစ်အမှီ အချစ်ညီရသော မေတ္တာပါရမီလည်းကောင်း။ ဥပေက္ခာစ၊ မမုန်းမချစ် နှလုံးသစ်၍ မညစ်မလည် လျစ်လျူကာတည်ရသော ဥပေက္ခာပါရမီလည်းကောင်း။ ဣတိ၊ ဤသို့။ ပါရမီယော၊ ကလောင်း တကာဖြည့်ကျင့်ရာသည့် ဓမ္မဘာတန္တိ ပါရမီတို့သည်။ ဧဘေဒသ၊ ဤဆယ် ပါးတို့ပင်တည်း။

---

* ပညာဝီရိယေန ပဉ္စမံ။ စရိယာ၊ ၃၊ ၆။ ရှင်း၊ ၄၊ ၂၄။

(ပဉ္စမအကြိမ်)

အဲ-ဘုရားအလောင်းတော်တို့ ကျင့်ကြရိုး ဖြည့်ကြရိုးဖြစ်တဲ့ ပါရမီဆို တာ ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီ ပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ-ရယ်လို့ ပါရမီဆိုတာ အကျဉ်းအားဖြင့် ဆယ်ပါးရှိတယ်၊ အကျယ်မှာတော့ အကျဉ်းဆယ်ပါးတို့တွင်တစ်ပါးတစ်ပါးကိုပါရမီသာမည,ဥပပါရမီ,ပရမတ္ထ ပါရမီ သုံးပါးနှင့်မြှောက်ပွား၍ အပြားသုံးဆယ်ဖြစ်တယ်၊ အဲ-သည်လို ပါရမီဆယ်ပါး အပြားသုံးဆယ်ရှိသည်တွင် ရှေးဦးအစပထမဖြစ်တဲ့ ဒါန ပါရမီဆိုတာကို ငါတို့မြတ်စွာဘုရားမှာ ဘယ်လို ဖြည့်ခဲ့ချပါသလဲဆိုတော့ ငါတို့ဘုရားအလောင်းတော်သည် နှစ်ဦးအခါ ဤကမ္ဘာမှာပင် ကုဋေကုဋာ ရတနာ အမျိုးမျိုးတို့ဖြင့် စည်းစိမ်ချမ်းသာ ဥစ္စာကြွယ်ဖြိုးလှသော ပုဏ္ဏား အမျိုး၌ ဖြစ်တော်မူ၍ "အကိတ္တိ" သတို့သားရယ်လို့ မိဘနှစ်ပါးတို့ အမည် ကြားသဖြင့် ထင်ရှားကျော်ဇောတော်မူတယ်၊ ထိုသတို့သားသည် တစ်ဆယ့် ခြောက်နှစ်အရွယ်ကပင် တစ်ဆယ့်ရှစ်ပါးသော အတတ်မျိုးဟူသမျှကို တတ် မြောက်၍ နောက်ခါ မိဘနှစ်ပါးတို့ သေပျောက်လေက ထိတ်လန့်ခြင်း သံဝေဂကို ရသဖြင့် ရှိသမျှပစ္စည်းများကို တိုင်းသားပြည်သူ ယူလိုသူတို့ကို ပေးလှူစွန့်ကြဲခဲ့၍ ဆွေမျိုးညာတိတို့ကိုခွဲပြီး တောကြီး တောင်တန်း ကျော် သမ်းပြောင်းရွှေ့ တစ်ခုသောဂင်္ဂါမြစ်အကွေ့မှာရသေ့ရဟန်းပြု၍ကျောင်း သခ်မ်းတစ်ခုနှင့် လူတို့သုံးစွဲတဲ့ အစာအာဟာရစုကို မစားမသောက်ဘဲ အနီး အပါးတွင်သာရှိတဲ့ သစ်ခြောက်သစ်ရွက်များကိုသာ ပြုတ်ဖျော်ပြီး မျှတ သုံးဆောင်လို့နေတယ်၊ ဘုရားအလောင်းတော်၏ သီလအာစာရကြောင့် သိကြားနေရာ ပဏ္ဍုကမ္ဗလာသည် ခက်မာခြင်းဖြစ်တာနှင့် သိကြားမင်း ကလဲ ထိတ်လန့်ပူပြင်းသဖြင့် ပုဏ္ဏားပာန်ဖန်ဆင်းပြီး ရသေ့အထံသို့ကပ် ချဉ်း၍ စုံစမ်းခြင်းအကျိုးငှာ စားမယ်လို့ ပြုတ်ထားတဲ့ ဟင်းရွက်ပြုတ် အစာကိုတောင်းယမ်း အလှူခံလာတယ်၊ ထိုအခါ ဘုရားအလောင်းတော်တို့ ဆိုကာကလဲ လိုပါတယ် ဆိုခဲ့ရင် ဟင်းရွက်ပြုတ်ကို မဆိုထားနှင့် အသား အသွေးတွင်မှမက ရင်ဝကိုဖောက်ခွဲ၍ အသည်းနှလုံးကို အသုံးပြုလိုပါတယ် လို့ဆိုဆို မတိုမတွန့် မရွံ့မကြောက် မဆောက်မဆ ပေးလှူရိုး ဖြစ်ကြသဖြင့် ရှိသမျှ တစ်အိုးလုံးကိုပင် အားလုံးကြီးမှောက်ပြီးဘော့ ဝမ်းမြောက်ကြည်ဖြူ ပုဏ္ဏားကိုလှူလိုက်ပြီး မပူမဆာ ယနေ့ဖို့တွက်တာကြောင့် အာဟာရအသစ်မ ရှာဘဲ ချမ်းသာစွာ ကျောင်းတွင်းသို့ဝင်ပြီး နေရှာတယ်၊ နက်ဖြန်သန်ဘက်

ဤနည်းပင် နေ့ဆက်ပြီး သုံးရက်တိုင်အောင် အလှူခံလာသည်ကို တစ်ခါမျှ မပြင်းဘဲ ဝမ်းတွင်းကြည်ဖြူ လှူမြဲတိုင်းသာ လှူလိုက်တယ်၊ ထိုအခါ သိကြားမင်းက ခြင်းရာ ခြားနား စုံထောက်ထားသဖြင့် သိကြားဖြစ်လို၍ ကျင့်သည် မဟုတ် ဘုရားဖြစ်လို၍ကျင့်တော်မူခြင်းကို ထင်လင်းစွာသိရသည့်အချက်နှင့် ဟင်းရွက်ကိုဆက်၍ အလှူမခံဘဲ မိမိနေရာ တာဝတိံသာနတ်ဌာန်သို့သာ ပြန်သွားတယ်။

အကယ်၍ သိကြားပုဏ္ဏားသည် တစ်လပတ်လုံး နှစ်လပတ်လုံး လာ၍ အလှူခံပါသည် ဖြစ်အံ့၊ ဘုရားအလောင်း ရသေ့ကြီးသည် မညည်းမညူ လာတိုင်းပင် လှူမဟာပဲတဲ့၊ အဲ—သည်လို မတွန့်မယုတ် မဆုတ်မကိုင် ရဲရဲကြီး စွန့်စားနိုင်မှသာ အဆုံးတိုင် အထွတ်ပေါက်ပြီး ဘုရားအဖြစ်သို့ ရောက်နိုင်ပါတယ်။ ထို့ကြောင့်—

ယဒိ မာသမ္ပိ ဒွေမာသံ၊ ဒဒ္ဒိဏေယျံ ဝရံ လဘေ။
အကမ္ပိတော အနောလီနော၊ ဒဒေယျံ ဒါနမုတ္တမံ။

လို့—ဟောတော်မူတယ်။

မာသမ္ပိ၊ နေ့စဉ်မပြတ် ဝင်လာရပ်၍ ထပ်ခါယူသုံး တစ်လပတ်လုံးသော် လည်းကောင်း။ ဒွေမာသမ္ပိ၊ ထို့တူဆင့်သုံး နှစ်လပတ်လုံးသော် လည်းကောင်း။ ဝရံ၊ သိက္ခာ ကာမ ပေသလတံခွန် လွန်မြတ်မွန်သော။ ဒက္ခိဏေယျံ၊ ကော်ရော်ဦးညွှတ် ပူဇော်ဝတ်ကို မချွတ်ထိုက်တန် အလှူခံကို။ ယဒိလဘေ၊ အကယ်၍ပေ ရခဲ့ချေအံ့။ အဟံ၊ ငါသည်။ အကမ္ပိတော၊ မရွံ့မသုတ် မတုန်လှုပ်သည်ဖြစ်၍။ အနောလီနော၊ မဆွန့်မငြို မတွန့်တို သည်ဖြစ်၍။ ဒါနမုတ္တမံ၊ ဓမ္မိယလဒ် အလှူမြတ်ကို။ ဒဒေယျံ၊ သဒ္ဓါ ပြောင့်စင်း မထောက်ယွင်းဘဲ တင်းတင်းမြဲစွာစွန့်ကြဲပါ၏။

ဤနည်းအတူ "သခ်" ပုဏ္ဏားကြီးဖြစ်တော်မူတုန်းအခါကလဲ ခြစ်ခြစ် လောင်ပူလှတဲ့ သဲသောင်ပြင် မြစ်ကမ်းငူပေါ်မှာ ပစ္စေကဗုဒ္ဓါတစ်ဆူကြွလာ တော်မူသည်ကိုမြင်၍ ကြည်ရွှင်သောစိတ်ထားနှင့် မိမိမူကား သဲသောင်ကို နင်းသွားပြီး ပစ္စေကဗုဒ္ဓါဘုရားအား သနားကြည်ဖြူ၍ ထီး, ဖိနပ်ကို လှူ လိုက်ဘယ်၊ ကုရုတိုင်းကြီးကို အစိုးရတဲ့ "ဓနဉ္စယ" မင်းကြီး ဖြစ်တော်မူ စဉ် အခါကလဲ ကလိင်္ဂ တိုင်းရပ်မှာ မိုးပြတ်ရေရှားလို့ အစာရေစာဆွံ့ပါး ပြီး အသေ အပျောက်များကြရာတွင် မင်္ဂလာဆင်ဖြူကို ပုဏ္ဏားတွေ

အယူခံလာ၍ ကိုင်းသူပြည်သားကို မဖထောက်မစာ မင်္ဂလာ ဆင်ဖြူတော်ကိုလဲ မနှမြောဘဲ ရက်ရောသော စိတ်အကြံနှင့် ဘုရားဆုကိုသာ ရည်သန်ပြီး ဆုညံအုတ်ကြွက် တစ်မြို့လုံး အကုန်ဖျက်သော်လည်း မပျက်မတွန့် တဆံမျှ မကြောက်ရွံ့ဘဲ သဗ္ဗညုတဉာဏ်ကိုသာ အရခဲ့ပြီး စွန့်ကြဲလှူဒါန်းတော်မူခဲ့ရတယ်၊ ထို့ကြောင့်–

ရဋ္ဌမ္ပိ မေ ဒဒေ သဗ္ဗံ၊ သရီရံ ဒဇ္ဇမတ္တနော။
သဗ္ဗညုတံ ပိယံ မယှံ၊ တသ္မာ နာဂံ အဒါသဟံ။

လို့·ဟောတော်မူတယ်။

မေ၊ ငါသည်။ သဗ္ဗံရဋ္ဌမ္ပိ၊ ကျေးလက်ခရိုင် တိုင်းနိုင်ငံဆုံး တစ်ပြည်လုံးကိုလည်း။ ဒဒေ၊ မငဲ့မညှာပေးလှူရာ၏။ အတ္တနောသရီရံပိ၊ အစေခံမှုကျွန်ပြုစေသုံး ငါ့ကိုယ်လုံးကိုလည်း။ ဒဇ္ဇံ၊ မငဲ့မညှာ စွန့်ပေးရာ၏။ မယှံ၊ ငါသည်။ သဗ္ဗညုတံ၊ ဘုရားစင်စစ် ဖြစ်ရမည်မှန် သဗ္ဗညုတဉာဏ်ကို။ ပိယံ၊ မြတ်နိုးစိတ်မင် လွန်ချစ်ခင်၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ နာဂံ၊ မင်္ဂလာဖြူစင် စီးတော်ဆင်ကို။ အဒါသိ၊ စွန့်ကြဲကြည်ဖြူ ပေးလှူတော်မူ၏။

ထိုမှတစ်ပါး "မဟာသုဒဿန စကြာမင်းကြီး ဖြစ်တော်မူစဉ်အခါ၊ "နေမိမင်းကြီး" ဖြစ်တော်မူစဉ်အခါ၊ "မဟာဂေါဝိန္ဒ ပုဏ္ဏားကြီး" ဖြစ်တော်မူစဉ် အခါတို့ကလဲ တစ်တိုင်းလုံးတစ်ပြည်လုံး မီးခိုးစဲ၍ မချက်ရ–မပြုတ်ရ မလုပ်မကိုင်ရ မရှာမဖွေ မကြောင့်မကြ မတောင့်မတရဘဲ ဘုရားအလောင်းတော်တို့၏ အလှူဒါနကိုသာ စားသောက်သုံးစွဲလို့ နေကြရအောင် စွန့်ကြဲလှူဒါန်းတော်မူခဲ့တယ်၊ "စန္ဒကုမာရ" မင်းသား ဖြစ်တော်မူစဉ် အခါတုန်းကလဲ ကုန်သွယ်ယောကျ်ားတို့ထုံးနည်း ကောင်းမွန်သောကုန်စည်များကို မြတ်စွန်းမဲ့ အရပ်ဌာနမှာသာ ရောင်းချလို့ မစွန်းမထွက်နိုင်တဲ့ ကုန်ပုပ်·ကုန်ဆွေးများကိုတော့ တော်သင့်ရာအရပ်မှာ စျေးနှုန်းကိုလျော့ပေါ့လို့ ရောင်းချကြတာလို မြတ်မွန်လှသော အလှူဝတ္ထုများကိုမိမိသာ အရင်မသုံးမစားဘဲ ဘဝတိုင်းကောင်းကျိုးကိုတိုးပွားစေတတ်သော အလှူခံပုဂ္ဂိုလ်ကောင်း ပုဂ္ဂိုလ်မြတ်တို့အား ရှေးဦးစွာဆက်ကပ်လှူဒါန်းပြီးမှ အကြွင်းအကျန်ကိုသာ မိမိသုံးဆောင်ခြင်းကို ပြုတယ်၊ စားရာဖို့ကတချို့ကို ခွဲခြမ်းလို့ မလှူဒါန်းရသေးသမျှကို အဘယ်အခါမှ မိမိမသုံးဆောင် မစားသောက်မိဖူးတဲ့၊ "သိဝိမင်းကြီး" ဖြစ်တော်မူစဉ်

အခါတုန်းကလဲ ဗာဟီရဝတ္ထု အလှူစုကို တစ်ခုမကျန် မှောက်လှန်၍ လှူရပြေားသော်လည်း နှစ်သက်အင်အဲ ရောင့်ရဲတင်းတိမ်ခြင်း မရှိနိုင်သေး၍ လူသာမန်တို့ ကြံဝံ့ခဲသောအကြံကို ကြံတော်မူတယ်။ ဘယ်လို ကြံပါသလဲလို့ ဆိုတော့—

ယံကိဉ္စိ မာနုသံ ဒါနံ၊ အဒိန္နံ မေ န ဝိဇ္ဇတိ။
ယောပိ ယာစေယျ မံ စက္ခုံ၊ ဒဒေယျံ အဝိကမ္ပိတော။

လို့ ကြံတော်မူတယ်။

ယံကိဉ္စိ၊ ခပ်သိမ်းဉဿုံ အလုံးစုံသော။ မာနုသံ၊ လူ့ရွာ, လူ့ဘောင် လူတို့၏ အသုံးအဆောင်ဖြစ်သော။ ဒါနံ၊ လှူသင့်လှူအပ် အရပ်ရပ်အစုစု လှူဒါန်းဖွယ်ဝတ္ထုကို။ အဒိန္နံ၊ အဆန်းအထူး မလှူဖူးသည်မည်သည်။ မေ ငါ့အား။ နဝိဇ္ဇတိ၊ မရှိ။ ယောပိ၊ အကြင်အသုံးလိုမူ တောင်းမည့်သူသည်လည်း။ မံ၊ ငါ့ကို။ စက္ခုံ၊ ပိယဝတ္ထု မံသစက္ခုကို။ သစေယာစေယျ၊ အကယ်၍ပေ တောင်းလာချေအံ့။ အဟံ၊ ငါသည်။ အဝိကမ္ပိတော၊ နှလုံး မခုန် စိတ်မတုန်ဘဲ။ ဒဒေယျံ၊ လျင်လျင်မနှေး မကြံတွေးဘဲ မြတ်လေးကြည်ဖြူ ပေးစွန့်လှူအံ့။

အဲ·သည်လို အသက်ကမျှ ချစ်ခင်လှတဲ့ အဇ္ဈတ္တရှိ ငါ့မျက်စိကိုပင် ယူလိုချင် အကြောင်းနှင့် တောင်းသာဘောင်းစေ မသွေ့လှန် ငါပေးမည် ကေန်ဟု သဒ္ဒါဇော အမိဋ္ဌာန်နှင့် စိဘ်ကြံတော် ဖြစ်ခဲ့တယ်။ ထိုအခါ သိကြားမင်းသိ၍ ဘုရားလောင်း၏ သဒ္ဒါစွမ်းကို စုံစမ်းခြင်း အကျိုးငှာ ပုဏ္ဏားအို မျက်မမြင်ယောင်အပာန်နှင့် နတ်ဌာန်ကလာပြီးတော့ နီးရာသို့ ချဉ်းကပ်၍ မွန်မြတ်သော မျက်စိတော်နှစ်ဘက်တို့ကို တောင်းလို၍·

ဥဘောပိ နေတ္တာ နယနာ' အန္ဓာ ဥပဟတာ မမ။
ဧကံ မေ နယနံ ဒေဟိ၊ တွမ္ပိ ဧကေန ယာပယ။

ဟူသော ဂါထာဖြင့် သာယာစွာ တောင်းရမ်းလာတယ်။

မဟာရာဇ၊ နန်းကြီးသခင် အရှင်မင်းမြတ်။ မမ၊ အကျွန်ုပ် ရွှတ်ယို ပုဏ္ဏားအိုအား။ နယနာ၊ သွားလာထိုထို လူ၏ကိုယ်ကို အလိုရောက်အောင် ပို့ဆောင်ပေတတ်ကုန်သော။ ဥဘောပိနေတ္တာ၊ စီးပွားကိုယ်ကျိုး သည်ပိုးဆောင်ရွက် မျက်လုံးနှစ်ဘက်တို့သည်။ (အန္ဓာ၊ မမြင်ဖုံးလွှမ်းစုံလုံးကန်း

* အန္ဓာ၊ မမြင်ဖုံးလွှမ်း စုံလုံးကဏ်းကုန်သည်ဖြစ်၍။ ဥပဟတာ၊ ဒုက္ခမျက်မှောက် ပျက်မီးခြင်းရောက်ရပါကုန်ပြီ။?
(ပဉ္စမအကြိမ်)

ခြင်းသို့။ ဥပဂတာ၊ ဒုက္ခမျက်မှောက် ရောက်ခြင်းကြီး ရောက်ခဲ့ပါကုန်ပြီ)* မေ၊ မျက်စိယွင်းယို ကျွန်ုပ်ပုဏ္ဏားအိုအား။ ဧကံနယနံ၊ ဘုရားကျောင်း သွား ကုသိုလ်ပွားဖို့ ကိုးစားလက်သုံး မျက်စိတစ်လုံးကို။ ဒေဟိ၊ သနား ကြည်ဖြူ ပေးလှူတော်မူပါလော။ တွမ္ပိ၊ ဘုန်းတော်သခင် အရှင်မင်းမြတ် မှာလည်း။ ဧကေန နယနေန၊ ကြွင်းကျန်မဆုံး တစ်ဘက်သောမျက်လုံးဖြင့်။ ယာပယ၊ ရှင်ပျူရှုယူ မျှတတော်မူပါလော။

အရှင်မင်းမြတ်....အကျွန်ုပ်ရွတ်ယို ပုဏ္ဏားအိုမှာ ရှေးကုသိုလ်ကံ တုံး၍ စုံလုံးမျက်စိ ဘုရားသွားပျက် ကျောင်းသွားခက်အောင် ကွယ်ပျက်လျက် ရှိနေပါပြီ။ ဒုက္ခိတပုဂ္ဂိုလ် ယိုယွင်းတဲ့ ပုဏ္ဏားအိုကို အဖေလို ကရုဏာသက် ပြီး မျက်လုံးတော် တစ်ဘက်ကို အသက်လောက် မေတ္တာပွားလို့ စွန့်စား တော် မူပါမည့်အကြောင်းနှင့် ပုဏ္ဏားကြီးက တောင်းတယ်၊ ထိုအခါ အလောင်းတော်မင်းမြတ်ကလဲ ငါကြံအပ်သောအကြံသည် ကောန် ယံနေ့ မြောက်ပေတော့မည်ဟု ဝမ်းမြောက်ရွှင်ပ မောင်းမမိဿံ ခြွေရံပရိသတ် တို့နှင့်တကွ တစ်ပြည်လုံးဖျက်လာကြသော်လဲ ဆိုင်းတွ ယုတ်လျော့ခြင်း မရှိ မူ၍ သဗ္ဗညုတဉာဏ်ကိုသာ အားသန်ရည်ရွယ်ရင်းရှိသည်နှင့် မျက်စိတော် နှစ်ဘက်လုံးကိုပင် ဆုံးပဒေ စိတ်တော်ထားပြီးတော့ သနားကြည်ဖြူ ပုဏ္ဏားအိုကိုသာ တုံတ်ဖောက်၍ လှူတော်မူလို၍-

န မေ ဒေဿ ဥဘောစက္ခူ၊ အတ္တာနံ မေ န ဒေဿိတော။
သဗ္ဗညုတံ ပိယံ မယှံ၊ တသ္မာ စက္ခုံ အဒါသဟံ။

ဗြာဟ္မဏ၊ ဒုက္ခပူပင် စိတ်ငြိုငြင်လှသည့် မျက်မမြင် ပုဏ္ဏားအို။ မေ၊ ငါ၏။ ဥဘောစက္ခူ၊ ပတ္တမြားကျောက်မျက်အသွင် ချစ်ခင်စုံမက်လှသော မျက်လုံးတော်နှစ်ဘက်တို့ကို။ နဒေဿ၊ ပျက်ပစေအဆုံး မေတ္တာတုံးလှ သဖြင့် မုန်း၍ လှူသည်လည်းမဟုတ်။ မေ၊ ငါ၏။ အတ္တာနံ၊ ရွှေတုံး ခန္ဓ ဆိုင် ကြံ့ခိုင်ဖြိုးဝါ ကိုယ်ခန္ဓာကို။ နဒေဿယော၊ ညစ်ညစ်တုန်းတုန်း အပြစ်ဖုံးသဖြင့် နှလုံးနောက်ကျိ အမုန်းရှိသည်လည်းမဟုတ်။ မယှံ၊ ငါ သည်။ သဗ္ဗညုတံ၊ သံသရာဝဋ် ဘဝညွှတ်မှ မလွတ်နိုင်ကြ ဝေနေယျကို ကယ်မနိုင်ရန် သဗ္ဗညုတဉာဏ်ကို။ ပိယံ၊ မျက်စိထက်ဘိုး ဆဘပိုးပင် မြတ် နိုးမင်မင် လွန်ချစ်ခင်၏။ တသ္မာ၊ ထိုကြောင့်။ အဟံ၊ ငါသည်။ စက္ခုံ၊ ပတ္တ မြားတရှိ မချိမနော နှမြောစုံမက် မျက်လုံးတော်နှစ်ဘက်တို့ကို။ အဒါသိ၊ နှစ်သက်ကြည်ဖြူ ပေးစွန့်တော်မူပါ၏။

(ပဉ္စမအကြိမ်)

ဤဂါထာဖြင့် ပဋ္ဌာနာ အမိန့်ပြန်ပြီးတော့ သဗ္ဗညုတ ဉာဏ်တော်ကို သာလျှင် ဆုပန် မြွက်ကြားလျက် အလှူခံပုဂ္ဂိုလ်အား စွန့်စားတော်မူခဲ့ တယ်၊ လူ့ဇာတ် လူ့ဘဝကိုမဆိုနှင့်ဦး တိရစ္ဆာန်ဘဝ ယုန်မင်းဖြစ်တော်မူ တဲ့ အခါတုန်းကလဲ စွန့်နိုင်ခဲ့လှသော ကိုယ်နှင့်အသက်ကို ရက်ရက်ကြီး စွန့်တော်မူခဲ့ဖူးလေပြီ၊ဘယ်လိုစွန့်ပါသလဲလို့ဆိုတော့–တစ်ခုသောတောချုံ အောက်မှာ ဖျံ၊ ခြေခွေး၊ မျောက် မိတ်ဆွေချင်းသုံးယောက်တို့နှင့် တကွ ပေါင်းသင်းနှီးနှောပြီးတော့ လှူသင့်သောဝတ္ထု တစ်ခုခုတို့ကို ရှုံးစုဖွေရှာ လို့ အလှူခံပေါ်လာလျှင် လှူဒါန်ပြု ကောင်းမှုမျိုးချကြရမယ်လို့ ဘုရား အလောင်းယုန်မင်းက ဆုံးမဩဝါဒပေးတော်မူတယ်။

ထိုအခါ ကိုယ်စီကိုယ်ဖျ မှာလဲ ငါးကြင်းတစ်စီး၊ ခြေခွေးမှာလဲနို့ဓမ်း အိုးဖွတ်ကင်၊ မျောက်-မှာလဲ ဗန္ဓရသရက်သီး၊ အသီးသီး လှူဒါန်းဖွယ် ရှာ မှီးပြီး ထားကြတယ်၊ အလောင်းတော်ယုန်မင်းမှာတော့ အကယ်၍ငါ့ထံမှာ အလှူခံပုဂ္ဂိုလ်ပေါ်ပေါက်လို့လာခဲ့ပါမူ အချည်းနှီးလက်ချည်းသာမပြန် စေရပဲငါ့ကိုယ်ကိုသာနှင်းဆက်ပြီးအသက်အလှူပေးရသော်အလှူခံပုဂ္ဂိုလ် များလဲ အားပါးတရသုံးဆောင်ကြမဟာပဲလို့ကြံနိုင်ခဲ့တဲ့အကြံကို ကြံပြီး အလှူခံပုဂ္ဂိုလ်ကို မျှော်လင့်ကာ အသင့်ပြင်ဆင်လို့နေတယ်၊ ထို့ကြောင့်-

ယဒိ ကောစိ ဧတိ ဒက္ခိဏေယျော၊ ဘိက္ခာယ မမ သန္တိကံ။
ဒဇ္ဇာဟံ သကမတ္တာနံ၊ န သော တုစ္ဆော ဂမိဿတိ။

မမ၊ ငါ၏။ သန္တိကံ၊ နေရာချုံနား အနီးအပါးသို့။ ဘိက္ခာယ၊ အာဟာရ ရည်မှန်း တောင်းရမ်းခြင်းငှာ၊ ကောစိ၊ တစ်စုံတစ်ယောက်သော။ ဒက္ခိဏေယျော၊ အလှူခံသီလဝန် ပုဂ္ဂိုလ်မွန်သည်။ ယဒိဧတိ၊ အကယ်၍ လာသည်ဖြစ်အံ့။ အဟံ၊ ငါသည်။သကံ အတ္တာနံ၊ဘစ်ယောက်စားသော ဝလောက်တန်ရာ ငါ့ခန္ဓာကို၊ ဒဇ္ဇံ ဒဒါမိ၊ မီးပုံမှာနုပ် ဆူနွှးနုပ်မှ ဆက်ကပ် ကြည်ဖြူ ငါပေးလှူအံ့။သော ဒက္ခိဏေယျော၊ထိုအလှူခံပုဂ္ဂိုလ်မွန်သည်။ တုစ္ဆော၊ လက်သာကိုယ်ကျွတ် အလွတ်ဗလာ ကိုယ်ချည်းသာလျှင်။ န ဂမိဿတိ၊လိုရာမရ စိတ်မမျှဘဲ အာဟာရဆာ အာသာမပြေ မသွားစေအံ့။

အဲသို့လိုကြံနေတုန်းကို သိကြားမင်းက ချက်ချင်းဆင်းလာပြီး အာဟာ ရ လိုလေဟန်နှင့်ပုဏ္ဏားလိုအသွင်ဖန်လိုမို့ လေးယောက်သားတို့ အထံမှာ အလှူဝင်ပြီးတော့ ခံလာတယ်၊ ထိုအခါ ဖျံ၊ ခြေခွေး၊ မျောက်သုံးယောက်

သောအဖော်သားတို့မှာမလာမီရှေးအခါကပင်ရှာဖွေထားကြသည့်နှင့်လက်ရှိ အလှူဝတ္ထုများကို ပုဏ္ဏားအား အလှယ်တကူပင်ပြင်ဆင်၍ လှူကြတယ်။

အလောင်းတော် ယုန်မင်းအထံသို့ရောက်လာသောအခါ အရှင်ပုဏ္ဏား အသင်ပုဏ္ဏားလဲ ငရဲမလား ငါ၏အသားကိုလဲ စားရစေတော့ ငါ၏ဒါနလဲ ကြံသမျှအထမြောက်စေတော့ နှစ်ယောက်လုံးပင် အကျိုးနပ်လေအောင် ငါ့ကိုယ်ကို မီးနှင့်သတ်ပြီး နူးနပ်အောင်ဖုတ်ကင်လို့ ယုန်ကင်ကိုသာ လှူလိုပါတယ်၊ ထင်းကိုသာစုဝေး၍ မီးမွှေးတော်မူပါလို့ဆိုပြီးတော့ရဲရဲတောက် အလျှံပြင်းလှတဲ့ သိကြားမင်းဖိုထားတဲ့ မီးဖိုတွင်းသို့ လျင်မြန်စွာခုန်ဆင်း၍ တင်းတင်းကြီး သဒ္ဓါမကွက်ဘဲ အသက်အလှူ ပေးတော်မူတယ်၊ ထို အကြောင်းကို ပြလို၍—

ဆဝိံ စမ္မံ မံသံ နှာရု၊ အဋ္ဌိံ ဟဒယဗန္ဓနံ။
ကေဝလံ သကလံ ကာယံ၊ ဗြာဟ္မဏဿ အဒါသဟံ။

လို့-ဟောတော်မူတယ်။

အဟံ၊ ငါသည်။ ဆဝိံ စ၊ နုနယ်ညက်ထွား အရေပါးကိုလည်းကောင်း။ စမ္မဥ္စ၊ ညို့ပျော့ဖွေးဖြူ အရေထူကိုလည်းကောင်း။ မံသဥ္စ၊ ဆူဆူပျော့နု အသားစုကိုလည်းကောင်း။ နှာရုံစ၊ ရသာပျံ့လှောင်း အကြောပေါင်းကို လည်းကောင်း။ အဋ္ဌိံစ၊ နူဖြူပျော့ပျောင်း အရိုးပေါင်းကိုလည်းကောင်း။ ဟဒယဗန္ဓနဥ္စ၊ အဆီပြန့်ပွား နှလုံးသားကိုလည်းကောင်း။ ကေဝလံ၊ ညစ် ကြေးမဖက် သက်သက်ပြစ်ကင်း စင်သန့်ရှင်းသော။ သကလံ ကာယံ၊ မကျန်သိမ်းရုံး တစ်ကိုယ်လုံးကို။ ဗြာဟ္မဏဿ၊ ပုဏ္ဏားအဟုန် သိကြား ဖန်သည့် အလှူခံရပ် သူတော်မြတ်အား။ အဒါသိ၊ သဒ္ဓါဟုန်တင်း မီးပုံတွင်းသို့ ခုန်ဆင်းကြည်ဖြူ စွန့်ကြဲတော်မူခဲ့လေပြီ။

အဲ-သည်လို တိရစ္ဆာန်ဘဝမှာယုန်ဖြစ်စဉ်အခါကာလတုန်းကလဲ ဝေနေယျတို့၏ အတွက်ကြောင့် အသက်နှင့်တကွ မိမိ၏ကိုယ်ကာယကို အာဟာရ ပြုလုပ်စေဖို့ မဆုတ်မတွန့် မရွံ့မလွှဲဘဲ သိကြားမင်းဖိုထားတဲ့ မီးဖိုထဲသို့ ရဲရဲ ကြီးခုန်ချပြီးတော့ ဇီဝိတဒါနမျိုးကိုစိုက်ပျိုးတော်မူခဲ့ရတယ်၊ ဘဝဆုံးလုနီး အကျ "ဝေဿန္တရာမင်းကြီး" ဖြစ်ရတုန်းအခါကာလမှာတော့ ပါရမီတော် ကလဲရင့်မာကျင့်ရတာကလဲ ကြာခဲ့လှတာမို့ အထုံတွေပါလာလို့ထင့်ရှစ်နှစ် သားလောက်အရွယ်သို့ ရောက်လာယင်ပင် အင်မတိ-အင်မတန်သူတစ်ပါးတို့ ကြံဝံ့ခဲသောအကြံကို ကြံတော်မူတယ်၊ ဘယ်လိုကြံပါသလဲလို့ ဆိုတော့-

(ပဥ္စမအကြိမ်)

ဟာဒယံ ဒဒေယျံ စက္ခုံ၊ မံသမ္ပိ ရုဟိရမ္ပိ စ။
ဒဒေယျံ ကာယံ သာဝေတွာ၊ ယဒိ ကောစိ ယာစယေ မမံ။

ကောစိ၊ တစ်စုံတစ်ယာ သာဟာချေင် အလှူခံသည်။ မမံ၊ ငါ့ကို။ ယဒိ ယာ စယေ၊ တကယ်လိုလား တောင်းလာငြားအံ့။ အဟံ၊ ငါသည်။ ဟဒ္ဒယမ္ပိ၊ ရင်မှာရှိငြား နှလုံးသားကိုလည်းကောင်း။ စက္ခုမ္ပိစ၊ ကြည်လင်ရွှန်းစက် မျက်လုံးတော် နှစ်ဖက်ကိုလည်းကောင်း။ မံသမ္ပိစ၊ စိမ်းရှင်လတ်လတ် အသားတော်မြတ်ကိုလည်းကောင်း။ ရုဟိရမ္ပိစ၊ ရဲရဲနီထွေး ငါ၏သွေးကိုလည်းကောင်း။ ဒဒေယျံ၊ မနှေးလွယ်ကူ ပေးစွန့်လှူအံ့။ ကာယမ္ပိ၊ အသက်ပါကျုံး တစ်ကိုယ်လုံးလည်း။ ယဒိယာဝယေ၊ အကယ်လိုလား တောင်းလာငြားအံ့။ သာဝေတွာ၊ ကျွန်လုပ်ပစေ မသွေမငြင်း စာရင်းသွင်း၍။ ဒဒေယျံ၊ အလေးတမူ ငါပေးလှူအံ့။

အဲ-သည်လိုအရွယ်နှင့်မလိုက်ဘဲ ကြံနိုင်ခဲ့တဲ့အကြံကို ရဲရဲကြီးကြံတော်မူတယ်၊ ထိုအခါ နှစ်သိန်းလေးသောင်း အထုချိသော ဤမဟာပထဝီမြေကြီးသည် ဘုရားအလောင်းတော်၏ အံ့ချီးဖွယ်ရှိလောက်သော အကြံသဗ္ဗညုတဉာဏ်ကို ရည်သန်တောင့်တပြီး ဝေနေယျတို့၏ အတွက်ကြောင့် ကိုယ့်အသက် ကိုယ့်ကာယကိုမှ မငဲ့ကွက် မထေ့ဆနိုင်ဘဲ အပင်ပန်းခံတော်မူရခြင်းကို လွန်မင်းစွာ ကရုဏာပွားလို့မို့ သနားလှတဲ့ အမူအရာနှင့် စကြာအိုးထိန်း ရထားဘီးကဲ့သို့ ဟိန်းဟိန်းဒီးဒီး ပဲ့တင်တီးပြီးတော့ ကောင်းကြီးတစ်ကြိမ် ခေါ်ရတယ်။

ထို့နောက် ကြီးပြင်းသောအရွယ်သို့ ရောက်တော်မူတဲ့အခါ မြို့လယ်မြို့ပြင် အလှူခံပုဂ္ဂိုလ်ရှင်တို့ ခင်မင်လောက်စွာ ထွေရာအစုံစုံ အဖုံဖုံအခန်းခန်းတို့ကို လှူဒါန်းနေကျဖြစ်တဲ့ မင်္ဂလာ တန်ဆောင်းတော်ဘို့ကို ပစ္စယဆင်တော်နှင့် လှည့်လည်၍ ကြည့်ရှုတော်မူသော အခါမှာ...ကာလိင်္ဂတိုင်းသား ပုဏ္ဏားရှစ်ယောက်တို့က လက်မြှောက်ဦးတင်လျက် 'အရှင်မင်းမြတ်....ကျွန်တော်မျိုးတို့ တိုင်းရပ်မှာ မိုးပြတ်ရေရှား စပါး,ဆန် ဆွံ့ပါးလို့မို့ အစားအစာလစ်လပ် တစ်ပြည်လုံး အကုန်ငတ်ချေပြီ၊ စီးတော်မြတ် ယာဉ်ကျော်ပစ္စယဆင်တော်ပျံကိုမှ ကျွန်တော်မျိုးတို့မရခဲ့လျှင် မုချအားလုံး တစ်ပြည်လုံး ပြုန်းပါတော့မယ်၊ ကယ်မကြည်ဖြူ ဆင်တော်ကို လှူပါမှသာ ပြည်သူပြည်သား အာဟာရပေါများလို့မို့ တိုးပွားသုခ ချမ်းသာရ ရပါတော့မယ်ဘုရား....'လို့ ပုဏ္ဏားတော် စေတမန်တို့က ဆင်ဖြူတော်ကို အလှူခံ

(ပဥ္စမအကြိမ်)

လ ကြတယ်၊ ထိုအခါ အလောင်းတော် မင်းမြဘ်ကလဲ မွန်မြတ်သော စိတ်ထားနှင့် ကရုဏာအလွန်ပွားသဖြင့် သနားတော်မူလှ၍ ပစ္စယဆင် ဖြူကို စွန့်လှူတော်မူလိုက်တယ်၊ ထိုအကြောင်းကို ပြလို၍—

နာဂံ ဂဟေတွာ သောဏ္ဍာယ၊ ဘိင်္ဂါရေ ရတနာမယေ။
ဇလံ ဟတ္ထေ အာကိရိတွာ၊ ဗြာဟ္မဏာနံ အဒံ ဂဇံ။

လို့—ဟောတော်မူတယ်။

နာဂံ၊ ရှုချင်စဖွယ် တင့်တယ်ဖြူစင် ပစ္စယ စီးတော်ဆင်ကို။ သောဏ္ဍာယ ငွေကန်တော့သို့ ခွေပျော့ဖြူလျော် နှာမောင်းတော်၌။ ဂဟေတွာ၊ လက် တော်ကွေ့ဆိုင်ချီပွေ့ကိုင်၍။ ရတနာမယေ၊ ကျောက်မျိုးစီမြာ စိန်, နီလာ နှင့် ဝိဝါပြောင်ညီး ရတနာဖြင့် ပြီးသော။ ဘိင်္ဂါရေ၊ သောက်တော် ရေ ထား ရွှေကရား၌၊ ဇလံ၊ အေးမြကြည်လင် သောက်ရေစင်ကို။ ဟတ္ထေ၊ အလှူခံရောက် ဦးမြှောက်တင်ယှက် ပုဏ္ဏားတို့၏လက်၌။ အာကိရိတွာ၊ စောင်းကာငဲ့ယူ သွန်းလောင်းတော်မူ၍။ ဗြာဟ္မဏာနံ၊ အလှူခံပုဏ္ဏား ရှစ် ယောက်သားတို့အား။ ဂဇံ၊ မြင်သူအားလုံး ကြည့်မဆုံးနိုင်တဲ့ ပြည်လုံး ချစ်ခင် စီးတော်ဆင်ကို။ အဒံ၊ သဒ္ဓါဟုန်ပွား ဗိုလ်ပုံတားလည်း ထောင် နားမယူ စွန့်စားတော်မူခဲ့လေပြီ။

အဲ—သည်လို ပစ္စယဆင်တော်ကို စွန့်လှူတော်မူသောအခါ၌လဲ ဤမဟာ ပထဝီမြေကြီးသည် ရှေးကနည်းတစ်ကြိမ် လှုပ်ပြန်တယ်၊ ထိုသို့ဆင်ဖြူတော် မင်္ဂလာကို လှူလိုက်လျှင်ပင် တိုင်းသူပြည်သား လူများ အပေါင်းတို့က သောင်းသောင်းကျွက်ကျွက် အိမ်တိုင်းက ထွက်ကြပြီးတော့ ခက်ကြပေါ့ လူအများတို့ တစ်ပါးသောတိုင်းပြည်မှာ မိုးလေဝသခေါင်းပါးလို့ အစား ဆန်ရေ ရှားပါးကြတယ်လို့ဆိုတာ အခြားဟာကြောင့်မဟုတ်ကြဘူး။ ဆင် ဖြူမင်္ဂလာ စသော ကောင်းမြတ်တဲ့ မင်္ဂလာရတနာ မရှိခြင်းကြောင့်သာ အစစချွတ်ယွင်းပြီး ခေါင်းပါးငတ်မွတ်ခြင်း ဖြစ်ကြတာပဲ၊ ငါတို့တိုင်း ပြည်မှာလဲ အကယ်၍ မင်္ဂလာဆင်ဖြူတော် မရှိပလားလို့ဆိုရင် ထိုတိုင်း သားများနှင့် အတူတူသာ ပူပင်သောက ဘေးဘယထူပြောပြီး ငတ်မွတ်သူ ခေါင်းပါးသူတွေပေါလို့မို့ နစ်မျောခန်းခြောက်ပြီးတော့ တစ်ပြည်လုံး ငါးပါးမှောက်ကုန်ရော့ပေါ့၊ သို့ကလောက် ပျက်စီးဖို့အချက်ကို သည်မင်း ကြီး ပြုမှုပြုရက်လေဘိတယ်၊ အဆက်ဆက် သည်မင်းကြမှုဖြင့် တိုင်းပြည်ပါ

(ပဋ္ဌမအကြိမ်)

ပြုန်းတီးလို့ ပျက်စီးခြင်းသို့ ရောက်ကုန်ကြရော့မယ်၊ စောစောကသုတ်သင်ပြီး တိုင်းပြည်က နှင်ကြမှတော်ကြလိမ့်မယ်လို့ ကြံကြပြီးတော့ သိဥ္စည်းမင်းကြီးထံ စုဝေးလျက် တိုင်းလေးပြည်မှာ သားတော်ကိုလဲ စွန့်လိုစွန့် သို့လိုမဟုတ်က အငုတ်ပါမကြွင်း သင်မင်းကြီးပါသေဘ်လဲ နန်းပေါ်ကဆင်းမလားလို့ အတင်းဗလက် စစ်မက်ခံခု အန္တုမလိုပြုကြရာတွင် သိဥ္စည်းမင်းကြီးကလဲ သွားရင်းကို ချစ်မြတ်နိုးလျက်နှင့်ပင် တိုင်းသား ပြည်သူ တို့၏ ရန်ဘြောင့် ကျွမ်းသူပုန် ပြုကြမည်ကို ကြောက်လှသဖြင့် သားနောက်သို့ မလိုက်စံ့ဘဲ ပြည်ထဲက သားကိုနှင်ပါတော့မယ်လို့ ပဋိညာဉ်ပြုလိုက်ရတယ်။

ဝေဿန္တရာမင်းမြတ်လဲ ခုနစ်ရက်ခန့်မျှ အခွင့်ခံပြီး လှူဒါန်းရန်ဝတ္ထုဟူသမျှကို အားရအောင်လှူတော်မူ၍ မဒ္ဒီမိဖုရား, သားတော် "ဇာလီ" မင်းသား၊ သမီးတော် "ကဏှာဇိန်" တို့ပါ ခေါ်ပြီး စေတုတ္တရာမြို့ကြီးက ထွက်ခဲ့ကြတယ်၊ ထို့ကြောင့်—

ဟတ္ထိံ အဿေ ရထေ ဒတွာ၊ ဒါသိံ ဒါသံ ဂဝံ ဓနံ။
မဟာဒါနံ ဒဒိတွာန၊ နဂရာ နိက္ခမိံ တဒါ။

လို့—ဟောတော်မူတယ်။

တဒါ၊ ထိုပြည်သူပြည်သား သနားမကြင် နှင်ကြသောအခါ၌။ ဟတ္ထိံ အဿေရထေ၊ ဆင်,မြင်း, ရထားယာဉ်အချားတို့ကိုလည်းကောင်း။ ဒါသိံ ဒါသံဂဝံဓနဥ္စ၊ ကျွန်မိန်းမ, ကျွန်ယောကျ်ား ကျွဲ, နွားဥစ္စာ ရတနာကိုလည်းကောင်း။ မဟာဒါနံ၊ စုံစွာအသီးသီး အလှူကြီးကို။ ဒဒိတွာန၊ အားရှိအားလွန် ပေးမှောက်သွန်၍။ နဂရာ၊ စေတုတ္တရာ သာယာပြောင်ညီးနန်းမြို့ကြီးမှ။ နိက္ခမိံ၊ ဝက်ပါတောင်တန်း မျှော်ကာမှန်းလျက် မင်းခန်းစုံညီ ထွက်ချီတော်မူကြလေပြီ။

အဲ—သည်ကဲ့သို့ နန်းတော်ကဆင်းလို့မို့ မြို့တွင်းကထွက်ပြီးတော့ လူဆက် မပြတ်ခင် တောဘက်သို့ဝင်ခါနီး အရောက်မှာ လမ်းထောက်စခန်းချပြီးတော့ ခမည်းဘော်နှင့်မယ်တော်နှစ်ပါး သိဥ္စည်းမင်းကြီးနှင့် ဖုသတီမိဖုရားကြီးများကို မခွဲဖူးဘဲ ခွဲထားရသည်ကို ကြံဆမိတာကလဲ တစ်ချက်၊ ဘိုးတော် ဘွားတော်တို့၏ လက်ထဲမှာ ကြီးပွားရတဲ့ မြေးများ ဇာလီမင်းသား ကဏှာဇိန် မင်းသမီးငယ်များကလဲ ဘိုးဘွားကိုခွဲခဲ့ရသည့်အတွက် မျက်နှာမကြည်မလင် မရွှင်မသာငိုယိုကာ တသကြတာကလဲတစ်တန်, မဒ္ဒီမိဖုရားကိုကြည့်လိုက် ပြန်တော့ကာလဲ ပုံဟန်မလှမရွှင်မသာသည်ကိုမြင်တာ

(ပဥ္စမအကြိမ်)

ကလဲတစ်ဖုံ့ ထီးစုံကနက် ပြွန်းပြွန်းပြက်နှင့် ကျောက်မျက် စိန်ရောင် နန်းဘုံဆောင်တို့ကလဲ လောင်လုဘနန်း အဆန်းဆန်းနှင့် လျှံလျှံထိန်ညီး စံမြန်းလို့မှ မငြီးနိုင်ဘဲ စေတုတ္တရာ နန်းမြို့နှင့်တကွ ဆွေကြီး မျိုးကြီး သွေးနီးသားပေါင်း တို့ကို နောက်ကြောင်း ပြန်တွေးပြီးတော့ တရေးရေး လွမ်းဆွတ်တော်မူတာလဲ တစ်ကြောင်း အကြောင်းကြောင်း အဖုံဖုံ သောကမီးအပူဆုံလှ၍ အင့်ရင့်မာပြီးဖြစ်တဲ့ အလောင်းတော်ဗောဓိလျှာမှာ ပူဆာလေးကြပ် လမ်းဖြောင့်အောင် မသွားတတ်နိုင်လို့မို့ ငေးမှိုင်ဆွေးရိကာ စေတုတ္တရာမြို့ကြီးကို ပြန်လှည့်ကာ ကြည့်မိသေးတယ်၊ အဲ–ထိုအခါမှာလဲ နှစ်သိန်းလေးသောင်း အထုရှိသော မြေပထဗျာသည် ဗောဓိကလျှာ၏ ဒုက္ခ ဝေနေယျတို့၏ အတွက်ကြောင့် ဖြစ်ပျက်တော်မူရသည်ကို လူမျှမကသန့်ဘးလှ၍ သက်ရှိသော အသားကဲ့သို့ ချုပ်တားလို့မနိုင်သလို အောက်ရေတိုင်အောင် တုန်ဟည်းပြီးတော့ ထန်သည်းစွာ တစ်ကြိမ်လှုပ်ပြန်တယ်၊ ထို့နောက်မှ ရထား၊ ဆင်၊ မြင်း၊ စီးနင်းခဲ့သမျှ ယာဥ်ဝေါ ဗလာတို့ကို ယာစကာဘုန်းစားတို့ တောင်းတိုင်း အလှူခံတိုင်း ပေးခဲ့သဖြင့် အကြွင်းမဲ့ကုန်ခန်းလို့ လေးယောက်သား ခြေကျင်လှမ်းကြမယ်လို့ ရှိကြရာတွင် မဒ္ဒီ မိဖုရားအား ပေါ့သော သမီးငယ်ကိုချီစေပြီး ဝေဿန္တရာမင်းကြီးမှာ လေးတဲ့သား ဇာလီကိုချီပြီး ကိုယ်စီဝန်ထမ်း ယာဥ်မပါဘဲ ခြေကျင်သာ လှမ်းကြရတယ်၊ ထိုကြောင့်–

> တံ့ မဒ္ဒီ ဂဏှ ဂဏှာဟိ၊ လဟုကာ ဧသာ ကနိဋ္ဌိကာ။
> အဟံ ဇာလိံ ဂဟေဿာမိ၊ ဂရုကော ဘာတိကော ဟိ သော။

လို့–ဟောတော်မူတယ်။

မဒ္ဒီ၊ မျောက်သားဒေဝီ မယ်မဒ္ဒီ၊ တံ၊ သင်က။ ကဏှ-သမီးမျက်ရှိန်ကဏှာဇိန်ကို။ ဂဏှာဟိ၊ ပိုက်မှီအသာ ချီပွေ့ပါလော။ ဧသာ ကနိဋ္ဌိကာ၊ အရွယ်နုနယ် ဤနှမငယ်သည်။ လဟုကာ ချီလွယ်စရာ ပေါ့ပါးပါ၏။ အဟံ၊ ငါသည်။ ဇာလိံ၊ ဇာလီရွှေသီး သားအကြီးကို။ ဂဟေဿာမိ၊ ထမ်းဆောင်ပွေ့ကာ ချီခဲ့ပါအံ့။ သော ဘာတိကော၊ ထိုဇာလီသည်းခေါင်ကဏှာ့မောင်သည်။ ဂရုကော၊ အငယ်ထက်ပင် လေးအံ့ထင်၏။

ဤကဲ့သို့ သားသမီးနှစ်ယောက်ကို တစ်ယောက်စီချီပြီးတော့ မညီမညာကြမ်းမာခက်တောင်းမြေခယောင်းနှင့်လမ်းကောင်းမရခြေနာကျင်လောက်

အောင် ဆူးပင်ကိုနင်းသွားရလိုသွားရ ချောမွေ့ညက်ပြောင်း ကွေ့မြောင်း စောင်းနှင့် လမ်းကောင်းကို တွေ့တဲ့အခါတွေ့ရ တဖြည်းဖြည်း ဝင်္ကပါ တောင်သို့သာ ရောက်လွယ်အောင် သွားကြရတယ်။ ထိုကြောင့်-

အဘိဇာတာ သုခုမာလာ၊ ခတ္တိယာ စတုရော ဇနာ။

ဝိသမာသမံ အက္ကမန္တာ၊ ဝင်္ကံ ဂစ္ဆာမ ပဗ္ဗတံ။

လို့ ဟောတော်မူတယ်။

အဘိဇာတာ၊ မျိုးနွယ်ထင်ရှား နန်းတွင်း၌ မွေးဖွားကြကုန်သော။ သုခုမာလာ၊ ဖဝါးခြေသွယ် အလွန်လည်းနူးနယ်ကြကုန်သော။ ခတ္တိယာ၊ ထီးနေနန်းရိုး မန္ဓမ်းညွှန်းသဖြင့် မင်းမျိုးလည်း ဖြစ်ကြကုန်သော။ စတုရောဇနာ၊ ဝေဿန္တရာ, ကဏှာ, ဇာလီ, မဒ္ဒီမိဖုရား မင်းလေးပါးတို့သည်။ ဝိသမာသမံ၊ ညီကာမညီ သီကရိုနှင့် မဟီဒသောင်းကြမ်း ခယောင်းလမ်းကို။ အက္ကမန္တာ၊ ကျင်နာခဆွေ့ခုန် နင်းရကုန်လျက်။ ဝင်္ကံပဗ္ဗတံ၊ အခွန့်ဝေး ကွာ ဘေးဘယာနှင့် ဝင်္ကပါတောင် သခ်မ်းချောင်သို့။ ဂစ္ဆာမ၊ ဆွေး ဗျာဆူအုံ သွားရကုန်၏။

အဲ-သည်လို ဝင်္ကပါတောင်တန်းကိုသာ ရော်ရမ်း မှန်းထားပြီးတော့ တောလမ်းခရီးကို သွားကြလေသောအခါ ခရီးအကြားတွင် အသီးအပွင့် အရင့်အကင်း ဝင်းဝင်းထိန်ထိန် ပင်ချင်းလိန်မျှ စိမ့်ကြီးမြိုင်ကြီး သစ်ပင် ကြီးပွဲ့ အပေါ်မှာရှိတဲ့ အသီးအပွင့် အချင့်အငုံတွေကို မြင်ရလျှင်ပင် လို ချင်တဲ့ဆန္ဒနှင့် သားငယ် သမီးငယ်တို့က တောင့်တ ငိုကြွေးကြတယ်၊ ထို အကြောင်းကို ပြလို၍-

ယဒိ ပဿန္တိ ပဝနေ၊ ဒါရကာ ဖလိနေ ဒုမေ။

တေသံ ဖလာနံ ဟေတုမှိ၊ ဥပရောဒန္တိ ဒါရကာ။

လို့ ဟောတော်မူတယ်။

ပဝနေ၊ လမ်းစဉ်ခရီး တောမြိုင်ကြီး၌။ ဖလိနေဒုမေ၊ သီးပွင့်စည်လင် ပန်းသစ်ပင်တို့ကို။ ဒါရကာ၊ ဇာလီ,ကဏှာ သည်းချာနုနယ် ကလေးငယ် တို့သည်။ ယဒိပဿန္တိ၊ ရှုဖွယ်စည်လင် အကယ်၍ မြင်ကြကုန်သည်ဖြစ်အံ့။ တေသံဖလာနံ၊ ထိုထိုငုံသီး ထိန်ထိန်ညီးတဲ့ သစ်သီးသစ်ပွင့်တို့ကို။ ဟေ တုမှိ၊ ကစားကလူ တအားယူ၍ သွားချူပါတောင်း ရလိုကြောင်းနှင့်။ ဥပရောဒန္တိ၊ ကျောက်ကန်လက်လှမ်း အော်မြည်တမ်း၍ ပင်ပန်းလှိုက်ခုန် ငိုကြကုန်၏။

(ပဉ္စမအကြိမ်)

ထိုအခါ တောစောင့်နတ် တောင်စောင့်နတ်ကောင်း ရက္ခစိုးအပေါင်းတို့က စောင်းကာန္တကာ လက်လှမ်း ဆွတ်သာ, မီသာအောင် သနားတဲ့ ကရုဏာနှင့် သစ်ပင်ကို ညွတ်ကိုင်းလို့ ပေးကြရှာတယ်၊ ထိုကြောင့်—

ရောဒန္တေ ဒါရကေ ဒိသွာ၊ ဥဗ္ဗိဂ္ဂါ ဝိပုလာ ဒုမာ။
သယမေဝေါဏမိတွာန၊ ဥပဂစ္ဆန္တိ ဒါရကေ။

လို့ ဟောတော်မူတယ်။

ရောဒန္တေ၊ ပူဇာလိုက်ဆူ တောလုံးအူအောင် ကြူကြူသံပေါင်း ငိုယိုကာ တောင်းကြကုန်သော။ ဒါရကေ၊ဇာလီ,ကဏှာ လွန်စွာနုနယ် ကလေးငယ်တို့ကို။ ဒိသွာ၊ သစ်ပင်တောရပ် စောင့်နေကြပ်တဲ့ နတ်မြတ်ဗိုလ်ပုံ မြင်ကြကုန်၍။ ဥဗ္ဗိဂ္ဂါ၊ မမှီလက်မြှောက် တန်းစီလျှောက်၍ ပင်စောက်ရှိမှန် မြင့်ကြကုန်သော။ ဝိပုလာ၊ လုံးပတ်လက်ကိုင် မဖက်နိုင်အောင် ကြီးခိုင်ပြန့်ပွား အလွန်လည်း စည်ကားကုန်သော။ ဒုမာ၊ ဖူးပွင့်စုံညီ ငုံစီစီနှင့် မြင့်သည်ထီးတည်း သစ်ပင်ကြီးတို့သည်။ သယမေဝ၊ လူမနှိမ်ရ ဦးနှိမ်ချ၍ ဝပ်ခသလို အလိုလိုသာလျှင်။ ဩဏမိတွာန၊ သီးပွင့်စုံတွဲ အကုန်နွဲ့လျက် ကျဝဲဝိုက်အုံ ညွတ်ကြကုန်၍။ ဒါရကေ၊ ကြူကြူငိုကြွေး ယူလိုရေးနှင့် ပူဆွေး ကျွယ်ကျွယ် ကလေးငယ်တို့ကို။ ဥပဂစ္ဆန္တိ၊ ဆွတ်ပါ့-ဆွတ်ပါ့ မဆိုကလဲ ဆိုကြပမာ ချဉ်းကပ်လာကြပေကုန်၏။

အဲ-ဤကဲ့သို့ တဖြည်းဖြည်း သွားကြလေက နတ်များတို့၏ တန်ခိုးကြောင့် ဘေးမျိုးကင်းပ မကြောင့်ကြရဘဲ ထွက်ခဲ့ကြတဲ့ နေ့၌သာ စေတတိုင်း ဆွေတော် မျိုးတော်တို့ရှိရာ အရပ်သို့ ဆိုက်ကပ်လာကြ၍ ဆွေမျိုးအပေါင်းတို့က ကောင်းမြတ်သော ပဋိသန္ဓာရစကားဖြင့် ဝင်္ကပါတောင်သို့ မသွားရအောင် များစွာတားမြစ်ကြပါသော်လဲ မနေကြဘဲ တစ်ဖန်ထိုဘိုင်းက သွားကြပြန်မှ ဝင်္ကပါတောင်ယံသို့ ရောက်ကြတယ်။

ထိုတောင်မှာလဲ မင်းလေးပါးတို့ မရောက်ကြခင်ကပင် ဝိသုကြုံနတ်သားကို သိကြားက စေခိုင်းလေတော့ ရသေ့ရဟန်းတို့၏ ပရိက္ခရာသက်နှင်း, ကျောင်း အရိပ်နေရာနှင့်တကွ ချိုးသောက်စရာရေကန်ရေတွင်းတို့ကိုမကြွင်း မကျန် နတ်သားကစီမံပြီးရှိနှင့်သဖြင့် အဆင်သင့်ကြုံတွေ့လို့ရောက်ကြသော နေ့၌ပင် ရသေ့ရဟန်းပြုပြီးကာလ သောကမကင်း ပူဆွေးခြင်းတို့ကို အချင်းချင်းတရားဖြေလို့မို့ ချမ်းသာစွာနေကြရဘယ်၊ ထိုအကြောင်းကို ပြလို၍-

(ပဥ္စမအကြိမ်)

အဟဉ္စ မဒ္ဒိဒေဝီစ၊ ဇာလီ ကဏှာဇိနာ ဥဘော။
အညမညံ့ သောကနုဒါ၊ ဝသာမ အဿမေ တဒါ။
လို့ ဟောတော်မူတယ်။

တဒါ၊ ထိုဝေဿန္တရာ မဟာဓမ္မရာဇ် ငါ ဖြစ်တော်မူသော အခါ၌။ အဟဉ္စ၊ ဝေဿန္တရာမင်းသည်လည်းကောင်း။ မဒ္ဒိဒေဝီစ၊ ငါ၏မျောက်သား မိဖုရား မဒ္ဒီသည်လည်းကောင်း။ ဥဘော၊ ငယ်စွာနုသြောက် မောင်နှမ နှစ်ယောက်ဖြစ်ကုန်သော။ ဇာလီကဏှာဇိနာစ၊ ဇာလီ့ကဏှာ သည်းချာ ရွှေဥ သားမျက်ရှုတို့သည်လည်းကောင်း။ အညမညံ၊-အညောအညဿ၊ တစ်ယောက်သည် တစ်ယောက်၏။ သောကနုဒါ၊လွမ်းဗျာချိုးနှိမ် ညှိုးမှိုန် ညီးတောက် စိုးရိမ်ခြင်းကို ပယ်ဖျောက်ကုန်လျက်။ အဿမေ၊ တောင် ဝင်္ကပါ လူမပြွမ်းတဲ့သခ်မ်းသာ၌။ ဝသာမ၊ နေကြရကုန်၏။

အဲ့သည်လိုလေးယောက်လုံး ဈေ့ာတေသက်န်းနှင့် ရသေ့ရဟန်းပြုပြီး မှ မဒ္ဒီကလဲ သားသမီးနှစ်ယောက်နှင့် သခ်မ်းကျောင်း တခြား ဝေဿန္တရာ မင်းကလဲ တစ်ယောက်တည်း သခ်မ်းကျောင်းတစ်ခုနှင့် အသီးအသီးနေကြ ပြီးတော့ ဝေဿန္တရာမင်းမှာ ကလေးငယ်နှစ်ယောက်ကို ထိန်းသိမ်းစောင့် ရှောက်လို့ သခ်မ်းကျောင်းက နေရစ်ရတယ်၊ မဒ္ဒီမှာတော့ နံနက်စောစော ကပင့်သစ်သီးချူစရာတံချူကတစ်ချောင်း, ခေါင်းပေါ်မှာ သစ်သီးထည့် ဖို့ တောင်းကဲ့တစ်လုံး, ပခုံးက သစ်နက်ရေတစ်ချပ်, ခေတ်တော့ သောက် စရာ ရေကရား,ဓားနှင့်ချိတ်ကောက်,တောက်တောက်ဘိုတို့ တချို့ကို လက် ကဆွဲ တောင်းထဲကိုလဲ တချို့ကိုထည့် ပခုံးနှင့်လဲဘချို့ကိုထမ်းလို့ တော တန်းမြိုင်ကြား ဝင်္ကပါတောင်၏ အနီးအပါးမှာ တစ်ယောက်ဘည်း သွားပြီးတော့ သစ်သီးသစ်ဥများ ရှာဖွေလို့ ကျောင်းမှာနေကြတဲ့ ဝေဿန္တ ရာ မင်းကြီးနှင့်တကွ သားအဖသုံးယောက်ဘို့ကို လုံလောက်အောင် ပြုစု မွေးကျွေးတယ်၊ ထိုအကြောင်းကိုပြလို၍-

ဒါရကေ အနုရက္ခန္တော၊ အသုညော ဟောမိ အဿမေ။
မဒ္ဒီ ဖလံ အာဟရိတွာ၊ ပေါသေတိ သာ တယော ဇနေ။
လို့ ဟောတော်မူတယ်။

အဟ်၊ ဈေ့ာတေဝတ်ဝါဆံကျစ်လွှာနှင့် ငါဝေဿန္တရာ ရသေ့သည်။ ဒါရကေ၊ ဇာလီ့ကဏှာ သည်းချာရင်သြောက် ရသေ့ငယ်နှစ်ယောက်တို့

ကို။ အနုရက္ခန္တော၊ နေ ပူစပ်ခါး မသွားမှလယ် အန္တရာယ်ဝေးပျောက် ဘေးမရောက်အောင် စောင့်ရှောက်ထိန်းသိမ်းလျက်။ အဿမေ၊ ဝက်ပါ တောင်ဝှမ်းကျောင်းသခ်မ်း၌။ အသုညော၊ မဆိတ် အေးမြ နေရစ်ရသည်။ ဟောမိ၊ ဖြစ်၏။ သာမဒ္ဒိ၊ ငါးပါးမလွှတ် မယားဝတ်နှင့် မချွတ်စုံညီ ထို မဒ္ဒီသည်။ ဖလံ၊ ကောင်းနိုးရာရာနှစ်ရသာနှင့် ဝင်းဝါထိန်ညီး တောသစ်သီး ကို။ အာဟရိတွာ၊ဖော်ခွေမပါ ဟောမဝ့ါတွင် ဖွေရှာမပျင်းယူဆောင်ကြဉ်း ၍။ တယောဇနေ၊ ဝက်ပါတောင်စောင်း သခ်မ်းကျောင်း၌ကိန်းအောင်း ပျော်ပါး သုံးယောက်သားတို့ကို။ ပေါသေတိ၊ နေ့ရက်တာရှည် ကျွေးမွေး ပေ၏။

ဤသို့နေ့ရှည်ရက်ကြာနေကြသောအခါ တစ်နေ့သ၌ မဒ္ဒီမိဖုရားသစ်သီး ရှာသွားခိုက်တွင် ဇူဇကာပုဏ္ဏားကြီးသည် ဝေဿန္တရာမင်းကြီး၏ သားငယ် သမီးငယ်များကို ကျွန်အရာထားလို့မို့ စေစားချင်လှတယ်၊ လိုက်သွားပြီး တော့ အလှူခံချေရမယ်လို့ သူ့ခင်ပွန်းမက တိုက်တွန်းလှတာနှင့် မနေသာ လို့ လိုက်လာပြီး အလှူခံလာတယ်၊ ထိုအခါ ဇာလီမင်းသားကလဲ အနီး အပါးတွင် ရှိသည်နှင့် ငါတို့ဖခင်သည် ငါတို့မောင်နှမနှစ်ယောက်ကို ပုဏ္ဏားကြီးလက်သို့ ဆက်ဆက်လှူလိုက်တော့မှာပဲလို့ သိသဖြင့် နှမငယ်ကို ခေါ်ခဲ့ပြီး မောင်နှမနှစ်ယောက် ရေကန်တွင်းသို့ ဆင်းသွားပြီး ကြာပင် ကြားထဲမှာ ပုန်းပြီးနေကြတယ်၊ ခမည်းတော်မင်းကြီးကလဲ သားတော် သမီးတော်များကို ပုဏ္ဏားကြီးအား လှူတော့မယ်ကြံလို့မို့ နောက်ပြန် ကြည့်တော့ကာ အနီးတွင်မရှိကြ၍ ချိုမြသာယာ ချော့မော့ကာဖြင့်ဖခင်၏ ပါရမီကို ကူညီလို့ဖြည့်ကြပါမယ့်အကြောင်းနှင့် တောင်းပန်ပြီးလိုက်ခေါ် လာတယ်၊ ထိုအခါ ဇာလီမင်းသားကလေးကလဲ ရှေးဖျားမဆွ ဘဝဘဝက ဖြည့်ကြတဲ့ပါရမီရင့်မာပြီးဖြစ်ခဲ့သည့်ကာလတစ်ကြောင်း၊ဖခင်ကိုချစ်ခင်သော အားဖြင့် သနားကရုဏာ ရှိလှသည်ကလဲ တစ်ဘန် အကြောင်းကြောင်း မျှော်ကြံလို့မို့ တစ်ကြိမ်တစ်ဖန်မျှ ဖခင်၏ ခေါ်သံကို ကြားရလျှင်ပင် ပုဏ္ဏားလှူမယ့်အရေးကို သေဘေးလောက်ကြောက်ရွံ့သော်လဲ ဖြုန်းခနဲ ထပြီး နှမကိုလက်ကဆွဲလို့မို့ ရေထဲက တက်လာကြတယ်။

ထိုအခါ ဖခင်က ချစ်သားဇာလီ-ဤပုဏ္ဏားအိုသည် သင်တို့ကို ယူ ဆောင်လို့ မောင်တို့ ဘိုးတော်ဘွားတော်တို့ထံ ရောက်အောင်ပို့ပါလိမ့်မယ် (ပဉ္စမအကြိမ်)

ရောက်ကြသောအခါ သင်ချစ်သားကို ဘိုးတော် ဘွားတော်များက ရွှေစင်နိက္ခတစ်ရာနှင့် နုတ်ရွေးစေရမယ်၊ သင်၏နှမငယ် ကဏှာဇိန်ကိုတော့ ကျွန်ယောကျ်ားတစ်ရာ, ကျွန်မိန်းမတစ်ရာ, ဆင်တစ်ရာ, မြင်းတစ်ရာ, နွားလားဥသဘတစ်ရာ, ရွှေစင်နိက္ခတစ်ရာနှင့် နုတ်ရွေးစေရမယ်လို့ အဖိုးထားပြီးတော့ သားတော် သမီးတော်များကို ပုဏ္ဏားကြီးအား လှူတော်မူလိုက်တယ်။

ထိုအခါ ဇူဇကာပုဏ္ဏားကြီးသည် သူငယ်မောင်နှမတို့၏လက်ကို တစ်ဖက်စီ နွယ်ကြိုးနှင့်ချည်ပြီး ဆိုမြည်ငေါက်ငမ်း ကြမ်းတမ်းမျက်ကြုတ် ရာဇဝတ်ခိုးသားရိုင်းကို သင်းချိုင်းသို့ထုတ်သကဲ့သို့ ဆွဲထုတ်ရက်စက် နွယ်ကြိုးခေါက်နှင့် နွားပေါက်ကို နှက်သလို ရိုက်နှက်တွန်းငင်၍ နာကျင်စွာ နှိပ်စက်လှသဖြင့် ကြိုးချည်ရာအရပ်မှ အရေအသားစုတ်ပြတ်ပြီး ရိုက်ခတ်မိတဲ့ အရပ်များကလဲ ပေါက်ပြဲကွဲအက် သွေးစိမ်းတွေ စီးယိုထွက်အောင် ဒဏ်ချက်ပြင်းပြနာကျင်လှသဖြင့် ဆွဆွခုန်ငိုကြွေးလျက် မခံနိုင်တဲ့ အရေးကြောင့် ရုန်းထွက်ပြေးလာကြပြီးတော့ ဖခင်၏ ခြေနှစ်ဖက်ကို တစ်ယောက်စီကိုင်ဖက်ပြီး ငိုကြွေးလျက် တောင်းပန်ကြတယ်၊ ဖခင်–ကျွန်တော်တို့ မိခင်လဲ တောင်ပြင်တောကြား သစ်သီးရှာသွားတာလဲ မထွက်လာသေးပါ၊ ကျွန်တော်တို့ နှစ်ယောက်သားကို ပုဏ္ဏားကြီး ယခု နှိပ်စက်တာများကိုလဲ ဖခင်မျက်မြင် ဖြစ်ပါတော့တယ်၊ ကျွန်တော်တို့ မိခင်ကို ကျွန်တော်တို့ မသေခင်မြင်ချင်လှပါသေးတယ်၊ မိခင်လာရုံ ငံ့ဆိုင်းပြီးတော့ စိတ်တိုင်းကျလှူတော်မူပါ၊ တစ်ကြိမ်တစ်ခါမျှ မိခင်ကို မြင်ခဲ့ရယင်ဖြင့် ကျွန်တော်တို့မောင်နှမကို ရောင်းလိုရောင်း ချလိုချ ပုဏ္ဏားကြီးနှိပ်စက်လို့ အသက်ပင်သေကြပါစေ တော့ လာမှသာ လှူတော်မူပါ၊ အဲ–သည်လို ငိုကြွေးလို့ တောင်းပန်တယ်။

ထိုမှတစ်ပါးလဲ ဖခင် .. ဤပုဏ္ဏားသည်ကား အလွန်ကြမ်းကြုတ် ခက်ထန်လှပါတယ်၊သူတစ်ပါး၌ သနားခြင်းမရှိ အလွန်ပင် နှိပ်စက်လိုတဲ့သဘောလဲရှိပါတယ်၊ ဤသူ၏ရုပ်ရေလက္ခဏာကို စစ်လိုက်လျှင် လူစစ်ဟုတ်မယ်လို့ မထင်ပါ၊ အကယ်၍ လူစစ်ကေန် ဖြစ်ခဲ့သည်မှန်ပါမူ ညာတာစဉ်းစားလို့ သားသမီးနယ်အလား နုနယ်လှတဲ့ ကလေးငယ်များကို သနားဖို့အခွင့် ရှိကောင်းပါတယ်၊ မြိုင်လယ်တောဖျားက ဘီလူးသဘက်များ ... လို့ လိမ်လည်၍အလှူခံပြီး ပြင်းထန်စွာ နှိပ်စက်ညှဉ်းဆဲသည်များကို ... ပင် မျက်မြင်အသိ ဖခင်လဲ ရှေ့တွင်အရှိသားနှင့် ... ပါ၊ မရှ...

သနားမကြင် သားသမီးများကို မချစ်ခင်သလို မမြင်ချင် ဖခင်ပြုပြီး လျစ်လျူရှုကာ ကျွန်တော်တို့ကို မနေပါနှင့် သည်လိုသာ ဖခင်မစောင့် ရှောက်ထာဖြင့် ကျွန်တော်တို့ မောင်နှမ နှစ်ယောက်မှာ သေဘေးကြီး ရောက်ရပါတော့မယ်လို့ အဲ-ဤလိုလဲ တောင်းပန်ကြတယ်။

ထိုမှ တစ်ပါးလဲ ဖခင်- အကယ်၍ ကျွန်တော်တို့ကို မခင်မသနား မထောက်ထားဘဲ ပုဏ္ဏားအား လှူလိုချင်ယင်လဲ မြော်မြင်ကာရွေးကောက်လို့ ကျွန်တော်တစ်ယောက်ကိုသာ လှူတော်မူပါ၊ ကျွန်တော်၏ ကံကြမ္မာနှင့် ဖြစ် လိုရာဖြစ်ပါစေ တောမှာပင် သေပါစေတော့၊ မလိမ်တမာ ငိုမျက်နှာနှင့် ဗျာပါဆွေးကြွယ် နှမငယ်ကို ညှာတွယ်ထောက်ထား၍ ငယ်လှဘဲ့ အရွယ် ဟာမို့ သနားဖွယ်သင်းကလေးကိုထားပြီးတစ်ယောက်ဘည်းလိုက်သွားလို့ ဘီလူးစား ခံပါတော့မယ်၊ ကျွန်တော်ဘို့မွေးမိခင် ကျွန်တော်တို့ကိုပင် မမြင် ရပါသော်သည်း နှမငယ်မျက်နှာကို အကယ်၍ မြင်ရပါသေးမူစိတ်ပူဆာဖြေ သိမ်းပြီး ငြိမ်းနိုင်စရာရှိပါသေးတယ်၊ သားသမီးနှစ်ယောက်တွင် တစ်ယောက် ယောက်ကိုမှ မမြင်ရခဲ့က သောကရှိန်ပူမစဲနိုင်ဘဲ စိတ်နှလုံးဆူလောင်ကွဲပြီး လူးလဲ့လို့ သေဖို့သာရှိပါတော့တယ်လို့ အဲ-ဤလို သားငယ်က တောင်းပန် လို့ အဖန်ဖန် ငိုကြွေးတယ်။

ထိုအခါ ဝေဿန္တရာမင်းကြီးကလဲ ပွင့်လုကာနီးရင့်မာပြီး အဆုံးပေါက် အောင် တောက်ပသောပါရမီ သမ္ဘာရကြီး ရှိပါလျက်သားနှင့် အပါးတွင် ရိုက်နှက်၍ သားငယ် သမီးငယ်တို့ကို နှိပ်စက်တာများကို မြင်ရတာကလဲ တစ်ချက်, မသက်မသာ ကြင်နာလိုက်ဖို့ ထိုထိုဤဤ ငိုမြည်တစာစာ မလိမ် တမာ ပလီပစာပြောကြတဲ့ သားငယ်သမီးငယ်များကို သနားကြင်နာ ရင်ထု မနာ ရှိတော်မူလှသည့်လဲ တစ်ကြောင်း,အကြောင်းကြောင်းကိုစဉ်းစားလို့ ပုဏ္ဏားကို အမျက်ထွက်ပြီးတော့ စိတ်စက်ကြင်နာ မသာမကြည် ထွေလီ တွေးတော၍ ကုသိုလ်ဇောမဖြောင့် ထောင့်တော်မူရှိမျှမက သောကပူအိုက် အသည်းနှင့် နှလုံးကို တစ်အုံလုံးမြိုက်လှ၍ လိုက်လိုက်ဟုန်ခိုက် မတည်နိုင် အောင်ပင့်ရှိုက်ပြီးတော့ ဆို့ပိုက်မရ ယောကဟုန် ပြင်းထန်လှ၍ စီးကျ ယိုတွဲ သွေးအာဘိမျက်ရည်ဝဲလို့ ရဲရဲဝင်းဝင်း သံန္တာနီ အရောင်အဆင်းကဲ့သို့ မျက်တွင်းက ထွက်ပြီး သားတော်၏ ကျောပေါ်မှာ တစ်စက်၊သမီးတော်၏ ကျောပေါ်မှာ တစ်စက် နှစ်စက်သော မျက်ရည်ပေါက်ကျတော်မူတယ်။

(ပဥ္စမအကြိမ်)

ထိုနောက်မှ ရှေးရှေးသော အလောင်းတော်တို့၏ထုံတမ်း ပါရမီဖြည့်တော်မူကြတဲ့လမ်းကို ထောက်လှမ်းဆင်ခြင်ပြီးတော့ဘုရားဖြစ်ချင်သောသင်သည် ခင်မင်တွယ်တာ သားသမီးကိုမှ အလှူကြီးမပေးနိုင်တာဖြင့် သမ္ဗောဓိရပြီးမြောက်လို့ ဘယ်တော့မှ ဘုရားအဖြစ်သို့ ရောက်နိုင်ပါမလဲလို့ တွေးတောခြိမ်းခြောက်ပြီး သောကကို ဖျောက်ကာ နေရာကျောင်းသခ်မ်းထဲသို့သာ ဝင်နေတယ်၊ ထိုအခါ ဇူဇကာပုဏ္ဏားလည်း သူငယ်များကို ယူဆောင်မြဲတိုင်း ယူဆောင်သွားတယ်။

မဒ္ဒီမိဖုရားလဲကျား,ဆင်တွေ လမ်းကဆီးနေခြင်းကြောင့် မိုးကြီးချုပ်လှမှ သခ်မ်းကျောင်းသို့ ရောက်လာလို့မို့ အရံတံခါးကို ဝင်စကပင် သားငယ်သမီးငယ်တို့ကြိုလာနေကျနေရာ မကြိုလာ မရောက်လာ တိတ်ဆိတ်လှသောအခြင်းအရာကိုဆင်ခြင်ပြီး ကျောင်းတွင်းသို့ ဝင်ကြည့်ရှုသော်လဲ သားငယ်သမီးငယ်ကို မမြင်ရ၍ ညဉ့်အခါကလဲ အသားအရေမည်းနက်သော လူနက်ကြီးတစ်ယောက် အုံသည်းနှလုံးကို ဖောက်ယူသွားတယ်လို့လဲ အိပ်မက်မြင်တယ်၊ ယခုလဲ သားတော် သမီးတော်နှစ်ယောက် အသံပျောက်ကြတယ်၊ ဘေးဥပဒ်များရောက်လေရော့သလားလို့ ဝေဿန္တရာမင်းကြီးထံသွားမေးတယ်၊ ဝေဿန္တရာမင်းကြီးကလဲခုအနေအလျှင်လတ်တလောအရေးကုန်ပြောလိုက်က သောကမီးလောင်စွဲပြီး အသည်းနှလုံးပင် ကွဲအံ့သော အကြောင်းရှိချေသည်၊ ဖြည်းဖြည်းဆေးဆေး စိတ်နှလုံးအတန်အေးလောက်မှ အရေးကိုပြောတော့မယ်လို့ ကြံတော်မူပြီး လာတန်တဲ့အချိန်ကို မပြန်လာဘဲ တောထဲမြိုင်ခွင်မှာ နေချင်လိုသမျှမဆင်ခြင်မထောက်ဆဘဲမှောင်မည်းညဉ့်မိုက်မှပြန်လာရသလားလို့ ပြောကြားမည်တမ်းကာ လွှတ်လိုက်တယ်။

ထိုအခါ မဒ္ဒီမိဖုရားလဲ သားသမီးအရေးကြောင့် ပူဆွေးလောင်တောက်လှ၍ ဥပျောက်တဲ့ကြက်မကဲ့သို့ငိုတမြည်တမ်းကာတောတန်းတောင်အောက်ချောက်နှင့်ကမ္ဘားယာ တစ်ညလုံးလျှောက်၍ ရှာသော်လဲ ခြေရာကိုမှ မမြင်မတွေ့ရ ခရီးကိုပြန်ခေါက်လိုက်ယင်ဖြင့် တစ်ဆယ့်ငါးယူဇနာလောက်ကျလိမ့်မယ်၊ အရေးမလှလို့မို့ မိုးသောက်တဲ့အချိန်သို့ရောက်ခါမှ သွားရတာကလဲ ပင်ပန်း စိတ်သောကအပူမီးကလဲ အားကြီးစွာအဟုန်လွှမ်းပြီး ညှိုးနွမ်းယိမ်းနွဲ့ ဝေဿန္တရာမင်းကြီး၏ သခ်မ်းကျောင်းအဆင်း ခြေဆေးဖိုခင်းထားတဲ့ ကျောက်ဖျာကြီးရင်းမှာ အစင်းသားမိန်းမောပြီး လဲနေတယ်။

(ပဌမအကြိမ်)

ထိုအခါ ဝေဿန္တရာမင်းကြီးမြင်လို့ ပူပင်သောက ထူပွေ့မပြီးတော့ အသက်မှ ရှိပါသေး၏လောဟု တွေးတောကြံဆကာ ရင်ဝမေးအောက် နှိပ် ထောက်ဖိတွန်းရေအေးနှင့် သွန်းရာတွင်မှ အနှမ်းအဟိုက် အရှိုက်အတက် ပြေ၍ အသက်လေရှူနိုင်သဖြင့် အနိုင်နိုင် သတိရကာမှ သားသမီးကိစ္စကို မင်းကြီးအား မေးပြန်တယ်။

ထိုအခါ ဝေဿန္တရာမင်းကြီးက-သားတော် သမီးတော်များကို ပုဏ္ဏား အားလှူလိုက်တဲ့အကြောင်း ဘိုးတော်ဘွားတော်များ ရွေးနုတ်ကြလိမ့်မည် အကြောင်း စိုးရိမ်ပူဆွေးငိုကျွေးခြင်းကိုမပြုဘဲ ကောင်းမှုအဖို့ကိုသာ ဝမ်း မြောက်ဝမ်းသာ သာဓုအနုမောဒနာပြုရမည့်အကြောင်းများကို ပြောကြား ဆုံးမတော်မူတယ်။

မဒ္ဒီမိဖုရားကလဲ ရင့်မာသောပါရမီရှိပြီးဖြစ်၍ ဘုရားအလောင်းကဤမျှ လောက် ဟောပြောလိုက်လျှင်ပင် သောကမီးအပူပျောက်လို့ ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာခေါ်ပြီးတော့ အရှင်မင်းမြတ်-လှူအပ်သမျှဒါန ဝတ္ထုတို့ကို မရှုမငဲ့ဘဲ အလိုရှိသမျှလှူတော်မူပါလို့ ဖိတ်မံမြွက်ကြားပြီးချမ်း သာစွာ နေမြဲတိုင်း နေကြတယ်၊အဲ ဤလိုသားတော်သမီးတော်တို့ကိုလှူတဲ့ အခါ၌လဲဝက်ပါတတောင်လုံးတုန်ဟည်းပြီးမြေကြီးတစ်ကြိမ်လှုပ်ပြန်တယ်။

ထို့နောက် သိကြားမင်းက ပုဏ္ဏားရောင်ဖန်ဆင်းပြီး မင်းကြီးအထံမှာ မဒ္ဒီမိဖုရားကို အလှူခံလာလို့မို့ မည္ဒမတာမငဲ့ကွက်ဘဲ ပုဏ္ဏားအားစွန့်ကြဲ လှူပြန်တယ်၊ သိကြားမင်းကလဲ မဒ္ဒီမိဖုရားကို မင်းကြီးထံ အလုပ်အကျွေး ထားခဲ့ပြီးတော့ မိမိနေရာတာဝတိံသာသို့သာ ပြန်သွားတယ်၊ ထိုအခါလဲ ဤမဟာပထဝီမြေကြီးသည် တဟည်းဟည်းခုန်ပျံလို့ ပြင်းထန်စွာလှုပ် ပြန်တယ်။

ဤကဲ့သို့ မဒ္ဒီမိဖုရားနှင့်တကွ သားတော် သမီးတော်များကို စွန့်စား တော်မူရခြင်းကား လောကီအာရုံ ကာမဂုဏ်ချမ်းသာများကို လိုလားမက် မောလို့လှူဒါန်းရတာမဟုတ်ဖူး၊သား မယားတို့ကို မုန်းထားရန်ငြိုးရှိလို့ လဲ လှူတာမဟုတ် မချစ်မခင်မကြင်မနာလို့လဲ လှူဒါမဟုတ်ဘူးတဲ့၊ သားမ ယားနှင့်တကွအလုံးစုံသောဘေဘုမ္မာဒုက္ခိတတို့ကို သံသရာဝဋ္ဋတဏှာညွတ်မှ ကျွတ်လွတ်ကြအောင် ကယ်မတော်မူမယ်လို့ သဗ္ဗညုတဉာဏ်ကိုမြန်မြန်ကြီး ရလွယ်အောင် သဗ္ဗညုတဉာဏ်ကို မြန်မြန်ကြီးရလို့ ဘုရားဖြစ်ရမှသာ သား

မယား-ဆွေမျိုးဉာတိ အမိအဖဝေနေယျ ဒုက္ခိတတို့ကို ကယ်မထုတ်ဆောင်နိုင်မဟုတ်ဖြစ်လို့မို့ ခုဘဂက ဒုက္ခကြီးတွေ့ခဲ့ပြီးတော့ အဖန်ဖန် ပင်ပန်းအောင် စွန့်လှူဒါန်းတော် မူရတာပေပဲတဲ့။ ထို့ကြောင့်–

န မေ ဒေဿာ ဥဘော ပုတ္တာ၊ မဒ္ဒီဒေဝီ န ဒေဿိယာ။
သဗ္ဗညုတံ ပိယံ မယှံ၊ တသ္မာ ပိယေ အဒါသဟံ။

လို့ ဟောတော်မူတယ်။

မေ၊ ငါ၏။ ဥဘောပုတ္တာ၊ ဇာလီ့ကဏှာ သည်းချာရင်သွေးကောက် သားတော်သမီးတော်နှစ်ယောက်တို့ကို။ နဒေဿာ၊ ဥပေက္ခာနှစ်လုံး မေတ္တာတုံး၍ မုန်းလို့လှူလိုက်တာလဲမဟုတ်ကုန်။ မဒ္ဒီဒေဝီပိ၊ ငါ၏မျောက်သား မိဖုရားမဒ္ဒီကိုလည်း။ နဒေဿိယာ၊ ခါခါပစ်ပစ် မညာညစ်သဖြင့် မချစ်လို့လှူလိုက်ဘာလဲ မဟုတ်။ သဗ္ဗညုတံ၊ များစွာဒုက္ခ ဒဝေနေယျကိုကယ်မနိုင်ရန်သဗ္ဗညုတဉာဏ်ကို။ မယှံ၊ ငါသည်။ ပိယံ၊ အမြန်စိုက်ပျိုး ချစ်မြတ်နိုး၏။ တသ္မာ၊ ထို့ကြောင့်။ ပိယေ၊ နှစ်ကြာရှည်လျား မေတ္တာပွားလှတဲ့ ချစ်လှစွာသော သားမယားတို့ကို။ အဟံ၊ ငါသည်။ အဒါသိ၊ အမျိုးသားဝေနေသူတို့ဖို့ ကိုးကားစရာ ရွယ်ချူလို့မို့ ကြိုးစားကာ လှူဒဟာ်မူရချေ၏။

ဇူဇကာပုဏ္ဏားလဲ သူငယ်နှစ်ယောက်ကို ယူဆောင်ပြီး မိမိနေရာ ကာလိင်္ဂတိုင်းသို့ ပါသွားတာကို နတ်များလီဆယ်လို့ လမ်းမှား၍ မျက်စိလည်ပြီး စေတုတ္တရာမြို့ကြီး သိဉ္စည်းမင်းကြီးအထံသို့ ရောက်သွားတယ်။ သိဉ္စည်းမင်းကြီး့ဖုဿတီ မိဖုရားကြီးတို့က မြင်တော့ကာ အလျင်အမြန် ခေါ်စေ၍ ရှေ့တော်သို့ရောက်က အကြောင်းမျိုးကို မေးမြန်းကြရာတွင် မြေးတော် ဇာလီမင်းသားကလဲ ကျွန်တော်တို့ ဖခင်က ကျွန်တော်ဘို့မောင်နှမကို ပုဏ္ဏားကြီး၏ ခြေရင်းမှာ စေခိုင်းရန် ကျွန်စာရင်းနှင့်အပ်နှင်းပြီး လှူလိုက်တာကြောင့် ပုဏ္ဏားကြီးအိမ်မှာ ကျွန်ဖြစ်လို့ နေရပါကြောင်း၊ ကျွန်တော်ကိုရွေးနုတ်လိုပါလျှင် ရွှေစင်နိက္ခအချိန်တစ်ရာနှင့်ရွေးမှ ကျွန်အဖြစ်က လွတ်ရပါတော့မည် အကြောင်း၊ နှမငယ်ကို ရွေးနုတ်လိုပါလျှင် ကျွန်ယောကျ်ား–ကျွန်မိန်းမ့ဆင့်မြင်း့နွားလားဥဿဘ့ ရွှေစင်နိက္ခတစ်ရာစီပေး၍ ရွေးနုတ်မှသာ ကျွန်အဖြစ်က လွတ်ရပါတော့မည့်အကြောင်းများကို စုံလင်စွာ ပြောကြားလေမှ ဘိုးတော် ဘွားတော်တို့က မြေးတော်တို့ ဖြစ်ရနည်းကိုအသည်းနှလုံး

မီးထဲမှာ အုံးသကဲ့သို့ အပူလုံးဆို့တက်ပြီး ငိုမျက်ရည်စက်လက်နှင့် မြေးတော်နှစ်ယောက်ကို တစ်ယောက်စီပွေ့ဖက်ပြီးတော့မှ ဝေဿန္တရာမင်းက မှာထားလိုက်တဲ့အတိုင်း ပုဏ္ဏားကြီးအား ကျေကုန်အောင်ပေးပြီးရွေးနုတ်လိုက်ကြတယ်။

ထို့နောက် သားတော် ချွေးမတော်ဘို့ကို ဆောင်ယူခြင်းငှာ ဗိုလ်ပုံစုပေါင်း မတ်ခြောက်သောင်းတို့နှင့်တကွ တိုက်မောင်း အထောက်ထောက် ဝင်္ကပါတောင်ပေါ်သို့ ရောက်ကြတယ်၊ တိုအခါ မင်းခြောက်ဖြာ ဆိုင်မိကြလျှင်ပင် ကွင်းကွာတာရှည်လှသဖြင့် ဝေဿန္တရာမင်းက သိဥ္စည်းမင်းကြီးခြေရင်းမှာ ခေါင်းဆိုက်ပြီးတော့ ဇာလီမင်းသားကိုပွေ့ပိုက်လို့၊ မဒ္ဒီကလဲ ဖုဿတီမိဖုရားကြီးကို ဦးတိုက်ပြီး ကဏှာဇိန် မင်းသမီးကို ချီပိုက်လို့မင်းခြောက်ယောက် တညီတညာတည်းပင် မြေမသာလှမ်းရှိန်ကဲပြီးတော့ အပူဟုန် မကုန်မစဲနိုင်ကြတာမို့ တစ်ပြုံလုံး မိန်းမောပြီးလဲသွားကြတယ်၊ ထိုအခါ အနီးမျက်မြင် ရှေ့တွင်ခဉ္ဆောင်းချ်နေကြတဲ့ ခြောက်သောင်းသောမှူးမတ်ဗိုလ်ပါတို့လဲ မင်းခြောက်ပါးဖြစ်ကြပုံကို အားလုံးကုန်မြင်ကြရသဖြင့် ဟာဒယတုန်ခိုက်လို့မို့ရင်ထုမနာ ရှုမသာအောင် ကရုဏာ စုံကာဆိုက်ပြီးတော့ တစ်သိုက်လုံးမိန်းမောလဲနေကြပြန်တယ်။

အဲ ဤကဲ့သို့ မင်းခြောက်ပါးနှင့်တကွ မှူးသားမတ်စုံတို့မှာ တစ်ရုံလုံးစုပုံပြီး သည်းအုံမှာဆူကြွလို့ မထနိုင်အောင်ဝပ်စင်း၍ တောင်ခြေရင်းမှာ တုန်းတင်းသရော အကုန်လုံး မိန်းမောပြီး မြောလဲနေကြတဲ့အခါမှာ ဘူပထဗျာ ပထဝီမြေမဟီကလဲ မတည်နိုင် မရပ်နိုင် သောကကြီးလှိုင်သလိုဂနိုင်လုံး သွက်သွက်ဟည်းပြီးတော့ တစ်ပြိုင်တည်း တစ်ကြိမ်လှုပ်ပြန်တယ်။

ထို့နောက်မှ သိကြားမင်းကလဲ ဗိုလ်ပုံခပင်းအပူကင်းကြအောင်ပဇ္ဇုန်နတ်မင်းကိုခေါ်ပြီးတော့ ဂင်္ကပါတောင်ခေါ်တရိုးမှာ ပေါက္ခရ ကြာဖက်မိုးကြီး ရွာစေရတယ်၊ ထိုအခါမှ မင်းခြောက်ပါးနှင့်တကွ များလှဗိုလ်ပေါင်း မတ်ခြောက်သောင်းတို့လဲ စိတ်နှလုံးအေးငြိမ်းပြီး အမိန်းအမောပြေပျောက်ကြတယ်၊ သိဥ္စည်းမင်းကြီးလဲ ရှေးနှင်မိခသောအပြစ်များကိုသည်းခံစေ၍ ဝင်္ကပါတောင်ခြေ၌ပင် ပွဲသဘင် ခံစေပြီးမှ ချွေးမတော်မဒ္ဒီနှင့်တကွ သားတော်ကို ဘိသိက်သွင်းပြီးမှ ထီးနန်းကို အပ်နှင်း၍မြို့တွင်းသို့ ဆောင်ယူတော် မူခဲ့တယ်...ဝင်္ကပါတောင်က စေတုတ္တရာမြို့ကြီးသို့

(ပဥ္စမအကြိမ်)

ရောက်အောင် ခရီးယူဇနာ ခြောက်ဆယ်ခန့်ကွာခြင်းကြောင့် တစ်နေ့တစ်ယူဇနာနှင့် နှစ်လပတ်လုံး လမ်းခရီးတွင် ကြာပြီးမှ စေတုတ္တရာမြို့ကြီးသို့ ရောက်ကြသော အခါတွင် ဝေဿန္တရာမင်းက အကြံတော်ဖြစ်ခဲ့တယ်၊ ဘယ်လို ဖြစ်ပါသလဲလို့ ဆိုတော့....ငါယခု ဝင်္ကပါတောင်က လာလို့ စေတုတ္တရာမြို့ကြီးသို့ ရောက်ခဲ့ချေပြီ၊ နက်ဖြန် ဘုန်းတောင်းယာစကာတို့ အတောင်းအရမ်းလာခဲ့သော် ငါ့မှာ ပေးကမ်းစရာ မရှိသေးပါဘကားလို့ အဲ့ဤလိုအကြံဖြစ်တော်မူတယ်၊ ထိုအကြံကို သိကြားမင်းသိ၍ နန်းတော်နှင့်တကွ တစ်မြို့လုံးသုံးစွဲလောက်အောင် ရတနာမိုးကြီး ရွာစေတယ်၊ ရွှေငွေရတနာတို့ကား နန်းတော်တွင်း ထက်ဝန်းကျင်တစ်လျှောက်မှာတော့ ခါးလောက် အထုတက်တယ်။

ထိုအခါ ဝေဿန္တရာမင်းကြီးလဲ မြို့တွင်းရှိလူများကို မိမိအိမ်အနီးအပါး ဥပစာအတွင်းရှိ ရွှေငွေရတနာတို့ကို အိမ်ရှင်တို့ကို သိမ်းယူစေ၍ ကြွင်းကျန်သမျှ အိမ်၏ ဥပစာအပြင်၌ လွတ်လပ်သော နန်းတော်ပြင်ဘက်ရှိ ရတနာများနှင့်တကွ နန်းတွင်းရှိ ရတနာတို့ကို ဘဏ္ဍာထားရာ ရွှေတိုက်-ငွေတိုက်ထဲသို့ သွင်းထား၍ အသက်ရှည်သမျှ ကာလပတ်လုံး သုံးစားပေးကမ်း လှူဒန်း စွန့်ကြဲရတယ်၊ ဝေဿန္တရာမင်းကြီး နန်းတော်သို့ ရောက်တဲ့နေ့၌ ကောင်းချီးပေးသောအားဖြင့် ထင်ရှားစွာ ပဲ့တင်ဟည်း၍ မြေကြီးတစ်ကြိမ် လှုပ်ပြန်တယ်၊ ဤကဲ့သို့ အသက်မရှိတဲ့ ဤမြေပထဝီမှ ခုနစ်ခါ-ခုနစ်ကြိမ်တိုင်တိုင် လှုပ်ရအောင် အားထုတ်စွန့်စားတော်မူနိုင်မှသာ လူတွင်ထင်ရှား ဘုရားအဖြစ်သို့ ရောက်နိုင်ပါတယ်တဲ့၊ ထို့ကြောင့်–

အစေတနာယံ ပထဝီ၊ အဝိညာယ သုခံ ဒုခံ။
သာပိ ဒါနဗလာ မယှံ၊ သတ္တက္ခတ္တုံ ပကမ္ပထ။

လို့ ဟောတော်မူတယ်။

အစေတနာ၊ လူလိုမသိ စိတ်မရှိသော။ အယံပထဝီ၊ သိန်းသောင်းထုချီ ဤမဟီသည်။ သုခံဒုခံ၊ ချမ်းသာပူအေး ကျိုးကြောင်းရေးကို။ အဝိညာယ၊ စုံစမ်းကြံယူ မသိမူ၍။ မယှံ၊ ငါ၏။ ဒါနဗလာ၊ ဒါနဟုန်လွှမ်း ဂုဏ်အစွမ်းကြောင့်။ သာပိ ပထဝီ၊ ဝိညာဏ်မမှီး ထိုမြေကြီးသည်လည်း။ သတ္တက္ခတ္တုံ၊ ခုနစ်ခါ ခုနစ်ကြိမ်။ ပကမ္ပထ၊ မချုပ်မဆီး လူမှုဘ်တီးသကဲ့သို့ လှုပ်ဟည်း ညည်းညူရလေ၏။
(မြင့်မိုရ်) ဖ-ဂံ (ပဋ္ဌမအကြိမ်)

တိုတိုနှင့်ကူးချင်ထွက်ချင်ပါသေးတယ်လို့ဆိုယင်လဲ အဂ္ဂသာဝကဆုတဲ့၊ ပစ္စေကဗုဒ္ဓါဆုလောက်ဖြင့် ကမ္ဘာမကြားလှဘူးတစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းလောက်ခဲရလိမ့်မယ်၊နောင်ပွင့်ကြမဲ့ဘုရားထဲမှာ လက်ဝဲကပဲနေလိုနေ လက်ယာကပဲနေလိုနေ ကြိုက်ရာကပင်နေရရှဲ တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကဖြင့် အတူတူပဲတဲ့၊ သည်အဂ္ဂသာဝကလမ်းက ကြာလှသေးတယ်လို့ ထင်ယင်လဲ သင်္ချေနှင့်တော့ လွှဲပါရှဲ၊ ကမ္ဘာဖြင့် ကမ္ဘာလဲတစ်သိန်းလောက်တော့ ကြာနေဦးမယ်၊ မဟာသာဝက ဆုကြီးတဲ့၊ နောင်ပွင့်မယ့်ဘုရားများမှာ လက်ပါးက ယှဉ်ပူးလို့ ရာထူးရာခံဌာနန္တရ ဧတဒဂ်တံဆိပ်ကြီးများ ရပြီးတော့ လောကမှာ ထင်ပေါ်လို့ဧဟိဘိက္ခုများဝေသာင် အခေါ်ခံရမဟာပဲတဲ့၊အဲ-သည် မဟာသာဝက ဆုမှပဲ ကြာစနိုးထင်ပြီး လျင်လျင်ဆောဆောသံသရာပင်လယ်ကြောမှာကြာကြာကြီးပဲမျောမနေလိုပါဘူး၊ ဘေးဒုက္ခတွေအကုန်လုံးချောပြီးတော့ အာသဝေါရှိသမျှ စင်ကင်းလို့ထောင့်ငါးရာကိလေသာ လွတ်ရှင်းရဝါသာ လိုရင်းစင်စစ်ဖြစ်တော့တာမို့မြန်မြန်ကြီးထွက်ချင်လှပါတယ်လို့ဆိုယင်ကမ္ဘာတစ်ရာ-ကမ္ဘာတစ်ထောင်လောက်မျှပါရမီကိုအရကုတ်ရတာဖြင့်ဝဋ္ဋဒုက္ခနှင့်တော့မပြီရပါဘူးပကတိသာဝကဆုတဲ့၊ သည်ဆုအောက်ကမ္ဘာနည်းတာဖြင့်မရှိဘူး၊အမှုလဲတယ်မစိုက်ရ အလိုက်အထိုက် သင့်ရာနှင့်လျော့ကြုံလိုက် ဆိုတာလို ကြုံကြိုက်လို့ ဘုရားများထံမှာ ပါသွားပြီးသံသရာမှထွက်လို့မို့ ကမ်းတစ်ဘက်သို့ ကပ်နိုင်ပါရော့တယ်။

အဲ-ဥပမာပုံဆိုသော် အလွန်တရာ နက်လှကျယ်လှ အန္တရာယ်ပေါများလှတဲ့ မဟာသမုဒ္ဒရာပင်လယ်ကြီးကို ကူးလို-သန်းလိုတဲ့လူများမှာ သုံးပင်တိုင်သင်္ဘောကြီးကိုသော်လဲ တည်ရတယ်တဲ့၊ သည်လိုမှ သင်္ဘောကြီးကို မတည်နိုင်ကြ သံဖိုးသစ်ဖိုး မယ်နဖိုးကို ကြောက်ကြယင်လဲ ဂေါ်တူးကြိမ်ချုပ်ကြီးများလုပ်လို့ကူးကြတယ်၊ဂေါ်တူဖိုးကြိမ်ချုပ်ဖိုးကိုမျှ မတတ်နိုင်မလုပ်နိုင်ကြတဲ့ သူများမှာလဲ သည်လောက် အဖိုးစရိတ်မကုန်လှတဲ့ နှော်ကြီးလောင်းစပ်ကြီးများတည်လို့သုံးပင်တိုင်သင်္ဘောကြီးများ ဆန်လာတဲ့အခါ နောက်ဆီကတွယ်ပြီး ပင်လယ်ကိုကူးကြတယ်၊ အဲ-သို့လောက်ကြီးကျယ်တဲ့ လှေမျိုးကိုမှ အဖိုးစရိတ်မတတ်နိုင်ကြတော့ပိန်းကောကြီးများတည်ပြီးသုံးပင်တိုင်မှာတွယ်လိုက်ကြတယ်၊ပိန်းကောဖိုးလောက်မှစရိတ်မထုတ်စိုက်နိုင်ကြ

(ပဉ္စမအကြိမ်)

တော့ သုံးလန် နှစ်တောင်လျှောယ်နှင့် သင်္ဘောနောက်ကကြိုးဆွယ်လို့လိုက် တွယ်၍ ကူးကြတယ်။

အဲ-ထိုပမာလိုပဲတဲ့ အလွန်တစ်ရာဘေးဘယထူပြောတဲ့ သံသရာပင်လယ် ကြီးကို ကူးလိုသန်းလိုကြတဲ့ နိဗ္ဗာန်သောင်ကမ်း ခတ်လိုကြတဲ့ ဘေးဒုက္ခ ကြောက်လှတဲ့ သူတော်ကောင်းတို့မှာလဲ သုံးပင်တိုင် သင်္ဘောကြီးနှင့်တူ သော သမ္မာသမ္ဗုဒ္ဓဆုကြီးကို ပန်လို့မို့ ဝေနေယျအများကို သနားတဲ့ ကရုဏာနှင့် ကမ္ဘာပေါင်း လေးသင်္ချေ ရှစ်သင်္ချေ တဆယ့်ခြောက်သင်္ချေ ကြာအောင် ပါရမီကို ဘဝများစွာဖြည့်ပြီးတော့ သံသရာကို ကူးကြရ မယ်တဲ့။ သုံးပင်တိုင် သင်္ဘောကြီးနှင့်တူတဲ့ သမ္မာသမ္ဗုဒ္ဓဆုကြီးကိုကြောက် လှ၍ ပါရမီသမ္ဘာရ သံဖိုးသစ်ဖိုးမယ်နဖိုးစရိတ်မလှတာဖြင့်လဲ ဂေါ်တူကြီး ကြိမ်ချုပ်ကြီးများနှင့်တူသော ပစ္စေကဗုဒ္ဓါဆုကြီးများကို ပန်ပြီး ကမ္ဘာ ပေါင်း နှစ်သင်္ချေလောက်ကြာအောင် ပါရမီဆယ်ဖြာကို လုံလောက်စွာ ဆည်းပူးပြီး သံသရာပင်လယ်ကြီးကို ကူးကြရမယ်တဲ့၊ ဂေါ်တူကြီး ကြိမ် ချုပ်ကြီးနှင့်တူသော ပစ္စေကဗုဒ္ဓါဆုနှင့် ကမ္ဘာနှစ်သင်္ချေ ရှည်ကြာစွာနေရ မဟာကို ကြောက်တာဖြင့်လဲ နှောကြီး လောင်းစပ်ကြီးနှင့်တူသော အဂ္ဂ သာဝကဆုများပန်ပြီး ကမ္ဘာတစ်သင်္ချေလောက်ကြာအောင် ပါရမီဆယ် ဖြာကို လုံလောက်စွာဆည်းပူးလို့ နှောင်ပွင့်လတ္တံ့တဲ့ ဘုရားများမှာတွယ် ပြီး သံသရာပင်လယ်ကိုကူးကြရမယ်။ နှောကြီး လောင်းစပ်ကြီးနှင့်တူသော အဂ္ဂသာဝကဆုကြီးကိုမှုရှည်ကြာရမည်ကိုကြောက်ယင်လဲ ပိန်းကောကြီးနှင့် တူသော အဂ္ဂသာဝကဆုများကို ပန်ပြီး ကမ္ဘာတစ်သိန်းလောက်ကြာအောင် ပါရမီဆယ်ဖြာကို လုံလောက်စွာ ဆည်းပူးလို့ နှောင်ပွင့်လတ္တံ့တဲ့ ဘုရားများမှာတွယ်ပြီး သံသရာပင်လယ်ကြီးကို ကူးကြရမယ်။ ပိန်းကောကြီး နှင့်တူသော မဟာသာဝကဆုနှင့် ကမ္ဘာရှည်ကြာမည်ကို ကြောက်လှယင်လဲ သုံးလန်နှစ်တောင် လှေငယ်-တက်ပေါ်နှင့် တူသော ပကတိသာဝကဆုကို ပန်ပြီး ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင်လောက်ကြာအောင် ပါရမီဆယ်ဖြာ ကို လုံလောက်စွာဆည်းပူးလို့ နှောင်ပွင့်တော်မူလတ္တံ့တဲ့ ဘုရား သုံးပင်တိုင် သင်္ဘောကြီးများ နောက်ဘက်က ပါရမီကြိုးဆွယ်ပြီး သံသရာပင်လယ်ကို ကူးရမယ်။ အဲ ဤဆုလေးပါးမှ တစ်ပါး သံသရာ ပင်လယ်ကြီးကို ကူးသွားနိုင်မှုဆို အကြောင်းမရှိဘူးတဲ့၊ ဤကဲ့သို့ သံသရာပင်လယ်ကြီး ကို ကူးသန်းနိုင်တဲ့ ဆုလေးမျိုးတို့ကွင် ဘယ်ဆုတစ်ခုမှ ပါရမီပြ [illegible]

(ပဥ္စမအကြိမ်)

အလိုအလျှောက် ရတဲ့ဆု မရှိဘူးတဲ့၊ ဒါနပါရမီစသော ပါရမီဆယ်ပါးကို မနားမနေဖြည့်နိုင်မှရတဲ့ ဆုချည်းပဲတဲ့။ ဘယ်လိုသာ ထူးတော့သလဲလို့ ဆိုတော့ ကမ္ဘာရှည်တာနှင့် ကမ္ဘာတိုတာလောက်သာ ထူးတော့သာပဲတဲ့၊ အဲ့·သို့ကြောင့် သံသရာပင်လယ်ကြမ်း ကူးသန်းနိုင်တယ်လို့ဆိုတာ ဒါန, သီလ, ဘာဝနာ·စသောကုသိုလ်ပုညာ သမ္ဘာရရှိမှသာ ကူးသန်းနိုင်တယ်၊ ဒါန,သီလ စသော ကုသိုလ်ပုညာ သမ္ဘာရသာ လိုရင်းဖြစ်ဘယ်၊ ထိုဒါန, သီလစသော ကုသိုလ်ပုညာ သမ္ဘာရမရှိက သံသရာပင်လယ်ကြမ်းကိုကူးသန်း နိုင်မှာ မဟုတ်ဘူးတဲ့။

သံသရာပင်လယ်ကိုမှ မကူးမသန်းနိုင်သေးကာလဲ ပဋိသန္ဓေနေရတဲ့ ဒုက္ခ, အိုရတဲ့ဒုက္ခ, နာရတဲ့ဒုက္ခ, သေရတဲ့ ဒုက္ခ, ချစ်သောသူနှင့် ကွေကွင်းလို့ ဆင်းရဲရတဲ့ဒုက္ခ, မုန်းသောသူနှင့် အတူနေလို့ ဆင်းရဲရတဲ့ဒုက္ခ, ရန်သူမျိုး ငါးပါးနှင့် တွေ့ကြုံရလို့ ဆင်းရဲရတဲ့ဒုက္ခ, ငရဲ-တိရစ္ဆာန်·ပြိတ္တာ·အသူရကာယ် အပယ်ဘုံသို့ကျလို့ ဆင်းရဲဒုက္ခ ရာဇဝတ်မင်းဒဏ်, ဘေးရန် ဥပဒ်နှင့် မပြတ်မစဲ ကလဲလဲ တအူအူ ပူရပင်ရ တောင့်တရ·ကြောင့်ကြရ စိုးရိမ်ရ·ငိုကြွေးရ ဘေးဘယအဖုံဖုံတို့နှင့် တွေ့ရကြုံရ ဆုံရတိုက်ရဦးမဟာပဲ၊ ထို့ကြောင့် ဒုက္ခ အပေါင်း မကောင်းဟူသမျှ ဘေးဘယတို့မှ အေးမြ လွတ်လွယ်ကြောင်း ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းတို့ သွားလာရာ လမ်းကြောင်း အစစ်ဖြစ်တဲ့ ဒါန, သီလစသောကုသိုလ်တရား ကိုသာ ငါကား မယုတ်စေရ မနေမနား အားထုတ်တော့မယ်လို့ ယောနိသော မနသိကာရ စိတ်ထားဖြင့် မဆုတ်မနစ် မငြိမ်မငြို မတွန့်တိုသော သဒ္ဓါတရားကိုသာ ပွားများစေကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာဖြစ်သည်။ ထိုမှတစ်ပါးလည်း။ လ။ ပတ္တာ နာဆုကို ပြုလိုက်ကြကုန်။

## ဝေဿန္တရာဝတ္ထုပြီး၏။

ငှင်းဝေဿန္တရာဝတ္ထုဥ်ဆောင်ရွက်သူ မခက်ခဲစေဖို့ စရိယ ပိဋကတ် ကျမ်း အထွက်နှင့် အကျဉ်းအမြွက်မျှ ရေးလိုက်သည်။ ဤမျှကိုဆောင်ရွက်က အကျယ် ကို မဟာဇာတ်တော်နှင့်ရှက်၍ ဟောနိုင်ဖို့အချက် ရှိလောက်ပြီ။

---

(ပဥ္စမအကြိမ်)

# (၈)

# ဒုလ္လဘငါးပါးကို ခွဲခြား၍ ဟောပြခြင်း

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊ မနုဿတ္တဘာဝေါ ဒုလ္လဘော, ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ, ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော, သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့ မစားသော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရား, ဘုရားဟု ဘုံသုံးပါးမှာ ကျော်ကြားပွင့်လင်းဖြစ်နိုင်ရခြင်းသည်။ ဒုလ္လဘော၊ ခဲယဉ်း လှချေ၏။ လောကသ္မိံ၊ လူရွာလူ့ရပ် လောကခွင်၌။ မနုဿတ္တဘာဝေါ၊ မချော်မကောက် ရှေးကံထောက်၍ ပေါ်ပေါက်ထိုးထွင်း လူဖြစ်နိုင်ရခြင်းသည်လည်း။ ဒုလ္လဘော၊ ခဲယဉ်းလှချေ၏။ သဒ္ဓါသမ္ပတ္တိ၊ ရတနာသုံးဝ မြတ်သမျှကို တုပ်ကွကြည်ညို သဒ္ဓါဟုန်နှင့် ပြည့်စုံရခြင်းသည်လည်း။ ဒုလ္လဘာ၊ ခဲယဉ်းလှချေ၏။ ပဗ္ဗဇ္ဇိတဘာဝေါ၊ မုတ်ဆိတ်ဆံလှီး ဖန်ဝတ်ဆီး၍ ကိုယ်ထည်းပျော်မှု ရဟန်းပြုနိုင်ရခြင်းသည်လည်း။ ဒုလ္လဘော၊ ခဲယဉ်းလှချေ၏။ သဒ္ဓမ္မဿဝနံ၊ သူတော်သူမြတ် ဟောပြောအပ်သည့် အမြတ်ဓမ္မကံတရား သံကို နာခံရခြင်းသည်ကား။ အတိဒုလ္လဘံ၊ အလွန်ပင် ခဲယဉ်းလှချေ၏။

---

* ရှေးရိုက် ဝတ်ရွတ်စဉ်စာအုပ်တို့၌ ဒုလ္လဘငါးပါးပါဠိကို အထက်ပါအတိုင်း တွေ့ရသည်။ ပါဠိတော်များ၌ကား–ဤပါဠိမျိုးကို မတွေ့ရ၊ အဋ္ဌကထာများ တွင်လည်း သီလက္ခန်အဋ္ဌကထာ ၄၇-၌သာ....'ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊ ဒုလ္လဘော မနုဿတ္တ ပဋိလာဘော၊ ဒုလ္လဘာ သမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မဿဝနန္တိ'....ဟု တွေ့ရသည်။ ဤ၌လည်း သဒ္ဓါသမ္ပတ္တိဟု မရှိ။ သမ္ပတ္တိ ဟုသာရှိသည်။ သဒ္ဓမ္မဿဝနံ ၌လည်း အတိ၊သဒ္ဒါ မပါချေ။ အောက်ပါ ဋီကာဖွင့်များကိုလည်း ကြည့်ပါ။

ဒုလ္လဘာသမ္ပတ္တီတိ သတိပိ မနုဿတ္တပဋိလာဘေ ပဋိရူပဒေသဝါသ ဣန္ဒြိယ ဝေကလ္လသဒ္ဓါ ပဋိလာဘာဒယော (သမ္ပတ္တိသင်္ခါတာ) ဂုဏာ ဒုလ္လဘာတိ အတ္ထော။ (သီလက္ခန်၊ ဋီကာ)။ ပေါတ္ထကေသုပန ဒုလ္လဘာ သဒ္ဓါသမ္ပတ္တီတိ ပါဌော ဒိဿတိ၊ သော အယုတ္တောဝ။

သီလက္ခန်၊ ဋီကာသစ်၊ ပထမ၊ ၂၀၈။ ဧင်း၊ ဋီ၊ ဟောင်း၊ ၅၄။
(ပဥ္စမအကြိမ်)

ဤတရားကို ဘုရားမြတ်စွာသည်ဆွမ်းခံတော်မူရာမှအပြန်တွင် ခြေဆေးတော်မူရာ ကျောက်ဖျာအပြင်၌ နေ့စဉ်ခပြတ် ရပ်ကာရပ်ကာ ရဟန်းများကို ဆုံးမမိန့်မှာတော်မူခဲ့ပြီးမှ နေတော်မူရာ ဂန္ဓကုဋိတိုက်သို့ ကြွတော်မူမြဲ ဓမ္မတာ ဖြစ်တယ်တဲ့။

**အဓိပ္ပာယ်ကား** .. ဘုံသုံးပါးမှာဘုရား,ဘုရားဟု ကျော်ကြားပွင့်လင်းဖြစ်နိုင်ရခြင်းလဲ ခဲယဉ်းခြင်းဒုလ္လဘတစ်ခုပါပဲတဲ့၊ လူ့ရွာလူ့ရပ် လောကဓာတ်မှာ အမြတ်ဘဝ လူရယ်လို့ဖြစ်လာရပြန်တာလဲ ဒုလ္လဘတစ်ခုပါပဲတဲ့၊ ဖြစ်ခဲဖြစ်ခါ လူဖြစ်လို့ လာပြန်ပါလဲ ရတနာသုံးပါးကိုမြတ်**သော**အရာ၌ထားလို့ ဝပ်တွားကြည်ညိုတတ် ရှိသေတတ် လေးမြတ်တတ်ဘဲ့ သဒ္ဓါပသန္နပြည့်စုံလို့ မို့ ကြည်ကြည်ညိုညိုပဲ လူ့ဘုံမှာလူတစ်ယောက်ဖြစ်လာပြန်ပါလဲ့ လူ့ရွာလူ့ဘုံမှာ လူတို့မွေ့ထုံတဲ့အာရုံ လူ့ဘို့ပျော်ပါးတဲ့ ကာမဂုဏ်ကို စွန့်ခွာလို့ ဘုရားရှင်သာသနာတော်မှ ဖြစ်စေ, သာသနာတော်ပသေ အခါအခိုက်နှင့် ကြုံလို့ ပင်ဖြစ်စေ ရသေ့ရဟန်းဖြစ်နိုင်ရခြင်းလဲ ခဲယဉ်း**သော** ဒုလ္လဘတစ်ခုပါပဲတဲ့၊ ဖြစ်လေရာဘဝတို့၌ သူတော်ကောင်းတို့နှင့် ပေါင်းမိဆည်းကပ်မိ၍ သူတော်**ကောင်း**တို့ ဟောပြောဆုံးမသော တရားစကား**ကို** ကြားနာရခြင်း**ကား** အလွန်ပင်ခဲယဉ်း**သော** ဒုလ္လဘတစ်ခုပါပဲတဲ့။

ဤသို့အားဖြင့် ဒုလ္လဘတရား ငါးပါးရှိပါတယ်တဲ့၊ ထိုဒုလ္လဘငါးရပ်တို့တွင် **အဆုံးသတ်** ဒုလ္လဘတစ်ခုကိုသာ မြတ်စွာဘုရား **အတိသဒ္ဒါနှင့် မ-၍** ‘သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ’....လို့ **ဟော**တော်မူရခြင်းမှာတော့ **ရှေးလေး**ပါး ဒုလ္လဘ ခဲယဉ်း**သည်**ထက်ပင် နောက်ဆုံးဖြစ်တဲ့ သဒ္ဓမ္မဿဝနဒုလ္လဘက အလွန်ပင် **သာ၍**ခဲယဉ်းလှ၏ဟု ဓမ္မဒေသကဖြစ်တဲ့ ဘုရားရှင် **အလို**တော်**အာ**ဘော်အဓိပ္ပာယ် ရည်ရွယ်တော်မူရင်း ရှိတယ်တဲ့၊ အဘယ့်ကြောင့်လဲလို့ဆိုတော့ ဘုရားဖြစ်ရဆိုတဲ့ ဒုလ္လဘ ခဲယဉ်းဆိုတာလဲ အမှန်ပဲ ခဲယဉ်းပါရဲ့၊ သို့သော်ငြားလဲ အပါးပါး ပါရမီ တန်ဆာဆင်လို့ စုံလင် ပြီးမြောက်တစ်ဘက်ကမ်းပေါက်လောက်အောင်ပဲ လောက်လောက်လားလား စွန့်ခြင်းကြီးငါးပါးတွေကိုမှ မထားမချန် ဖမောက်လျှံပြည့်ဝ အလုံးစုံ ပြီးစီးမှပင် အဆုံးစွန်သောဘဝကျကာမှ သိဒ္ဓတ္ထအလောင်းမင်းသားမှာ ရမ္မ, သုဘ, သုရမ္မနှင့် နန်းမကျက်သရေ ရုံရွှေတော်အခန်းခန်းတွေနှင့် ကာမဂုဏ် ရစ်လွှမ်းပြီးတော့ တောထွက်ခန်း ရှာမတွေ့နိုင်အောင်ပင် အမေ့ကြီးမေ့လို့ နေ

(ပဌမအကြိမ်)

ရသေးတယ်တဲ့၊ သည်လိုဖြစ်နေတဲ့အခါမှာ နတ်တို့က အကြံဖြစ်တယ်တဲ့၊ ငါတို့ အလောင်းတော် မင်းသားကြီးမှာ လူ့ပြည်သို့ဆင်းပြီး ဘုရားဖြစ်ပါတော့မယ်လို့ ဆိုပြီးတော့ 'ပြည်တော်ကိုရောက်ခါနီးမှ ကျိုးကန်းမစင်ယို' ဆိုဘာလို ဘုရားဖြစ်လုခါနီးမှ အမေ့ကြီးမေ့နေရာမှ သတိမှုရပါစေလို့ ကာမဂုဏ်အငွေ့ပြေအောင် နတ်ပြည်က နတ်တွေဆင်းလို့ နိမိတ်ကြီးလေးပါး ဖန်ဆင်းပြကြမှ ဟဒယမရှင် သံဝေဂဆွဲခင်၍ ဘဝင်တုန်လှုပ်စိတ်စက်တွေရှုပ်ပြီးတော့ စက်ဆုပ်ငြီးငွေ့ နန်းတော်မှာ မပျော်ခမ္မ့နိုင်ဘဲ စွန့်ကြဲဖြတ်တောက် ဇေဗာမိပင်နှင့် ပလ္လင်ကိုရောက်လို့မို့ အဆုံးတိုင်ပြီး မြောက်နိုင်ရတယ်တဲ့၊ ဘုရားအဖြစ်သို့ ရောက်လုခါနီးမှ အလောင်းတော် သိဒ္ဓတ္ထကို နတ်တွေက နိမိတ်ကြီးပြလို့တရားများချရသေးသည်ကို ထောက်က ဗုဒ္ဓုပ္ပါဒဒုလ္လဘထက် သဒ္ဓမ္မသဝန ဒုလ္လဘကို အတိဒုလ္လဘအရာ သွင်းလို့မို့ အလွန်ခဲယဉ်းသော ဒုလ္လဘပေ-ဟု ဆိုရဖို့ အခွင့်ရှိပေတယ်တဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက "သဒ္ဓမ္မသဝနံအတိဒုလ္လဘံ"လို့ ဟောတော်မူရတယ်တဲ့။

မနုဿတ္တဒုလ္လဘ ခဲယဉ်းတယ်လို့ဆိုရသော အရာမှာလဲ သတ္တဝါအများလောကီသားတို့မှာ တရားကယ္ခင်းယို အပျင်းကသာပိုချင်လို့ ကုသိုလ်ဆိုတာကလဲအားနည်း၊ အကုသိုလ်ကသာ အားကြီးတော့ ဖိစီးလို့မရ ရှေးဘဝ အထုံတွေက အဟုန်စွဲလို့သာ စိတ်ဆွဲတိုင်းပါကြတာမို့ လေးဝဲသော အပါယ်ရွာထဲမှာ ငရဲကသွားယင်ငရဲ သည်ကလွဲပြန်တော့ ပြိတ္တာ, ပြိတ္တာကခံလို့စဲတော့ ငရဲကိုပြန်လိုပြန် 'တိရစ္ဆာန်ကိုသော်လဲ ပြောင်းလိုပြောင်း သည်ကညောင်းပြန်တော့ အသူရကယ်, သည်ကမှ တစ်ခါလည် ငရဲကိုဆင်းလိုဆင်း သည်လေးဘုံ အပါယ်တွင်းမှာသာ ကရွတ်ကင်းလျှောက် အဆုံးကိုမရောက်နိုင်ဘဲ အခေါက်ခေါက် အထပ်ထပ် အပတ်ပတ် အလည်လည်ငြီးငွယ်တိုးဝင် အမျှင်မပြတ် ဘဝစပ်လျက် ကျဉ်းကျပ်ပင်ပန်း၍သာ လိပ်ကန်းကြီးဥပမာလို ထွက်ရာလမ်းစ လူ့ကတိ လူ့ဘဝကို ရခန့်ဖို့အတွက် အလွန်တစ်ရာခဲခက်ခဲ့တယ်တဲ့၊ သို့ကလောက် ခဲခက်လှတဲ့ မနုဿတ္တဒုလ္လဘကိုပင် ရှေးပရံပရ ဘုံဘဝတို့က ပြုခဲ့ကြတဲ့ ဒါနအစထောက် ပန်းတစ်ပွင့်ကုသိုလ်ဆောက်ကပင် ချီးမြှောက်ဆွဲငင်လို့ လူ့ရွာ လူ့ဘုံသို့ တင်မယ်လို့ဆိုလျှင် အပါယ်ခွင် စခန်းသတ်လို့ လူ့ဘုံသို့ ကပ်နိုင်ပါတယ်တဲ့၊ ခဲခက်တဲ့ အမှုမှာဘော

လူဖြစ်မှုအရေး လူ့ဘဝကိုပေးနိုင်တဲ့ ပန်းတစ်ပွင့်လောက်ကုသိုလ်လေးကိုပင် မထေးမညစ် ကောင်းကောင်းကြီးပြုဖြစ်အောင် သူတော်စစ် သူတော်ကောင်းတို့က ကျိုးကြောင်းပြသ ဟောပြောတဲ့ တရားဓမ္မကို ကြားရနာရ အမှီကိုရဦးမှသာ အရေးလှလှ ပြုဖြစ်နိုင်ကြတယ်တဲ့၊ 'တုတ်ဆွဲမရှိ ကျေန်း လမ်းမသိ'ဆိုတာလို တရားဓမ္မ ဟောပြောသူမရှိမှဖြင့် တောတကာ့တော တောင်တကာ့တောင် ကုန်းတကာ့ကုန်း ကျင်းတကာ့ကျင်း ပန်းပွင့်တွေကို ကြမ်းလိုခင်းနေဦးတော့ ဝမ်းတွင်းက လျှမ်းလျှမ်းတောက်ပြီး လှူလိုချင်တဲ့ စိတ်မပေါက်တာနှင့် ကုသိုလ်ဇောပဲ မမြောက်နိုင်ဘူးတဲ့၊ သို့လိုကျေးဇူး ဓမ္မဿဝန အရေးကထူးလို့မို့ပဲ ဒုလ္လဘငါးဦးမှာ မနုဿတ္တဒုလ္လဘထက် သဒ္ဓမ္မဿဝနဒုလ္လဘက ထူးသင့်လောက်ပေတယ်လို့ အကြောင်းကို ချင့်ထောက်လို့ သိလောက်ဖို့အခွင့်ရှိတယ်၊ ထိုကြောင့်မြတ်စွာဘုရားက "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ"လို့ ဟောတော်မူရပါတယ်တဲ့။

သဒ္ဓါသမ္ပတ္တိဒုလ္လဘဆိုတာလဲခဲက်သောအရာဌာနတစ်ခုပါပဲတဲ့၊အဘယ့်ကြောင့်ပါလဲလို့ဆိုတော့ လောကီလူသားတို့မှာ စားရေးကတစ်ခု၊ ဝမ်းမှုက တဖုံ ဂုဏ်ပြိုင်အားကျ သူ့ထက်ငါမာန်ဟုန်ကြွပြီးတော့ ဆီးကြ ဝတ်ကြ တုကြ ပကြ သည်မျှနှင့်မကသေးပါဘူးတဲ့၊ သားရေးကတစ်သွယ် နာတယ်လို့တခန်း မင်းခန်းကတမျောင့် ကိုယ်စောင့်ရံတားထားဖို့ကတစ်ခု လုပ်ကိုင်လို့ရသမျှ အဝဝပစ္စည်းစုကိုတစ်စုအရာလောက်ပုံလို့မှ ဖူလုံရုံမရှိလှသေးဘူးတဲ့၊ ကုသိုလ်ရေးဆိုတာမှာတော့ အဝေးကြီး 'ပြင်ဘက်က ဆွမ်းတော်ဝင် ထား ဝမ်းတော်မှမဝ' 'အူမတောင့်မှ သီလစောင့်နိုင်တော့မပ၊ ကိုယ်မချိ က အမိမှပင် သားမခင်'လို့ ဆိုကြတဲ့စကားပုံလို ကိုယ်ရေးမဖူလုံနိုင်တော့ စိတ်ကျုံးကိုယ်နှုန်း 'ခရမ်းပိန်ခေါ်းတုန်း' ဆိုတာလို ပြုံးပြုံးရွှင်ရွှင် စိတ်နှလုံး ကြည်ကြည်လင်လင် သဒ္ဓါဇော ဝင်နိုင်ဖို့ အခွင့်ရတော့မှာ မဟုတ်ဘူးတဲ့၊ 'စကားတပြောပြောနှင့် လယ်ကောရေမရ' ဆိုတာလို သံသရာဖို့သတိမရလောက်မှုကိစ္စနှင့်သာ ဘဝမလွန်ကူးကြရတာပဲတဲ့၊ သို့-တစ်ဘဝသာလားလို့ဆိုတော့ တစ်ဘဝဘယ်မှာ ဟုတ်ပါ့မလဲ ဘဝများစွာ သံသရာ ရှည်ကြာသမျှ တစ်ဘဝဟုန်စဲလို့ တစ်ဘဝလဲပြန်ရင် ဒါနကနည်း ခြင်းကြောင့် လုပ်တွင်းပင် ဝမ်းဟောက်လို့ မလောက်မင မဝဖြိုး ညှိုးညှိုးကျုံ့ကျုံ့ ကုန်ကုန်တော်တော် ဘဝကူးထွက်မြောက်ဖို့ ဆိုတာများ သတိမှ မထားခိုင်ကြဘဲသာ သည်လိုချည့် ကြာရတာက ဘဝတွေများလွန်းလှဘိ၍

ကုသိုလ်အထုံကမရှိကြဘူးတဲ့၊ သို့မို့လို့ သဒ္ဓါသမ္ပတ္တိကို ခဲခက်တဲ့အရာထားလို့ ဘုရားဟောတော်မူရတယ်တဲ့၊ သို့အနေခဲယဉ်းတဲ့ သဒ္ဓါခြင်းသမ္ပတ္တိကိုလဲ ရရန်ဖို့အခွင့်ရှိနိုင်မှာကတော့ သူတော်ကောင်းနှင့်ပေါင်းမိလို့ သိသမျှဒါနရေး သီလရေး ဘာဝနာရေးများကို တဖြည်းဖြည်း တအေးအေးနှင့် ဆောင်သွေးချီးမြှင့်၍ သူတော်ကောင်းတို့က ဖျောင်းဖျထောက်ပင့်နိုင်မှကာ ဆင့်ဆင့်ကားကား သဒ္ဓါဇောတက်ပွားလို့ စည်ကားလွှမ်းမိုးဒီရေတိုးသကဲ့သို့ ရိုးရိုးရွရွ ပပရွှင်ရွှင် နောင်ကျိုးကို မြော်မြင်ပြီးတော့ ကြည်လင်ဝမ်းသာ စားဖို့ရာကဖြစ်ကတဲ၊ တစ်ဝက်စီ ခွဲဝှက်လို့ ရက်ရက်ရောရော နှမြောမရှိ လှူဖြစ်ဘိတယ်တဲ့၊ သို့ဖြစ်သည့်အရာမို့ သဒ္ဓါသမ္ပတ္တိဒုလ္လဘထက် သဒ္ဓမ္မဿဝနဒုလ္လဘ ထူးကဲကြောင်းကို ကောင်းကောင်းကြီးသိနိုင်ဖို့အခွင့်ရှိတယ်တဲ့၊ ထို့ကြောင့်ပဲ မြတ်စွာဘုရားက 'သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ' လို့ ဟောတော်မူပါတယ်တဲ့။

ပဗ္ဗဇိတဒုလ္လဘ ရခဲတဲ့ဌာနမှာတော့လဲ သူက ငါက ကိုယ့်စိတ်ကိုကိုယ်ဆလို့ သိနိုင်လောက်စရာရှိကြဖို့ပဲ၊ ဘယ့်ကြောင့်လဲလို့ဆိုတော့ လူ့ဘဝနတ်ဘဝ သိလောက်တဲ့ ဘဝဟာကိုမဆိုနှင့်ဦးတော့ အယုတ်ဆုံးပမာဏတိရစ္ဆာန်အစဖြစ်ခဲ့ကြတဲ့ ဘဝအဆက်ဆက်မှာ ခွေး,ဝက်, ကြက်,ငှက်, ခြပရွက်မှ မလွတ်ရအောင် ကြုံရတွေ့ရ သံယောဇဉ်ခြေကျင်းနှင့် သံသရာထောင်တွင်းမှာ ကျပြီးတော့ ကာမဂုဏ်အာမိသ ငါးအာရုံဟူသမျှနှင့် ရစ်ဝမ့်မူး ပူးလိုပူး ခွာလိုခွာ မသေသာ မရှင်သာအောင် တွယ်တာကြငဲ့ကွက်ကြ ရမက်ကြီးအနန္တနှင့် မသောခင်ကလဲ ခဝ်မင်စိတ်စွဲ သေပြန်ရင်လဲ အပူမစဲ မခွဲနိုင် မခွာနိုင် ဝဋ္ဋနိဿိတ ကုသိုလ်မျိုးခိုင်ခိုင်နှင့် ဆုပြိုင်လို့တောင့်တသူတောင့်တ၊ ဘဝတိုင်းတွေ့ကြရအောင် သည်ဘဝကသည်လိုနည်း သူ့ည်သားနှင့် သည်သမီး သည်ဇနီး သည်မောင်နှံ သည်ခြွေရံ သည်သင်းပင်း သည်လုပ်ခင်း သည်မျိုးပဲ သည်ကျွဲနှင့် သည်နွား သည်စပါး သည်ရွှေငွေ သည်ပြည် သည်ရွာ သည်စကြဝဠာ သည်ကျွန်းဟု ဘဝတိုင်းသွေမယွင်းရအောင် ညွှန်းကာညွှန်းကာဆုတောင်းကြီးပတ္ထနာနှင့် အာသာမပြေ တပေ့ပေ တတူတူနှင့် ပူအတူအေးအမျှ သဲဟ လောကီသဟာနန္ဒီ အညီအညာ ကိန္နရီဇာတ်တော်မှာလို တည၌လောက် ချောင်းရေဆဲင်းလို့မို့ ကွာကွင်းသည့် တွက်တာကြောင့် သုံးနှစ် လည်ချင်းတွဲလို့မစဲအောင် ကြွက်ကြွက်ညံ ငိုပွဲကြီး ခံကြရတယ်တဲ့၊ တိရစ္ဆာန်ဘဝမှာပင်

သည့်မျှလောက်ဖြစ်နေကြမှဖြင့်လဲ လူ့ဘဝ လူဆိုတာမှာတော့ ဆိုစရာမရှိ အဆအဆအဆထောင်မကသာပြီးလျှင် ဗျာပါလောင်စွဲ မီးမကအပူသဲတောမှာပဲတဲ့၊ သို့လိုခက်ခဲ ဘဝတိုင်းအထုံစွဲခဲ့တဲ့ လောကီထဲ လူ့ဘောင်ကာမဂုဏ်အတုပ်အနှောင်ကို ခွာရှောင်ဖြတ်ကွင်းလို့ ရဟန်းအဖြစ်သို့ရောက်နိုင်ရခြင်းလဲ အလွန်ခဲယဥ်းလှသော ဒုလ္လဘအခက်ကြီး တစ်ခုပင် ဖြစ်ဘာပါပဲတဲ့၊ 'ကွင်းမိတဲ့ငှက် အဖြတ်ရခက်တာလို' အထွက်ခဲယဥ်းတဲ့ သံယောဇဉ်ညွတ်ကျော့ကွင်းကို ခုတ်စင်းဖြတ်တောက်လို့ ရဟန်းအဖြစ်သို့ ရောက်နိုင်ရခြင်းမှာလဲ အကြောင်းရင်းမဖက်ဘဲ မိမိချည်း ပကတိသက်သက်နှင့် ရုတ်တရက်အကြံပေါက်လို့ အလိုလိုပဲ ရောက်နိုင်တော့တာ မဟုတ်သေးဘူးတဲ့၊ အထူးဝိသေသ ပါရမီသမ္ဘာရတွေနှင့် စုံလှတဲ့ယောကျ်ား ဘုရားရှင်လက်ထက်တော်က ထင်ပေါ်တဲ့ထေရ်ကျော်များမှာလဲ တရားတော်ကို မနာရကပဗ္ဗဇ္ဇအမှုကို ပြုနိုင်စုမမြင် ဒေသနာမြိုက်ရေဝင်မှသာ သံယောဇဉ် ဖြတ်တောက်လို့ ရဟန်းအဖြစ်သို့ ရောက်နိုင်ကြတယ်တဲ့၊ သို့ကာလောက် ကျေးဇူးများခြင်းကြောင့်သာ ပဗ္ဗဇ္ဇိတဒုလ္လဘထက် သဒ္ဓမ္မဿဝနဒုလ္လဘကို အလွန်အမင်းခဲယဥ်းသော ဒုလ္လဘပေဟု ဆိုရဖို့အခွင့်ရှိတယ်တဲ့၊ ထို့ကြောင့်မြတ်စွာဘုရားက "သဒ္ဓမ္မဿဝနံ အတိ ဒုလ္လဘံ" လို့ ဟောတော်မူရတယ်။

တရားတော် သဒ္ဓမ္မ အလွန်ပင် ကြားနာရခဲလှတယ်လို့ ဆိုသော် ခုလိုကာလများမှာတော့ တရားတော်တွေကလဲ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟာမို့ မကုန်နိုင်အောင်ပင် ပေါများပါတယ်၊ ကိုယ်ကပင်မသင်မကြားခဲ့ရသော်လဲ ဟောသူပြောသူ သင်ကြားခဲ့ရတဲ့ လူတွေကလဲရဟန်း သံဃာတော်ဘွင်မှုက လူတိုင်းလိုပင် ဟောတတ်ကြသောကြောင့်တရားနာရတဲ့ ဒုလ္လဘဟာ ခဲယဥ်းဖို့မဟုတ်လှပါဘူး၊ နာရတာ အားကြီးလွန်းလို့ပဲ နာသူကပင် ငြီးချပါသေးတကား၊ ခုလိုသာ ပေါများမှာဖြင့်သာ ဒုလ္လဘဆိုတာ ဟုတ်နိုင်ပါ့မလဲလို့ ဆိုရန်ဖို့အခွင့်ရှိတယ်၊ သည်ကဲ့သို့လဲမမှတ်ထင်ရသေးဘူးတဲ့၊ ဘယ့်ကြောင့်လဲလို့ဆိုတော့ "ရွှေတောင်ငွေတောင်ပေါက် သူဌေးများမှာလဲ ထားစရာမရှိ ဆင်းရဲတဲ့လူမွဲများမှာလဲ စားစရာမရှိ'ဆိုတာလို'သူဌေးကြီးမွေးတဲ့ခွေးမှာဟော့ ဗိုက်ကြီးများတင်းလို့၊ ကျွန်ငပုံမွေးတဲ့ခွေးမှာတော့ နံရိုးနှင့်စင်းလို့' ဆိုတာလိုပဲတဲ့၊ ယခုလို ကာလများမှာတော့ ဘုရားပွင့်ရာဌာန သာသနာတော်ကာလဲ ထွန်းပခိုက်နှင့် ကြုံရတာကလဲတစ်ခု၊ ဒိဋ္ဌိဇုကမ္မ ဖြောင့်မှန်သော အယူရှိကြ၍ ဟောသမျှတရားကို

(ပဋ္ဌမအကြိမ်)

ယုံကြည်ခြင်း သဒ္ဓါတရားနှင့် မှတ်သားလေ့ကျက်လို့ ဆောင်ကြရှက်ကြ ပြောသူ ပြောသူများကြတာကလဲ တစ်ခုပဲတဲ့။ အဲ့သည်လို ယခုအခွင့် ကောင်း တွေ့ကြုံစုမိခြင်းကြောင့်သာ ခုလူစု တရားနာရပါတယ်တဲ့၊ နေရာ တကာ့နေရာ အခါတကာ့အခါ ရပ်တကာ့ရပ်-ရွာတကာ့ရွာ ဘုံတကာ့ဘုံတို့ မှာ သည်လိုချည့် အခွင့်ကြုံတာမဟုတ်ဘူးတဲ့။ ငရဲဘုံငရဲရွာ ပြိတ္တာနှင့်အသူ ရကာငယ်သေးငယ်ပိန်လို ကမြင်းနီပိုးပရွက်နှင့်ကြွက်,ငှက်,ဝက်,တိရစ္ဆာန်တို့ မှာတော့ နာလိုတဲ့အကြံမှလဲမရှိနာတော့မယ်လို့လဲသတိမရဘူးတဲ့၊ တကယ် ပင် နာချင်တယ်လို့ဆိုသော်လဲ သူတို့ကိုအရေးယူလို့ ဘယ်သူမှဟောတော့ မှာ မဟုတ်ဘူးတဲ့။ သို့ကြောင့်မို့ပဲ အပါယ်ရွာ လေးဘုံထဲမှာ ကြုံကြိုက်ဆဲ ခုသတ္တဝါများမှာ လူ့ရွာလူ့ဘုံထဲက တရားတွေမိုးလိုသဲနေ့စေကာမူ လူတို့ ရွာ ပါယ်ဘုံအောက်ကို တရားမိုးတစ်ပေါက်ကမှ မကျဘူးတဲ့။ အဲသည်တော့ ကာ အဘိုးထိုက်အနဂ္ဃာအရသာလွန်ကဲတဲ့ သဒ္ဓါဘုတ်တရားပွဲ သူတို့နှင့်လွဲ တာပေါ့တဲ့။

သူတို့လို အကုသိုလ်ကံဆွဲလို့ အပါယ်ထဲမှာ နစ်မြုပ်နေရတဲ့ အယုတ်ကို မဆိုထားနှင့်ဦးတော့ ရွှေတုံးကြီးပမာ ကိုယ်ခန္ဓာနှင့် အထက်ရွာ ကောင်း ကင်ရပ်မှာ အသညသတ် ဗြဟ္မာကြီးတဲ့ ဘုံကဖြင့်အမြင့်ကြီးပါပဲတဲ့၊သို့ကတဲ့ သူတို့ကိုယ်မှာတော့ ရုပ်သာပါလို့နာမ်မရှိဘူးတဲ့၊ သူတော်ကောင်းတို့ဟော ပြောတဲ့တရားစကားကိုဘယ်နားနှင့်နာလို့သိနိုင်ပါ့မလဲတဲ့၊ သည်ကတက်သို့ အထက်ကျပြန်တော့ဘဝဂ်ကယ်လို့တစ်ရွာအရူပဗြဟ္မာကြီးတွေတဲ့ နာမ်သာ ပါလို့ ရုပ်မရှိပြန်ဘူးတဲ့၊ ဘုရားတွေအသခေျှဟောပေတယ်လို့မောရုံသာ ရှိရမယ် သိနိုင်တော့မယ်လို့တော့မဟုတ်ဘူးတဲ့၊အထူးထင်မှတ်လို့ မြင့်လှတဲ့ ဘုံရယ်လို့ ကပ်ကြတဲ့ဗြဟ္မာနတ် ဖြစ်ပေသမူရယ်လို့ 'နေတော့ကာ·ပျဉ် ထောင် စားတော့ကာ·ချဉ်ပေါင်' ဆိုတာလိုပဲတဲ့၊ ရေလိုက်လွဲကြတော့ ဘုရားပွင့်လို့မှလဲ ပွင့်မှန်းမသိကြဘဲ တရားနာရမယ့်အခွင့်ဒုလ္လဘနှင့်လွဲအလွဲ ကြီး လွဲပြီးတော့ တကတဲမကျွတ်နိုင်ဘဲ နေကြတော့တာပဲတဲ့။

သို့အပါယ်ဘုံသားနှင့်ထက်ဖျားဗြဟ္မာ အသညသတ်ဘုံသားတို့မှာတော့ ရုပ်ပြစ်ရှစ်ကွင်းမလွတ်ရှင်းကြလို့မို့ တရားနှင့်ကင်းကြပါစေ ဦးတော့ကဲ့၊ သာသနာတော် ရောင်ကလဲ တပြောင်ပြောင် တဝင်းဝင်း တရားတော်တွေ ဆိုတာကလဲ မိုးကြီးစွေတာလို တတွေတွေဆင်းနေတဲ့ ခုနယ်အခါ လူ့ဘုံကို

ချဉ်းမိတဲ့လူများမှာကော ဟောခဲ့ရင်း ဒုလ္လဘတရားတော်ကို နာရတဲ့လူ ချည်းလားလို့ မေးဖို့ရန်ရှိသေးသယ်၊ လူတို့ဘုံများမှာပေတဲ့ တရားနာရတဲ့ လူအနည်းသားပဲ၊ဘယ်သူများ မနာရပါသလဲလို့ဆိုတော့ မိစ္ဆာဒိဋ္ဌိလူမျိုး များတဲ့၊ တရားနာလိမ့်မယ်လို့မဆိုထားနှင့်ဦး 'သုဒ္ဓါဘုတ် နွားမစားတာ လို' သူတော်စင်လူများနှင့် ဘုရားကိုမြင်ရယင်ပဲ သေချင်အောင် မုန်းကြ တယ်တဲ့၊လုံးလုံးပင် တရားကွယ်ကန်းလို့အပါယ်လမ်းဖို့ချည်း ဆည်းပူးနေ ကြတာပဲ။

အဲသည်လို မိစ္ဆာဒိဋ္ဌိလူမျိုးများလဲ ဆွမ်းကျွေးပွဲတွေလို့မှထမင်းမစားရ ရေတွင်းထဲကျလို့မှရေမချိုးရ ဂင်္ဂါမြစ်ကြီးထဲရောက်လို့မှ ရေမသောက်ရ ဆိုတာလို ထွန်းမြတ်တဲ့လူ့ဘုံမှာ ဘုရားနှင့်ကြုံကြိုက်ရသားနှင့် တရားနာတဲ့ ဒုလ္လဘ သူတို့မှာမရဘူးတဲ့၊ သည်မှတစ်ပါး သမ္မာဒိဋ္ဌိလူများပေတဲ့ ရှေး ကုသိုလ်ကံတပါးလို့ အကုသိုလ်ကသာ များခဲ့တော့ တရားနာဖို့ရာအမိဝမ်း ထည်းကပင် နားကမပါလာဘူးတဲ့၊ အဲ-သည်တော့ ပဋိသန္ဓေကကို ချွတ် ယွင်းလို့ အထိုင်းထိုင်းအအပင်းပင်းနှင့်တော့ ဗုံးနားပင်းကိုရေသွင်းလို့မဝင်သဲ တာလို သူတို့ကိုသိကြားအောင် တရားဓမ္မဟောနိုင်သူ ဘယ်မှာရတော့မင်း တဲ့၊ အဲ-သည်တော့ သမ္မာဒိဋ္ဌိဘဝနှင့်ပင်ကြုံလို့ လူ့ဘုံမှာ ဖြစ်ရစေကာမူ ဖောင်စီးရာမှာရေငတ်ဆိုတာလို နဂိုကံကပါးတော့ ဟောပြောသူအရှိသား နှင့်ပဲ ဤလူများလဲ ဒုလ္လဘတရားပွဲနှင့် အလွဲကြီးလွဲရတော့တာပဲ၊ သည်သာ မဟုတ်သေးဘူး အထူးဝိသေသနေရာချလို့ မသိရသိရလေအောင် ဟောပြ တတ် ဆုံးမတတ်တဲ့ သူတော်မြတ်သူတော်ကောင်းများ ပါးရှားရာဌာန ဒု စရိုက် ဒုဇီဝနှင့် နေ့ညမစဲ ရဟန်းမြင်လဲဆဲ့သူတော်ကောင်းမြင်လဲမောင်းမဲ ပရိတ် မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းဆိုတာမှာလဲ ယောင်းယမ်းလို့မှမမြည် တမ်းမိပဲနှင့် မကောင်းမှုအပြုရဲသူကိုသာ ချီးမြှောက်လို့ ကုသိုလ်ကောင်းမှု ပြုလိုသူများကိုတော့ အော်ငေါက်လို့ တောအောက်တောင်ပြင် ပစ္စန္တရစ် နယ်တခွင်မှာ ခိုဝင်ပျော်ပါးနေကြတဲ့ လူများအပေါင်းမှာလဲ သူတော် ကောင်းလက်ကိုင် မရကြတဲ့ သဒ္ဓမ္မသာဝနာသွတ်ကင်းပြီးတော့ လူဖြစ်ရခြင်း အကျိုးမနပ်ဘဲ တရားနှင့်လစ်ယပ်နေသသူ ဖြစ်နေရတာပဲတဲ့။

အဲ–လူ့ဘုံမှာပင်ကြုံကြိုက်မိသော်လဲ မိစ္ဆာဒိဋ္ဌိလူမျိုးတစ်ပါး,နားထိုင်း တဲ့လူမျိုးတစ်ရပ်,သူတော်ကောင်းရှင်းပြတ်တဲ့ပစ္စန္တရစ်အရပ်လည်းတစ်ခု,ဤ

(ပဋ္ဌမအကြိမ်)

သုံးခုသောဌာနမှာ သဒ္ဓမ္မဿဝန်ကင်းပလို့ တရားနာရခြင်းကို မရဘူးတဲ့၊ သည်မှတစ်ပါး စိတ်သဒ္ဓါတိုးပွားလို့ ရတနာသုံးပါးကို ညွတ်တွားကြည်ဖြူ ရှိလှသောသူတို့မှသာ ဟောမယ့်သူနှင့်ကြုံကြိုက်မိက တရားနာရခြင်း အခွင့် ရှိကြတယ်တဲ့၊ နတ်ဖြစ်တဲ့ သူများမှာလဲ လူသားနှင့်အတူတူပဲ ပြဟ္မာကြီး ဖြစ်ပေသမူလဲ နာရတဲ့သူမှနာရတယ်တဲ့၊ ကြည်ဖြူရှင်ပ ယောနိသောမနသိ ကာရ စိတ်နှလုံးပြည့်ဝလို့ ရောက်လာတဲ့ သူတော်ကောင်းနှင့် အကြောင်း အခွင့်ဆိုက်ပြီး ကြုံကြိုက်လိုက်မိကြပါမှ တရားကို နာရတာချည်းပဲတဲ့၊ သူတော်ကောင်း ပညာရှိဆိုဘာကလဲ အရပ်တိုင်းမှာရှိတာချည်း မဟုတ်ဘူး တဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက—

ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခမေဓတိ။

လို့-ဟောတော်မူတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၆၁)

ပုရိသာဇညော၊ မသေ့မစောင်း အကျင့်ကောင်းသော ယောကျ်ား ကောင်းအာဇာနည်သည်။ ဒုလ္လဘော၊ ရနိုင်ခဲ၏။ သော၊ ထိုအကျင့်မစောင်း အာဇာနည် သူတော်ကောင်းသည်။ သဗ္ဗတ္ထ၊ အရပ်ခပ်သိမ်း၌။ ဇာယတိ၊ မဖြစ်ပေါ်ချေ။ ယတ္ထ၊ အကြင်အမျိုးအနွယ်၌။ သောဓီရော၊ ထိုလိမ္မာကျင့် ကောင်း သူတော်ကောင်း အာဇာနည်သည်။ ဇာယတိ၊ ဖြစ်ပေါ်လာ၏။ တံ ကုလံ၊ထိုရပ်ဆိုနယ်ထိုမျိုးနွယ်သည်။သုခံ၊ချမ်းသာစွာ။ ဧဓတိ၊ကြီးပွားရ၏။

သို့ နာရခဲလှတဲ့ တရားတော်ဒုလ္လဘကို လိုက်နာရပါယင်ကော ကုသိုလ် ဇောပီတိနှင့် အကျိုးရှိကြတာချည်းလားလို့ဆိုတော့ သည်လိုချည်းလဲ လူ တိုင်း အကျိုးရှိကြတာ မဟုတ်သေးဘူးတဲ့၊အဘယ့်ကြောင့်လဲဆိုတော့ အချို နာရတဲ့ သူများမှာ 'အေးစေမယ်လို့ တရားနာ ပူဇာခကိုဟော' ဆိုတာ လို့ 'ပေါ့စေမယ်လို့ ကြောင်ရပ်ဆိုး ဆေးအဘွက်လေး' ဆိုဘာလို တရားနာ မိခြင်းကြောင့်ပဲ အကျိုးထူးမရတဲ့ပြင် အကုသိုလ်ပြစ် ကိုယ်ဒပါမှာတင် တတ်တဲ့ လူငါးမျိုးရှိသေးတယ်တဲ့၊ ဘယ်လိုလူမျိုးပါလဲလို့ ဆိုတော့—

သဒ္ဓါဘရား ပါးရှားလှ၍ ရတနာသုံးပါးကို မကြည်ညို မလေးမြတ်တဲ့ လူတစ်ယောက်ကိုသွားပြီးတော့ သူတော်ကောင်းများက သနားသောစိတ် နှင့် သဒ္ဓါတရား တိုးပွားပါစေ, ရတနာသုံးပါး၌ ကြည်ညိုသောစိတ် ညွတ်

ကိုင်းသောစိတ် ရှိပါစေလို့ အထွေထွေ အပြားပြား သဒ္ဓါတရားနှင့်စပ်သော တရားစကား, သဒ္ဓါတရားရှိသော သူတို့၏ ဂုဏ်ကျေးဇူး,သဒ္ဓါတရားမရှိက သံသရာ၌ အပြစ်များကြောင်းများကိုဟောကြားမိခဲ့မယ်လို့ ဆိုလျှင် 'မြွေဟောက် တုတ်တို့မိ' ဆိုသလို သဒ္ဓါတရားကိုက မရှိတဲ့ ပုဂ္ဂိုလ်ဟာက သူ့ကိုသာ စောင်းချိတ်၍ နှင်းနှိပ်တယ်လို့အထင်ရပြီးတော့ မလှတဲ့မျက်နှာမကြည်သာနှမ်းညှိုးလျက် ဒေါမနဿကြီးလွှမ်းမိုးလို့ စိတ်ဆိုးပြီးနေပါရော့တဲ့၊ အဲ-သည်လူမျိုးတစ်ယောက်ဟာလဲ တရားနာရလို့ ဝမ်းမမြောက်တဲ့ပြင် ဒေါသကြီးစိတ်ပေါက်လို့ သူ့အပေါ်မှာ အပြစ်သာ ရောက်နေတော့တာပဲတဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက-

> 'အသဒ္ဓဿ သဒ္ဓကထာ ဒုက္ကထာ' * လို့ ဟောတော်မူတယ်။
> အသဒ္ဓဿ၊ရတနာသုံးခု အမြတ်စု၌ မှတ်ရှုမိလှူ မကြည်ယုံသောသူအား။သဒ္ဓကထာ-သဒ္ဓါနှင့်စပ်အမြတ်စိတ်ထား ဟောတရားသည်။ ဒုက္ကထာ၊ မရွှင်မျက်နှာ မသက်သာဖို့ ရှက်ဖွယ်ရာများ မကောင်းသော စကားမည်၏။

ကိုယ်ကျင့်သီလကိုမှ မစောင့်ရှောက် အကျိုးကျိုး အပေါက်ပေါက် အာဇီဝကွယ်ပျောက်တဲ့ လူဒုဿီလ ပုဂ္ဂိုလ်တစ်ယောက်, စိတ်နောက်ကိုယ်ပါ ဘုရားရှင်မျက်နှာကိုမှ မထောက်စာ ပြုချင်ရာပြု မကုမသ အလဇ္ဇီပက္ခ ဒုဗ္ဗစ စိတ်မာန်ကြမ်းနှင့် ဟော့ရမ်း သော့သွမ်းလှတဲ့ ရဟန်းဒုဿီလတို့ အပါးမှာလဲ သီလနှင့်စပ်သော တရားစကား,သီလရှိသောသူတို့၏ဂုဏ်ကျေးဇူးများကို သနားသောစိတ်ရှိ၍ သတိမှုရပါစေလို့ အရှည်ကိုမျှော်ရှုကာ အနည်းငယ် ဟောပြောမိပြန်ပါလဲ ထိုသူတို့စိတ်ထဲမှာ လူလယ်မှာ အရှက်ခွဲတယ်လို့ အခဲမကျေမီးခဲနှင့်မွေသလို ရန်ငြိုးကြီးမိုးလို့ စွေပြီးတော့ မပြေနိုင်မပျောက်နိုင် မျက်နှာချင်းမှ မဆိုင်ချင်အောင် တမှိုင်မှိုင်တတွေတွေ ရန်ငြိုးကြီးဖွဲ့နေပါရော့တဲ့။ အဲ-သည်လိုလူမျိုးလဲ တစ်ယောက်၊ ကိုယ်ကျင့်ကကျိုးပေါက်တဲ့ပြင် သူတော်ကောင်းပေးလာတဲ့ စိန်ကျောက်အလား ကိုယ်ကောင်းဖို့ ကိုယ့်တရားကိုမှ မသုံးစားမယူချင်၍ ဒေါသမီးကိုယ်မှာဝင်ပြီးတော့ မကောင်းကြွေး တင်နေတော့တာပဲတဲ့။ ထို့ကြောင့် မြတ်စွာဘုရားက—

---

* ဤအသဒ္ဓဿ....ကထာစသော စကားငါးရပ်ကား-အင်္ဂုတ္တရပေါဠိ၊ ၃၊ ၁၅၉ ၌ လာသည်။

'ဒုဿီလဿ သီလကထာ ဒုက္ကထာ' လို့ ဟောတော်မူတယ်။ ဒုဿီလဿ၊ သီလမဲ့သည့် အလဇ္ဇီအား။ သီလကထာ၊ သီလနှင့်စပ် အမြွတ်စိတ်ထား ဟောတရားသည်။ ဒုက္ကထာ၊ မရှင်မျက်နှာ မသက် သာဖို့ ရှက်ဖွယ်ရာများ မကောင်းစကား မည်၏။

အကြားအမြင်နည်းပါးလှတဲ့ အပ္ပဿုတပုဂ္ဂိုလ်တစ်ယောက်ကိုလဲဗဟုသုတ ရှိလောက်အောင် စောင့်ရှောက် မစ ဟောပြော ပြသပါသော်လဲ ပြော ဟောပြသ သမျှ တရားစကားကို မမှတ်မသား မနာယူဘဲ ဟောသူနှင့် ဆန့် ကျင်အောင် ပြစ်တင်စောင်းငဲ့ ကဲ့ရဲ့အတင်း အဖျင်းအချော် မတော်လေး စား မတရားသမှု ပျက်ပြားအောင် ပြုတတ်သေးတယ်တဲ့၊ အဲ-သည်လို လူမျိုးတစ်ယောက်လဲ ဗဟုသုတ ပုဂ္ဂိုလ်အဖြစ်သို့ မရောက်နိုင်ဘဲ မှောက်ရှံ့နှင့် မက အသွားသာ တိုးပွား၍ ပညာဂုဏ် ပါးရှားလှသော နွားလား ပမာဏ ကဲ့သို့ အတ္တဟိတကိုလဲ မရကင်းလွဲ မကောင်းမှုသာလူးလဲလို့ ငရဲမှမထ အပြစ်ကြီး ရနေတော့တာပဲတဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက-

'အပဿုတဿ ဗာဟုသစ္စကထာ ဒုက္ကထာ'လို့ ဟောတော်မူ တယ်။ အပ္ပဿုတဿ၊ အသင်အကြား အမြင်ပါးသော သူအား။ ဗာဟုဿစ္စကထာ၊ ကြားမြင်များကြောင်း နှလုံးကောင်းဖြင့် ကျိုးကြောင်း ဖော်ကြား ဟောပြောသော တရားစကားသည်။ ဒုက္ကထာ၊ မရှင်မျက်နှာ မသက်သာဖို့ ရှက်ဖွယ်ရာများ မကောင်း သော စကားမည်၏။

ဝန်တိုစေးနဲ ဥစ္စာကိုတပ်စွဲလို့ မလှူရက်မစွန့်ရက်ပဲနေသောလူတစ်ယောက် ကိုလဲ့ ကြည်ဖြူစိတ်ရောက် သဒ္ဓါပေါက်အောင် နောက်တမလွန်ရေးမျှော်ဆ တွေးနိုင်ဖို့ အားပေးတစ်ခုတရားရေးပြုပြန်ဘိမူလဲ သူသာမလှူတစ်ပါးသူကို အတူဆောင်သွေး စကားအေးနှင့် တရားရေးချဲ့ မြှူကာနှဲ့လို့ဖဲ့တော့မဲ၊ အကြံ မူရာ ဟန်တွေများနှင့် ပေ့ဉာဏ်ချူဆွဲတဲ့ လူစဉ်းလဲရယ်လို့ ဆိုဆဲ့ ငေါက်ငမ်း ကြမ်းတမ်းယုတ်ညစ် ဟောတဲ့သူ လူဆိုးဖြစ်လေအောင် အပြစ် ကို တင်ဆောင်ပြပြီးတော့ အရှက်ရ အကျိုးနဲ နောင်တစ်ဖန်မဟောဝံ့လေ အောင် ဂုဏ်ညှိုးနှိမ့်နှင့်ဖိကာတဲ့လို့ မောင်းမဲ့ခြိမ်းခြောက်လိုက်ကရော့ဘယ် တဲ့၊ အဲ-သည်လို လူစေးနဲလဲ မလှူရှိမနေဘဲနှင့် မောင်းမဲ့နှုတ်ဆိုးလို့ဟောတဲ့ လူမျက်နှာညှိုးအောင် ဂုဏ်ကိုးအားပြု ဒေါသဟုန် သူပုန်ထခြင်းကြောင့်

ကိုယ်ရဖို့ ကောင်းကျိုး ယုတ်တဲ့ပြင် မကောင်းဖြစ်သူ့အပေါ်မှာ တင်နေသေးတာပဲတဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက—

'မစ္ဆရိယဿ စာဂကထာ ဒုက္ကထာ' လို့ ဟောတော်မူတယ်တဲ့။

မစ္ဆရိယဿ၊ ဝန်တိုစေးနဲ မစွန့်ကြဲနိုင်သောသူအား။ စာဂကထာ၊ စွန့်ကြဲစေလို ဟောပြောဆိုသော တရားစကားသည်။ ဒုက္ကထာ၊ မရှင်မျက်နှာ မသက်သာဖို ရှက်ဖွယ်ရာများ မကောင်းသောစကားမည်၏။

ပညာဒရကြံ ဉာဏ်အလိမ္မာမရှိ မသိလှသော လူတစ်ယောက်ကိုလဲ လုပ်ရေးကိုင်မှု အပြုအဖန် အကြံအစည်အတည်တည်တို့ကို နည်းမိစံလောက် သဘောပေါက်စေဖို့ ထောက်ထောက်မမ နေရာချပြီးတော့ ဝါယမ ကြိုးကုတ်လို့မို့ လောကုတ်လောကီ အလီလီမှာ ပါရမီစိတ်ထားနှင့် သင်ကြားပြုပြင်ပြန်ပါတဲ့ ကျေးဇူးမတင် ကျေးဇူးရှင်ကိုပင် မစင်ကြယ်သောစိတ်ထား ဖြစ်မှားလိုသောအကြံ ခုခံလိုသောဒေါသ မတုပ်က္ခ မရှိသေသောအခြင်းအရာနှင့် မျှားစွာစွန်းငြိလို့ အဖျင်းဖျင်းပြုမိတတ်သေးတယ်တဲ့၊ အဲ သည်လို လူများတဲ့ ပညာတရား မတိုးပွားတဲ့ပြင် မှောက်မှားယွင်းဖောက် တရားရေမသောက်ရဘဲ အပြစ်ကြီးသာ ရောက်နေရကာပဲတဲ့၊ အဲ-ထို့ကြောင့် မြတ်စွာဘုရားက-

'ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ' လို့—ဟောတော်မူတယ်။

ဒုပ္ပညဿ၊ ပညာစွမ်းပကားလွန်နည်းပါးသော သူအား၊ ပညာကထာ၊ ပညာပွားကြောင်း နှလုံးကောင်းဖြင့် ထုံးဟောင်းဖော်ကြား ဟောပြောသော တရားစကားသည်။ ဒုက္ကထာ၊ မရှင်မျက်နှာ မသက်သာဖို ရှက်ဖွယ်ရာများ မကောင်းသောစကားမည်၏။

အဲ ဤလူစုငါးဦးမှာ ကံထူးထောက်မလို့ တရားနှင့်ကြုံတွေ့ရပါသော်လဲ 'သိကြားမ-တဲ့ ဇမ္ဗူသာယ အိုးကောင်း ဖဲပေါင်လို့ လောင်းမိတဲ့လူလို' ကောင်းစားဖို့အကျိုးမဖြစ်တဲ့ပြင် အပြစ်တွေတိုးပွားလို့ အပယ်လေးပါးအစာသာ ဖြစ်နေတော့တာပဲတဲ့၊ တစ်နည်းမှာတဲ့ တရားနာသော ပုဂ္ဂိုလ်ဆိုတာ ရေတလျှောက်အောက်မှာ မှောက်ထားတဲ့အိုးနှင့်တူသော အဝကုဇ္ဇပညပုဂ္ဂိုလ်တစ်ယောက်၊ စကြာမင်းပေးတဲ့ ပတ္တမြားရတနာကို ရင်ခွင် ခါးပိုက်ထဲမှာ ပိုက်ထားပြီးတော့ ထသွားသောအခါ မေ့ကျန်ရစ်တဲ့လူနှင့် တူသော ဥစ္စင်္ဂပညပုဂ္ဂိုလ်တစ်ယောက်၊ ကမ္ဘာတည်စကိုစ၍ နောက်သို့ မှလျှော့

(ပဥ္စမအကြိမ်)

မဆုတ်ဘဲ ရှေ့ကိုသာ တိုးပွားတဲ့ မြေကြီးအထုနှင့်တူသော ပုထုပဉ္စပုဂ္ဂိုလ် တစ်ယောက် ဤသို့လဲ့ ပုဂ္ဂိုလ်သုံးယောက် ရှိသေးတယ်တဲ့၊ ထိုသုံးမျိုးတို့တွင် ဘယ်ပုဂ္ဂိုလ်ကို အဝကုဋ္ဋပဉ္စပုဂ္ဂိုလ် ဆိုပါသလဲဆိုတော့–

အကြင်ပုဂ္ဂိုလ်သည် တရားတော်ကို နာယူစဉ်အခိုက်မှာလဲ့ တရားတော်ကို မမှတ်မသား နှလုံးမထားဘဲ လောကီစီးပွားရေးလုပ်ရေး ကိုင်ရေးစသည် များကိုသာ ကြံတွေးပြီး နေတာပဲတဲ့ တရားဆုံးလို့ ထသွားသောအခါမှာ လဲ့ နာခဲ့ရတဲ့တရားတော်ကို မဆင်ခြင် မစဉ်းစားဘဲ အမှတ်မဲ့သာသွားတော့ တာပဲတဲ့၊ အဲသည်ပုဂ္ဂိုလ်မှာ တရားတော်ကိုပင် နာရပါသော်လဲ အဖိုး အနဂ္ဃထိုက်တန်တဲ့ တရားတော်ဟာ သူ့နားသို့မဝင်မရောက်ဘဲ အလကား အချည်းစည်းသာ ပျောက်ပျက်ရလေသဖြင့် မိုးကြီးသည်းထန်စွာ ရွာသော အခါ ရေကျရာရေတစ်လျှောက် အောက်က မှောက်ထားတဲ့အိုးထဲကို ရေ မဝင်သလို ထိုသူသဏ္ဍာန်မှာလဲ တရားရေးမဝင်ခြင်းကြောင့် မှောက်ထားတဲ့ အိုးနှင့် တူလေတော့ အဝကုဋ္ဋပဉ္စပုဂ္ဂိုလ်လို့ ဆိုရတယ်တဲ့။

ဥစ္ဆင်္ဂပဉ္စ ပုဂ္ဂိုလ်ဆိုတာကော ဘယ်လို ပုဂ္ဂိုလ်ပါလဲလို့ ဆိုတော့… အကြင်သူမှာ တရားတော်ကို နာတုန်းအခါမှာတော့ကာ ကောင်းမွန်စွာ တရားတော်၏ အနက်အဓိပ္ပာယ်တို့ကို မှတ်မိ သားမိ ကြံစည်မိပါရဲ့တဲ့၊ နာပြီးလို့ နေရာကထသွားသောအခါမှာတော့ မေ့မေ့လျော့လျော့ ပေါ့ ပေါ့စားစား နှလုံးထဲမထားတာမို့ ပျောက်ပျက်လို့ သွားကုန်တော့တာ ပဲတဲ့၊ အဲသည်လို ပုဂ္ဂိုလ်များမှာတော့ တရားတော်ကို နာတုန်းအခိုက်က မှတ်မိသားမိ လက်ရောက်ပင် ဆုတ်ကိုင်မိပါလျက်နှင့်ပဲ နောင်ထသွားသော အခါတော့ ကောင်းမွန်စွာ သိမ်းဆည်း စောင့်ရှောက်လို့မို့ မပျောက် မပျက်ရအောင် ပြုသင့်ပါလျက်ကို မပြုသင့် ထိုင်နေစဉ်အခါ စကြာမင်း ပေးသနားတဲ့ ပတ္တမြား ရတနာကို ရင်ခွင်ခါးပိုက်ထဲတွင် လွယ်ပိုက် သိမ်း ဆည်းမိပြီးကာမှ နေရာက ထသွားသောအခါ သတိမထားမေ့လျော့ ပေါ့စားလှ၍ ပျက်ပြားယွင်းမှောက် ကျပျောက်ဆုံးပါး မသုံးစားရတဲ့ သူနှင့် တူလေတော့ ဥစ္ဆင်္ဂပဉ္စပုဂ္ဂိုလ်လို့ ဆိုရတယ်တဲ့။

ပုထုပဉ္စ ပုဂ္ဂိုလ်ဆိုတာကော ဘယ်လိုပုဂ္ဂိုလ်ပါလဲလို့ဆိုတော့….အကြင် သူမှာတော့ တရားတော်ကို နာရတုန်း အခါကလဲ တရားထဲမှာသာ စိတ်ကို ထားပြီးတော့ ဟစ်ပါးသော လောကီစီးပွားဖြစ်တဲ့ ကာမဝိဘက်, ဗျာပါဒ

ဝိတက်,ဝိဟိ သဝိတက်များကို မကြံမစည်ဘဲ မလွဲမချော်စေရ-အစ, အလယ်, အဆုံး သုံးပါးလုံးကိုပင် မှတ်မိသားမိ အခိပ္ပာယ်ကိုသိရအောင် ကြံစည် စဉ်းစား သတိထားလို့ပဲ နာပါဘယ်တဲ့၊ နာပြီးသည့်နောက် အခါကာလ မှာလဲပဲ ထိုတရားကို အမှီပြုလို့မို့ မကောင်းမှု အကုသိုလ်များကို ပယ်ရှား ခြင်း, ကောင်းမှု ကုသိုလ်များကိုသာ တိုးပွားစေခြင်း, သင့်လျော်သော သမ္မာဇီဝ အသက်မွေးခြင်းတို့ကိုသာ ဖြစ်စေပြီးတော့ အသက်ဆုံးသည့်တိုင် အောင်ပဲ ကောင်းမှန်စွာ ကျင့်ကြံပါတယ်တဲ့၊ အဲ-ဤကဲ့သို့ သူများမှာတော့ ကြားနာရကဘဲကစ၍ ဘယ်သောကာလမှ ချိုတဲ့ ပျက်စီးခြင်းမရှိဘဲ တစ်စ ထက်တစ်စ တစ်ဘဝထက် တစ်ဘဝဘက်လို့ အထက်ကိုသာတိုးပွားပြီးနိဗ္ဗာန် ရောက် အကျိုးများလေသဖြင့် မြေကြီးနှင့်အလားတူလေတော့ ပုထုပည ပုဂ္ဂိုလ်လို့ ဆိုရပါတယ်တဲ့၊ အဲသည်လိုပဲတဲ့ တရားနာရဘယ်လို့ ဆိုပေတယ် လို့လဲ နာရတိုင်း အကျိုးရှိတာချည်းမဟုတ်သေးဘူးတဲ့၊ ယခုနောက်က ပြခဲ့တဲ့ တရားနာပုဂ္ဂိုလ်မျိုးထဲမှာ သဒ္ဓါတရား နည်းတဲ့သူ, သီလမရှိတဲ့သူ, အလဇ္ဇီဖြစ်တဲ့ရဟန်း, အကြားအမြင်နည်းတဲ့သူ မစ္ဆရိယ ကန့်ကွက်လို့ မလှူရက် မတန်းရက်တဲ့သူ, အသိအလိမ္မာနည်းပါးလို့ ပညာပါးရှားတဲ့သူ, ဤသူငါးယောက်တို့မှာ ရေသောက်ရင်းသီးလို့ ပွဲချင်းပြီးသေရ ဆိုတာလို တရားရေ သောက်ရပေတယ်လို့ အကျိုးမရတဲ့အပြင် အပြစ်တွေ ကိုယ် ပေါ်မှာ ကျပြီးတော့ ငရဲကြီးခံရတဲ့ လူစုပဲတဲ့။

'မိုးရွာရွာ-ရေတစ်လျှောက်အောက်က မှောက်ထားတဲ့အိုးလို' တရားမှာ နာပါလေရှဲ၊ တရားနာယင်း တရားကိုမှန်လုံးမပိုက် တရားကိုမှ မကြား လိုက်ပဲ လောကီရမက်က အားသဲလို့ စိတ်ဝိဘက်ဂရက်ဆွဲပြီးတော့ အလွဲသာ ကြံနေတဲ့ အဝကုဋ္ဌပည လူမျိုးများမှာတော့ ထည့်သမျှဖိတ် အိတ်ပေါက်နှင့် ဆန်ခံဆိုတာလို တရားနာရပေတယ်လို့ အပြစ်လဲ မငြိ အကျိုးလဲ မရှိ အသကား အဟောသိ ဖြစ်နေရတာပဲတဲ့။

ထိုင်နေတုန်းအခါမှာ စကြာမင်းပေးသနားတဲ့ ပတ္တမြားရတနာကို ခါး ပိုက်ထဲမှာပိုက်ထားပြီး ထသွားသောအခါ မေ့လျော့ ပျောက်ပျက်ကျန်ရစ် တဲ့လူဟာလို တရားနာရတုန်းအခါမှာတော့ တရားတော်ကို သတိမရဖျောက် ဖျက်ပစ်ခဲ့တဲ့ ဥစ္စင်္ဂပည တရားနာ ပုဂ္ဂိုလ်မှာတော့ 'လုပ်ကိုင်တုန်းစားလိုက်ရ

(ပဋ္ဌမအကြိမ်)

လုပ်ကိုင်ပြီးတော့ဆန်ကော်နှင့်ကောက်ဆွ'ဆိုတာလိုအပြစ်မှာဖြင့်ကိုယ့်ပေါ်မှာမကျပေဘူး၊ နာလိုက်ရတဲ့ ကုသိုလ်ကလေးနည်းနည်းသာရလိုက်ရတော့တာပဲတဲ့။ မြေကြီးများတစ်နေ့ဝါခြား တိုးတိုးပွားပွားလာတာလို တရားနာရတဲ့နေ့ကစလို့ တစစ တရွေ့ရွေ့ တစ်နေ့ထက်တစ်နေ့ ဆိုသလိုအထက်သို့တက်လို့အသက်ဆုံးသည်တိုင်အောင်ပဲကုသိုလ်တရားတိုးပွားသွားတဲ့ပုထုပညတရားနာပုဂ္ဂိုလ်ချိုးမှာဘော့'ဇောတိကရွှေအိုး နှိုက်လိုက်တိုင်းတိုး'ဆိုတာလိုပစ္စုပ္ပန်သံသရာမည်သူးဘဲအကျိုးများများကြီးရတဲ့ ပုဂ္ဂိုလ်လို့ဆိုရတယ်တဲ့။

အဲ့သို့မို့လို့တရားနာရပါလျက် အကျိုးမရအပြစ်ရတဲ့ပုဂ္ဂိုလ်, အကျိုးလဲမရ အပြစ်လဲမကျတဲ့ပုဂ္ဂိုလ်, အကျိုးနည်းနည်းသာရတဲ့ ပုဂ္ဂိုလ်အကျိုးများများကြီးရတဲ့ပုဂ္ဂိုလ်လေးမျိုးတို့တွင် အကျိုးများများကြီး ရတဲ့ပုဂ္ဂိုလ်ထဲကနေရအောင် တရားနာရတဲ့အခိုက်အခါ လောကီစီးပွားဘက်ကို စိတ်မပါမထွက်စေဘဲ တရားကိုသာ ငဲ့ကွက်လို့ ငြိမ်သက်တည်ကြည်စွာ နာနိုင်စေရမယ်တဲ့။ လောကီစီးပွားဆိုတာကို ကံကသာဖန်တီးတယ်တဲ့၊ ကိုယ်ကြံတိုင်း ပြီးတာမဟုတ်ဘူးတဲ့။ ထို့ကြောင့် မြတ်စွာဘုရားက—

> သဗ္ဗေ သတ္တာ ကမ္မသကာ၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။
> ဟိန ပဏီတ ဘာဝါယ၊ န စိန္တာယ သမိဒ္ဓိနော။ *

လို့-ဟောတော်မူတယ်တဲ့။

သဗ္ဗေ၊ စကြာဝဠာမြေပြင် ကောင်းကင်မကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ သုံးဘုံတွင်း၌ မကင်းဘဝ သတ္တဝါဟူသမျှတို့သည်။ ကမ္မသကာ၊ ရှေးခါခုပြု ကောင်းမှုမကောင်း အကြောင်းနှစ်ဖြာကံသာလျှင်မိမိဥစ္စာရှိကြကုန်၏။ ဟိနပဏီတဘာဝါယ၊ ဆင်းရဲချမ်းသာ မတူပါဘဲ သူသာငါတင်းဖြစ်ရခြင်းငှါ။ ကမ္မံ၊ ကောင်းမှုမကောင်း ရှေးအကြောင်းသည်။ သတ္တေ၊ ရှိရှိသမျှ ဘုံဘဝ၌ နေကြများစွာ သတ္တဝါတို့ကို။ ဝိဘဇ္ဇတိ၊ ရှေးရှေးကပြု ကိုယ့်အမှုနှင့် ကိုယ်ခုလျော်စေ စီရင်လေ၏။ သတ္တာ၊ သတ္တဝါအများသုံးဘုံသားတို့သည်။ စိန္တာယ၊ အကြောင်းကံကို လွန်ဆန်ကျော်နင်းစိတ်လိုရာ ကြံခြင်းဖြင့်။ သမိဒ္ဓိနော၊ မပြီးမလုံ၊ မပြည့်စုံကြကုန်။

* ဥပရိပဏ္ဏာသ၊ ပါဠိ၊ စူဠကမ္မ ဝိဘင်္ဂသုတ်၊ ၂၄၄-နှင့်၊ ရင်းငှ၊ ၁၇၇၊ ရင်းဋီ-၃၇၂-တို့ကို ကြည့်။ (ပဥ္စမအကြိမ်)

သို့ တရားတော်နာရယင် လောကီ လောကုတ္တရာနှစ်ပါးလုံးပင် အကျိုးများတယ်လို့ဆိုယော် ဘယ်လိုများ–များပါသလဲလို့ဆိုတော့

> ပဌမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ ကတမေပဉ္စ အဿုတံ သုဏာတိ, သုတံ ပရိယောဒါပေတိ, ကင်္ခံ ဝိတရတိ, ဒိဋ္ဌိံ ဥဇုံ ကရောတိ, စိတ္တမဿ ပသီဒတိ၊ ဣမေခေါ ဘိက္ခဝေ ပဉ္စအာနိသံသာ ဓမ္မဿဝနေ။

လို့ ဟောတော်မူတယ်။ (အင်္ဂုတ္တရ၊ ပါဠိ၊ ပ၊ ၂၁၆)

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မဿဝနေ၊ သူတော်ကောင်းတို့၏ဟောပြောဆုံးမသော တရားဓမ္မကို ကောင်းမွန်စွာနာရခြင်း၌။ အာနိသံသာ၊ အကျိုးထင်ထင် အာနိသင်တို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့တည်း။ ကတမေပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား။ အဿုတံ၊ မကြားဘူးသေးသော ထုံးပုံနည်းနာ ဒေသနာအထူးထူးကို။ သုဏာတိ၊ ကြားရနာရ၏။ သုတံ၊ ရှေးကကြားဘူး တရားထူးကို။ ပရိယောဒါပေတိ၊ ညစ်ကြေးမတင်ဖြူစင်စေ၏။ ကင်္ခံ၊ မဟုတ်မည်လော ဟုတ်မည်လောဟု တွေးတောမရှင်း ယုံမှားခြင်းကို။ ဝိတရတိ၊ ဖြတ်တောက်နိုင်၏။ ဒိဋ္ဌိံ၊ အယူကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောတိ၊ ပြုနိုင်၏။ အဿ၊ ထိုတရားထူးကို ကြည်နူးရှင်ပ ကြားနာရသောသူ၏။ စိတ္တံ၊ စိတ်သည်။ ပသီဒတိ၊ ကြည်ကြည်လင်လင် ညစ်ကြေးစင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မဿဝနေ၊ သူတော်ကောင်းတို့၏ ဟောပြောဆုံးမကြသော သြဝါဒဓမ္မကို ကြားနာရခြင်း၌။ အာနိသံသာ၊ အကျိုးထင်ထင် အာနိသင်တို့သည်။ ဣမေခေါပဉ္စ၊ ဤငါးပါးတို့တည်း။

**အဓိပ္ပါယ်မှာ** တရားတော်ကို ရိုရိုသေသေ လေးလေးမြတ်မြတ်ပြုလို့ ကောင်းမွန်စွာ နာရသောသူတို့မှာ ယခုပစ္စက္ခ ဒိဋ္ဌဓမ္မ ယခုဘဝ၌ပင်လျှင် မကြားရဘူး, မနာရဘူး, မမြင်မတွေ့ရဘူးသေးတဲ့ ထုံးပုံနည်းနာမှတ်ရာမှတ် စုဝတ္ထုသက်သေ ဒေသနာအထူးထူးတို့ကို ကြားရ နာရ သိမြင်ရတာလဲ အကျိုးတစ်ပါးပဲတဲ့။

ကြားရနာရဘူးသော တရားများလဲညစ်ကြေးမဘင် ကင်းရှင်းစင်ခြင်း ဟာလဲ အကျိုးတစ်ပါးပဲတဲ့။

(ပဉ္စမအကြိမ်)

ယုံမှားတွေဝေ မခွဲဝေနိုင်တဲ့ မိမိ၏သံသယ ကင်္ခါစွ ပယ်ဂ် စိတ်ဒွိဟဘို့ကို လဲ သန္နိဋ္ဌာန်ကျ စိတ်မခွပဲ ယူဆဖြေဖျောက် အဆုံးပေါက်အောင် ဖြတ် တောက်နိုင်ရခြင်းလဲ အကျိုးတစ်ပါးပဲတဲ့။

နိဗ္ဗာန်သောင်ကမ်း ရောက်ရာလမ်းကို မလှမ်းမလိုက် မဆိုက်မနား အယူမှားတို့ကို ပယ်ရှားသုတ်သင်လို့ နိဗ္ဗာန်နန်းရောက် စခန်းထောက်နှင့် မကောက်မစောင်း အယူကောင်းတို့ကိုသာ ဖြောင့်မှန်စွာ ယူနိုင်ခြင်းလဲ အကျိုးတစ်ပါးပဲတဲ့။

ထိုပုဂ္ဂိုလ်၏စိတ်သည် သန့်ရှင်းကြည်လင်ခြင်းလဲ အကျိုးတစ်ပါးပဲတဲ့။

အဲ-ဤငါးပါးသော အကျိုးများကို ယခုဘဝ ပစ္စက္ခမှာပဲ အသင် အရှား ရနိုင်ပါတယ်၊ နောင်တမလွန်ဘဝအဖို့ အကျိုးထူး ဝိသေသဆိုဘာ မှာတော့ လောကချမ်းသာတွင်သာ မကသေးပါဘူးတဲ့၊ သံသရာ ဝဋ္ဋဒုက္ခ တွေကို ကျော်ကျူးပြီးတော့ နိဗ္ဗာန်တိုင်အောင် ကူးနိုင်တဲ့ အကျိုးထူး ဝိသေသတို့ကို ခံစားစံစားရနိုင်ပါဘယ်တဲ့။ ထိုကြောင့် မြတ်စွာဘုရားက-

ယေစ ခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော။

တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။

လို့-ဟောတော်မူတယ်။                                                    (ဓမ္မပဒ၊ ၄၊ ပထမ၊ ၁၇၉)

ယေစခေါ အကြင်သူတို့သည်၊ သမ္မဒက္ခာတေ၊ ကောင်းစွာဟောတော် မူအပ်သော။ ဓမ္မေ၊ တရားတော်၌။ ဓမ္မာနုဝတ္တိနော၊ တရားသိမ်းပိုက် မတိမ်းငိုက်ဘဲ စိုက်စိုက်လိုက်ခါ ကျင့်နိုင်ကြပါကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန် ၏။ တေဇနာ၊ ထိုသူတို့သည်၊ သုဒုတ္တရံ၊ အလွန်အကဲ ကူးပြောင်းနိုင့်ခဲသော မစ္စုဓေယျံ၊ သေမင်းနိုင်ငံ ဘုံသုံးတန်ကို၊ တရန္တာ၊ ကူးသန်းကျော်လွှား ကုန်လျက်၊ ပါရံ၊ ထိုမှာဘက်စွန်း နိဗ္ဗာန်ကျွန်းသို့၊ ဧဿန္တိ၊ ရောက်ရကုန် လတ္တံ့။

**အဓိပ္ပါယ်ကား**။ အကြင်သူတို့သည် အရိယာသူတော်ကောင်းတို့ကြောင့် ကျိုးပြုသ ဟောကြေပြောကြ ဆုံးမကြသော တရားတော်ကို နာရ ကြားရ မှတ်သားချ၍ ထိုတရားတော်လာတိုင်းပင် မသွေမဖောက်မကောက်မစောင်း လမ်းကြောင်းဖြောင့်မှန်စွာ လိုက်နာကျင့်ကြံနိုင်ကြသည်ရှိသော် အလွန် ကူးမြောက် ကျော်ထွက် နိုင်ခဲလှစွာသော ကရဏာကင်း အာဏာပြင်းတဲ့ သေမင်းယုတ်, သေမင်းညစ်နေရာ တည်ရာ ကိန်းအောင်းရာ နှိပ်စက်ရာဖြစ်

(ပဥ္စမအကြိမ်)

သော ကာမ, ရူပ, အရူပဟု ဆိုအပ်သော တေဘူမကဝဋ္ဋဒုက္ခနှောင်အိမ်ကြီး တို့မှ ကျွတ်လွတ်ထွက်မြောက် အထွတ်ပေါက်ပြီးလျှင် ဘေးတကာ့ဘေး ဒဏ်တကာ့ဒဏ် ရန်တကာ့ရန် မီးတကာမီး တို့၏ အပြီးကုန်ငြိမ်းလက်စသိမ်း လက်စသတ် မကပ်မရောက် မတောက်မလောင်နိုင်သော နိဗ္ဗာန်သောင်စွန်း တစ်ဖက်ကျွန်းကြီးကို ခိုမှီးရပါတော့တယ်တဲ့။

ယင်းသို့ဖြစ်၍ ရှုစေးညှန်ပျစ်ထဲမှာ ကျွံနစ်ပြီးနေရတဲ့ ဆင်ပြောင်ကြီး ဟာ ထိုညွန်ပြောင်ရှုံတွင်း ထုံးအိုင်အင်းထဲက အတင်းယူဆွဲ အားကုန်ခဲ့ပြီး သကာလ လူးလဲကြိုးကုတ်သို့ မိမိကိုယ်ကိုမိမိအရန်နုတ်ထာလို အလွန်သစ် ကျွား သားရဲပေါများလှတဲ့ တောကြီးမျက်မည်းထဲမှာ တစ်ယောက်ချင်း တည်း မိုးချုပ်နေတဲ့ယောကျ်ားဟာဆိုဘေးရန်ထွေးရှုပ်လှတဲ့တောအုပ်ကြီး မြိုင်အုပ်ကြီးထဲက သုတ်သုတ်လျှင်လျှင် အမြန်နှင်ကာ ကွင်းပြင်လွင်ဘက်သို့ လျှင်လျှင်မြန်မြန်ကြီး လွတ်အောင်ထွက်တာလို တိုပမာလိုပဲတဲ့၊ ယခု လူတို့ မှာလဲ ရှုံညွန်ထူထဲတဲ့ ရေအိုင်ထုံးအိုင်ကြီးနှင့် သားရဲဘေးရန် အတန်တန် ရှုပ်ယှက်ခတ်တဲ့ တောအုပ်မြိုင်အုပ် ဂနိုင်ရှုပ်ကြီးနှင့်တူသော တေဘူမကာ ဝဋ္ဋဒုက္ခရှုံအိုင်ညွန်အိုင်ကြီးထဲမှာ တွန်းလို့မရ ဆွဲလို့မရနိုင်အောင် ကျွံလို့ မြုပ်လို့ နစ်လို့ပြီးနေရတဲ့ မိမိခန္ဓာကိုယ်ကို ဇာတိဇရာ ဗျာဓိ မရဏ ဘေး ဒုက္ခရစ်ဆီးတဲ့ သံသရာတောအုပ်ကြီးထဲမှာ လောဘ ဒေါသ မောဟ ရစ် အုပ်လို့ မိုးချုပ်နေရတဲ့ မိမိခန္ဓာကိုယ်ကို ထိုတေဘူမကညွန်ထဲ သံသရာ တောအုပ်ထဲက ကျော်လွှဲထွက်မြောက်ရအောင် မိမိကိုယ်ကိုမိမိ လျှင်လျှင် သုတ်သုတ် နုတ်ယူကြစေခြင်းငှာ—

အပ္ပမာဒရတာ ဟောထ၊ သစိတ္တမနုရက္ခထ။
ဥဂ္ဂါဉဒ္ဓရထတ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။

လို့ မြတ်စွာဘုရား ဟောတော်မူတယ်တဲ့။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၃၂၁)

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမာဒ ရတာ၊ မမေ့မလျော့ခြင်း၌ မွေ့လျော် ကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ သစိတ္တံ၊ ဘောမျောက်ပမာ လွန်စွာလျှပ်ပေါ် သော်လီတတ်သော မိမိစိတ်ကို။ အနုရက္ခထ၊ စောင့် ရှောက်ကြကုန်လော။ ပင်္ကေ၊ ထုံးအိုင် ချောင်းချောင်း ရှုံညွှန်ပြောင်း၌။ သန္နော၊ ကျွံနစ်စေးနိုင် မလှုပ်နိုင်သော။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ ဥဂ္ဂါ၊ ထုံးအိုင်မြေကျင်း ညွန်ရှုံတွင်းမှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဓရတိဣဝ
(ပဉ္စမအကြိမ်)

လျှင်လျှင် သုတ်သုတ် ကြိုးအားထုတ်ကာ နှုတ်ယူရာသကဲ့သို့။ တုမှေ၊ သင်ချစ်သားတို့သည်။ ဥဂ္ဂါ၊သံသရာဝဋ်ကျင်း ရွှံ့ညွှန်တွင်းမှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဓရထ၊ နှုတ်ယူကြကုန်လော။

ထိုသံသရာညွှန်ပြောင်ထဲမှာလဲ နစ်မြုပ်မျောလို့ နေရတဲ့ မိမိကိုယ်ကို ထိုညွှန်ပြောင်ထဲက ကျော်လွှဲရအောင် သားသမီးတို့ကလဲ မနှုတ်နိုင် အမေမိဘ ညာတိသင်္ဂဟတို့လဲ မနှုတ်နိုင်ဘူးတဲ့၊ ဘာမှနှုတ်နိုင်သလဲလို့ ဆိုတော့ သူတော်ကောင်းတို့ဟောပြောဆုံးမဩဝါဒပေးကြတဲ့တရားတွေကိုလိုက်နာပြီးတော့ ထိုတရားကို မမှားမစောင်းစေရ၊ ကောင်းမွန်စွာ ကျင့်နိုင်ရမယ်တဲ့၊ ဤကဲ့သို့ အကျင့်သီလဖြင့် မိမိကိုယ်ကို မိမိနှုတ်မှသာလျှင် သံသရာဝဋ္ဋက ကျွတ်လွတ်အောင် နှုတ်ယူနိုင်ပါတယ်တဲ့၊ သို့မို့လို့ မိမိကိုယ်ကိုသာလျှင် မိမိကိုးကွယ်ရာဖြစ်ခဲ့တယ်၊ မိမိမှတစ်ပါး သားသမီး ဆွေမျိုးညာတိ အမိအဖတို့သည်ကားကိုးကွယ်ရာ မဖြစ်နိုင်ဘူးတဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက–

အတ္တာဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

လို့–ဟောတော်မူတယ်။                                        (ဓမ္မပဒ၊ ဋ္ဌ၊ ဒုတိယ၊ ၉၉)

**အတ္တာဟိ** အတ္တာဧဝ၊ ကိုယ်ရှင် ကိုယ်ပင်သာလျှင်။ **အတ္တနော**၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာတည်း။ ပရော၊ မိမိမှအခြား သားသမီးစသော သူတစ်ပါးတည်း။နာထော၊ မှီခို ကိုးစားရာသည်။ကောဟိ သိယာ၊အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။ အတ္တနာ၊ မိမိသည်။ သုဒန္တေန၊ တရားကျင့်ရေး ဆုံးမ၍ ယဉ်ကျေးသဖြင့်။ ဒုလ္လဘံ၊ ရနိုင်ခဲသော။ နာထံ၊ နိဗ္ဗာန် မဂ်ဖိုလ် တည်းဟူသော ကိုးကွယ်ရာကို။ လဘတိ၊ ရနိုင်၏။

အဲ့သည်ကဲ့သို့ မိမိကိုယ်မှတစ်ပါး ကိုးကွယ်ရာမရှိဘူးတဲ့၊ သို့ဖြစ်၍ ငါ၏ကိုယ်သဏ္ဌာန်ရှိတဲ့ ဘဝတိုင်းဘဝတိုင်း ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့ကို အဖန်ဖန်ဖြစ်စေတဲ့ လောဘ, မိမိကိုယ်ကို သံသရာဝဋ္ဋထဲမှာလဲအောင် နစ်တက် မြှုပ်ထားတတ်တဲ့ ဒေါသ, မဂ်ဖိုလ်ရောက်ကြောင်း သူတော်ကောင်း တရားတို့ကို ပိတ်ဖုံးကွယ်ကာလို့ ထားတတ်တဲ့ မောဟ, ဤသို့အစများပြားလှတဲ့ သေမင်း၏ စစ်သည်ဗိုလ်ပါတို့ကို သူတော်

ကောင်း တရားတည်းဟူသော အမြောက် စိန်ပြောင်းလက်နက်ကောင်းဖြင့် သာ ထောင်းထောင်းညက်ညက် ကျူထရံအိမ်အိုကို ဆင်ပြောင်ကြီးဖျက်သလို နှိပ်စက်ဖျက်ဆီးရမယ်တဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက—

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

လို့-ဟောတော်မူတယ်။ (သံယုတ္တပါဠိ၊ ပ၊ ၁၅၈)

ဗုဒ္ဓသာသနေ၊ ငါဘုရားသာသနာ ထွန်းလင်းသောအခါ၌။ အာရမ္ဘထ၊ ဝီရိယမယုတ် ကြိုးအံကုတ်၍ အားထုတ်ကြကုန်လော၊ နိက္ကမထ၊ ကိလေသာငုတ် လောဘယုတ်ကို နှင်ထုတ်ကြကုန်လော။ ယုဉ္ဇထ၊ ဗျူဟာခင်းတက် မာန်စစ်မက်ကို တိုက်ဖျက်ကြကုန်လော့။ ကုဉ္ဇရော၊ ဆင်ပြောင်သည်။ နဠာဂါရံ၊ ကျူထရံရွတ်ယို အိမ်ဆွေးအိုကို။ ဓုနာတိ ဣဝ။ မှုန့်မှုန့်ညက်ညက် ကျေအောင်ဖျက်သကဲ့သို့။ မစ္စုနော၊ သေမင်းယုတ်၏။ သေနံ၊ လောဘ, ဒေါသ မောဟဗိုလ်ထု ရဲမက်စုကို။ ဓုနာထ၊ လက်နက် စိန်ပြောင်း တရားကောင်းဖြင့် ထောင်းထောင်းညက်ညက်ပျောက်ကျေပျက်အောင်တိုက်ဖျက်ကြကုန်လော့။

ထိုကဲ့သို့သော လောဘ, ဒေါသ, မောဟဟု ဆိုအပ်တဲ့ သေမင်း၏တမန် ကိုယ်တွင်းရန်ကို ပယ်လှန်ချိုးဖျက်စရာ လက်နက်ကောင်း ဘယ်မှာရှာရပါမလဲလို့ဆိုတော့ ပညာရှိသူတော်ကောင်းသူမြတ်လောင်းမှတစ်ပါး လက်နက်ကောင်းပေးနိုင်မယ့်သူမရှိဘူးတဲ့၊ပညာရှိသူတော်ကောင်းများကိုသာပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ပြီးသကာလ လက်နက်ကောင်းများကို ရှာဖွေရမယ်တဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက—

နိဂ္ဂယှဝါဒီ မေဓာဝီ၊ *တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ နပါပိယော။

လို့-ဟောတော်မူတယ်တဲ့။

မေဓာဝီ၊ ပညာရှိ သူတော်ကောင်းသည်။ နိဂ္ဂယှဝါဒီ၊ နှိပ်နှင်း၍သာ ဆုံးမလေ့ရှိ၏။ တာဒိသံ၊ ထိုသို့ နှိပ်နှင်း ညှစ်ကြေကြင်းအောင် ဆုံးမခြင်း အလေ့ရှိသော။ ပဏ္ဍိတံ၊ မဂ်,ဖိုလ်ရောက်ကြောင်း နည်းကောင်းမြင်သိပညာရှိကို။ ဘဇေ၊ ဆည်းကပ်ရာ၏။ တာဒိသံ၊ ထိုသို့နည်းသိ ပညာရှိကို။ ဘဇ

*နိဂ္ဂယှဝါဒိံ မေဓာဝိံ။ (ဓမ္မပဒ၊ ၄၊ ပထမ။ ၃၄၇)

(ပဉ္စမအကြိမ်)

မာနသာ၊ အမြတ်ဟုသိ ဆည်းကပ်မိသောသူအား။ သေယျော၊ တစ်နေ့ တခြား ပွားထက်ပွား၍ တရားဝင်ကပ် မြတ်ထက်မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ တရားလွတ်ကင်း ယုတ်မာခြင်းသည်။ နဟောတိ၊ မဖြစ်နိုင်။

အဲ ထိုကဲ့သို့ မကောင်းသောတရားဘက်ကို မလိုက်လာမိအောင် ကောင်းတဲ့တရားဘက်ကိုသာ လိုက်လာမိအောင် နှိပ်နင်း၍ ဆုံးမတတ်တဲ့ ပညာရှိသူတော်ကောင်းကို ပေါင်းမိဖော်မိ မှီဝဲဆည်းကပ်မိ၂ါလျက် ကောင်းဘက်ကိုမပါ ပညာရှိ သူတော်ကောင်းတို့၏ တရားစကားကိုမလိုက်ချင် မနာချင် ဆန့်ကျင်နောက်လှည့် ပျင်းရိကပ်ခို မကောင်းဘက်ကိုသာ လိုက်ချင်တဲ့ မိမိကိုယ်ကို အလိုမလိုက်ဘဲ ကောင်းဘက်ကိုသာ အပါဆွဲရမယ်တဲ့၊ ဘယ်လိုဆွဲရပါမလဲလို့ ဆိုတော့။

နာဟံ ဒါသော ဘဋ္ဋော တုယှံ၊ နာဟံ ပေါသာမိ ဒါနိ တံ။
တွမေဝ ပေါသေန္တော ဒုက္ခံ၊ ပတ္တော ဝဋ္ဋေ အနပ္ပကံ။

(ပေါရာဏ ရစနာဂါထာ)

အဲ–သည်လိုလဲ မိမိကိုယ်ကို မြည်တွန်လို့ အပါဆွဲရမယ်တဲ့။

အဟံ၊ ငါသည်။ တုယှံ၊ သင်ခန္ဓာကိုယ် အကောင်ပုပ်၏။ န ဒါသော၊ ကျေးကျွန်လည်းမဟုတ်။ နဘဋ္ဋော၊ မင်းခယောကျ်ားလည်းမဟုတ်။ ဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ တံ၊ သင်ခန္ဓာကိုယ်ကို။ န ပေါသာမိ၊ သင့်အလိုလိုက် သင့်အကြိုက်ကို လိုက်ကာလိုက်ကာ မမွေးမြူနိုင်ပါအံ့။ တွမေဝ၊ သင်ခန္ဓာယုတ် အကောင်ပုပ်ကိုသာလျှင်။ ပေါသေန္တော-မပ-ဝရေး, မလှလှရေး ရှာဖွေကာ မွေးခဲ့ရသည် ဖြစ်၍ ဝဋ္ဋေ၊ သံသရာဝဋ် မကျွတ်မစဲ ဝဋ်ဆင်းရဲ၌။ အနပ္ပကံ၊ ဤမျှ ဤမျှ ဂဏန်းချ၍ မရပိုင်းခြား အတိုင်းမသိများသော။ ဒုက္ခံ၊ ငရဲပြိတ္တာ စဉ်မကြွင်း ဆင်းရဲခြင်းသို့။ ပတ္တော၊ များစွာဘဝ ရောက်ဖူးလှလေပြီ။

ဥဋ္ဌေဟိ ဟိနဝီရိယ၊ ဒါနိ မမ ကိစ္စံ ကရ။
ဇာနာမိဟံ တေ ရေ ဝသံ၊ တွံ ပါပေါ န သပ္ပုရိသော။

ဤလိုလဲ ငေါက်ငမ်းလို့ ဆွဲရမယ်တဲ့။                    (ပေါရာဏ ရစနာဂါထာ)

ဟိနဝီရိယ၊ လုံ့လပေါ့ဆ ပျင်းရိလှသော။ ရေ၊ ဟယ်အချင်းခန္ဓာကိုယ်။ ဥဋ္ဌေဟိ၊ ပျင်းရိခြင်းမှ ချက်ချင်းယခု မောင်မင်းထ။ ဒါနိ၊ ဒုလ္လဘထဲ ကြုံရခဲ့တွင် ကြုံခဲကြုံလာ သူတော်ကောင်းတို့နှင့် ပေါင်းမိသော ဤအခါ၌။

(ပဉ္စမအကြိမ်)

မမ၊ ငါ၏။ ကိစ္စံ၊ တရားနာခြင်း, ဒါန, သီလ, ဘာဝနာကောင်းမှုရှာခြင်း ကိစ္စကို။ ကရ၊ မပျင်းမရှိ သင်ပြုဘိလော။ အဟံ၊ ငါသည်။ တေ၊ သင် ခန္ဓာကိုယ်၏။ ဝသံ·စားကာအိပ်ကာ ရယ်မောကာနှင့် ဘေးမျှားရာခို သင့် အလိုကို။ ဇာနာမိ၊ သိ၏။ တွံ၊ သင်ခန္ဓာကိုယ်သည်။ ပါပေါ၊ အပါယ်ငရဲ ဝဋ်ဒုက္ခမှာ အမြဲပျော်ကာ သူယုတ်မာတည်း။ နသပ္ပုရိသော၊ သံသရာဘေး လွတ်အေးလွယ်ကြောင်း မျှော်အားညွှန်းသည့် သူတော်ကောင်း မဟုတ် ချေ။

အဲ—ဤကဲ့သို့ ပညာရှိသူတော်ကောင်းတို့ကို ပေါင်းဖော်ဆည်းကပ်ခြင်း ပညာရှိသူတော်ကောင်းတို့ ကျိုးကြောင်းပြသ ဆိုဆုံးမကြသည်ကို လိုက်နာ ခြင်း၌ ပျင်းရိလှတဲ့ မိမိကိုယ်ကို မိမိ မပျင်းမရှိလေအောင် ဆုံးမဖျောင်းဖျ ပြီးတော့ သူတော်ကောင်းတို့၏ အဆုံးအမ ဩဝါဒကို မရရအောင် ရှာ ရမယ်တဲ့။ ယင်းကဲ့သို့မှ မရှာမဖွေ ပေါ့ဆလို့ နေခဲ့မှဖြင့် ပန်းပဲသမားတို့ ၏ တူကြီး·တူငယ် အသွယ်သွယ်တို့ဖြင့် ရိုက်နှက်ထုပုတ်လို့ ပန်းပဲလုပ်မခံ ရတဲ့ သံစိမ်းတုံးကြီး, သံချေးတွေဖုံးနေတဲ့ ဓားမတုံးကြီးများဟာ ရွာထဲ အိမ်ထဲ တောထဲမှာ အသုံးမကျတာလို, ကျောက်ဆစ်သမား ပန်းပုသမား များ အထွင်းအဖောက် အပြင်အဆင် အချောအမောကို မခံရတဲ့ ကျောက် ကာတွေ ဖုံးနေတဲ့ ကျောက်ခဲတုံးကြီးများ တောထဲက သစ်တုံးကြီးများဟာ အဖိုးမထိုက် အသုံးမကျဘဲ အလကားသာနေရတာလို, စားတော်ခဲ, စား တော်ချက်တို့ အချက်အပြုတ် အဖုတ်အကင် အကြော် အလှော်ကို မခံရတဲ့ ယင်တရုံးရုံး အမဲတုံး, ဝက်သားတုံး, ငါးတုံးကြီးများဟာ မင်းပွဲသဘင် စီရင် ခင်းကျင်းတဲ့ ရွှေအုပ်တွင်းသို့ မဝင်ရဘဲ အလကားပုပ်သိုးလို့ ပစ်လိုက် ရတာလို, သူတော်ကောင်းတို့၏ အဆုံးအမဩဝါဒကို မခံရတဲ့သူတို့မှာလဲ ဘဝရှည်ကြာ တချာချာနှင့် သံသရာဝဋ် ကျော့ကွင်းညွှတ်က မလွတ်နိုင်· မကျွတ်နိုင်ကြဘဲ သံယောဇဉ်ဂယက်ဆွဲပြီးတော့ နောင်ပွင့်လတ္တံ့ ဘုရားရှင် တို့နှင့် တလွဲထဲလွဲပြီး မနေရအောင် မိမိကိုယ်ကို သတိဆောင်ကြရမယ်တဲ့။ ထို့ကြောင့်—

ကမ္မာရောပိ အယောခန္ဓံ၊ နိဒ္ဒမန္တော အယောမလံ။
သုသန္တာနံ မဟာဠမ္ပိ၊ သတ္တံ ကရောတိ သာဓုကံ။ ။
ကောဋ္ဌကောပိ သေလက္ခန္ဓံ၊ ဆိဒ္ဒယန္တော ဒုဋ္ဌာနကံ။
သုသန္တာနံ မဟာဠမ္ပိ၊ ဗိမ္ဗံ ကရောတိ သာဓုကံ။
(ပဥ္စမအကြိမ်)

ပဏ္ဍိတော နိဂ္ဂဟောဝါဒီ၊ သုဇ္ဇနံ သုဇနံ ကရေ။
ဝင္ကဘယံ နိဝါရယံ၊ သုမဂ္ဂံ ဒဿယံ သဒါ။
လို့-ဟောတော်မူတယ်။

ကမ္မာရော၊ ပန်းပဲသမားကြီးသည်။အယောခန္ဓံ၊ သံချောင်းတွေဖုံး သံစိမ်းတုံးကို။ အယောမလံ၊သံချေးကို။နိဒ္ဓမန္တော၊ မီးနှင့်ပုံတိုက် တူနှင့်ရိုက်လျက် သုသဏ္ဌာနံ၊ ကောင်းသော သဏ္ဌာန်ရှိသော။ မဟဂ္ဃမ္ပိ၊ အဖိုး အများထိုက်သည်လည်း ဖြစ်သော။ သတ္တံသာခုက်၊ လက်နက်ကောင်းကို။ ကရောတိ၊ ပြုလုပ်၏။

ကောဋ္ဌကောပိ၊ ကျောက်ဆစ်ပန်းပု အရုပ်ထုသမားသည်လည်း။ သေလက္ခန္ဓံ၊ ကျောက်ကာတွေဖုံး ကျောက်စိမ်းတုံးကို။ဒုဋ္ဌာနကံ၊ အကွဲအအက်ရှုပ်ထွေးယှက်လျက် ကြမ်းပျက်ခက်မာ မတော်ရာကို။ဆိဒ္ဒယန္တော၊ ဆောက်ကြီးဆောက်ငယ် အသွယ်သွယ်ဖြင့် ထုဖယ်လှည့်ပတ် ထွင်းကာဖြတ်လျက်။ သုသဏ္ဌာနံ၊ ကောင်းသော ပုံသဏ္ဌာန်ရှိသော။ မဟဂ္ဃမ္ပိ၊ အဖိုးအများထိုက်သည်လည်းဖြစ်သော။ ဗိမ္ဗံ၊ ဗြဟ္မာသိကြား စသောအားဖြင့် များပြားပုံစုရုပ်ဆင်းတုကို။ ကရောတိ၊ ပြုလုပ်၏။

နိဂ္ဂဟောဝါဒီ၊ မလျော်ညစ်ကြေး သံချေးကျောက်ကာ ပြစ်များစွာကို ပယ်ခွာနှိပ်နင်း ဆုံးမခြင်းအလေ့ရှိသော။ ပဏ္ဍိတော၊ ပညာရှိသည်။ ဝင္ကဘယံ၊ ဝဋ်ဒုက္ခမစဲ ဆင်းရဲရကြောင်း ဘေးအပေါင်းကို။ နိဝါရယံ-နိဝါရယန္တော၊ တားမြစ်လျက်။ မဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကောင်းကို။ ဒဿယံ, ဒဿယန္တော၊ ပြလျက်။ ဒုဇ္ဇနံ၊ သူတော်မဟုတ် မသူတော်ယုတ်ကို။ သုဇနံ၊ သူတော်ကောင်းဖြစ်အောင်။ သဒါ၊ အခါခပ်သိမ်း၊ ကရေ၊ ပြုနိုင်၏။

အဲ-ပညာရှိသူတော်ကောင်းများကို ပေါင်းဖော်မှီဝဲ ဆည်းကပ်မိပြီလို့ဆိုသင် အပါယ်လေးပါးသို့မသွားမရောက်နိုင်ကြောင်းဖြစ်တဲ့ သုဂတိ လမ်းကောင်းကိုသာပြလို့ မသူတော်ကိုသူတော်ကောင်းဖြစ်ရလေအောင် မယဉ်ကျေးသေးတဲ့လူကိုလဲယဉ်ကျေးရလေအောင် ယဉ်ကျေးပြီးဖြစ်တဲ့သူဖြစ်ယင်လဲ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြင့်သွားရလေအောင်ဆုံးမပြဲ့ဝါဒ ပေးတော်မူကြတယ်တဲ့။ဤကဲ့သို့ ဆုံးမဩဝါဒပါဒပေးဘာကိုမှ မလိုက်လိုမနာလို ထွန်တုံးကိုမျိုထားတဲ့ မြွေဟောလို မကုန်းနိုင်မကွနိုင်မာန်မာနကြီးအထုအခိုင်နှင့်

(ပဥ္စမအကြိမ်)

မယဉ်ကျေးနိုင် မညွတ်မတွားနိုင်တဲ့ သူတို့မှာတော့ ပန်းပဲဆရာက သံချေး တွေ ဖုံးနေတဲ့ ခဲမတုံးကြီးတွေကို ကောင်းစေလို၍ တဒုံးဒုံး ထုပါနက်ပါ သော်လဲ ထိုခဲမတုံးကြီးဟာက သံချေးတွေထူလှလို့ ပျော့ဖော်မရတဲ့ပြင် ဖုံပွပွပေတေတေ လိန်တွန့်ကောက်ကွေးလို့ချည်း နေပလားလို့ ဆိုတော့ထို ခဲမတုံးကြီးကိုပန်းပဲဆရာ မုန်းတာလို့ အနာအဆာ အကွဲအအက် အဖြတ် အသတ် အထပ်အပတ်ထူလှလို့ ဖောက်ထွင်းချောမောလို့မှမရ ပြုပြင်လို့မှ မဖြစ်နိုင်လှတဲ့ကျောက်တုံးကြီးများ သစ်ဆွေးတုံးကြီးများကို ကျောက်ဆစ် သမား ပန်းပုသမား၊ အရုပ်ထုသမားတွေမုန်းတာလို၊ ခုတ်လို့မဖြစ်လှီးလို့ မရ ပုပ်လှဟောင်လှအရိုးအရွတ် ထူလှ ပျဉ်းမာလှဘဲ့ ဝက်သားတုံး အမဲတုံး ငါးတုံးကြီးများကို စားတော်ချက်သမားတွေ မုန်းတာလို ဆုံးမလို့ မယဉ် ကျေးနိုင်လှတဲ့သူကိုလဲ ပညာရှိများ မုန်းဘတ်သေးတယ်တဲ့။

အဲ–သည်လိုလဲ မမုန်းရအောင် မိမိကိုယ်ကိုနှိမ့်ချလို့ ငါသည် ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းဆုံမိ ကြုံကြိုက်မိပါလျက် အဘယ့်ကြောင့် မယဉ်ကျေးဘဲရှိရမလဲ တောထဲကကျေးများ မျောက်များမှပဲသင်ပါများ စကားပြောတတ်၊ ကတတ်၊ ခုန်တတ်ပါသေးတကား၊ ငါလူရင့်မကြီးဖြစ်ပါ လျက် အဘယ်မှာမယဉ်ကျေးဘဲနေရမလဲလို့ ဒေါသ မာန၊ ကောဓ ဥပနာ ဟန၊ မက္ခ၊ ပဠာသ·စသော တရားများကို ပယ်ရှားပြီး သကာလ သူတော် ကောင်းတို့၏ အဆုံးအမဩဝါဒကို လိုက်နာနိုင်စေရမယ်တဲ့၊ ထို့ကြောင့်–

သုံဝေါ ဝဒတိ ဝါစမ္ပိ၊ မန္ဒသေ့ာဟိ သုသိက္ခိတော။
မက္ကဋ္ဌောပိစ နစ္စန္တော၊ ကော အဒန္တော မဟာမုနိ။

လို့ ဟောတော်မူတယ်တဲ့။

မန္ဒသေ့ာဟိ၊ ကြောင်းကျိုးသိမြင် လူသခင်တို့သည်။ သုသိက္ခိတော၊ သွန်သင်ပြသ ဆိုဆုံးမကြသည်ရှိသော်။ သုံဝေါပိ၊ တိရစ္ဆာန်မွေး ဒေတာက ကျေးမှသော်လည်း။ ဝါစံ၊လူတို့ဘာသာ ထွေလာထူးပြား လူ့စကားကို၊ ဝဒတိ၊ သာယာမြည်ကြွေး ဆိုဘတ်သေး၏။ မက္ကဋ္ဌောပိ၊မငြိမ်လှုပ်ခြောက် တောက မျောက်မှသော်လည်း။ နစ္စန္တော၊လှပယဉ်ကျေးကတတ်သေး၏။ မဟာမုနိ၊ ရှင်တော်ဘုရား ဟောဝရေး ကို အဝါးဝဝ ကြားနာရသော ငါ သည်။ ကော အဒန္တော၊အဘယ့်ကြောင့်နှံ့ဝေးအမြင် သေး၍မယဉ်ကျေးဘဲ ရှိရလေအံ့နည်း။

(ပဉ္စမအကြိမ်)

အဲ-သည်လို မိမိကိုယ်ကို မိမိ ဆုံးမရမယ်တဲ့၊ သို့လိုဆုံးမပြီး သကာလ တရားထဲကို စိတ်သွင်းပြီးတော့ မပျင်းမရိ နာရမယ်တဲ့၊ဤကဲ့သို့နာသောသူမှာသာဝဋ်တကျာကုန်ခန်းပြီးသံသရာနှုတ်ခမ်းသွတ်လွယ်နိုင်ပါတယ်တဲ့တရားတော်ဆိုတာကို ဇောသဒ္ဓါစိတ်ဝင်လို့မို့. ကြည်ကြည်လင်လင် ခင်ခင်မင်မင် ရွှင်ရွှင်ပျပျ နာရမလားလို့ ဆိုတော့ လူတို့ကိုမဆိုထားနှင့်ဦးတော့တိရစ္ဆာန်ဘုံကဖြစ်တဲ့ ဒုဂ္ဂတိအဟိတ်သား ဖားကလေးများ, ဘာမှမသိတဲ့နွားများ, လင်းနို့သားများမှပင်သုဂတိဘဝသို့လားလို့ နိဗ္ဗာန်မဂ်ဖိုလ်တိုင်အောင်သွားနိုင်ကြသေးတယ်တဲ့၊ငါတို့မြတ်စွာဘုရားစမ္ပာပြည် ဂဂ္ဂရရေကန်၏အနီးတစ်ခုသော သစ်ပင်ကြီးရင်းမှာ သီတင်းသုံးနေတော်မူလို့ စမ္ပာပြည်သူပြည်သားတို့ကို တရားဟောတော်မူနေတယ်တဲ့၊ထိုအခါ ရေကန်မှာကျက်စားတဲ့ ဖားငယ်တစ်ခုဟာ ဘုရားရှင်အသံတော် သာယာတာကို အာရုံစိုက်မိလို့ မချိမဆံ့ ပီတိန္တိလျက် တန်းဆန့်ကာတက်သွားပြီးသကာလ ကန်ပေါင်၏ အနီးအပါးတစ်ခုသောမြေပတ်ကြားကဝပ်တွားကြည်သာ တရားနာတယ်တဲ့၊ ထိုအခါ နွားကျောင်းသားတစ်ယောက်ကလဲခါးထောက်ရပ်မျှော်ဖားငယ်၏အပေါ်ကမော်၍စေ့စေ့ဘုရားနှင့်ပရိသတ်ကိုတန်းမှတ်လို့အကြည့်ဖားငယ်ကိုတုတ်ထောက်မိရာတွင် စုတိပျက်ကြွေ သေခဲ့ခလေသော် သေလျှင်သေချင်း တာဝတိံသမြေအတွင်းမှာ အသင်းပြုရန် နေလုလင် တက်၍ပျံသလို အလျှံညီးတောက် ဗိမာန်ကြီးအပြီးပေါက်တယ်တဲ့၊အစောက်က တစ်ဆယ့်နှစ်ယူဇနာ, ရံရွေမှာတော့တစ်ထောင်,နတ်ဘုံကြီးအလယ်ခေါင်မှာဂုဏ်ရောင်မောက်မားအိပ်ရာမှ နိုးသောအလားကဲ့သို့ ဖားနတ်သားဖြစ်ရတယ်တဲ့၊ ထိုအခါ ကြီးကျယ်စွာဗိမာန် ဖော်ရွှေရံနှင့် ပျော်စံရခြင်းရှေးကြောင်းရင်းကို ထင်လင်းစွာသိရလေက ကျေးဇူးပြုအကြံနှင့် ဗိမာန်ပါခင်းကျင်းပြီးသကာလဖော်ရွှေရံသင်းပင်းနှင့်တကွ ဘုရားရှင်ခြေတော်ရင်းသို့ ကပ်ချဉ်းကာ ရှိခိုးလာပြန်တယ်တဲ့၊ ထိုအခါ ဘုရားရှင်က ဉာဏ်တော်တွင်သိမြင်လျက်နှင့် ပရိသတ်မွေချက်မှာ သဒ္ဓါထူးထွက်ကြစေခြင်းငှာ မေးခွန်းချက် ထုတ်တော်မူလို၍-

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊သဗ္ဗာ သြဘာသယံ ဒိသာ။

လို့ မေးတော်မူတယ်တဲ့။　　(ဝိမာန၊ ၄၊ ၂၀၂)

(ပဌမအကြိမ်)

ဇာဒ္ဒိယံ၊ ကြီးကျယ်ပြန့်မိုး ဂုဏ်တန်ခိုးဖြင့်လည်းကောင်း။ ယသသာ၊ တစ်ထောင်များပြား အခြံအရံ အားဖြင့်လည်းကောင်း။ ဇလံ-ဇလန္တော၊ တောက်ပလျက်။ အတိက္ကန္တေန၊ ရှုကြည့်စဖွယ် အလွန်တင့်တယ်သော။ ဝဏ္ဏေန၊အဆင်းဖြင့်။သဗ္ဗာဒိသာ၊ဆယ်မျက်နှာခြုံ အလုံးစုံသောအရပ်တို့ကို။ ဩဘာသယံ၊ ဩဘာသယန္တော၊ ရောင်ရှိန်ဝင်းဝင်း ထွန်းလင်းစေလျက်။ မေ၊ ငါဘုရား၏။ ပါဒါနိ၊လဲ၀ါဂွမ်းစု ပန်းပဒုံကဲ့သို့ ဆန်းနုခွေရုံ ခြေတော်စုံတို့ကို။ ဝန္ဒတိ၊ ရှိခိုးလာသောသူကား။ ကော၊ အဘယ်သူနည်း။ ဤသို့ မေးတော်မူတယ်တဲ့။ ထိုအခါ နတ်သားကလဲ-

မဏ္ဍူကော ဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော။

လို့ နားတော်လျှောက်တယ်တဲ့။ (ဝိမာန၊ ၄၊ ၂၁၂)

အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ဝတ်ိသာရပ် ဘုံအမြတ်သို့ မကပ်မီက ရှေးဘဝ၌။ ဥဒကေ၊ ဂဂ္ဂရအမည် ခေါ်သည်ီနှင့် အေးကြည်သန့်ရှင်း ကန်ရေတွင်း၌။ဝါရိဂေါစရော၊ရေတွင်ကျက်စားရေတွင်ဖွားသော။ မဏ္ဍူကော၊ ရေငါးမျိုးနွယ် ဖားသူငယ်သည်။ အာသိ၊ ဖြစ်ရချေ၏။ တဝ၊ဘုန်းတော် ကျော်ကြား ရှင်တော်ဘုရား၏။ဓမ္မံ၊နှိုသာအာလုံတ် ကြာကုမုဒ်မှ မိန့်ထုတ် မြွက်ဖော် တရားတော်ကို။သုဏန္တဿ၊ သဒ္ဓါဇောပိုက် မနောစိုက်၍ နှစ်ခြိုက်ကြည်လင် နာယူစဉ်တွင်။ ဝစ္ဆပါလကော၊ မတိမ်းစေရ ထိန်းအခနှင့် သိမ်းမလုပ်စား နွားကျောင်းသားသည်။ အဝဓိ၊ လှံကန်နှိပ်ဖိ ဒဏ်ရာထိ၍ မချိကျင်နာ သေရပါ၏။

အဲ-ထိုအခါ တရားနာရခြင်း ဒုလ္လဘ၏ မဟမ္ဗလ အကျိုးရကြောင်းနှင့် ကြောင်းကျိုးဆက်ကာ တရားတော်သွန်းပက်ရာတွင် ရောက်လာတဲ့ပရိသတ် များလဲ အကျွတ်တရားရကြတယ်တဲ့၊ ဖားနတ်သားမှာလဲ တရား၏ အာနိသံကြောင့် တစ်ထောင်သော နတ်သမီးအခြွေအရံနှင့်တကွ သောတာပန် တည်ပြီးမှ ပြုံးရယ်သောမျက်နှာနှင့် တာဝတိံ နတ်နန်းသို့ ပြန်မြန်း ပျော်စံရ တယ်တဲ့၊ အဲသည်-ဖားနတ်သား နတ်ပြည်၌ စံစားရခြင်း, သောတာပန် လက်ကိုင်ရလို့ အရိယာအဖြစ်သို့ ရောက်ရခြင်းကား အခြားမဟုတ် တရား နာရခြင်း၏ အံ့မွေခံ အကျိုးဆက် အာနိသံပဲတဲ့။

(ပဥ္စမအကြိမ်)

ဖားသာမကာသေး သိဟိုဠ်ကျွန်း ရောဟနဇနပဒမှာ န္တားလားကြီး မဟာဒတ္တတဲ့၊ တစ်ခုသောရှိုညန်အိုင်ထဲမှာ ကျလို့ မထနိုင် ကျွံမြုပ်၍နေရာ သခင်က စွန့်ပစ်၍သွားတာမို့ အိုးလုပ်သမားကလဲ အရေကိုခွာ စောင်းဆရာ တွေကလဲ အကြောကိုနုတ် ဇီဝရုပ်မစဲခင်ဘ ကယ်မဲ့လူမဒုဘဲ ဆင်းရဲ မျက်မှောက် ဒုက္ခကြီးရောက်နေရတယ်တဲ့။

စူဠတိဿရဟန္တာ ထေရ်မဟာသည် တပည့်ရဟန်းငါးရာနှင့် ကြွလာကြုံ ကြိုက်၍ ရေတိုက်ရေဆေး နုတ်ဆေးချိုသာ ဆိုမြည်ကာနှင့် ဖေးကာကိုင်မ သက်သာရာရစေပြီးမှ မဟာသတိပဋ္ဌာန် သုတ်မြတ်ကို ရွတ်ဖတ်ဟောပြောပြီး လျှင် ပန်းမောဟိုက်တုန် အားမကုန်ခင် သရဏဂုံယူစေပြီးမှ သီလကိုအဆက် တွင် အသက်ကံကုန်လို့ နတ်ဘုံသို့ ရောက်ရတယ်တဲ့၊ ထိုနတ်သား ဗိမာန်မှာ တော့ ယူဇနာသုံးဆယ် နတ်သမီးအခြံအရံမှာဘော့ တစ်ထောင်တဲ့၊တာဝတိံ သာ နတ်တို့ဘောင်မှာ ဂုဏ်ရောင်ကျော်ကြားလျက် မဟာဒတ္တန္တား နတ် သားရယ်လို့ ထင်ရှား ကြေညာရတယ်တဲ့။

အဲသည်မဟာဒတ္တ သောတာပန်မှီရာနှင့်တကွ နတ်ဘုံကိုရခြင်းလဲ တရား နာရတဲ့ အကျိုးအာနိသံသပဲတဲ့၊ ထိုနတ္တသားလဲ ဖားနတ်သား ဖြစ်ပုံလိုပဲ ဘုံဗိမာန်ပါမကြွင်း မထေရ်၏ ခြေတော်ရင်းကို ကပ်ချဉ်းရောက်လာ ရှိခိုးရာ တွင် ခြင်းရာဆွေးနွေး မထေရ်က မေးသောကြောင့် ကျေးဇူးတော် သခင် မဟာသတိပဋ္ဌာန် နတ်ရေစင်နှင့် သရဏဂုံဘန်ဆာဆင်ပေးလို့ နတ်ဘုံဘွင် ဖြစ်ရပါကြောင်း၊ ထိုမဟာသတိပဋ္ဌာန သုဘ်တော်ကိုပင် တစ်ဖန် နာလိုပါ ကြောင်းနှင့် လျှောက်တောင်းပန်ရာတွင် မထေရ်မြတ်လဲ ထိုနတ်သားအား ကရုဏာ ရှေ့ထားလျက် သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ပေးသနား ပြီးမှ မဟာသတိပဋ္ဌာနသုဘ်တရားကို ဟောကြားတော်မူပြန်လေလျှင် တစ်ထောင်ရံရွေ နတ်သမီးဗိုလ်ခြေနှင့်တကွ မဟာဒတ္တန္တားနတ်သားလဲ တရား ကို ယုံကြည်၍ သောတာပန် တည်ရလေတယ်တဲ့။

သည်သာမက ကဿပ မြတ်စွာဘုရားသက်ထက်ဘော်က တစ်ခုသော လိုဏ်ဂူထဲမှာ လင်းနို့ငါးရာတို့ဆွဲပြီးတော့ နေကြတယ်တဲ့၊ ထိုလိုဏ်ဂူဘွင်းမှာ သီတင်းသုံးနေသော မထေရ်များ အဘိဓမ္မာတရားကို ရေရွတ်ကြရာ တရားသံမှာ စိတ်စွဲလို့ ကရုဏာသံမှ မသိကြသော်လဲ ထက်က ဆွဲထားတဲ့ ခြေပြုတ်လို့ ငုတ်ကရက် မြေကိုကျမှာ အောက်က ခမြလင်း ဆောင့်မိ

ခြင်းကြောင့် ချက်ချင်းခဏ စုဟိကျလို့ ဘဝဆုံးလေလျှင် ငါးရာလုံးညီတူ တရားကြည်ဖြူတဲ့ ကုသိုလ်က ပင့်မြှောက်လို့ တာဝတိံသာနတ်ပြည်ကိုချည်း ရောက်ကြတယ်တဲ့၊ ထိုနောက်ကိုလဲ ဆက်လက်လို့ နတ်ဘုံက မဆင်းသက်ဘဲ ခု-ဘုရား ရွှေလက်ထက်မှ နတ်ဘုံက ဆင်းသက်လာပြီးလျှင် လေးပါးသော ပဋိသမ္ဘိဒါ ခြောက်ဖြာသော အဘိညာဉ် ဣဒ္ဓိပါဒ် စုံလင်စွာနှင့် ရဟန်း ငါးရာ ဖြစ်ကြတယ်တဲ့၊ အဲ-သည် လင်းနို့သားငါးရာတို့လဲ နတ်ပွဲကိုဝင်ရ ရုံမျှမက နိဗ္ဗာန်တိုင် ဝင်စံရကြသည်မှာလဲ တရားနာရတဲ့ အာနိသံသပဲတဲ့။

ထိုမှတစ်ပါးလဲ ယူ၏အလားကဲ့သို့ တရားကိုမြင်သိ ဘုရားကို ဆည်းကပ်လို့ ဒုဂ္ဂတိအပါယ်ခင်က တိရစ္ဆာန်ဖြစ်တဲ့ ပလလဲဆင်ကြီးမှာလဲ လူ့အသွင်မက ဘုရားကိုကြည်ညိုလှလို့ ကိုယ်ကာယနှင့်အသုံးခံပြီးလျှင် အကျိုးနွံ့တုပ်ကွ စွမ်းသမျှဖြင့် သုံးလဝါတွင်းတွင် ဘုရားကို ဝတ်မယွင်းစေဘဲ လုပ်ကျွေးခြင်း ကုသလကြောင့် ဘဝဆုံးကြွေလို့ ဆင်ဘဝက စုတေလေသော အခါ တာဝတိံသာ နတ်ဌာန်တွင် ဘုံဗိမာန်ယှဉ်ရထား ရံခြွေရွှေမြောက် အများနှင့် ပလလဲ နတ်သားရယ်လို့ ဖြစ်ရတယ်တဲ့၊ အဲ-သည်ဆင်မင်းလဲ နှလုံးသွင်း မှန်မြတ်လို့ သူတော်ကောင်း ဆည်းကပ်ခြင်းကြောင့်သာ အရင်းနှင့်မတန်ဘဲ အဟိတ်မျိုး တိရစ္ဆာန်ဖြစ်ပါလျက် နတ်ပြည်သို့ တက်ရ ပါသေးတယ်တဲ့။

သည်တွင်မက အတူအပ ပလလဲတောထဲက ပလလဲဆင်ကြီးကို အားကျလို့ သစ်ပင်က မျောက်ငယ်တစ်ခုလဲ သဗ္ဗညုမြတ်စွာဘုရား၌ သဒ္ဓါစေတက်ပွားလို့ ပျားတစ်အုံလှူကပ်လာတယ်တဲ့၊ ထိုအခါ မြတ်စွာဘုရားကလဲ မျောက်ငယ်ကို သနားသောအားဖြင့် ချီးမြှောက်တော်မူလိုတဲ့ စိတ်ထားနှင့် ပျားအုံကိုအလှူခံတော်မူလိုက်တယ်တဲ့၊ ထိုမျောက်ငယ်လဲ လူ့နှယ်အသွင် အစိန္တေယျ ဘုရားရှင် ဘုဉ်းပေးတော်မူသည်ကို မြင်ရယင်ပဲ တောတန်းချုံပြင် သစ်တစ်ပင်မှ တစ်ပင်ကို ခုန်ပေါက်ပြီး ကျွမ်းပြန်လို့ လျှောက်ခဲ့ရာ ဦးစောက်သီသီ သစ်ကိုင်းနှင့် လက် မနီးလို့မို့ မြေကြီးကိုအကျတွင် ဇီဝချုပ်ပျက်လေက ပျားလှူခဲ့တဲ့အကျိုးဆက် ဘုရားကို ကြည်ညိုခဲ့တဲ့စိတ်ရမက်ကြောင့် တာဝတိံ အထက်ဘုံမှာ သိမ်ဂုဏ်ကြီးမား ဘုံဗိမာန်ခြွေရံအများနှင့် မက္ကဋ—မျောက် နတ်သားရယ်လို့ ထင်ရှားစွာဖြစ်ရသေးတယ်တဲ့၊ အဲ—အဟိတ်ဘဝ ယုတ်ညံ့လှတဲ့ တောထဲက မျောက်သူငယ်မှပင် ကောင်းပင်စိုက်ပျိုးပလလဲဆင်ကြီး၏

(ပဉ္စမအကြိမ်)

ကောင်းတုကိုခိုးပြီးတော့ ဆည်းကပ်သင့်တဲ့ သူတော်ကောင်းမျိုးကို ဆည်းကပ်မိတော့ 'တစ်ခါသာထိုးရ ချိုးထိရော' ဆိုတာလို ကုသိုလ်ကမြောက်စားတာနှင့် နတ်ဘုံကို လားရသေးတယ်တဲ့။

ထိုဘုရားလက်ထက်တော်က ဘိက္ခုနီမတို့ ကောက်ရလို့မွေးမြူထားတဲ့ ကျေးသားငယ်ကလေးတစ်ခုဟာလဲ မကောင်းမှုပစ်ချလို့ ငှက်တိရစ္ဆာန်ပင်ဖြစ်ရကတဲ့ သူတော်ကောင်းတို့နှင့် ယှဉ်တွဲပြီးတော့ လူထဲမှာ အနေကြာလို့ လူ့စကားကိုလဲ လိမ္မာတယ်သိတယ်တဲ့၊ ဘာဝနာကမ္မဋ္ဌာန်းများကိုလဲ ဘိက္ခုနီမတို့က သင်ကြားကြလို့ ကြားရနာရအချို့ကိုလဲ နှုတ်တက်ဆောင်ရသဖြင့် နေ့ညဉ့်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ရလို့မို့ သူတော်သူမြတ်တို့၏ တရားကို ပွားများအားထုတ်ရတယ်တဲ့၊ တစ်နေ့သ၌ ကျောင်းစွန်က နေရောင်စာမှာ ဘာဝနာကို စိတ်စိုက်လို့ နေပူစာလှုံနေတဲ့အခိုက်ကို စွန်တစ်ကောင်က ထိုးသုတ်လို့ ခြေသည်းနှင့်ကုတ်ပြီးယူသွားတယ်တဲ့၊ ဆိုအခါ ဘိက္ခုနီမအပေါင်းတို့ကလဲ လွှတ်ရာကြောင်းအမှု အုတ်ကျောက်ခဲစသည်တို့နှင့်လိုက်ပြီးပစ်ခတ်ခြောက်ခြမ်းခြင်းကို ပြုကြပါသော်လဲ စွန်ကမလွှတ်မချဘဲ ချီမြဲပင်ချီပြီးတော့ တစ်ခုသောသစ်ပင်မြင့်ပေါ်ကိုတင်ယူသွားပြီး စားတော့မယ်လို့ရှိရာတွင် ဘိက္ခုနီမတို့က ကြင်နာသနားကြသည်နှင့် ကျေးသားသူငယ် ငါတို့သင်တဲ့ နေ့စဉ်လက်ဆုပ်သင်ရတဲ့ ကမ္မဋ္ဌာန်းကိုသာ စီးဖြန်းကာ အားထုတ်လို့ စိတ်ကိုသာ သိမ်းချုပ်လောတော့ ကြိုးကုတ်အားဆဲခါ သင်လွှတ်ဖို့ငါတို့ခဲပါသော်လဲ မလွှတ်ဘဲ သူချီသွားလေသဖြင့် ငါတို့ပြုသင့်တဲ့ဝတ္တရား ကုန်ချေပြီ၊ အလီလီဘဝ သံသရာဝဋ်ရေဝဲမှာ မလဲ့နိုင် ကျင်လည်ရတဲ့ သတ္တဝါဟူသမျှတို့မှာ ဤကဲ့သို့ ဒုက္ခနှင့်တွေ့ရမည့်ဓမ္မတာ မလွှတ်သာဟု ဆင်ခြင်ရာအရေးကို သင်တွေးလို့ရှုဘိ သင့်တွက်သာရှိချေတော့တယ်'ဟု ဟစ်အော်လို့သတိပေးလိုက်ကြတယ်တဲ့၊ ထိုအခါ ကျေးသားသူငယ်လဲ ဩော်... ငါကား မချွတ်သံသရာသဘေးဝဋ်နှင့်မလွှတ်နိုင် မကင်းနိုင် ဘုံသုံးဆိုင်မှာ တမိုင်မိုင် တတွေတွေ ရှေးကလဲ သေခဲ့ရလှလေပြီ နောက်ကိုလဲ အဖန်ဖန် သံသရာထုံးစံနှင့် သေရဦးမည်အမှန်ပင် ဓမ္မတာလမ်းအစဉ်ဟာမို့ ရှောင်ကြဉ်လို့မရ ယခုလဲ သေရဦးမှာပဲ အရိုးစုတစ်ခုကာ-ချီလို့ ဘယ်ဆီမှာတဲကွဲတခြား ဘယ်ကဲ့သို့ ကြဲထားလိမ့်မယ်လို့ မသိရဟု သတိးမှား ဘိက္ခုနီမတို့သင်ကြားတဲ့ ကမ္မဋ္ဌာန်းကိုသာ စီးဖြန်းအားထုတ်လို၍=

(ပဋ္ဌမအကြိမ်)

အင်္ဂပုဗ္ဗော၀ အင်္ဂပုဋ္ဌ ဂဟေတွာ ဂစ္ဆတိ၊
ကတရသ္မိံ ဌာနေ ဝိပ္ပကိရိယတိ။

ဟု-မြည်တမ်းတယ်။ (သုတ်မဟာဝါ၊ ဋ္ဌ။ ၃၃၅)

အင်္ဂပုဗ္ဗော၀၊တစ်ခုသော်စွန်အရိုးစုသည်သာလျှင်။အင်္ဂပုဋ္ဌံ၊ တစ်ခုသော ကျက်တူရွေးအရိုးစုကို။ ဂဟေတွာ၊ ချီယူ၍ဆောင်၍။ ဂစ္ဆတိ၊ သွား၏။ ကတရသ္မိံဌာနေ၊ ဘယ်အရပ်ဌာန ဘယ်ဒေသ၌။ ဝိပ္ပကိရိယတိ၊ ကြဲဖြန့် ပစ်မည်မသိ။

ဤကဲ့သို့ ကျေးသားငယ်က ရွတ်ဖတ်သရဇ္ဈာယ်လိုက်လျှင်ပဲ စွန်ကြီး၏ အသည်းမှာ မီးဝင်လို့စွဲတာလို မစဲအောင်အပူလှိုင်လို့ မနေနိုင် မထိုင်နိုင် ရှိရာတွင် ကျေးငယ်ကို လွှတ်ချထားခဲ့၍အရပ်တစ်ပါးသို့ ပျံသွားလေရော့ တယ်တဲ့၊ ထိုအခါ ကျေးသားငယ်လဲ ရန်သူဘေးကင်းလို့ ဘိက္ခုနီမတို့ ကျောင်းတွင်းသို့ ချက်ချင်း ပြန်ရောက်လာခဲ့မှ ဘိက္ခုနီမ အပေါင်းတို့က သောင်းသောင်းညီညာ အလွန်ခဲယဥ်းလှတဲ့ သေမင်းထံရင်း စွန်လက် တွင်းမှလွှတ်ခဲ့ရခြင်း အကြောင်းအရာကို မေးမြန်းလာကြရာ အကြောင်း မျိုးအခြင်းအရာကို စုံလင်စွာ ပြန်ကြားက အားရဝမ်းသာ ချီးမွမ်း ထောမနာကြတယ်တဲ့၊ နောက်အခါလဲ ကျေးသားငယ်မှာ ရှည်ကြာသက် လုံး ကောင်းမှုကိုသာ ဖြည့်သုံးလျက် သဇီဝိခန္ဓာဆုံးလေက နှလုံးဝမ်း မြောက် နတ်ရွာသို့ရောက်ရတယ်တဲ့။

အဲ-သို့ကလောက် ကြီးမားအောင်သူတော်ကောင်းနှင့်ပေါင်းမိ၍ ဘုံးသာ တိရစ္ဆာန် ကျေးသားမျှပင် တရားအမွေခံ မဟာဗ္ဗလအာနိသံ ရကြသည့်ဖြစ် ဟန်ကို အဖန်ဖန်တွေးဆလို့ သူတော်ကောင်းနှင့်သာ ပေါင်းမိခအောင်, သူတော်ကောင်းတို့ ဟောပြောသော အဆုံးအမ သြဝါဒကိုသာ လိုက်မိခ အောင်,သူတော်ကောင်းတို့၏ ကောင်းတုကိုသာခိုးမိကြရအောင် ကောင်း ကောင်းကြီး သတိဆောင်ရမယ်တဲ့၊ သူတော်ကောင်းတို့ ကျေးဇူးများ ကြောင်းကိုလည်း ကောင်းကောင်းကြီး သိရမတဲ့၊ ဘယ်လိုသိရပါမလဲ ဆိုတော့-

အဟောဝုတ တွံဘော သန္တ သန္တဝါ သကိ ဇနော၊
ဘယာ ဘယာ ဝိမုစ္စန္တော၊ သဂ္ဂါ သဂ္ဂံ ဝဇန္တိဝေ။ (ရစနာဂါထာ)

ဤလိုကြံဆလို့သူတော်ကောင်းတို့ကျေးဇူးကို သိရမယ်တဲ့။
(ပဌမအကြိမ်)

ဘော သန္တ၊ အိုသူတော်ကောင်းသခင် ကျေးဇူးရှင်။ တုံ၊ အရှင်သူတော်ကောင်းသည်။ အပေါဝတ၊ ဪ အံ့ဖွယ်သရဲရှိလှပေစွတကား။ သကိံ၊ တစ်ကြိမ်တစ်ခါ တစ်ဘဝမျှ။ တံသန္တဝါ၊ ထိုသင်သူတော်ကောင်းနှင့် ပေါင်းမိကြကုန်သော။ ဇနာ၊ လူတိရစ္ဆာန်မဟူ ခပ်သိမ်းသူတို့သည်။ ဘယာ ဘယာ၊ ဘေးကြီးဘေးငယ် အသွယ်သွယ်မှ။ ဝိမုစ္စန္တာ၊ ကောင်းစွာလှလှ ကင်းလွတ်ကြရကုန်သည်ဖြစ်၍။ သဂ္ဂါ၊ နတ်ပြည်တစ်ခုမှ။ သဂ္ဂံ၊ နတ်ပြည်တစ်ခုသို့။ ဧကန္တေန၊ စင်စစ်မလွဲသာလျှင်။ ဝဇန္တိ၊ ဝင်ရောက်ကြပေကုန်၏။

ဤလိုဆင်ခြင်လို့ သူတော်ကောင်းတို့၏ကျေးဇူးကိုသိရမယ်တဲ့၊ ဤကဲ့သို့မှ သူတော်ကောင်းတို့၏ကျေးဇူးကို မသိမမြင်ဘဲ သူတော်ကောင်းကို ကွင်းရှောင်လို့ သူတော်ကောင်းတို့ တရားစကားကို နားမထောင်မှုဖြင့် နောက်နောင်သောဘဝမှာ ချမ်းသာနှင့်တွေ့ရတဲ့ပြင် ဘေးဒုက္ခ မပြတ်စဲနိုင်ဘဲ အပါယ်ဘုံ အပါယ်ရေမှာသာ ကလဲထဲ လဲလဲပြီးတော့ နေရတတ်တယ်တဲ့၊ တရားနည်းတဲ့သူဆိုတာ ကိုယ့်ကိုကိုလဲ ကိုယ်မဆုံးမတတ်ဘူးတဲ့၊ သူတော်ကောင်းများကလဲ့ အဟောရ အပြောရ ကပ်တော့ကာ ကော့လပ်လပ်စပ်ကြားထဲမှာ တရားနှင့်လွဲပြီးတော့ အပါယ်ထဲကိုသာ ရောက်နေရတတ်တယ်တဲ့၊ သူတော်ကောင်းတို့ ပြောကြားတဲ့စကားကို ဖဲခဲ့ဖူးသည့်အတွက် ကဿပဘုရားရှင်လက်ထက်က နှုတ်ထွက်ပေါ့စားတဲ့ လယ်လုပ်သားတစ်ယောက်ဟာ အများတကာ သူတော်စွာတို့မှာ ပန်းနံ့သာလက်စွဲလို့ အသင်းမကွဲ အချင်းချင်းစုတွဲကာ တရားပွဲဝင် ဘုရားကိုဖူးမြင်ကြမယ်လို့ ကြည်လင်ရွှင်မော်သူ့ကိုလဲ လိုက်ရအောင် ပြောပါသည်ကို သဘောမကျ လယ်လုပ်သားသူဆင်းရဲဟာက ဒေါသမီးထပြီးတော့မင်းတို့ကဿပဘုရား ငါတရားနာသွားပေမယ့် ငါ့အား သူမကယ်ဘူး၊ တရားဘော အလွန်သယ်လို့ သံနားရဲ့ ဆိုပေတယ်လို့ ငါ့လယ်ကိုသူ့ထွန် ငါထွန်မှငါရမယ် မိုးကာလအချိန်လွန်မှဖြင့် မျိုးသွန်လို့ ရေမရ သမန်းအခြေမလှတော့ကာ ကောက်ပင်တွေကန္ဓမ်းညှိုးပြီး စပါးမကိုးလို့မို့ လယ်ခနှင့်နွားခပိုတဲ့ပြင် သူများကစိပ်ဘ်တွေကသာလွှမ်းမိုးလို့ မျိုးစားမှုပြန်မရတော့နောင်နှစ်ကိုနာလန်မထနိုင်ဘဲ စိတ်ဒုက္ခမီးလိုတောက်ပြီးတော့ လူလုံးပါပျောက်ကရောမယ်၊ စီးပွားမှောက်မဲ့ တရားနာကိုမလိုက်သာနိုင်သေးဘူးလို့ ဆိုဖူးတဲ့ဝစီကံအချက် ဘုရားကို ခုခံခဲ့တဲ့အတွက်ကြောင့် အသက်ခန္ဓာ လူ့ဘဝက ဆုံးအကွာတွင် လူ့ရွာလူ့ရပ်နှင့်မနီး တောကြီး

(ပဌမအကြိမ်)

နက်ချောင်း တောတစ်ဖက်ဝင် ကမ္ဘားယံကျောက်မြေပြင်မှာ တချင်ချင် တကျုံးကျုံး သံထွန်သွား, သံထွန်တုံး, သံကြိမ်လုံး,သံထွန်ညှင်း, နာနာရုပ်နွားတစ်ရှဉ်းနှင့်မီးဝင်းဝင်းတောက် တခြောက်ခြောက်နှင့် မသောက်ရမစားရ ဆာလောင်တဲ့ဝဋ်ဒုက္ခတွေနှင့် ပါးစပ်ကလဲတဟည်းဟည်း လယ်ထွန်လို့ မပြီးနိုင်တဲ့ ပြိတ္တာကြီးဖြစ်နေရတယ်တဲ့၊ ကဿပဘုရားရှင် သာသနာကွယ်တဲ့နောက် မြေကြီးတစ်ယူဇနာလောက် အထက်ကိုမြင့်မောက်မှ ယခု ငါတို့ဂေါတမဘုရား ပွင့်ခြင်းသို့ ရောက်ရတယ်၊ သို့ကလောက်ရှည်ကြာလို့ ယခု ငါဘို့ဘုရားသာသနာက ဇေရ်သံဃာသုံးကျိပ်တို့ မဟာဗောဓိကို ဖူးလိုတဲ့စိတ်နှင့် တောရိပ် တောင်တန်း ဟိမာန်ခရီးလမ်းကို ဖြတ်သန်းလှည့်ကာ ဒေသစာရီ ကြွချီပြီး လာကြတယ်။

ထိုအခါ ခြေရာမထင် မမြင်လမ်းစ ဘယ်ချပ် ဘယ်ဌာနရယ်လို့မဆိုနိုင် မတွေးနိုင် ဂနိုင်တောကြား ခရီးမှားကြလို့မို့ ထိုပြိတ္တာကြီး အနီးအပါးသို့ ဆိုက်ရောက်သွားကြတယ်တဲ့၊ ရဟန်းများကလဲ လူသားထင်မှတ်လို့ အနီးသို့ချဉ်းကပ်ပြီးကာလ လယ်ထွန်တဲ့ဒါယကာ၊ငါဘို့ရဟန်းများ ခရီးမှားလို့ မသွားတတ်မလာတတ် အာကာရကင်းပြတ်လို့ သုံးသေးရက် သည်တောရပ်မှာ လှည့်ပတ်လို့ ကြာနေရပါတယ်၊ မဟာဗောဓိ ခရီးစ ဘယ်ဆီကိုသွားရမယ်လို့ သိယင်လဲ လမ်းချလိုက်ပါတကာလို့ ပြိတ္တာကို မေးမိကြတယ်တဲ့၊ ထိုအခါ လယ်ထွန်တဲ့ပြိတ္တာကလဲ အရှင်ဘုရားတို့ လမ်းမှားကြတာ နေ့ရက်မှ မကြာလှသေးဘဲကိုး၊ တပည့်တော် လမ်းလွဲတာကတော့ ကဿပဘုရားရှင်လက်ထက်က ခုဘုရားသက်ထက်သို့သာကျရော့ လမ်းရှာလို့မှ မရပါသေးဘူး၊ ဘယ်မျှလောက် နောက်ကိုလဲကြာဝေးဦးမယ်လို့မှမသိရ သုဂတိလမ်းစကို ပြန်နိုင်ပြဘော်မူခဲ့ကြပါ၊ တပည့်တော်မှာ လူမဟုတ်ပါ ပြိတ္တာဖြစ်ပါကြောင်းနှင့်တကွ ရှေးဘာက ပြုမိခဲ့တဲ့ မကောင်းမှုအကြောင်းများကို ပြန်ကြား လျှောက်ထားလိုက်တယ်တဲ့။

အဲ-သည် လယ်လုပ်ယောကျာ်းလဲ ဘုရားနှင့် ကြုံကြိုက်ခဲ့သားနှင့် စီးပွားရေးခင်မင်လို့တရားကိုမနာလိုက်ရတဲ့အပြင်စိတ်ကြွေးဘင့်ပြီး အပါယ်တွင်နစ်မြုပ်လို့ မောမဝန္တာမြိုင်အုပ်မှာ ပြိတ္တာကြီးအသွင်နှင့် ခုဆက်ထိ လယ်ထွန်ပဲ မဖြုတ်ခွာနိုင်သေးဘူးတဲ့၊ အဲသည်ပြိတ္တာကြီးများလို သားကျိုး မယားကျိုးဖြစ်တဲ့လောကီစီးပွားချီးသူဘစ်ပါးတို့အကျိုးကိုချည်းသာရှာလို့

(ပဉ္စမအကြိမ်)

တရားနာရခြင်း, အလ္လုဒါနသီလသီတင်းဆောက်တည်ခြင်း, မိမိအကျိုးယုတ်လျော့လို့နေမှဖြင့်နောင်ဖြစ်ရမယ့်ဂတိလွဲလို့အပါယ်ဘုံထဲမှာချည်းကြာနေရတတ်တယ်တဲ့၊ သို့ကြောင့် သားကျိုး မယားကျိုး သူတစ်ပါးအကျိုးတွေထွေးရှုပ်တာနှင့် မိမိ၏ ကုသိုလ်ကောင်းမှုကျိုး မယုတ်ရအောင် မမေ့မလျော့အားထုတ်ရမယ်တဲ့၊ ထိုကြောင့် မြတ်စွာဘုရားက—

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထမဘိညာယ၊ သဒတ္ထပသုတော သိယာ။

လို့ သတိပေးတော်မူခဲ့တယ်တဲ့။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၁၀၂)

အတ္တဒတ္ထံ၊တရားနာရခြင်း,အလ္လုဒါန သီတင်း သီလကို အားထုတ်ရခြင်းစသော မိမိအကျိုးကို။ ဗဟုနာပိ၊ များပင် များသော်လည်း။ ပရတ္ထေန၊ လောကီစီးပွား သားရေး မယားရေးစသော သူတစ်ပါးအကျိုးကြောင့်။ နဟာပယေ၊မလျော့မယုတ် မဆုတ်မပျက်စေရာ။အတ္တဒတ္ထံ၊သံသရာ ဝဋ်ဒုက္ခတေးလွတ်အေးနိုင်ပြေး ကိုယ်ကျိုးကိုယ်စီးပွားကို။ အဘိညာယ၊ ရည်မျှော်ကြံမိအထူးသိ၍။ သဒတ္ထပသုတော၊ သူ့ကျိုးမဖက် ကိုယ်ကျိုးကို လေ့ကျက်သည်။ သိယာ၊ ဖြစ်ရာ၏။

အဲ-သည်လို သတိပေးတော်မူခဲ့တယ်တဲ့၊ ပစ္စည်းဥစ္စာဆိုတာ ကိုယ်မှာမရှိပြန်ယင်လဲ ရှာဖွေရသည့်အတွက်စီးပွားရေးအခင်းဖျက်လို့ အခက်ကြီးတစ်ခုဘယ်ကုသိုလ်မှ သူမပြုဖြစ်နိုင်ဘူးတဲ့၊ စည်းစိမ်ချမ်းသာ ရှိပြန်ပါလဲ စည်းစိမ်ချမ်းသာမှသာ စိတ်စူးလို့ အမူးအရူးပျော်မွေ့လို့ အမေ့ကြီး မေ့နေပြန်ပလားဆိုရင်လဲ မသေခင်ကာလမှာတော့ ကုသိုလ်ကိုသတိမရနိုင်သေးဘူးတဲ့၊ နောက်နောင် သေသောအခါ ဗာရာဏသီ သူဌေးသား လေးယောက်တို့လိုဂတိလွဲလို့ ငရဲသို့ရောက်ကျခါမှ ဒု, သ, န, သော ကြွက်ကြွက်ပေါင်အောင်လေးခွန်းသောအော်ဟစ်သံနှင့် နောင်တကြီးဖြစ်ကြဟန်ကို လူ့ထံကပင်ကြားရတယ်တဲ့၊ ထိုသူဌေးသားများမှာ ကဿပမြတ်စွာဘုရားသဲ ထင်ရှားစွာ အရှိသားပဲ၊ ပစ္စည်းဥစ္စာ ဆိုတာမှာလဲ ဆင်းရဲတာမဟုတ် အထုပ်အသည် တစ်ကိုယ် ကုဋေလေးဆယ်စီ ကြွယ်ကြတာပဲတဲ့၊ အဲ-သို့လို အပြည့်အစုံ အရှိသားနှင့်မှ ဘုရားကိုလဲ သဘိမရ တရားတော်ကိုမနာရ သုချစ္ဆန္ဒပရဒါရအမှုများနှင့်သာ ကာလကို အလကားကုန်စေပြီး သေတော့ခါမှသာလောဟကုမ္ဘီငရဲသို့ ကျကြရတာပဲတဲ့၊ ထိုငရဲအိုးမှာ အနှစ် သုံးသောင်း

(ပဉ္စမအကြိမ်)

ကြာမှ အောက် အိုးချက်နှင့် ထိခဲ့လို့ တစ်ဖန်အထက်ကို အနှစ်သုံးသောင်း ကြာမှ ပေါ်လာကြလို့ လူ့ဘုံက ပြုခဲ့ကြတဲ့ အပြစ်များကို သံဝေဂဖြစ်ပွားလို့ ညည်းတွားအော်ဟစ်ကြတယ်တဲ့။

ထိုအသံကြီးလေးပါးကိုကောသလမင်းကြီးကြားရလို့ ဘုရားကိုလျှောက် ရာတွင်မှ မြတ်စွာဘုရားက ထိုသူဌေးသားတို့ ပြုမှားခဲ့တဲ့အပြစ် အော်ဟစ် တဲ့အကြောင်းကို လေးဂါထာစုံပေါင်းလို့ ပြန်ပြောင်း ဟောကြားတော် မူတယ်တဲ့။

ပထမ ငရဲသား၏ 'ဒု' ဟူသော စကားမှာတော့—

ဒုဇ္ဇီဝိတ မဇီဝိမှာ၊ ယေသံ နော န ဒ ဒါမှသေ။*

ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။

လို့-ဆိုလိုလျက် စကားကုန်မဆိုနိုင် ဒု-ဟူသော အစဘာစ်ခွန်းစကားဖြင့် မြုပ် နှစ်လို့ သွားရတော့တယ်တဲ့။

မာရိသာ၊ အိုအချင်းတို့။ ယသံနော၊ အကြင်ငါတို့အား။ ဘောဂေသု၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေတို့သည်။ ဝိဇ္ဇမာနေသု၊ထင်ရှားများစွာ ကြွယ်ဝ ပါကုန်လျက်။ နဒဒါမသေ၊မပေးမလှူမိခဲ့ကြကုန်။ဒုဇ္ဇီဝိတံ၊ ယုတ်ညံ့ပြိန်ချင်း မကောင်းသော အသက်မွေးခြင်းကို။ အဇီဝိမှာ၊ မွေးမိခဲ့ကြကုန်ပြီ။ အတ္တ နော၊မိမိ၏။ ဒီပံ၊ ကျွန်းကြီးပမာမှီခိုရာကောင်းမှုကို။နကမှ၊မပြုမိခဲ့ကြကုန်။

အဓိပ္ပာယ်မှာ... အိုအချင်းတို့—ငါတို့မှာကား မှားခြင်းကြီးမှားခဲ့ကြကုန် ပြီ၊ ငါတို့ လူ့ပြည်လူ့ရွာမှာ နေကြတုန်းအခါက စည်းစိမ်ဥစ္စာ ရတနာရွှေ ငွေ ဆန်ရေစပါး အပေါများသားတကား-သို့လိုပင် ဖြစ်ပါလျက်သားနှင့် မေ့မှားမိခဲ့သည့်အတွက် ဒါနကိုမှမပြုရက် ဘုရားနှင့်တရားကိုမှ ကိုးစားလို့ မမှတ်ခဲ့မိကြတဲ့အတွက် မကောင်းတဲ့အသက်မွေး သူရာပါနပရဒါရ အပြစ် ဘောတွေနှင့် အားလုံးသားတွေနေကြရပြီလို့ ညည်းညူလိုတယ်တဲ့။

ဒုတိယ ငရဲသား၏ 'သ' ဟူသော စကားမှာတော့—

သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။

နိရယေ ပစ္စမာနာနံ ကဒါ အန္တော ဘဝိဿတိ။

လို့-ဆိုလိုတာပဲတဲ့။

---

* ယေသန္တေ န ဒဒါမသေ။ (ဇာဝ-က၊ ၄၊ တတိယ၊ ၄၄) ဤ-ဒုဿာန၊ သော လေးဂါထာကိုလည်းကောင်း ၄–၅ကြည့်။

(ပဋ္ဌမအကြိမ်)

**မာရိသာ၊ ဖော်ရွေသင်းပင်း** အိုအချင်းတို့။ နိရယေ၊ လောဟကုမ္ဘီ သံရည်ပွက်ထိုး ငရဲအိုး၌။ သမ္ဗသော၊ ပြောင်းပြန်ဦးစောက် ထက်အောက် ပေါ်ကာ ခပ်သိမ်းသော အခြင်းအရာဖြင့်။ ပစ္စမာနာနံ၊ ဆူလောင်ကြွက် ကြွက် သံရည်ပွက်၌ ကျက်ကြကုန်သော ငါတို့အား။ သဋ္ဌိဝဿ သဟဿာနိ၊ ကာလတွက်စစ် သက္ကရာဇ်ပေါင်း နှစ်ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ခဲ့ကုန်ပြီ။ ကဒါ၊ ဘယ်ချိန်ဘယ်ခေတ် ဘယ်သည့်နှစ်၌။ အန္တော၊ ဒုက္ခ မီးတုံး ဆင်းရဲအဆုံးသည်။ ဘဝိဿတိ၊ ဖြစ်ပါချေလိမ့်နည်း။

**အဓိပ္ပာယ်မှာ**....အချင်း ယောကျ်ားတို့-ငါတို့မှုကား ဤငရဲကြီးထဲသို့ ရောက်လာသောနေ့က စ၍ ယခုနေ့သို့ကျသည်တိုင်အောင် ခံရတဲ့ သက္ကရာဇ် နေ့ရက်ကို စစ်လိုက်သော် အနှစ်ခြောက်သောင်း ကောင်းကောင်းကြီးကြာ ခဲ့ကြလေပြီ၊ နောက်ကိုကာလ နေ့ရက်ကိုတိုင်းဆလို့ ဘယ်လောက်မျှကြာ လေဦးမယ်လို့ မသိရပါသေးတကား ဆုံးမှဆုံးနိုင်ပါတော့မလား မှားလေစွ- မှားလေစွ-ဟု ညည်းညူလိုတယ်တဲ့။

တတိယငရဲသား၏ 'န' ဟူသော စကားမှာတော့-

နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသ။

လို -ဆိုလိုတာပဲတဲ့။

မာရိသ၊ ရွယ်တူသင်းပင်း အိုအချင်းတို့။ တဒါ၊ ထိုဗာရာဏသီပြည် ဌာနီမှာ အညီတူကွ နေကြစဉ် ကာလ၌။ ပကတံ၊ မမှန်မဖြူ အကြံယူ၍ စိတ်တူကိုယ်မျှ ပြုခဲ့ကြသော။ ပါပံ၊ ပရဒါရ သုရာစုတ္တ အစမ္မစုစုမကောင်း မှုသည်။ မမ၊ ငါ့အားလည်းကောင်း။ တုယှဉ္စ၊ သင်တို့သုံးယောက်အား လည်းကောင်း။ အန္တော၊ အပြီးအတုံး ကမ်းအဆုံးသည်။ နပဋိဒိဿတိ၊ မထင်နိုင်။ အန္တော၊ ဒုက္ခတုံးရာ ပြီးဆုံးရာသည်။ နတ္ထိ၊ မရှိလေယောင် တကား..၊ အန္တော၊ ငရဲမီးတုံး ဒုက္ခအဆုံးသည်။ ကုတော အတ္ထိ၊ ဘယ် ခါလောက်မျှ ဘယ်ခါကျမှ ရှိရပါလိမ့်နည်း။

**အဓိပ္ပာယ်မှာ**....အိုအချင်း ယောကျ်ားတို့ ဗာရာဏသီ ရာဇဌာနီ ထီးစည် ညီးညီး ပြည်တော်ကြီးမှာ သူဌေးကြီးသား သူကောင်းသားဟု ကျော်ကြား ပြည်လုံး တို့ဖြစ်တုန်းက ကျင့်သုံးမိခဲ့ကြတဲ့ မကောင်းမှု ကံပါပသည် ခံစလဲ မတုံး ဘယ်ချိန်ကာလ ဘယ်သို့ကျကာမှ ဘယ်မျှနှင့်ဆုံးရ လိမ့်မယ်လို့လဲ

မသိ ငရဲမှာ ကမ္ဘာတိုးရတော့မှာပဲထင်ရဲ့၊ အဆုံးမှ ရှိနိုင်ပါဦးတော့မလား မကောင်းမှုအကျိုးသွား အလွန်ပုင် ရှည်လျားလှပါဘိဘကား....လို့ ညည်းတွားလိုတယ်တဲ့။

စတုတ္ထငရဲသား၏ ‘သော’ ဟူသော စကားမှာတော့—

သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသံ။

ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

လို့-ဆိုလိုတာပဲတဲ့၊ မဆုံးသေးဘဲ တစ်လုံးတည်းနှင့် ရုတ်ခနဲ မြုပ်သွားရတယ်တဲ့။

သောအဟံ၊ ထိုငါသည်။ ဣတော၊ သံရည်ပွက်ပွက် ပူချက်မစဲ ဤလောဟ ကုမ္ဘီငရဲမှ။ ဂန္တွာ၊ ဒုက္ခချတ်ထား လွတ်ခါသွားရသည်ရှိသော်။ မာနုသံ ယောနိံ၊ လူ့ရွာလူစစ် လူ့အဖြစ်ကို။ လဒ္ဓါန နူန၊ အကယ်မုချ ရခဲ့သည်ဖြစ်အံ့။ ဝဒညူ၊ အလှူခံများ ဟောဘာရား၌ စိတ်ထားညွတ်နူး မှတ်သားစူးလျက် အထူးသတိ ကျေးဇူးကို သိသည်ဖြစ်၍။ သီလသမ္ပန္နော၊ ခါးဝတ်ပမာ ပဉ္စင်္ဂါကို ကိုယ်မှာသိမ်းခြုံ သီလလုံသည်ဖြစ်၍။ ကုသလံ၊ ကောင်းသည်ဟူက မကျန်ရအောင် ဘဝနောင်ကျိုး ကုသိုလ်မျိုးကို။ ဗဟုံ၊ များများကြီး။ ကာဟာမိ၊ ပြုပါတော့အံ့။

အဓိပ္ပာယ်မှာ... ခုနေရာ ခုငရဲက ဒုက္ခဝဋ် ကျွတ်လွတ်စဲရပြီးတော့ ရှေး—ကုသလကံ ထောက်မလို့မို့ လူ့ဘဝ လူ့ဘုံမှာ တစ်ခါများ ကြုံမှဖြင့် ကြည်ယုံညွတ်ပြောင်း လူပညာရှိ လူကဝိ လူသဒ္ဓါ လူလိမ္မာတို့နှင့်သားပေါင်းဖော်ပြီးတော့ကာ လူကောင်း လူတတ် လူ့မြတ်လူသိ လူပဏ္ဍိတ်တို့က ဟောပြောသော တရားစကားကိုသာ လိုက်စားလို့ မှမှားမယွင်း မဖျင်းမသိမ်စေရဘဲ သတိကြီး ကြပ်ကြပ် စွဲပြီးတော့ကာ ဒါန, သီလ, ဘာဝနာအစ ကောင်းသမျှအမှု ပြုသင့်သမျှ ကုသိုလ်ဘိုကို တစ်ခုမလစ်မဟင်း မကြွင်းမကျန်စေရဘဲ အားခဲ ကြိုးကုတ် ရိက္ခာထုပ်ကိုချည်းသာ နေ့နေ့ညည ဘယ်ကာလ ဘယ်အချိန်မဆို မခိုမကပ် မလပ်မအား မနေမနားဘဲ များများကြီး အားထုတ်ပါတော့မယ်လို့ ညည်းညူလိုတယ်တဲ့။

အဲ-သည် သူဌေးသားလေးယောက်တို့လဲ ကဿပမြတ်စွာဘုရားထင်ရှားပွင့်ခိုက် တရားနာမယ်လို့ ဆိုယင်လဲ နာနိုင်ဖို့ ဒါနပြုမယ်ဆိုယင်လဲ ပြုနိုင်ဖို့ သီလဆောက်တည်မယ်လို့ ဆိုယင်လဲ ဆောက်တည်ဖို့ ပစ္စည်းကလဲ မချို့

(ပဉ္စမအကြိမ်)

မျက်စိ၊နား၊နှာ ကိုယ်အင်္ဂါမှာ ဆိုစရာမရှိ သဘာပညာကို ကိုယ်ထဲမှာ သွင်းမိပါလျှင် သာသနာဘော်ကလဲ ထိန်ထိန်ဝင်းအောင် အသင်းနှင့်ကြုံကြိုက်ပါလျက်သားနှင့် 'ကြာပင်အောက်က ဖား ကြာဝတ်ဆံ မစားရတာလို' အခြားသောဌာနက ဆင်းရဲလှတဲ့ ဆင်းရဲသမီး ဆင်းရဲသားများနှင့်တကွ လူများ, နတ်များ, ပြဟ္မာများ, တိရစ္ဆာန် အပါယ်သားများမှာတော့ သွားကြလာကြ ရှိခိုးကြ ကြည်ဖြူကြ လှူကြတန်းကြ ပူဇော်ကြ လေးမြတ်ကြ ဆည်းကပ်ကြ ခစားကြပြီးတော့ ကုသိုလ်သမ္ဘာရ ဒါနရိက္ခာ သံသရာလမ်းစာဖို့ ရှာကြဖွေကြ ဆည်းပူးလိုက်ကြတာနှင့် လူမှာလဲရ နတ်မှာလဲရ အားရတင်းတိမ် မြိုန်မြိုန်ရှက်ရှက် ရှက်လိုရှက် ထမ်းလိုထမ်း ဆိုသလို ကုသိုလ်၏ အကျိုးများကို ခံစားလို့မကုန် စံစားလို့မကုန် တစ်ပုံကြီး တစ်ခမ်းကြီး အသီးသီးရလိုက်ကြတယ်တဲ့။

သူတို့ သူဌေးသားလေးယောက်မှာတော့ မိုးရွာလို့မှ ရေမချိုးရ ရေတွင်းထဲကျလို့မှ ရေမသောက်ရ ရွှေမိုးငွေမိုးတွေရွာလို့မှ မကောက်လိုက်ရတဲ့ လူအ, လူကျိုး, လူဆိုး,လူကန်းပမာ ဘုရားရှိရာကိုမှမသွား၊ သံဃာများကိုလဲ မဖူးမတွေ့ရ မကောင်းတဲ့အမှုနှင့်သာ ပျော်မွေ့ပြီးတော့ အမေ့ကြီးသာ မေ့နေကြခြင်းကြောင့် သက်ခန္ဓာသိုယွင်းလို့ လောဟကုမ္ဘီငရဲအိုးကို ဆင်းရတော့မှသာ အပြင်းအပူ ကြွက်ကြွက်ဆူအောင် ယူပါကယ်ပါ တစာစာနှင့် ရှည်ကြာမဆုံး ခုထက်ထိ ခံရတုန်းပဲ ရှိကြသေးတယ်တဲ့၊ ထိုကြောင့် မြတ်စွာဘုရားက·

ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ နပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

လို့·ဟောတော်မူတယ်တဲ့။ (ဓမ္မပဒ၊ ၄၁၊ ဒု၊ ၉)

ပါပေါပိ၊ သူယုတ်မာသည်လည်း၊ ယာဝ၊ အကြင်ရွေ့လောက်။ပါပံ၊ မိမိပြုသော မကောင်းမှုသည်။ နပစ္စတိ၊ အကျိုးမပေးလာသေး၊ တာဝ၊ ထိုအကျိုးမပေးသရွေ့ ကာလပတ်လုံး။ ဘဒြံ၊ ကောင်းသောချမ်းသာကို။ ပဿတိ၊ မြင်ရသေး၏။ ယဒါစ၊ အကြင်အခါ၌ကား။ ပါပံ၊မိမိပြုလုပ်မကောင်းမှုယုတ်သည်။ ပစ္စတိ၊ ပြိဿာငရဲ ယူဆွဲပစ်ရေး အကျိုးပေး၏။ အထ၊ ထိုအခါ၌။ ပါပေါ၊ အကုသိုလ်မှု ပြုဝံ့ရဲစွာ လူယုတ်မာသည်။ ပါပါနိ၊ ဒုက္ခအမျိုးမျိုး မကောင်းကျိုးတို့ကို။ ပဿတိ၊ မြင်ရာလေ၏။

(ပဉ္စမအကြိမ်)

အဲ-သည်လို ဟောဘော်မူတယ်တဲ့၊ သို့ဖြစ်၍ ယခုအခါ မြတ်စွာဘုရားသခင်၏ သာသနာတော်တည်းဟူသော ရေအိုင်ကြီးထဲမှာ ရေတွေကလဲ အေးအေးမြမြ ကြည်ကြည်လင်လင် ချိုးချင်သမျှချိုးရ သောက်ချင်တိုင်း သုံးချင်တိုင်း သောက်ရသုံးရတုန်း သီလ, သမာဓိ, ပညာ ဝိမုတ္တိစသော ကြာမျိုးတွေ အသီးသီး ပန်းပေါကြီးဟာကလဲ အိုင်ကြီးမဆံ့ တစ်ပြင်လုံး နှံ့ပြီးတော့ ရနံ့တကြိုင်ကြိုင် အဆိုင်-အဆိုင် အခိုင်-အခိုင် ပွင့်ချပ်ချင်း ယှဉ်ပြိုင်လို့မို့၊ မြိုင်မြိုင်ကြီး ပွင့်ကြတုန်း ဖူးကြတုန်း ကားကြ နုံ့ကြတုန်း အခါကို ပန်းဝတ်ရည် အရသာနှင့် ဝတ်လွှာမှုန် အငုံအပွင့် အတင့်အတယ် ကြာစွယ်ကြာရင်းများကို စားကာစားကာ နက်လှအေးလှတဲ့ ရေများများကြီးထဲမှာသာ စိတ်ကိုထားလို့ အကျင့်သီလစသော ကုသိုလ်တရားနှင့်သာ ပျော်ပါးစေရမယ်တဲ့၊ သားရေး, မြေးရေး, လောကီရေးတို့ကိုသာ အခလေးပြုလို့ မနေရဘူးတဲ့။

သည်လောကီရေးတွေဆိုတာကိုယ့်အရေးမဟုတ်သေးဘူးတဲ့၊ ကိလေသာမာရ်မင်းက သတ္တဝါအများကို ဘုံသုံးပါးနှင့် မကင်းနိုင်ကြအောင် လောဘ, ဒေါသစသော ကျော့ကွင်းတွေနှင့် ထောင်ပြီး သံယောဇဉ်ကြိုးတွေနှင့် ချည်နှောင်ထားလို့မို့ ထိုမာရ်မင်း၏ ကျော့ကွင်းနှောင်ကြိုးထဲမှာမိပြီး မဖြည်နိုင် မဖြတ်နိုင် သူကြိုးကိုင်-သူကြိုးဆွဲ သူ့လက်ခုပ်ထဲက ရေသူမွှေနှောက်တိုင်းခံလို့ သူ့အကြံကိုလိုက် သူ့အကြိုက် သူ့အမှု သူ့အကျိုးကိုချည်းသာ ပြုနေကြရတာတွေတဲ့၊ ကိုယ့်အမှု ကိုယ့်ကိစ္စကို ပြုကြရတာ မဟုတ်သေးဘူးတဲ့၊ ကိုယ့်အမှု ကိုယ့်ကိစ္စဆိုတာမှာတော့ ပမာဆိုသော် ငွေတစ်ယောင်ကိုးရာနှင့် သူတစ်ပါးအိမ်မှာ ကျွန်ဖြစ်နေရတဲ့လူဟာ တစ်နေ့တစ်မူး တစ်လတစ်မတ် တစ်နှစ်တစ်ကျပ်ဆိုသလို တဖြည်းဖြည်း ဆပ်ပါများယင်ကြာ-သူတစ်ပါးကြွေးပြေလို့ကိုယ်အလိုရှိတိုင်းနေရတာလို လောဘ ဇာကျာ ကိလေသာမာရ်မင်း၏ လက်တွင်းမှာ ကျွန်စာရင်းနှင့် ယခုနေကြရတဲ့ သတ္တဝါတွေမှာလဲ ဘဝဘဝ ဒါနကလေးပြုလိုက် သီလကလေးစုလိုက် ဘာဝနာကလေးရှုလိုက်လို့ အဲသည်လို တဖြည်းဖြည်းစုကြတာမှ ကိုယ့်အမှု ကိုယ့်အရေးတဲ့၊ သို့မှ ကိလေသာမာရ်မင်း ကြွေးအေးလို့ ဒုက္ခဘေး လက်စသတ်ပြီးတော့ သံသရာပူပွဲပြတ်နိုင်ကြမယ်တဲ့။

အဲ-ဘေးဒုက္ခကင်းပြတ်ဖို့ ကိလေသာမာရ်မင်းကြွေးဆပ်စရာရှာရမယ့်နေရာမှာတော့ အခြားမှာမရှိဘူးတဲ့၊ ဘုရားရှင်အဆုံးအမ တရားတော်ဩဝါဒ

(ပဥ္စမအကြိမ်)

**တည်းဟူသော သာသနာ** ရေအိုင်ကြီးတွင်းမှာသာ ရှိတယ်တဲ့၊ ထိုသာသနာအိုင်ခြင်း ရေနက်ဆုခိုမှီးလို့ရှာမှသာ ရနိုင်မယ်တဲ့၊ ရေနက်ထဲ အိုင်ကြီးရှိပါလျက်နှင့် ရေနက်တဲ့အထဲမှာမနေ ကမ်းခြေချုံစွန် ရေပြွန်ရှုံ့ပွက်ချောင်းတိမ်မြောင်းငယ်ကိုသာတက်လို့စားကျက်လှန်နေတဲ့ ငါး,ဖား, ပုစွန်တွေကို သိန်း,စွန်,တင်ကျီး,ဗျိုင်း,ကျီး, ရေကြက်, တောထဲကငှက်တွေ ထွက်စားလို့ဆုံးပါးပျက်စီးကြတာလို မြတ်စွာဘုရားဆုံးမတော်မူတဲ့၊ တရားတော်ကိုမလိုက်မနာကြဘဲ မကောင်းတဲ့ပါဏာတို့ပါဘ အဒိန္နာဒါန်စသော ဒုစရိုက်ဒုရာစာဝနှင့် ပျော်ပါးနေမိကြသော သူတို့ကိုလဲ သိန်း,စွန်စသည်နှင့်တူသော ငရဲဘေး တိရစ္ဆာန်ဘေး ပြိတ္တာဘေးကြီးတွေ ဆိတ်ဆွလို့ ပေါက်သတ်ကြ **စား**သောက်ကြသဖြင့် ထိုဘေးကြီးများလက်ထဲမှာ **မ**ထနိုင်မထူနိုင်ဘဲပျက်စီးဆုံးပါးခြင်းသို့သာ ရောက်နေရတော့တာပါပဲတဲ့။

ရေနက်ရာအိုင်ကြီး**လ**ယ်မှာသာ မနေဘဲ ရေတိမ်တဲ့ ကမ်းပေါ်တက်လို့**စား**ကျက်လှန်ချင်တဲ့ သော့သွမ်းဟော့ရမ်းလှတဲ့ ဖား,ပုစွန်,လိပ်,ငါးတို့ကိုကျီး,သိန်း,စွန်,ဗျိုင်းငှက်များကပေါက်သတ်ဆိတ်ဆွလို့ စားကြသဖြင့်ပျက်ပြားဆုံးပါးကြသည်ကို မြင်ရတွေ့ရ သိလိုက်ရတဲ့ နောက်ဆီက ဖား, ပုစွန်လိပ်,ငါးဘို့ကလည်းကောင်း ငါးလိပ်တို့မှာ ရေတိမ်ကမ်းစွန်းကို သွားမိခြင်းကြောင့် ပျက်ပြားဆုံးပါးခြင်းသို့ ရောက်ကြရတယ်၊ ငါဘို့လဲရေတိမ်ကမ်းစွန်းကို သွားပြန်ချေက ထိုငါးတို့ကဲ့သို့ပင် ပျက်ပြား ဆုံးပါးခြင်းသို့ရောက်ရဦးမယ်လို့ ကြောက်လန့်တုန်လှုပ်တဲ့စိတ်ရှိကြသဖြင့် နားရွက်မြီးဆံကိုမလှုပ်ဘဲ သုတ်သုတ်မြန်မြန်နောက်သို့ပြန်ပြီးသကာလ ရေနက်ရာအိုင်ကြီးတွင်းသို့သာ သူ့ထက်ငါပြေးဆင်းကြဘာလို ဘုရားရှင် အဆုံးအမသြဝါဒကို ဖျက်လို့ စားကျက်လှန် မှားမိကြခြင်းကြောင့် ဗျိုင်းပေါက်·ကျီးစားအပါယ်ဘုံသို့ လား**ရ**တဲ့ လယ်လုပ်သမားပြိတ္တာကြီးနှင့်ဘကွ ဗာရာဏသီသူဌေးသားလေးယောက်တို့ကို ကြားနာရ သိကြတဲ့သူတို့မှာလဲ ကျွဲလူ [illegible]တို့ကား ဘုရားရှင်အဆုံးအမ သြဝါဒတည်းဟူသော ရေနက်ရာ အိုင်ကြီးထဲမှာ မနေမနားပေါ်ပါးသည်အတွက် ဒုစရိုက်ဒုရာစီ မှာ ကျက်[illegible]လို့ကမ်းစွန်းချုံနားသို့ ဘက်သွားကြခြင်းကြောင့် ဗျိုင်း,ကျီးငှက် ပေါက်[illegible]သည့်အလား အပါယ်ဘုံသို့သာ ရောက်သွားကြရပြီ ငါဘို့လဲ ဤသူများကဲ့သို့ ဘုရားရှင်တရား ရေအိုင်ကြီးကို ပယ်ရှားလို့ ဒုစရိုက် ဂိုကျင့်မှားပြီး ကမ်းစွန်းချုံနားကို သွားမိပြန်ချေက အပါယ်လေးဘွေ နှုတ်သီးဖျားမှာဗျိုင်း

(ပဌမအကြိမ်)

ပေါက်ကျိုးစားခံရဦးမှာပဲလို့ယူစွဲမှတ်သားပြီး ထိတ်လန့်သောသံဝေဂစိတ်ထားနှင့် ကိုယ်နှုတ်နှစ်ပါး မြီးဖျားနားရွက်တို့ကိုယောက်ယက်ခတ်ငြိမ်ဝပ်သေသပ် နှိုပ်ကွက်သိမ်းအုပ် အကုသိုလ်ဒုစရိုက်ဒုရာဇီဝမှတွန့်ဆုတ်လျက်သုတ်သုတ်အပြင်း ဘုရားရှင်ဒေသနာ သာသနာ အိုင်ကြီးတွင်းကိုသာ သူ့ထက်ငါပြေးဆင်းပြီးတော့ တရားနာခြင်း သီလဆောက်တည်ခြင်းကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်းစသောဝပ်ကျင့်နက်ရာ ရေများရာဌာနဒွသာကောင်းစွာ ပျော်မွေ့နိုင်ကြရမယ်တဲ့။

အဲ-သိန်း,စွန်,တင်ကျီး,ဗျိုင်း,ငှက်,ကျီးတို့ မဖျက်ဆီးနိုင် ကြာတာတွေ မြိုင်မြိုင်အေးလှတဲ့ရေအိုင်ကြီး ရှိပါလျက်သားနှင့် ရေနက်ရာမှာ မပျော်ပါး ကမ်းစွန်းချုံနွား ရေတိမ်ရာသို့ သွားချင်တဲ့ သောသွမ်းဟောရမ်းလှတဲ့ ဖား, ပုစွန်, လိပ်, ငါးကို ကျီးငှက်တွေစားလို့ သေပေတဲ့ ကြာပွင့်တွေ ညီးညီးနှင့် အေးလှတဲ့ရေအိုင်ကြီးကို ဝေးနီးလူဗိုလ်တို့က အပြစ်ကြီး မဆိုကြဘူးတဲ့၊ သစ်,ကျား,သားရဲ ကြမ်းလှတဲ့ရန်ခပဲကို ကျော်လွှဲနိုင်ဘိ ဖြောင့်ဖြောင့်တန်းတန်း ဘေးမသမ်းဘဲ ပြေးလမ်းကြီးရှိရက်သားနှင့်လမ်းကောင်းကိုမသွား တောကြားချုံကြား မျက်စိမှားလို့ ဘေးရှိရာသွားချင်တဲ့ နားထိုင်းကန်းခရီးသွားလူယောကျ်ားကို ကျားစားလို့သေပေတဲ့ ရိပ်ရေအပြီးဘေးကင်းတဲ့လမ်းတော်ကြီးကို ဝေးနီးလူဗိုလ်တို့က အပြစ်ကြီး မဆိုကြဘူးတဲ့။

ကိုးဆယ့်ခြောက်ဖြာ ရှိသံမျှရောဂါကို ဘယ်အနာမရွေး တစ်ခွက်နှင့်ပျောက်ကွာအေးတတ်စွာ ရနံ့ကံကြိုင်မွှေး ချိုမြတဲ့သုဒ္ဓါဆေးကို သမားကအပေးသားနှင့်ပြောကြားမဖြစ်ဒေါသကြီးမာန်ရစ်လို့ ထွေးအန်လို့ပစ်တတ်တဲ့ သူနာညစ် လူ့ပေါ့စားရောဂါသည်ယောကျ်ားမှာ ဖျားလို့ပဲသေပေတဲ့ ဂုဏ်သရေမောက်ညီး ကယ်ဆယ်ဘဲ့ဆရာကြီးကို ဝေးနီးလူဗိုလ်ပညာရှိပုဂ္ဂိုလ်တို့က အပြစ်ကြီးမဆိုကြဘူးတဲ့၊ အဲ-ထိုပမာလို သံသရာဝဋ္ဋကြွေး ရှိသမျှဒုက္ခဘေးတို့ ကင်းဝေးဖို့အကြောင်းသူတော်ကောင်းတို့က ဖျောင်းဖျောင်းဖျဖျ ဟောကြပြောကြ ဆုံးမကြတဲ့ တရားတွေ ထောင်သောင်းမက ရှိပါရှိပါရက်သားနှင့် နားပါးမစိုက် တရားနှင့် မထိုက်လို့မို့ လမ်းမှားကိုသာလိုက်ချင်တဲ့ သူများမှာလဲ နောင်တမလွန်အလား ဂတ်ကြီးမှောက်မှားလို့ အပါယ်လေးပါးဘုံအောက်မှာ ဒုက္ခကြီးရောက်နေကြရပေတယ်လို့ တရား

(ပဉ္စမအကြိမ်)

အပြစ်မဆိုရဘူးတဲ့၊ ကိုယ့်မကောင်းမှု ကိုယ့်ပါပနှင့် ကိုယ့်ကံကိုသာ ကိုယ်ချ ပြီးတော့ အောင့်အီးလို့သာ ခံကြရမှာပဲတဲ့။

အဲ-သည်လို တရားမနာရခြင်း၌ အကျိုးယုတ်သောအပြစ်, တရားနာရ ခြင်း၌ အကျိုးများသောအပြစ်, သူတော်ကောင်းကို မဆည်းကပ်ခြင်း၌ အကျိုးယုတ်သော အပြစ်, သူတော်ကောင်းကို ဆည်းကပ်ခြင်း၌ အကျိုး များသောအပြစ်ကို သိကြသဖြင့် လောကသုံးပါး၌ ဘုရား-တရား-သံဃာ ရတနာသုံးပါးတို့ ဖြစ်ပေါ်လာခြင်းကြောင့် သတ္တဝါတို့အား ကျေးဇူးများ ခြင်း သာသနာတော်မြတ်၏ အံ့ဖွယ်သရဲဖြစ်ခြင်းများကို ဆင်ခြင်စဉ်းစား၍ ကုသိုလ်စိတ်ကို ပွားများစေရမယ်တဲ့၊ ဘယ်လို ပွားများစေရမလဲလို့ ဆိုတော့—

ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော။
သံဃဂုဏော အနန္တော၊ အနန္တံ ဗုဒ္ဓသာသနံ။
အစ္ဆရိယော ဝတ ဘော ဗုဒ္ဓေါ ဓမ္မော သံဃော၊ အစ္ဆရိယံ ဗုဒ္ဓသာသနံ။
အဗ္ဘုတော ဝတ ဘော ဗုဒ္ဓေါ ဓမ္မော သံဃော၊ အဗ္ဘုတံ ဗုဒ္ဓသာသနံ။
အပ္ပမာဏော ဝတ ဘော ဗုဒ္ဓေါ ဓမ္မော သံဃော၊ အပ္ပမာဏံ ဗုဒ္ဓသာသနံ။
အဟော ဝတ ဘော ဗုဒ္ဓေါ ဓမ္မော သံဃော၊ အဟောဝတ ဘော ဗုဒ္ဓသာသနံ။

ဗုဒ္ဓဂုဏော၊ လောကဓာတ် တိုက်ပေါင်း ဘဝဂ်စောင်းမျှ သောင်း သောင်းရိုက်တုန် ပွင့်တော်မူကုန်သော ရှင်တော်ဘုရားတို့၏ ကျော်ကြား ထင်ပေါ် ကျေးဇူးတော် ဂုဏ်တော်သည်၊ အနန္တော၊ သချင်္ကျာပ်လုံး ရေ တွက်ကျုံးလည်း အဆုံး မရောက်နိုင်သည်သာလျှင်တည်း၊ ဓမ္မဂုဏော၊ အပါယဒုက္ခ ဘေးဘယမှ ကယ်မထုတ်ဖော် တရားတော်၏ ကျေးဇူးတော် ဂုဏ်တော်သည်၊ အနန္တော၊ သက်နေသိန်းသန်း ကမ္ဘာခန်းအောင် ဂဏန်း တွက်ကျုံး သင်္ချာချုံးလည်း အဆုံး မရောက်နိုင်သည်သာလျှင်ကတည်း၊ သံဃဂုဏော၊ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန်ပရမတ် ကလျာဏပုထုဇန် ဒက္ခိဏာအရဟ လူ့ဘ ရင်နှစ် သားချစ်များစွာ ထေရ်သံဃာတို့၏ ကြော

ထင်ပေါ် ကျေးဇူးတော် ဂုဏ်တော်သည်၊ အနန္တော၊ သိန်းကပ်သချေ်ာ ကမ္ဘာကြေလည်း တွက်ရေကျုံးပိုင် မဆုံး နိုင်သည်သာလျှင်ကတည်း။ ဗုဒ္ဓသာသန်၊ မြတ်စွာဗုဒ္ဓ သုံးလူ့ဘ၏ ဆုံးမမိန့်မှာ သာသနာတော်သည်။ အနန္တံ၊ ဤရွှေ့ဤမျှ ဂဏန်းချလည်း ယမ်းဆလုံးစုံ ဆုံးမကုန်နိုင်သည် သာလျှင်ကတည်း။

ဘော၊ အို ပရိသတ် သူမွန်မြတ်တို့။ ဗုဒ္ဓေါ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တ သမန္တထွတ်ထား ရှင်တော်ဘုရားသည်လည်းကောင်း။ ဓမ္မော၊ သြဃသံမုဒ် နစ်မျောမြုပ်သူ နတ်နှင့်လူကို ကယ်ယူထုတ်ဖော် တရားတော်သည်လည်းကောင်း။ သံဃော၊ ချမ်းသာမျိုးစေ့ ဟူသရွေ့ကိုတစ်နေ့တခြား တိုးတက်ပွား၍ စည်ကားစေကြောင်း လယ်မြေကောင်းသို့ ဂုဏ်ပေါင်းထင်ပေါ် သံဃာတော်သည်လည်းကောင်း။ အစ္စရိယော ဝတ၊ လက်ဖြောက်စုံတီး သံကုန်ဟည်း၍ ဩော်...အံ့ချီးဖွယ် ရှိလှပေစွတကား။ ဗုဒ္ဓသာသနံ၊ စည်ပင်ညွန့်ညောက် စွန့်စွန့်ပေါက်၍ ကြီးဖြောက်ကျယ်ပြော ဟေဝန်တောသို့ ရှင်စောရိပ်ရာ သာသနာတော်သည်။ အစ္ဆရိယံဝတ၊ သံပြိုင်ဒိုးဒိုး ဟစ်အော်ညည်း၍ ဩော်...အံ့ချီးဖွယ် ရှိလှပေစွတကား။

ဘော- အို ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့။ ဗုဒ္ဓေါ၊ သစ္စာလေးကွင်း ဟုတ်တိုင်းလင်း၍ ရှင်မင်းအစစ် ဓမ္မရာဇ်နာမံ အရဟံမကုဋ္ဌ၊ သုံးလူ့ဘ သေဋ္ဌ်နင်း တရားမင်းသည်လည်းကောင်း။ ဓမ္မော၊ နဝလောကုတ် သောသောရုတ်မျှ ဝိမုတ္တိအကျော် တရားတော်သည်လည်းကောင်း။ သံဃော၊ အာသဝေါညစ် သဘောစစ်ကို မျောပစ်ဆေးကျော် သံဃာတော်လည်းကောင်း။ အဗ္ဘုတံဝတ၊ ဩော် မဖြစ်စဖူး ဘုံသုံးဦးမှာ အထူးဖြစ်ပေါ်လာချေ၏ တကား။ ဗုဒ္ဓသာသနံ၊ ကြည်လင်အေးမြ နေဒတ္တသို့ ဗုဒ္ဓသြဝါ သာသနာတော်သည်။ အဗ္ဘုတံဝတ၊ ဩော် ဒုလ္လဘ ဖြစ်ခဲလှသျက် ဖြစ်ရဖြစ်တော် ဖြစ်ကောင်းကြီး ဖြစ်ပေါ်လာချေ၏ တကား။

ဘော၊ အိုသံသရာဇက် ဝဲဂယက်မှ လွတ်ထွက်လိုကြောင်း သူတော်ကောင်းတို့။ ဗုဒ္ဓေါ၊ ဧည့်ယျာသွယ်သွယ် ဓမ္မနယ်ကို မဖယ်မချန် သဗ္ဗညုဉာဏ်ဖြင့် ဝေဖန်ပိုင်းခြား ရှင်တော်ဘုရားသည်လည်းကောင်း။ ဓမ္မော၊ ငါးရာတစ်သောင်း တဏှာမှောင်ကို ကုန်ဆောင်ဖျက်ကြောင်း တရားကောင်းသည်လည်းကောင်း။ သံဃော၊ ဒုက္ခအားကြောင်း ဘေးအပေါင်းကို တွေး ဆောင် ရှုမျော် သံဃာတော်သည် လည်းကောင်း။ အပ္ပမာဏောဝတ၊

(ပဌမအကြိမ်)

ကျေးဇူးတော်အထု နိုင်းစံပြုဖို့ တွေးရှုမျှော်ကာ ဩဒြာ ဉပမာမရှိခဲ့ပါ တကား။ ဗုဒ္ဓသာသနာ၊ လူနှင့်နတ်များ သုံးဘုံသားတို့ ကိုးစားဖို့ရာ ရှင်စောမှာသည့် သာသနာတော် မြတ်သည်။ အပ္ပမာဏဝတာ၊ ထောမနာမှု စောကာရှုဖို့ ဩဒြာ-ဉပမာ မပြုနိုင်ပါတကား။

ဘော၊ မင်္ဂလိဖိုလ်ရောက်ကြောင်းဆုပန်တောင်းလျက်လမ်းကောင်းရှုမျှော် အိုသူတော်တို့။ ဗုဒ္ဓေါ၊ ဗာလ, ပဏ္ဍိတ ဝေနေယျကို။ အပါယ်ဘေး မကျ ဝေးအောင် ဆောင်သွေးကယ်တင် ဘုရားရှင်သည်လည်းကောင်း။ ဓမ္မော၊ ဂေါသီတဟု ဂန္ဓအထူး စန္ဒကူးအသွင် လူသုံးခွင်ကို ပူပင်ဘေးဘယ မှုထွေး ကြအောင် အေးမြမြဖြေဖျော် တရားတော်သည်လည်းကောင်း။ သံဃော၊ နိဗ္ဗာန်သောင်ကြီး နီးထက်နီးအောင် ခရီးလမ်းဆော် သံဃာတော်သည် လည်းကောင်း။ အဟောဝတ၊ ဒုလ္လဘတဲ ကြုံရခဲ၍ ဩဒြာ-အံ့ဖွယ်သရဲ ရှိလှ ပေစွတကား။ ဗုဒ္ဓသာသနံ၊ ရှင်တော် မိန့်ခွန်း နိဗ္ဗာန်ကျွန်းဖို့ ပြည့်နိုင်ခဲ့ရာ သာသနာတော်သည်။ အဟောဝတ၊ ဗိမာန်ညီးညီး နန်းမြို့ကြီးသို့ ဩဒြာ-အံ့ဖွယ်ကြီး ရှိလှချေ၏တကား။ အဲ-သည်လိုကုသိုလ်စိတ်ကိုပွားစေရမယ်တဲ့။

ဤသည်ကား သုတ္တန်ဒေသနာတော်ဖြစ်သည်။ ထိုမှတစ်ပါးလည်း။ လ။ ဟူ၍ ပတ္ထနာပြုလိုက်ကြကုန်။

ဒုလ္လဘငါးပါးကို ခွဲခြမ်း၍ ဟောပြသော

အခန်း ပြီး၏။

# (၉)

# ဒါနဖြစ်ခြင်း အကြောင်းသုံးပါးကို ပြသော ဝတ္ထုလိအကြောင်း

ပုညံ့ဝ သုခံ ဇနေတိ၊ အပုညံ့ ဒုက္ခံ ဇနေတိ။
တသ္မာ ပုညံ ကာတဗ္ဗံ၊ အပုညံ့ နစ ကာတဗ္ဗံ။

(ရစနာဂါထာ)

ပုညံ၊ ဒါန သီလ စသည်ကောင်းမှု ကုသိုလ်အစုသည်သာလျှင်။ သုခံ၊ လူနှင့် နတ်ထံ နိဗ္ဗာန်မခဝး သုံးတန်သော ချမ်းသာရေးကို။ ဇနေတိ၊ အရေးပိုင်ပိုင် ဖြစ်စေနိုင်၏။ အပုညံ၊ ပါဏာတိပါတ စသည်ညစ်ကျူ မကောင်းမှုသည်။ ဒုက္ခံ၊ သံသရာမြစ် နစ်အံ့ရှည်ဝေး ဒုက္ခဘေးကို၊ဇနေတိ၊မအေးတာရှည် ဖြစ်ကြစေ၏။ တသ္မာ၊ ထိုသို့ ကောင်းမှုပြုက သုခမဝေး မကောင်းတွေးက ပါယ်ဘေးဒုက္ခ တွေ့ထိရခြင်းကြောင့်။ပုညံဝ၊သုခခွင့်ပေး ကုသိုလ်ရေးကိုသာလျှင်။ကာတဗ္ဗံ၊ကြံတွေးဖန်ခါ ပြုသင့်ရာ၏။အပုညံ၊ဒုက္ခဖြစ်ရန်မကောင်းကံကို။ နစ ကာတဗ္ဗံ၊ ဝေးဝေး ရှောင်ခွါ မပြုရာ။

အဲ-ဤဒေသနာတော်အလာ ဘုရားရှင် အလိုတော်မှာတော့ .. လူ့ပြည် လူ့ရွာ ခုအခါမှာ ရတော်ခဲလှတဲ့ မနုဿတ္တဒုလ္လဘကို ရကြသည့်အခိုက် သာသနာတော်နှင့်လဲ ကြုံကြိုက် သူတော်ကောင်းတို့ ဟောပြောတဲ့ တရားဓမ္မကိုလဲ နားထဲမှာ စိုက်ရလို့ မို့ ကောင်းမကောင်းကိုလဲ သိရမြင်ရ နှလုံးပိုက်ရတဲ့အခိုက်ကို ဒုစရိုက် ဒုရာဇီဝ မကောင်းတဲ့ ပါပဓမ္မတို့မှ ဝေးလှအောင် ရှောင်ရှားပြီး ဒါနသီလကို အစထားလို့ကောင်းဆိုသမျှ တရားများကိုသာ ကြိုးစားလို့ ဆည်းပူးရမယ်၊ ဘာ့ကြောင့်လဲလို့ဆိုတော့ သာသနာတော်ကလဲ နောက်ပိုင်းလောက်ကိုသာ မှီလိုက်ရလို့ အဆုတ်၊ အာယုတမ်းဆိုတာကလဲခုနစ်ဆယ်ရှစ်ဆယ်တမ်းကျလို့မို့ လျော့ယုတ်လောဘ ဒေါသ မောဟ ဥပနာဟ စသော အကုသိုလ် တရားတွေကလဲပဲ ထွေးရှုပ်တာနှင့် ဆူးခလုတ်ကပေါများ ဘေးရန်တွေက ထူပြားတဲ့ ခရီးကြမ်းချောက်ကမ်းပါးသို့ ညဥ့်မိုက်တုန်းအခါကို သွားကြရဘာလိုတိမ်းပါးယွင်းချွတ်လို့သူတော်ကောင်း တရားများကို လက်ကလွှတ်ပြီး ဇွတ်တရွတ်မထောက်ထားဘဲ အကုသိုလ်

ဒုစရိုက်များကိုသာ ဝါသနာအထုံပွားပြီး မှောက်မှားလို့ပြုမိကြမှုဖြင့် ခုဘဝ အကုန် စုတိစိတ်နောက်အခုန်မှာ ကုသိုလ်ဟုန်ကလည်း ပါးရှားကယ်ဆယ်မဲ့ သူကိုလဲ လက်ကိုင်မထားတာနှင့် အကုသိုလ်ကသာ များပြားလို့မို့ အရိမိတေ ယျစသော ဘုရားများနှင့်မှ လမ်းကြားမှာမတွေ့ရဘဲ လေးဝသော အပါယ် ထဲမှာသာ တလဲလဲနစ်ဖုံးပြီး ကျောက်တုံးကြီးပမာ နည်းလို မပေါ်ဘဲ တိုး ငုပ် တမြုပ်ထဲသာ တိုးမြုပ်နေရလိမ့်မယ်။

အဲ-သို့ကြောင့် ဒါနစသောကုသိုလ်ပုညကို မနည်းစေရအောင် နေ့ရော ညဉ့်ပါ ဇရအမိခဲ့ပြီး လူထဲက တစ်ဆင့်ခုန်လို့မို့ နတ်ဘုံမှာစခန်းထောက်နှင့် ကောင်းရာကိုသာကူးလျှောက်ပြီး နိဗ္ဗာန်တိုင်ပေါက်စေကြရမယ်၊ အဲ-သုဂတိ ဘုံထဲသို့ ရောက်ရအောင် ပင့်မြှောက် ပို့ဆောင်တတ်တဲ့ တရားဆိုတာလဲ အခြားဟာမဟုတ် ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်တရားသုံးပါးတို့ပဲတဲ့၊ အဲ-ထိုသုံးပါးတို့တွင်လဲပဲ ဒါနဆိုတဲ့ကုသိုလ်တရား၏ ဖြစ်ပွားခြင်းအကြောင်း မှာတော့ သုံးပါးပင်ရှိဘယ်၊ ဘယ်သုံးပါးပါလဲဆိုတော့ အလှူဒါန အလှူခံ ပုဂ္ဂိုလ်တို့ကို ကြည်ညိုလေးမြတ်ယုံကြည်တတ်တဲ့ သဒ္ဓါတရားလဲ ဒါနဖြစ်ပွား ခြင်း အကြောင်းတစ်ခုပါပဲ၊ ဘာ့ကြောင့်လဲဆိုတော့ အလှူဒါန၌ ဤငါ၏ ဒါနကြောင့် ဝာမလွန်ဘဝအဆက်ဆက်မှာ သံသရာဝဋ်ထဲက မထွက်သမျှ အကျိုးဆက် ခံစားရတဲ့ပြင် အဆုံးစွန်ဘဝမှာတော့ ဝဋ်ဓာတ်ကျကင်းပလို့ နိဗ္ဗာန်တိုင်ကူးသွားရပေလိမ့်မယ်လို့ အဲ သည်လိုဒါန၏ အာနိသံသကို ယုံ ကြည်တဲ့ သဒ္ဓါတရားရှိမှလဲ ဒါနဆိုတာ ပြုဖြစ်နိုင်တယ်၊ အဲ—သည်လိုမှ မယုံ တာဖြင့် ပစ္စည်းကို အကုန်ရှာပြီး ကိုယ်ခန္ဓာနှမ်းညစ်ဖို့ ဘယ်တော့မှ ပြုဖြစ် မှာမဟုတ်ဘူး၊ သို့ကြောင့် ဒါန၏အကျိုးကို မြတ်နိုးတဲ့သဒ္ဓါလဲ ဒါနဖြစ်ပွား စရာ အကြောင်းတစ်ခုလို့ ဆိုရပါတယ်။

အလှူခံပုဂ္ဂိုလ်ဆိုတာကိုလဲပြော်-ဤပုဂ္ဂိုလ်များဟာ ကိုယ့်ကိုယ်ကိုအနွမ်း ရှာပြီး သံသရာနောင်ရေးကို မျှော်ခကွ္ကးကာမှန်းထားလို့ သဏ္ဍာဝါလူအများ ကိုလဲ သားကဲ့သို့ မေတ္တာမျိုးနှင့် သူတစ်ပါး ကောင်းစားဖို့ အကျိုးကိုသာ သည်ပိုးနှိုးဆော်ကြပေတယ်၊ မှည့်သိုးမယုတ် သိုးမပုပ်ရအောင် ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်သုံးပိတ်ဆို့ မချို့ အောင် ... နှမ်မမော် မဒေလာ် ... ဇာဝရိ ... နှင့် ဝါရိတ္တာမပယ်ွင်း သီတင်းသီလ မကျမပေါက် မပြောက်မကြား ဘုရား ဟောဓမ္မ ဝိနယဆိုတာကိုလဲ ဂါရဝစိတ်ထားနှင့် လိုလားတောင့်တသဖြင့်

(ပဉ္စမအကြိမ်)

သိက္ခာကာမ လွန်ပြည့်ဝခြင်းကြောင့် ပေသလအစစ် ပုဂ္ဂိုလ်ကောင်းလဲ ဖြစ်ပေတယ်။

အဲ-ဤကဲ့သို့ ပုဂ္ဂိုလ်မျိုးတို့၌ မြတ်နိုးဟာဒယ စိုက်ပျိုးတဲ့ ငါ့ဒါနကား မုချ မလွဲသံသရာညွတ်ကွင်းကိုခွဲပြီး ကျွတ်ခဲတဲ့ဝဋ္ဋခန်းကို ကျော်သန်းလွန်မြောက် ပေရလိမ့်မယ်လို့ အဲ—သည်လို အလှူခံပုဂ္ဂိုလ်ကိုလဲ ယုံကြည်ပါမှ လှူလိုတဲ့ စေတနာပေါက်ပြီး ဒါနကြီးပြီးမြောက်နိုင်ပါတယ်၊ ပုဂ္ဂိုလ်၏ အကျင့်ဂုဏ်ကို ဤလိုမှ မကြည်ယုံယင်လဲ ပစ္စည်းကိုအကုန်ခံလို့ အလှူခံ ပုဂ္ဂိုလ်ရောက်ပေတဲ့ ချီးမြှောက် လှူဒါန်းဖြစ်တော့မှာ မဟုတ်ဘူး၊ အဲ—သို့ကြောင့် အလှူဒါန အလှူခံပုဂ္ဂလတို့၌ ပသန္နတိုးပွား၍ ကြည်ညိုယုံကြည်တဲ့ သဒ္ဓါတရားကို ဒါန မြောက်ခြင်း၏ အကြောင်းတစ်ပါးပဲလို့ ဆိုရပါတယ်။

ထိုမှတစ်ပါးလဲ အလှူခံပုဂ္ဂိုလ်မြတ်တို့နှင့် လျောက်ပတ်တဲ့ ပစ္စည်းဝတ္ထု တစ်ခုခု နဲ့နှ ကြမ်းကြမ်း ဆန်းဆန်း ရိုးရိုး မြတ်နိုးစလိမိမိလက်မှာ အဆင်သင့် ရှိခြင်းလဲ ဒါနတရား ဖြစ်ပွားခြင်းအကြောင်းတစ်ခုပါပဲတဲ့။ ဘာကြောင့်လဲ လို့ဆိုတော့ အလှူခံပုဂ္ဂိုလ်အထင်အရှားနှင့်လှူလိုတဲ့ စေတနာသဒ္ဓါတရားကလဲ ဖြစ်ပွားလို့မို့ လှူတော့မယ်လို့ အကယ်၍ အကြံထားစေကာမူ ပစ္စည်းက ပါးရှားလို့ စားရမဲ့·မလှုဘမလှူစရာဝတ္ထုဆိုတာ တစ်ခုမှ ရှာမရအောင်ဆင်းရဲ နွမ်းပါးလှတဲ့ လူတစ်ယောက်မှာ ဘယ်တော့မှ ဒါနမမြောက်နိုင်ဘူးတဲ့၊ အဲ-သို့ကြောင့် လှူဖွယ်ဝတ္ထုကိုလဲ ဒါန၏မြောက်ခြင်းအကြောင်း တစ်ခုပဲလို့ ဆို ရပါတယ်။

ထိုမှတစ်ပါးလဲ့ သင့်လျော်တဲ့ အလှူခံပုဂ္ဂိုလ်မြတ်နှင့် အဆင်သင့်ကြုံစပ်လို့ မို့ဆည်းကပ်ဆိုင်တွေ့ရခြင်းလဲဒါနမြောက်ခြင်း၏အကြောင်းရင်းတစ်ခုပါပဲ တဲ့၊ ဘာကြောင့်ပါလဲဆိုတော့ လှူလိုတဲ့ စေတနာ သဒ္ဓါတရားကလဲပေါက် လှူစရာဝတ္ထုကလည်းလက်ထဲသို့ရောက်လို့မို့ဝမ်းမြောက်ရွှင်ပလှူတော့မဲ့အကြံ ရသော်လည်း အလှူခံပုဂ္ဂလ ထူးမြတ်တဲ့ ဝိသေသနှင့် တိုက်ဆိုလို့မှ မတွေ့ရက သည်ဒါနအထမြောက်လို့ ဘယ်တော့မှအဆုံးရောက်နိုင်ကော့မှာမဟုတ်ဘူး တဲ့၊ အဲ သို့မို့ကြောင့် အလှူခံပုဂ္ဂိုလ်မျှားလဲ ဒါနတရားဖြစ်ပွားဖို့ အကြောင်း ရင်းတစ်ခုလို့ ဆိုရပါတယ်၊ အဲ-ဤကဲ့သို့ ကြည်ညိုတဲသဒ္ဓါ၊ လှူစရာပစ္စည်းရပ်၊ ထူးမြတ်တဲ့ အလှူခံ ဤသုံးတန်အကြောင်းများနှင့် ထင်ရှားစွာ ပြည့်စုံမှသာ ဒါန်ဂုဏ်အပြီးမြောက်၍ အကျိုးထူးရောက်နိုင်ပါတယ်၊ ထို့ကြောင့်—

(ပဥ္စမအကြိမ်)

> တိဏ္ဏံ ဘိက္ခဝေ သမုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ၊ ကတမေသံ တိဏ္ဏံ....သဒ္ဓါယ ဘိက္ခဝေ သမုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ၊ ဒေယျဓမ္မဿ ဘိက္ခဝေ သမုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ၊ ဒက္ခိဏေယျာနံ ဘိက္ခဝေ သမုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ၊ ဣမေသံ ခေါ ဘိက္ခဝေ တိဏ္ဏံ သမုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ။ (အံဂုတ္တရ၊ ပ၊ ၁၄၈)

လို့-ဟောတော်မူတယ်။

ဘိက္ခဝေ၊ သံသရာဘေး လွတ်ဖို့ရေးကို မျှော်တွေးငံ့စား အိုချစ်သားတို့။ တိဏ္ဏံ၊ ရှုံးစုပေါင်းထား သုံးခုသော အကြောင်းဘရားတို့၏။ သမုခီဘာဝါ၊ လက်ရောက်မိမိ မျက်မှောက်ရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဂုဏ်ကိုစွဲ ကြည့် သဒ္ဓါတရားရှိသော။ ကုလပုတ္တော၊ ကျိုးကြောင်းသိပြား အမျိုးကောင်းသားသည်။ ဗဟုံပုညံ၊ ပွားကာအဆက်ဆက် များစွာသော ဒါန၏ အကျိုးဆက်ကို။ ပသဝတိ၊ တိုးတက်ဖြိုင်ဖြိုင် ပွားစေနိုင်၏၊ ကတမေသံ တိဏ္ဏံ၊ အဘယ်သုံးပါး အကြောင်းများတို့၏ ထင်ရှားပြည့်စုံမှ ဒါနအဟုန် တိုးပွား၍ အကျိုးထူးများပါသနည်းဟူမူကား....။ ဘိက္ခဝေ၊ ချစ်သားတို့။ သဒ္ဓါယ၊ အလှူဒါန အလှူခံပုဂ္ဂလဥ်ပသန္နစိတ်ထားနှင့် မမှားဖြောင့်မတ် ယုံကြည်တတ်သော သဒ္ဓါတရား၏။ သမုခီဘာဝါ၊ လက်ရောက်မိမိ မျက်မှောက်ရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဂုဏ်ကိုစွဲမှတ် ကြည်ညိုတတ်သော၊ ကုလပုတ္တော၊ ကျိုးကြောင်းလိုသား အမျိုးကောင်း ယောကျ်ားသည်။ ဗဟုံပုညံ၊ လားရာမည်သူး များစွာသော ကုသိုလ်မျိုးကို။ ပသဝတိ၊ တိုးတက်ဖြိုင်ဖြိုင် ပွားစေနိုင်၏။ ဘိက္ခဝေ၊ ချစ်သားတို့၊ ဒေယျဓမ္မဿ၊ ဓမ္မိယလဒ် ပစ္စည်းမြတ်၏။ သမုခီဘာဝါ၊ လက်ရောက်မိမိ မျက်မှောက်ရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဂုဏ်ကိုစွဲမှတ် ယုံကြည်တတ်သော။ ကုလပုတ္တော၊ ကောင်းကျိုး လိုလား အမျိုးသားသည်။ ဗဟုံပုညံ၊ လားရာမည်သူး များစွာသော ကုသိုလ်မျိုးကို။ ပသဝတိ၊ တိုးတက်ဖြိုင်ဖြိုင် ပွားစေနိုင်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ ဒက္ခိဏေယျာနံ၊ သီလအာစာ ကျင့်သိက္ခာနှင့် ပေသလာမှန် အလှူခံတို့၏ သမုခီဘာဝါ၊ လက်ရောက်မိမိ မျက်မှောက်ရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဂုဏ်ကိုစွဲမှတ် ယုံကြည်တတ်သော။ ကုလပုတ္တော၊ ကောင်းကျိုးလိုလား

အမျိုးကောင်းယောကျ်ားသည်။ ဗဟုံပုညံ၊ လားရာမည့်သူ များစွာသော ကုသိုလ်မျိုးကို။ ပသဝတိ၊ တိုးတက်ဖြိုင်ဖြိုင် ပွားစေနိုင်၏၊ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝံ၊ စင်စစ်။ ဣမေသံ တိဏ္ဏံ၊ ဤသို့ စုပေါင်းသုံးခုသော အကြောင်းတို့၏။ သမုဒါဂမေ၊ လက်ရောက်မိမိမျက်မှောက်ရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဂုဏ်ကိုစွဲမှတ် ယုံကြည်တတ်သော။ ကုလ ပုတ္တော၊ ကောင်းကျိုးလိုလား အမျိုးကောင်းယောကျ်ားသည်။ ဗဟုံပုညံ၊ လားရာမည့်သူ များစွာသော ကုသိုလ်မျိုးကို။ ပသဝတိ၊ တိုးတက်ဖြိုင်ဖြိုင် ပွားစေနိုင်၏၊

အဲ-ဤကဲ့သို့ ဒါနဖြစ်ပွားခြင်း၏ အကြောင်းတရား သုံးပါးရှိတယ်၊ ထိုအကြောင်း သုံးပါးတို့တွင်လဲ သဒ္ဓါတရားဆိုတဲ့ အကြောင်းမှာ အဘ တသတ်မင်း ဝက္ကလိမထေရ်များ ဘုရားကိုကြည်ညိုတာလို ကြည်ညိုထိုက် မြတ်နိုးထိုက်တဲ့ သီလဝန္တပုဂ္ဂိုလ်များကိုသာ ကြည်ညိုမြတ်နိုးတဲ့ ပသာဒနီယ ပသန္နသဒ္ဓါတရားမျိုးလဲ ရှိတယ်၊ တိတ္ထိတို့၏တပည့် ဥပါသကာတို့သည် တိတ္ထိဆရာကြီးများကို ကြည်ညိုမြတ်နိုးကြတာလို မကြည်ညိုထိုက် မမြတ်နိုးထိုက်တဲ့ ဒုဿီလပါပ ပုဂ္ဂိုလ်တို့ကို ကြည်ညိုမြတ်နိုးတဲ့ အပသာဒနီယပသန္န သဒ္ဓါတရားမျိုးလဲ ရှိတယ်၊ ထိုနှစ်မျိုးသော သဒ္ဓါတရားတို့တွင် ဝက္ကလိ မထေရ်များ ဘုရားကို ကြည်ညိုတာလို ကြည်ညိုသင့်တဲ့ သီလဝန္တ ပုဂ္ဂိုလ်တို့၌ ကြည်ညိုသော သဒ္ဓါတရားမှသာ မမှား မစောင်းတဲ့ သဒ္ဓါကောင်း သဒ္ဓါစစ်လို့ ဆိုရပါတယ်၊ သုနက္ခတ္တရဟန်းဟာ ကောရခတ္တိယမည်သော တိတ္ထိ တက္ကတွန်းကို ကြည်ညိုတာလို မကြည်ညိုသင့်တဲ့ ဒုဿီလပါပပုဂ္ဂိုလ်တို့၌ကြည်ညိုတဲ့ သဒ္ဓါတရားကိုတော့ သဒ္ဓါမှား သဒ္ဓါစောင်းလို့ ဆိုရပါတယ်။

အဲ-ထိုသဒ္ဓါမျိုးနှစ်ပါးတို့တွင် ဝက္ကလိမထေရ်သည် ဘုရားကို ဘယ်လို ကြည်ညိုပါသလဲလို့ ဆိုတော့ ဝက္ကလိမထေရ်ဟာ လူဖြစ်တုန်းအခါ ကပင် သံဃာတော်အများနှင့် ဘုရားဆွမ်းခံကြွလာတော်မူသည်ကို မြင်လိုက်ရတဲ့ နေ့ရက်ကိုအစသားပြီး ဘုရားနှင့်ကွေကွင်းလို့ တစ်နာရီအတွင်း မျှနေခြင်းငှာ မတတ်နိုင်လို့မို့ တမိုင်မိုင်ဟာတွေ့တော့ ကျောင်းတော်သို့ မပြတ်သွားပြီး ဘုရားရှင်မျက်နှာတော်ကို ကြည့်မဝ်လို့ချည်း နေတော့တာပဲတဲ့၊ အဲ-ဤလိုချည်း ရှည်မြင့်စွာ ကျောင်းမှာသာ နေတာကြာ

(ပဌမအကြိမ်)

လွန်းတော့ လုပ်ရာ ကိုင်းခင်း အိမ်ထောင်မှုလစ်ဟင်းတာနှင့် အိမ်တွင်းရှိ သားမယားအပေါင်းတို့က စောင်းမြောင်း၍ူစူ မကြည်ဖြူမသဒ္ဓါ မျက်နှာ မလှ စီးပွားရေး လုပ်ငန်းကိုပြုပြီး နားပူအောင် မြည်တမ်းကြတယ်၊ အဲ– သည်လိုသာ မြည်တမ်းပါများတော့ ဝက္ကလိပုဏ္ဏားလဲ ဘုရားကိုခင်မင် တာနှင့် ဤကဲ့သို့ အကြံဖြစ်လာတယ်၊ ဘယ်လိုဖြစ်ပါသလဲလို့ဆိုတော့ ခြေဘ် ယခုငါသည် ဤပုဆိုးဝတ်ကြောင်နှင့် လူ့ဘောင်မှာ သည်လို နေတာဖြင့် အခြေမလှ ဆီးရေး ဝတ်ရေး ဝမ်းစာဖို့အရေးတွေနှင့် ပြေးရ လွှားရ တစ်အိမ်လုံးမျှတဖို့ ရှာရ ဖွေရ အိမ်ထောင်မှုကိစ္စ သားမယားပလိ ဗောဓကြောင့် အားလပ်တဲ့အခွင့်ကို မရနိုင်လို့ ဘုရားကိုမှ အားရအောင် ဖူးရတော့မှာ မဟုတ်ပေဘူး၊ တမလွန်ဘဝကူးဖို့ သံသရာကျေးဇူးမရှိတဲ့ဖြင့် ပလိဗောဓဝန်ကသာ ပိုပိုပြီး မချိအောင် ပင်ပန်းတဲ့ အပါယ်လမ်း လူ့ ဘောင်ကို ရှားရှောင်စွန့်ခွာပြီး သံသရာကို မှန်းရှု ရဟန်းပြုရတာဖြင့် မကောင်းမှု ဒုစရိုက်လဲမပွား၊ အိမ်ထောင်မှု ပလိဗောဓဆိုဘာလဲ ပါးရှား ပြီး လပ်အားတဲ့ အခွင့်ကိုရတာနှင့် ဘုရားကိုလဲ ကောင်းကောင်းကြီး ဖူးမြင်ရမှာပဲ၊ အဲ–ဤလို ဆင်ခြင်စဉ်းစားပြီး ဝက္ကလိလုင် ပုဏ္ဏားသည် များမကြာခင် ဂုဏ်ထူးကိုမြင်တာနှင့် ဇောရှင်စိတ်ယုံ ဘုရားကို သဒ္ဓါ ဟုန်ကြောင့် သားမယားဗိုလ်ပုံ ရှိသမျှအလုံးစုံတို့ကို အကုန်စွန့်ထားခဲ့ပြီး ဘုရားထံသွား ရဟန်းပြုတယ်။

အဲ-ပစ္ဆိမဘဝိကယောကျာ်း သဒ္ဓါပသန္နအားကြီးတဲ့ ဝက္ကလိပုဏ္ဏား သည် လူ့ဘောင်ကိုပယ်ရှားပြီး ဘုရားထံ ရဟန်းပြုတဲ့နေ့ကစ၍ ဣရိယာ ပထ မျှတစေရန် ဆွမ်းခံ ဆွမ်းစား ကျိန်းအိပ်တဲ့အခါလောက်ကိုသာ ချန် ထားပြီး လပ်အားသမျှ တစ်ပါးသော ကာလတို့၌ ဘုရားနှင့်ကွေကွင်းပြီး အလျဉ်းပင် မနေတတ်တာနှင့် အနီးသို့သာချဉ်းကပ်ပြီး မပြတ်တစေ ဘုရား ရှင် မျက်နှာတော်ကို မော်လို့သာကြည့်နေတယ်၊ ဝေနေယျအများကို သားတော်နှင့် အတူထားပြီး သနားတော်မူဘက်တဲ့ လောကတ္တယ ဘာ ပါရဂူ သယမ္ဘူမြတ်စွာသည် သတ္တဝါ၏ ပညိန္ဒြေကိုပြန့်ခွေဝေဖန် သဗ္ဗညု ရွှေဉာဏ်ဖြင့် ချင့်စက်ထောက်ရှုက မုဒုပညိန် နုသေးတဲ့ခါ အချိန်ဟာမို့ မနှိမ်မထားသေးဘဲ ဤလိုသာထားပြီးတော့ သနားတဲ့စိတ်ကိုသာ ပိုက်လို့ အသိုသို့သာ လိုက်နေတယ်၊ ရှည်ကြာနေ့ည နေခင်ရင့်ချိန်အခါကျတော့မှ ကာလကိုထောက်ချင့်တော်မူပြီး မသင့်သောအရာကိုပြ၍ ဆုံးမတော်မူခြင်း (ပဥ္စမအကြိမ်)

၄၁—

ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ၊ ဓမ္မံ ဟိ ဝက္ကလိ ပဿန္တော မံ ပဿတိ၊ ပဿန္တော ဓမ္မံ ပဿတိ။ (သံယုတ္တပါဠိ၊ ဒု၊ ၉၀၊ ဓမ္မပဒ၊ ဒု၊ ၃၇၀)

အဲ-ဤစကားကို ဘုရားမိန့်တော်မူတယ်။

ဝက္ကလိ၊ သမထဝိပဿနာ ဘာဝနာခန်း ဓမ္မလမ်းကို မျှော်မှန်းမသိ ဝက္ကလိ။ တေ၊ သံသရာဘေး ကင်းကွာအေးဖို့ မတွေးမမှန်း သင်ရဟန်း အား။ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ဤငါဘုရား၏ လေးပါးခေတ်ခို အပုပ်ကိုယ်ကို ကြည်ညိုစိတ်သွင်း ရှုကြည့်ကာနေရခြင်းဖြင့်။ ကိံ၊ ဘယ် အကျိုးထူး ကျေးဇူးတရား သင်ခွဲပွားသနည်း။ ဝက္ကလိ၊ ကိုယ်ကျိုးတရား ပွားမပွားကို ထောက်ထားမသိ ဝက္ကလိ။ ယော ခေါ၊ အကြင် အမှတ်မရှိ သတိဉာဏ်ပွား တစ်စုံတစ်ယောက်သော ယောကျ်ားသည်။ ဓမ္မံ၊ မမှားမပြန် တရားမှန်ကို။ ပဿတိ၊ အသုဘတကား ကြံဆပွား၍ မျက်ဝါးထင်ထင် ကွင်းကွင်းမြင်၏။ သော၊ ထိုတရားသက်ဝင် ထင်လင်းစွာမြင်သောသူသည်။ မံ၊ ရွှေတွင်မားမား၊ ငါဘုရားကို။ ပဿတိ၊ အနီးမခ အဝေးကပင် အေးမြစင်ကြည် မြင်ရသည်မည်၏။ ယော၊ အကြင် အမှတ်မထား တစ်စုံတစ်ယောက် သောယောကျ်ားသည်။ မံ၊ ငါ့ကို။ ပဿတိ၊ ၏။ သော၊ သည်။ ဓမ္မံ၊ ကို။ ပဿတိ၊ ၏၊ ဝက္ကလိ၊ သမထဝိပဿနာ ဘာဝနာမရှိ ဝက္ကလိ။ ဓမ္မံဟိ ဓမ္မံဝေ၊ အသုဘကေန် တရားမှန်ကိုသာလျှင်။ ပဿန္တော၊ လင်းလင်းထင်ထင် သိမြင်ရသည်ရှိသော်။ မံ၊ လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်နှင့် တင့်တယ်မားမား ငါဘုရားကို၊ ပဿတိ၊ အနီးတွင်ကပ် ချဉ်းကာရပ်သို့ မပြတ်တစေ မြင်ရလေ၏။ မံ၊ ငါ့ကို။ ပဿန္တော၊ သော်။ ဓမ္မံ၊ ကို။ ပဿတိ၊ ၏။

အဲ-ဤကဲ့သို့ မြတ်စွာဘုရားက အနုပ်တစ်ပါးသို့သွားပြီး တရားနှလုံး သွင်းလျက် ရှောင်ကွင်းကာနေစေလို၍ မိန့်ဆိုမြွက်ကြား သာယာသော အရိပ်စကားဖြင့် အဆုံးအမ ပေးပါငြားသော်လဲ သဒ္ဓါဘုရား၏လွန်ကဲခြင်း ကြောင့် ဘုရားနှင့်ကွေကွင်းပြီး နေခြင်းငှာ မတတ်နိုင်၊ အနီးတွင်သာဆိုင်မြဲ တိုင်းထိုင်ပြီး ရှုမှိုင်ငေးမျှော် ဘုရားရှင်မျက်နှာတော်ကို မော်လို့သာ ကြည့်နေပြန်တယ်၊အဲ-ယင်းကဲ့သို့မခွဲမသွားတဲ့ အပါးတွင်သာနေပြန်သည်ကို

(ပဥ္စမအကြိမ်)

မြင်တော်မူလေက သယမ္ဘူဗုဒ္ဓ သုံးလူ့ဘသည် ဝေနေယျ၏ စိတ်စရိုက်ကို အလိုက်သင့် ရှုစားပြီး သံဝေဂဖြစ်ပွားမှ အကျွတ်တရားဖြစ်မည်အင်ကို ဆင်ခြင်ကာ ထောက်ထားရှ် အပါးက နှင်တော်မူခြင်းငှာ—

အပေဟိ ဝက္ကလိ မာ ဇူမ ဝသာဟိ။

ဟု မာန်ရှိတဲ့ အာဏာသံနှင့် မိန့်ခွန်းတော် ပြန်ရပြန်တယ်။

ဝက္ကလိ၊ အလိုအသွား ဆိုစကားကို ထောက်ထားမသိ ဝက္ကလိ။ အပေဟိ၊ ဝေးအောင်တစ်ပါး ပြေးရှောင်ရှား၍ အခြားရပ်မြေ သင်သွားလေလော။ ဇူမ၊ ဤငါဘုရား၏ ထံပါးနီးစပ် မြင်လောက်ရာ အရပ်၌။ မာဝသာဟိ၊ လျှံစ်လျူဘာဝနာ ခုခုလာ၍ ရှုကာ ရှုကာ မနေလာလင့်။

အဲ့ဤကဲ့သို့ သဒ္ဓါဟုန် လွန်ကဲဘိ၍ ပညာဂုဏ် အောက်သို့ကျနေတဲ့ ဝက္ကလိကို သဒ္ဓါနှင့်ပညာကို ညီညာအောင်ညှိတော်မူခြင်းငှာ အာဏာကော်ဖြင့် ဘိလွှမ်းပြီး မြည်တမ်းနှင်ထုတ်တော်မူလိုက်တယ်၊ အဲ ဤကဲ့သို့ မြတ်စွာဘုရားက အခြားကိုနှင်လေလျှင် ဝက္ကလိ ရဟန်းကလဲ ပင်ပန်းဆင်းရဲ ဘုရားနှင့်ခွဲရတော့မှာမို့ ဩော် ငါကား ယခုနေ့မှစ၍ သမ္ဗုဒ္ဓမြတ်စွာ၏မျက်နှာတော် ရွှေအဆင်းကို ကပ်ချဉ်းကာ ဖူးမြင်ရတော့မည်မဟုတ် အနုတ္တရမြတ်စွာ၏ မျက်နှာတော်ရုပ်ရူပကို ကပ်ချဉ်းလို့မှ မဖူးရက ရုပ်ဇီဝ ငါ့အသက်ရှင်ရကျိုးမနပ်ရာ ဤဘဝဤခန္ဓာကို မညာမငဲ့ စွန့်ရတာ ကောင်းတန်သေး၏ဟု မျှော်တွေးစဉ်းစားလျက် ဂိဇ္ဈကုဋ်တောင်ထိပ်ပေါ်သို့ တက်သွားပြီး ခိုးသားဒမြ ရာဇဝတ်သား ဟူသမျှတို့ကို တွန်းချပစ်သွင်းတဲ့ တောင်ကြားချောက်တွင်းသို့ ခုန်ဆင်းကာ သေတော့အံ့ဟု အကြံနှင့် ကမ္ဘာယံတောင်ငူမှာ ဟန်ယူတန့်ရပ်နေတယ်၊ အဲ့ဤကဲ့သို့ ဝက္ကလိရဟန်း၏ ပင်ပန်းစွာဖြစ်နေဟန်ကို သယမ္ဘူသခင် ရွှေဉာဏ်တော်ထင်မြင်က ရှင်စေဖို့အရေးနှင့် ဩဘာသ ရောင်လျှံတော်ကိုပေးပြီး ရှေးရှုရာရပ်ခွင်က ကိုယ်တော်ကို ထင်မြင်အောင်ပြ၍ ချိုမြသံညှင်း သက်သာရာရစေခြင်းငှာ–

ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ ပင်္ကေ သန္နံဝ ကုဥ္ဇရံ။

ဓမ္မပဒဋ္ဌ ဒု၊ ၃၈၁)

ဟူသောဗျာဒိတ်သံကားဖြင့် ချောက်ကြားက ခေါ်တော်မူတယ်။

ဝက္ကလိ၊ မရှင်ရိပ်ပွား ထင်စိတ်များနှင့် ထွေပြားကြံရှိ ဝက္ကလိ။ ဟေ၊ ဂိဇ္ဈကုဋ်ခေါ် တောင်ထိပ်ပေါ်က ခုန်ကျော်ဆင်းကာ လာလှည့်ပါလော့။ မာဘာယိ၊ မအေးစိတ်ရောက် ဘေးရိပ်ထောက်၍မတွေးမကြောက်ပါလင့်။ တထာဂတံ၊ မကျန်မကြွင်း ရန်ခပင်းကို ပယ်ရှင်းဟန့်တား ငါဘုရားကို။ ဩလောကေဟိ၊ အနီးထံမှောက် ဝင်လာရောက်၍ ဝမ်းမြောက်ရွှင်သာ ရှုကြည့်ပါလော့။ အဟံ၊ ပါရမီရင့်ဖြိုး သင်သို့သူကို ကယ်ယူနိုင်ပြား ငါဘုရားသည်။ တံ၊ တဏှာမကင်း ဘယာညှဉ်း၍ ပူပြင်းနွမ်းပါး သင်ချစ်သားကို။ ပင်္ကေ၊ အင်းအိုင်မြောင်စောင်း ရွံ့ညွှန်ပြောင်း၌။ သန္နံ၊ နှိတ်ရှုန်းမဖြစ် စုံးစုံးနစ်သော။ ကုဉ္ဇရံဣဝ၊ စာရေမဝ တာရှည်လှအောင် ဗလအားနည်း ဆင်ပြောင်ကြီးကဲ့သို့။ ဥဒ္ဓရိဿာမိ၊ တဏှာညွှန်စေး စင်ကွာအေးအောင် လျှော်ဆေးပယ်ခွာ ထုတ်ဆယ်ပါအံ့။

အဲ့-ဤစကားကို ဘုရားက မိန့်တော်မူလေလျှင် ဝက္ကလိမထေရ်သည်လည်း ရှင်ကြည်အေးမြ သက်သာရာအတန်ရပြီး ဘုရားရှင် ပဋိသန္ဓာရစကားကြောင့် စိတ်ထားဝမ်းမြောက် သဒ္ဓါဇောအလွန်ပေါက်လှ၍ တောင်ချောက်ကို ခုန်ကျော်ပြီး ဘုရားရှင် မျက်နှာတော်ကို ဖူးမျှော်လိုတဲ့ အမူနှင့် ဆင်းတော့မယ့် အပြုတွင် တစ်ခုသောခြေကို တောင်ထိပ်မှာနင်းပြီး တစ်ခုသော ခြေကို ရှေ့သို့ဆင်းမယ်လို့ ကြွခင်းလိုက်တုန်းဆဲဆဲတွင် အာသဝေါကုန်စဲလို့ အဘိညာဉ်သမာပတ်တို့ကို လက်ကိုင်စွဲပြီး ဝဋ်ထဲကကျော်မြောက်လို့ ရဟန္တာအဖြစ်သို့ ရောက်သွားတယ်၊ အဲ့-သည်လို ကြည်ညိုလောက် နှစ်သက်လောက် မြတ်နိုးလောက်တဲ့ ပုဂ္ဂိုလ်ဟူ ကြည်ညိုနှစ်သက် စုံမက်မြတ်နိုးတဲ့ သဒ္ဓါတရားများသာ ဝဋ်တဏှာကုန်ပါးပြီး လောကီတွင် မတန့်နားဘဲ ထွတ်အဖျားတိုင်မြောက်လို့ နိဗ္ဗာန်သို့ ရောက်စေနိုင်ပါတယ်။ ထို့ကြောင့်—

ပါမောဇ္ဇဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

လို့—ဟောတော်မူတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၃၈၁)

ပါမောဇ္ဇဗဟုလော၊ တဖြိုန်းဖြိုန်းလျှောက် ကိုယ်လုံးမောက်မျှ ဝမ်းမြောက် နှစ်သက်ခြင်းများသော။ ဗုဒ္ဓသာသနေ၊ ငါဘုရား၏ တရားရောင်ဝါသာသနာ၌။ ပသန္နော၊ မရက်မစက် ကိုယ့်အသက်ကို အသက်မမှတ်

ကြည်ညိုတတ်သော။ ဘိက္ခု၊ သံသရာဘေးဘျမ်း လွတ်အေးလမ်းကို တွေး မှန်းရှုညောင်း ရဟန်းကောင်းသည်။ သန္တံ၊ တဏှာ ထောင့်ကွက် မနှောင့် ယှက်သဖြင့် ရမက်ဝေးကွာ ငြိမ်သက်လှစွာသော၊ သခ်ါရှုပသမံ၊ သခ်ါရ နွယ်ရိုး ဗီဇမျိုးတို့ မဘိုးမပေါက် ပျက်ညှိုးခြောက်သဖြင့် ငြိမ်းပျောက် ရာလည်းဖြစ်ထသော။ သုခံ၊ ဒုက္ခဝဋ္ဋညှော်ကျ အမြစ်ခြောက်၍ဘေးပျောက် ရန်ပ ချမ်းအေးလှသော။ ပဒံ၊ အို့နာ့, သေရေး သံသရာဘေးတို့ ကွာ ဝေးရာမှန် နန်းနိဗ္ဗာန်သို့။ အဓိဂစ္ဆေ၊ အေးပျောက်လွယ်ကာ ရောက်လွယ် ရာ၏။

အဲသည်လို သဒ္ဒါကိုတော့ ကြည့်ညိုသင့် ကြည်ညိုကောင်းရာ၌ ကြည်ညိုတဲ့ ပသာဒနီယပသန္နသဒ္ဒါလို့ဆိုရတယ်။ မကြည်ညိုသင့် မကြည် ညိုကောင်းရာ၌ ကြည်ညိုတဲ့ အပသာဒနီယပသန္နသဒ္ဒါရှိသော သုနက္ခတ္တ ရဟန်းမှာ ကောရခတ္တိယတိတ္ထိဆရာကို ဘယ်လို ကြည်ညိုပါသလဲလို့ ဆိုတော့-

ငါတို့မြတ်စွာဘုရားသည် တရံရောအခါ သုနက္ခတ္တရဟန်းကို နောက် လိုက်ခေါ်တော်မူပြီး ကောရခတ္တိယတိတ္ထိကြီး၏ အနီးအပါးသို့ ဆွမ်းခံကြွ သွားတော်မူတယ်၊ ထိုအခိုက် ကောရခတ္တိယ တက္ကတွန်းကြီးကလဲဖိုခနောက် သုံးခုတို့၏အကြား ပြာကိုပယ်ရှားပြီးလေးဘက်တွားကာ မြေကြီးခွပ်ပုံထား သောအစာကို စားပြီး အဝတ်အစားမရှိဘဲ ခွေးကဲ့သို့ဝပ်ခွေလို့ခေါင်းမော့ ကာ အိပ်နေတယ်၊ အဲဤကဲ့သို့ ဟိရိဩတ္တပ္ပ လွတ်ကင်းပြီးနိဗ္ဗာန်မဂ်ဖိုလ်နှင့် လျော်ကန်သောအကျင့်မှ ကင်းလို့ယုတ်မာသောခွေးဝတ်တို့ နေခြင်းဖြင့် မှားယွင်းသောအကျင့်ရှိတဲ့ တိတ္ထိ ကောရခတ္တိယကို ရဟန်းသုနက္ခတ္တ အဆင် သင့်မြင်လေက သြော် ဤသူမြတ်ကား သလ္လေခတရားနှင့်ခေါင်းပါးသော အကျင့်အကြံရှိပေတယ်၊ ဤသူမြတ်၏အကျင့်အကြံကား မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်ကန်သော အကျင့်အကြံဖြစ်ပေတယ်၊ ဤသူမြတ်မှာသာ အကျင့်ထူး အာစာရနှင့် ဘုရားရဟန်းတာအစစ် ပုဂ္ဂိုလ်မြတ်ဖြစ်ပေတယ်။

အဲဤလို ဉာဏ်အမြင်မှောက်မှားပြီး မကြည်ညိုသင့်တဲ့ မိစ္ဆာဒိဋ္ဌိများ၌ ပင် ကြည်ညိုခြင်း အပသာဒနီယ ပသန္နသဒ္ဒါတရားဖြစ်ခဲ့တယ်၊ အဲဤကဲ့သို့ သုနက္ခတ္တ၏ သဒ္ဒါများကို ဘုရားသိတော်မူလေက ကရုဏာတော်၏ သခင် သည် သနားခြင်းသက်ဝင်သဖြင့် သွန်သင်မြွက်တားတော်မူခြင်းငှာ ချစ်သား သုနက္ခတ္တ-သင်သည်မူကား ငါဘုရား၏ သားရင်းရင်နှဲ ဖြစ်ကြီးဖြစ်သျှ

(ပဥ္စမအကြိမ်)

ယုတ်ညစ်ပါပ အဓမ္မမိစ္ဆာဉာဏ် မသင့်သောအကြံနှင့် ဘုရားမမှန် ယွင်းဖောက်ပြန်၍ ကျင့်ကြံသော့သွမ်းသော တက္ကတွန်းကိုချီးမွမ်းသောပ ပသန္တိုးပွားရှိမိစ္ဆာသဒ္ဓါတရားဖြစ်ဘိသည် မဟုတ်လား’ဟု မေးတော်မူတယ်၊ သုနက္ခတ္တရဟန်းလည်း မေးမြန်းတော်မူတဲ့စကားကို ဟုတ်မှန်ကိုင်းလျှောက်ထားပြီးမှ သုံးလူ့ဘ ရှင်တော်ဘုရားကား သူတစ်ပါးတို့၏မင်္ဂလိုက်ကျေးဇူးကို အထူးကြည်ညိုက ဝန်တိုခြင်းဣဿာနှင့်မသက်သာရှိလေယောင်တကား ဟု ဘုရားကို တစ်ဖန်ပြန်ပြီး နှုတ်လှန်နှင့် စွပ်စွဲပြန်တယ်။

အဲ-သုနက္ခတ္တရဟန်း၏ နှုတ်စွမ်းချွတ်ချော် မသင့်လျော်သည်ကို ရှင်တော်ဘုရားက သားငယ်၏အလားကဲ့သို့ သနားခွင့်ပြု ဖြစ်မရှုဘဲ သိစေမှုအရေး နှုးညှံ့သောဘရားဆေးဖြင့် ဆောင်သွေးမိန့်ဟ၍ ဆုံးမတော်မူခြင်းငှာ ‘ချစ်သား သုနက္ခတ္တငါဘုရားကား သူတစ်ပါး၌ကြည်ညိုသည်ကို ဝန်တိုခြင်းမရှိ၊ သင်ယခု ကြည်ညိုပဲ့တိတ္ထိကား ရာဂညှိကင်းကွာတဲ့ ဘုရားရဟန္တာမဟုတ်ချေ။ ယနေ့မှစ၍ရေသော် ရက်ရှည်မကွာ ခုနစ်ရက်ခန့်ကာလကြာလျှင် စားပိုးနင့်သော ရောဂါနှင့်သက်ခန္ဓာချုပ်ကင်းပြီး ကာလကိဉ္စကပြိတ္တာဘုံတွင်းသို့ သက်ဆင်း ကျရောက်ရလိမ့်မည်၊ သူတစ်ပါးတို့၏သုသာန်မှာပဲ မြုပ်နှံခြင်းပြုရဘဲ ပိန်းမြက်ချုံထဲဘွင် ဆွဲလွဲကာဝိုင်းမ၍ တပည့်ပေါင်းပစ်ချရလိမ့်မည်၊ သုသာန်ဝ-တစရပ်မှာသုံးသပ်၍သင်မေးက အရေးကုန်မချုန်ခြင်းဘဲ ထင်လင်းစွာပြန်လှန်ပြီး ဟုတ်တိုင်းကို ဝန်ခံလိုက်လိမ့်မယ်’ လို့ သိစေရန်မှာထား၍ငါးချက်သော ဗျာဒိတ်စကားကို မြွက်ကြားမိန့်ဆိုတော်မူလိုက်တယ်။

အဲ-သုနက္ခတ္တရဟန်းလဲ ယုတ်မာလှတဲ့သဒ္ဓါစွမ်းကြောင့် နှုတ်ကြမ်းချွတ်ချော်ရုံတွင့်မှမတန့်နားဘဲ မိစ္ဆာဒိဋ္ဌိကြီးထံ အမြန်သွားပြီး ဘုရားရှင်ဗျာဒိတ်တော် စကားကို ကုန်းချောလိုတဲ့ စိတ်ထားနှင့် ပြောကြားရုံနှင့်မှမက ဘုရားကို စွပ်စွဲကြစေဖို့ အဆုံးမသညာပေးပြီး အရေးပြုအမှတ်အသားနှင့် တစ်နေ့သုံးကြိမ်လောက် သွားလို့မို့ သတိအားမမှုးရအောင် အားပေးယောက်ပံ့ခြင်းအမှုကို နေ့ဘိုင်းပင်ပြုရဘယ်၊ အဲ ကောရခတ္တိယ တက္ကတွန်းကြီးလဲ ခုနစ်ရက်အချိန်ကျက ဗျာဒိတ်တော်ငါးဝနှင့် ညီမျှကာ စုတေပြီးပြိတ္တာပြည်ကျဆင်းလို့ ပိန်းမြက်ခင်းချုံစမှာ ပစ်ချတဲ့အလောင်းကိုတပည့်ပေါင်းညီညာနှင့် သုနက္ခတ္တကမေးမြန်းရာမှာလဲ ဖြစ်ရာကို မချွင်းချန်ဘဲ

(ပဉ္စမအကြိမ်)

အလောင်းက ဝန်ခံလိုက်တတယ်။ အဲ-သည်အခါမှ သုနက္ခတ္တမှာ ပသင်္ကကင်း ဘိ၍ တိတ္ထိဟု အမှန်သိရတယ်၊ အဲ-ဤသုနက္ခတ္တ ရဟန်းမျှားလို မကြည်ညို သင့်သော ပုဂ္ဂိုလ်၌ ကြည်ညိုတဲ့ သဒ္ဓါတရားကို သဒ္ဓါမှား သဒ္ဓါလွဲလို့ဆို ရတယ်၊ ထို့ကြောင့်–

> ယော ဗလဝတိယာ သဒ္ဓါယ သမန္နာဂတော အဝိသုဒ္ဓဉာဏော သော မုဒ္ဓပသန္နော ဟောတိ၊ န အဝေစ္စပသန္နော တထာ ဟိ သော အဝတ္ထုသ္မိံ ပသီဒတိ သေယျထာပိ တိတ္ထိယသာဝကာ။

လို့-လာတယ်။

ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ဗလဝတိယာ၊ အဟုန်ဒီးဒီး ယိုဖိတ်စီးသော။သဒ္ဓါယ၊ ကြည်ညိုစိတ်ပွား သဒ္ဓါတရားနှင့်။သမန္နာဂတော၊ အံ့ဖွယ်တဂုဏ် လွန်ပြည့်စုံ၏။ အဝိသုဒ္ဓဉာဏော၊ မောဟထွေးတွယ် ညစ် မှေးကွယ်၍ မစင်ကြယ်သောဉာဏ်ရှိ၏။ သောပုဂ္ဂလော၊ သဒ္ဓါစီး၍ ဉာဏ် နည်းမခို ထိုပုဂ္ဂိုလ်သည်။ မုဒ္ဓပသန္နော၊ ပညာမလိုက် ထင်ရာစိုက်၍ မိုက် သော ကြည်ညိုခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ အဝေစ္စပသန္နော၊ ယုံ့ဉ်ပူး ကပ်လုမ်း တင်ကူးမှန်း၍စူးစမ်းသော ဉာဏ်ပညာရှိသည်။ နဟောတိ၊ မဖြစ်။ တထာဝပိ တဒေတာဝေ၊ ထိုသို့ရှင်းရှင်း ဉာဏ်ပညာ မလင်းခြင်းကြောင့်သာ လျှင်။ သောပုဂ္ဂလော၊ ထိုသဒ္ဓါလွန်ကဲ ဉာဏ်မြင်နည်းသော ပုဂ္ဂိုလ်သည်။ အဝတ္ထုသ္မိံ၊ ဂုဏ်ထူးမမြင့် အခွင့်မသာ မသင့်သောအရာ၌။ ပသီဒတိ၊ တွေ့ ဝေမသိ ကြည်ညို၏။ သေယျထာပိ၊ ထိုဂ္ဂိုလ်နှင့် ပုံဆိုခိုင်းဘိ ဟုတ်တိုင်း သိဖို့ နှိုင်းညှိရာ ဥပမာမူကား။ တိတ္ထိယသာဝကာဝိယ၊ တိတ္ထိကြီး၌ ခိုမှီး ညွှတ်အောင်း တပည့်ပေါင်းတို့ကဲ့သို့တည်း။

အဲ-ဤလိုသဒ္ဓါမှားရှိတဲ့ လူမျှားမှာတော့ စဉ်းစားဉာဏ် အခံနည်းသည် နှင့် အကြည်ညိုလွှမ်းကြခြင်းကြောင့် ဝဋ်ထဲက ထမြောက်ဖို့ အားခဲတဲ့အကြံ မမြောက်နိုင်တဲ့ပြင် ငရဲသို့သာ ရောက်သွားပြန်တော့ဘာပဲ။ ထို့ကြောင့်–

> စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော၊ ဝေ့နိရယေ ကတမေဟိ စတူဟိ၊ အနနုဝိစ္စ အပရိယော ဂါဟေတွာ အဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ၊ အနနုဝိစ္စ အပရိယော ဂါဟေတွာ ဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ၊ အနနုဝိစ္စ အပရိ ယောဂါဟေတွာ အပသာဒနီယေ ပသာဒံ ဇနေတိ၊ အနနုဝိစ္စ

အပရိယောဂါဟေတ္ဝာ ပသာဒနီယေ အပသာဒံ ဇနေတိ၊ ဍွမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

လို့–ဟောတော်မူတယ်တဲ့။ (အင်္ဂုတ္တရပါဠိ၊ ပ၊ ၃၉၆)

ဘိက္ခဝေ၊ ချစ်သားတို့။ စတူဟိ ဓမ္မေဟိ၊ အပါယ်လားဖို့ မှောက်မှားမှုရာ လေးပါးသောအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ကျင့်ကြံစွဲမိသဒ္ဓါများရှိသော သူသည်။ အာဘတံ၊ လက်ပခုံးခေါင်းကိုယ်လုံးညောင်းမျှ ညွှန်ပြောင်းရွှံ့နွံ ဆောင်ခဲ့သော အလေးဝန်ကို။ နိက္ခိတ္တောသာ၊ ပညာ်မဆ ပစ်ခါချသကဲ့သို့။ ဧဝံတထာ၊ ပမာမပြား ပုံစံထား၍ အလားမှီယူ ထိုနည်းတူသာလျှင်။ နိရယေ၊ ချမ်းသာကွယ်စဲ ပါယ်ငရဲ၌။ နိက္ခိတ္တော၊ မကောင်းမှုန်စစ် ကြောင်းကံညစ်က ပစ်ချမနေ နှစ်ကျစေ၏။ ကတမေဟိ စတူဟိ၊ ဘယ်လေးပါးနှင့် ထင်ရှားစုံက နိရယသို့ ပစ်ချမသွေ နှစ်ရလေသနည်းဟူမူကား။ အနနုဝိစ္စ၊ ထိုမှုဥုံလျှောက် သိသလောက်နှင့် မထောက်မလှမ်း မစုံစမ်းမူ၍။ အပရိယောဂါဟေတ္ဝာ၊ အတွင်းအပြင် လင်းလင်းမြင်အောင် ထွင်းဝင်ကြံတွက် ဉာဏ်မသက်မူ၍။ အဝဏ္ဏာရဟဿ၊ မိစ္ဆာဇီဝ ဒုဿီလနှင့် ပါပစိတ်လိုက်မချီး မွမ်းထိုက်သောသူ၏။ ဝဏ္ဏံ၊ အဖျင်းကျင့်မှု တစ်ခုခုမှ ယူစုဆင့်ပုံ ကျေးဇူးဂုဏ်ကို။ ဘာသတိ၊ ပရိသတ်တွင်း ဆောင့်ထည့်သွင်း၍ ခပင်းသိစေ ပြောကြား လေ၏။

အနနုဝိစ္စ၊ ထိုမှုဥုံလျှောက် သိသလောက်နှင့် မထောက်မလှမ်း မစုံစမ်း မူ၍။ အပရိယောဂါဟေတ္ဝာ၊ အတွင်းအပြင် လင်းလင်းမြင်အောင် ထွင်းဝင် ကြံတွက်ဉာဏ်မသက်မူ၍။ ဝဏ္ဏာရဟဿ၊ သီလသမာ ကျင့်သိက္ခာကို ကောင်း စွာသိမ်းပိုက် ချီးမွမ်းထိုက်သောသူ၏။ အဝဏ္ဏံ၊ မနှစ်မချို့ အပြစ်ဖို့လျက် အလို့လို့များ ကဲ့ရဲ့သောစကားကို။ ဘာသတိ၊ ပရိသတ်တွင်း ဆောင်ထည့် သွင်း၍ ခပင်းသိစေ ပြောကြားလေ၏။

အနနုဝိစ္စ၊ ထိုမှုဥုံလျှောက် သိသလောက်နှင့် မထောက်မလှမ်း မစုံ စမ်းမူ၍။ အပရိယောဂါဟေတ္ဝာ၊ အတွင်းအပြင် လင်းလင်း မြင်အောင် ထွင်းဝင်ကြံတွက် ဉာဏ်မသက်မူ၍။ အပသာဒနီယေ၊ ဘုရားအကြိုက် တရား ဆိုက်အောင် မလိုက်မကျင့် မှကြည်ညိုသင့်သောသူ၌။ ပသာဒံ၊ သူတော်

တင်စား အမြင်မှား၍ လိုလားစိတ်သွင်း ကြည်ညိုခြင်းကို။ ဇနေတိ၊ မစစ် မဖွေ ဖြစ်မိချေ၏။

အနနုဝိစ္စ၊ထိုမှ ဤလျှောက် သိသလောက်နှင့် မထောက်မလှမ်း မစုံစမ်းမှု၍။အပရိယောဂါဟေတ္တာ၊အတွင်းအပြင် လင်းလင်းမြင်အောင် ထွင်းဝင်ကြံတွက် ဉာဏ်မသက်မူ၍။ ပယာဒနီယေ၊ ဒေ့သနာအညီ မသေ့ဖည်ဘဲ လဋ္ဌီတစ်ဆူ ကြည်ညိုသင့်သောသူ၌။အပသာဒံ၊ အလေးမပြု အာတွေးခု၍ အမူ မာန်သွင်း မကြည်ညိုခြင်းကို။ ဇနေတိ၊ မစစ်မဖွေ ဖြစ်မိချေ၏။

ဘိက္ခဝေ၊ ချစ်သားတို့။ခေါ်၊ စင်စစ်။ဣမေဟိ စတူဟိ ဓမ္မေဟိ၊အပါယ် လားဖို့ မှောက်မှားမှုရာ ဤလေးဖြာသော တရားတို့နှင့်။ သမန္နာဂတော၊ ကျင့်ကြံစွဲမိ သဒ္ဓါမှားရှိသောသူသည်။ အာဘတံ၊ လက်ပခုံးခေါင်း ကိုယ်လုံးညောင်းမျှ ညွှန်ပြောင်းရွှံ့ဆောင်ခဲ့သော အလေးခန်ကို။ နိက္ခိတ္တော ယထာ၊ ပညာမဲ့ ပစ်ခါချသကဲ့သို့။ ဧဝံ ဘာထာ၊ ပမာမပြား ပုံစံသား၍ အလားမှီးယူ ထိုနည်းတူသာ သင်လျှင်။နိရယေ၊ချမ်းသာကွယ်စဲ ငါယ်ငရဲ၌။ နိက္ခိတ္တော၊ မကောင်းမှုနှစ် ကြောင်းကံညစ်က ပစ်ချမနေ နစ်ကျရ၏။

အဲ ဤသို့ သဒ္ဓါတရားလဲ ကောင်းသောသဒ္ဓါတရား, မကောင်းသော သဒ္ဓါတရားလို့ နှစ်မျိုးပြားတယ်။ သဒ္ဓါတရားသာ နှစ်မျိုးပြားတာမဟုတ်ပါဘူး၊လှူဖွယ်ဝတ္ထုဆိုတဲ့ ဒေယျဓမ္မကပေမယ်လို့ လှူဒါန်းပေးကမ်းကောင်းတဲ့ ဒါတဗ္ဗဒေယျဓမ္မ,မလှူမတန်း မပေးမကမ်းကောင်းတဲ့ အဒါတဗ္ဗဒေယျဓမ္မလို့နှစ်မျိုးပဲပြားသေးတယ်၊ထိုနှစ်မျိုးတို့တွင်လှူဒါန်းပေးကမ်းကောင်းတဲ့ ဒါတဗ္ဗဒေယျဓမ္မဆိုတာ ဘာများပါလဲဆိုတော့ ဝိနည်းပိဋကတ်တော်မှာလာတဲ့ ဆွမ်း, သင်္ကန်း, ကျောင်း,ဆေးဆိုတဲ့ပစ္စည်းလေးပါး၊သုတ္တန် ပိဋကတ်တော်မှာလာတဲ့ ဆွမ်း,အဖျော်, အဝတ်,သင်္ကန်း, ယာဉ်,ပန်း,နံ့သာ, နံ့သာပြောင်း,အိပ်ရာ,နေရာကျောင်း,ဆီမီး ဆိုတဲ့ ပစ္စည်းဝတ္ထု ဆယ်ပါး။ အဘိဓမ္မာ ပိဋကတ်တော်မှာလာတဲ့ ရူပ,သဒ္ဒ,ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မဆိုတဲ့ ပစ္စည်းဝတ္ထု ခြောက်ပါး။ အဲ ဤပစ္စည်းဝတ္ထုများဟာ လှူဒါန်းပေးကမ်း ကောင်းကဲ့ ဒါတဗ္ဗဒေယျဓမ္မဝတ္ထုမျိုးချည်းပဲတဲ့။

မလှူဒါန်း မပေးကမ်းကောင်းတဲ့ အဒါတဗ္ဗဒေယျဓမ္မဆိုတာ ဘာများပါလဲလို့ဆိုတော့ ...ဘိန်း,ဘင်,ကစော်,လှော်စာ,အရက် အစရှိသော မူး

(ပဉ္စမအကြိမ်)

ယစ်စေတတ်တဲ့ ဝတ္ထုမျိုး။ အတီး,အမှုတ်,အက,အခုန် အစရှိသော ပွဲလမ်းသဘင်ဝတ္ထုမျိုး၊ ဂါမဓမ္မ သေဝနဆိုတဲ့-မာတုဂါမ ဝိသဘာဂ ဝတ္ထုမျိုး၏ နွားအပေါင်းတို့၏ အတွင်းသို့ နွားလားကို သွင်းခြင်းစသော ဥသဘဒါန ဝတ္ထုမျိုး၊ အာရုံ၌ယစ်မူး၍ မြူးတူးကြလေအောင် ကြံဆောင် နှလုံးထားနှင့် ရေးသားထုတ်လုပ်အပ်တဲ့ ယောကျ်ားရုပ်,မိန်းမရုပ်စသော ပန်းချီဆေးရေးရုပ် ဝတ္ထုမျိုး၊ အဲ ဤငါးမျိုးသော ဒါနဝတ္ထုနုပ်တို့မှာတော့ မပေးအပ် မလှူအပ်တဲ့ အဒါတဗ္ဗ ဒေယျဓမ္မဝတ္ထုမျိုးလို့ ဆိုရပါတယ်၊လှူပေတယ်လို့ ကုသိုလ်ဒါနလို့ မဆိုရ မဆိုသင့်ဘူး။ အဲ-ထို့ကြောင့်—

ပဉ္စ ဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနံတိ။

လို့-ဟောတော်မူတယ်တဲ့။ (ပရိဝါပါဠိ၊ ၂၃၁)

ဘိက္ခဝေ၊ ချစ်သားတို့။ လောကသ္မိံ၊ လူ့ရွာလူ့ရပ် လောကခွင်တွင်၌။ အပုညာနိ၊ နိဗ္ဗာန်လမ်းကောင်း အကြောင်းမဆုံ ကောင်းမှုမဟုတ်ကုန်ဘဲလျက်။ ပုညသမ္မတာနိ၊ ကောင်းမှုပဲဟု မှတ်စွဲပြုလုပ် ခေါ်ဝေါ်သမုတ်ကြကုန်သော။ဒါနာနိ၊အားထုတ်ကြိုးပမ်းရှင်လန်းတက်ကြွ လှူဒါန်းကြသော ဒါနဝတ္ထုတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ (ကတမာနိပဉ္စ၊ဒါနမဟုတ် ဒါနလုပ်၍သမုတ်ခေါ်ရိုး အဘယ်ငါးမျိုးတို့နည်းဟူမူကား) မဇ္ဇဒါနံ၊ အရက်,ဘိန်း,ဘင်း မူးယစ်ခြင်းအကျိုးဒါနမျိုးလည်းကောင်း။ သမဇ္ဇဒါနံ၊ က,ခုန်, သီခြင်း ပျော်မြူးခြင်း အကျိုး သဘင်ဒါနမျိုးလည်းကောင်း။ ဣတ္ထိဒါနံ၊ ရှာသူတို့ အကျင့် မသင့်ကာမ ရာဂလွှမ်းမိုးဝိသဘာဂ ဒါနမျိုးလည်းကောင်း။ ဥသဘဒါနံ၊ နွားများအပေါင်း ယစ်ကြောင်းဆော်နှိုး ဥသဘဒါနမျိုးလည်းကောင်း။စိတ္တကမ္မဒါနံ၊ အာရုံစွဲချစ် ခွဲမဖြစ်အောင် ယစ်အံ့အကျိုးဆန်းကြယ်သော ပန်းချီဆေးရေးရုပ်ဒါနမျိုးလည်းကောင်း။ ဣတိဣမာနိပဉ္စ၊ ဤငါးပါးတို့တည်း။

အဲ-ဤလို ဒေယျဓမ္မလဲ လှူကောင်း မလှူကောင်းလို့ နှစ်မျိုးပြားတယ်၊ သဒ္ဓါတရား လှူဖွယ်ဝတ္ထုသာ ပြားသေးတာ မဟုတ်ဘူး၊ အလှူခံ ပုဂ္ဂိုလ်ကလဲ ပြားသေးတာပါပဲ၊ ဘယ်လိုပြားပါသလဲဆိုတော့ အလှူခံ ပုဂ္ဂိုလ်ကပေမယ့်လို့ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာကချစ်ယောက်,သာသနာပ ဝီတရာဂ ဈာနလာဘီရသေ့, ပုထုဇန် သီလဝန္တ, ပုထုဇန်ဒုဿီလ,ခွေး,ဝက်-

(ပဉ္စမအကြိမ်)

စသော တိရစ္ဆာန်၊အဲ-ဤလို တစ်ကျိပ်လေးမျိုးပြားသေးတယ်၊ထိုတစ်ကျိပ်လေးယောက် အလှူခံတွေမှာ အောက်အောက် ယုတ်ညံ့သောအလှူခံကို လှူရသည်ထက် အထက်အထက် မြင့်မြတ်သော အလှူခံကို လှူရတာက သာလို့ အကျိုးထူးရှိတယ်၊ အဲ-ဤအလှူခံ တစ်ကျိပ်လေးယောက်ထဲမှာလဲ ပုထုဇန် ဒုဿီလ ဆိုတဲ့ အလှူခံပုဂ္ဂိုလ်မှာ လူဒုဿီလ, ရဟန်းဒုဿီလရယ်လို့ နှစ်မျိုးပဲ ပြားရသေးတယ်၊ ထိုနှစ်မျိုးတို့တွင် ရဟန်း ဒုဿီလဆိုတဲ့ အလှူခံမှာတော့ အသူကို ဝင်ခံလို့သာ အလှူခံလို့ ဆိုရတယ်၊ သူတစ်ပါးတို့အလှူကိုတော့ ခံထိုက်ယူထိုက် သုံးဆောင်ထိုက်တဲ့ ပုဂ္ဂိုလ်မျိုးတော့ မဟုတ်ဘူးတဲ့၊ ဘာ့ကြောင့်လဲလို့ ဆိုတော့ ကိုယ်တွင်းက အကျင့်သီလက နည်းတော့ သူတစ်ပါးတို့လှူကြတဲ့ ဆွမ်းကွမ်းကို မှီဝဲရဆိုတာ မီးရဲရဲနှင့် သံတွေခဲမျိုရတာက မြတ်သေးတယ်၊ ထို့ကြောင့်-

သေယျော အယော ဂုဠော ဘုတ္တော၊
တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊
ရဋ္ဌပိဏ္ဍံ အသညတော။

လို့-ဟောတော်မူတယ်။ (ပါရာဇိကပါဠိ၊ ၁၁၆)

အသညတော၊ ကိုယ်နှုတ်နှလုံး လုံအောင်ဖုံး၍ မသုံးမကျင့်နိုင်သော။ ဒုဿီလော၊ ဗုဒ္ဓဂုဏ် ဒုဋ္ဌာနှင့် အစစ်ငြီ သီလမရှိသောရဟန်းသည် ရဋ္ဌပိဏ္ဍံ၊ တိုင်းသူပြည်သား ထင်မှတ်မှား၍ အများလှူဒါန်း ဘောဇဉ်ဆွမ်းကို။ ဘုတ္တော၊ တတ်စွမ်းသောအား သုံးယူစားရသည်ထက်။ တတ္တော၊ တရှဲရှဲဆူ ရဲရဲပူသော။ အဂ္ဂိသိခူပမော၊ ဟည်းဟည်းညံ့ဆူ မီးလျှံနှင့်ပမာတူသော။ အယောဂုဠော၊ အရေတွဲ့တွဲ့ သံတွေခဲကို။ ဘုတ္တော၊ ခံတွင်းတစ်လျှောက် အူဝမ်းပေါက်အောင် စားသောက် သုံးဆောင်ရခြင်းသည်။ ယဉ္စေ သေယျော၊ တစ်ခါနှင့်ပြတ် နောင်မထပ်၍ မစပ်ရန်ဘေး မြတ်ရာသေး၏။

သို့ ဆွမ်း, ကွမ်းကိုသာလား အဝတ်သင်္ကန်းများကိုကော သုံးဆောင်ကောင်းပါရဲ့လားလို့ဆိုတော့ အဝတ်သင်္ကန်းလဲ ဆွမ်းကွမ်းနှင့်အတူတူပေါ့၊ ဘယ်မှာ သူ သုံးဆောင်ကောင်းပါ့မလဲ၊ ကိုယ်ထဲမှာ သီလမကပ်တော့က မီးလျှံတွေက တဟည်းဟည်းနှင့် တစ်သက်လုံး လောင်မပြီးနိုင်တဲ့ သံပြားကြီးများ ကိုယ်မှာပတ်ထားရတာသိုပဲ၊ ထို့ကြောင့်-

အာဒိတ္တေနာပိ သေယျော၀၊ အယောပဋ္ဋေန ဝေဌနံ။
နတွေဝသာ သဒ္ဓါဒေယျ၊ စီဝရဿ ဟိ ဘုဥ္ဇနံ။

လို့-ဟောတော်မူတယ်။

အာဒိတ္တေနာပိ၊ တတ္တဲဘဲ့အိ ရရဲငြိသည်လည်းဖြစ်သော။ အယောပဋ္ဋေန၊ အလုံ့ဆူပွား သံပူပြားဖြင့်။ ဝေဌနံ၊ ကိုယ်ကို လှည့်ဝိုင်း ရစ်ခြုံသိုင်းရခြင်းသည်။ သေယျော၀၊ အရေးချင့်စာ မြတ်သေးပါသလျှင် ကတည်း။ အဿ၊ ထိုအကျင့်ဟော့ယမ်း။ ဒုဿီလရဟန်း၏။ သဒ္ဓါဒေယျစီဝရဿ၊ သဒ္ဓါစိတ်နှင့် ယိုဖိတ်လှူဒါန်း ဝတ်သင်္ကန်းကို။ ဘုဥ္ဇနံ၊ တင်လွှမ်းမျှတ သုံးဆောင်ရခြင်းသည်။နဟိသေယျော၊ မအပ်မရာ မြတ်ပါသလျှင်ကတည်း။

အဲ-အာဝတ်သင်္ကန်းနှင့် ဆွမ်းကွမ်းကို မဆိုထားပါနှင့်ဦး၊ အယုတ်ဆုံး အပိုင်းအခြားအားဖြင့် သူတစ်ပါးတို့မြတ်နိုး၍ ချီးမိုးတဲ့လက်အုပ်ကိုမှ မဆုတ်မရှား အကယ်၍ ခံယူထားဘိမူ အသွားမြမြ ထက်လှတဲ့ လှံနှင့် ရင်ဝကို ထိုးနှိပ်တာနှင့် အတူတူပဲ၊ ထို့ကြောင့်—

တိဏှာယ သတ္တိယာ ပစ္စေားရသ္မိံ ပဟာရဏံ ဝရံ။
န တဿ ခတ္တိယာဒီနံ၊ အဥ္ဇလျာဒိ သာဒနံ။

လို့-ဟောတော်မူတယ်။

တိဏှာယ ချွန်ချွန်မျက်မျက် အလွန်ထက်သော။ သတ္တိယာ၊ ဗိုလ်ပေါင်းမာန်ယု၊ အောက်လှံမြဖြင့်။ ပစ္စောရသ္မိံ၊ ရှင်ဖွယ်မရ ရင်လယ်ဝဥ္၊ ပဟာရဏံ၊ ညှိုးစိတ်မာန်ကြွ ထိုးနှိပ်ရခြင်းသည်။ ဝရံ၊ နှောင်ရေးချင့်စာ မြတ်သေးပါ၏။ တဿ၊ ထိုအကျင့်မလှ ဒုဿီလအား။ ခတ္တိယာဒီနံ၊ မင်းမှအစ ချဉ်းလာခ၍ တွင်းပရိသူ များဗိုလ်လူတို့၏။ အဥ္ဇလျာဒိသာဒနံ ၊လက်အုပ်ချီသ ဂါရဝကို ဟာသရွှင်းရွှင်း သာယာရခြင်းသည်။ နတွေဝ-ဝရံ၊ မအပ်မရာ မမြတ်ပါသလျှင်ကတည်း။

သို့ ဒုဿီလဆိုတဲ့ သူမှာတော့ သီလက မဖြူတာနှင့် အလှူကိုမခံထိုက်ဖူးဆိုတာ ရှိပါစေဦးတော့ သဒ္ဓါကြည်ဖြူ လှူမိတဲ့သူများမှာကော စင်ဖြူအောင် အဖိုးဖြတ်ဖို့ လှူရကျိုးနပ်ပါရဲ့လားလို့ ဆိုတော့ ဒုဿီလဟန်းယုတ်ဆိုတာ ကိုယ့်ကိုယ်ကိုသာ ကိုယ်မြှုပ်တာမဟုတ်သေးပါဘူး မဟုတ်မဟတ် သာသနာတော် ယောက်ယက်ခတ်အောင် ပုတ်ခတ်တတ်ဖျက်ဆီးတတ်ခြင်းကြောင့် လူပျက်လူဖျင်းသို့ ဆိုရသမုတ်ရတဲ့ သူတစ်ယောက်ဟာမို့ ချီးမြှောက်

(ပဥ္စမအကြိမ်)

ညွတ်ခ ပစ္စည်းဖြင့်ထောက်မက ပဂ္ဂဟာအသင်းနှင့် ရန်သူပုံ အတွင်းကျခြင်း ကြောင့် ပစ္စည်းပင်ကုန်ကျိုးမရတဲ့ပြင် ငရဲသို့တောင်ကျရောက်ရသေးတယ်၊ ထို့ကြောင့်—

အသန္တံ ယော ပဂ္ဂဏှာတိ၊ အသန္တံ စူပသေဝတိ။
တမေဝ ဃာသံ ကုရုတေ၊ ဗျဂ္ဃော သဠိဝကော ယထာ။

လို့-ဟောတော်မူတယ်။ (ဇာတ်၊ ၄၊ ပ၊ ၅၇၇)

ယော၊ အကြင်သူသည်။ အသန္တံ၊ သူတော်မဟုတ် ဒုဿီလသူယုတ်ကို။ ပဂ္ဂဏှာတိ၊ အဝတ်သက်န်း ဆွမ်း, ကွမ်း ပင့်ထောက် လှူချီးမြှောက်၏။ အသန္တံ၊ သူတော်မဟုတ် လူသူယုတ်ကို။ ဥပသေဝတိ၊ အမြဲနေ့စပ် သူတော် မှတ်၍ ဆည်းကပ်တစေ မှီဝဲလေ၏။ သော၊ ထိုအံ့ကျင့်ယုတ်စွ ဒုဿီလ သည်။ တမေဝ၊ ထိုဆွမ်း, ကွမ်း မပြတ် အမြတ်ဟုလှူ ဆည်းကပ်သော သူကိုသာလျှင်။ ဃာသံ ကုရုတေ၊ လူကျိုးမနက် ငရဲသက်အောင် နှိပ်စက် နင်းချေပြုသင့်လေ၏။ သဠိဝကော၊ အသေကောင်ကို ရှင်အောင် ဖန်ဆင်း အသက်သွင်းတတ်သော လုလင်ယောကျ်ားသည်။ အသန္တံ၊ သူတော်မဟုတ် ကျားသေရုပ်ကို။ ပဂ္ဂဏှာတိ၊ ထ, ထိုင်စေမှု ရှင်အောင်ပြု၍ အာယုမျှဝေ ချီးမြှောက်လေ၏။ ဗျဂ္ဃော၊ အသက်ဝင်၍ အရှင်ဖြစ်လာ ကျားယုတ်မာ သည်။ တမေဝ၊ ထိုအသက်သခင် ကျေးဇူးရှင်ကိုသာလျှင်။ ဃာသံကုရု တေယထာ၊ ကျေးဇူးမဆပ် သေအောင် သတ်သကဲ့သို့တည်း။

အဲ-ဒုဿီလပုဂ္ဂိုလ်ဆိုတာ ပဂ္ဂဟာအသင်းကူ၍ မလှူကောင်း မတန်း ကောင်းတာသာ မဟုတ်သေးပါဘူး ပစ္စည်းကိုလဲ ပေးလှူအယူကိုလဲ မလိုက် အမှုအရာကိုမှ မကြိုက်ဘဲနှင့်သော်လဲ ထိုသူ့ဌဝပ်တွားလို့ အနီးအပါးသို့ မပြတ်သွားပြီး ခစားမှီဝဲ ပူးတွဲထွေးရှုပ် အလုပ်အကျွေး အရေးတစ်ခု ပြုစု မစ ဆည်းကပ်ခြင်းကိုမှ မပြုရဘူး။ မြင်ရကြားရ တွေ့ပြန်ကလဲ ဝေးလှ အောင် ရှောင်လွှဲလို့ချုံထဲက ခွေးကောင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာရမယ်၊ ထို့ကြောင့်—

ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဇိဂုစ္ဆိတဗ္ဗော န သေဝိတဗ္ဗော။ န ဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော ဣဓေကစ္စော ပုဂ္ဂလော ဒုဿီ လော ဟောတိ၊ ပါပဓမ္မော အသုစိသင်္ကဿရ သမာစာရော

(ပဥ္စမအကြိမ်)

ပင္ဂိစ္ဆန္နကမ္မန္တော အသာမဏော သမဏပဋိညော အပြုဟ္မစာရီ ဗြဟ္မ စာရိပဋိညော အန္တောပုတိ အဝဿုတော ကသမ္ဗုဇာတော၊ ဧဝရူပေါ ဘိက္ခဝေ ပုဂ္ဂလော ဇိဂုစ္ဆိတဗ္ဗော န သေဝိတဗ္ဗော န ဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော။

လို့-ဟောတော်မူတယ်။ (အင်္ဂုတ္တရပါဠိ၊ ပ၊ ၁၂၄)

ဘိက္ခဝေါ၊ချစ်သားတို့။ ကတမောစပုဂ္ဂလော၊ ဘယ်လိုအကျင့်ဆိုးပုဂ္ဂိုလ် မျိုးကို။ ဇိဂုစ္ဆိတဗ္ဗော၊ မစင်ဘင်ထုပ် ခွေးကောင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာအပ် လေသနည်း။ န သေဝိတဗ္ဗော၊ မပြတ်ပူးတွဲ ကပ်လူးလဲ့အောင် မမှီဝဲ မချဉ်း ကပ်အပ်လေသနည်း။ နဘဇိတဗ္ဗော၊ မကောင်းသဘော လိမ်းကျံနှော အောင် မရောမစပ် မဆည်းကပ်အပ်လေသနည်း။ နပယိရုပါသိတဗ္ဗော၊ မကောင်းအားပေး အပြစ်လေးအောင် မလုပ်ကျွေး မပြုစုအပ်လေသနည်း။ ဣဓ၊ ဤမြတ်စွာဘုရားသာသနာတော်၌။ ဧကစ္စော ပုဂ္ဂလော၊ အကျင့် ယွင်းယို အချို့သော ပုဂ္ဂိုလ်သည်။ ဒုဿီလော၊ ပါဋိမောက္ခ သီလလက် လွတ် အကျင့်ချွတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပဓမ္မော၊ မိစ္ဆာဇီဝ ပါပ ညစ်ကြူ မကောင်းသော သဘောရှိသည်။ အသုစိသင်္ကဿရ သမာစာရော၊ မစင်ဘင်ကိုက် မြက်အမှိုက်ကဲ့သို့ မမွှိက်မဖုတ် ကိုယ်ဥ္ဖရုပ်သဖြင့် စက်ဆုပ် ဖွယ်လိ မစင်ကြယ်သော အကျင့်ရှိသည်။ ပဋိစ္ဆန္နကမ္မန္တော၊ ဖြောင့်စင်း မရိုး အတွင်းဆိုးနှင့် သုံးမျိုးမချင့် ပုန်းလျှိုး၍ကျင့်သည်။ အသာမဏော၊ သာကီမင်းခန်း ကျင့်စဉ်လမ်းကို မထမ်းမကုပ် ရဟန်းမဟုတ်ဘဲလျက်။ သမဏပဋိညော၊ သာကီဝံသ ငါသမဏဟု ခွန်းသန္နုတ်မှုတ် ဝန်ခံတတ်သည်။ အဗြဟ္မစာရီ၊ သိက္ခာအမြတ် ပဋိပတ်ကို မပြတ်လက်စွဲ မကျင့်ဘဲလျက်။ ဗြဟ္မစာရိပဋိညော၊ အမြတ်တရား ငါပွားများ၏ဟု စကားနှုတ်မှုတ် ဝန်ခံ တတ်သည်။ အန္တောပုတိ၊ အမှန်သို့သွင်း ကြံယိုယွင်းသဖြင့် ပျိုဆင်းတုပ်တုပ် ကိုယ်တွင်းပုပ်သည်။ အဝဿုတော၊ အကျင့်ကျိုးပြောက် အမိုးပေါက် သဖြင့် ထိုးဖောက်တွင်းဝပ် မိုးပေါက်စွပ်သည်။ ကသမ္ဗုဇာတော အဆင်း ဖောက်ပြား တွင်းကောက်များ၍ မှောက်မှားယုတ်မူ ယောက်သွားပုပ်နှင့် တူသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေါ၊ ချစ်သားတို့။ ဧဝရူပေါ ပုဂ္ဂလော၊ ဤသို့ဖြစ်သော သဘောယုတ်ညို ဒုဿီလပုဂ္ဂိုလ်ကို။ ဇိဂုစ္ဆိ တဗ္ဗော၊ မစင် ဘင်ထုပ် ခွေးကောင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာအပ်၏။ နသေဝိ တဗ္ဗော၊ မပြတ်ပူးတွဲ ကပ်လူးလဲ့အောင် မမှီဝဲမချဉ်းကပ်အပ်။ နဘဇိတဗ္ဗော၊

(ပဥ္စမအကြိမ်)

မကောင်းသဘော လိမ်းကျံနေသောအောင်မရောမစပ် မဆည်းကပ်အပ်၊ နုပယိ ရှုပါသိတဗ္ဗော၊ မကောင်းအားပေး အပြစ်လေးအောင် မလုပ်ကျွေး မပြု စုံအပ်၊

အဲ-အလဇ္ဇီဒုဿီလ၏ အနီးအပါးသို့ချဉ်းကပ်၍ မပြတ်မှီဝဲယှဉ်တွဲပေါင်း ဖက်တာကို မဆိုနှင့်ဦး၊ အယုတ်ဆုံး အပိုင်းအခြားအားဖြင့် အဝေးက မြှောက်စားလို့ ချီးမွမ်းတဲ့စကားကိုမျှ မပြောမဆိုရပေဘူး။ ထို့ကြောင့်-

ယောနိန္ဒိယံ ပသံသတိ၊ တံဝါ နိန္ဒတိ ယော ပသံသိယော။
ဝိစိနာတိ မုခေန သော ကလိံ၊ ကလိနာ တေန သုခံ န ဝိန္ဒတိ။
လို့-ဟောတော်မူတယ်။ (အင်္ဂုတ္တရပါဠိ၊ပ၊၃၀၉၊ သံယုတ္တပါဠိ၊ပ၊၁၅၄)

ယော၊ အကြင်သူသည်။ နိန္ဒိယံ၊ ကဲ့ရဲ့ထိုက်လှ ဒုဿီလကို။ ပသံသတိ၊ ဂုဏ်ကိုပြ၍ သိကြပစေ ချီးမွမ်းလေ၏။ ယော၊ အကြင်သီလဝန္တ ဒုသီလနှင့် ညီမျှမစောင်း ပုဂ္ဂိုလ်ကောင်းသည်။ ပသံသိယော၊ ဂုဏ်နှင့်အလိုက် ချီးမွမ်း ထိုက်၏။ တံဝါ၊ ထိုလဇ္ဇီပေသလ ဓမ္မမစောင်း သူတော်ကောင်းကိုလည်း။ နိန္ဒတိ၊ စောင်းငဲ့ထွေထွေ ကဲ့ရဲ့လေ၏။ သော၊ ထိုဒုဿီလကို ထောပမြှောက် စား သူတော်များး၌ လေးစားမမူ ကဲ့ရဲ့သောသူသည်။ မုခေန၊ နှုတ်လျှာမာန် တင်း ယုတ်မာသောခံတွင်းဖြင့်။ ကလိံ၊ ဆိုးဝါးညစ်ကျု မကောင်းမှုကို။ ဝိစိနာတိ၊ ဆွတ်ခူးရှာဖွေ ဆည်းပူးလေ၏။ တေန ကလိနာ၊ ထိုမကောင်း ခြစ်ချုပ် အပြစ်ယုတ်ကြောင့်။ သုခံ၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာ ကို။ နဝိန္ဒတိ၊ လက်ရှိပိုင်ပိုင် မရနိုင်။

အဲ-အလဇ္ဇီဒုဿီလကို ချီးမွမ်းထောပသောသူနှင့် လဇ္ဇီသူတော်ကောင်း အား စောင်းမြောင်းနှိမ့်ချသူ နှစ်ယောက်ကို အပြစ်အတူတူ ကောက်ရတာ လို၊ လဇ္ဇီဒုဿီလကို ကဲ့ရဲ့နှိမ့်ချသောသူ သူတော်ကောင်း သီလဝန္တကို ချီး မွမ်းထောပသောသူ၊ အဲ-ဤသူနှစ်ဦးသားကိုလဲ အကျိုးအတူတူ ထားရတာ ပဲတဲ့၊ ထို့ကြောင့်-

စတုဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝိယတ္တော
သပ္ပုရိသော အက္ခတံ အနုပဟတံ အတ္တာနံ ပရိဟရတိ၊ အနဝဇ္ဇော
စ ဟောတိ၊ အနနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုံစ ပုညံ ပသဝတိ၊ ကတမေ
(ပဥ္စမအကြိမ်)

ဟိ စတူဟိ ...အနုဝိစ္စ ပရိယောဂါဟေတ္ဝာ အဝဏ္ဏာရဟာဿ အဝဏ္ဏံ ဘာသတိ၊ အနုဝိစ္စ ပရိယောဂါဟေတ္ဝာဝဏ္ဏာရဟာဿ ဝဏ္ဏံ ဘာသတိ၊ အနုဝိစ္စ ပရိယောဂါဟေတွာ အပသာဒနီယေ ဌာနေ အပ္ပသာဒံ ဥပဒံသေတိ၊ အနုဝိစ္စ ပရိယောဂါဟေတွာ ပသာဒနီယေ ဌာနေ ပသာဒံ ဥပဒံသေတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝိယတ္တော သပ္ပုရိသော အက္ခတံ အနုပဟတံ အတ္တာနံ ပရိဟရတိ၊ အနဝဇ္ဇော စ ဟောတိ၊ အနနု ဝဇ္ဇော စ ဝိညူနံ၊ ဗဟုံ စ ပုညံ ပသဝတိ။

လို့-ဟောတော်မူတယ်။ (အင်္ဂုတ္တရပါဠိ၊ ပ၊ ၃၀၉)

ဘိက္ခဝေ၊ ချစ်သားတို့။ စတူဟိ ဓမ္မေဟိ၊လေးပါးကုန်သော ကျေးဇူးတရားတို့နှင့်။ သမန္နာဂတော၊ ကိုယ်တွင်းစွဲထုံ အမြဲလုံသော။ ပဏ္ဍိတော၊ လိမ္မာခွင့်သိ ပညာရှိသော။ ဝိယတ္တော သပ္ပုရိသော၊ တရားထဲ၌ ရဲရဲစိတ် အောင်း သူတော်ကောင်းသည်။ အက္ခတံအနုပဟတံ၊ မထူးမဖြို မပြိုမပျက် မနိုပ်စက်အပ်သည်ဖြစ်၍။ အတ္တာနံ၊ ကျောက်စာတိုင်လို မိမိကိုယ်ကို။ ပရိဟရတိ၊ အပါယ်ဘေးနှင့် ဝေးဝေးမြောက်ကိုင် ပင့်ဆောင်နိုင်၏။အနဝဇ္ဇော စ၊ မကောင်းမှုရှင်း အပြစ်ကင်းသည်လည်း။ဟောတိ၊ ဖြစ်၏။ဝိညူနံ၊ပညာရှိအပေါင်း သူတော်ကောင်းဘို့သည်။အနနုဝဇ္ဇော စ၊သို့လား သို့လောတွေး အတောနှင့် မကြောမစစ် အပ်သည်လည်း ဟောတိ၊ ဖြစ်၏။ ဗဟုံစပုညံ၊ များစွာဆည်းပူး ကောင်းမှုထူးသည်လည်း။ပသဝတိ၊ထင်ရှားကိုယ်မှာ တိုးပွားလာ၏။ ကတမေဟိ စတူဟိ၊ အဘယ်လေးခု ကျေးဇူးပြု၍ ကောင်းမှု တိုးပွား ကိုယ်ကျိုးများသနည်းဟူမူကား ...အနုဝိစ္စ၊ ပညာဉာဏ်စွမ်း စူးစုံစမ်း၍။ ပရိယောဂါဟေတွာ၊ တွင်းပြင် ဖောက်ထွက် ဉာဏ်သက်ဝင်၍။ အဝဏ္ဏာရဟာဿ၊ ကဲ့ရဲ့ထိုက်လှ ဒုသီလ၏။ အဝဏ္ဏံ၊ တရားမတဲ့ကျေးဇူးမဲ့ကို။ ဘာသတိ၊ ကရုဏာပွား လွန်သနား၍ ရှောင်ရှားပါစေ ပြောဆိုလေ၏။ အနုဝိစ္စ၊ ပညာဉာဏ်စွမ်း စူးစုံစမ်း၍။ ပရိယောဂါဟေတ္ဝာ၊ တွင်းပြင်ဖောက် ထွက် ဉာဏ်ဝင်သက်၍။ ဝဏ္ဏာရဟဿ၊ ချီးမွမ်းထိုက်လှ သီလဝန္တ၏။ ဝဏ္ဏံ၊ အထူးအပြား ကျေးဇူးစကားကို။ ဘာသတိ၊ အများသိစေ ပြောဆိုလေ၏။ အနုဝိစ္စ၊ ပညာဉာဏ်စွမ်း စူးစုံစမ်း၍။ပရိယောဂါဟေတွာ၊ တွင်းပြင်ဖောက်

ထွက် ဉာဏ်ဝင်သက်၍။ အပသာဒနိယေဌာနေ၊ ဂုဏ်ထူးမမြင့် အကျင့်မပါ မကြည်ညိုသင့်သော အရာ၌။ အပသာဒံ၊ သဒ္ဓါစိတ်ကင်း မကြည်ညိုခြင်းကို။ ဥပဒံသေဘိ၊ ထင်လင်းသိစေ ဖွင့်ပြလေ၏။ အနုဝိစ္စ၊ ပညာဉာဏ်စွမ်း စူးစိုစမ်း၍။ ပရိယောဂါဟေတွာ၊ တွင်းပြင်ဖောက်ထွက် ဉာဏ်ဝင်သက်၍။ ပသာဒနိယေ ဌာနေ၊ သီလသမာ သိက္ခာဖြိုးနမောက် ကြည်ညိုလောက်သော အရာ၌။ ပသာဒံ၊ သဒ္ဓါဝင်သွင်း ကြည်ညိုခြင်းကို။ ဥပဒံသေဘိ၊ထင်လင်း သိစေ ဖွင့်ပြလေ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ခေါ၊ စင်စစ်။ ဣမေဟိ စတူဟိ ဓမ္မေဟိ၊ ဤလေးပါးကုန်သော ကျေးဇူးတရားတို့နှင့်။ သမန္နာဂတော၊ ကိုယ်တွင်းစွဲထုံ အမြဲလုံသော။ ပဏ္ဍိတော၊ လိမ္မာခွင့်သိ ပညာရှိသော။ ဝိယတ္တော၊ သပ္ပုရိသော၊ တရားထဲ၌ ရဲရဲစိတ်အောင်း သူတော်ကောင်းသည်။အက္ခတံ အနုပဟတံ၊ မတူးမဖြို မပြိုမပျက် မနိုပ်စက်အပ်သည်ဖြစ်၍။ အတ္တာနံ၊ ကျောက်စာတိုင်လို မိမိကိုယ်ကို။ ပရိဟရတိ၊ အပါယ်ဘေးနှင့် ဝေးဝေးမြှောက်ကိုင် ပင့်ဆောင်နိုင်၏။ အနဝဇ္ဇောစ၊ မကောင်းမှုရှင်း အပြစ်ကင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညူနံ၊ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ အနနုဝဇ္ဇောစ၊ သို့လား သို့လော တွေးအတော နှင့် မကြောမစစ် အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဗဟုံစပုညံ၊များစွာ ဆည်းပူး ကောင်းမှု ထူးသည်လည်း။ ပသဝတိ၊ ထင်ရှားကိုယ်မှာတိုးပွား လာ၏။

အဲ-အလဇ္ဇီဒုဿီလပုဂ္ဂိုလ်ဆိုတာ ပစ္စည်းနှင့် ပင့်ထောက်၍ ချီးမြှောက်ထာကို မဆိုထားနှင့်ဦး၊ အယုတ်ဆုံး အပိုင်းအခြားအားဖြင့် အားပေးချီးမြှောက်ပြုလိုတဲ့ စိတ်ထားနှင့် ဂုဏ်ကျေးဇူးကိုမှ မပြောကြားကောင်းဘူး၊ အကယ်၍အားပေးမြှောက်စားပြီး ဂုဏ်ကျေးဇူးလောက်ကိုပင် ပြောကြားမိက အပြစ်ကိုပင် မသိကြသော်လည်း သေသည်၏အခြားမဲ့မှာ ကပိလရဟန်းကြီး၏ မိဘဆွေမျိုးများလို အပါယ်သို့သာ လားရတော့တာပဲ၊ သို့အားပေးချီးမြှောက် ပင့်ထောက် လူဒါန်းတဲ့သူများမှာ အပါယ်လားလို့ ဒုဿီလပုဂ္ဂိုလ်မှာတော့ ကောင်းရာကို သွားဦးမလားလို့ဆိုတော့ ဘယ်မှာ သူလဲပဲ ကောင်းရာကို သွားနိုင်ပါမလဲ ဒုဿီလလိုဆိုဘဲ့သူမှာတော့ ပစ္စုပ္ပန်ခဏဝမှာလဲ အကျိုးမပြီး သံသရာဖို့ဆိုတာကိုလဲ မရှာမှီး၊ သည်လိုနှင့်သာ အချည်းစည်းဖြင့် သေပြီးလို့ ခန္ဓာစဲတော့မှသာ မိမိကိုပစ္စည်းလေးပါးနှင့်

(ပဉ္စမအကြိမ်)

အားပေးချီးမြှောက်ပြုကြတဲ့လူဘော့ပါ အပါဆွဲပြီး ငရဲသို့သာ ဆင်းသွားတော့တာပဲ၊ ထို့ကြောင့် –

ကုသော ယထာ ဒုဂ္ဂဟိတော၊ ဟတ္ထမေဝါ နုကန္တတိ။
သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာယုပကဍ္ဎတိ။

လို့–ဟောတော်မူတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၃၀၂)

ဒုဂ္ဂဟိတော၊ သတိမေ့လျော့ ယမ်းကာမေ့၍ ပေါ့ပေါ့ကိုင်ဆုပ် ဆွဲကာနုတ်အပ်သော။ ကုသော၊ မြမြလျှမ်းထက် သမန်းမြက်သည်။ ဟတ္ထမေဝ၊ မခိုင်ပေါ့ပျက် ကိုင်သူ့လက်ကိုသာလျှင်။ အနုကန္တတိယထာ၊ သွေးစက်ယိုကျ ပြတ်အောင်ရှသကဲ့သို့၊ ဒုပ္ပရာမဋ္ဌံ၊ အသင့်တရား မချင့်စားဘဲ ဝင့်ကြွားဟန်ရှိ။ ကျင့်ကြံမိသော။ သာမညံ၊ သော့သွမ်းယုတ်ညစ် ရဟန်းအဖြစ်သည်။ နိရယာယ၊ ချမ်းသာနှင့်လွဲ ပါယ်ငရဲအလို့ငှာ။ ဥပကဍ္ဎတိ၊ အမြဲအခိုင် မလွဲနိုင်အောင် ဆွဲကိုင်မနေ ဆောင်ပို့လေ၏။

အဲ့သို့လို အလှူခံပုဂ္ဂိုလ်ဆိုတာလဲ အကောင်းအဆိုး နှစ်ပါးပင် ရှိသေးတာမို့ ပုဂ္ဂိုလ်ကိုကြပ်ကြပ်ကြီးရွေးပြီးအလှူပေးလိမ့်မှာစေရမယ်၊ ထို့ကြောင့်-

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

လို့-ဟောတော်မူတယ်။ (ပေတ၊ ဋ္ဌ၊ ၁၃၀၊ ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၄၄၊ ၃၅၆)

ဝိစေယျ၊ အလှူခံမြတ် ရွေးချယ်မှတ်၍။ ဒါနံ၊ ဒေယျဓမ္မ ဟူသမျှကို။ ဒါတဗ္ဗံ၊ ရည်မှတ်သဒ္ဓါ လှူကပ်ရာ၏။ ယတ္ထ၊ အကြင် ထွဋ်မြတ်ကျေးဇူးပုဂ္ဂိုလ်ထူး၌။ ဒိန္နံ၊ သဒ္ဓါစောပြင့် ပေးလှူအပ်သောအလှူသည်။ မဟပ္ဖလံ၊ ပွားတိုးရင်းနှီး အကျိုးကြီး၏။ ဝိစေယျ၊ မြတ်ထက်မြတ်ရာရွေးချယ်ရှာ၍၊ ဒါနံ၊ ဓမ္မိယလဒ် အလှူမြတ်ကို။ ဒတွာန၊ သဒ္ဓါဖြောင့်စင်း လှူချခြင်းကြောင့်။ ဒါယကာ၊ ကြည်နူးစိတ်ဝင်အလှူရှင်တို့သည်။ သဂ္ဂံ၊ သူတော်ကောင်းတို့ ပျော်အောင်စုရာ နတ်ဗြဲာက်ရွာသို့။ ဂစ္ဆန္တိ၊ ဝမ်းမြောက်မြူးခုန် ရောက်ရကုန်၏။

အဲ့မြတ်စွာဘုရား သာသနာတော်ဆိုတာ တိုင်းသူပြည်သား လူအများတို့၏မှီခိုကိုးစားရာဖြစ်သောသန္တာမြရွှေပုလဲပတ္တမြားအပါးပါးသောရတနာ (ပဋ္ဌမအကြိမ်)

တို့၏ ဖြစ်ထွန်းပေါ်ထွက်ရာဖြစ်သော အစောက်နံလျှား ကျယ်ပွားရှိမှောင် အမြင့်ဆောင်တဲ့ဝေပုလ္လတောင်ကြီးနှင့် တူတယ်၊ဘယ်လိုတူပါသလဲဆိုတော့ ဝေပုလ္လတောင်ကြီးဆိုတာ စီးမလိုယိုမလိုစိမ့်စိုအိတွဲတရွဲရွဲနှင့်မီးခဲဟန်ပေါက် အလျှံ့တောက်တဲ့ အဖိုးတန်ကျောက်ကောင်းမျိုးများလဲရှိတယ်၊ နုပ်နုပ်ဖွဲ့ဖွဲ့ မရဲမပြောင် မည်းမှောင် ညစ်ညို အပြစ်ခို၍ မယိုမတွဲ မွဲမွဲခြောက်ခြောက် မဘောက်မပ မရအဖိုး အမျိုးမမှန် ခိုးလျှံမလင်း သွေးသားနေ-သူရေကင်း လှတဲ့ ကျောက်ဖျင်း ကျောက်ညံ့မျိုးလဲရှိတယ်။

အဲ-ဆိုပမာလို မြတ်စွာဘုရား သာသနာတော်ဆိုတာ အကျင့်သီလ အာစာရရောင် ပြောင်ပြောင်ဝင်းဝင်း လင်းလင်းလက်လက် ပြိုးပြက်ဖြူဖွေး အသွေးအရေ ဣန္ဒြေရူပကာ ပူဇာရဟ ဒက္ခိဏဲအမွန် သာကီဝန်အစစ် ကျစ်လျစ်သိမ်မွေ့ ဓလေ့မဖောက် မပေါက်မကြား မမှောက်မှားဘဲ ဘုရားရှင်အလိုတော် တရားကိုသာရှုမျှော်သဖြင့် ကျောက်ကောင်းစိန်ကောင်းနှင့်တူလှော်တဲ့ ရဟန်းသူတော်ကောင်းများလဲပဲ ရှိတာပဲ၊ အကြောင်းကိုမချင့် ရဟန်းနှင့်မရာသာသနာကိုမငဲ့အာဏာတော်ကိုသာချိုးဖဲ့ပြီးတရွဲ့တစောင်း မတဲ့အောင် ဝမ်းကိုကျောင်းလို့မို့ မကောင်းတဲ့အမူအရာ ကူလဒူသနအနေသနဆိုတဲ့မိစ္ဆာဇီဝါအကျင့်ယုတ်များကိုသာ လေ့လာနေကြတဲ့ရှိန်ဝါမလင်း မဝင်းမပြောင်အရောင်အသွေးညစ်မှေးကွယ်ကင်းလို့ကျောက်ဖျင်းကျောက်ညံ့များနှင့်တူတဲ့ အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်များလဲရှိတာ ပဲတဲ့၊ အဲ ဤလို ဘုရားရှင်သာသနာတော်ဆိုတာမှာလဲ သူတော်ကောင်း၊ သူယုတ်မာနှစ်ဖြာနှစ်ချက် ရောယှက်စုရုံးပြီး ထွေးလုံးရစ်ပတ်ရှိနေတာပဲ။

အဲ-သို့မို့လို့ ယခုအခါ သာသနာတော်ကို ရှည်ကြာစွာ စည်ကားလို့ ထွန်းကားအောင်ရည်မှန်းပြီး လှူဒါန်းဆက်သလို့ ပစ္စယာနုဂ္ဂဟဓမ္မာနုဂ္ဂဟ နှစ်ပါးဖြင့် မြှောက်စားချီးမြှင့်ကြတယ်လို့ဆိုတဲ့ သူများမှာ ဝေပုလ္လတောင်ကြီးပေါ်တက်ပြီးတစ်သက်လုံးသုံးစားစရာကျောက်ကောင်းစိန်ကောင်းရှာကြတာပဲ၊ အဲ-သည်လို ကျောက်ကောင်း၊ စိန်ကောင်း ရှာဆိုတဲ့သူဟာ ကျောက်၏အကဲအလေး အရေအသွေး အမှေးအရောင်များကိုခြားနားလို့ သိဦးမှသာ အမျိုးမှန်အရောင်ဘောက်တဲ့ အဖိုးတန်ပတ္တမြားကျောက်ကို အဆင်သင့် ကောက်ရကြမှာပဲတဲ့၊ ကျောက်၏အကဲအလေး အရေအသွေး

ကိုမှမသိ၊ ပြောင်ပြောင်မြင်တိုင်းကိုသာ ကောက်ယူဘိမူ အဖိုးမရှိ မထိ မရောက် အငပေါက်အကွဲ ကျောက်မွဲကျောက်ပြာတွေနှင့်သာ ညားလို့အလ ကားပစ်လိုက်ရတာလို သူတော်ကောင်း သူယုတ်မာတို့၏ လက္ခဏာကို သေ ချာစွာစဉ်းစားပြီးနှလုံးထားသတ်မှတ်လို့မို့ ဒါနကိုပြုတတ်မှသာမြတ်ထက် မြတ် ကုသိုလ်မျိုးကြောင့် ကောင်းကျိုးကြီးအထပ်ထပ်နှင့် သံသရာနှုတ်ခမ်း သတ်နိုင်ကြတယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပတ္တနာဆု ပြုလိုက်ကြကုန်။

ဒါနဖြစ်ခြင်းအကြောင်းသုံးပါးကို ပြသော

ဝဏ္ဏလိ မထေရ်ဝတ္ထု ပြီး၏။

(၁၀)

# ဒါနသုံးမျိုးကိုပြသော အလောင်းတော် ကျေးမင်း ဝဏ္ဏ

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။
သကိစ္စံ မနုယုဉ္ဇေယျ၊ မောဃံ ကာလံ နခေပယေ။

(ရစနာဂါထာ)

ပဏ္ဍိတော၊ သံသရာ နက်ဝှမ်း တစ်ဘက်ကမ်းကို ထွက်လှမ်းမျှော်မြင် ပညာရှင်သည်။ ဥဒယဗ္ဗယသင်္ခါရေ၊ ဖြစ်လျှင်မုချ ချုပ်ပျက်ရသည့် မြင်သမျှဝဏ္ဏ သင်္ခါရတရားအစုဌ်။ နိဗ္ဗိန္ဒိတွာန၊ တရွေ့ရွေ့ကြီး တွေ့ရနီးပြီဟု မှိုင်ညည်းဟိန်းချ ငြီးငွေ့ကြ၍။ သကိစ္စံ၊ သံသရာလမ်းထုပ် နောင်ထမ်းကုပ်ဖို့ မယုတ်စေရ ကိုယ့်အမှုကိုယ့်ကိစ္စကိုသာလျှင်။ အနုယုဉ္ဇေယျ၊ မနားမဆုတ် အားပါးထုတ်၍ သုတ်သုတ်လျှင်စွာ ပြုပြင်ရာ၏။ မောဃံကာလံ၊ **စားကာအိပ်ကာ ပျော်ရွှင်ကာနှင့် လိုရာမပြီး ခရီးမလှ အချည်းစည်းသော ကာလကို။ နခေပယေ၊ မကုန်မခမ်း မကျွမ်းစေရာ။**

**အဓိပ္ပါယ်မှာတော့**... မိမိတို့၏ ရှေးပုညကံ စီမံဖန်ဆင်း အကျိုးပေးလာခြင်းကြောင့် လက်တွင်းမှာ ဖြစ်ပေါ်လာကြတဲ့ အတွင်းအပ ဓနဥစ္စာ ရတနာ ရွှေငွေ လယ်မြေ ဘဏ္ဍာ များစွာအဝဝ ဗာဟိရဝတ္ထု ဟူသမျှတို့မှာ သင်္ခါရ လက်တွင်း ဘိဇ္ဇန စက်ကွင်းနှင့် .မကင်းမလွတ်ကြ၍ မချွတ်မုချ နဿန အဓုဝ၊ အနိစ္စတို့၏လက်ကြားမှာ ဆုံးပါးရင့်ခြောက်လို့ အမည်နာမ ဝေါဟာရပါ ခေါ်ဝေါ်စရာတောင် မရှိလောက်အောင် ကွယ်ပျောက်ယွင်းပါးပြီး ပျက်ပြား ကုန်ဆုံးကြလိမ့်ဦးမယ်၊ သို့ဗာဟိရပစ္စည်းများသာ ကုန်ဆုံးတာလား ခန္ဓာကိုယ်ဆိုတာလဲ သင်္ခါရနယ်ထဲမှာခိုဘာမို့ ဘာနိဗ္ဗာန်လို မြဲနိုင်လိမ့်မတုန်း ဇီဝရုပ်မဆုံးသေးလို့သာ လူလုံးကို တွေ့ကြမြင်ကြရသေးတာကလား၊ မရဏမင်းလက်နက်နှင့် ဇီဝရုပ်ချုပ်ပျက်ခဲ့လျှင် တစ်ကိုယ်လုံး မတွဲမဆက်ကြဘဲတစ်ကွဲစီသရုပ်ပျက်ပြီး ပုပ်အက်ဟောင်ညှီ ဘင်ထုပ်ကြီး

---

ဤကျေးမင်းဝဏ္ဏကား—ဇာတက၊ ငှ၊ စတုက္က၊ ၂၇၉-၌လာသည်။
(ပဉ္စမအကြိမ်)

ပြောတာလို မတည်မရပ်ဘဲ အကောင် အထည်ရယ်မှ မမှတ်နိုင်ရအောင် စုတ်ပြတ်ရုန့်ရှေ့ မြေမှုန့်လို အကုန်ကျေပြီး ဂုဏ်သရေ ကင်းပလို့မို့. လူခြေကို ရှာမရတဲ့ပြင် မြုပ်နှံတဲ့ သင်းချိုင်းရာကိုမှ မပြနိုင်ဘဲ မည်နာမကွယ်ဖုံးလို့ ကုန်တုံးပျက်ပြားကြဦးမှာပဲ၊ အဲ·ဤကဲ့သို့ မိမိတို့ ကိုယ်ခန္ဓာနှင့်တကွ ရှိသမျှ များစွာ ဗာဟိရပစ္စည်းဘဏ္ဍာတို့သည် သင်္ခါရဓမ္မဘာထုံးနှင့်ဘိဇ္ဇန နဿန အနိစ္စနယ်ရှာက မတုံးသေးတာနှင့် ကုန်ဆုံးပျက်စီး ပြုန်းတီးယွင်းပါးကြ ပလားလို့ဆိုလျှင် အချို့သော သူများမှာတော့ ကိုယ်ခန္ဓာက အရင်ပျက် လို့မို့. စည်းစိမ်ဥစ္စာကို နှမြောစုံမက်တာနှင့် လောဘဇောငဲ့ကွက်ပြီး ရမက်ကို မခွာနိုင်ရှာကြ၍ တမလွန်ရှာ မပြောင့်လို့မို့ အထောင်ထောင့် အမှားမှားနှင့် လမ်းကောက်ကိုရေလိုက်ပြားပြီး အပါယ်ဘုံသို့သာ ရောက် သွားရတော့တာပဲ၊ အဲ·အချို့ သူများမှာလဲပဲ ကိုယ်ခန္ဓာ မကုန်စဲခင်က ပင် ရန်သူမျိုး ငါးပါးတွေက ဆွဲသွားလို့မို့ ဘိဇ္ဇန နဿန အနိစ္စ သဘောတရားတွေနှင့် တွဲပြီး ဥစ္စာဓနံ ဗာဟိရ ရှိသမျှပစ္စည်းဘဏ္ဍာတို့က အရင်ခွဲသွားတာနှင့် လူးလဲပူဆာ မနေသာအောင် ဗျာပါသောက ဒေါမန နှင့် မရယူကြုံး မီးကျတဲ့ ထင်းရှူးတုံးများလို တဟုန်းဟုန်းလောင်တောက် ပြီး စိတ်နှလုံး ဆူနောက်လို့မို့. ဒုက္ခကြီးရောက်နေတော့တာပဲ၊ အဲ- သို့ဖြစ်လို့မို့ သင်္ခါရနယ်သားဟူကလဲ ပျက်စီးယွင်းပါးတတ်တဲ့ ဘိဇ္ဇန နဿန အမူဝ အနိစ္စသဘောတရားနှင့်မလွဲ မိမိနှင့်ဆိုင်စပ်တဲ့ ဗာဟိရဥစ္စာ ပစ္စည်းရပ်တို့ ပျက်စီးလို့ရှိပြန်ယင်လဲ သောကတွေယှဉ်တွဲလို့မို့ အပူမီး ဝင်လာစွဲတာနှင့် မနေတတ်နိုင်အောင်ဆင်းရဲ ပစ္စည်းကတာရှည်လို့မို့. မိမိက အယင် သေပြန်ယင်လဲပဲ လောဘဇောတဝေဝေနှင့် ငဲ့ကွက်တဲ့ အာရုံတွေ ပေလို့မို့ စိတ်ရမက်မပြေနိုင်တာနှင့် အပါယ်ငရဲ။

အဲ့·ဤလို သင်္ခါရတရားတို့၏ ဖောက်ပြန့်ပျက်ပြားခြင်းကိုစွဲပြီးလောဘ, ဒေါသ,မောဟမီး မစဲဘဲ တရဲရဲအလျှံမောက်ပြီး လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံ တိုင်အောင်လျှောက်လို့ အထက်ဆုံး ဘဝဂ်ဘုံမှာတောင် တပြောင်ပြောင် တောက်နေကြတာပဲတဲ့၊ အဲ·သို့ကြောင့် ယခုပစ္စုန် ဘဝဍ်ပင် မသေခင်က လဲ ဒုက္ခ, သေပြန်ယင်လဲ အပါယ်ငရဲသို့ ကျတတ်တဲ့ သင်္ခါရတရား အဇ္ဈတ္တ ဗာဟိရပစ္စည်းဝတ္ထုများနှင့် ပျော်ပါးမွေ့ရှင်ပြီး အကုသိုလ် ဒုစရိုက်ဘက်မှာ သာ စိတ်ဝင်လို့ တွင်တွင်ကြီးမေ့လျော့ကာ မနေကြဘဲ သင်္ခါရနယ်ထဲက မလွတ်သမျှ ဖောက်ပြန်ပျက်စီးရမယ့်ဒုက္ခကိုသာ ကြံဆငြိုးငွေ့ပြီး တဖြည်း

ဖြည်း မြင့်ရာကိုသာ ပြောင်းရွှေ့လို့မို့ ဘေးဒုက္ခမလွတ်ကင်းနိုင်တဲ့ သံသရာဝဋ်တွင်းကို မြန်မြန်ကြီး ကျွေ့နိုင်ရှောင်နိုင်ကြရအောင် ကုသိုလ်ကောင်းမှုတည်းဟူသော ကိုယ့်ကိစ္စ ကိုယ့်အလုပ် ဟူသရွေ့ကိုသာ မမေ့မလျော့အားထုတ်ပြီး ရိက္ခာထုပ် ရှာကြရမယ်၊ အဲ·ထိုကြောင့် မြတ်စွာဘုရားက-

မာ ပမာဒတ္တ ဘိက္ခဝေ၊ ပစ္ဆာ ဝိပ္ပဋိသာရိနော။
မာ အဟုဝတ္ထ အယံ ခေါ၊ အမှာကံ အနုသာသနီ။

လို့·ဟောတော်မူတယ်။ (ရဝနာ ဂါထာ)

ဘိက္ခဝေ၊ သံသရာစခန်း ထွက်ရာလမ်းကို မျှော်မှန်းငံ့စား အို–ချစ်သားတို့။ မာပမာဒတ္ထ၊ သံယောဇဉ်ငွေ့ ပျော်ရွှင်မွေ့၍ မေ့ကာလျော့ကာ မနေကြပါကုန်လင့်။ ပစ္ဆာ၊ သက်ရှယ်ကြီးရင့် ဇရာသင့်၍ မကျင့်နိုင်လောက်အချိန်ရောက်မှ နောက်ကာလ၌။ ဝိပ္ပဋိသာရိနော၊ ငယ်ရွယ်ခိုက်ခါ ကျင့်ထိုက်ရာကို ပမာမသွင်း လွန်မိခြင်းဟု ထန်ပြင်းသော နှလုံးမသာယာခြင်းတို့သည်။ မာ အဟုဝတ္ထ၊ ပူရှိန်ဇောကျ ဒေါမနနှင့် သောကဖြာဖြာ မဖြစ်ကြပါစေ ကုန်လင့်။ အယံ၊ ဤသို့ကြောင့်ကြ ရှေးမဆွက သြဝါဒရေးသတိပေးခြင်းသည်။ ခေါတုမှာကံ၊ သံသရာဝဋ် တဏှာညွတ်က မွလွတ်ကြသေး ဒုက္ခဘေးနှင့် မအေးနိုင်ငြား သင်ချစ်သားတို့အား။ အမှာကံ၊ ရှည်ကြာမစဲ အပူပွဲနှင့် မလွဲနိုင်သူ များဗိုလ်လူကို ကြည်ဖြူသနား ငါဘုရားတို့၏။ အနုသာသနီ၊ အခွင့်ကာလ ဒုလ္လဘကို မလွန်ကြခင် အစတင်၍ သွန်သင်ရှေ့ပြေး အဆုံးမပေးခြင်းပင်တည်း။

သို့ သံသရာဝဋ်ပြုတ်ဖို့ ကိုယ့်ကိစ္စကိုယ့်အလုပ်နှင့် ကုသိုလ်ကောင်းမှုကိုသာ အားထုတ်ရမယ်လို့ ဆိုသော် ကုသိုလ်ဆိုတာ ဘယ်လောက်များပါသလဲဆိုတော့ အားထုတ်ဖို့ ကုသိုလ်ဆိုတာ ဒါန, သီလ, ဘာဝနာရယ်လို့ အကျဉ်းအားဖြင့် သုံးပါးသာရှိတာပဲ၊ အဲ·ထိုသုံးပါးတို့တွင် ဒါနဆိုတာ ဘယ်လိုဟာမျိုးကို ဒါနဆိုပါသလဲလို့ဆိုတော့ စိတ်သဒ္ဓါရွှင်လန်းလို့ သံသရာကို ရည်မှန်းပြီး လှူဒါန်းစွန့်ကြတာကို ဒါနလို့ဆိုပါတယ်၊ အဲ·ဤလိုလှူဒါန်းစွန့်ကြတဲ့ ဒါနဆိုတာမှာလဲ ကြွေးမြီ အတိုးအပွား ချထားတာနှင့်တူတဲ့ ဣဏာပယောဇနဒါန,သူတစ်ပါးတို့ကစိပတ် ကိုယ်ပေါ်မှာကပ်လို့မို့ ကြွေးမြီပေးဆပ်ရတာနှင့်တူတဲ့ ဣဏမောက္ခဒါန, တစ်သက်လုံး သုံးစားဖို့

ရွှေအိုးကြီး ငွေအိုးကြီးများ မြှုပ်ထားတာနှင့်တူတဲ့ နိမိနိဓာန၊ ဒါန အဲ့ဤလို သုံးမျိုးပြားသေးတယ်။

အဲ့ထိုသုံးမျိုးတို့တွင် ကြွေးမြီ အတိုးအပွားချထားတာနှင့်တူတဲ့ ဣဏ ပယောဇနဒါနဲဆိုတာ ဘယ်လိုဒါနပါလဲဆိုတော့ ယခုဘဝမှာ မိမိကိုယ်ကို မွေးပြီးဖြစ်လာကြတဲ့ ရင်သွေးရင်သား သားငယ် သမီးငယ်များကို ကရုဏာ ရှေ့ထားပြီး လူလားမမြောက်သမျှကို မစကြည့်ရှု ပြုစုပေးကမ်းကြတဲ့ မိဘ တို့ ဒါနမှာ နောင်အခါ သားငယ် သမီးငယ်တို့ လူလားမြောက်လို့မို့ ကြီးပြင်းသောအရွယ်သို့ ရောက်ကြလျှင် မိအို-ဖအို နှစ်ယောက်တို့အား ကျွေးတုံ့ ကျွေးစား မွေးတုံ့ မွေးစား ပြုကြစေဖို့ ယခုက ကြွေးမြီး အတိုး အပွား ချထားတာနှင့်တူလေတော့ ဣဏပယောဇနဒါနရယ်လို့ ဆိုပါတယ်။

သူ့ဘစ်ပါးတို့ကစိပတ် ကိုယ်ပေါ်မှာကပ်နေလို့မို့ ကြွေးမြီပေးဆပ်ရတာ နှင့် တူတဲ့ ဣဏမောက္ခဒါနဆိုတာ ဘယ်လိုဒါနပါလဲလို့ဆိုတော့ ဇရာဒုဗ္ဗလ္လ ကြီးရင့်သောအရွယ်သို့ ရောက်ကြတဲ့ မိအို-ဖအို နှစ်ပါးကို လူလားမြောက် ပြီးဖြစ်ကြတဲ့ သားသမီးများက သနားကြင်နာလှသဖြင့် မစကြည့်ရှု ပြုစု ပေးကမ်းဆိုတာ ငယ်ရွယ်စဉ် အခါက မိခင် ဖခင်တို့က ကျွေးမွေးပေးကမ်း ခဲ့ကြတဲ့ မြီကြွေးကို ပေးဆပ်ရတာနှင့် တူလေတော့ ဣဏမောက္ခ ဒါနရယ် လို့ ဆိုရပါတယ်။

တစ်သက်လုံး သုံးစားဖို့ ရွှေအိုးကြီး ငွေအိုးကြီးများကိုမြှုပ်ထားတာနှင့် တူတဲ့ နိမိနိဓာနဒါနဆိုတာ ဘယ်လိုဒါနပါလဲလို့ဆိုတော့ သားသမီး မိရင်း ဖရင်း မဟုတ်ဘဲ ဆင်းရဲနွမ်းပါး ခိုကိုးစရာရှားလို့မို့ စားရာမဲ့ သောက် စရာမဲ့ ချိုင့်ချူချာ ရောဂါဆိုး ဝေဒနာနှင့် အိုနာ-ကျိုးကန်း ရဟန်း ပုဏ္ဏား ယာစကာ ဖုန်းတောင်းစားတို့အား စိတ်ထားမွန်မြတ်လျက် သံသရာ ကို ရည်မှတ်ပြီး မြတ်မြတ် နိုးနိုး ကြည်ညိုတဲ့စိတ်မျိုးနှင့် နောင်ကျိုးကို မျှော်မှန်းပြီးလို့ လှူဒါန်းတဲ့ ဒါနကိုတော့ နောင်တမလွန်ဘဝကို အစ ထားပြီး နိဗ္ဗာန်မရောက်မီ ဘဝ အကြားတို့၌ ကြာရှည်စွာ သုံးစားရလို့မို့ ရွှေအိုးကြီး, ငွေအိုးကြီးများကို မြှုပ်ထားတာနှင့် တူလေတော့ နိမိနိဓာန ဒါနရယ်လို့ ဆိုရပါတယ်။

အဲ့ထိုသုံးပါးသော ဒါနမျိုးတို့မှာ ဘုရားအလောင်း သူတော်ကောင်း တို့ သွားလာဟောင်း လမ်းမှန်ရိုးဟာမို့ အကျိုးရှိတာချည်းပဲလို့ ဆိုရ

(ပဉ္စမအကြိမ်)

ပါတယ် သို့ ငါတို့ မြတ်စွာဘုရားသည် ရှည်လျားသံသရာ ဘဝပေါင်းများစွာတို့တွင် ဘယ်ကမ္ဘာ ဘယ်ဘဝက ဤဒွါနသုံးမျိုးထုံးကို ဖြည့်သုံးကျင့်ကြံခဲ့ဖူးပါသလဲလို့ဆိုတော့—ရှေးအတိတ်အခါ ဤဘဒ္ဒကပ်ကမ္ဘာ၌ပင် ငါတို့ သုံးလူ့ဘ အတုလဗောဓိလျာသည် သမ္ဘာတော်ပါရမီ မရင့်ကြည်သေးသဖြင့် အလီလီဖောက်ပြန်လို့ တိရစ္ဆာန်ဘဝမှာ နစ်ပြီး ကျေးငှက်မျိုးဖြစ်တော်မူရတယ်၊ အဲ-မှေးညစ်တဲ့ ကံပစ်မြှောက်လို့မို့ ဂတိပင်လမ်းတိမ်းမှောက်ရသော်လည်း နောက်နောက်များစွာ ကပ်ကမ္ဘာတို့က ရှည်ကြာဖြည့်ရပါရမီသမ္ဘာရတို့က မစထောက်ကူသဖြင့် ကျေးသားအများနှင့်မတူဘဲ မြင်ရသူတို့၏မျက်စိမှာ ရှုကြည့်လို့မဝနိုင်အောင် လှပယဉ်ကျေး သန္တာနီအသွေးကဲ့သို့လည်း ရေးနှုတ်သီး အမြီးအတောင်တို့မှာတော့ မြရောင်စိမ်းစိုပုလဲကို မျက်လုံး ကိုယ်လုံးတော်သဏ္ဌာန်မှာတော့ ရောင်လျှံရွှမ်းအိ စက်ပုံးတောင်းပမာရှိသဖြင့် ပကတိအများတစ်ရာသော ကျေးသားတို့ကိုစွမ်းပကားလွှမ်းမိုးပြီး သမ္ဘာတော် ဘုန်းဘန်ခိုးနှင့် ရှေးကံ၏အကျိုးကြောင့် ငှက်မင်းမျိုးဖြစ်တော်မူရတယ်။

အဲ-မဂဓရဋ္ဌ ရာဇဂြိုဟ်ပြည်မ၏ အရှေ့မြောက် အရထောက်မကွာလှ တောစတောင်ကြော လက်ပံတော၌ တစ်ရာသော ကျေးအပေါင်းတို့နှင့်တကွ ခိုအောင်းဆုံစု အသိုက်အုံကိုယ်စီပြုလို့မို့ နုနုနယ်နယ်ငသားလှတဲ့ ကျေးသူငယ်တို့နှင့်တကွ သက်ရှယ်အိုမင်း မိဖရင်းတို့ကို သိုက်တွင်းမှာ အငြိမ်းထားပြီး တောကြားအိုင်ထဲ၌ မကြဲမစိုက်ရ အလိုလိုပေါက်ရောက်ကြတဲ့ ရသနက်လေး ကြိုင်ပျံ့မွှေးတဲ့ သလေးကောက်နှံတို့ကို ချီပျံသယ်သွင်းလို့ သိုက်တွင်းရှိသားမြေးပုနှင့် မိဘအို ကျေးတစ်စုတို့ကို ပြုစုလုပ်ကျွေးတော်မူတယ်။

အဲ-ရာဇဂြိုဟ်မြို့မ၏ အရှေ့မြောက်ယွန်းကျုံးထိပ်စွန်းမှာလည်း နွမ်းနွမ်းပါးပါးရှိသလောက်ခွန်အားနှင့် ဆင်းရဲသားဘဝလယ်လုပ်လို့သာ အသက်မွေးကြတဲ့သာလိဒ္ဒိဂါမရယ်လို့ ဂေါဟာရနာမာနှင့် ပုဏ္ဏားရွာတစ်ခုရှိတယ်၊ အဲ-သာလိဒ္ဒိရွာသား ကောသိယမည်သောပုဏ္ဏားလဲ သလေးစပါး လယ်တစ်ထောင်ခင်းကို နွားအရှဉ်းများစွာနှင့်တကွ ထွန်ချကြဲစိုက်ပြီးမှည့်ငိုက်လို့ ဝင်းဝါခဲ့လျှင် သလေးခင်း တစ်ဝက်ကိုခွဲလို့ အိမ်ထဲကလူကုန်ထွက်ပြီး ကျေးငှက်တို့ကို စောင့်ရှောက်စေတယ်၊ လယ်တစ်ဝက်ငါးရာခွင်ကိုတော့ ပြုပြင်သူတစ်ယောက်ငှားပြီး အခစားစောင့်ရှောက်စေသဖြင့် လယ်မြေကိုကြည့်ရှုလို့

(ပဉ္စမအကြိမ်)

ပြုစုတဲ့သူရင်းငှားလဲပဲ လယ်ထဲမှာပင် တဲအိုလုပ်ပြီး အားထုတ်ကြိုးစားလယ်ရှင်ကို ကြောက်သောအားဖြင့် အမြဲပင် သွားစောင့်ရှောက်နေတယ်။

အဲ·တစ်နေ့သ၌လက်ပံတိုက်ကသလေးခင်းမှည့်ဝိုက်ကြောင်းကိုကြားလို့မို့ တစ်ရာသောကျေးသားအပေါင်းတို့နှင့်တကွ အလောင်းတော်ကျေးမင်းကြီးကြွလာပြီး မဂဓလယ်ကွင်းတွင် သူရင်းငှားလုပ်ကိုင်တဲ့အခင်းမှာတသင်းလုံး အုကုန်ကျပြီး အသီးသီး ကျေးသားများမှာတော့ စားရုံသာစားကြလို့စပါးကောက်နှံကို မယူမချီဘဲ ကိုယ်ချည်းသာ ပျံသွားကြတယ်။ အလောင်းတော် ကျေးမင်းမှာတော့ ငမ်းတွင်းမှာ အစာဝတဲ့ပြင် ခြေသောက်ကတသီးနှုတ်သီးကတတန် မှည့်ရင့်တဲ့ သလေးနှံတို့ကို မြဲမြံစွာချီကုပ်ပြီး လက်ပံအုပ်အသိုက်တွင်းမှာ ဖမိရင်း ကျေးနှစ်ပါး သားသမီး သူငယ်များနှင့်တကွနာဖျားကျိုးကန်း မစွမ်းမသန် တောင်ပံရှုတ်ယို ကျေးထိုသိုတို့အားကုသိုလ်ရည်မှန်း၍ ဖြန့်ကမ်းကျွေးမွေးတော်မူဘယ်။ အဲ·ဤလိုသာ စားပါများတော့ သူရင်းငှားလယ်လုပ်သားကလဲ့ အားရှိသလောက် ဟစ်အော်၍ ငါကပင် ခြောက်ပါသော်လဲ မကြောက်မပျံ လယ်ကွင်းရှိ သလေးနှံတို့မှာလဲအတန်နှင့် အရိုးချည်းသာမျိုးစာမှာကြာယင် မရပေဘူး၊ တရံသူပြောကြလို့ပုဏ္ဏားကြီး ကြာယင်သိမှုဖြင့် စာရင်းခပလပ်ပြီး လယ်လုပ်ကျိုးမနပ်ဘဲ တန်ဖိုးထက်လက္ခကဲ ဆိုတာလို တစ်ချက်တည်းနစ်မြုပ်လို့ လူရုပ်မှပေါ်နိုင်တော့မှာမဟုတ်ပေဘူးလို့ အဲ·ဤလိုကြံပြီးပုဏ္ဏားကြီးအထံအမြန်သွားပြောတယ်။

အဲ·ပုဏ္ဏားလယ်ရှင်လဲ လယ်လုပ်ယောကျ်ားကို အပြစ်မတင်ဘဲ ကျေးတွင်တစ်ဦး မကြားဖူးအောင် ထူးထူးခြားခြား စားရုံသာမစားဘဲ သလေးကောက်နှံကို ချီပျံတဲ့ ကျေးသားကို ငါ့အားလက်ရ ဖမ်းဆောင်၍ ပြလှည့်ရမယ်လို့အဲ·ဤလိုလယ်လုပ်သားယောကျ်ားကိုပြောကြားစေခိုင်းလိုက်တယ်၊ အဲ·သူရင်းငှားယောကျ်ားလဲ အားပါးတရ အမြန်ထသွားပြီးခိုင်လှတဲ့ ညွှန်ကျော့ကွင်းနှင့် ကျေးမင်းကိုအရ ဖမ်းလို့ ရှင်လန်းသောမျက်နှာနှင့် ပုဏ္ဏားကို ပေးအပ်လာတယ်၊ အဲ့ပုဏ္ဏားကြီး လယ်ရှင်လဲ ကျေးမင်းကိုမြင်ရလျှင်ပင် ချစ်ခင်ဝမ်းမြောက် ရင်သွေး ရင်သားလို စိတ်ရောက်လို့မို့ ခြေထောက်နှစ်ဘက်ကိုကိုင်ပြီးမျက်နှာချင်းတေ့ဆိုင်ကာကျေးမင်း ကိုမေးမြန်းရှာတယ်၊ ဘယ်လို မေးမြန်းပါသလဲလို့ ဆိုတော့ အား·မာင်ကျေးသား....သူတစ်ပါးမှာတော့ အများနှင့်အတူဆင်းပြီး လယ်တွင်းမှာစားရလျှင်ပင် မျှလွယ်ဝလွယ်၊ (ပဌမအကြိမ်)

ဝမ်းစာအိတ်ငယ်သောကြောင့်ချီသယ်တယ်လို့မရှိ၊ ကိုယ်ချည်းသာ ပျံသွားကြဘိတယ်၊ အတိုလောဘ သူတစ်ပါးဝလှိမ့် သင်မဝဘဲများလှဘဲ့သလေးနှံ့တို့ကို ချီပျံယူသွားရသေးသည်မှာ သူဘစ်ပါးတို့ဝမ်းထက်ပင် ပိုမောက်ပြီး သင့်ဝမ်းက အစောက်နက်သေးသလားလို့ အဲ-ဤလိုမေးမြန်းတယ်၊ အဲ-ထိုအကြောင်းကို ပြလို၍-

ဥဒရံနူန အညေသံ၊ သုဝ အစ္စောဒရံ တဝ။
ဘုတွာ သာလိံ ယထာကာမံ၊ တုဏ္ဍေနာဒါယ ဂစ္ဆသိ။

လို့-ဟောတော်မူတယ်။

သုဝ၊ ရှိကြတစ်ပါး ကျေးအများတို့ထက် အစားခံမက် ကျေးသားငှက်။ အညေသံ၊ သင်မှတစ်ပါး ကျန်ကျေးသားတို့၏၊ ဥဒရံ၊ အစာထည့်သိတ် ဝမ်းရေအိတ်သည်။ ဥဒရံနူန–အနူနဒရံမညေ၊ ငယ်သောဝမ်းရေရှိကြလေယောင်တကား။ တဝ၊ သဏ္ဍာန်ဟုန်ရေး ကိုယ်အမွေးနှင့်နုသွေးရောထွက် သင်ကျေးငှက်၏။ ဥဒရံပန၊ အစာထည့်သိတ် ဝမ်းရေအိတ်မှာမူကား။ အတိမဟန္တံနူန၊ သူတစ်ပါးထက်ဆသတက်၍အနက် စောက်ဝင်ကြီးအံ့ထင်၏။ ယထာကာမံ၊ စိတ်အလိုရှိသလောက်။ ဘုတွာ၊ ကျေးအများနှင့် ပျော်ပါးတူကွ စားသောက်ရပြီးပါလျက်။ သာလိံ၊ တကိုက်တခဲ ပြိုက်ပြိုက်ကြဲအောင် နှိုက်ဆွဲရွေးလှန်သလေးနှံ့ကို။ တုဏ္ဍေန၊ ကျယ်စွာကြီးမားနှုတ်သီးဖျားဖြင့်။ အာဒါယ၊ သင်တစ်ယောက်သာမထောက်မညာဘဲရိက္ခာယူမည်ဆိတ်ချီ၍။ ဂစ္ဆသိ၊ မပန်းမဝေး၊ ပျံသန်းလေ၏။

အဲ-ထိုမှတစ်ပါး လယ်ရှင်ပုဏ္ဏားသည် စကားတစ်ခွန်းမျှနှင့်မေးမြန်းလို့အားမရ ကျေးမင်း၌ ချစ်ခင်မြတ်နိုးသောစိတ်ရှိလှတာနှင့်တိုး၍တစ်ဖန်မေးမြန်းပြန်တယ်၊ ဘယ်လိုမေးမြန်းပြန်ပါသလဲဆိုတော့….အမောင်ကျေးသားသင်ကျေးသားမှာဖောက်ကားရောင်းဝယ် ကုန်စျေးသွယ်ဖို့ကြံရွယ်ဘင်ထားသင်နေတဲ့သစ်ပင်ဖျားမှာ စဂါးလှောင်စည့်တိုက်ကြီးများ မပြည့်လို့ပင် သင်ဖြည့်ရပါသေးသလား၊ သို့မဟုတ်ငြား ငါပုဏ္ဏား၌ ငြိုးထားရန်ဖက် မုန်းမာန်ကွက်လို့မို့ပျက်မှပျက်စေစိတ်အမျက် မပြေဘာနှင့် ခုအနေပြုသလော၊ သို့သော မဟုတ်သေးနောင်-နှစ်, လ, ကြာဝေးမှ တဖြည်းဖြည်းစားမယ်လို့ချီသယ်ကာဖုံးအုပ်ပြီး ဘယ်ဆီမှာမြှုပ်ခဲ့ပါသလဲလို့ အဲ-ဤလိုလဲမေးမြန်းပြန်တယ်၊ အဲ ထိုအကြောင်းကို ပြလို၍–

ကောဋ္ဌန္န တတ္တ ပူရေသိ၊ သုဝ ဝေရိ နု တေ မယာ။
ပုင္ဒာ မေ သမ္မ အက္ခာဟိ၊ ကုဟိံ သာလိံ နိဒါဟသိ။

လို့·ဟောတော်မူတယ်။

သုဝ၊ သူတစ်ပါးနှင့်မတူ အခြားသူထက် အမှုထူးထွက် ကျေးသားငှက်။ တတ္တ၊ ထိုသင်တို့နေနား သစ်ပင်ဖျားဌာ။ ကောဋ္ဌံ၊ စပါးလှောင်ထည့် တိုက်ကျီစည့်ကို။ ပူရေသိနဲ့၊ အကြောင်းရှိက ပေါင်းညှိသည်၍ ရောင်းချဖို့ရာ လှောင်းဖြည့်ရပါသေးသလော။ တေ တယာ၊ အစာမာန်ကြွား သင်ကျေးသားသည်။ မယာ၊ လယ်ယာတည်ထား ငါပုဏ္ဏားနှင့်။ ဝေရီနု၊ မဆန်မတက် မာန်အမျက်နှင့် ရန်ဖက်ပင်ဖြစ်ဖူးပါသလော။ သမ္မ၊ အသက်မသေ လက်မှာနေတဲ့ အဆွေကျေးသား။ ပုဌော၊ အရေးသိလို ငါပေးဆိုသော သင်သည်။ မေ မမ၊ လယ်ရှင်လူသား ငါပုဏ္ဏားအား။ အက္ခာဟိ၊ မထိမ်မအုပ် မလိမ်ရှုပ်ဘဲ အဟုတ်မှန်ရာ ထုတ်ပြန်ပါလော။ သာလိံ၊ စားရုံမစား ချီသယ်သွားတဲ့ နှုတ်ဖျားထွေးအံ သလေးနှံကို။ ကုဟိံ၊ ဘယ်ဆီမှာသပ် ဘယ်အရပ်ဌာ။ နိဒါဟသိ၊ ဖုံးအုပ်သေချာ မြှုပ်ခဲ့ပါသနည်း။

အဲ·ဤသို့ လယ်ရှင်ပုဏ္ဏားက အဖန်ဖန်မေးပါများတော့ အလောင်းတော်ကျေးသားလဲလူ့ဘာသာစကားနှင့်ပြန်ကြားဖြေဆိုတယ်၊ဘယ်လိုဖြေဆိုပါသလဲလို့ဆိုတော့····အရှင်ပုဏ္ဏား ကျွန်ုပ်တို့ငှက်မျိုးကျေးသားများမှာ လူသားလူမျိုးတို့နှင့် ဂုဏ်ကိုးအားပြုအမှုဆက်ဆံ တုဘက်ခံလို့ ပြုဝံ့ရန်မရှိကြပါဘူး၊ ဖောက်ကားရောင်းဝယ် ကုန်စျေးသွယ်ဖို့လဲ ကြီးကျယ်ခမ်းနားတစ်ရာတစ်တောင် တိုက်ကြီးမှာလှောင်လို့မို့များပြားအောင်လဲမထားနိုင်ကြပါဘူး၊ရှင်ပုဏ္ဏားသယ်ယာက ဖွေရှာချီသွားတဲ့ သလေးနှံဆန်စပါးကိုလဲ ရောင်းစားခဲ့ထု မဟုတ်မလျား အထုပ်ကြီးများအောင်လဲ မြှုပ်ထားကာ စုတာလဲ မဟုတ်ပါဘူး၊ လက်ပံအုပ်တောရပ်သို့ ဆိုက်ကပ်ရောက်သွားလျှင် နှုတ်သီးဖျားက သလေးနှံတစ်စုကိုတော့ သူ့ကစိပတ် ကိုယ်ပေါ်မှာ ကပ်လို့မို့ အေးပြတ်ဖို့အရေးနှင့်တစ်ပါးသူတို့၏မြီကြွေးကို ဆပ်ပေးဆက်သွင်းရပါသေးတယ်၊တစ်စုတစ်သွယ်ကိုတော့ အလွယ်နောင်ရေး တိုးပွားအောင် မျှော်တွေးပြီးမြီကြွေးလဲချရေးသေးတယ်၊တစ်သွယ်တစ်ဝက်ကိုတော့နောင်တစ်သက်သုံးစားဖို့လက်ပံပင်ထိပ်ဖျားမှာပင်သိုထားကာ မသိုးမပုပ်စေဘဲရွှေအိုး

ကြီး ငွေအိုးကြီးများ အတည်အတံ့လုပ်ပြီး သိုမြှုပ်သိမ်းဆည်းလို့ထားပါ တယ်လို့၊ အဲ–ဤလို အကျဉ်းစကားနှင့် ပုဏ္ဏားကို ပြောကြားတယ်၊ အဲ-ထို့ကြောင့်–

နမေ ဝရံ တယာ သဒ္ဓိံ၊ ကောဒ္ဓော မယှံ န ဝိဇ္ဇတိ။
ဇုဏှံ မုဋ္ဌာမိဏှံ ဒမ္မိ၊ သမ္ပတ္တော ကောဋသိမ္ဗလိံ။
နိမိမ္ပိ တတ္ထ နိဒဟာမိ၊ ဓဝံ ဇာနာဟိ ကောသိယ။

လို့–ဟောတော်မူတယ်။

ကောသိယ၊ ကောသိယမည်တွင် စလွယ်တင်သည့် ဉာဏ်မြင်ကြီးမား အရှင်ပုဏ္ဏား။ မေ မမ၊ ကာယ သေးနုပ် ဗလ ယုတ်နှင့် မဟုတ် မလျား အကျွန်ုပ် ကျေးသားအား။ တယာ၊ လူဇာတ်လူသား အရှင် ပုဏ္ဏားနှင့်။ သဒ္ဓိံ၊မာန်မူအမျက် အတူဖက်ခါ။ ဝရံ၊ တိုးပွားခုခံ ငြိုးထားရန်သည်။ နဝိဇ္ဇတိ၊ အကျိုးမသိ ငြိုးဂတိဖို့ စိုးစိဆံလွှာ မရှိပါ။ မယှံ၊ နှမ်းနယ်ပါး ရှား ငါတို့ကျေးသားအား။ ကောဒ္ဓော၊ စပါးတောင်းရေ ထောင်သောင်း နေဖို့ အခြေစိုက်ကာ ကျီးတိုက်တာသည်။ နဝိဇ္ဇတိ၊ တစ်တမ္ပာ မရှိပါ။ ကောဋသိမ္ဗလိံ၊ ငှက်သံသောသော လက်ပံတောသို့။ သမ္ပတ္တော၊ သလေး နှံနီ ရွေးကြံစည်၍ ထိုဤရှာကောက် ချီကာရောက်ခဲ့သည်ရှိသော်။ တတ္ထ၊ ထို တက်ပံ့ပုပ်နီးမော လက်ပံတော၌။ ဇုဏှမ္ပိ၊ ရွေးကာယူချေး သူ့မြေကြွေး ကိုလည်း။ မုဋ္ဌာမိ၊ လွတ်အေးစရာ ဆပ်ပေးပါ၏။ ဇုဏှမ္ပိ၊ သနားစံဖွယ် အားငယ်ငယ်နှင့် များကြွယ်ဆူဆူ ချေးလာသူကိုလည်း။ ဒမ္မိ၊ အတိုးအလ တန်ဖိုးကြွအောင် ဝေငှဖြန့်ကာ ချေးငှားပါ၏။ နိမိမ္ပိ၊ သက်လုံးမညှိုး နေခင်အားကိုးဖို့ အကျိုးပြီးစီးရွှေအိုးကြီးကိုလည်း။ နိဒဟာမိ၊ အားသုတ် ကြံခါ မြှုပ်နှံပါ၏။ ဓဝံ၊ ဤလိုထွေပြား အကြောင်းများနှင့် စပါး နှံပေါင် ချီသွားကြောင်းကို။ ဇာနာဟိ၊ သတိသင့်စွာ သိချင့်ပါလော။

အဲ ဤကဲ့သို့ အလောင်းတော်ကျေးမင်းက အကျဉ်းအမြွက်မျှကို ပြန် ကြားလျှင် ပုဏ္ဏားလယ်ရှင်သည်စကားဝှင်နက်နဲလှဘာနှင့် အဓိပ္ပာယ်ကိုမဝေ ခွဲနိုင်လို့မို့ သဲကွဲအောင် သိလိုရေးနှင့် ကျေးမင်းကို တစ်ဖန်ပြန်မေးပြန် တယ်။ ဘယ်လိုပေးပြန်သလဲသို့ဆိုတော့ အဆွေကျေးသား သင့်စကားကို ကြားရုံနှင့်မသိရ အဓိပ္ပာယ်အရှိကို သိမ်းရုံးပြီး ကုန်ဆုံအောင် ချဲ့ပြပါဦး လော၊ တံတမ်းမှာ ငှက်ဘို့မှာခြားမြီချဘယ်လို့ ... ကမ္ဘာကမဘွင် ... စင်လျက် ချီတင်ဘဲ့သလေးစုကို ဘယ်လိုသင်အခြေပြုပြီး တစ်စုကိုနောင် ...

ဖို့ မြီးကြွေးများချရပါသေးသလဲ၊ သူတစ်ပါးတို့ ကစိပတ် ငှက်ကျေးမှာ ကြွေးမြီကပ်တာကိုလဲ လူ့ရပ်မှာတစ်ဦး မကြားဖူးဘဲ အထူးပေါ်လာ ဘယ်ကဲ့သို့ခြင်းရာနှင့် သင်ကျေးမှာ သူ့မြီကပ်လို့မို့ အေးပြတ်အောင် စာရင်းမှတ်ပြီး ပေးဆပ်ရပါသေးသလဲ၊ ထူးကဲတဲ့အလုပ် ငှက်မျိုးမှာ ရွှေအိုးမြှုပ်သည်ဟု သင့်နှုတ်ထွက်ပြန်စကားလဲ ငါ့နားမှာမဝင် သင်နေတဲ့ လက်ပံပင်မှာလဲ တင်နိုင်ဖို့မရှိ ဘယ်အနေလို့ သိရအောင် သင်မြှုပ်သည့် ရွှေအိုးများကိုလဲ ဖော်ကြားကာ ငါ့ကိုပြန်က ချည်နှောင်တဲ့ညွတ်ကျော့ကွင်း ကို ခုတ်စဉ်းကာ ပြည်ချွတ်လို့ ခုချက်ချင်း သင့်ကို လွှတ်ပါမယ်လို့ အဲ- ဤလိုတစ်ဖန် ပုဏ္ဏားက မေးမြန်းပြန်တယ်။ အဲ-ထို့ကြောင့်—

ကီဒိသံ တေ ဣဏဒါနံ၊ ဣဏမောက္ခော စ ကီဒိသော။
နိဓိနိဓာန မက္ခာဟိ၊ အထ ပါသာ ပမောက္ခသိ။

လို့—ဟောတော်မူတယ်။

သုဝ၊ပရိယာယ်ထူးပြားလူ့စကား၌ ညဏ်သွားနက်လေး အဆွေကျေး။ တေတာ၀၊ စပါးနှံပေါင်း ရာထောင်သောင်းကို ချီကြောင်း ပြန်ကြား သင်ကျေးသား၏။ ဣဏဒါနဥ္စ၊ တစ်ပါးသူက ချေးလာကြ၍ ငွေဖြန့်ခင်း မြီချခြင်းသည်ကား။ ကီဒိသံ၊ ငှက်မှာတစ်ဦး မကြားဖူးဘဲ အထူးပေါ် ကြား ဘယ်စကားနည်း။ ဣဏမောက္ခောစ၊ သူ့ကစိပတ် ကိုယ်မှာကပ်၍ ကျေးအမြတ်သွင်း ကြွေးဆပ်ချခြင်း သည်လည်း။ ကီဒိသော၊ တအံ့တသြ ဘယ်သဘောနည်း။ နိဓိနိဓာနံပိ၊ ငှက်မျိုးအလုပ် ရွှေအိုးမြှုပ်ရခြင်းကို လည်း။ အက္ခာဟိ၊ သရုပ်လျှော်စွာ ထုတ်ဖော်ပါလော။ အထ၊ ထိုသို့ ထုတ်ပြန် ဟုတ်တိုင်းမှန်ခဲ့သည်ရှိသော်။ ပါသာ၊ နှံထားမဖြေ အသား ကျေအောင် သင့်ခြေမှာသွင်း ညွတ်နှောင်ကွင်းမှ။ ပမောက္ခသိ၊ တရားတော် ကိုကပ် သားလိုမှတ်လို့ ချွတ်ဖြတ်ပြည်ဖြေ ငါလွှတ်ပေးအံ့။

အဲ-ဤလို ပုဏ္ဏားကတစ်ဖန် မေးမြန်းပြန်ခြင်းကြောင့် အလောင်းတော် ကျေးမင်းက ရှေးဦးစွာကြွေးမြီချရတဲ့ အကြောင်းရင်းကို ရှင်းလင်းအောင် အကျယ် ဖြေပြန်တယ်၊ ဘယ်လို ဖြေပြန်သလဲလို့ ဆိုတော့... အရှင်ပုဏ္ဏား အကျွန်ုပ်ဘို့ ကျေးသားမှာ လူသား လူမျိုးတို့လို ကျေးတန်ဖိုး အတိုးကြွ အောင် ချေးငှားပေးကမ်းကြတာကို ကြွေးမြီချတယ်လို့ ဆိုလိုတာမဟုတ်ပါ သေးငယ်နုလှ ဥတွင်းကပေါက်စမို့ မထနိုင် မပျံနိုင် ယိမ်းယိုင်ပြိုလဲ လက်

ပံပင်အသိုက်ထဲတွင် တတွဲတွဲတအိအိ ဆာလောင်လျက်ရှိကြတဲ့ တကျိကျိ တလယ်လယ် သားသမီး ငှက်သူငယ်တို့သည် ကြီးပြင်းသော အရွယ်သို့ ရောက်ကြလျှင် ယခုက ကျွန်ုပ်မွေးတာကို မြို့ကြွေးလိုဝန်တင်တစ်ခုနှင့် အတုံ့ ပေး ပြုကြပါလိမ့်မယ်။ အဲ-ဤကဲ့သို့ အရေးကို ရည်ရွယ်လို့မို့ သားသမီး ငှက်သူငယ်တို့ကို ချီသယ်ကာအလွယ်ရစေဖို့ မြို့ကြွေးများ ချရပါကြောင်း စကားနှင့် ပြန်ကြားကာ ဖွင့်ချဲ့ရပြန်တယ်။ ထို့ကြောင့်–

အဇာတပက္ခာ တရုဏာ၊ ပုတ္တကာ မယှံ ကောသိယ။
တေ မံ ဘတာ ဘရိဿန္တိ၊ တသ္မာ တေသံ ဣဏံ ဒဒေ။

လို့-ဟောတော်မူတယ်။

ကောသိယ၊ ဝတိံဖျားနင်း သိကြားမင်းနှင့် နွယ်ချင်းမပြား အရှင်ပုဏ္ဏား။ မယှံ၊ လက်ပံအုပ်ဖွား အကျွန်ုပ်ကျေးသားအား။ အဇာတပက္ခာ၊ ဖွေရှာမွေ့နှောက် စာရေကောက်ဖို့ ပျံလျှောက်စရာ အတောင်လည်း မပေါက်လာသေးကုန်သော။ တရုဏာ၊ ကျောက်ကန်လုယက် ဥကထွက်၍ အသက်ရှူသယ် အလွန်လည်း နုနယ်ကြကုန်သော။ ပုတ္တကာ၊ မျှော်ကာငံ့စား ဆာလောင်အားနှင့် ညည်းတွားမြည်ကျယ် သားသမီးငယ်တို့သည်။ သန္တိ၊ မောဟိုက်ပူပြင်း အသိုက်တွင်းမှာ ချင်းချင်းစုပုံ ရှိပါကုန်၏။ တေ၊ ထိုမပြေးမထ မြည်ကြွေးတလျက် သေးလှနုနယ် ကလေးငယ်တို့သည်။ မံ၊ ဘတာ၊ ယခု လုပ်ကျွေး ကျွန်ုပ်မွေးသကဲ့သို့ ဘရိဿန္တိ၊ မိနှင့်ဖခင် နောင်အိုမင်းက ခြေရင်းမှာအုံ မွေးကြကုန်လတ္တံ့။ တသ္မာ၊ ထိုသို့နောင်ခရေး မျှော်ကာတွေးလျက် မွေးတုံ့မွေးစား ကျေးဇူးများခြင်းကြောင့်။ တေသံ၊ ထိုငယ်ရွယ်သေးနှောင်း သားမြေးအပေါင်းတို့အား။ ဣဏံ၊ မအိုခင်က အိုရင်ရဖို့ ဝအောင်အံသွင်း မြေချခြင်းကို။ ဒဒေ၊ အကြွေးပံ့ကာ ချေးဖြန့်ပါ၏။

အဲ-ထိုမှတစ်ပါးလဲ သူတစ်ပါးကစိပတ်မကင်းလို့မို့ ကြွေးဆပ်ရတဲ့စကား အကျဉ်းကိုလဲ ရှင်းလင်းအောင် ချဲ့ဖြေပြန်တယ်၊ ဘယ်လို ဖြေပါသလဲသို့ ဆိုတော့....အရှင်ပုဏ္ဏား- အကျွန်ုပ် ယခုနေတဲ့ လက်ပံပင် အသိုက်ဖျားမှာ မသွားနိုင် မပျံနိုင် ငေးမှိုင်ဟစ်အော် သစ်သီးမှည့်ပျော်တာလို ရင့်လျော် အိုမင်းတဲ့ မိဘခင်း ကျေးဇူးရှင်တို့သည် ငယ်ရွယ်စဉ် ကာလက အကျွန်ုပ်ကို ကြွေးမြီချတာလို ယုယပိုက်ထွေး ရသမျှနှင့် မျှတအောင် ချီကာပေးပြီး

ကျေးမွေးကြပေတဲ့ ကာဝိပဘ်ဟာ မအေးအောင်ငြိကပ်လို့မို့ ရစ်ပတ်လျက် ရှိတာ်များကြောင့် ချိသွားတဲ့ စာပါးတစ်ရပ်ကို ကြေးဆပ် ဆက်သွင်းရပါ ကြောင်းများနှင့် ပြန်ကြား၍ အကျယ်ဖွင့်ပြန်ဘယ်။ အဲ ထိုကြောင့်–

မာတာ ပိတာ စ မေ ဝုဒ္ဓါ၊ ဇိဏ္ဏကာ ဂတယောဗ္ဗနာ။
တေသံ တုဏ္ဍေန ဟာတူန၊ မုဠ္ဌေ ပုဋ္ဌ ကာဘံ ဣာဟံ။

လို့ ဟောတော်မူတယ်။

မေ မမ၊ တောတွင်းမွေးဖွား အကျွန်ုပ်ဘျေးသားအား။ ဝုဒ္ဓေါ၊ ဓမ္မဘာ အစစ် ခန္ဓာညစ် ကိုနှစ်,လ ရက်စိး အသက်လည်းကြီးကြကုန်သော။ ဇိဏ္ဏကာ မျက်စိရိမှောင် မွေးမှင်ပြောင်၍ အတောင်ရွတ်ယို အလွန်လည်းအိုကြကုန် သော။ ဂတယော်ဗ္ဗနာ၊ ဗလယုတ်ယိုင် မလှုပ်နိုင်အောင် ကုပ်မှိုင်ညည်း တွန် အရွယ်လည်း လွန်ကြကုန်သော။ မာတာပိဘာစ၊ မြေးမြစ်နှင့်ပျော် အသိုက်ပေါ်မှာ စောင့်မျှော်တည်းခို မိဘအိုကို့သည်၊ သန္တိ၊ သဲတိချိုင့် ချည့်နဲ့နဲ့နှင့် ယိမ်းနွဲ့ရိကျုံ ရှိပါကုန်၏။ တေသံ၊ ထိုမိဘနှစ်ပြင် ကျေးဗူးရှင် တို့အား။ တုဏ္ဍေန၊ ဘာသာလေ့ကျက် လူဘို့လှက်လို ခုတ်ဖျက်လှီးစား နှုတ်သီးဖျားဖြင့်။ ဟာတူန၊ မျှော်ရှာလိမ့်မည် ဗျာကသိနှင့် အမှိုကြိုးစား ချီယူသွင်း၍။ ပုဋ္ဌေ၊ ကလေးအသွင် ရှေးငယ်စဉ်၌။ ကတံ ဣဏံ၊ မွေးခဲ့ ပေကြ ကြွေးမြီစကို။ မုဠ္ဌေ၊ အမြတ်တလေး မွေးတုံ့မွေး၍ ပြတ်အေးစရာ ဆပ်ပေးပါ၏။

အဲ ထိုမှတစ်ပါးလက်ပံပင်အုပ် ဆေထက်ဖျားမှာရွှေအိုးကြီးမြုပ်ထားတာ ကို ပုဏ္ဏားကြီးညဏ်မှာ မထင်လင်းလို့မို့ အလောင်းဘော်ကျေးမင်းက ဖြေရှင်း၍ ပြရပြန်တယ်၊ ဘယ်လို ပြပြန်ပါသလဲလို့ဆိုတော့ အရှင်ပုဏ္ဏား အကျွန်ုပ်တို့နေကြတဲ့ လက်ပံအုပ် တောဖျားမှာ သားသမီး မိဘမှတစ်ပါး အခြား ကျန်ကြွင်းတဲ့ အိုမင်းကုန်းကွ အသက်အရွယ် ကြီးပြင်းလို့မို့ သား သမီး ပြုစုသူကင်းကြတဲ့ ကျေးတစ်သင်း ဒုက္ခိတတို့မှာ အာဟာရချို့ငဲ့မချိ အောင်နွမ်းနဲ့လို့မို့ ကိုးစားမဲ့ရှားပါးသည်ကို သနားကရုဏာ မေတ္တာစိတ် ရှိလှပါသဖြင့် သံသရာကိုရည်မှန်းလို့ သာဓေးနှံတစ်ချို့ကို ခွဲခြမ်းပြီး ဝေကမ်း မျှတရပါတယ်၊ အဲ-ဤကဲ့သို့ စွန့်ကြဲတာကိုပင် ဖြစ်လေရာမဆုံးခမ်းပဲ

(ပဌမအကြိမ်)

အကျိုးပေး လွန်ရှည်လမ်းတာနှင့် နတ်ရွာငြမ်းဆောက်လုပ်ရွှေအိုးကြီးမြှုပ်တယ်လို့ သမုတ်တဲ့ဝေါဟာနှင့်ပညာရှိများစွာ မိန့်ဆိုတာ ရှိပါကြောင်းနှင့် တရားဟောင်းလမ်းကိုချပြီး အကျယ်ကိုဖွင့်ပြတော်မူတယ်၊ အဲ·ထိုကြောင့်—

အညေပိ တတ္ထ သကုဏာ၊ ခီဏာပက္ခာ သုဒုဗ္ဗလာ။
တေသံ ပုညတ္ထိကော ဒမ္မိ၊ တံ နိဓိ အာဟု ပဏ္ဍိတာ။

လို့-ဟောတော်မူတယ်။

တတ္ထ၊ ထိုမြင့်သိရိမော လက်ပံတော၌။ အညေ၊မိဖဘိုးဘွား သားမြေးများမှတစ်ပါးပြင်ပကြွင်းကျန်ကြကုန်သော။ခီဏာပက္ခာ၊ငေးမျှော်မှိုင်ကြည့် အမွေးအတောင်လည်းမရှိကြကုန်သော။သုဒုဗ္ဗလာ၊ရွတ်ယိုနွမ်းယို အားခွန်ဗလလည်း မရှိကြကုန်သော။သကုဏာပိ၊ သားသမီးမရှိ မချိနွမ်းပါး ကိုးကားရာမမြင် ပူပင်ဆင်းရဲ ငှက်မွဲငှက်နာ ငှက်မမာနှင့် ရောဂါမကင်း ငှက်အိုငှက်မင်းတို့သည်လည်း။သန္တိ၊ချည့်ချည့်တုန်တုန် ရှိပါကုန်၏။ တေသံ၊ခိုကိုးရာမဲ့ရှား ငှက်အများတို့အား။ ပုညတ္ထိကော၊ မည္သူးဘ၀ ကောင်းကျိုးရအောင် တောင့်တရည်စူးခြင်းရှိသည်ဖြစ်၍။ဒမ္မိ၊တစ်ချို့တစ်ခြမ်းခွဲဝေလှမ်း၍ ပေးကမ်းဖြန့်ကာလှူဒါန်းပါ၏။တံဒါနံ၊ထိုသို့စိုက်ပျိုးဒါနမျိုးကို။နိဓိတိ၊သံသရာမျိုးထုပ်ရွှေအိုးမြှုပ်သည်ဟူ၍။ပဏ္ဍိတာ၊ကြောင်းကျိုးမြင်သိ ပညာရှိတို့သည်။ အာဟုကထေန္တိ၊ လှစ်ချီမြွက်ဟ ခေါ်ဆိုကြပါကုန်၏။

အဲ-ဤကဲ့သို့ ဒါနသုံးပါးပြုခြင်းကို အလောင်းတော်မင်းပြောကြားကသားလိဒ္ဓိရွာသားလယ်ရှင်ပုဏ္ဏားသည်အလွန်ပင်ဝမ်းမြောက်သောစိတ်ထားနှင့် ဩော်.. တိရစ္ဆာန်အမျိုးသားဖြစ်ပါလျက်ဤကျေးငှက်သည် နှစ်သက်ကြည်ညိုဖွယ်ရှိပေစွတကား၊ သုဂတိဘုံသား လူ့ထက်ခြားအောင် တရားကောင်း ရှိလှပေစွတကား။ မနုဿတ္တ ကြုံခဲတဲ့ဒုလ္လဘ သုဂတိဘုံဘဝကိုကြုံရတဲ့အချို့သူများမှသော်လဲ ဉာဏ်မဝင် သဒ္ဓါနည်းကြတာနှင့် အထုံပါသနာဘဝဘဝက မနွဲ့ခဲ့ကြလို့မို့ မိဘရယ်လို့လဲအရေးမယူ အလေးမှုဘယ်လို့လဲမရှိကြ သံသရာမှာ အရေးလှဖို့ ပေးချစွန့်ကြဲ ဝေခွဲမျှတ ရွှေအိုးကြီးမြှုပ်ရဖို့ ဆိုတာကိုလဲ သတိမရ၊ ဒုဂ္ဂတိဘုံသား ဤကျေးသားတိရစ္ဆာန်လောက်မှ တရားမရှိကြပေဘူး၊ ဤဒုဂ္ဂတိ ကျေးသားကား လူများထက်ကျော်ကျူး၍

(ပဉ္စမအကြိမ်)

အထူး အံ့ဩဖွယ်ရှိလှပေတယ်လို့ အဲ့ဤလို အလောင်းမင်း ကျေးမြတ်ကို လက်သပ်ခါ ချီးမွမ်းဘယ်။ အဲ-ထို့ကြောင့်-

ဘဒ္ဒကောဝတာယံ ပက္ခီ၊ ဒိဇော ပရမခမ္ဘိကော။
ကေစ္စေသု မနုဿေသု၊ အယံ ဓမ္မော န ဝိဇ္ဇတိ။

လို့ဟောတော်မူတယ်။

အယံပက္ခီ၊ အငှက်ပြင် အာကာသခွင်၌ ပျံဝင်ပြေးသွား ဤကျေးသားသည်။ ဘဒ္ဒကောဝတာ၊ အကြောင်းပြန်ဟ ဘောင်းပန်သသည် ကောင်းလှပေ၏တကား။ အယံဒိဇော၊ တောတွင်ဒမ္မဖွား ဤကျေးသားသည်။ ပရမခမ္ဘိကောဝတာ၊လူထက်ထူးခြား တဘက်ရှားအောင်အလွန်လျှင်တရားရှိပေစွတကား။ကေစ္စေသုမနုဿေသု၊လူကမွေးဖွား သဒ္ဒါပါး၍ တရားမဖူ့အချို့သောသူတို့၌။ အယံဓမ္မော၊ ဤကျေးကျင့်ထုံး နည်းစံနှုန်းသည်။ နဝိဇ္ဇတိ၊ လုံးလုံးကွယ်ပ မသုံးကြဘဲ ထုံးမျှရှိလေ၊ မသိချေ။

အဲ့ဤလို ချီးမွမ်းအံ့ဩပြီးမှ ကောသိယပုဏ္ဏားသည် အလောင်းတော်ကျေးမင်း၌ သားရင်းအလား ချစ်ခင်လှသောစိတ်ထားနှင့် သလေးစပါးလယ်တစ်ထောင်ခင်းကို အကုန်ပင်အပ်နှင်းလို၍ အဆွေကျေးမင်း၊သင့်ဉာတိကျေးတသင်းနှင့်တကွ သလေးခင်းတစ်ထောင်ထွက်ကိုဆင်းတက်ဝင်နားပြီး သဘောရှိဝအောင်စားလို့မို့ ချီသွားယူဆောင်လိုသမျှ အားရအောင်ယူဆောင်လှည့်ပါ၊ငါပုဏ္ဏားရှိရာ အိမ်ကိုလဲအကြိမ်ကြိမ်မျက်နှာပြလို့ ချိုမြတဲ့နှုတ်သံပေးပြီး မြည်ကြွေးဝင်ထွက်လှည့်ပါ၊သင်ကျေးမင်းမျက်နှာကို မြင်ရလျှင် သားရင်းလို မေတ္တာဝင်ပြီး ချစ်ခင်မြတ်နိုးလှပါကြောင်းနှင့်တောင်းပန်ပြောကြားပြီး ကွင်းများကို ဖြည်ချတ်လို့ ကျေးမင်းကို ချမ်းသာစွာလွှတ်လိုက်တယ်။ အဲ-ထို့ကြောင့်-

ဘုဉ္ဇ သာလိံ ယထာကာမံ၊ သဟာသမ္ဗေဟိ ဉာတိဘိ။
ပုနာပိ သုဝ ပဿေမု၊ ပိယံ မေ ဘဝ ဒဿနံ။

လို့ဟောတော်မူတယ်။

သုဝ၊ သူတော်ကောင်းကိုထုံး ကျင့်စံနှုန်းနှင့် နှလုံးပျော်ပါး ငှက်ကျေးသား။ သမ္ဗေဟိ၊ သင်၌ဆည်းကပ် သွေးသံစပ်၍ သူမြတ်ဟုယို အလုံးစုံကုန်သော။ဉာတိဘိ၊ တစ်တောလုံးရှိ သောသောကျော်မျှ စုမိခိုအောင်း ဆွေမျိုး

မျိုးပေါင်းတို့နှင့်။ သဟာ၊ အညီအမျှ တူတကွသာလျှင်။ သာလိ ပယ်တစ်ထောင်ခင်း ပြောင်ပြောင်ဝင်းတဲ့ လယ်တွင်းပြည့်လျှံ သလေးနှံကို။ ယာထာကာမံ၊ ဘယ်ခါမဆို ဝင်လာခို၍ မညိုမဆိုင်း စိတ်လိုတိုင်းသာလျှင်။ ဘုဥ္စ, ဘုဥ္စာဟိ၊ တစ်နှံတစ်ဝါး မချန်ထားဘဲ ပျံနားစီကာ စားချီပါလော။ပုနပ်၊ ခုတစ်ခေါက်ပြန် နောက်တစ်ဖန်လည်း။ တံ၊ ရောင်လျှံပြည့်ဝင်း သင်ကျေးမင်းကို။ ပဿေမု၊ သားစုမြေးစုံ မြင်လိုကုန်၏။ တဝ၊ လှပရောင်ဆင်း။ သင်ကျေးမင်းအား။ ဒဿနံ၊ မျက်နှာရှေ့ခင်း ကြည့်မြင်ရခြင်းကို။ မေမယာ၊ ငါသည်။ ပိယံ၊ ဆွေမျိုးပမာ မြတ်နိုးပါ၏။

အဲ့ဤကဲ့သို့ အလောင်းတော် ဗောဓိလျာတို့၏ သမ္ဘာတော် ရင့်မာကြောင်းနှင့် ဖြည့်ကျင့်ဟောင်း ထုံးရိုးလမ်းကို မှိုင်မြမ်းကြီးစံထားပြီး သုံးမျိုးသော ဒါနများကို ကြိုးစား၍ အားထုတ်ကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

**ဒါနသုံးမျိုးကို ပြသော အလောင်းတော်**

**ကျေးမင်း-ဝတ္ထု ပြီး၏။**

---

**ဝင္ကဘေဒနီကျမ်း-ပထမတွဲ**

**ဤတွင် ပြီးပြီ။**



# ဓမ္မပဒ ဒိပ္ပနီကျမ်း

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (၁)

## စက္ခုပါလ ဝတ္ထု

### ဓမ္မဒါနရဲ့ အာနိသံသကို ပြသော

အလောင်းတော် ရွှေသမင်မင်းဝတ္ထု

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

(ခုဒ္ဒကပါဌ၊ ၁၀)

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ ခပ်သိမ်းစွာ အကြောင်းပြုသည့်ကောင်းမှုမျိုးမှ ဓမ္မဒါနတည်းဟူသော ရွှေအိုးကြီးသည်။ ဒေဝမနုဿာနံ၊ လူ နတ် ဗြဟ္မာ အနန္တ သတ္တဝါအများတို့အား။ သဗ္ဗကာမဒဒေါ၊ သုခ လုံးစုံ ဘောဂကုဏ်ကို အာရုံချင့်နိုင်း ဉာဏ်ဖြင့်ပိုင်းက မဆိုင်းမနှေး လိုတိုင်း ပေးသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါချေ၏။ ယံယံဝေ၊ တွယ်တာခင်မင် အာသာငင်၍ မြင်မြင်သမျှ အကြင် အကြင်အလိုဆန္ဒကို။ အဘိပတ္ထေန္တိ၊ မရ ပါလ မမျှချေဟု စိတ်နေကြောင့်ကြမဖြောင့်လှအောင် တောင့်တပူပန်ကြ သကုန်၏။ တံတံ သဗ္ဗံ၊ ထိုထိုတောင့်တ အကြောင့်ကြနှင့် မရစနိုး အလုံးစုံ သော ဆန္ဒမျိုးကို။ တေန နိမိနာ၊ လုံ့လကြိုးကုတ် ခုကမြုပ်သည့် မဟုပ်

(ပဉ္စမအကြိမ်)

မသိုး ဤဒါနတည်းဟူသော ရွှေအိုးကြီးဖြင့်။ လဗ္ဘတိ၊ ဆက်ဆက်ဘဝ မပျက်ရအောင် လက်စမပြေ ရနိုင်ချေ၏။

ဤဒေသနာတော်အလာ ဘုရားရှင်အလိုတော်မှာ ဘယ်လိုဆိုလိုပါသလဲ လို့ဆိုတော့ ဤလောက လူ့နယ်တွင် အရွယ်သုံးမျိုးလုံးတို့၌ မညှိုးမနွမ်းရအောင် ကိုယ်ကျိုးကိုသာ ကိုယ်မှန်းထားလို့ ချမ်းသာကို လိုလားကြကုန်သောသူတို့မှာ ငယ်ရွယ်စဉ်အချိန်ကာလက ရှာဖွေ၍ရသမျှကို တစ်စစ သိမ်းဆည်းပြီး အချည်းနှီးမထွက်မသွားစေတဲ့ အထုပ်အထည်ကြီး များများ လုပ်ပြီး ရွှေအိုးကြီး ငွေအိုးကြီးများ မြှုပ်ထားလိုက်ပလားလို့ ဆိုလျှင် နောင်အခါ ဇရာစီး၍ ကာဆီးလို့မရ ခန္ဓာကိုယ် ယိုယွင်းပြီး အိုမင်းခြင်းသို့ပင် ရောက်ရသော်လဲ ဆင်းရဲညှိုးမှိန်စိုးရိမ်ပူဆွေးခြင်းမရှိရဘဲ ရှေးမြှုပ်ပြီး ရွှေအိုးကြီး,ငွေအိုးကြီးတို့ကိုသာ အားကိုးတစ်ခု လက်ကိုင်စွဲပြီး မြင့်ရှည်စွာ ခန္ဓာဆုံးအောင် တစ်သက်လုံး သုံးစွဲနေရဘာပဲတဲ့၊ အဲ ဤဥပမာလို ကုသိုလ်ပုည ဒါနကောင်းမှု အားကိုးစရာတစ်ခုခုကို စောစောက ပြုထားလိုက်မိကြတဲ့ သူများမှာလဲပဲ ယခုဘဝကို အစထားပြီး နိဗ္ဗာန်မရမီ ဘဝအကြားတို့၌ သူတစ်ပါးတို့ထက် အထူးအခြား လူနတ်တို့၏စည်းစိမ်ကို အကြိမ်ကြိမ်ခံစားပြီးမှ ပစ္ဆိမ ဘဝ ခန္ဓာကိုယ် အစတုံး၍ နောက်ဆုံးသို့ကျခဲ့လျှင် ရှေးဒါနပင့်မထောက်လို့မို့ နိဗ္ဗာန်ပေါက် တကမ်းခတ်ပြီး သံသရာနခမ်းသတ်နိုင်ပါတယ်။

အဲသို့ကြောင့် မအိုမီ မနာမီ မသေမီကာလက နောင်ရေးကိုမျှော်ဆပြီး စောစောကကြိုဆီးလို့ ဒါနတည်းဟူသော ရွှေအိုးကြီးများကို အပြီးခုက မြှုပ်နှံလို့ ထားလိုက်ကြရမယ်၊ သို့ ရွှေအိုးကြီးပမာပြုတဲ့ မြှုပ်နှံရမယ့် ဒါနဆိုတာ ဘယ်မျှလောက် များပြားပါသလဲလို့ဆိုတော့၊ အဲ ရွှေအိုးကြီးပမာလုပ်၍ မြှုပ်ရမယ့်ဒါနဆိုတာ ရူပဒါန, သဒ္ဒဒါန, ဂန္ဓဒါန ရသဒါန ဖောဋ္ဌဗ္ဗဒါန,ဓမ္မဒါန ရယ်လို့ အဲ ဤလိုခြောက်မျိုးပြားပါတယ်၊ ဆိုခြောက်မျိုးတို့တွင် အဆင်းကို ရည်မှန်း၍ သက်နှံးစသည်ကိုလှူဒါန်းက ရူပဒါန, အသံကို ရည်မှန်း၍ ကျောက်စည် ခေါင်းလောင်းစသည်ကို လှူဒါန်းက သဒ္ဒဒါန, အနံ့ကိုရည်မှန်း၍ ပန်းကတိုးစသည်ကို လှူဒါန်းက ဂန္ဓဒါန အရသာကို ရည်မှန်း၍ ဆွမ်း အဖျော် စသည်ကို လှူဒါန်းက ရသဒါန, အတွေ့ကိုမှန်း၍ ကျောင်းအိပ်ရာ နေရာစသည်ကို လှူဒါန်းက ဖောဋ္ဌဗ္ဗဒါန လို့ဆိုရတယ်၊ မိမိရင်သွေး သူတစ်ပါး သားမြေးတို့ကို သာသနာတော်မှာ

သွတ်သွင်း၍ ရဟန်းပဉ္စင်း ရှင်သာမဏေအဖြစ်သို့ရောက်အောင် ချီးမြှောက်ရတဲ့ဒါန၊ ဘုရားရှင် မုက္ခပါဠ်ကို ရေးမှတ်ပူဇော်ရတဲ့ဒါန၊ သူတစ်ပါးတို့၏ အသက်ကို မသတ်ဖြတ်ပဲ လက်နက်ကျော့ကွင်းမှ လွှတ်ကင်းဖို့အရေးနှင့် အသက်ကို ဘေးမဲ့ပေးရတဲ့ ဇီဝိတဒါန၊ အဲ့ဤလို ဒါနမျိုးကိုတော့ ဓမ္မဒါနံရယ်လို့ ဆိုရပါတယ်။

အဲ–ထိုခြောက်မျိုးသော ဒါနတို့တွင် ရူပဒါနအစ ဖောဋ္ဌဗ္ဗဒါနအဆုံးရှိသော ငါးမျိုးသော ဒါနတို့၏ အကျိုးပေး အာနိသံသကိုတော့ ဇာတိကာ, ဇာဒ္ဓိလ စသော သူဌေးကြီးငါးဦးတို့၏ ဝတ္ထုသာခကကို ထောက်ဆ၍ သိလောက်စရာ အခွင့်ရှိကြပြီ၊ ဇီဝိတဓမ္မဒါန၏ အာနိသံသအကျိုး တစ်စိတ်မှာတော့–

ရှေးအတိတ်ကမ္ဘာကပ်က ဗာရာဏသီမြို့မြတ်မှာ ဗြဟ္မဒတ်မင်းတရားသည် မိဖုရား ခေမာဒေဝီကို မဟေသီတံဆိပ်နှင်း၍ ထီးနန်းကို စိုးစံတော်မူတယ်၊ ငါတို့ အလောင်းမြတ် ဗောဓိသတ်မှာလဲ ပါရမီဓရင့်တတ်သေးတာနှင့် ဝါဖြည်းဖြည်း ဖွေရှာပြီး ဟိမဝန္တာ တောအတွင်းမှာ ရှစ်သောင်းသော သမင်ရွှေအသင်းနှင့် ရောဟဏ‌ရွှေသမင်မင်းဖြစ်နေရလို့မို့ စိတ္တကညီတော်, နှမတော် သုတနာတို့ပါ ဝိုင်းအုံကာညီညာပြီး ဇရာဒုဗ္ဗလ မျက်မှမြင် မိနှင့်ဘတို့ကို မျှတအောင် အာဟာရပေးလို လေးမြတ်စွာလုပ်ကျွေးနေကြတယ်။

အဲ့နှစ်ဝေးရှည်လျားအခါတစ်ပါးမှာ မိဖုရားခေမာဒေဝီသည်မဟေသီဆောင်ခန်း၌ စံမြန်းအိပ်ပျော်ခိုက်တွင် ရွှေသမင်မင်းတရားကို နာရတယ်အိပ်မက်မြင်လို့မို့ ခင်မင်သဒ္ဓါစိတ်ရမက်မပြေတာနှင့် ဗာရာဏသီမင်းမြတ်ကို ချဉ်းကပ်၍ သံတော်ဦးတင်တယ်၊ ဘယ်လိုတင်ပါသလဲလို့ဆိုတော့.... 'အရှင်မင်းမြတ် ဟိမဝန္တာမြိုင်ရပ်တွင် ထွတ်မြတ်ရောင်ဆင်း တစ်ကိုယ်လုံးပြောင်ပြောင်ဝင်းတဲ့ ရွှေသမင်မင်းရှိပါသည်၊ ထိုရွှေသမင်ဟောပြတဲ့ သြဝါဒ ဓမ္မကံကို နာခံလို ချင်ခြင်းရောက်ထာနှင့် ဖြေဖျောက်လို့ မရဖြစ်ပါကြောင်း'များနှင့်မင်းကြီးအား သံတော်ဦးတင်တယ်၊အဲ့ထိုအခါ ဗာရာဏသီမင်းတရားလဲ မိဖုရားအာသာပြေအောင် တောနေတောင်ပျော်ရှိသမျှ မုဆိုးတို့ကို အချီးမျိုးဆင့်ခေါ်ပြီး ရွှေလှော်ရောင်မှည့်ပြောင်ပြောင်အိန္ဒြိယကျိမဖေး ရွှေသမင်မင်း ရှိရှိကို သိရအောင် စစ်မေးတော်မူတယ်၊

အဲ ဗာရာဏသီမြို့၏ အနီးအပါးနေသာဒ္ဓရွာတွင်မွေးဖွားတဲ့ မုဆိုးသား

(ပဥ္စမအကြိမ်)

တစ်ဦးဟာ သူ့ဖခင်မှာထားခဲ့လို့ ကြားဖူးတဲ့စကားအစဉ်နှင့် ရှေ့ဖျားကို တိုးခင်ပြီး 'အရှင်မင်းမြတ် ဟေမဝန်တောဖျား ရောဟဏ အိုင်အပါးတွင် ရွှေသားရောင်ဆင်း ပြောင်ပြောင်လင်းတဲ့ ရွှေသမင်မင်းနေရပ်ကို တပ်အပ် မိမိ ကျွန်တော်မျိုးသိပါသည်။ မချိနှောင့်ဆ မကြောင့်ကြပါနှင့်တောင့်တတဲ့ အကျိုးတော်မပျက်ရအောင် တောနက်က သမင်မင်းကို လက်တောရောက် ဆက်သွင်းပါတော့မယ်။ လက်ငင်းမမိ အခက်အကျဉ်းလက်နက်နှင့် ခွင်းရလို့မို့ အသက်ကြွင်းမရှိခဲ့သျှင် ဂတိကို မလွဲမသွေစေဘဲ အရေနှင့်မွေးမှင်ဆံကိုထုပ်နှံကာ ရွှေလက်သို့ကျွန်တော်မျိုးသွင်းဆက်ပါမည်' အကြောင်းများနှင့် မင်းကြီးအား သံတော်ဦးတင်တယ်၊ အဲ ထိုအခါ ဗာရာဏသီမင်းတရားနှင့်မိဖုရား ခေမာဒေဝီတို့လဲ စိတ်ကြည်ရွှင်ပျမုဆိုးသား တင်လျှောက်ချက်ကို နှစ်သက်တော်မူလှ၍ ပေးသင့်သမျှဆုလာဘ် မှတ်သင့်သမျှ အမိန့်တော်တို့ကိုဆင့်ဆော်အပ်နှင်းပြီးမှ မုဆိုးကိုမြို့တွင်းသို့စေလွှတ်လိုက်တယ်။

အဲ မုဆိုးသားလဲ တောဖျားတောင်ရင်း ဟေမဝါဂနိုင်စွန်ကို ကျော်လွန်ကာ ဖောက်ထွင်းပြီး ခရီးပြင် စခန်းထောက်နှင့် ရောဟဏအိုင်တွင်းသို့ ခဏချင်းရောက်သွားလေက ချင့်ထောက်တွေးဆ သမင်မင်းရေသောက်ဆင်း အိုင်ချောင်းပေါက်ဆိပ်ကမ်းစတွင် ခိုင်လှတဲ့သရေကွင်းကို သံတံသင်းမှာ ချည်နှောင်ပြီး မိလောက်အောင်ထောင်ပြီးမှ မမြင်အောင်ရှားဖယ်၍ အိုင်ကမ်းထိပ် ချုံပိတ်ပေါင်းမှာခိုအောင်းကာပုန်းကွယ်နေတယ်။ အဲ ရွှေသမင်အလောင်းမြတ်လဲ ရှစ်သောင်းတပ်ခင်းကျင်းပြီး သောက်နေကျ ရေအိုင်တွင်းသို့ သက်ဆင်းကာသောက်လေက ခြေထောက်မှာ ကွင်းစွပ်မိတာနှင့် သတိတော်မလွှတ် အားစွမ်းတော်အဟုန်နှင့် လွှားခုန်ကာ သုံးကြိမ်ချုတ်သော်လဲ မကျွတ်မပြတ်ဘဲ အရေတော်အသားမြတ်နှင့် အကြောပါအကုန်ပြတ်လို့မို့ ခြေတော်မြတ်အင်္ဂါ ဆုံးပျက်မည် အထင်ပေါ်တာနှင့် အားတော်ကို အဟုန်သတ်၍ မရုန်းဘဲ တန့်ရပ်တော်မူပြီးမှ ဤနည်းတူ အခြားငါ့အပါးမှာ ကွင်းအများရှိပြန်ချေက ရံရွေမြားမြောက် မျိုးဆွေသွေးနီး ဆွေးမပြီးအောင် သေဘေးကြီးမရောက်ကြပါစေနှင့် အဲဤလို အကြံတော်ပေါက်တာနှင့် သားတသင်းကို ဘေးကင်းအောင် ခြိမ်းခြောက်လို၍ သုံးကြိမ်လောက် ဟစ်အော်ပြီး ညည်းညူတော်မူလိုက်တယ်၊ အဲ ရံရွေရှစ်သောင်း သမင်ပေါင်းလဲ အလောင်းမင်းအော်ဟစ်သံနှင့် ဆူညံအုတ်ကြွက် သေဘေးကို ကြောက်ကြတာနှင့်ပြေးလျှောက်ကာတက်သွားပြီး တောဖျား

တောင်ကုန်းအချင်းချင်း သုံးစုကွဲတာနှင့် တွဲမိရာစုရုံးပြီး ဘေးလွတ်ရာ ရှောင်ပုန်းနေကြရတယ်။

အဲ-အာနန္ဒာအလောင်း ကမ္ဘာပေါင်းက ဆုတောင်းမယွင်း ညီတော်ရင်းလဲ အသင်းသုံးကွဲ သမင်ထဲတွင် နောင်တော်ကိုမမြင်တာနှင့် ဆင်ခြင်တွေးထောက်က သေဘေးဖြင့် ရောက်ပါပြီအထင်နှင့် စိတ်ဘဝင်မအေးလို့မို့ ရေဆိပ်ကို ပြေးကြည့်လာတယ်။ အဲ-ဗောဓိသတ်အလောင်းတော်ကလဲ စိတ္တက ညီတော်ပြေးလာတာကိုမြင်လျှင် ချစ်ခင်တဲ့မေတ္တာနှင့် ညီတော်ပါပေါင်းစပ်၍ နှစ်လောင်းထပ်သေမည်ထင်လို့မို့ အဝေးသို့နှင်တော်မူတယ်။ ဘယ်လိုနှင်ပါသလဲလို့ ဆိုတော့ ငါ့ညီ စိတ္တက-ရံရွေရှစ်သောင်း ကြာရှည်စွာ အတူပေါင်းကြတဲ့ သင့်မိတ်ကောင်း သဟာယတို့မှာ ငါက ဟစ်ကြွေး အသံပေးလိုက်လို့မို့ သေဘေးကို ကြောက်ကြတာနှင့် ကိုးကားစရာမမြင်ဘဲ မြိုင်တွင်းသို့ ဝင်ကြလေကုန်ပြီ၊ သင်ညီခင် စိတ္တကမှာလဲ ဤဌာနရေအိုင်ကြီး ဘေးရန်နှင့်နီးလှ၍ ဝေးဝေးကြီး ရှောင်ကွင်းပြီး တောတွင်းသို့ ဝင်ပါလေ၊ ရံရွေသင်းပင်းအတူနေသားတသင်းတို့မှာ မှီတင်းစရာတစ်စုံတစ်ယောက်သင်တို့သူမခံမထောက်က မြိုင်အောက်မှာ ထိုဤပြေးပြီး ကျား, သစ်, ဆင် ရန်မအေးဘဲ သေဘေးကြီး ရောက်ကြပါလိမ့်မယ်။ ထောက်ထားစရာတစ်ခု သားအများကို ငါ့အစား ကိုယ်စားလှယ်ပြုပြီး ဘေးမခု မှုမတိမ်းရအောင် ထိန်းသိမ်း၍ စောင့်ရှောက်ရစ်ပါလို့' အဲ-ဤလို မှာထားပြီး မြိုင်ဖျားသို့ နှင်တော်မူတယ်။ ထို့ကြောင့်-

ဧတေ ယူထာ ပတိယန္တိ၊ ဘီတာ မရဏာ စိတ္တက။ *

ဂစ္ဆ တုဝံပိ မာ ကင်္ခိ၊ ဇီဝိဿန္တိ ဘယာ သဟ။

လို့-ဟောတော်မူတယ်။

စိတ္တက၊ ညီငယ်စိတ္တက။ ဧတေယူထာ၊ ထိုအတူနေ မှုမသွေတဲ့ မိတ်ဆွေရှစ်သောင်း သမင်ပေါင်းတို့သည်။ မရဏာဘီတာ၊ ရန်မှိုးလိမ့်ရေး စိတ်မအေးဘဲ မြည်ကြွေးတုန်တုန် သေဘေးကို ကြောက်ကြကုန်သည်ဖြစ်၍။ ပတိယန္တိ၊ဂုံနိုင်ချုံဖျား တဟုန်အားဖြင့် ခုန်လွှားကာ ပြေးဝင်ကြလေကုန်ပြီ။ တုဝံပိ၊ မိတ်ဖော်နှင့်ကင်း သင် ညီရင်းသည်လည်း။ ဂစ္ဆ ဂစ္ဆာဟိ၊ မနှေးမြန်စွာ ပြေးပြန်ပါလော။မာကင်္ခိ၊ တမိမ္ဘုးချင်းသွေးအခင်းမို့ ချဉ်းကာမကွာ

* ဘီတာ မရဏာဿ စိတ္တက။ ဇာတ်၊ ၄၊ စတုက္က၊ ၄၁၅။
(ပဥ္စမအကြိမ်)

မနေလိုပါလင့်။ ဝယာ၊ ပညာကိုယ်အား စွမ်းပကားနှင့် ကိုးစားစလောက် သင်တစ်ယောက်နှင့်။ သဟ-သဟော၀၊ မကွာမကွေ အတူနေမှသာလျှင်။ ဧဝေ ယူထာ၊ ထိုသင့်အဆွေ ရံရွေရှစ်သောင်း သခင်မပါင်းတို့သည်။ ဇီဝိဿသု၊ တုဖက်ရန်ငှ အခိတ္တေက ပြန်ဝေ့ယှက်တင် အသက်ရှင်ကြပါကုန်လတ္တံ့။

အဲ-ဤလို ဗောဓိသတ်ဘုရားလောင်းက ညီတော်ကို ဘေးလွတ်ကြောင်းနှင့် ကမ်းစောင်းကနှင်ပါသော်သည်း အာနန်ရှင် အလောင်းမြတ်က အသက်ကို နှင်းအပ်ပြီး မြိုင်ရပ်ကို မပြန်လိုကြောင်းနှင့် နောင်တော်မှာ ခွင့်တောင်းတယ်။ ဘယ်လို တောင်းပါသလဲလို့ ဆိုတော့ "နောင်တောရောဟာဏ၊ အကျွန်ုပ်၏ အသည်းနှလုံးတစ်အုံလုံးကွဲတော့မလို ခွာခွဲ၍မရတာနှင့်ကန္တာရ မြိုင်တွင်းကို ကွာကွင်း၍ မဝင်လိုပါ။ ဇဝမှာမရှင်း နောင်တော်ကို ညွတ်ကျော့ကွင်းနှင့် အတင်းယခု သေမင်းလုသည်ကို ရှုကြည့်လို့မှ မရဲ မနေချက်ခြင်း အသေခွင်းလိမ့်မည်ကို ကွေကွင်းတာ ခွဲရမည့်အရေးမှာ တွေးမိတိုင်း နှမ်းရိပြီး မချိအောင် စိတ်ဆင်းရဲလှဘာနှင့် ခွာခွဲကာ ရှောင်မထွက်ဘဲ နောင်တော်ကိုသာ အတူဖက်ပြီး အသက်ကို စွန့်ပါမည့် အကြောင်းများနှင့် ပြောကြားကာ အခွင့်ခံတယ်"။ ထို့ကြောင့်—

နာဟံ ရောဟဏ ဂစ္ဆာမိ၊ ဟဒယံမေ အဝကဿတိ။
န တံ အဟံ ဇဟိဿာမိ၊ ဣဓ ဟိဿာမိ ဇီဝိတံ။

လို့-ဟောတော်မူတယ်။

ရောဟဏ၊ နောင်တော် ရောဟဏ။ အဟံ သောကမအေး သင့်အရေးကြောင့် ပူဆွေးတုန်လှုပ် အကျွန်ုပ်သည်။ နဂစ္ဆာမိ၊ နောင်တော်နှင့်ကင်း တစ်ယောက်ချင်းဖြင့် ရှောင်ကွင်းရှားခွာ မသွားပါအံ့။ မေ မမ၊ အပူမီးထ ဆူသည်းကြွ၍ တရှုရှုလှုပ် အကျွန်ုပ်၏။ ဟဒယံ၊ တလော်လောဆင်း ဇော မရှင်းဘဲ အတွင်းကဖုံး စိတ်နှလုံးသည်။ အဝကဿတိ၊ နောင်တော်နှင့်တွဲ ကွာမကွဲအောင် အမြဲဝင်ကာ ဆွဲငင်ပါ၏။ အဟံ၊ အရေးမရှိ ဘေးမသိဘဲ မငြိမရှုပ် အကျွန်ုပ်သည်။ တံ၊ သေစာရင်းထိ ကျော့ကွင်းမိ၍ မချိပူပြင်း သင်နောင်ရင်းကို။ နဇဟိဿာမိ၊ မချစ်မယုံ ပစ်ခါပုံ၍ လွှားခုန်ရှိကာမစွန့်ပါအံ့။ ဣဓဝေ၊ နောင်တော်နှင့်တွဲ ဤအိုင်ထဲ၌သာလျှင်။ ဇီဝိတံ၊ တစ်သက်မလွဲ ပျက်စမြဲမို့ ခက်ခဲမဟုတ် ဇီဝရုပ်ကို။ ဟိဿာမိ၊ မစာမထောက် မညှာ ကြောက်ဘဲ ဖွင့်မြှောက်လှစ်ခါ စွန့်ပစ်ပါအံ့။

(ပဋ္ဌမအကြိမ်)

အဲ့ဤလို 'ညီတော်စိတ္တက၊ တောတွင်းသို့ မပြန်ရမည့် အကြောင်းများနှင့် ပြောကြားကာ တောင်းပန်လေလျှင် ဗောဓိသတ် အလောင်းတော်ကလဲမိဘတို့အရေးကို ရှုတွေးကာထောက်မျှော်ပြီး ညီတော်ကိုနှင်ပြန်တယ်။ ဘယ်လို နှင်ပြန်ပါသလဲဆိုတော့— 'ညီငယ်စိတ္တက·ဇရာဒုဗ္ဗလ အိုမင်းလှတဲ့ပြင် စက္ခုကကွယ်ကင်းလို့ အလင်းကိုမှမရကြတဲ့ဒုက္ခိတမိဘများဘို့မှာ တောကြားမြိုင်အောက် အာဟာရရေး အစာပေး၍ ကျွေးမွေးသူ ကင်းပျောက်က ညှိုးခြောက်နွမ်းနယ်ပြီး ခုနစ်ရက်အတွင်း သက်ကြွင်းကြဘဲ သေခြင်းသို့ရောက်ကြပါလိမ့်မယ်၊ ထောက်ကယ်ကပ်ချဉ်း အစာရေ မခန်းခြောက်ရအောင် သင်တစ်ယောက် ဆက်ကူသွင်းပါမှသာ မိဘအိုသမင်တရှဉ်းတို့မှာ အသက်ကြွင်း ရနိုင်ပါတော့မယ်၊ ကြောင့်ကြမီး ကြိုးသွယ်လို့ ညှိုးငယ်ကာ အပူပွားပြီး အပါးမှာ မနေလိုပါဘဲ မိဘအို မသေပျောက်ရအောင်သာ အသက်ကိုစောင့်ရှောက်ရစ်ပါ'လို့ အဲ့ဤလို မှာထားပြီး မြိုင်ဖျားသို့ နှင်ပြန်တယ်၊ ထို့ကြောင့်—

တေဟိ နူန မရိဿန္တိ၊ အန္ဓာ အပရိဏာယကာ။
ဂစ္ဆ တုံပိ မာကာဒိ၊ ဇီဝိဿန္တိ တယာ သဟ။

လို့ ဟောတော်မူတယ်။

ကနိဋ္ဌ၊ ညီငယ်။ ဝနေ၊ ဟေမဝါမြိုင်စူယ် တောကြီးလယ်၌။ အန္ဓာ၊ ရှုစရာအရှင်း စက္ခုကင်း၍ အလင်းကိုမှ မရကြကုန်သော။ အပရိဏာယကာ၊ အလေးတမူ အရေးယူ၍ မွေးမြူမစ အလုပ်အကျွေးလည်း မရှိကြကုန်သော။ တေ၊ ထိုမရှန်းမကြွ ချုံးဗလဲနှင့် ကုန်းကွယ်ငင်းယို မိဘအိုတို့သည်။ မရိဿန္တိ နူန၊အရိုးမခိုင် စိုးမပိုင်နှင့် ညှိုးမှိုင်ညည်းခွေ သေရချေကုန်လိမ့်တကား။ တုံပိ၊ မိဘနှစ်ပါး မွေးမြူဖွား၍ လူလားမြောက်ဆင်း သင်ညီရင်းသည်လည်း။ ဂစ္ဆ·ဂစ္ဆာဟိ၊မယူပါကား အပူပွား၍အနားမနေသွားပါချေလော။ မာကာဒိ၊ လောင်ဆူမီးဝေ အသည်းကြွေမျှ သည်းခွေခိုကာ မနေလိုပါလင့်။ တယာ၊ မိအိုဖအို မလဲပြိုအောင်တွဲခိုစလောက် သင်တစ်ယောက်နှင့်။ သဟ သဟော၊ အအေးအပူ ဘေးမပြုအောင် ပေးယူမျှဝေ အတူနေမှသာလျှင်။ တေ၊ ထိုအရိုးအရေ သွီးခွေခွေနှင့် အခြေယွင်းယို မိဘအိုတို့သည်။ ဇီဝိဿန္တိ၊ နှစ်နှင့်လ ရက် ဆင့်ကာတက်၍ မပျက်အစဉ် အသက်ရှင်ကြပါကုန်လတ္တံ့။

အဲ-ဤလို ဖမိအိုတို့၏ အရေးကိုပြုပြီး အပါးက နှင်ပါသော်လဲ ညီတော် သမင်သည် မပြန်ချင်တဲ့အကြောင်းနှင့် ရှေးကလို အခွင့်တောင်းပြီး ကမ်း စောင်းက ပြေးဝင်လာ၍ နောင်တော်၏ လက်ယာနံပါးမှာ မှေးကပ်လို့ ဖေး မကာ တွဲရပ်နေဘယ်၊ ထို့ကြောင့်—

နာဟံ ရောဟဏ ဂစ္ဆာမိ၊ ဟာဒယံ မေ အဝကဿတိ။
န တံ ဗဒ္ဓံ ဇဟိဿာမိ၊ ဣဓ ဟိဿာမိ ဇီဝိတံ။

လို့ ဟောတော်မူတယ်။

ရောဟဏ၊ နောင်တော်ရောဟဏ။ အဟံ၊ သောကမအေး သင့်အရေး ကြောင့် ပူဆွေးတုန်လှုပ် အကျွန်ုပ်သည်။ နဂစ္ဆာမိ၊ နောင်တော်နှင့်ကင်း တစ်ယောက်ချင်းဖြင့် ရှောင်ကွင်းရှားခွါမသွားပါအံ့။မေ-မမ၊အပူမီးထဲ ဆူ သည်းကြွ၍ တရွရွလှုပ် အကျွန်ုပ်၏။ ဟာဒယံ၊တလောလောဆင်း ဇော်မရှင်း ဘဲ အတွင်းမှာဖုံး စိတ်နှလုံးသည်။ အဝကဿတိ၊ နောင်တော်နှင့်တွဲ ကွာ မကွဲအောင် အမြဲ့ငကာ ဆွဲငင်ပါ၏။ အဟံ၊ အရေးမရှိ ဘေးမထိဘဲ မငြိ မရှုပ် အကျွန်ုပ်သည်။တံဗဒ္ဓံ၊သေစာရင်းထိ ကျော့ကွင်းမိ၍ မချိအောင်ပြင်း သင်နောင်ရင်းကို။ နဇဟိဿာမိ၊မချစ်မယုံ ပစ်ခါပုံ၍ လွှားခုန်ရှိကာ မစွန့် ပါအံ့။ ဣဓေဝ၊ နောင်တော်နှင့်တွဲ ဤအိုင်းထဲ၌သာလျှင်။ ဇီဝိတံ၊တစ်သက် မလွဲ ပျက်စမြဲမို့ ခက်ခဲမဟုတ် ဇီဝရုပ်ကို။ ဟိဿာမိ၊ မစာမထောက် မညှာ ကြောက်ဘဲ ဖွင့်မြှောက်လှစ်ကာ စွန့်ပစ်ပါအံ့။

အဲ-နှမငယ် သုတနာလဲ မောင်တော်နှစ်ယောက်တို့ မလာမရောက်တဲ့ အဘွက်ကြောင့် စိတ်ရမက် မအေးနိုင်တာနှင့် ရေဆိပ်ကို ပြေးလာပြန်တယ်၊ အဲ-အလောင်းမင်း ဗောဓိလျာကလဲ နှမငယ်သုတနာလာတာကိုမြင်ပြန်လျှင် မရွှင်သော မျက်နှာနှင့် ကွင်းမိတဲ့အရေ အရာကိုပြုပြီး ကြောက်တတ်လှတဲ့ နှမငယ်ကို အဝေးသို့ နှင်ပြန်တယ်၊ ထို့ကြောင့်—

ဂစ္ဆ ဘီရု ပလာယဿု၊ ကူဋေ ဗဒ္ဓေါသ္မိ အာယသေ။
ဂစ္ဆ တုဝံပိ မာကာမိ၊ ဇီဝိဿန္တိ တယာ သဟ။

လို့-ဟောတော်မူတယ်။

ဘီရု၊ရှေ့တွင်မျက်မှောက်မြင်လာရောက်က ကြောက်ရှိလှလွှယ် နှမငယ်။ ဂစ္ဆ-ဂစ္ဆာဟိ၊ အနားမလာ ပြန်သွားပါလေ။ ပလာယဿု၊ ဝေးအောင်
(ပဥ္စမအကြိမ်)

ကွာကွာ ပြေးရှောင်ပါလော။ အဟံ၊ ငါကား။ အယသော၊ မြေတွင်အမြဲ သံငုတ်စွဲသော။ ကူဋွော၊ ရှုံ့သွန်နွံတွင်း လွန်ကျော့ကွင်း၌။ ဗဒ္ဓော၊ သား ရေကြိုးမှ မြေမရအောင် ခြေစမှာငြိ မြဲစွာမိသည်။ အသို့သတိမှောက်ဝေ ဖြစ်ရချေပြီ။ တုဝံပိ၊ ဘေးရန်နီးလှ သင်နှမသည်လည်း။ ဂစ္ဆ-ဂစ္ဆာဟိ၊ မနားမနေ သွားပါလေလော့။မာကၡိ၊ မပြေးမလှည့် သေဘေးထိသည်ကို ကြည့်ကာ ကြည့်ကာ မနေလိုပါလင့်။ တယာ၊ သမင်နှုန်းပြင် ထုံးအစဉ်၌ ကျွမ်းကျင်ပါလှ သင်နှမနှင့်။ သဟသဟော၀၊ မခွဲမကွေ့ အမြဲနေမှုသာလျှင်၊ ဧတေယူထာ၊ ထိုသမင်ပေါင်း ရွှေရှစ်သောင်းတို့သည်။ ဇီဝိဿန္တိ၊ မပျက် အစဉ် အသက်ရှင်ကြပါကုန်လတ္တံ့။

အဲ-ဤလို မောင်တော်က ဘေးကိုမြင်၍ အဝေးသို့ နှင်ပါသော်လဲ ခင်မင်ရစ်ဝဲပြီး မောင်တော် နှစ်ယောက်ကို မပစ်မခွဲနိုင်တာနှင့် နေမြဲပင် နေပြန်တယ်။ ထို့ကြောင့်-

> နာဟံ ရောဟဏ ဂစ္ဆာမိ၊ ဟဒယံ မေ အဝကဿတိ။
> န တံ အဟံ ဇဟိဿာမိ၊ ဣဓ ဟိဿာမိ ဇီဝိတံ။

လို့ ဟောတော်မူတယ်။

ရောဟဏ၊ မောင်တော်ရောဟဏ္ဏ။ အဟံ၊သောကမအေး သင့်အရေး ကြောင့် ပူဆွေးတုန်လှုပ် အကျွန်ုပ်သည်။ နဂစ္ဆာမိ၊ မောင်တော်နှင့်ကင်း တစ်ယောက်ချင်းဖြင့် ရှောင်ကွင်းရှားခွာ မသွားပါအံ့။ မေ-မမ၊ အပူမီးထ အူသည်းကြွ၍ တံခွန်ရွလှုပ် အကျွန်ုပ်၏။ ဟဒယံ၊ တလောလောဆင်း ဇော မရှင်းဘဲ အတွင်းပိတ်ဖုံး စိတ်နှလုံးသည်။ အဝကဿတိ၊ မောင်တော်နှင့်တွဲ ကွာမကွဲဘဲ အမြဲဝင်ကာ ဆွဲငင်ပါ၏။ အဟံ၊ အရေးမရှိ ဘေးမထိဘဲ မငြိ မရှုပ် အကျွန်ုပ်သည်။ တံ၊ယေစာရင်းထိ ကျော့ကွင်းမိ၍ မချိလောင်ပြင်း သင်မောင်ရင်းကို။ နဇဟိဿာမိ။ မချစ်မယုံ ပစ်ခွာပုံ၍ လွှားခုန်ရှုံ့ကာ မစွန့်ပါအံ့။ ဣဓဝေ၊ မောင်တော်နှင့်တွဲ ဤအိုင်ထဲ၌သာလျှင်။ ဇီဝိတံ၊ တစ်သက်မလှဲ သေရမြဲမို့ မလွဲမဆုတ် ဇီဝရုပ်ကို။ ဟိဿာမိ၊ မစာမထောက် ညှာမထောက်ဘဲ ဖွင့်ဖြောက်လှစ်ကာ စွန့်ပစ်ပါအံ့။

အဲ ဤလိုနှမငယ်သုတနာသည်ဝေးရာသို့မသွားမပြန်ဘဲ ကမ်းကန်တော ဇပ်က တန့်ရပ်ညည်းညူ၍ နေသည်ကို မြင်ပြန်ရာတွင် 'နှမငယ် သုတနာ (ပဉ္စမအုပ်)

ကန္တာရတောအတွင်းမှာ အလင်းကိုမရကြဘဲ အားခွန်ဗလ နည်းပါးလှတဲ့ ငါတို့၏ မိဘအိုနှစ်ပါးမှာသားနှစ်ယောက်သေပျောက်ဆုံးလို့မို့ စိတ်နှလုံး နောက်ကျိပြီး အပူဟုန်ဖိလွှမ်းလို့ ပင်ပန်းကာ နွမ်းရိခဲ့သော် သတိပေး အမဒၶစ သင်နှမငယ်ရှိပါသေးက သေဘေးမှ လွတ်ရပါလိမ့်မယ်၊ မောင်နှမ စုရုံးပြီး မုဆိုး၏လက်ထဲမှာ သုံးယောက်တွဲအတူဆုံးကြမှဖြင့် မတုံးမကျေ သည်မျှနှင့်မနေပါဘဲ ဂနိုင်မြေတောအတွင်းက မိဘအို အာဟာရကင်းကြ တာနှင့် နှစ်စင်းတွဲနောက်ပါကျုံးပြီး ငါးယောက်လုံးစုခဲ့လို့တစ်ပြိုင်တည်း သေကြပါလိမ့်မယ်၊မနေဘဲမြန်မြန်ပြန်ပြီး မြိုင်ယံက မိနှင့်ဖတို့ကို အာဟာရ ပင့်ထောက်လို့မို့အသက်ကို စောင့်ရှောက်ရစ်ပါလို့’ အဲ-ဤလိုအကြောင်း ပြန်၍ နှမငယ်ကို တောသို့ နှင်ပြန်တယ်၊ ထို့ကြောင့်—

တေဟိ နူန မရိဿန္တိ၊ အန္ဓာ အပရိဏာယကာ။
ဂစ္ဆ တုဝံပိ မာကိ၊ ဇီဝိဿန္တိ တယာ သဟ။

လို့-ဟောတော်မူတယ်။

ကနိဋ္ဌ၊ နှမငယ်။ ဝနေ၊ ဟေမဝါမြိုင်စွယ် တောလယ်ကြီး၌။ အန္ဓာ၊ ရှုစရာအရှင်း စက္ခုကင်း၍အလင်းကိုမှ မရကြကုန်သော။ အပရိဏာယကာ၊ အလေးတမူ အရေးယူ၍ မွေးမြူမစ အလုပ်အကျွေးလည်းမရှိကြကုန်သော။ တေ၊ ထိုမရှုန်းမကြွ ချုံးဗလနှင့် ကုန်းတွယ်ငင်းယို မိဘအိုတို့သည်။ မရိဿန္တိ နူန၊ အရိုးမခိုင် စိုးမပိုင်နှင့် ညှိုးမှိုင်ညည်းခွေ သေရချေကုန်လိမ့်ဘကား။ တုဝံပိ၊ မိဘနှစ်ပါး မွေးမြူဖွား၍ လူသားမြောက်ရ သင်နှမငယ်သည်လည်း။ ဂစ္ဆ-ဂစ္ဆာဟိ၊ မယူစကား အပူပွား၍ အနားမနေ သွားပါလေလော့။ မာကိ၊ လောင်ဆူမီးဝေ အသည်းကြွေမျှ ညည်းခွေခိုကာ မနေလိုပါလင့်။ တယာ၊ မိအိုဖအို မလဲပြိုအောင် တွဲခိုစလောက် သင်တစ်ယောက်နှင့်။ သဟ-သဟေဝ၊အဆာအားအပူ ဘေးမပြုအောင် ပေးယူမျှဝေ အတူနေမှသာလျှင်။ တေ၊ ထိုအရိုးအရေ ညှိုးခွေခွေနှင့် အခြေယွင်းယို မိဘအိုတို့သည်။ဇီဝိဿန္တိ၊ နှစ်နှင့်လ,ရက် ဆင့်ကာတက်၍ မပျက်အစဉ် အသက်ရှင်ကြပါကုန်လတ္တံ့။

အဲ-နှမငယ် သုတနာလဲ မောင်တော်၏ပြောစကားကို သဘောထား စိတ်မဝင်ဘဲ ‘လျှင်လျှင်ကြီး’ ကမ်းထိပ်က ဆင်းပြေးပြီး လက်ဝဲနံဘေးက မေးကပ်လို့ ဖေးမကာ တန့်ရပ်နေတယ်။ ထို့ကြောင့်—

(ပဌမအကြိမ်)

နာဟံ ရောဟဏာ ဂစ္ဆာမိ၊ ဟာဒယံ မေ အဝကဿတိ။
န တံ ဗဒ္ဓံ ဇဟိဿာမိ၊ ဣဓ ဟိဿာမိ ဇီဝိတံ။

လို့-ဟောတော်မူတယ်။

ရောဟဏ၊ မောင်တော် ရောဟဏ။ အဟံ၊ သောကမအေး သင့်အရေး ကြောင့် ပူဆွေးတုန်လှုပ် အကျွန်ုပ်သည်။ န ဂစ္ဆာမိ၊ မောင်တော်နှင့်ကင်း တစ်ယောက်ချင်းဖြင့် ရှောင်ကွင်းရှားခွာ မသွားပါအံ့။ မေ-မမ၊ အပူမီးထ ဆူသည်းကြွ၍ တရှုရှုလှုပ် အကျွန်ုပ်၏။ ဟာဒယံ၊ တလောလောဆင်း ဇော မရှင်းဘဲ အတွင်းပိတ်ဖုံး စိတ်နှလုံးသည်။ အဝကဿတိ၊ မောင်တော်နှင့်တွဲ ကွာမကွဲဘဲ အမြဲဝင်ကာ ဆွဲငင်ပါ၏။ တံဗဒ္ဓံ၊ သေဘက်ကိုဆွဲ ကွင်းနှင့်တွဲ၍ မလွဲမကင်း သင်မောင်ရင်းကို။ နဇဟိဿာမိ၊ မချစ်မယ်ပစ်ခွာပုံ၍ လွှားခုန် ရှို့ကာ မစွန့်ပါအံ့။ ဣဓေဝ၊ မောင်တော်နှင့်တွဲ ဤအိုင်ထဲ၌သာလျှင်။ ဇီဝိတံ၊ တစ်သက်မလွဲ သေရမြဲမို့ မလွဲမဆုတ် ဇီဝရုပ်ကို။ ဟိဿာမိ မစာမထောက်ညှာမကြောက်ဘဲ ဖွင့်မြောက်လှစ်ခါ စွန့်ပစ်ပါအံ့။

အဲ-ဤလို ဗောဓိသတ်အလောင်းတော်နှင့်တကွ သမင်ယယ် မောင်နှမတို့ သုံးယောက်စုံ ယှဉ်တွဲပြီး မပြေးဘဲ အသေခံနေကြလျှင် ချုံထဲ အိုင်စောင်းက ပုန်းအောင်းခြေါင်းကွယ်ခနတဲ့မုဆိုးကလဲ တောရိုးမြိုင်ဖျား ဘုရားလောင်း အော်ပာစ်သံနှင့် သမင်များပြေးလွှားသံကို ဆူညံအောင် ကြားရတာနှင့် အားရစိတ်ရှင် ရွှေသမင်အလောင်းမင်းကို ကွင်းမိပြီထင်တာနှင့် လျှင်လျှင် ကြီး ထကြွပြီး မြလှအောင် ခါးပတ်ပုဆိုးကိုတဲလို့ သမင်ထိုး လှံမြားတို့ကို လက်နှစ်ဘက်နှင့်ကိုင်ဆွဲပြီး ရဲရဲတင်းတင်း ချုံထဲကပြေးထွက်လို့ ရေဆိပ် ကမ်းဘက်သို့ ကပ်ချဉ်းပြီး ရွှေသမင်မင်းတစ်ကောင်ကိုသာ သားရေလွန် တစ်ကွင်းတည်းနှင့် အိုင်ထဲမှာ ထောင်ပါတာ သမင်မြောင်အများအပြား မိပုံက ထူးခြားလှတာနှင့် မသွားဘဲ အားအဟုန်သတ်ပြီး တန့်ရပ်ခါ ကြည့်နေတယ်။

အဲ-အလောင်းမြတ် ဗောဓိလျာလဲ လေးမြားတို့ကို လက်စွဲကာ ကြမ်း ကြုတ်တဲ့ အမူအရာနှင့် မုဆိုးကြီးပြေးလာတာကို မြင်လျှင်ပင် မရှင်စိတ်စင် ညီငယ်နှမငယ်များကို သနားလှသည့်အတွက်နှင့် ငဲ့ကွက်ခါ ရှုမျှော်ပြီး 'စိတ္တကညီတော် နှမတော်သုတနာတို့ သေဖို့ရာကာလ အချိန်ဖြင့် နီးကြလှ ပြီ၊ ကမ်းစပ်က အတင်းအကျပ် သားထိုးလှံလက်ကွဲလို့ ရဲရဲကြီး တန့်ရပ်ခါ

မုဆိုးဖြင့်လာချေပြီ၊ မကြာချက်ချင်း ကမ်းပေါ်က ပြေးလာဆင်းပြီး ဝင်းဝင်းပြောင်လက် သားဆိုးလုံ လေးလက်နက်နှင့် ရက်စက်အပြင်း ငါ့ဘို့ကို မငဲ့ကွက်ဘဲ အသက်ကို ခွင်းချေတော့မယ်၊ လက်ငင်းခုက မလာခင် အသက်ကြွင်းကို ညီရင်းတို့ရကြအောင် အပါးကရှောင်ကွင်းပြီး တောတွင်းသို့ မြန်မြန် ဝင်ကြပါလို့ အဲ့ဤလို သောကဟုန် အရှိန်ပြင်းတာနှင့် မြိုင်တွင်းသို့ နှင်တော်မူပြန်တယ်။ ထို့ကြောင့်—

> အယံ သော လုဒ္ဒကော တေ၊ လုဒ္ဒရူပေါ သဟာဝုဓော။
> ယော နော ဝဓိဿတိ အဇ္ဇ ဥသုနာသတ္တိယာပိစ။

လို့·ဟောတော်မူတယ်။

ကနိဋ္ဌာ၊ ညီငယ် နှမငယ်တို့။ ယောလုဒ္ဒကော၊ ကြမ်းကြုတ် ရက်စက် စိတ်မာန်မျက်နှင့် လက်နက်အားကိုး အကြင်မုဆိုးသည်။ အဇ္ဇမေဝ၊ နက်ဖြန်သန်ဘက် မချိန်းချက်ဘဲ ဆက်ဆက်မရွှေ့ ဤယနေ့၌သာလျှင်။နော၊တစ်သုံးတည်းရ ငါတို့မောင်နှမတို့ကို။ ဥသုနာပိ၊ အဆိပ်ပြင်းပြ မြားစင်းမဖြင့်သော်လည်းကောင်း။ သတ္တိယာပိ၊ ပေါက်ရှတိုးပျံ့ သားထိုးလှံ့နှင့်သော်လည်းကောင်း။ ဝဓိဿတိ၊ အယုတ်အမြတ် မရွေးမှတ်ဘဲ ပြေးကပ်မနေ သတ်တော့ပေလတ္တံ့။ လုဒ္ဒရူပေါ၊ မဆိုင်းမဆုတ် တွေ့တိုင်းခုတ်၍ ကြမ်းကြုတ်သော သဘောရှိသော။ သဟာဝုဓော၊ ခိုင်ခိုင်အမြဲ ရန်ကိုင်လှဲဖို့ ကိုင်စွဲသော လက်နက်ရှိသော။ အယံ လုဒ္ဒကော၊ စမ်းရိပ်ရှန်းရှန်း ကမ်းထိပ်စွန်း၌ ချွန်းချွန်းမတ်မတ် ဤယခုရပ်လာသော မုဆိုးသည်ကား။ သောလုဒ္ဒကော၊ သားသံခင်ပေါင်း ဝိညာဉ်ပြောင်းအောင် မကောင်းကြံငြိုး ဆိုကျော့ကွင်းထောင်သော မုဆိုးပင်တည်း။ တေ၊ လေး လှံ မြားပိုက် တအားတိုက်၍ စိုက်စိုက်လျှောက်ခါ ဆိုက်ရောက်၍ လာချေပြီ။ ကနိဋ္ဌာ၊ ညီငယ် နှမငယ်တို့။ ပလာယန္တု၊ မရောက်မီအတွင်း လျှောက်ခါကွင်း၍ လက်ငင်းလွှားခုန် ပြေးပါကုန်လော။

အဲ့ဤလို အလောင်းတော်ဗောဓိလျှာက ပြေးစရာ အခွင့်ရအောင် စောစောက မုဆိုးကိုပြပြီး အပါးက နှင်ပါသော်လဲ ညီတော်သမင် စိတ္တကာမှာ ကြည်လင်သောမျက်နှာနှင့် တင်းခိုင်စွာ စိတ်ကိုဟဲ့ပြီး နောင်တော်ကို မခွာမခွဲဘဲ ရဲရဲကြီး အသေခံနေတယ်၊ သုတနာ နှမငယ်မှာတော့ ကြောက်

ဖွယ်ဘနန်း ရွှေတွင်မားမား လေးလုံခါးကို အပါးတွင်ကိုင်ထမ်းပြီး ကြမ်းတမ်းတဲ့ မုဆိုးအသွင်ကို ရုတ်တရက်မြင်လိုက်ရလျှင်ပင် မရှင်ချောက်ချားမချိအောင် ကြောက်လှတာနှင့် အတော်လောက် ပြေးသွားပြီးမှ မောင်တော်နှစ်ပါးကိုငဲ့ကွက်ပြီး ပစ်ထားကာ မခွါရက်လို့မို့ အသက်ကို စွန့်ပါတော့မယ်အကြံနှင့် ပြန်မြဲပင် ပြန်လာတယ်။ ထို့ကြောင့်—

သာမုဟုတ္တံ ပလာယိတွာ၊ ဘယဋ္ဋာ ဘယတဇ္ဇိတာ။
သုဒုက္ကရံ အကရာ ဘီရု၊ မရဏာယူပနိဝတ္တထ။

လို့ ဟောတော်မူတယ်။

သာဘီရု၊ ရွှေတွင်မျက်မှောက် မြင်လာရောက်က ကြောက်ရွံ့လှဖွယ် ထိုနှမငယ်သည်။ ဘယဋ္ဋာ၊ မအေးမသက် သေဘေးဖြင့်နှိပ်စက်အပ်သည်ဖြစ်၍။ ဘယတဇ္ဇိတာ၊ ခြေသိမ်မရ သေဘေးဖြင့် ထိတ်လန့်လှသည်ဖြစ်၍။ မဟုတ္တံ၊ မကြာမြင့်လှ တစ်ခဏမျှ။ ပလာယိတွာ၊ ဗျာပါဒွေးကျက် ပြေးကာထွက်၍။ သုဒုက္ကရံ၊ လွှဲကာကင်းကင်း မဖဲမကွင်းဘဲ ခဲယဉ်းလှသောအမှုကို။ အကရာ၊ မတွန့်မရှား မရွံ့ပါးဘဲ စွန့်စားကာပြုဝံ့ပေပြီ။ မရဏာယ၊ လေးလှမြားတုတ်မရှားဆုတ်ဘဲ ထိုးခုတ်ဖြတ်ခွင်း သတ်သေခြင်းငှာ။ ဥပနိဝတ္တထ၊ ရန်ဘေးရှုရာ ပြန်ပြေးလာ၏။

အဲ ကမ်းထိပ်ကကြည့်နေတဲ့မုဆိုးကာလဲ ညှိုးနွမ်းခယ သမင်ငယ်မောင်နှမတို့ အဝေးကိုမှမခွဲမခွါနိုင်ကြဘဲ ယှဉ်တွဲဖေးမဝဲလက်ယာကာပ်ချဉ်းပြီးအချင်းချင်း ခင်မင်၍နေကြသည်ကိုမြင်လျှင်ကြည်လင်မေတ္တာ တမိတည်းဖွားဆင်းတဲ့ သားချင်းလိုသနားလှတာနှင့် ကရုဏာစိတ်ဝင်ပြီး ရွှေသမင်အလောင်းမင်းမှာတော့ ငါ့ကျော့ကွင်း ခြေကိုမိတာနှင့် မသွားနိုင်ရှိရချေသည်၊မကွေ့မကွင်း အပါးက သမင်တစ်ရှဉ်းတို့မှာတော့ ငါ့ကျော့ကွင်းမှာ မနင်းမသွပ် ဝေးဝေးကြီးကွာကင်းပြီး ရှင်းရှင်းကြီးလွတ်ကြပါလျက် သံယောဇဉ် ညှာကျော့ကွင်းက တင်းတင်းကြီး ချည်နှောင်တဲ့အတွက်ကြောင့်မခွါရက်နေပေါ်သည်ဟု ချင့်ကြံကာတွေးမျှော်ပြီး အလောင်းတော် သမင်မင်းနှင့် အချင်းချင်းသွေးမပြတ် ဘယ်လိုမျှားတော်စပ်ပါသလဲလို့ အဲ ဤလိုသဲကွဲ အောင်သိလိုရေးနှင့် သမင်မင်းကို ချဉ်းကပ်လို့မေးတယ်၊ ထို့ကြောင့်—

(ပဉ္စမအကြိမ်)

ကိံနု တေ မေ မိဂါ ဟောန္တိ၊ မုတ္တာ ဗဒ္ဓံ ဥပါသရေ။
နံ တံ စဇိတွာ မိစ္ဆန္တိ၊ ဇီဝိတဿပိ ကာရဏာ။

လို့-ဟောတော်မူတယ်။

မိဂရာဇ၊ သားတို့သခင်ရှင်း ရွှေသမင်မင်း။ ဣမေမိဂါ၊အနီးတွင်စု ဤသမင်ငယ်နှစ်ခုတို့သည်။ တေတယာ၊ ရွှေရောင်လင်းလင်း အသင်သမင်မင်းနှင့်။ ကိံနုဟောန္တိ၊ ဘိုးဘေးမှသော် သွေးမကျော်ဘဲ ဘယ်လိုစပ်တော်ကြပါကုန်သနည်း။ မုတ္တာ၊ မနင်းမနှုပ် ကျော့ကွင်းညွတ်နှင့် ရှင်းရှင်းကြီးလွတ်ကြပါကုန်လျက်။ ဗဒ္ဓံ၊ ကွင်းနှင့်မကင်း မလွတ်ရှင်းသော အရှင်သမင်မင်းကို။ ဥပါသရေ၊ မခွာမသွား ညှာသနား၍ အပါးတွင်သာ နေကြရှာကုန်၏။ ဇီဝိတဿ၊ မသေလိုလျက် ကိုယ့်အသက်၏။ ကာရဏာပိ၊ မနေရကောင်း သေရမည့် အကြောင်းကြောင့်သော်လည်း။ တံ၊ အသက်ကိုနှင်း အရှင်သမင်မင်းကို။ စဇိတုံ၊ လွန်ကာတစ်ပါး စွန့်ခွါသွားခြင်းငှာ၊ န ဣစ္ဆန္တိ၊ ကြောင့်ကြဆွေးကြုံ အလိုမရှိကြကုန်။

အဲ့ဤလိုမုဆိုးသားက ကရုဏာပွား ရင်တွင်းသားကဲ့သို့သနားလှသည့် အရေးနှင့် ရွှေသမင်မင်းကိုမေးလေလျှင် အလောင်းတော်ရွှေသမင်မင်းက လဲ အချင်းမုဆိုး မျက်နှာညှိုးနှင့် ခိုကိုးရာမမြင်လို့မို့ ခင်မင်တွယ်တာ သက်သာရန်အားပေး၍ လက်ယာကဖေးမနေတဲ့ဤသမင်ငယ်ကားမျိုးနွယ် အမြုတ် အချစ်မကင်း တမိတည်းဖွားဆင်းတဲ့ ညီရင်းအစစ်ဖြစ်ပါတယ်၊ သေးသွယ်ဗလ လက်ဝဲဘက်ကတွဲဖက်ကာဖေးမနေတဲ့ ဤသမင်မငယ်မှာလဲ တောလယ်မြို့တွင်း ဖမိစုံအတူဆင်းကြတဲ့ နှမငယ်အရင်း ဖြစ်ပါတယ်၊ လွဲဖယ်ထွက်ခါကွေ့ကွင်းလို့မသွားရက်ကြတာနှင့်ဝဲလက်ယာယှဉ်တွဲပြီးမခွါရဘဲ နေကြပါကြောင်းများနှင့်အသေသင်းမင်းကပြောကြားတယ်၊ထို့ကြောင့်—

ဘာတရော ဟောန္တိ မေ လုဒ္ဒ၊
သောဒရိယာ ကေမာတုကာ။
နံ မံ စဇိတွာ မိစ္ဆန္တိ၊
ဇီဝိတဿပိ ကာရဏာ။

လို့-ဟောတော်မူတယ်။

(ပဉ္စမအကြိမ်)

လုဒ္ဒက၊ အဆွေမုဆိုး။ ဣမေမိဂါ၊ မလွဲမဖယ်အားငယ်ငယ်နှင့်တွယ်တာ မသွား ဤသမင်ငယ်များတို့သည်။ မေ-မမ၊ ရောဟဏ မည်တွင် ငါသခင်၏။ သောဒရိယာ၊ တမိဝမ်းတွင်း အတူဆင်းကြကုန်သော။ ဧကေ မာတုကာ၊ ဖမိမခြား အတူဖွားကြကုန်သော။ ဘာတရော၊ မိုရာမကင်း ညီအရင်းနှင့် သွေးချင်းစပ်နွယ် နှမငယ်တို့သည်။ ပောန္တိ၊ တောနေမြိုင်ထဲ တူမကွဲဘဲ အမြဲချစ်ယုံ ဖြစ်ပါကုန်၏။ ဇီရိတဿ၊ မသေလိုလျက် ကိုယ့်အသက်၏။ ကာရဏာပိ၊ မနေရွှေ့ပြောင်း သေရမည် အကြောင်းကြောင့်သော်လည်း။ မံ၊ နတူဖရင်း ငါသခင်မင်းကို။ စဇိတုံ၊လွန့်ကာတစ်ပါး စွန့်ခွာသွားခြင်းငှာ။ မိဣစ္ဆန္တိ၊ အလိုမရှိကြကုန်။

အဲ ဤလို ညီငယ် နှမငယ် ဖြစ်ပါကြောင်းများနှင့် သမင်မင်းက ပြောကြားလေလျှင် ဗာရာဏသီမုဆိုးသားလဲ ဘုရားလောင်း၏ မေတ္တာ သမင်ငယ်တို့ကို ကြင်နာလှတာနှင့် လွန်မင်းစွာစိတ်ညွတ်စင်းပြီး နူးညံ့ခြင်းဖြစ်လာတယ်၊ အဲ-ထိုအခါ စိတ္တကသမင်ငယ်လဲ ယှဉ်တွယ်ညှိုးခွေနောင်တော်၏ လက်ယာနံပါးကနေပြီး အဆွေမုဆိုး–အကျွန်ုပ်တို့သမင်မျိုးကို အကျိုးမနပ် နောင်တမလွန်ဘဝသူ့ဉီးစေဖို့ရန်ငြိုးကြီးမဖွဲ့မကပ်ပါဘဲ လူ့ရပ်နှင့်နတ်နန်းကို ခေါင်းတန်းကြီးထူစိုက်မယ့် အကြံနှင့် ချည်နှောင်တဲ့လွန်ကျော့ကွင်းကို အရင်းကဖြည်ဖြတ်ပြီး သားအမှတ်ကရုဏာနှင့် သံသရာကိုသာ မျှော်ကိုးလို့ ဇီဝိတဒါနမျိုးကို စိုက်ပျိုးတော်မူ၍ နိဗ္ဗာန်မှာ အကျိုးဆက်ဖို့ အတိုးတွက် ရည်မှန်းပြီး အသက်ကိုလှူဒါန်းတော် မူခဲ့ပါ၊ မုဆိုးမင်း မငဲ့ညှာလို့မို့ ကရုဏာစိတ် မသွင်းဘဲ နောင်တော်ကို အသေခွင်းခဲ့ပါလျှင်ညီမင်းနှင့် နှမတောတွင်းက ဖမိခင် တစ်တွဲဘည်း အတူယှဉ်ပြီး ဝိညာဉ်အားလုံး ငါးယောက်လုံး အကုန်လဲပြီး တစ်ပြိုင်တည်းဆုံးရပါလိမ့်မယ်၊ နှလုံးထားမှန်မြတ်လို့ သံသရာအစတုံးလွယ်အောင် လမ်းဆုံးကိုသာ အာရုံကပ်ပြီး လွတ်လပ်ဖို့ ...ရေးနှင့် အမျက်ကိုပြေအေးလို့ အသက်ကိုချမ်းသာပေးခဲ့ပ မည်အကြောင်းနှင့် မုဆိုးကို တောင်းပန်ဘယ်၊ ထို့ကြောင့်–

ဘေဟိ ...န မရိဿန္တိ၊ အန္ဓာ အပရိဏာယကာ။
ပဥ္စန္နံ ဇီဝိတံ ဒေဟိ၊ ဘာတာရံ မုဥ္စ လုဒ္ဒက။

လို့ ပြောတော်မူတယ်၊

(မြင့်...ရ) ၁-၂၂ (ပဥ္စမအကြိမ်)

လုဒ္ဒကာ၊ အဆွေတော်မုဆိုး။ အန္ဒာ၊ ရွှစရာအရှင်း စကျကြင်း၍ အလင်းကိုမှ မရကြကုန်သော။ အပရိဏာယကာ၊ အာဟာရရေး အစာပေး၍ ကျွေးမွေးသူ မရှိကြကုန်သော။ ဘော၊ ထိုမိအိုဖခင် ကျေးဇူးရှင်တို့သည်။ မရိဿန္တီနူန၊ နွမ်းလျသိုးခွေ သေရချေကုန်လိမ့်ဘကား။ ပဥ္စန္နံ၊ နောင်ညီနှမ တူအမျှနှင့် မိဘနှစ်ပါး ငါးယောက်သားတို့အား။ ဇီဝိတံ၊ ရှည်ကြာဆက်သွင်း အသက်ကြွင်းကို။ ဒေဟိ၊ တမလွန်နောင်ရေး မျှော်ကာတွေး၍ ပြေအေးကြည်သာ ပေးခဲ့ပါလော့။ ဘာတာ၊ ခြေမှာညွှတ်ကွင်း မလွတ်ရှင်းတဲ့ ကျပ်တင်းချည်ပတ် နောင်တော်မြတ်ကို။ မုဥ္စ၊ ကရုဏာဇောမြတ် စေ့ကာကပ်၍ ချွတ်ဖြုတ်ဖြည်ကာ လွှတ်ခဲ့ပါလော။

အဲ မုဆိုးသားလဲ စိတ္တက ညီတော်သခင်၏ ကရားစကားကို ကြားနာရသဖြင့် နှလုံးသား ကြည်ရှင်လှတာနှင့် အရှင်စိတ္တက မကြောင့်ကြပါနှင့် တော့ တောင်တတဲ့ သင့်အကျိုးလဲ မညှိုးမပျက်စေရ၊ တောတွင်းက ဖမိခင်တို့လဲ ကြည်လင်စွာ နှစ်သက်ရတဲ့ပြင် ဇီဝိဘင်္ဂါဒါနလဲ ကမ်းသောင်စခရီး ပေါက်လို့ အဆုံးအဆ ပြီးမြောက်အောင် ကြံဆောင်ကာ ရည်မျှော်ပြီး မိဘကို အစာပေး၍ ကျွေးမွေးတဲ့ သင့်နောင်တော်ကို ဘေးမပေါ်ရန် မကပ်စေဘဲ ကျော့ကွင်းကို ဖြည်ဖြုတ်ပြီး ငါးယောက်စပ်ဒုက္ခဘေးဖို့ အသက်ကို ချမ်းသာပေးပါတော့မယ်လို့ အဲ့ညှိလိုဝန်ခံပြီး ချည်နှံ့တဲ့ ညွှတ်ကျော့ကွင်းကို အရင်းကဖြုတ်ချွတ်၍ ချမ်းသာစွာလွှတ်လိုက်တယ်။ ထို့ကြောင့်—

ဘော ဝေါ အဟံ ပမောက္ခာမိ၊ မာတာ ပေတ္တိဘရံ မိဂံ။
နန္ဒန္တု မာတာပိတရော၊ မုတ္တံ ဒိသွာ မဟာမိဂံ။

လို့—ဟောတော်မူတယ်။

သာမိ၊ အရှင်စိတ္တက။ ဘောအဟံ၊ ထိုငါသည်။ မာတာပေတ္တိဘရံ၊ မိခင် ဖခင် မျက်မမြင်ကို ကြည်လင်လေးမြတ် လုပ်ကျွေးပေတတ်သော။ မိဂံ၊ ရွှေစင်အဆင်း သမင်မင်းကို။ ပမောက္ခာမိ၊ ကျော့ကွင်းမှဖြေ ငါ လွှတ်ပေအံ့။ မုတ္တံ၊ ဘေးရန်မစွတ် ကွင်းမှလွှတ်သော။ မဟာမိဂံ၊ သီလသိက္ခာ ကျင့်အာစာနှင့်ဖြူစွာဒဖြောင့်စင်း သမင်မင်းကို။ ဒိသွာ၊ ထင်ထင်ဒိဋ္ဌ၊ တွေ့မြင်ကြ၍။ မာတာပိတရော၊ မျက်စိယွင်းယို မိဘအိုတို့သည်။ နန္ဒန္တု၊ ပေါင်းကာစုပက် တောင်းဆုမြွက်၍ နှစ်သက်ကြည်ရွှင်ကြပါစေကုန်သတည်း။

(ပဥ္စမအကြိမ်)

အဲ့ဤလို မုဆိုးက ကွင်းကိုချွတ်၍ ချမ်းသာစွာ လွှတ်လိုက်လေလျှင် အလောင်းမြတ် ရွှေသမင်ကလဲ အသင်မုဆိုး ကိုယ်ပွားတိုးဖို့ ကြိုးကြိုးစားစား ဟိမဝါမြိုင်တွင်း ငါသမင်မင်းကို ကျော့ကွင်းနှင့်ထောင်လာရတာလား၊ သို့မဟုတ်သေး ရာဇဝတ်မင်းရေးနှင့် သေဘေးကို ထောက်သားလို့ ကြောက်အားနှင့် ထောင်လာရပါသလားလို့ အဲ့ဤလို မုဆိုး၏အကြောင်းရေးကို စစ်ဆေးတော်မူပြန်တယ်။

အဲ ဗာရာဏသီ မုဆိုးသားကလဲ သံားများတို့သေဌ်နင်း အရှင်သမင်မင်း အိမ်တွင်ကိုယ်ကျိုး ရောင်းချစရာမျှော်ကိုးလို့ သမင်မျိုးကို ထောင်လာတာ မဟုတ်ပါ၊ ဗာရာဏသီမင်းတရား၏ မိဖုရားခေမာဒေဝီက ရှင်ကြည်တဲ့ စေတနာနှင့် စိတ်အာသာ ဖြေမဖြစ်ဘဲ ရွှေသမင်မင်း တရားတော်ကို နာလိုတာ ချင်ခြင်းဖြစ်လို့မို့ ဇွတ်နှစ်ခါ လာရပါကြောင်းများနှင့် အလောင်းတော်ကို ပြန်ကြားတယ်၊ အဲ့ထိုအခါ အလောင်းတော် သမင်မင်းကလဲ မုဆိုးမှာ လာဘ်မကင်းရအောင် ကျေးဇူးဆပ် အကြံတော်သွင်းပြီး-

အချင်းမုဆိုး–သင့်အကျိုးလဲ တိုးတက် ငါ့အကျိုးလဲ မျိုးမကွက် နှစ်ယောက်စုံ မညှိုးပျက်ရအောင် သင့်လက်နှင့် ငါ့ကျောကို သုံးသပ်ပြီး ငြိကပ်သမျှ မွေးမှင်ဆံကို သင့်အကြံပြည့်ဝဖို့ မင်းမိဖုရားကိုသာ ဆက်ပြပါလေ။ ဆယ်ဖြာနိဿယ အလောင်းမင်းမြတ် ဗောဓိသတ်တို့ကျင့်အပ်တဲ့ ရာဇဓမ္မကိုလဲ နှုတ်တက်ရသင်ယူဆောင်လို့မို့ ထွတ်ခေါင်ဦးထင် ရာဇပလ္လင်တွင် မှန်ပြင်မခြား မင်းမိဖုရားနှစ်ပါးကို အမှူးထားပြီး ငါ၏ကိုယ်စားလှယ်စား ဟောပါလေလို့ အဲ့ဤလို ပေးသင့်တဲ့ ဆုလာဘ်နှင့် ကျေးဇူးကို အထူးဆပ်ပြီး မုဆိုးကို မြိုင်ရပ်က လွှတ်လိုက်တယ်။

အဲ့မုဆိုးသားလဲ မြိုင်ဖျားတောရေးကို ကျော်နင်းပြီး ဗာရာဏသီမြို့ကြီးကို ကပ်ချဉ်း၍ နန်းတွင်းသို့ရောက်လေက လက်မြောက်ဦးဆင် ဖြစ်သမျှ အကြောင်းအမှုကို ပေါင်းရုံးကာလျှောက်ဘင်ပြီးမှ မွေးမှင်ဆံ သက်သေနှင့် ဆယ်ထွေသောတရားများကို ကိုယ်စားလှယ်စားဟောပြရတယ်၊ အဲ့အလောင်းမြတ်သမင်မင်း တရားတော်ကို နာကြရသဖြင့် မင်းကြီးနှင့်တကွ မိဖုရားခေမာဒေဝီလဲ ရှင်ကြည်ဝမ်းမြောက် စိတ်အာသာ ချင်ခြင်းမပျက်တာနှင့်

ကြီးကျယ်သော စည်းစိမ်နှင့် ပင့်ထောက်ပြီး မုဆိုးကို သူကောင်းမြှောက်ထားကြတယ်။

အဲ မုဆိုးသားလဲ ရွှေသမင်မင်းကို ဘေးမဲ့ပေးခဲ့တဲ့ ဇီဝိတဒါနကြောင့် ယခုဘဝပစ္စက္ခ၌ပင်လျှင် ဒိဋ္ဌဓမ္မအကျိုးကို ပြည့်ဖြိုးစွာ ခံစံရ၍ နိဗ္ဗာန်သို့ မရောက်သေးသမျှ ဖြစ်လေရာ ဘဝဘဝတို့၌လဲ သုခမောက်ဖြိုးဂုဏ်ဘုန်ခိုးနှင့် မညှိုးမသိမ် အမျိုးမျိုးသောစည်းစိမ်ကို အကြိမ်ကြိမ်ခံစားပြီးမှ အဆုံးဘဝ် ပစ္ဆိမမှာတော့ ငါ့ဘုရားအလောင်းတော်နှင့် အတူတကွ နတ်ပြည်က အာယုမှိန်ပြီး လူ့ပြည်မှာအခွင့်ကြိမ်လိုမို့ တစ်ချိန်တည်း ဖွားမြင်ရသဖြင့် ဖွားဘက်တော် ဆန္နအမည်တွင်ပြီး အာသဝေါကုန်စင်ဘာနှင့် နိဗ္ဗာန်သို့ စံဝင်သွားရတယ်၊ အဲ-သို့ကြောင့် လောကီ,လောကုတ္တရာ အကျိုးများကို လိုလားတောင့်တကြကုန်သောသူတို့မှာလဲ့၍ပဒါနအစဓမ္မဒါန အဆုံးရှိသော ခြောက်မျိုးသော ဒါန ရွှေအိုးကြီးများကို ကြိုးစား၍ မြှုပ်နှံကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ တိုမှတစ်ပါးလည်း ။လ။ပတ္တာနာဆုကို ပြုလိုက်ကြကုန်။

**ဓမ္မဒါန၏ အာနိသံသကို ပြသော အလောင်းတော်**

**ရွှေသမင်မင်းဝတ္ထု ပြီး၏။**

(ပဉ္စမအကြိမ်)

(၂)

## ဒါနရှင် မသေမီကပင် ဒါန၏အဟုန်ကြောင့် ဘုံဗိမာန် ပေါက်ခြင်းကို ပြသော

# နန္ဒိယသူကြွယ် ဝတ္ထု[1]

ပုညံ ဉာတိသဟာယော၀၊ သင်္ဂဟော ပုညကာရိနံ။
တသ္မာဟိ အတ္တနော ဒိပံ၊ သီဃံ သေန္တု သာဓဝေါ။

(ရစနာဂါထာ)

ပုညံ၊ ဒါနအစ သောမနနှင့် ရှေးကပါခု ပြုပြုသမျှ ကုသိုလ်စုသည်။ ဉာတိသဟာယော၀၊ အရင်းအခြေ အတွင်းနေ၍ အရှည်ကျိုးဖြစ် ဆွေမျိုးစစ်မည်သည်သာလျှင်တည်း။ ပုညံ၊ ပီတိသောမန ဇောဗလဝနှင့် အလောဘဲမြူး ကုသိုလ်ထူးသည်။ ပုညကာရိနံ၊ ကောင်းမှုထိုထို တောင်းဆုဆို၍ ပြုလိုကြည်လင်ကုသိုလ်ရှင်တို့အား။ သင်္ဂဟော၊ ဆန္ဒလိုအင် မငြိုငြင်ဘဲ ထင်ထင်မျက်မှောက် ဝင်လာရောက်၍ ပြီးမြောက်ပစေ ချီးမြှောက်ပေ၏။ တသ္မာဟိ၊ တသ္မာဝေ၊ ထိုသို့ဘိုးပွား အကျိုးထူးများခြင်းကြောင့်သာလျှင်။ သာဓဝေါ၊ သံသရာကမ်းအောက် လမ်းမပေါက်၍ အထောက်အထောက်နား သင်ခရီးသွားတို့သည်။ အတ္တနောဒိပံ၊ ရောက်ရာဘ၀ မကြောက်ရအောင် နောက်ကလမ်းစာ ကိုးကွယ်ရာကို။ သီဃံ၊ မသင့်သဘော ဖင့်မနှောဘဲ မမောမအားဆောတလျင်သာလျှင်။ သေန္တု၊ ဒုလ္လဘကြိုက် ကြုံရခိုက်ကို အားဘိုက်မှာန်ပါ ကြိုးစား၍ ရှာလိုက်ကြပါကုန်လော။

အဲ ဤဒေသနာအရ ဒေသကပုဂ္ဂိုလ်၏ အလိုဆန္ဒမှာ ဘယ်လိုဆိုလိုပါသလဲသို့ဆိုတော့ ဤလူ့ရွာသလာကမှာ မိဘဘိုးရင်း သားချင်း သွေးနီး တစ်နေ့တစ်ရက် တစ်မနက်မျှ မျက်နှာကိုမမြင်ရလျှင်ပင် စိတ်သောကအလွန်ကြီးကြတဲ့ ချစ်လှခင်လှကြင်နာလှတဲ့ မိတ်သင်္ဂဟအသီးသီးတို့သည် ခရီးဝေးကွာ ဘေးဘယာအပါးပါး ကြောင့်ကြစရာတွေ အလွန်များတဲ့တိုင်းတစ်ပါးနယ်တစ်ရွာမှာခွင့်မသာကိစ္စအခင်းကြောင့်ကွေကွင်းကာအနေကြာပြီးကာမှ

---

[1] ၌နန္ဒိယဝတ္ထုကား-ဓမ္မပဒ၊ ၄၊ ဒုတိယ ၁၁၃-မှ ၁၉၁-၌လာသည်။
(ပဥ္စမအကြိမ်)

ဝေဒနာမနှောက် သေးဘယကင်းရှင်းလို့မို့ နေရင်းသို့ ပြန်လာရောက်တဲ့ ရှင်အောက်ဘွားကြီး သားသမီးနှင့် ရင်းနှီးသမျှ မိတ်ဆွေ သဟာယဘို့ကို အေးကြည်မြ ရုပ်အသွင်နှင့် ချမ်းမြေ့စွာ မြင်တွေ့ရလေလျှင် ဘဝင်ဟဒယ ကြည်လင်လှသဖြင့် ရွှင်ပျသော စိတ်နှလုံးနှင့် စုရုံးနှုတ်ချို စားသောက်ရန် အသီးသီး ပင့်ထောက်ကာ မြှောက်ချီးပြီး ခရီးဦး ကြိုဆိုကြတယ်။

အဲ့ ထိုပမာလိုပဲတဲ့ ယခုလိုလူ့ဘဝ မအို မနာ မသေမီကာလတို့က ပုည ကောင်းမှု အားကိုးစရာတစ်ခုခုကို စေ့စေ့ကပြုထားလိုက်တဲ့သူများမှာလဲ အပါးပါးအစုစု ပြုပြုသမျှ ရှေးကောင်းမှုတို့က ပေါင်းစုကာ စည်းဝေးပြီး ကုသိုလ်ရှင် မလာသေးခင်ကပင် နေ့ာင်အေးဖို့ ရည်သန်လို့ အရေးကုန် ဖန်စီမံပြီး ဘုံဗိမာန်ဆိုတာကလဲ အဆန်းဆန်း ရံရွှေတွေက အခန်းခန်းနှင့် စီမြန်းစရာ အစုံအလင်ပြုလို့ ကုသိုလ်ရှင် လိုသမျှအမှုကို ဘာတစ်ခု မကြွင်း ကျန်အောင် မွမ်းမံကာ နှိုးဆော်လို့ မွေ့လျော် ပျော်ပါးစရာ အစုစုကို ခံစားစံစားမယ့် ကုသိုလ်ရှင်လာဖို့ရာတစ်ခုကိုသာ ကြည့်ရှုင့်မျှော်ကာနေကြ တာပဲတဲ့။

အဲ့သို့ကြောင့် ဒါန,သီလ စသော ကုသိုလ်ကောင်းမှုတို့ကို မအိုမနာ မသေမီကာလ စေ့စေ့က အရလုပြီး နက်ဖြန်သန်ဘက် နောင် နှစ်,ရက်ဟု ဝေးဝေးကြီး နေ့ရက်ကိုအချိန်းအချက်မပြုဘဲ ယခုလက်ငင်း တေးဉပဒ်လွတ် ကင်းလို့ အသက်ကြွင်းရတဲ့ အခိုက်က ထိုက်သမျှအမှုနှင့် များများကြီး အရစုထားလိုက်ကြရမယ်၊ သို့ရှေးပြုသမျှ ကုသိုလ်ကံအစုစုံတို့က ခံစားစံစား ဖို့ရာကိုယ်စီပြုပြီး ကုသိုလ်ရှင်လာဖို့ရာ တစ်ခုကိုသာ မျှော်ရှုင့်လင့်ကြိုဆိုကာ နေနှင့်ကြတယ်လို့ ခုဆိုတဲ့စကားအရမှာ ဘယ်ဝတ္ထုသာဓက ဘယ်သူကို ထောက်ဆလို့ သိရပါမလဲလို့ဆိုတော့–

ငါတို့ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူတုန်းအခါက ဗာရာဏသီ မြို့မှာ နန္ဒိယမည်သော သူကြွယ်တစ်ယောက်ရှိတယ်၊ အဲ့ ထိုသူကြွယ်သည် တမလွန်ကျိုးကိုသာ ရည်ရွယ်ပြီး ကုန်သွယ်ခြင်းအမှုနှင့် ရသမျှပစ္စည်းစုကို ကိုယ့်ဖို့ဟု နှလုံးမထားဘဲ သဒ္ဓါတရား၏ အဟုန်ကြောင့် ရတနာသုံးပါးကို သာ ယုံကြည်ပြီး အဖုံဖုံအခန်းခန်း ရဟန်းတော်သံဃာ ရောက်လာတဲ့ ဖုန်း တောင်းပါ၁စကာတို့ကိုသာ စားရိက္ခာမပြင်မပန်းရအောင် နိစ္စဘတ်ဝတ်ကို

စွဲပြီး အမြဲပင် လုံးပန်းနေတယ်၊ အဲ-ရှင်လန်းဟဒယ မဇ္ဈရမနော်မဝင်ဘဲ ဗလဝဇောအစဉ်နှင့် စင်ကြယ်သည့် ကုသိုလ်ကြောင့် လူ့ဘဝမပျက်တုန်း ဒါနရှင် အသက်မဆုံးခင်ကပင် စိတ်နှလုံးပြည့်ဝ ရတနာစိန်ဖန် ကိုးမျက်မှန် တို့ဖြင့် ဝင်းဝင်းလျှံ စီးယိုကျမှ တပပတထိန်ထိန် တကြွကြွ ရောင်မမှိန်ဘဲ အရှိန်မသတ် တာဝတိံသာဘုံအတွင်းမှာ တဝင်းဝင်းအရောင်ဟပ်ပြီး လုံးပတ်နံ လျှားတစ်ဆယ်ငါးနှင့်မားမားစွင့်စွင့် ယူဇနာအရောက် လံတာနှင့်ထောက် လိုက်လျှင်တစ်ရာလောက်အစောက်မြင့်တဲ့လွင့်လွင့်မောက်မောက်လျှံဝေညီး ညီး ရံခွေတွေအသီးသီးနှင့် နန်းပြာသာဒ်ကြီးပေါက်နေတယ်၊ အဲ-ဘုရား ရှင်မှတစ်ပါး အခြားတစ်ယောက်တုဘက်နိုင်သူ ဤဘုံမှာ နတ်လူပါအတူ ပျော်ရအောင် ကဲမောက်ဖွံ့တက် တန်ခိုးတော်ထွက်ခြင်းကြောင့် ဇေတဒဂ် လက်ဝဲရံ ရာထူးကိုခံရသော မောဂ္ဂလ္လာန်မည်ကျော် မထေရ်တော်လဲ သုံး ဖော်သော ဝေနေယျတို့ကို မွေရေအေးအမြိုက်ဆေးတို့ကို တိုက်ကျွေးသော မှုလိုသည့်အကြောင်းနှင့် သူတော်ကောင်းဘုံ၌ဌာန ရေးကုသိုလ်ထုံအကျိုး ဂုဏ်နှင့် စုံပြည့်ဝသဖြင့် အားရရှင်မောသောမနသာဇောဗလဝနှင့် ထောပစ ရာ အံ့လွန်ပေါသည်ကိုအံ့ဩကာသက်သေတင်ပြီးလူ့ခွင်မှာဟောရအောင် မနောတော် အကြံရတာနှင့် နတ်ဌာန်သို့ ဒေသစာရီ ကြွတော်မူတယ်။

အဲ-မထေရ်မြတ် မောဂ္ဂလ္လာန်သည် သာမန်မပြတ် ရွှေးကပင် အခါခါ ကပ်သော်လဲ ဤအရပ်ဤအပြင်တွင် ဤပြာသာဒ်ကို မတွေ့မမြင်ဘဲ ယခုမှ အထင်အမြင် ရောင်စုံကူးခပ် ဖြူးဖြူးဟပ်လျက် ထူးမြတ်တဲ့ပြာသာဒ်ကို မြင် တာနှင့် ဒေသစာအစဉ်တော်ကို တန့်ရပ်ပြီး ပြာသာဒ်ရှိရာသို့ ချဉ်းကပ်လို့ အတ္ထုပ္ပတ်သိလိုရေးနှင့် ရှိကြတဲ့ပရိသတ်တွေကို မေးတော်မူတယ်။အဲစုဝေး ခိုလှုံ ပရိသတ်နတ်ဗိုလ်ပုံဟိုကလဲ အလုံးစုံ ချွန်မခြွင်းဘဲ နန္ဒိယလုလင် လူ ရပ် ခွင်က ကုသိုလ်ရှင် ပြုဖန်ဆင်းလို့မို့ ရံခွေသင်းအစုံ မိုးလုံးတုန်မျှ နတ်ဘုံ တလျှောက် အံ့ဖွယ်တစ်ဦး မကြုံဖူးအောင် ဂုဏ်ထူးပေါ ကျော်မောက်ပြီး ထက်အောက်နှံ့ပြား ရတနာမျိုးမှန် ကိုးနဝရံနှင့် ဘုံဗိမာန် ပေါက်ပါ ကြောင်းများကို နတ်များကလျှောက်လိုက်ကြတယ်။

အဲ-လက်ဝဲရံ မထေရ်မြတ်လဲ လျှောက်ပတ်သော တရားစကားဖြင့် နတ် များကို ရှင်စေပြီးမှ သက်သေခံတစ်ဦး နန္ဒိယ၏ ဂုဏ်ကျေးဇူးကို အထူးအံ့

(ပဉ္စမအကြိမ်)

လောက် လောကတ္တယ သုံးလူ့ဘုံကို သိရအောင်လျှောက်တော့အံ့ဟု ဝမ်းမြောက်သောစိတ်အကြံနှင့် နတ်ဌာနီကကြွဆင်းပြီး သုံးလူ့မင်းရှိရာသို့ချဉ်းကပ်၍ ပရိသတ်လေးပါးအလယ်မှာ ဘုရားကိုမေးလျှောက်လာတယ်၊ ဘယ်လို မေးလျှောက်ပါသလဲလို့ဆိုတော့ ဥယျာဉ်ါးကွင်း တရားရင်းကို ခါးစည်းသည့်ဟန် ခွဲဝေဖန်၍ ခြင်းချန်မထား လက်ဝါးအပြင် ပတ္တမြားတင်သို့ သိမြင်တော်မူနိုင်ပါသောရှင်တော်မြတ်ဘုရား-ကုသိုလ်ကြီးစားအမျိုးသားသည် တိုးပွားရှိန်တောက် အသက်ရုပ်နာမ် မချုပ်ပြန်ခင် ဘုံဗိမာန်ပေါက်, မပေါက်ဟု ထွင်းဖောက်ရှယ်ချိန် ပုစ္ဆာစကားဆက် တရားနက်ကို ထက်လှသော ဉာဏ်ဝရဇိန်ဖြင့် ပယ်နှိမ်ခုတ်ဖြတ် ဓမ္မပွတ်ကို သိမှတ်ရပါလိုကြောင်းများနှင့် အဲ့ဤလို ဘုရားထံမှာ လျှောက်ထားလာတယ်။

အဲ့-သဗ္ဗညုတ ဉာဏ်ထွတ်ဖျား ရှင်တော်ဘုရားလဲ ချစ်သားမောဂ္ဂလ္လာန်ဝတိံယမှာ အလျှံဝင်းတောက် နန္ဒိယလုင် ခုရှစ်ငဲကပင် ဘုံဗိမာန်အပြီးပေါက်ာည်ကို သင်ရောက်လျက်သား ငါဘုရားကို လျှောက်ထားစရာမရှိ ပကတိမျက်ဝါး သင်ချစ်သား ထင်ရှားစွာသိခဲ့ပြီ မဟုတ်လေဟု စောကြောကာမိန့်ခွန်းထုတ်ပြီး သက်သေခံ အတည်လုပ်စေတယ်၊ အဲ-ဣဒ္ဓိပါဒ်ထင်ပေါ် သာဂေက မထေရ်တော်ကလဲ မိုးပေါ်အာဇ၄ ဝတိံယမှာ စိန်မှန်နင်းကျောက် တစ်မိုးလုံးအရှိန်မကင်းတဲ့ တငင်းဝင်းအလျှံတောက်ပြီး ဖြိုးမောက်တက်ပျံ့ နန္ဒိယဘုံဗိမာန်ကို ရှေ့ရှုပါ အသင်းအပင်းနှင့်တကွ ယခုပင်မြင်ခဲ့ရပါကြောင်းများနှင့် လျှောက်ထားကာ ဝန်ခံတယ်။

အဲ့ ရဟန်းတကာတို့၏ အဓိပတိ မုနိထွတ်ဖျား ရှင်ဘော် ဘုရားကလဲ အများပရိသတ် အကျိုးနပ်ကြအောင် စကားစပ် အကြောင်းပေါ်တာနှင့် ကရုဏာတော်ပုဗ္ဗင်္ဂမဖြင့် ကုသိုလ်တို့၏ အကျိုး အာနိသံသကို ဖွင့်ပြကာ အကျယ်ဟောတော်မူပြန်တယ်။ ဘယ်လို ဟောပါသလဲလို့ဆိုတော့ .. ချစ်သား မောဂ္ဂလ္လာန် ဤလူ့ဌာနီမှာ သွေးသံမကင်း ချစ်ခင်လှတဲ့ ဉာတိရင်းတို့နှင့် ကွေကွင်းပြီးနောက် ဘေးဘယမစပ်လျှဉ်းတဲ့ နေရင်းသို့ပြန်လာချောက်ခဲ့က ဝမ်းမြောက်ရွှင်ပ အချင်းချင်းပေါင်းစုဆုံပြီး ဝိုင်းအုံကာ ချီးမြှောက်ကြတာလို ပုညအစုဝ ပြုပြုသမျှ ရှေးကောင်းမှုကိုလဲ ပေါင်းစုံကာ ဝိုင်းအုံပြီး ခြွေရံစုံအသင်းအပင်းနှင့် ဘုံဗိမာန်ပါခင်းကျင်းလို့ ဖန်ဆင်းထောက်မ

(ပဉ္စမအကြိမ်)

ကုသိုလ်ရှင် မလာရောက်ခင်ကပင် ချီးမြှောက်ကာ ကြိုဆိုနေနှင့်ကြတာပဲလို့ အဲ·ဤလို ရှိကြတဲ့ပရိသတ်ကို အတ္ထုပ္ပတ် အကြောင်းသွယ်ပြီး ကုသိုလ်၏ အာနိသံသကို ဖွင့်ပြကာ အကျယ်ဟောတော်မူပြန်တယ်။ ထို့ကြောင့်–

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။

ဉာတီ မိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။

တထေဝ ကတပုညမ္ပိ၊ ဣမ လောကာ ပရံ ဂတံ။

ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ဉာတီ᳚ဝ အာဂတံ။

လို့·ဟောတော်မူတယ်။

စိရပ္ပဝါသိံ၊ မိတ်ကောင်းဉာတကာ အပေါင်းခွာ၍ ကြောင်းရာမကင်း ကြာမြင့်စွာ ပြောင်းကွာ ကင်းရသော။ ဒူရတော၊ အန္တရာယ် ဘေးဘယ မအေးရအောင် တွေးဆဖို့မျှား ဝေးလှသော နယ်တစ်ပါးမှ။ သောတ္ထိ၊ ဘေးဘျမ်းမထိ မစွမ်းငြိဘဲ ပကတိကျန်းမာ ချမ်းမြေ့စွာသာလျှင်။ အာဂတံ၊ မိမေဖမင်း မိတ်သားချင်းတို့ နေရင်းထံမှောက် ပြန်လာရောက်သော။ ပုရိသံ၊ ကြည်လင်ဟဒယ ဘဝင်မျှ၍ ရွှင်းပဝမ်းပါး မြင်ရသောယောကျ်ား ကို။ ဉာတီစ၊ ချင်းချင်းမပြား အတွင်းသားဟု တအားကိုးကောင်းဆွေမျိုး အပေါင်းတို့သည်လည်းကောင်း။ မိတ္တာစ၊ ချမ်းသူမကွဲ အတူတွဲ၍ မခွဲ အသင်း သဟဲချင်းတို့သည် လည်းကောင်း။ သုဟဇ္ဇာစ၊ မဖြောင့်ခဏ အကြောင်းကြနှင့် တောင့်တခင်မင် ချစ်ကျွမ်းဝင်သော သူတို့သည် လည်းကောင်း။ အာဂတံ၊ ဘေးဒဏ်မထိ ရန်မငြိဘဲ ငါ့ဘို့ရှိရာ ပြန်လှည့်လာပေပြီ ဟူ၍။ အဘိနန္ဒန္တိယထာ၊ ဝမ်းသာရွှင်မော ချီးအုံးဩ၍ စုနှော ဝိုင်းအုံ နှစ် သက်ကြိုဆို ကြကုန်သကဲ့သို့။ တထေဝ၊ ထိုနှင့် အလား ပုံမပြားဘဲ သာလျှင်။ ဣမလောကာ၊ ဘဝခုကြို ဤလူ့ဘုံမှ။ ပရံဂတံ၊ ကံညွှန်ရာလား တမလွန်ရွာသို့ ပြောင်းသွားသော။ ကတပုညမ္ပိ၊ သဒ္ဓါဇောပြင့် သောမနဿ နှင့် မပြတ်ကြည်ဖြူ ကောင်းမှုပြုသော သူကိုလည်း။ ပုညာနိ၊ ဘဝဘဝ ဖြစ်သမျှက ကြွဲချစိုက်ပျိုး ကောင်းမှုမျိုးတို့သည်။ ပိယံ ဉာတီ᳚ဝ၊ ကင်းကွာ ဝေးနှစ် ဘေးမဖြစ်ဘဲ မညစ်မညိုး ချစ်လှစွာသော အဆွေအမျိုးကဲ့သို့။ အာဂတံ၊ ငါတို့ဘောင့်တ အဖြောင့်ကျအောင် နှောင့်ဆ မကြာ ပေါ်

ရောက်လာခဲ့ပြီဟူ၍။ ပဋိဂ္ဂဏှန္တိ၊ လာပါလာပါ မဆိုကလဲ ဆိုကြသည့်ပုံ ဆီးကြို ခံယူကြလေကုန်၏။

အဲ သို့ကြောင့် ကုသိုလ်ကောင်းမှုဆိုတာကို မအို့မနာ့ မသေမီကာလက စောစောကဖွေရှာပြီး နက်ဖြန်ခါ သန်ဘက်ဟု ခဝးဝေးကြီး မချိန်းဆက်ဘဲ ယခုလက်ငင်း ဘေးဥပဒ်ကင်းရှင်းလို့ အသက်ကြွင်းရခိုက်က ထိုက်သမျှ အမှုနှင့် များများကြီး အရစုထားလိုက်ကြရမယ်တဲ့။

ဤသည်ကား သုတ္တန်ဒေသနာတော်မြွက် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပတ္တနာဆုကို ပြုလိုက်ကြကုန်။

ဒါနရှင် မသေမီကပင်

ဒါန၏အဟုန်ကြောင့် ဘုံဗိမာန် ပေါက်ခြင်းကိုပြသော

နန္ဒိယ သုတ္တန်ဝတ္ထု ပြီး၏။

---

(၃)

# သာသနဒါယာဒ အကျိုးကိုပြသော ဘိလူးမ ဝတ္ထု

နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။

(ဓမ္မပဒ၊ ဌ၊ ဒု၊ ၃၀၄)

ပစ္စန္တနဂရံ၊ ရဲမက်ဗိုလ်သား လွန်နည်းပါး၍ ခွန်အားယှဉ်းချို့ အစွန်အဖျားကျသောမြို့ကို။ သန္တရဗာဟိရံ၊ လက်နက်ဆင်မြင်း ရံရွေသင်းနှင့် မကင်းစေရ အတွင်းအပနှင့်တကွ။ ဂုတ္တံယထာ၊ ရန်သူပြင်သား မဝင်သွားအောင် ဟန့်တားနေ့ည စောင့်ရှောက်ရသကဲ့သို့။ ဧဝံတထာ၊ ထိုစကားနှင့်စံထားမှန်ယူ အလားတူသာလျှင်။ အတ္တာနံ၊ မြို့ကြီးပမာ ဆို့ဆီးကာ၍ များစွာမှီးသို မိမိကိုယ်ကို။ သန္တရဗာဟိရံ၊ ဝတ္ထုအာရုံ ရန်သူပုန်တို့ ခိုလှုံချဉ်းခ အတွင်းအပနှင့်တကွ။ ဂေါပေထ၊ သတိပေါ်ကာ လျော့မညာဘဲ ပညာတံခါး လုံစွာထား၍ ဟန့်တားနေ့ည စောင့်ရှောက်ကြကုန်လော့။ ဝေ ကေဒန္တန၊ အကယ်မလွဲ မချွတ်ချော်စေဘဲသာလျှင်။ ခဏော၊ ဘုရားနှင့်ဆုံ ဤလူ့ဘုံမှာ ကြိုက်ကြုံခဲလှ စုံလင်သော အခွင့်ကောင်းကာလကို။ မာဥပစ္စဂါ၊ အတိုးရင်းနှီး ကျိုးမပြီးဘဲ အချည်းစည်းသာ မလွန်ကြပါစေကုန်လင့်။ ဟိသစ္စံ၊ ငါဘုရား၏ တရားသာ မုချ၊ စင်စစ်မှန်၏။ ခဏာဘီတာ၊ ကိုယ့်ဖို့ကိုးကား မကြိုးစားဘဲ တရားမရှောက်သွန် ကာလကိုအချည်းစည်း လွန်ကြစေကုန်သော သူတို့သည်။ နိရယမှိ၊ ချမ်းသာနှင့်လွဲ ပုါယ်ငရဲ၌။ သမပ္ပိတာ၊ မကောင်းကြံလုပ် ကြောင်းကံယုတ်က နှင်ထုတ်ချစ်ချ နစ်မြုပ်ကြရကုန်သည်ဖြစ်၍။ သောစန္တိ၊ နောင်တမိုးနှိမ် ခိုးအရှိန်နှင့် ညှိုးနှိမ်မလှ စိုးရိမ်ကြရကုန်၏။

အဲ့ဒီဒေသနာတော်မှာ ဒေသက ဘုရားရှင်၏ အလိုတော်အ
ရည်ရွယ်တော်မူရင်းအားဖြင့် အဓိပ္ပာယ်မှာ ဘယ်လိုဆိုပါသလဲလို့ ဆိုလျှော့
(ပဉ္စမအကြိမ်)

ဤလောက လူ့ရွာမှာ-ဗိုလ်ပါစစ်မက် လက်နက်ရဲသား အားခွန်ဗလ နည်းပါးလှတဲ့အပြင် တိုင်းခြားနယ်ပေါက် အစွန်အဖျားသို့ ရောက်နေရ လို့မို့ အစစ မလုံလောက်နိုင်တဲ့ ပစ္စန္တရစ် မြို့သိမ်-မြို့ငယ်မှာနေရတဲ့ ဘုရင် မင်းတစ်ယောက်ဟာ အပေါက်ပေါက်အဝဝ လုယက်ဖျက်ဆီးမယ့် ဘေး အန္တရာယ်တွေကို ထိတ်ကြောက်လှသဖြင့် တစ်ပါးက ရန်သူပုန်တို့ မလာ မရောက်ခင်ကပင် အထောက်ထောက်အတန်တန် အားရှိသလောက်စီမံလို့ ကိုယ်ရံရဲသား တံခါးကျုံးမြောင်း ဆင်ကောင်းမြင်းမျိုး မြို့ရိုးမြို့ပြင် ပစ္စင် ရင်တား အပါးပါးတို့နှင့်တကွ များများကြီး ကြံ့ကြံ့ခံပြီး ရန်မဝင်နိုင်ဖို့ အရေးကိုသာ မျှော်တွေးကာ ဆင်ခြင်လို့ အားအင်နှင့် ချင့်ထောက်ကာ ခုခံစရာ အသင့်အလျောက်နှင့် မိမိမြို့ကိုသာ လုံခြုံအောင် စောင့်ရှောက် နေရတာလို အဲ-ဤဘုရားရှင် သာသနာတော်အတွင်းမှာ အလင်းနှင့်တိုက် ဆုံရလို့ ဘုရား, တရား, သံဃာတော်များနှင့် တွေ့ကြုံပြီး အလုံးစုံ ဆိုး အကောင်းနှင့် ကျိုးအကြောင်းဟူသမျှတို့ကို ကောင်းကောင်းကြီး သိကြ ရတဲ့ သူများမှာလဲ သတိ ပညာ သဒ္ဓါတရားတို့ကို ထံပါးလက်ငင်း မလွတ် ရှင်းကြစေဘဲ မိမိတို့၏ခန္ဓာကိုယ်တည်းဟူသောမြို့တွင်းသို့ လောဘ,ဒေါသ, မောဟစသော အတွင်းရန်သူ၊ ရူပ,သဒ္ဒ-စသော အပရန်သူပုန်တို့ ဝင်လာ ခိုချဉ်းက နှိမ်နင်း တိုက်ဖျက်စရာ သဒ္ဓါ,သီလ, သုတ, စာဂ,ပညာ, ဟိရိ, ဩတ္တပ္ပစသော မြို့ရိုးကျုံးမြောင်း လူစွမ်းကောင်းရဲမက် လက်နက်ကိုယ်ရံ တို့ကို အဆင့်သင့်စီမံကာ ခြောက်တန်သော တံခါးပေါက်က အတန်တန် သော ကင်းထောက်နှင့် မိမိ ကိုယ်ကိုသာ လုံခြုံအောင် စောင့်ရှောက်နေကြ ရမယ်။

အဲ—သာသနာတော် မကွယ်ပျောက်သေးဘဲ ဘုရား, တရား, သံဃာ တော်တွေ မျက်မှောက်နှင့် အလင်းဘဝသို့ရောက်နေရတယ်လို့ ဆိုရသော်လဲ ရှေးကံက နည်းခဲ့ကြတဲ့အလျောက် သာသနာတော်ကာ အစွန်အဖျားသို့ အရောက်တွင် နောက်ပိုင်းလောက်ကိုသာ မီလိုက်ကြရလို့မို့ လောဘ, ဒေါသ စသော ရန်သူပုန်တွေကလဲ အလွန်ပင် ပွေကြနောက်ကြတာနှင့် ပစ္စန္တရစ်မြို့သိမ်မြို့ငယ်က ဘုရင်မင်း ထိတ်ကြောက်ရတာလို ဒါနနောက် သို့လဲ မလိုက်ချင်, သီလဆိုတာလဲ မသိမ်းပိုက်ချင်, ဘာဝနာဆိုတာကလဲ အားမစိုက်ချင်ဘဲ သတိပညာ သဒ္ဓါတရားကိုမယှဉ်မတွဲတာနှင့် မိမိခန္ဓာကိုယ် တည်းဟူသော မြို့တွင်းထဲမှာ လောဘ,ဒေါသ-စသော ရန်သူပုန် တပ်ဗိုလ်

မင်းတို့ ကပ်ချွဲကာဝင်စွဲက သာသနာတော်ဘည်းဟူသော အလင်းကို ကြုံရခြင်း အကျိုးမနပ်ဘဲ ဗုဒ္ဓုပ္ပါဒဒုလ္လဘ အခွင့်ကောင်းကြီးနှင့်လွဲပြီး အပါယ်ထဲကိုသာ ယွင်းမျောက်လို့ ဘေးဒုက္ခကြီးတွေနှင့်သာ တွေ့ရောက်နေကြရမည်ကို တွေးကြောက်ကာ သံဝေဂပွားပြီး ဒါန, သီလစသော ကိုယ်စောင့် လက်နက်များကိုသာ ကြိုးစား၍ အရှာကြရမယ်၊ အဲ-ရတနာသုံးပါးကို ကြည်ကြည်ညိုညိုနှင့် သာသနာဘော်ဘည်းဟူသော ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ မြေကတုတ်မှာ မှီခိုလို့ ဒါန, သီလ, ဘာဝနာတည်းဟူသော အမြောက် စိန်ပြောင်း လက်နက်ကောင်းတို့နှင့် တိုက်ဖြိုမှ လောဘ, ဒေါသ, မောဟ အမှူးရှိသော တစ်ထောင့်ငါးရာ ကိလေသာ ရန်သူပုန်တို့ ပျက်ပြို၍ မဂ်ဖိုလ်တည်းဟူသော တံခါးက ဝင်လျှောက်ပြီး နိဗ္ဗာန် မြို့ကြီးသို့ရောက်နိုင်ပါတယ်၊ သို့-ရတနာသုံးပါးကို ကြည်ညိုလို့ သာသနာတော်ဘည်း ဟူသော မြေကတုတ်မှာ ခိုရတာနှင့် စိဘ်အလိုပြီးမြောက်လို့ ဘယ်သူများ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ဖူးပါသလဲဆိုတော့-

ငါတို့ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်အခါ သာဝတ္ထိမြို့တွင်းမှာ သီတင်းသီလ ကျင့်ဝသီ အာစာရနှင့် ရတနာသုံးပါးဂုဏ်ကို ယုံကြည်လှသော ဒါယိကာမကြီးတစ်ယောက်မှာ သာနု-မည်သော သားငယ်တစ်ယောက်ရှိတယ်၊ အဲ-ထိုဒါယိကာမကြီးသည် ပစ္စည်းပင် နွမ်းပါးသော်လဲ ရတနာသုံးပါးဂုဏ်ကို ယုံကြည်တဲ့ သဒ္ဓါတရားဖြင့် မိမိရင်၌ ဖြစ်သော သားကို ဘုရားရှင် သာသနာတော်မှာ သွတ်သွင်းလို့ ဝဋ်ကင်းဖို့ စိတ်အနေနှင့် သာမဏေ ပြုလုပ်စေတယ်။

အဲ-သာနု သာမဏေလဲ ငြိမ်သက်သော ဣန္ဒြေဖြင့် ရိုသေလေးမြတ် သာမဏေတို့၏ ကျင့်ဝတ်ပဋိပတ်ကို မလပ်မလစ် မသုစ်မနွမ်းစေဘဲ ရွှင်လန်းသော စိတ်စေတနာ သဒ္ဓါဘရားဖြင့် ဂန္ထဓူရ, ဝိပဿနာဓူရ နှစ်ပါးကိုကို ..ားများကာ ကြိုးပမ်း၍ ရဟန်းတို့၌ ပြုသင့်သောဝတ်, ဥပဇ္ဈာယဝတ်, အာစရိယဝတ်တို့ကို မချွတ်မယွင်း မလစ်ဟင်းစေဘဲ မပျင်းမရိဆောင်ရွက်လို့ နံနက်..ခါကို ကုန်စေတယ်၊ ညနေချမ်းက သန်းခေါင်ယံ အချိန်ကျအောင်လဲ ဥပဇ္ဈာယဘ်, အာစရိယပတ်နှင့်တကွ တရားဟောရာ ဓမ္မာသနပလ္လင်ကို ပြုပြင်ခင်းကျင်းလျက် တံမြက်တလင်းလှည်းခတ်ကာ တရားနာရာ သဘင်

မဏ္ဍပ်ကိုလဲ လျောက်ပတ်အောင် ခင်းထားပြီးမှ အများ စည်းဝေးဖို့ရာ ကျောက်စည်ခေါင်းလောင်းနှင့် တရားသဘင် အချိန်ရောက်ကြောင်းကို ရဟန်းအပေါင်းတို့အား ကြေးကြော်၍ နိုးဆော်ခြင်းအမှုကို နေ့တိုင်းပင် မပြတ် ပြုစမြဲဖြစ်တယ်၊ အဲ-ကျောက်စည်သံ အချိန်ပေးလို့ တရားသဘင်မှာ အစည်းအဝေးနှင့် တဖြည်းဖြည်း စုမိကြသော ရဟန်းပရိသတ်တို့ကလဲ ဓမ္မကထိက မထေရ်မြတ်တို့ မဆိုက်ရောက် မကပ်လာခင် သာနု သာမဏေကို ရှေးဦးတင်၍ တရားနာလိုချင်တဲ့ အကြောင်းနှင့် ပေါင်းညှိကာ အခွင့် တောင်းကြတယ်။

အဲ- သာနုသာမဏေလဲ ရဟန်းပရိသတ်တို့ကို ရိုသေသဖြင့် ဆိုဘိုင်းပင် မသွေမငြင်းဘဲ စွမ်းနိုင်သမျှသော ဟောပြောခြင်းဖြင့် ပျင်းရိခြင်းမရှိ ပကတိ ရင်မောလျက် ဝမ်းမြောက်စွာ ဟောပြောပြီးမှ ယခုဟောပြောရတဲ့ ကုသိုလ်ဇောအဖို့ကို နှစ်မျိုးကြည်လင် နှစ်ဦးမိဘမွေးပေးကြတဲ့ အနန္တကျေးဇူးရှင်တို့သည် စုံလင်စွာ ရစေသောဟု ရှင်မောတဲ့စိတ်အနေနှင့် မိဘတို့ကို အမျှဝေတယ်၊ အဲ-အတိတ်ဘဝက သာနု သာမဏေ၏ အမိဖြစ်ခဲ့ဖူးဘဲ့ နတ် ဘီလူးမလဲ နတ်အစည်းအဝေးများနှင့်တကွ တရားနာ အတူပါလာတာမို့ ကြည်သာရှင်ပ ငါ့သား၏ ခုဝဝသောဘာဂကို သမကြည်ဖြူ အမိက အမျှ ယူပါ၏-ဟု လူလယ်က ကြေးကြော်၍ သာခုသုံးကြိမ်ခေါ်လိုက်တယ်။

အဲ-တရားဖြင့် ပူဇော်တဲ့ ဓမ္မဒါနကို သာခုအနုမောဒနာ ခေါ်လိုက်ရတဲ့ အမိဟောင်းဘီလူးမလဲ ပတ္တာနုမောဒန၏ အကျိုး သာသနာတော်ဝင် ငါ့ သားပင်ဟု ခင်မင်ကာ စိတ်မြတ်နိုးလိုက်ခြင်းကြောင့် ယခု ပစ္စက္ခဘဝမှာပင် မနှမ်းမညှိုးဘဲ ဖြိုးဖြိုးကြွယ်ဝ နတ်တို့၏ စည်းစိမ်ကို တရှိန်ရှိန်ခံစားရတဲ့အပြင် သိကြားမင်းနှင့်တကွ ရှိသမျှနတ်ဗိုလ်ပုံတို့သည် အာရုံစွဲမှတ် သာနုသာမဏေ ၏ အမိမြတ်ပေဟု ဆည်းကပ်ကြည်ဖြူဂါရဝတရားအထူးထားပြီး ခစားကာ အလေးမူကြတယ်၊ အဲ သားဖြစ်သူ သာနုသာမဏေလဲ နှစ်ပေါင်း အတော် ရှည်ပြီးနောက် အသက်နှစ်ဆယ် ပြည့်မောက်ခဲ့လျှင် ပုထုဇ္ဇန်တို့၏ သဘာဝ အလျောက် ဇာတ္ထိကိုမစောင့်ရှောက်မိဘဲနှင့် မှားမှောက်ဖောက်ပြန် လူ ထွက်တော့အံ့ဟု စိတ်မှာ ကြံပြီး ဥပဇ္ဈာယ်ဆရာကိုမှ မပန်ကြားဘဲ အမိထံ တစ်ယောက်တည်းထွက်သွားလို့အကြောင်းကိုပြောကြားတယ်၊အဲ အမိရင်း ဒါယိကာမကြီးလဲအနည်းနည်းတောင်းပန်၍အဖန်ဖန်သားကိုတားပါသော်

(ပဥ္စမအကြိမ်)

လဲ ပယ်ရှားငြင်းဆန်စကားကိုမနာခံဘာနှင့် တွေးကြံစဉ်းစား အတန်ငယ် ငံ့ဆိုင်းပါဦးလို့ဆိုထားပြီး သား၏အနီးအပါးမှာပင် ကျွေးမွေးဖို့ရာ ချက်ပြုတ်စီရင်မယ်လို့ မီးဖိုခွင်သို့ ဝင်သွားတယ်။

အဲ-ဘီလူးမှ ရှေးမိခင်ကလဲ နေ့စဉ်မခြား သာမဏေ၏ အရေးအမှုကို ကြည့်ရှုမြဲဖြစ်တာနှင့် ခြင်းရာမှကြွင်း သာမဏေ၏ လူထွက်ရန်အကြောင်းရင်းကို ထင်းလင်းစွာ သိမြင်ရလေလျှင် ဆူဝေစိတ်နောက် နတ်ဗိုလ်ပုံ့ရှိသတ်အတွင်းမှာ ဂုဏ်သတင်းညှိုးပျက်မည်ကို ရှက်ကြောက်၍ လူမထွက်အောင်ခြိမ်းခြောက်အံ့ဟူသောအကြံနှင့် လျင်မြန်စွာ သာမဏေကိုဝင်ပူးပြီး မူးမေ့ဝေမဲ ညာတကာမွေးသည့်မိကိုမျှလူမှုန်းကိုမသိစေဘဲ အရိအရွဲတတ္တဲ့နှင့်လူးလဲပျို အန်လည်ပင်းကိုနောက်ပြန်လှဲပြီး တွန်းလှဲကာကိုယ်ကိုပြန်ထားတယ်၊ အဲ ဆူညံဝိုင်းဝင်း ညာတကာအိမ်နီးချင်းတို့လဲ အချင်းချင်းစုဝေးပြီး လွတ်အေးဖို့အမှု စုန်းနတ်ကဝေ ဖုတ်တစ္ဆေတို့ကို စိတ်ပြေအောင်ပြုကြပါသော်လဲ အမှုမထင် ဒါယိကာမကြီး မွေးမိခင်လဲ ပူပင်တုန်လှုပ် ရင်ခွင်မှာသားကိုပိုက်ပြီး ဆူအိုက်မီးပွား ငိုယိုကာညည်းတွားလျက် နတ်များကိုမြည်တမ်းတယ်၊ ဘယ်လိုမြည်တမ်းပါသလဲလို့ ဆိုတော့—

မဟေသက္ခ ဘုမ္မဋ္ဌနှင့်အာကာသစိုးနင်း ရှင်နတ်မင်းတို့....သီတင်းပဉ္စသီ အဋ္ဌင်္ဂီနှင့် ဒသသီမယုတ် စတုဒ္ဒသီ ပန္နရသီ အဋ္ဌမီ ရက်တိထီတို့၌ စုံညီစွာ မညှိုးမပုပ်စေဘဲ ဥပုပ်သီလကိုသာ ကြိုးကုတ်၍ အားထုတ်စောင့်ထိန်းကြပေသော အခြေမစောင်း သူတော်ကောင်းတို့ကို နတ်ပေါင်းဗိုလ်ထုအလေးပြု၍ ဘေးစု ရန်ဖယ် မကျီစယ်ကြဘဲ ပိုက်လွယ်ဖွားမြင် သားစစ်သွင်ကဲ့သို့ ချစ်ခင်သနား မေတ္တာပွားသည်ဟု ဟောကြားမိန့်ပြန်၍ ရဟန္တာအပါးပါး မထေရ်များတို့၏ တရားသံကို နာခံမှတ်သားရဖူးပါတယ်၊ အထူးအထွေ ရဟန္တာမထေရ်မြတ်တို့၏မိန့်အပ်တဲ့တရားတော်တို့ကို ကျော်ကျူးလို့တစ်ဦးပင်အမှုသွေပြီးသာမဏေသားသာနုကိုမရှုမလှနတ်အများကျီစယ်ကြသည်ကို ဒိဋ္ဌမြင်မိစကားတစ်ဦးမကြားဖူးသည်ကို အထူးပင်ကိုယ်တိုင်သိရပေသည်ဟု အဲ-ဤလိုမချိအောင်အပူလွှမ်းတာနှင့် နတ်များကို စကားဖြင့် မြည်တမ်းလိုက်တယ်။ ထို့ကြောင့်–

(ပဉ္စမအကြိမ်)

စာတုဒ္ဒသီ ပဉ္စဒ္ဒသီ၊ ယာစ ပက္ခဿ အဋ္ဌမီ။

ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌင်္ဂသုသမာဟိတံ။

ဥပေါသထံ ဥပဝသန္တိ၊ ပြဟ္မစရိယံ စရန္တိ ယေ။

န တေဟိ ယက္ခာ ကိင္ခန္တိ၊ ဣတိ မေ အရဟတံ သုတံ။

သာ ဒါနိ အဇ္ဇ ပဿာမိ၊ ယက္ခာ ကိင္ခန္တိ သာနုနာ။

ဘောဒ္ဓေ့ာ ဒေဝတာယော၊မဟောသူက္ခ ဒေဝသေဌ်နင်း ရှင်နတ်မင်းတို့။ စာတုဒ္ဒသိ၊ ကိုထိလျော့ယုတ် စမ်းငွေချုပ်၍ လဆုတ်ရက်ချိ စာတုဒ္ဒသီနေ့ ကာလပတ်လုံးလည်းကောင်း။ ပဉ္စဒ္ဒသိ၊ တိထိဘက်လုမ်း စမ်းငွေလျှမ်း၍ လဆန်းရက်ချိပန္နရသီနေ့ကာလပတ်လုံးလည်းကောင်း။ပက္ခဿ၊တိထိဆုတ်တက် စမ်းငွေစက်တို့ လျှမ်းပျက်ထွက်စ နှစ်ပက္ခ၏။ ယာစအဋ္ဌမီ၊ ချိန်စက်နာရီအကွက်ညီ၍ ထွက်ချိရောက်ရွေ့အကြင်ရှစ်ရက်မြောက်သောနေ့သည်လည်း။အတ္ထိ၊ သင်္ကေပညတ် အမည်မှတ်၍ လူ့ရပ်လူ့ပြည် ရှိပါချေ၏။ တဉ္စအဋ္ဌမီ၊ ထိုနေ့ထိုရက် မည်မပျက်ဘဲ ဆုတ်တက်ချိရွေ့ အဋ္ဌမီနေ့ကာလပတ်လုံးလည်းကောင်း။ ပါဋိဟာရိယပက္ခဉ္စ၊ ကျိုပိုတိုးဆုတ်မညိုးယုတ်ဘဲ၊ စာတုဒ်ပန္နရသီ၊ အဋ္ဌမီထက် တိထိဘက်ကြွ မာဋိဟာရိယပက္ခပတ်လုံးလည်းကောင်း။အဋ္ဌင်္ဂသုသမာဟိတံ၊ အင်္ဂါရှစ်လီပြစ်မသီဘဲခေတ်ညီလျောက်ပတ်ဆောက်တည်အပ်သော။ဥပေါသထံ၊ညစ်ကြေးဖြူလျော် ရှေးသူတော်တို့ ရှင်ပျော်ထုပ်ပိုး ဥပုသ်မျိုးကို။ယေသာဓဝေါ၊ရတနာသုံးလီနှလုံးကြည်၍ ပါရမီယူလောင်း အကြင်သူတော်ကောင်းတို့သည်။ဥပဝသန္တိ၊ မကျိုးမပေါက် မညိုးခြောက်အောင် ဖိုးမောက်လုံခြုံ ထိန်းသိမ်းစောင့်ရှောက်ကြကုန်၏။ယေစသာဓဝေါ၊အရဟတ္တဓဇ ကာသာဝနှင့် ဓမ္မမဓောင်းအကြင်သူတော်ကောင်းတို့သည်လည်း။ပြဟ္မစရိယံ၊မြတ်စွာခွန်းသ မိန့်ညွှန်းပြသည့် ဓမ္မဗျာဒိတ် ကျင့်စရိတ်ကို။စရန္တိ၊တစ်ခုမကျန် ဂရုဓမ်ဖြင့် ရှုစံယူဆကျင့်ကြံတော်မူကြပေကုန်၏။တေဟိ၊ထိုအကျင့်ကောင်း မှုမဓောင်းဘဲအကြောင်းမြော်မြင့် သူတော်စင်တို့နှင့်။ယက္ခာ၊ရဘနာသုံးရပ် အဆုံးမှတ်၍ဆည်းကပ်ခိုကိုး ထူးမြတ်သော နတ်ဘီလူးမျိုးတို့သည်။န ကိင္ခန္တိ၊ ခိုဝင်ယှဉ်ပူး ကျီစယ်

---

၅၅၉စာတုဒ္ဒသီ-စသောဂါထာတို့ကား-သံယုတ္တပါဠိ၊ ပ၊ ၂၁၃။ အင်္ဂုတ္တရပါဠိ၊ ပ၊ ၁၄၂။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၃၁၈-တို့၌လာသည်။

(ပဉ္စမအကြိမ်)

ကျူး၍ မမြူးမရွှင်ဝံ့ကြကုန်။ ဇာတိဇာဒ်ဝစနံ၊ ဤသို့မိန့်ကျူး စကားထူးကို။ အရဟတံဝ၊ အရဟန္တာနံ၊ အလျှံထက်စွာ ဉာဏ်ခက္ခါနှင့် တကျာကမ်းသတ် ရဟန္တာအရှင်မြတ်တို့၏။ သန္တိကေ၊ ပဒုံးခွေစင်း ခြေတော်ရင်း၌။ မေ မယာ၊ တရားသဘင် များအစဉ်နှင့် တွားဝင်ဝပ်တုပ် အကျွန်ုပ်သည်။ သုတံ၊တပ်အပ် စကား ဆတ်ဆတ်ကြား၍ မှတ်သားနာယူခဲ့ဖူးပေပြီ။ အဇ္ဇ ဇာဒါနိ၊ရှည်ကြာ မရွေ့ ဤယနေ့၌ကား။ သာယံ၊ အကြားအမြင် တရားဝင်ကို ထားယှဉ် စင်းကုပ် ထိုအကျွန်ုပ်သည်။ ပဿာမိ၊ ဗိဋ္ဌတစ်ဦး ကိစ္စကျူး၍ အထူးသိမြင်ရ ပြန်ပေ၏။ယက္ခာ၊မဟောသက္ကစက်မီးယှသည့်ဒေဝမြတ်မှူးနတ်ဘီလူးတို့သည်။ သာနုနာ၊ သာသနာထမ်း ရှည်ကြာလန်းအောင် ဖြည့်စွမ်းကျင့်မူ သား- သာနုနှင့်။ကိဋ္ဋန္တိ၊မြေဝယ်လိမ့်လူး မှီတွယ်ပူး၍ ရွှင်မြူးကျီစယ်ကြလေကုန်၏။

အဲ ဤလို အမိရင်း ဒါယိကာမကြီးက အစမ္ပတရားလမ်းချ၍ နတ်များ ကို မြည်တမ်းပြောကြားလေမှ အမိဟောင်း ဘီလူးမလဲ ရဟန္တာအရှင်မြတ် တို့၏ တရားမှ၌ ပသာဂ်ကင်းရှင်းလေအောင် ဖြောင့်စင်းစွာဝန်ခံ၍ ဟုဘ်မှန် တဲ့ အကြောင်းရင်းကို ထင်လင်းစွာ သိစေပြန်တယ်၊ ထို့ကြောင့်–

> စာတုဒ္ဒသိံ ပဥ္စဒသိံ၊ ယာစ ပက္ခဿ အဋ္ဌမိ။
> ပါဋိဟာရိယပက္ခဥ္စ၊ အဋ္ဌင်္ဂသုသမာဟိတံ။
> ဥပေါသထံ ဥပဝသန္တိ၊ ဗြဟ္မစရိယံ စရန္တိ ယေ။
> န တေဟိ ယက္ခာ ကိဋ္ဋန္တိ၊ သာဟု တေ အရဟတံ သုတံ။

သာနုမာတေ၊ သား သာနု၏ မျက်ရှုကြည်ရွှင် အိုမိခင်။ စာတုဒ္ဒသိံ၊ တိထိလျော့ယုတ် စမ်းငွေချုပ်၍ လဆုတ်ရက်ချိ စာတုဒ္ဒသီနေ့ ကာလပတ် လုံး လည်းကောင်း။ ပဥ္စဒသိံ၊ တိထိတက်လှမ်း စန်းငွေလျှမ်း၍ လဆန်း ရက်ချိ ပန္နရသီနေ့ ကာလပတ်လုံးလည်းကောင်း။ ပက္ခဿ၊ တိသီဆုတ်တက် စန်းငွေစက်တို့ လျှမ်းပျက်ထွက်စ နှစ်ပက္ခ၏။ ယာစအဋ္ဌမိ၊ ချိန်စက်နာရီ အကွက်ညီ၍ ထွက်ချီရောက်ရွှေ့ အကြင် ရှစ်ရက်မြောက်သောနေ့သည်လည်း အတ္တိ၊ သကော်ပညတ် အမည်မှတ်၍ လူ့ရပ်လူ့ပြည်ရှိပါချေ၏။ တဥ္စအဋ္ဌမိံ၊ ထိုနေ့ထိုရက် မည်မပျက်ဘဲ ဆုတ်တက်ချီရွှေ့ အဋ္ဌမီနေ့ကာလပတ်လုံး လည်းကောင်း။ ပါဋိဟာရိယပက္ခဥ္စ၊ ကျိုးပိုးတိုးဆုတ် မည့်သိုးယုက်ဘဲ စာတုဒ် ပန္နရသီ အဋ္ဌမီဆက် တိထိတက်ကြွ ပါဋိဟာရိယပက္ခ ပတ်လုံးလည်းကောင်း အဋ္ဌင်္ဂသုသမာဟိတံ၊ အင်္ဂါရှစ်လီ ဖြစ်မသိဘဲ ခေတ်ညီသေချာက်ပတ် သောက်

တည်အပ်သော။ဥပေါသထံ၊ ညစ်ကြေးဖြူလျှော် ရှေးသူတော်တို့ ရှင်ပျော် ထုပ်ပိုး ဥပုသ်မျိုးကို။ ယေ သာဓဝေါ၊ ရတနာသုံးလီ နှလုံးကြည်၍ ပါရမီယူလောင်း အကြွင် သူတော်ကောင်းတို့သည်၊ ဥပဝသန္တိ၊ မကျိုး ပေါက် မညှိုးခြောက်အောင် ဖြိုးမော့ာက်လုံခြုံ ထိန်းသိမ်းစောင့်ရှောက် ကြကုန်၏။ ယေစသာဓဝေါ၊ အရဟာဘာဇ ကာသာဝနှင့် မွေမစောင်း အကြွင်သူတော်ကောင်းတို့သည်လည်း။ပြဟ္မစရိယံ၊မြတ်စာခွန်းသ မိန့်ညွှန်း ပြသည့် မေ့ဗျာဒိတ်ကျင့်စာရိတ်ကို။စရန္တိ၊တစ်ခုမကျန် ဂရုမမ်ဖြင့် ရှစ်ယူဆ ကျင့်ကြံတော်မူကြပေကုန်၏။ တေဟိ၊ ထိုအကျင့်ကောင်း မူမစောင်းဘဲ အကြောင်းခမြော်မြင် သူတော်စင်တို့နှင့်၊ ယက္ခာ၊ ရတနာသုံးရပ် အဆုံး မှတ်၍ ဆည်းကပ်ခိုကိုး ထူးမြတ်သော နတ်ဘီလူးမျိုးတို့သည်။ နုံကိဋ္ဌန္တိ၊ နိုဘ်ယှဉ်ပူး ကျီစယ်ကြူး၍ မမြူးမရှင်ဝံ့ကြကုန်။ဣတိ ဣဒံ ဝစနံ၊ဤသို့ မိန့်ကျူး စကားထူးကို။ အရဟတံ·အရဟန္တာနံ၊ အလျှံထက်စွာဉာဏ်ခဂ္ဂါ နှင့် တဏှာကင်းသတ် ရဟန္တာ အရှင်မြတ်တို့၏။ သန္တိကေ၊ ပဒုံခွေစင်း ခြေတော်ရင်း၌။ တေ တဝ၊ သာနုသားရှင် သင့်မိခင်၏။ သုတံ၊တပ်အပ် စကား ဆတ်ဆတ်ကြား၍ မှတ်သားမယွင်း နာယူလိုက်ရခြင်းသည်။ သာဟုသုတံ၊ မမှားမစောင်း တရားဟောင်းမို့ ကောင်းသော နားယူ လိုက်ရခြင်းပေတည်း။

အဲ·ဤလို အမိဟောင်း ဘီလူးမက ရဟန္တာမထေရ်မြတ်တို့၏ တရား မွေ့၌ ပသာဂ် မဖြစ်ပွားရအောင် ဟုတ်မှန်သည့် အကြောင်းများနှင့် ပြန် ကြားကာ ဝန်ခံလေလျှင် မိခင်ရင်း ဒါယိကာမကြီးကလဲ အရှင်နတ်မြတ် ရဟန္တာထေရ်တော်မြတ်တို့၏ ဟောအပ်တဲ့ မွေကံ အကယ်၍စင်စစ်မှန်ခဲ့ ပါလျှင် ဖောက်ပြန်ချွတ်လွဲ သာသနာတော်ဝင် ရဟန်းဇာတ်တို့ကို မအပ် သောညှဉ်းဆဲမှုနှင့် အဘယ့်ကြောင့် ကျီစယ်ခြင်းကို ပြုပါသလဲလို့ အဲ.... ဤလို တရားစွဲဆင်ခြေသံနှင့်ဘီလူးမကိုမေးမြန်းပြန်တယ်၊ အဲ·အမိဟောင်း ဘီလူးမကလဲ သာနု၏ မိခင်·ခုကဲ့သို့ပူးဝင်၍ ထင်မြင်စွာ ဖောက်ပြန်မှုနှင့် သာမဏေကို ပြုလာတဲ့ အကြောင်းရင်းမှာတော့ သိမ်ဖျင်းပြက်ရယ် ရမက် သွယ်ပြီး ကျီစယ်သော့သွမ်း ဟောရမ်းတဲ့အမှုနှင့် မြူးရှင်လိုလို့ ပြုလာတာ မဟုတ်။ အနုတ္တရမြတ်စွာ သာသနာကို ရှည်ကြာစွာပွင့်လန်းဖို့ရည်မှန်းကာ ရွယ်ကိုးပြီး သာနုသားဟောင်း လူဘဝသို့ မပြောင်းရအောင် ခြိမ်းမောင်း ရန်အကျိုးနှင့် ငုပ်လျှိုးပူးဝင်ကာ ခုကဲ့သို့ ငါပြုလာပေသည်၊ သာမဏေ

သင့်သားမြတ်သည် မလျောက်ပတ်သော အမှုကိုယခုလိုအကယ်၍ပြုချေက မရှုမလှ လူ့ဘဝမှာ သက်ဇီဝ မကြွင်းကျန် ဇာဒ္ဒိပါဒ်စျာန်တန်ခိုးနှင့် ထက်မိုးကိုပင်ပျံ့သော်လဲ လွတ်နိုင်ရန် ခွင့်အရေး သင့်သားကို ငါမပေးဟု သေဘေးနှင့် ကြိမ်းဝါးပြီး နတ်မင်းများ အမိန့်သံကို သင့်သားအား အကုန်ပြန်၍ နောင်တစ်ဖန် အကြံမဖြစ်ရအောင် နိုင်နင်းအောင် သင်တားမြစ်ရမယ်လို့ စိစစ်ကာ မှာထားပြီးမှ ဘီလူးမဲ ထွက်ခွာ သွားတယ်။ ထို့ကြောင့်-

သာနိ ပဗုဒ္ဓိ ဝဇ္ဇာသိ၊ ယက္ခာနံ ဝစံနံ ဣဒံ။
မာကာသိ ပါပကံ ကမ္မံ၊ အာဝိဝါ ယဒိဝါ ရဟော။
သစေ စ ပါပကံ ကမ္မံ၊ ကရိဿသိ ကရောသိ ဝါ။
န တေ ဒုက္ခာ ပမောက္ခသိ၊ ဥပ္ပတိတွာ ပလာယတော။*

အာဝိဝါ၊ လူလေးပါးတို့ သိကြားမြင်လောက် ထင်ရှားသော မျက်မှောက်၌သော်လည်းကောင်း။ ယဒိ၊ ကာလတစ်ပါး နည်းတခြားကား။ ရဟောဝါ၊ လူလေးပါးတို့ သိကြားရှောင်ဖယ် မထင်ရှားသော မျက်ကွယ်၌သော်လည်းကောင်း။ ပါပကံကမ္မံ၊ ယုတ်မာညစ်ညူး တစ်စုံတစ်ရာသော မကောင်းမှုကို။ မာကာသိ၊နောင်ရေးယခု ဘေးအစုကို မရှုမစာ မပြုကျင့်ပါလင့်။ ပါပကံကမ္မံ၊ မကောင်းမှုကံကို။ သစေ စ ကရိဿသိဝါ၊အကယ်စင်စစ် ခုမှုလည်း သင်ပြုသည်ဖြစ်အံ့။ ဥပ္ပတိတွာ၊ ဣဒ္ဓိပါဒ်အားကိုး စွမ်းတန်ခိုးဖြင့် ဝင်တိုးနဘံ တက်မိုးသို့ ပျံသည်ဖြစ်၍။ ပလာယတော၊ မကောင်းဝဋ်ကြွေး ပြောင်းလွတ်ရေးနှင့် အဝေးတစ်ပါး ဟက်ပြေးကာ ရှောင်ရှားသော။ တေ တဝ၊ အပြစ်တစ်ခု ညစ်ညမ်းသော အမှုရှိသော သင့်အား။ ဒုက္ခာ၊ အသစ်ဘဝ ဖြစ်သမျှ၌ နှစ်ကျစမြဲ ယုတ်ညစ်လှသော ဆင်းရဲမှ၊ နပမောက္ခသိ၊အကြံလွဲချွတ် ကံဆွဲသွတ်၍ မလွတ်မြဲခိုင်–မလွဲနိုင်။ ယက္ခာနံ၊ ရဟန္တာသုံးရပ် အမြတ်မြတ်ကို ယုံမှတ်ကြည်နူး နတ်ဘီလူးတို့၏။ ဣတိ ဣဒံဝစနံ၊ မကောင်းမှုရှင်း ကောင်းမှုသွင်းဖို့ အကျဉ်းမှာထား ဤစကားကို။ ပဗုဒ္ဓိ၊ မမြင်ယောင်ယမ်း မရှင်လန်းဘဲ ပင်ပန်းနွမ်းညှိုးအိပ်ရာမှ

* န တော ဒုက္ခာ ပမုတ္တျတ္ထိ၊ ဥပ္ပစ္စာပိပလာယတော။ သံယုတ္တပါဠိ၊ ပဌမ၊ ၂၁၁၊ ဓမ္မပဒ၊ ၄၊ ဒုတိယ၊ ၃၁၈။
(ပဋ္ဌမအကြိမ်)

နိုးသော။ သာနုံ၊ မပန်မကြွား အကြံမှားနှင့် တရားမရှု သား—သာနုကို။ ဝဒ္ဒသိ၊ အမှန်စကား မချန်ထားဘဲ ပြန်ကြားမနေ ပြောကြားလေလော့။

အဲ-ဤလို အမိဟောင်းဘီလူးမသည် ကြိမ်းပခြိမ်းခြောက်၍ အမိရင်း ဒါယိကာမကြီးအား အကြောင်းကို ပြောကြား၍ ရှောင်ရှား ဖယ်သွားပြီးသည့်နောက်မှ သာနုသာမဏေလဲ သတိရလို့မို့ ဝိုင်းအုံထူမ ကြည့်ရှုကြတဲ့ လူများကိုလဲ မြင်ရ၊ အမိဒါယိကာမကြီး၏ ပွေ့ချီပိုက်ထွေး ငိုကြွေးသည်ကိုလဲ ဆင်ခြင်ကာ မရှင်မအေး မိမိ၏ဖြစ်ရပုံအဲ့ရေးကို ကြံတွေး၍ မသိမမြင်တာနှင့် မိခင် ဒါယိကာမကြီးကို မေးတယ်၊ ဘယ်လို မေးပါသလဲလို့ ဆိုတော့...'မိခင် ဒါယိကာမကြီး လောကတွင် အပူစီးလို့ တဟီးဟီး ရှိုက်ခါငိုကြတဲ့ သူတို့ဆိုတာ အပြီးမဲ့ယ သားသမီးနှင့်မိဘတို့ ဇီဝိတပျက် ကြွေဆုံးယင်လဲ ယူကြုံးမရ နှလုံးရှုတာနှင့် ရှိုက်ငိုကာ တသကြပါတယ်၊ ဇီဝိတမကြွေ အသက်ပင် မသေသော်လဲ တစ်ပြည်တစ်ရွာ အနေကြာလို့မို့ ခွေကာနွမ်းရိ သားကိုခင်တဲ့ ဖခင်မိဘ့ ငိုကြရိုးရှိကြပါတယ်၊ နှစ်သွယ်နှစ်ခန်း လောကတွင် ငိုရိုးလမ်းမှာညှိုးနွမ်းရပ်ခွရ ဇီဝိတစ်သက် နာမ်ရုပ်လဲ ပျက်ချုပ်ကာ မပုပ်မကြွေဘဲ ရုပ်ရည်ကြည်ရှင် မိမိသားကို အပါးတွင်ကြည့်ကာ မြင်လျက်နှင့် ငြိုငြင်ပွေ့ ဗျာမနေသာအောင် ပူဆာဆွေးနွေးခဲ့ မအေးဖြောင့်နိုင်ဘဲ အဘယ့်ကြောင့် မိခင် ငိုချပါသလဲလို့' အဲ-ဤလို ငိုခြင်း၏အရေးကို မသိလို့ စစ်မေးတယ်။ ထို့ကြောင့်။

မတံ ဝါ အမ္မ ရောဒန္တိ၊ ယော ဝါ ဇီဝံ န ဒိဿတိ။
ဇီဝန္တံ အမ္မ ပဿန္တီ၊ ကသ္မာ မံ အမ္မ ရောဒသိ။

အမ္မ၊ နွမ်းချိမရှင် ပန်းရိသွင်နှင့် မိခင် ဒါယိကာမကြီး။ လောကေ၊ လောကထွေးသမ်း မအေးချမ်းဘဲ ဘေးကျမ်းဆူဝေ လူတို့ပြည်၌။ မတံ ဝါ၊ ဇီဝစောင်းကြွေ ကံဟောင်းခေ၍ပြောင်းသွေ့တစ်ပါး သေလေသောသားကို လည်း။ ရောဒန္တိ၊ သောကဟုန်ပြင်း ဖမိရင်းတို့ ရင်တွင်းလှိုက်ခုန် ငိုကြပါကုန်၏။ ယော ဝါ၊ ရင်ဝယ်လွယ်ဖွား အကြင်သားသည်လည်း။ ဇီဝံ၊ ဇီဝန္တော မပျက်အစဉ် အသက်ရှင်ပါလျက်။ န ဒိဿတိ၊ အစွန်အဖျား တစ်ကျွန်းခြား၍ နီးပါးရှေ့တွင် မတွေ့မြင်။ တံ ဝါ ပုတ္တံ၊ ကျွန်းဆိုး နယ်ခွင် ပုန်းကွယ်ဝင်၍ မမြင်ရှားကွင်း ထိုသားရင်းကိုလည်း။ ရောဒန္တိ၊ သောကဟုန်

ပြင်း ဖမိရင်းတို့ ရင်တွင်းလှိုက်ခုန် ငိုကြပါကုန်၏။ အမ္မ၊ မိခင်။ ဇီဝန္တံ၊ မပျက်မရှိ အသက်လည်း ရှိပါလျက်။ အမ္မ၊ မိခင်။ ပဿန္တိ၊ ရှေ့တွင်ဒိဋ္ဌ ထင်ရှားစွာမြင်ရပါလျက်၊ ကသ္မာ၊ ကြောင်းကျိုးမယှဉ်း ဘယ်အံခင်းကြောင့်။ မံ၊ ရုပ်ကိုအသက် မပြိုပျက်ဘဲ သိလျက်ထင်ရှား ငါ့ကဲ့သို့သားကို။ ရောဒသိ၊ သောက်ကဆူအိုက် အပူမှိုက်၍ ရှိုက်ကာရှိုက်ကာ ငိုရပါသနည်း။

အဲ ဤလို ငိုကြွေးခြင်း၏အရေးကို သား-သာနုက မေးလေလျှင် မိခင်ဒါယိကာမကြီးကလဲ 'ချစ်သား-သာနု ဘုံဘစ်ခုတွင် ဆုံစုခိုအောင်းနေကြတဲ့ လူအပေါင်းတို့မှာ ရှေးပုဗ္ဗစုက်အကြောင်းနှင့် သားမြေးပု ဘဝပြောင်းရင်လဲ စုပေါင်းကာ ငိုယိုကြရိုး ဖြစ်ပေတယ်၊ ဇီဝိတိန္ဒြေ မကျကြွေဘဲ မိမိ၏အနီးအပါး ချစ်လှတဲ့ သမီးသားတို့ကို မျက်ပါးထင်ထင် ရင်နှယ်တစ်ပါး ပြွတ်ကွယ်ကာ သွားပြန်ယင်လဲ မွေးဖွားတဲ့ ဖမိခင်တို့မှာ မရှင်မပျ ထိုထိုဤဤ ဆိုမြည်တပြီး ငိုယိုကြတာမျိုးလဲ ရှိပေတယ်၊ ယခု အမေ ငိုယိုသည့်အနေမှာတော့ သက်သေမျက်ကွယ် သားနှစ်သွယ်ကိုပင် ရည်ရွယ်လို့ ငိုသည်မဟုတ်ပါ၊ သာသနာတော်မှ ဆုတ်ဆုင်း၍ လူ့ဘဝအယုတ်တွင်းသို့ ငုပ်နင်းလျှောသက် အကယ်၍ ငါ့သားရင်းလူထွက်ခဲ့ကမှ ပျက်မကြေအသက်ပင်ရှိပါချေသော်လဲအခြေမလှ လူ့သေတွင်စာရင်းသွင်းပြီး မြှုပ်နင်းကာ စွန့်ပစ်ရမှာမို့ သောကလှိုက်ဖို သက်ရှိတဲ့သားသေကိုကြည့်ပြီး မင်းအမိ ငိုမိပါကြောင်းနှင့် တရားဟောင်း လမ်းမှန်ပြလို့ သာသနာတော်မှာ မလျှောကျရအောင် အမိက သား-သာနုကို ဆုံးမတယ်။ ထို့ကြောင့်-

မတံ ဝါ ပုတ္တ ရောဒန္တိ၊ ယော ဝါ ဇီဝံ န ဒိဿတိ။
ယော စ ကာမေ စဇိတွာန၊ ပုန ရာဂစ္ဆတေ ဣဓ။
တံ ဝါပိ ပုတ္တ ရောဒန္တိ၊ ပုန ဇီဝံ မတော ဟိ သော။

ပုတ္တ၊ ချစ်သား သာနု။ လောကေ၊ သောကထွေးသိမ်း မအေးချမ်းဘဲ ဘေးဘျမ်းဆူဝေ လူတို့ပြည်၌။ မတံဝါ၊ ဇီဝစောင်းကြွေ ကံဟောင်းခေ၍ ပြောင်းသွေ့တပါး သေလေသောသားကိုလည်း။ ရောဒန္တိ၊ သောကဟုန်ပြင်း ဖမိရင်းတို့ ရင်တွင်းလှိုက်ခုန် ငိုကြပါကုန်၏။ ယောစပုတ္တော၊ ရင်ဝယ်လွယ်ဖွား အကြင်သားသည်လည်း။ ဇီဝံ၊ ဇီဝန္တော၊ မပျက်အစဉ် အသက်ရှင်ပါ

(ပဌမအကြိမ်)

လျက်။ နဒိယံတိ၊ အစွန်းအဖျား တစ်ကျွန်းခြား၍ နီးပါး ရွှေတွင် မတွေ့မြင်။ တံဝါ ပုတ္တံ၊ ကျွန်းဆုံးနယ်ခွင် ပုန်းကွယ်ဝင်၍ မမြင်ရှားကွင်း ထိုသားရင်းကို လည်း။ ရောဒန္တိ၊ သောကဟုန်ပြင်း ဖမိရင်းတို့ ရင်တွင်းလှိုက်ခုန် ငိုကြွေပါ ကုန်၏။ ပုတ္တ၊ ချစ်သား သားနု။ ယောစ ပုတ္တော၊ အရဟတ္တဓဇ ကာသာဝနှင့် သာကီယနွယ်ဖွား အကြွင်သားသည်လည်း။ ကာမေ၊ အရိယာနွယ်ဝင် ထေရ်သခင်တို့ မခင့်စက်ဆုပ် အာရုံယုတ်တို့ကို။ စဇိတွာန၊ တရားယူသဲ့ မြူ မမှည့်ဘဲမင့်မညာစွန့်ခဲ့ခွါ၍။ ပုန၊ မမြဲတစ်ဖန်အလဲ့ကြုံလျက်။ ဣခဝေါ၊ တသော သောဆူ လောလောပူ၍ တအူအူဟစ် ဤလူ၏အဖြစ်သို့သာလျှင်။ အာဂစ္ဆ တေ၊ မကောင်းယုတ်ညစ် စောင်းမြှုပ်နှစ်၍ အပြစ်ရှိရာ လှည့်ပြန်လာ၏။ တံ ဝါပိပုတ္တံ၊ အသက်ရှည်လျဉ်း သေစာရင်းသို့ ထည့်သွင်းရချေထိုသားသေကို လည်း။ ရောဒန္တိ၊ သောကဟုန်ပြင်း ဖမိရင်းတို့ ရင်တွင်းလှိုက်ခုန် ငိုကြွေပါ ကုန်၏။ ဟိသစ္စံ၊ အကယ်ကေန် စင်စစ်မှန်၏။ သော ပုတ္တော၊ သာသနာ ဂုဏ်မြင့် ဘုံအဆင့်က ခုန်ဝင့်လျှောလွှား ထိုသားမှားသည်။ ဗိဝံ့ ဇီဝန္တော၊ မပျက်ပကတိရုပ်နာမ်သက်ရှိပါလျက်။ ပုန၊ အမြဲတဖန်တနည်း ကြုံ၍။ မဘော ဝေါ၊ သာသနာတော်ဘက် ရုပ်နာမ်ပျက်သဖြင့် ပုပ်အက်ဟောင် ဆူသေသော သူ မည်တော့သည်သာလျှင်တည်း။

အဲ-ဤလို အမိဒါယကာမကြီးသည် မိမိ၏သားကို သာသနာတော်မှ မပျက်ပြားရအောင် သေသောသူနှင့် ပုံစံနှိုင်းထားပြီး တရားနှင့်ဆုံးမပြီး သည့်နောက် ချောက်နရက် ပြာပူငရဲနှင့် လူ့ဘဝ၊ လူ့ဘုံငရဲကိုနည်းတစ်ပုံ အတူတွဲပြီး တစ်နည်းတဖန်ဥပမာဖြင့်ဆုံးမပြန်တယ်၊ ဘယ်လိုဆုံးမပါသလဲသို့ ဆိုတော့…'ချစ်သား သားနု-ပုပ္ပရှုရှလူ့ဘဝမှာနေကြတဲ့ ဤသူစုဟာ သုခ ရယ်လို့မှဆိုဖို့မရှိ၊ အသူတရာနက်စောက်တဲ့ တောင်နရက်ချောင်းကမ်းပါး နှင့် တချာချာဆူ ဗျာပါထူသည့် ပြာပူဆိုတဲ့ ငရဲကြီးထဲများသို့ကျသွားရ တာနှင့်သာ တူဘိတယ်၊ အဝီစိငရဲကြီး၏ အရန်အထောက် ပြာပူဆိုတဲ့ ငရဲထဲ သို့ ရောက်ရတဲ့သူ နရက်စောက်ချောက်ကမ်းပါးသို့ ပစ်မြှောက်လိုက်လို့ကျ ရောက်သွားရတဲ့သူဆိုဘာ တဆူဆူတဖြစ်ဖြစ် တအူအူအော်ဟစ်ပြီး မလစ်မစဲ တခြစ်ခြစ်တမည်းမည်းနှင့်လူးလဲကာပြေးလျှောက်လို့ တစ်နာရီမပြတ်မစဲဘဲ တအဲအဲဒုက္ခကြီးတွေ့ရောက်နေရတာလိုကိတ်ကြောက်လန့်ဖွယ်လူ့ဘဝလူ့ဘုံ နယ်မှာလဲ လွဲဖယ်လို့မှမရနေ့ညမတုံးတွေ့ကြုံတဲ့အပူလုံးတွေနှင့် တဟုန်းဟုန်း

(ပဌမအကြိမ်)

ဟုန်ထနေကြသဖြင့် ဒုက္ခဆူနောက် တအူအူအပူရောက်၍ လောင်မသောက် ဆွေ့ဆွေ့ခုန် နရက်ချောက်ပြာပူငရဲနှင့်သာတူတဲ့ ဤလူ့ဘုံကို လွှားခုန်ကာ ဝေဝင်မဆင်းချင်ပါနှင့်'ဟု အကျဉ်းချုပ်စကားနှင့် သာသနာတော် အရိပ် ထီးကို တောင်ကြီးလိုပမာထားပြီး တရားနှင့်ဆုံးမပြန်တယ်၊ ထို့ကြောင့်-

ကုက္ကုဠာ ဥဗ္ဘတော တာတ၊ ကုက္ကုဠံ ပတိတုမိစ္ဆသိ။
နရကာ ဥဗ္ဘတော တာတ၊ နရကံ ပတိတုမိစ္ဆသိ။

တာတ၊ ချစ်သား-သာနု။ ကုက္ကုဠာ၊ တလောလောပူ သောသောအူတဲ့ ပြာပူငရဲ ဤလူထဲမှ။ ဥဗ္ဘတော၊ သာသနာရိပ်ထီး တောင်ထိပ်ကြီးသို့ စိတ် ညီးရှင်ပ တက်ခြင်းကြီး တက်ရပါပြီးလျက်။ ကုက္ကုဠံ၊ တဆူဆူအုံ့ အပူဆုံ သည့် အဟုန်မစဲ ဤလူ့ဘုံပြာပူငရဲသို့။ ပတိတုံ၊ ဇာတာကံနည်း ကြမ္မာဆွဲ သို့ မလွဲဘောင်း ခုန်လှဲ့ကာချခြင်းငှာ။ ဣစ္ဆသိ၊ အသိဉာဏ်သေး အကြံမှေး လျက် အဘယ့်ကြောင့် အလိုရှိပြန်သေးသနည်း။ တာတ၊ ချစ်သား-သာနု။ နရကာ၊ အသူတရာ မယူသာအောင် ချုံချာနက်စောက် ဤလူ့ရွာ နရက် ချောက်မှ။ ဥဗ္ဘတော၊ သာသနာရိပ်ထီး တောင်ထိပ်ကြီးသို့ တက်ခြင်းကြီး တက်ရပြီးလျက်။ နရကံ၊ ယူဆောင်ထွက်ခွာ မတက်သာတဲ့ နက်စွာစောက် စောက် ဤလူ့ရွာနရက်ချောက်။ ပတိတုံ၊ ကိုယ်တွင်းမလုံ အတင်းစုန်၍ ပြင်းဟုန်မာန်တင်း ဆင်းခုန်ကာ ချခြင်းငှာ။ ဣစ္ဆသိ၊ အသိဉာဏ်သေး အကြံမှေးလျက် အဘယ့်ကြောင့် အလိုရှိပြန်သေးသနည်း။

အဲ-ဤလို မိခင်ဒါယိကာမကြီးက တည်းည်းပူဆွေး၍ လူမထွက် ပါမည့်အရေးနှင့် ငိုကြွေးကာ တောင်းပန်လေလျှင် သာနု သာမဏေလဲ နှမ်းခွေရိရှား တရိပ်ရိပ်ကြည့် စိတ်မချလှအောင် အမိကို သနားလှတာလဲ တကြောင်း, ရှည်ညောင်းမြော်ဆ ကာမဘုံလူ့ဘဝကို စိတ်သံဝေဂရလှဘာကလဲ တတန့်, သမ္မာဉာဏ်ရင့်မာ ရှေးပုညအကျင့်အာစာတို့က ဝိုင်းအုံကာထောက် ကူမဘာကလဲတချက်, ယင်းကဲ့သို့ အကြောင်းစုံဆက်သဖြင့် ရှေးကြံမိသချ အကြံပျက်ပြီး ကြောက်ရက် ထိတ်လန့် စိတ်မသန့်လှကာနှင့် ပျံ့နှံ့သော သံ ဝေဂဉာဏ်ဖြင့် အမိကို ပဋိညာဉ်ခံခဲ့ပြီး ဥပဇ္ဈာယ်ဆရာတို့၏အထံမှာ ပြန်ပြီး ရဟန်းခံတယ်၊ အဲ-နောက်မှတစ်ဖန် မိမိ၏ဖြစ်တဲ့စိတ်အကြံကို ဘုရားထံသွား ၍ လျှောက်ထားလေက ချစ်သား-သာနု စိတ်တစ်ခုကို မရှုမစား စွန့်လွှတ်ခါ

(ပဥ္စမအကြိမ်)

ပစ်မထားဘဲ တရားလမ်းပြ မုန်ယစ်တဲ့ ဆင်ဟောင့်ရမ်းလို ချွန်ကြမ်းနှင့် ဆုံးမနိုင်မှ လိုသမျှပြီးမြောက်၍ နိဗ္ဗာန်နန်း ပေါက်ချေမည်ဟု ဝမ်းမြောက်ဖို့တရားရေးနှင့် ဘုရားက အဆုံးအမ ပေးတော်မူပြန်တယ်။ ထို့ကြောင့်—

ဣဒံ ပုရေ စိတ္တ မစာရိ စာရိကံ၊
ယေနိစ္ဆိတံ ယထာကာမံ ယထာသုခံ။*
တဒဇ္ဇ ဟံ နိဂ္ဂဟေဿာမိ ယောနိသော၊
ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟော။

လို့–ဟောတော်မူတယ်။

သာနု၊ ချစ်သား သာနု။ ဣဒံစိတ္တံ၊ ဘဝများစွာ ကမ္ဘာဘာမှာ ရှည်ကြာ လွှမ်းပိုက် ကျင်ခါး၏စိတ်သည်။ ပုရေ၊ ရှေးရှေးကာလ ဖြစ်သမျှ၌။ ယေနိစ္ဆိတံ၊ မသိုမဆိုင်း သူ့အလိုရှိတိုင်းသာလျှင်။ ယထာကာမံ၊ လိုရာလိုရာ မငဲ့ညှာဘဲသာလျှင်။ ယထာသုခံ၊ ချမ်းသာသလို အထင်ပိုသမျှသာလျှင်။ စာရိကံ၊ အာရုံရှိရာ ရိညှာညှာနှင့် ထိကာစပ်လျဉ်း ဒေသစာ လှည့်လည်ခြင်းကို။ အစရိ၊ အစမတည် ဘဝရှည်အောင် ကျင်လည်ခုန်မြူး လှည့်လည်ခဲ့ဖူးလေပြီ။ အင်္ကုသဂ္ဂဟော၊ အတင်းသိပ်ချုပ် ချွန်းချိတ်ကုပ်နှင့် နှိပ်အုပ်သိမ်းဆည်း ဆင်ထိန်းကြီးသည် ဟတ္ထိပ္ပဘိန္နံ၊ တန်းတန်းမဖြောင့် လှမ်းကိုင်းယောင့်တဲ့ ကြမ်းမှောင့်သော့သွမ်း ဆင်ဟောင့်ရမ်းကို။ နိဂ္ဂဏှာတိဝိယ၊ ထိုးပုတ်နှိပ်လှဲ ချိတ်ကာဆွဲသကဲ့သို့။ အဟံ၊ တရားလွှမ်းအုပ် ခေါးချွန်တုတ်နှင့် လက်ဆုပ်မကွာ ယခုငါသည်။ အဇ္ဇမေဝ၊ မကြာမရွေ့ ဤယနေ့၌သာလျှင်။ တံစိတ္တံ၊ ဆင်မုန်ကြမ်းသွင် လမ်းမမြင်ဘဲ လှမ်းချင်ရာလှမ်း ထိုစိတ်ကြမ်းကို။ နိဂ္ဂဟေဿာမိ၊ တရားချွန်းချိတ် တားတွန်းကြိတ်၍ ချိတ်ချုတ်မညှာ နှိပ်ကွပ်ပါအံ့။ ဣတိဣမိနာ၊ ဤသို့မြဲမြဲ အားအံခဲသဖြင့်။ ဥဿာဟော၊ မယုတ်မယွင်း အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ မပြတ်တစေ ပြုအပ်ချေ၏။

အဲ·ဤကဲ့သို့ တရားဓမ္မဖြင့် ဘုရားရှင် ဆုံးမတော်မူလေမှ သာနုရဟန်းနှင့်တကွ အမိချင်း–အမိဟောင်း များစွာသော နတ်, လူအပေါင်း

---

* ယတ္ထကာမံ ယထာသုခံ –ဗွေ့ဝသော ယကာရေ ဥပ္ပဇ္ဇတိ၊ တဿဝသေန ယတ္ထကာမံ ယထာရုစိ စရန္တဿ သုခံ ဟောတိ။ ဓမ္မပဒ၊ ၄၊ ဒ၊ ၃၂၀။
(ပဌမအကြိမ်)

တို့သည် တရားကောင်း လမ်းမှန်ပေါက်ပြီး မဂ်ဖိုလ်နန်းရောက်ကြတယ်။ အဲ-ဤလို သာသနာတော် အရှိန်အလင်းမှာ ကပ်ချဉ်းကာခိုလှုံပြီး ရတနာသုံးပါးဂုဏ်ကို ကြည်ညိုရတဲ့သူဆိုတာ ဤဘဝ ဤကိုယ်နှင့် ကိုးလ-ဆယ်လ လွယ်ပိုက်၍ ဖွားရတဲ့အမိရင်းကို မဆိုထားနှင့်ဦး၊ ရှေးအကုသိုလ်မကောင်း ပြစ်နှင့် အဲ့ယုတ်ဘဝမှာ မြုပ်နစ်ကျပြီး ဘီလူးမ အမိဟောင်းပင် ဖြစ်ရသော်လဲ သားရင်းစစ်ကဲ့သို့ ချစ်ခင်ပြီး ကိုယ်တိုင်ပင် သာသနာတော်သို့ မသွတ်သွင်းရသော်လဲ သာကီမင်း သာမဏေအထူးရယ်လို့ ကြည်နူးမြတ်နိုး ဝမ်းမြောက်ရတဲ့ ကုသိုလ်၏အကျိုးကြောင့် ဖြိုးဖြိုးကြွယ်ဝ ယခုဒိဋ္ဌ ပစ္စက္ခ ဘဝ၌ပင် တောက်ပကျော်ဟိုး နတ်တို့၏စည်းစိမ်မျိုးကို မညှိုးအောင် ခံစားရတဲ့ပြင် ဝဋ်ဒုက္ခခမ်းခြောက်လို့ နိဗ္ဗာန်ပေါက်နိုင်ပါသေးတယ်။

လူ့ဇာတ်လူ့သွေး ရှေးကုသိုလ်ကံမဇေမွးဘဲ ခွင့်ပေးအပ်နှင်း သာသနာတော်မှာ ကိုယ်တိုင် သွတ်သွင်းရတဲ့ မိရင်း ဖရင်း ဆွေတော်-မတော် ဒါယကာ တစ်သင်းတို့မှာ ဤဘီလူးမ၏ သာဓကကို ပုံစံခင်းပြီး ဝမ်းမြောက်ခြင်းသို့လိုဖြစ်ကြက စင်စစ်မညှိုး ဆယ်ဆလောက်တက်တိုးပြီး အကျိုးထူးငါတို့ ရပေတော့အံ့ဟု စိတ်ဆန္ဒရှင်မောလျက် အလောလော အဟုန်တက်ပြီး ဇောသဒ္ဓါထက်စေရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပဏ္ဏနာဆုကို ပြုလိုက်ကြကုန်။

သာသနာ့ဒါယာဒ အကျိုးကိုပြသော
ဘီလူးမဝတ္ထု ပြီး၏။

---

# (၄)

## အဆွေခင်ပွန်းကောင်းကို ပြစ်မှား၍ ပစ္စုပ္ပန်တမလွန်၌ ပျက်စီးခြင်းကိုပြသော

# အလောင်းတော် မှောက်မင်းဝတ္ထု

အကတံ ဒုက္ကဋံ သေယျော၊ ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊ ယံ ကတွာ နာနုတပ္ပတိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၃၁၃)

ဒုက္ကဋံ၊ အပါယ်လားကြောင်း မှောက်မှားစောင်းတဲ့ အကြောင်းတစ်ခု မကောင်းမှုကို။ အကတံ၊ ခုပင်ရှက်နိုး နောင်ပျက်ညှိုးဖို့ အကျိုးရှုသွင်း မပြုခြင်းသည်။ သေယျော၊ ခုဘေးမကပ် နောင်အေးပြတ်၍ မစပ်တစေ မြတ်လှချေ၏။ ဒုက္ကဋံ၊ အကြောင်းမရှု မကောင်းပြုသောသူသည်။ ပစ္ဆာ၊ တွေ့ဝေမီးတောက် သေနီးရောက်လာ နောင်အခါ၌။ တပ္ပတိ၊ အကုသိုလ်ကြီး လူကိုစီး၍ ညည်းကာဆူဝေ ပူရလေ၏။ သုကတံ၊ မနစ်မကျ သစ်ဘဝ၌ ဖြစ်ရည့်ှူး ကုသိုလ်မျိုးကို။ ကတဉ္စ၊ ကတံဝေ၊ ရှင်ပျစိတ်သွင်း ပြုနိုင်ခြင်းသည်သာလျှင်။ သေယျော၊ ကောင်းကျိုးနှင့်စပ် မျိုးမပြတ်၍ လူ့ချပ်နတ်ပြည် မြတ်လှချေ၏။ ယံသုကတံ၊ အကြင် ကောင်းသမျှအမှုအကြောင်းစုကို။ ကတွာ၊ ရှင်မောမငြီး စောစောကြီးက စုဆည်းလက်မိပြုပြီးရှိခြင်းကြောင့်။ နာနုတပ္ပတိ၊ ဖြေဆီးမရ သေနီးကျက နောင်ဘ တစ်ဖန် မပူပန်။

အဲ ဤဒေသနာတော်အလာ ဘုရားရှင်အလိုတော်မှာ ဘယ်လိုဆိုလိုပါသလဲလို့ဆိုတော့ ‥ မကောင်းမှုရယ်လို့ဆိုရတဲ့အကုသိုလ် ဒုစရိုက်ဓမ္မဟူသမျှတို့ကိုတော့ ရှောင်နိုင်ကွင်းနိုင် မပြုမကျင့်နိုင်မှသာ မြတ်တယ်တဲ့၊ ကောင်းမှုရယ်လို့ဆိုရတဲ့ ကုသိုလ်သုစရိုက်ဓမ္မ ဟူသမျှတို့ကိုတော့ ပြုနိုင်ကျင့်နိုင်ဆည်းပူးအားထုတ်နိုင်မှသာမြတ်တယ်တဲ့၊ ဘာ့ကြောင့်ပါလဲလို့ဆိုတော့ ကောင်းမှုရယ်လို့ဆိုရတဲ့ ကုသိုလ်စရိုက်ဓမ္မ ဟူသမျှတို့ကို ခန္ဓာကိုယ်ကျန်းမာ၍ ရောဂါဝေဒနာ ကင်းရှင်းတုန်းအခါ ကိုယ့်လက်ကိုယ့်ခြေတို့ကို အလိုရှိတိုင်း

ဤမှောက်မင်း ဝတ္ထုကား ဇာတ် ဋ္ဌ ပဌမ ၇၂-၌ လာသည်။
(ပဌမအကြိမ်)

ချိနိုင်-ချနိုင် ကြွနိုင် မနိုင်တဲ့အခိုက် ရွှေငွေဥစ္စာ ပစ္စည်းဘဏ္ဍာဆိုတာကိုလဲ လုံ့လဝီရိယ အားခွန်ဗလနှင့် ရှာလို့ဖွေလို့ ကံအားလျော်စွာ ရတုန်း စုမိတုန်း ကာလက သတိပညာ စိတ်သဒ္ဓါကြည်နူးလို့ အထုပ်ကြီးအလား များမျှားကြီး ဆည်းပူးထားလိုက်မိတဲ့ သူများမှာတော့ နောင်အခါကာလ ကံအလျောက်ဘာဝ ပစ္စည်းဥစ္စာကုန်ကျလို့ ကာယဗလကလဲ တဆိတ်တဆိတ် အားနည်းပြီး အသက်အရွယ်ကလဲ တဖြည်းဖြည်း ကြီးလာလို့မို့ သေရချိန် အခါနှင့်ပင် နီးရသော်လည်း ရှေးပြုပြီး ကုသိုလ်စုကိုသာ အားကိုးတစ်ခု လက်ကိုင်စွဲပြီး သေရမှာကိုလဲ သူမကြောက် နောက်ထပ်၍ တစ်ဖန်မပြုရလို့လဲပဲ ငမ်းမနည်း၊ညှိုးနွမ်းပင်ပန်းခြင်း မရှိဘဲနှင့်သာ လူ့ဘဝလူ့ဘုံထဲက သေပျောက်လို့ သုဂတိဘုံဘဝသို့ရောက်ရသဖြင့် ဝမ်းမြောက် ရွှင်မြူးပြီး တစ်ဆင့်ထက်တစ်ဆင့် ကုသိုလ်ကံထောက်ပင့်လို့မို့ မြင့်ရာသို့သာ ကူးသွားရတော့တာပဲတဲ့။

အဲ-သို့လို သုစရိုက်ဆိုတဲ့ တရားများကိုတော့ မဆည်းပူးဘဲ ညစ်ညူးတဲ့ စိတ်အကြံနှင့် အတွင်းက တရားကောင်းမခံလို့မို့ ဖောက်ပြန်ယွင်းပါးပြီး မကောင်းမှုဆိုရတဲ့ အကုသိုလ် ဒုစရိုက်တရားများကိုသာ တွင်တွင်ကြီးပြုမှားလာမိကြတဲ့ သူများမှာတော့ သေပါးနီးရောဂါနှင့် ကိုယ်ခန္ဓာအခြေပျက်လို့မို့ သေဘက်ကို တစ်ဝက်စီးလာတော့ အခက်ကြီးတွေ့ဆိုက်လို့ အသက်ရှူအောက်ပင့်ရှိုက်ပြီး တဟိုက်ဟိုက် တမြောမြောနှင့် နောင်လားဖို့ တရားမျိုးကို အားကိုးစရာ တွေးတောလိုက်တော့ စောစောက ပြုပြီးမရှိတာနှင့် မချိအောင် မောနေရတဲ့အပြင် ရှေးပြုယင်း အကုသိုလ် နိမိတ်တွေကသာ အကွင်းသား ထင်လာလို့မို့ ပူပင်သောက နောင်တကြီးနောက်မှရပြီး မလှမျက်နှာ မသက်သာဘဲ မြောနစ်ကာ ခန္ဓာစဲတာနှင့် အပါယ်ထဲသို့သာ ကျသွားရတော့တာပဲတဲ့။

အဲ-သို့ကြောင့် မသေမီကလဲ ပူပန်ဆင်းရဲရ သေပြန်ယင်လဲ အပါယ်ငရဲသို့ ကျတတ်တဲ့ အကုသိုလ်မှု ဟူသမျှတို့ကို တိုးပွားစေတတ်တဲ့ ကုသိုလ်ကောင်းမှု တရားများကိုသာ ကြိုးစားအားထုတ်ကြရမယ်တဲ့၊ သို့-ယခုလို အကုသိုလ်ဆွဲတာနှင့် မသေမီကလဲ ပူပန်ဆင်းရဲပြီး သေတော့ အပါယ်ငရဲသို့ ကျသွားရတဲ့သူများ ရှေးကပင် ရှိဖူးပါရဲ့လားလို့ဆိုတော့—

(ပဌမအကြိမ်)

ရှေးအတိတ်အခါက ဗာရာဏသီမြို့မှာ မဝေးလှတဲ့ လယ်လုပ်သားတစ်စုတို့အိမ်ပြုကာ အခြေတည်နေကြတဲ့ကာသိက-မည်သောရွာငယ်တစ်ခုရှိတယ်၊ အဲ·ထိုကာသိကရွာသား လယ်ထွန်နေတဲ့ ပုဏ္ဏားတစ်ယောက်ဟာ ထွန်ဖြုတ်လို့ ကန်သင်းပေါ်ကနေတဲ့ အခိုက်မှာ နွားနှစ်ကောင်နောက်က ပျောက်သွားတာနှင့် တောင်အောက် ချောက်ကြား တဖြည်းဖြည်း ခြေရာကောက်ပြီး တစ်ယောက်တည်း လိုက်သွားလေရာ တောဖျားမြိုင်လယ်တွင်လမ်းမှားလို့ မျက်စိလယ်ပြီး ရပ်နယ်ကိုမှ မသိမမှတ်နိုင်ဘဲ ခုနစ်ရက် အာဟာရပြတ်လို့မို့ တောင်စပ်ချောက်ကမ်းပါးကြီးမှာ သီးနေတဲ့ တည်ပင်ကြီးတစ်ခုကို တက်ရာတွင် မဖက်နိုင် မဆွဲနိုင်ဘဲ ဝမ်းတွင်းက အာဟာရနည်းတာနှင့် မိုက်မဲ မူးမောပြီး အတောင်ခြောက်ဆယ်လောက်ရှိတဲ့ချောက်ထဲသို့ လျှောကျသွားတယ်၊အဲ·ထိုအခါ ငါတို့ဘုရားအလောင်းတော်မှာ ဟိမဝန္တာ ကမ္ဘာ့ယံစောင်းတွင် တောအောင်း ချုံလျှိုး သမ္ဘာတော်ညှိုးခိုက်မို့ မျောက်မျိုးမှာ ဖြစ်နေရ၍ အခါ ဖော်ရွေကိုဖဲ့ခွာပြီး ကေစာတစ်ယောက် သစ်သီးရှာလျှောက်လာတာနှင့် တည်ပင်ကြီးအနီးသို့ ရောက်သွားတယ်။

အဲ·တောင်အောက်ချောက်ကြားက ကျင်နာစွာ ညည်းတွားနေတဲ့ ဒုက္ခိတ ပုဏ္ဏားကိုမြင်လျှင် ကရုဏာတော်ယင် အလောင်းမြတ်က သားကဲ့သို့ မေတ္တာကပ်ပြီး လူ့ဇာတ် လူ့စကားနှင့် ပုဏ္ဏားကို မေးတော်မူတယ်၊ ဘယ်လိုမေးပါသလဲလို့ ဆိုတော့–'လူသူမနီး ဤချောက်ကြီးမှာ တစ်ယောက်တည်း အဖော်မပါဘဲ ညည်းအော်ကာ ပြေးလျှောက်လို့ ဒုက္ခကြီးရောက်နေတဲ့ အို·အချင်း ယောကျ်ား၊ သင်ယောကျ်ား၏ ဌာနဖွားမြေ အခြေဂါမ သင့်အမည်နာမကို ငါ့အား မချန်ထားဘဲ ဟုတ်မှန်စွာပြောကြားပါ၊ လူသားနှင့်နတ် ဘီလူးဇာတ်တွင် ဘယ်ဇာတ်ဘယ်ရိုး ဘယ်နွယ်မျိုးရယ်လို့ မျိုးရိုးပါမချန်မဝှက်ဘဲ ဟုတ်သမျှ နွယ်အဆက်များကိုလဲ ငါ့အား သင်မိန့်မြွက်ပါလို့' အဲ·ဤလို မေတ္တာသက်တာနှင့် နှုတ်ဆက်ကာ မေးတော်မူတယ်၊ ထို့ကြောင့်–

အမ္ဘော ကော နာမသော တွေ၊ ဧဝံ ဒုက္ခေန အဋ္ဋိတော။
မနုဿော အမနုဿော ဝါ၊ အတ္တာနံ မေ ပဝေဒယ။

လို့–ဟောတော်မူတယ်။

တွေ ပပါတော၊ ခြောက်ဆယ်အတောင် အံ့စောက်ဆောင်တဲ့ နက်ချောင်မောက်မား ဤချောက်ကြား၌၊ ဧဝံ၊ ဒုက္ခေန၊ ကြောင်ကြောင် ဟတ်

ကြွေး ထိုဤပြေးလျက် ပူဆွေးငိုတ ဤသို့သောဒုက္ခဖြင့်။ အဋ္ဌိတော၊ မစဲ ခဏဲ ဆင်းရဲ၍နေရသော။ အမ္ဘောပုရိသ၊ သောကတောက်ပွား အချင်း ယောကျာ်း။ တံ၊ သင် ယောကျာ်းကား။ နာမသော၊ ဖွားစဉ်ကာလ သင့် မိဘတို့ ခေါ်ကြချည်ထား အမည်အားဖြင့်။ ကော နာမော၊ ဘယ်မည် တွင်သ ဘယ်နာမဟု ချီမြှသာယာ ခေါ်ဆိုကြပါကုန်သနည်း။ တံ၊ ပူပင် ချောက်ချားသင်ယောကျာ်းသည်။ မနုဿောဝါ၊ အရိုးအမြစ် မညှိုးညစ်တဲ့ လူမျိုးစစ် ဖြစ်ပါသလော။ အမနုဿောဝါ၊ အမူခြားထူး လူသားကြိုက်တဲ့ ဘီလူးပင် ဖြစ်ချေသလော။ မေ မမ၊ တစ်ယောက်တည်းသာ သစ်သီးရှာဟု ရောက်လာလျှောက်ဆင်း ငါမျောက်မင်းအား။ အတ္တာနံ၊ အခြေဖိုးမိ မည် မျိုးသိဖို့ ရှိသမျှမပို မိမိကိုယ်ကို။ ပဝေဒယ၊ မိန့်ဟဆောစွာ ပြောကြားပါ လော။

အဲ့ဤကဲ့သို့ အလောင်းတော်မျောက်မင်းကအကြောင်းရင်းသိလိုရေး နှင့် ချောက်ကမ်းကမေးလိုက်လျှင် ပုဏ္ဏားလုလင်လဲ ရှင်လှုသောမျက်နှာ နှင့်ကိုးကွယ်ရာ ငါ့ယံသို့ရောက်ပြီလို့ဝမ်းမြောက်စွာအားကိုတင်ပြီးမျောက် မင်းကို တောင်းပန်တယ်။ ဘယ်လို တောင်းပန်ပါသလဲလို့ဆိုတော့ 'အဆွေ မျောက်မင်း၊ ဤချောက်တွင်းမှာ သေခင်းလက်အောက် အစာမရ ရှည် ကြာလှအောင့်ဒုက္ခကြီးရောက်နေရလို့မို့ဘောင်၊ မြောက်လေးပါးကယ်နိုင် သူလာမလားလို့ စောင့်စားငံ့မျှော်ကာနေရပါတယ်။ ဗာရာဏသီပြည်သား လယ်လုပ်၍စားရတဲ့ ပုဏ္ဏားလူမျိုးဖြစ်ပါတယ်။ တောဖျံ့ားမြို့ဦး လူသား ကြူးတဲ့ ဘီလူးသဘက်လဲ မဟုတ်ပါ။ ဒုက္ခိတသတ္တဝါကို သားပမာမေတ္တာ ပွားပြီး ချောက်ကြားက ပိုးသည်လို့ ကိုးကွယ်ရာဖြစ်တော်မူပါ' ဆိုတဲ့ အကြောင်းများနှင့် ပုဏ္ဏားက တောင်းပန်တယ်၊ ထို့ကြောင့်

မနုဿောဟံ ဗျသမ္ပတ္တော၊ သာ မေ နတ္ထိ ဣတော ဂတိ။
တံ ဝေါ ဝဒါမိ ဘဒ္ဒန္တေ၊ တွဉ္စ မေ သရဏံ ဘဝ။

လို့ ဟောတော်မူတယ်။

ဘောဝါနရိန္ဒ၊ ကေသရာနဲ့ တေဇာရဲနှင့် ခုန်လွှဲကျော်ဆင်းရှင်မျောက် မင်း။ အဟံ၊ ငါကား။ မနုဿော၊ လူ့ရပ်လူ့နယ် လူ့ဇာတ်နွယ်နှင့် လူ ဝယ်မွေးဖွား လူယောကျာ်းသည်။ အသိ၊ သနစ်မသွေ ဖြစ်ပါချေ၏။
(ပဥ္စမအကြိမ်)

ဗျသမ္ဗတ္တော၊ သစ်ပင်ထက်က မချောက်သို့ကျသည်ဖြစ်၍။ မေ မမ၊ အာဟာရပြတ် အားခွန်ယုတ်တဲ့ အကျွန်ုပ်ပုဏ္ဏားအား။ ဣတော၊ နက်သည်စောက်ဆင်း ဤချောင်းတွင်းမှ။ သာဂတိ၊ ဆယ်မျက်နှာဘက် ထိုဤတက်ဖို့အကွက်မှန်းဆ ထွက်လမ်းစသည်။ နတ္ထိ၊ မရှိမထင် ကြည့်မမြင်။ ဘဒ္ဒန္တေ၊ မပျက်အစဉ် သက်လောက်ခင်တဲ့ အရှင်မျောက်မင်း။ ကံ၊ အနန္တဝင်ဖမိခင်နှင့် တူယှဉ်ကောက်သွင်း ရှင်မျောက်မင်းကို။ ဝဒါမိ၊ အဉ္ဇလီညွတ်ပျောင်းစုံချီညောင်း၍ အကြောင်းပြန်ကာ တောင်းပန်ပါ၏။ တွဉ္စ တံ့ဝေ၊ အစောက်မတ်မတ် ဒေါက်ဒြပ်နှင့်လျှောက်ပတ်ဘိခြင်းရှင်မျောက်မင်းသည်သာလျှင်။ မေ မမ၊ ဒုက္ခဘေးရောက် ပြေးမပေါက်ဘဲ သေလောက်နီးပါးအကျွန်ုပ်ပုဏ္ဏား၏။ သရဏံ၊ ကျောက်ကုန်းနှင့်တွဲ ဤချောက်ထဲက မြောက်ဆွဲငင်ကာ ကိုးကွယ်ရာသည်။ ဘဝ၊ သနားဇွတ်နှစ် ထားမပစ်ဘဲ သားချစ်အတူ ဖြစ်တော်မူပါလော။

အဲ-ဤကဲ့သို့ ကယ်မပါမည့်အကြောင်းများနှင့် ပုဏ္ဏားက တောင်းပန်လျှင် ကရုဏာတော်ရှင်မျောက်မင်းလဲ ရင်းတွင်းဆို့မျှ သားရင်းလိုသနားလှသဖြင့် ကယ်မတော့ အံ့ဟု အကြံထားပြီး ပုဏ္ဏားလောက် အမျှလေးတဲ့ ကျောက်ခဲတစ်လုံးကို ကျောက်ကုန်းမှာတင်ပိုးလို့တောင်ရိုးအမြင့်ပေါ်မှာ ခုန်ကျော်၍ စုံစမ်းတော်မူရသေးတယ်။ အဲ—အားစွမ်းကိုသိတော်မူပြီးသည့်နောက်မှ ချောက်ထဲကိုခုန်ဆင်းပြီး ပုဏ္ဏား၏အနီးမှာကျောကိုစင်းလို့ ‘အချင်းယောကျ်ား၊ ငါ၏အပေါ်သို့လာလော။ ငါ၏ကျောထက် ငါ့လည်ပင်းကို တင်းလှအောင် လက်နှစ်ဘက်နှင့်မြဲမြံစွာကိုင်ဖက်လော့။ အနက်အစောက် အတောင်ချောက်ဆယ်ရှိတဲ့ ဤချောက်ကပင့်မြှောက်လွှားခုန်ပြီး တစ်ဟုန်တည်း ငါတက်မယ်လို့’ အဲ-ဤလိုမှာထားပြီးမှ ပုဏ္ဏားကို ကျောမှာတွဲလို့ချောက်ထဲက လွှားကျော်ပြီး ကမ်းပေါ်သို့ တင်တော်မူတယ်။ ထို့ကြောင့်-

ဧဟိ မေ ပိဋ္ဌိမာရုယှ၊ ဂီဝံ ဂဏှာဟိ ဗာဟုဟိ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ ဂိရိဒုဂ္ဂတာ ဝေဂသာ။

လို့ ဟောတော်မူတယ်။

ဗြာဟ္မဏ၊ ဒုက္ခထွေးငြိ သေဘေးထိ၍ မချိရှိရှာ အိုပုဏ္ဏား။ ဧဟိ၊ တွားကာအသာလာလှည့်ပါလော။ မေ မမ၊ ငါ၏။ ပိဋ္ဌိံ၊ ပခုံးပြင်ဘက် ကျောက်

ကုန်းထက်သို့။ အာရုယှ၊ ချီလျက်အသာ နင်းတက်ပါ၍။ ဗာဟုဟိ၊ အစုံပေါင်းယှက် မောင်းနှစ်ဘက်တို့ဖြင့်။ ဂိဝံ၊ ကြွချီဆန့်စင်း ငါ့လည်ပင်းကို။ ဂဏှာဟိ၊မြဲအောင်ယှက်ကာ ကိုင်ဖက်ပါလော၊ အဟံ၊ငါသည်။ ဝေဂသာ၊ မနှောမပန်း အားအစွမ်းဖြင့်။ ဂိရိဒုဂ္ဂတော၊ အစောက်တက်ဆင်း ချောက်နက်တွင်းမှ။ တံ၊ ပူပြင်းဟုန်ပွား သင်ပုဏ္ဏားကို။ ဥဒ္ဒရိဿာမိ၊ ခုန်လွှားသယ်ကာ ထုတ်ကယ်ပါအံ့။

အဲ-ဤလို အတောင်ခြောက်ဆယ်နက်တဲ့ ချောက်ကြားက ပုဏ္ဏားကို ကျောမှာပိုးလို့-တောင်ရိုးကမ်းပါးကို ဖက်မိအောင် ခုန်တက်တော်မူရတာ ကလဲတစ်တန့်,ချောက်တွင်းသို့ဆင်းတော့မယ်လို့ကြံတုန်းကလဲ လေးလံတဲ့ ကျောက်တုံးကိုကျောက်ကုန်းမှာတင်ထားလို့ ပုဏ္ဏားကို-နိုင်မနိုင် စဉ်းစားပြီး မြင့်လှတဲ့တောင်ထိပ်ဖျားသို့ ခုန်လွှားတော်မူရတာလဲတစ်ချက်,အဲ-ဤကဲ့သို့ကြိုးပမ်းတော်မူရသည့်အတွက်ကြောင့် အသက်ရှူအနေခက်လောက်အောင် မောပန်းချက် ပြင်းပြလှတာနှင့်မထဘဲ မြေအပြင်မှာပင် ပုဏ္ဏား၏ပေါင်ပေါ်မှာဦးခေါင်းတင်ပြီး အရှင်ဗြာဟ္မဏ-ဘဝင်နေအေးမြလို့စီးကျတဲ့ချွေးသံဆိတ်အောင် တရေးမျှ အိပ်ပါရစေ၊ တောမြိုင်ရိပ်တောင်ခြေက ဝံပုလွေ,ကျား,သစ်, ဆင်တို့ကို အဝေးကလာတာမြင်ယင် လျင်လျင်ကြီး ငါ့ကိုနိူးပါလို့ အဲ-ဤလို အားကိုးတစ်ခု အယုံမှားပြီး ပုဏ္ဏားကို သက်စောင့်ထားလို့ တမှေးလောက် အိပ်ပျော်သွားတယ်။ ထို့ကြောင့်—

ဥဒ္ဒရိတွာန မံ သန္တော၊ နိသဘော-ဧတဒဗြဝိ။
ဣင်္ဃ မံ သမ္မ ရက္ခဿု၊ ပသုပိဿံ မုဟုတ္တကံ။

လို့ ဟောတော်မူတယ်။

မံ၊ မအေးခဏ သေဘေးကျ၍သောကဟုန်ပွားငါပုဏ္ဏားကို။ ဥဒ္ဒရိတွာန၊ချောက်မှယူတက် ဟုန်မပျက်ဘဲ စုံနှစ်ဘက်နင်း ခုန်တက်ရခြင်းကြောင့်။ သန္တော၊ ရှိန်မမ်းချွေးကျ ပင်ပန်းလှသော။ နိသဘော၊သားနှင့် တူလျော်တရားမျှော်တဲ့ ပူဇော်အံ့လောက်သူတော်မျောက်သည်။ သမ္မ၊အဆွေဗြာဟ္မဏ။ ဣင်္ဃ၊မချီလွန်းစွာ တိုက်တွန်းပါ၏။ မုဟုတ္တကံ၊တမိုက်ခန့်မျှ မကြာလှဘဲ။ ပသုပိဿံ၊ သင့်ပေါင်စောင်းတွင် ငါ့ခေါင်းတင်၍ လျောင်းငင်မှိတ်ကာ အိပ်ဦးပါအံ့၊မံ၊ငါ့ကို။ ရက္ခဿု၊ ကျား,သစ်,ခွေးစု ဘေးမပြုအောင်

(ပဌမအကြိမ်)

ကြည့်ရှုခြောက်ခါ စောင့်ရှောက်ပါလော။ ဇာတိ တော်၊ အတွင်းသားသို တအားခို၍ သားလိုထင်စား ဤစကားကို။ အပြဝိ အသက်ပုံနှင်း အယုံ ပြင်း၍ ကိုယ်ချင်းစက်ခါ ဆိုမြွက်ရှာ၏။

အဲ-ဤလို အဲလောင်းမြတ်ဗောဓိလျှာသည် အပင်ပန်းသက်သာအောင် လျှောင်းစက်ကာမေးငိုက်ပြီး တရေးမျှအိပ်ပျော်ခိုက်တွင် စရိုက်မှားမှောက် ပုဏ္ဏားကောက်သည် ကျေးဇူးတော်ကိုမှ မထားထောက်ဘဲ အလောင်းတော် မျှောက် သူတော်စင်၌ အကောက်ဉာဏ် အကြံဝင်လာတယ်၊ ဘယ်လိုဝင်ပါ သဲလဲလို့ဆိုတော့ ဩော်-တောကြား မြိုင်အောက်မှာ တစ်ယောက်တည်း အဖော်မရ ခရီးလမ်းပျောက် မျက်စိမှောက်ပြီး ချောက်ထဲ ကျနေလို့မို့ အာဟာရပြတ် အစာရေစတ်နေရတာခုနစ်ရက်လောက်ကြာခဲ့ချေပြီ ကန္တာရ ခရီးလမ်းနှင့် ကိုယ်အားကို မှန်းလိုက်လျှင် ခရီးလမ်းက ရှည်လျားလို့ အားခွန်ဗလနည်းပါးနေချေပြီ၊ ကိုယ်အားလဲပြည့်ဝ လမ်းရိက္ခာလဲရ နှစ်ကိစ္စ ပြီးစီးအောင် ဤမျောက်ကြီးကို ငါသတ်မှ တော်ချေတော့မယ်လို့ အဲ-ဤ လို အကောက်ဉာဏ် အကြံပေါက်တာနှင့် ကျေးဇူးတော်ကိုမှမထားခထောက် ဘဲအနီးမှာရှိတဲ့ကျောက်ခဲတစ်ခုကိုကောက်ပြီးအားရှိသလောက်အကုန်လွှဲလို့ ကျောက်ခဲစောင်းအဖုနှင့်မျောက်မင်း၏ ဦးခေါင်းကိုထုတယ်၊ ထို့ကြောင့်-

**အသိတော၀ ဂမိဿာမိ၊ မံသံ အာဒါယ သမ္ဗလံ။**
**ကန္တာရံ နိတ္ထရိဿာမိ၊ ပါထေယျံ မေ ဘဝိဿတိ။**
**တတော သိလံ ဂဟေတွာန၊ မတ္ထကံ သန္နိတာလယိံ ။**

-လို့ ဟောတော်မူတယ်။

မံသံ၊ ရသာဆူဖြိုး ကောင်းစနိုးများ မျောက်မင်း၏ အသားကို။ အသိ တော၀၊ အဆာလဲပျောက် အားလည်းရောက်ဖို့ လောက်လောက် လား လားဝလောက်အောင်စားပြီးမှသာလျှင်။ ဂမိဿာမိ၊ ဖြည်းညင်းနားနေ ငါ သွားပေအံ့။ သမ္ဗလံ၊ မရောက်သမျှ မကြောက်ရအောင် နောက်ကထမ်း ပါ လမ်းရိက္ခာကို။ အာဒါယ၊ ဖုတ်ကာကြူကြူ ထုတ်ကာယူ၍။ ကန္တာရံ၊ စိမ့်ကြီးမြိုင်ထဲ ခရီးခဲကို။ နိတ္ထရိဿာမိ၊ ကျော်လွှဲရက်ရှည် ငါထွက်ပေအံ့။ မေ မမ၊ သားမယားထံမှောက် ပြန်ရောက်ဝင်သွား ငါပုဏ္ဏားအား။ ပါ ထေယျံ၊ တောမျောက်အသား ရောက်ခါစားဖို့ အခြားထုပ်နှောင် တော

လက်ဆောင်သည်။ ဘဝိဿတိ၊ ဧင်စစ်မသေ ဖြစ်တော့ပေလတ္တံ့။ တတော၊ ထိုအကြံကောက် ဖြစ်သည့်နောက်မှ။ သိလံ၊ အပါးတွင်နီး ကျောက်ခဲကြီးကို။ ဂဟေတွာန၊ အနိုင်ခကာက်ကြ မြှောက်ချီခ၍။ မတ္ထကာ၊ ခေါင်းတင်ကာအိပ် မျောက်မင်းထိပ်ကို။ သန္နိတာလယိ၊ ပေါက်ခတ်အသေ ထုသတ်လေ၏။

အဲ-ဤလို ပုဏ္ဏားက—အကောက်ဉာဏ် တစောင်းပြုပြီး ကျောက်ခဲနှင့် ဦးခေါင်းကိုထုလေက မရှုမလှ အိပ်ပျော်တဲ့အတွင်းက ရုတ်တရက်အတင်း ထလို့ သစ်ပင်ကတဲ့ကျတဲ့ နွယ်စကိုဆွဲဖက် အားစွမ်းတော်အဟုန်ဖြင့် လွှားခုန်ကာ ပြေးတက်ပြီး မြင့်လှတဲ့သစ်ခက်ဘစ်ခုပေါ်မှာထိုင်လို့တဖြိုင်ဖြိုင်တစ်စက်စက် ကျောက်ထိတဲ့ ခေါင်းကွဲက သွေးနက် သွေးခဲတွေ စီးထွက်သည်ကို လက်နှစ်ဘက်နှင့်စမ်းသပ်ကာ မျက်ရည်စက်တဖြာဖြာနှင့်တိခိုက်တဲ့ဒဏ်ရာကို ချင့်တွက်ပြီး တုတ်လက်နက် လှံ-ဓားနှင့် ငါ့အား ရိုက်နှက်ပုတ်ခတ်မဲ့သူ ပုဏ္ဏားပြင်တစ်ပါး အခြားပင်ရှိလေသေးသလားလို့ ရန်သူကို စဉ်းစားပြီး ပုဏ္ဏားကို တစိမ်းစိမ်းကြည့်နေတယ်၊ ထို့ကြောင့်—

သော စ ဝေဂေနုဒပ္ပတ္တော၊ ကပိ ရုဟိရမက္ခိတော။
အဿုပုဏ္ဏေဟိ နေတ္တေဟိ၊ ရောဒန္တော မံ ဥဒိက္ခတိ။

လို့ ဟောတော်မူတယ်။

သောစကပိ၊ ကျောက်ခဲဒဏ်ရောက် မသေပျောက်ဘဲ သွေးပေါက်ယိုဆင်း ထိုမျောက်မင်းသည်လည်း။ ဝေဂေန၊ အိပ်ပျော်တွင်းမှ ရုတ်ခြည်းထလျက် အတင်းကြွခုန် ပြင်းပြသောအားအဟုန်ဖြင့်။ ဥဒပ္ပတ္တော၊ နွယ်စဆွဲလျောက် သစ်ပင်ထက်သို့ ရောက်သည်ဖြစ်၍။ ရုဟိရမက္ခိတော၊ ခေါင်းကွဲမှလျှံ တစ်ကိုယ်လုံး သွေးလိမ်းကျံလျက်။ အဿုပုဏ္ဏေဟိ နေတ္တေဟိ၊ တတွဲတွဲယှက် ဝဲကာထွက်သည့် မျက်ရည်စက်ပြည့် နှစ်ဘက်သောမျက်စိတို့ဖြင့်။ ရောဒန္တော၊ ကျင်နာထုံအေး ငိုမြည်ကြွေးလျက်။ မံ၊ မထောက်မစံ အကောက်ဉာဏ်နှင့် ဖောက်ပြန်ကြံမှား ငါပုဏ္ဏားကို။ ဥဒိက္ခတိ၊ လှည့်ယိုင်တာရှည် ကြည့်မိုင်လေ၏။

အဲ-အလောင်းတော်မျောက်မင်းကလဲ ပုဏ္ဏား၏နှလုံးသွင်း အကဲအလေးကို တဖြည်းဖြည်း တွေးခပ်ခါ အရေးပုံမလှဘာနှင့် တစ်ပါးက ပေါ်လာကဲ့

ရန်သူမဟုတ် ပုဏ္ဏားယုတ်၏ လက်ဦးမှာလဲ·သွေးတွေလူးတဲ့ ကျောက်ခဲက သက်သေဘဲ ပြုလုပ်ကာခိုးထုပ်နှင့်ပေါ်လာတာမို့ချင့်မျှော်စရာတခြားမရှိ ပုဏ္ဏားပင် ရန်သူပဲလို့ မလွဲအောင်သိရသဖြင့် မသင့်သည့် အရာကိုပြု၍ ပုဏ္ဏားကို ဆုံးမတော်မူတယ်၊ ဘယ်လို ဆုံးမပါသလဲလို့ဆိုတော့၊ အချင်း ယောကျ်ား....သင်ယောကျ်ားကား တရားတော်ကိုမထောက်အမှားဖောက် ပြီး အကောက်ကြံမူ လွန်ကြူးစောင်းရှဲ့ ကျေးငှက်မဲ့ကို သင်ဘယ်ကြောင့် ပြုချင်ဘိသလဲ၊ သင့်အသက် ရှင်သေးသမျှ မသေခင်ကာလမှာ တစ်ပါးက မာန်မူလို့ ငါ့ရန်သူတစ်ယောက်အကယ်၍ရောက်စေခဲ့ပါမူ သင့်အလျောက် သင့်ကြံရေးနှင့် အလိုလို ပပျောက်အောင် ထောက်မကာ ပြုသင့်ပါသေး သည် မဟုတ်ပါလော၊ မတွေးမဆ ချောက်ထဲကိုကျလို့မို့ အာဟာရပြတ် အစာရေငတ်ပြီး ယနေ့နက်ဖြန် သက်မကျန်အောင် ရပ်နာမ်ပါပြတ်ရတော့ မည်ဆဲဆဲ အကျဉ်းအကျပ် အဆင်းကပ်တဲ့ ကမ်းပါးပြတ်ချောက်သေပွဲက နှုတ်ဆွဲကယ်တင်ရတဲ့ ကျေးဇူးရှင် ငါ့သို့သူကိုပင် အမူစဉ်းလဲ သင်ညှဉ်းဆဲ ခြင်းသည် အံ့ဖွယ်သရဲကြီးတစ်ခု ကမ္ဘာကြေခမ်း နောင်ရှည်လမ်းဖို့ဉဒါန်း ကြီး တွင်ရစ်အောင် သင်ပြုမှုပြုရက်ပေဘယ်လို့ အဲ·ဤလို အကြောင်းကို ဖော်ပြ၍ ပုဏ္ဏားကို ဆုံးမတော်မူတယ်။ ထို့ကြောင့်—

အဟော၀တ ရေ ပုရိသ၊ တ၀ ဒုက္ကရကာရကာ။[၁]
ဒေိသာ ဝိသမာ ဒုဂ္ဂါ၊ ပပါတာ ဉဒ္ဓတော မယာ။

လို့·ဟောတော်မူတယ်။

ရေပုရိသ၊ကောင်းစိတ်ခွသွင်း မိတ်ကိုနင်းတဲ့ အို အချင်းယောကျ်ား။ တ၀၊ အကောက်ဉာဏ်ပွား သင်ယောကျ်ား၏။ဒုက္ကရကာရကာ၊ ကျေးဇူး မဆပ် မိတ်ကိုသတ်မည်ဟု ပုတ်ခတ်စီးနင်း သင်ပြုလိုက်ခြင်းသည်ကား။ အဟော၀တ၊ နောင်တမြောကြီး ပြောမပြီးအောင် သြော်·အံ့သြစရာကြီး တစ်ခု ဖြစ်ချေ၏တကား။ ဒေိသာ၊သို့ကခွလာက်ခဲယဉ်း ကယ်ဝံ့သူ တစ်ဆူ

၁။ တ၁၁ ဒုက္ကရကာရတ။ ဇာ၊ ဋ္ဌ၊ ပဉ္စမ၊ ၇၃။

၂။ တ၁၀ ဒုက္ကရ ကာရက-အလွန်ပြုနိုင်ခဲသော အမှုကို ပြုလုပ်ပေးသော ရေ ပုရိသ၊အို အချင်းယောကျ်ား? တ၁၀ ဒုက္ကရကာရကာတိ မယိ အပရဇ္ဈနေန အတိဒုက္ကရတမ္မကာရက၊ ရင်း-ဋ္ဌ၊ ၇၆။

ကင်းသော။ ဝိသမာ၊ ဆူးငြောင့်ချုံအုပ် ကျောက်ခလုတ်နှင့် ထွေးရှုပ်လာ မညီညာသော။ ဒုဂ္ဂါ၊ ခြောက်ဆယ်တောင် အာစောက်ဆောင်၍ သီခေါင် ဝေးနက် အယူခက်သော။ ပပါတာ၊ အကျဉ်းအကျပ် အဆင်းကပ်သည့် ဆတ်ဆတ်မှလွဲ ချောက်သေပွဲမှ၊ မယာဝ၊ အသဲက်လောက်ဟာ မထောက် ညှာဘဲ စွန့်ကာမကြောက် ငါတစ်ယောက်သာလျှင်။ ဥဒ္ဒတော၊ မမော မသဲ ကျောနှင့်တွဲ၍ ဩြော်·နှုတ်ဆွဲ ကယ်တင်ရချေ၏ တကား။

အဲ·ဤလို အလောင်းတော် မျောက်မင်းက အပြစ်ကိုဖော်ပြ၍ ဆုံးမ တော်မူလေလျှင် ပုဏ္ဏားယုတ်လုလင်လဲ မရှင်မပျ နောင်တကြီး နောက်မှ ရလို့မို့ ဆီးမရ ဖြေမပွဲ စီးကျအောင် မျက်ရည်ဝဲပြီး လွဲမိတဲ့အမှု ပြုမိတဲ့ အရေး မိုက်မိတဲ့ အပြစ်ဘေးကြောင့် ဆွေးရတာကလဲဘစ်ဖုံ့ရဂုံတောနက် ထွက်လမ်းခက်တာနှင့် စိတ်စက်ညှိုးခြောက် သေဘေးကိုကြောက်ရဘာကလဲ တတန် အဲ–ဤကဲ့သို့ ဖြစ်ရဟန်ကို မျှော်ကြံတွေးထောက်ပြီး မအေးမစဲ စိက်နှလုံးအပူစွဲတာနှင့် လူးလဲကာငိုယိုပြီး မျောက်မင်းကို တစ်ဖန် တောင်း ပန်တယ်၊ ဘယ်လို တောင်းပန်ပါသလဲလို့ ဆိုတော့....အရှင် မျောက်မင်း၊ အကျွန်ုပ် မိုက်မိခြင်းကို အကြောင်းရင်းတစ်ခု ပါရမီသခင် ခန္တီရှင်က ရင် သွေးလို အတူထင်ပြီး စိတ်တွင် မခံခုပါဘဲ ဘုရားဆု စရိတ်တွင်းကိုသာ ဖြည့် သွင်းတော်မူပါ၍ လမ်းမှန်ရာ ကမ်းတစ်ဘက်ကိုသာ လှမ်းတက်တော်မူပါ၊ မျောက်မင်းမှ မကယ်ပါလျှင် ကန္တာမြိုင်ဆီး ဤတောကြီးမှာ ခရီးမပေါက် ကျား, ဆင်, ရှုပ်ထွေး သည့်အရေးတွေနှင့် မပြေးမလျှောက်နိုင်လို့မို့ သေဘေးကြီး ရောက်ရပါတော့မယ်။ သံသရာကိုသာ ထောက်ထားပြီး သင်မျောက်မင်း ကယ်မ·သနားတော်မူပါမှသာ ရင်သားပမာ လူမသမာ မှာ ချမ်းသာရာရပါတော့မယ်လို့ အဲ·ဤလိုအကြောင်းများနှင့် ဝပ်တွား ကာ တောင်းပန်တယ်။

အဲ–ထိုအခါ အလောင်းဘော်မြတ် ဗောဓိလျာမှာလဲ ရင့်မာပြီး ပါရမီ အရှိန်အတောက်နှင့် ပွင့်လုချိန်အနီးရောက်ပြီမို့ ဒုက္ခမီး လောင်တောက် နေတဲ့ ပုဏ္ဏားကို သားကဲ့သို့ ကရုဏာနှင့် သက်သာရာရစေခြင်းငှာ အချင်း ယောက်ျား သင်ယောက်ျားကား တောဖျားမြိုင်ကြီး ဂံနိုင်ဆီးတယ်လို့ ပူမီးလျှံတောက် ငါသို့သူအနီး ရှိတပြီးလျက် ငိုညည်းကာ မကြောက်နှင့် တော့ တောအောက် တောင်စ ဘေးရန်ပအောင် မှန်းဆနိုင်ဖို့ လမ်းပြကာ

ငါပို့လိုက်မယ်၊ သို့လိုပင် သင့်ကို·ကာယ်သော်လဲ ရှေးကနှယ်အလား မိတ်တစ်ပါးရယ်လို့ ထင်စားခင်မင် ချစ်ကျွမ်းဝင်ပြီး ပူးယှဉ်ဖက်နွဲ့ ကိုယ်ဘိုင်တွဲလို့ ကိုင်ဆွဲဆောင်မ သင်ရှိရာမြေသလင်းသို့ ငါဆင်းကာလမ်းမပြဝံ့ပြီ၊ ကန္တာရမြိုင်မောက် တစ်ပင်လွှားကျော် တစ်ပင်ကို မျှော်ပြီး တောပေါ်က ငါလျှောက်မယ် သင်အောက်က မနီးမဝေး အရေးမကောက် ငါ့သွေးပေါက်တို့ မပျောက်အောင် ရှုမျှော်တွေးပြီး တဖြည်းဖြည်းလိုက်ခဲ့က မြိုင်တိုက်ကကွာ ဘေးမကာဘဲ ချမ်းသာစွာ သင်ရောက်လိမ့်မယ်လို့အဲ ဤလို ဆိုပြီး အလောင်းတော်ဒ္ဓဗာဓိလျှာသည် ကျင်နာနွမ်းရိ ဒဏ်ပြင်းစွာ ကိုယ်မှာထိသော်လဲ· မိမိ၏အသက် မငဲ့ကွက်ဘဲ ဝဂယက်ကြမ်း သံသရာလမ်း တစ်ဘက်ကိုသာ ထွက်နိုင်ဖို့ချည်မှန်းပြီး ဘေးဘျမ်း မဆို့ မသမ်းညှို့ရအောင် ပုဏ္ဏားကို လမ်းပို့တော်မူလိုက်တယ်။ ထို့ကြောင့် ...

တယိ မေ နတ္ထိ ဝိဿာသော၊ ပါပကမ္မံ အမညထ။[၁]
ဧဟိ မေ ပိဋ္ဌိတော ဂစ္ဆ၊ ဒိဿမာနေ ဝ သန္တိကေ။

မေမယာ၊ ငါသည်။တယိ၊ကျေးဇူးမပွား သင်ပုဏ္ဏား၌။ဝိဿာသော၊ ရှေးကအသွင် သနားခင်၍ ပါးတွင်လာဆင်း အကျွမ်းဝင် ဝံ့ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ တုမှေ၊ မခင်မသနား သင် လူသားတို့သည်။ ပါပကမ္မံ တစောင်း တရွဲ့ မကောင်းဖဲ့ခြင်းကို။အမညထ၊ မငဲ့မဆ ပြုချင်တတ်ကြကုန်၏။ ၂ ဧဟိ၊ ထကာအသာ လာလှည့်ပါလော။ မေ မမ၊ တစ်ချုံက လွှား တစ်ချုံဖျားသို့ ခုန်သွားလျှောက်နင်း ငါမျောက်မင်း၏။ပိဋ္ဌိတော၊ တောရှိသလောက် ကျော၏နောက်မှ။သန္တိကေ၊မနီးမကမ်း ခရီးလမ်း၌။ ဒိဿမာနေ ဝ၊ငါ့ခေါင်းကကျ သွေးပေါက်စကိုထောက်ဆမိမိအောက်က ကြည့်၍သာလျှင်။ အာဂစ္ဆ၊ စိုက်စိုက်မကွာ လိုက်ခဲ့ပါလော။

အဲ–ဤကဲ့သို့ ပုဏ္ဏားကို လမ်းညွှန်လို့ တောစွန်ကအထွက် မြင့်လှတဲ့ သစ်ပင်ထက်က ငြိမ်သက်စွာ ရပ်နေပြီးမှ အဆွေယောကျ်ား မြိုင်တောဖျားမှာ သစ်,ကျား,ခြင်္သေ့ လူသားကြူးတဲ့ ဘီလူးများကိုမှ မတွေ့ခဲ့ဘဲ

၁။ ပါပဓမ္မံ အသညထ။ ဇာ၊ ဌ၊ ပဋ္ဌမ၊ ၇၄။
၂။ ပါပဓမ္မ-ယုတ်မာသောသဘောရှိသော။ အသညထ- စောင့်စည်းခြင်းမရှိသော အို ပုဏ္ဏားယုတ်၊ မေ-မယာ-ငါသည် တယိ၊ ၌၊ ဝိဿာသော နတ္ထိ....?

မသေ့မကောက် ဘေးရန်ကင်း၍ လွင်ကွင်းသို့ ရောက်ခဲ့ပြီ ကြောက်ဖို့ရာ မမြင် လင်းလင်းထင်တဲ့ ကွင်းပြင်၏အစ အထွက်ဝမှာလဲ ဗာရာဏသီမြို့သို့ ခိုက်အောင် ဆိုက်ဆိုက်ဦးတည့် မဆုံးမခန်း ပခုံးထမ်းတို့၏ သွားလမ်းကြီး ဖုံစွာရှိသည်ကိုသာ ရှုကြည့်ကာမှန်းထားပြီး သင့်အိမ်ကိုသာ ရောက်အောင် သွားလေတော့လို့ အဲ-ဤလို မှာထားပြီး ပုဏ္ဏားကို လွှတ်လိုက်တယ်။

မုတ္တောသိ ဟတ္ထဝါဋ္ဌာနံ၊ ပတ္တောသိ မာနုသိံ ပဒံ။
သေ မဂ္ဂေါ အစမ္မဋ္ဌ၊ တေန ဂစ္ဆ ယထာသုခံ။

လို့—ဟောတော်မူတယ်။

ပြာပုံ့ဏ၊ အဆွေပုဏ္ဏား။ ဟတ္ထာဝါဋ္ဌာနံ၊ သစ်, ကျား, ဆင်ကြမ်းဘေး ဘျမ်းတို့လက်မှ။ မုတ္တော၊ မဝပ်မခ လွတ်ခဲ့ရသည်။ အသိ၊ ဖြစ်ပြီ။ မာနုသိံ ပဒံ၊ ခြေကျင်ဝန်ထမ်း လူတို့လမ်းသို့။ ပတ္တော၊ မကော့မကောက် ချောစွာ ရောက်သည်။ အသိ၊ ဖြစ်ပြီ။ အစမ္မဋ္ဌ၊ မတရားမှု အမှားစုကို အားပြုလိုလား အို-ယောကျ်ား။ သေ သော၊ ကြောင်းကြောင်း ထင်ပြီး ဤခရီးကား။ မဂ္ဂေါ၊ နှစ်ပြာမဖောက် သင့်ရွာပေါက်အောင် ဝင်ရောက်နိုင်သော ခရီး တည်း။ တေန၊ လိုရာပြီးစီး ထိုခရီးဖြင့်။ ယထာသုခံ၊ ခကြောက်ခါမရှိ နောက်မတွန့်ဘဲ အခွန့်မှန်းကာ သင်ချမ်းသာအောင်။ ဂစ္ဆ ဂစ္ဆာဟိ၊ နားကာ လမ်းချေ အပန်းဖြေ၍ လှမ်းခြေအသာ သွားလေပါလော့။

အဲ-အလောင်းတော်ဗောဓိမင်းလဲ ပုဏ္ဏားနှင့် လွှဘ်ကင်းပြီးသည့်နောက် သစ်ပင်အောက် အိုင်အနီးသို့ တစ်ယောက်တည်း ဆင်းသက်၍ ဦးခေါင်းက သွေးစက်၊ မျက်ခွက်ကမျက်ရည်၊ လူးလဲသမျှ အတွေ့ထွေ့ကိုကို အိုင် ရေနှင့် ဆေးလျှော်ပြီး အပန်းတော်ပြေလောက်မှ စခန်းထောက် မတန့်နားဘဲ တောတန်းကို ခုန်လွှားပြီး မွေးဖွားတဲ့ တော်ခါးပန်းသို့ ဖြန့်မြန်းတက်ချီ တော် မူသွားတယ်။ ထို့ကြောင့်—

ဣဒံ ဝတွာ ဂိရိစရော၊ ရုဟိရမက္ခလျမတ္ထကံ။[၁]
အဿုနိ သမ္ပမဇ္ဇိတွာ၊ တတော ပဗ္ဗတမာရုဟိ။

လို့-ဟောတော်မူတယ်။

---

၁။ ရုဟာဒေ ပက္ခလျမတ္တကံ။ ဇာ၊ ဋ္ဌ၊ ပဌမ၊ ၇၃။
(ပဌမအကြိမ်)

ဂိရိစရော၊ ကမ္ဘာ့ယံမျှော်ယှက် တောင်စားကျက်၌ ပျံတက်ပြောင်းဆင်းအလောင်းမင်းသည်။ ဇူဒိဝစနံ၊ စခန်းမဖယ် လမ်းမသည်အောင် မှန်းရှယ်ချထား ဤစကားကို။ ဝတ္တာ မျှားစွာဖွင့်ချဲ့ ပြောမှာခဲ့၍။ ရုဟိရမက္ခလျမတ္တကဥ္စ၊ လိမ်းကျံရောထွေး ဦးခေါင်းသွေးကိုလည်းကောင်း။[၁] အဿုနိစ၊ မျက်နှာမှထွက် မျက်ရည်စက်တို့ကိုလည်းကောင်း။ သမ္မဇ္ဇိတွာ၊ ဆေးလျှော်သိမ်းဆည်း သုတ်သင်ပြီး၍။ တဘော၊ ထိုပုဏ္ဏားကိုပြသောလမ်းစမှ၊ ပဗ္ဗတံ၊နေပျော်မြို့စက် ကမ္ဘာ့ယံထက်သို့။ အာံရုဟိ၊ အားတော်အစွမ်းလွှားကျော်သန်း၍ ဖြန့်မြန်းတက်ချီတော်မူလေပြီ။

အဲ·ပုဏ္ဏားလုယုတ်မာလဲ ဘုရားလောင်း မျောက်မင်းကို ဖဲ့ခွာ၍ ဗာရာဏသီမြို့လမ်းကို မျှော်မှန်းလိုက်သွားလေရာ ရွာနှင့်မဝေးမနီးသို့ ရောက်လျှင် အေးလှတဲ့ ရေအိုင်တစ်ခုကိုမြင်၍ ကြည်ရွှင်ဝမ်းမြောက် လက်ခုပ်နှင့်ရေကို သောက်ပြီး ကြွင်းရေပေါက်ကျန်သမျှတို့ကို အေးမြဖို့အရေး မူလေးမူမှန်တို့ကို ကုန်စေဖို့ အကြောင်းများနှင့် ပက်, လောင်း, ဖျန်းဆွတ် ပုတ်သပ်ဆေးကြောလေလျှင် ရေထိသော အရပ်ဟူသမျှတို့က ဥသျှစ်သီးပမာဏအဖုအသီးအနာကြီးတွေ တစ်ကိုယ်လုံးထပြီး ကွဲကျရိယို စိစိုဟောင်ညှီ လူမသိတီအောင် သွေးပြည်လူးလဲ ကျိခြံနံစော် တအော်အော်နှင့် လူဘော်မဝင်ဘဲ အိမ်တွင်းသားမယား မိတ်သားဆွေရင်း မိဘရင်း ဉာတကာတို့မှသော်လဲ ကြည်ဖဲရှောင်ကွင်းကြသဖြင့် အိမ်တွင်းမှာမနေစေဘဲ မောင်းမဲငေါက်ငမ်းဆွဲရမ်း ရိုက်ပုတ် နှင်ထုတ်ပစ်ထားကြလို့မို့. ရွာနားကိုမှ မချဉ်းမကပ်ရဘဲ မိဂဒါဝိန် ဥယျာဉ်ထဲမှာသာ ဖက်ခင်းကာ လူးလဲလို့မို့. နူဝဲတဲ့ရောဂါနှင့် ခုနစ်နှစ်ရှည်ကြာအောင် ကြီးကျယ်တဲ့ ဒုက္ခဝေဒနာကို ခံစားနေရရှာတယ်။

အဲ-တစ်နေ့သ၌ ဗြဟ္မဒတ်မင်းဥယျာဉ်တွင်းသို့ ကပ်ချဉ်းဝင်ရောက်လာရာတွင် ပုဏ္ဏားကို တွေ့မြင်တာနှင့် ခြင်းရာဥဿုံ ဖြစ်ရပုံကို အကုန်စစ်ကြောက အလောင်းတော်ကို ပြစ်မှားမိတဲ့ အကြောင်းများနှင့် မင်းကြီးအား ပြောကြား၍ စကားကုန်စဲလျှင် လူခပဲမမြင်ဝံ့အောင် တတွန့်တွန့်ညည်းတွားလျက်

၁။ မတ္ထကံ—သွေးလိမ်းကျံနေသော ဦးခေါင်းကို၊ ရဟာဒေ-ရေအိုင်၌၊ ပက္ခလျ-ဆေးကြော၍၊ ပက္ခလျာဘိ ခေါဝိတွာ၊ ၎င်း၊ ၄၊ ၇၇။
(ပဥ္စမအကြိမ်)

မြေခွဲကာ မျိုသွားပြီးမိတ်ကောင်းကိုပြစ်မှားမိတဲ့ အကုသိုလ်ကံဆွဲငင်တာ နှင့် အဝီစိငရဲသို့သာ ဝင်သွားရတော့တာပါပဲတဲ့။ ထို့ကြောင့်

ကုဋ္ဌီ ကီလာသီ ဘဝတိ၊ ယော မိတ္တာနိဓ ဒုဗ္ဘတိ။
ကာယဿ ဘေဒါ မိတ္တဒ္ဒု၊ နိရယံ သော ပပဇ္ဇတိ။

လို့ ဟောတော်မူတယ်။

ယော၊ အကြင်သူသည်။ မိတ္တာနိ၊ ကျေးဇူးပြုဖူး မိတ်အထူးတို့ကို။ ဒုဗ္ဘတိ၊ ပျက်ပြားပစေ ပြစ်မှားလေ၏။ သောမိတ္တဒ္ဒု၊ ထိုသို့ မှားစောင်း မိတ်ဆွေကောင်းကို ပျက်ကြောင်းကြံယူ ပြစ်မှားသောသူသည်။ဣဓ၊ ဤ သံခုဒိဋ္ဌ ပစ္စက္ခ၌။ ကုဋ္ဌီ၊ နူနိနူနက် ကိုယ်လုံးပျက်သည်ဖြစ်၍။ ကိလာသိ၊ ဥသျစ်သီးရှိ ချင်းချင်းထိလျှက် ရိကာထွက်ဆင်း ကွဲအက်ခြင်းသည်။ ဘဝ တိ၊ အများသိလေ ဖြစ်ရချေ၏။ ကာယဿဘေဒါ၊ စုတေပျက်ကျ နောင် ကာလ၌။နိရယံ၊ ဟာစ်အော်မစဲပါယ်ငရဲ၌။ဥပပဇ္ဇတိ၊ မကောင်းကြံမှောက် ကြောင်း ကံကောက်က ပင့်မြှောက်နစ်စေ ဖြစ်ရလေ၏။

အဲ-ထိုကြောင့် မကောင်းမှုကို ပြုမိတဲ့သူဆိုတာ မသေခင်ကလဲ ပူပန် ဆင်းရဲရ သေပြန်ရင်လဲ အပါယ်ငရဲသို့ကျရောက်တတ်တဲ့ ဓမ္မတာပဲလို့ အဲ ဤလို နှလုံးစွဲပြီး အကုသိုလ်ဘက်သို့ မလဲမကျစေဘဲ ဒါန,သီလ, ဘာဝနာ ဆိုတဲ့ ကုသိုလ်ကိုသာ များများကြီးရအောင် ခဲကြရမယ်။

ဤသည်ကား-သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်၊ထိုမှတစ်ပါးလဲ။လ။ ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

အဆွေခင်ပွန်းကောင်းကို ပြစ်မှား၍ ပစ္စုပ္ပန်တမလွန်၌
ပျက်စီးခြင်းကိုပြသော အလောင်းတော်
မျောက်မင်းဝတ္ထု ပြီး၏။

---

(ပဥ္စမအကြိမ်)

(၇)

## ဝိဝါဒဖြစ်ပွား၍ ပစ္စုပ္ပန်တွင် ပျက်ပြားရခြင်း ကိုပြသော

# ဖျံညီနောင် မြေခွေး ဝတ္ထု

စိတ္တေန နီယတေ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဒဂူ။

(သံယုတ္တပါဠိ၊ ပ၊ ၃၆)

လောကော၊ ဘဝသုံးခွင် ဘုံသုံးပြင်၌ ခိုဝင်ပျော်အောင်း လူအပေါင်းကို။ စိတ္တေန၊ အာရုံနှင့်ဆုံ ဆိုင်တွေ့ကြုံက သင့်ဖုံမိတ်ပြု စိတ်တစ်ခုသည်။ နီယတေ၊လှည်း,လှေအလား ညွှာမထားဘဲ မနားမနေ ဆောင်ခိုင်းစေ၏။ လောကော၊ သုံးဘုံပျော်အောင်း လူအပေါင်းကို။ စိတ္တေန၊ အာရုံမိတ်ပြု စိတ်တစ်ခုသည်။ ပရိကဿတိ၊ လည်ဘွဲ့နှင့်တဲ့ နွားကိုဆွဲသို့ မစဲမောင်းနှင် ဆောင်ဆွဲငင်၏။ ဧကဓမ္မဿ၊အာရုံနှင့်စပ် ကြုံတွေ့လတ်က သိမှတ်ဘတ်ဘိ သတ္တိတစ်ခုသာရှိသော။ စိတ္တဿ၊ ကိုယ်ကိုစီးနိုပ် ဝိညာဉ်စိတ်၏။ ဝသံ၊ အလိုအကြံသူ့နိုင်ငံသို့။ သဗ္ဗေဝ၊ ပုပုရွရွ သက်ဇီဝနှင့် နေကြပျော်အောင်း လူအပေါင်းတို့သည်ပင်လျှင်။ အန္ဒဂူ၊ ခစားအကြိုက် တအားတိုက်၍ စိုက်စိုက်နောက်က လိုက်ကြရကုန်၏။

ဤဒေသနာတော်အလာ ဘုရားရှင့်အလိုတော်မှာ ဘယ်လိုဆိုပါသလဲလို့ဆိုတော့....ဘုံသုံးဆယ့်တစ် ဘဝဂ်ကျအောင် ရှိကြများစွာ လူဗိုလ်ပါတို့မှာ စိတ်တစ်ခုသာပဓာန စိတ်ဆွဲတိုင်းကိုယ်ပါပြီး စိတ်အလိုကိုသာလိုက်နေကြရတယ်၊ ဘယ်လို လိုက်ရပါသလဲလို့ ဆိုတော့- စိတ်က သွားလိုတယ်, စားလိုတယ်,ထိုင်လိုတယ်,ထလိုတယ်, တစ်ခုခုအကြံနှင့် ပြုဖို့ရန်အရေးသွယ်ပြီး ရှေ့တည်ကာပေးလိုက်ပလားလို့ဆိုယင် ရုပ်ကာယ လူတို့ကိုယ်ဟာက လှည်းလှေလိုတကြွကြွနှင့်ဝါယမဉီးစီးလို့မညည်းမပန်း စိတ်အလိုဆုံးခမ်းအောင် လုံးပန်းကာ သယ်ပိုးလို့ သူ့အကျိုးကိုသာ ရွက်ဆောင်ပြီး သူကြိုက်အောင်သာ ပြုနေကြရတယ်။

---

ဤ ဖျံညီနောင် မြေခွေးဝတ္ထုကား-ဇာတ်၊ ၃၊ တတိုယ ၃၁၂-မှ ၃၁၆-၌ ဒဗ္ဗပုပ္ဖဇာတ်ဟု လာသည်။

(ပဥ္စမအကြိမ်)

သို့ဤကဲ့သို့ စိတ်အလိုစိတ်အကြိုက်နှင့် စိတ်ဆွဲတိုင်း နောက်ကလိုက်နေရဆိုတာ ကောင်းတာလား၊ မကောင်းတာလားလို့ ဆိုတော့....စိတ်ဆိုတာကလဲ ကောင်းတဲ့ကုသိုလ်စိတ်, မကောင်းတဲ့ အကုသိုလ်စိတ်ကယ်လို့ အဲ့ဤလို နှစ်မျိုးရှိသေးတယ်၊ အဲ့ထိုနှစ်မျိုးတို့တွင် ကောင်းဆိုတဲ့ ကုသိုလ်စိတ်ဆွဲရာကို ပါမိလိုက်မိတဲ့ သူများမှာတော့ ကောင်းရာ ကောင်းမှုကိုသာ ပြုမိကြ ကြံမိကြလို့မို့ ကောင်းကျိုးချမ်းသာ ကောင်းသမ္ပတ္တိသုံးနှင့်သာ တွေ့ကြရ ကြုံကြရမှာပဲတဲ့၊ မကောင်းတဲ့ အကုသိုလ်စိတ်ဆွဲရာ ငင်ရာကိုပါမိလိုက်မိတဲ့ သူများမှာတော့ မကောင်းရာမကောင်းမှုကိုသာ ပြုမိကြ ကြံမိကြလို့မို့ ယခုဘဝပစ္စုပ္ပန်ကျိုးလဲပျောက် သံသရာနောင်ကျိုးလဲမှောက်ပြီး အပါယ်ဘုံထဲသို့သာ ရောက်သွားရတတ်တယ်။

သို့ကောင်းဆိုတဲ့ ကုသိုလ်စိတ် ဆွဲရာငင်ရာကိုပါမိ လိုက်မိတာနှင့် ဘယ်လို ကောင်းကျိုးချမ်းသာနှင့် တွေ့ရကြုံရပါသလဲလို့ ဆိုတော့ ကောင်းတဲ့ ကုသိုလ်စိတ်ဆွဲဆိုတာ ဒါန, သီလ, ဘာဝနာကို မရှာမဖြစ် ရှာဖြစ်လေအောင် မပြုဖြစ် ပြုဖြစ်လေအောင်သာ အပါဆွဲတတ်တယ်၊ အဲ့ဤလိုကောင်းတဲ့စိတ်ဆွဲငင်တာနှင့် ဒုစရိုက်-ဒုရာဇီဝကိုပယ်ခွာပြီး ဒါန, သီလ, ဘာဝနာကိုသာ ပြုမိကြ ရှာမိကြတဲ့သူများမှာတော့ ယခုပစ္စုပ္ပန်ဘဝမှာပင် ပစ္စည်းဥစ္စာတိုးပွားလို့ တမလွန်ဘဝမှာ အပါယ်ဘုံသို့မလားရဘဲ ကောင်းဆိုသမ္ပတ္တိဘဝသို့သာ အဆင့်ဆင့်သွားပြီး လောကီစည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားကာ အဆုံးစွန်ခန္ဓာနှင့် ပစ္ဆိမနောင်အခါမှာတော့ ပါရမီရင့်မာလှဘာနှင့် လောကုတ္တရာကမ်းကပ်ပြီး သံသရာနခမ်းသတ်သွားရဘော့ဘာပဲ၊ အဲ့ဤလို ကောင်းတဲ့စိတ် ဆွဲရာပါဘာနှင့် ကောင်းကျိုးချမ်းသာနှင့် တွေ့ရကြုံရတယ်။

သို့မကောင်းတဲ့ အကုသိုလ်စိတ် ဆွဲရာငင်ရာပါမိ လိုက်မိတာနှင့် ဘယ်လို ပစ္စုပ္ပန်သံသရာအကျိုးမှောက်လို့အပါယ်ဘုံသို့ရောက်ရပါသလဲလို့ဆိုတော့ မကောင်းတဲ့ လောဘမှု, ဒေါသမှုစသော အကုသိုလ်စိတ် ဆွဲဆိုတာ ယခုပစ္စက္ခမှာ ကာမဂုဏ်ငါးပါး လောကီစီးပွား ဆန်ရေစပါး ရွှေ ငွေ ကျွဲ နွား မပေါများ ပေါများလေအောင် မခံစားရတာ ခံစားရလေအောင် အဲ့ဤလိုအမှုမျိုးကိုသာ ကြံဆောင်ချည်စူးပြီး ဆည်းပူးဖို့ ရှာဖွေဖို့ လုပ်ဖို့ ကိုင်ဖို့ကိုသာ စိတ်ကူးတွေးတော နေတတ်ပဲတဲ့၊ အဲ့ဤလို လောဘအလျောက်

စိတ်ကူးရအကြံပေါက်သမျှကို ရုပ်ကာယလူတို့ကိုယ်က သူ့အလိုပြီးမြောက်မအောင် ချီးမြှောက်ဝိုင်းအုံပြီး ကာမဂုဏ်အကျိုးများ၍ ခနဂုဏ်တိုးပွားဖို့ ဖောက်ကားရောင်းဝယ် ကုန်သွယ်လယ်လုပ် ခေးခုတ်လှံထိုး အမျိုးမျိုး အနည်းနည်းအသီးသီးအဝတ်တတ် သန္ဓေသိပ္ပနှင့်တရှုရှုတလှုပ်လှုပ်ကြိုးပမ်းကာပြုလုပ်ကြတာနှင့် အထုပ်အထည်ကြီးကျယ်ပြန့်ပွားတဖြည်းဖြည်းပေါများလာရော့တယ်၊ အဲ့ရသမျှပစ္စည်းဝတ္ထုကို ပေါင်းစုကာသိမ်းဆည်းပြီး အလှူကြီးကိုလဲမပေး သားသမီးကိုမှ မကျွေးမွေးနိုင်ဘဲ စေးပိုင်ပျစ်ချွဲဥစ္စာကိုသာ ခင်မင်တပ်စွဲပြီး တစောင့်ထဲစောင့်နေရတဲ့ပြင် တစ်ပါးကလုယက်မဲ့ရန်သူ ဝင်လာပြန်က တင်ငင်တစောက်စောက် ကောခမီး ဟုန်းဟုန်းတောက်လို့ မြွေဆိုးကိုတုတ်နှင့်ခေါက်မိတာလို တငေါက်ငေါက် တငမ်းငမ်း ဒေါသစိတ်အပြင်းဖမ်းပြီး ကြမ်းတမ်းတဲ့အမူအရာနှင့် နင်ငါကြိမ်းဝါး တုဘ်ခေးကိုင်စွဲ ဆဲဆိုပုတ်ခတ် ဆောင်းသတ်ထုရိုက်မင်းမှုတိုက်အောင် ထိခိုက်စူးရှ အပြစ်ကြီးဆိုက်ရောက်ကြသဖြင့် ထိုက်သမျှကျူးလွန်ချက်နှင့် လွှတ်ရုံသို့သာ တက်ကြရတော့တယ်။

အဲ့အစိုးရတရားပိုင်မင်းတို့က ဆိုင်သမျှမမှသတ် စပ်သမျှအမှုတွဲ စွဲသမျှအချက်ဒဏ်နှင့် ပြန်လှန်စစ်ဆေးလေက အမှုနေဆင်ခြေတုံးလို့မို့ ရှုံးလိမ့်မယ်အထင်ရသူကလဲ ခနအားကိုးရှိသမျှသာဘ်ကိုဆောင်ပြီး အမှုမှအောင်ရလေအောင် မင်းကိုသာလက်ဆောင်ထိုးရသဖြင့် အသည်အပိုးအားကြီးလို့မို့ ပစ္စည်းတွေကုန်ခန်း နိုင်လမ်းနိုင်ပေါက် အထင်ရောက်သူကလဲ ဝမ်းမြောက်ရွှင်ပ ခနဂုဏ်အားပြုပြီး အစိုးရကြည်ညိုဖို့ တံစိုးနှင့်အောင် ဆုဆိုရလို့မို့ ရှိသမျှအထည့်ကိုယ်ခန်းခြောက်တရားပြီး အဆုံးရောက်တော့ကာ နှစ်ယောက်၏ ပစ္စည်းဘဏ္ဍာရှိသမျှဥစ္စာဟာ အစိုးရဘဏ္ဍာတိုက်ကိုသာဖြည့်ထားခဲ့ရတာပဲ၊ အဲ့ အရေးကုန်ပြီးမြောက်လို့ ကိုယ့်အိမ်ကို ကိုယ်ပြန်ရောက်ကြတော့မှ နွမ်းခြောက်ညှိုးခွေနောင်တကြီးတဝေဝေနှင့် ကုန်ဆုံးတဲ့ပစ္စည်းတွေကိုသာနှမြောပြီး စိတ်နှလုံးမရွှင်မောနိုင်ဘဲသောကမီးလောင်တောက်ရတာနှင့်သေတော့ကာအပါယ်သို့သာ ရောက်သွားရတော့တာပဲတဲ့၊အဲ့ဤလိုမကောင်းတဲ့ အကုသိုလ်စိတ်ဆွဲရာ ငင်ရာ ပါမိလိုက်မိတဲ့လူဆိုတာ ပစ္စုပ္ပန်သံသရာအကျိုးမဲ့ရောက်လို့ အပါယ်ဘုံသို့ ရောက်သွား ရတတ်တယ်တဲ့။ ထို့ကြောင့်–

(ပဥ္စမအကြိမ်)

ဧဝမေဝ မနုဿေသု၊ ဝိဝါဒေါ ယတ္ထ ဇာယတိ။
ဓမ္မဋ္ဌံ ပဋိဓာဝန္တိ၊ သောဟိ နေသံ ဝိနာယကော။
ဓနာပိ တတ္ထ ဇီယန္တိ၊ ရာဇကောသော ပဝဍ္ဎတိ။

လို့-ဟောတော်မူတယ်။

ဘိက္ခဝေ· သံသရာဝဋ်မှ ဘယာညွှတ်မှ မကျွတ်နိုင်ကြသေး အိုးချစ်သားတို့။ ဧဝမေဝ၊ ဤအလားနှင့်မပြားမကွဲတသားတည်းသာလျှင်။ ယေသုမနုဿေသု၊ အကြင်လူ့ရပ်လူဟုမှတ်သည့် လူ့ဇာတ်လူရိုး လူ့အမျိုးတို့တွင်။ ယတ္ထ၊ အကြင်အရပ်အမျိုးဇာတ်၌။ ဝိဝါဒေါ၊ ခိုက်ရန်မာန်သွင်း ငြင်းခုံခြင်းသည်။ ဇာယတိ၊ အပြစ်လျော်စွာ ဖြစ်ပေါ်လာ၏။ တတ္ထ၊ ထိုထိုမျိုးဇာတ် ထိုအရပ်၌။ တေမနုဿာ၊ ခိုက်ရန်ဖြစ်ပွား ထိုလူများတို့သည်။ ဓမ္မဋ္ဌံ၊ တရားသိတတ် ဓမ္မသတ်နှင့် တည့်ဖြတ်မှန်ကန် စိုးမင်းထံသို့။ ပဋိဓာဝန္တိ၊ အရေးပြစ်ရောက် မေးစစ်ကောက်ဖို့ ပြေးလျှောက်ကပ်ဝင်ကြရကုန်၏။ သောဟိ· သောဝေ၊ တရားမယွင်း ထိုစိုးမင်းသည်သာလျှင်။ နေသံ၊ ခိုက်ရန်ဖြစ်ပွားထိုသူများတို့၏။ ဝိနာယကော ကောင်း-မကောင်းမျိုး ကြောင်းအကျိုးကို သယ်ပိုးဒပေ ဖူး အကြီးအမှူးတည်း။ တတ္ထ၊ခိုက်ရန်ဖြစ်တတ် ထိုမျိုးဇာတ်၌။ ဓနာပိ၊ ထုပ်ခါပိုင်စိုး ဥစ္စာမျိုးတို့သည်လည်း။ ဇီယန္တိ၊ ကုန်တုံးလျော့ကျ ဆုံးရှုံးကြရ ကုန်၏။ ရာဇကောသော၊ မင်းတို့သိမ်းပိုက် ဘဏ္ဍာတိုက်သည်လည်း။ ပဝဍ္ဎတိ၊ တစ်နေ့တခြား များယက်များ၍ စည်းကားလျှံဝေ တိုးပွားလေ၏။

သို့·မကောင်းတဲ့ အကုသိုလ်စိတ်ဆွဲရာ ပါမိ-လိုက်မိတာနှင့်ယခုပစ္စက္ခ၌ ပင်လျှင်ဝိဝါဒဖြစ်ပွားပြီးပစ္စည်းဥစ္စာ ဆုံးပါးနွမ်းခြောက်လို့ နောင်တပူပန် ခြင်းရောက်နေရတဲ့ သူများဆိုဘာ ရှေးကောင် ရှိဖူးပါရဲ့လားလို့ ဆိုတော့-

ရှေးအတိတ်အခါ ဗာရာဏသီမြို့နှင့် မလှမ်းမကမ်း တောတန်းကုန်းဆိပ် မြစ်ဆိပ်ကမ်းစောင်းတစ်ခုသောချုံပိတ်ပေါင်းမှာ ဒဗ္ဗပုပ္ဖ မည်သောမြေခွေး ဖို 'မာယာဝီ'မည်သော မြေခွေးမနှစ်ဦးတို့ ခိုအောင်းနေကြဘာ ရှိဘယ်၊ အထက် ဂင်္ဂါမြစ်ဆိပ်ကမ်းစောင်း ထူးခေါင်းလိုဏ်တွင်းမှာလဲ ဘသင်းမိတ် ပြု၍ 'ဂမ္ဘီရစာရီ' 'အနုတီရစာရီ' မည်သောဖျံနှစ်ခုလဲရှိကြတယ်၊ တစ်နေ့သော အခါ ဖျံမျိုးတို့၏ဘာသာဖြင့် ဂင်္ဂါကိုဆင်းသက်၍ ရေနက်က ဂမ္ဘီရစာရီ့ အနုတီရစာနှိမ့်မှာကမ်းနားနှစ်ဦးစုံယှဉ်၍သွားကြလေရာရေနက်သွားဖျံဂမ္ဘီ

မှာ မမှိုက်ဲ့ရေထဲတွင် ကြီးလှတဲ့ငါးကြင်းတစ်စီး အမြီးကိုဆွဲမိသဖြင့်မလွှတ်ဘဲ ဆုပ်ကိုင်ကာ ခွန်အားကသေးငယ်တာနှင့် ငါးရုန်းတိုင်းပါနေလို့ မို့ရေတိမ်မှာကျက်စားတဲ့ အဖော်သား ဖျံမိတ်ဆွေကို ကူစေလိုအရေးနှင့် ရေနက်က အသံပေးလိုက်တယ်၊ ဘယ်လိုပေးပါသလဲလို့ဆိုတော့ ‘အဆွေ အနုတီရစာရီ-ကပျာကသီ လျင်မြန်စွာ အားဟုန်ချီပြီး ငါ့ဆီကို ပြေးဆင်းခဲ့ပါ၊ ငါးကြင်းတစ်စီးကို ငါရ အားခွန်ဗလကြီးလှ၍ စီးမရနင်းမနိုင် ကိုယ်အားကမခိုင်လို့ မို့ဆုပ်ကိုင်ဖက်တွဲရေနက်ထဲမှာသူဆွဲတိုင်းငါပါတာနှင့်ညောင်းညာပြုတ်ကျွတ်ပြီး ငါး-ကြာယင်လွှတ်ချေတော့မယ်မလွှတ်မီအလျင်လာပြီး ယှဉ်ကာဆက်တွင်ငါ့အမြီးကို နောက်ကဆွဲလို့ သဟဲအဖော်ပြုလှည့်ပါလို့ ’အဲ-ဤလို ဟစ်အော်ကြွေးပြီး ရေနက်က အသံပေးလိုက်တယ်၊ ထို့ကြောင့်—

အနုတီရစာရိ ဘဒ္ဒန္တေ၊ သဟာယ မနုဓာဝ မံ။
မဟာ မေ ဂဟိတော မစ္ဆော၊ သောမံ ဟရတိ ဝေဂသာ။

လို့ဟောတော်မူတယ်။

အနုတီရစာရိ၊ရေတိမ်စမ်းစီးကမ်းအနီး၌ ဖမ်းဆီးတက်သွား စားကျက်စားသော။ဘဒ္ဒန္တေသဟာယ၊ မနောမစောင်း သဘောကောင်းနှင့် ငယ်ပေါင်းနေပျော်၊ဆွေအဖော်။မံ၊ တွားကာချည့်ချည့် အားမရှိ၍ ပါမိပါရာ ငါ့ရှိရာသို့။ အနုဓာဝ၊ မနှေးလှည့်ကာ ပြေးခဲ့ပါလော။ မေ မယာ၊ဂမ္ဘီရ၊ ဟု နာမ၊မသွေ ငါအဆွေသည်။မဟာမစ္ဆော၊ အသားဝင်းဝင်း ကိုယ်အားပြင်းတဲ့မြစ်ချင်းတစ်စီးငါးကြင်းကြီးကို။ ဂဟိတော၊ အမြဲအခိုင် မတွဲနိုင်အောင် တွဲဆိုင်လက်ရှိ ဆွဲကိုင်မိပြီ။ သောမစ္ဆော၊ အသားဆူဝင်း ထိုငါးကြင်းသည်။ ဝေဂသာ၊ အတင်းကြွခုန် ပြင်းပြသော ဗလဟုန်ဖြင့်။ မံ၊ အားမာန်သေးသွယ် ငါဖျံငယ်ကို။ ဟရတိ၊ နက်ရာအထဲ ရက်ခါဆွဲ၍ ရှောင်လွှဲမသွေ ဆောင်ရုန်းလေ၏။

အဲ-ဤလို ဂမ္ဘီရစာရီ ဖျံကဝိုင်းကူရန်အရေးနှင့် မြစ်တွင်းက-အသံပေးလိုက်လျှင်၊အနုတီရစာရီ ဖျံလဲ အမြန်ပြေးလာ၍ အဆွေဂမ္ဘီရ-ဝီရိယမပေါ့ အားမလျော့ပါနှင့် မဖော့မယာ ပျော့မညာဘဲ တင်းမာစွာ သင့်အသည်းနှင့် ရှိသလောက်အားကုန်ခဲ့ပြီး မြဲမြဲကြီးကိုင်ဆွဲပါ ရေထဲမှာပျော်ငုပ်တဲ့ မြစ် သမုဒ်နတ်နဂါးကို မနားဘဲမာန်ဖိ၍တစ်ဟုန်တည်းဂဠုန်ချီတာလိုယှဉ်၍

(ပဥ္စမအကြိမ်)

ဆက်တဲ့ သင့်အမြီးကို ခိုမှီးကာနောက်ကဆွဲပြီး တစ်ဟုန်တည်း ရေကဖော်လို့ ကမ်းပေါ်သို့ရောက်အောင် ငါ တင်မယ်လို့ဆိုပြီး ကူညီဝိုင်းမ အမြီးကတစ်ဆင့်ဆွဲလို့ ရေထဲကတွဲဖော်၍ ကမ်းပေါ်သို့ ချီတင်ကြတယ်။ အဲထို့ကြောင့်–

ဂမ္ဘီရစာရီ ဘဒ္ဒန္တေ ဒဠှံ ဂဏှာဟိ ထာမသာ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ သုပဏ္ဏော ဥရဂါမိဝ။

လို့–ဟောတော်မူတယ်။

ဂမ္ဘီရစာရီ၊ မမိမြုပ်တွင်း သမုဒ်တွင်း၌ ငုပ်ဆင်း ကျက်စားလေ့ရှိသော။ ဘဒ္ဒန္တေ၊ ကျုနေမကွာ ဆွေသဟာ။ ထာမသာ၊ မတွန့်မယောက်ရှုံမကြောက်ဘဲ စွန့်မြောက်ထားတမ်း သင့်အားစွမ်းဖြင့်။ ဒဠှံ၊ မလွဲမညာမြဲမြံစွာသာလျှင်။ ဂဏှာဟိ၊ မနားမစဲ အားပါခဲ၍ တဲခိုင်မဲမှ ဆွဲကိုင်ပါလော။ အဟံ၊ မကြာစေရ ငါတီရသည်။ တံ၊ ငါနှင့်တွဲပြိုင် မဆွဲနိုင်ဘဲယိုင်လဲယွင်းသွေ့ သင်အဆွေကို။သုပဏ္ဏော၊ လက်ပံစားကျက် မာန်အမျက်နှင့် ပျံတက်ဟုန်ဟုန် ငှက်ဂဠုန်သည်။ဥရဂံ၊ နက်ချောက်ရစ်အုပ်မြစ်သမုဒ်၌ နစ်မြုပ်ရှည်လျား ရေနဂါးကို။ဥဒ္ဓရတိဣဝ၊ အတောင်လွှဲပုတ် ဆောင့်ဆွဲကုပ်၍ တစ်မု ဟုတ်မနား သုတ်ယူသွားသကဲ့သို့။ ဥဒ္ဓရိဿာမိ၊ အမြီးကိုဆွဲသင့်ကိုတွဲ၍ ပင့်လွှဲကုန်းပြင် ငါရုန်းတင်အံ့။

ဤလိုနှစ်ဦးသော ဖျံအဖော်တို့သည် ငါးကြင်းကိုရေကဖော်ပြီးကုန်းပေါ်မှာတင်သတ်၍ ကမ်းစပ်ချုံနားမှာစားမယ်လို့ ရှိကြရာတွင် ဝေစုခြားမှတ်၍ လောဘရှိန်မသတ်နိုင်ကြဘာနှင့် အချင်းချင်းမေတ္တာပြတ်ပြီး ပုတ်ခတ်တီပါး ဝိဝါဒဖြစ်ပွါးနေကြတယ်၊ ဘယ်လိုဖြစ်ပွားနေကြပါသလဲလို့ဆိုတော့–ဂမ္ဘီရစာရီဖျံက ငါကငါ့အား ငါ့သတ္တိစွမ်းပကားနှင့် ငုပ်သွားကိုင်ဆွဲ နက်လှကဲ့ရေထဲမှာ ခက်ခဲခက်စွာ ကြိုးပမ်းပြီး ငါအယင် ဖမ်းရ၍မောပန်းသည့် အတွက်ကြောင့် ငါးဘက်ကအဆီ, ကျောဆီကအသားအလယ်ကပိုင်းခြား၍ ခေါင်းဖျားထိအဆုံးတိုင် ငါနှင့်သာဆိုင်ကြောင်းနှင့် ကြိမ်းမောင်း ဟန့်တားပြီး ခေါင်းပိုင်းကို ကိုင်ယူထားတယ် ။

အဲ အနုတီရစာရီ ဖျံ တစ် ကောင်ကလဲ မာန်စောင်မောက်မား ရန်မ ောင်ကော ၊ိုလှသားလို့ စိတ်ထားမကျေ မာ ် ည ်အနေနှင့် ဂမ္ဘီရငါးအကောက် ကြိုက်လို့မို့ အတိုက်အခံပြုပြီး ခေါင်းပိုင်းကိုလု ၍ ပြောဆို မ်းခြား

(ပဉ္စမအကြိမ်)

ပြန်တယ်၊ ဘယ်လိုခြိမ်းခြောက်ပါသလဲလို့ ဆိုတော့....အဆွေဂေါ်တမ၊ သင့်စွမ်းအင် ကိုယ်ဗလနှင့် မရနိုင် မယူနိုင်လို့မို့ ယိမ်းယိုင်ကာပြိုလဲပြီး ထောက်တည်ရာကိုမှ မရနိုင်ဘဲ ငါးဆွဲတိုင်းနောက်ကာပါသို့မို့ ရေနက်ထဲ ရောက်နေရတာ အကယ်၍ ငါ့မကူပါမူ ငါးရှာကို မဆိုထားနှင့် ရေသားတွေ စုရုံးပြီး ငါးမန်း, ငါးဆင်, မကန်းတွေ ဆွဲငင်ဘာနှင့် သင့်ဝိညာဉ် ဆုံးရတော့မည်၊ ငါ့ရှန်းကာ ကြိုးစားလို့သာ ငါးကိုလဲမိရ ဘေးဘယာ လွတ်ကင်းလို့ သေမင်းနှင့်မတွေ့ဘဲ သင့်ဇီဝဝိညာဉ် ခုလောက်တောင် အသက်ရှင်ရတယ်၊ အဲ့မနေ့သအောင် ကယ်တင်တဲ့ သို့ကလောက် ကျေးဇူးရှင်ကို ကိုယ်ကပင် မစားဘဲ ပယ်ရှားဆုတ်ရှောင်ပြီး တစ်ကောင်လုံး နှင်းအပ်လို့ ငါ့ကျေးဇူး ဆပ်သင့်ကြောင်းများနှင့် စကားခုခံ၍ အနုတ်ရစာရိဖျံက ပြောကြား ပြန်ဆိုတယ်၊ အဲ့ဤလို ဖျံနှစ်ကောင် ခိုက်ရန်ပွားပြီး စကားတုပြိုင်၍ မဝေမခြမ်းနိုင်ဘဲ ဖြစ်နေကြတယ်။

အဲ့အောက်ကမ်းဆိပ်ချုံစက မာယာဝီ မြေခွေးမှကလဲ ရှပ်ကာယန္တမ်းညစ်အောင် ငါးကြင်းသားချင်ခြင်းဖြစ်ဘာနှင့် ခင်ပွန်းချစ်လင် မြေခွေးကို မအေးအောင် ပူပန်၍ အဖန်ဖန်တောင်းဆိုလျှင် လင်ဒဗ္ဗမြေခွေးဖိုလဲ မယားကို ဝန်ခံပြီး မြစ်ယံကုန်းမောက်ကို တဖြည်းဖြည်း လျှောက်သွားလေရာ ခြေထောက်ကို နွယ်ခွေပတ်သဖြင့် နိမိတ်ဖတ်ဒိဋ္ဌကျမ်းနှင့် လာဘ်ရလမ်း ဉာဏ်မှာထင်လို့မို့ ခရီးစဉ်တန့်ရပ်ပြီး ရေစပ်သို့အဆင်းတွင် ငါးကြင်းကို ရှေ့ကထားလို့ အချင်းချင်း ခိုက်ရန်ပွားကြတဲ့ ဖျံနှစ်ကောင်တို့၏ အနီးအပါးသို့ အဆင်သင့် ဆိုက်ရောက်သွားတယ်၊ အဲ့စကားငြင်းခုံ ဖျံနှစ်ခုတို့ကလဲ ရန်ကုန်ရလိမ့်မည် အထင်နှင့် မြေခွေးကို တရားသူကြီး အရာတင်ပြီး အရှင်မြေခွေးမင်း...ကျွန်ုပ်တို့ ဖျံတစ်ရှဉ်းမှာ ငါးမြစ်ချင်းငါးတစ်စီးနှင့် ရန်ခိုက်ကြီးဖြစ်ပွားလို့ နှစ်ပါးလုံး စိတ်မကျေတာနှင့် မစားဘဲ နေရပါတယ်၊ ရန်ပြေဖို့ အကြောင်း နှစ်ပါးပင် အစဉ်ကောင်းလေအောင် တရားဟောင်းလမ်းမှန်နှင့် မြေခွေးမင်း ဖြေဖျန်ပါမည့် အကြောင်းများနှင့် ဝပ်တွားကာ ဘောင်းပန်ကြတယ်၊ အဲ့ထို့ကြောင့်—

ဝိဝါဒေ ေနာ သမုပ္ပန္နေ၊ ဒဗ္ဗပုပ္ဖ သုဏောဟိ မေ။
သမေဟိ မေဓဂံ သမ္မ၊ ဝိဝါဒေါ ဝူပသမ္မတံ။

လို့—ဟောတော်မူတယ်။

(ပဍ္ဍမအကြိမ်)

သမ္မဒဗ္ဗပုပ္ဖ၊ ကိုယ်ဟာန်ပပ မြီးဆံကြွနှင့် ဓမ္မမယ္ယင်း မြေခွေးခင်း။ မေ မမ၊ ဒေါသမာန်မြောက် ငါတို့ဖျံနှစ်ကောင်၏။ ဝစနံ၊ တောင်းပန်လိုသား ဆိုစကားကို။ သုဏောဟိ၊ မရှားရှောင်ခွာ နားထောင်ပါလော။ နော၊ မိတ္တူဖွားပေါက် ငါတို့ဖျံနှစ်ကောင်တို့အား။ ဝိဝါဒေါ၊ အသင်မိဘ်စုံ ငါးကြင်းဂုဏ်နှင့် ပြင်းဟုန်မာန်တင်း ငြင်းခုံခြင်းသည်။ သမုပ္ပန္နော၊ စကားခြေမြစ် များရှည်နှစ်အောင် အဆစ်မပြေ ဖြစ်၍နေပြီ။ တံ မဓဂံ၊ မကြီးမားခိုက် မီးပွားရှိုက်သို့ အမြိုက်မခံ ထိုခိုက်ရန်ကို။ သမေဟိ၊ တရားရေထိန်း ပါးချေသိမ်း၍ မကိန်းမနေ ငြိမ်းပါစေလော။ ဝိဝါဒေါ၊ ပြင်းဟုန်မာန်ဘင်း ငြင်းခုံခြင်းသည်။ ဝူပသမ္မတံ၊ ဝူပသမ္မတု၊ အကျေအချော အရှည်မျော အောင် အဆောတလျင် ငြိမ်းစေချင်၏။

အဲ-ဤလို နှစ်ဦးသားဖျံတို့က ခိုက်ရန်ပြေအေးအောင် ဝေဖန်ခွဲခြမ်း၍ ပေးပါမည့်အကြောင်းများနှင့် ဝပ်တွားကာ တောင်းပန်လေကာ-ဒဗ္ဗပုပ္ဖမြေခွေးလဲအရေးကြီးတစ်ခုဆင်ပြီး အမှုရှင်ဖျံနှစ်ဦးတို့ အထူးကြည်ဖြူ အလေးမူလေအောင် တရားသူကြီး အဟုန်ဆောင်လို့မို့ အမောင်ဖျံနှစ်ပါးတို့.... ငါကားတမူ အများလူတို့၏ တရားသူကြီးအစစ် ရှေးကပင် ဖြစ်ခဲ့ဖူးပြီ၊ ထူးလီထွေပြား ခက်ခဲတဲ့တရားများကိုပင် မမှားမတိမ်းစေရ ဓမ္မသတ်ကိန်းခန်းကိုပြပြီး များများကြီး စီရင်ခဲ့ရလှပြီ၊ ယခုဖြစ်ကြတဲ့ သင်တို့၏ ဝိဝါဒမှာ ဘာလောက်မှ မခက်ခဲ အဘယ်မှာ ငါမစီရင်နိုင်ဘဲ ရှိပါ့မလဲလို့ အဲ-ဤလို ဖျံနှစ်ကောင်ကို အယုံသွင်းပြီး သင်တို့၏ ငြင်းခုံခြင်းကို ချက်ချင်း ငါငြိမ်းစေအံ့ဟု တည်တံ့တဲ့ အဟာန်နှင့် မြေခွေးက ဝန်ခံဘယ်။ အဲ-ထို့ကြောင့်—

ဓမ္မဋ္ဌောဟံ ပုရေ အာသိံ၊ ဗဟူ အဍ္ဍာ မေ တီရိယာ။
သမေမိ မေဓဂံ သမ္မ၊ ဝိဝါဒေါ ဝူပသမ္မတံ။

လို့—ဟောတော်မူတယ်။

အဟံ၊ သင်တို့ ဖျံပေါင်း ရှေးကံကောင်း၍ အကြောင်းဆိုလာ မြေခွေး ငါသည်။ ပုရေ၊ အရှယ်နုသေး ငယ်စဉ်ရှေးက။ ဓမ္မဋ္ဌော၊ ဖြတ်ထုံးဓမ္မသတ် အရပ်ရပ်နှင့် စွဲစပ်မှုမျိုး တရားမတ်သူကြီးသည်။ အာသိံ၊ မြေပြင်ကျော်ကျူး ပွဲတင်မြူးမျှ တစ်ဦးခေတ်ကျေ ဖြစ်ဖူးလေပြီ။ မေမယာ၊ ပထဗျာပျံ့မွှေး ငါမြေခွေးသည်။ အဍ္ဍာ၊ ထုံးလာဓမ္မသတ် ရုံးမှာကပ်၍ တရားမတ်

(ပဍ္ဍမအကြိမ်)

တစ်ပါး ဖြတ်တရားကို။ ဗဟူ၊ တွက်ရေမရ သင်္ချေကျအောင်။ တီရိတာ၊ စောင့်မှတ်မှီတင် အညီဆင်၍ စီချင်ကာဆုံးဖြတ်ခဲ့ဖူးပြီ၊ သမ္မာ၊ လိုဏ်နေပျော်စံ အဆွေဖျိုတို့။ မေဓာဝိ သင်တို့ကိုယ်၌ ယခုဆိုက်တဲ့ ပူအိုက်ပြင်းထန် ခိုက်ငြင်းရန်ကို။ သမေမိ၊ အမြန်သိမ်းဖြေ ငါငြိမ်းစေအံ့။ ဝိဝါဒေါ၊ သင်တို့အချင်းချင်း ငြင်းခုံခြင်းသည်။ ဝူပသမ္မဘံ ဝူပသမ္မတု၊ ပီးမှာရေကျ မနေရသို ကြေမွကျိန်းသေ ငြိမ်းတော့ပေလတ္တံ့။

အဲ-ဤလို ဒဗ္ဗပုပ္ဖမြေခွေးသည် ဖျံနှစ်ကောင်တို့၏ ငြင်းခုံရေးကို ယခုပင် သေစေအံ့ဟု ပဋိညာဉ်ဝန်ခံပေးပြီးမှ ခေါင်းဘစ်ခု အမြီးတစ်ခြား အလယ်စုငမ်းရေသားကိုတော့ ခပ်များများ အစဉ်အတိုင်း ငါးကြင်းကို သုံးပိုင်းပိုင်းပြီး အမြီးပိုင်းတစ်စုကို အနုတီရစာရီဖျံအား ယူစေ၍ အ ဆွ အနုတီရ .. သင်နောက်မှ ကူဖော်ရသောကြောင့် နောက်ပိုင်းအစုအခိုင် သင်နှင့်သာဆိုင်ချေသည်၊ အခြေပကတူး အဦးအာ ဂမ္ဘီရမှာတော့ ဝါသာမစိုက်ထူ ရှေးပထမဖမ်းသူမို့ ရှေးတူဘောင် ထောက်နိုင်းလျှင် ပြုတိုင်းကို မျှော်ခေါ်၍ ခေါင်းပိုင်းနှင့် သင့်လျော်ပေသည်၊ ငါသော့်မူကား သင်တို့၏ အလယ်ကြားက နှစ်ပါးရန်ဖြေငါးကြင်းကိုဝေရလို့မို့ အလယ်နေကျ ဉာဏ်ပူခေါ်ခ အလယ်ပိုင်းနှင့် တစ်တိုင်းတည်း လျော်ကန်လှပြီဟု ထကာ ဟစ်ကြွေးပြီး အလယ်ပိုင်းကို ချီယူကာ တက်ပြေးတယ်။ အဲ-ထို့ကြောင့်—

အနုတီရစာရီ နင်္ဂုဋ္ဌံ၊ သီသံဂမ္ဘီရစာရိနော။
အစ္စာယံ မဇ္ဈိမော ခဏ္ဍော၊ ဓမ္မဋ္ဌော ဘဝိဿတိ။

လို့—ဟောတော်မူတယ်။

အနုတီရစာရီ၊ အထက်ကမ်းနား စားကျက်စားသည့် ကိုယ်တားလှိုလှ အနုတီရ။ တံ့၊ ကူဖော်လောက်မျှ ခေါ်မှုရ၍ နောက်ကပြန်လှယ် သင်ဖျံ ယယ်သည်။ နင်္ဂုဋ္ဌံ၊ သင်နှင့်တောက်စံ တော်လောက်ဘန်တဲ့ နောက်ကျန်လှီး တိုင်း အမြီးပိုင်းကို။ ဂဏှာဟိ၊ ပြုူစုစိတ်ရောက် မူမဖောက်ဘဲ ကူသလောက် ဟာ ယူကောက်ပါလော။ သီသံ၊ အညီခဝ့်ဝေ့ အဆီပြည့်တဲ့ အင့ေ့ ပေါင်းပြိုင်း ရှေ့ခေါင်းပိုင်းသည်။ ဂမ္ဘီရစာရိနော၊ သောဘက်နီးနီး ရေနက် ကြီး၌ ဖျက်ဆီးကြံသ ဂမ္ဘီရအား။ ဘဝိဿတိ၊ အမှုလာခေတ်သူ့ဟာ စစ်ဟု သနစ်နိုက်မွေ့ ဖြစ်ထိုက်ပေ၏။ အစ္စ အတိက္ကမ၊ အမြီးခေါင်းနုတ်လှည်းပေါင်း

ကုပ်သို့ ငုတ်ငုတ်တိုယွင်း လွှဘ်ပိုကြွင်းသော။ အယံမဇ္ဈိမော ခမ္ဗောာ၊ ဤ အတွင်းရစ် ငါးကြင်းတစ်သည်။ မမွငြသာ၊ အစဉ်လာမှတ် ပညာတက်တဲ့ မမွ သတ်မူမှီး ငါတရားမတ်သူကြီးအား။ ဘဝိဿတိ၊ ဉာဏ်ပူဇော်ကြီးစားတော် မြီး ဖို့အပြီးပုံသေ ဖြစ်တော့မပေလတ္တံ့။

အဲ-ဤကဲ့သို့ဒဗ္ဗပုပ္ဖမြေခွေးက အမြီးပိုင်း၊ ခေါင်းပိုင်းကိုပေးခဲ့ပြီးအလယ် ပိုင်းကို ချီယူကာပြေးလေမှ ဖျံနှစ်ကောင်သတိရလို့မို့ နောင်တ ပူပန်ခြင်း ဖြစ်နေရစ်ကြတယ်၊ ဘယ်လိုဖြစ်ပါသလဲလို့ဆိုတော့...ဩော် ငါတို့အချင်း ချင်း ယခုလိုမခံမငြင်းဘဲအသင်းညီမျှအတူတူဝေငှလို့ သင့်မြတ်စွာစားကြ ရပါမူအသားအဆီခဲတဲကိုယ်လုံးပြည့်စုံရှိမျှအိတဲ့ဝဖီးကြီးလှတဲ့ ဤငါးကြင်း တစ်စီးကို တစ်ခနေ့တည်းနှင့်မှ ကုန်နိုင်မည်မဟုတ်ကြပေဘူး၊ တလှုပ်လှုပ်တ လှုက်လှုက် နေ့ရက်ကိုအရှည်ဆက်ပြီး စားရလောက်ဘန်ပါလျက် ဂုဏ်မာန် တင်းတက် ပြင်းထန်စွာငြင်းခုန်ကြသည့်အတွက်ကြောင့် ဝမ်းဘက်ကအဆီ ကျောကအသား ကောင်းဆိုးမျှရှိတာများကိုခွေးစားဖို့သက်သေပေးပြီး အရေးမလှ ခေါင်းရိုးနှင့်အမြီးဖျားကိုသာ တို့စားဖို့ရလိုက်ကြတော့တယ်၊ သေလောက်ဖွယ်လို့လ တစ်နေ့လုံးကြိုးစားသမျှ သဲရေကျအသွင် အတိုး အမြတ်အကျိုးမနပ်ဘဲ လက်ရှိလာဘ်ကုန်ရတဲ့အပြင် ဉာဏ်အမြင်သေးနုပ် ပြန်၍ မိုက်မိတဲ့အပြစ်ဒဏ်နှင့် မြေခွေးလိမ်ခံလိုက်ရသေးတယ်လို့၊ အဲ-ဤလို ဖျ ီညီနောင် နှစ်ကောင်သားမှာ နောင်တမီးအပူပွားပြီး ညည်းတွားကာ ကျန်ရစ်ကြတယ်တဲ့၊ အဲ–ထို့ကြောင့်–

စိရမ္ပိ ဘက္ခော အဘဝိဿ၊ သစေ န ဝိဝဒေ မသေ။
အသီသကံ အနင်္ဂုဋ္ဌံ၊ သိင်္ဂါလော ဟရတိ ရောဟိတံ။

လို့ ဟောတော်မူတယ်။

မယံ၊ မိမွေဖဆက် ဆွေမပျက်ဘဲ အသက်လိုရှု ငါတို့ဖျံနှစ်ခုတို့သည်။ သစေ န ဝိဝဒေ မသေ၊ အကယ်၍သာ မငြင်းမခုံကြပါကုန်သည် ဖြစ်အံ့။ စိရမ္ပိဘက္ခော၊ ယနေ့ကတက် နက်ဖြန်ဆက်၍ နေ့ရက်ရှည်ကြာ စားစရာ သည်။ အဘဝိဿ၊ အားရစိတ်ပြေ ဖြစ်ရလေ၏။ အသီသကံ၊ တောင်းတောင်း တိတိခေါင်းရိုးမရှိသော။ အနင်္ဂုဋ္ဌံ၊ အထီးထီးသာ အမြီးရိုးမပါသော။ ရောဟိတံ၊ အဆီပြည့်တင်းတဝင်းဝင်းနှင့်အတွင်းကိုယ်လုံး ငါးကြင်းတုံးကို

သိင်္ဂါလေ၊ ဖြတ်ထုံးမွှသတ် အရပ်ရပ်ကို သိတတ်သလို မြေခွေးအိုသည်။ ဟာရတိ၊ ငုံးကျော်ရောင်ဝါကား ယုံအောင်ကြွား၍ ထောင်လွှားပလေ ဆောင်သွားချေပြီ။

အဲဒီဗ္ဗုပ္ပ မြေခွေးဖိုငါးကြင်းသား ချီယူပြေးလာသည်ကို မြေခွေးမမာယာဝီမြင်လျှင် ကြည့်သင်ရှင်ပျ ပီတိဟုန်ကြွလှသဖြင့် ခတ္တိယမင်းမျိုးသည် အရိုးမပျက် နန်းမွေကိုဆက်သရကဲ့သို့ ယနေ့နံနက် ချစ်လင်၏ မျက်နှာကို မြင်ရချက်မှာ နှစ်သက်ဝမ်းမြောက်လှချေ၏ဘာဘားဟု အားပါးတရချီသာတဲ့မျက်နှာကိုပြပြီး ထချီးမွမ်းတယ်၊ ထို့ကြောင့်-

ယထာပိ ရာဇာ နန္ဒေယျ၊ ရဇ္ဇံ လဒ္ဓါန ခတ္တိယော။
ဧဝါဟမဇ္ဇ နန္ဒာမိ၊ ဒိသွာ ပုဏ္ဏမုခံ ပတိံ။

လို့-ဟောတော်မူတယ်။

ခတ္တိယော၊လယ်ယာမြေမိုး ပိုင်းအုပ်စိုးရသော။ ရာဇာ၊ မင်းနွယ်ပေါက်ဖွား မင်းယောကျ်ားသည်။ ရဇ္ဇံ၊ အရှယ်အသက် နွယ်အဆက်နှင့် မပျက်မတိမ် နန်းစည်းစိမ်ကို။ လဒ္ဓါန၊ ဆက်ခါခဏ လက်မှာရ၍။ နန္ဒေယျ၊ ယထာပိ၊ အုံ့ညြချီးပ ရွှင်မောရသကဲ့သို့။ ဧဝံ၊ ထိုနှင့်မပြား ပုံမှုခြားဘဲ သာလျှင်။ အဟံ၊ မာယာဝီဟု တင်ချီခေါ်သ ငါမြေခွေးမသည်။ အဇ္ဇ၊ ယနေ့။ ပုဏ္ဏမုခံ၊ ကောင်းကင်ကထွန်း လ-ပြည့်ဝန်းသို့ ရွှန်းရွှန်း သာသာ လန်းပြည့်သောမျက်နှာရှိသော။ ပတိံ၊ လျှင်လျှင်လာပြေး လင်မြေခွေးကို။ ဒိသွာ၊အဝေးကပင်အေးမြသွင်နှင့် ဘဝင်မှာမျှမြင်ပါရ၍။ နန္ဒာမိ၊ အသည်းဖိုလောက် အလိုရောက်၍ လန်းမောက်မျက်နှာ ဝမ်းမြောက်ပါ၏။

အဲ–ဤလို မာယာဝီမြေခွေးမက ချီမြသာယာချီးမွမ်းကာနှင့်ချီလာတဲ့ငါးကြင်းသားကိုနှုတ်ဖျားဖြင့်သိမ်းယူပြီး အမူထူးခြား ကုန်းပေါ်မှာမွေးဖွားတဲ့ မြေခွေးသား အမောင်ချစ်ရှင်သည် ရေနက်တွင်ကျက်စားတဲ့ခက်ခဲလှငါးကြင်းသားကိုဘယ်လိုများဉာဏ်ဆင်လို့ရန်ဘေးများကင်းစင်အောင်ငြိုငြင်စွာရှာဖွေခဲ့ရပါသလဲလို့ အဲ-ဤလိုခက်ခဲလှတဲ့အရေးကို မျှော်တွေးကြံဆလို့ မြေခွေးမကတစ်ဖန် မေးမြန်းပြန်တယ်။ ထို့ကြောင့်—

ကထံနု ထလဇော သန္တော၊ ဒကေ မစ္ဆံ ပရာမသိ။
ပုဋ္ဌော မေ သမ္မ အက္ခာဟိ၊ ကထံ အဓိဂတံ တယာ။

လို့-ဟောတော်မူတယ်။

(ပဌမအကြိမ်)

သာမိ၊ အမောင်ချစ်ရှင်။ ထလဗောာ၊ ကုန်း နေကုန်းသား ကုန်းပေါ်၌ မွေးဖွားသောသူသည်။ သန္တော၊ အမျိုးအမြစ် ဖြစ်ကြီး ဖြစ်ပါလျက်။ ဒကေ၊ မမိခက်ခဲ ရေနက်ထဲ၌။ မဋ္ဌံ၊ အဟုန်အပြင်း ငါးမြစ်ချင်းကို။ ကထံနုပရာမသိ၊ ဘယ်လိုကြံမှန်း ဘယ်ဉာဏ်စွမ်းနှင့် ဘေးဘျမ်းမသိ အေး ချမ်းစွာမိခဲ့ပါသနည်း။ သမ္မ၊ အသက်သခင် ချစ်ရှင်အဆွေ။ မေ ပုဋ္ဌော၊ အရေးနှင့်စပ် အတွေးကပ်၍ မေးအပ်ဖြစ်အင် သင်ချစ်ရှင်သည်။ အက္ခာဟိ၊ အကြောင်းမနှောင့် အောင်းမထောင့်ဘဲ အပြောင့်ချောစွာ ပြောကြားပါ လော။ တယာ၊ မြေခွေးစစ်ပင် သင်ချစ်ရှင်သည်။ ကထံ အဓိဂတံ၊ ဘယ်လို နည်းဆန်း ဘယ်ပုံဖမ်း၍ ဘေးဘျမ်းနှင့်ကွာ ရခဲ့ပါသနည်း။

အဲ-ဤလို မယားမြေခွေးမ မေးမြန်းလှတာနှင့် ဒဗ္ဗပုပ္ပမြေခွေးဖိုသည် အကြောင်းကို ပြန်ဆိုတယ်၊ ဘယ်လိုပြန်ဆိုပါသလဲလို့ ဆိုတော့...မာယာဝီ မြေခွေးမ....ဤလောကမှာ အချင်းချင်း ဝိဝါဒဖြစ်ပွားလို့ မသင့်မဘင့်တာ များကြတဲ့သူတို့ဆိုတာ သူတစ်ပါးတို့လိမ်လည်တာနှင့် လက်ရှိဘဏ္ဍာပစ္စည်း ဥစ္စာကုန်ပြုန်းပြီး ဆုံးရှုံးပျက်ပြားရုံမျှမက ဒေါမနဿ၊ လွမ်းဖုံးလို့စိတ်သော ကအဲ့ပူမတုံးနိုင်တာနှင့် ပိန်းချုံးညှိုးကျုံကာ ကျန်ရတယ်။ ။ယခုဒိဋ္ဌဖျံနှစ်စုံ ငြင်းခုံကြလို့မို့ ငါးကြင်းတစ်စီးကိုဝဝကြီးမစားရဘဲ ခေါင်းပိုင်းနှင့်အမြီးမျှ အရိုးနှင့် အရင်းစကိုသာ ငါပေးလို့ သူတို့ ရရစ်ကြဘယ်၊ ကောင်းသမျှ အသားများသမျှအဆီ နီနီဝင်းဝင်း သင်းသင်းမြမြ မြတ်နိုးဖွယ်ဟူသမျှကို တော့ ငါကသာလိမ်ကြံလို့ ဓမ္မသတ်မူမီးတဲ့ တရားမတ်သူကြီး အဟန်ဖန်ပြီး ဉာဏ်ပူဇော်ခံခဲ့ရတာနှင့် ဖျံနှစ်ကောင်ဥစ္စာရှုံးပြီး ယူကျုံးမရ ပိန်ချုံး၍ ကျန်ရစ်ကြလေပြီ၊ လောဘကို မမြစ်တားနိုင်လို့မို့ ဖျံနှစ်ကောင ခိုက်ရန် ပွားရာက ရခဲ့တဲ့ ငါးကြင်းသားကို မယ်မင်းသာ ဝအောင်စားပါလို့ အကြောင်းကိုအကုန်ပြန်ပြီး လိမ်ဉာဏ်ကိုပြောကြားရတယ်။အဲ-ထို့ကြောင့်-

ဝိဝါဒေန ကိသာ ဟောန္တိ၊ ဝိဝါဒေန ဓနက္ခယာ။
ဇီနာ ဥဒ္ဒါ ဝိဝါဒေန၊ ဘုဉ္ဇ မာယာဝိ ရောဟိတံ။

လို့-ဟောတော်မူတယ်။

ပိယေ၊ ချစ်ဆွေပိယ မြေခွေးမ။ လောကေ၊ လူ့ရွာ လူ့ရပ်လောက မာတ်၌။ ဝိဝါဒေန၊ အသင့်မကြံ တည့်ညီနှင့် ငြင်းဆန်အချင်းချင်း ခိုက်ရန်

(ပဌမအကြိမ်)

ဖြစ်ကြခြင်းကြောင့်။ကိသာ၊ အသားမရှိ ပါးရိရိနှင့် ချည့်ချည့်တုန်နုံး ကိုယ်ချုံးရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝိဝါဒေနု၊တိုက်ခံစီးနှင်း ခိုက်ရန်ဖြစ်ကြခြင်းကြောင့်။နေကဒ္ဓယာ၊လက်ဥ်မကွာ ရှိဘဏ္ဍာတို့ ထွက်ခွါကုန်ပြုန်း ဥစ္စာဆုံးရကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ဥဒ္ဒါ၊ဂင်္ဂါမြစ်နားမြေလိုဏ်ဖွားတဲ့ ဆွေသားညီနောင် ဖျံနှစ်ကောင်တို့သည်။ ဝိဝါဒေနု၊ အစာဂုဏ်တင်း ငြင်းခုံခြင်းကြောင့်း ဇိနာ-ပရာဇိနာ၊ အချင်းချင်းမုန်း ငါးကြင်းတုံးလဲမသုံးစားရ ဆုံးရှုံးကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မာယာဝီ၊သညာအမည် မာယာဝီဟု တင်ချီဘွဲ့သ ချစ်ရှင်မ။ရောဟိတ၊ဉာဏ်ပူဇော်ခ ဖျံမှာရတဲ့ အာဟာရဖြစ် ငါးကြင်းတစ်ကို။ ဘုဉ္ဇ၊ဘုဉ္ဇာဟိ၊ အာသာချင်ခြင်း စင်ကွာရှင်း အောင် မယ်မင်းချည့်သာ စားသုံးပါလော။

အဲ–ဤဒေသနာ သာဓကကို ထောက်ဆ စဉ်းစားပြီး မကောင်းတဲ့ အကုသိုလ်စိတ် ဆဲ့ရာငင်ရာသို့မလိုက်မိမပါမိကြစေဘဲ ကောင်းဆိုတဲ့ကုသိုလ် စိတ်ကိုသာ အဖော်သဟဲပြုပြီး သုဂတိဘုံဘဝများသို့ လားနိုင်ရောက်နိုင်ကြစရာ ဒါန,သီလ,ဘာဝနာတည်းဟူသောကုသိုလ်ကောင်းမှုကိုသာများများကြီးရအောင် ရှာကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ထိုမှတစ်ပါးလည်း။လ။ပတ္တနာနာဆုကို ပြုလိုက်ကြကုန်။

ဝိဝါဒဖြစ်ပွား၍ ပစ္စုပ္ပန်တွင် ပျက်ပြားရခြင်းကိုပြသော ဖျံညီနောင် မြေခွေးဝတ္ထု ပြီး၏။

---

## ရူပတဏှာကို လိုက်စား၍ ပျက်ပြားခြင်းကို ပြသော

# ဇူဠမနုဂ္ဂဟ ဝတ္ထု

စက္ခု ရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သော ဟိ၊ သံဝါသံ တေန ဝါရယေ။

(ရဝန်၁-?)

စက္ခု၊ ပသာဒကြည် ဌာနမှီ၍ ထိုဉ်ကြည်ရှု နာမ်စက္ခုသည်။ ရူပေန၊ အလိုအကြိုက် ကိုယ်စရိုက်မှာ ထိခိုက်တိုက်ဆုံ ရူပါရုံနှင့်။ သံဝါသာ၊ အကြောင်းတော်ရင်း ပေါင်းဖော်ခြင်းကြောင့်။ ရာဂပုတ္တံ၊ လောဘမူ အလား တူမခြားဘဲ လိုလားတတ်လှ သားရာဂကို။ ဝိဇာယတိ၊ ပိုက်သိမ်း နေ့ည မငြိမ်းရအောင် ထိန်းမပစေ ဖွားမြင်လေ၏။ သောပုတ္တော၊ အလို ရောက်ရား ဆိုမှောက်မှားနှင့် သိုထားမဖြစ် ထိုသားညစ်သည်။ မဟာ နတ္ထကရော၊ များစွာဆိုးရွှ အကျိုးမဲ့အောင် ချိုးဖွဲ့မနေ ပြုတတ်ချေ၏။ ဟိသွာဟိ တသ္မာဧဝ၊ ထိုသားတိုးပွား ကျိုးမများခြင်းကြောင့်သာလျှင်။ ဝံစက္ခုံ၊ တောမျောက်အသွင် မဆင်ခြင်ဘဲ မြင်သမျှရှု ထိုစက္ခုကို။ တေနရူပေန၊ သုဘာအသွင် တုပဆင်၍ ပြုပြင်ခိုလှုံ ထိုအာရုံနှင့်။ သံဝါသံ၊ အကြောင်းယှက်သွင်း ပေါင်းဖက်ခြင်းကို။ ဝါရယေ၊ ဝေးဝေးပစ်ခွာ တားမြစ်ရာ၏။

အဲ....ဤဒေသနာတော်အလာ ဘုရားရှင်အလိုတော်မှာ ဘယ်လို ဆိုလို ပါသလဲလို့ဆိုတော့..ဤလောကလူ့ဘုံ၌ အလုံးစုံသော သတ္တဝါတို့၏ ရုပ်ခန္ဓာအိမ်အတွင်းမှာ ဝင်ဆင်းထွက်သွားစရာ တံခါးပေါက်ကယ်လို့ ဆိုရတာ စက္ခု၊သောတ ဃာန, ဇိဝှာ,ကာယ, မနရယ်လို့ ခြောက်ခုရှိတယ်။ ထိုတံခါး ခြောက်ခုရှိတဲ့ အနက်တွင် စက္ခုလို့ဆိုရတဲ့ တံခါးက စက္ခု ဝိညာဉ်လို့ ဆိုကြတဲ့ နာမ်တရားဟာ ထွက်သွားပြေးဆင်းပြီး သတ္တဝါ တို့၏ အာသာဆန္ဒ ပြည့်ဝကြပါစေခြင်းငှာ ဣဋ္ဌ ကန္တ မနာပ ဖြစ်လောက် တဲ့ ရူပါရုံရှိရာသို့ ကပ်ချဉ်းလို့ မိတ်ဖော်သင်းပင်းများစွာနှင့် အာရုံကောင်း ကိုချည်း ဖွေရှာနေတယ်။

---

ဤစူဠမနုဂ္ဂဟ ဝတ္ထုကား-ဇာတ်၊ ၄ တတိယ ၂၀၅-မှ ၂၀၀-၌ လာသည်။
(ပဌမအကြိမ်)

အဲ-အခါခါ ကြည့်ရှုလို အာရုံကိုသာဖွေရှာနေတဲ့ စက္ခုမှာ တစ်ခုခုတိုက်ဆုံမိလို့မို့ မိမိအကြိုက်မှာ ထိခိုက်တဲ့အာရုံနှင့် တွေ့ကြုံ ပေါင်းသင်းမိကြပြီလို့ ဆိုယင် ခြေစဥ်မပြတ် နောက်ကကပ်ပြီး တလစပ် လိုက်လာတဲ့ လောဘဆိုတဲ့ ရာဂတဏှာဟာက ဝမ်းသာရွှင်မော အမြဲတစ်သက် မကွဲပျက်တော့မလို နှစ်သက်ခါ တစောစောနှင့် အဓိတာမသတ် အာရုံကိုသာ စွဲကပ်ပြီး မဖြတ်နိုင် မဖြည်နိုင် တဝေဝေတမှိုင်မှိုင်နှင့် တားမနိုင် ဆီးမရ မမြင်ရယင် သေရတော့မလို ရှာဖွေဖို့ကိုသာ လမ်းပြပြီး မနေနိုင်အောင်သာ လူကို ဆွနေတော့တာပဲတဲ့။

အဲ-ထိုလောဘဆိုတဲ့ ရာဂတဏှာ ဖြစ်ပေါ်လာကတည်းကပင် မစဲမနား ငါကပဲ မာန်တက်ကြွားပြီး တရားကိုလက်လွှတ် ကာမဂုဏ် ပြည့်စုံဖို့အရေးကိုသာ တတွေးတွေး စိတ်ကညွှတ်တာနှင့် ဒုက္ခဝဋ်ပွားများဖို့ မှောက်မှားယွင်းကြံ ပါဏာတိပါတကံကအစ အကုသိုလ်ကံ ဟူသမျှတို့ကို တစ်စတစ်စ မှောက်လှန်ပြီး ဖောက်ပြန်ကျော်နင်းခြင်းများလို့မို့ မသေခင်ကလဲ လက်ရှိဘဏ္ဍာ ပစ္စည်းဥစ္စာ ဆုံးပါးရတဲ့အပြင် သေပြန်ယင်လဲပဲ လောဘတဏှာ ဆွဲသွားတာနှင့် အပါယ်ဘုံသို့သာ ဖြောင့်ဖြောင့်ကြီး လားသွားရတော့တာပဲတဲ့။

အဲ-သို့ကြောင့် စက္ခုနှင့်ရူပါရုံကို သဟဇာတ်တိုက်ဆုံပြီး မကြိုက်ကြုံမစော့ရပ်မိကြရအောင် ဝေးဝေးကကွင်းရှောင်လို့ နိုင်နင်းအောင် တားမြစ်ကြရမယ်။ သို့ ရူပါရုံစက္ခုတို့က စဆက်လို့ လောဘဆိုတဲ့ ရာဂဘဏှာ လူကို ဖျက်တာနှင့် ယခု ပစ္စက္ခမျက်မှောက်ဖြစ်တဲ့ လူ့ဘဝမှာပင် လက်ရှိဘဏ္ဍာ-ပစ္စည်း ဥစ္စာဆုံးပါးလို့ သေတော့ အပါယ်လားသွားရတဲ့ သူများ ရှိဖူးပါရဲ့လားလို့ဆိုတော့—

ရှေးအတိတ်အခါ ငါဘို့၏ အလောင်းတော်မြတ် ဗောဓိလျာသည် တာဝတိံသာဘုံအတွင်းမှာ အယုဇ္ဈယ် နတ်မြို့ကြီးကိုပိုင်နင်းတဲ့ သိကြားမင်း ဖြစ်တော်မူတယ်၊ ဗာရာဏသီမြို့သား စူဠဓနုဂ္ဂဟမည်သော ပုဏ္ဏားတစ်ယောက်လဲ တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သဖြင့် တက္ကသိုလ်ဆရာကြီး၏ထံမှောက်မှာ လေးအတတ် အပြီးတိုင် တတ်မြောက်လို့မို့ ဆရာကြီးက ချီးမြှောက်လိုတဲ့စိတ်ထားနှင့် သမီးနှင့်ထိမ်းမြားလိုက်ရာတွင် တက္ကသိုလ်ပြည်ကြီးကို ဖဲခွာပြီး မိဘဉာတကာတို့ပျော်မွေ့တဲ့ ဗာရာဏသီမြို့ကြီးရှိရာ

မြားငါးဆယ် လေးလက်နက်နှင့်တကွ ခေါးသံလျက်ကိုင်စွဲပြီး နှစ်ယောက်တည်း ထွက်လာကြတယ်။

အဲ-အတော်ကွာခရီးပေါက်ခဲ့လျှင် တောင်အောက်တောတန်းမြိုင်စခန်းကို ဖြတ်သန်းလှည့်လျှောက် စွယ်ခေါက်ခေါက်နှင့် ကိုင်မြောက်ထိုးဖမ်း မုန်ရိပ်နှင့် ဆိုးစွမ်းသည့်ဆင်ကြမ်းကြီးပျော်မွေ့တဲ့ တောအုပ်ကြီးတစ်ခုသို့ရောက်လေက တောအောက်တွင်ဆင်ကိုခွင်းခဲ့၍ မြားတစ်စင်း ကုန်ပြီးသည့်နောက် တောတွင်းကိုကျော်ဖောက်လို့ ခိုးသားငါးကျိပ်တို့ ခိုမှီးတဲ့ တောအုပ်ကြီးတစ်ခုသို့ ရောက်သွားပြန်တယ်၊ အဲ-မြိုင်အောက်က ခိုးသားတို့ကလဲ မသင့်အောင်အမျက်ပွားပြီး ပုဏ္ဏားကိုသတ်တော့မယ်ပြုကြရာတွင် နန္ဒဂ္ဂဟာလုလင်ပုဏ္ဏားလဲ မြားလေးဆယ့်ကိုးစင်းနှင့် တစ်ယောက်ကို ပစ်သတ်ခွင်းလေက မြားတစ်စင်းလိုနေလို့မို့ ခိုးမှူးကြီးတစ်ယောက် ပိုနေတယ်၊ အဲ-နောက်ကိုတစ်ဖန် ယောကျ်ားကောင်းအားအန်နှင့် ဗလမာန်အကုန်ခဲ့ပြီး ကျန်ကြွင်းတဲ့ ခိုးမှူးကြီးကို တွန်းလှဲလို့ ဖက်တွဲစီးနင်း လည်ပင်းကို ဓားနှင့်စင်းတော့အံ့ဟု ရန်ကင်းဖို့ အကြံကောင်းနှင့် မယားထံ ဓားကိုတောင်းဘယ်။

အဲ-မိတ်ကောင်းမရ ရန်သူပုန် ခင်ပွန်းမကလဲ ခိုးမှူးကြီး၏ အဆင်းရုပ်ပုံကို စိတ်အာရုံတပ်စွဲလှတာနှင့် ရှေးရပြီးလင်ဟောင်းကို ပစ်ခဲ့ပြီး လင်သစ်ကို တစ်ပုံလဲတော့အံ့ဟု စဉ်းလဲတဲ့ ဉာဏ်သွားဖြင့် တရားကုန်ခန်းယောကျ်ားကို သေအောင်မှန်းပြီး အသွားကို လင့်ဘက်ကထိုးလို့ သူခိုးကိုဓားရိုးက ကမ်းလိုက်တယ်၊ အဲ ဆိုးစွမ်းတဲ့ ခိုးမှူးယောကျ်ားလဲ ပုဏ္ဏားကို ဖြတ်ပိုင်းပြီးမှ စိတ်ရှိတိုင်း အကြံအောင်တာနှင့် မယားကိုယူဆောင်ပြီး မြိုင်ချောင်တောတွင်းကို ကျော်ဖောက်လို့ တဖြည်းဖြည်း လျှောက်သွားလေက မနက်မတိမ်လှ ဘဒ္ဒတွတွေရေဆုန်ဆင်းနေတဲ့ ချောင်းကျဉ်းတစ်ခုသို့ ရောက်သွားကြတယ်၊ ခိုးမှူးလုလင်လဲ ထိုချောင်းကိုတွေ့မြင်ရယင်ပဲ ကြည့်လင် ရှင်ပ ယုံလော့က်အောင် လိမ်သည်ပြီး ပြေးတော့မည် အကြံရတာနှင့် ချောင်းစကို အတူဆင်းပြီး ချဉ်းကပ်ကာ တိုင်ပင်တယ်။

ဘယ်လိုတိုင်ပင်ပါသလဲလို့ဆိုတော့ ... ရှင်မ ချစ်ဆွေ ဤချောင်းရေကားတတွေ့တွေတဟောဟော ထောက်ထားမမှီ ယောကျ်ားတို့ တအားချီသော်လဲ ဗျာသိအောင်မောတဲ့ပြင် ရေကြောချောင်းစောင်း ကျောက်ထူးခေါင်းတို့မှာလဲ ခိုအောင်းရက်ရော ငါးဆင်ငါးမန်း မြင်သမျှ အတွင်ဖမ်းတတ်တဲ့ ငါးကြမ်းတွေလဲ ထူပြောလှတာမို့ ဘေးဟျမ်းတွေလဲ အလွန်ပေါခဲ့တယ်၊
(ပဌမအကြိမ်)

တစ်ခေါက်တလော အရောက်မျှော်မည်ဟု လူရောဝန်ပါ ရှိသမျှအကုန်ခါပြီး ပိုးသယ်ကာ ကူးလျှောက်က ချောင်းလယ်မှာသာ နစ်ပျောက်သို့ ကမ်းဘက်သို့ မရောက်ခဲ့ရာ ဆင်ဝတ်တဲ့ တန်ဆာပလာ ရှိသမျှပစ္စည်းဘဏ္ဍာတို့ကိုသာ ရှေးဦးစွာအပါထမ်းပြီး ရေကြမ်းကိုကူးကျော်လို့ ကမ်းပေါ်သို့ ပို့ချဦးမယ်၊ နောက်ကိုတစ်ခန်း လူလုံးကိုအပါထမ်းပြီး ဂယက်ကြမ်း ဤရေမှော်မှ သန်းဖြတ်ကာ အတူကျော်ရအောင် ကမ်းပေါ်ကသာ စောင့်နေရစ်ပါလို့ အဲ· ဤလိုမှာထားခဲ့ပြီးမှ လက်ဝတ်လက်စား ဆင်ခဲ့သမျှ ဘဏ္ဍာများကို တစ်သားတည်း ထုပ်ထမ်းလို့ ချောင်းကမ်းကိုကူးတက်ပြီး မငဲ့ကွက်မရှုစားဘဲ စွန့်ပစ်ကာ ဖဲခွာသွားတယ်၊ အဲ-ကမ်းပါး ချောင်းစမျှော်နှင့်တဲ့ပုဏ္ဏေးမကလဲ ကူးတော့မည်ပြင်ဆင် ခိုးသားကြီး ပြေးသွားတာကို မြင်လေက ငြိုငြင်ပူဆွေး လူးလဲကာ ထိုဤပြေးပြီး ယူလာပါမည့်အရေးနှင့် ငိုကြွေးကာ တောင်းပန်တယ်။ ထို့ကြောင့်—

> သဗ္ဗံ ဘဏ္ဍံ သမာဒါယ၊ ပါရံ တိဏ္ဏောသိ ဗြာဟ္မဏ။
> ပစ္စာဂစ္ဆ လဟုံ ခိပ္ပံ မံပိ တာရေဟိ ဒါနိတော။

လို့·ဟောတော်မူတဲ့ယ်။

ဗြာဟ္မဏ၊ လူတွင်တစ်ယောက် ဆိုစလောက်အောင် ပေါ်ပေါက်လေပြီး ပုဏ္ဏားကြီး။ တွံ၊ ဖြူစင်ဝတ်စား သင်ပုဏ္ဏားသည်။ သဗ္ဗံဘဏ္ဍံ၊ ဆင်ဝတ်သင့်ကောင်း ဘဏ္ဍာပေါင်းကို။သမာဒါယ၊မချန်မထား ဆောင်ယူသွား၍။ ပရံ၊ မမြိုမြစ်ကြမ်း နဒီကမ်းသို့။ တိဏ္ဏော၊ မောကာမကြောက် ချောစွာရောက်သည်။ အသိ၊ မနစ်မကျေ ဖြစ်ပါချေပြီ။ လဟုံ၊ လျင်လျင်မြန်မြန် မနှေးကန်ဘဲ၊ပစ္စာဂစ္ဆ၊ လှည့်ကာမကြာပြန်ခဲ့ပါလော့။ ဒါနိ၊ မိုက်မှောင်မအုပ် မိုးမချုပ်ဘဲ မယုတ်မမှိန် ဤအချိန်၌။ဣတော၊ ကူးခပ်ကွာလှမ်း ဤဘက်ကမ်းမှ။ မံပိ၊ ငံ့မျှော်မအေး ဖော်ကွာဝေး၍ ရန်ဘေးထူရှုပ် အကျွန်ုပ်ကိုလည်း။ ခိပ္ပံ၊ အရေးချင့်စာ ဖင့်မကြာဘဲ၊ တာရေဟိ၊ ရှောင်ဖဲ့မခွာ ဆောင်လှည့်ပါလော။

အဲ·ခိုးမှုကြီး ပုဏ္ဏားလဲ ပုဏ္ဏေးမ၏ ဟစ်အော် ညည်းညူသောအသံကို အဖန်ဖန် ကြားရသဖြင့် တန့်နားဆိုင်းရပ်၍ ကမ်းစပ်က အကြောင်းပြန်တယ်၊ ဘယ်လိုပြန်ပါသလဲလို့ဆိုတော့·အချင်းပုဏ္ဏေးမ-သင့်အကျင့် သီလ

ပြုသမျှ စာရိတ္တကား မြစ်မူသယွင်းချွတ်လို့ အပြစ်ဝင်၍ မစင်ဖြူ အကြီးနှင့် လဲလှယ်ပြီး အငယ်ကိုသာ ဝယ်ယူတတ်တယ်၊ ငါနှင့်လဲ လဲလှယ်လို့ နောက် အငယ်တစ်ဆူတွေ့လာလျှင် မရှောင်ဘဲ လဲမိအောင် လဲယူအုံးမယ်၊ ခုနှယ်က တခြား စောစောက ကွင်းရှောင်ပြီး လွတ်အောင်သာ ငါသွားတော့မယ် လို့၊ အဲ-ဤလို ပြောကြားပြီး ပုဏ္ဏားကြီး ထသွားတယ်။ ထို့ကြောင့်-

အသန္ထုတံ မံ စိရ သန္ထုတေန၊
နိမိနိ ဘောတိ အခုဝံ ခုဝေန။
မယာပိ ဘောတိ နိမိနေယျ အညံ၊
ဣတော အဟံ ဒူရတရံ ဂမိဿံ။

လို့-ဟောတော်မူတယ်။

ဘောတိပြာဟ္မဏော၊ တက္ကသိုလ်ရင်နှစ် ပင်အမြစ်နှင့် စင်စစ်ယုတ်စွ-ပုဏ္ဏေးမ။ တံ၊ ကိုယ်ကျင့်ကင်းပ၊ သင်ရှင်မကား။ စိရသန္ထုတေန၊ မိခင် ဖရင်း ဆောင်အပ်နှင်းတဲ့ ချင်းချင်းချစ်ခင် ကြာမြင့်စွာပေါင်းလေပြီးသော လင်နှင့်။ အသန္ထုတံ၊ ခုမကြာခင် လမ်းမှာမြင်သော။ မံ၊ တရံစံ ယောက်ျား ငါ ခိုးသားကို။ နိမိနိ၊ တပ်စွဲကြည်ဖြူ ဝယ်လဲယူ၏။ ခုဝေန၊ မကွဲအစဉ် မြဲသောလင်နှင့်။ အခုဝံ၊ မမြဲတစ်ပါး လမ်းတွင်တွေ့သော ငါခိုးသားကို။ နိမိနိ၊ စိတ်စွဲတွေဝေ လဲယူလေ၏။ ဘောတိပြာဟ္မဏော၊ တက္ကသိလ-ပုဏ္ဏေးမ။ မယာပိ၊ သင်နှင့်ရှည်ကြာ ပေါင်းသောငါနှင့်သော်လည်း။ အညံ၊ အသစ် တစ်ယောက် အချစ်ရောက်၍ ပေါ်ပေါက်ဘစ်ပါး နောက်ယောက်ျားကို။ နိမိနေယျ၊ ပစ်ခွဲမညှာ ဝယ်လဲရာ၏။ အဟံ၊ ဘေးရန်ထူပြား ငါခိုးသာ၊ သည်။ ဣတော၊ သင်နှင့်နီးစပ် ဤအရပ်မှ။ ဒူရတရံ၊ နား, မျက်စိ, ရေး မယှက်ထွေးဘဲ အေးကာလွတ်လပ် ဝေးလှစွာသော အရပ်သို့။ ဂမိဿံ၊ မနားမနေ ငါသွားပေအံ့။

အဲ-ဤလို ခိုးသားကြီး ပစ်ထားပြီး ရှောင်ရှား ထွက်သွားလေက တက္ကသိုလ် ပုဏ္ဏေးမလဲ မှီခိုရာကင်းပ နောင်တကြီး နောက်မှရလို့မို့ ကမ်းစ ချောင်းတွင်း သမန်းမြက်ချုံတစ်ခုကို ကပ်ချဉ်းပြီး အတွင်းက သောကမီး မအေးတာနှင့် မှိုင်ငေးကာ တွေးဆနေတယ်။ အယုဇ္ဈယ မြို့ကြီးသေဌ်နှင်း အလောင်းတော်သိကြားမင်းလဲ ပုဏ္ဏေးမ၏ သီလချွတ်ယွင်း ရှုပါရုံစိတ်

ရမှုက်ကြောင့် နှစ်ဖက်ရလက်လွှတ်ခြင်းကို ထင်လင်းစွာ သိစေအံ့အကြံနှင့် မာတလိနတ်သား ပဉ္စသိခနတ်သား နှစ်ယောက်ခြံရံပြီး လူ့ဌာနသို့ သက်ဆင်းလာတယ်၊ အဲ-သိကြားနတ်မင်းဟာလဲ တောတွင်းက မြေခွေးပုံနှင့် အမဲကင်ကိုကိုက်ငုံလို့ ချုံစကာအသွက်, ရေနက်က မာတလိကလဲ ငါးကြင်း၏ ပုံအဟန်နှင့် ခုန်ပျံကာမြူးကြွပြီး ကမ်းစမှာအကျ, တောဝက မြေခွေးလဲ အမဲကင်ကိုဒန်ထွေးပြီး ငါးကြင်းကိုစားလိုတဲ့အရေးနှင့် ခုန်ပြေးကာ ဖမ်းအုပ်လျှင် ရုတ်ခနဲ ငါးကြင်းက ချောင်းတွင်းသို့ ခုန်ချပြီး နက်လှတဲ့ ရေအတွင်းသို့ ငုပ်ဆင်းကာ ပြေးဝင်သွားတယ်။

အဲ-သိကြားမြေခွေးမင်းလဲ ငါးကြင်းကို မရလို့မို့ တောစကာ အမဲကင်ကို စားချင်လို့အပြန် ပဉ္စသိခနတ်သားက သိန်းစွန်ယောင်ဆင်ဖန်ပြီး ချီပျံယူသွားနှင့်တာမို့ အမဲသားလဲလက်လွှတ် နှစ်ပါးစုံ အစာချွတ်တာနှင့် တုပ်ဝပ်ခါ ဗျာပါလှိုင်ပြီး ကြံတွေးကာ ငေးမှိုင်နေတယ်၊ အဲ... သမန်းချုံကျောခပေးပြီး ထိုင်ခေးတဲ့ ပုဏ္ဏားမကလဲ မြေခွေး၏အရေးပုံကို နည်းစုံအောင် မြင်လိုက်ရတာနှင့် မိုက်လှတဲ့ ဤမြေခွေးကား ဉာဏ်ဝေး သည့်အတွက် ငါးစိမ်းကိုခင်မင်လို့မို့ သားကင်ပါရှုံးပျက်ပြီး နှစ်ဖက်ကျ ဗျာပါလှိုင်လို့ ယိမ်းယိုင်နွမ်းခွေ ငေးမှိုင်ကာ သင်နေရတယ်လို့ ပြယ်လိုတဲ့အသံနှင့် ပြင်းထန်စွာ ရယ်လိုက်တယ်၊ အဲ-သိကြားမင်း မြေခွေးကလဲ တောရေးတောင်ရင်း ဤချောင်း ဆိပ်ချုံအတွင်းမှာ ဒိမင်းနှင့်ပဿာစေးစောင်းညှင်းမြေခရာတို့ဖြင့် တူရိယာ အစုံခင်းပြီး က-သီတီးမှုတ်ကြခြင်းလဲမရှိ ပကတိ ပျော်ပါးဖို့ လူအများဆုံစုတဲ့ပြီး ဗုံဆိုင်းနဲ့ အငြိမ့်သံနှင့် ပွဲသဘင်လဲမခံ ချုံထဲက ပျော်ရွှင်မြူးပြီး ထူးလှတဲ့ရယ်မောသံကို သိရန်ဖို့ အရေးနှင့် ပုဏ္ဏားမကို စစ်မေးဘယ်၊ ထို့ကြောင့်—

ကာယံ ဌေဂဏာဂုမ္ဗေ၊ ကရောတိ အဟု ဟာသိယံ။
နယိဓ နစ္စ ဂီတံဝါ၊ တာဠံဝါ သုသမာဟိတံ။
အနမှိကာလေ သုသောဏိ၊ ကိံနု ဇဂ္ဃသိ သောဘနေ။

ဌေဂဏာဂုမ္ဗေ၊ သမန်းမြက်ရုံ တောရိပ်ချုံ၌။ အယံဇူတ္တိ၊ ဖော်ခိုမမှီး တစ်ကိုယ်တည်းကျ ဤမိန်းမသည်။ဟာသိယံ၊ အသံကျယ်ပြင်း သည်းထန် သောရယ်ခြင်းကို။ကရောတိ၊ အမှုမပြေ ပြုပါချေ၏။ ကာ၊ အဘယ်မျိုးရင်း ဘယ်သာတင်းနှင့် အသင်းဘယ်က ဘယ်မိန်းမသည်။ အဟု၊ အမြစ် အခြေ ဖြစ်ပါလေသနည်း။ ဇုဓဌာနေ၊ လူသူမနေှာ ဤချုံတော၌။ သုသမာဟိ

တာ်၊ပျော်ပါးစေရန်ပြုစီမံအပ်သော။နစ္စံဝါ၊ ရုပ်စုံဖန်ဆင်း ကခုန်ခြင်းသည်လည်းကောင်း။ ဂီတံဝါ၊စောင်းညှင်းဘွဲ့ခံ သီချင်းသံသည်လည်းကောင်း။ တာဠံဝါ၊ ပဿာဒ့်မင်း တီးမှုတ်ခြင်းသည်လည်းကောင်း၊ နတ္ထိ၊ ရှုကြည့်ဖို့ရာ မရှိပါ။ သုသောဏီ၊ ရုပ်ရည်အဆင်း တင့်တယ်ခြင်းရှိသော။ သောဘနေ၊ ရင်သွေးနုနယ် ပုဏ္ဏေးငယ်။ တံ၊ အဖော်မရ သင်နှမသည်။ အနမ္မိကာလေ၊ တောကြီးမျက်မည်း ငိုသင့်သော အခါထဲ၌။ ကိံ နုဇဂ္ဂသိ၊ဘယ်ကြောင့်သည်းစွာ ရယ်ပါသနည်း။

အဲ ဤလို သိကြားမြေခွေးက မသိသလိုအရေးနှင့် စစ်ဆေးမေးမြန်းလေက ချုံထဲက ပုဏ္ဏေးမက ထ၍လျှင်လျှင် မြေခွေးကို အပြစ်တင်တယ်၊ ဘယ်လိုတင်ပါသလဲလို့ ဆိုတော့ -- သတိမစိုက် ဉာဏ်မပိုက်ဘဲ အစာကိုသာ လောဘလိုက်နေတဲ့ မိုက်လှသော တောမြေခွေး- သင့်ပညာ ရှေ့မပြေးဘဲ မတွေးမပိုက်စားရေးကိုသာ လုံ့လစိုက်ခြင်းကြောင့် အမိုက်ဘာဝအမဲကင်လဲဆုံး ငါးကြင်းကိုလဲရှုံးပြီး ယူကျုံးမရ နှလုံးရှုတာနှင့် ကြံမှိုင် ကာသင်နေရသည် မဟုတ်လောဟု အဆောတလျှင် မြေခွေးကို အပြစ်တင်ဘယ်၊ ထို့ကြောင့်-

သိင်္ဂါလ ဗာလ ဒုမ္မေဓ၊ အပ္ပပညောသိ ဇမ္ဗုက။
ဇီနော မစ္ဆဥ္စ ပေသိဉ္စ၊ ကပဏောဝိယ ဈာယသိ။

ဒုမ္မေဓ၊ ပညာသတိ အမြော်အမြင်မရှိသော။ ဇမ္ဗုက လောဘဖိစီးအစားကိုသာ အလိုကြီးသော။ သိင်္ဂါလဗာလ၊ မတွေးမပိုက် မြေခွေးမိုက်။ တွံ၊ တောဖော် တောင်ခမွှေး သင်မြေခွေးသည်။ အပ္ပပညော၊ ပညာမပွားအမြင်ပါးသည်။အသိ၊ မသိတွေဝေ ဖြစ်ပါပေ၏။ မစ္ဆဉ္စ၊ရှေ့မှဘာဏ်ဆင်းငါးမြစ်ချင်းကိုလည်းကောင်း။ ပေသိဉ္စ၊ ကိုက်ခဲခိုတင် အမဲကင်ကိုလည်းကောင်း။ ဇီနော၊ နှစ်ပါးလုံးမှ ဆုံးရှုံးရသည်ဖြစ်၍၊ ကပဏောဝိယ၊ ခိုကိုးရာရှား ဥစ္စာတစ်ထောင် ရှုံးသော ယောကျ်ားကဲ့သို့။ ဈာယသိ၊ တိုင်ထည့်ည်းခွေ မှိုင်ရပေလေ၏။

အဲ-ဤလို ပုဏ္ဏေးမက မြေခွေးကို နှိမ့်ချပြီး နစ်နာလှတဲ့ စကားနှင့်မြှက်ကြားပြောဆိုလေလျှင် သိကြားမြေခွေးလဲ ဆိုရေးအခွင့်ချိန်အခါ သင့်တာနှင့် ပုဏ္ဏေးမ၏ သီလအကျင့် ပျက်ပြားခြင်းကို ထင်လင်းစွာပေါ်ပြ၍ နှိပ်နင်းကာဆုံးမတယ်၊ ဘယ်လိုဆုံးမပါသလဲလို့ဆိုတော့- အချင်းပုဏ္ဏေးမ ဤလူ့ဘုံ၌ ဘဒ္ဒါနဒုလ္လဘမှာကြုံကြတဲ့ခုလူသားတို့ကား သဘောထားမပင်ကြယ်

(ပဥ္စမအကြိမ်)

သူတစ်ပါးတို့အမှု အကျူမ္ပြုပမာဏ သေးသိမ်တဲ့အပြစ်ဒေါသကို တောင်မက ကြီးအောင်ပြုပြီး အပြစ်ကိုသာ ရှုလွယ်တတ်တယ်၊ တောင်နှယ်ယုတ်ညစ် ကြီးကျယ်တဲ့ ကိုယ့်အပြစ်ကိုတော့ မြှုပ်နှစ်လွှမ်းချုပ် မရှိသလို ပကတိ ပင်ကိုကဲ့သို့ မသိသလို ပုံဟန်လုပ်ပြီး ဖုံးအုပ်ကွယ်ရှား အသင့်အမူ အကျင့် ဖြူသကဲ့သို့ မမြင်သူသာများကြတယ်၊ ဆွေသားမိဘ သဘောတူပေါင်းစု ရုံးပြီး အားလုံးကြီးစိတ်ညီမျှလို့မို့ ထိမ်းမြားကြငယ်လင်ရင်းကို တောက် စဉ်းခုတ်ဖြတ် စကျွန်နှင့်တိုက်ဆို ယောကျ်ား၏ ရူပါရုံကို လောဘဟုန် အရှိန်မသတ်တာနှင့် နောက်ဆပ်တဲလင်ငယ်ပါရှုံးပြီး စိတ်နှလုံးမကျေနိုင်ဘဲ ငါ့ထက်ပင် သင် အမှိုင်ကြီး မှိုင်နေရသည်မဟုတ်လောဟု၊ အဲသလို စော ကြောကာ ပမာခင်းပြီး နှိပ်နင်းကာ ဆုံးမတယ်၊ ထို့ကြောင့်-

> သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။
> ဇိနာ ပတိဋ္ဌ ဇာရဋ္ဌ၊ မညေ့တွညော ဈာယသိ။

ဇမ္မေ၊ ယုတ်စွမသင့် မကောင်းအကျင့် ရှိသော။ ဒုဿီလေ၊ စုတ်ချက် ရိဆွေး ရှုပ်ငြိထွေး၍ ညစ်ထေးသော သီလရှိသော ပုဏ္ဏေးမ။ အညေသံ၊ ကိုယ့်ကိုချန်ထား သူတစ်ပါးတို့၏။ ဝဇ္ဇံ၊ အနုမြူရောက် မဆိုလောက်လှ ပြစ် ဒေါသကို။ သုဒဿံ၊ မြင့်မိုရ်လောက်နီး ပမာကြီးအောင် ဖိစီးနှိပ်နယ် မြင် တတ်လွယ်၏။ အတ္တနော ဝဇ္ဇံ ပန၊ မြင့်မိုရ်ထက်ကြီး ပမာမှီးရ ပျက်စီးယုတ် ညစ် ကြီးလှသော ကိုယ့်အပြစ်ကြီးကိုကား။ ဒုဒ္ဒသံ၊ မရှိသလို ဖုံးဖိသို၍ ပန်းလိုထင်စွဲ မြင်နိုင်ခဲ၏။ တွညော၊ အကျင့်မလှသင်ပုဏ္ဏေးမသည်သာလျှင် ပတိဋ္ဌ၊ ဖမိစုံနှင်း ရှေးလင်ရင်းကိုလည်းကောင်း။ ဇာရဋ္ဌ၊ လမ်းမှားမြောက် တင်သယောက်လင်ကိုလည်းကောင်း။ ဇိနာ အစပျောက်တုန်း နှစ်ယောက် လုံးမှ ဆုံးရှုံးရသည်ဖြစ်၍။ ဈာယသိ၊ ညော၊ ငါ့ထက်မီးလှိုင် မပြီးနိုင်အောင် အမှိုင်ကြီး သင်မှိုင်ရလေယောင်တကား။

အဲ-ဤလို သိကြားမြေခွေးက အပြစ်ကို ထင်စွာပြပြီး နှိမ်နင်းကာ ဆုံးမလေမှ ပုဏ္ဏေးမသတိရပြီး ဒုဿီလ—အမှုယုတ်ကို ကနေ့ပင်မပြုလုပ်ဘဲ သက်ဆုံးတိုင် နောက်ကိုဆွဲပြီး အမြဲပင်ဝေးဝေးရှောင်၍ ကျင့်ဆောင်ပါ တော့မည့် အကြောင်းများနှင့်သိကြားကိုဝန်ခံလိုက်တယ်၊ သိကြားမင်းလဲ

အကျင့်သီလ၏ ပျက်စီးခြင်း၌ လက်ငင်းမျက်မှောက် လက်ရှိဘဏ္ဍာ ပျက်ပြုန်းလို့ ဆုံးရှုံးခြင်းသို့ ရောက်ရတဲ့အပြင် သေသည့်နောက် ဘဝ·ဘဝတို့၌ အပါယဘေးဝဋ်မှ မကျွတ်မကုန်ရ ရှောင်ကွင်းကာ ပြေးမလွှတ်ဘဲမချွတ်ပင် တွေ့ကြုံရမည့် အကြောင်းများနှင့် ပြောကြားဆုံးမခဲ့ပြီးမှ အယုဇ္ဈနတ်နန်းသို့ ဖြန့်မြန်းတက်ချီသွားတယ်။ အဲ·ဤပုဏ္ဏားမ၏ ယခုပစ္စက္ခ အကျင့်သီလ ပျက်ပြုန်းလို့ လက်ရှိဘဏ္ဍာ ကုန်ရှုံးရခြင်းကား အရင်းမူလ စက္ခုနှင့်ရူပါရုံတို့ ကြိုက်ကြုံတွေ့ထိကြသည်မှ စဆက်ပြီး တဖြည်းဖြည်း လောဘမီးအဟုန်တက်တာနှင့် ဆုံးပျက်မှောက်မှားခြင်း ဖြစ်ရတာပဲတဲ့၊ အဲ·သို့ကြောင့် စက္ခုနှင့်ရူပါရုံတို့ကို မတွေ့ကြုံမစေ့စပ်မိကြရအောင် ဝေးဝေးကကွင်းရှောင်ပြီး နိုင်နင်းအောင် တားမြစ်ကြရမယ်။ ဤသည်ကား။ လ။ ပြုလိုက်ကြကုန်။

ရူပတဏှာလိုက်စား၍ ပျက်ပြားခြင်းကိုပြသော
စူဠဓနုဂ္ဂဟာဝတ္ထု ပြီး၏။

# (၇)

## ရသတဏှာကို လိုက်စား၍ ပျက်ပြားခြင်းကို ပြသော

## ဒေဝဒတ်-ကျိုးဝတ္ထု

ဇိဝှါ၊ ရသေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္တကရော သော ဟိ၊ သံဂါသံ တေန ဝါရယေ။

(ရစနာ-?)

ဇိဝှါ၊ ပသာဒကြည် ဌာနမှီ၍ ထိုဉ်ဖွေ့ရှာ နာမ်ဇိဝှါသည်။ ရသေန၊ အလိုအကြိုက် ကိုယ့်ဇရိုက်မှာ ထိခိုက်ဘိုက်ဆုံ ရသာရုံနှင့်၊ သံဝါသာ၊ အကြောင်းတော်ရင်းပေါင်းဖော်ခြင်းကြောင့်၊ရာဂပုတ္တံ-လောဘမူအလား တူမပြားဘဲ လိုလားတတ်လှ သားရာဂကို၊ ဝိဇာယတိ၊ တရားမခင် အမှား ဝင်အောင် ထားလျှင်မသွေဖွားမြင်မလေ၏၊ သောပုတ္တော၊မကောင်းလိုသား ကောင်းကိုရှား၍ ဆိုတားမဖြစ် ထိုသားညစ်သည်၊ မဟာနတ္တကရော၊ များစွာဆိုး၍ စိုးမငဲ့ဘဲ ကျိုးမဲ့ပစေ ချိုးဖွဲ့လေ၏။ တသ္မာဟိ တသ္မာဝေ၊ ထိုသားဘိုးပွား ကျိုးမများခြင်းကြောင့်သာလျှင်၊ ရသေန-ချို, ချဉ်, စပ် ဖန် မြတ်လေဟန်ဖြင့် ဆက်ဆံလာဆုံ ထိုအာရုံနှင့်၊ သံဂါသံ-ကြိုက်ကြုံယှက် သွင်း ပေါင်းဖက်ခြင်းကို၊ ဝါရယေ ဝေးဝေးပစ်ခွာ တားမြစ်ရာ၏။

အဲ-ဤဒေသနာတော်အလာ ဘုရားရှင်အလိုတော်မှာ ဘယ်လိုဆိုလိုပါ သလဲလို့ဆိုတော့-ဤလောကလူ့ဘုံ၌ အလုံးစုံသော သတ္တဝါတို့၏ ခန္ဓာ အိမ် ကိုယ်အတွင်းမှာ ဝင်ဆင်းထွက်သွားစရာ တံခါးလို့ဆိုရတဲ့ ခရီးလမ်းမ ဟာ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနရယ်လို့ အဲ-ဤလို ခြောက် ဌာနရှိပါတယ်တဲ့၊ အဲ-ဤလို ခြောက်ဌာန ရှိကြတဲ့ တံခါးပမာဏ လမ်းခရီး အာဝတို့တွင် ဇိဝှါပသာဒဆိုတဲ့ ခရီးလမ်းတံခါးဝတစ်ခုက ဇိဝှါဝိညာဏ်လို့ ဆိုကြတဲ့နာမ်တရားတစ်ခုဟာဝတ္ထုရထားကိုစီးနင်းလို့ ခုန်ကျော်ထွက်သွား ကာ ပြေးဆင်းပြီး သတ္တဝါတို့၏ အာသာဆန္ဒ ပြည့်ဝကြပါစေခြင်းငှါဇ္ဇ,

---

ဤ ကျိုးဝတ္ထုကား-ဇာတ်၌ါ၌၊ တတိယ ၂၁၀-၂၁၂-တို့၌လာသော ကပေါတ ဇာတ်တည်း။

(ပဌမအကြိမ်)

ကန္တ၊ မနာပဖြစ်လောက်တဲ့ ရသ ရှိရာသို့ ကပ်ချဉ်းလို မိတ်ဖော်သင်းရဲရွှေ များစွာတို့နှင့် အာရုံကောင်းကိုသာ ဖွေရှာနေတယ်။

အဲ-တစ်ခါခါ အခွင့်ညီမျှလို့မို့ နှစ်ခြိုက်လှတဲ့ အာရုံနှင့် ကြိုက်ကြုံပေါင်းဆုံ မိကြပြီလို့ဆိုလျှင် ခြေစဉ်မပြတ် နောက်ကကပ်၍ တရစပ် လိုက်နေတဲ့ တဏှာလောဘ သား-ရာဂဟာက အားရရွှင်မော အမြဲတစ်သက် မကွဲပျက်တော့မလို နှစ်သက်ခါတစောစောနှင့် အတောမသတ် အာရုံကိုသာစွဲကပ်ပြီး မဖြတ်နိုင်မဖြည်နိုင် တဝေဝေတမှိုင်မှိုင်နှင့် တားမနိုင်ဆီးမရ ပူဆာကာ တောင့်တပြီး မခံနိုင်အောင်သာ လူကိုဆွနေတော့တာပဲတဲ့။ အဲ-သားဆိုးလို့ဆိုရတဲ့ ထိုလောဘတဏှာ ဆူဝင်လာကတည်းကပင် မစဲမနား ငါကပဲ မာန်တက်ကြွားပြီး တရားကိုလက်လွှတ် ရသာရုံပြည့်စုံဖို့ အရေးကိုသာ တတွေးတွေး စိတ်ကညွတ်တာနှင့် ဒုက္ခဝဋ်ပွားများ ကိုယ့်ကျင့်သီလတွေ ပျက်ပြားဖို့ မှောက်မှားယွင်းကြုံ ပါဏာတိပါတကံအစ မကောင်းမှုကံ-ဟူသမျှတို့ကို တစ်စစမှောက်လှန့်ပြီး ဖောက်ပြန်ကျော်နင်းခြင်းများလို့မို့ ယခုပစ္စက္ခမှာလဲ အသက်ခန္ဓာနှင့်တကွ ကိုယ်ကျင့်သီလပျက်ပြားရတဲ့ပြင်သေပြန်တော့ကာလဲ လောဘတဏှာဆွဲသွားတာနှင့် အပါယ်ဘုံသို့သာဖြောင့်ဖြောင့်ကြီး လားသွားရတော့တာပဲတဲ့။ အဲ-သို့ကြောင့် ဇိဝှါနှင့်ရသာရုံကို သဟဇာတ်တိုက်ဆုံလို့ မကြိုက်ကြုံ မစွဲစပ်မိအောင် ဝေးဝေးကြီး ခွာရှောင်ပြီး နိုင်နင်းအောင် နှိပ်ကွပ်ကြရမယ်တဲ့။ သို့-ရသာရုံဇိဝှါ-ဟိုကစဆက်လို့ သားရာဂ လူကိုဖျက်တာနှင့် ယခုပစ္စက္ခ ဒိဋ္ဌထင်ရှား အသက်ခန္ဓာနှင့်တကွ ကိုယ်ကျင့်သီလပါ ပျက်ပြားပြီး သေတော့ကာ အပါယ်ဘုံသို့ လားသွားရတဲ့သူများ ရှိဖူးပါရဲ့လားလို့ ဆိုတော့—

ရှေးအတိတ်အခါ ငါတို့၏ဗောဓိလျာသည် ဒုက္ခိဘ သတ္တဝါအများကို သနားတော်မူလှသည့် အတွက်နှင့် ရုပ်ပျက်နွမ်းညှိုး ကိုယ့်ကွက်ကိုယ့်တာ အသက်ကိုမှ မငဲ့ညှာဘဲ ဗောဓိဉာဏ်ကိုသာ စိုက်ပျိုးပြီး ခိုမျိုးမှာ ဖြစ်နေတော်မူရရှာတယ်။ ဗာရာဏသီသူဌေး၏ စဖိုသည်လဲ စေတနာသဒ္ဓါကြည်လို့မို့ သူနေသည့်စဖိုအိမ်ထဲမှာခြင်းတောင်းနှစ်လုံးကိုချည်ဆွဲပြီးမကွဲမပြားခိုမင်းကို သဒ္ဓါဖြူတာနှင့် ကျီးကန်းပါအတူ တစ်ခုစီ နေရာခွဲပြီး ယှဉ်တွဲကာ မွေးမြူထားတယ်။

(ပဋ္ဌမအကြိမ်)

အဲ—ဘုရားလောင်းခိုမင်းလဲ မကင်းသတိ ကျီးတို့၏စရိုက်သဘော ရသာရှိ၍တပ်မက်မောသည်ကို စောစောကသိကာနှင့်သတိပေးအဆုံးအမစကားကို နေ့တိုင်းပင် ပြောကြားလို့ မပြားမကွဲ နှစ်ယောက်ပင်အတူတွဲပြီး အစာယူသွားကြစမြဲဖြစ်တယ်။ အဲ-ကိုယ်ကျင့်သီလကိုလဲမချစ်၊ ဘုရားလောင်း တားမြစ်သည်ကိုလဲ မလိုက်၊ယုတ်ညစ်လှသော ကျီးမိုက်သည် တစ်နေ့သ၌ ကျီးတို့၏စရိုက်ဘာဝ စဖိုသည်၏အမဲအိုးကိုခိုးစားလိုသောစိတ်ဆန္ဒနှင့် ဝမ်းတွင်းက အာဟာရမကျေသလို သမ်းဝေလူးလဲ ဂိလာနသရုပ်ဆောင်၍ ယုံလောက်အောင် စဉ်းလဲပြီး အစာရှာမလိုက်ဘဲ နေရစ်တယ်။

အဲ-ဘုရားလောင်းခိုမင်းလဲ ရှေးသိရင်းပကတိ စဉ်းလဲသော ကျီးမိုက်၏ အကြံကို ရှေ့ဉာဏ်တော်အကဲမိတာနှင့် မသင့်သည်၏အရာကို ပြောကြားလို့ သတိပေး အဆုံးအမစကားကို များများကြီး မှာထားခဲ့ပြီးမှ အနီးအပါး သွားနေကျကောင်းကင်ဒီးဖြင့် တစ်ကိုယ်တည်းအစာရှာထွက်သွားတယ်၊ အဲ—အခုစား အသက်မွေးတဲ့ သူဌေး၏စားတော်ကဲလဲ အမဲကို ဖျက်ခုတ်ပြီး တချို့ကိုလဲချက်ပြုတ် တချို့ကိုလဲဖုတ်ကင်လို့ ပြုပြင်သင့်သမျှအမှုကို အစုစုစီရင်ပြီးမှ ဖိုခွင်ကအိုးကိုချလို့ မီးကလဲလက်ကိုမြိုက်, ပူအိုက်လှတာကလဲ တစ်ဘန့်အိုးအင်က အညစ်အကြေးတွေနှင့် ရောထွေးကာ ချွေးလိမ်းကျံလို့မို့ အိမ်နံရံပြင်ဘက်နားကို လေညင်းခံ ထွက်သွားတယ်။

အဲ-ဝပ်တွားကာ တောင်စောင်းက အလစ်ကိုသာရှာချောင်းနေတဲ့ ညစ်ညောင်းသောကျီးစဉ်းလဲကလဲ စိတ်ထဲရွှင်ပ အရေးကိုချင့်တွက်လို့ အကွက်ကောင်းအခါရတာနှင့်အိုးရှိရာထွက်ပျံကျပြီး ဝမ်းဝအောင်လဲတချို့ကိုသိပ်, နှုတ်သီးနှင့်လဲဆိတ်ချို့ကျီးသိုလဲပါးစပ်ကအောာ်မြည်လို့ ကဗျာသီအရေးငင်ပြီး တောင်းတွင်းကိုသာပြေးပင်နေတယ်၊အဲ-ပြင်ဘက်က စားတော်ကဲကလဲ သဲကနဲအပုံ အိုးခွက်လဲမြည်သံနှင့် ကျီးလှန်ပြီထင်လို့မို့ အထဲကိုပြေးဝင်ပြီး အခြားကိုလဲကြည့်မမြင်တာနှင့် အတွင်းပြင် ထွက်ဝင်လမ်းနှင့် ဆင်ခြင်ကာ စုံထောက်လှမ်းလေသော် အိုးနှုတ်ခမ်းမှာလဲ ကျီးခြေရာ တွန်မြည်သံဟာလဲ ကျီးသံ တစ်ပါးကလဲ လာဖို့ရန်မရှိ၊ဤကျီးပင်ဤအိုးခွက်ကို ခိုးဝှက်ပြီအထင်မိတာနှင့် လည်စိကိုကိုင်ဆုပ် ကျီးကန်းကို ခြင်းထဲကယူထုတ်ပြီး ဦးစွန်းဖုတ်လောက်ကိုသာချန်ထားသို့ တစ်ကိုယ်လုံးအမွေးအတောင်ကို ကုန်စင်အောင်ယှ်ရှားပြီး ဂျင်းချဉ် ဆားငရုတ်နှင့် စပ်လှအောင် လိမ်းသုတ်လို့ လည်ကုတ်

ကြိုးတဲ အိုးခြမ်းဝိုင်းခပ်ငယ်ငယ်ကို အလယ်က ဖောက်ချည်ဆွဲပြီးမှ ဆိုဆဲ ကြုံးဝါးပြီး မသေရုံချန်ချွင်းပြီး တောတွင်းသို့ ပြန်သွင်းထားတယ်။

အဲ-အလောင်းမြတ်ခိုမင်းလဲ့ အစံရေပြည့်ဝတင်းတာနှင့် တောင်းတွင်း သို့အဝင် ကျီးမိုက်၏ ဖြစ်ရချက်ကို ရုတ်တရက်တွေ့မြင်က အဆင်ခြင်နည်း ကျီးစဉ်းလဲသည် ကျင့်နဲမမှန် ရသာရုံကြိုက်ရမက်ကြောင့် စိတ်ဝိတက် ဂယက် ဆန်ပြီး စဖိုသည် အမျက်ဒဏ်နှင့် ပျက်ရဟန်အတွေးရှိလို့မို့ မသိသည့် ပရိယာယ်နှင့် ကျီးကန်းကို ကျီစယ်ဘယ်၊ ဘယ်လို ကျီစယ်ပါသလဲလို့ ဆိုတော့-ဦးစွန်းရှည်လျှား မိုးသံလျှင်ဘိုးဘွားနှင့် ခြင်းတောင်းကို ခိုးယူ ထားသော တောသား ဗျိုင်းငှက်-သင်ဗျိုင်းငှက်ကား အချက်မမြင် ရောက် လာမည့် အသက်ဘေးကိုမှ မျှော်တွေးကာ မဆင်ခြင်ဘဲ ဉာဏ်မြင်နည်းပါး နောက်ပါးပမှီး ရောက်ရာမှာတည်းတဲ့ ခရီးသွားလော့။ နေထားမကောင်း တောင်းရှင်ကို မပန်ကြားဘဲ သင်သွားကာ မအောင်းလေနှင့် ရွှေပြောင်း ဖဲ့ခွာ မစောင်း မငြင်း ငါ့တောင်းတွင်းသို့ ပျံဆင်းကာ အမြန်လာလော့၊ ရောက်လာလုနီး ငါ့အဆွေ့သူတော်ကျီးကား နှုတ်သီးငေါ်ငေါ် တက်ပျံ ဖမ်းကုပ် မာန်စွမ်းငုပ်နှင့် ကြမ်းကြုတ်ရက်ရော လှပါပေတယ်လို့ အဲ ဤလို မသိသလို ကျီစယ်မှုနှင့် ကျီးကန်းကို ပြက်ရယ်ပြုတယ်။ ထို့ကြောင့်—

ကာယံ ဗလာကာသိခိနီ၊ စောရီ လင်္ဃိပိတာမဟာ။
ဩရံ ဗလာကေ အာဂစ္ဆ၊ စဏ္ဍော မေ ဝါယသော သခါ။

သိခိနီ၊ သေးသွယ်ရှည်းလျား ဥက္ကောင်းဖျားဌ် မားမားစောက်စောက် ဦးစွန်းလည်း ပေါက်ထသော။ စောရီ၊ မစဉ်းမစား အတင်းအားဖြင့် နေ ထားမကောင်း သူတစ်ပါး ခြင်းတောင်းကို တည်းခိုအောင်းတတ်လော။ လင်္ဃိ ပိတာမဟာ၊အဖိုးဘိုးပ မျိုးမရဘဲ ကာလဝသံ ချိန်ခါတန်က မိုးသံလျှင် အဘိုးအဘရှိထသော။ အယံဗလာကာ၊ အချက်မမြင် သက်မခင်ဘဲ ဆင် ခြင်မတိုင်း ဤတောဗျိုင်းသည်။ ကာဗလဗကာ၊နရီးနရား အတည်းမှားနှင့် ဘယ်ခရီးသွား ဗျိုင်းပေနည်း။ ဗလာကေ၊ နောက်ပါမမှီ ရောက်ရာချီ၍ လှည့်လည်ရပ်တိုင်း-ဧည့်သည်ဗျိုင်း။ ဩရံ၊ မျက်နှာမညှိုး ဘာမစိုးဘဲ ဘေး မျိုးရန်ကင်း ငါ့တောတွင်းသို့။ အာဂစ္ဆ၊ နှုတ်လှန်မသွင်း ပြန်မငြင်းဘဲ အတင်းမြန်စွာ ပျံဆင်းပါလော့၊ မေ မမ၊ ချမ်းသာစေလို ဝမ်းမှာဖို့၍ သင့် ကိုသို့သွင်း ငါခိုမင်း၏၊ သခါ-အစဉ်ကျွမ်းချစ် ခင်ပွန်းစစ်ဖြစ်သော ဝါ၊

ယသော-နူတ်သီးဝေးလုံ တအားမာန်နှင့် လွှားပျံဖိစီး ကျီးကန်းကြီးသည်၊ စဉ္စောအ-လူပ်ယမ်းဗလဝ ကုပ်ဖမ်းသွ၍ တမ်းတမနေ ကြမ်းလှချေ၏။

အဲ-ဤလို မသိသလိုအမှုနှင့် ခိုမင်းက ပြက်ရယ်ပြုလေလျှင် မိမိ၏ အမှုကို အကြောင်းပြန်၍ ကျီးကန်းက တောင်းပန်တယ်။ ဘယ်လိုတောင်း ပန်ပါသလဲလို့ဆိုတော့ အဆွေခိုမင်း အကျွန်ုပ်၏ မိုက်မိခြင်းကား မစဉ်း မစား တွေ့လာကြိုက်ကြုံ ရသောရုံကို လောဘဟုန်မခြိုးမထားဘဲ တရား လက်လွှတ် အမှားကိုစိတ်ကညွတ်လို့မို့ ကျင့်ဝတ်သီတင်း သီလပါချွတ်ချော် ယွင်းပြီး ရှေးက ကြွင်းဝဋ်မကျွတ်ဘာနှင့် မသင့်မမှန် အကျင့်တန်ဘယ်လို မွေးမှင်ဆံပါ အကုန်ချွတ်ပြီး ဇွတ်နှစ်အတင်း အပြင်းအထန် ဆားငါးပိ ငရုတ်မံ၍ စဖိုသည် လုပ်ကြံခြင်းကြောင့် ဝပ်ကျင်းကမယ မတက်မဆင်း စားကျက်တင်းမှာ အသက်ကြွင်း အနိုင်ရပါသည်ကို သဟာယဆွေ ခိုမင်း က ပြက်ရယ်ခြင်းအမှု နေကွက်မလှ အရှက်ရအောင် ဖက်ဆွကာလာမပြုပါ နှင့်တော့လို့ အဲ-ဤလို အမှုကို ပြန်ကြားပြီး ညည်းတွားကာ တောင်းပန် တယ်။ ထို့ကြောင့်-

အလံဟိ တေ ဇဂ္ဃိတာယေ၊ မမံ ဒိသွာန ဧဒိသံ။
ဝိလူနံ သူဒပုတ္တေန၊ ပိဋ္ဌမဏ္ဍေန မက္ခိတံ။

သမ္မ၊ တရားမသေ့ မမှားစေဘဲ အဖြေမယွင်း ဆွေခိုမင်း။ သူဒပုတ္တေန၊ ခုတ်ဖျက်လှီးကော် ပြုတ်ချက်ဖျော်၍ ကြော်လှော်မစဲ စားတော်ကဲသည်။ ဝိလူနံ၊ မွေးတောင်းမကြွင်း ပြောင်ပြောင်သင်းအောင် ဖိနှင်းကြုတ်ကြုတ် အတင်းနုတ်၍။ ပိဋ္ဌမဏ္ဍေန၊ ငရုတ်နှင့်ချင်း စပ်ဖျော်ကျင့်လျက် အဆင်း နီတွေ့ ကြည်ကြည်ရဖြင့်။ မက္ခိတံ၊ မရပ်မညှာ ဆတ်ဆတ်ခါအောင် ထပ်ကာမပြတ် လိမ်းသုတ်အပ်သော။ ဧဒိသံ၊ ဤလိုဒုက္ခ ကြုံတွေ့ရ၍ ကာယ ဖွေးဖြူ တော်ဗျိုင်းနှင့်သာ တူသော။ မမံ၊ မသေရုံကြွင်း သေပုံစင်း၍ ပူပြင်း ပင်ပန်း အကျွန်ုပ် ကျီးကန်းကို၊ ဒိသွာန၊ ရှေ့နှဲမတူ မွဲဖြူဖြူနှင့် ညည်းညူတုပ်ကွ တွေ့မြင်ရ၍။ တေ၊ တယာ၊ ပြင်ဘက်တစ်ခွင်စားကျက်လှင်က တက်ဝင်သို့ချည်း သင်ခိုမင်းသည်။ ဇဂ္ဃိတာယေ၊ မသိသလို ဖိကာဆို၍ ဗျိုင်း လိုပုံခင်း ကျီစယ်ခြင်းငှာ။ အလံဟိ၊ အလံဝေ၊ မချင့်မညှာ မသင့်ပါသလျှင် ကတည်း။

အဲ-ဤလို ကျီးကန်းကအကြောင်းပြန်၍ ခိုမင်းကိုတောင်းပန်လေလျှင် အလောင်းတော်ခိုမင်းလဲ ဤကျီးယုတ်အကျင့်တန်သည့် စကားကို မနာခံ

ခြင်းကြောင့် အပြင်းအပြ ဤကဲ့သို့ဒုက္ခဘေးနှင့် အဟေးသားတွေ့ရသည်၊ ဇီဝကြွင်းကျန်မသေသဲ ဒရင်းပြန်ခဲ့လျှင်နောင်တစ်ဖန်မမှောက်မှားရအောင် နည်းတစ်ပါးလဲလှယ်ပြီး အခြားဖြင့် ကျီစယ်ပြန်တယ်၊ ဘယ်လိုကျီစယ်ပါသလဲလို့ ဆိုတော့....အဆွေကျီးငှက်- သင့်ကာယ ရုပ်သဏ္ဍာန်မှာ ဗျိုင်းလိုဟန် ပုံစံထွက်သော်လဲ ဗျိုင်းငှက်ဖြင့် မဟုတ်ပေ၊ သို့လိုပင် ဖြစ်ပါချေသော်လဲ ဂုဏ်သရေ အနေအဆင်းက ရွှေရောင်လို တဝင်းဝင်းနှင့် သင်းလှအောင် နံ့သာမံပြီး ရေမိုးလဲချိုးရပြန်တာနှင့် တရုံစံအထင်မှားလို့ ပတ္တမြားပုလဲ အသံညိုးညံ့ မျက်မျိုးမှန်ကိုလဲ လည်တံမှာ ဆွဲထားလို့မို့ ဝိုးဝါးတွေးတော ဗာရာဏသီ ကျောက်ကုန်သည်တို့ လျှောက်စီကာ အပြိုင်ခင်းကြတဲ့ ဆိုင်တွင်းသို့ သင်ရောက်ချေသလောလို့ စောကြော သလိုတစ်ဖန် ထပ်လောကာ ကျီစယ်ပြန်တယ်။ ထို့ကြောင့်-

သုန္ဒာတော သုဝိလိတ္တောသိ၊ အနူပါနေန တပ္ပိတော။
ကဏ္ဍေ စ တေ ဝေဠုရိယော၊ အဂမာ နု ကဇင်္ဂလံ။

သမ္မ၊ နေရာတောင်းတွင်း ပြောင်းမဆင်းဘဲ လျောင်းစင်းခွေမှီးအဆွေကျီး၊ တွံ၊ တပုံတဆင်း သင်ကျီးမင်းသည်။ သုန္ဒာတော၊ မွေးမှင်မကြွင်း ရေမိုးကျင်းလျက် ရှင်းလင်းသပ်ယပ် ပြုပြင်အပ်သည်ဖြစ်၍။ သုဝိလိတ္တော၊ ဝင်းဝါပြောင်လင်း ရွှေအဆင်းလို တသင်းသင်းလှိုင်နံ့သာမျိုး လိမ်းကျံအပ်သည်ဖြစ်၍။ အနူပါနေန၊ ကင်ပွတ်ချက်လှော် ခုတ်ဖျက်ကြော်သည့် အဖျော်ယမကာ ကောင်းနိုးရာဖြင့်။တပ္ပိတော၊ ဖြိုးမှောက်မိုက်ဘဲ တစ်ယောက်တည်းသာ သောက်ခံမျှတ ရောင့်ရဲရသည်။ အသိ၊ အရိပ်အသွင် ဖြစ်ယောင်ထင်၏။ တေတဝ၊ ဂုဏ်ကျက်သရေ တက်သည့်နေလို အခြေနှီးရင်း သင်ကျီးမင်း၏။ ကဏ္ဍေစ၊ မရိုးစည်ပမာ ညီတည်ာနှင့် ဂီဝါသွယ်ဆင်း လည်လယ်ရင်း၌လည်း။ ဝေဠုရိယော၊ အလျှံရိုးရက် ဘိုးအနဂ်နှင့် ဘယက်မြခွေ ဆွဲရပေ၏။ တွံ၊ ချီးအံ့မကုန် နံ့ရဂုဏ်နှင့် မွေးထုံပျံ့သင်း သင်ကျီးမင်းသည်။ ကဇင်္ဂလံ၊ ဗာရာဏသီ ကျောက်ကုန်သည်တို့ အညီပြိုင်ခင်း ဈေးဆိုင်တွင်းသို့။ အဂမာနု၊ တစ်ခါတစ်ခေါက် လျှိုကာဖောက်၍ ပြန်လျှောက်ညည်းပြေ ရောက်ပါချေသလော။

အဲ-ဤလို ခိုမင်းက ကျီစယ်မှုနှင့် ကျီးကန်းကို ပြက်ရယ်ပြုပြန်က စကားမှု မခံခံဘဲ ခိုမင်းကို ကျီးကန်းက သတိ ပေးပြန်တယ်တဲ့၊ ဘယ်လိုသတိပေး

(ပဌမအကြိမ်)

ပါသပဲလို့ ဆိုတော့…အဆွေခိုမင်း ကျွန်ုပ်၏ ဖြစ်ပျက်ခြင်းကို ပုံခင်းကာ ရံပြလို့ သင့်မိတ်ဖော်သဟာယဘို ကို ဩဝါဒကသာဖြင့် ဘေးဘယာအာဘည့် တည် တွေးစရာတွေ ပေ့လိတဲ့ ဗာရာဏသီ မြို့ဈေးပါးသို့ မသွားရအောင် ဆုံးမပါ၊ အကျင့်မသမာ အခွင့်သာလို့မို့ ချင့်စာခြင်းမရှိဘဲ အကျွန်ုပ်လို မသင့်တာကို ပြုမိကြက တစ်ဘ၀ရွ တစ်မြို့လုံးကျိကျိလဲအောင် ဆိုဆဲရိုက်ပုတ် မတွေးမမြင် အရေးကြီးတစ်ခုဆင်ပြီး မွေးမှင်ကိုအကုန်နုတ်တဲ့ပြင် ချည်တုပ် မြဲမြဲ မကြွမလှုပ် မကျွပြုတ်ရအောင် လည်ကုပ်မှာ ကြိုးနှင့်တွဲလို့ အိုးခြမ်း ပိုင်း ဆွဲတတ်ကြပါတယ်လို့၊ အဲ-ဤလို အရေးနှင့် မိမိကိုယ်ကို ပုံစံသွင်းပြီး ခိုမင်းကို သတိပေးတယ်၊ ထို့ကြောင့်–

မာ တေ မိတ္တာ အမိတ္တာ ဝါ၊ အဂမာသိ ကဇင်္ဂလံ။
ပိဍ္ဍာခနိ တတ္ထ လာယိတွာ၊ ကဏ္ဌေ ဗန္ဓန္တိ ဝဋ္ဋနံ။

သမ္မာပါရာဝတ၊ အကျင့်သီလ သင့်ညီမျှနှင့် မကျမယို အဆွေခို။ တေ တဝ၊ လိမ္မာခွန်းသ စွမ်းဗလနှင့် ညွန်းချိုလိုခြင်း သင်ခိုမင်း၏။ မိတ္တာဝါ၊ အတူနေပေါင်း မိတ်ဆွေကောင်းကိုလည်းကောင်း။ အမိတ္တာဝါ၊ မိတ် မဟုတ်ငြား ကိုယ့်အုပ်သားမှ အခြားကြည်ဖြူ တစ်ပါးသူကိုလည်းကောင်း။ ကဇင်္ဂလံ၊ ဗာရာဏသီ လူမျိုးစည်းတဲ့ ဌာနီစံကင်း နန်းမြို့တွင်းသို့။ မာ အဂမာသိ၊ အပြစ်ချထား ခေတ္တအားဖြင့် မသွားဖို့ရာ တားမြစ်ပါလော။ တတ္ထ၊ ထိုလူသူထွေးသမ်း မြို့ဈေးလမ်း၌။ ပိဍ္ဍာခနိ၊ ငှက်တို့အရေး အသက်ဘေးကြောင့် တက်ပြေးဖို့ရန် မွေးမှင်ဆံဘို့ကို။ လာယိတွာ၊ အငုတ်မကြွင်း ပြုတ်ပြုတ်လင်းအောင် ချုပ်နှင်းဖိကုပ် အဘင်းနုတ်၍။ ကဏ္ဌေ၊ ရေမျိုစလုတ် ထိုဆိုလှုပ်သည့် အရှုပ်အကျဉ်း လည်ကုပ်ရင်း၌။ ဝဋ္ဋနံ၊ ကြိုးနှင့်တွဲသိုင်း အိုးကွဲပိုင်းကို။ ဗန္ဓန္တိ၊ တချင်ချင်ဝဲ မြင်မရဲအောင် ဖြည်ခွဲမရ ချည်ဆွဲတတ်ကြပါကုန်၏။

အဲ-ဤလို ကျီးစဉ်းလဲမှာ သေဘေးကြီးတွေ့ရမှ နောင်တကြီးနောက်မှ ရလို့မို့ မိမိတွေ့ရ ကြုံရတဲ့အရေးကိုတွေးဒိဘိုင်း ထိပ်လန့်လှတာနှင့် ကာလ ရှည်ဝေး နောက်နောင်ကို ခိုငှက်ကျေးတို့မှာ ရသာရုံကိုရမက်ပြေးပြီး သေ ဘေးကြီးမတွေ့ကြပါစေနှင့် ဟူသော အကြံဖြင့် ခိုမင်းကိုအကြောင်းပြန်ပြီး သည်းထန်စွာ ဝေဒနာစီးတာနှင့် တညည်းညည်းမြည်တ စုတိစိတ်အကျတွင် သီလကချွတ်ချော်ယွင်းတာနှင့် အပါယ်ဘုံသို့သာဆင်းသွားရတော့တာပဲတဲ့။ (ပဌမအကြိမ်)

အဲ-ဘုရားအလောင်း ခိုမင်းလဲ မသူတော်ကျီးပျက်ကို တွဲဖက်ခါပေါင်း မိခြင်းကြောင့် သတင်းမလှ စဖိုသည့်မျက်နှာဘက်သို့ မလှည့်ရက် အခက်ကျ အရှက်ကြီး ကိုယ်မှာရပြီး စိတ်တော်က နေမခကောင်းတာနှင့် တစ်ပါးအရပ် သို့ ရွှေ့ပြောင်းသွားရတယ်။

အဲ-ဤမသူတော် ကျီးယုတ်၏ အသက်ပါ ဆုံးချုပ်ပြီး မဟုတ်မှလျှား အပါယ်ဘုံသို့ ဆင်းသွားရဆိုတာ အခြားဟာကြောင့် မဟုတ်ဘူးတဲ့ ဇိဝှါနှင့် ရသာရုံတို့က စဆက်ပြီး လောဘမီး အရှိန်တက်တာနှင့် အသက်ပါပြုန်းတီး လို့ အပါယ်ဘေးကြီးနှင့် တွေ့နေရတာတဲ့။ အဲ-သို့ကြောင့် ယခုအခါ သူ တော်စွာတို့မှာလဲ ဆေးတစ်လိပ် ကွမ်းတစ်ယာလောက်ကိုပင် ရမက်ကိုမခွာ နိုင်ကြတာနှင့် အနဋ္ဌာအံဖိုးထက်တဲ့ သီလကိုမချိုးဖျက်မိစေဘဲ ကူးခက်တဲ့ သံသရာမှာ ရှည်ရှည်ကြီး အနေမကြာလိုလျှင် ဇိဝှါနှင့်ရသာရုံကို သဟာဘာတ် တိုက်ဆုံ၍ မကြိုက်ကြို မခစ္စပ်မိရအောင် ဝေးဝေးကြီး ကွင်းရှောင်ပြီး နိုင်နင်းအောင် နှိပ်ကွပ်ကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။သ။ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

ရသတဏှာကို လိုက်စား၍ ပျက်ပြားခြင်းကိုပြသော
ဒေဝဒတ် ကျီးဝတ္ထုပြီး၏။

---

(၈)

## ဇာတိဘေးစသော ဘေးကြီးလေးပါးကို ပြသော

# အဿကဝတ္ထု။

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ။ ဧဝံ ဒီဃရတ္တံ ဝေါ ဘိက္ခဝေ ဒုက္ခံ ပစ္စနုဘူတံ တိဗ္ဗံ ပစ္စနုဘူတံ ဗျသနံ ပစ္စနုဘူတံ ကဋသီ ဝဍ္ဎိတာ၊ ယာဝဉ္စိဒံ ဘိက္ခဝေ အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုံ။

(သံယုတ္တပါဠိ၊ ပ၊ ၃၈၇)

ဘိက္ခဝေ၊ ချစ်သားတို့။ အယံသံသာရော၊ ဂင်္ဂါမြစ်ကြီး ပမာဏ်း၍မပြီး ရှည်ကြာ ဤသံသရာသည်။ အနမတဂ္ဂေါ၊ ကမ္ဘာခုနှစ် တွက်ရေစစ်လည်း ခြေမြစ်တိုဖြတ် သတိမှတ်ဖို့ သိအပ်သောအစအစွန်းမရှိ။ ပုဗ္ဗာကောဋိ၊ သံသရာကမ်းလမ်း ရှေ့နောက်စွန်းကို။ န ပညာယတိ၊ ပညာမျက်စိ မျှော်ကာ ကြည့်လည်း အသိပိုင်ပိုင် မမြင်နိုင်။ ဘိက္ခဝေ၊ တို့။ ဧဝံဒီဃရတ္တံ၊သို့စဉ်ရှည် ကြာ သံသရာမှာ ကမ္ဘာနှစ်လဲ လွန်ခဲ့သမျှ ကာလပတ်လုံး။ ဝေါ၊ သင်တို့ သည်။ ဒုက္ခံ၊ သည်းခံနိုင်ခဲ ငြိုငြင်သောဆင်းရဲကို။ ပစ္စနုဘူတံ၊ တွေ့ကြုံများ ပြား ဘုံသုံးပါးမှာ ခံစားခဲ့ဖူးလှလေပြီ၊ တိဗ္ဗံ၊ စပ်ခါးခံခက် ထက်မြက်ထန် ပြင်းဆင်းရဲခြင်းကို။ ပစ္စနုဘူတံ၊ သံသရာဟုံငွေ့ ဘုံဓလေ့မို့ ကြုံတွေ့ခဲ့ဖူးလှ လေပြီ။ ဗျသနံ၊ ဆွေမျိုးစည်းစိမ် ဂုဏ်သိမ်ဘောဂ လျှောကျယိုယွင်း ပျက် စီးခြင်းကိုလည်း။ ပစ္စနုဘူတံ၊ ဂဏန်းမရှိ ကမ်းမသိအောင် မချိဒုက္ခကြုံတွေ့ ခဲ့ဖူးလှလေပြီ။ ကဋသီ၊ သုသာန်သင်္ချိုင်း မြေလုဘ်တိုင်းကိုလည်း။ ဝဍ္ဎိတာ၊ ယူဇနာစွင့်စွင့် တောင်နှယ်မြင့်အောင် ပွားဆင့်စေခဲ့ဖူးလှလေပြီ။ ဘိက္ခဝေ၊ တို့။ ယာဝဉ္စ အတိဝိယ၊ အဘိုင်းထက် အလွန်သာလျှင်၊ သဗ္ဗသင်္ခါရေသု၊ ဖြစ်ကပျက်ကုန်ဓလေ့ဘုံမို့ တွေ့ကြုံများပြား အလုံးစုံသောသင်္ခါရတရားတို့ ၌။ နိဗ္ဗိန္ဒိတုံ၊ ခယဝယ ဘိဇ္ဇနနှင့်နသဿနသဘော အဒ္ဓုဝါကိုယူ နှာမှိုင်ခမ့် ငြီးငွေ့ခြင်းငှါ။ အလမေဝ၊ သင့်ကြတော့သည် သာလျှင်တည်း။ ဝိရဇ္ဇိတုံ၊ ရာဂစိတ်မိုက် သူ့အကြိုက်ကို မလိုက်ပယ်ရှင်း တပ်မက်ခြင်း ကင်းခြင်းငှါ။

---

ဤ အဿကဝတ္ထုကား-ဇာတ်၊ ၄၊ ဒု၊ ၁၄၂-၁၄၄ ၌ လာသည်။

(ပဌမအကြိမ်)

အလမေဝ၊သင့်ကြတော့သည်သာလျှင်တည်း။ ဝိမုစ္စိတုံ၊ ဘေးဆိုးဒုက္ခ ရန်အများနှင့် ရှောင်ရှားမလွတ် မချွတ်တိုက်ဆို ဒုက္ခတို့ကို အာရုံမသွင်း လွတ်မြောက်အောင် အားထုတ်ခြင်းငှာ၊ အလမေဝ၊ သင့်ကြတော့သည် သာလျှင်တည်း။

**အစိပ္ပါယ်မှာတော့**... ခန္ဓာ,အာယတန,ဓာတ်တို့ မပြတ်မလပ် စပ်ခါ စပ်ခါ တချာချာနှင့် များစွာလှည့်ပတ်ပြီး ထပ်ကာထပ်ကာ ဖြစ်နေကြတာကို သံသရာရယ်လို့ခေါ်ဆိုရတယ်။ အဲ–ထိုသံသရာကြီးကို ဥပမာပုံဆိုသည် ရှိသော် ရေအိုးကရွတ်,ထမင်းအိုး ဟင်းအိုး ကရွတ်များကို အစအဆုံး ရှာလို့မရနိုင်တာလို သတ္တဝါတွေ ဖြစ်နေကြတဲ့ သံသရာ၏ အစကိုလဲ ရှာလို့ဖွေလို့မရနိုင် မသိနိုင်မမြင်နိုင်ဘူးတဲ့၊ ဘာ့ကြောင့်ပါလဲလို့ဆိုဘော့ သတ္တဝါတွေဖြစ်ဖြစ်ပြီးကျင်လည်နေရတာက အလွန်ကြာလွန်း ရှည်လျားလွန်းကြတာနှင့် ဘဝတွေကလဲ အလွန်ပင် များပြားလှလွန်းတော့ကာ သံသရာ၏ အစကို ရှာဖွေလို့ မရနိုင် မသိနိုင် မမြင်နိုင်ကြဖူးတဲ့။ သို့–သံသရာ၏ အစကိုသာ ရှာဖွေလို့မရတာလား အဆုံးကိုကော ရှာဖွေလို့ ရပါရဲ့လားလို့ ဆိုပြန်တော့ အဲ-အဆုံးဆိုတာကိုလဲ ဘယ်ကမ္ဘာ, ဘယ်ကာလ,ဘယ်အချိန်, ဘယ်ဘဝမှ ဆုံးရငြိမ်းရမယ်လို့ အတည်ကျကျ ပြောဆိုစရာအမှီအခိုမရကြသေးတာနှင့်သံသရာ၏အဆုံးကိုလဲ လုံးလုံးကြီးရှာဖွေလို့ မရနိုင် မသိနိုင် မမြင်နိုင်ကြသေးဘူးတဲ့။

အဲ-သို့လို အစအဆုံးကိုမှ ရှာဖွေလို့မရနိုင် မသိနိုင် မမြင်နိုင်ကြတဲ့ ကမ်းကလနားမရှိအောင် ကျယ်ဝန်းလှတဲ့ သံသရာပင်လယ် ပြင်ကျယ်ကြီး ထဲမှာ မလွဲသာ မရှောင်သာ စုန်ကာဆန်ကာ တချာချာနှင့် နှစ်ကမ္ဘာ တာရှည်ပြီး တဝေဝေ တမောမော တတွေတွေ စီးမျောနေတဲ့ သံသရာ ရေယာဉ်ကြောကြီးမှာ နစ်မျောကာ ကျင်လည်နေကြရတာတွေတဲ့။ သို့-ပါကြောင့် ဤမျှလောက် ကြာအောင်ပင် ကျင်လည်လို့ချည့်သာ နေရပါသလဲလို့ အဲ-ဤလိုအကြောင်းကိုလိုက်ရှာပြန်သည်ရှိသော် သို့ကလောက် ရှည်ကြာအောင်ပင် ကျင်လည်နေရတဲ့ အကြောင်းမှာတော့ အခြားဟာ ကြောင့် မဟုတ်ပါဘူးတဲ့ လောဘ,ဒေါသ,မောဟ စသော မိမိ၏ကိုယ်တွင်းသဏ္ဍာန်ထဲမှာ ရှိနေကြတဲ့ သံသရာ၏ မြစ်သေး မြစ်မတွေကို မဖြည်နိုင် မနုတ်နိုင် မခုတ်နိုင် မဖြတ်နိုင်ကြလို့ဟာပဲတဲ့။

(ပဌမအကြိမ်)

သို့လောဘ,ဒေါသ, မောဟစသော သံသရာ၏ မြစ်သေး မြစ်မဘို့ကြောင့် သံသရာမှာရှည်ကြာစွာကျင်လည်နေရတယ်လို့ဆိုသော် ချမ်းချမ်းသာသာအေးအေးမြမြ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကိုသာ အကြိမ်ကြိမ်ခံစားရပြီး ဘေးဒုက္ခရန် မရှိဘဲနှင့် ပကတိ ပျော်ပျော်ပါးပါးနှင့်ပင် ကျင်လည်လို့ ကြာရကြတာလားလို့ဆိုတော့ ဘယ်မှာ ချမ်းချမ်းသာသာနှင့် ကျင်လည် ကြာရတာ ဟုတ်ပါမလဲတဲ့။ 'ညစ်နက်လေ သန်းခေါင်တိုင်လေ လို့တောနက်လေ ဆင်ချေးထူလေ'ဆိုတာလို သံသရာမှာ ကြာကြာကြီး ကျင်လည်ရလေ ဘေးဒုက္ခ များများကြီးတွေ့လေ တွေ့ရတာပဲတဲ့။ သို့-ဘယ်လို ဘေးဒုက္ခတွေနှင့် တွေ့နေရပါသလဲဆိုတော့....မကောင်းဘူးလို့-အထူးပင် ပြောဆိုကြတဲ့ အပါယ်လေးဘုံက ဘေးဒုက္ခ ဆင်းရဲဘကို မဆိုပါနှင့်ဦးတော့၊ ကောင်းတယ်လို့ အများဆိုကြတဲ့ လူ့ဘဝလူ့ဘုံ တစ်ခုမှာ တွေ့ကြုံရတဲ့ ဆင်းရဲစုကိုသာ ပုံပြဖို့ဆိုကြပါဦးစို့ရှဲ။

လူ့ဘုံမှာ အကယ်၍ လူရယ်လို့ ဖြစ်ရပါတော့မယ်လို့ ဆိုရတဲ့သူ တစ်ယောက်ဟာ....'စ-စချင်း ဆောက်နှင့်ထွင်း'ဆိုဘာလို ရှေးဦး ပထမ တစ်ယောက်သော မိန်းမ၏ ဝမ်းမှာ စွဲလမ်းကာ ပဋိသန္ဓေနေရတော့ မယ်တဲ့ အဲ—ပဋိသန္ဓေနေရဆိုတာ သုခလား, ဒုက္ခလား ကောင်းတာလား မကောင်းတာလားတဲ့။ အဲ—ပဋိသန္ဓေနေရဆိုတာ ဘယ်ကောင်းနိုင်ပါ့မလဲ၊ ဒုက္ခပေါ့တဲ့။ ဘာ့ကြောင့်ပါလဲလို့ဆိုတော့—ပဋိသန္ဓေနေရဆိုတာချမ်းချမ်းသာသာ နေရတာမဟုတ်ဘူးတဲ့၊ အမိ၏ အစာဟောင်း အိမ်ပေါ်မှာ ထိုင်ပြီး အမိ၏ဝမ်းရေအိုင်ကိုတော့ ကျောပိုးလို့ အမိ၏ကျောက်ဆူးရိုးမှာ မျက်နှာကပ်ပြီး ပူစပ်လှတဲ့ အစာအိမ်သစ်ကို ခေါင်းနှင့်ရွက်လို့ လက်နှစ်ဘက်ကို ရင်ဘတ်ကြားမှာထားပြီး ဒူးနှစ်လုံးဖျားမှာ မေးတင်လို့ သစ်ပင်ခွအကြားမှာ မသွားမလှုပ် မိုးစွေတုန်းကို မျောက်အိုကြီးကုပ်နေတာလို တင့်တင့် ထိုင်ငေးလို့ ကိုးလ ဆယ်လ ဖွားချိန်ကျအောင် မထရ မပြေးရဘဲ တကွေးတည်းကွေးပြီး အညစ်အကြေးတွေက လူးလဲလို့ တပုပ်အသိုး အနံ့အစော်တွေထဲမှာ နေရတာပဲတဲ့။ အဲ—သို့လို နံစော်လူးလဲတဲ့ ဘင်အိမ်ကြီးထဲမှာ နေရတာ ဆိုတာ ယခုလို ကိုးလဆယ်လကို မဆိုပါနှင့်ဦးတော့ တစ်နေ့တစ်ရက် တစ်မနက်လောက်မျှ အောင့်အီး၍ နေနိုင်ကြပါမူ လိုသမျှ ရွှေငွေလာဘ်ကို များများကြီး နှင်းအပ်ပါမည့် အကြောင်းနှင့် မောင်းကြေးနင်းခတ်၍ အော်သော်လဲ ထွက်ပါသူ ရှိ ဘွ

(ပဌမအကြိမ်)

မယ်လို့မဟုတ်ဘူးတဲ့၊ အဲ-သို့လောက်ပင် စက်ဆုပ်ဖွယ် ရွံရှာဖွယ်ကောင်း လှတဲ့ အရပ်ဌာနထဲမှာ ပဋိသန္ဓေနေကြရတာတဲ့။

သို့-နေရာမသန့်ရှင်းတဲ့အထဲမှာ နေရလို့မို့လူးလဲရှိ နံစော်ရှိ ညောင်း ညာချည့်ကျုံ့ရှိ ဒုက္ခသာရှိပါသလားလို့ ဆိုတော့သည်ဒုက္ခလောက်မျှ ဘယ် မှာကပါဦးမလဲတဲ့၊ ပဋိသန္ဓေနေရတဲ့ သူငယ်ဆိုတာ အမိက ပူစပ်လှတဲ့အစာ အာဟာရကို စားလိုက်ခဲ့လျှင် မီးချေးငရဲ၊ပျာပူငရဲထဲများမှာ ခံရတာလို့ အမိကအေးလှမြလှတဲ့အစာအာဟာရကိုစားလိုက်ပြန်ယင်လဲတခိုက်ခိုက်တုန် ဝဲပြီး လေးကန္တရိတ်ငရဲထဲများမှာခံရတာလို့၊အမိကကုန်းလိုက် ကွလိုက်ပြန်၊ ယင်လဲခါးရိုးကျောရိုးလက်ပြန်ရိုးတို့ကို လှန်ပြန်လို့ချိုးလိုက်တာလို့၊အမိက ရုတ်တရက် ထလိုက်ဆန့်လိုက်ပြန်ယင်လဲ ဆိတ်သူငယ်ကိုလည်ဆံဆွဲရမ်းလိုက် တာလို့၊အမိကဖိဆောင့်ထိုင်လိုက်ပြန်ယင်လဲနာနေတဲ့ လူမမာချည့်ချည့် ထိပ် ကို ဝန်ထုပ်ကြီးနှင့်ဖိနှိပ်လိုက်တာလို့၊အမိက လျင်လျင်မြန်မြန်ခုန်ပေါက်လို့ ပြေးခဲ့ပြန်ယင်လဲ ရာဇဝတ်မင်းဒဏ်ထိုက်တဲ့ခိုးသားကို စည်ထဲများထည့်လှိမ့် လိုက်တာလို့၊ အဲ သည်လိုချည်း အလွန်ဆင်းရဲလှတဲ့ ဒုက္ခဝေဒနာတွေနှင့် ကိုးလ၊ဆယ်လကြာအောင် နေခဲ့ရတာပဲတဲ့။

အဲ့-ပဋိသန္ဓေနေရတဲ့ တစ်ခုလောက်နှင့်ပင် အလွန်ကြောက်ရွံ့ဖွယ်ရှိလှ ပြီ၊ သည်ကမှနောက်ကိုလဲ တဖြည်းဖြည်းရင့်မြောက်လို့ဖွားရချိန်အခါသို့ ရောက်ပြန်တော့ကာလ အသူဘရာလောက်နက်လှတဲ့ ကမ်းပါးချောက်သို့ ခြေထောက်ကဆွဲငင်ပြီး ထိုးမြောက် ပစ်ချလိုက်တာလို ကမ္မဇလေက ပင့် မြောက်တာနှင့်စောက်ထိုးဂျွမ်းပြန် ယောက်ယက်ဆန်ပြီး ခုန်ပျံကာကျသွား ရတော့တာပဲတဲ့၊ အဲ-ဤလို စောက်ထိုး ကျပြီးသည့်နောက်မှ နှာမောင်း လောက်သာထွက်နိုင်တဲ့ တံခါးပေါက်ထဲက တစ်ကိုယ်လုံးကို သံတင်းပုတ်နှင့် ထုချေရိုက်လှဲ့ပြီး ဆင်ပြောင်ကြီးကို ပြင်ဘက်သို့ဆွဲထုတ်ကြတာလို ကြေ စုတ်ပြတ်ကွာ ဆတ်ဆတ်ခါမျှ ကျင်နာစွာဒုက္ခရောက်ပြီး မေသမလောက်ဖွား ခဲ့ရပြန်တာပဲတဲ့။

သို့-ဖွားပြီး ချမ်းသာပါရော့မလားလို့ဆိုတော့ဘာချမ်းသာပါအုံးမလဲ တဲ့၊ပြင်ဘက်ကရှိကြတဲ့လူတွေကလက်ကြမ်း,ခြေကြမ်း, အဝတ်ကြမ်း,အစား ကြမ်းတွေနှင့် ရေချိုးကြပွတ်သပ်ကြ ကိုင်ကြတွယ်ကြ ချီကြပိုးကြပြန်တော့

ကာလဲ အသားနှုတက်စအနာကိုအပ်တစ်ချောင်းတစ်ရာနှင့်ဆွပြန်တာလိုအရေ မရှိတဲ့ နွားမကို အဆူးရှိတဲ့ ကြိမ်တပြာနှင့်ရိုက်ခတ်ဘာလို ကျိန်း,စပ်ဝပ်စူး ထွန့်ထွန့်လူးအောင် အထူးနာကျင်လှသဖြင့် ငိုတာလိုက်လို့ သည်အိုကွဲတော့ မလို ဆင်းရဲကြီးတွေ့ရပြန်တာတယ်ပဲတဲ့။

အဲ၊ သည်လိုနှင့် ကာသိကအောက်တဖြည်းဖြည်းရက်လလျှောက်လို့ ကြီးပြင်းသောအရွယ်သို့ ရောက်ပြန်ပါသော်လဲ ကိုးဆယ့်ခြောက်ဖြာဝေဒနာတွေက ဝိုင်းအုံပြီးလာပြန်လို့မို့ မျက်စိနာရ, သွားနာရ, နားနာရ, ခါးနာရ ဝမ်းနာခေါင်းခဲ ပွေး ဝဲနူနာ ဒူလာပါထရက် အနာချင်းထွေးယှက်ပြီးအသက်သွားသာ တိုင်ရပါရတာတယ်၊ ဘယ်အခါကာသမှ ရောဂါကိုယ်က လုံးလုံးကြီးကွာလှ ဘယ်လို့မရှိရအောင်ဘာနှိပ်စက်ထဲနှိပ်စက်လို့ချည်းနေတော့တာပဲတဲ့၊ ရောဂါတွေနှင့် မပြတ်လို့ဒုက္ခတွေကြီး အမြဲ ကပ်နေရတဲ့အထဲမှာ 'နူရာတွင်ဝဲစွဲလဲရာသူခိုးထောင်း' ဆိုတာလိုတစ်ခါပဲ တနဲမှီပြီးမျက်စိသိခြင်း, နားအီခြင်း,စကားမပြီမျှားမသတီအောင် သွားရည်ယိုခြင်း,စိစိုခြင်း,ရှေးလိုမတူ တပုံယူပြီးဆံဖြူခြင်း, သွားကျိုးခြင်း,အရိုးပြိုင်းခြင်း, ခါးကိုင်းခြင်း ဇရာတွေဝိုင်းလာပြီး မဆိုင်းမရပ်တစ်ဒုက္ခအစမသက်ခင်က တစ်ဒုက္ခသာထပ်ထပ်ပြီး မပြတ်အောင်နှိပ်စက်နေတော့တာပဲ၊ ဒုက္ခကဖြင့် ဘယ်တော့မှ စဲခဲ့တော့တာမဟုတ်ဖူးတဲ့၊ အဲဤလို အနာတွေကလဲအားကြီး ဇရာတရားတွေကလဲဖိစီးနှင့် အသက်အရွယ်ကလဲတဖြည်းဖြည်းကြီးလာတော့ အမှည့်ကြီးကလဲမှည့်ပစ်ကြွေခတ်ကြလို့ ထိခိုက်စူးသှတဲ့ဒဏ်ရာတွေနဲ့ပဲ့နေတဲ့သစ်သီးဟာလေကြီးကြီးတစ်ချက် အတိုက်မခံဘာကို သည်းထန်တဲ့ ရောဂါတစ်ခုခုဆိုက်ရောက်လာတယ်လို့ဆိုက ပွဲချင်းပြီးနာသန်မထနိုင်ဘဲ မုချမလွဲ မရဏာမင်းသူ့လက်သို့ ဆက်ဆက်ကြီး လိုက်သွားရတော့တာပဲတဲ့။

အဲ၊ သည်လိုချည်း ဘဝမပြတ်နိုင်လို့ အထပ်ထပ်သေပြီး ခန္ဓာကိုယ်အဟောင်းပုပ်တွေကို မြုပ်ခဲ့ရ ဖုတ်ခဲ့ရတဲ့သုဘာတိုင်းရာ သင်းချိုင်းရာတွေဟာ ယူဇနာတစ်သောင်းကျယ်တဲ့ ဤဇမ္ဗူဒိပါ ကျွန်းမြေမှာ ဘယ်နေရာ ဘယ်အကွက်ဖြင့် မပျက်မဆွေး ငါ၏သင်းချိုင်းရာ လွတ်လေသေးရဲ့လို့ နှုတ်ရွေးကာပြသဖို့ရှာဖွေလို့မှ မရနိုင်ဘူးတဲ့၊ ခန္ဓာကိုယ်ကိုစွန့်ချပြီး တစပြင် သင်းချိုင်းလုပ်လို့ မြုပ်ဖူး ဖုတ်ဖူး သင်္ဂြိုဟ်ခဲ့ဖူးတဲ့ နေရာချည်ပဲတဲ့၊ဘာကြောင့်သိရပါသလဲလို့ဆိုတော့

(ပဉ္စမအကြိမ်)

ငါတို့ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ဗာရာဏသီမြို့တွင်'ဥပသာဠှက'မည်သောပုဏ္ဏားကြီးတစ်ယောက်သည် အိုမင်းမစွမ်းသော အရွယ်သို့ရောက်သဖြင့် မသေမပျောက်မီ စောစောကပင် သားတစ်ယောက်ကို ပြောကြားတယ်တဲ့၊ ဘယ်လိုပြောကြားပါသလဲလို့ဆိုတော့ 'ငါ့သား လုလင်မောင့်ဖခင်ကား တုန်ရင်လျော့လျည်းဇရာစီးသဖြင့်သေရချိန်အခါနှင့် နီးလှချေပြီ ပြုန်းတီးယွင်းရွှေ့ သက်ဇီဝိန်ကြွေလို့မို့ အခြေမကောင်း ကြွင်းကျန်တဲ့ မင်းဖခင်အလောင်းကို လူအပေါင်းမြှုပ်ဖုတ်ဖူးတဲ့ အလူးလူးအကျန်ကျန် ပုပ်ညှီလှတဲ့ မြေသုသာန်မှာ မြှုပ်နှံခြင်းကို မပြုရစ်ပါနှင့် မညာမ်ခ(?)ထေး မထွေးမလူး သူတစ်ပါးတို့ မမြှုပ်မဖုတ်ဖူးတဲ့ အထူးတာရံသန့်ရှင်းဘဲ့ မြေသုသာန်မှာသာ မြှုပ်နှံသင်္ဂြိုဟ်ခြင်းကို ပြုရစ်ပါ'လို့ အဲဒီလို သားငယ်ပုဏ္ဏားကို အဖက မှာထားတယ်တဲ့။

အဲ-သားငယ်လုလင်ကလဲ 'အဖ ကျေးဇူးရှင်--ဗာရာဏသီ ဤမြို့ပြင်မှာ သန့်စင်တစ်ဦး မြေသုသာန်မပြုဖူးသည်ကို အထူးကျွန်ုပ်မသိပါ၊ လက်ဆုပ်လက်မှီ ခုဖခင်ရှိသည့်ခိုက်က စိတ်ကြိုက်ရာသဘောကျနှင့် သင်းချိုင်းကို ပြောခဲ့ပါလို့' အဲဒီလို သားငယ်က အကြောင်းပြန်ပြီး ဖခင်ကိုတောင်းပန်ပြန်ကယ်တဲ့၊အဲ-ပုဏ္ဏားကြီးလဲ သားငယ်ကို ဂိဇ္ဈကုဋ်တောင်ပေါ်သို့ခေါ်သွားပြီး တောင်ထွတ်သုံးခုတို့၏ အကြားမှာရပ်လျက် လျောက်ပတ်သော နေရာကို မှတ်သားပြီးမှ ငါ့သား ဗြဟ္မဏ-ဤအရပ်ဌာနကား ရှည်လျားမညီး ဗာရာဏသီနေနတ်မျိုး၏ ထီးရိုးနန်းသက် သားမြေးမြစ်အဆက်ဆက် သော်လဲ ယနေ့ထက်ထိ ဤတောင်၏ ဤထိပ်ဖွဲမှာ သုသာန်မြေ လုပ်ဖူးသည်မရှိဟု မိမိ၏သားကို ပြောကြားပြီး လွတ်လပ်တဲ့ သင်းချိုင်းရာကို မှတ်သားပေးတယ်။

အဲ-ဝေနေယျတို့၏ တိက္ခမုဒုကို ကြည့်ရှုတော်မူသော မြတ်စွာဘုရား ပုဏ္ဏားကြီး၏ ထံရာရင့်မာ သောတာပန်တည်မှာကို ရှေးညာဏ်တော်မြင်တော်နှင့် ဒေသစာ သမာပတ်ဖြင့် ပုဏ္ဏားကြီး၏ အနီးသို့ ချဉ်းကပ်ပြီး တန့်ရပ်ခါမေးတော်မူတယ်၊ ဘယ်လို မေးပါသလဲလို့ ဆိုတော့... ပုဏ္ဏားကြီးသား အဖတို့၊ ဘယ်ကိစ္စ ဘယ်အရေးနှင့် လူဝေးလူပြတ်ကဲ့ ဤဂိဇ္ဈကုဋ်တောင် ထိပ်ရပ်သို့ ဆိုက်ကပ်ရောက်နေကြသလဲလို့... အဲဒီလို နှုတ်ကြည်ဖြာလှခါ စကားချပ်အရေးပေါ်အောင် သိလျက်နှင့်မေးတော်မူတယ်၊ အဲ ပုဏ္ဏားကြီး

(ပဥ္စမအကြိမ်)

သားအဖတို့ကလဲ မိမိဘိုပြုကြတဲ့ ကိစ္စမျိုးအမှုပုံတို့ကို ကုန်စင်အောင် ပြန်ကြားပြီး ဟုတ်မှန်စွာ လျှောက်ထားကြတယ်။

အဲ-ထိုအခါ ရှင်တော်ဘုရားကလဲ တရားဓာတ်အမဘကို ဟောပြဖို့ စကားစပ်ရတာနှင့် 'ပုဏ္ဏားကြီးသားအဖတို့–ဒက္ခိဏာကျွန်းဇမ္ဗူ သောင်း ဒိပဉ္စမြေငှမှာ သေသူကိုစွန့်ထုတ်၍ မဖုတ်မမြှုပ်ဘူးသော နေရာမည်သည် မရှိ၊ သင်ပြုသည့် ခုတောင်ထိပ်အရိပ်မှာပင် အဆပ်ထပ်မြှုပ်နှံ၍ မြေသုသာန် ပြုဖူးသည်ကား တစ်ဦးမျှမက သင့်သားပင် သင့်အကောင်ကို သောင်းလေး ထောင်မြှုပ်ဖုတ်ရလေပြီလို့' အဲ-ဤလို အနမတဂ္ဂ ကထာစကားဖြင့် ဘုရား ရှင်ဟောကြားမှ ပုဏ္ဏားကြီး သောတာပန်ဘည်ရဘယ်တဲ့။ ထို့ကြောင့်–

ဥပသာဠက နာမာနိ၊ သဟဿာနိ စတုဒ္ဒသ။
အသ္မိံ ပဒေသေ ဒဍ္ဍာနိ၊ နတ္ထိ လောကေ အနာမတံ။

လို့-ဟောတော်မူတယ်။

ဘောပြာဟ္မဏ၊ ဥပသာဠက နာမထင်ရှား အိုပုဏ္ဏား။ အသ္မိံ ပဒေသေ ဂိဇ္ဈကုဋ္ဌတောင် ထိပ်ခေါင်ထွတ်ဖျား ဤတောင်ထွတ်သုံးခုတို့၏ အကြား၌။ ဥပသာဠကနာမာနိ၊ ဥပသာဠက နာမ-မခြားမည်မပြားကုန်သော။ စတုဒ္ဒသ သဟဿာနိ၊ တစ်သောင်းလေးထောင် သင်၏အကောင်တို့ကို။ ဒဍ္ဍာနိ၊ ခု သားပင်သာ ခုနာမာနှင့် ခုနေရာ၌ တင်ကာတိုက်၍ မီးမြိုက်ခဲ့ဖူးကုန်ပြီ။ လောကေ၊ ဇမ္ဗူမြေပြင် ကျွန်းတစ်ခွင်၌။ အနာမတံ၊ အသေရုပ်နာမ် မြေ မြှုပ်နှံ၍ သုသာန်တစ မပြုဘူးသော အရပ်ဌာနမည်သည်။ နတ္ထိ၊ မရှိပြီ။

အဲ-ဤဒေသနာတော်ကို ထောက်ဆ၍ တစ်ယောက်သောသူ၏ သုသာန် တစ သင်းချိုင်းလုပ်၍ မမြှုပ်မဖုတ်ဘူးသော အရပ်ဌာနဟူသည်မရှိပြီလို့ သိရ မယ်တဲ့၊ သို့-သည်ဘဝ-တစ်ဘဝနှင့် ပဋိသန္ဓေနေလို့ အိုနာသေပြီး ငြိမ်းပါရော့ မသားသို့ဆိုတော့ ဘယ်မှာငြိမ်းပါဦးမလဲတဲ့၊ တစ်ခါပဲဘစ်ဘဝကူးပြီးတစ်ဦး တစ်ဇာတ်လဲလို့ ပဋိသန္ဓေနေပြီး အိုနာသေရဦးမှာပဲတဲ့၊ အဲ–သည်လိုချည့် သာ နိဗ္ဗာန်ကို လက်ကိုင်မရသေးသမျှ သည်ဒုက္ခသည်ဆင်းရဲတွေဟာ ဘယ် တော့မှလက်စသတ်လို့ငြိမ်းပြက်အေးပျောက်နိုင်တော့မှာမဟုတ်ဘူးဘဲ့၊အဲ- သို့ကြောင့် ဘေးဒုက္ခဖိစီးတဲ့ ဤသံသရာမဟာဝဋ်ကြီးကို ငြီးငွေ့စရာ ပျင်းရိ
(ပဉ္စမအကြိမ်)

စရာ တပ်မက်မောခြင်း ကင်းစရာ မလွတ်·လွတ်အောင် အားထုတ်ဖို့ရာ ကောင်းလှပြီတဲ့။ ထို့ကြောင့်—

ဝေ မစ္ဆုဉ္စ သန္ဓိဉ္စ၊ ဝိဇာယနဉ္စ ဘေရဝံ။
ပဿံ နိဗ္ဗိဒန္တော သန္တော၊ ဝိရဇ္ဇေယျ ဘဝန္တကော။

လို့·ဟောတော်မူတယ်။

ဝေ၊ ပြောရှုံမပြီး ချီးရှုံမတုံး အဆုံးမရောက် သို့စင်ကလောက်ပင်။ဘေရဝံ၊ ကြောက်ပါးလိလိ ထိတ်လန့်ဖွယ်ရှိသော။ မစ္ဆုဉ္စ၊ မောဟိုက် ပူပြင်း သေရခြင်းကိုလည်းကောင်း။သန္ဓိဉ္စ၊ ကျဉ်းကျပ်ခဲယဉ်း ပဋိသန္ဓေနေရခြင်း ကိုလည်းကောင်း။ ဝိဇာယနဉ္စ၊ ကျင်နာထန်ပြင်း ဖွားရခြင်းကိုလည်း ကောင်း။ ပဿံ-ပဿန္တော၊ စေ့စေ့ငုငု ကြံတွေးရှုလျက်။ နိဗ္ဗိဒန္တော၊ ပျင်းရိမှိုင်မေ့ စိတ်ငြီးငွေ့သော။ သန္တော၊ အသိအမြင် ဆင်ခြင်ကျိုးကြောင်း သူတော်ကောင်းသည်။ ဘဝန္တကော၊ ဘုံသုံးပါးဟု လှောင်ထား ဖိစီး နှောင်အိမ်ကြီး၌။ ဝိရဇ္ဇေယျ၊ တပ်ခြင်းတွယ်တာ ကင်းစေရာ၏။

သို့·သံသရာဆိုတာ ပဋိသန္ဓေနေရ, အိုရ, နာရ, သေရတဲ့ဒုက္ခလောက်နှင့်သာ တွေ့ရတာလားလို့ဆိုတော့ သည်မျှနှင့် ဘယ်မှာကဉ်းမှုလဲတဲ့၊ သားသမီး မိဘ ဆွေမျိုးပေါက်ဖော် စပ်တော်သမျှ သူ့ဘာစ်စုတွင် တခုခုသေ ကြေပျက်စီးပြန်ကလဲ သေသောသူကိုစိတ်စွဲလို့ ကြိတ်ခဲအန့်ကြီး သောက ဟုန် အကုန်စီးတာနှင့် တညည်းညည်း တညူညူ တပူပူတပင်ပင် မရှင်မသာ ပူဆာသောက ပရိဒေဝမီးတောက်လို့ ဥပျောက်တဲ့ ကြက်မဟာလို ငိုရကြွေးရ ပူဆွေးရနှင့် တသရော်ရမ်း အော်မြည်တမ်းပြီး ပင်ပန်းကြီး တွေ့နေရပြန်တော့တာပဲတဲ့၊သို့-သည်လို ကျန်ရစ်တဲ့သူက တပူပူတဆွေးဆွေး ငိုမြည်ကာ ထိုဤ ပြေးနေပါပကောလို့ တွေးတောရှုစား သေသောသူက သတိရပါဦးမလားလို့ဆိုတော့၊ သေသွားတဲ့သူမှာတော့ ဘယ်မှာကျန်ရစ် တဲ့ မိဘ ဆွေမျိုးဟောင်းကို နောက်ကြောင်းပြန်တ သတိရပါတော့မလဲတဲ့၊ အသစ်ဘဝ ကြုံတွေ့ရတဲ့ မိဘဘိုးဘွား နောင်ဇာတ်ဝင် ဆွေမျိုးများနှင့်သာ ပျော်ပါးမေ့လျော့ကာနေတော့တာပဲတဲ့၊ ဘာကြောင့် သိရပါသလဲလို့ဆိုတော့—

ရှေးလွန်လေပြီးသောအခါ ကာသိကတိုင်း ပါဠလိပုတ် ပြည်ကြီးမှာ အဿကမင်းကြီး မင်းမူတယ်တဲ့၊ ထိုမင်းကြီး၏ 'ဥပရိဒေဝီ' မည်သော

(ပဌမအကြိမ်)

မိဖုရားလဲ များမကြာမီ တစ်ခုသောရောဂါနှင့်သက်ခန္ဓာကုန်စဲပြီးဖောက်ပြန်ကာ ဂတိလွဲဘာနှင့် မင်းကြီး၏ ဥယျာဉ်ထဲမှာပင် တပ်စွဲကာ စိတ်ညှိုးညစ်လို့မို့ နွားချေးပိုးမ ဖြစ်ရတယ်တဲ့၊ အဲ-အဿကမင်းတရားလဲ မိဖုရားကို ချစ်မြတ်နိုးလှတာနှင့် ဥတုဇ ရုပ်အလောင်းကို ရွှေခေါင်းနှင့်မွမ်းမံဆင်ပြီး နန်းပြင်ကိုမှ မပေးမချဘဲ စိတ်သောက အပူလှိုင်ပြီး မှအိပ်နိုင် မစားနိုင် တမှိုင်မှိုင် တဆွေးဆွေး ငိုယိုလို့ ချည့်သာနေတယ်၊အဲ-ငါတို့၏ အလောင်းတော်မြတ် ဗောဓိသတ်လဲ ဟိမဝန္တာမြိုင်ရပ်မှာ သမာပတ်စျာန်ယာဉ်စီးတဲ့ ရသေ့ကြီး ဖြစ်နေခိုက်အခါမို့ မင်းကြီး၏ ဖြစ်ပျက်ပုံကို အလုံးစုံသိမြင်တာနှင့်။ပါဠလိပုတ်မြို့ကြီးသို့သာပြီး မိဖုရား၏ ဖြစ်ရာဥယျာဉ်တော်အတွင်းမှာ ခင်းထားတဲ့ ကျောက်ဖျာတစ်ခုပေါ်မှာနေပြီး လာကြောင်းကို မင်းကြီးအား သိစေတယ်၊ အဲ-အဿက မင်းတရားလဲ မိဖုရား၏ ဖြစ်နေရာအရပ်ကို တပ်အပ်ဆွေးနွေး ထင်မြင်စွာသိလိုသည့်အရေးနှင့် ဘုရားလောင်းရသေ့မြတ်ကို ချဉ်းကပ်ကာ လျှောက်မေးလာတယ်တဲ့။

အလောင်းမြတ် ဗောဓိသျှာကလဲ သင်မင်းကြီး၏ မိဖုရားမှာ မိမိအဆင်းရူပကာယကိုသာ အလေးပြုပြီး ကောင်းမှုကို မကြိုးစားလို့မို့ ကုသိုလ်ကံနည်းပါးခြင်းကြောင့် ဂတိသွားချတ်ယွင်းပြီး သင်မင်းကြီး၏ ဤဥယျာဉ်တော်အတွင်း၌ပင်လျှင် ဂုဏ်သတင်း နွမ်းညှိုးလှတဲ့ နွားချေးပိုးမ ဖြစ်နေရချေပြီ အကယ်၍ သင်မင်းကြီး မြင်ချင်လှပါမူ ငါခေါ်၍ ပြတော့အံ့ဟုဆိုပြီး နွားချေးဖိုနှင့် နွားချေးမကို တန်ခိုးတော်နှင့် ခေါ်ပြပြီးမှ အလောင်းတော်ရသေ့က နွားချေးပိုးမကို မေးတော်မူတယ်တဲ့။ ဘယ်လိုမေးပါသလဲလို့ ဆိုတော့–'အချင်း နွားချေးပိုးမ ရှေးလူဖြစ်စဉ်ကာလက သင့်အမည်နာမကို ဘယ်သူလို့ ခေါ်ဆိုပါသလဲ၊ လူ့ဘဝလူ့ဇာတ်က ဤအဿကမင်းမြတ်နှင့် သင် ဘယ်လို ဘော်စပ်ခဲ့ဖူးပါသလဲ၊ ခုဇာတ်မှာ လင်ပိုးဖိုနှင့် ဤအဿကမင်း ဘုရင်ကိုတော့ မေတ္တာချင်း ဘယ်လိုပိုပါသလဲလို့' အဲ-ဤလို သိစေလိုတဲ့ အရေးနှင့် ပိုးမကို အလောင်းတော်က မေးတယ်တဲ့။

အဲ-နွားချေးပိုးမကလဲ အရှင်ရသေ့မြတ်-ရှေးအဖြစ် လူ့ဇာတ်ကဤရပ်ဤထီး ဤတိုင်းကြီး၌သာလျှင် ကျိုင်းထီးဘောဟိ ရုံရွှေညီတို့နှင့် မဟေသီတစ်ပါး ဥပရိဒေဝီမိဖုရားရယ်လို့ထင်ရှားစွာဖြစ်ခဲ့ရပါတယ်၊ကာသိကတိုင်း

ရှင် ဤအသကာမင်းဘုရင်ကား ခင်မင်မကင်း ချစ်ကြည်စွာတူပေါင်းသင်းတဲ့ ငယ်လင်ရင်း ဖြစ်ခဲ့ဖူးပါတယ်၊ ဘဝကူး ညှိုးခြောက်ပြီး ဂတိဆိုးတဲ့ ပိုးမ အဖြစ်သို့ ရောက်ရတဲ့အခါမှာတော့ နောက်တွေ့ရတဲ့ ပိုးဖိုကိုသာ ချစ်ခင်ပြီး ပျော်ရွှင်စိတ်မွေ့ ဘဝဟောင်းက မွေးမိဘနှင့် ရှိသမျှ ဆွေမျိုးများကို မခင်ဘဲ သားလင်ပါ အကုန်မေ့ပြီး ဘုံဓလေ့ဓမ္မတာအမှတ်ဖြင့် အသကာပြည့်ရှင် မင်းကိုလဲ ကင်းကင်းကြီး မေတ္တာပြတ်ခဲ့ပါပြီ၊ အဆုံးသတ်စကားကုန်လျှောက်ရမှာဖြင့် ဤအသကာမင်းမြတ်၏ ရင်ကိုခွဲလို့ အသည်းကို ဖောက်ယူကျွေးပြီး အသကာမင်း၏ လည်ချောင်းသွေးနှင့် လင်ပိုးဖို၏ ခြေထောက်ကို ဆေးချင် မနေသာကပင် ပိုးဖိုကိုသာ သာ၍မေတ္တာရောက်ပါကြောင်း အဖော်စကားနှင့် ရသေ့ကို ပိုးမက လျှောက်ထားဟယ်တဲ့။ ထို့ကြောင့်—

အယ မသကာရာဇေန၊ ဒေသော ဝိစာရိတော မယာ။
အနုကာမယ ကာမေန၊ ပိယေန ပတိနာ သဟ။
နံဝေန သုခ ဒုက္ခေန၊ ပေါရာဏံ အပိ ဓိယတိ။
တသ္မာ အသကရညာဝ၊ ကီဋော ပိယတရော မမ။

လို့ ဟောတော်မူတယ်။

ဘန္တေ၊ ဟိမဝန္တာ မြိုင်ဟေမာမှာ ဈာန်သမာပျော်မွေ့ ရှင်ရသေ့။ မယာ၊ နှမ်းနုပ်ဘဝ ရုပ်ကာယနှင့် ပိုးမအစစ် ခုဖြစ်ပါရ ကျွန်တော်မသည်။ အဿဒေသော၊ ပန်းမျိုးစုံလင် အကုန်ဆင်တဲ့ ရှုချင်ဖွယ်အပ် ဤဥယျာဉ်ဘော်မြတ်ကို။ အနုကာမယမာနေန၊ မွေ့ရွှင်ပျော်လှုံ ကာမဂုဏ်ကို အာရုံဘက်ကြွ တပ်မက်ကြသဖြင့်။ ပိယေနပတိနာ၊ အသစ်မမြင် ခေတ်တပြင်တွင် ပြစ်ဝင်မညစ် ချစ်လင်ရင်းဖြစ်သော။ အသကာရာဇေန၊ ကာသိတိုင်းခွင် သမိုင်းဝင်တဲ့ ဘုရင်ချစ်ရင်း အသကာပြည့်ရှင်မင်းနှင့်။ သဒ္ဓိံ၊ ပြင်ကာဆင်ကာ တူယှဉ်မကွာသာလျှင်။ ဝိစာရိတော၊ ယာဉ်ဝေါလာ ထီးကျိုင်းကာလျက် ဝဲယာဗိုလ်ပုံ စည်မျိုးစုံနှင့် ကခုန်ကွန့်မြူး လှည့်လည်ခဲ့ဖူးလှလေပြီ။

ဘန္တေ၊ ဟိမဝန္တာ မြိုင်ခန်းဝါမှာ ရှည်ကြာပျော်မွေ့ရှင်ရသေ့။ နဝေန သုခဒုက္ခေန။ အသစ်အသစ် နောင်တခေတ်၌ ဖြစ်ကြစမြဲ ချမ်းသာဆင်းရဲဖြင့်။ ပေါရာဏ၊ အဟောင်းရှေးခေတ် ပြောင်းခဲ့သနစ်၌ ဖြစ်ခဲ့ကုန်စဲ ချမ်းသာဆင်းရဲကို။ အပိဓိယတိ၊ တစ်ဘဝလုံး စအဆုံးကို လုံးလုံးကွယ်ဖေပိတ်

(ပဌမအကြိမ်)

ဖုံးလေ၏။ တသွာ၊ ထိုသို့ အသစ်ပြောင်းက အဟောင်းဟူသရွေ့ လုံးလုံးမေ့ခြင်းကြောင့်။ အသကဲ့ရည ၊ အဟောင်းလင်ရင်း အဿကမင်းကြီး ထက်။ မမ၊ တိရစ္ဆာန်အစစ် ပိုးမ-ဖြစ်ရ ကျွန်တော်မ၏။ ကီဋ္ဌာဝ၊ အသစ်ခုကြင် ပတ္တမြားအသွင်ကဲ့သို့ လုံးရင်နူဖြိုး လင်နွားချေးပိုးကိုသာ လျှင်။ ပိယတရော၊ တစ်သက်လုံးလုံး မပျက်ဟုံးနိုင်ဘဲ မမုန်းရိုးရိုး အဆုံးတိုး၍ ဆယ်တပိုးသာလို့ ချစ်လှပါသည် ဘုရား။

အဲ-ဤလို နွားချေးပိုးမက ရသေ့ကို လျှောက်ထားသည်ကို အဿကမင်းကြီး ကြားလေက ထိုမိဖုရား၌ ချစ်ခင်တဲ့ စိတ်ကင်းပြီး နှလုံးမသာယာခြင်း ဖြစ်ဘာနှင့် လျှင်စွာချက်ချင်း နန်းတော်တွင်းမှာ မင်းချင်းရံရွှေဘို့ကို မိဖုရား၏ခေါင်းကို ယူစေ၍ ထုချေခဲ့ဆုတ် မိဖုရားအလောင်းကို ခေါင်းထဲ ကဆွဲထုတ်ပြီး တကြုပ်ကြုပ် မျက်မာန်ပွားလို့မို့ ပိုး၏ အနီးအပါး၌ပင် အလောင်းကို ခုနစ်ပိုင်း ပိုင်းထားခဲ့ပြီး ဘုရားအလောင်း ရသေ့ကိုဖူးမြော်လို့ နန်းတော်သို့ ဝင်သွားတယ်တဲ့။

အဲ-ဤလို ကျွန်ရစ်တဲ့သူကသာ တဏှာပေမ၏ အစွမ်းဖြင့် မြည်ဘမ်းငိုကြွေးလို့ ပရိဒေဝမီး မအေးဘဲ တစ်ဆွေးတည်း ဆွေးနေရတယ်တဲ့၊ သေသွားတဲ့ သူကဖြင့် ဘဝဟောင်းက ရှိရစ်ကြတဲ့ မိဘတိုးဘွား ဆွေမျိုးပေါက်ဖော် စပ်တော်သမျှ ဟူသရွေ့တို့ကို အမေ့ကြီးအကုန်မေ့ပြီး နောက်တွေ့တဲ့ ဆွေမျိုး အပေါင်းတွေနှင့်သာ တွဲပေါင်းကာ မမှုလျော်နေတော့တာပဲတဲ့၊ အဲ-ထိုကြောင့် သံသရာဆိုတာ ကြာကြာနေရလေလေ ဆင်းရဲများများ တွေ့ရလေပဲတဲ့၊ သို့-ယာခုလို ဒုက္ခကြီးတွေနှင့်ချည်း တွေ့တွေ့ပြီး ရွေ့ကာ ရွေ့ကာ ကျင်လည်နေခဲ့ရတဲ့ သတ္တာါတစ်ယောက်ဟာ ပဋိသန္ဓေနေခဲ့ရတဲ့ ဘေးဒုက္ခ ဘယ့်လောက်များပါပြီလဲလို့ဆိုတော့ တစ်ယောက်သော်သတ္တဝါ ဘဝဘဝမှာ ပဋိသန္ဓေ နေပြီး စို့စို့လာခဲ့တဲ့ အမိနို့ရည်ကို စုထားမယ်လို့ဆိုတာဖြင့် ရှစ်သောင်းလေးထောင်စီ အစောက်နက်တဲ့ မဟာသမုဒ္ဒရာ လေးစင်းရေမက များလှပြီတဲ့။ ထို့ကြောင့်—

ကေဿ ပိဝိတံ ခီရံ၊ စတုဒမိဇလာ ဗဟုံ။

ရာဂဟေတု ဘဝေ သန္ဓိ ဋ္ဌာနံ အနမတဂ္ဂိကံ။

လို့-ဟောတော်မူတယ်။

(ပဉ္စမအကြိမ်)

ကေဿ၊ စကႆသရာ မထွက်သာ၍ ရှည်ကြာပြေးလျှောက် သတ္တဝါတစ်ယောက်၏။ ပိဝိတံ၊ဘဝဖန်ခါ သံသရာက ပြန်ကာထပ်ထပ် သောက်စို့အပ်သော။ ခီရံ၊ အမိကထွက် နို့ရည်စက်သည်။ စတုဒမိဘလာ၊ သမုဒ္ဒိလေးထွေ ရှိသောရေထက်။ ဗဟု၊ ဆထက်ထောင်နေ့ များလှလေပြီ။ ရာဂဟေတု၊ ဘုံဘဝကို တောင့်တမက်မော ရာဂမျောခြင်းကြောင့်။ ဘဝေ၊ ရှည်ကြာမစဲ ဘုံထောင်ထဲ၌။ သန္ဒိဋ္ဌာနံ၊ အမိဝမ်းခေါင်း ဆယ်လညောင်းအောင် နောင်းခဲ့ရသောဒုက္ခကြီးသည်။ အနမတဂ္ဂကံ၊ အစဆုံးတိုင် မမြင်နိုင်။

သို-ပရိုသန္ဓေနေရတဲ့ဒုက္ခတစ်ခုသာသို့လောက်များတာလားလို့ဆိုတော့ အိုရ,နာရ,သေရတဲ့ဆင်းရဲဒုက္ခတွေနှင့်တွေ့ခဲ့ရတာလဲ မရေတွက်နိုင်အောင် များလှပြီတဲ့၊ အလိုလိုအိုလို့,,နာလို့သေခဲ့ရတာကိုမဆိုထားနှင့်ဦးသူတစ်ပါး သတ်ဖြတ်လို့ သေခဲ့ရတဲ့ လည်ချောင်းသွေးများကိုပင် စုပုံလို့ ယူထားမယ်လို့ ဆိုတာဖြင့် သမုဒ္ဒရာလေးစင်းရေမက များလှပြီတဲ့၊ ထို့ကြောင့်–

စတုဒမိဇလာ ဘိယျော၊ သီသစ္ဆေဒကလောဟိတံ။

ရာဂဟေတု ဘဝေ မစ္စု-ဘယံ အနမတဂ္ဂကံ။

လို့–ဟောတော်မူတယ်။

ကေဿ၊ စကႆသရာ မထွက်သာ၍ ရှည်ကြာပြေးလျှောက် သတ္တဝါတစ်ယောက်၏။ သီသစ္ဆေဒကလောဟိတံ၊ ရန်သူခွားပြ ခုတ်သတ်ကြ၍ စီးကျအန်ထွေး လည်ချောင်းသွေးသည်။ စတုဒမိဇလာ၊ သမုဒ်လေးတွေရှိသောရေထက်၊ ဗဟု၊ ဆထက်ထောင်နေ များလှလေပြီ၊ ရာဂဟေတု၊ ရာဂစိတ်မိုက် သူ့အကြိုက်ကို စိုက်စိုက်မငြင်းလိုက်မိခြင်းကြောင့်။ ဘဝေ၊ ဟုန်းဟုန်းပြောင်းညီး လောင်မပြီးတဲ့ မီးပုံကြီးအလား ဘုံသုံးပါး၌။ မစ္စုဘယံ၊ဖန်ဖန်မစဲ ရှောင်မလွှဲဘဲ အမြဲတွေ့ရ သေဘေးကြီး ဒုက္ခသည်။ အနမတဂ္ဂကံ၊ အစဆုံးတိုင် မမြင်နိုင်။

ကိုယ်သေဖို့ တွေ့ခဲ့ရတဲ့ဒုက္ခသာ မဟုတ်သေးပါဘူးတဲ့၊ သား၊ မယား ဆွေမျိုးမိဘ သေကြေပျက်စီးလို့တွေ့ခဲ့ရတဲ့ ဒုက္ခတွေကလဲ ငိုယိုလို့စီးကျတဲ့ မျက်ရည်များကိုစုပုံလို့ ထားတော့မယ်ဆိုတာဖြင့် သမုဒ္ဒရာလေးစင်းရေမက များလှပြီတဲ့။ ထို့ကြောင့်–

ကေသာ ရုဒတော အဿု၊ စတုဒ္ဒိဝလာ ဗဟု။
ဒုက္ခံ အနမတဂ္ဂဝ၊ တံ ပေါတု ပရိဒေဝနံ။

လို့-ဟောတော်မူတယ်။

ရုဒတော၊ ချစ်သူသေပျက် သည်အတွက်ကြောင့် နေကွက်မရ ငိုခဲ့ရသော။ ကေသာ၊ သံသရာဝဋ်က မလွတ်ရ၍ ထိမှ၌ရောက် သတ္တဝါ တစ်ကောင်၏။ အဿု၊ စီးကျယိုထွက်၊ မျက်ရည်စက်သည်။ စတုဒ္ဒိဝလာ၊ သမုဒ်လေးထွေ ရှိသောရေထက်။ ဗဟု၊ ဆတက်ထောင်နေ များလှလေပြီ။ တံဟေတု၊ ထိုရာဂစိတ်မိုက် သူ့အကြိုက်ကို စိုက်စိုက်မငြင်း လိုက်မိခြင်းကြောင့်။ ပရိဒေဝနံ၊ ရှိုက်ငင်ပူဆွေး ဆူမအေးနိုင်ဘဲ ငိုကြွေးရခြင်း ဆင်းရဲသည်။ အနမတဂ္ဂဝ၊ အစဆုံးကျ မသိရသည်သာလျှင်တည်း။

သည်မျှသာ မကသေးပါဘူးတဲ့ ဒုစရိုက်၊ ဒုရာဇီဝတွေနှင့် အသက်မွေးမှုမိလို့မို့ အပါယ်ဘုံထဲသို့လားသွားပြီး ငရဲဘေး၊ တိရစ္ဆာန်ဘေး၊ပြိတ္တာဘေး၊ အသူရကာယ် ဘေးကြီးတွေများနှင့် တွေ့ခဲ့ရတာလဲ မရေတွက်နိုင်အောင် များခဲ့လှပြီတဲ့။ ထို့ကြောင့်—

အတ္တာယော ဂုဠဂီလိတ—ဝဒေဂ္ဂိယှနာဒိကံ။
အသင်္ချေယျံ မဟာဒုက္ခံ၊ တံဟေတု နိရယေ လဘိ။

လို့-ဟောတော်မူတယ်။

နိရယေ၊ သံပူရေကျက် ပွက်ပွက်ဆူသဲ ငရဲအိုးကြီးထဲ၌။ တတ္တာယော ဂုဠဂီလိတ၊ ဝဓဂ္ဂဒယှနာဒိကံ၊ ခြစ်ခြစ်ဆူဝေ သံရေကိုသောက် ဟိန်းဟိန်းတောက်တဲ့ မီးအောက်မှာကျွမ်း နွမ်းရ-ခြောက်ရ လောင်တောက်ရခြင်း အစရှိသော။ အသင်္ချေယျံ၊ နှစ်နှင့်ရက်လဂဏန်းချ၍ မရကြုံးပိုင်း မဆုံးနိုင်သော။ မဟာဒုက္ခံ၊ မီးစားခြစ်မဲ တရှဲရှဲနှင့်မစဲခဏ ဆင်းရဲလှသော ဒုက္ခကို။ တံဟေတု၊ ထိုပါပမာန်ငုတ် ရာဂယုတ်ကြောင့်။ လဘိ၊ ဆန်စုန်သန္ဓေ ဘုံဝေလေ့မို့ ကြုံတွေ့ခဲ့ဖူးလှလေပြီ။

အဲ-သို့ကြောင့် သံသရာမှာ ကြာကြာကြီး ကျင်လည်နေရဆိုတာ ချမ်းချမ်းသာသာနှင့်ကြာနေကြရတာ မဟုတ်ဘူးတဲ့၊ ယခုပြဆိုခဲ့ပြီးတဲ့ ပဋိသန္ဓေ (ပဌမအကြိမ်)

နေရခြင်း၊ အိုရ, နာရ, သေရ, စိုးရိမ်ငိုကြွေး, ပူဆွေးပင်ပန်းရခြင်းစသော ဒုက္ခတွေနှင့်သာ တပေပေရှုပ်ထွေးပြီး မပြေးနိုင် မရှောင်နိုင်တဲ့ ဘုံသုံးဆောင် ထောင်ကြီးထဲမှာ တလဲလဲကျင်လည်ပြီး ကြာနေရကြတာတွေတဲ့၊ အဲ့-သို့ကြောင့် ထိုသံသရာထောင်အိမ်ကြီးက မြန်မြန်ကြီးလွတ်ကြရအောင် ဒါန, သီလ, စသော ကုသိုလ် ကောင်းမှုများကိုသာ ကြိုးစား၍ အားထုတ်ကြရမယ်တဲ့။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

ဇာတိဘေးစသော ဘေးကြီးလေးပါးကို ပြသော

အဿက-ဝတ္ထုပြီး၏။

(၉)

## သံသရာ၌ တွေ့ကြုံရခြင်း ဒုက္ခကိုပြသော

# ပဋာစာရီ ဝတ္ထု၊

မဟာ သမုဒ္ဒေ ဥဒကံ၊ ပမေတုံ အာဠှကေန ဝါ။
ပတ္ထေန ဝါ နေဝ တဝ၊ ဉာဏံ သက္ကာ ပမေတဝေ။

(ရတနာ ဂါထာ)

သဗ္ဗညု၊ ကြွင်းမဲ့ဉာဏ် အလုံးစုံကို အကုန်အစင် သိမြင်တော် မူနိုင်သော မြတ်စွာဘုရား။ မဟာသမုဒ္ဒေ၊ ယူဇနာပေါင်း သောင်းရှစ်ပြန်ဆော်င်လေး ထောင်စွန်းတယ် အနက်ကျယ်သော မဟာသမုဒ္ဒရာ၌။ ဥဒကံ၊ ကမ်းနှင့် အညီ တင်းကျမ်းချီ၍ မဟီလျှံစောင်း ရေအပေါင်းကို။ အာဠှကေန ဝါ၊ ကျုံးချီဇလား ပြည်ကွမ်းစားဖြင့်သော် လည်းကောင်း။ ပတ္ထေန ဝါ၊ ဆုပ် ပက်တွန်းရှား ခွက်ကွမ်းစားဖြင့်သော် လည်းကောင်း။ ပမေတုံ၊ စုပုံခွဲဝှက် ချင့်ယူတွက်ခြင်းငှာ။ သက္ကာ၊ တန်ခိုးဇုဒ္ဓိ အကယ်ရှိက သတ္တိစွမ်းရေး တတ်နိုင်ကောင်းပါသေး၏။ တဝ၊ ပါရမီဂုဏ် စာရီဟုန်ကြောင့် သုံးဘုံ ကျော်ကြား ရှင်တော်ဘုရား၏။ ဉာဏံ၊ အမြင်ပြောထု သဗ္ဗညုဟု အတုမခံ တစ်ခုဉာဏ်ကို။ ပမေတဝေ၊ ခွက်ငယ်ဇလား ပြည်ကွမ်းစားတို့ဖြင့် ပိုင်းခြား ဝေဝှက် ချင့်မရတွက်ခြင်းငှာ။ န သက္ကာဝ၊ လူကုန်နတ်ထိ ပညာရှိနှင့်။ ပြဟ္မာပြဟ္မာ၊ မတတ်နိုင်ကောင်းသည်သာလျှင်တည်း။

အဲ-ဤသို့ လောကသုံးပါးမှာ ဘုရားတစ်ဆူကိုသာ ချန်ထား၍ ဘုရားမှ တစ်ပါး အခြားသော လူရှိသမျှတို့၏ပညာကို ချိန်ခွင်ညှာ တစ်ဖက်ကတင် ပြီး အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ပညာတော်ကိုလဲ ချိန်ခွင်ညှာတစ်ဖက် က ထားလို့မို့ ချိန်စက်လိုက်ပလားလို့ဆိုယင် အရှင်သာရိပုတ္တရာမထေရ်မြတ် ၏ ပညာတော်ကသာ တံပိုးလောက် သာနေသေးတယ်၊ အဲ-သို့ကလောက် ကြီးကျယ်တဲ့ ပညာတော်ရင် အရှင်သာရိပုတ္တရာ မထေရ်မြတ်မှသော်လဲ မြတ်စွာဘုရားသခင်၏ ပညာတော် သဗ္ဗညုကို အစိတ်ဘစ်ရာ အစိတ်တစ် ထောင်လောက်ပြုလို့မို့ တစ်စုတစ်စိတ်လောက်ကိုမှ မမီနိုင် မတုနိုင် ကြီးခိုင် ပြန့်ပြော အံ့သြဖွယ် ရှိလှ၍ ဤလို ချီးမွမ်းတော်မူရသေးတယ်။

---

၌ ပဋာစာရီဝတ္ထုကား-ထေရီ၊ ဌ၊ ၄၃၇-၄၄၂ ၌ လာသည်။
(ပဌမအကြိမ်)

အစိပ္ပာယ်မှာတော့....သဗ္ဗညုတ အတုလဉာဏ်ကြီးရှင် ရှင်တော်ဘုရား.... ဤလောက၌ မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာတို့၏ စီးဝင်ရာ ညွတ်ကိုင်းရာ ဖြစ်သော ယူဇနာပေါင်း ရှစ်သောင်းလေးထောင်အနက်ဆောင်သော မဟာသမုဒ္ဒရာကြီးလေးစင်းတို့၌ အပြည့်တင်းကျမ်း ကမ်းပေါ်ကို လွှမ်းနေသော ရေအပေါင်းကို စွမ်းပကားသတ္တိရှိသောယောကျ်ား တန်ခိုးပညာကြီးမားသော နတ်လူ အဆူဆူသော ပြဟ္မာကြီးတို့သည် အသီးသီးသော အိုးငယ်ဖလား ဇလားပြည်ခွက်တို့ဖြင့် ချင့်တွက်ယူကောက်က ကုန်လေ ကျွယ်ရာသောအကြောင်းရှိပါသေးတယ်၊ဘုန်းတော်သခင် ရှင်တော်ဘုရား၏သဗ္ဗညုတ တေဇတုမော် ရွှေဉာဏ်တော်ကိုကား လူပေါ်နတ်ရှိ ပြဟ္မာထိအောင် ဇမ္ဗူဒိကြည့်သည့်ကာ ဝါဘူလ်ချ ဘိုပင် ရှိသချွမ်းပကားနှင့် ဘသ ားခွက်ငယ်သူ သယ်ချင့်သုံး၍ အသက်ပင် ဆုံးကြသော်လဲ မဆုံးနိုင် မကုန်နိုင် ကြီးခိုင်တုပြောအံ့သြ၍ မပြီးအံ့ချီး၍ မကုန်နိုင်အောင်ပင် ဖြစ်ပါကြောင်းနှင့် ချီးမွမ်းတော်မူရသေးတယ်၊ ထိုမှတစ်ပါးလဲ သဗ္ဗညုတဉာဏ်တော်၏အထူအလျားကို တာဝါးတားကြိုးအမျိုးမျိုးချည်ဆက်၍ အသက်ကုန်အောင်ပင် ဟိုင်းသော်လည်း တူနိုင်းမရ သဗ္ဗညုဉာဏ်တော်၏ အနန္တနှုန်းပုံ ဆုံးမကုန်နိုင်ကြောင်းကို ချီးမွမ်းတော်မူပြန်လို၍—

အာကာသော မိနေတုံ သက္ကာ၊ ရဇ္ဇုနာ အင်္ဂုလေန ဝါ။
နတွေဝ တဝ သဗ္ဗညုံ၊ ဉာဏံ သက္ကာ မိနေတဝေ။

သဗ္ဗညု၊သစ္စာဥေ ယျ-ဟူသမျှကို တစ်စမကျန် ခွဲဝေဖန်၍ ဟုတ်မှန်တိတိ မြင်သိတော်မူပေသော မြတ်စွာဘုရား။ အာကာသော၊ အဇဋ္ဌာပြင် မိုးကောင်းကင်သည်။ ရဇ္ဇုနာဝါ၊ ရှည်စွာအမျိုးမျိုး လျှော်နွယ်ကြိုးဖြတ်လည်းကောင်း။ အင်္ဂုလေနဝါ၊ တွယ်ကာလှည့်ရစ် ကျယ်စွာလုစ်သည့် လက်သစ်တောင်တာ မုတ်မိုက်ထွာဖြင့်လည်းကောင်း။ မိနေတုံ၊ ဝိုင်းလည်ဖောင့်ထွင်း တိုင်းရှည်ခြင်းငှာ။ သက္ကာဝ၊ အကြောင်းထောက်စာ တတ်ကောင်း ပါသေးသည်သာလျှင်တည်း။တဝ၊ ဘုန်းတော်ကျော်ကြား ရှင်ဘော်ဘုရား၏။ဉာဏံ၊ သစ္စာဥေ ယျ ဟူသမျှကို ယူဆဝေဖန် သဗ္ဗညုတဉာဏ်တော်သည်။ မိနေတုံ၊ လက်သစ်တောင်တာ ကြိုးလွန်ရှာ၍ တိုင်းထွာနိုင်းယှဉ်ခြင်းငှာ။ နသက္ကာ၊ သောင်းစကြဝဠာဝိုင်းအုံညာလည်း တတ်နိုင်ရာသောအကြောင်း မရှိချေ။

(ပဌမအကြိမ်)

အဓိပ္ပာယ်မှာတော့....သဗ္ဗညုတ အနန္တဉာဏ်ရှင်ရှင်တော်ဘုရား•ကောင်းကင်အာကာအဇဋ္ဌာသည် မဟာအနန္တကျယ်ဝန်းလှသော်လဲ ဇမ္ဗူဒီပ ဒက္ခိဏာဝန်းကျင် ကျွန်းအပြင်၌ သစ်ပင်အမျိုးမျိုး နွယ်ကြိုးလျှော်လွန်ဘို့ဖြင့်လည်းကောင်း။ လက်သစ်ခွတင်တာ လံထွာမုတ်မိုက်တို့ဖြင့်လည်းကောင်း၊ ယူနိုင်တိုင်းထွာ ချင့်စာနာခဲ့သည်ရှိသော် သိနိုင်ရာသော အကြောင်းရှိပါသေးသည်၊ ကိုယ်တော်မြတ်၏ သဗ္ဗညုတ အနန္တရွှေဉာဏ်တော်သည်ကားအလုံးစုံသော လက်သစ်, တောင်တာ မျှားစွာအမျိုးမျိုး လျှော်ကြိုး ကြိမ်နွယ်တို့ဖြင့် ယူသယ်ညှိနိုင်း၍ တစ်သက်ပင်တိုင်းသော်လည်း တုနိုင်းမရ ဆုံးမကျအောင် ကြီးကျယ်ပြန့်ပြော အံ့ဩဖွယ် ရှိလှပါကြောင်းနှင့် ချီးမွမ်းလျှောက်ထားတော်မူတယ်။

အဲ•သို့စဉ်ကလောက် အတိုင်းအရှည်ပမာဏမရှိနိုင် မတုနိုင် မပြိုင်နိုင်အောင်ပင် ကြီးကျယ်ပြန့်ပြော အံ့ဩချီးမွမ်း၍မကုန် အပိုင်းအပင်အဆီးအတားမရှိ အလိုရှိတိုင်းပင် သိမြင်နိုင်တဲ့ သဗ္ဗညုတ အတုလဉာဏ်တော်ရှင်ရှင်တော်ဘုရားမှသော်လဲ တစ်ပါးသော ကိစ္စကိုမပြုဘဲ သတ္တဝါ တစ်ယောက်၏ တစ်ခုသော သံသရာ၏အစ ဘဝမြစ်ရင်းကိုသာ ဆက်လက်ပြီးကြည့်ရှုတော်မူ၍ချည့်သာ နေတော်မူမယ်လို့ဆိုလျှင် ဘုရားရှင်၏ အာယုတော်ကုန်ခန်း၍ ပရိနိဗ္ဗာန်စံလွန်တော်မူလို့သာ သွားရမှာပဲတဲ့၊ သတ္တဝါ တစ်ယောက်၏ သံသရာဘဝ၏အစကို မမြင်နိုင်သေးဘူးတဲ့၊ အဲ•သို့စဉ်ကလောက်ပင် သံသရာဆိုတာ ရှည်ကြာပါဘယ်။

အဲ သို့ကလောက်ရှည်ကြာတဲ့ သံသရာပြင်ကျယ်ကြီးထဲမှာ ကျင်လည်နေရဆိုတာ ချမ်းချမ်းသာသာအေးအေးမြမြ ဘေးဒုက္ခမရှိဘဲ ပကတိမပူမပင်မငြိုမငြင် မပင်မပန်းဘဲ လူ့စည်းစိမ် နတ်စည်းစိမ်များကိုသာ ကောင်းမွန်စွာ ခံစားလို့ ကျင်လည်ပြီး ကြာနေရယင်လဲ အကြာကောင်းလို့ ဆိုရပါပေမယ်၊ 'ဖိုးသူတော် မျက်စိသည်လေ•လ ဆန်ရလေ•လ' ဆိုတာလိုပဲ ဘေးမရှိ ရန်မရှိနှင့် ပကတိချော်ရင်းပါးရင်းသာ သံသရာမှာ ကြာနေရတာလားလို့ဆိုတော့ ဘယ်မှာချမ်းချမ်းသာသာနှင့် ကြာနေရဘာဟုတ်ပါမတုန်းတဲ့၊ 'လေမလာ ကြာတိုင်းကောင်း လှေသူကြီး လှေသားထောင်း' ဆိုတာလို 'ညစ္စနက်လေ•သန်းခေါင်လေ' 'တောနက်လေ•ဆင်ချေးထူလေ' ဆိုတာလို သံသရာမှာ ကြာကြာကြီးနေရလေ ဒုက္ခများများကြီး တွေ့ရလေပါပဲတဲ့၊ သို့ ဘယ်လိုဘေးဒုက္ခတွေနှင့် တွေ့နေရသေးပါသလဲလို့ဆိုတော့ ...

(ပဥ္စမအကြိမ်)

သံသရာမှာကြာရှည်စွာ ကျင်လည်နေရတဲ့ သတ္တဝါဆိုဘာ ပဋိသန္ဓေနေရ၊ အိုရ၊ နာရသေရတဲ့ ဆင်းရဲဒုက္ခတွေနှင့် အမြဲတွေ့နေရတယ်၊ သည့်သာမက ရံခါရံခါလဲပဲ မိဘသားသမီး သွေးနီးသားချင်း ဉာတိရင်းသင်္ဂဟတို့ ဘဝယှဉ်းဖေးကဲ ဆုံးသေပျောက်လို့လဲ မျက်ရည်ပေါက်ကြီးငယ် ငိုကြွေးကာ တကျယ်ကျယ်နှင့် မဆည်နိုင် မဆီးနိုင် ယိမ်းယိုင်ဂျမ်းဆောက်လို့ သောကမီး အပူန်တောက်ပြီး စိတ်စက်တွေ အကုန်နောက်လို့မို့ ရူးသွပ်ခြင်းသို့တောင် ရောက်သွားရသေးတယ်၊ ဘယ်ဝတ္ထုသာမက ဘယ်သူထောက်ဆလို့ သိရပါသလဲလို့ဆိုတော့....

ငါတို့ဘုရားရှင်သည်သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက သာဝတ္ထိပြည်မှတွင် မနေဥစ္စာ များစွာပေါကြွယ်တဲ့ သူဌေးတစ်ယောက်မှာတစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်တဲ့ သမီးငယ်တစ်ယောက်ရှိတယ်၊ အဲ ထိုသမီးငယ်ကား တင့်တယ်ရူပ ငါးဝကလျာ အင်္ဂါဉဿုံ ဆင်းရုပ်ပုံနှင့် ပြည့်စုံရှိျမှာ မိဘဉာတကာ လောကဝတ်အရာရာတို့မှာလဲ ရေးရာချိုင် ကျင့်ကြံနှသွင်းစောင့်သီတင်းနှင့် ကိုယ်တွင်းဂသီ အမြဲတည်ခြင်းကြောင့် 'ပဋာစာရီ' ရယ်လို့ ဘွဲ့မည်ခေါ်ဆိုကြတယ်၊ အဲ-ထိုပဋာစာရီမည်သော သူဌေးသမီးငယ်သည် အရွယ်သို့ရောက်သဖြင့် လူ့အလျောက်ဘာဝ ကိလေသာကာမကို မချမသွန်နိုင်သေး၍ မိမိအိမ်တွင် မွေးကျွေးလို့ထားတဲ့ အမှုလုပ် ကျွန်ယောကျ်ားနှင့်ပင် ယဉ်ပါးခင်မင် ချစ်ကျွမ်းဝင်လို့မို့ မိခင်ဖခင်တို့က ထိမ်းမြားလက်ထပ်ပေးတော့မယ်လို့ ပြောဆိုချိန်းချက်ပြီးထားတဲ့ သူဌေးသားဇာတ်တူခြင်းကိုမှ သဘောချင်းမမျှဘဲ ချစ်ခင်ယှင်း ကျွန်ယောကျ်ားနှင့်သာ ရှောင်ရှားထွက်ပြေးပြီး ဝေးလှတဲ့ရွာငယ်တစ်ခုမှာ အိမ်ပြုကာနေကြတယ်။ အဲ-ထိုအကြောင်းကို ပြလို၍-

> ယဒါစ ယောဗ္ဗနူပေတာ၊ ဝိတက္ကဝသဂါ အဟံ။
> နရံ ဇာရပတိံ ဒိသွာ။ တေန သဒ္ဓိံ အဂစ္ဆဟံ။

လို့-အပဒါန်မှာ ဟောတော်မူတယ်။

အဟံ၊ဥစ္စာကြွယ်ဖွိုး သူဌေးမျိုး၌ မညှိုးမညစ်ရိုးအမြစ်နှင့် ဖြစ်ပါသောငါပဋာသည်။ ယဒါစ၊ မိဘနှစ်ပါး မွေးမြူဖွား၍သနား စောင့်ရှောက် လူလားမြောက်သော အကြင်အခါ၌။ ယောဗ္ဗနူပေတာ၊ တစ်ဆယ့်ခြောက်နှစ်

သက္ကရာဇ်နှင့်ပျို့မျှစ်နည်းသော အရှယ်သို့ရောက်သည်ဖြစ်၍။ ဝိဘက္ကဝသာ ကာမစိတ်ကြိုက် အကြံမိုက်ကို အားတိုက်မာန်ရှိ လိုက်ကြံမိသည်ဖြစ်၍။ ဇာရပတိ နရံ၊ အိမ်ဦးစေစား မျိုးယုဘ်ဖွားတဲ့ ယောကျ်ားပျိုလွင်၊ ကျွန်လုလင်ကို။ ဒိသွာ၊ ကာမဂုဏ်လွမ်း အာရုံတမ်းကာ တပ်စွမ်းချစ်ခင် မျက်မှန်းမြင်၍။ တေန၊ ထိုယုတ်စွာမျိုးဇာတ် ညှိုးမြတ်ဖောက်ပြား ကျွန်ယောကျ်ားနှင့်။ သဒ္ဓိံ၊ သဘောအလျောက် မနော ပေါက်၍ ဝမ်းမြောက်ကြည်ဖြူ နှစ်ယောက်တူတူသာလျှင်။ အဟံ၊ မိုက်မှောင်မလင်း ထောင်အကျဉ်းကို ဝင်ဆင်းအံ့ငှာ ငါပငွာသည်။ အဂစ္ဆိံ၊ မိဘနှစ်ပါးပစ်ခွာရှား၍ ထွက်သွားတိမ်းရှောင် မိလေပြီ။

အဲ ဤကဲ့သို့ မိခင်ဖခင်တို့ကို စွန့်ခွာ၍ နေ့ရက်ရှည်ကြာစွာ တစ်နှစ်ခန့်မနေ၍ ကြာခဲ့လျှင် ရင့်မာစလေ့ ဖွားနေ့ရက်ချိန်ခါစေ့သဖြင့် မိခင်ဖခင်တို့၏ အထံကို ပြန်လို၍ မိမိ၏ ခင်ပွန်းသည် ယောကျ်ားကို ပြောကြားခွင့်ပန်တယ်၊ ဘယ်လို ခွင့်ပန်သလဲလို့ဆိုတော့.... 'အမောင်ချစ်ရှင်-လူ့ရပ်ခွင်မှာ မျက်နှာမြင်ရတဲ့ မိန်းမတို့မွေတာဆိုတာ သေမည်လော ရှင်မည်လောဟု တွေးတော ဆဝါး ဆင်ခြင်ရန်များလှပါတယ်၊ သေမည် ရှင်မည် နှစ်တည်နှစ်ချက်ကို ချိန်ခွင်ညှာ တင်လို့ဆက်လိုက်လျှင် သေဘက်ကိုသာ အချိန်စီးသို့မို့ အားကြီးကြမြဲ ဖြစ်ပါတယ်၊ မျိုးနွယ်သွေးရင်း မိတ်သားချင်းနှင့် ဆွေရင်းမိဘ ရှိသမျှတို့ မှိုင်းမကြည့်ရှု လုံးဖမ်းကာ ပြုကြပါမှ အမှုလုံလောက် စိတ်လက်ချလို့ ဆုံးစရောက် ပြီးမြောက်နိုင်မှ ဖြစ်ပါတယ်။ အဲ-သို့ဖြစ်ပါ၍ မိခင်မာတာ ဘပိတာနှင့် ဆွေညာဘို့ထံ ရောက်အောင်ကြံ အမြန်ပြန်၍ ပို့တဲ့ပါလို့'အဲ-ဤလို ခွင့်ပန်တယ်။

အဲ-ဤကဲ့သို့ အခါခါ ပို့ပါမည့်အကြောင်းနှင့် ခွင့်တောင်းပူဆာ ပြောဆိုပါသော်လည်း ခင်ပွန်းသည်ယောကျ်ားက စဉ်းစားရှေ့နောက် နောင်ဖြစ်မည့်အရေးကို မျှော်တွေး၍ကြောက်တာနှင့် စိတ်ဖျောက်လက်ဖြေ လိမ်လည်လို့သာ နေတော့မည်ကြံပြီး နက်ဖြန်ချိန်းလိုချိန်း သန်ဘက်နှင့်ဖိန်းနွဲ့ နေ့ရက်ကို အရှည်ဆွဲပြီး မပို့ဘဲသာနေတယ်၊ ဘယ်လိုများ တွေးကြောက်စဉ်းစားလို့ ခင်ပွန်းသည်ယောကျ်ားက လှည့်ဖြားစဉ်းလဲမပို့ဘဲနေပါသလဲလို့ဆိုတော့ ပြော်-သူ့မှာကား သူဌေးသမီး သိမ်ဂုဏ်ကာလ ကြီးကျယ်ပေ

တယ်၊ ငါ့မှာတော့ ကျွန်မျိုးဇာတ်နွယ်ကညှိုးသနှင့် တန်ခိုးကလည်း မှေးမှိန်သူဌေးကြီးရှိရာ အိမ်သို့ မချိန်းမစား နှစ်ယောက်စုံ ပြန်ကာသွားလို့မို့ ထံပါးမျက်မှောက် အကယ်၍ ရောက်ကြလေက ရင်အောက်ဖွားကြီး သူ့သမီးတော့ အမုန်းကြီးမုန်းတယ်လို့ တစ်သက်လုံးမချစ်ဘဲ စွန့်ပစ်ကာခဲ့နိုင်တော့မှာ မဟုတ်ဘူး၊ ရင်သွေးရင်သားဟာမို့ အပါးသို့ ပြန်ရောက်ယင်လဲ ချစ်ခင်တဲ့ စိတ်ရောက်လို့မို့ အမုန်းတွေအကုန်ပျောက်ပြီး ရှေ့နောက်စဉ်းစား အကြောင်းကြောင်းကို ထောက်ထားပြီး သနားကြင်နာပြန်လို့ ချမ်းသာပေးစရာ အခွင့်ရှိဘန်သေးတယ်၊ ရင်သွေးမဟုတ် သိမ်မွေးမြုပ်တဲ့ မျိုးယုတ်နွံမြက် ကျွန်သမက်မှာတော့ ညှာကွက်မမြင် ကျွန်ပါစဉ်လျက် မှဆင်ခြင် မစဉ်းစား သခင်ကို မလေးမစားတဲ့ပြင် စော်ကားမာန်တက် ဂုဏ်သရေ အရှည်မှထွက်နိုင်ဖို့ သမီးကို ဖျက်ရသလားလို့ ဒေါသနီးရိုက်နှက်၍ နှိပ်စက်ညှဉ်းဆဲ အဖမ်းဆွဲပြီး အိမ်ထဲက နှင်ထုတ်လိုက်တော့မှပဲလို့ အဲ-ဤကဲ့သို့ စဉ်းစားပြီး ကြောက်အားနှင့် မပို့တာဘဲတဲ့။

အဲ-ထိုအခါ ခင်ပွန်းမ....ဖြစ်သူကလဲ မိမိယောကျ်ား၏ စိတ်ထားမရဲကြောက်အားသဲလို့မို့ ရက်ဆွဲကာအရှည်အကြာမပို့ဘဲနေတာကိုပညာဉာဏ်ချင့်မိ ဟုတ်မှန်ကိုင်းသိရသဖြင့် ခင်ပွန်းသည်ယောကျ်ားမရှိတဲ့ အခိုက်ကိုအိမ်၌ သိမ်းထားသင့် ပစ္စည်းများကို ကောင်းမွန်စွာသိုမှီး သိမ်းဆည်းခဲ့ပြီးအိမ်နီးချင်းနေကြတဲ့ လူများကိုလဲ မှာထားပြောကြားခဲ့လို့ မိခင်ဖခင်တို့ခိုမှီးတဲ့ သာဝတ္ထိပြည်ကြီးသို့ ခရီးလမ်းမှန်းကိုဘားပြီး တစ်ယောက်တည်း ထွက်သွားခဲ့တယ်။

အဲ-လို ခင်ပွန်းမ ထွက်သွားလို့ မကြာမီ ခင်ပွန်းသည်ယောကျ်ားလည်း တစ်ပါးက ပြန်ရောက်လို့ အိမ်ပေါက်တံခါး ပိတ်ထားဖုံးဖိ ခင်ပွန်းမ မရှိသနှင့် သိကြတဲ့ အိမ်နီးပါးတို့က ပြောကြတဲ့စကားကိုကြားလျှင် ဩော်–ငါ၏ ခင်ပွန်းမကား အညတြအပါကဋ္ဌမဟုတ် ဆွေကြီးမျိုးကြီး စည်းစိမ်ကြီးနှင့် ညီးညီးလျှံတောက် ကြက်သရေဂုဏ်သိမ်ကြီးနှင့် သူဌေးသမီးတစ်ယောက်ဖြစ်ပေတယ်၊ အံ့လောက်ဘစ်ပါး မျိုးတူဇာတ်တူ ဒြပ်တူနှင့် ထပ်တူမခြား ကြွယ်ဆူပေါ်များ ရွယ်တူဖွားတဲ့ သူဌေးသားနှင့် ထိမ်းမြားလက်ထပ်ဂဟေစပ်သည်ကို သင့်မြတ်ကြည်ဖြူ အကယ်၍ သူသဘောတူခဲ့လျှင်

ဇမ္ဗူမိုးအောက် ဂုဏ်သရေ တိုးတောက်တဲ့ပြင် ခုလိုလဲ ဒုက္ခကြီးရောက် ရတော့မယ် မဟုတ်ဘူး၊ ခိုကိုးရာမဟုတ် ငါ့ကျွန်ယုတ်ကို ငုတ်ငုတ်တိတိ လင်လုပ်မိ၍ ကသိကအောက် ရိန္နမ်းခြောက်အောင် လျှောက်ပန်းမော ကျက်သရေ အခြေလျှောတဲ့ပြင် သေဇောလျှံ့ငွေ ဤကဲ့သို့ဒုက္ခကြီးတွေ နှင့် တွေ့ရပေတယ်လို့၊ အဲ-ဤကဲ့သို့ ဆွေးကြွယ်မှိုင်တုံ သနားလှသဖြင့် ခင်ပွန်းမသွားတဲ့သမ်းကို မျှော်မှန်းကာ အမြန်လိုက်လာတယ်။

အဲ-သွားနှင့်တဲ့ ခင်ပွန်းမမှာလဲခရီးကလဲရှည်လမ်း အားခွန်ဗလကလဲ ကုန်ခန်း မကျန်းမမာလို့လဲရိန္နမ်းမချိအောင်မောပန်းတာနှင့် အပင်ပန်း ဖြေဦးမယ်လို့ အခိုက်အတန့်နားနေရာ ခင်ပွန်းသည်ယောကျ်ားက မှီလာ လျှင် မကြာမတင် လမ်းမှာပင် မျက်နှာမြင်တယ်၊ အဲ လိုဖွားမြင်တဲ့ ကိစ္စ ပြီးတော့ တစ်နည်းအကြံဖြစ်ပြန်တယ်၊ ဘယ်လို ဖြစ်ပါသလဲလို့ ဆိုတော့ ခြေဉ်-ယခု ငါ့မှာ မိခင်ဖခင်တို့ထံ ပြန်မယ်လို့လာခဲ့တာ အခြား ကိစ္စ ကြောင့် လာခဲ့ဘာမဟုတ် ဖွားမြင်မယ့်ကိစ္စ ဘေးဘယကိုသာ တွေးဆ စဉ်းစား ကြောက်ရွံ့ဖွယ် များခြင်းကြောင့်သာ လာခဲ့ရင်းအရေး ဖြစ်ချေတယ်၊ ယခု ငါ့မှာ ဘေးဘယကင်းကွာလို့ ချမ်းသာစွာလဲဖွားမြင် ရပေပြီ၊ ကိစ္စအရေး ငြိမ်းအေးပြီးနောက် မိခင်ဖခင်တို့ထံ ရောက်သော်လဲ နောက်အဖို့အကျိုး ပွားတိုးစရာများစွာ မရှိချေပြီ၊ အဲ-ဤလိုကြံပြီး ခင် ပွန်းသည် ယောကျ်ားနှင့် အိမ်ကိုသာ ပြန်သွားကြတယ်။

အဲ–ဤလိုတစ်ခါ နေ့ရက်ကြာအောင် မနေကြပြီးနောက် နောင်တစ်ဖန် သားငယ်တစ်ယောက် ဖွားမြင်မယ့်အချိန်ရောက်ပြန်တော့ကာလဲ ရှေးက နည်းပင် လင်ယောကျ်ား မရှိခင်ကို မိခင်ဖခင်တို့ထံ တစ်ယောက်တည်း ထွက်သွားပြန်တယ်၊ ခင်ပွန်းသည် ယောကျ်ားကလဲ ရှေးကနည်းပင် လျှင်လျှင်မြန်မြန် လိုက်ခဲ့ပြန်သော် လူသံမကြား မှိုင်ဖျားတောလယ် လမ်း မြောင်စွယ်မှာ ရှေ့နှယ်တစ်ဖန်မှီခဲ့ပြန်၍ ပြင်းထန်ဒုက္ခ ဖွားမြင်ချိန်အခါ ကျသဖြင့် ကမ္ဘာလေကလဲလှုပ် နေဝင်လို့လဲမိုးကချုပ် တောအုပ်သို့လဲ အဆိုက် ညဉ့်ကလဲ မိုက်ခိုက်နှင့် တိမ်တိုက်အုံ့မည်း ကောင်းကင်လုံးကွဲတော့ မလို တလဲလဲတအုန်းအုန်း မိုးကြီးကလဲ ရွာတုန်းမို့ တချုန်းချုန်းတလဲ့လဲ့ တအုန်းအုံန်း အောင်မည်သံတွေနှင့် နဘဲအထက် တလျှံ့ပွက်မျှ လက်လက် လင်းလင်း တဝင်းဝင်းနှင့် တက်ဆင်းကူးသန်း ဘလျှမ်းလျှမ်းနှင့် လျှပ်ပန်း လျှပ်နွယ်အသွယ်သွယ်တို့ဖြင့် ကြောက်မက်ဖွယ် အခါတွင်ဝယ် ဖွားမြင်

ခြင်း ကိစ္စကြုံလို့မို့ ခိုလှုံစရာ ဖွေရှာမရ အလွန် အေးမြလှသောကြောင့် အပါးကယောကျ်ားကို နေရာရှာသွားပါချေလို့ ပြောကြားစေခိုင်းလိုက်တယ်။

အဲ ထိုအခါ ခင်ပွန်းသည်ယောကျ်ားလဲ ဓားမတိုတစ်စင်းနှင့် လျပ်စစ်လင်းအရောင်ကို မှန်းပြီး ချုံတန်းတောကြား ခင်းမိုးစရာ မြေစာမြက်ဖွေရှာမယ်လို့ လှည့်လည်ကာသွားလေရာတွင် သစ်ပင်နွယ်မြက် တွယ်ယှက်ပိတ်ဆီးလို့ တောင်ပို့ကြီးတစ်ခုကို တွေ့မြင်လေက အခြေကိုရှင်းထွင်ပြီး အတွင်းကိုဝင်တော့မယ်လို့ ပြင်ဆင်ရှားဆုတ် အစွန်းက သစ်ပင်ငယ်ကို ဓားရွယ်လို့ ခုတ်လိုက်ရာတွင် ချုံအုပ်တောအောက် တောင်ပို့ပေါက်က မြွေဟောက်ပြေးထွက်၍ အမျက်မီးတောက် စီးနင်းလို့ပေါက်လိုက်ရာ ချုံအောက်မြက်ခင်း တောင်ပို့ရှင်းမှာ အစင်းသားလဲခွေပြီး လူးလဲကာ သေရရှာတယ်၊ အဲ ထိုအကြောင်းကို ပြလို၍–

ဥဋ္ဌိတော စ မဟာမေဃော၊ ပသူတိသမယေ မမ။
ဒဗ္ဗတ္ထာယ တဒါ ဂန္တွာ၊ သာမိ သပ္ပေန မာရိတော။

လို့–ဟောတော်မူတယ်။

မမ၊ ဒုက္ခဝဋ်ကြွင်း မလွတ်ရှင်း၍ အခင်းကြုံလာ ငါပဋ္ဌာ၏။ ပသူတိသမယေ၊ သန္ဓေစွဲဝင် သားမျက်ရှင်ကို ဖွားမြင်ချိန်ကျ ခါသမယ၌။ မဟာမေဃော စ၊ အဇဋ္ဌာပြင် ကောင်းကင်ရိုက်ချုန်း အုန်းအုန်းမြည်ဟီး သည်းထန်သော မိုးကြီးသည်လည်း။ ဥဋ္ဌိတော၊ တိမ်တောင်တိမ်ခဲ အုံ့ခါမည်း၍ သဲသဲခြိမ့်ညာ တက်၍ရွာ၏။ တဒါ၊ ထိုနဘ်အုံ့မည်းမိုးကြီးသဲသော အခါ၌ သာမိ၊ ပြည့်နှင့်သွန်သင် ချစ်ကျွမ်းလင်သည်။ ဒဗ္ဗတ္ထာယ၊ ခင်းအိပ်စရာ မြက်မြေစာကို ဖွေရှာထမ်းပိုး ယူဆောင်ခြင်း အကျိုးငှာ၊ ဂန္တွာ၊ ညဥ့်မိုက်ရီမည်း မိုးရွာဆဲတွင် တောထဲချုံကြား လျှောက်ခါသွားခဲ့သည်ရှိသော်။ သပ္ပေန၊ ထန်ပြင်းဆိပ်တောက် တောမြွေဟောက်သည်။ မာရိတော၊ သစ်ပင်ချုံအောက် တောင်ပို့ပေါက်က ခြိမ်းခြောက်မာန်ခြွေ ပေါက်သတ်လေ၏။

အဲ ထိုအခါ ဒုက္ခိတ မိပဋ္ဌာမှာလဲ မမာတယ်လို့ မနေသာ လင်ကာ မပေါ်လာတာနှင့် တောင်စွယ်တောတွင်းက တစ်ဟုန်တည်းစီးကြဆင်းပြီး တစ်ကွင်းလုံးလျှံ မိုးရေတွေထန်လွန်းလို့ မကြံနိုင်ဗျာသီ သားငယ်တွေလဲ တစီစီနှင့်မချီအား မပိုးအား ရေလွတ်ရှိသာ ရှောင်ရှားပြီး သားနှစ်ယောက်

ကို ရင်အောက်ကဲထားလို့မို့ ဝပ်တွားကာဖေးမ လေးဘက်ထောက်ကုန်းကွ လို့ တစ်ညဉ့်လုံးမအိပ်ရ သားနှစ်ယောက် ဒုက္ခနှင့် ထိုင်ရက်သာ တသည်း တည်း သည်းတဲ့ မိုးကလဲ တစ်ညလုံးမစဲဘဲ မိုးလင်းမှသာ စဲသွားတော့တာပဲ တဲ့ အဲ·မိုးစဲလို့ အာရုဏ်လင်းတော့မှသာ ကြာခြင်းမလှကြာလို့မို့ တစ် ညဉ့်လုံးမပေါ်လာတဲ့ ယောကျ်ားသည်ကို ရှာဦးမယ်လို့ ကြံရွယ်ပြီး သား ငယ်ကိုချီဖက်လို့ သားကြီးကိုတော့ လက်တစ်ဘက်ကဆွဲပြီး သုံးယောက်တွဲ တစ်ယောက်ထမ်းနှင့် လင်သွားတဲ့ ညဉ့်ကလမ်းကို မျှော်မှန်းပြီး လိုက်သွား ကြတယ်။

အဲ·သွားလို့ မလှမ်းမကမ်း ခရီးလမ်းအနီးအပါး၌ပင် တောကြား ချုံတွင်း တောင်ပို့ရင်းမှာ အစင်းသားလဲခွေ၍ မလှုပ်မချောက်ဘဲ သေ နေသည်ကို အဆင်သင့် မြင်ရလေက ဩော်·ငါ၏အတွက်ကြောင့် ချမ်းသာ ကွက် မရှိ ပြင်းထန်တဲ့ မြွေအဆိပ်မိပြီး မခါအောင်လူးလဲလို့ ချုံထဲမှာ သေရလေခြင်းဟု ပူပြင်းတဲ့ သောကနှင့် တသရှိုက်ဖို ကြာမြင့်စွာ ငိုယိုမြည် တမ်းပြီး အလွမ်းဟုန်ဖိ တုံချည့်ချည့်နှင့် သားအမိသုံးယောက် သာဝတ္ထိ ခရီးလမ်းကို မျှော်မှန်းပြီး လျှောက်သွားကြပြန်တယ်၊ အဲ·လမ်းထောက် မကွာလှ အတော်လောက် သွားမိကြလျှင်ပင် တစ်ညဉ့်လုံးရွာတဲ့ မိုးကြီး ကြောင့် ဒီးဒီးအသံ ဟည်းဟည်းညံအောင် တွန်းလှန် ဆွဲမှောက် သစ်မြက် မှိုက်ရောဒိုက်သရောပါ ကြွက်လောဆူနောက်ပြီး တသွန်တည်း စီးလျှောက် နေတဲ့ ထုံးအိုင်မြစ်ခေါက် ချောင်းငယ်တစ်ခုသို့ ရောက်သွားပြန်တယ်၊ အဲ·ထိုအကြောင်းကို ပြလို၍–

တဒါ ဝိဇာတ ဒုက္ခေန၊ အနာထာ ကပဏာ အဟံ။
ကုန္နဒိံ ပူရိတံ ဒိသွာ၊ ဂစ္ဆန္တိံ သကုလာလယံ။

လို့·ဟောတော်မူတယ်။

တဒါ–ထို ခင်ပွန်းသေပျောက် သားနှစ်ယောက်နှင့် လျှောက်ကာ လျှောက်ကာ သွားကြသောအခါ၌။ ဝိဇာတဒုက္ခေန၊ မိုးရေလေကြမ်းခရီး လမ်းတွင် ပင်ပန်းနွမ်းလျ ဖွားမြင်ခဲ့ရသော ဒုက္ခဖြင့်။ အနာထ၊ မှိုင်းမ ကြည့်ရှု ဆေးဝါးကု၍ ပြုစုမမှ ကိုးကွယ်ရာမရသော။ ကပဏာ မျက်နှာ နွမ်းညှိုး ဆွေမျိုးမနီး မြိုင်တောကြီးတွင် ခရီးမလှ တစ်ယောက်တည်းလာခဲ့ ရသော။ အဟံ၊ ဒုက္ခာဝဋ္ဋဘေး မလွတ်သေး၍ အရေးကြုံလာ ငါပဋာစာရာသည်။ တောင်ခြေတောရင်း ရေဟုန်ဆင်းလျက် မြစ်တွင်းတစ်လျှောက် လျှံပြည့်

မောက်သည်ဖြစ်၍၊သကုလာလယံ၊ နှစ်ဘက်ကမ်းညီ တင်းကျမ်းချီကာ မမီ ယိမ်းယိုင်မထိန်းနိုင်အောင်။ ဂစ္ဆန္တိ၊ သရေဗိုက်ဖောင် ရိုက်ရိုက်ခထောင်မျှ တိုက်ဆောင်တွန်းရှား တစ်ဟုန်တည်း စီးသွားသော။ ကုန္နဒီ၊ဂင်္ဂါကထွက် အဆင့်ဆက်သည့် လက်ထက်နှာမောင်း မြစ်ငယ်ချောင်းကို။ ဒိသွာအဒဿ မောပန်းဖို့အရေး ရှေးကံမှေး၍ ရန်ဘေးခုခံ မြင်တွေ့ပြန်၏။

အဲ၊ကြမ္မာကံချ မိဒုက္ခသည် ထိုချောင်းကိုမြင်တွေ့ရလျှင်ပင် သွေးသံက လဲနုတုန်း။သားနှစ်ယောက်ကိုချီမလို့လာခဲ့ရတဲ့ လမ်းခရီးကြောင့်လဲ ချည့် နုန်း တစ်ညဥ့်လုံးကလဲ မအိပ်ခဲ့ရ လင်သေတဲ့ဒုက္ခကြောင့် သောကဟုန်ကလဲ ဖိလွှမ်း ချောင်းရေကလဲ ကြမ်းတာနှင့် ပင်ပန်းရှိရှဲ သားနှစ်ယောက်ကို တစ်ခေါက်တည်းအပါတွဲပြီး ချောင်းထဲကိုမကူးနိုင်လို့မို့ မူးမှိုင်ဝေနောက် သားအကြီးတစ်ယောက်ကိုတော့ ချော့မြှောင်တဲ့ စကားနှင့် ကမ်းပေါ်မှာ ထားခဲ့ပြီး သားငယ်ကိုသာချီဖက်လို့ကမ်းတဘက်ကိုကူးသွားတယ်။အဲ၊ချော မောစွာကူးလျှောက်လို့ကမ်းတစ်ဘက်သို့ရောက်လေကချုံအောက်ကမ်းပါး ညီညွတ်တဲ့သစ်ပင်နားတွင် ဖယ်ရှားရှင်းလင်းပြီးမြက်သစ်ရွက်ချိုးကာ ခင်း လို့မို့ အတွင်းကိုဖိနှိပ်ကာ သားငယ်ကို အနီးနှင့် သိပ်ထားခဲ့ရှာတယ်။

အဲ-ကမ်းထိပ်ကသားကြီးကလဲ ငိုဟည်းလို့တစာစာ သားငယ်ကိုပစ်ခွာလို့ ထားခဲ့ရမှာကလဲ စိတ်မချ ပူဗျာစိတ်နှစ်ခွနှင့် အနိုင်နိုင်ထူထပြီး ချောင်း စပ်ကိုရွှေကာဆင်းလို့မို့ကြည့်ယင်းကြည့်ယင်းသားငယ်ကို စိတ်မကင်းတာ နှင့်ချောင်းအတွင်းသို့ နောက်ပြန်လျှောက်လို့အသယ်လောက်ရောက်ခဲ့လျှင် ကောင်းကင်မြင့်မား သစ်ပင်ထက်ဖျားမှာနားနေတဲ့ စွန်တစ်ကောင်ဟာ ကမ်းစောင်းချုံကြားမှာ အနီးနှင့်သိပ်ထားခဲ့တဲ့သားငယ်ကို အမဲသားအစာ ထင်လို့မို့လျှင်လျှင်ကြီးထိုးသုတ်ပြီး ရုတ်ခနဲချီယူသွားတယ်။

အဲ၊ သည့်လို သားငယ်ကို စွန်ချီလို့သွားတော့ ယောင်မှားတမ်းမြည် ဗျာသီလက်မြှောက် ချောင်းထဲကခုန်ပေါက်လို့ ကူးလျှောက်မတ်မတ်အသံ ပြတ်အောင်တီးခတ်ကြည့်မျှော်သေမတတ်အောင်အော်သော်လဲ ချပေါ်မရ လူနေကဝေးတာနှင့်အလေးမမူယူမြဲတိုင်းသာယူသွားပြီးတောင်ငူတောတန်း မမြင်အောင်ပြတ်သန်းလို့မျက်မှန်းမထင် မြိုင်တန်းသို့သာ ဝင်သွားတော့

တာပဲတဲ့။ အဲ ဤလို သားငယ်၏အရေးနှင့် အန်ထွေးမရ လုံးပုန်းရတုန်း တစ်ကိုစ္စမှ မဆုံးသေးခင် မိခင်က တည်ညဲ့ စွန်ကြီးကို အောင်ဟစ်တဲ့ အသံနှင့် မြစ်ယံကမ်းပါးက သားကြီးက အထင်မှားပြီး ကမ်းနားသို့ အဆင်းတွင် ချောင်းတွင်းသို့ ကျလို့မို့ ဩသဝဲစုပ်အိုးတယ်နစ်မြုပ်သွားပြီး ချုံနား ကမ်းစောင်းမှာ အလောင်းကိုမျှ မမြင်လိုက်ရပြန်ဘူး တဲ့။

အဲ ဤလို မြစ်ငယ်ချောင်းပေါက်မှာ သားနှစ်ယောက် သေဆုံးလို့မို့ ယူကျုံးမရနှလုံးရှလှ၍တသရိုက်ဖိုမောလှအောင် ငိုပြီးမှထိုသိုဤဤဆိုမြည် အော်ညည်းလို့ ခရီးတစ်ဖန်သွားခဲ့ပြန်သော် တစ်ခေါ် လောက်ကွာပြီးမှသာ ဝတ္တိပြည်နှင့် အနီးတွင် ယောကျ်ားကြီးတစ်ယောက်နှင့် တွေ့ရလို့မို့ မိဘတို့ အကြောင်းကို သိလိုကြောင်းအရေးနှင့် တန့်ရပ်လို့မေးမြန်းပြန်ဘယ်။ အဲ ထိုအခါ သာဝတ္ထိပြည်သားခရီးသွားလုလင်ကလဲ ငါ့သမီးပဋာရယ်၊ မိဘတို့ အခြင်းအရာကိုဘာပြုစရာမေးချင်ရသလဲ လင်ရေးသားရေးကြုံခဲ့ရတဲ့အဆွေး နှင့်မအေးတဲ့ မင်းအပူကိုမီးထပ်၍ ငါကကူတာလို ဆူလျှံလို့တစ်ဖန်မောရော့ မယ် မပြောပါရစေနှင့် ငါ့သမီးရယ်လို့ ဆိုရှာတယ်။အဲ ထိုအခါမျက်နှာညှိုး ငယ် ဒုက္ခသည်ကလဲ လွှဲဖယ်၍မရ မပြောလျှင် မနေရအောင် ချိုမြနှုတ်ရေး ဖန်ဖန်မေးလှ၍ ရင်သွေးသက်လျှာ ငါ့သမီးပဋာ...ညအခါ မိုးပါ လေပါ သွက်သွက်ခါအောင် သဝေချာလဲ ကောင်းကောင်ကွဲမျှာစ်ခဲ့တိုက်ဟည်းတညည်း လုံးမစဲဘဲရွာသည်းတဲ့မိုးလေကြီးကိုငါ့သမီးသိလိုက်ပါရဲ့လားလို့ယောကျ်ား ကြီးက မေးပြန်တယ်။ အဲ ထိုအခါ ဒုက္ခိတ၊ မပဋာကလဲ ခရီးသွားဖခင် မိုး ကြီးကြောင့် တွေ့ခဲ့ရတဲ့ ကျုပ်ဒုက္ခဖြစ်အင်ကိုတော့ တွေးမိဘိုင်း အပူဝင်ပြီး သေချင်အောင်မောလှ၍ ဖြည်းဖြည်းမှပြောပါရစေ။ မိဆွေဘကောင်း မောင်ဘွားတို့ အကြောင်းကိုသာ ကောင်းကောင်းကြီး သိရဖို့ အစကအဆုံး တိုင်အောင် ကြားချင်လှပါသေးတယ်လို့ ဆိုပြန်ဘယ်။

အဲ ဤလို အဖန်ဖန် မေးပါများတော့ကာ ခရီးသွားလုလင်က မိခင် ဖခင်တို့ဖြစ်ကြတဲ့ သဘောကို အရင်းကပြန်လှန်လို့ ပြောတယ်။ ဘယ်လို ပြောပါသလဲလို့ဆိုတော့....အဲ ငါ့သမီးပဋာဘာ သိချင်လှလို့ရှိမှသင့်မိသင့်ဖ တို့ဖြစ်တဲ့အရေးပုံကို အကုန်လှန်လှော၍ အဖော ပြောတော့မယ်။ သော ကာမီး မပူရအောင်လဲ သဘိသာထားပေရော့ဆိုပြီး ရှေးဦးပထမ ညဉ့်ဦး

(ပဋ္ဌမအကြိမ်)

ယံနေ၀င်စက ရာဟုထောင့်ရပ်ခန်းက နဂါးကို ဂဠုန်ဖမ်းတာလို လေနီကြမ်းကြီးထလာပြီးမိုးတိမ်ကြီးကလဲဝိုက်ဖုံး ကောင်းကင်ကလဲ တဟုန်းဟုန်းနှင့်မိုးကြီးတွေကလဲထစ်ချုန်း မှောင်ဟိုက်ကြီးကလဲမိုက်တုန်း တအုန်းအုန်းသိမ့်သိမ့်ရိုက်ပြီးသာဝတ္ထိတစ်မြို့လုံးကိုမိုးလုံးကြီးကလဲအဆိုက် လေလုံးကြီးကလဲတိုက်လာပါရောတယ်၊ အဲ-ထိုအခါ သိုက်သိုက်အုပ်အုပ် တစ်မြို့လုံးတုန်လှုပ်ပြီး သိမ်းချုပ်လို့လဲမရ ဒုက္ခပူဆာ၀ါးတိုင်ထူတဲ့ကျူထရံကာအိမ်ချုချာတို့မှာတော့ ခိုရာနွမ်းပါး ဖားသူငယ်ကိုဆင်နှင့် နင်းထားတာလို ပိပြားရုံသာမက မွမွကြေပေါက် အိမ်လုံးပါပျောက်သွားတော့တာပဲ။

အားအင်နှင့်မျှ မနေအခံ လူကုံတန်မျိုး သွပ်မိုးပျဉ်ထောင် အိမ်ဖြူဆောင်တို့မှာတော့ ဂျမ်းထောင်လဲမှောက် ထုပ်လျောက်ပေါင်းကွပ် သွပ်နှင့်ပျဉ်ကာအကုန်ကွာပြီးဒိုင်းမြားပါကျွတ်လို့မို့ အထွတ်တွေသန်တိုင်ချည့်သာကြဲကြဲ ကျန်ရှာတော့တယ်၊ ကြီးကျယ်စည်းစိမ် မနေရှိန်နှင့် ဂုဏ်သိမ်ပျံ့မွှေး ငါ့သမီးတို့ဖခင်သူဌေးများမှာတော့ဖြူဖွေးကျက်သရေတိုက်ကြီးနှင့် နေရတာမို့ကြေတာပေါက်တာ လွင့်ပျောက်တာမှာဖြင့် မရှိပါပေဖူး ရွေးကံကလဲထူးပေတာမို့မြူးကာဖျော်ဖြေ ပျော်ပျော်ကြီးနေခိုက်ကိုကမ္ဘာလေမင်းမြင့်မိုရ်ကို ခွင်းတာကို အပြင်းတိုက်ဆွဲလို့မို့ ခြေရင်းကလဲတာနှင့် သုံးယောက်တွဲညက်ညက်ကြေ တိုက်ပိလို့သေကြရှာလေပြီ၊ ဆွေညာမျိုးများ အုတ်ချပ်ကိုဖယ်ရှားပြီး သုံးယောက်သားအလောင်းကိုတလားခေါင်း ရွှေပြာသာဒ်နှင့်လျောက်ပတ်အောင်ပြုပြင်လို့မို့ တစပြင်သုသာန်မှာ တစ်ပုံတည်းထင်းကိုရုံပြီး မီးပျံ့အောင်တင်ဖို့လို့ အတောတို့ပဲ ရှို့ခဲ့ရတာပါပဲ၊ တည့်ညို့မိုးကောင်းကင်ကို ထိုးနေတဲ့ ဟောဟိုက မီးခိုးပါဘဲ ငါ့သမီးရယ်လို့ ပြောကြားတယ်။

အဲ—ထိုအကြောင်းကို ပြလို၍—

နိဝတ္တာ ဥက္ကုသော ဟာသိ၊ တရုဏံ ဝိလပန္တကံ။
ဋ္ဌတရဋ္ဌ ဝဟိ သောတော၊ သာဟံ သောကသမပ္ပိတာ။
သာ၀တ္ထိံ နဂရံ ဂန္တွာ၊ အဿောသိံ ဆ-ဇနေ မတေ။

လို့-ဟောတော်မူတယ်။

နိ၀တ္တာ၊ ဟစ်ကာ ဟစ်ကာ တစာစာနှင့် ပစ်ချပါကြောင်း ခါခါမောင်းပါသော်လဲ။ ဝိလပန္တကံ၊ တဆူဆူညံ ကျူကျူသံနှင့် ကြောက်ကန်

(ပဋ္ဌမအကြိမ်)

ပင်ပန်း ငိုမြည်တမ်းလှသော။ ဟာရဏ်၊ ယနေ့ညပင် မျက်နှာမြင်တဲ့ နီလွင်နှငယ်ကလေးငယ်ကို။ ဥက္ကုံသော၊ နွတ်ဖျားချွန်ချွန် သုတ်အားသွန်၍ ဟိန်းတွန်ရိုက်ဟီးသိန်းစွန့်ကြီးသည်။ အာဟာသိ၊မြင့်မားနိမှောင် တိမ်မိုးခေါင်သို့ ချီဆောင်ယူသွားခဲ့လေပြီ။ ဣတရဥ္စ၊ခြေကိုဆန့်ငင်း မြေမှာနင်း၍သွားဆင်းနိုင်ပြီး သားအကြီးကိုလည်း။ သောတော၊ တံဟော့ဟော့ထုတ် သောသောရုတ်မျှ ဇလုတ်နစ်ငင် မြစ်ရေယဉ်သည်။ ဝဟိ၊ ရစ်ခါထောင်းထောင်းနစ်ခါစောင်း၍ အလောင်းကိုမျှ မမြင်ရအောင် ဆွဲချဆောင်ယူ သွားခဲ့လေပြီ။ သာဟံ၊ ထိုသားလင်သုံးယောက် သေဆုံးပျောက်၍ တစ်ယောက်တည်းလာ ငါ၊ ပဋ္ဌာသည်။ သောကသမပ္ပိတာ၊ သောကမီးလုံး ပြီးမဆုံးအောင် ဟုန်းဟုန်းထ အုံလုံးကြွသည်ဖြစ်၍။ သာဝတ္ထိံ နဂရံ၊ မိခင်ဖခင် ကျေးဇူးရှင်တို့ ပျော်ရွှင်ခိုမှီး သာဝတ္ထိမြို့ကြီးသို့။ ဂန္တွ၊ အော်ကာမြည်တမ်း မျှော်ကာမှန်း၍ စခန်းတစ်ဖန် ချီလှမ်းပြန်သည်ရှိသော်။ မတော၊ ရှေးကံကြောင်းရင်း မကောင်းခြင်းကြောင့် ပေါင်းသင်းတိုက်ဆုံ သေကြကုန်သော။ ဆဇနေ၊ လင်သားမောင်ပါ မွေးမာတာနှင့် ပိတာဖဘွား ခြောက်ယောက်သားတို့ကို။ အဿောသိ၊ အလောင်းချင်းထွေး ပေါင်းစုဝေး၍ပူဇေးတစ်ဖန် ကြားရပြန်၏။

အဲ့—ဤသို့ သာဝတ္ထိပြည်သား ခရီးသွားယောကျ်ားကပြောကြားသောစကားကို ကြားလျှင်ကြားခြင်း အပူဟုန်ပြင်းလှ၍ ရင်တွင်းမှာဆူကျပ်သောကမီးဟပ်လို့မို့ သေမတတ်မိန်းမောတအောင့်လောက် မြေသွားပြီးဇောဘာင်ဆက်သွေးသံတွေအကုန်ပျက်လို့မို့ တောက်တက်ခတ် သဝေချာပူမီးဟုန်အကုန်ဖြာပြီး ဗျာပါလောင်ငြိ နှလုံးကိုအပူမိရာတွင် မချိန္တမ်းပါးသတိကိုမှ မထားနိုင်ဘဲခန္ဓာ့ရှားတိမ်းမှောက် ရှူးသုပ်ခြင်းသို့ ရောက်သွားရှာတယ်၊ အဲ့ကတောက်ကတက် ဝတ်ခဲ့တဲ့အဝတ် ကျွတ်လို့မှမကြောက် မရှက်ဘဲ ယောက်ယက်ခတ်စိတ်နောက် ရှာရိုးကို လှည့်ကာလျှောက်ပြီး လက်မြှောက်ခြေခါ တီတျာနှင့် တွေ့ကရာသောက်ကရောက် ချည်အူပေါက်ကဲ့သို့စိတ်ရောက်ရာရောနေ့ာပြီး ပြောချင်တိုင်းပြောဆိုကာအိမ်တိုင်းကိုသာ လှည့်လည်လို့နေတော့တာပဲတဲ့၊ အဲ ရံခါလဲသတိရလို့မို့ သေသူများကိုတောင့်တပြီး သနားဖွယ်အခြင်းအရာနှင့် ပူဆာသောက ဟစ်ကြွေးကာ ငိုတလို့၍—

(ပဋ္ဌမဆာကြိမ်)

ဥဘော ပုတ္တာ ကာလကတာ၊ ပန္ထေ မယှံ ပတိ မတော။
မာတာ ပိတာစ ဘာတာ စ၊ ဍေဟန္တိ ဧကစိတကာယံ။

အဲ-ဤလိုဆို၍ ငိုးကြွေးမြည်တမ်းတယ်။

ဥဘော ပုတ္တာ၊ အရွယ်နုနယ် ရှုစဖွယ်နှင့် ပုငယ်ဖွားပေါက် သားနှစ်ယောက်တို့သည်။ ကာလကတာ၊ သားကြီးရေလွှန် သားငယ်စွန်နှင့်တမလွန်ပြောင်းကြွ သေကြလေကုန်ပြီ။ မယှံ၊ ဗျာပါဆူလူး ချာချာရူးတဲ့ ကံထူးရှေပါ ငါပဋ္ဌာ၏။ ပတိ၊ မပယ်မပြစ် မကွယ်ညစ်တဲ့ ရွယ်သစ်လှင်လှင် ငယ်ချစ်လင်သည်။ ပန္ထေ၊ မမြင်မှောင်ဆီး လမ်းမြောင်ခရီး၌။ မတော၊ ချုံအောက်တောထဲ မြွေဟောက်ခဲ၍လျောင်းလဲစဉ်းခွေ သေရလေပြီ။ မာတာ စ၊ မိခင်မယ်လှ သူဌေးမကိုလည်းကောင်း။ ပိတာစ၊ ဖခင်ဆောင်ထီး သူဌေးကြီးကို လည်းကောင်း။ ဘာတာစ၊ ပျိုရွယ်နုဝင်း မောင်အရင်းကိုလည်းကောင်း။ ဧကစိတကာယံ၊ ခင်းကာဆံစု ထင်းပုံတစ်ခု၌။ ဍေဟန္တိ၊ သုံးလောင်းဆိုင်တဲ့ တစ်ပြိုင်တည်းသာ ကိုင်ဆွဲစီးဖို့ ဟီးဟီးညီ့အောင် မီးရှို့သင်္ဂြိုဟ်ကြလေကုန်ပြီ။

-အဲ-ဒီလိုချည့် ငိုကြွေး၍ ပြေးကာလွှားကာ တစ်ခါစာနှင့် တွေ့မြင်ရာအိမ်ပေါက်တွင် စောက်စောက်တမတ်မတ် ရပ်လိုရပ် ထိုင်လိုထိုင် မှိုင်လိုမှိုင် ငေးလိုငေး စိတ်သွေးတိုင်းကိုယ်ပါပြီး တချာချာ တရစ်ရစ် ဖြစ်ချင်တိုင်း ဖြစ်နေတော့တာပဲ။

အဲ-ဤကဲ့သို့ ရှေးကကံပါပကြောင့် သတိမှမရဘဲ ဖြစ်ချင်တိုင်းဖြစ်နေရတဲ့အခါမှာ အချို့သူများကလဲ ရင်သွေးရင်သားနှင့်မခြား အလွန်ပင်သနားလှ၍ ကျေးကြမွေးကြပေးကမ်းကြတာနှင့် စားရသောက်ရ ရှိလို့မို့ ချမ်းသာရတဲ့အခါလဲရ အချို့သူတို့ကတော့လဲ ဆိုဆဲငေါက်ငမ်း စိတ်လက်ကြမ်းနှင့် ပရမ်းပတာ မင်္ဂလာကင်းပ အရှုးမရယ်လို့ အိမ်ပေါက်မှာမနေရအောင် ဆွဲချနှင်ထုတ် တပြာကြိမ်တုတ် လက်သီးဆုပ်နှင့် ထုပုတ်ရိုက်ခြောက်ဆဲဆိုငေါက်ပြီး အုတ်ကျောက်နှင့်ပစ်သူပစ် အညစ်အယုတ်အပြစ်ကြီးတစ်ခုလုပ်ပြီး ဖုတ်၊ သလဲ ရွှံ့ဖွက်ဖွဲပြာနှင့် ပက်သူပက် နှိပ်စက်ချင်သမျှ အမျှရှာသူတို့ပြုသရွေ့ ဒဏ်ကို ရှောက်မကင်း ဝဋ်ကျန်ကြွင်းလို့မို့ ရဟန္တာမ ခုလက်ငင်းဖြစ်ရမဲ့ ကိုယ်သဏ္ဍာန်နှင့် မငြင်းမဆန် မလှန်မပြန်နိုင်ဘဲ အတင်းသာခံနေရတော့တာပဲတဲ့။

(မြင့်မိုရ်) ဖ–၃၃ (ပဌမအကြိမ်)

အဲ-သို့ဖြစ်လို့မို့ မကောင်းမှုဟူသမျှကို အကယ်၍ ပြုမိကြမူ ယုတ်သူဟူ၍လဲမလှပ်၊ မြက်တယ်လို့လဲမရှောင်။ ဘုံသုံးဆောင်မှာ အနှောင်ကွင်းညွတ် သမုဒ်ဝဋ်ကမလွှတ်ရသေးသမျှ ပစ္ဆိမကျွတ်ဘန်းပေါက်၍ အဆုံးစွန်ဘဝသို့ပင် ရောက်ရစေကာမူ အဆောက်အပင့်နှိပ်စက်ချိန် အခွင့်သင့်က အချင့်အနူ မရှုမရွှေ့ဘဲ မကောင်းကျိုးပေးနိုင်မြဲ ဓမ္မတာကြောင့်'ပဋ္ဌာ' ကိုသက်သေသားပြီး အကုသိုလ်ဆိုတဲ့ဘက်ုးများကို ဝေးဝေးကြီးရှောင်ရှားသင့်ကြတယ်။ အဲ-သည့်သို့အဆုံးစွန့်ပစ္ဆိမဘဝမှာ ရင့်မာပြီး ပါရမီကမ္ဘာဝရတွေနှင့် ရဟန္တာမဖြစ်လုခါနီးဆဲဆဲဘွင်မှ မလွှတ်ချ၊ မကျွတ်ရ ရှေးကကံပါပကြောင့် ဒုက္ခတွေအခန်းခန်းကို ပင်ပန်းစွာခံနေရတဲ့ ပဋ္ဌာမဖြစ်ပုံကို ကိုးဂုဏ်လုံးသခင် ဘုရားရှင်သည် ဉာဏ်တော်သော့ခင်း၍ ဇေတဝန်ကျောင်းတော်တွင်းက ထင်လင်းစွာမြင်တော်မူတယ်။

အဲ-ထိုအခါ ပဋ္ဌာစာရီမ ဒုက္ခိတကို လူ့ဘထွဋ်ထားမြတ်ဘုရားသည် ရင်သွေးတော်နှင့်အမျှ သနားတော်မူလှသည်လည်းတစ်ကြောင်း၊ ပါရမီဒေထုံ သမ္ဘာဟုန်နှင့် လောက်လုံပြည့်ဝရင့်မာလှသဖြင့် ကာလမရွေ့ယခုနေ့ပင် ကံမွေ့တဲ့ ကြာပဒုမာကဲ့သို့ရှေးကြမ္မာဝဋ်ကင်းပြီးချက်ခြင်းပင် သတိရလို့မို့ ဘိက္ခုနီမတို့ထုံးတမ်း ဖန်သက်နှန်းနှင့် ရဟန်းအဖြစ်ပြီးမြောက်၍ မဂ်ဖိုလ်ကို လှမ်းပြီး ကျွတ်တမ်းကြီးပေါက်လိမ့်မည်ကိုလဲ ရွှေဉာဏ်တော်အတွင်းမှာ ထင်လင်းစွာ မြင်တော်မူတာကလဲ အကြောင်းရင်းကဲ့သို့ အကြောင်းကြောင်းတို့ကြောင့် လမ်းကြောင်းမချော် ငါဘုရားကျောင်းတော်သို့ ကြည့်မြော်ရှုကာ ချစ်သမီးပဋ္ဌာသည် လျင်မြန်စွာရောက်စေသားလို့ သနားတဲ့စိတ်အကြံနှင့် အဓိဋ္ဌာန်ပြုတော်မူတယ်။ အဲ-ဤကဲ့သို့ သနားစိတ်သန် အဓိဋ္ဌာန်နှင့်ရှုကြံရည်မြော် ဘုရားရှင်တန်ခိုးတော်ကြောင့် နတ်ခေါ်တဲ့ အလားကဲ့သို့ လေးပါးသောပရိသတ်ကို ဘုရားမြတ်သွန်းလောင်းခိုက်တွင် တစိုက်စိုက် လမ်းကိုလျှောက်ပြီး ကျောင်းတော်သို့ဆိုက်ရောက်လို့မို့ ထံတော်အောက်ခိုဝင်၍ပရိသတ်အနားပြင်ကဘုရားကိုဖူးမြင်ကာနေတယ်။ အဲ-ထိုအကြောင်းကိုပြ၍

တဒါ ကိသာ ဝ ပဏ္ဍုစ၊ အနာထာ ဒီနမာနသာ။
ဣတော တတော ဂမေန္တီ ဟံ၊ အဒ္ဒသံ နရသာရထိံ။

လို့ ဟောတော်မူတယ်။

(ပဌမအကြိမ်)

တဒါ၊ ထိုသား,လင်,မောင်ပါ မိဘတာနှင့် ပိတာမွေးဖ သေပျောက်ကြသောအခါ၌။ အနာထာဒီနမာနသာ၊ နွမ်းပါးချို့ငဲ့ကိုးစားမဲ့ ချည့်နဲ့နုန်းမှိတ် အားနွဲ့သောစိတ်ဖြင့်။ ကိသာစ၊ သွေးသံမည် ပုံမပီအောင် ကြုံလှီသောကိုယ် ရှိသည်ဖြစ်၍ လည်းကောင်း။ ပဏ္ဍုစ၊ ကြွေပျက်လုခါ ဖက်ရွက်ပမာကဲ့သို့ ရင့်ဝါသော ကိုယ်ရှိသည်ဖြစ်၍လည်းကောင်း။ ဠတော တတော၊ တစ်ရွာမှဖဲ တစ်ရွာလွဲ၍ အမြဲမတည် ထိုမှဤမှ။ ဂမေန္တိ၊မရှိအဝတ် သတိလွတ်လျက် ယွင်းချွတ်တာရှည် လှည့်ပတ်၍နေသော။ အဟံ၊ သောက ဟုန်တောက် သွေးသံနောက်၍ ရှက်ကြောက်ကင်းကွာ ငါပဋ္ဌာသည်။ နရသာရထိ၊ လူတို့ထိပ်ဦး ရထားမှူး ဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဒ္ဒသံ၊ ကြမ္မာဝဋ္ဋကြီး ကျွတ်ချိန်နီး၍ ခရီးကြုံပေ ဖူးမြင်ရလေပြီ။

အဲ သည်လို ဒုက္ခိတ၊ ပဋ္ဌာ အနီးသို့ဝင်ရပ်လာလျှင်ပင် မြင်သမျှများစွာ ပရိသတ်ဗိုလ်ပါတို့က ပဋ္ဌာမ အရူးသည် လူမှူးမြတ်စွာ၏ ရှေ့တော်သို့ဝင်ရပ် လာခြင်းမှာ အလျဉ်းမသင့်ရာချေဘကားဟု မြစ်တားခြောက်ချမ်းပြီး ငေါက်ငမ်း နှင်ထုတ်ကြပြန်တယ်၊ အဲ့ထိုအခါ သုံးလူ့ဘမြတ်ဘုရားက မတားမနှင်စေဘဲ နေမြဲပင် နေစေတော်မူလေမှ ထို ပဋ္ဌာမဒုက္ခိတမှာလဲ ပါပဝဋ္ဋကျွတ်စဲလို့မို့ ရှေးကနည်း မူလ စိတ်နှလုံးကြည်မြပြီး သတိကောင်း ရသဖြင့် ဟိရိဩတ္တပ္ပလစ်ဟင်း၍အဝတ်အစားကင်းသည်ကိုလဲ ရှက်ကြောက်ခြင်းစိတ် အနေနှင့် တုံ့ဝပ်ခါထိုင်နေတယ်၊ အဲ့ထို့နောက်မှ အနီးမှာရှိတဲ့ ယောကျ်ားတစ်ယောက်က အပေါ်ရုံစုလျားတဘက်ကို ခေါင်းပေါ်ထက် ပစ်တင်လိုက်သဖြင့် ယူငင်ကာပတ်ဖုံးပြီး သုံးဘုံသုံးသခင် ထိပ်ခေါင်တင် ရှင်တော်ဘုရား-ကိုးစားစရာမရှိ လင်,သားနှစ်ယောက် မောင်မိဘတို့ သေကြပျောက်ရာ မီးတောက်ဖိ မချိနွမ်းနယ် ထူထောင်မရ ပူလောင်လှတဲ့ဒုက္ခသည်ကို ကယ်တော်မူပါ ဘုရားလို့’အဲ သည်လို လျှောက်ထားအသနားခံတယ်။

အဲ-ဤကဲ့သို့ ဒုက္ခိတ ပဋ္ဌာက သော်ကမီး ပူဗျာပါမှ အေးလွယ်ရာ အကြောင်းနှင့် ခွင့်တောင်းလျှောက်ကြားလေလျှင် ကရုဏာပွား ရှင်တော်ဘုရားကလဲ ‘ချစ်သမီးပဋ္ဌာ သင့်လိုအတူ မအေးသူတို့ကို ကယ်ယူမယ့်စိတ် အကြံနှင့်အဓိဋ္ဌာန်စွဲချည်ပြီး ပါရမီအခန်းခန်းဘုရားတို့ကျင့်လမ်းကိုပင်ပန်း အောင် ကြိုးစား၍ငါဘုရား ဖြည့်တော်မူခဲ့တယ်၊ ရှေးကံနှိုးဆော်ကျွတ်ချိန်

ဟော်သောကြောင့် မခေါ်မကြား ငါ့ထံပါးသို့ဝပ်တွားမျက်မှောက် သင်ယခုရောက်ရတယ်'အဲ = ဤလိုဝမ်းမြောက်ဖို့ စကားနှင့်မြှောက်စားချီးမြှင့်တော်မူပြီးမှ ချစ်သမီးပဋ္ဌာ·ဘုံသုံးရွာတွင် များစွာအနန္တ ကံပစ်ချ၍ဖြစ်ကြရှည်ကြာ သတ္တဝါတို့မှာ မမွှတာထုံးဘမ်းကံဆုံးခန်း၍ညှိုးနွမ်းခြောက်လှယ်သေပျောက် ကွယ်သည်တို့ကို စိုးရိမ်တယ်လို့မရဘူး၊ မျက်မြင်ခုဘာ သားလင်တို့သေရေးနှင့် မအေးနိုင်ဆူကြွလို့ သင်ယခု ငိုချတာလို ထိုဆိုရေးဘဝကပ်ကမ္ဘာအနန္တတို့က မိဘဆွေရင်း မိတ်သားချင်းတို့နှင့် ကွေကွင်းတဲ့အရှိန်သေခြင်းနှင့်တွေ့ကြုံခဲ့လို့မို့ ညှိုးမှိန်မလှ စိုးရိမ်တဲ့စိတ်ဒုက္ခတို့ကြောင့်ယိုကျကာတတွေတွေ ငိုချတဲ့ မျက်ရည်ဟာ သမုဒ္ဒရာ လေးစင်းရေမျှ မကဘူးအဲ သို့ဖြစ်လို့မို့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို မဖြတ်နိုင်သေးသမျှ ကြုံတွေ့ရတဲ့ ဒုက္ခဝဋ်ကြီး ခြစ်ခြစ်လောင်မျှပြောင်ပြောင်ပတဲ့ သောကမီးကြောင့်အမေ့ကြီးမေ့၍ မနေရမယ့်အကြောင်းများနှင့် ဟောကြားဆုံးမတော်မူလို၍–

စတုသု သမုဒ္ဒသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ သမ္မ တုဝံ ပမဇ္ဇသိ။

လို့· ဟောတော်မူတယ်။

ပဋ္ဌာစာရေ၊သောကလောင်မီး ပြောင်ပြောင်ညီးတဲ့ ချစ်သမီးပဋ္ဌာစာရီ၊ စတုသုသမုဒ္ဒသု၊ မြစ်ငယ်မြစ်ကြီး တဒီးဒီးနှင့် ကျစီးယိုဆင်းသမုဒ္ဒရာကြီးလေးစင်းတို့၌။ ဇလံ၊ ဂယက်ဆွဲမှုတ် သဲသဲယုတ်မျှဝဲဇလုတ်ခမွှသမုဒ်ရေသည် ပရိတ္တကံ၊ အနောက်နံလျား ကျယ်ပြန့်ပွားလဲစံထားဖို့ရေး နည်းငယ်သေး၏။ သောစနာ ဆွေချိုးမိဘ သေပျောက်ကြ၍ ငိုရပူပြင်း စိုးရိမ်ခြင်းကြောင့်။ ဒုက္ခေန၊ ချမ်းသာမရှိ ပန်းကာရိ၍မချိထန်ပြင်း ဆင်းရဲခြင်းနှင့်၊ ဖုဋ္ဌဿ၊ ကသိကအောက် တွေ့ထိ ရောက်ရသော။ နရဿ၊ရဟတ်ပမာတချာချာနှင့် ရှည်ကြာပြေးလျှောက် မျက်ချည်ပေါက်သည်၊ တတော၊ထိုသမုဒ်လေးထွေ ရှိသောရေထက်။အနပ္ပကံ၊ဤရွေ့ဤမျှ ဂဏန်းချလည်း မရနိုင်းညှိတိုင်းမသိအောင် ဗဟုံ၊ ယူဆားပုံပြု အကုန်စုံက အထုပ္ပွားရှည် များလှလေပြီ။ ကိံကာရဏာ၊ မဆခတွေး ဘယ်အရေးကြောင့်။ တုဝံ၊သင်သည်။
(ပဥ္စမအကြိမ်)

သောကဝသာ၊ မောလှပင်ပန်းသောက၏အစွမ်းဖြင့်။ ပမဇ္ဇတိ၊ ဆိုးကောင်း မလင်း ကျိုးကြောင်းကင်းအောင် လစ်ဟင်းမေ့လျော့၍ နေဘိသနည်း။

အဲ·ဤကဲ့သို့ ရှင်တော်ဘုရားက အနမတဂ္ဂကထာစကားဖြင့် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး သွန်းလောင်းတော်မူလျှင် ငြိုငြင်သော ဒုက္ခိတ မိပဋ္ဌာသည်ဗျာပါပါးကြွ ပူအားပြေလို့မို့ တရားရေဝင် စိတ်စက်များကြည်လင်ပြီး ရွှင်ရွှင်ပျပျ သောမနဖြင့် ဓမ္မကိုစိတ်မှာစွဲတာနှင့်သောကဟုန် အဲတန်နည်းသွားတယ်၊ အဲ·ဤကဲ့သို့ ပဋ္ဌာ၏ကိုယ်ထဲမှာ သောကဟုန် အဲတန်စဲပြီး တရားဥစ္စဝင်သည်ကို သုံးလူ့ရှင် သယမ္ဘူသည် ဉာဏ်တော်ဖြင့် သိတော်မူက အပူငွေ့ကင်းထက်ကင်းအောင် တရားအေး သွင်းတော်မူပြန်လို၍....'ချစ်သမီးပဋ္ဌာ-သားသမီးဉာတကာတို့ဆိုတာ တစ်သက်လျာတစ်ခဏ အခိုက်အတန့်ကာလတို့၌သာညီညာမှိုင်းမကိုယ့်ကိစ္စကိုယ့်အကျိုးကိုသည်းပိုးဖော်ရကြတယ်၊ ဤကာယသေဆုံးကျွန်လို့မို့ အဆုံးစွန်ဖယ်ရှားပြီး တမလွန်ဘဝတစ်ပါးသို့ အကယ်၍ ပြောင်းသွားရတော့မယ်လို့ဆိုတော့ မိဖနှင့် မိတ်သင်းပင် သားသမီးဉာတိရင်းတို့မှာ သုသာန်တွင်း တစပြင် မြေသလင်း လုတ်တိုင်းခွင်သို့ ယူငင်ကာ ပို့သကြပြီး မီးရှို့ဖော်လောက်သာရကြတာပဲ။

လားရမယ့် ဘဝကိုတော့ သားသမီးဆိုတာကလဲ သူမလိုက်မပါ၊ မိဘဆိုတာကလဲရှောင်လွှဲ၊မျိုးဆွေဉာတိသမျှတို့ကိုအကုန်ခွဲပြီး တစ်ယောက်တည်း အဖော်မကူဘဲ ကံယူရာဘဝသစ်မှာ ဖြစ်ချင်တိုင်းဖြစ် နစ်ချင်တိုင်းလဲ နစ်ပြီး အသစ်အသစ်သာလဲလဲ တစ်နည်းတစ်နည်းသာစီမံလို့ သံသရာစက်ရဟတ်မှာ တချာချာရစ်ပတ်ပြီးအမြစ်မပြတ်သမျှဖြစ်လို့ချည့်သာ နေကြရခြင်းကြောင့် ခုဘဝရှိတဲ့သမီးသားနှင့်ခုရှိတဲ့မိဘများဆိုတာ ကိုယ်သွားတိုင်းလဲ သူတို့မပါ သေဘေးဆိုတာကိုလဲ မတားမြစ်တတ်၍ ကိုးစားစရာပဲလို့ မထင်မှတ်ရဘူးတဲ့၊ အထူးကြိုးစားတဲ့ ကိုယ်ပြုတဲ့ ကောင်းမှုများမှသာ ကိုယ်သွားတိုင်း နောက်ကပါပြီးကိုယ့်ဖို့ရာလက်ကိုင်မြဲလို့မို့သားသမီးလို့လဲဆိုရမိဘဆိုယင်လဲ အစစ် မိတ်ဆွေခင်ပွန်းကောင်းလဲ ဖြစ်ပေတယ်၊ အဲ·ဤကဲ့သို့ အရေးကိုသာ မျှော်တွေးကာ ကြံရွယ်လို့မို့ ကိုယ့်ခန္ဓာနောက်ကွယ်မှာ ကိုးကွယ်စရာ ပြင်ဆင်၍ သီလကိုသာ သုတ်သင်ပြီး နိဗ္ဗာန်ဝင် မဂ်ဖိုလ်လမ်းကိုသာ ကြိုးပမ်းကာရှာဖွေရမယ်၊ အဲ·ဤလိုလဲ တစ်ဖန် ဆုံးမတော်မူလိုပြန်၍—

(ပဋ္ဌမအကြိမ်)

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။*
ဧတ မတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

လို့ ဟောတော်မူတယ်။

ပဋာစာရေ၊ ချစ်သမီး ပဋာစာရီ။ အန္တကေန၊ မညှာမဆုတ် သေမင်း ယုတ်သည့်။ အဓိပန္နဿ၊ ကိုးဆယ့်ခြောက်ဖုံ လက်နက်စုံဖြင့် အကုန်ပစ်ခွင်း ဖိကာနှင်း၍ အသင်းတိုက်ခတ် နှိပ်စက်အပ်သောသူအား။ တာဏာယ၊ သေမင်းလက်နက် ရန်စစ်မက်ကို တိုက်ဖျက်စီးနှင်း ပုန်းအောင်းခြင်းငှါ။ ပုတ္တာ၊အတွင်းသားဟု တအားပြုဖို့ အမှုကိုဆီး သားသမီးတို့သည်။ န သန္တိ၊ နှမ်းစေ့မျှမှန် မရှိကုန်။ သုဘာဏတာ၊ သေမင်းဘေးကို မလေးမကြောက် သေရေးရောက်က အေးပျောက်အောင်သတ် စောင့်ရှောက်တတ်သော။ ပိတာပိ၊ အရေးပိုင်နှင်း မိဘရင်းသည်လည်း။ နတ္ထိ၊ မရှိချေ။ ဗန္ဓဝါပိ၊ အတူ ပေါင်းသင်း မိတ်သင်းပင်သည်လည်း။ နတ္ထိ၊ မရှိချေ။ ဉာတိပိ၊ မိန္ဒယ်တမြတ် သွေးသံဟတ်၍ တော်စပ်ချင်းချင်း ဆွေမျိုးရင်းသည်လည်း။ နတ္ထိ၊ မရှိချေ။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ ဧတံ အတ္ထဝသံ၊ ထိုသို့ဆိုပြီး သားသမီးနှင့် မိတ်ကြီးသားချင်း မိဘရင်းတို့ သေမင်းနှင့်ဆိုင် ကိုးကွယ်ရာ မရှိနိုင်သော အဖြစ်ကို။ ဉတွာ၊ လိမ္မာချင့်မိ မှန်စွာသိ၍။ သီလသံဝုတော၊ အကျင့်ညီမျှ ကျင့်သီလကို နှေးညဉ့်မပျောက် ထိန်းစောင့်ရှောက်လျက်။ နိဗ္ဗာန ဂမနံမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကောင်းကို။ ခိပ္ပမေဝ၊ မကြာစေရ ယခုဘဝဥ္စသာလျှင်။ ဝိသောဓယေ၊ မပွေမရှုပ် အခြေပြုတ် အောင် ဖြည်ခုတ်နုတ်ကာ သုတ်သင်ရာ၏။

အဲ-ဤကဲ့သို့ ရှင်တော်ဘုရားက ကရုဏာရှေ့ထားပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေလျှင် ပဋာစာရီ ဒုက္ခိတသည် သော ကမီး ပြေပျောက်လို့မို့ သောတာပန်အဖြစ်သို့ ရောက်သွားတယ် အဲ-ထိုသို့ သောတာပန်တည်ပြီးနောက်မှ ဘိက္ခုနီမ ပြုပါချမည့်အကြောင်းနှင့် ပပ် ညောင်းတစ်ဖန် ခွင့်တောင်းပန်ပြီး ဘုရားရှင်အထံမှာ ဘိက္ခုနီမ ပြုလုပ်ပြန်

---

*နတ္ထိ ဉာတီသု တာဏတာ၊ အပဒါန၊ ပါဠိ၊ ဒုတိယ၊ ၂၃၀။
ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၂၇၁။

တယ်၊ အဲ-ဘိက္ခုနီမဖြစ်ပြီး မကြာမြင့်မီ ရဟန်းမိန်းမတို့ကို မှီပြီးနေရာ တစ်နေ့သောအခါခြေဆေးကျောက်ဖျာအပြင်၌ ခြေကိုတင်ပြီး ဆေးကြော သုတ်သင်လို၍ ရေအိုးမှရေကိုယူ၍ ခြေကို လောင်းလိုက်သောအခါ ပထမ လောင်းလိုက်သောရေပေါက်သည် အနည်းငယ်စီးလျှောက်ပြီး ခန်းခြောက် ပျောက်ပျက်ခြင်းသို့ ရောက်သွားတယ်၊ အဲ-ဒုတိယအကြိမ်, တတိယအကြိမ် လောင်းပြန်သောရေပေါက်တို့သည်လည်း၊ ထိုထက်အနည်းငယ် အနည်းငယ် ရှေ့သို့စီးလျှောက်၍ ခန်းခြောက် ပျောက်ပျက်ခြင်းသို့သာ ရောက်ကြပြန် တယ်။

အဲ-ဤကဲ့သို့ သုံးကြိမ်သုံးတန် လောင်းလိုက်သောရေပေါက်တို့၏ ခန်း ခြောက် ပျောက်ပျက်ဟန်ကို ဉာဏ်ဖြင့်စဉ်းစားပြီး ဤလောက၌ ရှိကြတဲ့ သတ္တဝါများမှာလဲ ဤသုံးကြိမ်လောင်းသော ရေပေါက်တို့၏ ခန်းခြောက် ပျောက်ပျက်လေသကဲ့သို့ ပထမအရွယ်,ဒုတိယအရွယ်,တတိယအရွယ်သုံးပါး တို့တွင် တစ်ပါးပါးသို့ ရောက်ကြ၍ သေပျောက်ပြုန်းတီး ပျက်စီးခြင်းသို့ ရောက်ကြရမှာပဲလို့၊ အဲ ဤလို နှလုံးထားပြီး သံဝေဂတရားကို ပွားများ ဆင်ခြင်မိတယ်၊ အဲ-ထိုအခါ ရှင်တော်ဘုရားက ပဋာစာရီ၏ စိတ်အကြံ သံဝေဂဖြစ်ဟန်ကို ရွှေဉာဏ်ဖြင့်သိတော်မူ၍ ကျောင်းတော်တွင်းမှာ သီတင်း သုံးတော်မူရင်းပင် ဩကာသရောင်ခြည်တော်အလင်းနှင့် ဝင်းဝင်းမားမား အနီးသို့ ကြွသွားတော်မူသကဲ့သို့ 'ချစ်သမီး ပဋာ-သင်ယခု ကြံမိသောအရာ ကဲ့သို့ သတ္တဝါအများတို့သည် သုံးပါးသောအရွယ်တို့၌သာ ရှည်ကြာမနား ပျက်ပြားပျောက်တတ်သော သဘောရှိချေသည်။ အဲ-ဤကဲ့သို့ သဘော ကို မတွေးတော မဆင်ခြင်သောသူသည် အသက်တစ်ရာ ရှည်ကြာဆက်သက် နေရသည်ထက်ပင် သေရမည်သဘောကို တွေးတော ဆင်ခြင်မိသောသူ၏ တစ်နေ့တစ်ရက် တစ်မနက်မျှ အသက်မသေ တည်နေရခြင်းကား အလွန် အမင်းပင် မြတ်မွန်လှချေ၏'ဟု ဟောပြတော်မူလို၍ ...

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

လို့ ဟောတော်မူတယ်။

ပဋာစာရေ၊ ချစ်သမီး ပဋာစာရီ။ ယောစ၊ အကြင်သူသည်ကား။ ဥဒ ယဗ္ဗယံ၊ ခန္ဓာငါးပါးရုပ် မတည်အုပ်တဲ့ ခန်းချုပ်ဆက်ဆက် အဖြစ်အပျက်ကို။ (ပဌမအကြိမ်)

အပသံ အသာသနေ္တာ၊ သတိမထား တရားမဝင် ဆင်ခြင်ဉာဏ်နည်း မရှုမမြင် ဘဲသာလျှင်။ ဝဿသံဟံ၊ အနှစ်တစ်ရာ ရှည်မြင့်ကြာအောင်။ ဇီဝေ ဇီဝေယျ၊ နေ့ရက်တာရှည် အကယ်၍နေရစေကာမူ။ တတော၊ ထိုတစ်ရာသက်လုံး သတိ ဖုံးလျက် နှလုံးမမူ နေရသောသူထက်။ ဥဒယဗ္ဗယံ၊ ခန္ဓာနာမ်ရုပ် တက်ဆုပ် ဆက်ဆက် အဖြစ်အပျက်ကို။ ပဿတော၊ ရှုကာအစဉ် ခု·ခုထင်အောင် သိ မြင်သောသူ၏။ ဧကာဟံ၊ တစ်နေ့တစ်ရက် တစ်မနက်မျှ။ ဇီဝိတံ၊ အသက်မယွင်း တည်နေရခြင်းသည်။ သေယျော၊ အလွန်အကျိုးအထူးဝိသေမြတ်လှချေ၏။

အဲ·ဤဒေသနာဂါထာအမြိုက်ကို ကျေးတိုက်တော်မူလေက ပဋာစာရီ ဘိက္ခုနီမသည် ရှိသမျှအာသဝေါတို့ ကုန်ချောခန်းခြောက်ပြီး ရဟန္တာမ အဖြစ်သို့ ရောက်သွားတယ်၊ အဲ·သို့စဉ်ကာလောက် ပါရမီ ရဲရဲတောက်နှင့် နိဗ္ဗာန်သို့ ကူးရတော့မဲ့ ပစ္ဆိမဘဝသို့ ရောက်ပြီးတဲ့ ပဋာစာရီမစဉ်လျက် မိဘ မောင်သား ခင်ပွန်းများတို့၏ ပျက်ပြားယိုယွင်း သေပျောက်ခြင်းကြောင့် လွန်မင်းစွာပူဆွေးလို့ ငိုကြွေးရရှိနှင့်မှမဟာဓိသာကပူမိုးအရှိန်ကြီးလှ၍ဟည်း ဟည်းလျှံတောက်ရူးသွပ်ခြင်းသို့ပင်ရောက်ရခဲ့သေးတယ်။ အဲ·ထိုနောက်မှသာ ပါရမီရင့်မာလှ၍ ပညာဉာဏ် အစွမ်းထက်သဖြင့် ထောင့်ငါးရာရန်စစ်မက် ကို ပယ်ဖျက်သုတ်သင်ပြီး နိဗ္ဗာန်သို့ ဝင်ရောက်နိုင်တယ်။

အဲ·ထိုကြောင့် သံသရာမှာကျင်လည်ရတဲ့ သတ္တဝါဆိုဘာ ပဋိသန္ဓေနေရ အိုရ, နာရ, သေရတဲ့ဘေးဒုက္ခနှင့်သာ တွေ့ရတာမဟုတ်သေးပါဘူးတဲ့၊ သား သမီး အမေမိဘ တော်စပ်သမျှသောသူတို့၏ သေကြေပျက်စီးခြင်းနှင့် တွေ့ ကြုံရခြင်းကြောင့်လဲပဲ ပူပြင်းခဲသောက လွန်မင်းသော ဘေးဒုက္ခတွေနှင့် တွေ့ရကြုံရ တိုက်ဆိုံရသေးတာပဲ၊ အဲ·ထိုကြောင့် သံသရာဘေးဝဋ်မှ ကျွတ် လွတ်လိုကြသောသူတို့မှာလဲ မိမိတို့၏ ကိုးကွယ်ရာ ဒါန, သီလ, ဘာဝနာတို့ ကိုသာ ဖွေရှာကြိုးပမ်း၍ သံသရာနခမ်း သတိကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း လ။ ပတ္တနာဆုကို ပြုလိုက်ကြကုန်။

**သံသရာ၌ တွေ့ကြုံရခြင်းဒုက္ခကို ပြသော**
**ပဋာစာရီဝတ္ထု ပြီး၏။**

---

**(ပဉ္စမအကြိမ်)**

## (၁၀)

### မရဏာဿတိကမ္မဋ္ဌာန်း ပွားနည်းကိုပြသော

# မဟာပရိနိဗ္ဗာန်ပြုခန်း

မရဏဿတိံ ဘိက္ခဝေ ဘာဝေထ၊ မရဏဿတိ ဘိက္ခဝေ
ဘာဝိတာ ဗဟုလီကတာ၊ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊
အမတောဂဓာ အမတ ပရိယောသာနာ- ဘာဝေထ နော
တုမှေ ဘိက္ခဝေ မရဏဿတိံ ၁။ (အင်္ဂုတ္တရပါဠိ၊ ဒု၊၂၆၈)

ဘိက္ခဝေ၊အိုနာသေရေးဒုက္ခဘေးမှလွတ်အေးလိုငြား အို-ချစ်သားတို့ တုမှေ၊သင်တို့သည်။မရဏဿတိံ၊ဓမ္မတာသဘာဝ အချိန်ကျက ဇီဝမတည် သေရမည်ဟု ကြံစည်စဥ်းစား အောက်မေ့ခြင်းသတိတရားကို။ဘာဝေထ၊ မနားဖွေရှာ ပွားများကြပါကုန်လော။ ဘိက္ခဝေ၊ သံသရာဝဋ်ဘေး ကျွတ်လွတ်ရေးကို မျှော်တွေးငဲ့စား အို-ချစ်သားတို့။ ဘာဝိတာ စဥ်းစား မပြတ် ပွားများအပ်သော။ဗဟုလီကတာ၊ကြိမ်ကြိမ်ထပ်ထပ် လေ့လာအပ်သော။မရဏဿတိ၊သေချည့်သေချည့် မြဲမရှိဟု စွဲသိမှတ်သား မရဏဿတိ၊ တရားသည်။မဟပ္ဖလာ၊ သမဏကိန်း ရာဂငြိမ်း၍ ခပ်သိမ်းပြီးစီး အကျိုးကြီးသည်။ မဟာနိသံသာ၊ ပီတိသောမန ပါမောဇ္ဇနှင့် ကာယသုခ အာနိသံရှိသည်။အမတောဂဓာ၊ အိုနာသေရေး ဒုက္ခဘေးကို ငြိမ်းအေး လွန်ပျောက် နိဗ္ဗာန်သို့ရောက်စေတတ်သည်။ အမတ ပရိယောသာနာ၊ ဒုက္ခငြိမ်းပျောက် နိဗ္ဗာန်ရောက်မှ ပြီးမြောက် ကုန်တုံး အကျိုးဆုံးသည်။ ဟောတိ၊ ဖြစ်ရချေ၏။

**အဓိပ္ပာယ်မှာကား**....ချစ်သားရဟန်းများတို့ အိုရခြင်း, နာရခြင်း, သေရခြင်းတည်းဟူသော သံသရာဝဋ်နှင့် မကင်းမလွတ်နိုင်ကြ ကုန်သေးသော သင်ချစ်သားတို့သည် ထိုသံသရာဘေးကြီးကင်းပျောက်၍ နိဗ္ဗာန်သို့ ရောက်လိုကြပါမူကား အခြားကိုအားမထုတ်ကြကုန်လင့် ဤမရဏဿတိ ကမ္မဋ္ဌာန်းကိုသာ စီးဖြန်းပွားများကြကုန် ဤမရဏဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပြီးလို့ဆိုလျှင်အဆောတလျင် သံသရာရေယာဥ်ကို ကျော်

---

ဤမဟာပရိ နိဗ္ဗာန်ပြုခန်းကား သုတ်မဟာဝါ၌လာသည်။
(မြင့်မိုရ်) ဖ-၃၄ (ပဥ္စမအကြိမ်)

မြောက်၍ နိဗ္ဗာန်သို့ရောက်စေနိုင်တယ်၊ ဤမရဏဿတိကမ္မဋ္ဌာန်းသည်ကား အလွန်များသော အကျိုးအာနိသံရှိတယ်၊ လောကီဥာဏ်ရှိတဲ့ လူချမ်းသာ နတ်ချမ်းသာမျှကိုသာမက လောကုတ္တရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရစေနိုင်တယ်၊ နိဗ္ဗာန်ရောက်မှသာလျှင် ဤမရဏဿတိကမ္မဋ္ဌာန်း၏ အကျိုးပြီးဆုံးကုန်ဆုံးတယ်လို့ အဲ-ဤလို မြတ်စွာဘုရားက နှုိးဆော် တိုက်တွန်းတော်မူတယ်။

သို့ကလောက်အကျိုးထူးများတဲ့ ဤမရဏဿတိကမ္မဋ္ဌာန်းကို စီးဖြန်းရမယ်ဆိုယင် ဘယ်လိုများစီးဖြန်းရ ပါသလဲလို့ဆိုတော့ ဤမရဏဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုတဲ့သူမှာ ရှေးဦးစွာ ရာဇဝတ်မင်းဒဏ်သင့်တဲ့ သူ၏အနီးအပါးမှာ သူသတ်ယောက်ျား မားမား မတ်မတ် သံလျက်ဓားနှင့် လည်ပင်းကို ဖြတ်တော့မယ်လို့ချိန်ရွယ်ကာရပ်နေတာလို သေခြင်းတရားလဲ ငါ၏အနီးအပါးတွင်သာ ကပ်နေတာပဲ၊ ငါသည်မူကား မွေးဖွားလို့ပြီးကတည်းက တဖြည်းဖြည်းကြီးကြီးလာပြီး သေဘက်သို့ နီးနီးသွားရတော့တာပဲ၊ အဲ-ဤလိုလဲ သေခြင်းနှင့် နီးသည်ကိုစဉ်းစားပြီး မရဏဿတိကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင်ရမယ်။ ထို့ကြောင့်

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သဂစ္ဆံ န နိဝတ္တတိ။

လို့ ဟောတော်မူတယ်။ ဇာတ်၊ ပထမ၊ ၃၅၃။ ဝိသုဒ္ဓိ၊ ပ၊ ၂၂၃)

မာဏဝေါ၊ ရှေးကံမြောက်၍ ပေါ်ပေါက်ဖြစ်လာ သတ္တဝါသည်။ယံဧကရတ္တိံ၊အကြင် ခါချိန်အသင့် တစ်ခုသောနေ့ညဉ့်၌။ပဌမံ၊ ရှေးဦးစွာ။ ဂဗ္ဘေ၊သန္ဓေတိုက်ခန်း အမိဝမ်း၌။ ဝသတိ၊ ကံပစ်ချ၍ ဌာနလူ့ပြည် နေရလေ၏။ သော မာဏဝေါ၊ ပဋိသန္ဓေ တည်နေဖြစ်သာ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဝ၊ သေမင်းဘက်သို့တက်ကာတက်ကာ ရှေးရှုသာလျှင်။ယတိ သေချိန်သေပေါက် အမြန်ရောက်အောင် လျှောက်ကာလျှောက်ကာသွားရရှာ၏။ဂစ္ဆံ ဂစ္ဆန္တော၊ အရှိန်ဒီးဒီး သေချိန်နီးဖို့ ခရီးဖြန့်ချဲ့ သွားရလေသော။ သော မာဏဝေါ၊ ထိုသေမင်းအာဏာ မလွန်သာသောသူသည်။ နနိဝတ္တတိ၊ကျောက်ဘုန်စောင်းရွှဲ့နောက်ကိုလှည့်၍ငဲ့ကာကြံမှိုင်မပြန်နိုင်။ အဲ-ဤလိုလဲဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ဂိမ္ဟန္တဥတု နွေရာသီဥတုကြီး အလယ်မှာ မြစ်ငယ်ရေ မြောင်း အင်းအိုင်ချောင်းတို့သည် ထောင်းထောင်း ဝေ့ဝေ့ နေပူဟုန်

အရှိန်တွေ့သဖြင့် အငွေ့တွေထွက်သန်းပြီး တရွှေ့ရွှေ့ခန်းကြတာလို ငါ၏ အသက်ဆိုတာမှာလဲ နှစ်၊နေ့၊လအရှယ်ကြီးသဖြင့် တဖြည်းဖြည်း ဇရာစီးပြီး သေဘက်သို့သာ နီးသွားရတော့တာပဲ၊ ကြီးသည်မှနောက်ကိုလည်ပြီးလူအို ကြီး၊ ငယ်သေးတယ်လို့ ဘယ်အခါမှမရှိဘူး။ အဲ ဤလိုလဲကြံဆစဉ်းစားပြီး သေရခြင်းတရားကို ပွားများဆင်ခြင်ရမယ်။ ထို့ကြောင့်—

အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။

အာယု ခီယတိ သတ္တာနံ၊ ကုန္နဒီနံ၀ ဩဒကံ။

လို့-ဟောတော်မူတယ်။ (သံယုတ္တ၊ပ၊၁၁၀။ဝိသုဒ္ဓိ၊ပ၊၂၂၄)

အဟောရတ္တာ၊ နှစ်လနေ့ည ချိန်ကာလတို့သည်။ အစ္စယန္တိ၊ ကျွမ်းကာ ကျွမ်းကာလွန်ခဲ့ပါကုန်၏။ ဇီဝိတံ၊ ခန္ဓာထိန်းအုပ် ဇီဝရုပ်သည်။ ဥပရုဇ္ဈတိ၊ ဆုတ်ကာဆုတ်ကာ ချုပ်၍လာ၏။ ကုန္နဒီနံ၊ အင်းအိုင်ကမ်းမြောင်းမြစ်ငယ် ချောင်းတို့၏။ ဩဒကံ၊ ဥတုဂိမ္မေ တည်သောရေသည်။ ခီယကိဝ၊ တရွှေ့ ရွှေ့ပျောက်ခန်း၍ခြောက်သကဲ့သို့။သတ္တာနံ၊လူ့ပြည်နတ်ရွာသတ္တဝါတို့၏။ ဇီဝိတံ၊ခန္ဓာထိန်းအုပ် ဇီဝရုပ်သည်။ခီယတိ၊ တရွှေ့ရွှေ့လုပ်နောက်သို့ဆုတ် ၍ ပျက်ချုပ်နွမ်းခွေ ခန်းခြောက်လေ၏။ အဲ-ဤလိုလဲ ဆင်ခြင်ရမယ်။

သည်သာမဟုတ်သေးပါဘူးတဲ့ အိုးထိန်းသည်ယောက်ျားအိုးလုပ်သမား တို့၏ လုပ်ကိုင်စီရင်၍ ထားကြတဲ့ များစွာအသီးသီး ငယ်ငယ်ကြီးကြီး ဖုတ် ပြီးစိမ်းကျက် မြေအိုးမြေခွက် ဟူသမျှတို့သည် မကြာခဏ ရှည်မြင့်စွာမတည် ကြဘဲ ကြေမွကွဲပေါက်လို့ ပျက်စီးခြင်းသို့သာ ရောက်ကြကုန်သကဲ့သို့ ထို အတူ လူ့ဘုံနတ်ဘုံဗြဟ္မာ့ဘုံ၌တည်ကုန်သောသူတို့၏ အသက်မှာလဲတဖြည်း ဖြည်း ရင့်ကျက်လို့ ဇရာမီးနှိပ်စက်သည်နှင့် ချုပ်ပျက်ပြုန်းတီးခြင်းသို့သာ ရောက်ကြရတာပဲ၊ အဲ-ဤလိုလဲ မြေအိုးမြေခွက်တို့ကို ပုံစံထားပြီး သေရ မည်တရားကို စဉ်းစားဆင်ခြင်ရမယ်။ ထို့ကြောင့်—

ယထာပိ ကုမ္ဘကာရဿ၊ ကတံ မတ္တိကဘာဇနံ။

ခုဒ္ဒကဉ္စမဟန္တဉ္စ၊ ယံ ပက္ကံ ယဉ္စ အာမကံ။

သဗ္ဗံ ဘေဒန ပရိယန္တံ၊ ဇ၀ံ မစ္စာန ဇီဝိတံ။*

လို့-ဟောတော်မူတယ်။ (ဝိသုဒ္ဓိ၊ပ၊၂၂၄)

---

* ယထာပိ ကုမ္ဘကာရဿ၊ ကတာ မတ္တိကဘာဇနာ၊
သဗ္ဗေ ဘေဒန ပရိယန္တာ၊ ဧဝံ မစ္စာနဇီဝိတံ။ (သုတ္တနိ၊၃၇၁)
(ပဥ္စမအကြိမ်)

ကုမ္ဘာဘာရသ၊ အိုးလုပ်မှုနှင့်အားပြုကြိုးစားအိုးထိန်းသည်ယောကျ်ား၏။ ကတံ၊ စီမံကြိုးကုတ် အားထုတ်ပြုပြင်အပ်သော။ ခုဒ္ဒကဥ္စ၊ ပြည်ဝင်စလယ်သေးနုနယ်၍ ငယ်သည်လည်းဖြစ်သော။ မဟန္တဥ္စ၊ စရွပ်စိတ်နီး အရွယ်မှီး၍ ကြီးသည်လည်း ဖြစ်သော။ ပက္ကဥ္စ၊ မီးတွင်ဖုတ်လျက် ဖော်ထုတ်ရက်၍ ကျက်ပြီးသည်လည်း ဖြစ်သော။ အာမကဥ္စ၊ လုပ်၍ပြီးစ မဖုတ်ရ၍ မလှရောင်သွေး မကျက်သေးသည်လည်းဖြစ်သော။ ယံမတ္တိက ဘာဇနံ၊ အကြင်မြေခွက်မြေအိုး အမျိုးမျိုးသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ ရှိသမျှအကုန် လုံးစုံစုဆောင်း အိုးအပေါင်းသည်။ ဘေဒန ပရိယန္တံ ယထာ၊ ကွဲအက်ပြုန်းတီးပျက်စီးခြင်းသာ အဆုံးရှိရာသကဲ့သို့။ ဧဝံ တထာ၊ ပမာထားယူ အလားတူသာလျှင်။ မစ္စာနံ၊ လူတစ်ယောက်ဟု ပေါ်ပေါက်ဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ၊ ခန္ဓာထိန်းအုပ် ဇီဝရုပ်သည်။ ဘေဒန ပရိယန္တံ ဧဝ၊ ကောင်းမှုကံဟုန် အခံကုန်က သေပျက်ခြင်း အဆုံးရှိရသည်သာလျှင်တည်း။ အဲ·ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ဤငါ၏အသက် သေပျက်ရဖို့အကြောင်းကား....အလွန်ပင်များပြားတယ်။ ဘယ်လိုများပြားပါသလဲဆိုလို့တော့၊ ဤ ငါ၏ကိုယ်တွင်းမှာရှိတဲ့ ကိုးဆယ့်ခြောက်ဖြာဆိုတဲ့ ရောဂါဝေဒနာတွေဟာလဲ အသက်သေစရာအကြောင်းတစ်ခုပဲ။ ထိုမှတစ်ပါးလဲ ပြင်ဘက်ကရှိကြတဲ့ ရေ, မီး, မင်း, ခိုးသူ မချစ်မနှစ်လိုသောသူဟု ဆိုအပ်သော ရန်သူမျိုးငါးပါးဆိုတာလဲ အသက်သေစရာအကြောင်းတစ်ခုပဲ။ ထိုမှတစ်ပါးလဲ သစ်,ကျား,သားရဲ, နွား, ကျွဲ, မြွေ, ကင်းစသော အဆိပ်ပြင်းတဲ့ သတ္တဝါတွေကလဲ အရေအတွက် မရှိအောင် ခင်ပုပ်ငှက် တစ်ကောင်ကို ကျီးတစ်ထောင် ဝိုင်းအုံဘိသကဲ့သို့ ဝိုင်းရံလျက် ရှိကြသေးတယ်။

အဲ·ကတိကပါး သို့ကလောက်များပြားတဲ့ ဘေးရန်တွေအကြားထဲမှာ ရှောင်ရှားလို့မှ လွတ်နိုင်ဖို့ရာမရှိ။ တစ်ခုခုနှင့်တိုက်ဆုံထိခိုက်မိက မချိအောင် ဆင်းရဲပြီး သေပွဲနှင့်တွေ့ရမှာချည့်ပဲ။ ထိုကိုယ်တွင်းကိုယ်ပ ရှိသမျှဘေးရန်တွေဆိုတာကလဲ့ သေမင်းစစ်သည် သေမင်းလက်နက်ချည့်ပဲ။ ထိုစစ်သည်လက်နက်တွေကိုလွှတ်၊ လွှတ်ပြီး ဘုံသုံးပါး၌နေကြတဲ့ သတ္တဝါတွေကို တပစ်ထဲ၊ တခတ်ထဲ သေမင်းကပစ်ခတ်နေတာပဲ။ အဲ·ထိုသို့ သေမင်း၏စစ်သည်လက်နက် ပစ်ခတ်ချက် များလှသဖြင့်လည်း ဤ ငါ၏ အသက်သည်

ကြာမြင့်စွာ ရှည်နိုင်ဖို့ရာ မရှိဘူး။ အဲ-ဤလိုလဲ ဆင်ခြင်စဉ်းစားပြီး သေရခြင်းတရားကို ပွားများအောက်မေ့ရမယ်။ ထို့ကြောင့်....

မစ္စုသေနာဝုဓာ သဉ်ျာ၊ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ။
တေဟာယု ပိဋ္ဌိထံ ဆဇ္ဇ၊ မရိဿ မဇ္ဇ ဝါ သုဝေ။
ဗဟွဝုမေ ဝိသဇ္ဇေဘိ၊ နိလ္လေဏံ မစ္စု နိဒ္ဒယော။
ဝသန္တံ ဘဝသင်္ဂါမေ၊ န မုတ္တော ကောစိ အာဝုဓာ။

လို့-ဟောတော်မူတယ်။

ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ၊ ကိုယ်ပကိုယ်တွင်း ခိုဝင်ချဉ်း၍နှိပ်နှင်းပုတ်ခတ်ဘေးဥပဒ်ဖြစ်ကုန်သော။ မစ္စုသေနာဝုဓာ၊ သေမင်းရဲမက် စစ်သက်နက်ဘို့သည်။ အသဉ်ျာ၊ မရတွက်ရေ များလှချေကုန်၏။ တေဟိ၊ ထိုသေမင်းရဲမက် စစ်လက်နက်တို့သည်။ ပိဋ္ဌိတံ၊ ခါခါပစ်ခတ် နှိပ်စက်အပ်သည်ဖြစ်၍။ အာယု-ခန္ဓာငါးချက် ငါ့အသက်သည်၊ ဆဇ္ဇ၊ နေ့ရက်မကြာ ပြတ်ခဲ့ရာ၏။ အဇ္ဇဝါ၊ အချိန်မရွေ့ ဤယနေ့ပင်သော်လည်းကောင်း။ သုဝေဝါ၊ ချိန်ခါပြောင်းရွှေ့ နက်ဖြန်နေ့၌သော်လည်းကောင်း။ မရိဿံ၊ ချုပ်ပျက်ယွင်းသွေ့ သေရချေ့အံ့လည်း မသိ။

နိဒ္ဒယော၊ မထောက်မထား သူတစ်ပါး၌ ရှုစားသွင်းသနားကင်းသော မစ္စု၊ သေကွင်းမဖြစ် သေမင်းညစ်သည်။ ဘဝသင်္ဂါမေ၊ သုံးရွာဘုံခွင် စစ်မြေပြင်၌။ ဝသန္တံ၊ သံသရာဝဋ်မကွာကျွတ်၍ ခလွှတ်သမျှ နေကြရသော။ နိလ္လေဏံ၊ ပုန်းရကွယ်ရာ မမြင်ပါဘဲ လွင်မှာပျော်အောင်း သတ္တဝါအပေါင်းသို့။ ဗဟွာဝုဓေ၊ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာနှင့် များစွာရဲမက် စစ်သက်နက်တို့ကို။ ဝိသဇ္ဇေတိ၊ မပြတ်ခိုင်းစေ ပစ်လွှတ်လေ၏။ ကောစိ၊ ကြီးကြီးငယ်ငယ် ရှောင်မဖယ်ဘဲ လူရယ်ဆိုလောက် တစ်စုံတစ်ယောက်သည်။ အာဝုဓာ၊ ရှိန်ဟုန်ပြင်းထက် သေမင်းလက်နက်မှ။ န မုတ္တော၊ ဥစ္စာတံစိုး လုက်ဆောင်ထိုးလည်း ကပ်ကိုးမပိုင် မလွှတ်နိုင်။ အဲ-ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ဤသေမင်းစစ်မက် သေမင်းလက်နက်တို့ကို မတိုက်နိုင် မဖျက်နိုင်၍ အသက်ဆုံးပါး သေမင်း၏လက်အောက်မှာ သေပျောက်၍ သွားကြကုန်သော မိမိအောက်ငယ်သောသူ-ကြီးသောသူ မိမိနှင့်အရွယ်တူသောသူတို့ကို ကြည့်ရှုလို့ ဩော်-ဤသူတို့ကား သေမင်းစစ်မက်ကိုတိုက်ဖျက်၍ မရနိုင်ကြခြင်းကြောင့် သေမင်း၏လက်နက်ထိ၍ မခါအောင် သေကြရ

(ပဉ္စမအကြိမ်)

တာပဲ၊ ငါသည်လည်း။ ဤသူ ဤသူများတို့လိုပင် သေမင်း၏ လက်နက်နှင့် ဆက်ဆက်တွေ့ရလိမ့်မှာပဲ ယခုအခါ အသက်မသေ ဤမျှလောက် နေရဆို တာလဲ သေမင်း၏ စစ်မက်မလာသေး သေမင်းလက်နက် နာကျင်အောင် မထိမခိုက်သေးလို့သာ မသေဘဲ နေရသေးတာပဲလို့၊ အဲ-ဤလိုလဲ မိမိနှင့် အရွယ်တူ မတူ သေကြတဲ့သူတို့ကို စံယူပုံထားပြီး သေရခြင်းတရားကို စဉ်းစားဆင်ခြင်ရမယ်။ ထို့ကြောင့်—

ယော သမာ နဝါ ဝုဍ္ဍာ၊ တဒါဝုဓေဟိ တေ မတာ။
တထာဟမ္ပိ မရိဿာမိ၊ လေဏံ ပုညံဝ မေ ကတံ။

လို့ ဟောတော်မူတယ်။

ယော၊ ငါနှင့်။ သမာ၊ နေ့, လ, ရက်, နှစ် သက္ကရာဇ်နှင့် တွက်စစ်စံယူ အရွယ်တူကြကုန်သော။ မယော၊ ငါ့အောက်။ နဝါ၊ နှစ်,လ ရွေးချယ် အသက် ငယ်ကြကုန်သော။ မယော၊ ငါ့ထက်။ ဝုဍ္ဍာ၊ နှစ်, လ, ရက်စီး အသက်အရွယ် ကြီးကြကုန်သော။ တေ မနုဿာ၊ ထိုမျက်မြင်တွေ့ကြုံ အလုံးစုံသောသူတို့ သည်။ တဒါဝုဓေဟိ၊ ထိုသေမင်းရဲ့မက် စစ်လက်နက်တို့ဖြင့်။ မတာ၊ ထိုသူတို့ နှင့် အတူမခြား။ အဟမ္ပိ၊ ငါသည်လည်း။ မရိဿာမိ၊ အမြဲမခနေ သေရချေ အံ့။ မေမယော၊ ငါသည်။ ကတံ၊ မသေမီ ယခုဆည်းပူး၍ ပြုအပ်သော။ ပုညံ၊ ဒါနအစ ပြုသမျှအကြောင်း ကုသိုလ်အပေါင်းသည်သာလျှင်။ လေဏံ၊ နောင်ရေးမချွတ်တောင်ဘေးဝဋ်မှ အေးကျွတ်လွယ်ကာ ကိုးကွယ်ရာသည်။ ဘဝိဿတိ၊ စင်စစ်မသွေ ဖြစ်ရချေလတ္တံ့။ အဲ-ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ တစ်ခုသောတောရိပ်နှင့် ရေဆိပ်အနီးက ချောင်းမြောင်း ကြိုဆီး၍နေသော တောမုဆိုးသည် သားမျိုးသမင် တောတခွင်က ဝင်ကြ ရောက်ကြ ရေသောက်ကြရအံ့ဟု လာကြတဲ့ သတ္တဝါ အပေါင်းတို့ကို အကြောင်းမငဲ့ မသောက်ရသေးတဲ့ သားသမင်ကိုလဲ ဩော်—ဤသားသမင် ငယ်သည်ကား ခင်မင်မက်မော သောက်ချင်တဲ့စိတ်ဇောနှင့် ပန်းမောအောင် လာခဲ့ရရှာတယ်၊ သောက်ချင်တဲ့ အာသာပြေအောင် ရေဆိပ်မှာ ဆင်း၍ ပြည်းညင်းစွာသောက်ပါစေဦးတော့ဟု မသျှော့မနှိုင်း မငံ့ဆိုင်းဘဲ စိတ်သို

ကိုင်း ပစ်သတ်လိုက်တာပဲ၊ သောက်တုန်းသောက်ဆဲဖြစ်တဲ့ သားသမင်ကို လဲ ဩဝါဒ် ဤသားသမင်ငယ်ကား ရွှင်ရွှင်ပျပျ စိတ်လိုဘိုင်း အားရအောင် ခေတ္တသောက်ပါစေဦးလို့၊ အဲဤလိုလဲ နှလုံးမသွင်းဘဲ အဘင်းသာ ပစ် သတ်လိုက်တာပဲ။

အဲ-ထိုမုဆိုးပမာလိုဘိုသုံးပါးအတွင်းမှာရှိနေကြတဲ့သတ္တဝါခပင်းကိုလဲ မုဆိုးနှင့်တူတဲ့ သေမင်းက လုပ်ခင်းကိုင်ဘာ လယ်ယာကျွန်ုးသား သားမယား စည်းစိမ်မရှိသေး၍ တဖြည်းဖြည်းရှာကြံစုဆောင်းလို့နေကြတဲ့လူအပေါင်း ကိုလဲဩဝါဒ်-ဤသူဤသူများကားစည်းစိမ်ဥစ္စာရှားပါး၍စားရမယ့်သောက် ရမယ့်စီးပွားရေးမတွေ့လို့မို့ အားနွဲ့နွမ်းပါးရှာကြံတုန်းရှိကြပါသေးတကား ငွေကြေးစနေ လုံလောက်အောင် ရကြပါစေဦးတော့လို့၊ အဲ-ဤလိုလဲနှလုံး မထား မသနားမညှာဘာတဲ မျှားစွာသော စစ်သည်လက်နက်နှင့် တိုက်ဖျက် ပစ်ခတ် သေအောင်ပင်သတ်လိုက်တာပဲတဲ့၊ သားမယားစည်းစိမ်နှင့် ဂုဏ် သိမ်တော၀ ကြီးကျယ်လှသောသူတို့ကိုလဲ ဩဝါဒ်- ဤသူဤသူတို့ကားကြီး ပွားသောစည်းစိမ်ကို တင်းတိမ်အားရ ကုန်ခန်းအောင်သုံးဆောင်ကြပါစေ ဦးလို့ လုံးလုံးကြီးမကြံဘဲပြင်းထန်သောလက်နက်နှင့်တစ်ချက်ထဲပစ်ခတ်ပြီး သေအောင်သာ သတ်လိုက်တော့တာပဲ၊အဲ-ဤလို စည်းစိမ်ရှိ မရှိလူများကို မရွေးချယ် မစဉ်းစား အနည်းငယ်မျှမသနားဘဲ မထားမလှပ်သေမင်းသတ် သဖြင့် ပစ္စည်းရပ် သားမယားတို့ကို စွန့်ထားကင်းကွာ၍သေမင်းနောက်ပါ ကြရသောသူတို့ကို စံယူပုံထားပြီး သေခြင်းတရားကိုစဉ်းစားဆင်ခြင်ရမယ် တဲ့။ ထိုကြောင့်–

ဘုဉ္စံ ဘုဉ္စံ ဇနံ ကာမေ၊ ကာလာ ကာလဗုဒ္ဓေါန္တကော။
ကန္တေ ကန္တေတိ မံသာသော၊ ပိဝံ ပိဝံဝ ကံမိဂံ။

လို့–ဟောတော်မူတယ်။

မံသာသော၊သမင်သား၌လိုလားတောင့်တစားချင်လှသောမုဆိုးသည်။ ကန္တေ၊ ချောင်းစအိုင်ကြီး ရေဆိပ်၏အနီး၌။ ကံ ဥဒကံ၊ ကြည်လင်မြသွေး သောက်ရေအိုးကို။ ပိဝံ၊အာသာမဆုံး သုံးဆောင်ကြဘုန်းသည်းဖြစ်သော။ အပိဝံ၊ကမ်းထက်မှိုင်ငေး မသောက်ရသေးသည်လည်းဖြစ်သော။မိဂံ အာ သာရွှင်ရွှင်တောသမင်ကို။ကန္တေတိဇာဝ၊ပုန်းအောင်းခိုကပ် ချောင်း၍သတ်

သကဲ့သို့။ ကာလံကာလာဗုဓေါဓန္တကော၊ အခါဟုတ်သည် မဟုတ်သည်ကို မရေမစစ် သေမင်းညစ်သည်။ ကာမေ၊ ရွှေ,ငွေဥစ္စာ ရတနာနှင့် ဖွေရှာစုပုံ ကာမဂုဏ်တို့ကို။ ဘုဥ္စုံ၊ အာသာမဆုံး ခံစားတုန်းလည်း ဖြစ်သော။ အဘုဥ္စုံ အာသာမအေး မခံစားရသေးသည်လည်း ဖြစ်သော။ ဇနံ၊ သုံးဘုံပျော် အောင်းသတ္တဝါအပေါင်းကို။ ကန္တတိ၊ ချဉ်းကပ်ရှာဖွေ ခွင်းသတ်လေ၏။ အဲ-ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ဤသေမင်းသည်ကား ဗိုလ်ပါဝန်းယှက်ရဲမက်လက်သား အခြံအရံများဖြစ်ကြကုန်သောမဟာသမတမင်းမန္ဓာတ်စကြာမဟာသုဒဿန မင်းစသော သူတို့ကိုပင် မရှောင်ရှားဘဲ မှတ်သားစာရင်း သေဘက်သို့သာ သွင်းပြီး အတင်းယူဆောင်နိုင်သေးတယ်။ ငါတို့လို အခြွေအရံနည်းပါး လှသော သူတို့ကိုကား အဘယ်မှာ ရှောင်ကွင်းချန်ထားချေတော့အံ့နည်း။ မုချစင်းစင်း ဤသေမင်းသည် ကပ်ချဉ်းယူဆောင်ပါလိမ့်မည်တကားဟု အဲ ဤလို အခြံအရံများသောသူတို့ကို ပုံစံထားပြီး သေခြင်းတရားကို စဉ်းစား ဆင်ခြင်ရမယ်။ ထို့ကြောင့်

မဟာ ယသာ ရာဇဝရာ၊ မဟာသမတအာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝကာ။

လို့ ဟောတော်မူတယ်။ (ဝိသုဒ္ဓိ၊ ပ ၂၂၅)

မဟာယသာ၊ ရဲမက်ဗိုလ်ထုဂုဏ်အန္တာဖြို ပုံစုသိုထား အခြွေအရံလည်း များကြကုန်သော။ မဟာသမတအာဒယော၊ သမတမန္ဓာတ် သုဒဿစကြာ မဟာနေမိ စံရှိဗိုလ်ပုံအလုံးစုံကုန်သော။ တေပိရာဇဝရာ၊ လေးရပ်ကျွန်းခွင် ဂုဏ်စွန်းတင်၍ လွှမ်းဝင်နှံ့ပြ ထိုမင်းမြတ်တို့သည်လည်း။ မစ္စုဝသံ၊ မညှာ မကွင်း အာဏာပြင်းသည့် ခပင်းပိုင်စံ သေမင်းနိုင်ငံသို့။ ပတ္တာ၊ ရဲမက်ဗိုလ် သား ခွဲကာထား၍ထံပါးခြေရင်းတစ်ယောက်ချင်းသာမငြင်းမခုံဝင်ရောက် ကြရလေကုန်ပြီ။ မာဒိသေသု၊ ငါတို့လိုလူ အခြံအရံနည်းပါးသောသူတို့၌။ ကာ ကထာဝ၊ ဘယ်မှာဒွိဟ မသေရဟု ဝေဆစ်ညှိ ဆိုဖို့ရာရှိချေတော့အံ့ နည်း။ အဲ-ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ထိုသေမင်းသည် ဤမျှလောက်သာ စွမ်းပကားသတ္တိ ရှိသေးတာ မဟုတ်သေးဘူးတဲ့။ ဘုန်းကံကြီးမားစည်းစိမ်များကြတဲ့ ဇော တိက, ဇဋိလ, မေဏ္ဍက, ပုဏ္ဏ, ကာကဝလ္လိ စသော သူဌေးကြီး,သူကြွယ်ကြီး

(ပဥ္စမအကြိမ်)

အံ့ချီးလောက်ပင် စည်းစိမ်ရှင်တို့ကိုပင်သော်လဲ မခင်မညှာ မထောက်စာဘဲ တွေ့ရာသိမ်းကျုံးလို့ အားလုံးပင် ဆောင်ယူနိုင်သေးတယ်၊ ကြောင်းချင်း သေးနုံကံမှေးကြုံ၍ ဥစ္စာဂုဏ်ရှားပါးလှတဲ့ ငါတို့လိုသူများကိုကား အဘယ် မှာထောက်ထားလေဦးမယ်လို့ ဆိုဖွယ်ရာရှိချေတော့အံ့နည်းဟု အဲ-ဤလိုလဲ ဘုန်းကံကြီးမား စည်းစိမ်ဂုဏ်များသောသူတို့ကို ပုံစံနှုန်းထားပြီး သေခြင်း တရားကို စဉ်းစားဆင်ခြင်ရဦးမယ်။ ထို့ကြောင့်-

ဇောတိကော ဇဋိလော ဥဂ္ဂေါ၊
မေဏ္ဍကော အထ ပုဏ္ဏကော။
ဧတေ စညေ စ ယေ လောကေ၊
မဟာပုညာတိ ဝိဿုတာ။
သဗ္ဗေ မရဏ မာပန္နာ၊
မာဒိသေသု ကထာဝကာ။

လို့-ဟောတော်မူတယ်။ (ဝိသုဒ္ဓိ၊ ပ၊ ၂၂၅)

ဇောတိကောစ၊ ဇောတိကဟု ကြွယ်ဝအံ့ချီ သူဌေးကြီးလည်းကောင်း။ ဇဋိလော စ၊ ဇဋိလဟု ဘောဂလျှံညီး သူဌေးကြီးလည်းကောင်း။ ဥဂ္ဂေါစ၊ ဥဂ္ဂမည်သီး သူဌေးကြီး လည်းကောင်း။ မေဏ္ဍကောစ၊ မေဏ္ဍကဟု နာမ ကျော်သီး သူဌေးကြီးလည်းကောင်း။ အထ၊ ထိုမှတစ်ပါးအမည်ခြားသော။ ပုဏ္ဏကောစ၊ ပုဏ္ဏတွင်ပြီး သူဌေးကြီးလည်းကောင်း။ ဣတိ၊ ဤသို့။ ဧတေစ၊ ထိုသို့ဆိုပြီး သူဌေးကြီးတို့သည် လည်းကောင်း။ အညေ၊ ထိုမှ တစ်ပါး အမည့်များကုန်သော။ လောကေ၊ မနုဿရပ် လောကခေတ်၌။ မဟာပုညာ တိ၊ ဌေးကုန် ကြွယ်ကုန် ဘုန်းရှိကုန်၏ဟူ၍။ ဝိဿုတာ၊ ဇမ္ဗူ စွန်းနှံ့ ကျွန်းမဆံ့အောင် လွှမ်းပျံ့ကျော်ခေါကြကုန်သော။ ယေစဇနာ၊ အကြင် ဘုန်းရှင် ကံရှင် စည်းစိမ်ရှင်တို့သည်လည်း။ သန္တိ၊ များစွာဖုံဖုံ ရှိကြကုန်၏။ သဗ္ဗေ၊ ရှိသမျှစုပုံ အလုံးစုံကုန်သော။ တေပိဇနာ၊ ထိုစည်းစိမ် ဘောဂ ဂုဏ်ဓနနှင့် ပုညရှင့်သီး သူဌေးကြီးတို့သည်လည်း။ မရဏံ၊ ဓနဂုဏ် ကိုး လက်ဆောင်မျိုးနှင့်တံစိုးနှံ့သ ဟန်မရ၍ လျော့ကျယိုယွင်း သေရခြင်း သို့။ အာပန္နာ၊ မကြွင်းစုပုံ ရောက်ကြလေကုန်ပြီ။ မာဒိသေသု၊ ဥစ္စာဘောဂ ဓနနည်းပါး ငါတို့လို လူများတို့၌။ ကာကထာဝ၊ မလာသေဘေး လွှတ်

တန်သေး၏ဟု ကြံတွေးဖို့ရာ အဘယ်မှာ ရှိချေပါတော့အံ့နည်း။ အဲ ဤလို လဲ ဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ဤသေမင်းကား ဘုန်းရှင်ကံရှင် စည်းစိမ်ရှင်တို့ကိုသာ မခင်မထောက်ဘဲ လွှင့်ပျောက်ဖျက်ဆီးတာ မဟုတ်သေးပါဘူး၊ ဆင်ပြောင်ကြီးတမျှကြီးခိုင်သောခွန်အားဗလရှိတဲ့ ဝါသုဒေဝ,ဗလဒေဝ,ဗန္ဓုလစသော စစ်သူကြီးများကိုပင် မထားမထောက် မရှုံမကြောက်ဘဲ အားစွမ်းကို တွန်းကာလှဲပြီး ယူဆွဲချည်နှောင် ဆောင်မိအောင် ဆောင်သေးတယ်။ ငါတို့လို ခွန်အားနှင့်စွမ်းပကားကင်းသောသူတို့ကိုဘယ်မှာမူ ဤသေမင်းသည်မယူဘဲ ရှောင်ကွင်း ချေတော့အံ့နည်း။ အဲ-ဤလိုလဲ ခွန်အားဗလ ကြီးကျယ်လှသောသူတို့ကို စံယူပုံထားပြီး သေရခြင်းတရားကို စဉ်းစားဆင်ခြင်ရမယ်။ ထို့ကြောင့်—

ဝါသုဒေဝေါ၊ ဗလဒေဝေါ၊ ဘိမသေနော ယုဓိဋ္ဌိလော။
စာနုရော ယော မဟာမလ္လော၊ အန္တကဿ ဝသံ ဂတာ။
ဧဝံ ထာမဗလူပေတာ၊ ဣတိ လောကမှိ ဝိဿုတာ။
တေပိ မရဏံ ယာတာ၊ မာဒိသေသု ကထာဝကာ။

လို့-ဟောတော်မူတယ်။ (ဝိသုဒ္ဓိ ပ၊ ၂၂၆)

ဝါသုဒေဝေါစ၊ ဝါသုဒေ နာမတွင်ပြီး စစ်သူကြီးသည်လည်းကောင်း။ ဗလဒေဝေါစ၊ သည်လည်းကောင်း။ ဘိမသေနောစ၊သည်လည်းကောင်း။ ယုဓိဋ္ဌိလောစ၊ သည်လည်းကောင်း။ စာနုရောစ၊ သည်လည်းကောင်း။ မဟာမလ္လောစ၊ သည်လည်းကောင်း။ အန္တကဿ၊ အတင်းဆောင်ထုတ် သေမင်းယုတ်၏။ ဝသံ၊ ပျော်ခင်းပိုင်စံ သူ့နိုင်ငံသို့။ ဂတာ၊ အားအန်ဗလ မာန်ကိုချ၍ ဝင်ခညွှတ်ကြုံရောက်ကြရကုန်ပြီ။ဧဝံ၊သို့စဉ်ကလောက် ထင်ပေါ် မောက်အောင်။ ထာမဗလူပေတာဣတိ၊ အားခွန်ဗလ ကြီးလွန်းလှကုန်၏ ဟူ၍။ လောကမှိ၊ လူ့ရွာဘုံရပ် လောကဓာတ်၌။ ဝိဿုတာ၊ မဆုံကျွန်း ဖျား နှံ့ကျော်ကြားရကုန်သော။ တေပိ၊ထိုဆင်ပြောင်နီးနီး ခွန်အားကြီး ကြကုန်သော သူတို့သည်လည်း။ မရဏံ၊ အားအန်ကိုချ မာန်မကြွနိုင်ဘဲ ဝင်ခဝပ်စင်း သေရခြင်းသို့။ ယာတာ၊ သေမင်းစက်ကွင်း မလွတ်ကင်းနိုင်ဘဲ ကပ်ချဉ်းဝင်ရောက်ကြရကုန်ပြီ။ မာဒိသေသု၊ အားအန်နည်းပါး ငါတို့လို လူတို့၌။ ကာ ကထာဝ၊ ကမ္ဘာရှည်ကြာ မသေပါဟု ဘယ်မှတေစ် ဆိုဖို့ရာ ရှိချေတော့အံ့နည်း။ အဲ-ဤလိုလဲ ဆင်ခြင်ရမယ်။

(ပဥ္စမအကြိမ်)

ထိုမှတစ်ပါးလဲ ဤသေမင်းသည် ဆင်ပြောင်ကြီးတမျှ အားကြီးလှတဲ့ ဗန္ဓုလ စသော စစ်သူကြီးများလောက်ကိုသာ ဆောင်ယူနိုင်သေးတာ မဟုတ်ပါဘူး သည့်ထက်မက သိကြားမင်းပျော်စံတဲ့ ဝေဇယန္တာနန်း ပြာသာဒ်ကိုပင် မခန့်မညား ခြေမတော်ဖျားဖြင့်ပင်တန့်နားစရာမရအောင် လှုပ်ရှားစေတော်မူနိုင်သော တန်ခိုးတော်, နှစ်သိန်းလေးသောင်း အထု ရှိသော ဤမဟာပထဝီ မြေကြီးကို ကြီးသည်ဟုမကျန် အထက်အောက်ပြန် ရအောင် မှောက်လှန်တွန်းဆုပ်ကာ အောက်ဆုံးက မြေဆီမြေလွှာကို နှုတ် ခွာ၍ပေးနိုင်သော တန်ခိုးတော်, နန္ဒောပနန္ဒရှင်နဂါးရင်းလှ ဒေါသဖုံးလွှမ်း နဂါးကြမ်း တို့ကိုဆန်ချည်တခြမ်းမျှပမာနမပြုဘဲဒေါသမာန်တံခွန်ကိုလှဲပြီး အောင်ပွဲကြီးခံသော တန်ခိုးတော်, ဤသို့အစ များ လှဣဒ္ဓိ တန်ခိုးတော် ကြီးလှဘိ၍ တုမရှိတေဒဂ်နှင့် လက်ဝဲရံ အရာတက်ရတဲ့ ကမ်းတဘက်ဝင် မောဂ္ဂလာန် ထေရ် သခင်မှသော်လဲ မယှဉ်နိုင်ခတုနိုင် ပေးမိုင်လက်ချ ခြသေ့၏ခံတွင်းဝသို့ သားအပေါင်း ဝင်ကြရဘာလို ရှိသချ ဣဒ္ဓိမျိုးတို့ကို ကွယ်လျှိုးလွှင့်ဖျောက်ပြီး သေမင်းထံ ရောက်ရသေးတယ်၊ ငါတို့လောက် သေးနုပ်သူတို့ကို မယူမဆောင် ဤသေမင်း ရှောင်လေဦးမည်ဟု ဘယ်မှာ ဆိုစရာရှိချေအံ့နည်းဟု အဲ ဤလိုလဲ တန်ခိုးကြီးသောသူဘို့ကို ပုံစံထားပြီး သေရခြင်းတရားကို စဉ်းစားဆင်ခြင်ရမယ်။ ထို့ကြောင့်—

ပါဒင်္ဂုဋ္ဌက မတ္တေန၊ ဝေဇယန္တ မကမ္ပယိ။
ယော နာမိဒ္ဓိမတံ သေဋ္ဌော၊ ဒုတိယော အဂ္ဂသာဝကော။
သောပိ မစ္စုမုခံ ဃောရံ၊ မိဂေါ သီဟမုခံ ဝိယ။
ပဝိဋ္ဌော သဟ ဣဒ္ဓိဟိ၊ မာဒိသေသု ကထာဝကာ။

လို့-ဟောတော်မူတယ်။ (ဝိသုဒ္ဓိ၊ ပ၊ ၂၂၆)

ဣဒ္ဓိမတံ-ဣဒ္ဓိမန္တာန်၊မိုးပျံမြေလျှိုး အမျိုးမျိုးနှင့် တန်ခိုးကြီးကြ သာ ဝကတို့ထက်။သေဋ္ဌော၊အမြတ်ဆုံးဟုသုံးဘုံလုံးက ချီးမွမ်းရသော။ ယော နာမဒုတိယောအဂ္ဂသာဝကော၊အကြင်လက်ဝဲရံခ ရာထူးရတဲ့ သာဝကအဂ္ဂ ရှင်မောဂ္ဂလာန်သည်။ ပါဒင်္ဂုဋ္ဌကမတ္တေန၊ သေးငယ်နုပြောင်း ခြေမတော် တစ်ချောင်းမျှဖြင့်။ ဝေဇယန္တံ၊ သိကြားမင်းစံပြောင်ဝင်းလျှံတဲ့ စိန်ဖန်ညီး ညီး ပြာသာဒ်ကြီးကို။ အကမ္ပယိ၊တစ်အိုလုံးလှိမ့် ဘုံဆုံးငြိမ့်အောင်သိမ့်သိမ့် ယိမ်းယိုင်လှုပ်စေနိုင်၏။ သောပိ၊ သို့စဉ်တန်ခိုး ဣဒ္ဓိမျိုးနှင့်ကျော်ဟိုး

(ပဥ္စမအကြိမ်)

ပေါ်ထင် ထိုအရှင်သည်လည်း။ မိဂေါ၊ ဟေမဝါမြိုင်ကြော ဂနိုင်တော၌ စိုင်ရောဆတ်အောင်း သားအပေါင်းသည်။ သီဟမုခံ၊ ကေသရာဟု တေဇာ ထန်ပြင်း ခြင်္သေ့ခံတွင်းသို့။ ပဝိဋ္ဌော ဝိယ၊ ရှုံ့ကာ ထိက်ကာ မနေသာပဲ ယှဉ်ကာချဉ်းခ ဝင်ဆင်းရသကဲ့သို့။ ဣဒ္ဓိဟိ၊ ဝေဇယန်လူပ် နဂါးယုတ်၏ မာန်ငုတ်ကိုချိုး အမျိုးမျိုးဖြင့် ကျော်ဟိုးသင်ပေါ် တန်ခိုးတော် တို့နှင့်။ သဟ၊ တကွ။ ဃောရံ၊ အပြင်းဖမ်းဆုပ် မာင်းကုပ်ဘဲ့သမ်းထုပ်မီးကျကြွမ်း ကြုတ်လှသော။ မစ္စုမုခံ၊ ဗိုလ်ပါမထားမျိုကာဝါးသည့်နံသျှားကျယ်ဝင်း သေမင်းခံတွင်းသို့။ ပဝိဋ္ဌော၊ ကပ်ချဉ်းမနေ-ဝင်ရလေပြီ။ မာဒိသော၊ တန်ခိုးချို့ငဲ့ ဂုဏ်ကျိုးမဲ့နှင့် နုန့်နဲ့ချူချူ ငါတို့လိုလူဘို့၌။ ကာကထာဝ၊ ဘာကိုကိုးစား ဘာကျိုးများရှိငါကားမသေ ဆိုရချေတော့အံ့နည်း။အဲ-ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ဤသေမင်းသည် တန်ခိုးတေဇကြီးမြတ်လှတဲ့ လက်ဝဲရံ သာဝကလောက်ကိုသာ ယူနိုင်တာမဟုတ်သေးပါဘူး ဇမ္ဗူဒိပ်ကျွန်းခွင်မြေ အပြင်မှာ မြင်မြင်သမျှ လူအပေါင်းတို့၏ ပညာကို ချိန်ခွင်ညှာတစ်ဘက်က ထားပြီး မိမိပညာက ချိန်ခွင်ညှာတစ်ဘက် အကယ်၍ စက်လိုက်မယ်လို့ ဆိုယင် သူ့ဘက်သို့သာ ချိန်ခွင်ညှာ သာရတဲ့ ပညာတော်, ဇမ္ဗူဒိပ်ကျွန်း အပြင်ကိုဘက်ဆင်းဝိုက်ဖုံးပြီး သုံးနှစ်လုံး ရက်မစဲအောင်ရွာသည်းတဲ့မိုးရေ မိုးပေါက်တို့ကို မပျောက်မပျက် ဂဏန်းဆက်၍ ချင့်တွက်ပိုင်းခြား နိုင်တဲ့ ပညာတော်, အဲ-ဤကဲ့သို့ ထင်ရှားလှသော ဘုရားတစ်ဆူကိုချန်ထားပြီး ဘုရားမှတစ်ပါး အခြားသော ပုဂ္ဂိုလ်ထေရ်တို့တွင် ပညာရည်အထူးထက်လှ သဖြင့် တေဒဂ်အရာခံ၍ လက်ယာရံဝန်းရံခရတဲ့ ရှင်သာရိပုတ္တရာမထေရ်ကြီး တို့မှသော်လဲ မရှားမရှောင် ဤသေမင်း ဆောင်မိအောင် ဆောင်နိုင်သေး တယ်၊ ငါတို့လိုပညာနည်းလှတဲ့ အချည်းစည်း ပုဂ္ဂိုလ်စုတို့ကိုကား မရှု မှားမထောက်ထားဘဲ သနားစိတ်ကင်း ဤသေမင်းသည် အဘယ်မှာ ရှောင်ကွင်းချေတော့အံ့နည်း။ အဲ-ဤလိုလဲ ပညာကြီးသောသူတို့ကို ပုံစံ ထားပြီး သေခြင်းတရားကို စဉ်းစား ဆင်ခြင်ရမယ်။ ထို့ကြောင့်—

လောကနာထံ ဌပေတွာန၊ ယေစညေ အတ္ထိ ပါဏိနော။
ပညာယ သာရိပုတ္တဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။
ဧဝံ နာမ မဟာပညော၊ ပဌမော အဂ္ဂသာဝကော။
မရဏဿ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝကာ။
(ပဋ္ဌမအကြိမ်)

လို့ ဟောတော်မူတယ်။ (ဝိသုဒ္ဓိ၊ ပ၊ ၂၂၆)

လောကနာထံ၊ လူသုံးမျိုးတို့၏ ခိုကိုးကြည်ဖြူ ဘုရားတစ်ဆူကို။ ဥပေတ္တာန၊ မယူပယ်ရှား ခြွင်းချန်ထား၍။ အညေ၊ ဘုရားမဝင် တစ်ပါးပြင်၌ များမြင်သိမ်းခြုံ အလုံးစုံသော။ ယေစပါဏိနော၊ အကြင် ပညာရှိတစ်ဆူ ကဝိဟူသည် ဇမ္ဗူမြေအောင်း လူအပေါင်းတို့သည်။ အတ္တိ သန္တိ၊ ဂဏန်းမသိ ကမ်းမရှိအောင် လျှမ်းပြည့်စုပုံ ရှိကြပေကုန်၏။ တေသံ၊ ထိုပညာရှိဘုထင်သိကျော်ကြား လူအများတို့၏။ ပညာ၊ ချိန်ညှာတကွင်း နှိမ်ကာသွင်း၍ မကြွင်းထိလောင်း ပညာပေါင်းသည်။ သာရိပုတ္တဿ၊ သာရိပုတ္တာ ဘွဲ့နာမနှင့် သာဝကဥက္ကဌ် ထေရ်တော်မြတ်၏။ သောဠသိံ၊ တစ်ဆယ့်ခြောက်လွှာ အစိတ်အမြွာကို။ ကတ္တာ၊ ဝေကာခွဲစုအပုံပြု၍။ ကလံ၊ နုနယ်သေးလှ တစ်စိတ်မျှကို။ နာဂ္ဃန္တိ၊ နှိုင်းဆချိန်ပြိုင် မမှီနိုင်ကုန်။

ဝေနာမမဟာပညော၊ သို့စဉ်ကလောက် ထင်ပေါ်မော်ကိုအောင် ထက်အောက်ကျော်ဟည်း ပညာကြီးတော်မူသော။ ပဌမော အဂ္ဂသာဝကော၊ ပဌမသာဝကလက်ယာခတော့ ဘေဇညာဏ်မီးမတော်ရှိကြီးဖြစ်ပါလျက်။ မရဏာသဝံ၊ ဂုဏ်နေသတင်း မရေသွင်းဘဲ အတင်းနိုင်ထက် သေမင်းလက်သို့။ ပတ္တော၊ ပညာစိန်ကျောက် ရှိန်မတောက်နိုင်တဲ မှိန်ခြောက်ညှိုးခွေရောက်ရလေပြီ။ မာဒိသေသု၊ ပညာညာဏ်သွား ဂုဏ်သိမ်ရှားသည့် ဆွံ့ပါးနုံ့ချူငါတို့လိုလူတို့၌။ကာကယာဝ၊ သေမင်းဝင်နှဲဘေးငါသွတ်အေးပြီဟု ချင့်တွေးရည်ရွယ်အဘယ်မှာဆိုဝံ့ဖွယ်ရှိချေတော့အံ့နည်း။ အဲ-ဤလိုလဲဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ဤသေမင်းသည် ပညာတန်ခိုးမြေမိုးကျော်ကြားတဲ့အဂ္ဂသာဝက မထေရ်များလောက်ကိုသာ နှိပ်စက်ညှဉ်းဆဲနိုင်တာမဟုတ်သေးပါဘူးတဲ့၊ နှစ်သခေါ်နှင့် ကမ္ဘာတစ်သိန်းတွက်ကိန်းကျော်မြောက် ကမ္ဘာတွေ ခန်းခြောက်မှ အထွတ်အထိပ်သို့ ရောက်တော်မူကြတဲ့ ပစ္စေကဗုဒ္ဓါ အရိယာနွယ်ဝင် ထေရ်သခင်တို့ကိုပင် ငြိုငြင်ပူပြင်း နှိပ်ဖိနှင်း၍ အကာင်းဖျက်ဆီးနိုင်သေးတယ်၊ ငါတို့လိုလူ သမ္ဘာရသေးနုပ်သူတို့ကို အဘယ်မှာမူ ဤသေမင်းသည် မယူဘဲ ရှောင်ကွင်းချေတော့အံ့နည်းဟု အဲ-ဤလိုလဲ ပစ္စေကဗုဒ္ဓါ အရိယာနွယ်ဝင် ထေရ်သခင်များကို ပုံပြုစံထားပြီး သေရခြင်းတရားကို စဉ်းစားဆင်ခြင်ရဦးမယ်။ ထို့ကြောင့်–

(ပဋ္ဌမအကြိမ်)

တံတံ နိမိတ္တံ မာဂမ္မ၊ ဝိမံသန္တာ မဟောသယော။
သုယမ္ဘူ ညာဏတေဇေန၊ ယေ ပတ္တာ အာသဝက္ခယံ။
ကေစရိယနိဝါသေန၊ ခဂ္ဂသိင်္ဂသမူပမာ။
တေပိ နာတိဂတာ မစ္စုံ၊ မာဒိသေသု ကထာဝကာ။

လို့·ဟောတော်မူတယ်။ (ဝိသုဒ္ဓိ၊ ပ၊ ၂၂၆)

မဟောသယော၊ မြင့်မြတ်အထူးဂုဏ်ကျေးဇူးကိုဆည်းပူးရှာမှီးတော်မူကြကုန်သော။ ယေဗုဒ္ဓါ၊ အကြင်ပစ္စေကဟု နာမခည်တွင် မြေအပြင်၌ ပေါ်ထင်ထွန်းကား အရှင်များတို့သည်။ တံတံနိမိတ္တံ၊ ထိုထိုများလှ သစ်ါရွက်တို့၏ ဘိဇ္ဇနမျိုး ခဏ်ညှိုး၍ ပုပ်သိုးယိုဖိတ် အာရုံနိမိတ်ကို။ အာဂမ္မ၊ လန့်ထိတ်မစဲ စိတ်ယူစွဲ၍။ ဝိမံသန္တာ၊ အဆင့်ဆင့်ပွား သင့်တရားနှင့် ချင့်စားရှုရုံ စုံစမ်းကုန်လျက်။ သယမ္ဘူညာဏ တေဇေန၊ တစ်ပါးမနှောင့် တရားပေါက်အောင် ထားထောက်မာန်ချိုး သယမ္ဘူတန်ခိုးဖြင့်။ အာသာဝက္ခယံ၊ ရှည်ကြာစီး မျောတသောသောနှင့် ရွေ့လျောစုန်ဆင်း အာသဝေါကုန်ခြင်းသို့။ ပတ္တာ၊ နိဗ္ဗာန်နန်းပေါက်စခန်းထောက်ဖြင့်လှမ်းရောက်ခေါ်တော်မူကြလေကုန်ပြီ။

ကေစရိယ နိဝါသေန၊ အဖော်မမှီး တစ်ကိုယ်တည်းသာ ဘောကြီး မြိုင်ခြေ ကျင့်၍နေသဖြင့်။ ခဂ္ဂသိင်္ဂသမူပမာ၊ တစ်ပင်တန့်တန့် အမြင်သန့်သည် ကြံ့ချိုနှင့်အမျှ ဥပမာပြုကြကုန်သော။ တေပိ၊ ထိုပစ္စေကဗုဒ္ဓါ အရိယာသခင် ထေရ်အရှင်တို့သည်လည်း။ မစ္စုံ၊ မစင်းမခုတ် သေမင်း ယုတ်ကို။ နာတိဂတာ၊ စျာန်တော်စွမ်းပကား ခုန်ကျော်လွှား၍ ရှောင်ရှား လွှန်မြောက်တော်မမူနိုင်ကြကုန်။ မာဒိသေသု၊ ငါ့ဘို့လိုလူ သမ္ဘာနုံ့သော သူတို့၌။ ကာက ထာဝ၊ မလာသေဘေး လွတ်ကွာအေးပြီဟု ကြံတွေးဖွေရှာ အာဘယ်မှာဆိုဖို့ကာ ရှိချေတော့အံ့နည်း။ အဲ·ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတစ်ပါးလဲ ဤသေမင်းသည် ပစ္စေကဗုဒ္ဓါ အရိယာဝင် ထေရ်သခင်များကိုသာ မလေးမစား မကောက်ထားဘဲ ထိပါးနှိပ်နင်း၍ အတင်းယူ ဆောင်နိုင်သေးတာ မဟုတ်ပါဘူး၊ အနုတ္တရ ဖလာကမိပတိ မုနိပုင်္ဂဝ ဓမ္မိဿ ရ ဓမ္မသာမိ ဖြစ်တော်မူသော ရှင်တော်ဘုရားများကိုမှ ထောက်ဆ မမျှော် မိမိ၏နိုင်ငံသို့ ပိုင်ပိုင်ကြီး အပါခေါ်ပါသေးတယ်၊ ဘယ်လိုခေါ်ပါသလဲလို့ ဆိုတော့·ငါတို့၏အတုလ သုံးလူ့တမြတ်ပရမေသည် လေးသခေ်ျနှင့် ကမ္ဘာ

(ပဌမအကြိမ်)

တစ်သိန်းတွက်ကိန်းအလီလီ ဖြည့်ကျင့်သင့်တဲ့ပါရမီတို့ကို ကြံစည်ကြိုးစား၍ ဘုရားဖြစ်တော်မူပြီးသည်နောက် ကျွတ်သောက်သော သတ္တဝါတို့ကို ဖွေရှာသိမ်းဆည်းလျက် ရှေးဘုရားတို့၏ စံထုံးနည်းဖြင့် ပြုသင့်သမျှ ဗုဒ္ဓတို့၏ ကိစ္စအပြီးတိုင်ကြံပြီးသည့်နောက် ဝေသာလီပြည်ကြီးသို့ရောက်၍ စာပါလမည်သောသစ်ပင်ကြီးအောက်၌ တစ်ယောက်ထီးတည်း ကိန်းအောင်းတော်မူနေတယ်၊ ထိုအခါ ခြောက်ဘုံလုံးပိုင်နင်းတဲ့ ဝသဝတ္တီ မာရ်နတ်မင်းသည် ရှေးပထမရင်းအစ တောထွက်တော်မူစဉ်ကပင်သိဒ္ဓတ္ထမင်းသားသည် ဘုရားတကယ်ဖြစ်ချေက ငါ့ပြည်နိုင်ငံ၌ရှိသော သတ္တဝါ အများတို့သည် အကျွတ်တရားရကြသဖြင့်နိဗ္ဗာန်သို့ ရောက်ကြရလိမ့်မည်၊ထိုအခါ ငါ့ပြည်သို့လာမည့်လူရှား၍ အခြေအရံနည်းပါးပြီး စည်ကားဖွယ်မရှိ ဖြစ်ချေတော့မည်ဟု မကြံစည်သင့်သောအကြံကို ကြံမှားပြီး မြိုတံခါးအထွက်တွင် ကန့်ကွက် ဖျက်ဆီးလာတယ်။

ထိုအခါ- မာရ်နတ်မင်းစကားကို ပယ်ဖျက်၍တောထွက်တော် မူပြီးမှ ဒုက္ကရစရိယာကို ခြောက်နှစ်ကြာအောင်ကျင့်တော်မူ၍ ဘုရားဖြစ်တော်မူသည့်နေ့ ပြောင်းရွှေ့၍လျောက် ဗောဓိပင်နှင့် ပလ္လင်ကိုရောက်လေက မာရ်နတ်မင်း တစ်ဖန်လာပြီး ဗိုလ်ပါရုံးစုံ ပလ္လင်ကိုလုပြန်တယ်၊ထိုအခါလဲ ပါရမီတော်သမ္ဘာဘုန်းကြောင့် မြေအလုံးတုန်ခါသဖြင့် ဗိုလ်ပါစစ်မက်တို့သည်ပြိုပျက်ပြေးပုန်းမာရ်နတ်မင်းစစ်ရှုံးလို့သူကျုံးမရ ပြန်ပြေးရပြန်တယ်။

ထို့နောက်အထွတ်အထိပ်သို့ပေါက်၍ဘုရားအဖြစ်သို့ရောက်တော်မူပြီး အဇပါလညောင်ပင်အောက်၌ သီတင်းသုံးနေတော်မူသောအခါတဲ့- မြတ်စွာသည် ရှည်ကြာစွာပွင့်လန်းကနတ်ပြည်သုံးကုန်ခန်းချေတော့အံ့ဟု ဆိုးစွမ်းသော အကြံနှင့် ပရိနိဗ္ဗာန်ဝင်စံတော်မူပါမည့် အကြောင်းကို လျှောက်တောင်းပန်လာပြန်တယ်၊ထိုအခါလဲမြတ်စွာဘုရားကဟယ်ပါပိမ- ငါဘုရားသည် အများသတ္တဝါတို့အကျိုးငှာ အကြိုးဥဿာဟ ချွတ်လိုသည့် ဆန္ဒနှင့် ပါရမီတို့ကိုဖြည့်ခဲ့ရတယ်၊အကြင်မျှလောက်ငါ့တရားကိုအများဝေနေယျတို့ မကြားမနာရသေး၍ငါ၏သာသနာတော်သည် ရောင်ဝါပွင့်လင်း လို့စည်ကားခြင်းသို့မရောက်သေးထိုမျှလောက်ငါဘုရားသည်ပရိနိဗ္ဗာန်ဝင်စံတော်မမူသေးဟုမာရ်နတ်မင်းစကားကိုပယ်ရှားတော်မူလိုက်တယ်၊ထိုအခါ ကလဲ မသမာ၍မာရ်နတ်သည် လိုပတ်မပြည့်ဘဲ ပြန်မြဲပင်ပြန်ရတယ်၊ ယခု

(ပဉ္စမအကြိမ်)

အခါမှာ မူကားဘုရားတို့ပြုသင့်သမျှကိစ္စကလဲပြီးအသက်အရွယ်တော်ကကြီးသဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူချိန်လဲနီးပြီမို့ အားကြီးစွာအကြံသူပြီး နိဗ္ဗာပြည်ခွင်သို့ စံဝင်တော်မူပါမည့်အကြောင်းနှင့် လျှောက်တောင်းပန်လို၍—

ပရိနိဗ္ဗာတု ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော။
ပရိနိဗ္ဗာနကာလော ဒါနိ၊ ဝိပုလော တဝ သဒ္ဓမ္မော။

အဲသည်လို လျှောက်လာတယ်။

ဘဂဝါ၊ ဘုန်းတော်သခင် အရှင်ဘုရား။ ပရိနိဗ္ဗာတု၊ နိဗ္ဗာန်ပြည်ခွင်ကြွဝင်တော်မူပါလော။ သုဂတော၊ စကားကောင်းကို မစောင်းမတိမ်းဆိုတော်မူတတ်သော မြတ်စွာဘုရား။ ပရိနိဗ္ဗာတု၊ နိဗ္ဗာန်ပြည်ကြီး ရိပ်ဖြူထီးကို ခိုမှီးကြွဝင်တော်မူပါလော။ ဒါနိ၊ သက်တော်ရင့်မာ ဤအခါသည်ကား။ ပရိနိဗ္ဗာနကာလော ပရိနိဗ္ဗာန် ဝင်စံကိန်းအောင်း အခါကောင်းပါတည်း။ တဝ၊ ထင်ပေါ်ကျော်ကြား ရှင်တော်မြတ်ဘုရား၏။ သဒ္ဓမ္မော၊ နှုတ်တော်မိန့်မြွက်ဓမ္မစက်ဟုလျှံထွက်နေတော် တရားတော်သည်။ ဝိပုလော၊ မြေထက်မကာ ဘဝဂ်ကျအောင် တက်ကြွဝင်ကာ စည်ကားပါပြီ။

အဲသည်လို ဝိသာခါမာရ်ယုတ်သည် အနုတ္တရမြတ်စွာကို မသဒ္ဓါမနှစ်မြို့လှသဖြင့် ငြိမ်းလွတ်ဖို့အကြံနှင့် ပရိနိဗ္ဗာန် ဝင်စံပါမည့်အကြောင်းကို လျှောက်တောင်းပန်လာတယ်၊ ထိုအခါ သုံးဘုံလုံးလူ့ဘအဘုလသည့်ဇိနတော်အာယုကို ကြည့်ရှုဆင်ခြင်တော်မူ၍ ပြည်ခွင်နိဗ္ဗာန်သို့ဝင်စံတော်မူချိန်ကျရောက်သဖြင့် မာရ်မင်း၏စကားကို မတားမလှန်ဘဲ ပဋိညာဉ်အမိန့်ပြန်၍ ဝင်ခံတော်မူခြင်းငှါ—

အပ္ပေါဿုက္ကော တွံ ပါပိမ ဟောဟိ၊ နစိရံ တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတီတိ။

အဲဤလို မိန့်တော်မူလိုက်တယ်။

ပါပိမ၊ သူတော်တရား ဟောဖော်ငြားလည်း နားပါးမကျ ပါပိမ။ တွံ၊တရားမခင် အမှားဝင်၍ ဉာဏ်မြင်သေးနုပ် သင်မာရ်ယုတ်သည်။အပ္ပေါဿုက္ကော၊ငါဘုရားကြောင့်စိတ်ထားပူပြင်းကြောင့်ကြကင်းသည်။ဟောဟိ၊ ရှင်းရှင်းပျောက်ပြေ သင်ဖြစ်လေလော။ သုဂတော၊ တရားမစောင်း စကားကောင်းကို အကြောင်းနှင့်စပ် မိန့်ဆိုတတ်သော။အဟံ၊ သဃမ္ဘူ

ထွတ်ဖျား ငါဘုရားသည်။ နစီရံ၊ ရှည်စွာမဖင့် မကြာမြင့်မီ။ ခိပ္ပံ၊ အလျင်အမြန် မနေးကံဘဲ။ ဣတော၊ ယခုငါ့ထံ သင်ဆောက်ခံ၍ လျှောက်ပန်လာတွေ့ ဤယနေ့မှ။ တိမာသအစ္စယေန၊ ကုန်တုံးကိစ္စ အဆုံးကျ၍နှုန်းပြအညွှန် သုံးလကိုလွန်သဖြင့်။ ပရိနိဗ္ဗာယိဿာမိ၊ ဘေးရန်ခမ်းပ တကမ်းကျတဲ့ချမ်းမြကြည်လင် နန်းမခွင်သို့ ကြွဝင်တော်မူပေတော့အံ့။

အဲ-ဤလို မြတ်စွာဘုရားသည် မာရ်နတ်မင်းအား ခွင့်ပြုတော်မူလိုက်တယ်၊ ထိုအခါ နှစ်သိန်းသေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် ဒီးဒီးသံပြင်းပြ တအုံးလုံး ကြွတော့မလို လူလိုဇီဝ မရှိကလဲ သမ္ဗုဒ္ဓသုံးလူ့ထွတ်ကို လွမ်းဆွတ်ကြည်ကွဲ အရှိန်ဟုန်မစဲနိုင်ဘဲ တော်လျှောင် ပွဲတင်လဲပြီး ကွဲမတတ်တုန်ဟည်းလို့ တစ်ပြိုင်တည်းတုန်လှုပ်တယ်၊ ထိုအခါ ရှင်အာနန္ဒာသည် အခြားအခါနှင့်မတူ အမူထူးထွက် မြေလှုပ်ချက်ကို တုဘက်ပယ်ရှား နေဝင်တော်ဘုရားမှသာလျှင် သိနိုင်ရာသော အကြောင်းရှိချေမည်ဟု ကြံ၍ ဘုရားထံ လျှောက်ထားလာရာတွင် အကြောင်းမျိုးအလုံးစုံကို အကုန်ပြန်ကြားတော်မူလေက အရှင်အာနန္ဒာသည် စိတ်ထားမရွှင် ပူပင်ဆူအိုက် သောကမီးမြိုက်လှ၍ တုန်ခိုက်ချည့်နှုံး မီးမှာအုံးသကဲ့သို့ နှလုံးမသက်သာလှသဖြင့် ဗျာပါဆူလှုံ ဘုရားကိုတောင်းပန်၍—

ကပ္ပံ တိဋ္ဌတု ဘဂဝါ၊ ကပ္ပံ တိဋ္ဌတု သုဂတော။
ဗဟုဇနာဒ် ဟိတာယ၊ အာဂမေဟိ တထာဂတော။

လို့-တောင်းပန်တယ်။

ဘဂဝါ၊ ဘုန်းတော်ရောင်ဝင်း ထွန်းလင်းတော်မူသော မြတ်စွာဘုရား။ ကပ္ပံ၊ သက်တော်ရာပြည့် ကြာသရွေ့နှင့် ခါနေ့မတုန်း အာယုကပ်ကုန်ဆုံးအောင်။ တိဋ္ဌတု၊ နိဗ္ဗာန် ရွှေပြည် မကြွချီဘဲ မျှတည်တော်မူပါဦးလော။ သုဂတော၊ စကားကောင်းနှင့် လမ်းကြောင်းမမှား ရှင်တော်ဘုရား။ ကပ္ပံ၊ သက်တော်ရာလုံး ကုန်ကြာဆုံးအောင်။ တိဋ္ဌတု၊ တန့်ရပ်ပျော်မြူးတည်ပါဦးလော။ တထာဂတော၊ သယမ္ဘူဟု တစ်ဆူပေါ်ရှား ရှင်တော်ဘုရားသည်။ ဗဟုဇနာနံ၊ လောကဓာတ်သူ နတ်နှင့်လူပုံ ကြည်ဖြူကိုးကား အမျိုးသားတို့၏။ ဟိတာယ၊ မင်္ဂလာဏ်ချီးမြှောက် ခရီးပေါက်၍ ကြီးမြောက်တိုးပွားအကျိုးများခြင်းငှာ။ အာဂမေဟိ၊ ကရုဏာရှိုင်းကန့်ချင့်နိုင်းတန့်၍ဆိုင်းငံ့

တော်မူပါဦးလော။ အဲ-ဤလို ညီတော်က ပူဆွေးလှိုင်ငိုကြွေးကာ တောင်းပန်တယ်။

ထိုအခါ မြတ်စွာဘုရားက အာနန္ဒာ-ရှေးအခါကာလက ရှန့်ရင်းသော သြဘာနိမိတ်ကိုပြ၍ အာယုကပ်တည်ရဖို့ အရေးနှင့် သင်ချစ်သားအား ငါဘုရား တောင်းပန်ခွင့်ပေးဖူးလှပြီ၊ အဲ သည်တုန်းခါက တွေးဆရှေးနောက် အရေးကုန် သင်လျှောက်ခဲ့လျှင် နှစ်ကြိမ်လောက် သင့်စကားကို ငါဘုရား ပယ်ရှားဖို့ အခွင့်ရှိတယ်၊ သတိထပ်လောင်း၍ သုံးချိန်တိုင် သင်လျှောက် တောင်းက အကြောင်းကိုချင့်စာ၍ ပယ်ဖို့ရာမရှိ သင့်လိုဘတ်ပြည့်ခဲ့ရတယ်၊ အဲ-ထိုအခါ သတိမရ ခုအခါလွန်ချိန်ကျကာမှ နောင်တပူဆွေး ပါပိမ—မာရ်ရ စကားကို ပယ်ရှားအန်ထွေး အသက်ဟူသော အရေးကြောင့် ဝန် လေးဖို့တစ်ခု သင်မပြုနှင့်တော့’ဟု-သုံးလူ့ထွတ်မြတ်ဘုရားသည် ညီတော်၏ လျှောက်စကားကို ပယ်ရှားတော်မူလို၍—

အလံ ဟိ ဒါနိ အာနန္ဒ၊ မာ ဝဋ္ဋ ယာစိ တထာဂတံ။
ပါပိမံ ယာစနံ ခမိ ၊ ဗုဒ္ဓါ နတ္ထိ ဒွိဝါစနံ။

လို့-ဟောတော်မူတယ်။

အာနန္ဒ၊ ငါဘုရား၌ ခစားလိမ္မာ အာနန္ဒာ၊ အလံဟိ-အလံဝေ၊ နှေးဖင့် လေးကံ သင့်အကြံနှင့် တောင်းပန်ခွင့်ခါ မသင့်ရာ။ ဒါနိ၊ စောကြီးစောက မပြောမလှာ ယခုအခါ၌။ တံ၊ ကြံရာမဲ့ရှား သင်ချစ်သားသည်။ တထာ ဂတံ၊ ဖောက်ပြန်မရှိ ဉာဏ်သတိနှင့် ဂတိခလား ငါဘုရားကို။ မာယာစိ၊ မချိသည်းအူ စိတ်မီးဆူလျက် ညည်းညူခွင့်ခံ မတောင်းပန်လင့်။ အဟံ၊ လောကခံမကင်း ဖြစ်ပျက်ခြင်းကို ကွင်းကွင်းမြင်ငြား ငါဘုရားသည်။ ပါပိမံ၊ ပါပိ မယား ဝဿဝတီ နတ်ဌာနီနှင့် ခြောက်ပြည်ပိုင်နင်း မာရ်နတ် မင်း၏။ ယာစနံ၊ သိဝံအမတ ဝင်စံပါဟု တင်သဝပ်တွား လျှောက်စကား ကို။ ခမိ ၊ ပဋိညာဉ်ဆို ကြည်လင်မှုနှင့် ခွင့်ပြုသည်းခံတော် မူလိုက်ပြီး။ ဗုဒ္ဓါ ဗုဒ္ဓါနံ၊ သစ္စာဋီတိ သမာဓိနှင့် ဂဘီမ္ဘာသား ငါဘုရားတို့အား ။ ဒွိဝါစနံ၊ နှစ်ကွဲနှစ်ခွ မြဲမရဘဲ လွဲကြဆိုရိုး စကားမျိုးသည်။ နတ္ထိ-နယဝ၊ တစ်ခေါ့ တခေါင်း မရှိကောင်းသည် သာလျှင်တည်း။

အဲ-ဤလို ညီတော်၏စကားကို ပယ်ရှားတော်မူပြီးမှ ချစ်သားအာနန္ဒာ ယခုအခါ ဤဝေသာလီပြည်၏ အတွင်း၌ သီတင်းသုံးနေကုန်သော ရဟန်း

များတို့ကို သင်ချစ်သား သွား၍ စည်ဝေးချေလောဟု စေခိုင်းတော်မူလိုက်တယ်၊ ထိုအခါ ရှင်အာနန္ဒာသည်လည်း မကြည်မလင် ယိုကျသောမျက်ရည်ယဉ်နှင့် လျှင်လျှင်သွားပြီး များစွာသောရဟန်းအပေါင်းအားစုဆောင်းပင့်ခေါ်၍ ရှေ့တော်သို့ ရောက်လာတယ်၊ ထိုအခါ မြတ်စွာဘုရားသည် တပည့်သားအပေါင်းတို့အား သင်္ခါရအမျိုးပျက်ညှိုးပျောက်စဲ မမြဲဘည်နိုင်တဲ့အကြောင်းများနှင့် ဟောကြားဆုံးမတော်မူပြီးမှ သင်တို့ဆရာ-ငါဘုရားလဲ သင်္ခါရစက်ကွင်း မလွတ်ကင်းသဖြင့် ချွတ်ယွင်းမြဲမမှဘာနှင့် မကြာနေ့ရက် နောက်သုံးလ ကျော်ထွက်က ချုပ်ပျက်ရုပ်နာမ်ယွင်းဖောက်ပြန်လျက် သည်းထန်သော ဝေဒနာဖြင့်ဤကိုယ်ခန္ဓာနှင့်တကွရှိသမျှဘပည့်အများ သင်ချစ်သားတို့ကို စွန့်ထားခြင်းချန်၍ပရိနိဗ္ဗာန်ဝင်စံတော်မူရလိမ့်မည်ဟု ခွင့်ပန်ပြောကြားတော်မူလို၍–

ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏမတ္တနော။

လို့ ဟောတော်မူတယ်။

ဘိက္ခဝေ၊ သံသရာဝဋ္ဋဘေး လွတ်လိုရေးနှင့် မျှော်တွေးငံ့စား အို-ချစ်သားတို့။မယှံ၊ သင်တို့ကိုးကား ငါဘုရား၏။ ဝယော၊လေးဖြာမဟာဘုတ်စပ်ခါချုပ်သည့် ခါတ်ရုပ်ပုံတော် အရွယ်တော်သည်။ပရိပက္ကော၊ တောဇောခြစ်ကျက် ဖက်သစ်ရွက်သို့ ချက်ချက်ပွင့်အောင် ရင့်ရော်တော်မူခဲ့လေပြီ၊မမ၊ သင်တို့ကိုးစား ငါဘုရား၏။ ဇီဝိတံ၊ သက်တော်ကမ္မဇရုပ်ဇီဝသည်။ပရိတ္တံ၊ အနိစ္စခရီး ကိစ္စကြီးနှင့် ပြီးရမနေ နီးလှချေပြီ၊ ဝေါ၊ အနီးခစား သင်ချစ်သားတို့အား။ပဟာယ၊အဖော်မကူ မခေါ်ယူဘဲ မတူတခြားစွန့်ကာထားခဲ့၍။ ဂမိဿာမိ၊ ရိပ်ဖြူစံခန်း နိဗ္ဗာန်နန်းသို့ ဝင်လှမ်းမနေ သွားရချေတော့အံ့။ မေ မယာ၊ သံသရာဝဋ္ဋမိုး နှောင်ညွတ်ကြိုး၌ ခရီးရှည်လျားငါဘုရားသည် အတ္တနော၊လောင်ဆူမအေး အပူဘေးမှကိုယ်ရေး ကိုယ်တွက်ကိုယ်လွတ်ထွက်ဖို့။ သရဏံ၊ မဂ်ဖောင်အပြီး ရောင်ညီးညီးနှင့် တောင်ကြီးပမာ ကိုးကွယ်ရာကို။ ကတံ၊လက်ကိုင်တစ်ခု ထွက်နိုင်မှုနှင့်ပြုစုစီမံ၍ပြီးပြီ။

အဲ-သည်လို ပရိနိဗ္ဗာန်ဝင်စံတော်မူမည့်အကြောင်းကိုပြောကြားတော်မူပြီးမှ ကျန်ရစ်သောတပည့်များကိုအပမာဒတရားဖြင့်မှာထားဆုံးမတော်မူပြန်လို၍–

(ပဥ္စမအကြိမ်)

အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတ သင်္ကပ္ပါ၊ သစိတ္တ မနုရက္ခထ။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟေဿတိ။
ပဟာယ ဇာတိ သံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။
အဲ·သည်လိုလဲ မှာထားဆုံးမတော်မူတယ်။

ဘိက္ခဝေါ၊ ငါ၏ချစ်သား ရဟန်းများတို့။ တုမှေ၊ သံသရာဘေးဘယ မအေးကြဘဲ ထွေးငြိလျက် ရှိကြရကုန်သော သင်ချစ်သားတို့သည် အပ္ပမတ္တာ၊ မမေ့မလျော့ မပေါ့မဆ နေရစ်ကြကုန်သည်၊ သတိမန္တော၊ သတိချုပ်တဲ့ လက်ကိုင်မြဲရစ်ကြကုန်သည်။ သုသီလာ၊ အသင့်အစုံ ကိုယ်ကျင့်လုံကြကုန်သည်၊ ဟောထ၊ ဖြစ်ရစ်ကြရကုန်လော၊သုသမာဟိတသင်္ကပ္ပါ၊ကိုယ်ရေးကိုယ်ကျိုး နောင်မည္သူးအောင် အားကိုးလောက်လှ အကြံကောင်းရှိကြကုန်သည်ဖြစ်၍။ သစိတ္တံ၊ အာရုံငါးဝ ဟူသမျှ၌ ယိုလျှံလျှံဖိတ် မိမိစိတ်ကို။ အနု ရက္ခထ၊ မရှုန်းမကြွ လုံးလုံးရအောင် ဆုံးမစောင့်ရှောက် ရစ်ကြကုန်လော။

ယောဘိက္ခု၊ သံသရာဝေးလှ ဘေးဘယကို တွေးဆမျှော်မှန်း အကြင်ရဟန်းသည်။ ဣမသ္မိံဓမ္မဝိနယေ၊ ဤငါဘုရား နောင်အများဖို့ ချန်ထားမိန့်မှာ သာသနာတော်၌။ အပ္ပမတ္တော၊ လုံ့လမပေါ့ မမေ့မလျော့သည်ဖြစ်၍။ ဝိဟေဿတိ၊ မယုတ်စေရ ဥဿာဟနှင့် ဓမ္မရှာဖွေ နေရစ်ချေအံ့။ သောဘိက္ခု၊ မမေ့စေရ မွေ့ဓမ္မနှင့် နေ့ညကြိုးပမ်း ထိုရဟန်းသည်၊ ဇာတိသံသာရံ၊ ပဋိသန္ဓေ အိုသေမပြီး သံသရာကြီးကို။ပဟာယ၊ လှစ်ခါကွန့်ကွန့် ပစ်ခွာစွန့်၍။ ဒုက္ခဿန္တံ၊ ဒုက္ခကုန်တုန်း ကမ်းအဆုံးကို။ ကရိဿတိ။ စင်စစ်မသေ့ ပြုနိုင်ပေလတ္တံ့။

အဲ·ဤလို ရဟန်းများကို မှာထားဆုံးမတော်မူပြီးမှ အရှင်အာနန္ဒာကိုခေါ်တော်မူ၍ 'ချစ်သားအာနန္ဒာ၊·သပိတ်သင်္ကန်းတို့ကိုယူဘိဇလော။ကုသိနာရုံမြို့ကြီး၏အနီး ပါဝါမြို့ကြီးသို့ သွားကြစို့အံ့' ဟု မိန့်တော်မူ၍ အရှင်အာနန္ဒာနှင့်တကွ ရဟန်းအပေါင်းခြံရံလျက် ဝေသာလီပြည်ကြီးကအထွက်အရှေ့ဘက်မြေပြင်၌ ရပ်တန့်တော်မူပြီး ဆင်ပြောင်ကြီး၏ ကြည့်ခြင်းဖြင့် ဝေသာလီပြည်ကြီးကိုပြန်လှည့်ကာကြည့်တော်မူ၍ 'အာနန္ဒာ·ဤဝေသာလီပြည်ကြီးကို ယခုငါဘုရားကြည့်တော်မူခြင်းကား အဆုံးစွန်ကြည့်တော်မူ

ရခြင်းဖြစ်သည်။ နောင်တစ်ဖန် ကြည့်နိုင်ဖို့အခွင့်မရှိပြီ'ဟု မိန့်တော်မူ၍ ပါ ဝါပြည်သို့ ရှေးရှုကြွတော်မူတယ်။

ပါဝါပြည်သို့ ရောက်တော်မူလျှင် ပါဝါပြည်သား ပန်းထိမ်သည် စုန္ဒ ဒါယကာသည် လှူကပ်သော ဝက်မျိုသား ပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူ၍ ဝမ်းသွန်သောရောဂါ သည်းထန်စွာ ဖြစ်ပေါ်လာသဖြင့် 'အာနန္ဒာ မလ္လာ မင်းတို့နေရာ ကုသိနာရုံမြို့သို့ သွားကြစို့အံ့'ဟု မိန့်တော်မူ၍ ပါဝါပြည်မှ တစ်ဖန် ကုသိနာရုံမြို့သို့ ကြွတော်မူပြန်သည်ရှိသော် လမ်းခရီးအကြား ဂင်္ဂါ မြစ်၏အနီးအပါးကြီးမားသောသစ်ပင်ကြီးတစ်ခုသို့ရောက်၍ ဝမ်းသွန်သော ရောဂါရှိန်က မငြိမ်လွှမ်းကဲတစ်ကိုယ်လုံးမီးဟုန်စွဲသကဲ့သို့မစဲမရပ်အသည်းကို အပူဟတ်တာနှင့် ရေငတ်တော်မူတာကလဲတစ်ကြောင်း,ဝေနေယျ အပေါင်း တို့ကို ချွတ်လိုကြောင်းကရုဏာနှင့် ဒုက္ခစရိယာကို ဖြည့်ကျင့်တော်မူရတုန်း အခါက ငြိုငြင်စွာ ဆင်းရဲအောင် အားခဲ၍ ဖြည့်ကျင့်တော်မူခဲ့ရသဖြင့် ကြုံခဲ့သမျှရောဂါဒဏ်တို့က ဆောက်ခံရောနှောလာသည်လည်း တစ်ချက်, လျှောသက် ခတ်ဝမ်း မချိနွမ်းလျက်နှင့် ခွာထွက်ဒေသစာ ချီကြွလာသဖြင့် ညောင်းညာရိနွမ်း၍ ပင်ပန်းတော်မူဘာကလဲတစ်တန်, ယင်းကဲ့သို့ဖြစ်ရဟန် တို့ကြောင့် မခံမရပ် အားတော်ပြတ်လု၍ တန့်ရပ်အေးဆိုက် သစ်ပင်ရိပ်၌ လျောင်းအိပ်နားနေတော်မူလို၍—

မယာ ဍုဿံ တံ့ အာနန္ဒာ၊ ဍုခမေဝ စတုဂ္ဂုဏံ။
သံဃာဋိံ မေ ပညာပေဟိ၊ ကိလန္တော နိသီဒိဿာမိ။

အဲ-ဤသို ညီတော်အာနန္ဒာကို စေခိုင်းတော်မူတယ်။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။မေဓယာ၊ ငါဘုရားသည်။ ဍုဿံအစ္ဆိဋ္ဌေမိ၊ အကြောင်းသိစေ ကိုက်တွန်းပေအံ့။ တံ့၊ အရေးတစ်ခုအလေးပြု၍ အမှု ကြီးစား သင်ချစ်သားသည်။ ဍုခမေဝ၊ ဂင်္ဂါမြစ်မှ မဝေးလှဘဲ အေးမြ သန့်ရှင်း ဤသစ်ပင်ရင်း၌သာလျှင်။ မေ၊ ငါဘုရား၏။ သံဃာဋိံ၊ အစပ် အလုပ် နှစ်ထပ်ချုပ်သည့် မစုတ်မနွမ်း ဒုကုဋ်တော်သင်္ကန်းကို။ စတုဂ္ဂုဏံ၊ အပူမြေခတ် လူးမဟတ်အောင် အေးပြတ်စေမှု လေးထပ်ပြု၍၊ ပညာ ပေဟိ၊ ဆန့်စင်းညီညာ ဖြန့်ခင်းပါလော့။ ကလန္တော၊ ကိုယ်လုံးဘူအိုက် အပူမြိုက်လျက်မောဟိုက်ရိခန်းမချိနွမ်းအောင်ပင်ပန်းတော်မူလှသည်ဖြစ်၍

(ပဌမအကြိမ်)

နိသီဒိဿာမိ၊ အေးမြတိတ်ဆိတ် ဤသစ်ပင်ရိပ်၌ လျှောင်းအိပ် စောင်းခွေ အညောင်းဖြေ၍ နားနေအားယူတော်မူဦးအံ့။

အဲ သည်လို မြတ်စွာဘုရားက စေခိုင်းတော်မူလျှင် အရှင်အာနန္ဒာသည် ဒုကုဋ်တော်မြတ်ကို လေးထပ် ချိုးခေါက်ကာ သစ်ပင်ရိပ်မြေညီရာတွင် ရှိသေစွာ ဖြန့်ခင်းလေ၏ ကပ်ချည်းထိုင်နေ လျှောင်းစက်ခွေလျက် နားနေတော်မူပြီးကာ ပူဆာလေးကျပ် ခါတ်ဝမ်းတော်ခရပ်ဘာနှင့် သည်းစပ်ရင်အုံ အပူလုံ၍လိုက်ခုန်ကူး ခတ် သောက်ရေတော်တော်လှ၍ ညီတော်မြတ်အာနန္ဒာကို ခေါ်တော်မူပြီးလျှင် သပိတ်တော်ကို နှင်းအပ်၍ ရေခပ်စေခိုင်းတော်မူတယ်။ ထိုအခါ ညီတော်ကလဲ ဂင်္ဂါကိုကျော်သန်း၍ လှည်းဘန်းငါးရာနှင့် မလ္လာမင်းများ ကူးသွားကြသည်ကို မြင်သဖြင့် ‘ဘုန်းတော်သခင် အရှင်ဘုရား၊ ယခုအခါကား ရေကြည်ကိုရှာမရဖြစ်ပါသည်။ ရှေးစခန်းလမ်းတာ ကြွလှမ်း၍ မကြာခင်က ကုဓာမြစ်ကြီးနှင့် ခရီးရင်ဆိုင်တွေ့ရပါလိမ့်မည်။ ထို မြစ်သို့ရောက်ခါမှ လိုသလောက်မျှဘလို့ ကိုယ်တော်ကိုလဲ ရေသပ္ပါယ်ချပါလိမ့်မည်’ဟု ညီတော်က လျှောက်တယ်။ ထိုအခါ မြတ်စွာဘုရားက ညီတော်၏စကားကို ပယ်ရှားစွန့်လှန်၍ မခံမရပ် ရေတော်တော်လှသဖြင့် ထပ်၍ တစ်ဖန် စေခိုင်းတော်မူပြန်လို၍—

ဣဃံ မေ တံ ဂစ္ဆာနန္ဒ၊ ဟရ ဂင်္ဂါယ မုဒကံ။
ပိဝါမဟံ ပိပါသိတော၊ ကာယော မေ ဒဟဋ္ဌတော။

-လို့ဟောတော်မူပြန်တယ်။

အာနန္ဒ၊ အရေးတော်မှာ အာနန္ဒာ၊ မေမောသာ၊ အပူဖျန်း၍ ပင်ပန်းရှိရှားငါဘုရားသည်။ ဣဃံ၊ မချိလွန်းစွာ တိုက်တွန်းပါ၏။ တံ၊ မရှိမရှား သင်ချစ်သားသည်။ ဂစ္ဆ၊ ပယ်ရှားမနေ သွားပါချေလော။ ဂင်္ဂါယံ၊ မကွာမလှမ်း ဂင်္ဂါမြစ်ကမ်း၌။ ဥဒကံ၊ အညီအဟောက်ရှိသလောက်နှင့် ကျိနောက်ပစေ သောက်တော်ရေကို။ ဟရ၊ မရှောင်မနေသွ ဆောင်ပချေလော။ အဟံ၊ သည်း အူလောင်ညီ တောင့်တရှိမျှ မချိပူပွား ငါဘုရားသည်။ ပိပါသိတော၊ မခံမရပ် မကြံဘတ်အောင် ဖြေဖြတ်မရ ရေတော်လှပြီဖြစ်၍။ ပိပါမိ၊ ရသရွှ လောက် ပူငွေ့ပျောက်အောင် မခြောက်စိမ့်ငှာ သောက်လိုပါ၏။ မေ-မမ၊ ဝမ်းသွေးတော်ခတ် မအေးပြတ်ဘဲ မရပ်တိုးပွား ငါဘုရား၏။ ကာယော၊

ခေါတ်မဟာဘုတ် စပ်ကာချုပ်သည့် အထုပ်ပမာ ရုပ်ခန္ဓာကို။ ဒဟပ်ဦးဘာ၊ တေဇောခေါတ်မီး မပြက်မှိုး၍ ဖိစီးနှိပ်စက်လှချေပြီ။

အဲ—သည်လို မြတ်စွာဘုရားက အထပ်ထပ် စေခိုင်းတော်မူလေလျှင် ရှင်အာနန္ဒာလဲ ဤဂင်္ဂါမြစ်ရေနှောက်သည် ညှီဟောက်စေးပျစ် လွန်ထေး ညစ်လျက်ရှိညွန်နှစ်နံစော်လှသဖြင့် သမ္ဗာရဘုန်းတော်ရှင် သဗ္ဗညုဘုရား ရှင်နှင့် အလွန်ပင်မလျော်ကန် သောက်ခြင်းငှာ မထိုက်တန်လှ၍ လွန်ဆန် ဖီယွင်း အတန်တန်ပယ်၍ ငြင်းသော်လဲ အတင်းအကျပ် သုံးကြိမ်ထပ်၍ စေခိုင်းတော်မူအပ်သည့် ဘုရားစကားကို ပယ်ရှားခြင်းငှာမဝံ့သာလှသည် ဖြစ်၍တစ်ကြောင်း၊ နေကောင်းမရရေတဘင်းဘရအောင်ရုပ်ကာသည့်မှိုန် ရောဂါ၏တန်ခိုးရှိန်ကြောင့် မငြိမ်မသက်ဖြစ်ရတော်မူချက်ကို ငဲ့ကွက်ရှုစား ကိုယ်တိုင်ပင်ခံရသည့်အသားကဲ့သို့ သနားရင်ထုနှင့် မရှုမကြည့်နိုင်အောင် ကြင်နာစိတ်ချုံး နှလုံး နှောက်ကျိ ကိုယ်တွင်းက မချိလှသည်ကလဲတစ် ကြောင်း မကောင်းဖြစ်စေ ကောင်းဖြစ်စေ အာသာတော် ပြေစေအံ့ဟု ရေခပ်ခြင်းငှာ သပိတ်တော်ကိုထမ်းပြီး ဂင်္ဂါမြစ်ကမ်းသို့ သွားတယ်။

ထိုအခါ ဂင်္ဂါမြစ်တစ်လျှောက်တွင်နှောက်ကျိ သမျှ ရေအချပ်သည့်ရှင် အာနန္ဒာချဉ်းကပ်သည်နှင့်တစ်ပြိုင်နက်အနောက် အကြောင်းပျောက်လို့ချိုး သောက်စဖွယ်မြူနယ်ရှင်းစင် အနဂ္ဂဒတ်အိုင်အပြင်ကဲ့သို့ ကြည်လင်သန့်ရှင်း ပြီး တသုန်သုန် စီးဆင်းနေတာကိုမြင်တယ်။ ထိုအခါ ရှင်အာနန္ဒာသည် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲဖြစ်သည်ကိုမြင်ရသဖြင့် များစွာအံ့ခွန်းခွန်းဘုရားရှင် ဘုန်းကံကို အတန်တန်ချီးမွမ်းအံ့သြပြီးမှ ရွှင်မောဝမ်းမြောက်စွာ သပိတ် တော်နှင့် ရေကိုဆောင်ယူလာခဲ့၍ ဘုရားရှင်အား ရေကပ်တော်မူတယ်။

မြတ်စွာဘုရားလဲ အေးမြသောဂင်္ဂါရေကို သောက်ရသဖြင့်အားဘော် အထောက်အပင့်ကိုရ၍ ထိုခဏ အပူပြေအေးလို့ တဖြည်းဖြည်း ကြွတော် မူပြန်သော်ခရီးထောက်မကွာလှခင် အေးမြစိမ်းညိုလူအပေါင်းတည်းခိုတဲ့ သရက်ပင်ပြိုဉယျာဉ်ကြီးနှင့်အနီး ကကုဓာမြစ်ကြီးသို့ ရောက်ပြန်တယ်။ ထိုအခါ မြတ်စွာဘုရားသည် ဝမ်းတွင်းဘော် မသက်သာ၍ ကကုဓာမြစ် တွင်းသို့ ကိုယ်တော်တိုင် ဆင်းတော်မူပြီး အတွင်းက အပူပြယ်အောင် ရေလဲသပ္ပာယ်တော်မူတယ်၊ သောက်လဲသောက်တော်မူတယ်၊ ထို့နောက်

အပူပြေပျောက်လို့ ခွန်အားတော် ရှိလောက်မှ နောက်သို့ပြန်သက် ကမ်းပေါ်သို့တက်တော်မူပြီး သရက်ပျိုဉယျာဉ်တွင်းမှာ ကပ်ချဉ်းနားနေတော်မူတယ်။

ထိုမှတစ်ဖန် ကုသိနာရုံမြို့သို့ ကြွတော်မူတော့မယ်လို့ အကြံနှင့် ထိုင်စံတော်မူရာက အထတွင် ခွန်အားတော် ကုန်ခန်းလှသဖြင့် မမနိုင် မယိမ်းနိုင် ယိမ်းယိုင်ဗယ်ညာ ရွှေတောင်ကြီးပြိုမဟာလို မူးမှိုင်ကာတွဲအိ၍ လဲတော့မယ့်ရှိရာတွင် တပည့်သံဃာအပေါင်းတို့နှင့်တကွ ရှင်အာနန္ဒာ ရှင်စုန္ဒတို့က ဝိုင်းမကူတွဲပြီး မလဲမတိမ်းရအောင် ထိန်းသိမ်းစောင့်ရှောက်လို့လက်ဝဲလက်ယာ ပင့်မြှောက်ကြကာမှ တဖြည်းဖြည်း ပြေပျောက်ပြီး အားထောက်တော့် အတန်ရလို့မို့ ကြွမြဲတိုင်းကြွတော်မူပြန်တယ်၊ အဲ-ဤသို့ ဆဒ္ဒန်ဆင် ဆယ်စီးအားကို ဆောင်နိုင်သော အားခွန်ဗလကြီးကျယ်တော်မူပါလျက် ထိုအခါ ရောဂါ၏အစွမ်းကြောင့် အားတော်ကုန်ခန်း၍ ပင်ပန်းတော်မူလှသဖြင့် ပါဝါမြို့မှ ကုသိနာရုံခရီးသည် မဝေးမနီးလှပဲသုံးဂါဝုတ်လေးတိုင်ခွဲမျှလောက်သာ ကွာသည်ဖြစ်ပါလျက် နှစ်ဆယ့်ငါးကြိမ်တိုင် နားနေတော်မူပြီးမှ ကုသိနာရုံပြည်မလ္လာမင်းတို့၏အင်ကြင်းဉယျာဉ်စခန်းကို ညနေချမ်းအချိန်မှ ရောက်သဖြင့် ဉယျာဉ်တော်အတွင်း၌ ရှိနှင့်သော မလ္လာမင်းတို့၏ စလွန်ညောင်စောင်းကို မြင်တော်မူက ညီတော်အာနန္ဒာကို ခေါ်တော်မူပြီး 'အာနန္ဒာ-ဤစလွန် ညောင်စောင်းကို ရှေ့ပြောင်းချီကာ အင်ကြင်းပင်နှစ်ခုတို့၏အကြားမြောက်သို့ဦးခေါင်းထား၍ ခင်းဘိလော'ဟု စေခိုင်းတော်မူလို့၍—

**ဟေဟိ ဒါနိ တွံ အာနန္ဒ၊ ယမကသာလာန မန္တရံ။**
မဉ္စကံ မံ ပညာပေဟိ၊ ကိလန္တော နိပဇ္ဇိဿာမိ။

အဲ-ဤလိုစေခိုင်းတော်မူတယ်။

အာနန္ဒ၊ ညီရင်းသည်းချာ အာနန္ဒာ။ ဟေဟိ၊ လျင်လျင်မြန်စွာလာလှည့်ပါလော။ ဣဒါနိ၊ အမူမကြာ ယခုအခါ၌။ တွံ၊ ရေးရာသိကြား သင်ချစ်သားသည်။ ယမကသာလာနံ၊ ပွင့်ငုံဝါဝင်း ညွတ်ခါဆင်းသည့်ပင်မင်းရိပ်မြို့ အင်ကြင်းစုံသို့၏။ အန္တရံ အန္တရေ၊ စီစီလင်လင် အညီယှဉ်လျက်အစဉ်မမှား နှစ်ပင်ကြား၌။ ဣမံ မဉ္စကံ၊ မလ္လာမင်းများ အတွင်းသားနှင့်သွင်းထားထိုင်လျောင်း ဤညောင်စောင်းကို။ ပညာပေဟိ၊ မြောက်သို့

ဦးခေါင်းမှီကာ စောင်းလျက် ချီပြောင်းလှည့်ကာ ခင်းထည့်ပါလော။ ကိလန္တော၊ အားတော်ကုန်ကျ ပင်ပန်းလှပြီဖြစ်၍။ နိပဇ္ဇိဿာမိ၊ လောင်ဆူလိုက်လဲ အပူစဲအောင် လူးလဲလျောင်းကာ အိပ်ဦးပါအံ့။

အဲ·ဤလို စေခိုင်းတော်မူသောအခါ အရှင်အာနန္ဒာလဲ မလ္လာမင်းတို့၏ ရှိရင်း ညောင်စောင်းကို ချီ၍ပြောင်းယူဆောင်လျက် မြောက်တောင်အလျား အင်ကြင်းပင် နှစ်ပင်ကြားတွင် မြောက်သို့ခေါင်းရင်းထားပြီး ဘုရားရှင် ဒုကုဋ်တော်ကိုလဲ အပေါ်က လေးခေါက်သပ်လို့ လျောက်ပတ်စွာ ခင်းထားတယ်၊ ထိုအခါ မြတ်စွာဘုရားသည် ပလ္လင်တော် ညောင်စောင်းထက်၌ လက်ယာဘက် နံတော်စောင်းဖြင့် စက်လျောင်း စံပယ်တော်မူတယ်၊ အဲ· ထိုအခိုက်တွင် ဥယျာဉ်တော်အတွင်း၌ အင်ကြင်းရဂုံ ပင်ပျိုစုံတို့သည် အကုန် ညွှတ်စင်း၍ ဖျားရင်းမလွတ် ပင်လုံးကျွတ်အောင် ပွင့်ချပ်ဝတ်လွှာတို့ဖြင့် ကိုယ်တော်မြတ်ရှိရာသို့ လှည့်ကာ ညွှတ်ငိုက်လို့ ဦးခိုက်ပူဇော်ကြတယ်။ ထို့ကြောင့်—

သဗ္ဗာပိ ယမကသာလာ၊ တဒ္ဒါ ပူဇေန္တိ ပုပ္ဖိတာ။
အကာလာပိ ပါဏာဝိယ၊ သြနမိတွာန သရီရံ။

လို့·ဟောတော်မူတယ်။

တဒါ၊ထိုသုံးလူ့ဘုန်းမော်ညောင်စောင်းပေါ်တွင် လျောင်းစက်တော်မူသောအခါ၌။ သဗ္ဗာပိ၊ ဥယျာဉ်တော်ရှိပင်ချင်းထိမျှ အပြည့်သိမ်းခြုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ယမကသာလာ၊ မှီကာချီကာ ညီတညာနှင့် စီကာတန်းရုံ အင်ကြင်းစုံတို့သည်။ အကာလာပိ၊ ထုံးနှင့်တမ်းညီ စခန်းမီအောင် ရာသီမချို ခါမဝင့်ကုန်ဘဲလည်း။ ပုပ္ဖိတာ ဖျားရင်းတုံးထွတ် ပင်လုံး၊ ကျွတ်အောင် ရုံးညွှတ်ဆင့်ပုံ ပွင့်ကြကုန်လျက်။ ပါဏာဝိယ၊ အသက်ပါဏ မရှိကလည်း ဇီဝတည်းခို လူတို့လိုကဲ့သို့။ သြနမိတွာန၊ ညွှတ်ခဝပ်ချ တွဲကာ ကျကုန်သည်ဖြစ်၍။ သရီရံ၊ ပရိနိဗ္ဗာန် ဝင်စံလုလတ် ကိုယ်တော်မြတ်ကို။ ပူဇေန္တိ၊ ညီညာသိုက်မြိုက် စီကာဆိုက်လျက် ဦးခိုက်ပူဇော်ကြကုန်၏။

အဲ·ဥယျာဉ်တော်တွင်းက အင်ကြင်းပင်များသာ ပူဇော်ကြတာမဟုတ်သေးပါဘူး ဇကြာဝဠာတိုက်တစ်သောင်းက စုပေါင်းရောက်လာကြတဲ့ အာကာသဌ, ဘုမ္မဋ္ဌစသော နတ်တို့ကလဲ နတ်တိုင်းမှာဖြစ်တဲ့ ပွင့်သစ်ထူးဆန်း

ကက္ကရုပန်း, မန္ဒာရဝမည်သော ထင်ရှားပန်း, စန္ဒကူးကရမက်, သရက်ခန့်ကုက်ုမာ, မာလာကျိုကျူ, နံ့သာဖြူ, နံ့သာနီစသော အမှုန့် ကကိုးအခိုးအထုံအစုံစုံ အမျိုးမျိုးတို့ကို ပြည့်ဖြိုးလျှံမောက်အောင် ကြဲမြောက်ပူဇော်ကြကုန်သေးတယ်။ ထို့ကြောင့်—

မန္ဒာရဝပုပ္ဖာနိ စ၊ အထာပိ စန္ဒနစုဏ္ဏံ။
ဝိပ္ပကိရန္တာ အာကာသံ၊ ဒေဝါ ပူဇေန္တိ သမ္ဗုဒ္ဓံ။

လို့ ဟောတော်မူတယ်။

ဒေဝါ၊ စကြာဠာသောင်းတိုက် ပေါင်းဘဝိုက်က ရောက်ဆိုက်လာကြွားနတ်အများတို့သည်။ မန္ဒာရဝပုပ္ဖာနိစ၊ နတ်ဘိုင်းကဖြစ်ပျံ့လှိုင်ရစ်မျှ ပွင့်သစ်ထူးဆန်း ထင်ရှားပန်းတို့ကိုလည်းကောင်း။ အထာပိ၊ အခြားတစ်ဖုံ တစ်ပါးတုံသည်း။ စန္ဒန စုဏ္ဏဥ္စ၊ စန္ဒကူးကရမက် သရက်ခန့်မျိုး အခိုးအထုံကိုလည်းကောင်း။ အာကာသံ၊ အဇဋာပြင် မိုးကောင်းကင်သို့။ ဝိပ္ပကိရန္တာ၊ ဖရိုဖရဲ မြောက်ကာကြဲကုန်လျက်။ သမ္ဗုဒ္ဓံ၊ စလွန်တော်ထက် လျောင်းကာစက်သည့် ငြိမ်သက်စံစား ရှင်တော်ဘုရားကို။ ပူဇေန္တိ၊ အနံ့အခိုးပျံ့ပျံ့ဖြိုးအောင် ဖြန့်မိုးကြဲ၍ပူဇော်ကြကုန်၏။

သည်မျှသာ မကသေးပါဘူး နတ်ပြည်ရပ်၌ နတ်တို့ပျော်ကျင့်တဲ့ ဒိုမင်းပဿာ ခရာပတိုး မရှိစောင်းငြင်း ခရုသင်းစီမြွာ တူရိယာအမျိုးမျိုးတို့နှင့်ကကွ ချိုမြအေးကြည် သံရှည်သံကို နားဝင်ချိုအောင် မြည်ဆိုရင့်ကျူး၍ အထူးထူး ပူဇော်ကြကုန်သေးတယ်။ ထို့ကြောင့်....

ဒိဗ္ဗာနိ တူရိယာနိ စ၊ သံဂီတာနိ စ ဘော တဒါ။
ဝါဒေန္တာ ဂါယန္တာ သဒ္ဒါ၊ ဒေဝါ ပူဇေန္တိ သမ္ဗုဒ္ဓံ။

လို့ ဟောတော်မူတယ်။

တဒါ၊ ထိုစလွန်တော်ထက် လျောင်းစက်တော်မူသော အခါ၌။ ဘော ဒေဝါ၊ ထိုစကြာဠာတိုက်သောင်း နတ်အပေါင်းတို့သည်။ ဒိဗ္ဗာနိ တူရိယာနိစ၊ နတ်တို့ပျော်ပွဲ သိမ့်သိမ့်လဲအောင် ခြိမ့်သည်းညံညိုး တူရိယာမျိုးတို့ကိုလည်းကောင်း။ သံဂီတာနိစ၊ ညည်းညူဆွေးတ စိတ်အေးမြအောင် ကြွေးကြသံပျိုး သီချင်းမျိုးတို့ကိုလည်းကောင်း။ ဝါဒေန္တာ၊ ကောင်းကင်လုံးခြိမ့်မြေလုံးသိမ့်အောင် ငြိမ့်ငြိမ့်သံစုံ တီးမှုတ်ကုန်လျက်။ ဂါယန္တာ၊ ဆိုက်ဘာထိုင်ကာ သံပြိုင်ညာ၍ ထိုင်ကာစုအုံ သီကြကုန်လျက်။ သဒ္ဒါ- သဒ္ဒနာ၊

(ပဋ္ဌမအကြိမ်)

စီကာသုပန် ညီညာသောအသံဖြင့်။ သမ္ဗုဒ္ဓံ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံနီးပါး ရှင်တော်ဘုရားကို၊ ပူဇေန္တိ၊ ခစားဝိုင်းအုံ ပူဇော်ကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ညီတော်ကိုခေါ်တော်မူ၍ 'ချစ်သားအာနန္ဒာ၊ယခုအခါ ငါဘုရားကို နတ်များအပေါင်းတို့သည် သိန်းသောင်းမက အထူးထူးသော ပန်းနံ့သာ စသည်တို့နှင့်ပူဇော်ကြ မြတ်နိုးကြခြင်းသည် ကား၊ ငါဘုရား၏ကောင်းစွာ ပူဇော်ခြင်းမြတ်နိုးကြခြင်း မမြည်သေးဖူး။ ငါဘုရား၏ဟောကြားပညတ် တရားမြတ်ကို မပြတ်ကြိုးကုတ်၍ အားထုတ် ကျင့်ဆောင်သောသူတို့မှသာ ငါဘုရားကို ကောင်းစွာပူဇော်သည် မြတ်နိုး သည် မြည်တယ်'။

ထို့ကြောင့် ငါဘုရားကို ကောင်းစွာပူဇော်လို မြတ်နိုးလိုသော သင် ချစ်သားတို့သည် ငါဘုရား၏ ဟောထားပညတ် ပဋိပတ်ကိုသာ မပြတ် ကြိုးကုတ်၍ အားထုတ်ကျင့်ဆောင်ရမယ်လို့ မှာထား ဆုံးမတော်မူတယ်။ ထိုအခါ ရှင်အာနန္ဒာသည်ငါ၏ကိုးစားရာ အားထားရာ ဖြစ်တော်မူသော နောင်တော်ဘုရားသည်ကားငါနှင့်တကွရှိသမျှတပည့်သားတို့အားမှာထား သင့်အစုစုကိုတစ်ခုမထား စေ့ငုအောင်ဖော်ကြား၍မှာထားတော်မူချေပြီ။ မကြာမီကာလ ယနေ့ညပင် မုချဧကန်ပရိနိဗ္ဗာန်စံဝင်တော်မူချေတော့မယ်။

ယနေ့ညမှ နက်ဖြန်ကျလျှင် သာဝကမြေးပုငါတစ်စုတို့မှာ အမှုတိုးပွား ခိုကိုးစားဖို့ရှေ့သွားဦးစီးပဲ့သူကြီးသည် အပြီးပျောက်ကွယ်၍ ကိုးကွယ်ရာ မယ့်ဖြစ်ချေတော့မယ်။ မဖွယ်မျိုးတိမ် ဂုဏ်ညှိုးမှိန်လျက် ဟုန်ရှိန်ပျောက် ကင်းမတောက်လင်းနိုင်ဘဲ သတင်းမပေါ် ထက်ပန်းကျင် ညှိုးလျော်၍ရှိန် စော်ညံ့မှေးတဖြည်းဖြည်းပင်အရေးမလှဖြစ်ချေတော့မည်ဟုအသွယ်သွယ် တွေးမှိုင်ပြီး အဆွေးကိုမသိမ်းနိုင်တာကလဲတကြောင်းဘဝပေါင်းများစွာ သိန်းကမ္ဘာတို့က မကွာတူကွပါရမီသမ္ဘာရတို့ကို ဖြည့်ခဲ့ကြတာကလဲ မကွဲ၊ ဤဘဝမှာလဲအတူ ရေပူရေချမ်း သပိတ်တော်ကိုဆောင်ထမ်းပြီးခြေလှမ်း နောက်ထပ် အရွာရွာအရပ်ရပ်တို့ကို လှည့်ပတ်ဒေသစာမခွဲမကွာဘဲ မြစ္စာ နေ့ညနေရတာများလှသဖြင့် မာချစ်ခင် မေတ္တာရေဝင်သောကြောင့် နက် ဖြန်နံနက် အရုဏ်တက်က အဆက်ဆက်မတွေ့ရအောင်ပြောင်းရွှေ့ပစ်ထား အဆုံးစွန်သွားမည်ကိုစဉ်းစားတွေးဆစိတ်သောကနှင့်ပရိဒေဝလောင်ကိန်း

သည်ကို ဖြေသိမ့်လို့မရနိုင်တာကလဲ ဘတန့်,သောတာပန်မျှ လောက်ကိုသာ ဖြစ်ရ၍ ရဟန်းကိစ္စမတုံးရသေးလို့စိတ်နှလုံးမအေးတာကလဲ တဖို့,မစုံမဖွယ် သိမ်ဂုဏ်ကွယ်လှတဲ့'ကုသိနာရုံမြို့ငယ်ထဲမှာဒေ့သည်ကပွင့်။ ခရီးသွားတော့လို့ ထောက်ထားမမြင် နိဗ္ဗာန်ခွင်ကိုကြွဝင်တော်မူလာတာနှင့်များစွာစုပေါင်းလို့ အလောင်းတော်ဈာပနကိုအားရရွှင်အေးလှပအောင်မပြုရမည့်အရေးကို မြော်တွေးတိုင်း ဆွေးရိလို့မခါဆူတည်း မျက်ရည်ယဉ်ဝဲလှသဖြင့် လူထဲမှာမနေချင်လို့ ပရိသတ်ပြင်သို့ထွက်သွားကာ မလ္လာမင်းတို့၏ မင်းကွန်း တံခါးတိုင်ကို ကိုင်ဆွဲပြီးတစ်ယောက်ဘည်းပူဆွေးလို့ ငိုကြွေးတသကာနေတယ်။ ထိုအခါ မြတ်စွာဘုရားသည် ညီတော်ကိုအနီးအပါးမှာ မမြင်၍ အာနန္ဒာကား အဘယ်သို့ သွားသနည်းဟု မေးတော်မူတယ်၊ ထိုအခါ ရဟန်းအပေါင်းတို့က ငိုကြွေး၍နေပါကြောင်းနှင့် လျှောက်ထားကြလေလျှင်သွား၍ခေါ်စေတော်မူလေသော်ညီတော်အာနန္ဒာ သောကမီးမပွားရအောင် ဟောကြားဆုံးမတော်မူလေ၍-

> အလံ အာနန္ဒ မာ သောစိ၊ နရောဒိ မာ ပရိဒေဝိ။
> ပိယေဟိ စ မနာပေဟိ၊ နာနာနာဘာဝဝိနာဘာဝံ။
> ဇာတံ ဓမ္မအနာတီတံ၊ ပဋိကစော အကြွာတံ။
> မာ ပလုဇ္ဇိ မာ နဿီတိ၊ ကုတော လဗ္ဘာ ဟိ ပဏ္ဍနာ။

လို့-ဆုံးမတော်မူတယ်။

အာနန္ဒာ ငါ၏ထံရင်း မြဲဝပ်ဆင်းသည့် ညီရင်းလိမ္မာအာနန္ဒာ။ အလံ၊ သောကမကာင်း သင်ဖြစ်ခြင်းသည် အလျဉ်းမသင့်ချေဝကား။ မာသောစိ၊ ကိုယ်လုံးညှိုးပိန် တန်ခိုးမှိန်အောင် စိုးရိမ်ပူဆာမရှိပါလင့်။ မာပရိဒေဝိ၊ မကြည်မအေး ထို့ဤတွေး၍ ငိုကြွေးဗျာပါမရှိပါသင့်။ ပိယေဟိ၊ မပျက်ပျောက်ချင်သက်သေ ာက်ထင်၍ ခင်မင်အားကိုးချစ်မြတ်နိုးအပ်ကုန်သော။ မနာပေဟိ၊ ကြည်လင်ရွှင်ပြုံး ဝိညာဏ်ဆုံးအောင် နှလုံးကိုပွားစေတတ်ကုန်သောသူတို့နှင့်။ ဇာနာနာဘာဝ ဝိနာဘာဝဥ၊ ဤသို့မလွဲသေရှင်ကွဲနှင့် ဖောက်လွဲဖောက်ပြားဖြစ်ရခြင်း သဘောတရားကိုလည်းကောင်း။ ဇာတံ ဓမ္မ အနာတီတဥ၊ ဤသဘောနှင့် သူရောငါက ရှိသမျှတို့ မုချစင်းစင်း မလွန်နိုင်ခြင်းကိုလည်းကောင်း။ ပဋိကစ္စော၊ ရှေးကကြိုဆီးစော စောကြီးကပင်။ (ပဌမအကြိမ်)

တဝ၊ တောင့်တပူပွား သင်ချစ်သားအား။ မယာ၊ ဘိဇ္ဇနယွင်းချွတ် စက်ကွင်းဝဋ်မှမလွတ်ရှောင်ရှား ငါဘုရားသည်။ အက္ခာတံနနု များစွာလောင်မီးနောင်မကြီးရအောင် ဟောပြတော်မူခဲ့ပြီ မဟုတ်ပါလော။

အာနန္ဒာ၊ ညီရင်းသည်းချာ အာနန္ဒာ။ ဧဝံ၊ ပလောက ဓမ္မမို၊ ဤသို့မလွဲထိုဤကြဲ၍ပြိုကွဲမှုခြင်းသဘောမကင်းသော။ တထာဂတဿ၊ သခ်ါရအရေးစက်ဝဋ်ဘေးနှင့် ရောထွေးရငြား ငါဘုရား၏။ သရီရံ သရီရရေးငါးခုငါးရပ်ဆင့်ကားထပ်၍ ချုပ်စပ်နှောင်ထုပ် ခန္ဓာရုပ်ဒွ။ မာ ပလုဇ္ဇိ မာနသီတိ၊ ထိုဤကွဲနှပေါက် မကြဲပျောက်ပါစေလင့် ဟူ၍။ ပတ္ထနာ၊ ငိုယိုကြောင့်ကြ သင်တောင့်တခြင်းကို။ ကုတောလဗ္ဘာ၊ ဘယ်မှာမြဲစွာ ရနိုင်ဖွယ် ရှိချေပါအံ့နည်း။

အဲ-သည်လို ပရိဒေဝမဖြစ်ရအောင် ဆုံးမတော်မူပြီးမှ တစ်ဖန်ကိုးကားရာမဲ့ပြီဟု အားနွဲ့သော ညီတော်အား ဆုံးမသူအခြား အားထားဖို့အရေးအများပင် ရှိပါသေး၏ဟု အားပေးတော်မူပြန်လို၍–

မာ စိန္တယိ တုံ့ အာနန္ဒာ၊ ဒေသိတော နော ဗဟုဓမ္မော။
သော ဝေါ မမ အစ္စယေန၊ ဟေဿတိ ဒမ္မကော သတ္ထာ။
လို့-ဟောမပော်မူတယ်။

အာနန္ဒ၊ ဩဝါဒသွင်း ဆရာကင်းပြီဟု ထန်ပြင်းပူဆာ အာနန္ဒာ။ တုံ၊ အပူလောင်ပွားသင်ချစ်သားသည်။ မာစိန္တယိ၊ အရေးဖောက်ပြန်မတွေးကြံပါလင့်။ မယာ၊ သင်တို့ကိုစား ငါဘုရားသည်။ ဗဟုဓမ္မော၊ သုတ္တာန်ဝိနယာဘိဓမ္မာနှင့်များစွာ ထောင်သောင်း တရားပေါင်းကို၊ ဒေသိတောနော ဒေသိတောနု၊ လေးဆယ့်ငါးဝါ မနားပါဘဲ များစွာကြိုးစား နှောင်ကိုးကားဖို့ ဟောကြားတော်မူခဲ့ပြီ မဟုတ်ပါလော။ သောဓမ္မော၊ ထိုဓမ္မခန္ဓာများစွာစုဆောင်း တရားပေါင်းသည်။ မမအစ္စယေန၊ ငါဘုရားတစ်ဆူပြည်နိဗ္ဗူသို့ စံယူကျုံးသွန် သေဆုံးလွန်သဖြင့်။ ဝေါ၊ သင်ချစ်သားနှင့်အများသိန်းသောင်း တပည့်ပေါင်းတို့၏။ ဒမ္မကော၊ ကျိုးကြောင်းပြတင် ဓမ္မထင်အောင် သွန်သင်မပြတ် ဆုံးမတတ်သော။ သတ္ထာ၊ မိုခိုရာကောင်း ဆရာပေါင်းသည်။ ဟေဿတိ၊ နေ့နှင့်တာရှည် ဖြစ်ရစ်မှပလတ္တံ့။

(ပဋ္ဌမအကြိမ်)

အဲ·သည်လို မှိုခိုးရှိရစ်သည့်အခရေးနှင့် အားပေးဘော်မူပြီးမှ သောတာပန်မျှ ဖြစ်လိုက်ရသဖြင့် ရဟန်းကိစ္စမပြီးသေး၍ ပူဆွေးသော ညီတော်အား နှိုးဆော်တိုက်တွန်းတော်မူလို၍....

ကတပုညောသိ အာနန္ဒ၊ မာ ပမာဒ မနုယုဉ္ဇ။
ပဟာယ ရဇံ န စိရံ၊ ခိပ္ပံ ဟေဿတိ နာသဝေါ။

လို့·ဟောတော်မူတယ်။

**အာနန္ဒ**၊ကြောင့်ကြမအေး ကိုယ့်အရေးကြောင့် ငိုကြွေးပူဆာအာနန္ဒာ။ တို့၊ ဘဝရှည်လျား သင်ချစ်သားသည်။ ကတပုညော၊ ပါရမီ တောင်းဆုအကြောင်းပြု၍ ကောင်းမှုရှိပြီးသောသူသည်၊ အသိ၊ ဖြစ်ပြီ။ မာ ပမာဒ၊ လုံ့လမပေါ့ မမေ့မလျော့ပါလင့်။ အနုယုဉ္ဇ၊ မကျမဘုတ် အချက်တပ်၍အားထုတ်ရစ်ပါလော။ နစိရံ၊ ငါဘုရားနှင့် ကွဲသွားပြီးနောက် မကြာမမြောက်မီ။ ရဇံ၊ ကိလေသာဟု ဘယာထူသည့် ရန်သူအစစ်မာရ်မြူညစ်ကို။ ပဟာယ၊ အမြစ်မကျန် ပယ်ပစ်လှန်၍။ ခိပ္ပံ၊ လျင်လျင်မြန်မြန် မနှေးကံဘဲ။ အနာသဝေါ၊ အာသာခထွေးရစ် ကြေးအညစ်ကို ဆေးပစ်စွန့်ခွာရဟန္တာသည်။ ဟေဿတိ၊ မချွတ်မသွေ ဖြစ်ရပေလတ္တံ့။

အဲ·ဤလို ညီတော်အား သော်ကမီးတောက် ပြေငြိမ်းပျောက်ခအောင် ချိုးခမြူးက်ဖော်ကြား၍ မှာထားဆုံးမတော်မူခဲ့တယ်။

ထိုအခါ ရှင်**အာနန္ဒာ**က မြတ်စွာဘုရား ဤကုသိနာရုံပြည်ကား တော၏သဖွယ် သိမ်ငယ်**သေး**နုပ်လှပါတယ်။ ဤကဲ့သို့ မြို့ငယ်၊ ပြည်ငယ် တိုင်းနိုင်ငံ**အစွန်**အဖျားမှာ ပရိနိဗ္ဗာန် ဝင်စံတော်မမူပါလင့်၊ ဤကုသိနာရုံမြို့မှတစ်ပါး စည်ကားပြန့်ပြော ကြည်ညိုသူ ပူခဇာ်သူပေါများတဲ့ သာဝတ္ထိ၊ရာဇဂြိုဟ်ထိုထိုအသီးသီး တိုင်းခရိုင်နိုင်ငံကြီးတို့၌သာ ခိုမှီးနိဗ္ဗာန်ဝင်စံခတော်မူပါမှသ့် အကြောင်းနှင့် လျှောက်တောင်းပန်လိုသည် ဖြစ်၍။

မာ ဘန္တေ ခုဒ္ဒကေ ဋ္ဌခ၊ နဂရေ ပရိနိဗ္ဗာယိ။
ဂစ္ဆာမ မဟာ အညာနိ၊ တေ ပူဇေဿန္တိ သရီရံ။

လို့·ဟောတော်မူတယ်။

ဘန္တေ၊ ဘုန်းတော်သခင် ရှင်ဘော်ဘုရား။ တို့၊ ရှင်တော်ဘုရားသည်။ ဋ္ဌခုဒ္ဒကေနဂရေ၊ အခြေသေးတိ လူမရှိသည့် တော၏သဖွယ် ဤမြို့ငယ်၌၊

မာ ပရိနိဗ္ဗာယိ၊ မထင်ရှားတန်ခိုး အစဉ်ညှိုးအောင် ခိုကိုးမမြင် နိဗ္ဗာန်ခွင်သို့ စံဝင်တော်မမူပါလင့်။ အညာနိ၊ ဤမြို့ငယ်မှလွဲဖယ်ဘစ်ခြား အလွန်များကုန်သော။ မဟာနဂရာနိ၊ မွေးဘခိုမှီ ပြည်ကပ္ပိနှင့်ကောသမ္ဗီ ရာဇဂြိုဟ် ထိုထို အသီးသီး နန်းမြို့ကြီးတို့သို့။ ဂစ္ဆာမ၊ ဒေသစာရီများ မနေထရ်နှင့်သွားချီ လှည့်လည်ကြပါကုန်အံ့။ တတ္ထ၊ ထိုထိုစိုင်နန်းနီးမြို့ပြည်ကြီးတို့၌၊ မနုဿာ၊ သူကြွယ်သူဌေးဂုဏ်ပွံ့မွေ့သည့် မြတ်လေးကြည်ဖြူအများလူတို့သည်။ ဧက တဝ၊ ဘုန်းတော်သခင် ရှင်ဂေါတမဘုရား၏။ သရီနံ၊ နိဗ္ဗာန်စံခပြောင်း သိမ်းအောင်းသည့် ဓာတ်ပေါင်းရွှေလှော် အလောင်းတော်ကို။ ပူဇေဿန္တိ၊ မြို့ကုန်ချီထွန်း အောင်စည်ရွှန်းလျက် ခြိမ့်မွန်းရိုက်တုန် ပူဇော်ကြပါကုန်လတ္တံ့။

အဲ-ဤကဲ့သို့ ညီတော်က တိုင်းကြီးပြည်ကြီး နိုင်ငံကြီးများသို့ ပြောင်းသွားကြွချီတော်မူ၍ ပရိနိဗ္ဗာန်စံဝင်တော်မူပါမည့်အကြောင်းနှင့် လျှောက်တောင်းခွင့်ပန်လေလျှင် မြတ်စွာဘုရားက ချစ်သားအာနန္ဒာ ဤကုသိနာရုံပြည်ကို သိမ်ငယ်သေးနုပ်သောပြည်ဟု သင်ချစ်သား မဆိုပါလင့်။ ဤမြို့သည်ကား ငါဘုရား မဟာသုဒဿနစကြာမင်း ဖြစ်တော်မူစဉ်အခါ တစ်ဆယ့် နှစ်ယူဇနာလူနေသာအောင် လွန်စွာကျယ်ပြော အံ့ဩမပြီး ဂုဏ်သိမ်ကြီးသည့် တိုင်းကြီးပြည်ကြီး နိုင်ငံကြီးဖြစ်ကြောင်းနှင့် ပြန်ပြောင်းအတ္တုပ္ပတ် မဟာသုဒဿန စကြာမင်းဇာတ်ကို ဟောတော်မူလို၍—

ဧဝံ မာ ဝစ အာနန္ဒ၊ ခုဒ္ဒကံ ဇုမ္မိ နဂရံ၊
ဒွါဒသယောဇနာယာမံ၊ သဗ္ဗဇ္ဇုမ္ဗူဟိ သမ္ပုဏ္ဏံ။
ကုသာဝတီတိ နာမေန၊ ဝေါဟာရန္တိ မဟာဇနာ။
မဟာသုဒဿနော ရာဇာ၊ စက္ကဝတ္တိ ဘဝါမဟံ။

လို့ဟောတော်မူတယ်။

အာနန္ဒ၊ သိကြားလိမ္မာ အာနန္ဒာ၊ ဇုမ္မိနဂရံ၊ ကုသိနာဟု သညာဘွဲ့မှတ် ဤမြို့မြတ်ကို။ ခုဒ္ဒကံ ခုဒ္ဒကံဇုတိ၊ မွေးကွယ်ရံချို သေးငယ်သောမြို့ဟူ၍၊ ဧဝံ၊ ဤသို့ဖွင့်ကြား မထိမဲ့စကားကို။ မာ အဝစ၊ ရှုပ်ချနှိပ်ခ ါမဆိုပါလင့်။ ဇုမ္မိနဂရံ၊ ကုသိနာရုံမည်သီး ဤမြို့ကြီးသည်။ ဒွါဒသ ယောဇနာ ယာမံ ဆယ့်နှစ်ယူဇနာလူနေသာအောင် ဝေဆာဖားသွယ် အလျားကျယ်၏။ သဗ္ဗ

ဓာတ်နတို့၊ လူ့ပြည်လူ့ဇာတ် လူ့ဘုံရပ်၌ လိုအပ်သုံးရိုး အမျိုးမျိုးတို့နှင့်။ သမ္ပုဏ္ဏာ၊ မောက်ကျော်စုပုံ လွန်ပြည့်စုံ၏။

တံနဂရုံ၊ ထိုကုသိနာရုံမည်မှတ် ချပြည်မြတ်ကို၊ ပုဗ္ဗေ၊ ရှေးအတိတ လွန်ကာလ၌။ ကုသဝတီနာမမေန၊ ကုသဝတီ အမည်အံ့ချီး ဘွဲ့အသီးဖြင့်။ မဟာဇနာ၊ ဝန်းကျင်နီးပါး လူအများတို့သည်။ ဝေါဟရန္တိ၊ ခေါ်ဆိုနှုတ်သ သမုတ်ကြလေကုန်၏။ တတ္ထ ထိုကုသဝတီ ဘွဲ့အမည်နှင့် ထိုဤကျော်ဟီး နန်းမြို့ကြီး၌။ အဟံ၊ သင့်ဆရာ ယခုငါသည်။ မဟာသုဒဿနော၊ မဟာသုဒဿန ဘွဲ့မည်ရဘော။ စက္ကဝတ္တိရာဇာ၊ စကြာဘိန်းကြီး ဒိန်းဒိန်းဟီး အောင် လှည့်စီးပိုင်နင်း စကြာမင်းသည်။ ဘဝါမိ၊ ဖြစ်ခဲ့ဖူးပြီ။

အဲ-ဤကဲ့သို့ ညီတော်အား မဟာသုဒဿန စကြာမင်းဇာတ်အတ္ထုပ္ပတ်ကို ဟောတော်မူပြီး၍ 'အာနန္ဒာ ငါဘုရားသည် ယနေ့ည မိုးသောက်ယံ ပရိနိဗ္ဗာန်စံဝင်တော်မူလိမ့်မည်။ ထိုအကြောင်းကို မလ္လာမင်းများသို့ မသိမကြားကြကုန်သေး။ အကယ်၍ နောင်မှ သိကြကုန်သည်ရှိသော် နောင်တစ်ဖန်ပူပန်ခြင်းဖြစ်ခဲ့ရာသည်။ ယခုစောစောက သင်ချစ်သားသည် သွား၍ ပြောကြားချေပါလော'ဟု စေခိုင်းတော်မူလိုက်တယ်။ ထိုအခါ အရှင်အာနန္ဒာသည်လည်း ဘုရားရှင်စကားနှင့် မလ္လာမင်းတို့ကို ပြောကြားအံ့ငှါ ကုသိနာရုံမြို့တွင်းသို့ ဝင်သွားတော်မူတယ်။ ထိုအခါ မလ္လာမင်းများလဲ တစ်ခုသောကိစ္စနှင့် လွှတ်တော်ရုံးမှာ တိုင်ပင်စည်းဝေး၍ နေကြခိုက်ကြုံသည်နှင့် အကုန်တွေ့ရသဖြင့် ထိုအကြောင်းကို ပြောကြားတော်မူခြင်းငှာ—

> ဤမေဝ အဇ္ဇ ဝါသေဋ္ဌာ၊ ရတ္တိယာ ပစ္ဆိမေ ယာမေ။
> ဟောဿတိ တထာဂတဿ၊ အဝသံ ပရိနိဗ္ဗာနံ။
> အဘိက္ကမထ ဂါမဓေယ္ယာ၊ သုဂဟော ပရိနိဗ္ဗာနေ။
> မာ လဘိမှာ ဒဿနာယ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော။

လို့ ပြောကြားတော်မူတယ်။

ဝသေဋ္ဌာ၊ ဝါသေဋ္ဌနွယ်ဝင် မျိုးသန့်စင်သည့် ပေါ်ထင်ထွန်းလင်း မလ္လာမင်းတို့။ ဤမေဝ၊ ဤကုသိနာရုံ အင်ကြင်းစုံနှင့် ရဂုံပျော်ခင်းဥယျာဉ်တော်တွင်း၌ သာလျှင်။ အဇ္ဇ—ကဆုန်ပုဏ္ဏမီ တိုထိရက်စေ့ ဤယနေ့၌။ (ပဥ္စမအကြိမ်)

ရတ္တိယာ၊ လျှံဆူအရှိန် ဖန်သူရှိန်ကင်း ညဉ့်အတွင်း၏။ ပစ္ဆိမေ ယာမေ၊ သန်းခေါင်ယံကြူး မိုးသောက်ဦး၌။ အဝသာ၊ ကြွင်းမလဲ့ မှန်အမြဲသာ လျှင်။ တထာဂတဿ၊ လူသုံးမျိုးတို့၏ ကောင်းကျိုးလိုလားရှင်တော်ဘုရား၏။ ပရိနိဗ္ဗာနံ၊ သိဝုလမ်းမှန် နန်းနိဗ္ဗာန်သို့ခြွေရံဖယ်ကွင်းစံဝင်တော်မူခြင်းသည်။ ဟေဿတိ၊ စင်စစ်မသွေ ဖြစ်တော့ပေလတ္တံ့။

အမှာကံ ကုသိနာခရုံ ရွှေဘုံပျော်ပါး ငါမင်းများတို့၏။ ဂါမခေတ္တေ၊ စိုးပိုင်မွေနှစ် ဂါမခေတ်၌။ သုဂတော၊ ငါတို့သခင် ကျေးဇူးရှင်သည်။ ပရိနိဗ္ဗာနေ၊ အမတနန်းပြင် နိဗ္ဗာန်ခွင်သို့ကြွဝင်တော်မူပါလျက်။ ပစ္ဆိမေ၊ လူ့ပြည်နတ်ပေါက်ပင့်ချိုးမြောက်၍ပြီးမြောက်တိုးစေ့ နောက်ဆုံးနေ့၌။ မယံ၊ ငါတို့မြို့သားမင်းအများတို့သည်။ ဒဿနာယ၊ နှလုံးရှင်မြူးဆုံးစွန်ဖူးခြင်းငှာ။ မာလဘိမှာ၊ ဒုလ္လဘထဲ ကြုံရခဲမှာ လဲ့ကြီးလဲ့ကာ မရလိုက်ကြပါကုန်။ ဣတိ၊ ဤသို့တွေးဆပူဆွေးကြကုန်လျက်။ ပစ္ဆာ၊ ပရိနိဗ္ဗာန်ဝင်စံပြီးမှနောက်ကာလ၌။ ဝိပ္ပဋိသာရိနော၊ မရယူ ကျုံးပူမဆုံးအောင် ဟုံးဟုံးလောင်ပြင်းနှလုံးမသာယာခြင်းတို့သည်။ မာအဟုဝတ္ထ၊ တောင့်တခါခါ မဖြစ်ကြပါစေကုန်လင့်။

ဤကဲ့သို့အရှင်အာနန္ဒာက ပြောကြားတော်မူလိုက်လျှင်ပင် မလ္လာမင်းများနှင့်တကွ မိဖုရားမောင်းမမိဿံ ခြွေရံသိမ်းကျုံးတစ်မြို့လုံးတို့သည်အဲ့န်းအဲ့န်းဆူကြွ ကမ္ဘာမီးကျသကဲ့သို့မရချုပ်တည်း အသံကုန်ဟစ်အော်ဟည်းပြီးမြေကြီးမှာပစ်ကာလှဲ့လို့ လူးလဲကာငိုသူငို့, ကိုယ်ကိုထုခတ်ရင်ကိုသတ်လျက်လောကတ္တာယ ဘဝပါရဂူ သယမ္ဘူမြတ်စွာသည် မညာမသနား ငါတို့ကိုစွန့်ထား၍ကြွသွားနိဗ္ဗာန် ယနေ့ပင်စံချေတော့မယ်၊ အမြန်ချက်ချင်း လူ့ပြည်မှာမျက်စိကင်းပြီးအလင်းမဆိုက်တမိုက်တည်း မိုက်ကြချေတော့မယ်။ ဤသို့စသည်ဖြင့်ဆိုမြည်ပူဆွေးတစ်ပြည်လုံးငိုကြွေးပြီးဘုရားရှင်ရှိတော်မူရာအင်ကြင်းဥယျာဉ်သို့ ပြေးသွားကြဘယ်။ ထို့ကြောင့်—

အာနန္ဒဿ ဝစနံ သုတ္ဝာ၊ မလ္လာပုတ္တာဒယော။
ဒုမ္မနာ ဒုက္ခပီဠိတာ၊ ကန္ဒန္တိ ဝိဝိဓာကာရာ။

လို့-ဟောတော်မူတယ်။

အာနန္ဒဿ၊ အာနန္ဒာမည်မှတ် ညီတော်မြတ်၏။ ဝစနံ၊ သနားဖွယ်ပင် နိဗ္ဗာန်ခွင်သို့ ဝင်လိမ့်မည့်ဘုရား ဤစကားကို။ သုတ္ဝာ၊ အများစုံကြားကြ

ကုန်၍။ တေ မလ္လာ မလ္လပုတ္တာဒယော၊ ထိုမလ္လာမင်းနှင့် သားရင်း သမီး ဇနီးမိဖုရား ကြွေးကြွားအကုန် အလုံးစုံသောသူတို့သည်။ ဒုမ္မနာ၊ နှလုံး မသာစိတ်ကြွင်နေကုန်သည်ဖြစ်၍။ ဒုက္ခပိဋ္ဌိတာ၊ ဒုက္ခပူမီးနှိပ်ကာစီးကုန်သည် ဖြစ်၍။ ဝိဝိဓာကာရာ၊ ဝိရိဓေဟိ အာကာရေဟိ၊ ထိုညှုမျိုးများစွာအခြင်းအရာ တို့ဖြင့်။ ကန္ဒန္တိ၊ ဟစ်အော်လိုက်ခုန် ငိုကြကုန်၏။ ဘယ်လိုများပြု၍ ငိုပါ သလဲလို့ဆိုတော့—

ကေသေ ဝိကိရိယကေစေ၊ ပတန္တာ ပဂ္ဂယှ ဗာဟာ။
အာဝဋ္ဋန္တာဝိဝဋ္ဋန္တာ၊ ရောဒန္တိ တေ ဝိလပိကာ။

လို့ ဟောတော်မူတယ်။

ကေစေ၊ အချို့ချို့ကုန်သော။ တေ၊ ထိုမလ္လာမင်းနှင့် မိတ်သင်းဖော် သား လူအများတို့သည်။ ကေသေ၊ ဦးသျှောင်ဆံထုံး တစ်အုံလုံးတို့ကို။ ဝိကိ ရိယ၊ ဖရိုဖရဲ ဖြည်ကာကြဲကုန်လျက်၊ ကေစေ၊ အချို့အချို့ကုန်သော သူတို့ သည်။ ပတန္တာ၊ မအိမသာသီကဗျာနှင့် မွေ့ကာပစ်လှဲ မြေမှာလဲကုန်လျက်။ ကေစေ၊ အချို့အချို့ကုန်သောသူတို့သည်။ ဗာဟာပဂ္ဂယှ၊ ထိုညှိုယိမ်းယိုင် မသိမ်းနိုင်အောင် ငေးမှိုင်းသီကရိ လက်မြှောက်ချီကြကုန်လျက်။ ကေစေ အချို့အချို့ကုန်သောသူတို့သည်။ အာဝဋ္ဋန္တာဝိဝဋ္ဋန္တာ၊ လှိမ့်ကာလှိမ့်ကာ ညိမ့်အသာနှင့် ပြိမ့်ညာသံကျူး မြေမှာလူးကြကုန်လျက်။ ကေစေ၊ အချို့ အချို့ကုန်သောသူတို့သည်။ ဝိလပိတာ၊ ဆိုကာချီကာတီတျာနှင့် ရည်ကာ ရမ်းဆမြည်တမ်းကြကုန်လျက်။ ရောဒန္တိ၊ ဆွေးကာတွေးဆ ငိုကြွေးကြ ကုန်၏။ ဘယ်လို တသ ငိုကြွေးကြပါကုန်သလဲဆိုတော့—

အတိ ခိပ္ပံ ဟိ ဘဂဝါ၊
ပရိနိဗ္ဗာယိ သတ္ထာ နော။
အန္ဓကာရောဝါ ပဒီပေါ၊
လောကာလောကော ဆိဇ္ဇိဿတိ။

လို့-ဟောတော်မူတယ်။

နော၊ သူငါမကြွင်း လူခပင်းတို့၏။ သတ္ထာ၊ ဆိုးကောင်းအစဉ် ကျိုး ကြောင်းအင်ကို သွန်သင်ပေးတတ် ဆရာမြတ် ဖြစ်တော်မူသော။ ဘဂဝါ၊ လောကီလောကုတ် ညွှိုးမယုတ်အောင် ပျိုးမြုပ်ကိုးကား ရှင်တော်ဘုရား

(ပဌမအကြိမ်)

သည်။ အတိခိပ္ပံဟိ အတိခိပ္ပံဧဝ၊ များစွာခိုမှီး တပည့်ကြီးတို့ အသီးအပွင့် မကြီးရင့်ခအောင်မလင့်နိုင်ပြီး စောစောကြီးကပင်လျှင်။ ပရိနိဗ္ဗာယိ၊ စွန့်ပစ်ထားချန် နန်းနိဗ္ဗာန်သို့ ဝင်စံတော်မူရချေပြီ။ လောကော၊ နတ်လူပေါ်ယသ် လောကနယ်၌။ အပဒီပေါ၊ မီးတောက် အသင်း ငြိမ်းပျောက်ကင်းသော။ အန္ဓကာရော၀၊ အရောင်မရိုက် သန်းခေါင်ဆိုက် သည့်လှောင်အိုက်နှောင်ဆီးမှောင်တိုက်ကြီးကဲ့သို့။ အာလောကော၊ ပညာဆီမီး ကန်ဒဆောင်ကြီးသို့ ညီးညီးဝင်းပြောင်အလင်းရောင်သည်။ ဆိတ္ထိသတ် ချုပ်စဲပြက်ကြွေပျောက်ပျက်ချေတော့အံ့။

အဲ-ဤကဲ့သို့ငိုကြွေး၍ ဘုရားရှိရာသို့ ပြေးသကြွကုန်သော မလ္လာမင်း၊ မလ္လာမိဖုရားမင်းသားမှူးမတ်ပရိသတ်အခြွေအရံအပေါင်းမှမိဘိတို့ကဲ့ ညဦးယံပထမတွင် သခင်ရှင်အပေါင်း၊ မမြဲကြောင်းနှင့် ကျိုးကြောင်းဆုံးမတော်မူ၍ သောကမီးအဟုန်ကို အကုန်ငြိမ်းတော်မူပြီးမှ ရှိသမျှလူပရိသတ်ဘို့ကို ကင်းပြတ်ကုန်စဲအောင် နေမြဲသို့ပြန်စေတော်မူတယ်။

ထိုနောင် ဒုတိယ သန်းခေါင်းယံမှာတော့ ပစ္ဆိမဗုဒ္ဓ သာဝကဖြစ်တဲ့ သုဘဒ္ဒပရိဗိုဇ်ရောက်ဆိုက်လာပြန်ကာပြင်းထန်သော ရောဂါကိုသည်းခံတော်မူရှာ၍ ဟောသင့်ရာတရားများနှင့် ဟောကြား ချီးမြှောက်တော်မူပြီး အရဟတ္တဖိုလ်သို့ ရောက်စေတော်မူတယ်။ ထိုနောက် ပစ္ဆိမမိုးသောက်ယံမှာတော့ ရှိသမျှတပည့်သားရဟန်းများကိုခေါ်တော်မူ၍ ချစ်သားရဟန်းများတို့၊ ငါဘုရားသည်ယခုပရိနိဗ္ဗာန်စံလွန်တော်မူလိမ့်မည်။ သင်တို့၌ရှိသမျှဒွိဟပသင်္ကတို့ကို အာယုတော်ရှိခိုက်က မေးမြန်းလျှောက်ထားလိုက်ကြကုန်လော... ဟုသုံးကြိမ်တိုင်အောင် မိန့်တော်မူတယ်။ ထိုအခါ တပည့်ပေါင်းသာဝကတို့ မမေးမလျှောက် ရှိကြရာတွင်မှ မိဘတို့တံထွာ ဓမ္မတာသည်အသက်ကမ္မဇရုပ်ချုပ်လုခါနီးသို့ရောက်ရှိက ရှိသလောက်အရေးအရာတို့ကိုသားမြေးစုပိုလ်ပုံအလယ်မှာ အဆုံးစွန်မှာသကဲ့သို့ သာဝကတပည့်အပေါင်းတို့အားလည်း သိစေကြောင်းစကားနှင့် အဆုံးစွန် မှာတော်မူလို၍—

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

အဲ-ဤလို ပစ္ဆိမဗုဒ္ဓဝစနဖြင့် မှာထားဆုံးမတော်မူခဲ့တယ်။
(ပဥ္စမအကြိမ်)

ဘိက္ခဝေ၊ ပဋိစ္စဝဋ်ဆင်းရဲမှလွတ်သေး၍ မအေးရှည်လျားအိုချစ်သားတို့၊ ဟန္ဒ-ဂုဏျ၊ ငါဘုရား၌ ပေးစားကြည်ဖြူမှတ်နာယူကြကုန်လော့။ ဒါနိ၊ ယခု နိဗ္ဗာန်ဝင်စံလုနီး အခါကြီး၌။ ဝေါ၊ မျက်မှောက်ခုရှိ တရည့်အများ သင်ချစ်သားတို့အား။ အာမန္တယာမိ ပဗောဓေမိ၊ သင်တို့လက်လုံး လက်ကိုင်သုံးဖို့ အဆုံးစကား ငါမှာကြားအံ့။ သင်္ခါရာ၊ သက်ရှိသက်မဲ့တွင်းပြင်လှည့်၍ ကြွင်းမဲ့ရှိငြား သင်္ခါရတရားတို့ သည်။ ဝယဓမ္မာ၊ ဖြစ်ကာမရပ် ကွက်မလပ်ဘဲ ပျက်တတ်သော သဘောရှိကြကုန်၏။ အပ္ပမာဒေန၊ လုံ့လမလျော့မပေါ့ မစားမနေ့သော သတိတရားနှင့်။ သမ္ပာဒေထ၊ စိတ်မှာသွင်း ခြုံ ကိုယ်တွင်း လုံအောင် ပြည့်စုံကြစေကုန်လော့။

ဒဲ-ဤကဲ့သို့ မြတ်စွာဘုရားသည် မိမိ၏သာဝက တပည့်သားတို့အား အဆုံးစကားဖြင့် မှာထားတော်မူပြီးမှမင်းပွဲသဘင်ပရိသတ်ဗိုလ်ခြင်သို့ဝင်စံ ကျင်းပလိုသောသူသည် ကြည်ဖြူနှစ်သက် စုံမှက်မြတ်နိုးအပ်သော အနဂ္ဃ များစွာ ရှိသမျှဘန်ဆာတို့ကို ကိုယ်မှာလှမ်းဘင် အစွမ်းကုန် ဆင်သကဲ့သို့ နိဗ္ဗာန်ခွင်ဝင်ကိန်း၍ အာယုတော်ငြိမ်းခါနီးတွင် နှစ်သန်းလေးသိန်း တွက် ကိန်းများစွာ သမာပတ်ချာန်ဘန်ဆာတို့ကို ကိုယ်တော်မှာ သိုင်းတင်ပြီး စတုတ္ထဈာန်အထတွင် ဇီဝိတော်ငြိမ်းချုပ်၍ အနုတ္တရဗိမာန် နန်းနိဗ္ဗာန်ကို ဝင်စံကြွချီတော်မူတယ်။ အဲ-ထိုအခါ အနာဂါမ်ရဟန္တာကိုချန်ထား၍ များ စွာသော ရဟန်း လူနတ် ပရိသတ်တို့သည် တန့်ရပ်ရာမရ သာလဂနိုင် အင် ကြွင်းမြိုင်လဲ ယိမ်းယိုင်ကာ ကြွတော့မလို မြေကဆူပွက် ပဲ့တင်ဟက်ပြီး အထက်သို့ အသံဟည်းအောင် တစ်ပြိုင်တည်း ငိုကြွေးကြတယ်။ နှစ်သိန်း လေးသောင်း အထုရှိသော ပထဝီမဟာ ဘူပသဗျာလဲ သီလာမြေဆုံး အောင် တစ်ပြိုလုံးကုန်းခါ၍ စကြာလှည်းဘီးဇက်အိုးထိန်းကဲ့သို့ တဟိန်း ဟိန်းမြည်ဟီးပြီး ထန်သည်းစွာ တုန်လှုပ်တယ်။ ထို့ကြောင့်–

ပရိနိဗ္ဗုတေ ဘဂဝတိ၊ အဟောသိ စ ဘူမိစာလော။
ဘိံသနကော လောမဟံသော၊ ဖလိံသု ဒေဝဒုန္ဒုဘိယော။

လို့-ဟောတော်မူတယ်။

ဘဂဝတိ၊ လူသုံးဦးတို့ ဗိုလ်မှူးထိပ်နင်း တရားမင်းသည်။ ပရိနိဗ္ဗုတေ၊ သီဝံဗိမာန် ပြည်နိဗ္ဗာန်သို့ ဝင်စံပြောင်းကြွတော်မူသည် ရှိသော်။ ဘိံသန

(ပဥ္စမအကြိမ်)

ကော၊ ကြောက်ပါးလိလိထိတ်လန့်ဖွယ်ရှိသော။ လောမဟံသော၊ စိမ့်တုန်အေးချမ်း ကြက်သီးဖြန်းလောက်သော။ ဘူမိစာလော၊ တောတောင်လုံးဟည်းချုန်းချုန်းတီးအောင်ထန်သည်းသောမြေလှုပ်ခြင်းသည်။ အဟောသိဖြစ်ပြီ။ ဒေဒုဗြဘိယောစ၊ ကောင်းကင်ဒိီးဒိီး နတ်စည်ကြီးတို့သည်လည်း။ ဖလိံသုံ၊ ဒိန်းဒိန်းဆော်သံ တော်သံလဲအောင် အော်ခွဲရိုက်ခတ် ကြလေကုန်၏။

စကူတ္တာဘိုစံ အနာဂါမ်ဖြစ်တဲ့သဟံပတိ ဗြဟ္မာကြီးမှာလဲ ပြိုကွဲပျက်ပြားရှည်မြင့်အောင်မတည်နားတက်တဲ့သင်္ခါရသဘောတရားတို့ကို မျက်ဝါးထင်ထင် ဘုရားကိုတရားတင်ပြီး ဆင်ခြင်ကြည်နူး သံဝေဂဥဒါန်းကျူးလို့ရှ—

> သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
> ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
> တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတောတိ။

အဲ ဤလို ဥဒါန်းကျူးတယ်။

ဘောမ္တေ၊ သိဝအမတံ နန်းနိဗ္ဗာန်သို့ ဝင်စံကြသွား ရှင်တော်ပါး၌ ခစားခိုညောင်း အိုလူအပေါင်းတို့။ ယတ္ထ ယသ္မိံ လောကေ၊ အကြင်ငါတို့တည်ကြ သတ္တလောကကြီး၌။ ဧတာဒိသော၊ ကြံစည်မရခန္တီစဲဟု ဗလလုံခြုံတာဒိဂုဏ်နှင့် ပြည့်စုံပေထသော။ သတ္ထာစ၊ ဗြဟ္မာနတ်လူ အများသူတို့၏ အားယူရာအစစ် ဆရာလည်းဖြစ်တော်မူထသော။ လောကေ၊ လူပါနတ်လုံး ဗြဟ္မာဆုံးအောင် သိမ်းကျုံးနှံ့စပ် လောကခေါတ်၌။ အပ္ပဋိပုဂ္ဂလော။ တုသူမပြိုင်မရနိုင်အောင် ကြံ့ခိုင်ကျေးဇူးဂုဏ်ကွန့်မြူးသည့် ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူထသော။ တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ တရားမစောင်း လားခြင်းလည်း ကောင်းတော်မူထသော။ ဗလပ္ပတ္တော၊ ကာယဗလ ဉာဏ်ဆယ်ဝနှင့် စေ့ငလုံလောက် အဆုံးသို့လည်း ရောက်တော်မူထသော။ သမ္ဗုဒ္ဓေါ၊ သယမ္ဘူဟုတစ်ဆူကျော်ကြားရှင်တော်ဘုရားမှသော်သည်း။ ပရိနိဗ္ဗုတော၊ ခန္ဓာတိမ်းမှောက် ပျက်ကိန်းရောက်၍ ငြိမ်းပျောက်တော် မူရချေသေး၏။ တတ္ထ တသ္မိံ လောကေ၊ ထိုထိုလောကခေါတ်ဘုံသုံးရပ်၌။ သဗ္ဗေဝ၊ သူငါမဟူ

နတ်နှင့်လူပါရှိသူဗိုလ်ပုံ အလုံးစုံကုန်သော။ ဘူဘာ၊ ဖြစ်လာထင်ရှား သတ္တဝါများတို့သည်။ သမုဿယံ၊ ငါးဖြာငါးရပ် အထပ်ထပ်ကို စပ်၍စုချုပ်ခန္ဓာရပ်ကို။ နိက္ခိပိဿန္တိ၊ မချက်မချ စွန့်ပစ်ကြရကုန်လတ္တံ့။ အဲ-ဤလို ဗြဟ္မာမင်းကြီးက သံဝေဂဥဒါန်းကျူးတယ်–

ထိုနောက် သိကြားမင်းကလဲ ဥဒါန်းကျူးလို၍–

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒါဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

လို့·ဟောတော်မူတယ်။

ဘောန္တော၊ သိဂအမတံ နန်းနိဗ္ဗာန်သို့ ဝင်စံကြွသွား ရှင်တော်ပါး၌ ခစားခိုညောင်းအိုလူအပေါင်းတို့။ သင်္ခါရာ·ရှိရှိသမျှ သင်္ခါရစုပုံ အလုံးစုံတို့သည်။ အနိစ္စာတဝ၊ ကွဲပြိုပျက်စဲ မှုန့်မှုန့်ကြဲ၍ အမြဲမတည်ကုန်စွတကား။ ဥပ္ပါဒ ါဝယဓမ္မိနော၊ ဖြစ်ရုံမရပ် ဌီဘင်စပ်၍ ပျက်တတ်သောသဘော ရှိကြကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်းဆုံစည်း ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ သိုးပုပ်ယွင်းကွက် ညှိုးယုတ်ကျက်၍ အုတ်ကြွက်ဆူအုံ ချုပ်ပျက်ကုန်၏။ တေသံ၊ ထိုဆုတ်တက်ငုပ်လျှိုး ချုပ်ပျက်ညှိုး၍ အုပ်စိုးမရ သင်္ခါရတို့၏။ ဝူပသမော၊ သိမ်းကာစံကြွ ငြိမ်းရာကြသည့် သိဝဗိမာန် နန်းနိဗ္ဗာန်သည် သာလျှင်။ သုခေါ ကြည်သာအေးမြ ချမ်းမြေ့လှ၏။ အဲ·ဤလို သိကြားမင်းကလဲ သံဝေဂ ဥဒ္ဒါန်းကျူးတယ်။

ထိုမှတစ်ပါးလဲ ရှင်အာနန္ဒာ, ရှင်အနုရုဒ္ဓါ စသော မထေရ်မြတ်တို့သည်လည်း အသီးသီး သံဝေဂဥဒါန်းဖြင့် မရဏာဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများတော်မူကြတယ်။ အဲ့-ဤကဲ့သို့ သုံးလောကသခင် ဘုရားရှင်မှသော်လဲ ဘုံသုံးပါးတို့၏ ကိုးစားရာဖြစ်ပါလျက်နှင့် မငဲ့မကွက် ကြောက်ရှက်လွတ်ကင်း ဤသေမင်းသည် နှိမ်နင်းယူဆောင်နိုင်သေးတယ်။ ငါ့တို့သူတကာ လူဗိုလ်ပါတို့ကိုကား အဘယ်မှာဆိုဖွယ်ရာ ရှိချေတော့အံ့နည်း။ စင်စစ်အမြဲ မြဲလက်ခတ်မလွဲဘာလို သေရမြဲဓမ္မတာကို လွဲနိုင်ဖို့ရာမရှိချေပြီဟု မနသိစွဲသွင်း၍ သေရခြင်း သဘောတရားကိုစဉ်းစားဆင်ခြင်ရမယ်။ ထို့ကြောင့်-

(ပဌမအကြိမ်)

ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဧဟသိနော။
န ဘယေန န လဇ္ဇာယ၊ မရဏံ ဝသမာဂတံ။
နိလ္လဇ္ဇံ ဝီတသာရဇ္ဇံ၊ သဗ္ဗသတ္တာ ဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။

လို့—ဟောတော်မူတယ်။

ယံ နာမ ဧတံ မရဏံ၊ ဘုန်းကံဣဒ္ဓိရှိမရှိကို မသိအလင်း အကြင် သေမင်းသည်။ ဧဝံမဟာနုဘာဝဿ၊ သို့စဉ်တန်ခိုးတော် မြေမိုးကျော်တော်မူသော။ မဟေသိနော၊ မြတ်သမ္ဗုအပေါင်း တရားကောင်းကို စုဆောင်းရှာမှီးတော်မူပြီးသောမြတ်စွာဘုရား၏။ ဝသံ၊ မဧသမအို ကမ္ဘာပြုအောင် နေလိုခွင့်လျော် အလိုတော်ကို။ ဘယေန၊ ဘုန်းတော်စက်ရိပ်ကြောက်ခါသိတ်သဖြင့်လည်း။ နာဂတံ၊ အထိုက်အရာမလိုက်နာ။ လဇ္ဇာယ၊ မတုဘက်ဝံ့ ရှက်၍ရွံ့သဖြင့်လည်း။ နာဂတံ၊ မစိုက်မညာမလိုက်နာ။

နိလ္လဇ္ဇံ၊ တုဘက်မသိ အရှက်မရှိသော။ ဝီတသာရဇ္ဇံ၊ မညာအတင်းကြောက်ရွံ့ခြားကင်းသော။ သဗ္ဗသတ္တာဘိမဒ္ဒနံ၊ သတ္တဝါဟူ မှတ်ခါယူ၍ မြတ်သူမပြင်း နှိပ်စက်ညှဉ်းတတ်သော။ တယိဒံ မရဏံ၊ အသေးအငယ် မရွေးချယ်ဘဲ မဖွယ်မကွင်း ထိုသေမင်းသည်။ မာဒိသံသတ္တံ၊ ငါလိုသေးနုံ လူတစ်ခုဟု မှုရှုစလောက် သတ္တဝါတစ်ယောက်ကို။ ကထံနာဘိဘဝိဿတိ၊ ဘယ်မှာစိတ်ကွက် လန့်ထိတ်ရှက်၍ မနှိပ်စက်ဘဲ ရှိပါချေတော့အံ့နည်း။

အဲ-ဤကဲ့သို့ ပြဆိုခဲ့ပြီးသော နည်းတို့ဖြင့် ဆင်ခြင်စဉ်းစား၍ မရဏာဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကြရမယ်။ ထိုသို့ ပွားကြရသော သူတို့မှာ ယခု ဘုရားရှင် သာသနာတော်တွင်း၌ပင်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို သော်လဲ ရနိုင်ပါတယ်။ အကယ်၍ ယခုဘဝ ယခုဘုရားရှင် သာသနာတော်မှာပင် မဂ်ဖိုလ်ကို မရစေကာမူ သေသည်၏ အခြားမဲ့၌ လူ့ပြည် နတ်ရပ် သုဂတိဘုံမြတ်တို့ကိုသာ ကပ်၍နောက်နောင် ပွင့်လတ္တံ့သော ဘုရားရှင်တို့နှင့်ကြုံကြိုက်ခဲ့သည်ရှိသော် တစ်ပုဒ်တစ်ပါဒတစ်ဂါထာမျှကိုပင် ကြားနာရက ယခုဘဝက ဖြည့်ကျင့်ခဲ့ကြတဲ့ ပါရမီသမ္ဘာရတို့ကြောင့် ခဏမျက်မှောက် အာသဝေါခန်းခြောက်လို့ နိဗ္ဗာန်တိုင်ရောက်နိုင်ပါတယ်။

(ပဌမအကြိမ်)

ထို့ကြောင့် မရဏဿတိ ကမ္မဋ္ဌာန်းဆိုတာ စီးဖြန်းပွားများပလားလို့ ဆိုရင် များသောအကျိုး များသောအာနိသင်ရှိတယ်။ နိဗ္ဗာန်သို့ရောက်စေနိုင်တယ်။ နိဗ္ဗာန်သို့ရောက်မှသာ အကျိုးဆုံးတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။ ယင်းသို့ဖြစ်၍ လောကီချမ်းသာနှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာချမ်းသာကို လိုလားတောင့်တကြကုန်သော အမျိုးသားတို့မှာ ယခင်အောက်က ပြဆိုခဲ့ပြီးသောနည်းအတိုင်းစဉ်းစား၍ မရဏဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ပဋ္ဌာနာဆုကို ပြုလိုက်ကြကုန်။

မရဏဿတိကမ္မဋ္ဌာန်းပွားနည်းကိုပြသော
မဟာပရိနိဗ္ဗာန်ပုံခန်း ပြီး၏။

---

(ပဌမအကြိမ်)

## (၁၁)

### အင်္ဂုတ္တိုရ်နှင့် ပုဂ္ဂလပညတ်ကျမ်းလာ မိုးလေးမျိုးကို ဥပမာပြု၍ ပုဂ္ဂိုလ်လေးမျိုးကို ဝေဖန်ပြခြင်း

# မိုးတရားတော်

စတ္တာရောမေ ဘိက္ခဝေ ဝလာဟကူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ၊ ကတမေ စတ္တာရော....

(က) ဂဇ္ဇိတာ နော ဝဿိတာ၊
(ခ) ဝဿိတာ နော ဂဇ္ဇိတာ၊
(ဂ) ဂဇ္ဇိတာ စေဝ ဝဿိတာ စ၊
(ဃ) နေဝ ဂဇ္ဇိတာ နော ဝဿိတာ။

ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဝလာဟကူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

ဘိက္ခဝေ၊ သံသရာဘေးရန် လွတ်အေးဟန်ကို တွေးကြံခစား အို....ချစ်သားတို့။ စတ္တာရော၊ လေးယောက်ကုန်သော။ ဝလာဟကူပမာ၊ မိုးတိမ်တိုက်နှင့် ဆိုက်ဆိုက်အမှု ဥပမာတူကုန်သော။ ဣမေပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ လောကသ္မိံ၊ လူ့ရှာဌာန ခုကာလ၌။ သန္တောသံဝိဇ္ဇမာနာ၊ မျက်မြင်အသိ ထင်ရှားရှိကြကုန်၏။ ကတမေစတ္တာရော၊ ဘယ်ပုဂ္ဂိုလ်များ ဘယ်လေးပါးတို့နည်း ဟူမူကား....

(က) ဂဇ္ဇိတာ၊ ချုန်းရုံသာ ချုန်းတတ်သည်ဖြစ်၍။ **နော** ဝဿိတာ၊ မရွာသောမိုးနှင့်တူသော ပုဂ္ဂိုလ်လည်းတစ်ယောက်။

(ခ) ဝဿိတာ၊ ရွာရုံသာ ရွာတတ်သည်ဖြစ်၍။ နော ဂဇ္ဇိတာ မချုန်းတဲ့မိုးနှင့်တူသော ပုဂ္ဂိုလ်လည်းတစ်ယောက်-

(ဂ) ဂဇ္ဇိတာစေဝ၊ ချုန်းလည်း ချုန်းတတ်သော။ ဝဿိတာစ၊ ရွာလည်းရွာတတ်သော မိုးနှင့်တူသော ပုဂ္ဂိုလ်တစ်ယောက်။

(ဃ) နေဝဂဇ္ဇိတာ၊ ချုန်းလည်း မချုန်းတတ်သော။နော၀ဿိတာ။ ရွာလည်းမရွာတတ်သော မိုးနှင့်တူသော ပုဂ္ဂိုလ်လည်း တစ်ယောက်။

ဘိက္ခဝေ၊ချစ်သားတို့၊ စတ္တာရော၊ လေးယောက်ကုန်သော၊ ဝလာဟကူပမာ၊ မိုးတိမ်တိုက်နှင့် ဆိုက်ဆိုက်အမူ ဥပမာတူကုန်သော။ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ လောကသ္မိံ၊ လူ့ရွာဌာန ခုကာလ၌။သံဝိဇ္ဇမာနာ။ မျက်မြင်အသိ ထင်ရှားရှိကြကုန်၏။

အဲ-ဤဒေသနာတော်အလာ အရှင်ဘုရားအလိုတော်မှာဘော့....ချစ်သားရဟန်းများတို့၊ဤလူ့ရွာဌာန ခုကာလမှာ ချုန်းရုံသာချုန်း၍ မရွာတဲ့မိုး, ရွာရုံသာရွာ၍ မချုန်းမချုန်းတဲ့မိုး, ချုန်းလည်းချုန်း ရွာလည်းရွာတဲ့မိုး, ချုန်းလည်းမချုန်းရွာလဲမရွာတဲ့မိုး အဲ ဤလို မိုးလေးမျိုးပြားတာလို လူတို့မှာလဲ ချုန်းရုံသာချုန်း၍ မရွာတဲ့မိုးနှင့်တူသော ပုဂ္ဂိုလ်, ရွာရုံသာ ရွာ၍ မချုန်းတဲ့မိုးနှင့်တူသောပုဂ္ဂိုလ်, ချုန်းလဲချုန်း ရွာလဲရွာတဲ့မိုးနှင့်တူသော ပုဂ္ဂိုလ်, ချုန်းလဲမချုန်း ရွာလဲမရွာတဲ့မိုးနှင့်တူသောပုဂ္ဂိုလ်, အဲ · ဤလို ပုဂ္ဂိုလ်လဲလေးမျိုးပြားပါတယ်တဲ့။

ထိုလေးမျိုးသော ပုဂ္ဂိုလ်တို့တွင် ချုန်းရုံသာချုန်း၍ မရွာတဲ့မိုးနှင့်တူသော ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ ဆိုတော့၊အချို့သူမှာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားဒေသနာကို ပညာရှိတို့ထံ ချဉ်းကပ်မှီဝဲလို့ သင်အံဆောင်ရွက် လေ့ကျက်မှတ်သားပြီးတစ်ပါးသောသူတို့ကိုတော့ ကြည်ဖြူသဒ္ဓါ ပညာတိုးပွား ကျေးဇူးများစေဖို့ မလှူချင်တဲ့လူကိုလဲ လှူချင်လေအောင် မကြည်ညိုသေးတဲ့လူကိုလဲ ကြည်ညိုလေအောင် ကြံဆောင်နှိုးနှော၍ ဟောဖော်,ပြောဖော်,ဆုံးမဖော်တော့ ရပါရဲ့တဲ့။ မိမိကတော့ တရားတော်ကို သိမြင်တဲ့အတိုင်း တရားတော်မှာလာရှိတဲ့အတိုင်းညွတ်ကိုင်းရှိုင်းဝိုင်းတဲ့စိတ်မပါ သာသနာတော်ကို ကြည်ညိုမြတ်နိုးတဲ့ သဒ္ဓါတရားနည်းတာနှင့်ကောင်းရာကို စိတ်မစူးနိုင်လို့မို့ကိုယ်ရဖို့ အကျိုးထူးကို ရည်မှန်းပြီး လှူဒါန်းပေးကမ်းခြင်း ကျင့်ကြံဓိဋ္ဌာန်းခြင်းကို မပြုနိုင်ဖူးတဲ့။ အဲ-ဤလို ပုဂ္ဂိုလ်ကိုတော့ ချုန်းရုံသာချုန်း၍ မရွာတဲ့မိုးနှင့်တူသော၊ပုဂ္ဂိုလ်လို့ဆိုပါတယ် တဲ့-၁။

(ပဌမအကြိမ်)

ရွာရုံသာရွာလို့ မချုန်းမချိန်းတဲ့ မိုးနှင့်တူသော ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ပါလဲလို့ဆိုတော့၊ အချို့သူမှာ တရားဒေသနာလာရှိတဲ့အတိုင်း ကြည်လင်သဒ္ဓါ စိတ်ဝမ်းပါပြီး လှူပါရဲ့ တန်းပါရဲ့ ကျင့်ကြံခြိုးခြံပါရဲ့။ သူတစ်ပါးကိုတော့ တရားသဘော လမ်းကြောင်းပြပြီး သဒ္ဓါတရား တိုးပွားထက်သန်ကြလေအောင် ဟောဖော် ပြောဖော် နှိုးဆော်ဖော်တော့ မရဖူးတဲ့။ အဲ-ဤလို ပုဂ္ဂိုလ်ကိုတော့ ရွာရုံသာရွာ၍ မချုန်းမချိန်းတဲ့မိုးနှင့်တူသော ပုဂ္ဂိုလ်လို့ဆိုရပါတယ်တဲ့ .. ။(၂)

ချုန်းလဲချုန်း ရွာလဲရွာတဲ့မိုးနှင့်တူသော ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲလို့ဆိုတော့၊အချို့သူမှာသူတစ်ပါးတို့ကိုလဲသဒ္ဓါတရားမတိုးပွားတာကို တိုးပွားကြလေအောင် မလှူမတန်းမပေးမကမ်းချင်တဲ့ သူများကိုလဲ လှူဒါန်းပေးကမ်းချင်လေအောင် မကျင့်ကြံ မခြိုးခြံချင်တဲ့လူများကိုလဲ ကျင့်ကြံခြိုးခြံလေအောင် ဟောဖော်, ပြောဖော်, ဆုံးမဖော်လဲ ရပါတယ်တဲ့။ မိမိကလဲ တရားတော်လာဟန်နှင့် သဒ္ဓါတရားထက်သန်လို့မို့ လှူဒါန်းကျင့်ကြံအထူးပင်ခြိုးခြံပါတယ်တဲ့။အဲ-ဤပုဂ္ဂိုလ်ကိုတော့ချုန်းလဲချုန်းရွာလဲရွာတဲ့ မိုးနှင့်တူသော ပုဂ္ဂိုလ်လို့ ဆိုရပါတယ်တဲ့ .. ။(၃)

ချုန်းလဲမချုန်း ရွာလဲမရွာသောမိုးနှင့်တူသော ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ပါလဲလို့ဆိုတော့ အချို့မှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဒေသနာတော်ကို သင်အံလေ့ကျက်ဆောင်ရွက်မှတ်သားခြင်းလဲ မရှိ သူတစ်ပါးတို့က ဟောကြားလာပေမယ့် တရား၏အဓိပ္ပာယ်ကိုလဲမသိ။ မိမိက ဗဟုသုတပါးရှားသော သူတစ်ပါးကိုလဲ သဒ္ဓါတရားပွားများအောင် တရားကို လက်ဆုပ်ကိုင်ပြီး ကောင်းမွန်စွာလဲ မဟောမပြောနိုင်။ ကိုယ်တွင်းက သဒ္ဓါတရားမခိုင်လို့လဲ မလှူဒါန်းမကျင့်ကြံနိုင်ဖူးတဲ့။အဲ-ဤလိုပုဂ္ဂိုလ်မျိုးတစ်ဦးကိုတော့ ချုန်းလဲမချုန်း ရွာလဲမရွာတဲ့ မိုးနှင့်တူသော ပုဂ္ဂိုလ်မျိုးလို့ ဆိုပါတယ်တဲ့....။(၄)

အဲ-ဤလို ခုလောကမှာ ပုဂ္ဂိုလ်ဆိုတာလေးမျိုးရှိပါတယ်တဲ့။ ထိုပုဂ္ဂိုလ်လေးမျိုးရှိကြတဲ့ အထဲတွင် ချုန်းလဲချုန်း ရွာလဲရွာသော မိုးနှင့်တူသော တတိယပုဂ္ဂိုလ်တစ်ဦးကိုသာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ရယ်လို့ ချီးမွမ်းပြောဆို

(ပဥ္စမအကြိမ်)

ခြင်းငှာ သင့်မြတ်ပေတယ်တဲ့။ ချုန်းလဲမချုန်း ရွာလဲမရွာသော မိုးနှင့် တူသော နောက်ဆုံးက စတုတ္ထပုဂ္ဂိုလ်မှာတော့ ပစ္စုပ္ပန် တမလွန်မှာ ပွား တိုးဖို့ မိမိအကျိုးကိုမရှာ သူတစ်ပါးတို့ဖို့ဆိုတာကိုလဲ မရှုမတွေးနှစ်ဖြာသော အကျိုးနှင့် ဝေးခြင်းကြောင့် သံသရာမှာ ရှည်ကြာစွာ မအေးရမဲ့သူဖြစ် လို့မို့ လူပုပ်လူဆေးလို့ ဆိုရပါတယ်တဲ့။ အဲသို့ကြောင့် ယခုအခါ သာသနာတော်နှင့် တိုက်ဆိုံလို့ အလင်းနှင့်ကြုံကြိုက်ရတဲ့ သူများမှာလဲ မိမိ တို့၏ကိုယ်ကို လူပုပ်လူဆေးထဲက မနေရစေဘဲ တတိယပုဂ္ဂိုလ်မျိုး ကဲ့သို့ ကိုယ်ကျိုးလဲရ, သူတစ်ပါးအကျိုးလဲ ပြည့်ဝလို့မို့ နှစ်ပါးကျိုးရှိရအောင် သတိကို ကြပ်ကြပ်ကြီး ဆောင်ရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လူ။ပတ္တနာဆုကို ပြုလိုက်ကြကုန်။

**မျိုးလေးမျိုးကို ဥပမာပြု၍ ပုဂ္ဂိုလ်လေးမျိုးကို**
**ဝေဖန်ခြင်း-မိုးတရား ပြီး၏။**

---

(ပဉ္စမအကြိမ်)

(၁၂)

အင်္ဂုတ္တိုရ်နှင့် ပုဂ္ဂလပညတ်ကျမ်း၌လာ ကြွက်လေးမျိုးကို ဥပမာပြု၍ ပုဂ္ဂိုလ်လေးမျိုးကို ဝေဖန်ခြင်း

# ကြွက်တရား

စတ္တာရောမေ ဘိက္ခဝေ မူသိကူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ၊ ကတမေ စတ္တာရော....

ဂါဓံ ကတ္တာ နော ဝသိတာ၊ ဝသိတာ နော ဂါဓံ ကတ္တာ၊ ဂါဓံ ကတ္တာ စေဝ ဝသိတာ စ၊ နေဝ ဂါဓံ ကတ္တာ နော ဝသိတာ။

ဣမေ ခေါ ဘိက္ခဝေ စတ္တာရော မူသိကူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးယောက်ကုန်သော။ မူသိကူပမာ-ကြွက်နှင့်အတူ အမူမခြားကုန်သော။ ပုဂ္ဂလာ၊ပုဂ္ဂိုလ်တို့သည်။ လောကသ္မိံ၊လူ့ပြည်ဌာနခုကာလ၌။ သန္တော သံဝိဇ္ဇမာနာ၊ မျက်မြင်အသိထင်ရှားရှိကြကုန်၏။ ကတမေ စတ္တာရော၊ အဘယ်ပုဂ္ဂိုလ်များ အဘယ်လေးပါးတို့နည်း ဟူမူကား ...

(က) ဂါဓံကတ္တာ၊ နေစရာလိုဏ်ပေါက် တွင်းကိုသာ တူးဖောက်တတ်သည်ဖြစ်၍။ နော ဝသိတာ၊ မိမိတွင်းခေါင်း၌ မခိုအောင်းသော ကြွက်နှင့်တူသည့် ပုဂ္ဂိုလ်လည်း တစ်ယောက်။

(ခ) ဝသိတာ၊ သူတစ်ပါး တွင်းဟောင်း၌သာ ခိုဝင်အောင်းတတ်သည်ဖြစ်၍။ နော ဂါဓံ ကတ္တာ၊ နေစရာလိုဏ်ပေါက် တွင်းမဖောက်တတ်သော ကြွက်နှင့်တူတဲ့ ပုဂ္ဂိုလ်လည်း တစ်ယောက်။

(ဂ) ဂါဓံကတ္တာစေဝ၊ နေစရာလိုဏ်ပေါက် တွင်းကိုလည်းတူးဖောက်တတ်သော။ ဝသိတာစ၊ တူးပြီးတွင်းဟောင်း၌လည်း ခိုဝင်၍အောင်းတတ်သောကြွက်နှင့်တူတဲ့ ပုဂ္ဂိုလ်လည်း တစ်ယောက်။

(ဃ) နေဝ ဂါဓံ ကတ္တာ၊ နေစရာလိုဏ်ပေါက်တွင်းကိုလည်း မတူးမဖောက်တတ်သော။ နောဝသိတာ၊ သူတစ်ပါး တွင်းဟောင်း၌လည်း မခိုမအောင်းတတ်သော ကြွက်နှင့်တူသော ပုဂ္ဂိုလ်လည်း တစ်ယောက်။

(ပဉ္စမအကြိမ်)

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရော၊ လေးယောက်ကုန်သော။ မူသိကူပမာ၊ ကြွက်နှင့်အတူ အမူမခြားကုန်သော၊ ဣမေခေါ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ လောကသ္မိံ၊ လူ့ပြည်ဌာန ခုကာလ၌။ သန္တော သံဝိဇ္ဇမာနာ၊ မျက်မြင်အသိ ထင်ရှားရှိကြကုန်၏။

ဤဒေသနာတော်ဖြင့်လာသောဘုရားရှင်အလိုတော်မှာတော့-ချစ်သားရဟန်းများတို့-ဤလောက၌ တွင်းကိုသာ တူးဖောက်တတ်၍ တူးပြီးသောတွင်းခေါင်း၌မခိုမအောင်းတတ်တဲ့ကြွက်တစ်မျိုး, သူတစ်ပါးတူးပြီးတွင်းခေါင်းမှာသာ ခိုအောင်းဝင်ပျော်၍မိမိကတော့နေစရာလိုဏ်ပေါက်တွင်းတစ်ခုကိုမျှမတူးမဖောက်ချင်တဲ့ကြွက်တစ်မျိုး, တွင်းလည်းတူး တွင်းလည်းအောင်းတတ်တဲ့ကြွက်လည်းတစ်မျိုး၊ တွင်းလည်းမတူးတွင်းလည်းမအောင်းတတ်တဲ့ကြွက်လဲတစ်မျိုး, အဲ-ဤလိုကြွက်ဆိုတာ လေးမျိုးပြားတာလိုလူတို့မှာလဲပဲ တွင်းကိုသာတူး၍တူးပြီးသောတွင်းခေါင်း၌မခိုမအောင်းတတ်တဲ့ကြွက်နှင့်တူသော ပုဂ္ဂိုလ်တစ်ယောက်, သူတစ်ပါးတူးပြီး တွင်းခေါင်းမှာသာ ခိုအောင်းဝင်ပျော်၍ မိမိကတော့ နေစရာလိုဏ်ပေါက်တွင်းတစ်ခုကိုမျှမတူးမဖောက်ချင်တဲ့ ကြွက်နှင့်တူသော ပုဂ္ဂိုလ်လဲတစ်ယောက်, တွင်းလည်းတူး တွင်းလည်းအောင်းတဲ့ ကြွက်နှင့်တူသောပုဂ္ဂိုလ်လဲတစ်ယောက်တွင်းလည်းမတူး တွင်းလည်းမအောင်းတဲ့ကြွက်နှင့် တူသော ပုဂ္ဂိုလ်လဲတစ်ယောက်၊ အဲ-ဤလိုဝါသနာနှလုံးထားစရိုက်ကများကြခြင်းကြောင့် ပုဂ္ဂိုလ်လဲ လေးမျိုး ပြားပါတယ်တဲ့။

ထိုလေးမျိုးတို့တွင် တွင်းသာတူး၍ တွင်းမအောင်းတဲ့ ကြွက်နှင့်တူတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါသလဲလို့ဆိုတော့....အကြင်ပုဂ္ဂိုလ်ဟာ သာသနာတော်၏ အတွင်းမှာအလင်းနှင့်ကြုံရလို့မို့ ကြည်ညိုတဲ့သဒ္ဓါတရားနှင့် ဘုရားရှင်ဟောကြားတဲ့တရားကျမ်းဂန်တို့ကို သင်အံ့ဆောင်ရွက်လေ့ကျက်မှတ်သားပြီး တတ်မြောက်အောင်ဖြင့် သင်ကြားခဲ့ရပါရဲ့တဲ့၊ ကြိုးစားတဲ့အလျောက်သင်ရိုးများပေါက်လို့မို့ တတ်မြောက်၍ပြီးသောအခါမှာတော့ ကျမ်းတတ်ကြီးတစ်ယောက်ရယ်လို့ ချီးမြှောက်အံ့သြ အများကပြောကြတာနှင့် မနောရှင်ပကြည်လင်တဲ့ဟဒယဖြင့် လှူကြတဲ့ဆွမ်းပစ္စည်း, ဆီးဝတ်ဖို့သင်္ကန်းကောင်း, ခိုအောင်းဖို့ ကျောင်းဝိဟာ, နာပြန်တော့ကာလဲ ဆေးမပြတ်, ရသမျှပစ္စည်းရပ်တို့ကို ဖျာတစ်ချပ် မလျောက်၍ စာရင်းနှင့်တင်

သပြီး စောင်မကြည့်ရှု များများကြီးပေါင်းစုမိသော ခွဲထုရောင်းထုတ် ငွေသပြာပွတ်စုလုပ်လို့မို့ အသုပ်ကြီးကို ဘေးမှာထားပြီး ဥစ္စာစောင့်ကြီးပုံ အလားကဲ့သို့ သေတော့ကာ အပါယ်သွားဖို့လို ငရဲဆေးကြီးကိုသာ ဖော် ထားနေတော့တာပဲတဲ့၊ သင်ကြားပြီး စာပေကိုတော့ ရှိလေတယ်လို့မှ မသိ ကြည်ရချည့်ဆိုတာမှာ ဝေးစွ စာနာကိုမှ သူမကြွပါဖူးတဲ့၊ အထူးအမြတ် ပြုအပ်ပြုရာ သိက္ခာဝိနည်းကျင့်နည်းကျင့်စဉ် မူဘင်သီးသဲ သန္တုဋ္ဌိသလ္လေခနှင့် သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းဖို့ ဆိုတာများကိုတော့ ယဲ့းလို့မှ မဖျောက်အား အဝေးမှာသာ ပစ်ထားတော့တာပဲတဲ့၊ အဲ့ဤလို ပုဂ္ဂိုလ်များကိုတော့ တွင်းသာတူးလို့ တွင်းမအောင်းတဲ့ ကြွက်နှင့် တူသော ပုဂ္ဂိုလ်လို့ ဆိုရပါတယ်တဲ့....(၁)။

တွင်းသာအောင်းလို့ တွင်းမတူးတဲ့ ကြွက်နှင့်တူသော ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲလို့ ဆိုတော့... အကြင်ပုဂ္ဂိုလ်မှာ သီလမူဘင် ကျင့်စဉ်ပဋိ ပတ် အရပ်ရပ်တို့ကို ဆရာကောင်းဆရာမြတ်တို့၏ နည်းနိဿယကိုမှီးပြီး အားကြီးသော ဿမာဆန္ဒနှင့် မကျိုးမပေါက် မပြောက်မကြားစေရအောင် ကောင်းမွန်စွာစောင့်ရှောက် ထိန်းသိမ်းဖော်ဖြင့် ရပါရဲ့တဲ့၊ ပရိယတ်ဘာရား သင်ကြားဖို့အရေးများကို အနည်းငယ်မျှလောက် ပြောကြားလိုက်တော့ "ဆားနှင့်တီဘို့, ကြွက်မွေးကိုမီးရှို့, အမဲခြောက်ပြာပူနှင့် ဖုံးလိုက်ဘာလို" တွန့်တိုလိန်မှောက် တစ်ကိုယ်လုံး ကျေးဘောက်ပြီး ခွန်းတောက်မရ တစ်ခါ တည်း ခေါင်းအောက်ချလို့မို့ မထဘဲ အိပ်နေတော့တာပဲတဲ့၊ အဲ့ဤလို ပုဂ္ဂိုလ်များကိုတော့ တွင်းသာအောင်းလို့ တွင်းမတူးတဲ့ ကြွက်နှင့်တူသော ပုဂ္ဂိုလ်လို့ ဆိုရပါတယ်တဲ့....(၂)။

တွင်းလဲတူး ဝင်းလဲအောင်းတဲ့ ကြွက်နှင့်တူသောပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်လဲလို့ဆိုတော့-အကြင်ပုဂ္ဂိုလ်မှာ ပရိယတ်တရားအလာ စာပေကို သင် ကြားသောအရာများမှာလဲ ယောကျ်ားကောင်း တစ်ယောက်ဆိုစလောက် အောင် မကြောက်မရွံ့ မတွန့်မတို မာန်စွဲနှင့် ငါပဲဆိုပြီး အသက်ကိုမှမငဲ့ နာချင်တဲ့ရောဂါ လာချင်ဘိုင်းလာစေတော့ နင်လဲခေါ ငါလဲယောကျ်ား အနာရယ်လို့ မမှတ်ထားဘဲ တရားနှင့်ဖြေဖျောက်လို့ မဆောက်မညာ သင်မြဲ တိုင်းပင် သင်နေတာပဲတဲ့၊ ကျင့်ကြံစရာပဋိပတ်ဆိုဘာကိုလဲ ဆဆာကောင်း

(ပဌမအကြိမ်)

တို့၏ ထုံးနည်းသွားလာစဉ်နိယာချည်းကို ရှာမှီးစံပြအနေအဆီးအခြေကြီးကို တစ်သဝေသည်း မတိမ်းရအောင် လေက်ရကိုင်ဆုပ် ပိုင်ပိုင်ကြီး ဆွဲယူကုပ်ပြီး မယုတ်သတိ မဆုတ်လှည့်ဖဲ ငုပ်မိသဲတိုင် တက်နိုင်ခေါင်ဖျား ဆိုစကားလို ရိုးသားပေါက်ကြော် သွေးရေခြောက်ခန်း လက်ရုံးကြီးချိဘန်းပြီး ကြိုးပမ်းကာ အားထုတ်ပါတယ်တဲ့၊ အဲ-ဤလို ပုဂ္ဂိုလ်မျိုးကိုတော့ တွင်းလဲတူး တွင်းလဲအောင်းတဲ့ ကြွက်နှင့်တူသော ပုဂ္ဂိုလ်လို့ ဆိုရပါတယ်....(၃)။

တွင်းလဲမတူး တွင်းလဲမအောင်းတဲ့ ကြွက်နှင့်တူသော ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ပါလဲလို့ ဆိုတော့....အကြင် ပုဂ္ဂိုလ်မှာ စာပေသင်ကြားတဲ့ ပရိယတ်ဆိုတာ များကိုလဲ အပြင်ကအားသဲ အတွင်းကလဲပဲ ကိလေသာ ဂယက်ကဆွဲတာနှင့် တပဲမှ သူမသင်ချင်ဖူးတဲ့၊ ကျင့်စဉ်တရား ပဋိပတ်ဆိုတာ များကို မချင့်တွက်နှင့်တော့ ဘုရားကိုမှ ဝတ်မတက်ချင်ဖူးတဲ့၊ နမူနထူး စိတ်ရှိသလောက်ပျော်မြူးပြီး သွပ်ရှုးပေါ့ဖျင်းသားငါးပိတစ်ခွေးမှ မစွက်တဲ့ ပေါ့ပျက်ပျက် ချဉ်ပေါင်ဟင်းဟာလို အပျင်းချင်းဆိုင်တွေက စကား ပြောကာ တထေ့ထေ့ရယ်ကာမောကာ တဟေ့ဟေ့ဖျင်းဖော်သင်းဖော် တွေနှင့်သာ ပျော်မွေ့ပြီး စားကာသောက်ကာ တဝေ့ဝေ့နှင့် စားတော် ခေါ်ရာ တစ်ခါရွှေ့ပြန်တော့ကာ ကိုယ်ငွေ့ကို လှိုင်လှိုင်ကြီး သွင်းအုံး မယ်လို့ အဝတ်ထူထူကို အိပ်ရာမှာခင်းပြီး အလျားရှည်သလောက် ခြေ ထောက်ကိုဆင်းလို့မို့ တစင်းစင်းသာ အိပ်နေတော့တာပဲတဲ့၊ အဲဤလို ပုဂ္ဂိုလ်မျိုးကိုတော့ တွင်းလဲမတူး တွင်းလဲမအောင်းတဲ့ ကြွက်နှင့်တူသော ပုဂ္ဂိုလ်လို့ ဆိုရပါတယ်....(၄)။

အဲ-ထိုပုဂ္ဂိုလ် လေးဦးတို့တွင် တွင်းလည်းတူး တွင်းလည်းအောင်းကဲ့ ကြွက်နှင့်တူသော တတိယပုဂ္ဂိုလ်မှသာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုး သူများထက် ပွားတိုးခြင်းကြောင့် ကောင်းကျိုးကို လိုလားတဲ့ ယောကျ်ား ကောင်းတစ်ယောက်ဟု ပင့်မြှောက်ချီးကျူးဆိုလောက်တဲ့ ပုဂ္ဂိုလ်ထူးဖြစ်ပါ ပေတယ်တဲ့၊ တွင်းလည်းမတူး တွင်းလည်းမအောင်းတဲ့ ကြွက်နှင့်တူသော စတုတ္ထပုဂ္ဂိုလ်မှာတော့ ပစ္စုပ္ပန်ခုဘဝမှာလဲ အကျိုးမလှ တမလွန်နောင်ဘဝ ဖို့လဲ မျိုးမရခြင်းကြောင့် သေသည်မှ အခြားမဲ့ ဘာကူးချို့တဲ့ပြီး မပြုခဲ့တဲ့ အပြစ်ဘေးကြောင့် သုဂတိဘုံဘဝတွေနှင့် ကွာဝေးသို့ အပါယ်ဘုံထဲမှာသာ ကြာကြာကြီး မအေးရမဲ့သူဟာမို့ လူပုပ်လူဆွေးကြီးလို့ ဆိုရပါတယ်တဲ့။

(ပဥ္စမအကြိမ်)

အဲ·ထိုကြောင့် ယခုအခါ သူတော်စဉ်တို့မှာလည်း ဒေသနာတော်လာအတိုင်းကို ချင့်ချိန်းရှုစား ကောင်းကောင်းနှလုံးထားပြီး မိမိကိုယ်ကို လူပုပ်လူဆွေးထဲသို့မသွားစေရဘဲ တတိယ ပုဂ္ဂိုလ်၏အရာမှာ ထားရအောင် ပရိယတ်, ပဋိပတ် တရားကိုသာ ကြိုးစား၍ အားထုတ်ကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ပဋ္ဌာနာဆုကို ပြုလိုက်ကြကုန်။

ကြွက်လေးမျိုးကို ပမာပြု၍
ပုဂ္ဂိုလ်လေးမျိုးကို ဝေဖန်၍ပြသော
ကြွက်တရားပြီး၏။

ဝဋ္ဋဘေဒနီကျမ်း-ဒုတိယတွဲ
ဤတွင် ပြီးပြီ။

# ဝဋ္ဋဖေဘာဒဋ္ဌိကျမ်း

## တတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-သာကေတမထေရ်ဝတ္ထု

ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊
ကတပုညော ဥဘယတ္ထ နန္ဒတိ။
ပုညံ မေ ကတန္တိ နန္ဒတိ၊
ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။ (ဓမ္မပဒ၊ ၄၊ ပ၊ ၉၉)

ကတပုညော၊ အကြောင်းရှုကြည့် ကောင်းမှုကိုပြုမိသောသူသည်။ ဣဓ-ဣဓာပိ၊ ဤပစ္စုပ္ပန်ဘဝမှသေမိကာလ၌လည်း။ နန္ဒတိ၊ ပီတိဟုန်လွှမ်း ဆီထိဂွမ်းသို့ လန်းဆန်းရွှင်ပ နှစ်သက်ရ၏။ ပေစ္စ၊ ပေစ္စာပိ၊ ကမလွန်ဘဝ နောက်ကာလ၌လည်း။ နန္ဒတိ၊ ပီတိဟုန်းလွှမ်းဆီထိဂွမ်းသို့လန်းဆန်း ရွှင်ဝေနှစ်သက်လေ၏။ ဥဘယတ္ထ ဥဘယတ္ထာပိ၊ တမလွန်, ပစ္စုပ္ပန် နှစ်တန်ဘဝ နှစ်ဌာနတို့၌လည်း။ နန္ဒတိ၊ ဝမ်းမြောက်ရွှင်ပ နှစ်သက်ရ၏။ ဧမ မယာ၊ ငါသည်။ ပုညံ၊ ရောက်ရာဘဝ နောက်ကာလ၌ သုံခွပ်တိုး ကုသိုလ်မျိုးကို။ ကတံ၊ အားရစိတ်ပြေ ပြုရပေပြီ။ ဣတိပိ၊ ဤသို့ ဆင်ခြင် တွေးမြော်မြင်၍လည်း။ နန္ဒတိ၊ ဝမ်းမြောက်ရွှင်ပနှစ်သက်ရ၏။ သုဂ္ဂတိံ ဂတော၊ ကုသိုလ်ပစ်မြောက် ချီးပင့်ထောက်၍ သုဂတိဘဝသို့ ရောက်ရချေသည်ရှိသော်။ ဘိယျော၊ ဆထက်ပိုလွန် အမွန်အကြူး အထူးအားဖြင့် သာချေ၏။ နန္ဒတိ၊ ပီတိ လျှံဝေ နှစ်သက်လေ၏။

---

ဤသာကေတမထေရ်ဝတ္ထုကား-ပေသ၊ ၄၊ ၁၁၃-၁၇ ၌ လာသည်။
(ပဥ္စမအကြိမ်)

အဲ-ဤဒေသနာတော်အလာ ဘုရားရှင်အလိုတော်မှာတော့ ဤလူ့ရွာဌာန ခုလောကဌ် ရှိကြမျှားစွာ သတ္တဝါတို့မှာ သဘောပညာကိုရှေ့ထားပြီး သုံးပါးသောအရွယ်တို့၌ပင် ကြည်ကြည်လင်လင် ရှင်ရှင်ပပ ကုသိုလ်ပုညဟူသမျှတို့ကို ဆည်းပူးရှာမှီးထားလိုက်မိတဲ့ သူမျှားမှာ မသေမီ ခုဘဝကပင် ပစ္စုပ္ပန်နောင်တမလွန် ဘဝတို့ဝို ပြုမိသမျှကုသိုလ်တို့ဘို တွေးဆပြီးနှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ကြရှာယ်။ နောင်သေပြီးသော အခါဘဝလာဘို့၌ လူနတ်တို့၏ဘဝကို ဆိုက်ဆိုက်ကြီးရလို့မို့ လူနတ်တို့၏စည်းစိမ်ကို အကြိမ်ကြိမ်ခံစားရတဲ့ အခါသို့ကျပြန်သောကာလမှာတော့ ဆိုဖွယ်ရာမရှိ အလွန်အကြူးအထူးအားဖြင့်သာလျှင် ဝမ်းမြောက်ရတော့တာပဲတဲ့။

သို–ယခုလို ပစ္စုပ္ပန်ခုဘဝနှင့် တမလွန်နောင်ကာလ နိဗ္ဗာန်သို့ရောက်ရသည့် အခါတိုင်အောင်ပင် လူ့ဘဝလူ့စည်းစိမ် နတ်ဘဝနတ်စည်းစိမ်တို့ကို တရှိန်ရှိန်ခံစားရလို့မို့ နှစ်သက်ခြင်းဝမ်းမြောက်၍ မပြီးနိုင်တဲ့ ကုသိုလ်ပုညလို့ဆိုတာ ဘယ်ကုသိုလ်မျှားပါလဲလို့ဆိုတော့၊ ကုသိုလ်ဆိုတာ အကျဉ်းအားဖြင့် ဒါန, သီလ, ဘာဝနာရှယ်လို့ အဲ-ဤလိုသုံးပါးဘာ ရှိတာပါပဲတဲ့။ အဲ-ထိုသုံးပါးရှိတဲ့အနက်က အစပဌမ ဒါနဆိုတဲ့ ကုသိုလ်ပုညဘာ အတ္တဟိတဒါန, ပရဟိတဒါနရှယ်လို့ အဲ-ဤလိုနှစ်ပါးပင်ကွဲပြားခဲ့သေးပါတယ်။ အဲ-ထိုနှစ်ပါးတို့တွင် အတ္တဟိတဒါနလို့ဆိုတာမှာ ဘယ်လိုဒါနပါလဲလို့ ဆိုတော့၊ အတ္တဟိတဒါနဆိုဘာမှာတော့၊ မိမိကိုယ်ကိုမိမိ သံသရာဝဋ်မှ မလွတ်မကျွတ်ရသေးဘာကိုသိ၍ ထိုမလွတ်ရသေးတဲ့ သံသရာဝဋ်မှ မြန်မြန်ကြီးလွတ်ရကျွတ်ရလေအောင် မရမရောက်သေးတဲ့ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကိုလဲရအောင် ရောက်အောင် ခံစားရလေအောင် အဲ-ဤလို မိမိအကျိုးကိုသာ ရည်ဆောင်မျှော်မှန်းပြီး လှူဒါန်းတဲ့ဒါနကိုတော့ 'အတ္တဟိတဒါန' ရှယ်လို့ ဆိုပါတယ်။

ပရဟိတဆိုတာမှာတော့...မိမိ၏ ဆွေမျိုးဉာတိ အမိအဘ တော်စပ်ကြသော သူတို့မှာ ဂတိမှောက်မှား၍ အပါယ်ဘုံသို့ လားသွားရတာနှင့် မစားရ, မသောက်ရ, မဆီးရ, မဝတ်ရ အိပ်ရာနေရာကိုမျှ ရှာဖွေ၍မရနိုင် မတွေ့နိုင်ကြအောင် ဆင်းရဲပင်ပန်း ရိန္ဓမ်းချို့ငဲ့ပြီးမနေကြရစေဘဲ ချမ်းသာသုခ လိုသမျှကို ရကြရအောင် အဲ-ဤလို သူတစ်ပါးတို့၏ အကျိုးကိုသာ ရည်ဆောင်မျှော်မှန်းပြီး လှူဒါန်းတဲ့ ဒါနကိုတော့ 'ပရဟိတဒါန' ရှယ်လို့

(ပဥ္စမအကြိမ်)

ဆိုရပါတယ်၊ သို့-ဤလူ့ဘဝလူ့ဘုံမှာနေကြတဲ့ ဆွေမျိုးဉာတိတစ်စုဘို့က ပရဟိတဒါနကိုပြုလိုက်ကြတာနှင့် စုတိ၏အခြားမှာ ဂတိများမှောက်မှား ပြီး အပါယ်ဘုံသို့ ရောက်သွားရလို့မို့ အခဝေးမှာနေကြရတဲ့ ပြိတ္တာများ ဟာ ဒါန၏အကျိုးထူးတရားကို လက်ရောက်ပင် ခံစားရဘယ်လို့ဆိုကြတဲ့ အရာများမှာ ရှေးရှေးကပင် ဖြစ်ဖူး, ကြုံဖူး, တွေ့မြင်ဖူးပါရဲ့လားလို့ ဆိုတော့·

ငါတို့ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူဘုန်းအခါ ကကုဏ္ဍိ မည်သော မြို့မ၏အနီး တစ်ခုသော တံငါရွာကြီးတွင် ဖောဠပါဒမည်သော တံငါသည်လုလင်ငယ်တစ်ယောက်ဟာ ကံမှောက်၍တံငါမျိုး၌ပင်ဖြစ်ရပါ သော်လဲ ရှေးရှေးသော ဘဝက ပစ္စေကဗုဒ္ဓါတစ်ပါးကိုပြစ်မှားမိခဲ့တဲ့အကု သိုလ်ပါပကြောင့် အဝီစိငရဲမှာ အနှစ်ရှည်ကြာစွာခံခဲ့ရပြီး ထိုငရဲမှလွှတ်ရ ပြန်ပါသော်လဲ တစ်ဖန်ပင်ပြိတ္တာဘုံမှာဖြစ်လို့မို့ နစ်ခဲ့ရတဲ့ ဒုက္ခဝေဒနာကို ဇာတိဿရဉာဏ်တော်ဖြင့်သိ၍မချိအောင်ကြောက်ရွံ့လှတာနှင့်တံငါသည် ၏အမှုအရာမပြုမလုပ်ဘဲ ခွာဖဲကင်းရှောင်လို့သာ နေတယ်တဲ့၊ ဆွေညာမိဘ ရှိသမျှတံငါသည် အပေါင်းတို့လဲထိုလုလင်ငယ်၏ အကြောင်းကိုသိကြတာ နှင့် မိမိတို့နှင့်အတူဘကွ ငါးသားကိုရှာဖွေရအောင် ဆွဲချနိုပ်နင်းမြှုံးပိုက် ကွန်ကို ကိုယ်တိုင်ကိုင်၍ အင်းအိုင်သို့ဆင်းကြပြီး အတင်းပင် ဖမ်းထောင် ကြတယ်၊ အဲ့ တံငါသည် လုလင်ငယ်ကလဲ ငြိတွယ်တဲ့ငါးရှင်တို့ကိုမသတ်ဘဲ ပိုက်ကွန်ကိုသာ ဖောက်ဖျက်ပြီး တော်သင့်ရာအရပ်များမှာ ငါးရှင်တို့ကို လွှတ်ထားလို့အိမ်ကိုသာပြန်သွားတယ်၊အဲ-ဤလိုချည့်သာပြုပါများတော့ အိမ်သားမိဘရှိသမျှတို့က ဒေါသမျက်မာန်ခက်ထန်ပြင်းပြမြည်တမ်းကြပြီး ဆွဲချုရိုက်ပုတ် အိမ်မှာပင်မနေရအောင် ဆဲဆိုကာနှင်ထုတ်လိုက်ကြတယ်။

အဲ-ထိုအခါ လုလင်ငယ်လဲ့ပဲ ကိုးကွယ်ရာမရ အာဟာရကိုမှ မျှတဖို့ မမြင် စိတ်ပူဆာငြိုငြင်၍တောပြင်ဘောင်ရပ် ရောက်တတ်ရာမှီချည်းကပ်ပြီး လှည့်ပတ်ကာ သွားလာလေရာ သာဓကမည်သောတောင်ခြေတောကျောင်း တွင် ကိန်းအောင်းသော အာနန္ဒာထေရ်သခင်နှင့် အဆင်သင့် တွေ့မြင်ကြ လေလျှင် မထေရ်ရှင်အာနန္ဒာလည်းထိုသူ၏ခြင်းရာကြောင်းရေးကိုစစ်မေး စုံစမ်းဘော်မူပြီးမှ သင်ရဟန်းပြုနိုင်အံ့လောဟု ပြောဟောသာကြည်နူးက် ဝစီဖြင့် ထိုဤမြွက်ကြားပြီး လောက်လားပါရမီ မကြာမီပင် အရဟတ္တမဂ်

ဖိုလ်၌ တည်မည်ကို မျှော်ရည်ကာ ရှုစား၍ လုလင်ငယ်ကို ရဟန်းပြုတော်မူထားတယ်၊ အဲ ဟာရုံးသိမြင် ထိုလုလင်လဲ ကြည်ရွှင်ဝမ်းမြောက် ရဟန်းအဖြစ်သို့ရောက်ပြီးသည့်နောက်မှ တစ်ကျိပ်နှစ်ယောက်သော ရဟန်းတို့နှင့်တကွ ပရိယတ်ပဋိပတ်တရားကို ပွားများလေ့လာလေရာ များမကြာမီ ပါရမီသမ္ဘာကြီးရင့်မာသူမို့ အာသဝေါတရားကင်းကွာပြီး ရဟန္တာအဖြစ်သို့ ရောက်လေက မြင့်မြောက်တာရှည် သာဏာတောင်၌သာ နေသဖြင့် သာဏဝါသီမထေရ်ဟု နှံ့ကြေကျော်ကြား၍ ထင်ရှားစွာဖြစ်တော်မူတယ်၊ အဲ-များမကြာမီ ထိုမထေရ်၏ တံငါသည် ဆွေမျိုးငါးရာတို့လဲ ထိုရွာမှ စုတေပြီး ပြိတ္တာပြည်သို့ချည်းသာရောက်ကြရလေသဖြင့် မစားရမသောက်ရ ငတ်မွတ် ဆာလောင်ခြင်း နှိပ်စက်လှဘာနှင့် မထေရ်၏အစ်ကိုပြိတ္တာကို သွားချေပါ တောင်းပန်ပြီး မထေရ်ထံ စေလွှတ်လိုက်ကြတယ်၊ အဲ-ထို အစ်ကို ပြိတ္တာလဲပဲ မထေရ်၏ ဆွမ်းခံရွာ-လမ်းခရီးအကြားမှာ လေးဘက်ထောက်ဝပ်တွားပြီး ထင်ရှားစွာ မိမိကိုယ်ကိုပြ၍ ဆင်းရဲတဲ့ ပြိတ္တာဘဝသို့ ရောက်ရသည့် အကြောင်းများနှင့် မထေရ်ကို လျှောက်ထားတယ်၊ ထို့ကြောင့်—

• တဿ ဘာတာ ဝိတရိတွာ၊ နဂ္ဂေါ ဧကပထေကေကာ။
စတုကုဏ္ဍိကော ဘဝိတွာန၊ ထေရဿ ဒဿယီ တုမံ။
ထေရောစ မနသိကတွာ၊ တုဏှီဘူတော အတိက္ကမိ။
သော စ ဝိညာပယီ ထေရံ၊ ဘာတာ ပေတဂတော အဟံ။

လို့-ဟောတော်မူတယ်။

တဿ၊ ထိုသာဏဝါသီ မဟာထေရ်၏။ ဘာတာ၊ လူ့ဘဝက တကွမကွာ အစ်ကိုဖြစ်သော ပြိတ္တာသည်။ ဝိတရိတွာ၊ ဆွမ်းခံလမ်းတွင် မထေရ်ရှင်ကို ချစ်ခင်ကြင်နာ ပြေးဝင်လာ၍။ နဂ္ဂေါ၊ ခြုံဝတ်မပါ ကိုယ်ချည်းသာလျှင်။ ဧကပထေ၊ ဆွမ်းခံရွာအနီးတစ်ခုသောလမ်းခရီး၌။ ဧကကော၊ အဖော်မရှိ တစ်ကိုယ်တည်းသာလျှင်။ စတုကုဏ္ဍိကော၊ လက်ခြေလေးဘက် ကွေးထွက် ဆန့်ကား ကုန်းကာတွားသည့်၊ ဘဝိတွာန၊ ဖြစ်၍။ ထေရဿ၊ သာဏဝါသီ ညီမထေရ်အား။ အာတုမံ၊ ကြောက်ပါးလန့်ဖွယ် မွေးကျင်စွယ်နှင့် မဖွယ် နွမ်းညို မိမိကိုယ်ကို၊ ဒဿယီ၊ ညီရဟန်းအား မြင်စေသားဟု ထင်ရှား သက်သေ ဖော်ပြလေ၏။

(ပဌမအကြိမ်)

ထေရော၊ သာဏမည်ခေါ် မထေရ်တော်သည်။ တံပေတံ၊ ထင်ထင်ပြ လာ ထိုပြိတ္တာကို။ အမနသိကတွာ၊ မည်သူမည်ဝါ ငါ့ဆွေညာဟုစိတ်မှာပိုင်း ခြား မမှတ်သားသည်ဖြစ်၍။ အတိက္ကမိ၊ ရှေ့သို့ဖြန့်ချော်ကြွဆန့်ခလေ၏။သော စ ပေတော၊ နောက်ကမော်ကာ ထိုပြိတ္တာသည်လည်း။ အဟံ၊ အကျွန်ုပ် သည်။ တဝ၊ ညီတော်အရှင် ထေရ်သခင်၏။ ဘာတာ၊ လူဖြစ်တုန်းက မမုန်း မေတ္တာ အစ်ကိုပါတည်း။ ဣဒါနိ၊ သေပျောက်ကင်းကွာ ဤအခါ၌။ပေတ ဂတော၊ မကောင်းကံညစ် မြှောက်ကာပစ်၍ နစ်ကျမှောက်ခါ ပြိတ္တာအဖြစ် သို့ ရောက်ရပါ၏။ ဣတိ၊ ဤသို့စကား လျှောက်ဆိုကြား၍။ ထေရံ၊ သာဏ ဝါသီ ညီမထေရ်ကို။ ဝိညာပယိ၊ အမျိုးအမြစ်အကျိုးအပြစ်ကို မိစစ်နိုက်ဖွ သိမြင်စေ၏။

အဲ-ထိုအခါ သာဏဝါသီမထေရ်ကလဲ 'အစ်ကိုပြိတ္တာ၊ သင်ယခုလျှောက် ထားလာသောကြောင့် သင်၏အကြောင်းအရာများကို ထင်ရှားစွာသိရပေ ပြီ သင်မှတစ်ပါး မိဘများနှင့် ဆွေသားမျိုးချင်း ညာတိရင်းတို့၏ ဖြစ်ရခြင်း အကြောင်းအရာများကိုလဲ ငါ့အား သင်ပြောကြားပါဦးလော'ဟု စစ် ကြော မေးမြန်းတော်မူလေလျှင် အစ်ကိုပြိတ္တာကလည်း 'အရှင်ဘုရား၏ ဘိုးဘွားမိဘ မျိုးဆွေညာ ဟူသမျှတို့မှာလဲ အကျွန်ုပ်နှင့်အတူ အမူချွတ်လွဲ အကုသိုလ်ကံငင်စွဲလို့မို့ ပြိတ္တာဘုံထဲသို့ချည်းသာ ရောက်နေကြပါကြောင်း'

မာတာပိတာစ တေ ဘန္တေ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတွာန၊ ပေတလောကံ ဣတော ဂတာ။

လို့-ဟောတော်မူတယ်။

ဘန္တေ၊ သာဏဝသီ ဘွဲ့နာမည်နှင့် တွင်မည်ကျော်ကြား အရှင်ဘုရား။ တေ တဝ၊ ညီတော်သခင် မထေရ်ရှင်၏။မာတာပိတာစ၊ မိဖဘိုးဘွား ဆွေ မျိုးများတို့သည်လည်း။ ဒုဂ္ဂတာ၊ အသိတရားလက်ရှိပါး၍မကောင်းသော ဂတိသို့ လာကြရပါကုန်ပြီ။ ယမလောကိကာ၊ ယမနယ်တွင်းအပါယ်တွင်း သို့ဆင်းကြရပါကုန်ပြီ။ ပါပကမ္မံ၊ပါဏာတိပါတစသည်ညစ်ကျုံမကောင်း မှုကို။ ကရိတွာန၊ မတွေးမဆ ပြုမိကြ၍။ ဣတော၊ ဤလူ့ပြည်ဌာနလူ့ဘဝ မှ။ ပေတလောကံ၊ ငတ်မွတ်ခေါင်းပါး ဒုက္ခများသည့် တရားမတည်ပြိတ္တာ ပြည်သို့။ ဂတာ၊ ရှေးကံအလျောက် အကြံမှောက်၍ ရောက်ကြရပါကုန်ပြီ။
(ပဌမအကြိမ်)

အဲ့ဤလို အစ်ကို ပြိတ္တာက လျှောက်ထားလေလျှင် ညီ၊ မထေရ်ကလဲ 'ဤကဲ့သို့ မိဖနှစ်ပါး ဆွေမျိုးများဘို့ပါ သင်နှင့်ပင်အတူ ပါပြီး ပြိတ္တာဘုံသို့ ချည်း လားကြရပါခဲ့မူ ထိုမျိုးဆွေမိဘတို့နှင့်အတူသာ ငါ့ထံသို့ မလာပါဘဲ သင် တစ်ယောက်တည်းသာ အဘယ့်ကြောင့် ငါ့ထံသို့ လာခဲ့ပါသလဲလို့' အဲ့ဤလို မေးမြန်းတော်မူပြန်လေလျှင် အစ်ကို ပြိတ္တာကလည်း အရှင်ဘုရား၏မိဖနှစ်ပါး ဆွေမျိုးစု ပြိတ္တာများတို့မှာ ဆီးဝတ်စရာကိုမျှ မရကြလို့ ညှိုးလျှ ဆင်းရဲကြ၍ ရုပ်ရှုပမတင့်တယ်တာနှင့် ရှက်ဖွယ်လိလိ ကိုယ်မချိကြသည်လည်းတစ်ကြောင်း၊ လူ့ဘဝဖြစ်ဟောင်းက အရှင်ကောင်း ထေရ်သခင်ကို အိမ်တွင်းကထုတ်နှင်ခဲ့ဖူးကြတာကလဲတစ်ဖုံ့အကြောင်းမျိုးစုံဆုံ၍ ခြေစုံကိုမဖူးဝံ့ဘဲ နောက်တွန့်ကြောက်ရှက် ရှေးအထက်က မပျက်အချင်ချင်း ချစ်ခင်တဲ့ အစ်ကိုရင်းကိုသာ စကားသွင်း စေလွှတ်လိုက်ပါကြောင်းများနှင့် အစ်ကိုက လျှောက်ထားပြန်တယ်။ ထို့ကြောင့်—

တေ ဒုဂ္ဂတာ သူစိကဋ္ဌာ၊ ကိလန္တာ နဂ္ဂိနော ကိသာ။

ဥတ္တသန္တာ မဟတ္တာသာ၊ န ဒဿေန္တိ ကုရူရိနော။

လို့—ဟောတော်မူတယ်။

ဒုဂ္ဂတာ၊ ဒါနတရားလက်ရှိပါး၍ မကောင်းသောဂတိသို့ လားကြရကုန်သော။ သိစိကဋ္ဌာ၊ အပ်နဖားလောက် ခံတွင်းပေါက်ဖြင့် ဆင်းရဲခြင်းသို့ ရောက်ကြရကုန်သော။ ကိလန္တာ၊ အားပါးမရှိ ပါးရိရိနှင့် မချိအောင် ပင်ပန်းကြကုန်သော။ နဂ္ဂိနော၊ ချုံလွှာလက်လွှတ် ကိုယ်ကြပ်ချွတ်နှင့် အဝတ်ကိုမျှ မဝတ်ကြရကုန်သော။ ကိသာ၊ အသားမရှိ ပိန်ချုံးသော ကိုယ်ရှိကုန်သော။ ဥတ္တသန္တာ၊ ရုပ်ရေရှုပုံမလှ၍ အလွန်လည်း ရှက်ကြောက်ကြရကုန်သော။ မဟတ္တာသာ၊ ရှေးဝရံဟိတ် ကြောင်းကံရိပ်ကြောင့် အလွန်လည်း ထိတ်လန့်ကြရ ပေကုန်သော။ ကုရူရိနော၊ ဆွဲငင်ရိုက်ပုတ် အိမ်ကထုတ်၍ ကြမ်းကြုတ်စွာပြုမိခဲ့ကြကုန်သော။ တေ၊ ထိုမိဘညာတကာများစွာစုဆောင်း ဆွေမျိုးပေါင်းတို့သည်။ တံ၊ သာသနာ့နယ် ဇာတ်နွယ်ထင်ရှားအရှင်ဘုရားကို။ န ဒဿေန္တိ၊ ထံတော်အောက်နား ရောက်အောင်သွား၍ မသွားမမြင်ဝံ့ကြပါကုန်။

(ပဥ္စမအကြိမ်)

အဲ့ဤသို့ အစ်ကိုပြိတ္တာက လျှောက်ထားပြန်ကြားလေလျှင် မထေရ် ရဟန္တာကလဲ 'သင်လာခဲ့သော အကြောင်းအရာများကို ငါ့အားလျှောက် ထားလော'·ဟု အဲ့ဤသို့ အခွင့်ပြုလေလျှင် အရှင်ဘုရား....အရှင်ဘုရား၏ မိဘ နှစ်ပါး ဆွေမျိုးများတို့မှာတော့ မစားရမသောက်ရ ငတ်မွတ်ခြင်း နှိပ်စက်လှပါ၍ အာဟာရဘောဇဉ်ရသမျှ ချိုအချဉ်ကို သံဃာတွင်လှူဒါန်း လျက် ပြိတ္တာတို့ကို ရည်မှန်းပြီး ခွဲခြမ်းဖြန့်ခြွေ ဒါနကို အမျှဝေပါ၍ ဆူဝေတဲ့ ဘေးဒုက္ခကို အေးမြအောင် ပြုတော်မူပါမည့် အကြောင်းများနှင့် လျှောက် ထားကာ တောင်းပန်တယ်။ ထို့ကြောင့်—

အနုကမ္ပဿု ကာရုဏိကော၊ ဒတွာ အနွာဒိသာဟိ နော။
တဝ ဒိန္နေန ဒါနေန၊ ယာပေဿန္တိ ကုရူရိနော။

လို့·ဟောတော်မူတယ်။

ကာရုဏိကော၊ ကရုဏာတော်ရှင် ထေရ်သခင်သည်။ အနုကမ္ပဿု၊ မျိုး ဆွေယခု ပြိတ္တာစု၌ ကရုဏာထား မေတ္တာပွား၍ သနားကြည့်ရှုတော်မူ ပါဦးလော။ ဒါနံ၊ ချိုချဉ်ယံမကာ ရသာကြိုင်ဆူ ဆွမ်းဘောဇဉ်အလှူကို။ ဒတွာ၊ သံဃာတော်ပေါင်းစုကာ ဆောင်းလျက် အကြောင်းသင့်စွာ ပေး လှူပါ၍။ နော၊ ပြိတ္တာဘဝ ငတ်မွတ်လှ၍ ဝဋ္ဋကမပြုက် အကျွန်ုပ်တို့အား။ အနွာဒိသာဟိ၊ ရစေမိန့်ခွန်းရည်ကာညွှန်း၍ ပက်သွန်းဖြန့်ခြွေအမျှဝေတော် မူပါလော။ တဝ၊ ကိုးစားစလောက် တစ်ယောက်မားမား အရှင်ဘုရား၏။ ဒိန္နေ၊ ရည်ကာ သတ်မှတ် ပေးလှူအပ်သော။ ဒါနေန၊ ရသာချိုချဉ် ဘောဇဉ် ကြိုင်လှောင်း ဒါနကောင်းဖြင့်။ ကုရူရိနော၊ မကောင်းကြမ်း ကြုတ် အကြောင်းယုတ်ဖြင့် နစ်မြုပ်ကြာညောင်း ဆွေမျိုးပေါင်းတို့သည်။ ယာပေဿန္တိ၊ ဆာလောင်မီးတောက် အပြီးပျောက်၍ ဝမ်းမြောက် ကြည်သာ မျှတကြပါကုန်လတ္တံ့။

အဲ့ဤသို့ လျှောက်ထားလေလျှင် မထေရ်ရှင်ရဟန္တာလဲ သနားတဲ့ ကရုဏာနှင့် ပြိတ္တာ၏ စကားကို ဝန်ခံပြီး အခြွေအရံ ရဟန်း တစ်ကျိပ်နှစ်ပါး နှင့်တကွ ဆွမ်းခံရွာက ပြန်ရောက်ကြလေက ထိုရဟန်းတို့ ရခဲ့သမျှသော ဆွမ်းကို အလှူခံပြီး ဝေဖန် ခွဲခြမ်းလျက် ဆွေမျိုးပြိတ္တာတို့ကို ရည်မှန်း၍ လှူဒါန်းကာ အမျှဝေတော်မူတယ်။ ထို့ကြောင့်—

နိယျာဒယိံသု ထေရသာ၊ ထေရော သံဃံ နိမန္တယိ။
ဒတွာ အန္ဒာဒိသီ ဓယရော၊ မာဘု ပိတု စ ဘာတုနော။
ဤဒံ မေ ဉာတိနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

လို—ဟော်တော်မူတယ်။

ဘိက္ခု၊ တပည့်တပန်း နောက်ပါရဟန်းတို့သည်။ ထေရသာ၊ သာဏာပါသီ မဟာထေရ်အား။ နိယျာဒယိံသု၊ သပိတ်ပါခင်း ကပ်ခါ ချဉ်း၍ အပ်နှင်းလှူဒါန်းကြလေကုန်၏။ ထေရော၊ သာဏဝါသီ မဟာထေရ်သည်။ သံဃံ၊ ကျောင်းရှိခိုအောင်း သံဃာတော်ပေါင်းကို။ နိမန္တယိ၊ သံဃာ့ဘတ်ဆွမ်း ကပ်လှူဒါန်းဖို့ ရည်မှန်း ပင့်ဖိတ်တော်မူပြီး။ ထေရော၊ သာဏာမည်တွင် ထေရ်အရှင်သည်။ ဘောဇနံ၊ ဩဇာပြည့်ရှမ်း ဘောဇဉ်ဆွမ်းကို။ ဒတွာ၊ ဝေငှသီးသီး ပေးလှူပြီး၍။ ဣဒပုညံ၊ သံဃာ့ဘတ်ဆွမ်း ခုလှူဒါန်း၍ ရည်မှန်းပြုစု ဤကောင်းမှုသည်။ မေ မမ၊ ငါ၏။ ဉာတိနံ၊ ပြိတ္တာဘဝ ရောက်ကြခိုအောင်း ဆွေမျိုးအပေါင်းတို့အား။ ဟောတု၊ ဆိုက်ဆိုက်သွေ့ ရောက်ပါစေသတည်း။ မေ မမ၊ ငါ၏။ ဉာတယော၊ အစ်ကိုမိဘရှိသမျှနှင့် ပေတာဘုံအောင်း ဆွေမျိုးပေါင်းတို့သည်။ သုခိတာ၊ ဘောဇဉ်အစာ မကြွန်ကြွတဲ့ လိုကာခဏာ ချမ်းသာစွာ ရကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣတိ ဤသို့။ မာတုစ၊ ယုယချစ်ခင် မွေးမိခင်အားလည်းကောင်း။ ဘာတုနောစ၊ အဘူဖွားဆင်း ခေါင်ခေတ်ရှင်အားလည်းကောင်း။ အန္ဒဒိသိ၊ မြွက်ကာမိန့်ခွန်း ရေစက်သွန်း၍ ရည်သွန်းဖြန့်ဝေတော်မူ၏။

အဲ·ဤလိုပေးဝေငှလိုက်သည့် မထေရ်၏ ဆွမ်းဒါနကြောင့် ရှိသမျှဆွေမျိုးပြိတ္တာတို့မှာ ဝတ်မွတ်ခြင်း ကင်းကွာပြီး နတ်သုဒ္ဓါအာဟာရတို့ကို ချမ်းသာစွာ သုံးဆောင်ကြရကာနှင့် ထိုခနည့ သန်းခေါင်ယံ၌ပင် မထေရ်ထံ ကပ်ချဉ်းပြီး ညီရင်း၏ ဆွမ်းဒါနကြောင့် အကြောင်းကြကင်းကွယ်၍ ညှိုးငယ်တဲ့ပြိတ္တာ အပေါင်းတို့မှာ ကောင်းမြတ်တဲ့ အာဟာရကိုဖြင့် ချမ်းသာစွာ သုံးဆောင်ကြရပါပေပြီ၊ အာဟာရ ဒုက္ခကွာသော်လဲ ဆီးဝတ်စရာ အရေးမျှတရန်လိုပါသေး၍ ပူဆွေးတဲ့ ဒုက္ခသည်တို့ကို ကယ်ဆယ်တော်မူပါမည့် အကြောင်းများနှင့် လျှောက်ထားကာ ဘောင်း ပန် ပြန့်တယ်။ ထို့ကြောင့်—

(ပဌမအကြိမ်)

သမန္တရာနုဒ္ဒိဌေ၊ ဘောဇနံ ဥဒပဇ္ဇထ။
သုစိပဏီတ သမ္ပန္နံ၊ အနေက ရသဗျဉ္ဇနံ။
တတော ဥဒ္ဒိဿတိ ဘာတာ၊ ဝဏ္ဏဝါ ဗလဝါ သုခီ။
ပဟူတံ ဘောဇနံ ဘန္တေ၊ ပဿ နဂ္ဂါမှသေ မယံ။
တထာ ဘန္တေ ပရက္ကမ၊ ယထာ ဝတ္ထံ လဘာမသေ။

လို–ဟောတော်မူတယ်။

အနုဒ္ဒိဋ္ဌေ အနုဒ္ဒိဋ္ဌသော်၊ ညွှန်းကာရည်မှန်း ဆွမ်းလှူဒါန်းသည်၏။ သမနန္တရာ၊ အခြားမဲ့၌။ သုစိပဏီတ သမ္ပန္နံ၊ စင်ကြယ်သန့်ရှင်း ကြိုင်ပျံ့ သင်းအောင် မြတ်မွန်သော အနံ့အဆင်းနှင့်လည်း ပြည့်စုံသော။ အနေက ရသဗျဉ္ဇနံ၊ ထူးပြားရသာအဖြာဖြာနှင့် စုံစွာပြည့်ဖြိုး လွန်ကဲသော စားဖွယ် မျိုးလည်းရှိသော။ ဘောဇနံ၊ ဖွယ်ရာပြင်ဆင် ချိုအချဉ်နှင့် စုံလင်စုံပေါင်း ဘောဇဉ်ပေါင်းကို။ ဥဒပဇ္ဇထ၊ မထေရ်ညွှန်း၍ ဆွမ်းဒါနကြောင့် မျှဘ လောက်လုံ ရကြကုန်၏။ တတော၊ ထိုအာဟာရလုံ သုခဂုဏ်နှင့် ပြည့်စုံပြီးမှ နောက်ကာလ၌။ ဘာတာ၊ သာဏဝါသီ မဟာထေရ်၏ ချစ်ကြည်ကြင်နာ အစ်ကိုဖြစ်သော ပြိတ္တာသည်။ ဝဏ္ဏဝါ၊ သားရေဖိုးဝ အဆင်းလှသည်ဖြစ်၍။ ဗလဝါ၊ ကျန်းမာဗလ ခွန်အားကိုရသည်ဖြစ်၍။ သုခီ၊ သာကြည်ရွှင်ပ ချမ်းသာကို ရသည်ဖြစ်၍။ ထေရဿ သာဏဝါသီ၊ ညီမထေရ်အား။ အတ္တာနံ၊ ဆင်းရည်ရူပ သွင်မူလနှင့် ပြည့်ဝရှန်းစို မိမိကိုယ်ကို။ ဥဒ္ဒိဿတိ၊ အနီးမှာရပ် မှီးကာကပ်၍ တပ်အပ်မြင်စေ ပြဝင်လေ၏။

ဘန္တေ၊ သာဏမည်တွင် ထေရ်သခင်။ အမှာကံ၊ အစ်ကိုမိဘ ရှိသမျှနှင့် ဘုံဘုံယုတ် အကျွန်ုပ်တို့အား။ ပဟူတံ ဘောဇနံ၊ စားသောက်မကုန် ဒါန ဟုန်ကြောင့်။ လောက်လုံပြည့်ဖြိုး များစွာသော ဘောဇဉ်မျိုးကို။ လဒ္ဓံ၊ မကြောင့်ကြရ မတောင့်တဘဲ အားရစိတ်ပြေရကြပေပြီ နော၊ ပါပကံယုတ် အကျွန်ုပ်တို့အား။ ပဿ၊ သတိပြုကာ ရှုကြည့်ပါလေသော။ မယံ၊ ရှေးကံဘိမ်း မစောင်း အကျွန်ုပ်တို့ ပြိတ္တာပေါင်းတို့သည်။ နဂ္ဂါမှသေ၊ ရုံစရာယွင်းချွတ် ခြုံလွှာလွတ်၍ အဝတ်မဲ့တော်ကြရပါကုန်။ ဘန္တေ၊ ညီရင်းသခင် ကျေးဇူးရှင်။ ယထာ၊ အကြောင်းအခြင်းအရာဖြင့်။ ဝတ္ထံ၊ ရုံစရာမချွတ် ခြုံလွှာဝတ်ကို။ လဘာ
(ပဥ္စမအကြိမ်)

မဟေသ၊ မျှတသောက်လုံ ရပါကုန်အံ့။ ဘာထာ၊ ထိုအခြင်းအရာဖြင့်။ ပရက္ကမက. ရဏာမဆုတ် ပြိတ္တာယုဘ်တို့ကို အားထုတ်မစတော်မူပါဦးလော။

အဲ-မဟထေရ်ရဟန္တာလဲ ထိုပြိတ္တာ၏ စကားကိုဝန်ခံလိုက်ပြီးမှ ကျောင်းတိုက်ပြင်ပါး ချုံကြားအမှိုက်ပုံတို့၌ မြူမှုန်ထွေးရစ် ဆွေးညစ်ဟောင်းနွမ်း ပုဆိုးကြမ်းတို့ကို ထောက်လှမ်း ဖွေရှာတော်မူပြီး ဖွပ်လျှော် ချုပ်စပ်၍ လွတ်မြတ်သော ပံ့သကူသင်္ကန်းကို ပြိတ္တာတို့ကိုရည်မှန်းပြီး လှူဒါန်းကာ အမျှဝေတော်မူပြန်ဘယ်။ ထို့ကြောင့်—

ထေရော သင်္ကာရကူဋ္ဌတော၊ ဥစ္စိနိတွာန နန္တကေ။
ပိလောတိကံ ပဋံ ကတွာ၊ သံဃေ စာတုဒ္ဒိသေ အဒါ။
ဒတွာ အန္တာဒိသီ ထေရော၊ မာတု ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

လို့-ဟောတော်မူဘယ်။

ထေရော၊ သာဏာဝါသီ မဟာထေရ်သည်။ သင်္ကာရ ကူဋ္ဌတော၊ တံမြက်ချေးနု ယှက်ထွေးစုသည့် ညစ်ကျုံ့ဆိုက်ဆုံ အမှိုက်ပုံမှ။ နန္တကေ၊ မြူမှုန်ချေးညစ် ထွေးကာရစ်သည့် မွေးနှစ်ညှိုးယုတ် ပုဆိုးစုတ်တို့ကို။ ဥစ္စိနိတွာန၊ လှန်ကာ အောက်ထက် ပြန်ကာရက်လျက် ခါတွက်မြောက်ဖယ်ကောက်ရွေးခြယ်၍။ ပိလောတိကံ၊ ရသမျှ ဟောင်းနွမ်း ပုဆိုးကြမ်းကို။ ပဋံကတွာ၊ မြောင်းတလုတ်ဖြတ် အထပ်ထပ်ဖြင့် တွဲစပ်လှမ်းအုပ် သင်္ကန်းချုပ်၍။ စာတုဒ္ဒိသေ သံဃေ၊ လေးရပ်လေးခွင် မြေအပြင်၌ ခိုဝင်မပျော်အောင်း သံဃာပေါင်းအား။ အဒါ-အဒါသိ၊ ဆက်ကပ်ဖြန့်ဝေ လှူဒါန်းလေ၏။

ဒတွာ၊ စင်ကြယ်သန့်ဖြူ ပံ့သကူကို ကောက်ယူရှင်လန်း လှူဒါန်းပြီး၍။ ထေရော၊ သာဏာမည်တွင် ထေရ်သခင်သည်။ ဣဒံပုညံ၊ ပံ့သကူစီဝရ ဒါနရှုပြု ဤကောင်းမှုသည်။ မေ မမ၊ ငါ၏။ ဉာတီနံ၊ ပြိတ္တာဘုံအောက် ရွေးကံမှောက်၍ ရောက်ကြခိုအောင်း ဆွေမျိုးပေါင်းတို့အား။ ဟောတု၊ ဆိုက်ဆိုက်မသွေ ရောက်ပါစေသတည်း။ မေ-မမ၊ ငါ၏။ ဉာတယော၊ ပြိတ္တာဘုံအောင်း ဆွေမျိုးအပေါင်းတို့သည်။ သုခိတာ၊ အငတ်တန်ဆာ မကြန့်ကြာဘဲ လိုကာ ခဏ ချမ်းသာစွာ ရကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ မာတုစ၊ ယုယခင်မင် မွေးမိခင်အား

လည်းကောင်း။ ပိတုစ၊ အနန္တဝင် မွေးဖခင် အားလည်းကောင်း။ ဘာတုနော စ၊ အတူဖွားဆင်း အစ်ကိုရင်းအား လည်းကောင်း။ အန္နာဒိသိ၊ မြွက်ကာ မိန့်ခွန်း ရေစက်သွန်း၍ ရည်ညွန်းဖြန့်ဝေတော်မူ၏။

အဲ-ဤလို ပေးဝေလိုက်တဲ့ မှဘေရ်၏စိဝရဒါနကြောင့် ရှိသမျှဆွေမျိုး ပြိတ္တာတို့မှာ ရှက်ကြောက်ခြင်း ကင်းကွာပြီး ချောမွေ့စွာနတ်ပုဆိုးတို့ကို ဖိုးပြည့်အောင် သုံးဆောင်ရတာနှင့် ထိုနေ့ည သန်းခေါင်ယံမှာ မထေရ် ထံကပ်ချဉ်း၍ ညီရင်း၏ ဒါနအကျိုးကြောင့် ဖိုးဖိုးကြွယ်ဝ ညှိုးငယ်တဲ့ ပြိတ္တာအပေါင်းတို့မှာ ကောင်းကောင်းကြီးဝတ်ဆင်ရတာနှင့် ချမ်းသာစွာ နေထိုင်ကြရပါပေပြီ၊သည်ဒုက္ခဘေးတဝဋ် လက်သွတ်ခါ အေးကွာကျွတ်ရ သော်လဲ မလွတ်မဖယ် အိမ်နေရာ အခြေမရကြ၍ အေးမရဒုက္ခသည်တို့ကို ကယ်ဆယ်တော် မူပါဦးမည့် အကြောင်းများနှင့် လျှောက်သားကာ တောင်းပန်လာပြန်တယ်။ ထို့ကြောင့်—

သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝတ္ထာနိ ဥဒပဇ္ဇိသုံ။
တတော သုဝတ္ထဝသနော၊ ထေရဿ ဒဿယိ တုမံ။
တေ မယံ ပရိဒဟာမ၊ ယံ ယံ ဟိ မနသော ပိယံ။
တထာ ဘန္တေ ပရက္ကမ၊ ယထာ ဂေဟံ လဘာမသေ။

လို့-ဟောတော်မူတယ်။

အနုဒ္ဒိဋ္ဌေ အနုဒ္ဒိဋ္ဌသာ၊ ပံ့သကူဒါန ရည်ညွှန်းသသည်၏။ သမနန္တရာ၊ အခြားမဲ့၌။ဝတ္ထာနိ၊ချောမွေ့အမျိုးမျိုး နတ်ပုဆိုးတို့ကို။ ဥဒပဇ္ဇိသုံ၊မျှတ လောက်လုံ သုံးဆောင်ကြရလေကုန်၏။ တတော၊ ထိုဖိုးဖိုးကြွယ်ဝ နတ် ပုဆိုးတို့ကို ရပြီးသည်နောက်မှ။သုဝတ္ထဝသနော၊ဆင်းရောင်မညှိုး နတ်ပုဆိုး ကို အမျိုးမျိုးဝတ်ဆင်လျက်။အာတုမံ၊ဆင်းရေရူပ သွင်မူလနှင့်ပြည့်ဝရှန်း စို မိမိကိုယ်ကို။ထေရဿ၊ သာဓကချည်တွင် ထေရ်သခင်အား၊ဒဿယိ၊အနီး မှာရပ် မှီးကာကပ်၍ တပ်အပ်မြင်စေ ပြလာလေ၏။

ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင်ဘုရား။ယံယံ၊ အကြင်အကြင်သို့သော အဝတ်ပုဆိုးကို။မနသော၊စိတ်၌။ ပိယံ၊ အကျိုးနှင့်စပ် မြတ်နိုးအပ်၏။ ဘံ တံဝ၊ ထိုသို့မြတ်နိုး နတ်ပုဆိုးသာလျှင်။ တေမယံ၊ ထိုအကျွန်ုပ် ပြိတ္တာ ယုတ်တို့သည်။ ပရိဒဟာမ၊ စိတ်လိုတိုင်းသာ ဝတ်ဆင်ရပါကုန်ပြီ။ ဘန္တေ၊

ကျေးဇူးတော်ရှင်တရသခင်။ ယထာ၊ အကြင်အကြင်သို့သောအခြင်းအရာဖြင့်။ မယံ၊ ပါပကံပြု အကျွန်ုပ်တို့ပြိတ္တာဘာစ်စုတို့သည်၊ ဂေဟံ၊ နေ့ညဥ့်မဆိုဝင်ကာသို၍ တည်းခိုဖို့ရာ အိမ်နေရာကို။ လဘာမသေ၊ မျှတလောက်လုံရပါကုန်အံ့။ တထာ၊ ထိုထိုသို့သော အခြင်းအရာဖြင့်။ ပရက္ကမ၊ ကရုဏာမဆုတ် ပြိတ္တာယုတ်တို့ကို အားထုတ်မစပါတော်မူပါဦးလော။

အဲ-မထေရ်မြတ်ရဟန်းတာလဲပြိတ္တာ၏စကားကိုဝန်ခံပြီး တောင်ရံကျောင်းတွင်း၌ သစ်ရွက်မိုး ကြမ်းအခင်းနှင့် တစ်ပါးချင်း နေထိုင်လောက်အောင် လေးတိုင်စင် ကျောင်းငယ်ဆောက်ပြီး ဝမ်းမြောက်ရွှင်လန်း ပြိတ္တာတို့ကို ရည်မှန်း၍ လှူဒါန်းကာ အမျှဝေတော်မူပြန်တယ်။ ထို့ကြောင့်-

ထေရော ပဏ္ဏကုဋိံ ကတွာ၊
သံဃေ စာတုဒ္ဒိသေ အဒါ။
ဒတွာ အနွာဒိသိ ထေရော၊
မာတု ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတီနံ ဟောတု၊
သုခိတာ ဟောန္တု ဉာတယော။

လို့-ဟောတော်မူတယ်။

ထေရော၊ သာရိပုတ္တရာ မဟာထေရ်သည်။ ပဏ္ဏကုဋိံ၊ သစ်ရွက်မိုးဘင်လေးတိုင်စင်နှင့် ကြည့်ရှင်ပျော်အောင်း တစ်ခန်းကျောင်းကို။ ကတွာ၊ စီရင်အားထုတ် အလှူလုပ်၍၊ စာတုဒ္ဒိသေ သံဃေ၊ လေးရပ်လေးခွင် မြေအပြင်၌ ပျော်ဝင်ခိုအောင်း သံဃာအပေါင်းအား။ အဒါ အဒါသိ၊ ပေးကမ်း ဖြန့်ဝေလှူဒါန်းလေ၏။ ဒတွာ၊ ကြည်သာရွှင်လန်း ပေးလှူဒါန်း၍၊ ထေရော၊ သာရိပုတ္တရာ မဟာထေရ်သည်။ ဣဒံပုညံ၊ ဝိဘာရဒါန အာဝါသဝတ္ထု ဤကောင်းမှုသည်။ မေ မမ၊ ငါ၏။ ဉာတီနံ ပြိတ္တာတုံအောင်း ဆွေမျိုးပေါင်းတို့အား။ ဟောတု၊ ဆိုက်ဆိုက်မသေ ရောက်ပါစေသတည်း။ မေ မမ၊ ငါ၏၊ ဉာတယော၊ ပေတာတုံအောင်း ဆွေမျိုးပေါင်းတို့သည်။ သုခိတာ၊ အိပ်ရာနေရာ မကြွန့်ကြွာဘဲ လိုကာခဏ ချမ်းသာစွာရကြကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ မာတုစ၊ ယူသခင်မင် မွေးမိခင်အား

လည်းကောင်း။ ပိတုစ၊ အနန္တဝင် မွေးဖခင်အားလည်းကောင်း။ ဘာဝုနောစ၊ အတူဖွားဆင်း အစ်ကိုရင်းအားလည်းကောင်း။ အန္နာဒိသိ၊ မြွက်ကာမိန့်ခွန်း ရေစက်သွန်း၍ ရည်ညွှန်းဖြန့်ဝေတော်မူ၏။

အဲ-ဤလို ဝေငှလိုက်တဲ့မထေရ်၏ ကျောင်းဒါနကြောင့် ရှိသမျှဆွေမျိုးပြိတ္တာတို့မှာ ပန်းဥယျာဉ် အရံအကာနှင့်တကွ စိန် ဖန် ရတနာ ညီးညီးတောက်တဲ့ ဘုံဗိမာန်အသီးသီး ပေါက်ကြတာနှင့် ဝမ်းမြောက်ရွှင်ပျ နေထိုင်ကြရလို့မို့ ထိုနေ့သည် သန်းခေါင်ယံ၌ပင် မထေရ်ထံကပ်ချဉ်းပြီး ညီရင်း၏ ကျောင်းဒါနအကျိုးကြောင့် ဖြိုးဖြိုးမောက်လျှံ ဘုံဗိမာန်တို့ကို ချမ်းသာစွာ ခံစံရပါပေပြီ၊ ဤဒုက္ခဝဋ်ကြီး ပြေသော်လဲ ချိုးသောက်ရေ ရှာမရလို့မို့ မအေးရ ဆွေမျိုးတစ်စုတို့ကို ကြည့်ရှုတော်မူဦးမည့်အကြောင်းများနှင့် လျှောက်ထားကာ တောင်းပန်ပြန်တယ်၊ ထို့ကြောင့်—

သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဃရာနိ ဥဒပဇ္ဇထ။
ကူဋ္ဌာဂါရာ နိဝေသနာ၊ ဝိဘတ္တာ ဘာဂသော မိတာ။
န မနုဿေသု ဤဒိသာ၊ ယာဒိသာ နော ဃရာ ဣဓ။
တထာ ဘန္တေ ပရက္ကမ၊ ယထာ ပါနီယံ လဘာမသေ။

လို့-ပြောတော်မူတယ်။

အနုဒ္ဒိဋ္ဌေ-အနုဒ္ဒိဋ္ဌသော၊ ကျောင်းကိုရည်ညွှန်း မျှဝေသွန်းသည်၏။ သမနန္တရာ၊ အခြားမဲ့၌။ ဃရာနိ၊ ရတနာဝင်းထိန် ဗိမာန်အိမ်တို့ကို။ ဥဒပဇ္ဇထ၊ ချမ်းမြေ့လောက်လုံ ရကြကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ နော၊ နေရာမရဆင်းရဲလှ၍ ဒုက္ခမပြုတ် အကျွန်ုပ်တို့အား။ ကူဋ္ဌာဂါရာ၊ စုလစ်မွန်းချွန်အမွန် အချက် ပြိုးပြိုးပြက် ဘောက်ပကုန်သော။ နိဝေသနာ၊ နေရာရိပ်မြုံဗိမာန်ဘုံတို့ကို။ ဝိဘတ္တာ၊ ဝေဖန်လုံခြုံ ဆောက်လုပ်အပ်ကုန်ပြီ။ ဘာဂသော၊ အမြင့်အနောက် အစောက်နံလျား အဖို့အားဖြင့်။ မိတာ၊ တိုင်းတွာနှိုင်းယှဉ် ပုံစီရင်အပ်ကုန်ပြီ။

ဣဓ၊ ဤအကျွန်ုပ်တို့နေ ပြိတ္တာပြည်၌။ နော၊ ပြိတ္တာမျိုးယုတ် အကျွန်ုပ်တို့၏။ ယာဒိသာ၊ အကြင် အကြင်သို့ သဘောရှိကုန်သော။ ဃရာ၊ ရတနာတောက်ထိန်ဗိမာန်အိမ်တို့သည်။ သန္တိ၊ ညီတော်ရင်း၏ဖန်ဆင်းဒါန ဝိပါက

ကြောင့် ပြည့်ဝလုံလောက် ရှိကြကုန်၏။ ဣဒိသာ၊ ဤသို့သဘော ချီးအံ့ဖွယ် တူသောရိပ်မြုံ ဗိမာန်ဘုံဘို့သည်။မနုဿသု၊ အများခိုနေ လူ့ဘုံပြည်၌။ နတ္ထိ နသန္တိ၊ မရှိကြပါကုန်။ ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင်ဘုရား၊ ယထာ၊ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့်။ ပါနီယံ၊ ချိုးရေ သောက်ရေ သုံးဆောင်ရေကို။ လဘာမသေ၊ မကြောင့်မကြ မတောင့်မတ ဘဲ မျှတ လောက်လုံ ရပါကုန်၏။ တထာ၊ ထိုထိုသို့သော အခြင်းအရာ အားဖြင့်။ ပရက္ကမ၊ မကျမကျွတ် ဒုက္ခဝဋ်ကို ချချွတ်တော်မူပါဦးလော။

အဲ-ဤလို ပြိတ္တာက တောင်းပန်ပြန်သည်ကို မထေရ်က ဝန်ခံလိုက်ပြီးမှ မွေကရိုဏ်ခွက်ရေစစ်နှင့် ရေတွင်းကရေကိုစစ်ပြီး နွမ်းညစ်တဲ့ ပြိတ္တာဘို့ကို ရည်မှန်းလို့ လှူဒါန်းကာ အမျှဝေတော်မူပြန်တယ်။ ထို့ကြောင့်–

ထေရော ကရုဏာံ ပူရေတွာ၊
သံဃေ စာတုဒ္ဒိသေ အဒါ၊
ဒတွာ အန္တာဒိသီ ထေရော၊
မာတု ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတိနံ ဟောတု၊
သုခိတာ ဟောန္တု ဉာတယော။

လို-ဟောတော်မူတယ်။

ထေရော၊သာရိပုတ္တရာဝါသိ မဟာထေရ်သည်။ ကရုဏာံ၊ ရှုသွန်နွံနှစ်မြူအညစ် ကို ဖြူသစ်စေနိုင် မွေကရိုဏ်ကို။ ပူရေတွာ၊ ရေမှာကိုင်နှစ်ပြည့်အောင်စစ်၍။ စာတုဒ္ဒိသေ သံဃေ၊ လေးရပ်လေးခွင် မြေအပြင်၌ ခို့ဝင်ပျော်အောင်း သံဃာတော်အပေါင်းအား။ အဒါ အဒါသိ၊ ပေးကမ်းဖြန့်ဝေ လှူဒါန်း လေ၏။ ဒတွာ၊ ဒါနရေချမ်း ပေးလှူဒါန်း၍။ ထေရော၊ သာရိသီး မဟာထေရ်သည်။ ဣဒံပုညံ၊ ဥဒကဒါန ဤပုညသည်။ မေ မမ၊ ငါ၏။ ဉာတိနံ၊ ပြိတ္တာ ဘုံအောင်း ဆွေမျိုးပေါင်းတို့အား။ ဟောတု၊ ဆိုက်ဆိုက် မသွေ ရောက်ပါစေသတည်း။ မေ မမ၊ ငါ၏။ ဉာတယော၊ ပေတာ ဘုံအောင်း ဆွေမျိုးပေါင်းတို့သည်။ သုခိတာ၊ သုံးရေသောက်ရာ မကြံ့ ကြာပဲ လိုကာခဏ ချမ်းသာခြင်း ရကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါ စေကုန်သတည်း။ ဣတိ၊ ဤသို့။ မာတု စ၊ ယုယခင်မင် မွေးမိခင်အား လည်းကောင်း။ ပိတု စ၊ အနန္တဝင် မွေးဖခင်အား လည်းကောင်း။

(ပဌမအကြိမ်)

ဘာတုနော စ၊ အတူဖွားဆင်း အစ်ကိုရင်းအားလည်းကောင်း။ အန္တာဒိသိ၊ မြွက်ကာမိန့်ခွန်း ရေစက်သွန်း၍ ရည်ညွှန်းဖြန့်ဝေတော်မူ၏။

အဲ့-ဤလို ပေးဝေလိုက်တဲ့ မထေရ်၏ ရေဒါနကြောင့် ရှိသမျှဆွေမျိုး ပြိတ္တာတို့မှာ ကြာငါးဖြာ ပွင့်ငုံဖူးတို့ဖြင့် ဆန်းထူးစွာ တန်ဆာဆင်လျက် ကြည်လင်အေးမြ နှစ်သက်ဖွယ်ရနံ့သင်းလှတဲ့ ရေတွင်းရေကန်တို့ကို ရကြသဖြင့် ထိုနေ့ည သန်းခေါင်ယံတွင် မထေရ်ထံ ခိုဝင်ပြီး အရှင်၏ရေဒါနကြောင့် အေးမြတဲ့ရေတွင်းရေကန်တို့ကိုရကြလို့မို့ ချမ်းသာစွာသုံးဆောင်ကြရပေပြီ၊ ဤမျှလောက် ဝဋ်ကြွေးကွာသော်လဲ မျိုးဆွေညာပြိတ္တာပေါင်းတို့မှာ ခရောင်းကြမ်း မြေအပြင် ဆူးခလုတ် မြက်သစ်ပင်တို့ကို နာကျင်စွာနင်းသွားရပါသဖြင့် ချမ်းသာမရ မအေးကြသည်တို့ကို ဖေးမတော်မူပါဦးမည့် အကြောင်းများနှင့် လျှောက်ထားကာ တောင်းပန်လာပြန်တယ်။

ထို့ကြောင့်—

> သမနန္တရာ နုဒ္ဒိဋ္ဌေ၊ ပါနီယံ ဥဒပဇ္ဇထ။
> တတ္ထ နှတ္ဘာ ပိဝိတ္ဘာ စ၊ ထေရဿ ပဋိဒဿယုံ။
> ပါနီယံ ပဟူတံ ဘန္တေ ပါဒါ ဒုက္ခာ ဖလန္တိ နော။
> တထာ ဘန္တေ ပရက္ကမ၊ ယထာ ယာနံ လဘာမသေ။

လို့-ဟောတော်မူတယ်။

အနုဒ္ဒိဋ္ဌေ အနုဒ္ဒိဋ္ဌသာ၊ ရေကိုရည်မှန်း ပေးလှူဒါန်းသည်၏။ သမနန္တရာ၊ အခြားမဲ့၌။ ပါနီယံ၊ ကြာမျိုးငါးအင် တန်ဆာဆင်သည့် ကြည်လင်သန့်ရှင်း ကန်ရေတွင်းကို။ ဥဒပဇ္ဇထ၊ မျှတလောက်လုံ ရကြကုန်၏။ တတ္ထ၊ ထိုကြည်လင်သန့်ရှင်းရေကန်တွင်း၌။ နှတ္ဘာစ၊ ရှင်မြူးကခုန်ချိုးကြကုန်၍လည်းကောင်း။ ပိဝိတ္ဘာစ၊ နှစ်ခြိုက်ပေါင်းဆုံသောက်ကြကုန်၍လည်းကောင်း။ ထေရဿ၊ သာဏမည်တွင် ထေရ်သခင်အား။ ပဋိဒဿယုံ၊ ကိုယ်ဘိုင်ထင်စွာ ပြဝင်လာကြလေကုန်၏။ ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင်ဘုရား။ ပါနီယံ၊ ချိုးရေသောက်ရေ သုံးဆောင်ရေကို။ ပဟူတံ၊ မကုန်သုံးစား ဒလွန်များအောင်။ လဒ္ဓံ၊ အားရမိတ်ပြေ ရအပ်ပေပြီ။ နော၊ ရှေးကံနည်းပါးအကျွန်ုပ်တို့ပြိတ္တာတစ်စုတို့အား။ ပါဒါ၊ ဖိနပ်လွတ်ကင်း ယာဉ်ချွတ်ယွင်း၍ ကံကြွင်းနှိပ်စက် ခြေသက်သက်တို့သည်။ ဒုက္ခာ၊ ကျင်နာလိုက်လှဲ ဒလွန်ဆင်းရဲကြ

ကုန်သည်ဖြစ်၍။ ဖလန္တိ၊ သွေးသံယိုထွက် အခံခက်အောင် ကွဲအက်စူးရှကြပါကုန်၏။ဘဲန္တေ၊ ကျေးဇူးတော်ရှင် အရှင်ဘုရား။ယထာ၊ အကြင်အကြင်သို့သော အခြင်းအရာဖြင့်။ ယာနံ၊ ထိုညီသွားနှင့် ရထားယာဉ်ကို။လဘာမသေ၊ မျှတလောက်လုံ ရပါကုန်အံ့။ တထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ ပရက္ကမ၊ကရုဏာမဆုတ် ပြိတ္တာယုတ်တို့ကို အားထုတ်မစဲတော်မူပါဦးလော့။

အဲ—ဤလို ပြိတ္တာက လျှောက်တောင်းပန်လာသည်ကို မထေရ်ကဝန်ခံပြီး တစ်ရန်သောလွှာဖိနပ်ကို သံဃာကိုဆက်ကပ်လှူမို့ရည်မှတ်ကာလှူဒါန်းပြီး ခွဲခြမ်းကာ အမျှဝေတော်မူပြန်တယ်၊ ထို့ကြောင့်—

သေရော သိပါသိကံ လဒ္ဓါ၊ သံဃေ စာတုဒ္ဒိသေ အဒါ။
ဒတွာ အန္ဒာဒိသိထေရော၊ မာတု ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

လို့—ဟောတော်မူတယ်။

ထေရော၊ သာဏဝါသီ မဟာထေရ်သည်။ သိပါသိကံ၊ တစ်လွှာတစ်ထပ် လွှာဖိနပ်ကို။ လဒ္ဓါ၊ အဆင်သင့်ခိုက် ရကြုံကြိုက်၍။ စာတုဒ္ဒိသေ သံဃေ၊ လေးရပ်လေးခွင် မြေအပြင်၌ ခိုဝင်ပျော်အောင်း သံဃာတော်အပေါင်းအား။ အဒါ အဒါသိ၊ ပေးကမ်းမှန်းဝေ လှူဒါန်းလေ၏။ ဒတွာ၊ ဖိနပ်လွှာချင်း လှူဆက်သွင်း၍။ ထေရော၊ သာဏဝါသီ မဟာထေရ်သည်။ ဣဒံပုည်၊ဖိနပ်ဒါန ဤပုညသည်။မေ မမ၊ ငါ၏။ဉာတီနံ၊ ပြိတ္တာဘုံအောင်း မျိုးဆွေပေါင်းတို့အား။ဟောတု၊ဆိုက်ဆိုက်မသွေ ရောက်ပါစေသတည်း။ မေ မမ ငါ၏။ဉာတယော၊ ပြိတ္တာဘုံတွင်း မျိုးတသင်းတို့သည်။ သုခိတာ၊ ယာဉ်နှင့် ရထား မောင်းနှင်သွား၍ ထိပါးမရှချမ်းသာရကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ မာတုစ၊ ယုယချစ်ခင် မွေးမိခင်အားလည်းကောင်း။ ပိတုစ၊ အနန္တဝင် မွေးဖခင်အားလည်းကောင်း။ ဘာတုနောစ၊ အတူဖွားဆင်း နောင်တော်ရင်း အားလည်းကောင်း။ အန္ဒာဒိသိ၊ ညွှန်းသမြွက်ချွေ အမျှဝေတော်မူ၏။

အဲ·ဤလို ငှဝေသလိုက်တဲ့ မထေရ်၏ဖိနပ်ဒါန်ကြောင့် ရှိသမျှဆွေမျိုးပြိတ္တာတို့မှာ ယာဉ်ရထားပြည့်စုံလာသဖြင့်ချမ်းသာစွာ သုံးဆောင်ရလို့မို့

(ပဌမအကြိမ်)

ရှင်ပျကာ စိတ်စက်ကြည်ပြီး မထေရ်ထံအကုန်ချဉ်းလို့ ဝပ်ငင်းကာဖူးမြော် လာကြတယ်။ ထိုကြောင့်—

သမန္တရာ နုဒ္ဒိဋ္ဌေ၊ ပေတာ ရထေန မာဂမုံ။
အနုကမ္ပိတမှ ဘဒ္ဒန္တေ၊ ဘတ္တေနစ္ဆာဒနေန စ။
ဃရေန ပါနီယဒါနေန၊ ယာနဒါနေန စူဘယံ။
မုနိံ ကာရုဏိကံ လောကေ၊ ဘန္တေ ဝန္ဒိတုမာဂတာ။

လို့ ဟောတော်မူတယ်။

အနုဒ္ဒိဋ္ဌေ-အနုဒ္ဒိဋ္ဌသာ၊ ဖိနပ်ဒါန ယာဉ်မျှတဖို့ မျှော်ဆရည်မှန်း လှူဒါန်းလိုက်သည်၏။ သမနန္တရာ၊ အခြားမဲ့၌။ ပေတာ၊ မိဘမှစ ရှိသမျှဉာတိ တဲ့မိစုဆောင်း ပြိတ္တာအပေါင်းတို့သည်။ ရထေန၊ ရတနာစီခြယ် ရှုကြည့်ဖွယ်ဖို့ သွယ်သွယ်ထူးပြား ယာဉ်ရထားဖြင့်။ အာဂမုံ၊ မထေရ်သခင် ကျေးဇူးရှင်ကိုဖူးမြော်ခိုလှုံလာကြကုန်၏။ ဘဒ္ဒန္တေ၊ ကျေးဇူးတော်ရှင်တေရ်သခင်။ တုဝံ၊ ကယ်တင်သနား အရှင်ဘုရားသည်။ အမှ၊ မကောင်းကံပစ် ပြိတ္တာဖြစ်၍ နစ်မြုပ်ရကုန်သော အကျွန်ုပ်တို့ကို။ ဘတ္တေန စ၊ သန့်ရှင်းစင်ဖြူ ဆွမ်းအလှူဖြင့်လည်းကောင်း။ ဆာဒနေန စ၊ ရှင်လန်းကြည်ဖြူ သင်္ကန်းအလှူဖြင့်လည်းကောင်း။ ဃရေန စ၊ ကိန်းအောင်းဖို့ဟူ ကျောင်းအလှူဖြင့်လည်းကောင်း။ ပါနီယဒါနေန စ၊ အေးဖို့ရည်ယူ ရေအလှူဖြင့်လည်းကောင်း။ ယာနဒါနေန စ၊ ဆူးခလုတ်ဘေး အေးဖို့ရည်ယူ ဖိနပ်အလှူဖြင့်လည်းကောင်း။ အနုကမ္ပိတမှ၊ ချီးမြှင့်ကယ်ထား ရင်ဝယ်သားသို့ သနားစောင်မတော်မူပါပေပြီ။ ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင့်ဘုရား။ လောကေ၊ လူ့ပြည်လူ့ရပ် လောကဓာတ်၌။ ကာရုဏိကံ၊ ကရုဏာပွား လူအများကို သနားတော်မူပေတတ်သော။ မုနိံ၊ သီလသမာ ကျင့်အာစာနှင့် ထိုကာမပြတ်ရဟန်းမြတ်ဖြစ်တော်မူပေသော။ တံဘဝံ၊ ကျေးဇူးတော်ရှင် အရှင်ဘုရားကို။ ဝန္ဒိတုံ၊ လက်အုပ်တင်ချီ အဉ္ဇလီဖြင့် ရှင်ကြည်မြတ်နိုး ရှိခိုးခြင်းငှါ။ အာဂတာ၊ ညီညာသိမ်းကျုံး တစ်မျိုးလုံးပင် စုရုံးဝိုင်းအုံ လာရောက်ကြပါကုန်၏။

အဲ-ဤလို မထေရ်၏ ဆွေမျိုးပြိတ္တာတို့မှာ မထေရ်မြတ်၏ ရည်မှန်းတဲ့ ဆွမ်းဒါနကြောင့်ကောင်းမြတ်သော နတ်သုဓါအာဟာရတို့ကိုစားရ သောက်သုံးဆောင်ရပါကြောင်း၊ မထေရ်၏သင်္ကန်းအလှူဒါနကြောင့် ကောင်းမြတ်သောနတ်ပုဆိုးတို့ကို အမျိုးမျိုး ဝတ်ဆင်ရပါကြောင်း၊ မထေရ်၏ကျောင်း

ဒါနကြောင့် အိပ်ရန်နေရန် ဘုံဗိမာန်တို့ကို မောက်လျှံစွာ သုံးဆောင်ရပါကြောင်း၊ မထေရ်၏ ရေအလှူဒါနကြောင့် နတ်ဖန်တဲ့ ရေတွင်း ရေကန်တို့ကို ပြည့်လျှံစွာ သုံးဆောင် ရပါကြောင်း၊ မထေရ်၏ ဖိနပ်လှူဒါနကြောင့် နတ်ရထား ယာဉ်ရတနာတို့ကို ကောင်းမွန်စွာ သုံးဆောင်ရပါကြောင်းများနှင့်ကျေးဇူးတော်ကို လျှောက်ထား၍ မထေရ်ကို ဖူးမြော်ကန်တော့ပြီး ပြန်သွားကြတယ်။

အဲ-ဤဝတ္ထုသာဓကကို ထောက်ဆမျှော်ရှုလျက် ယခုအခါ သူတော်စုတို့မှာလည်း တမလွန်ရွာပြောင်းသွားသောသူသည် မဖြူစိတ်မှောင့် ဂတိထောင့်၍ မပြောင့်အလား အကယ်၍ အပါယ်ဘုံသို့ ရောက်သွားရခဲ့သည်ရှိသော် မချိရိန္နမ်း မပင်ပန်းရအောင် သံဃာတော်ထေရ်ရဟန်းတို့အား ဆွမ်းဘောဇဉ် စသည်တို့ကို လှူဒါန်း၍ ရည်မှန်းကာ အမျှဝေကြရမယ်။

ဤသည်ကား သုတ္တာန်ဒေသနာတော်မြတ်ဖြစ်သည်။ ထိုမှတစ်ပါးလည်း လ·ပတ္တနာဆုကို ပြုလိုက်ကြကုန်။

**သာဏမထေရ်ဝတ္ထု ပြီး၏။**

---

(ပဥ္စမအကြိမ်)

# ၂-ရုက္ခစိုးတရား

ဣဓ တပ္ပတိ ပစ္စ တပ္ပတိ၊
ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
ပါပံ မေ ကတန္တိ တပ္ပတိ။
ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။ (ဓမ္မပဒ၊ ၄၊ ပ၊ ၉၇)

ပါပကာရီ၊ ကြောင်းကျိုးမရှု မကောင်းပြုသောသူသည်။ ဣဓ၊ ဤမသေမီ ကာလ၌ ပစ္စုပ္ပန် ခုဘဝ၌။ တပ္ပတိ၊ ဆူလှိုက်ညည်းတ ပူပန်ရ၏။ ပစ္စ၊ ဤဘဝလွန်ခန္ဓာဝန်ကို သွန်၍ပစ်ချ နောက်ဘဝ၌လည်း။ တပ္ပတိ၊ မူဟန်မလှ ပူပန်ရ၏။ ဥဘယတ္ထ၊ ခုရောနောက်ပါ ဖြစ်ရာဘဝ နှစ်ဌာန၌လည်း။ တပ္ပတိ၊ ဖန်ဖန်တွေးဆ ပူပန်ရ၏။ မေ မယာ၊ ငါသည်။ ပါပံ၊ သံသရာမြစ် နစ်ဖို့ ပေါင်းစု မကောင်းမှုကို။ ကတံ၊ သတိမေ့လျော့ပြုမိချေပြီ။ ဣတိ၊ ဤသို့။ ပြန်လှည့် ကြံတွေးမိ၍လည်း။ တပ္ပတိ၊ နောင်တမပြေ ပူရလေ၏။ ဒုဂ္ဂတိံ ဂတော၊ ပါပ ကံမြှောက် အခံထောက်၍ ဒုဂ္ဂတိဘဝသို့ ရောက်ရသည်ရှိသော်။ ဘိယျော အတိဝိယ၊ အလွန်အကြူး အထူးအားဖြင့်သာလျှင်။ တပ္ပတိ၊ အကုသိုလ်ကျိုး လွှမ်းခြုံမိုး၍ နွမ်းညှိုးရိခွေ ပူရလေ၏။

အဲ-ဤဓမ္မသန္နာတော်အလာ ဘုရားရှင်အလိုတော်မှာ ဘယ်လိုဆိုပါသလဲလို့ ဆိုတော့.. ဤလူ့ဘုံဌာနတွင် ကြုံကြတဲ့အခိုက် အကုသိုလ်ပါပကို စိတ်ရှိသမျှ အလိုလိုက်ပြီး ယောနိသော မသိမ်းပိုက်တဲ့ အားတိုက်မာန်ကြွ အကယ်၍ ပြုမိကြလို့ရှိလျှင် ဤဘဝ မသေခင်၌လည်း မကောင်းကျိုး မျက်မှောက်တွင် မြင်ရလို့မို့ ငြိုငြင်စွာဆင်းရဲပြီး တမလွန်နောက်အစဲမှာလဲ ပါယ်ငရဲ ဒုဂ္ဂတိတွင် ဘေးဒုက္ခဝဋ်ကြွေးတွေပိုးပိလို့ မချိအောင်လူးလဲရတဲ့ပြင် ဘဝဝဋ်မစဲ မပျောက်လို့မို့ ကျွတ်လွတ်ခန်း အဆုံးမရောက်နိုင်တဲ့ ဒုက္ခမီးတဟုန်းဟုန်းလောင်တောက်ပြီး သံသရာဝဋ်နှုတ်ခမ်းကို တတန်းတန်း ပြေးကာလျှောက်ရလို့မို့ ထွက်ပေါက်ကိုမှ မထင်မမြင် နောင်ပွင့်လတ္တံ့ ဘုရားရှင်တို့တွင် တစ်ပါးမှ မပါဝင်နိုင်တဲ့ အမျှင်မပြတ် သံသရာဝဋ်သစ်ငုတ်ကဲ့သို့ နစ်မြုပ်ကာ ကြာနေကြရလိမ့်မယ်တဲ့။

---

ဤရုက္ခစိုးတရားဟူသည်-ပေထ၊ ၄၊ ၄၀-၄၃-၌လာသော မဟာပေသကာရပေတိ ဝတ္ထုပြင်တည်း။

(ပဌမအကြိမ်)

သို့ အဟုသိုလ်ပါပုကို ခုဘဝပြုမိလို့မို့ မကောင်းသည့် အကျိုးသွားနှင့် ခမျက်ဒေါ်မှောက်ထင်အရှုံးပင် တုဘ်မေးဆောက်ပုတ် ရိုက်ခုတ်ထုနှက် တင်း ဗလက်ပင် တုတာက်ချည်နှောင် လက်ငင်းဆောင်၍ ထိတ်ထောင်သွင်းမြုပ် အကျဉ်းချုပ်ပြီး ပြုလုပ်သမျှပြစ်ဒဏ်တို့ကို ခုဘဝ မျက်မြင်ခံရလို့မို့ ယုံဖို့ရန် အခွင့်ရှိလှပေပြီ၊ ခုဘဝ ခန္ဓာကြွေလို့မို့ နောက်ဘဝ တမလွန်ပြည်တို့မှာလဲ အထွေထွေ အရှည်နှစ်ပြီး ခုလိုချည်းသာ ရေပြိတ္တာ ဖြစ်နေရဦးမယ်လို့ ဆိုကြတဲ့ စကားမှာ ဘဝဝေးခြား တစ်ပါးနယ် မျက်စိတွင် အမြင်ကွယ် သောကြောင့် ယုံနိုင်ဖွယ်မထင် မိစ္ဆာမျှင်ထွေး အမြင်သေးသူတို့မှာ အထွေ ထွေ အတွေးမဝင်ရအောင် အလေးပြုလောက်တဲ့ ဘုရားဟော သာဓက တင်ပြပါဦးလို့ ဆိုတော့....

ငါတို့ အတုလ သုံးလူ့ဘထိပ်တင်သည့် ဘုရင်ကောသလ ရာဇစံရှိတဲ့ သာဝတ္ထိပြည်မွန် ဇေတဝန်ဝိဟာရ၌ မျှတ မွေ့လျော်တော်မူသည်အခါ တစ်ကျိပ်နှစ်ယောက်သော တပည့်သားသံဃာတို့သည် သံသရာစက်ဝဋ်ဘေး မှလွတ်အေးဖို့ အကြံကောင်းနှင့် ဘုရားထံ ကမ္မဋ္ဌာန်းကိုတောင်းပြီး ကျောင်း တော်မှ ဖဲခွာ၍ သင့်လျော်ရာ မျှော်မှန်းလို့ တောတန်းတောင်ခြေ ဆိတ် ငြိမ်တဲ့ အရိပ်ရေနှင့် လူနေကိုရှာမှီးပြီး ခရီးဒေသစာရီ ကြွချီတော်မူကြ လေရာ တစ်ခုသော ယက်ကန်းသည်တို့၏ ရွာသို့ ရောက်ကြလေသဖြင့် တစ်ယောက်သောယက်ကန်းသည်ကြီးနှင့် အဆင်သင့်တွေ့ကြုံတာနှင့် ကြွသာ ပုံအကြောင်းအရာ ကိန်းအောင်းဖို့ကျောင်း ဖွေရှာသည်ကို ထိုဒါယကာ ချင့်တွေးမိ၍ နှိုင်းညှိကာ လူသင်းပင်းနှင့်တစ်ဝါတွင်း ဆွမ်းကွမ်းထောက်ပြီး ကျောင်းဆောက်ကာ ကိုးကွယ်ကြဘယ်။

ယက်ကန်းသည်ကြီး၏ ခင်ပွန်းမလဲ သဒ္ဓါတရားနှင့် နည်းပါးလှသဖြင့် လင်ခင်ပွန်း ပြုသမျှအလှူကို ငြူစူစိတ်နာ မစ္ဆေရအတွင်းခိုပြီး မကြည်ညို မသဒ္ဓါဘာနှင့် သံဃာတော် ဇေဝရ်ရဟန်းတို့တို့ သင်ယမုပေးလှူဒါန်းသည့် ဆေးကွမ်းနှင့် ဆွမ်းဘောဇဉ်တို့သည် နောင်တမလွန် ဘဝအဝင်မှာ မစင်နှင့် ဘင်စစ် သွေးပြည်ချည်းသာ အကုန်ဖြစ်၍ ယုတ်ညစ်စွာ စားသောက်ချါ စေ လှူဒါန်းသမျှ ယက်နုံးတွေမှာလဲ ရှိန်ဝေခဲ့ရဲ မီးလျှံတွေ အကုန်စွဲပြီး မစဲ မနား သံတွေခဲ သံတွေသားနှင့် သံပူပြားဖြစ်ပါစေဟု မစ္ဆေရစိတ်မပြတ် လင်ကိုသာ ကျိန်ဆဲပြီး အမြဲပင် ရေရွတ်ကာ နေတယ်။

(ပဌမအကြိမ်)

ယက်ကန်းသည် ဒါယကာလည်း စေတနာမည်းမပျက်ဘဲ ပြုခဲ့တဲ့ကုသိုလ်၏အကျိုးဆက်ကြောင့် ထို ဘဝ ခန္ဓာအပျက်မှာ ထက်မြက်သော ဘုန်းတန်ခိုး ဣဒ္ဓိပါဒ်အမျိုးမျိုးနှင့် တစ်ခုသော တောအုပ်ကိုလွှမ်းမိုးပြီး ရုက္ခစိုးနတ်ကြီး ဖြစ်နေရတယ်။ သဒ္ဓါကင်းပ မစ္ဆေရနှင့် ဖရုသများ ယက်ကန်းသည် ကြီး၏ ခင်ပွန်းမ မယားမှာတော့ များမကြာစုံတွေ၍ ထိုရုက္ခစိုးနတ်ကြီးနေတဲ့ မြိုင်ခြေတောအုပ်တွင် ညစ်ယုတ်တဲ့ မကောင်းမှုကံ ပစ်တာနှင့် ပြိတ္တာမကြီး ဖြစ်နေရလို့မို့ အောဟာစ်ညည်းတ ဆင်ဝတ်စရာ အဝတ်အစားကိုမျှ မဝတ်မဆင်ရ ငတ်မွတ်ဆာလောင်လှတဲ့ ဒုက္ခနှင့်ကြီးကျယ်သော ဆင်းရဲကို ခံနေရတယ်။

ရဟန်းတော် မထေရ်တစ်ပါးလဲ ဘုရားကို ဖူးမျှော်ခြင်းငှာ လှည်းသားအများနှင့် အတူလိုက်လာပြီး ထိုနတ်ကြီးနေသော တောအုပ်အနီးမှာပင် စုဝိုင်းကာ စခန်းချလို့ လှည်းသားတွေ နေခိုနကြတာနှင့် ဆိတ်ငြိမ်လှသော သစ်ပင်တစ်ခုသို့ကပ်ချဉ်းပြီး ဒုကုဋ်သင်္ကန်းကို ဖြန့်ခင်းလို့လျောင်းစင်းကာ အိပ်ပျော်ခိုက်တွင် လှည်းတိုက်ကြီးထွက်သွားကြသည်ကို မကြားမသိလိုက်ဘဲ မှောင်မိုက်မှ အိပ်ရာမှနိုးလို့မို့ တောရိုးကို တဖြည်းဖြည်းလျှောက်တာနှင့် ထိုရုက္ခစိုးနတ်ကြီးနေတဲ့ သစ်ပင်ရင်းသို့ ရောက်သွားတယ်၊ စောင့်ရှောက်တဲ့ရုက္ခစိုးနတ်မင်းလဲ တစ်ယောက်ချင်းဝင်လာသော ရဟန်း၏ ပင်ပန်းသော အခြင်းအရာကို မြင်တာနှင့် ကြည်လင်သနား ကရုဏာပွားလှ၍ ညွတ်တွားကြည်ဖြူ ခြေနယ်ဆီ ထောပတ်နှင့် သင့်မြတ်သော အဖျော်ကိုလှူပြီး အေးကြူသော သောက်ရေကို ဆက်ကပ်၍ ဝတ်နိဗဒ်ပြုကာနေတယ်။

ထိုအခိုက်ကာလတွင် နတ်ကြီး၏ ခင်ပွန်းဟောင်း ပြိတ္တာမလဲ ငတ်မွတ်ဆာလောင်ခြင်း နှိပ်စက်လှတာနှင့် နတ်ကြီး၏အထံသို့လာပြီး ညှိုးငယ်သောမျက်နှာဖြင့် ပူဆာလွှမ်းဖိ ကိုယ်မချိအောင် နွမ်းရိတုန်ခိုက် ပန်းမှောဟိုက်လှ၍ နူတ်အမြိုက်-နတ်ဘောဇဉ်စားသောက်ဖို့ ချိုအချဉ်နှင့်တကွ ဝတ်ဆင်စရာ အဝတ်အစားတို့ကို သနား ကယ်မတော်မူပါမည့် အကြောင်းနှင့် ရုက္ခစိုးနတ်ကြီးကို တောင်းတယ်၊ ခင်ပွန်းဟောင်း နတ်မင်းကလဲ ချစ်ခင်ရင်း မေတ္တာကြောင့် နတ်သြဇာအမျိုးမျိုးနှင့် နတ်ထမင်း နတ်ပုဆိုးတို့ကို တန်ခိုးဖြင့် ဆောင်ကျဉ်း၍ ပြိတ္တာမ၏လက်တွင်းသို့ ချက်ချင်းပင် ပေးအပ်လိုက်ပါသော်လဲ ရှေးပါပ အကြောင်းငင်တာနှင့် နတ်ဘောဇဉ်-နတ်

ထမင်းလဲ ဘင်တွင်းလို ပုပ်နံ့လှိုင်ပြီး ဘင်ဆိုင်လို ရစ်ခွေးလို့ ပိုးသေက် တွေ သိုညှိပြေးပြီး ပြည်သွေးချည်း ဖြစ်ကုန်တယ်၊ နတ်ပုဆိုး-နတ်တန်ဆာ တို့လဲ ကျိန်ဆဲခဲ့တဲ့ ရှေးကြမ္မာကြောင့် ရှိနဲ့ါရဲရဲ ပူမစဲဘဲ သံခတွခဲ သံခတွ ပြားချည်းသာ ဖြစ်ရလေသဖြင့် အော်ဟစ်ကာညည်းဟွားပြီး စွန့်ပစ်ဘာ ပြန်သွားရရှာတယ်။

အဲ–ထိုအခါ အနီးကွင်ရှိတဲ့ မထေရ်ရဟန်းလဲ ပင်ပန်းခသော ပြိတ္တာမ ဖြစ်ရပုံကို အလုံးစုံမြင်လိုက်ရဘာနှင့် သံဝေဂအဟုန် ဟဒယဘုန်လှုပ်ပြီး ရှေးဘဝ လူ့ဘုံက ဘယ်အမှု ဘယ်လိုပုံကြောင့် ပြိတ္တာဘုံမှာ ငုပ်လျှိုးပြီး ညှဲကဲ့သို့ မကောင်းကျိုးနှင့် ရုက္ခစိုး ဝဋ်မကင်းရပါသလဲလို့ ရှေးပြုတဲ့ အကြောင်းရင်းကို စစ်ဆေး၍ ရုက္ခစိုးနတ်မင်းကို မေးတယ်။ ထို့ကြောင့်-

ဂူထဉ္စ မုတ္တံ ရုဟိရဉ္စ ပုဗ္ဗံ၊
ပရိဘုဉ္ဇတိ ကိဿ အယံ ဝိပါကော။
အယံ နုကိံ ကမ္မမကာသိ နာရီ၊
ယာ သဗ္ဗဒါ လောဟိတ ပုဗ္ဗဘက္ခာ။
နဝါနိ ဝတ္ထာနိ သုဘာနိ စေဝ၊
မုဒူနိ သုဒ္ဓါနိ စ လောမသာနိ။
ဒိန္နာနိ မိဿာ ကိတကာ ဘဝန္တိ၊
အယံ နုကိံ ကမ္မ မကာသိ နာရီ။

လို့–ဟောတော်မူတယ်။

ဒေဝပုတ္တ၊ ဣဒ္ဓိပြည့်ဖြိုး ဂုဏ်မညှိုးတဲ့ ရုက္ခစိုးနတ်မင်း။ အယံနာရီ၊ ကြုံလို ပါးရိ အားမရှိပဲ မချိညည်းတ ညှိမိန်းမသည်။ ဂူထဉ္စ၊ ဘောဇဉ်မှဖြစ် ဘင် အညစ်ကိုလည်းကောင်း။ မုတ္တဉ္စ၊ သောက်ရေမှဖြစ် မုတ်ကျင်ညစ်ကို လည်းကောင်း။ ရုဟိရဉ္စ၊ ညှိနံ့ထွေးရစ် သွေးပုပ်ညစ်ကိုလည်းကောင်း။ ပုဗ္ဗဉ္စ၊ စက်ဆုပ်မသတီ အပုပ်ပြည်ကို လည်းကောင်း။ ပရိ ဘုဉ္ဇတိ၊ သုံးဆောင်ဖို့ရာ ဖြစ်ရောက်လာ၏။ အယံ၊ ညှိသို့ချွတ်ယွင်း ဖြစ်ခြောက် ခြင်းသည်။ ကိဿကမ္မဿ၊ ဘယ်လိုသူပြု ဘယ်အမှု၏။ ဝိပါကော၊ မကောင်းညှိုးကွက် အကျိုးဆက်လေနည်း။ သာနာရီ၊ မကောင်းကျိုးမိ ဆိုးဂတိနှင့် မချိမလှ ထိုမိန်းမသည်။ သဗ္ဗဒါ၊ ရှည်ကြာမတိုး မဆုံးမကွာ အလုံးစုံသောအချိန်အခါ၌။ လောဟိတ၊ ပုဗ္ဗဘက္ခာ၊ သွေးပြည် အပုပ် လွန် စက်ဆုပ်ဖွယ် ညှိုးယုတ်သော အစာအာဟာရရှိ၏။ အယံနာရီ၊ အာဟာရရှိသေး

(ပဥ္စမအကြိမ်)

နုပ် ဘေးမပြုတ်တဲ့ အယုတ်တွေရ ဤမိန်းမသည်။ ကိံကမ္မံ၊ ဘယ်လိုညစ်ကျူ ဘယ်အမှုကို။ အကာသိန္ဒု၊ သတိမပိုက် ဂတိလိုက်၍ မွေးမိုက်တွေဝေ ပြုမိခဲ့လေသနည်း။

နဝ ါနိုစ၊ အရောင်ထွန်းပ ရက်သစ်စလည်း ဖြစ်ကုန်သော။ သုဘာဝနိစေဝ၊ ရှုကြည့်စဖွယ် အလွန်လည်း တင့်တယ်ကုန်သော။ မုဒုနိစ၊ သိမ်မွေ့ပါးပွဲ အလွန်လည်း နူးညံ့ကုန်သော။ သုဒ္ဓါနိစ၊ ညစ်ကြေးမတွယ် အလွန်လည်း စင်ကြယ်ကုန်သော။ လောမသာနိစ၊ အသွေးမပျက် သိုးမွေးဖြင့်လည်း ရက်အပ် ကုန်သော။ ဝတ္ထာနိ၊ ဆင်ဝတ်တန်ဆာ ကောင်းနိုးရာတို့ကို။ ဒိန္နာနိ၊ ဒါယကာနတ်မင်း ပေးအပ်နှင်းကုန်သော်လည်း။ဣမိဿာ၊ မဆက်မဆံ လက်မခံတဲ့ ရှေးကံမလှ ဤမိန်းမအား။ ကိတကာ၊ လျှံဆူရဲရဲ ပူမစဲတဲ့ သံခဲသံသား သံပူပြားတို့သည်။ ဘာဝန္တိ၊ မကောင်းကံရှေ ခံအင္ဂေကြောင့် ရှေ့ကာတဲဖုံ ဖြစ်ရကုန်၏။ အယံနာရီ၊ မကောင်းကံဆိုး အခံညှိုး၍ အကျိုးမလှ ဤမိန်းမသည်။ ကိံကမ္မံ၊ ဘယ်သို့ညစ်ကျူ ဘယ်အမှုကို။ အကာသိန္ဒု၊ မရှုတွေဝေ ပြုမိလေသနည်း။

အဲ-ဤလို မထေရ်ရဟန်းက ပြိတ္တာမ၏ ရှေးဘဝပါပကံကို သိလိုရန် အရေးနှင့် ရက္ခစိုးနတ်မင်းကို မေးရာတွင် ရက္ခစိုးနတ်သားလဲ ဘုန်းတော်သခင် အရှင်ဘုရား ခုမြင်တဲ့ ပြိတ္တာမကား အခြား မဟုတ်ပါ၊ လူ့ဘုံဘဝ နေတုန်းကပင် တူကွခံချစ်ကျွမ်း မေတ္တာသွန်းကြတဲ့ ခင်ပွန်းမဖြစ်ခဲ့ပါသည်။ လှူဒါပုည အကျွန်ုပ်ပြုသမျှကို စိတ်ဆန္ဒအလိုမတူဘဲ ငြူစူစောင်းမဲ မငွေ့ရကျိုတ်အခဲနှင့် ဆွမ်းသင်္ကန်း အလှူဝတ်တို့ကို စွဲပြီး အကျွန်ုပ်ကို ကျိန်ဆဲရေရွတ်ခဲ့ဖူးပါသည်၊ဒါန၏ကျေးဇူးကိုလဲအထူးမသိ ကူးရမည့်နောင်ဂတိကိုလဲ စိတ်သတိမထား ကောင်းမှုမျိုးလက်ကိုင်ပါးခဲ့တာနှင့် ဂတိသွားလမ်း မဖြောင့်တဲ့ အထောင့်ထောင့်အမှားမှား အကုသိုလ်ကံဆွဲလို့မို့ ပြိတ္တာဘုံထဲ သို့သာ လဲသွားရပါကြောင်းများနှင့် ရက္ခစိုးနတ်သားက ရဟန်းကို လျှောက်ထားတယ်။

ထို့ကြောင့်— ဘရိယာ မမေသာ အဟု ဘဒ္ဒန္တေ၊
အဒါယိကာ မစ္ဆရိနီ ကဒရိယာ။
သာ မံ ဒဒန္တံ သမဏဗြာဟ္မဏာနံ၊
အက္ကောသတိ စ ပရိဘာသတိ စ။ လို့ဟောတော်မူတယ်။

ဘဒန္တေ၊ ဘုန်းတော်သခင်အရှင်ဘုရား။ သော၊ ပုံဟုန်မပီ ကြုံလိုလိုနှင့် ထိုဤညည်းတ ဤပြိတ္တာမသည်။ မမ၊ အကျွန်ုပ်၏။ ဘရိယာ၊ လူ့ပြည်လူ့ရွာ နေတုန်းခါ ငယ်- မက္ခာချစ်ကျွမ်း မေတ္တာစွမ်းတဲ့ ခင်ပွန်းမသည်။ အဟု၊ စင်စစ်မသွေ ဖြစ်ပါချေ၏။ အဒါယိကာ၊ ပါးရှားနွမ်းချို့ တစ်ပါးသူကို ပေးလှူခဲ့လည်း မရှိ။ မစ္ဆရိနီ၊ ဖုံးအုပ်ဝှက်သို အမျက်လို၍ ဝန်တိုပိတ်ပင်လေ့ ရှိ၏။ ကဒရိယာ၊ ချုပ်ချယ်ဟော့ရမ်း နှုတ်သရမ်း၍ ကြမ်းတမ်းသော အမူအရာလည်းရှိ၏။ သာ နာရီ၊ မစ္ဆေရစိတ် စီးယိုဖိတ်၍ ဆို့ပိတ်မရ ထိုမိန်းမသည်။ သမဏဗြာဟ္မဏာနံ၊ ရဟန်းပုဏ္ဏား သူမြတ်များတို့အား။ ဒဒန္တံ၊ ဆွမ်း,ဆေး,သင်္ကန်း ပေးလှူဒါန်းသော။ မံ၊ ကုသိုလ်ပြုလုပ် အကျွန်ုပ်ကို။ အက္ကောသတိ စ၊ ငယ်နာချိုးဖဲ့ အဆိုးခွဲ၍ ကျိုးမဲ့ပစေ ဆဲရေးလေ၏။ ပရိဘာသတိစ၊ မစင် ဘင်အိုး သွေးပြည်ဆိုးနှင့် နှုတ်ထိုးနှိုင်းဖွေ ကျိန်ဆဲလေ၏။

အဲ-ထိုနောက်မှ ရက္ခစိုးနတ်သားလဲ ပြိတ္တာမ၏ ရှေးပါပအမှု ပြုသမျှ အကြောင်းများကို ပြန်ပြောင်းကာလျှောက်ထားပြီးမှ အရှင်ဘုရား-ရှေးကုသိုလ်ခေါင်းပါး မကောင်းကံဝဋ်တရားကြောင့် ပါးရှားငတ်မွတ်အဝတ်မရ မကျွတ်နိုင် တအူအူနှင့် တကျူကျူညည်းညူတဲ့ပြိတ္တာမ၏ ဆင်းရဲဒုက္ခကို အေးမြဖို့ အရေး ပြုနိုင်ရန် ရှိပါသေး၏လောဟု တွေးတောသောစိတ်အကြံနှင့် မထေရ်ကိုလျှောက်မေးပြန်တယ်၊ အဲ-ထိုအခါ မထေရ်ရဟန်းမြတ်ကလဲ ဒါယကာ ရက္ခစိုးနတ်မင်း ပြိတ္တာမ၏ ကြုံရတဲ့ ခုဝဋ်ကြွင်းကို လွတ်ကင်းဖို့ အကြောင်းမှာတော့ ဘုရားအစ သာဝကမထေရ်ပေါင်းတို့အား ဆွမ်းဘောဇဉ် အလှူကောင်းနှင့် ခခညောင်းကာ ချဉ်းကပ်လို့ ပြိတ္တာမကို ရည်မှတ်ပြီး လှူအပ်သော ဒါနကို အမျှဝေက ထိုဒုက္ခဝဋ်ကြွေးပျောက်လို့ ချမ်းသာခြင်းသို့ ရောက်ရလိမ့်မယ်လို့ အဲ-ဤလို ကျွတ်နိုင်ဖွယ်အကြောင်းစကားကို မထေရ်က ပြောကြားလေလျှင်....

ရက္ခစိုးနတ်သားလဲ မထေရ်ဟောကြားသော တရားကိုကြားလျှင်ကြားခြင်း ဆွမ်းခဲဖွယ် သက်န်းလျာတို့ကို ပြည့်စုံစွာ ခင်းကျင်းပြီး မထေရ်ထံကပ်ချဉ်းလို့ လွန်မင်းစွာ ပင်ပန်းလှတဲ့ ပြိတ္တာမ၏ ဝဋ်ဒုက္ခသည် ခဏချင်းငြိမ်းပျောက်၍ အေးမြခြင်းသို့ ရောက်ပါစေဟု ဆုခွဲကာ ရည်မှန်းပြီး မထေရ်ကို လှူဒါန်း၍ ရှင်လန်းစွာ အမျှဝေတယ်၊ အဲ-ထိုအခါ ပြိတ္တာမလဲ

ခဏာမျက်မှောက် ချမ်းသာခြင်းသို့ရောက်ရ၍ ဝမ်းမြောက်ရွှင်ပ နတ်ပုဆိုး တန်ဆာဆင်ပြီး နတ်ဘောဇဥ် အာဟာရတို့နှင့်တကွ နတ်ကြီးကို ကိုယ်တိုင်ပြုပြီး ဖြစ်သမျှ အကြောင်းကို ပြန်ပြောလျက် ရွှင်မောသောမျက်နှာနှင့် မိမိနေရာသို့ ပြန်သွားရှာတယ်။

အဲ·ဤဒေသနာအရ ဘုရားဟော သာမကကို ထောက်ဆ မျှော်ရှု၍ မကောင်းမှုပါပ အကုသိုလ်ဟူသမျှတို့မှာ ခုဘဝနောင်တမလွန်၌ပင် ဒုက္ခဝန် အပူမအေးစေဘဲ မကောင်းကျိုးပေးနိုင်မြဲ ဓမ္မတာပေဟု ခွဲဝေနှစ်ခြိုက် စိတ်နှလုံးစွဲယူပိုက်ပြီး ကံအလိုက် ထုံးတံထွာ သင်္ခါရဓမ္မတာနှင့် တမလွန်ရွှာပြောင်းသွားသောသူကို ရည်မှန်းလို့ သံဃာတော် ထေရ်ရဟန်းတို့အား ဆွမ်းခဲဖွယ် ဘောဇဉ်စသည်တို့ကို လှူဒါန်း၍ ရွှင်လန်းစွာ အမျှဝေကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ပဋ္ဌာနာဆုကို ပြုလိုက်ကြကုန်။

ရက္ခစိုးတရား ပြီး၏။

(ပဋ္ဌမအကြိမ်)

# ၃-ပြည့်တန်ဆာမ တရား

သဗ္ဗေ သတ္တာ ကမ္မဿကာ၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။
ဟိန ပဏီတ ဘာဝါယ၊ န စိန္တာယ သမိဒ္ဓိနော။

သဗ္ဗေ၊ စကြဝဠာမြေပြင် ကောင်းကင်မကြွင်း ခပင်းဥဿုံအလုံးစုံကုန်သော။ သတ္တာ၊ သုံးဘုံတွင်း၌ မကင်းဘဝ သတ္တဝါဟူသမျှတို့သည်။ ကမ္မဿကာ၊ ရှေးခါခုပြု ကောင်းမှု မကောင်း အကြောင်းနှစ်ဖြာ ကံသာလျှင် လက်ကိုင်ဥစ္စာ ရှိကြကုန်၏။ ကမ္မံ၊ ကောင်း မကောင်းပြု ကံနှစ်ခုသည်။ ဟိနပဏီတ ဘာဝါယ၊ ယုတ်သူမြတ်သူ အမှတ်ယူ၍ အမူချွတ်ယွင်း ဖြစ်ကြခြင်းငှာ။ သတ္တေ၊ သတ္တဝါအများ သုံးဘုံသားတို့ကို။ ဝိဘဇ္ဇတိ၊ တစ်နည်းတစ်ခန်း မှတ်စွဲလမ်းအောင် တွဲမှန်းစိတ်ဝေ ခွဲခြမ်းပေ၏။ သတ္တာ၊သူငါကစ မြင်သမျှနှင့် သခၤါရသား သတ္တဝါအများတို့သည်။ စိန္တာယ၊ ဘယ်လိုညာဏ်လှိုင်း ဘယ်လိုပိုင်း၍ ဆိုနိုင်းညှိစံ လိုတိုင်းသော မိမိအကြံဖြင့်။ နသမိဒ္ဓိနော၊ စိတ်လိုကြိုးသလောက် ခရီးပေါက်အောင် မပြီးမရောက်နိုင်ကြကုန်။

ဤဒေသနာတော်အလာ ဘုရားရှင် အလိုတော်မှာ ဘယ်လို ဆိုလိုပါသလဲလို့ ဆိုတော့....သံသရာစက်ရဟတ် ပဋိစ္စသမုပ္ပါဒ်ကို မဖြတ်မတောက် မဖောက်မခွဲနိုင်သေး၍ ထိုဤပြေးလျှောက် သုံးဘုံအောက်မှာ တစ်စောက်စောက် တစ်မတ်မတ် ခန္ဓာကိုယ်လဲကာစပ်ပြီး မရပ်မနား မပြတ်အောင်လှည့်လည်ပြီး ကျင်လည်ကာ ပြေးသွားနေရတဲ့ သတ္တဝါအများ သုံးဘုံသားတို့မှာ ကံထားရာ ခရီးပေါက်လို့ ရောက်ချင်တိုင်း ရောက်နေကြရတာတွေတဲ့၊ သို့ကံက ဘယ်လို ဝေဖန်ချထားပါလေသလဲလို့ ဆိုတော့-ကုသိုလ်ကံရှိကြတဲ့သူများမှာတော့ ကုသိုလ်ကံက ဝေဖန်ချထားလို့မို့ လူ့ဘုံ၊နတ်ဘုံ၊ဗြဟ္မာ့ဘုံ ဆိုကြတဲ့ ကောင်းသမျှဘုံများသို့ အဆင်သင့် ခိုဝင်ဆိုက်ရောက်သွားကြရတယ်။ အကုသိုလ်ကံ ပြုမိတဲ့ သူများမှာတော့လဲ အကုသိုလ်ဆိုတဲ့ ကံက

---

ဤပြည့်တန်ဆာမတရားကား-ပေထ၊ ဌ ၄၃-၄၉-၌ လာသော ခလ္လာတိယပေတိ ဝတ္ထုပင်တည်း၊

သဗ္ဗေသတ္တာ ကမ္မဿကာ-စသော ဂါထာကား ဒုလ္လဘတရား၌ ပါပြီးသော ဂါထာပင်တည်း။

(ပဌမအကြိမ်)

လှိုမို့ ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကြားသို့ အဆင်သင့် ခိုဝင်စိုက်ရောက်သွားကြရတယ်။

ကုသိုလ်ကံ ဝေဖန်ချထားလို့ ကောင်းတဲ့ဘုံသို့ ဆိုက်ရောက်ခိုဝင်သွားရတဲ့ သူများပင် ဖြစ်ကတဲ့ ရှေးပရိုပနဘဝက ကုသိုလ်ကံ အခံများခဲ့ကြတဲ့ သူများမှာတော့ ကုသိုလ်ကံတွေက ဝိုင်းအုံလို့ မစကြလို့မို့ လူဖြစ်ရခြင်းပင် တူကြကတဲ့ သူတစ်ပါးတို့ထက် ထူးကဲပြီး အသက်ကလဲအလွန်ရှည်။ ရုပ်ဆင်းရည်ကလဲလှပ။ သုခ၊ဗလ၊ပညာနှင့်တကွ ဘုန်းတန်ခိုးကလဲကြီး၊ ဘောဂဓနေ စည်းစိမ်ဥစ္စာဆိုတာကလဲ လိုဘိုင်းပြီးလို့မို့ အမြင့်ကြီးမြင့် အဝင့်ကြီးဝင့် ရတာနှင့် တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ နေရထိုင်ရချမ်းသာနှင့်တွေ့ကြုံကြရတယ်။

ရှေးပရိုပရဘဝက အကုသိုလ်ကံများခဲ့ကြတဲ့သူများမှာတော့ အကုသိုလ်ကံဆိုတာတွေ ဝိုင်းအုံလို့ နှိပ်စက်ကြလို့မို့ လူဖြစ်ရင်ချင်းပင် တူကြကတဲ့ သူတစ်ပါးတို့ထက် ထူးကဲလို့ အသက်ကလဲတိုရ။ အနာရောဂါတွေကကျ၊ အဆင်းဆိုတာကလဲ မလှ-မပ၊ သုခကလဲ မှေးမှိန်၊ ကာယဗလဆိုတာကလဲ သေးသိမ်၊ ဉာဏ်ပညာကလဲ မြုပ်တိမ်၊ ဘုန်းတန်ခိုးအာနုဘော်ကလဲ ပါးပိန်၊ ဘောဂဓနစည်းစိမ်ကလဲ အရှိန်မကြီးလို့မို့ အမှိန်ကြီးမှိန်အပိန်ကြီးပိန်ရတာနှင့် ဂုဏ်သိန်မမြင့် မတင့်မတယ် မဖွယ်မရာ ချုချာညည်းညူ ပူရပင်ရ ကြောင့်ကြစိုးရိမ် ညှိုးမှိန်နွမ်းခွေ ဒုက္ခကြီးတွေနှင့်သာ တွေ့နေရတော့ တာပဲတဲ့။ အဲ-ဤလို လူနတ်တို့၏ စည်းစိမ်ဆိုတာ ကိုယ်ကြံတိုင်း ပြီးစီးနိုင်ကြတာ မဟုတ်ဘူးတဲ့။ ကုသိုလ်ကံ အခံထူးမှသာ ချမ်းသာထူးပေါ်ရောက်နိုင်တာတွေတဲ့။

အကုသိုလ်ကံက ဝေဖန်ချထားလို့ အပါယ်ဘုံသို့ ရောက်သွားရတဲ့သူများမှာပေမယ့် ဤနည်းအတူချည်းသာ ဖြစ်နေကြရတာတွေတဲ့။ ကုသိုလ်ကံ အခံပါးလို့ပြိတ္တာဘုံသို့ရောက်သွားကြရတဲ့သူများမှာတော့ မိမိပိုင်ပစ္စည်းကို မဆိုထားနှင့်ဦးတော့ တစ်ပါးသောသူတို့က ကရုဏာပွားလွန်းလှတာနှင့် သနားကယ်မချီးမြှောက်ထောက်ပင့်ကြလို့မို့ မိမိလက်ထဲသို့ကျလို့တောင်မှ မသုံးရ မစားရဘဲ အလိုလိုရှေးကံမှောက်တာနှင့် ကွယ်ပျောက်လို့တောင် သွားရသေးတယ်တဲ့။ ဘယ်ဝတ္ထုသာဓက, ဘယ်သူကို ထောက်ဆလို့ သိရမှတ်ရ ယုံကြည်ရပါမလဲဆိုတော့—

(ပဌမအကြိမ်)

ရှေးအတိတ်ကာလ ဗာရာဏသီမြို့မှ၌ တစ်ယောက်သောပြည့်တန်ဆာမ၏ လုပတင့်တယ် ရှည်သွယ်သောဆံပင်ကို တွေ့မြင်သမျှလူအပေါင်းတို့သည် ခို အောင်းစုပုံ၍ ဆံပင်၏ ကောင်းသော ဂုဏ်ကိုသာ ပြောပြောပြီး အံ့ဩချီး မွမ်းကြသည်ကိုကြား၍ တစ်ပါးသော မာတုကာမတို့သည် ထိုပြည့်တန်ဆာ မိန်းမ၌ ငြူစူသောစိတ်ရှိကြလှတာနှင့် ကျွန်မကို လက်ဆောင်ပါးပြီး ဆံပင် ကို ပျက်ပြားအောင်ပြုစေကြတယ်။ ထိုပြည့်တန်ဆာမ၏ လက်ပါးစေကျွန်မ လဲ လက်ဆောင်ကောင်းများစွာ ရလို့မို့ မိမိသခင်မကို လီဆယ်ပြီး ဆရာတို့ ဆံကျွတ်ဆေးနှင့် ဆီခမွှေးကို ရောကာနယ်၍ ဆံစွယ်ဆံရင်းကို လှည့်လည်ကာ ကုန်မကြွင်းစေဘဲ ခေါင်းဖြီးရင်း ပြုနေကျဝတ်ဖြင့် တစ်ခေါင်းလုံးနှံ့အောင် ပွတ်လေလျှင် ခြေယွင်းချွတ် တစ်အုပ်လုံး ဆံပင်တွေကျွတ်သဖြင့် အတောင် ကျွတ် ကြီးငှက်မကဲ့သို့ ရှက်ကြောက်ခြင်းပြင်းပြလို့မို့ မြို့တွင်းကိုမှမလာ မငင်ဘဲ မြို့ပြင်က ကျုံးထိပ်ဈေးမှာ ဆီထွေးနှင့် အရက်ကို ရောင်းပြီး မကောင်းမှုပါပကံဖြင့်သာ ရှာကြံကာ အသက်မွေးနေရတယ်။

တစ်နေ့သောအခါမှာလဲ သေသောက်ကြူးများစွာတို့သည် ယစ်ဝိစ္စာ သောက်စားပြီး အိမ်နားတွင် မသွားမပြန်နိုင်ဘဲ မူးယိုင်ငိုက်ဆိုက် မြေပေါ်မှာ တုံးလုံးလှဲပြီး လူးလဲကာ အိပ်ပျော်နေကြတဲ့အခိုက်တွင် ခါး၌ဝတ်ဆင်ခဲ့ သော ပုဆိုးအဝတ်များကိုလဲ ထိုမိန်းမ ခိုးယူထားလိုက်ဖူးတယ်။ ဆွမ်းခံဝတ် ပိဏ္ဍပါတ်နှင့်ရပ်လာသောရဟန္တာတစ်ပါးကိုလဲ ထက်ပွားလှသောစိတ်သဒ္ဓါ နှင့် စေတနာစောပြဋ်၍ နှမ်းဖတ်နှင့် ဆီထွေးကိုကပ်လှူပြီး အဆူဆူဖြစ်သမျှ ဘဝတို့၌ ရှည်သွယ်မည်းနက်သော ဆံရှိရပါလိုကြောင်းနှင့်လည်း ထိုမိန်းမ ဆုမြွက်၍တောင်းလိုက်ဖူးတယ်။ အဲ-စရိုက်ဘာဝကာလရှည်ညောင်းအောင် အကြောင်းကြောင်းအမှုမှု ကောင်းမကောင်း အစုစုတို့ကိုပြုခဲ့မိတဲ့ ပြည့်တန် ဆာမမှာ ဘဝပျက်ကြွေအသက်သေလို့မို့ လူ့ဘုံကစုတေရလေသော် ဗာရာ ဏသီပြည်၏ တစ်ဖက်အဆွယ်တစ်ခုသော သမုဒ္ဒရာကျွန်းငယ်မှာ တင့်တယ်စွာ ရွှေဗိမာန်ကြီးပေါက်လို့ တစ်ယောက်ထည်းထည်း မဆီးရ မဝတ်ရ အစာ ရေ ရှာမရဘဲ အာဟာရကင်းပြတ် မိမိဆံပင်ဖြင့်သာ မိမိကိုယ်ကို ပတ်ပြီး ဝတ်မွတ်ကာ တညည်းညည်းနှင့် ပြိတ္တာမကြီး ဖြစ်နေရရှာတယ်။

သာဝတ္ထိပြည်မှထွက်ပြီး လှေဘက်အများနှင့် သထုံမြို့ကို ကုန်ကူးသွား ကြတဲ့ လှေသားကုန်သည်ကြီး ခုနစ်ယောက်တို့လဲ ပေါက်ရာပေါက် စခန်း

(ပဥ္စမအကြိမ်)

အလိုက် အနောက်ယမ်း လေကြမ်းကြီး တိုက်တာနှင့် ထိုပြိတ္တာမနေတဲ့ ကျွန်းငယ်ကို ဆိုက်သွားကြလေက ပြည့်တန်ဆာပြိတ္တာမလဲ အာဟာရအဝတ် ဘောဇဥ်ကိုရရန်ဖို့အကြောင်းထင်သဖြင့် မြင်ကြစေစိတ်အကြံနှင့် အတွင်း က တန်ခိုးဖန်ပြီး ဗိမာန်ကိုပြဘယ်။ အဲ-ထိုအခါ ဗိမာန်နှင့်တကွ အတွင်းက ပုန်းကွယ်သော ပြိတ္တာမကို လှေသားကုန်သည်တို့ တွေ့မြင်ကြရ၍ဗိမာန်ပြင် ဘက်သို့ မထွက်မပြပါဘဲ အတွင်းကပုန်းကွယ်၍သာ နေပါသော ချစ်သမီး သူငယ်မခုမှာဘစ်ခေါက်ဆိုက်ရောက်ခိုနားငါတို့ခုနစ်ယောက်သောကုန်သည် များတို့မှာ သွားဖို့လမ်းခွင် မမြင်မသိရ လှိုင်းဟုန်ရေပန်း အတင်းလွှမ်းပြီး လေကြမ်းကြီးမိကြလို့မို့ ကပ်မိကပ်ရာ ချစ်သမီးနေရပ်သို့ ဆိုက်ကပ်ကာ ခို ရောက်လာကြပါတယ်။ လူလေးနတ်လောအဖတို့ခုတွေးတောကြသည်ကို သဘောဟုတ်မှန် ဗိမာန်ကပြင်သို့ထွက်ပြီး နှုတ်ဆက်ကာ ခွန်းတုံ့ပြန်ပါ။ ပုံဟန်မူလ ချစ်သမီးရုပ်ရူပကို အဖေတို့ မြင်ချင်လှပါတယ်လို့ အဲ-ဤလို ပြိတ္တာမကို စကားကမ်းပြီး ကုန်သည်ကြီးက မေးမြန်းတယ်။ ထို့ကြောင့်-

ကာနု အန္တောဝိမာနသ္မိံ၊ တိဋ္ဌန္တိ နူပနိက္ခမိ။
ဥပနိက္ခမဿု ဘဒ္ဒေ၊ ပဿာမ တံ ဗဟိဋ္ဌိတံ။

လို့-ဟောတော်မူတယ်။

အန္တောဝိမာနသ္မိံ၊စိန်ဖန်ဝိုးဝင်း ဗိမာန်ကြီးအတွင်း၌။ တိဋ္ဌန္တိ၊ချိုပြုံး ရွှင်ပြယ် ဆင်းနုနယ်နှင့် တင့်တယ်စွာနေသောချစ်သမီး။တွံ၊ဗိမာန်ဘုံရောင် အဟုန်လောင်မျှအရောင်ညီးညီး သင်ချစ်သမီးသည်။ကာနု၊နတ်နှင့်လူဇာတ် နွယ်နှစ်ရပ်တွင် ဘယ်ဇာတ်ကဆင်းဘယ်နွယ်ရင်းပေနည်း။နူပနိက္ခမိ၊ ညှော် အံရောက်လျက် ပြင်ဘက်သို့လည်းမထွက်။ ဘဒ္ဒေ၊ ရှုဖွယ်ညီးညီးချစ်သမီး။ ဥပနိက္ခမဿု၊ ထွက်ခဲ့ပါအသာ လာလှည့်ပါလော့။ ဗဟိ၊ဗိမာန်ဆောင်နန်း ပြင်ဘက်ခန်း၌။ ဌိတံ၊ရပ်လာနီးနီးချစ်သမီးကို။မယံ၊ငါတို့သည်။ပဿာမ၊ စေ့စေ့ငုံ့ကြည့်ကာရှု၍ စက္ခုထင်စွာ မြင်ချင်ကြပါ၏။

အဲ-ဤလိုကုန်သည်ကြီးကစကားထောက်လှမ်း၍ဇာတ်နွယ်ကိုမေးမြန်း လိုက်လေလျှင် ပြိတ္တာမဗိမာန်ရှင်က ဝတ်ဆင်စရာ တန်ဆာမရှိ၍ ကေတိ ကိုယ်တစ်ခြမ်းကို ဆံပင်ဖြင့်ဖုံးလွှမ်းပြီး ဗိမာန်နန်းအတွင်းဆောင်က ပြင် ဆောင်ညှော်ခန်းသို့မှလှမ်းမထွက်ဝံ့ရှက်ရွံ့ငြီးငွေ့လူသူနှင့် မမြင်မတွေ့လိုပါ

(ပဥ္စမအကြိမ်)

ကြောင်း ဒါနပေါင်းအနည်းငယ်ကြောင့် ဗိမာန်ကြီးဝင်းဝင်းထည်သော်လဲ ပျော်ဖွယ်ရာမရ အခြံအရံနည်း ဖော်မမှီးဘဲ တစ်ယောက်တည်းနေထိုင်ရတဲ့ပြင် အစာမရ ဆာလောင်လှတဲ့ ပြိတ္တာမ၊ ဖြစ်ရပါကြောင်းများနှင့် ကုန်သည်ကြီးကို ပြောကြားတယ်။ ထို့ကြောင့်—

အဋ္ဋိယာမိ ဟရာယာမိ၊ နဂ္ဂါ နိက္ခမိတုံ ဗဟိ။
ကေသေဟမှိ ပဋိစ္ဆန္နာ၊ ပုညံ မေ အပ္ပကံ ကတံ။

လို့·ဟောတော်မူတယ်။

ဘောန္တေ၊ ကြုံလာခရီး ဘုံအနီးမှာ ခိုမှီးပျော်အောင်း အိုကုန်သည် အပေါင်းတို့။ အဟံ၊ အကုသိုလ်ကံ အပြစ်ဒဏ်ကြောင့် ပုံဟန်မလှအကျွန်ုပ် ပြိတ္တာမသည်။ နဂ္ဂါ၊ ရှေးကယွင်းချွတ် ကံကြွင်းဝဋ်ကြောင့် အဝတ်မရ အချည်းစည်းသာ နေရသည်ဖြစ်၍။ ဗဟိ၊ ဗိမာန်ဆောင်နန်း ပြင်ဘက်ခန်းသို့။ နိက္ခမိတုံ၊ ထွက်ကာခဏ မျက်နှာကိုပြခြင်းငှာ။ အဋ္ဋိယာမိ၊မချိမသာ ပျင်းရိပါ၏။ ဟရာယာမိ၊ စိတ်စက်မသာ ရှက်ရွံ့ပါ၏။ ကေသေဟိ၊ရှေးဆိုတောင်းကံ ရှည်သွယ်သောဆံတို့ဖြင့်။ပဋိစ္ဆန္နာ၊ကိုယ်မှာသိမ်းရုံးပတ်ရစ်ကာ ဖုံးရသည်။ အမှိ၊ အနှစ်တာရှည်ဖြစ်ရချေ၏။ မေ မယာ၊ ပြိတ္တာဘဝနှစ်ခါ ကျ၍ ဖြစ်ရတိမ်မြုပ် အကျွန်ုပ်သည်။ ကတံ၊ လူ့ရွာမှာဖြစ် လူစင်စစ်က အားသစ်စိတ်ရှိ ပြုခဲ့မိသော။ ပုညံ၊ ဆံရှည်ဖို့မှန်း စိတ်မှာတန်း၍ ရှင်လန်းကြည်ဖြူနှမ်းဖတ်အလှူသည်။အပ္ပကံ၊တူဖွယ်လမ်းရှိ ရှုမှန်းကြည့်ကနှမ်းစေ့သဖွယ် လွန်နည်းငယ်၏။

အဲ·ဤလို ပြိတ္တာမက ဆင်ဝတ်စရာ အဝတ်မရ၍ ပြင်ဘက်သို့ မထွက်မပြဝံ့ ပါကြောင်း များနှင့် ကုန်သည်ကြီးကို ပြောကြား လေ လျှင် ကုန်သည်ယောကျ်ားလဲ သနားလှသော ကရုဏာစိတ်နှင့်မိမိခြုံထားသော စုလျားတဲဘက်ပဝါကိုပေးပြီး ရင်သွေးသမီးငယ် နုနယ်သော ဤတဘက်ကို ဝတ်ဆင်၍ ထွက်ခဲ့ပါ။ ကွက်ဝှက်၍မနေပါဘဲ ချိုသာတဲ့မျက်နှာပြင်ကိုရှုမြင်ချင်လိုပါကြောင်း များနှင့် ကုန်သည်ကြီးက ပြောကြား ပြန်တယ်။ ထို့ကြောင့်....

ဟန္ဒုတ္တရီယံ ဒဒါမိ တေ၊ ဣဒံ ဒုဿံ နိဝါသယ။
ဣဒံ ဒုဿံ နိဝါသေတွာ၊ ဗဟိ နိက္ခမ သောဘနေ။

လို့·ဟောတော်မူတယ်။

(ပဋ္ဌမအကြိမ်)

ဥတ္တရိယံ၊ ငါ၏ကိုယ်ထက် ခြုံတဘက်ကို။ ဒေ ဒေဝ၊ အဝတ်ချည်းစည်း သင်ချစ်သမီးအား။ ဒုဒ္ဒါမိ၊ သည်းချာရင်သွေး ပမာတွေး၍ မြတ်လေးကြည်သာ ငါပေးပါ၏။ ဟန္ဒ ဂဏှ၊ အဖေရင်းနှုန်း သွင်းနှလုံးဖြင့် ရွှင်ပြုံးကြည်သာ ယူလှည့်ပါလော။ ဣဒံဒုဿံ၊ ချောမွေ့နုညက် ဤတဘက်ငယ်ကို။ နိဝါသယ၊ မချွတ်အစဉ် ရုံဝတ်ဆင်လော။ ဣဒံဒုဿံ၊ ငါ၏ခြုံထည် ဤတဘက်ငယ်ကို။နိဝါသေတွာ၊ အစဉ်မချွတ်ဆင်ကာဝတ်၍။သောဘနေ၊ ရှုကြည့်စံဖွယ် သင့်အရွယ်နှင့် တင့်တယ်လှသော ချစ်သမီး။ ဧဟိ၊ အနီးရှိရာ လာလှည့်ပါလော။ နိက္ခမ၊ ဖွင့်လျက်အသာ ထွက်ခဲ့ပါလော။

အဲ-ဤလို ကုန်သည်ယောကျ်ားကြီးက သနားကြင်နာသည့် အတွက်ကြောင့် မိမိ၏တဘက်ကို ဝတ်ဆင်ပြီး ပြင်ဘက်သို့ထွက်ခဲ့ပါဟု အဝေးကခေါ်ပြန်လျှင် ဗိမာန်ရှင်ပြိတ္တာမလဲ ရှေးဉာဏ်ကုသိုလ်မရှိ၍ သနားသည့်ကရုဏာနှင့်ပေးကမ်းသမျှ အဝတ်အစားတို့သည် လက်ရှိရာ မလာမရောက်နိုင်ဘဲ အကုသိုလ်ကံအခံမှောက်လှလို့မို့ အလိုလိုပင် ကွယ်ကင်းကာပျောက်ရပါလိမ့်မယ်၊ သီလဂုဏ် မညှိုးငယ်ဘဲ ရတနာသုံးပါးကို ကိုးကွယ်တဲ့ ကုန်သည် သီတင်းသည်တစ်ယောက်အား ချီးမြှောက်ပေးကမ်းပြီး ရည်မှန်းကာ အမျှဝေမှသာ စိတ်အနေပြီးမြောက်၍ ချမ်းသာခြင်းသို့ ရောက်ရပါလိမ့်မယ်လို့ အဲ-ဤလိုအကြောင်းများနှင့် ကုန်သည်ကြီးကို ပြောကြားတယ်။ ထို့ကြောင့်-

ဟတ္ထေန ဟတ္ထေ တေ ဒိန္နံ၊ န မယှံ ဥပကပ္ပတိ။
ဧသေတ္ထုပါသကော သဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။
ဧတံ အစ္ဆာဒယိတွာန၊ မမ ဒက္ခိဏံ မာဒိသ။
တထာဟံ သုခိတာ ဟေဿံ၊ သဗ္ဗကာမသမိဒ္ဓိနီ။

လို့-ဟောတော်မူတယ်။

ဟတ္ထေန၊ကရုဏာများ မေတ္တာပွား၍ သနားပါလျက် သူတစ်ပါးတို့၏ လက်ဖြင့်။ ဟတ္ထေ၊ မကောင်းပြုခြင်း ကောင်းမှုကင်း၍ ကံကြွင်းနှိပ်စက် ပြိတ္တာလက်၌။ တေ တေဝ၊ ကရုဏာထန်သည်း သင်ကုန်သည်ကြီး၏။ ဒိန္နံ၊ အဝေးကလှမ်း တွေးဆံမှန်း၍ ပေးကမ်းအပ်သောအဝတ်အစားသည်။မယှံ၊ မကောင်းကံပစ် အခံညစ်၍ပြိတ္တာဘုံ၌ဖြစ်ရသော အကျွန်ုပ်အား၊ နဥပကပ္ပတိ၊ ပါပကံမှောက် အခံထောက်၍ မရောက်မလာ ကွယ်ပျောက်ပါ၏။

သဒ္ဒေါ၊ရတနာသုံးပါး မယုံမှားဘဲ ဂုဏ်သွားရည်မှတ် မှီဆည်းကပ်သော။ သမ္မာ သမ္ဗုဒ္ဓ သာဝကော၊ လူ့ဘထွတ်ထား မြတ်ဘုရား၏ တရားရင်နှစ် တပည့်သားဖြစ်သော။ သော ဥပါသကော၊ ခုနစ်ယောက်တွင်း ဖောက် ခါထွင်း၍ သီးတင်းစွဲတည် ဤကုန်သည်သည်။ အတ္ထိ၊ အထင်အရှား အမြင်အားဖြင့် ထူးခြားလျက်ပေ ရှိပါချေ၏။

တော၊ ထိုသီလမြဲတည် သီတင်းသည်ကို။ အစ္ဆာဒယိတွာန၊ သဒ္ဓါရှင် လန်း ပေးလှူဒါန်း၍။ ဒက္ခိဏံ၊ ဘောဇဉ်အစာ ဆင်တန်ဆာနှင့် ပြင်ကာ ပေးကပ်အလှူမြတ်ကို။မမ၊ပြိတ္တာဘဝမလွတ်ရဘဲ ဝဋ်မှမပြုတ် အကျွန်ုပ်အား အာဒိသ-ရစေမိန့်ခွန်း ရည်ကာညွှန်း၍ ပက်သွန်းဖြန့်ခြွေ အမျှဝေပါလော။ တထာ၊ထိုသို့ဆိုပြီးနည်းနာမှီး၍ မြောက်ချီးသမှု အရှင်တို့ပြုကြပါကုန်သည် ရှိသော်၊အဟံ၊အကုသိုလ်ဘေး မလွတ်သေး၍ မအေးမပြုတ်အကျွန်ုပ်သည်။ သုခိတာ၊ မကြာခဏ ချမ်းသာကိုရသည်၊သဗ္ဗကာမသမိဒ္ဓိနီ၊ ဘောဇဉ်အစာ ဆင်တန်ဆာနှင့် လိုရာအစုံ ပြီးလောက်လုံသည်။ ဟေဿံ၊ ကြမ္မာလက်နိုး ကံစက်မီးကို ဖျက်ဆီးဖို့ပေ၊ ဖြစ်တော့ချေအံ့။

အဲ-ထိုအခါ ကုန်သည်အများလဲ ပြိတ္တာမ၏စကားကို ကြား၍ သနား လှတဲ့ ကရုဏာဖြင့် သီတင်းသည်ဥပါသကာကို ကောင်းမွန်စွာရေမိုးချိုးပြီး နံ့သာအမွှေးမျိုး လိမ်းကျံကာ သန့်ပြန့်သော နေရာတွင် စားသောက်ရန် ဘောဇဉ်နှင့်တကွ အဝတ်တန်ဆာတို့ကို လှူကပ်လျက် ပြိတ္တာမကိုရည်မှတ်၍ ပြုအပ်သော မိမိတို့၏ဒါနကိုဝမ်းမြောက်စွာအမျှဝေကြတယ်။ ထို့ကြောင့်-

တဉ္စ တေ နှာပယိတွာန၊ ဝိလိမ္ပေတွာန ဝါဏိဇာ။
ဝတ္ထေဟစ္ဆာဒယိတွာန၊ တဿာ ဒက္ခိဏမာဒိသုံ။

လို့ ဟောတော်မူတယ်။

တေဝါဏိဇာ၊ ထိုများစွာစုဆောင်း ကုန်သည်အပေါင်းတို့သည်။ တဉ္စ၊ ထို သီလအာစာ မြဲမကွာဘဲ ရတနာဆည်းကပ်၊ ကုန်သည် မြတ်ကိုလည်း။ နှာပယိတွာန၊ ဝိုင်းကာစုအုံ ရေချိုးကုန်၍။ ဝိလိမ္ပေတွာန၊ အကျော် စမ္မာ ပန်းနံ့သာနှင့်ကြိုင်စွာမွှေးထုံ လိမ်းကြကုန်၍။ဝတ္ထေဟိ၊ဆင်းဝတ်ဖြူစင်ဆွမ်း ဘောဇဉ်တို့ဖြင့်။ အစ္ဆာဒယိတွာန၊ ဝတ်ဆင်ဝိုင်းအုံ ကျွေးမွေးကုန်လျက်။ ဒက္ခိဏံ၊ ပြုကြရည်မှတ် အလှူမြတ်ကို။ တဿာ၊ ထိုပါပကံဝဋ် အခံချွတ်၍

ငတ်မွတ်ပါရ ပြိတ္တာမအား။ တံ ဒက္ခိဏံ၊ ထိုအလှူကို။ အာဒိသုံ၊ ရည်မှန်းဖြန့် ဝေ၍ အမျှဝေကြလေကုန်၏။

အဲ ဤလို ကုန်သည်အပေါင်းတို့က သနားလှတဲ့ အကြောင်းနှင့် စုဆောင်းကာ အမျှဝေကြသည်ကို ကြည်ညိုမြတ်နိုး သာဓုနုမောဒနာပြုရတဲ့ အကျိုးကြောင့် နတ်ပုဆိုး နတ်ဘောဇဉ် အေးမြတဲ့ သောက်ရေစင်တို့ကို မျက်မြင်ဒိဋ္ဌ ငတ်မွတ်တဲ့ ပြိတ္တာမမှာ ချက်ခြင်းပင် လက်ငင်းရလို့မို့ ချမ်းသာစွာ သုံးဆောင်ရတယ်။ ထို့ကြောင့်—

သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝိပါကော ဥဒပဇ္ဇထ။
ဘောဇနစ္ဆာဒန ပါနီယံ၊ ဒက္ခိဏာယ ဣဒံ ဖလံ။

လို့-ဟောတော်မူတယ်။

အနုဒ္ဒိဋ္ဌေ အနုဒ္ဒိဋ္ဌသ်၊ ကုန်သည်အပေါင်း စုဆောင်းဖြန့်ဝေ အမျှဝေ သည်၏။ သမနန္တရာ၊ အခြားမဲ့၌။ ဘောဇနစ္ဆာဒနပါနီယံ၊ ဘောဇဉ် အစာ ဆင်တန်းဆာနှင့် အေးစွာကြည်လင် သောက်ရေစင်ကို။ ဥဒပဇ္ဇထ၊ မျှတစိတ်ပြေ သုံးရလေ၏။ ဣဒံဖလံ၊ တစ်ခဏတွင်း ခုချက်ချင်းပင် လက်ငင်းပြည့်ဖြိုး ဤအကျိုးသည်။ ဒက္ခိဏာယ၊ ကုန်သည်အပေါင်း ဆုံစုဆောင်း၍ ရကြောင်းရည်မှတ် အလှူမြတ်၏။ ဝိပါကော၊ ဒိဋ္ဌဓမ္မ အတိုးကြွ သည့် ဒါနပျိုးပင် အကျိုးဆက်ပေတည်း။

အဲ-ထိုအခါ ပြိတ္တာမလဲ ကုန်သည်တို့၏ ဒါနကြောင့် ကောင်းမြတ်သော နတ်ပုဆိုး နတ်ဘောဇဉ် အာဟာရတို့ကို ချမ်းသာစွာသုံးဆောင်ရလို့ မို့ ရှင်ပျသော မျက်နှာဖြင့် ကုန်သည်ကြီးတို့ကို နှုတ်ခွန်းဆက်ခြင်းငှါ ဗိမာန်တွင်းမှ ထွက်လာတယ်။ ထို့ကြောင့်—

တတော သုဒ္ဓါ သုစိဝသနာ၊ ကာသိကုတ္တမဓာရိနီ။
ဟသန္တီ ဝိမာနာ နိက္ခမိ၊ ဒက္ခိဏာယ ဣဒံဖလံ။

လို့-ဟောတော်မူတယ်။

တတော၊ ထိုဒါနမျိုးမှန် အကျိုးကံကို ဖြိုးလျှံပြည့်ဝ သုံးဆောင်ရပြီး သည့်နောက်မှ၊ သုဒ္ဓါ၊ ပုပ်ပကံညစ် ရန်အစစ်ကို လှံပစ်နင်းချ သန့်ရှင်းလှ သည်ဖြစ်၍။ သုစိဝသနာ၊ စင်ကြယ်ကောင်းကျိုး နတ်ပုဆိုးကို မြတ်နိုး

ရှင်ပ ဝတ်ဆင်ရသည်ဖြစ်၍။ ကာသိကုတ္တမဓာရိနီ၊ ကာသိတိုင်းဖြစ် ပုဆိုးသစ်ကို လွှမ်းရစ်တင်သ သိုင်းခြုံရသည်ဖြစ်၍။ ဣဒ်ဖလ်၊ မညှိနှိုင်းဆ လိုတိုင်းရ၍ ပြည့်ဝမောက်ဖြိုး ဤအကျိုးသည်။ ဒက္ခိဏာယ၊ ကျေးဇူးရှင်ပေါင်း စုကာဆောင်း၍ ကောင်းဖို့ရည်မှတ် အလှူမြတ်၏။ ဖလံ၊ ဒိဋ္ဌထင်ထင် စိတ်ကရှင်၍ မြင်ရသောအကျိုးပါပေတည်း။ ဣတိ၊ ဤသို့နှုတ်ခွန်းဖော်ကာညွှန်း၍။ ဟာသန္တိ၊ ကြည်လင်မနော ရယ်ရှင်မောလျက်။ ဝိမာနာ၊ စိန်ဖလ်ပြောင်ဝင်း ဗိမာန်တွင်းမှ။ နိက္ခမိ၊ ပြုံးလျက်ထွက်ကာ နှုတ်ဆက်လာ၏။

အဲ-ဤဝတ္ထုသာဓကကို ထောက်ဆစဉ်းစား၍ ပြိတ္တာဘုံသို့ ရောက်သွားရတဲ့ သူများမှာ အကုသိုလ်ကံ အခံမှောက်တာနှင့် သူတစ်ပါးတို့က သနားကြင်နာလှလို့ပင် ချီးမြှောက်ကြပါသော်လဲ မိမိတို့လက်သို့ ကောင်းမွန်စွာ မရရောက်နိုင်ဘဲ ပပျောက်ကွယ်ကင်း ချွတ်ယွင်းဖောက်ပြန်လို့တောင် သွားရသေးတယ်လို့ ဆိုခဲ့သောစကားကို ယုံကြည်စွာ မှတ်သားပြီး တမလွန် ဘဝတစ်ပါးသို့ ပြောင်းသွားရသောသူသည် အယူမှောက်မှားပြီး အကယ်၍ ပြိတ္တာဘုံသို့ ရောက်သွားခဲ့ရသည်ရှိသော် အစားအဝတ် ဝတ်မွတ်ညှိုးနွမ်း မပင်ပန်းရအောင် သင်္ဃာတော် ထေရ်ရဟန်းတို့အား ဆွမ်းဘောဇဉ် အဝတ်သင်္ကန်းတို့ကို သေသောသူကို ရည်မှန်းပြီး လှူဒါန်းကာ အမျှဝေကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

**ပြည့်တန်ဆာမ တရား ပြီး၏။**

---

# ၄-ဥတ္တရစစ်သူကြီး တရား

ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။

(သံယုတ္တပါဠိ၊ ပ၊ ၂၂၉)

ယာဒိသံ၊ ခါး ချို ဖန် ချဉ် ရသာထင်၍ အကြင်အကြင်သို့ သဘောရှိသော။ ဗီဇံ၊ သရက်တမာ မာလကာနှင့် သင့်ရာရနိုး ရင့်မာသော အစေ့မျိုးကို။ ဝပ္ပတေ၊ အားကြိုးရှာဖွေ စိုက်ပျိုးလေ၏။ တာဒိသံ၊ ခါးဖန်ချိုချဉ် ရသာထင်၍ ထိုလျှင်သဘော မတိမ်ကောသော။ ဖလံ၊ ပျိုးထားမျိုးလို ပွားမပိုဘဲ စားလိုအနည်းနည်း ခါးချိုသော အပွင့်အသီးကို။ ဟရတေ ယာထာ၊ မမွှာတာလမ်းနည်းဆောင်ခါသီးသကဲ့သို့။ ဧဝံတထာ၊ ဤနည်းထားယူ အလားတူသာလျှင်။ ကလျာဏကာရီ၊ မစောင်းမကွေ့ ကောင်းသရွေ့ကို မမေ့စင်ဖြူ ပြုကျင့်လေ့ ရှိသောသူသည်။ ကလျာဏံ၊ လူနတ် စည်းစိမ် တရှိန်ရှိန်နှင့် မမှိန်မညှိုး ကောင်းမြတ်သော ကုသိုလ်ကျိုးကို။ လဘတိ၊ ဘဝသုံးဆိုင် စဆုံးတိုင်အောင် မယိုင်မသွေ ရနိုင်ချေ၏။ ပါပကာရီစ၊ မကောင်းဟူသရွေ့ စောင်းအကွေ့ကို ပေါင်း၍အားယူ ပြုကျင့်လေ့ရှိသောသူသည်လည်း။ ပါပကံ၊ ဆင်းရဲများစွာ အပါယ်ရွာ၌ မြုပ်ကာငုပ်လျှိုး ယုတ်မာသော အကုသိုလ်ကျိုးကို။ လဘတိ၊ ရှောင်ဖွယ်မရှိ တောင်နှယ်ဖိ၍ မချိဆူဝေ ရရောက်လေ၏။

ဤဒေသနာတော်အလာ ဘုရားရှင်အလိုတော်မှာ ဘယ်လိုဆိုလိုပါသလဲ လို့ဆိုတော့....ဤလူ့ရွာ လောကမှာ ခါးလှ, အန်လှ, ဆိုးဝါးလှအောင် မကောင်းသောအရသာရှိလှတဲ့ ခွေးတောက်,တမာ,ကန့်ကလာ,ကြက်ဟင်းခါးစေ့များကိုယူပြီး စိုက်ကြပျိုးကြ ကြဲမြုပ်ကြလို့ရှိလျှင် ခါးလှအန်လှ ဆိုးဝါးလှအောင် မကောင်းသောအရသာရှိလှတဲ့ ခွေးတောက် တမာ ကန့်ကလာ ကြက်ဟင်းခါးပင်တွေသာ ပေါက်ပြီး ခါးလှ အန်လှ ဆိုးဝါးလှအောင် မကောင်းသောအရသာရှိလှတဲ့ ခွေးတောက် တမာ ကန့်ကလာ

---

ဤဥတ္တရစစ်သူကြီးတရားကား-ပေတ၊ ဋ္ဌ၊ ၁၃၁–၁၃၅ ၌လာသော ဥတ္တရမာတုပေတဝတ္ထုပြင်တည်း။

(ပဌမအကြိမ်)

ကြက်ဟင်းခါးသီးတွေသာ သီးလာတာပဲတဲ့၊ ခါ့ျိုလှမြလှ မွှေးကြိုင်လှအောင် ကောင်းမွန်သော အရသာရှိလှတဲ့ သရက် ပိန္နဲ နန္ဒါ ထောက်ရှာ မာလကာ စေ့များကိုယူပြီး စိုက်ကြပျိုးကြ ကြဲမြုပ်ကြလို့ရှိလျှင်လဲပဲ ချိုလှမြလှ မွှေး ကြိုင်လှအောင် ကောင်းမွန်သောအရသာရှိလှတဲ့ သရက်ပိန္နဲ နန္ဒါထောက်ရှာ မာလကာပင်တွေသာပေါက်ပြီး ချိုလှမြလှ မွှေးကြိုင်လှအောင် ကောင်းမွန် သော အရသာရှိလှတဲ့ သရက် ပိန္နဲ နန္ဒါထောက်ရှာ မာလကာသီးတွေသာ သီးလာတာပဲတဲ့။

အဲ-ထိုပမာလိုပဲ ယုတ်လှညစ်လှဆိုးရွားလှတဲ့ မကောင်းမှုဒုစရိုက်တရား တွေကို ကျင့်လိုက်မိကြံလိုက်မိ ပြုလုပ်လိုက်မိကြလို့ရှိလျှင်လဲ ယုတ်လှညစ်လှ ဆိုးရွားလှတဲ့ မကောင်းကျိုးအပြစ် အညစ်အထေးတွေသာ ပေါ်ပေါက် ရောက်လာတာပဲတဲ့၊ ထူးလှ မြတ်လှ ကောင်းမွန်လှတဲ့ ကောင်းမှု သုစရိုက် တရားတွေကို ကျင့်လိုက်မိကြံလိုက်မိ ပြုလုပ်လိုက်မိကြလို့ရှိလျှင်လဲပဲ ထူးလှ မြတ်လှ ကောင်းမွန်လှတဲ့ကောင်းကျိုးချမ်းသာစည်းစိမ်ဥစ္စာ ပစ္စည်းဘဏ္ဍာ တွေသာ ပေါ်ပေါက်လာတာပဲတဲ့။ ကောင်းမြတ်တဲ့ပစ္စည်းဘဏ္ဍာ အသုံး အဆောင်တွေ ဆိုတာလဲပဲ ကောင်းမှုရှိတဲ့ သူ့သို့သာ ရောက်သွားကြတာ ပဲတဲ့၊ မကောင်းတဲ့ ပစ္စည်းဘဏ္ဍာ အသုံးအဆောင်တွေ ဆိုတာလဲပဲ မကောင်းမှုရှိတဲ့ သူ့သို့သာ ရောက်သွားကြတာပဲတဲ့၊ ကောင်းမှုရှိတဲ့ သူ ဆို တာလဲ မကောင်းတဲ့ ပစ္စည်းဘဏ္ဍာ အသုံးအဆောင်တွေ ရောက်လာကတဲ ကောင်းတဲ့ ပစ္စည်းဘဏ္ဍာ အသုံးအဆောင်တွေသာ ဖြစ်သွားရတာပဲတဲ့၊ မကောင်းမှုရှိတဲ့ သူမှာတော့လဲ ကောင်းမြတ်လှတဲ့ ပစ္စည်းဘဏ္ဍာ အသုံး အဆောင်တွေ ရောက်လာကတဲ မကောင်းတဲ့ပစ္စည်းဘဏ္ဍာ အသုံးအဆောင် တွေသာ ဖြစ်ကုန်ရတာပဲတဲ့။

သို့ ကောင်းမှုရှိတဲ့သူဆိုတာမကောင်းတဲ့ပစ္စည်းဘဏ္ဍာ အသုံးအဆောင် တွေပင် ရောက်လာကတဲ ကောင်းတဲ့ ပစ္စည်းဘဏ္ဍာအသုံးအဆောင်တွေသာ ဖြစ်သွားရတာပဲလို့ ဆိုတဲ့စကားကိုတော့ လယ်ထဲမှာထွန်ထားခဲ့တဲ့ ထွန် ချေးခဲ မြေစိုင်ခဲတွေဟာ ရွှေခဲ-ငွေခဲ ရတနာခဲတွေချည်း ဖြစ်သွားတယ်လို့ ဆိုတဲ့ ပုဏ္ဏားသူဌေးကြီးများဝတ္ထုသာဓကကို ထောက်ဆ၍ သိနိုင်လောက် စရာ အခွင့်ရှိလှပါပြီ၊ မကောင်းမှုရှိတဲ့သူမှာတော့လဲ ကောင်းမြတ်တဲ့ပစ္စည်း ဘဏ္ဍာ အသုံးအဆောင်တွေပင်ရောက်လာကတဲ မကောင်းတဲ့ပစ္စည်းဘဏ္ဍာ

အသုံးအဆောင်တွေသာ ဖြစ်ရကုန်တော့ဘာပဲလို့ ဆိုခဲ့တဲ့ စကားကိုတော့ ဘယ်ဝတ္ထုသာဓက ဘယ်သူကို ထောက်ဆလို့ သိရ မှတ်ရ ယုံကြည်ရပါ မလဲလို့ ဆိုတော့—

ငါတို့ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူ၍ ပဌမ သင်္ဂါယနာ တင်ပြီးသည့် နောက်အခါ မျှားခါကြာမီ ရှင်မဟာကစ္စည်းမထေရ်သည် ကောသမ္ဗီပြည်၏အနီး တစ်ခုသော တောအုပ်ကြီးအတွင်း၌ သီတင်းသုံးဘော် ရဟန်းအပေါင်းတို့နှင့်တကွ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ် ဥဒေနမင်း၏ စစ်သူကြီးဖြစ်သော ဥတ္တရလုံင်သည် မြို့ပြုပြင်စရာ သစ်ဖွေရှာရအောင် လှည့်လည်ကာ လာရောက်ခိုက် တောအုပ်သို့ အဆိုက်တွင် မထေရ်ကို အဆင်သင့် တွေ့မြင်လို့မို့ ကြည်လင်ရှင်ပ တရားတော်နာရဘာနှင့် ဇောဗလဝတက်တိုးပြီး မြတ်နိုးတဲ့သဒ္ဓါစိတ်နှင့် ပင့်ဖိတ်လှူဒါန်း ရှင်လန်း ဝမ်းမြောက် ဆွမ်းသက်နုံး အမြဲထောက်ပြီး ကျောင်းဆောက်ကာ ကိုးကွယ်တယ်။

ထိုစစ်သူကြီး၏ အမိဒ္ဒါယိကာမကြီးမှာမူ မသဒ္ဓါခကြည်ညို သားပြုသမျှ ကုသိုလ်ကို ဝန်တိုမစွေရ မနှစ်သက်နိုင်သော စိတ်ဆန္ဒနှင့် သင်ပြုသမျှ အလှူကြောင့် အဆူဆူဖြစ်သမျှ တမလွန်နောင်ကာလတို့၌ လှူရသမျှပစ္စည်းတွေ သွေးအတိချည်းသာ ဖြစ်ပါစေဟု အထွေထွေမောင်းမဲ၍ သားကိုချည်း ကျိန်ဆဲနေတယ်၊ ရက်ရှည်ကြာမြောက် ကျောင်းတင်ပွဲအချိန် ရောက်တော့မှ အမိကိုချော့မြှောက်ကာ နားပေါက်အောင် ဟောပြောတာနှင့် ဒေါင်းမြီး ယပ်တစ်စင်းကို ယူလာပြီး စိတ်သဒ္ဓါရှင်မြူးလို့ အထူးတစ်ခု သားအလှူကို ကူညီတဲ့အမှုနှင့် ထိုဒါယိကာမကြီး လှူဒါန်းခြင်းကို ပြုလိုက်ဖူးတယ်။

အဲ=ဖြစ်ထူးဖြစ်တောင်း ရဟန္တာပုဂ္ဂိုလ်ကောင်းတို့ကို ကောင်းကောင်းကြီး ရပါလျက်နှင့် သဒ္ဓါစိတ် မထက်မြက်ဘဲ ပစ္စည်းကို ရမက်ဆွဲပြီး မလှူဘဲနေရုံမျှမက သားလှူသည့် ဒါနကို မောင်းမဲပြီး ကျိန်ဆဲ ရေရွတ်ခဲ့တဲ့ မကောင်းမှု ပါပကြောင့် ထိုဘဝခန္ဓာအစဲမှာ လမ်းလွဲကာ ခရီးမှားပြီး အပါယ်ဘက်သို့ လိုက်သွားရတာနှင့် ဂင်္ဂါမြစ်ကြီး၏ အနီးအပါးမှာ မစားရ မသောက်ရ ဒေါင်းမြီးယပ်ဒါနကြောင့် ရှည်သွယ်သော ဆံပင်ကိုသာရလို့မို့ ကိုယ်ကာယ မလျော်ပတ်သည်ကို ဆံပင်ဖြင့်သာ ရစ်ပတ်ပြီး ဝတ်မှတ်လှတဲ့ ဒုက္ခနှင့် ပြိတ္တာမကြီး ဖြစ်နေရတယ်။

(ပဌမအကြိမ်)

အဲ·ထိုပြိတ္တာမကြီးမှာလဲ ရခဲတွေ့သမျှ အာဟာရ အဝတ်ဘန်ဆာ ဟူသမျှ တို့မှာလဲ ကျိန်ဆဲခဲ့တဲ့ ကံပါပကြောင့် မမျှတမလောက်လို့ သွေးအတိချည်းသာ ဖြစ်၍ကုန်လို့မို့ အပူဟုန်မစဲရ မွတ်သိပ်ဆာလောင်ခြင်း လွန်ကဲလှတာနှင့် ရပ်တဲကာမနေသာ ဂင်္ဂါမြစ်ကမ်းကိုလျှောက်ပြီး ရေသောက်မယ် ရှာပါတာကို ဂင်္ဂါကြီးတစ်မြစ်လုံးလဲ သွေးအတိဖုံးပြီး တဟုံးဟုံးစီးနေတာကိုသာ မြင်လို့မို့ မရွှင်စိတ်နောက် ရေမသောက်ခဲ့ဘဲ တဖြည်းဖြည်း မြစ်ကမ်းကို လျှောက်တာနှင့် ရှင်ရေဝတမထေရ်နေတဲ့ ကျောင်းသို့ ရောက်သွားလေမှ မစားရ မသောက်ရ ရေငတ်လို့ ရေရှာလည်ပါတဲ့ ဒုက္ခသည် ပြိတ္တာမကို ကယ်မ ချီးမြှောက်တော်မူပါမည့်အကြောင်းနှင့် မထေရ်ထံ ရေဝင်တောင်းတယ်။ ထို့ကြောင့်·

> ပဉ္စပဏ္ဏာသဝဿာနိ၊ ယတော ကာလင်္ကတာ အဟံ။
> နာဘိဇာနာမိ ဘုတ္တံ ဝါ၊ ပီတံ ဝါ ပန ပါနိယံ။
> ဒေဟိ အာဟိန္ဒ္ဒိယာ ဘန္တေ၊ တသိတာ ပါနိယာယ မေ။

လို့·ဟောတော်မူတယ်။

ယတော၊ နေ့,လ,ရက်နှစ် နောက်ကြောင်းစစ်၍သက္ကရာဇ်ဖွေရှာအကြင်အခါမှ။ အဟံ၊ အာဟာရပျောက် ရှေးကံမှောက်၍ မသောက်စားရ အကျွန်ုပ် ပြိတ္တာမသည်။ ကာလင်္ကတာ၊ လူ့သက်ကင်းကွာ လူ့ရပ်ရွာက လူ့ခန္ဓာကြွေ သေရချေ၏။ တတော၊ ထိုလူ့သက်ကင်းကုန် ပြိတ္တာဘုံသို့ ကံဟုန်ပစ်မြှောက် ဖြစ်လာရောက်သည်မှ။ ပဉ္စပဏ္ဏာသဝဿာနိ၊ လ,ရက်နှစ်ဆုံး ရေစစ်ကျုံးက ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး။ဘုတ္တံဝါ၊မျှတနှလုံး ရွှင်ပျပြုံး၍ စားသုံးရဖူးသည်ကို လည်းကောင်း။ ပီတံဝါ၊ ရေကြည် ရေနောက် စိတ်လိုရောက်အောင် ချိုးသောက်ရဖူးသည် လည်းကောင်း။ နာဘိဇာနာမိ၊ သတိထင်ထင် မသိမြင်မိပါ။ ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင်ဘုရား။ တသိတာ၊ သည်းအူချင်မှာ ပူခက္ခာတဲ ဆူကာပြတ်မျှ ရေငတ်လှပါသည်ဖြစ်၍။ ပါနိယာယ၊ ရလိမ့်ထင်ရေး ချင့်မြှော်တွေး၍ ထိုပြေးဤဆင်း ရေရှာခြင်းငှာ။ အာဟိန္ဒ္ဒိယာ၊ ဂင်္ဂါကမ်းအောက် လမ်းတစ်လျှောက်မှာ ခေါက်ကာပြန်ကာ လှည့်လည်ပါသော။ မေ·မမ၊ သည်းအူလောင်ဆွေး ပူမခအားဘဲ ထိုပြေးဤလှုပ် အကျွန်ုပ်အား။ ပါနီယံ၊ ဒုက္ခပျောက်ရေး သောက်ရေးကို။ ဒေဟိ၊ ကရုဏာထား မေတ္တာပွား၍ သနား ကယ်မတော် မူပါလော။

(ပဌမအကြိမ်)

အဲ·ဤလို ပြိတ္တာမက ကယ်မတော်မူပါမည့် အကြောင်းနှင့် မထေရ်ကို ရေငင်၍ တောင်းလေလျှင် အကြောင်းသိချင် ထေရ်သခင်ကလဲ တသွင်သွင် စီး တဒိုးဒိုးနှင့် တဟည်းဟည်းသွန် ရေတံခွန်တို့ဖြင့် ဟေမဝန်တောအတွင်း မှ ထွက်ဆင်းသော ဤမြစ်ကြီးသည် အနီးတွင် ရှိပါလျက်နှင့် ဆင်းသက်ကာ မချိုးမသောက်ဘဲညှိုးခြောက်တဲ့ မျက်နှာနှင့်ပူဆာကာ ညွတ်ပြောင်းပြီး အဘယ်ကြောင့် ငါ့ထံမှာ သင် ရေတောင်းရသလဲလို့ အဲ·ဤလို မထေရ်က အကြောင်းကို မေးတော်မူတယ်။ ထို့ကြောင့်–

အယံ သီတောဒကာ ဂင်္ဂါ၊ ဟိမဝန္တာဝ သန္ဒတိ။
ပိဝ တ္တောဝ ဂဟေတွာန၊ ကိံ မံ ယာစသိ ပါနိယံ။

လို့–ဟောတော်မူတယ်။

သီတောဒကာ၊ ဆူဆူမြည်ကြွေး အပူဘေးကို ရှင်အေးစေဘိကြည်လင် သောရေရှိသော။ အယံဂင်္ဂါ၊ အထင်အရှား အမြင်အားဖြင့် အများသိပြီး ဤဂင်္ဂါမြစ်ကြီးသည်။ ဟိမဝန္တာဝ၊ အပြောကျယ်ဝင်းဟေမဝန်တောအတွင်း မှသာလျှင်။ သန္ဒတိ၊ သွင်သွင်ဒိုးဒိုး တပြင်းတည်းဖြင့် ဟည်းဟည်းဆူဝေ စီးဆင်းချေ၏။ တ္တော၊ အလိုရှိသလောက် ဘေးမရောက်ဘဲ သောက်ဖို့အပြီး ဤမြစ်ကြီးမှ။ ဂဟေတွာန၊ ကမ်းသာမြေငူ လှမ်းကာယူ၍။ ပိဝ၊ သဘောရှိ သလောက် အပူပျောက်အောင် စိုးကြောက်ရွံ့ကွာ ချိုးသောက်ပါလော့။ ကိံကာရဏာ၊ ဘယ်ကိုရည်စောင်း ဘယ်အကြောင်းကြောင့်။ မံ၊ အပြစ်ဒဏ် ယူ ရန်မမူဘဲ မာန်မြူကွာခန်း ငါ့ရဟန်းကို။ ပါနိယံ၊ အပူဆွေးတောက် ဘေးမရောက်အောင် ပျောက်ဖို့ မြော်တွေး သောက်ရေအိုးကို။ ယာစသိ၊ ဂင်္ဂါကမ်းစောင်း သခ်မ်းကျောင်းမှာ လှည့်စောင်းဝင်ကာ တောင်းရပါ သနည်း။

အဲ·ဤလို မထေရ်ရဟန်းက ဂင်္ဂါမြစ်ဆိပ်ကမ်းမှာ မလှမ်းမသောက်ဘဲ ကျောင်းအောက်သို့ တမင်လာပြီး တောင်းလာသည့် အရေးကြောင့် အကြောင်းကိုစစ်မေးတော်မူလေလျှင် ပြိတ္တာမဒုက္ခသည်ကလဲ ညှိုးငယ်သော မျက်နှာနှင့် ဘုံသုံးရွာတို့၏ လယ်မြေယာအစစ် ကိုးစားရာဖြစ်တော်မူသော အရှင်ဘုရား–ရှေးကုသိုလ်နည်းပါးလှတဲ့ အပါယ်သား ဒုဂ္ဂတိဘဝကံဆိုးတဲ့ ပြိတ္တာမမှာ ဂင်္ဂါမှရေကိုယူပါလျှင် အမူအရာဖောက်ပြန် ဂင်္ဂါရေအခြေမမှန် ဘဲ ပုံသဏ္ဌာန်တုဖုံလဲပြီး ရဲရဲဝင်းဝင်း သန္တာနီ ကမ္ဗလာအဆင်းကဲ့သို့ မြစ်တွင်း

မှာခွဲပျစ်လို့ သွေးပြည်အတိချည်းသာဖြစ်ရပါဘယ်၊ ယုတ်ညစ်ဖို့ ရှေးကံဖယ် သောကြောင့် မြစ်လယ်မှာရေမမြင် အပူဝဋ္ဋအေးပါချင်၍ ခြေတော်ပြင် ခညောင်းပြီး ရေဝင်ကာ တောင်းရပါကြောင်းများနှင့် ပြိတ္တာမက လျှောက် ထားတယ်။ ထို့ကြောင့်-

သစေဟံ ဘန္တေ ဂင်္ဂါယံ၊ သယံ ဂဏှာမိ ပါနိယံ။

လောဟိတံ မေ ပဝတ္တတိ၊ တဿာ ယာစာမိ ပါနိယံ။

လို့-ဟောတော်မူတယ်။

ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ အဟံ၊ ရှေးကံ ကြောင်းယုတ် အကျွန်ုပ်သည်။ ဂင်္ဂါယံ၊ အေးမြစိမ်းစို စမ်းရေညိုနှင့် ကမ်းကိုလျှံစီး ဤဂင်္ဂါ မြစ်ကြီး၌။ သယံ၊ တစ်ပါးသူပေး ယူမပေးဘဲ ကိုယ်ရေးသက်သက် မိမိလက် ဖြင့်။ပါနီယံ၊လိုသလောက်ရည် သောက်ရေကြည်ကို။သစေဂဏှာမိ၊ အကယ် ၍သာ ယူခဲ့ပါအံ့။ မေ မမ၊ ရှေးကံဆိုးယုတ် အကျွန်ုပ်အား။ လောဟိတံ၊ ဖောက်ပြန်လွဲကင်း ရဲရဲဝင်းမျှ ချင်းချင်းနီလှုပ် သွေးပြည်ပုပ်သည်။ပဝတ္တတိ၊ စိစိညီဟောက် ကျိုကျိုနောက်အောင် မသောက်ဝံ့ပေဖြစ်ပါချေ၏။ တဿာ၊ ထိုသို့ကံဟောင်း အခံစောင်း၍ အကြောင်းမလှ ဖြစ်ရပါခြင်းကြောင့်။ ပါနီယံ၊ အရှင့်လက်အောက် မပျက်ပျောက်တဲ့ မှနောက်မထွေး သောက်ရေ အေးကို။ ယာစာမိ၊ ရလိမ့်ပေလတ် အထင်မှတ်၍ ရှည်ကပ်လျှောက်ကာ တောင်းရပါ၏။

အဲ-ဤလို ပြိတ္တာမက ရှေးပါပ ကံအကြောင်းကြောင့် ရေကောင်းစင် စစ်ဂင်္ဂါမြစ်သည် ကံနှစ်တဲ့ ပြိတ္တာမမှာ သွေးအထိ ဖြစ်ရပါကြောင်းများနှင့် မထေရ်ကို လျှောက်ထားလေလျှင် မထေရ် ရဟန်းကလဲ ထူးဆန်းတဲ့ အကြောင်း ရှေးဘဝလူဖြစ်ဟောင်းက ဘယ်အကြောင်း ဘယ်အမှု ဘယ်ကံ ကို ဘယ်လိုပြု၍ ယခုလိုထွေးရစ်ရှုပ်ပြီး နစ်မြုပ်ကာနေရပါသလဲလို့ အဲ-ဤလို နှိုက်နှိုက်ကာစစ်ဆေးပြီး အကြောင်းကို မေးမြန်းတယ်။ ထို့ကြောင့်—

ကိံ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။

ကိဿ ကမ္မဝိပါကေန၊ ဂင်္ဂါတေ ဟောတိ လောဟိတံ။

လို့-ဟောတော်မူတယ်။

ကာယေနဝါ၊ မစောင့်မရှောက်ကိုယ်ကျင့်မှောက်သဖြင့်လည်းကောင်း။ ဝါစာယဝါ၊ မချုပ်မဖမ်း နှုတ်သရမ်းသဖြင့်လည်းကောင်း။ မနသာဝါ၊

မမြစ်မတား စိတ်ပြစ်မှားသဖြင့် လည်းကောင်း။ ကိံ ဒုက္ကဋံ၊ အဘယ်အကြောင်းစု မကောင်းမှုကို။ကတံနု၊ မရှုမစား ပြုခဲ့ပါသနည်း။ ကိဿကမ္မ-ဝိပါကေန၊ ဘယ်သို့ဆိုးညစ် ကျိုးအပြစ်ကြောင့်။ တေ တဝ၊ အပူဝန်ကြီး လူကိုစီး၍ အော်ညည်းငိုတာ သင်ပြိတ္တာမအား။ ဂင်္ဂါ၊ တအုန်းအုန်းညံ ဟုန်းဟုန်းသံဖြင့် စီးလျှံထွေထွေ ဂင်္ဂါရေသည်။လော-ဟိတံ၊ညိုရောင်အဆင်း ပြောင်မဝင်းဘဲ ချင်းချင်းနီလှုပ် သွေးပြည်ပုပ်သည်။ ဟောတိနု၊ သရုပ်သကောင် အဟုတ်ဆောင်၍ ယုတ်အောင်ထူးထွေ ဖြစ်ရလေသနည်း။

အဲ-ဤလို ပြိတ္တာမ၏ ရှေးပါပကံဟောင်းကို သိလိုကြောင်းအရေးနှင့် မထေရ်က မေးလေလျှင် အဍရေးမလှ ပြိတ္တာမကလဲ သဒ္ဓါပြည့်ဝသားလူတဲ့ ဒါနကို စိတ်ဆန္ဒအလိုမတူ မစ္ဆေရညစ်အကြေးထူးပြီး ငြူစူဟော့ရမ်း နှုတ်သရမ်းလျက်ကြမ်းတမ်းသောအမူအရာဖြင့်ဘမလှန်နှောင်အစဲမှာမလွဲမသွေ သင်ပြုသမျှ ဒါနတွေသွေးအတိ ဖြစ်ပါစေဟု အထွေထွေမောင်းမဲပြီး ကျိန်ဆဲခဲ့မိပါ၍ ကြမ္မာကံဝဋ် ဘေးဒုက္ခမကျွတ်မလွတ်နိုင်ဘဲ ငတ်မွတ်ခေါင်းပါး အစားအစာ ဂင်္ဂါမြစ်ရေသီတာပင် သွေးအတိဖြစ်ပါကြောင်းများနှင့် မထေရ်ကို လျှောက်ထားတယ်။ ထို့ကြောင့်—

ယံ တွံ မယှံ အာကာမာယ၊ သံမဏာနံ ပဝစ္ဆသိ။
စီဝရံ ပိဏ္ဍပါတဉ္စ၊ ပစ္စယံ သယနာသနံ။
တံတေ ပုရလောကသ္မိံ၊ လောဟိတံ ဟောတု ဥတ္တရ။
တဿ ကမ္မဝိပါကေန၊ ဂင်္ဂါမေ ဟောတိ လောဟိတံ။

လို့ လျှောက်ထားတယ်။

ဥတ္တရ၊ဥတ္တရဟု နာမထင်ရှား၊ငါ၏သား။ တွံ၊ ပစ္စည်းဥစ္စာကုန်ခန်းရာကို မညှာမလိုက် သင်သားမိုက်သည်။ မယှံ၊ ငယ်စဉ်အခါ သွန်သင်ပါသည့် ဆရာအိမ်ရှိ ငါ့အမိ၏။ အာကာမာယ၊ ချိုသာခွင့်ယူ အလိုမတူပါဘဲလျက်။ သမဏာနံ၊ တောနေချုံ့အောင်း ရဟန်းအပေါင်းတို့အား။ယံစီဝရဉ္စ၊ပိုးဖဲကတီ ခေါမပြည့်ကဂုံချည်ဝါဂွမ်းအကြင်အကြင်သင်္ကန်းကိုလည်းကောင်း။ ယံပိဏ္ဍပါတဉ္စ၊ခဲဖွယ်ဘောဇဉ် ချိုအချဉ်နှင့်စုံလင်ရောပြွမ်း အကြင်အကြင်ဆွမ်းကိုလည်းကောင်း။ယံပစ္စယဉ္စ၊သလိပ်သွေးနာ ဘေးရောဂါကို ချေခွါပျောက်အေး အကြင်ကြင် ဆေးကိုလည်းကောင်း။ ယံသယနာသနဉ္စ၊ လိုဏ်ဂူပြာသာဒ်အထပ်ထပ်နှင့် စရပ်တန်ဆောင်းအကြင်ကြင် ကျောင်းကို

လည်းကောင်း။ ပဝတ္တသိ၊ လုပ်ကျွေးမွေးမြူ သင်ပေးလှူ၏။ တော်၊ ဤလှူသမျှ ဆွမ်း ကျောင်း, သင်္ကန်းနှင့် ဆေး, ကွမ်း၊ ဥဿုံ၊ အလုံးစုံသည်။ တေ တဒ၊ သဒ္ဓါပြည့်ဝ သင်ဥတ္တရအား။ ပရလောကသ္မိံ၊ ဤဘဝနောက် အထောက် ထောက်တွင် ကျရောက်လေရာ တမလွန်ရွာ၌။ လောဟိတံ၊ ညှိုနံ့စက်ဆုပ် သွေးပြည်ပုပ်သည်။ ဟောတု၊ မချွတ်မသွေ ဖြစ်ပါစေသတည်း။ ဣတိ၊ ဤသို့ကြမ်းတမ်း နှုတ်သရမ်း၍။ အဟံ၊ မဇ္ဈေကြေးညစ် မှေးအပြစ်နှင့် ထွေးရစ်တုန်လှုပ်၊ အကျွန်ုပ်သည်။ ပရိဘာသာမိ၊ ငြူစူစောင်းချိတ်မကောင်း စိတ်ဖြင့် မောင်းရိပ်နှိပ်ချေ ကျိန်ဆဲပေ၏။ တဿကမ္မဝိပါကေန၊ ထိုကံဆိုး ညစ် အကျိုးအပြစ်ကြောင့်။ ဂင်္ဂါ၊ အယာဥ်ဒီးဒီးမြည်သံတီး၍ စီးကျထွေ ထွေ ဂင်္ဂါရေသည်။ မေ-မမ၊ မကောင်းကံယုတ် ပစ်ခါမြုပ်၍ နစ်မြုပ်ပါရ အကျွန်ုပ်ပြိတ္တာမအား။ လောဟိတံ၊ ချင်းချင်းနီတွေး ပြည်ပုပ်သွေးသည်။ ဟောတိ၊ အပြစ်လျှော်စွာ ဖြစ်ပေါ်လာ၏။

အဲ-ဤလိုပြိတ္တာမကရှေးပါပအကြောင်းများကိုပြန်ကြားကာလျှောက် တင်လေလျှင် မထေရ်ရှင်ရဟန်းကလဲ ပင်ပန်းတဲ့ပြိတ္တာမကို သနားလှတဲ့ ကာရုဏာနှင့် ဂင်္ဂါရေဆွမ်းသင်္ကန်းတို့ကို ပြိတ္တာမကိုရည်မှန်းပြီး တိုက်တွင်းရှိ တပည့်ရဟန်းတို့အား လှူဒါန်းကာအမျှဝေတော်မူတယ်၊ အဲ ထိုအခါပြိတ္တာ မလဲ မထေရ်၏ဒါနကို သာဓုအနုမောဒနာ ပြုလိုက်ရတဲ့အကျိုးကြောင့် နတ် ပုဆိုး နတ်ဘောဇဉ်အေးမြတဲ့နတ်ရေစင်တို့ကို မျက်မြင်ဒိဋ္ဌ လက်ငင်းပင်ရှေ့ တွင်လိုမို့ ချမ်းသာစွာ သုံးဆောင်ရတယ်။

အဲ-ဤဝတ္ထုသာကေကို ထောက်ဆစဉ်းစားပြီး မကောင်းမှုရှိတဲ့သူများ မှာတော့ ကောင်းလှတဲ့ ပစ္စည်းဘဏ္ဍာတွေပင် ရောက်လာကတဲ့ မကောင်း တဲ့ ပစ္စည်းဘဏ္ဍာတွေဖြစ်ရကုန်တာပဲလို့ ဆိုခဲ့တဲ့စကားကို ယုံကြည်စွာ မှတ် သားပြီး တမလွန်ဘဝတပါးသို့ ပြောင်းသွားရသောသူသည် အယူမှောက် မှား၍ အကယ်၍ပြိတ္တာဘုံသို့ ရောက်သွားရသည်ရှိသော် အစာရေစာပုဆိုး ညှိုးနွမ်း မပင်ပန်းရအောင် သေသူကိုရည်မှန်းပြီး သံဃာတော်ရှင်ရဟန်းတို့ အား ဆွမ်းခဲဖွယ် အဝတ်သင်္ကန်းတို့ကို လှူဒါန်းကာ အမျှဝေကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပဋ္ဌနာဆုံကို ပြုလိုက်ကြကုန်။

ဥတ္တရစံစ်သူကြီးတရား ပြီး၏။

---

(ပဉ္စမအကြိမ်)

# ၅-လောဘ ဒေါသ တရား

မဏိံ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံ၀ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊ ကာမံ ဘုဥ္ဇံ၀ ဂစ္ဆတိ။

(ရစနာဂါထာ)

မိဂေါ၊ ကြောင်းကျိုးမမြင် တောသမင်သည်။ မဏိံ၊ အလျှံတောက်ကြွား ကျောက်ပတ္တမြားကို။ ပဿန္တောပိ၊ သစ်ပင်မြက်ခင်း စားကျက်တွင်း၌ လက်ငင်းထင်ထင် ပက်ပင်းမြင်တွေ့ရပါလျက်လည်း။ တိဏံ၀၊ မပျိုး မစိုက် ဖိုးမထိုက်သည့် မျိုးလိုက်စုံမက် သစ်မှိုက်မြက်ကိုသာလျှင်။ ခါဒံ ခါဒန္တော၊ မနားမစဲ စားကာခဲလျက်။ ဂစ္ဆတိ၊ စိန်သော ကျောက်သော စိတ်မစော်ဘဲ မြိုင်တောရပ်ခြေ ရှောင်ကပ်လေ၏။ ဧဝံ၊ ဤနည်းထားယူအလား တူသာလျှင်။ ဒုပ္ပညောပိ၊ အသိပညာ မရှိပါ၍ သဒ္ဓါရှိုးရှား အမျိုးသားသည်လည်း။ လဒ္ဓကာလော၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘရောက် ဓမ္မကျောက်ကို ကောက်ဖို့ကာလ အခွင့်ကောင်းရပါလျက်။ ကာမံ၀၊ အဖိုးမထိုက် လူမျိုးကြိုက်သည့် အမှိုက်အာရုံ ကာမဂုဏ်ကိုသာလျှင်။ ဘုဥ္ဇံ ဘုဥ္ဇန္တော၊ မမုန်းမာန်ကြွား သုံးခံစားလျက်။ ဂစ္ဆတိ၊ တရားအမြွတ် နားမကပ်ဘဲ လေးရပ်ပါယ်မြေ ရှောင်လွှဲလေ၏။

**အဓိပ္ပါယ်မှာတော့**....မြိုင်လယ်တောဖျားမှာ မြက်သစ်ရွက်တို့ကိုသာ စားပြီး အယုတ်အလတ် အမြတ်ကိုမှ သိမြင်တတ်သည့် ပညာဉာဏ်ပါးရှားလှတဲ့ တောသားသမင်သည် ရောင်ရှင်ပြိုးပြက် အဖိုးထက်သည့် ကိုးမျက်ဝင် ပတ္တမြားကို မြက်ကြားမှာ တွေ့မြင်ပါသော်လဲ မခင်မင် မနှစ်သက်ဘဲ ပတ္တမြား ကျောက်မျက်ကို ဖယ်ရှားပြီး အဖိုးမသိ ကျိုးမရှိတဲ့ မိမိတို့စားနေကျ မြက်သစ်ရွက်တို့ကိုသာ စားသွားတာလို အဲ-ယခုအခါ ဘုရားရှင် သာသနာတော်နှင့် တိုက်ဆုံလို့မို့ လူ့ဘုံမှာဖြစ်ကြရတဲ့ သူများမှာလဲ အရောင်အဝါ တောက်ကြွားတဲ့ ပတ္တမြား ကျောက်ကောင်း ရတနာနှင့်တူတဲ့ ဘုရားရှင် ဟောကြားသည့် တရားဒေသနာတော်တို့ကို ကြားနိုင် နာနိုင်လောက်တဲ့ အခွင့်ကောင်းကာလကို ကောင်းကောင်းကြီးရကြပါလျက် မသင့်သော

(ပဥ္စမအကြိမ်)

နှလုံးသွင်းနှင့် ဖက်ပြီး မနာမယူ မဆောင်မရွက် မလေ့ကျက်လိုက်ကြဘဲ လောကီအာရုံ ကာမဂုဏ်ဘက်ကိုသာ စိတ်အဟုန် စွဲမြဲပြီးနေမိကြလျှင် စုတိစိတ် နောက်အစဲမှာ ကောင်းဆိုသမျှ သုဂတိဘဝတွေနှင့်လွဲပြီး အပါယ်ထဲကိုသာ ရောက်နေရတတ်တယ်။

အဲ-တရားတော်ဆိုတာကိုလဲ နည်းသောများသော ပညတ်သောပရမတ်သောနှင့် တွေးတောစဉ်းစားပြီး နေရမှာ မဟုတ်ဘူးတဲ့၊ ယောနိသော မနသိကာရထားပြီး အသင့်အတင့် နာနိုင်ပလားလို့ ဆိုတော့ တစ်ပုဒ်တစ်ပါဒ တစ်ဂါထာ တစ်ဝါကျ မျှလောက်ကိုပင် ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ ကြားလိုက်ရ နာလိုက်ရလို့ရှိလျှင် ကြီးကျယ်သော ကောင်းကျိုးချမ်းသာကို များများကြီး ရနိုင်ပါတယ်၊ အသင့်အတင့် နှလုံးမသွင်းဘဲ အဖျင်းဖျင်း အချော်ချော် အပြစ်ကိုသာ ရှာမျှော်နေတဲ့ သူများမှာတော့ ဟောတော်မူတဲ့ တရား အလွန်ပင် ရှည်လျားသော်လဲ သဘောထား မစင်ပြုတာနှင့် နားထဲကိုမှ သူ မသွင်းယူဖူးတဲ့။

အဲ-ငါတို့ဘုရား ထင်ရှားရှိတော်မူစဉ်အခါက အတုလမည်သောသီတင်းသည်ကြီးတစ်ယောက်ဟာ တရားတော်ကို နာချင်တာနှင့် ကျောင်းတော်သို့ ဝင်လာပြီး ရှင်ရေဝတ,ရှင်သာရိပုတ္တရာ,ရှင်အာနန္ဒာတို့ထံချဉ်းကပ်လို့ တရားနာတယ်၊ အဲ-ထိုအခါ မမ္မကထိကမထေရ်များကလဲ မိမိတို့ တတ်စွမ်းသမျှ အလိုက် ထိုက်သည့်အားလျော်စွာ ဟောကြပါသော်လဲ သင့်လျော်အောင် နှလုံးမထားဘဲ နည်းသောများသော ပညတ်သောပရမတ်သောနှင့် တရားဟောပုဂ္ဂိုလ်တို့၏ အပြစ်ကိုသာ မပြောကြားပြီး ဘုရားကိုယ်တော်မြတ်ထံ သွားလို့ အကြောင်းကို လျှောက်ထားတယ်၊ အဲ ထိုအခါ ရှင်တော်ဘုရားကလဲ တရားဟော ဓမ္မကထိကပုဂ္ဂိုလ်စုဌ် အပြစ်တင်ခြင်းကို ပြုတော်မမူဘဲ အတုလ ဒကာ၏ မသင့်သော နှလုံးသွင်းကိုသာ ထင်လင်းစွာ ဆုံးမတော်မူလို၍-

> ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနာမိဝ။
> နိန္ဒန္တိ တုဏှိမာသီနံ၊ နန္ဒန္တိ ဗဟုဘာဏိနံ၊
> မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော။
> န စာဟု န စ ဘဝိဿတိ၊ နစေတရဟိ ဝိဇ္ဇတိ။
> ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံ ဝါ ပသံသိတော။

လို့-ဟောတော်မူတယ်။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၂၁၁)

(ပဥ္စမအကြိမ်)

အတုလ၊ ရတနာသုံးပါး အမြတ်ထား၍ ခိုနားချဉ်းခ အတုလ၊ တုဏှိမာသိနံပိ၊တရားမဟော တုဏှိဘောဖြင့် သဘောစင်ဖြူ နေသောသူကိုလည်း နိန္ဒန္တိ၊ ဆွံ့အသလော မေးစစ်ကြော၍ ဆိုပြောကဲ့ရဲ့ တတ်ကြကုန်၏။ ဗဟုဘာဏိနမ္ပိ၊ မျှားစွာရှည်မြော တရားဟောသော သူကိုလည်း။ နိန္ဒန္တိ၊ မစိုက်သတိ လိုက်မသိဟု မချိမနော ကျိကျိလော်အောင် ဆိုပြောကဲ့ရဲ့တတ်ကြကုန်၏။ မိတဘာဏိမ္ပိ၊ အကျယ်မဝင့် အလယ်ဖွင့်၍ အသင့်ကြံယူ ဟောသောသူကိုလည်း။ နိန္ဒန္တိ၊ တစ်ဝက်တမြီး အတွက်ကြီးသည်ဟု ဖျက်ဆီးကဲ့ရဲ့တတ်ကြကုန်၏။ အတုလ၊ အတုလ။ တော၊ ဤသို့။ အဖျင်းဖျင်း ကဲ့ရဲ့ကြခြင်းသည်။ ပေါရာဏံ၊ ကမ္ဘာဝေးတက် ရှေးအတက်က မပျက်ဆက်ကာ ဆင်းသက်လာ၏။ တော၊ ဤသို့ရှုတ်ချ အပြစ်ပြု၍ ဒေါသမာန်သွင်း ကဲ့ရဲ့ကြခြင်းသည်။ န အဇ္ဇ တနာမိဝ၊ သက်တမ်းအာယု တရားစုသည့် ယခုကာလမှသာ မဟုတ်ချေ။ လောကေ၊ လူ့ပြည်နတ်ရပ် လောကခတ်၌။ အနိန္ဒိတော၊ အပြစ်မျိုးကင်း ညစ်ဆိုးရှင်း၍ စင်းလင်းလုံးကျွတ် အကဲ့ရဲ့လွတ်သောသူမည်သည်။ နတ္ထိ၊ ဘဝင်ဘုံရောက် အကုန်လျှောက်လည်း တစ်ယောက်ထူးထွေ-မရှိချေ။

အတုလ၊ အတုလ။ ကေနှံနိန္ဒိတော၊ တစ်ကိုယ်လုံးပြည့် ကဲ့ရဲ့စရာချည်းသာ ရှိသော။ ပေါသောဝါ၊ လူတွင်ပေါက်ဖွား လူယောကျ်ားသည် လည်းကောင်း။ ကေနှံ ပသံသိတော၊ တစ်ကိုယ်လုံးပြည့် ချီးမွမ်းစရာ ချည်းသာရှိသော။ ပေါသောဝါ၊ လူတွင်ပေါက်ဖွား လူယောကျ်ားသည် လည်းကောင်း။ နစာဟု၊ ကမ္ဘာကြာညောင်း ရှေးထောင်သောင်းက မှုဟောင်းစံနေ မဖြစ်ဘူးချေ။နစဘဝိဿတိ၊ ဥဒါန်းအသစ် နောင်တစ်ခေတ် လည်း ဖြစ်ပေါ်လိမ့်မည်မဟုတ်ချေ။ ဧတရဟိစ၊ မျက်မြင်ဒိဋ္ဌ ဤယခုကာလ၌လည်း။ နဝိဇ္ဇတိ၊ သုံးဆယ့်တစ်ခေတ် ဘုံမှာဆစ်၍ စစ်ကာရှာဖွေမရှိချေ။

အဲ-ဤတရားဖြင့် ဘုရားရှင် ဆုံးမတော်မူလေမှ အတုလ ဒါယကာသည် သီတင်းသည် ငါးရာတို့နှင့်တကွ အရိယာ၏အဖြစ်သို့ ရောက်သွားကြရာဘယ်။ အဲ-တရားတော်ဆိုတာ အသင့်အတင့် နှလုံးသွင်းပြီး နာနိုင်မှသာ သုံးပါးသောချမ်းသာကို အလိုရှိတိုင်းရနိုင်ပါတယ်၊အသင့်အတင့် နှလုံးသွင်းနာနိုင်ပါက ဘုရားဟောမှုကို မဆိုထားနှင့်ဦး တရားနှင့်စပ်တဲ့ သီချင်းသံကိုကြား

(ပဉ္စမအကြိမ်)

နာရတာနှင့်ပင် ကိုယ်တွင်းရန် ကုန်စဲလို့ ဝဋ်ထဲကကျော်မြောက်ပြီး ပစ္စေက ဗုဒ္ဓါ အဖြစ်သို့တောင် ရောက်သွား ကြဖူးသေးတယ်၊ သို့ ဘယ်သူများ ရောက်ပါသလဲလို့ ဆိုတော့—

ရှေးလွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား သာသနာတော်နှင့် ငါတို့ဘုရားရှင်သာသနာတော်အကြားမှာတစ်ဦးသောလယ်လုပ်ယောကျ်ား သည် သားခုနစ်ယောက်တို့နှင့်တကွ လယ်တောလုပ်ခင်းက မိမိအို နေရင်း အိမ်သို့ ပြန်ခဲ့ကြရာ လမ်းခရီးအကြားဝယ် တစ်ခုသောရွာယ်ဘွင် ဆန်ဖွပ် သော သူငယ်မ၏ သီချင်းသံကိုကြား၍ တန့်နားကာ နားထောင်ကြဘယ် ဘယ်လိုဆိုတဲ့ သီချင်းသံပါလဲလို့ဆိုတော့—

ဇရာယ ပရိမဒ္ဒိတံ၊ မိလာတ စမ္မ နိဿိတံ။
မရဏေ ဘိဇ္ဇတိ ဧတံ၊ မစ္စုဿ ဃသမာမိသံ။
ကိမိနံ အာလယံ ဧတံ၊ နာနာ ကုဏပ ပူရိတံ။
အသုစိဘာဇနံ ဧတံ၊ ကဒလိ ခန္ဓသမံ ဣဒံ။

ဧတံ၊ ခေတ်မဟာဘုတ် စပ်ကာချုပ်သည့် နာမ်ရုပ်တည်းခို ဤငါ့ကိုယ် ကို။ ဇရာယ၊ မျက်စိနှင့်နား ရေအသားနှင့် ခါးပါးသွားဆံ ဝါးထရံလို ဖောက်ပြန်ယွင်းပါး အိုမင်းခြင်းတရားသည်။ ပရိမဒ္ဒိတံ၊ အမြဲတွယ်ကပ် နှိပ်နယ်အပ်၏။ မိလာတစမ္မနိဿိတံ၊ ယုံ့ရွဲ့ယိပွန်း မှည့်မည်းစွန်းသဖြင့် ညှိုး နွမ်းသော အရေပါးကိုမှီ၏။ မရဏေ၊ မသေမကင်း အသေခွင်း၌ အတင်း နှိပ်စက် သေမင်းလက်၌။ ဘိဇ္ဇတိ၊ ပုပ်အက်ကွဲပြဲ ချုပ်ပျက်ဘတ်၏။ မစ္စုဿ၊ ယှဉ်ပြိုင်ကပ်ချဉ်း နှိပ်ကာနင်း၍အတင်းသတ်ညှစ် သေမင်းညစ်၏။ ဃသမာမိသံ၊သိုကာဝှက်ထား လိုက်သွား၍ မျိုဝါးရာအစာလည်းဖြစ်၏။

ဧတံ၊ ဇီဝရုပ်ခို ဤငါ့ကိုယ်သည်။ ကိမိနံ၊ ရစ်တွယ်လှည့်တိုး ရှစ်ဆယ် သော ပိုးမျိုးတို့၏။ အာလယံ၊ မှီခိုရောထွေး အိမ်အိုဆွေးနှင့်လည်း တူ၏။ ဧတံ၊ ပုပ်သိုးညှီစို ဤငါ့ကိုယ်သည်။ နာနာကုဏပပူရိတံ၊ ထုပ်ပိုး ညှဉ့်ခနဲ အထူးထူးသော အပုပ်အသိုးတို့ဖြင့်လည်း ပြည့်၏။ ဧတံ၊ ညှိုးနွမ်းရိယို ဤ ငါ့ကိုယ်သည်။ အသုစိဘာဇနံ၊ချဉ်သိုးနံဆူယင်မျိုးအူသည့် မစင်ထည့်သော အိုးနှင့်လည်းတူ၏။ ဣဒံ၊ ပုပ်ညစ်နံစို ဤငါ့ကိုယ်သည်။ ကဒလိခန္ဓသမံ၊ အနှစ်ကွာသုံး အကာဖုံးသည့် သိမ်ဖျင်းသော ငှက်ပျောတုံးနှင့်သာတူ၏။

(ပဋ္ဌမအကြိမ်)

အဲ့ဤလို ဆန်ဖွပ်ယင်းဆိုနေတဲ့ သူငယ်မ၏ သီချင်းသံကို ကြားရ၍ သားအဖ ရှစ်ယောက်တို့သည် ညှိုးခြောက်ခွေလျှ စိတ်သံဝေဂရကြသဖြင့် အသုဘ ကမ္မဋ္ဌာန်းကိုပွားပြီး တရားယူနေ့ော အတွင်းရန် အာသဝေါတို့ကို စင်ချောစွာ ဖျက်ဖျောက်လို့ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်သွားကြတယ်၊ အဲ့ဤလို တရားတော်ဆိုတာ ယောနိသော မနသိကာရစွဲဝင်သော စိတ်သဒ္ဓါနှင့် အနည်းငယ်လောက်ကိုပင် တစ်ကြိမ်တစ်ခါမျှ ကြားလိုက်ရ နာလိုက်ရလို့ရှိခဲ့ပါမူ သံသရာ၏ မြစ်သေးမြစ်မ ကိုယ်တွင်းရန် ပါပတို့ကို ပယ်ချ ချိုးနှိမ်နိုင်ပါတယ်၊ အဲ့ရန်သူ ဆိုတာလဲပဲ ပြင်ဘက်မှာသာ ရှိတာ မဟုတ်သေးဘူးတဲ့၊ လူတို့ကိုယ်တွင်းမှာပေမယ့် အတင်းဝင်ခိုပြီး လူတို့ကို နှိပ်စက်ညှဉ်းဆဲနေတဲ့ အတွင်းရန်သူကြီးတွေ ဆိုတာကလဲ ရှိသေးတာပဲတဲ့၊ ဘယ်ရန်သူကြီးများပါလဲလို့ ဆိုတော့—

> တယော မေ ဘိက္ခဝေ ပစ္စတ္ထိကာ၊ ကတမေ တယော လောဘော စ ဒေါသော စ မောဟော စ၊ ဣမေ ခေါ ဘိက္ခဝေ တယော ပစ္စတ္ထိကာ။ လို့ဟောတော်မူတယ်။

ဘိက္ခဝေ၊ သံသရာဘေးယုတ် မထွေးရှုပ်ဘဲ အေးချုပ်လိုငြား အို… ချစ်သားတို့။ ပစ္စတ္ထိကာ၊ ကိုယ်တွင်းခိုအောင်း ရန်သူအပေါင်းတို့သည်။ ဣမေ တယော၊ ဆိုလိမ့်ပိုင်းခြား ဤသုံးပါးတို့ပင်တည်း။ ကတမေ တယော၊ သရုပ်ခြားနား အဘယ်သုံးပါးတို့နည်းဟူမူကား။ လောဘော စ၊ အာရုံ၌စွဲ ခွာမခွဲဘဲ မျှောက်နွဲ့နှင့်တူ လောဘတည်းဟူသော ရန်သူကိုလည်းကောင်း။ ဒေါသော စ၊ မြွေဟောက်တမျှ ငေါက်ငေါက်ထ၍ ကောဓမာန်မူ ဒေါသ တည်းဟူသော ရန်သူလည်းကောင်း။ မောဟော စ၊ ခန်းတိုက်ထောင်မျှ မိုက်မှောင်ကျ၍ မရလင်းဖြူ မောဟ တည်းဟူသော ရန်သူလည်းကောင်း။ ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ ပစ္စတ္ထိကာ၊ ကိုယ်တွင်းခိုအောင်း ရန်သူအပေါင်းတို့သည်။ ဣမေခေါတယော၊ မပျက်မတုံး ကျောက်မျက် တုံးကဲ့သို့ သက်လုံးမှတ်သား ဤသုံးပါးတို့ပင်တည်း။

အဲ့ဤလို လောဘ, ဒေါသ, မောဟရယ်လို့ ကိုယ်တွင်း ရန်သူဆိုတာ သုံးယောက်ရှိပါတယ်၊ အဲ့ထိုသုံးယောက်သားရှိကြတဲ့ အနက်တွင် လောဘ ကို အဘယ့်ကြောင့် ရန်သူဆိုပါသလဲလို့ ဆိုတော့….လောဘဆိုတာ အာရုံ တစ်ခုကိုမြင်ခဲ့လျှင် လိုချင်တဲ့သဘောနှင့် မလွှတ်နိုင်မခွာနိုင်အောင်တောင့်တ မက်မောပြီး တစေ့စေ့ တပ်စွဲလို့မို့ အကြောင်းအကျိုး အကောင်းအဆိုး

ကိုမှ မသိနိုင်·မမြင်နိုင်ဘဲ မိုက်မဲတွေဝေလို့သာ နေတော့တာပဲတဲ့။ အဲ-
ထို့ကြောင့် မြတ်စွာဘုရားက-

လောဘော အတ္ထံ န ဇာနာတိ၊ လောဘော ဓမ္မံ န ပဿတိ။ *
အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။

လို့-ဟောတော်မူတယ်။

လောဘော၊ ကာမဂုဏ်ဟု အာရုံစု၌ ယူလုစွဲကပ် လောဘယုတ်သည်။
အတ္ထံ၊ ရောက်မည့်ဆိုးညစ် ကျိုးအပြစ်ကို။ နဇာနာတိ၊မစစ်မခွဖွ မသိချေ။
လောဘော၊ ကာမဂုဏ်မှုန်း အာရုံတန်း၌ စွဲလမ်းကိုင်ဆုပ် လောဘယုတ်
သည်။ ဓမ္မံ၊ သံသရာနည်းကြောင်း ခရီးကောင်းကို။ နပဿတိ၊ တိတိ
ထင်ထင် မသိမြင်။ ယဒါ၊ အခွင့်ပေါ်လာ အကြင်အခါ၌။ ယံနရံ၊ ကာမ
ဝင်မင် ရာဂဝင်၍ မူးရှင်လူလူ အကြင်သူကို။ လောဘော၊ကြောင်းကျိုး
ဆို့ပိတ် လောဘစိတ်သည်။ သဟတေ၊ ကြိတ်ဖျက်နှောက်မွှေ နှိပ်စက်
လေ၏။ တဒါ၊ လောဘဆွဲ၍ အမြဲပူဆာ၊ ထိုအခါ၌။ သော်နရော၊
လောဘခိုဖိ ကိုယ်မချိ၍ သတိကင်းကွာ ထိုသတ္တဝါသည်။ အန္ဓတမံ၊ ပညာ
မဝင် မဆင်ခြင်ဘဲ အထင်စိတ်လိုက် အလွန်မိုက်သည်။ ဟောတိ၊ စင်စစ်
မှသေ့ ဖြစ်ရချေ၏။

အဲ–ဤကဲ့သို့ လောဘတမ်း၍ ယုတ်မှန်းမြတ်မှန်းကိုမှ မသိနိုင် မမြင်နိုင်
အောင် အလွန်မိုက်မဲ တွေဝေနေတဲ့သူတစ်ယောက်မှာ အသိပညာ အလိမ္မာ
ညာဏ်မပေါက်နိုင်ဘဲ မှားမှောက်ယွင်းပါးပြီး မပြစ်မှားသင့်တဲ့ သူကိုလဲ ပြစ်
မှား မလွန်ကျူးသင့်တဲ့ အရာဌာနကိုလဲ လွန်ကျူးစော်ကားမိခြင်းကြောင့်
ယခုပစ္စက္ခဘဝ၌ပင် ပစ္စုပ္ပန်အကျိုး ဆုတ်ယုတ်ပျက်ပြားရတဲ့ပြင် သေသည်၏
အခြား တမလွန်ဘဝတစ်ပါးမှာတော့ မကောင်းမှု ကံတွေက များလှိုမို့
အပါယ်ဘုံသို့သာ လားသွားရတော့တာပဲတဲ့၊ သို့·လောဘရန်သူ ညှဉ်းဆဲ
သို့ အဘယ်သူများ ဆင်းရဲပျက်စီးဖူးပါသလဲလို့ဆိုတော့-

ငါတို့ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်တုန်းအခါက သာဝတ္ထိ
ပြည်မှာတွင် မနည်စွာများစွာပေါကြွယ်တဲ့ သူဌေးငယ်တစ်ယောက်မှာ မဟာ
တိဿ, စူဠတိဿ· ရယ်လို့ သားငယ်နှစ်ယောက် ရှိသတဲ့၊ အဲ–နောက်

---

* လုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ လုဒ္ဓေါ ဓမ္မံ န ပဿတိ။ ဇာတ်ပုတ်၊ ၂၅၂။
အင်္ဂုတ္တရပါဠိ၊ ဒု၊ ၄၇၁ သီလကွန်၊ ဋ္ဌ၊ ၅၄။
(ပဥ္စမအကြိမ်)

အခါ ထိုသဌေးခင်ပွန်း နှစ်ယောက် ကွယ်ပျောက်သေဆုံးကြသဖြင့် သား အကြီး မဟာတိဿသည် ရှိသမျှပစ္စည်းရပ်ကို ညီငယ်ကိုသာ လွှဲအပ်ခဲ့၍စက် ရဟတ်ဝဋ်ဘေးမှ လွတ်အေးဖို့အကြံနှင့် ဘုရားထံရဟန်းပြုပြီးကမ္မဋ္ဌာန်းတစ် ခုကို လက်ကိုင်ထားလို့မို့ ဝေးလှတဲ့တောကျောင်းတစ်ခုသို့သွားပြီး ရဟန်း တရားကိုသာ အားထုတ်၍နေတယ်၊ အဲ-ညီငယ်၏ ခင်ပွန်းမကလဲ ဥစ္စာဌ် တွယ်တာသောလောဘကြောင့် အဓမ္မနှလုံးသွင်းနှင့် မသင့်သော ကြံမိခြင်း ဖြစ်တယ်၊ ဘယ်လိုဖြစ်ပါသလဲလို့ ဆိုတော့....ဩော်....သာသနာတော်ထမ်း ဖန်သက်နုံးနှင့် ရဟန်းတို့ဘောင်မှာ နေကြရတဲ့ ပုဂ္ဂိုလ်များဆိုတာ ချမ်း သာနှင့်ဆင်းရဲ နှစ်ပါးတွင် ချမ်းသာတာကနည်းပါးလို့ ဆင်းရဲတာကသာ များကြပေတယ်၊ ငါ့ခင်ပွန်း၏ အင်ကိုမှာလဲ ချမ်းသာလှတဲ သူဌေးသား ဘဝကို စွန့်ခွာပြီး သာသနာတော်မှာ ရဟန်းလုပ်၍ တောအုပ်မှာ တစ်ယောက်တည်းနေရတာနှင့် ဆင်းရဲတာကို သည်းမခံနိုင်လို့မို့ လူ့ထံသို့ တစ်ဖန်ပြန်လာမှဖြင့် အပ်နှံခဲ့တဲ့ပစ္စည်းတွေကိုတစ်ဝက်စီအမွေခွဲပြီး နည်းပါး အောင် ဝေရလေဦးမယ်၊ ရဟန်းကြီးအမှန် သေယင်ဖြင့် ရှိသမျှ ဘဏ္ဍာ တွေကို မဝေမခွဲရ ငါတို့ချည်းသာ အကုန်ရတော့မှာပဲလို့၊ အဲ-ဤလို လောဘ၏ အရေးကြောင့် မသင့်အောင် ကြံတွေးပြီး ခိုးသားကြီးငါးရာ ကို ငွေသပြာများစွာ ပေးလို့ အဝေးမှာ နေရှာတဲ့ ရဟန်းမြတ်ကိုအသတ် စေခိုင်းလိုက်တယ်။

အဲ-ခိုးသားငါးရာတို့လဲ အသပြာဆုငွေကိုယူပြီး အပူတပြင်းမထေရ်ရှင် နေတဲ့တောကျောင်းသို့ကပ်ချဉ်း၍ အတင်းဗလက္က သတ်တော့မည်ပြုကြရာ တွင် ရဟန်းမြတ်မထေရ်တော်ကလဲ သုံးဘော်ဝဋ်တွင်း မလွတ်ကင်းသမျှ သေရခြင်းဒုက္ခကို မုချကေန်တွေ့ရမြဲမှန်ချေသည်၊လူ့ဌာန်လူ့ဘုံဘုရားနှင့် ကြိုက်ကြုံပါလျက် မကုန်အာသဝေါ မပျော့မခွာ ကိလေသာချေးညစ်ကို မပစ်မစွန့်ရပဲ မိုက်မဲတွေဝေ ပုထုဇ္ဇန်အဖြစ်နှင့် ယုတ်ညစ်စွာသေရခြင်းကို လွန်မင်းစွာ စက်ဆုပ်ငြီးငွေ့လှသဖြင့် မသေမီကာလ ရဟန္တာဖြစ်ရအောင် တစ်ညဉ့်မျှ အခွင့်ခံ၍ မပြေးမသွားပါဘူး ဟူသော ပဋိညာဏ်ကို ယုံစေရန် အကျိုးငှါပေါင်နှစ်ချောင်းကိုကျောက်ခဲနှင့်ထုချိုးပြီးတစ်ညဉ့်လုံးကြိုးစား ကာ ကမ္မဋ္ဌာန်းကိုသာ အားထုတ်၍ နေရှာတယ်။ ထို့ကြောင့်-

ဥဘော ပါဒါနိ ဘိန္ဒိတွာ၊ သညာပေဿာမိ ဝေါ အဟံ။
အဋ္ဋိယာမိ ဟရာယာမိ၊ သရာဂမရဏံ အဟံ။
(ပဌမအကြိမ်)

အဟံ၊ ငါသည်။ ဥဘောပါဒါနိ၊ အစုံဖြေယှက် ခြေနှစ်ဘက်တို့ကို။ ဘိန္ဒိတွာ၊ မပြေးမလျှောက် မထောက်နိုင်မှု ကျောက်နှင့်ထု၍။ ဝေါ၊ ရစ်ဆီးလှည့်ပတ် ပစ္စည်းလာဘ်နှင့် သတ်မည်ငြိုးထား သင်ခိုးသားတို့အား။ သညာပေဿာမိ၊ ပဋိညာဏ်မှု ဝန်ခံပြု၍ တစ်ခုသက်သေ ယုံပါစေအံ့။ အဟံ၊ ငါသည်။ သရာဂမဏံ၊ ကိလေသာ အာသဝေါ မမျှောမချ မှုမောဟနှင့် ရာဂမကင်း သေရခြင်းကို။ အနိ္ဋယာမိ၊ မစင်အယုတ် ဘင်အိမ်ပုပ်သို့ စက်ဆုပ်ရွံရှာ ငြီးငွေ့ပါ၏။ ဟရာယာမိ–ဗုဒ္ဓုပ္ပါဒ၊ ဒုလ္လဘကျိုး မတုံက်တိုးဘဲ ပျက်ညှိုးဖို့ရာ ရှက်နိုးပါ၏။

အဲ·ဤလိုတောင်းပန်၍ မထေရ်က အခွင့်ခံလေရာ ခိုးသားကြီးငါးရာတို့လဲ အတန်ငယ်ဖဲ့ခွာပြီး ဘော်သင့်ရာ တောရိပ်က ခိုအိပ်စောင့်ငံ့၍နေကြတယ်။ ရဟန်းမြတ်မထေရ်ရှင်လဲ မိမိသီလကိုသာ သုတ်သင်ပြီး ကျင်နာလှတဲ့ ဒုက္ခဝေဒနာကိုသာ ဝိပဿနာရှုတင်လို့ တစ်ညဥ့်လုံး ဆင်ခြင်လေကနေအရုဏ်လဲတက်ကြွ အာသဝေါကုန်ပျက်လို့ အရဟတ္တမဂ်သို့လဲ အကျရပာန္တာအဖြစ်သို့ ရောက်ရသဖြင့် စိတ်ဆန္ဒကွန့်မြူး၍ ဥဒါန်းကျူးတော်မူခြင်းငှာ–

ဝေါဟံ စိန္တယိတွာန၊ သမ္မသိတွာန ယောနိသော။*
သမ္ပတ္တော အရုဏုဂ္ဂမှိ၊ အရဟတ္တ မပါပုဏိ။

အဟံ၊ ငါသည်။ ဝေါ၊ ဤသို့ ရာဂကင်းမှ မငြင်းမဆန် အသတ်ခံမည်ဟူသော အကြံကို။ စိန္တယိတွာန၊ အပြင်းအထန် တင်းတင်းကြံ၍ ယောနိသော၊ တွေးချင့်စဉ်းစား အသင့်အားဖြင့်။ သိမ္မသိတွာန။ ညဥ့်လုံးမလပ်အဆုံးသတ်အောင် မပြတ်သိမ်းဆည်း သုံးသပ်ပြီး၍။ အရုဏုဂ္ဂမှိ၊ နေဒါင်းအိမ်ရောင်လက် အရုဏ်ဘက်ခြင်းသို့၊ သမ္ပတ္တော၊ ပြောင်ရှိန်ဝင်းတောက်အလင်းရောက်သည် ရှိသော်။ အရဟတ္တံ၊ မှုဏှာမျှော စင်ကွာချော၍ အာသဝေါကင်းပြို အရဟတ္တဖိုလ်သို့။ အပါပုဏိ၊ ပေါက်ရှနင်းချွေ ရောက်ရပေပြီ။

အဲ·ဤလို ဥဒါန်းကျူးတော်မူတယ်၊ ခိုးသားကြီး ငါးရာတို့လဲ နေအရုဏ်တက်၍လာလျှင် ရဟန္တာမထေရ်ကို သတ်ထားခဲ့ပြီးမှ မိမိတို့နေရပ်သို့ပြန်သွားကြတယ်၊ အဲ·ဤဒါယကာမသည် စည်းစိမ်ဥစ္စာကို တွယ်တာ၍လောဘ၏အတွက်မကောင်းမှုကိုမှမကြောက်ရှက်နိုင်ခြင်းကြောင့်ယခုပစ္စက္ခ

*ဝေါဟံ စိန္တာယိတွာန၊ ယထာဘူတံ ဝိပဿိသံ၊ သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၃၉။
(ပဌမအကြိမ်)

မှောက်၍ပင် ဆွေမျိုးဖြစ်သောရဟန္တာမထေရ်သောပျောက်လို့မို့ ဉာတိဗျသန ဒုက္ခဘေးကြီး တွေ့ရောက်ရခြင်း ခိုးသားကြီးငါးရာတို့ကိုအသပြာငွေကြေး များစွာပေးရသဖြင့် ဘောဂဗျသနဘေး တွေ့ထိရောက်ရခြင်း, တမလွန်ဘဝ သို့ ကျသောအခါ၌လည်း ရဟန္တာမထေရ်ကို သတ်မိတဲ့အရဟန္တဃာတက-ကံဆွဲတာနှင့် ငရဲ၌ နှစ်မြုပ်ရခြင်းစသော ပစ္စုပ္ပန် တမလွန်အကျိုး ပျက်ညှိုး ဆုတ်ယုတ်ရဆိုတာ အခြားဟာကြောင့် မဟုတ်ဖူးတဲ့၊ လောဘရန်သူ ဖျက်ဆီးလို့ ပျက်စီးဆုတ်ယုတ်ရတာတွေပဲတဲ့၊ အဲ့သို့ကြောင့် လောဘကို ကိုယ်တွင်း ရန်သူကြီးတစ်ယောက်လို့ ဆိုရပါတယ်။

သို့ ဒေါသကိုတော့ ဘယ်ကြောင့် ရန်သူလို့ ဆိုရပါသလဲလို့ဆိုတော့.... အဲ ဒေါသဆိုတဲ့ တရားလဲပဲ မိမိသဘောထားနှင့် မတိုက်ဆိုင်လို့မို့ မနှစ်ခြိုက်တဲ့ အာရုံတစ်ခုကို တွေ့မြင်ခဲ့လျှင် မရှင်မမော မနောပူပြင်း၊ ဒေါသမာန် တသင်းသင်းနှင့် နှိပ်နင်းလို့မရ မြွေဟောက်ကို တုတ်နှင့်ပြတာလို ဗလဝ စောင်းရမ်း စိတ်လက်ကြမ်းနှင့် ငေါက်ငမ်းဆိုဆဲပြီး အကြောင်းအကျိုး အကောင်းအဆိုးကိုမှ မသိနိုင် မမြင်နိုင်ဘဲ မိုက်မဲ့ခေတ္တခဝလို့သာ နေတော့တာပဲတဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက—

ဒေါသော အတ္ထံ န ဇာနာတိ၊ ဒေါသော ဓမ္မံ န ပဿတိ*။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ဒေါသော သဟတေ နရံ။

လို့—ဟောတော်မူတယ်။

ဒေါသော၊ အမျက်မာန်ကြုတ် ဒေါသယုတ်သည်။ အတ္ထံ၊ ချမ်းသာနှင့်စပ် အမြတ်ပွားတိုး လိုအပ်သောအကျိုးကို။ နဇာနာတိ၊ သတိရှေ့ထင်မသိမြင်။ ဒေါသော၊ ကိုယ်တွင်းကခံ ဒေါသရန်သည်။ ဓမ္မံ၊ မကောင်းမထိုးအကြောင်းမျိုးကို။ နပဿတိ၊ အထင်အပိုင် မမြင်နိုင်။ ယာဒါ၊ အနိဋ္ဌာရုံ တိုက်ဆုံကြုံလာ အကြင်အခါ၌။ ယံနရံ၊ ကောဓမာန်မူ အကြင်သူကို။ ဒေါသော၊ ကောဓခက်ထန် ဒေါသရန်သည်။ သဟတေ၊ ပူးကပ်နင်းချေ နှိပ်စက်လေ၏။ တဒါ၊ ဒေါသစွဲ၍ အမြဲပူဆာ ထိုခဏ၌။ သောနရော၊ ဒေါသမီးမြိုက် တဟိုက်ဟိုက်နှင့် ပူအိုက်ရှိုက်ဖို ထိုပုဂ္ဂိုလ်သည်။ အန္ဓတမံ၊ တဟုန်းဟုန်း

* ဒုဋ္ဌော (ကုဋ္ဌော၊ သီ၊ ဋ္ဌ) အတ္ထံ န ဇာနာတိ၊ ဒုဋ္ဌော ဓမ္မံ န ပဿတိ။ ဇာတိဝုက်၊ ၂၅၂၊ သီလက္ခန်၊ ဋ္ဌ၊ ၅၂။
(ပဌမအကြိမ်)

သွန် ကိုယ်လုံးမွန်အောင် မာန်တံခွန်စိုက် အလွန်မိုက်သည်။ ဟောဘိ၊ စင်စစ်မသေ့ ဖြစ်ရချေ၏။

အဲ-ဤလို ဒေါသမူရန်သူဖမ်း၍ ယုတ်မှန်းမြတ်မှန်းကိုမှ မသိနိုင်မမြင်နိုင်အောင် အလွန်မိုက်မဲတွေဝေနေရတဲ့ လူတစ်ယောက်မှာ အသိပညာ အလိမ္မာ ဉာဏ်မပေါက်နိုင်ဘဲ မှားမှောက်ယွင်းပါးပြီး မပြစ်မှားသင့်တဲ့ သူတော်သူမြတ်များကို ပြစ်မှား၊ မလွန်ကျူးသင့်တဲ့ အရာဌာနများကိုလဲ လွန်ကျူးစော်ကားမိခြင်းကြောင့် ယခု ပစ္စက္ခဘဝ၌ပင် ပစ္စုပ္ပန်ကျိုး ပျက်ပြားရတဲ့ အပြင် သေသည်၏အခြားမှာ အပါယ်ဘုံသို့သာ လားသွားရတော့တာပဲတဲ့။ သို့ ဒေါသရန်သူ ဖျက်ဆီးလို့ ဘယ်သူများ ဆုတ်ယုတ် ပျက်စီးဖူးပါသလဲလို့ ဆိုတော့—

ငါတို့ ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်မတွင် ကောက မည်သော မုဆိုးတစ်ယောက်ရှိတယ်။ အဲ-ထိုမုဆိုးသည် တစ်နေ့သ၌ မိမိ၏စရိုက်ဘာဝ ပြုပြုနေကျ အလေ့အလာဖြင့် အမဲသားငါးဖွေရှာခြင်းငှာ လေး,မြားလက်နက်တို့ကို ထမ်းဆောင်ကာ ခွေးအပေါင်း များစွာနှင့် မြို့တွင်းက ထွက်ခဲ့ပြီး တောဘက်သို့ဝင်လာတယ်။ မထေရ်ရဟန်းတော်တစ်ပါးလဲ မြို့တွင်းသို့ ဆွမ်းခံသွားမယ်လို့ သင်္ကန်းများသပ္ပါယ်ပြီး သပိတ်ကို ပွေ့လွယ်ကာ ဇေတာန်ကျောင်းမှထွက်လာ၍သာယာသောတောင်တန်းမှ ပြင်ပန်းရွာဘက်သို့အကျ ခရီးလမ်းတောစတွင် မုဆိုးကြီးကောကနှင့် အဆင်သင့်ဆိုင်မိကြသဖြင့် ပါပလူမျိုး တောမုဆိုးလဲ ရှိခိုးမြတ်နိုးခြင်းကိုမှ မပြုဘဲ ဒိဋ္ဌိယူဖောက်လွဲသဖြင့် ဆိုဆဲငေါက်ငမ်းစိတ်လက်ကြမ်းနှင့် ပရမ်းပတာ ဤရဟန်းသူယုတ်မာ အသရေမရှိ ဦးဆံတိတဲ့ ဒုဂ္ဂတိမင်္ဂလာကို မြင်ကာတွေ့ရ နိမိတ်ဆိုးပါပကြောင့် ယနေ့ငါ့မှာ တောဆုံးအောင် ရှာသော်လဲ ဟင်းလျာလာဘ်မျိုး ပျောက်ကွယ်လျှို၍ အကျိုးဆုတ်ပျက် လာကျေးဇူးမနပ်လေဘဲ အချည်းစည်းထွက်ခဲ့ရလိမ့်မည်ဟု မထီလေးစား မျက်နှာလွှဲညည်းတွားပြီး မသတီသော စိတ်ထားနှင့် တံတွေးများ ထွေးသွားတယ်တဲ့။

အဲ-မထေရ်ရဟန်းလဲ ရွှင်လန်းသော မျက်နှာနှင့်ပင် မြို့တွင်းသို့ ဆွမ်းခံဝင်ပြီး အိမ်စဉ်မပြတ် လှည့်ပတ်ရပ်ဆိုင်းသွားမြဲတိုင်းဖြင့် နေ့တိုင်းကိစ္စ အိမ်တိုင်းကလှူသမျှကို မျှဘအောင်ရခဲ့သဖြင့် ကာလကိုမြော်တွေး၍ မြို့တွင်းမှာပင် ဆွမ်းဘုဉ်းပေးတော်မူပြီးမှ တဖြည်းဖြည်း လမ်းစဉ်ဖြင့် ကမ္ဘဋ္ဌာန်းကို

ဆင်ခြင်လျက် မြို့ပြင်သို့အထွက် ရှားဘက်ကိုကျော်မြောက် ဘောဘက်သို့အရောက် တစ်ခုသောသစ်ပင်အောက်မှာ တစ်ယောက်တည်း နားနေတော်မူတယ်။

အဲ-ထိုအခါ နံနက်ထစောစောက တွေ့ခဲ့တဲ့ ကောကမည်သောမုဆိုးကြီးလည်း ဟူးတီးဟူးတားခွေးအများနှင့် တောဖျားတောင်အောက် တမနက်လုံး လှည့်လျှောက်၍ ချွေးပေါက်ပေါက်ကျ သားသမင်တစ်ကောင်ကိုမျှ စားလောက်အောင် ရှာမရခဲ့သဖြင့် မလှမျက်နှာ မသက်သာဘဲ နံနက်စာ ထမင်းဆာမွတ်ခြင်းကြောင့် တောတွင်းကလှည့်ဖောက် ရှာစပ်သို့ အရောက်တွင် သစ်ပင်အောက်မှာနားနေတဲ့ ရဟန်းတော်ကို မြင်ပြန်က စိတ်မာန်ကြမ်းခက် ခုနံနက်က ငါထွက်စဉ်ကာလကပင် ပါပတိတ်ညှိုး နိမိတ်ဆိုးတဲ့ ဤရဟန်းကျိုးကို မြင်ရလို့သာ မင်္ဂလာကင်းပ သားသမင်တစ်ကောင်ကိုမျှ စားလောက်အောင်ရှာမရ၍ ထွက်ခဲ့ရငါ့မှာ ဤယခုလာပြန်ပါသော်လဲ မင်္ဂလာကင်းစဲ ရဟန်းမဲ့ကို ရှောင်လွှဲမရ နက်ဖြန်ခါ လာဘ်နှင့်လွဲစေဖို့ အမြဲပင် တွေ့ပြန်ရသည်ဟု ဒေါမနကျိတ်အခဲနှင့် ဆိုဆဲကာရေရွတ်ပြီး ခွေးအပေါင်းများစွာကို ရှူးတိုက်ကာလွှတ်လိုက်တယ်၊ အဲ-ရဟန်းမြတ်ထေရ်မဟာကလဲ ဒါယကာမုဆိုး စိတ်မဆိုးပါနှင့် အကျိုးမလှ ဒုစရိုက်ပါပကို ဝေးလှအောင်ရှောင်ရှား၍ တရားသက်ဝင် သူတော်စင်ကို မဆင်ခြင်မစဉ်းစားဘဲ ပျက်ပြားဖို့အရေး ဝန်လေးမည်အမှုကို မပြုမကျင့်ပါနှင့် သံသရာကို ထောက်ထားပြီး ခွေးများကို သိမ်းရုပ်သင့်ပါတယ်လို့ အဲ-ဤလိုအကြောင်းပြန်၍ မုဆိုးကို တောင်းပန်တယ်။

အဲ-မုဆိုးကြီးလဲ စိတ်ကြီးမာန်ကြွ အတွင်းက တရားနည်းတာနှင့် တားဆီးလို့မရဘဲ ထပ်၍တစ်ဖန်ရှူးတိုက်ပြန်တယ်၊ အဲ-ထိုအခါ စီညီသောင်းပြောင်းခွေးအပေါင်းတို့လဲ မာန်စောင်းဂုဏ်မြင့် စွယ်ဝင့်ဝင့်နှင့် ကစင့်ကပါး ခုန်ပေါက်သာပြေးလွှားပြီး ဟန့်တားမရ ဝိုင်းအုံကာအနီးအပါးမှာ ကိုက်ဝါးမည်ပြုကြရာတွင် သာဓုကာရီ မဟာထေရ်လဲ ခိုမှီရန်ရှာမှီးက ခွေးရန်ကလဲကြီးတာနှင့် အနီးတွင်ရှိတဲ့ သစ်ပင်ကိုတက်ပြီး အခက်ကိုနင်းနှိပ်ကာ ရပ်တန့်၍ နေတော်မူရရှာဘယ်။၊အဲ-ခွေးအပေါင်းများစွာတို့လဲ ချဉ်းကပ်ကာဘစီစီ သစ်ပင်ထက်က မဟာထေရ်ကို မမှီနိုင်အခင်းကြောင့် ပင်ရင်းကလှည့်အော်၍ ကြည့်မျှော်ကာနေကြတယ်၊ အဲ-ထိုအခါ မုဆိုးကြီးလဲတစ်ဟုန်တည်းပြေးဝင်ကာသစ်ပင်အောက်သို့လာပြီး လှမ်းကာလက်မြှောက် မထေရ်၏ခြေထောက်

(ပဉ္စမအကြိမ်)

ကို မြားစူးနှင့် ထိုးဖောက်လေက သွေးပေါက်ယိုကျ ကျင်နာလှတာနှင့် မထေရ်က ခြေတစ်ဖက်ကို အထက်သို့ ပင့်မြှောက်ပါသော်လည်း အောက်ထောက်တဲ့ခြေကို ထိုးပြန်၍ အရိုးထိနစ်မြုပ်အောင် ဆွဲနုတ်ကာ အထပ်ထပ်တန့်ရပ်ကာမနေတတ်အောင် မပြတ်ပင်အငြိုးထား၍ထပ်မနားဆိုးလေလျှင် မထေရ်ရှင် သံဃာလဲ ခိုကိုးရာ ရှာမရဘဲ သစ်ပင်ကကျတော့မလို မကြွနိုင် မတိမ်းနိုင် ထိန်းသိမ်းလို့ မခိုင်တာနှင့် ယိမ်းယိုင်ကာ လှုပ်ရှားပြီး ဝတ်ရုံတဲ့ သင်္ကန်းကိုမှ သတိမထားနိုင်ဘဲ လွင့်ပါးကာကိုယ်တော်ကပြုတ်ပြီး မုဆိုးကြီးဦးခေါင်းပေါ်ကို သင်္ကန်းတော်ဖုံးအုပ်လျက် ကျသွားတယ်၊ အဲ ထိုအခါ အနားက ဝိုင်းရံနေတဲ့ခွေးအပေါင်းကလဲ သောင်းသောင်းအုံကြွ သစ်ပင်က ရဟန်းကျပြီဟု သင်္ကန်းစကိုဆွဲငင်၍ အပွင်းကို ကိုယ်စီဝင်ပြီး မိမိဘို့၏သခင် မုဆိုးကြီးအသားကို ဝိုင်းအုံကာဆွဲငင်၍ စားကြတာနှင့် အရိုးလောက်ကို သာခြွင်းချန်၍ ထားကြပြီး ရဟန်း၏ ခြောက်မောင်းသံကို ကြားခါမှ အရပ်တစ်ပါးသို့ ရှောင်ရှားထွက်ပြေးကြတယ်။

အဲ မထေရ်ရဟန်းလဲ ပင်ပန်းလှုပ်လှက် သွေးသံစက်နှင့် အနိုင်နိုင်ဆွဲဖက်၍ သစ်ပင်ထက်က သက်ဆင်းပြီး ထောက်နင်းညှိုးကျုံ သင်္ကန်းတော်ကို ဝတ်ရုံလို့ မုဆိုးကြီး၏သေရပုံကို အာရုံစွဲဝင်သံဝေဂဉာဏ်တော်ယှဉ်ပြီးမှ မိမိ၏သီလကို ဆင်ခြင်ပြန်တယ်၊ ဘယ်လိုဆင်ခြင်ပါသလဲလို့ဆိုတော့ ဩော်-ဤမုဆိုး၏ခုသေရခြင်းကား ငါ၏သင်္ကန်းလျှောကျ၍ သေခြင်းဖြစ်တယ်၊ ဤသူ၏သေခြင်းသည် ငါ၏ပယောဂမှ ကင်းပါအံ့လော၊ ရှေးကလိုငါ့သီလ ပကတိမှ ရှိပါသေးအံ့လောဟု အဲ ဤသို့တွေးတောဆဝါးပြီး၊ သံသယဒွိဟာ ဖြစ်ပွားလှဘာနှင့် ဘုရားထံအမြန်သွားပြီး အကြောင်းမျိုးကိုလျှောက်ထားတယ်၊ ဘုရားရှင်သုံးလူ့ဘလည်း ရဟန်း၏ ဒွိဟသံသယကို ပယ်ချ ရှင်းလင်းပြီးမှ မုဆိုး၏သေရခြင်းကို အကြောင်းရင်းစုံပြု၍ စုမိတဲ့ ပရိသတ်တို့အား ဘုရားမြွတ်အမြိုက်ဆေးကို တိုက်ကျွေးတော်မူလို၍–

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

လို့–ဟောတော်မူတယ်။ (ဓမ္မပဒ၊ ဌ၊ ဒု၊ ၂၂)

(ပဌမအကြိမ်)

ယော၀ဗာလော၊ အကြင် ဉာဏ်မြင်မလိုက် အထင်စိုက်၍ စရိုက်မဖြူ မိုက်သောသူသည်။ အပ္ပဒုဋ္ဌဿ၊ အမျက်မာန်ပွား အကြံမှားနှင့် တရားညစ်ညောင်း မပြစ်မှားကောင်းသော။ သုဒ္ဓဿ၊ ခရုသင်းပွတ်သစ် ပုလဲနှစ်သို့ မှုန်ညစ်မတွယ် စင်ကြယ်သောသီလရှိသော။ အနင်္ဂဏဿ၊ ကိလေသာကင်း ရာဂရှင်းသော။ နရဿပေါသဿ၊ လူတွင်တစ်ပါး ထင်အရှားပင် ကျော်ကြား ထိုထို ရဟန္တာဖြစ်သော ပုဂ္ဂိုလ်အား။ ဒုဿတိ၊ ဒေါသမာန်ရစ် အကြံညစ်နှင့် အပြစ်ဖြစ်စေ ပြစ်မှားလေ၏။ ပဋိ၀ါတံ၊ နေရာတစ်ဘက် လေညာထက်သို့။ ခိတ္တော၊ ကိုင်ညှစ် ပေါက်ခတ် ပစ်မြှောက်အပ်သော။ သုခုမောရဇော၊ သိမ်မွေ့သေးနုံ မြူလွေးမှုန်သည်။ တမေ၀၊ ထိုမချစ်ရန်မူ ပစ်သောသူသို့သာလျှင်။ ပစ္စေတိဣ၀၊ တစ်ဖန်လျှောက်ကာ ပြန်ရောက်လာသကဲ့သို့။ တမေ၀ဗာလံ၊ ထိုအပြစ်ယူပိုက် ရန်သူမိုက်သို့သာလျှင်။ ပါပံ၊ မကောင်းခြစ်ချုတ် အပြစ်ယုတ်သည်။ ပစ္စေတိ၊ ရှေးရှုလှည့်ကာ ပြန်ထိလာ၏။

အဲ-ဤလို ယုတ်မာညစ်ညမ်းလှတဲ့ မုဆိုးကြီးကောကလဲပဲ ဒေါသရန်သူကြီး ကိုယ်တွင်းကဆွဲတာနှင့် မြတ်သောသူပေပဲလို့လဲ မသိ၊ မပြစ်မှားသင့်တဲ့ ရဟန်းတော် မထေရ်များကိုပင် ကြမ်းကြုတ်စွာ ပြစ်မှားမိခြင်းကြောင့် လက်ငင်းပစ္စက္ခ ယခု မျက်မှောက်ဖြစ်သော ဘ၀၌ပင်လျှင် အများမျက်မြင် ထင်ထင်ရှားရှား ကိုယ်မွေးတဲ့ ခွေးများကပင် မိမိကိုယ်ကို ဆွဲငင်ကိုက်စား၍ ဒုရော ငါးပါးသေရခြင်း, သေသည်၏ အခြား တမလွန်ဘ၀ဘစ်ပါးမှာလဲ အပါယ်ငရဲသို့သာ လားသွားရခြင်း တည်းဟူသော ပစ္စုပ္ပန်တမလွန် အကျိုးနှစ်ပါး ပျက်ပြားဆုတ်ယုတ်ရတာလဲ အခြားဟာကြောင့် မဟုတ်ဘူးတဲ့၊ ဒေါသရန်သူကြီး နှိပ်စက်ဖျက်ဆီးလို့ ပျက်စီးဆုတ်ယုတ်ရတာပဲတဲ့၊ အဲ-တာကြောင့်မို့လို့ ဒေါသကိုလဲ ကိုယ်တွင်းရန်သူကြီး တစ်ယောက်လို့ ဆိုရပါတယ်။

သို့-မောဟကိုကော ဘယ်ကြောင့် ကိုယ်တွင်း ရန်သူကြီးတစ်ယောက်လို့ ဆိုရပါသလဲလို့ ဆိုတော့ .. မောဟဆိုတဲ့ တရားဟာလဲပဲ သတ္တ၀ါ သဏ္ဍာန်ထဲမှာ ၀င်စွဲခိုလာမိပြီလို့ ဆိုလျှင် ထိုမောဟစွဲခိုတဲ့သူဟာ မီးရောင်မရှိတဲ့ တိုက်ခန်း နေရောင်မထိတဲ့ ချောက်ကမ်းကြီးများကို သူကန်းကြီးကျသွားတာလို အမှားမှား အစောင်းစောင်းနှင့် အကောင်းအဆိုး အကြောင်းအကျိုးမှ

မသိနိုင် မမြင်နိုင်တဲ့ တစ်စိုက်တည်း စိုက်ခါလဲပြီး မိုက်မဲတွေဝေလို့သာ နေတော့တာပဲတဲ့၊ အဲ-တာကြောင့် မြတ်စွာဘုရားက—

မောဟော အတ္ထံ န ဇာနာတိ၊ မောဟော ဓမ္မံ န ပဿတိ။ *

အန္ဓတမံ တဒါ ဟောတိ၊ ယံ မောဟော သဟတေ နရံ။

လို့-ဟောတော်မူတယ်။

**မောဟော**၊ လူကိုစွဲ၍ အမြဲမှောင်ချ ကိုယ်တွင်းရန် မောဟသည်။ **အတ္ထံ**၊ မပြတ်တိုးပွား ကောင်းမြတ်သော အကျိုးတရားကို။ **နဇာနာတိ**၊ သတိမှောင်ဝေ မသိချေ။ မောဟော၊ အတွင်းကခံ မောဟရန်သည်။ ဓမ္မံ၊ နောက်နှောင် ကောင်းခြင်း အကြောင်းရင်းကို။ နပဿတိ၊ ငေးမှိုင် တွေဝေ မမြင်ချေ။ ယဒါ၊ ကိုယ်ကျိုး ကွယ်ပျောက် အဆိုးနှောက်၍ မှောက်ချိန်ရောက်လာ အကြင် အကြင် အခါ၌။ ယံနရံ၊ တရားမသိ နား မရှိနှင့် သတိမကူ အကြင်သူကို။ မောဟော၊ ကိုယ်တွင်းကခံ မောဟရန် သည်။ သဟတေ၊ မပြတ်ကြိတ်ချေ နှိပ်စက်လေ၏။ တဒါ၊ မောဟဖက်၍ ပျက်လုနီးလာ ထိုအခါ၌။ သောနရော၊ ဆင်ကန်းအသွင် လမ်းမမြင်ဘဲ ဆွဲငင်ရာပါ ထိုသတ္တဝါသည်။ အန္ဓတမံ၊ ဖောက်ပြန်သွေးမွှန် အရေးသွန်၍ မာန်တံခွန်စိုက် အလွန်မိုက်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရချေ၏။

အဲ ဤလို မောဟရန်သူကြီး သွေးမြှောက်ထားတာနှင့် ယုတ်မှန်းမြတ် မှန်းကိုမှ မသိနိုင် မမြင်နိုင်လောက်အောင် မူးနောက် တွေဝေနေရတဲ့ လူ တစ်ယောက်မှာ အသိပညာ အလိမ္မာဉာဏ်မပေါ် မပေါက်နိုင်လို့မို့ မှား မှောက် ယွင်းပါးပြီး မပြစ်မှားသင့်တဲ့ သူကိုလဲ ပြစ်မှား, မလွန်ကျူးရမဲ့ အရာဌာနကိုလဲ လွန်ကျူး စော်ကားမိခြင်းကြောင့် ယခုဘဝ ပစ္စုပ္ပန်ကျိုး ပျက်ပြားရတဲ့ပြင် နောင်တမလွန်ဘဝတစ်ပါးမှာတော့ အပါယ်ဘုံသို့သာ လားသွားရတော့တာပဲတဲ့၊ သို့မောဟရန်သူ ဖျက်ဆီးတာနှင့် ဘယ်သူများ ပျက်စီးဖူးပါသလဲလို့ ဆိုတော့—

ငါတို့ဘုရားရှင် လက်ထက်က သာဝတ္ထိမြို့တွင်းမှာ ရွှေထွင်းသမား တစ်ယောက်ရှိတယ်၊ အဲ့-ထိုရွှေထွင်းသမား ယောကျ်ားဟာ ရတနာသုံးပါး၌ ကြည်ညိုတဲ့သဒ္ဓါတရားဖြင့် ရဟန်းတော်တစ်ပါးကို ဖိတ်ကြားပင့်ယူ၍ မိမိ အိမ်မှာပင် နေ့စဉ်မပြတ် နိစ္စဘတ်ဖြင့် လုပ်ကျွေးကာ ဆွမ်းကပ်လှူနေတယ်။

အဲ-အလှူခံထေရ်သခင်လဲ ကြည်လင်သော ဒါယကာ၏ သဒ္ဓါတရားကို

* မူဠှော အတ္ထံ န ဇာနာတိ၊ မူဠှော ဓမ္မံ န ပဿတိ။ ဇာတိဝတ်၊ ၂၅၂။
(ပဋ္ဌမအကြိမ်)

ကရုဏာရှေ့ထားပြီး သနားစောင့်ရှောက်၍ ချီးမြှောက်တော်မူခြင်းငှာ ထိုဒါယကာ၏အိမ်သို့သွားပြီး နေ့တိုင်းပင် ဆွမ်းစားတော်မူတယ်။

အဲ-တစ်နေ့သ၌ မထေရ်မြတ်ဆွမ်းဘုန်းပေးခိုက်တွင် ထိုက်တန်တဲ့အဖိုးကို သတ်မှတ်ပြီး ပြည်ကြီးရှင် ဘုရင်မင်းမြတ်က ဖောက်ထွင်းရန် ရွှေလုံးကို အပ်လာ၍ ရဟန်းမြတ် မထေရ်တော် အနီးအပါးမှာပင် ရွှေလုံးကိုချထားခဲ့ပြီး ဒါယကာ အိမ်အောက်ကို ဆင်းသွားတယ်၊ အဲ-ထိုအိမ်၌ မွေးထားတဲ့ ကြိုးကြာငှက်ကလဲ လက်လက်ပြောင်လွှင် အနားကရွှေမျက်ရှင်ကို မိမိဖို့ထားသော အစာထင်လို့မို့ကောက်ငင်မျိုစားပြီး မထေရ်၏ အနီးအပါးမှာ မသွားဘဲဝပ်နေတယ်၊ အဲ-ရွှေထွင်းသည် ယောကျ်ားလဲ မထေရ်ထံတက်သွားပြီး ထားခဲ့သော ရွှေလုံးကို မမြင်တာနှင့် မဆင်ခြင် မစဉ်းစား ရဟန္တာမထေရ်မြတ်ကိုပင် တွေးမှတ်ကာ အထင်မှားပြီး ရွှေလုံးကို ခိုးယူသလားလို့ လျှောက်ထားကာ မေးမြန်းတယ်။

မထေရ်မြတ်ရဟန်းတာကလဲ ကြိုးကြာငှက်သေမည်ကို သနားတာနှင့်ပြန်လှန်ကာ စကားတုံ့မပေးဘဲ မှိုင်ငေးကာ နေတော်မူလေလျှင် ရွှေထွင်းသမားလုလင်လဲ မမြင်မှောင်သမ်း မောဟမျှင်ရန်သူဖမ်းသဖြင့်စိတ်ကြမ်းမာန်မျက် မီးကျသည့်ယမ်းစနက်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်ပြီး အယုတ်ရဟန်းရှင်ဟော့ရမ်းကို ဆွမ်းပန်းလုပ်ကျွေး သူတော်စင်အထင်မှတ်လို့မို့နေ့မပြတ်ငါမွေးတယ်၊ အလေးအမြတ် မွေးပေးတဲ့ကျေးဇူးကို အထူးပင် မဆပ်တဲ့ပြင် မအပ်တဲ့အမှုရာဇဝတ်မင်းရေး အပြစ်ပေးဖို့ မအေးအောင် ပြုရသလားဟု တက်သွားအိမ်ထဲ ကြိုးကြိမ်ကိုကိုင်ဆွဲပြီး တုပ်လှဲနှင်းနှိမ် ကြမ်းကြုတ်တဲ့ဒေါသရှိန်ဖြင့် အကြိမ်ကြိမ် အထပ်ထပ် လည်မျိုကို ကျောဘ့ကွင်းတပ်လို့မို့ ရိုက်ခတ်ထောင်းထု အတင်းပင်တွန်းမှောက်လှန်ပြီး ကျောက်ကန်ကာပြုရာတွင် မရှုမလှ အလိမ်းလိမ်း အကျုံကျုံ ပါးစပ်က သွေးစိမ်းတွေ အန်လို့မို့စီးလျှံကာကျလေမှ အနားက ကြိုးကြာငှက်လဲ ပြေးထွက်လျှောက်ကာ သွေးစက်ကို သောက်လာတယ်။

အဲ-ထိုအခါ ရွှေထွင်းသည် ဒါယကာလဲ စိတ်ပါမာန်ကြမ်း ဟစ်အော်ကာ ငေါက်ငမ်းပြီး ဒေါသစွမ်းမာနဟုန်တက်လို့မို့ပြန်လှည့်ကာရိုက်နှက်လိုက်ရာတွင် ကြိုးကြာငှက်သေဆုံးလို့ အတုန်းသား လဲနေရှာတယ်၊ အဲ-ဤကဲ့သို့ ကြိုးကြာငှက်သေတာကို ရဟန္တာမထေရ်သိလေကသတိကိုရစေရန် ဒါယကာကို တောင်းပန်ပြီး ဒေါသမာန်ကုန်စဲမှ ကြိုးကြာငှက်၏ ဝမ်းကို

ခွဲပြီး ရွှံလုံးကို ထုတ်ယူစေတယ်၊ အဲ· ထိုအကြောင်းကို သိရသောအခါ ရွှံထွင်းသည့် ဒါယကာလဲ ပူဆာပြင်းထန် မှားမိတဲ့ အပြစ်ဒဏ်ကို သည်းခံတော်မူပါမည့် အကြောင်းနှင့် ဝပ်ညောင်းရိုကျိုး ရှိခိုးဝန်ချကာ ရှေးကနည်းမပျက်သာ ဆက်လက်ကာအိမ်ကိုကြွလို့မို့ တစ်သက်ပင် ဆွမ်းလုပ်ကျွေးပါရမယ့်အကြောင်းနှင့် လျှောက်တောင်းပန်ကြား အသနားခံလေရာ၊ မထေရ်မြတ် ရဟန္တာကလဲ ရွှံထွင်းသည့် ဒါယကာ-ရဟန်းတို့ဆိုတာမှာ နေ့တိုင်းပင် အိမ်ကိုလာပြီး သံသဋ္ဌာအမှု လူတို့နှင့် ရောယှက်ခြင်းကို ပြုလေက ယခုလိုအပြစ်ဘေးနှင့် ရောထွေးရမြဲ ဖြစ်ချေသည် ရဟန်းဟုဖြစ်ပေက အိမ်စဉ်ရေရသမျှနှင့် ဆွမ်းခံလို့ မျှတမှသာ သံသဋ္ဌအပြစ်ကင်းလို့ ဘေးဘယ မချွတ်မယွင်းဘဲ ရှင်းရှင်းကြီး လွတ်ကွာ၍ ချမ်းသာစွာ နေကြရသည်၊ မသေမီအကြား ယနေ့ကို အစထားလို့ ဒါယကာတို့ အိမ်သို့ အမြဲသွားပြီး ဆွမ်းစားခြင်း အမှုကို ဘယ်အခါမှ ငါမပြုလိုပြီဟု အကြောင်းစုံကို ပြန်ကြားပြီး ဒါယကာ တောင်းပန်သော စကားကို ပယ်ရှားတော်မူပြီးမှ ထိုအိမ်မှဖဲခွာ၍ နောက်တစ်ခါ မပြန်လာဘဲ ဆွမ်းခံလို့သာ အသက်မွေး နေတော့တာပဲတဲ့။ ထို့ကြောင့်-

ပစ္စတိ မုနိနော ဘတ္တံ၊ ထောကံထောကံ ကုလေကုလေ။
ပဏ္ဍိကာယ စရိဿာမိ၊ အတ္ထိ ဇင်္ဃဗလံ မမ။

ဟူသော စကားကို မိန့်ကြားတော်မူတယ်။ (ထေရ၊ ဌ၊ ပ၊ ၃၆၁)

ကုလေကုလေ၊ အမိုးချင်းထိ မြို့တွင်းပြည့်မျှ မျှော်ကြည့်မြိုင်းမြိုင်း အိမ်ရှိတိုင်း, အိမ်ရှိတိုင်း၌။ မုနိနော၊ သက်နှံဝတ်ဆင် ရဟန်းရှင်တို့ ခိုဝင်ရပ်လာ လှူဘပ်ရာဖို့။ ထောကံထောကံ၊ တစ်ဇွန်းတယောင်း တစ်စလောင်းနှယ် အနည်းငယ်, အနည်းငယ်သော။ ဘတ္တံ၊ အာဟာရဝင် ဆွမ်းဘောဇဉ်ကို။ ပစ္စတိ၊ နေ့တိုင်းနံနက် ရက်တိုင်းဆက်၍ မပျက်တုစေ ချက်ကြပေ၏။ မမ၊ သာသနာတော်ထမ်း ငါရဟန်းအား။ ဇင်္ဃဗလံ၊ ထသွားထိုင်လျောင်း လူးလာပြောင်းဖို့ မစောင်းမပါး မြင်းခေါင်းအားသည်။ အတ္ထိ၊ ကျန်းမာလျက်ပေရှိပါချေ၏၊ ပိဏ္ဍိကာယ၊ တစ်အိမ်မှဖဲ တစ်အိမ်လှဲ၍ ရပ်တင်ဆင်း ဆွမ်းခံခြင်းငှာ။ စရိဿာမိ၊ တစ်သက်ရှည်ကြာ လှည့်လည်ပါအံ့။

အဲ-ဤရွှံထွင်းသမား လုံလင်ယောကျ်ားလဲပဲ မသိမမြင် မဆင်ခြင်နိုင်တဲ့ မောဟ တရားကြောင့် ရဟန္တာ မထေရ်များကိုပင် အထင်မှားပြီးစော်ကား လွန်ကျူး မိရသဖြင့် ယခုပစ္စက္ခဘဝ၌ပင်လျှင် ဖူးမြင်မြတ်နိုး ရှိခိုးပူဇော်ထိုက်

တဲ့ ရဟန္တာသူတော်သူမြတ်များနှင့် ကွေကွင်းရတဲ့ပြင် ရဟန္တာကို ပြစ်မှားမိတဲ့ မကောင်းမှုကံဆွဲသွားတာနှင့် သေသည်၏အခြားမှာ ငရဲသို့သာ လားသွားရဆိုတာ အခြားဟာကြောင့်မဟုတ်ဘူးတဲ့ ကိုယ်တွင်းက မောဟရန်သူကြီး ဖျက်ဆီးလို့ ပျက်စီးဆင်းရဲရတာတွေပဲတဲ့၊ အဲ-သို့ကြောင့် မောဟကိုလဲ ကိုယ်တွင်းရန်သူကြီးတစ်ယောက်လို့ ဆိုရပါတယ်။

အဲ-ဤလိုလောဘ,ဒေါသ, မောဟဆိုတဲ့ ရန်သူကြီးသုံးဦးတို့ပူးကပ်ခိုမှီးဖိစီးနှိပ်စက်၍ ထားကြခြင်းကြောင့်သာ သတ္တဝါအများ သုံးဘုံသားတို့မှာ မှောက်မှားချွတ်ယွင်း ဘေးဒုက္ခမလွတ်ကင်းနိုင်ဘဲ ပျက်စီး တိမ်းပါးခြင်းသို့ ရောက်နေကြရတာတွေတဲ့၊ သို့ကြောင့် ထိုရန်သူကြီးသုံးဦးတို့ကို မိမိကိုယ်၌ မခိုမကပ် မစပ်မပူးစေရအောင် ဝေးဝေးက ကွင်းရှောင်နိုင်ကြရမယ်၊ ထိုရန်သူကြီးများကိုမရှောင်မရှားမဆီးတားနိုင်လို့မို့ ရန်သူကြီးသုံးယောက်တို့က ဖိစီးနှိပ်စက်ထားတုာနှင့် ပျက်စီးမှောက်မှားနေရှာကြရတဲ့ သူများကို မြင်ပြန် တွေ့ပြန်လို့ရှိလျှင်လဲပဲ သြော်-ဤသူ ဤသူများကဲား ရန်သူကြီး သုံးဦးသားတို့ကို မတားမဆီး မဖျက်ဆီးနိုင်ကြခြင်းကြောင့် ဤကဲ့သို့ပျက်စီးမှောက်မှားလို့ နေကြရရှာတယ်၊ ငါတို့ သူငါမှာမူကား ထိုသူများကဲ့သို့ မှမှောက်မှား မပျက်စီးစေရဘူးဟဲ့လို့ အဲ-ဤလို သံဝေဂဉာဏ် ဖြစ်ပွားပြီး သတိကို အထူးထားလို့မို့ မိမိ၌ရှိတဲ့ လောဘ,ဒေါသ,မောဟတရားများကို တံဖြည်းဖြည်း ခေါင်းပါးအောင် ခွါခြစ် စွန့်ပစ်နိုင်စေကြရမယ်တဲ့၊ အဲ-ဒါကြောင့် မြတ်စွာဘုရားက—

> ပရေ ပန လောဘာ အလောဘာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော၊ ပရေ ပန ဒေါသာ အဒေါသာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော၊ ပရေ ပန မောဟာ အမောဟာဘဝိဿာ မာတိ သလ္လေခေါ ကရဏီယော။*

လို့ ဟောတော်မူတယ်။

ပရေ၊ မျက်မှောက်ရှေ့တွင် တွေ့မြင်ထင်ရှား သူတစ်ပါးတို့သည်။ လောဘာ၊ လောဘကြီး၍ ပျက်စီးမှောက်မှားကြကုန်၏။ မယံပန၊ သတိစွဲဝင် သမှ

---

* ဤပါဠိကား-အနက်ပေးပုံနှင့်တကွ ပါဠိတော်များနှင့်မတူ ဖြစ်နေသည်။ မူလပဏ္ဏာသ၊ သလ္လေခသုတ် စသည်တို့ကိုကြည့်။

(ပဌမအကြိမ်)

ဇဉ်နှင့် ဆင်ခြင်စဉ်းစား ငါတို့သူငါမှာမူကား။ အလောဘာ၊ လောဘမကြီး မပျက်စီးရကုန်သည်။ ဘဝိဿာမ၊ ဘဝထိုထိုဖြစ်ရပါလိုကုန်၏။ ဤတိ-ဤသို့။ သလ္လေခေါ၊ တစ်ပါးနှုန်းစံထုံးနည်းခံ၍တွေးကြံအားသစ်ခေါင်းပါးအောင် ခြစ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ မပြတ်တစေ ပြုအပ်ချေ၏။

ပရေ၊မျက်မှောက်ရှေ့ဝယ်ဝင် တွေ့မြင်ထင်ရှားသူတစ်ပါးတို့သည်။ ဒေါသာ၊ ဒေါသကြီး၍ ပျက်စီးမှောက်မှားကြကုန်၏။ မယံပန၊ သတိစွဲဝင် သမ္မဇဉ်နှင့် ဆင်ခြင်စဉ်းစား ငါတို့သူငါမှာမူကား။ အဒေါသော၊ ဒေါသမကြီးမပျက် စီးနိုင်ကုန်သည်။ ဘဝိဿာမ၊ ဘဝထိုထိုဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ တစ်ပါးနှုန်းစံထုံးနည်းခံ၍တွေးကြံအားသစ်ခေါင်းပါးအောင် ခြစ်ခြင်းကို၊ ကရဏီယော ကာတဗ္ဗော၊ မပြတ်တစေ ပြုအပ်ချေ၏။

ပရေ၊မျက်မှောက်ရှေ့တွင်တွေ့မြင်ထင်ရှားသူတစ်ပါးတို့သည်။ မောဟာ၊ မောဟကြီး၍ ပျက်စီးမှောက်မှားကြကုန်၏။ မယံပန၊ သတိစွဲဝင် သမ္မဇဉ် နှင့် ဆင်ခြင်စဉ်းစား ငါတို့သူ ငါမှာမူကား။ အမောဟာ၊ မောဟမကြီး မပျက်စီးနိုင်ကြကုန်သည်။ ဘဝိဿာမ၊ဘဝထိုထို ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ သလ္လေခေါ၊တစ်ပါးနှုန်းစံထုံးနည်းခံ၍တွေးကြံအားသစ်ခေါင်းပါး အောင် ခြစ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊မပြတ်တစေ ပြုအပ်ချေ၏။

အဲ-ဤကဲ့သို့ လောဘစသော ရန်သူကြီးသုံးဦးတို့ကိုအထူးနှိပ်စက်နိုင်မှ သာ သံသရာဝဋ်ကမ်းကို ကျော်သန်းလွန်မြောက်နိုင်ကြမယ်။ ထိုရန်သူကြီး သုံးယောက်ကို ဖျက်ဖျောက်နှိပ်နင်းနိုင်တဲ့သူကိုရှာလျှင်ဒါန၊ သီလ၊ ဘာဝနာ မှတစ်ပါး အခြားသူမရှိဘူးတဲ့။ အဲ-ဤသုံးဦးမှသာ အထူးနှိပ်နင်း နိုင်တော့ တာပဲ။ အဲ-သို့ကြောင့် ရန်သူကြီးသုံးယောက်ကို ဖျက်ဖျောက် နှိပ်စက်၍ မြန်မြန်ကြီး သံသရာဝဋ်ထဲက ထွက်ကြရအောင် ဒါန၊ သီလ၊ ဘာဝနာတို့ကို သာမျှားမျှားကြီးရအောင် ရှာကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပဋ္ဌာနာဆုံကို ပြုလိုက်ကြကုန်။

လောဘ, ဒေါသ, တရားပြီး၏။

---

(ပဋ္ဌမအကြိမ်)

# ၆-မြွေတရား

ပုတ္တာ မတ္ထိ ဓနမ္မတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တော ကုတော ဓနံ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၉၈)

မေ၊ ငါ၏။ ပုတ္တာ၊ မယွင်းမမှား အတွင်းသားဟု ကိုးစားလောက်ပြီး သားသမီးတို့သည်။ အတ္ထိ သန္တိ၊ ငယ်ငယ်ကြီးကြီး ညာဘယ်မိုး၍ အနီးတွင် အုံ ရှိပါကုန်၏။ မေ၊ ငါ၏။ ဓနံ၊ မပျက်မဆုံး တစ်သက်သုံးဖို့ ဝှက်ဖုံးသိုကာ ရတနာလည်း။ အတ္ထိ သံဝိဇ္ဇတိ၊ မျက်ကွယ်အနီး လက်ဝယ်မိုး၍ အပြီးတခဲ ရှိပါချေ၏။ ဣတိဝေ၊ ဤသို့တဲင်စား အမြင်မှားခြင်းကြောင့်သာလျှင်။ ဗာလော၊ ဘိဇ္ဇနသဘော အစူဝေါကို မစေ့မကြံ ပုထုဇ္ဇန်သည်။ ဝိဟညတိ၊ စောင့်ရရှောက်ရအကြောင့်ကြနှင့် တောင့်တန္ဒမ်းခွေပင်ပန်းလေ၏။ တထာပိ၊ ထိုသို့တမ်းတ ပင်ပန်းရသော်လည်း။ အတ္တနောအတ္တာပိ၊ အခိုင်အပိုင် ငါဆိုနိုင်ဖို့ မယိုင်မပြို မိမိကိုယ်မှသော်လည်း။ နတ္ထိ၊ အရေအနှစ် ရှာဖွေစစ်က အမြစ်အခြေ မရှိပေ။ ပုတ္တော၊ ငါ့သားငါ့ခမြး ငါ့ရင်သွေးဟုအရေးပြီးစီး သားသမီးသည်။ ကုတောအတ္ထိ၊ ဘယ်မှာစိုးစိုးခေါ်ဖို့ရာ ရှိချေတော့အံ့နည်း။ ဓနံ၊ ငါ့ရွှေငါ့ငွေ ငါ့လယ်မြေဟု ခေါ်စေဖို့ရာ ရတနာသည်။ ကုတောအတ္ထိ၊ ဘယ်မှာစိုးစိ ဆိုဖို့ရာရှိချေတော့အံ့နည်း။

ဤဒေသနာတော်အလာ ဘုရားရှင့်အလိုတော်မှာ ဘယ်လိုဆိုပါသလဲ လို့ဆိုတော့....ဤသတ္တလောကဥ္စ အရဟတ္တမဂ်ဖိုလ်ကို မခိုဝင်·မမှီအောင်းရ သေးတဲ့ ပုထုဇ္ဇန်သတ္တဝါ အပေါင်းတို့မှာ ဝိပ္ပလ္လာသ မကင်းမဲ့စင်နိုင်လို့မို့ တဏှာဒိဋ္ဌိတွေစွဲဝင်ပြီး ညဏ်အထင်အမြင်စောင်းကြတာနှင့် လမ်းကောင်း ကိုဖြောင့်မှန်အောင် မသွားနိုင်ကြဘဲ ငါ့သားငါ့သမီး ငါ့ပစ္စည်းငါ့ဘဏ္ဍာ ဟု စွဲလမ်းကာအမှတ်မှားပြီး နှမ်းပါးညှိုးခြောက် သောကမီးအရှိန်တောက် တာနှင့် ဒုက္ခကြီးတွေ ရောက်နေကြရတာတွေတဲ့။ အဲ·ချင့်ထောက်မျှော် တွေး ငါ့ကိုယ်ငါ့ဟာ ငါ့ပစ္စည်း ငါ့ဘဏ္ဍာရယ်လို့ ခေါ်ဆိုနိုင်စရာ အရေး ကို တရားနှင့်စစ်ဆေးလိုက်တော့ အဝေးအခြား သားသမီး ပစ္စည်းဘဏ္ဍာ

ဤမြွေတရားကား-ဇာတ်၊ ဋ္ဌ၊ တတိယ၊ ၁၅၀-၁၅၅-၌ လာသည်။
(ပဌမအကြိမ်)

ဗာဟီရရွှေငွေ ရတနာကို မဆိုသာနှင့်ဦး အတွင်းသား-အရင်းအမြစ်ဘဲ့ အဇ္ဈတ္တကိုယ်ကာယကိုပင် ကိုယ့်အလို ကိုယ့်ဆန္ဒ ကိုယ်ဆိုဘိုင်းမပါမခုတာနှင့် ငါ့ကာယ ငါ့ကိုယ်ရယ်လို့မှ ဆိုနိုင်စရာအခွင့် မရဘူးဘဲ့။

ဘာကြောင့်ပါလဲဆိုတော့...ဤလောက လူတို့ရွာမှာ ကိုယ်သာစိုးပိုင် ကိုယ်နှင့်ဆိုင်မှသာ အခိုင်အမာ ငါပိုင်ဟာရယ်လို့ ခေါ်ဆိုစရာအမှတ်ပြုကြမြဲ ဖြစ်တယ်၊ အဲ-ရုပ်ကာယ ခန္ဓာကိုယ်မှာတော့ မအို့မနာ့မသေပါမည့် အကြောင်းနှင့် အခါခါ အခွင့်ဘောင်းပါသော်လဲ အကြောင်းကိုမငဲ့မညှာ စကားကိုမှ မလိုက်မနာပါဘဲ ဓမ္မတာသူ့ထုံးတမ်းနှင့် အိုနေကျ နာနေကျ သေနေကျသွားမြဲလမ်းကိုသာတဆံခြမ်းမရွှေ့မဖျက်ဘဲဘိဇ္ဇနနသဿနသဘော နှင့် တွဲယှက်လို့အနိစ္စဘက်ကိုသာဆွဲနေတာပဲတဲ့။ အဲ-သို့လို ကိုယ်ဆိုလို့ မနိုင် ကိုယ်အစိုးမပိုင်လို့မို့မဆိုင်တဲ့ဤရုပ်ကိုယ်ကို ငါ့ကိုယ်ရယ်လို့ မဆိုသင့်ပေဘူးတဲ့။ အဲ-အတွင်းသား အဇ္ဈတ္တခန္ဓာကိုယ် ဤကာယကိုမှ ငါ့ကိုယ်ရယ် လို့ မဆိုရခဲ့လျှင်လဲ အပကာသားသမီး ရှိရှိသမျှဥစ္စာပစ္စည်းတို့ကို ငါ့သား ငါ့သမီး ငါ့ပစ္စည်းငါ့ဘဏ္ဍာရယ်လို့ အဘယ်မှာဆိုနိုင်စရာအခွင့်ရှိပါတော့ မလဲတဲ့၊ ထိုသား ထိုသမီး ထိုပစ္စည်း ထိုဘဏ္ဍာ ရှိရှိသမျှဗာဟီရရွှေငွေရတနာ တို့မှာလဲပဲ သင်္ခါရဓမ္မတာနည်းနှင့် တားဆီးလို့မရဘဲ အိုဦး နာဦး သေချေ ပျက်စီး ပြုန်းတီး ဆုံးပါးကြဦးမှာချည့်ပဲတဲ့။

အဲ—သို့လို ငါ၏ကိုယ်ရယ်လို့လဲ ခေါ်ဆိုစရာ မရှိ ငါ့သား ငါ့သမီး ငါ့ပစ္စည်း ငါ့ဘဏ္ဍာရယ်လို့လဲ ခေါ်ဖို့ရာရှာမရတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဝတ္ထု သင်္ခါရတရားအစုကိုသာ ငါငါဟု စွဲသမ်းကြပြီး ဝိပ္ပလ္လာသမှုမှေး မစင်တာ နှင့် တဏှာဒိဋ္ဌိတွေ စွဲဝင်လို့မို့ ချစ်ခင်လေးမြတ် ရစ်ပတ်ရှင်ပြုံး ပျော်မွေ့ကာ နေကြတုန်းကို သူ့ထုံးနှင့်အလျောက် သင်္ခါရ ကျေဆုံးပျောက်လေက ညှိုးခြောက်နွမ်းခွေ သောကမီးအရှိန်တောက်ဘာနှင့် ဒုက္ခကြီးရောက်နေကြ ရတာတွေတဲ့၊ အဲ-တာကြောင့် မြတ်စွာဘုရားက—

> ပိယတော ဇာယတေ သောကော၊
> ပိယတော ဇာယတေ ဘယံ။
> ပိယတော ဝိပ္ပမုတ္တဿ၊
> နတ္ထိ သောကော ကုတော ဘယံ။

လို့-ဟောတော်မူတယ်။ (ဓမ္မပဒ၊ ၄၅၊ ဒုံ၊ ၁၈၁)

(ပဋ္ဌမအကြိမ်)

ပိယတော၊ တွယ်တာငဲ့ကွက်မခွာရက်အောင် ရမွက်မကင်း ချစ်ခင်ခြင်းကြောင့်။ သောကော၊ အတွင်းမှာမြိုက်တရှိုက်ရှိုက်နှင့် မောဟိုက်ပူပြင်းစိုးရိမ်ခြင်းသည်။ ဇာယတေ၊ ခြစ်ခြစ်ဆူဝေ ဖြစ်ရချေ၏။ ပိယတော၊ ရမွက်မကင်း ချစ်ခင်ခြင်းကြောင့်။ဘယံ၊ သွေးလေဓာတ်ဖောက်သည်းခြေနောက်၍ ညှိုးခြောက်ကိုယ်တွင်း ဘေးရောက်ခြင်းသည်။ ဇာယတေ၊ စင်စစ်မသွေဖြစ်ရချေ၏။ ပိယတော၊ တွယ်တာငဲ့ကွက် မခွာရက်အောင် ရမွက်မကင်း ချစ်ခင်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ သခ်ါရအရေး ဓမ္မတာဘေးကို မျှော်တွေးနှင်းချွတ် ရှင်းရှင်းလွတ်သောသူအား။ သောကော၊ မောဟိုက်ပူပြင်းစိုးရိမ်ခြင်းသည်။ နတ္ထိ၊ မငြိမနေ မရှိချေ။ ဘယံ၊ ညှိုးခြောက်ကိုယ်တွင်း ဘေးရောက်ခြင်းသည်။ ကုတောအတ္ထိ၊ ဘယ်မှာစိုးစိ ဆိုဖွယ်ရာရှိချေတော့အံ့နည်း။

အဲ့သို့ကြောင့် သခ်ါရတရားအစုကို ငါငါဟု မရှုမိကြစေဘဲ ဖြစ်ပျက်မှုဓမ္မတာကိုန်းကိုသာ လက္ခဏာရေးသုံးပါးနှင့် ဖြေသိမ်းပြီး သောကမီးငြိမ်းစေကြရမယ်၊ သို့-သခ်ါရတရားချုပ်ပျက်ပြားသည်ကို သုံးပါးသောလက္ခဏာရေးနှင့်ဖြေသိမ်းလို့ သောကမီးငြိမ်းဖူးတဲ့သူများရှိပါရဲ့လားလို့ ဆိုတော့—

ငါတို့ဘုရားလောင်းတော်သည် ရှေးအတိတ်အခါ ပုဏ္ဏားမျိုးမှာ ဖြစ်နေရတဲ့ခါနှင့် ဗာရာဏသီမြို့မနှင့် မနီးမကမ်း တောထန်းမြေနု ကုန်းတစ်ခုမှာ ရွာပြုကာ အစည်းအဝေးနှင့် လယ်လုပ်၍ အသက်မွေးနေရတယ်၊ အဲ့-တစ်နေ့သ၌ အလောင်းမြတ်ပုဏ္ဏားလဲ မိမိ၏သားနှင့်တကွ လယ်တောသို့အတူသွားကြပြီး ဖယ်ရှားခုတ်ထွင် သစ်ပင်သစ်ငုတ် ချုံပုတ်မြက်ဒိုက် ရှုပ်ယှက်သမျှအမှိုက်သရိုက်တို့ကို မီးစုကာတိုက်ကြရာတွင် သစ်ပင်ချုံအောက် တောင်ပို့ပေါက်က မြွေဟောက်ကိုက်ခဲတာနှင့် လူးလဲကာ သားသေရှာတယ်၊ အဲ့-အလောင်းတော်ပုဏ္ဏားလဲ သားသေကို ပွေ့ချီပြီး ညီညာတဲ့ သစ်ပင်ရိပ်မှာ ခင်းသိပ်ကာပြုပြင်လို့ ပူပင်ငိုကြွေးခြင်းကိုမပြုဘဲ သခ်ါရတရားအစုတို့၏ ဖြစ်ပျက်မှုဓမ္မတာလမ်းနှင့် ဘိဇ္ဇနသဘောကိုသာ မျှော်မှန်းပြီး မရဏာနုဿတိကမ္မဋ္ဌာန်းကိုသာ စီးဖြန်းဆင်ခြင်ကာနေတယ်။

အဲ့-သဂြိုဟ်ဖို့ အချိန်ရောက်တော့မှ လယ်နီးချင်း အဖော်တစ်ယောက်ကိုပြောကြားပြီး မယားပုဏ္ဏေးမနှင့် တကွ သမီး, ချွေးမ, ကျွန်မလေးယောက်

တို့ကို တစ်ယောက်စာထမင်းပွဲနှင့် ပန်းနံ့သာလက်စွဲပြီး လယ်ထဲသို့ အကုန် လာစေလိုကြောင်းများနှင့် မှာထားကာ စေလွှတ်လိုက်တယ်၊ အဲ-ရောက်လာ တဲ့ အိမ်သားအပေါင်းတို့လဲ အလောင်းမြတ်ပုဏ္ဏားက ရွှေဖျားမဆွသခ်ါရ ခပင်းဖြစ်ပျက်ခြင်းကို ထင်လင်းစွာဟောဖော်ပြတာနှင့် အနိစ္စလက္ခဏာရေး ကိုသာရှုပြီး စိုးရိမ်ပူဆွေးငိုကြွေးခြင်းကို မပြုကြဘဲ ထင်းစုကာ မီးသင်္ဂြိုဟ် ကြတယ်။

အဲ ထိုအခါ ဝတ်ိသာနတ်ဌာနက ဝေဇယန်သေဌ်နှင်း သိကြားမင်းလဲ လွှန်မင်းစွာ ချီးအံ့သြပြီး ရှင်မောစလောက် အံ့ဖွယ်တစ်ဦး မကြုံဖူးအောင် ဂုဏ်ထူးကို ဝမ်းမြောက်လှလို့မို့ ချီးမြှောက်တော့အံ့ဟူသော အကြံနှင့် လူ့ ဌာနသို့သက်ဆင်းခဲ့ပြီး အလောင်းမင်း ပုဏ္ဏားမြတ်ကိုချဉ်းကပ်ကာ မေးလာ တယ်။ ဘယ်လိုမေးပါသလဲလို့ ဆိုတော့....''ဖခင် ပုဏ္ဏားကြီး-ကွင်းလယ်ထီး တည်း နေပူကြီးမှာ မညည်းမလှုပ် မီးပြင်းထင်း ထောင်စားကြမယ်တဲ့အား ဆောင်ပြီး သားကောင်ကို ဖုတ်ကြပါသလားလို့'' အဲ-ဤလို သိကြားက မေးလာတယ်။အလောင်းမြတ်ပုဏ္ဏားကလဲ—''င့ါသားလုလင်-သားသမင်ကို စားချင်လို့ ဖုတ်တာ မဟုတ်ပါ၊ ချုံအုပ်တောအောက် တောင်ပို့ပေါက်က မြွေဟောက်နှိပ်စက် အဆိပ်တက်တာနှင့် ချုပ်ပျက်ယွင်းရွေ့ သက်ဇီဝိန်ကြွေ သောကြောင့် လူ့သေကို ဖုတ်ပါကြောင်းများနှင့်'' အဲ—ဤလို သိကြားကို အကြောင်းပြန်တယ်။

အဲ-သိကြားလုလင်ကလဲ ''ဖခင် ပုဏ္ဏား-ခုသေတဲ့ လူယောကျ်ားကား စိမ်းကားရက်စက် ဖခင်တို့အကျိုးကို နွမ်းညှိုးအောင် နှိပ်စက်တဲ့ ရန်ဘက် ကြီးတစ်ယောက်ဟာမို့ ဝမ်းမြောက်ရွှင်ပြုံးသားမြေးပါစုရုံးပြီးတစ်အိမ်လုံး မီးတိုက်ကြပါသလားလို့''သိကြားမင်းက မေးပြန်တယ်။အဲ့-အလောင်းမြတ် ပုဏ္ဏားကလဲ့ ''င့ါသား လုလင်-ခုမီးတင်တဲ့ လုလင်ယောကျ်ားကား တရား မသက် အကျင့်ပျက်တဲ့ ရန်ဘက်ခိုးသားမဟုတ်ပါ၊ ဖမိနှစ်ပါး သက်လောက် ခင်၍ ရင်ကဖွားတဲ့ သားရင်းအစစ် ဖြစ်ပါကြောင်း''များနှင့် သိကြားကို အကြောင်းပြန်တယ်။

အဲ-ဝတ်ိသာသေဌ်နှင်း သိကြားမင်းကလဲ့ ''အချင်းဖခင် ခုသေတဲ့ သားလုလင်ကား ခင်မင်စရာအစစ် ရင်ကဆင်းတဲ့ သားရင်းပင် ဖြစ်ပါလျက်

နှင့် ဘဝသစ်တစ်ပါး မိဘကိုစွန့်ခွာ၍ သေရွာသို့ သွားပါသည်ကိုပင် စီးပွား မဖြစ် သားလူညစ်ကယ်လို့ မချစ်လို့ မငိုပါသလဲလို့” သိကြားက မေးပြန် တယ်။ အဲ-အလောင်းမြတ်ပုဏ္ဏားကလဲ “ငါ့သားလုလင်-ခုသေတဲ့ သား လုလင်ကား ကင်းစင်အပြစ် အမှားမဝင် တရားခင်တဲ့ သားရင်နှစ်ကို မချစ် လို့ မငိုဘာမဟုတ်ပါ၊ အနုတ္တရကြင့်နှုန်း နိဗ္ဗာန်နန်းကို လက်လှမ်းမရ ဘဝ ညွှတ်ကွင်း စက်ဝန်းတွင်းမှ မကင်းတဲ့ သတ္တဝါဟူသမျှတို့မှာ မြစ်မနှစ်ဖြာ အဝိဇ္ဇာရစ် တဏှာနှစ်တာနှင့် ကံပစ်တိုင်း ထို့ဥ္ပါပြီး လူ့ရွာနတ်ရောက် ကံဟောင်းခြောက်ပိန် အတောက်မှိန်ကာ ခန္ဓာအိမ်လဲကာမှောက်ပြီး အရေ ခြောက် ဆွေးရိုကြွေတာနှင့် အရေသစ်လဲတဲ့မြွေလို ခန္ဓာနေအခြေမမြဲနိုင်ကြ ဘဲ တနဲတဆန်း ခန္ဓာသစ်အခြေစွဲရအောင် ကံသစ်က လဲကာထမ်းတာနှင့် တစခန်းရွေ့ချီပြန်လို့မို့ ဖောက်ပြန်ရမြဲအလျောက် သခါရသူ့ထုံးတမ်းနှင့် ဆုံးခန်းကာ ရိုကြွေပျောက်ရတာကို ညှိုးခြောက်ငြိုငြင် မိဘသားမြေး စုအုံ ကာငိုမြည်ကြွေးသော်လဲ ရနိုင်ရေးမမြင်လို့မို့ ချစ်ခင်မပြေသားရင်းပင်ယခု သေသော်လဲ မငိုကြွေးဘဲနေပါကြောင်း”များနှင့် သိကြားကို အကြောင်း ပြန်တယ်။ အဲ-ထို့ကြောင့်—

ဥရဂေါဝ တစံ ဇိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သံတနုံ။
ဧဝံ သရီရေ နိဗ္ဗောဂေ၊ ပေတေ ကာလကတေ သတိ။

ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာဂတိ။

လို့—ဟောတော်မူတယ်။

မာဏဝ၊ မငိုမကြွေး ထိုအရေးကို စဝ်မေးဆင်ခြင်မောင်လုလင်။ ဥရဂေါ ရင်ခွေနှင့်သွား မြွေနဂါးသည်။ ဇိဏ္ဏံ တစံ၊ ရိုးကြွေမကောင်းအရေဟောင်းကို။ ဟိတွာ၊ မညှာမချစ် ခွာကာပစ်၍။ ဂစ္ဆတိ၊ တတွန့်တွန့်တွား ရှန်၍သွား သကဲ့သို့။ ဧဝံ ဧဝံ၊ မပိုမပွား ထိုစကားနှင့် မခြားစံယူ အလားတူကာ လျှင်။ မမ ပုတ္တော၊ လွယ်ကာမွေးဖွား ငါ၏သားသည်။ သံတနုံ မိ မကောင်း ဉာဏ်ကိုယ်ဟောင်းကို။ ဟိတွာ၊ မညှာမချစ် ခွာကာပစ်၍။ ဂ

(ပဥ္စမအကြိမ်)

ကွန့်ကာကောင်းမြေ စွန့်ပြောင်းလေပြီ။ သရီရေ၊ ရိယိုမကောင်း ဤကိုယ်ဟောင်းသည်။ ဧဝံနိဗောဓေ၊ ဤသို့ငါ့သား မသုံးစားဘဲ အခြားရပ်မြေ စွန့်ကာထား၍ သွားခဲ့လေသည်ရှိသော်။ ပေတေ ကာလင်္ကတေသတိ၊မထုပ် မသို ဤရုပ်ကိုယ်ကို မလိုရှောင်သွေ့ သေခဲ့လေသည်ရှိသော်။ ဉယှမာနော၊ ဆွေမျိုးတစ်ဝိုက် မီးနှင့်တိုက်၍ မြိုက်မြိုက်ကျွေစောင်း ဤကိုယ်ဟောင်းသည်။ ဉာတီနံ၊ ဆွေမျိုးမိရင်း မိတ်သားချင်းတို့၏။ ပရိဒေဝိတံ၊ တပူဆွေးဆွေး ဆူမအေးဘဲ ထိုပြေး၍ဆင်း ငိုကြွေးခြင်းကို။ န ဇာနာတိ၊ ရုပ်သက်နာမ်လုံး ပျက်ပြိုဆုံး၍ တုံး၏ပမာ မသိပါ။တဿပုတ္တဿ၊ ခန္ဓာရုပ်အို အပုပ်ကိုယ်ကို အလိုစွန့်ထား ထိုငါ့သား၏။ ယာဂတိ၊ ကောင်းမကောင်းပင် ကံဟောင်းငင်၍ နှစ်ပြင်နှစ်ခန်း အကြင်လမ်းသည်။ အတ္တိ သံဝိဇ္ဇတိ၊ ထင်မြင်သိစေ ရှိပါချေ၏။ တံ ဂတိံ၊ လားရာမစောင်း ထိုလမ်းကြောင်းသို့။ သောမမ ပုတ္တော၊ ခရီးလမ်းစာ အပြီးပါလျက် ရိက္ခာလောက်လား ထိုငါ့သားသည်။ဂတော၊ အတိတ်ပျော်ပါး မိတ်ဖော်များနှင့် မနားမနေ သွားပါလေပြီ။ တသ္မာဝေ၊ထိုသို့ဖြစ်ခြင်း အကြောင်းရင်းကြောင့်သာလျှင်။တော၊ထိုမနေလို့ကြောင်း တစ်ပြည်ပြောင်းသည့် အဟောင်းမယူ သေသောသူကို။ နံ့သောစာမိ၊ ကြောင့်ကြမအေး တောင့်တဆွေး၍ ငိုကြွေးညိုးမှိန် မစိုးရိမ်။

အဲ-ဝတ်သာသိကြားမင်းလဲ အဖပုဏ္ဏားကြီး၏ နှလုံးသွင်းကို ထင်လင်းစွာ သိခဲ့ရသဖြင့် အမိရင်းပုဏ္ဏေးမကိုလဲ ရှေးကနည်းတစ်ဖန် ချဉ်းကပ်၍မေးပြန်တယ်၊ အဲ ပုဏ္ဏေးမ အမိရင်းကလဲ အချင်းလုလင်- သားပါစဉ်ကို မခင်မကြည် အကျိုးအကန်း ညစ်ဆိုးစွမ်းသော်လဲ မေတ္တာလမ်းကင်းသတ်နိုင်တဲ့ အမိရယ်လို့ လူ့ရပ်တွင် ဘယ်မှာရှိပါ့ခတုန်း၊ ခုအမိ မငိုတဲ့အရေးမှာတော့ ရှည်ဝေးဟာလသံသရာဇလုံတ် မြစ်သမုဒ်မှာ နစ်မြုပ်၍ ကြာနေရတဲ့သတ္တဝါ အနန္တတို့မှာ ဆယ်ကြသူမနိုး ပဲ့တိုးဦးတိုက် လေပင့်ရာ ကမ်းမှာဆိုက်ပြီး အလျားလိုက် မျောနေရတဲ့ တောမသတ် လှေ့ပေါကြီးဟာလို ခရီးသင့်အလိုက် အလိုလို မခေါ်မငင်ဘဲ ကံတင်ရာလမ်းကြုံကြိုက်တာနှင့် အခိုက်အတန့် ခိုဝင်နားပြီး သွားလို့မှ မဆိုမနှင့်ရဘဲ သခ်ါရတရား ကုန်ဆုံးပါးလို့မို့ ပြောင်းသွားတဲ့ သားလုလင်ကို ချစ်ခင်မအေး အမိက ငိုမြည်ကြွေးသော်လဲ ရဖို့ရေး မမြင်တာနှင့် သူ့ဓမ္မတာအစဉ်မလွဲ သခ်ါရဖြစ်မြဲလမ်းကိုသာ ရှုမှန်းကာ စိတ်သိမ်းဆည်းပြီး မငိုဘဲ နေပါကြောင်းများနှင့် သိကြားကို အကြောင်းပြန်တယ်။ ထို့ကြောင့်–

(ပဉ္စမအကြိမ်)

အနာဝိုတော တတော အာဂါ၊
အနုညာတော ဉာတော ဂတော။
ယထာဂတော တထာဂတော၊
တတ္ထ ကာ ပရိဒေဝနာ။

လို့–ဟောတော်မူတယ်။

မာဏဝ၊ မငိုမကြွေး ထိုအရေးကို စစ်မေးဆင်ခြင် မောင်လုလင်။ မမ ပုတ္တော၊ ညှော်သည်တမျှ တည်မကျဘဲ ခေတ္တခိုနား ငါ၏သားသည်။တတော၊ ရှေးကစုပေါင်း ဖမိဟောင်းနှင့် ခိုအောင်းရာက ထိုဘဝမှ။ ဉာ၊ ခရီးစဉ် တိုက် မီးဝင်ဆိုက်၍ အလိုက်သင့်ကြိမ် ခဏ္ဍအိမ်သို့။ အနာဝိုတော၊ အနိုင်တွဲ ယှဉ် ကိုင်ဆွဲတင်၍ မခေါ်ငင်ရဘဲသာလျှင်။ အာဂါ-အာဂစ္ဆတိ၊ အဟောင်း မိဘ မသိကြဘဲ ခေတ္တတည်းကာ ခိုမှီးလာ၏။ ဉာတော၊ အသစ်ရှော ခုတွေ့ ရသည့် မိဘနှင့်ကြိမ် ဤတဲအိမ်မှ။ အနနုညာတော၊ သင့်မသင့်ဟု ထောက် ချင့်ရှု၍ အမှုစစ်ဆေး ခွင့်မပေးရဘဲသာလျှင်။ ဂတော၊ အရင်းအဖျား အတွင်းသားကို မကြားမပန် ထွက်သွားပြန်၏။ အာဂိဘောယထာ၊ မခေါ် မငင် သူ့အထင်နှင့် အစဉ်လျှောက်ကာ ဝင်လျှောက်လာသကဲ့သို့။ တထာ ဂတော၊ လာသလိုပင် မကြာခင်ဘဲ မနှင်မစေ ပြန်သွားချေ၏။ တတ္ထ၊ ထို အလိုရှိသလောက် ပြန်လှည့်ခေါက်၍ ရောက်ရာတန့်နား လျှောက်ကာ သွားသောသူ၌။ ပရိဒေဝနာ၊ ထိုဤတွေးဆ ငိုကြွေးရခြင်းသည်။ ကာ၊ လိုရာမတိုး ကိုယ်သာညှိုး၍ ဘာငိုရကျိုး ရှိချေတော့အံ့နည်း။ တသ္မာဝေ၊ ထိုသို့ဖြစ်ခြင်း အကြောင်းရင်းကြောင့် သာလျှင်။ တေ၊ထိုမလာလိုကြောင်း တစ်ရွာပြောင်းသည့် အဟောင်းမခင် သားလုလင်ကို။ နသောစာမိ၊ ကြောင့်ကြမအေး တောင့်တဆွေး၍ ငိုကြွေးညှိုးမှိန်–မစိုးရိမ်။

အဲ-သိကြားနတ်မင်းလဲ မိခင်ပုဏ္ဏေးမ၏ နှလုံးသွင်းကို ထင်လင်းစွာ သိရပြန်၍ နှမထံကပ်ချဉ်း၍ မငိုခြင်းအရေးကို ရှေးကနည်း မေးပြန်တယ်၊ အဲ-နှမဖြစ်သူ ပုဏ္ဏေးမကလဲ အမောင်လုလင်–လူ့ရပ်ခွင်မှာ မိခင်အရင်း အတူတွဲလို့ တစ်အူထဲဆင်းကြတဲ့ မောင်ရင်းအစစ် အကယ်၍ ဖြစ်ချေက ချစ်ကြလေစမြဲ တစ်ပြည်တစ်ရွာ အနေကြာတာကိုမှ ဖြေမလာ စိတ်စက် နောက်လို့ သေမလောက် ဆင်းရဲကြပါတယ်၊ သို့ကလောက်ပင် ဖြစ်ပါကတဲ

မငိုဘဲ ခုနေပုံမှာတော့ ဆိုရဟတ်ပဲ့ာ အဟုန်မသတ် ဘုံမြေရပ်မှာ ကြုံကပ်ရတဲ့ သတ္တဝါတို့မှာ ရောက်လေရာ ကြာမမြဲကြဘဲ စုတွဲကာအတူဆုံပြီး လမ်းဘေးဆုံသစ်ပင်ကြီးမှာ တစ်ပြုံတည်း တဲနေကြတာလို ကွဲကြဖို့ ဓမ္မတာအချိန်နှင့် ရပ်ဇီဝ ပျက်ညှိုးမှိန်သည်ကို စိုးရိမ်တယ်လို့လဲ မဖြစ် ပရိဒေဝမီးရှိန်တဟည်းဟည်း တော့ကလောင်ထိန်တာနှင့် ခန္ဓာအိမ် နွမ်းညဲ့စ်ပြီး အကျိုးထူး ဆိုတ်နစ်လိမ့်မည်ထင်လို့မို့ ဓမ္မတာဝင် ထုံးစဉ်လမ်းကိုသာ ရှုမှန်းကာ တရားဖြေပြီး မငိုဘဲနေပါကြောင်းများနှင့် သိကြားကို အကြောင်းပြန်တယ်။ အဲ-ထို့ကြောင့်–

သစေ ရောဒေ ကိသာ အဿံ၊ တဿာ မေ ကိံ ဖလံ သိယာ။

ဉာတိမိတ္တသုဟဇ္ဇာနံ၊ ဘိယျော နော အရတိ သိယာ။

လို့-ဟောတော်မူတယ်။

မာဏဝ၊ မငိုရေးထောက် အတွေးပေါက်၍ မေးကောက်ဆင်ခြင် မောင်လုလင်။ အဟံ၊ မိတူဖချင်း အတူဆင်း၍ နှမရင်းဟုတ် အကျွန်ုပ်သည်။ သစေရောဒေ၊ သခ်ါရလမ်း မရှုမှန်းဘဲ ပင်ပန်းလိုက်ဖို့ အကယ်၍ ငိုခဲ့ပါသည်ဖြစ်အံ့။ ကိသာ၊ အစာမညီ ဘယာမှီ၍ ကြုံလှီချည့်နွန်း ကိုယ်ပိန်ချုံးသည်။ အဿံ၊ အပြစ်ချဲ့ကာ ဖြစ်ခဲ့ရာ၏။ တဿာမေ၊ မနေထွက်ဆင်း သေပျက်ခြင်းကို ပူပြင်းတုန်လှုပ် ထိုအကျွန်ုပ်အား။ ကိံဖလံ၊ သေသူမထ နေသူကျ၍ သောကဖိစီး ဘယ်အကျိုးပြီးသည်။ သိယာ၊ သနစ်ဖွေရှာ ဖြစ်လေပါအံ့နည်း။ ဉာတိမိတ္တ သုဟဇ္ဇာနံ၊ မျိုးဆွေမိတ်ခင် ချစ်ကျွမ်းဝင်၍ ပျော်ရှင်သင်းပင်း ဉာတိရင်း ဖြစ်ကြကုန်သော။ နော အမှာက်၊ သောကလောင်မီး ပြောင်ပြောင်ညီး၍ တဟည်းဟည်းလှုပ် ငိုရသောအကျွန်ုပ်တို့အား။အရတိ-ဆွေးမြွေထိတ်ခါ စိတ်မသာဘဲ ပူဆာညည့်နွေမပျော်မွေခြင်းသည်။ဘိယျော၊ အတိရေကတရော၊ အလွန်အကြူး အထူးအားဖြင့်သာလျှင်။ သိယာ၊ အနှစ်ရှည်ကြာ ဖြစ်ပေရာ၏။ တသ္မာ ဝေ၊ ထိုသို့ဖြစ်ခြင်း အကြောင်းရင်းကြောင့်သာလျှင်။ တော်၊ ထိုမနေလိုကြောင်း အခြေပြောင်းသည် အဟောင်းမဆောင် သေသောမောင်ကို။ န သောစာမိ၊ ကြောင့်ကြမအေး တောင့်တဆွေး၍ ငိုကြွေးညှိုးမှိန် မစိုးရိမ်။

အဲ-သိကြားနတ်မင်းလဲ့ နှမ၏ နှလုံးသွင်းကို ထင်လင်းစွာ သိရပြန်၍ ခင်ပွန်းမထံ ကပ်ချဉ်းပြီး မငိုခြင်းအရေးကို ရှေးကနည်း မေးပြန်တယ်။

(ပဥ္စမအကြိမ်)

မယားဖြစ်သူ ပုဏ္ဏေးမကလဲ၊ အမောင်လုလင်-လင်ချစ်ရှင်ကို မကြင်မနာ မခင်ပါဘဲ ပစ်ခွာလုံးလုံး မေတ္တာတုံးတာနှင့် မုန်းလှလို့မငိုသည်မဟုတ်ပါ သံသရာလမ်းရှုပ် စခန်းအုပ်မှာ- ခန္ဓာကိုထမ်းကုံ၍ နာနာရှုပ် အနည်းနည်းနှင့် ဖျက်ဖြုတ်ကာ သဏ္ဍာန်ကိုလဲပြီး မစဲမနား ဘဝဝဋ်ငုတ် မလွတ်ပြုတ်သမျှ တလှုပ်လှုပ် လျှောက်ကာသွားနေကြရတဲ့ အများသတ္တဝါ ဓမ္မတာကို ပူဆာနှောင့်ဆ အကြောင်းကြနှင့် တောင့်တကာငိုပါသော်လဲ စိတ်လိုတိုင်းမကျ ကောင်းကင်က လ,ရထားကို ကလေးများငိုယိုကာ တ,ကြတာလို ရလိမ့်မည်မထင်လို့မို့ ဆင်ခြင် ခွဲဝေ အနိစ္စဖြစ်ပျက်လမ်းကိုသာ ရှုမှန်းကာတရားဖြေပြီးမငိုဘဲနေပါကြောင်းများနှင့်သိကြားကိုအကြောင်းပြန်တယ်။ အဲ-ထို့ကြောင့်—

ယထာပိ ဒါရကော စန္ဒံ၊ ဂစ္ဆန္တံ အနုရောဒတိ။
ဧဝံ သမ္ပဒမေဝေတံ၊ ယော ပေတံ အနုသောစတိ။

လို့=ဟောတော်မူတယ်။

မှာဏဝ၊ မငိုမကြွေး ထိုအရေးကိုထောက်တွေး ဆင်ခြင် မောင်လုလင်။ ဒါရကော၊ ကြောင်းကျိုးမိမိ ရှိမရှိကို မသိသေးသွယ် ကလေးငယ်သည်။ အာကာသေ၊ အဇင္ဈာပြင် မိုးကောင်းကင်၌။ ဂစ္ဆန္တံ၊ ကမ္ဘာ့တန်ဆာ ကျမက္ခာဘဲ ရွှကာတွားတွား ပျံ့တက်သွားသော။ စန္ဒံ၊ ငွေသားရောင်ဆင်းထဝင်းဝင်းနှင့် ထွန်းလင်းပြောင်လျှံ လဗိမာန်ကို။ ဒိသွာ၊ မျှော်ကာတည့်တည့် မော်ကာကြည့်၍။ အနုရောဒတိ ယထာ၊ ရလိုပါကြောင်း ငိုကာတောင်းသကဲ့သို့။ ယောနရော၊ ပသောကမီးဘေး ပြီးမခအေး၍ မူလှေးမပြုအကြင်သူသည်။ ပေတံ၊ ဓမ္မတာမစောင်း ချိန်ခါညောင်း၍ အကြောင်းကံယူ သေသောသူကို။ အနုသောစတိ၊ အပူမိုးနှိမ် ခိုးအရှိန်နှင့် ညှိုးမှိန်မပြေ စိုးရိမ်လေ၏။ တဿ နရဿ၊ ထိုအပူဘေး ဆူမအေးသောသူ၏။ တံ ပရိဒေဝနံ၊ ဤသို့ ကြောင့်ကြ ငိုကြွေး၍ တောင့်တခြင်းသည်။ ဧဝံ သမ္ပဒမေဝ၊ ကောင်းကင်ပျံ့သွား လ,ရထားကို လိုသားဆွေးပူ ထိုကလေးနှင့် အရေးတူတော့သည်သာလျှင်တည်း။ တသ္မာ ဝေ၊ ထိုသို့ဖြစ်ခြင်း အကြောင်းရင်းကြောင့်သာလျှင်။ တော်၊ထိုမနေလိုကြောင်း အခြေပြောင်းသည့် အဟောင်းမှခင် လင်ချစ်ရှင်ကို။ နှ သောစာမိ၊ ကြောင့်ကြမအေး တောင့်တဆွေး၍ ငိုကြွေးညှိုးမှိန် မစိုးရိမ်။

(ပဌမအကြိမ်)

အဲ-ဝတီ သာ သိကြွားမင်းလဲ ခင်ပွန်းမ၏ နှလုံးသွင်းကို ထင်လင်းစွာ သိရပြန်၍ ကျွန်မထံကပ်ချဉ်း၍ မငိုခြင်းအခရးကို ရှေ့ကနည်းမေးပြန်တယ်၊ အဲ–ကျွန်မဖြစ်သူ ပုဏ္ဏေးမကလဲ အမောင်လုလင်–ခုသေတဲ့အရှင်သခင်သည်ကားခင်မင်ညှာတာအိမ်ရှိသူကျွန်ကျေးမျာ်းကို ရင်ခသွးလောက်ကရုဏာနှင့် ချိုသာကြည်ရွှင် အလေးတမူ အရေးယူ၍ မွေးမြူတဲ့အရှင်သခင်ဟာမို့ ဘဝတွင်အတူတွဲပြီးမခွဲဘဲနေချင်ပ့ါသော်လဲ သူ့ထုံးစဉ်ဓမ္မဘာအနိစ္စလက်တွင်းမှာ ဘိဇ္ဇနစက်ဝင့်ကွင်းနှင့် မကင်းလို့ကွဲရတာမို့ မလွှဲသာဇွတ်နှစ် 'ကွဲပျက်ပြီး အိုးအုတ်ချပ်ကို တွဲစပ်လို့ မဖြစ်တာလို' မညစ်အောင်စိတ်ကိုတဲပြီး မငိုဘဲနေပ့ါကြောင်းမျာနှင့် သိကြွားကို အကြောင်းပြန်တယ်။ အဲ–ထို့ကြောင့်–

ယထာပိ ဥဒကကုမ္ဘော၊ ဘိန္နော အပ္ပဋိသန္ဓိယော။
ဧဝံ သမ္ပဒမေဝေတံ၊ ယော ပေတ မနုသောစတိ။

လို့-ဟောတော်မူတယ်။

မာဏဝ၊ ငိုမကြွေး ထိုအရေးကို ထောက်တွေးဆင်ခြင် မောင်လုလင်။ ဘိန္နော၊ အခိုင်အမြဲကိုင်မဆွဲ၍ ပြိုလဲပျက်စီးကွဲလေပြီးသော။ဥဒကကုမ္ဘော အဆန်းဘကြယ် ခြူးပန်းနွယ်နှင့် ထမ်းလွယ်သယ်ပိုး ရေတယ်အိုးသည်။ အပ္ပဋိသန္ဓိယောယထာ၊ ရှေးကနည်း ကွာမကွဲခအောင် အမြဲကြပ်မ တွဲစပ်၍ မရသကဲ့သို့။ ယော်နရော၊ သောကမီးဘေး ပြီးမအေး၍ မြူလှေးမဖြူအကြင်သူသည်။ ပေတံ၊ ဓမ္မတာမှစောင်း ချိန်ခါးညောင်း၍ အကြောင်းကံယူ သေသောသူကို။ အနုသောစတိ၊ အပူမိုးနှိမ် ခိုးအရှိန်နှင့် ညှိုးမှိန်မပြေ စိုးရိမ်လေ၏။ တဿနရဿ၊ ထိုအပူဘေး ဆူမအေးသောသူ၏။ ဧတံ ပရိဒေဝနံ၊ ဤသို့ ကြောင့်ကြ ငိုကြွေး၍ဘောင့်တခြင်းသည်။ ဧဝံသမ္ပဒမေဝ၊ ကွဲအက်ပြီးအိုး ရလိမ့်နိုးနှင့် အားကြိုးမာန်တူ ထိုယောကျ်ားနှင့် အလား တူတော့သည် သာလျှင်တည်း။ တသ္မာဝ၊ ထိုသို့ဖြစ်ခြင်း အကြောင်းရင်းကြောင့်သာလျှင်။ ဧတံ၊ မနေလိုကြောင်း အခြေပြောင်းတဲ့ အဟောင်းမခင် ထိုအရှင်ကို။ န သောစာမိ၊ ကြောင့်ကြမခအား တောင့်တ ဆွေး၍ ငိုခကြွေးညှိုးမှိန် မစိုးရိမ်။

အဲ-သိကြွားနတ်မင်းလဲ အသင်းငါးဦးတို့၏ တရားစကားကို ကောင်းမွန်စွာနာကြားရသဖြင့် ဝမ်းပါးကြည်နူးဂုဏ်ကျေးဇူးကို အထူးချီးမွမ်းပြီး

မှ အချင်းလူပေါင်း သူတော်ကောင်းတို့·အကြောင်းရင်းမူလ သခ်ါရတို့၏ ဘိဇ္ဇနုထုံးတမ်း အမြဲမရှိ ပျက်စီးဘိမည်ဟု သိစလောက်စွဲလမ်းပြီး ဖြောင့်တန်းမမှား အများစုပေါင်း နောင်အလားမစောင်းကြအောင် ကောင်းမှုကိုသာ ကြိုးစား၍ တိုးပွားအောင် အားထုတ်ကြပါလို့ အဲ·ဤလို မှာထားပြီးမှ ထိုသူများ တစ်သက် သုံးစားလောက်အောင် ဖိုးမောက်လျှံဝင်း စိန်ကျောက်နီလွှာ ရတနာတို့ကို အိမ်ထဲမှာ အပြည့်သွင်းခဲ့၍ သိကြားမင်းနတ်ပြတ်သို့ ပြန်သွားတယ်။ အဲ့·ဤထုံးစံ သာဓကကို ယောက်ဆကာရှုမျှော်တွေးပြီး သေသူ၏အရေးကြောင့် ပူဆွေးခြင်းကိုမပြုကြဘဲ အသုဘကမ္မဋ္ဌာန်းကိုသာ ပွားများပြီး လက္ခဏာရေး သုံးပါးနှင့် ဖြေသိမ်းလို့ သောကမီး ငြိမ်းစေကြရမယ်။

ဤသည်ကား သုတ္တာန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပဌ္ဌနာဆုကို ပြုလိုက်ကြကုန်။

**မြွေတရားပြီး၏။**

# ၇-တည်ပင်စောင့်နတ်မင်းဝတ္ထု

ဥတု ဘောဇန ကာရဏာ၊ အာယု ဟာယတိ ဝဍ္ဎတိ။
ရာဇာဒိ အမ္မိကာဝ၊ ဥတု ဘောဇန ဝိပ္ပတ္တိ။

ဥတုဘောဇနကာရဏာ၊ အအေးအပူ မတူမမျှ အာဟာရကြေ မကျေ ချွတ်ယွင်း အကြောင်းရင်းကြောင့်။ အာယု၊ ဒသသမ်ျ တိုးတက်စေ၍ တွက်ရေပျက်ခန်း အသက်တမ်းသည်။ ဟာယတိ၊ ယုတ်ကာယွင်းယို တိုလည်းတို၏။ ဝဍ္ဎတိ၊ ပွားကာခက်ဝေ ရှည်လည်းရှည်၏။ ရာဇာဒိ အမ္မိကာဝ၊ မင်းနှင့်ပုဏ္ဏား အစထား၍ တရားမစောင့် အမှားထောင့်ခြင်း ကြောင့်သာလျှင်။ ဥတုဘောဇနဝိပ္ပတ္တိ၊ ဥတုလည်းပျောက် ဘောဇဉ် မှောက်၍ သွေ့ခြောက်ယိုယွင်း ဖောက်ပြန်ခြင်းသည်။ ဟောတိ၊ စင်စစ် မသွေ ဖြစ်ရချေ၏။

အဓိပ္ပာယ်မှာတော့....ခုလောကလူ့ရွာမှာ အသက်တိုတယ်,ရှည်တယ်လို့ ဖြစ်ရဆိုတာ ဘယ်အကြောင်းကြောင့် ဖြစ်ရပါသလဲလို့ဆိုတော့....အသက် တိုရဆိုတာ ဥတုရာသီမညီညွတ်ခြင်းကြောင့်လဲ အသက်တိုရတာပဲတဲ့။ အစာ အာဟာရ ဖောက်ပြန်ချွတ်ယွင်းခြင်းကြောင့်လဲပဲ အသက်တိုရတာပဲတဲ့။ ဘယ်လို ဥတုရာသီ မညီညွတ်လို့ အသက်တိုရပါသလဲလို့ ဆိုတော့ နေ့,လ နက္ခတ်တို့ အသွားအလာမမှန်ဘော့ ပူရမယ့်အချိန်ရာသီမှာ အေးလို့ အေး ရမယ့် အချိန်ရာသီမှာ ပူလို့ အဲ-ဤလို ဥတုရာသီမမှန်တော့ သတ္တဝါတို့၏ သန္တာန်မှာ ရောဂါဥပဒ်တွေ များတာနှင့် အသက်မရှည်နိုင်ဘဲ တိုတိုနှင့် သေသွားရတာပဲတဲ့။

ဘယ်လိုအစာအာဟာရ ဖောက်ပြန်လို့ အသက်တိုရပါသလဲလို့ဆိုတော့ မိုးလေဝသ မမှန်လို့မို့ ရွာချိန်တန်မှ မရွာဘဲ မရွာရမယ့်အချိန်မှာ ရွာလို့ ရွာရမယ့်အချိန်မှာ မရွာတော့ အသီးအနှံတွေပျက်ပြားပြီး မအောင် တစ်ခြမ်းအောင်တစ်ခြမ်းတွေများလို့မို့ မနပ်တပိုင်း-နပ်တစ်ပိုင်းတွေကိုစား

---

ဤတည်ပင်စောင့် နတ်မင်း ဝတ္ထုကား-ဇာတ်၊ ၄၊ ပဌမ၊ ၁၀၃-၁၁၃ ၌ လာ သည်။ ဥတုဘောဇနကာရဏာ-စသော ဗန္ဓအတွက် အင်္ဂုတ္တရပါဠိ၊ ပ၊ ၃၇၆၊ သုတ်မဟာဝါ၊ ၄၊ ၇-တို့၌ ကြည့်။

(ပဌမအကြိမ်)

မိကြီးဘနှင့် အနာရောဂါတွေများပြီး အသက်ရှည်ရှည်မနေရဘဲ တိုတိုနှင့် သေသွားရတာပဲတဲ့၊ အသက်တိုဖို့၊ ရှည်ဖို့၊ ဥတုရာသီမှန်ဖို့၊ မမှန်ဖို့၊ အစာအာဟာရ ဖောက်ပြန်ဖို့၊ မဖောက်ပြန်ဖို့ အကြောင်းမှာတော့ ပြည့်ရှင်မင်း ပုရောဟိတ်ပုဏ္ဏားကို အစထားပြီး ကိုင်းသူပြည်သား နတ်ဗြဟ္မာများတို့ တရားစောင့်ခြင်း မစောင့်ခြင်းကို အရင်းပြုလို့ ဖြစ်ရတာပဲတဲ့။

သို့-ဘယ်လို လူနတ်ဗြဟ္မာတို့ တရားမစောင့်တာနှင့်အသက်တိုရပါသလဲ ဆိုတော့ လူတို့၏ ဦးစီးနာယကဖြစ်တဲ့ ပြည့်ရှင်မင်းကြီးက ရှေးဦးအစ တရားမစောင့်လို့ အထောင့်ထောင့်အမှားမှား မတရားပြုကျင့်လာပြီးလို့ ဆိုလျှင် ထိုမင်းကြီးကထားတဲ့ အိမ်ရှေ့မင်းလဲ တရားစောင့်လို့ မနေနိုင်ဘူးတဲ့၊ မင်းနှင့် အိမ်ရှေ့ သဘောတူ တရားမေ့နေကြပြန်ယင်လဲ သူတို့ကထားတဲ့ ပုရောဟိတ် ပုဏ္ဏားလဲ သူတို့အလိုကို လိုက်စားရတာနှင့် ဘယ်မှာ တရားစောင့်၍ နေဝံ့ပါတော့မလဲတဲ့၊ပုရောဟိတ်ပုဏ္ဏား တရားမစောင့်ဝံ့ ယင်လဲ မှူးကြီးမတ်ရာ သေနာပတိ အရာရှိ အစိုးရ မင်းခမင်းစေ မင်းခြွေမင်းရံ နိုင်ငံသူ-နိုင်ငံသား တစ်မြို့လုံး တစ်ပြည်လုံး တစ်လုံးတည်းပြားပြီး ဘယ်သူမှ တရားမစောင့်နိုင်ကြဘူးတဲ့၊ အဲ-ဤလိုမင်းနှင့်တကွ လူ့ပြည်က လူသားတို့မှ တရားကို မစောင့်ကြယင်လဲ ထိုလူတို့၏ ကိုယ်စောင့်နတ်နှင့် တကွ စပ်ရာစပ်ရာ ဘုမ္မာရုက္ခ အာကာသမျိုးမိုးနတ် လေနတ် နက္ခတ်တာရာ ဒေဝါသိကြား နတ်များအားလုံး ဗြဟ္မာဆုံးအောင် စိတ်နှလုံး မစင်မဖြူဘဲ အချင်းချင်း သဘောတူစုတ္တပြီး တစ်ကွဲစီအသင်းသားချင်း ထောင့်ကြ တာနှင့် နတ်ဗြဟ္မာများလဲပဲ တရားမစောင့်နိုင်ကြပြန်ဘူးတဲ့။

အဲ-ဤလို လူရော နတ်ရော ဗြဟ္မာရော သဘောမဖြောင့်တာနှင့်တရား ကိုမှ မစောင့်နိုင်ကြအောင် အချင်းချင်း စိတ်နှလုံးထောင့်နေကြတော့ မိုးနတ် လေနတ်-နက္ခတ်လနေ ရာသီစောင့်ဗိမာန်တွေလဲအခြေမမှန်ဖောက် ပြန်ယွင်းကွက် သွားနေကျလမ်းရိုးကိုဖျောက်ဖျက်ပြီး အချက်မကျသွားကြ လာကြ တိုက်ကြလှင့်ကြ ပြုချင်တိုင်းပြုကြတာနှင့် ရွာသင့်တဲ့အချိန်မှာ မရွာ မရွာသင့်တဲ့အချိန်မှာလည်း ကြဲလိုကြဲ စုလိုစု အမူမလှ ဖြစ်ချင်တိုင်း ဖြစ်နေကြလို့မို့ ဥတုသမယ မမျှမညီ ရာသီမတဲ့ မိုးလေဝသ ချို့တဲ့ပြီး တရွှေ့တစောင်း မကောင်းသီးနှံ မဆံမယူ မတူမှည့်ငိုက် ရိတ်တိုက်နယ် ထောင်းသောင်းပြောင်းရောချက်မကျက်တစ်ခြမ်း-ကျက်တစ်ခြမ်းနှင့်အခန်း

(ပဋ္ဌမအကြိမ်)

အဝဝ ရောပြွမ်းကာ စားမိကြခြင်းကြောင့် ဝမ်းတွင်းက အစာ မကြေနိုင်ဘဲ ရောဂါတွေ ကိုယ်မှာစွဲပြီး အနည်းနည်းပျက်ပြားလို့ အသေ အပျောက်များကြတာနှင့် အသက်တမ်းလဲ တိုသွားရတာပဲတဲ့။

အဲ-သို့ကြောင့် မင်းကအစ လူရော-နတ်ရော....ဗြဟ္မာရော တရားမစောင့် ကြခြင်းကြောင့်သာ ဥတုသမယ အာဟာရနှင့်တကွ အစစတွေချွတ်ယွင်းပြီး ပစ္စုပ္ပန်ကျိုးဟူသမျှ ပျက်ပြားလစ်ဟင်းကြတဲ့အပြင် တမလွန်နောင်ကျိုးပါ ကင်းကြတာနှင့် သေတော့ အပါယ်ဘုံသို့ချည်းသာ ဆင်းသွားရတာပဲတဲ့၊ အဲ–သို့ကြောင့် ဘုရားအလောင်း ရှေးသူတော်ကောင်းတို့သည် မကောင်း မတရား ကျင့်မှောက်မှားက အသက်တိုရခြင်း အပါယ်သို့လားရခြင်းအစရှိ သော ပစ္စုပ္ပန်ကျိုး တမလွန်ကျိုး ပျက်ပြားခြင်းကို ကွင်းကွင်းကြီး မြင် တော်မူကြ၍ ပြည်ကြီးရှင်ဘုရင်မင်းတို့ကို ကပ်ချဉ်းကာ ဩဝါဒပေးပြီး ပစ္စုပ္ပန်ဘေး-တမလွန်ဘေးတို့ကို ငြိမ်းအေးအောင် ပြုတော်မူကြတယ်၊ သို့ ဘယ် ဘုရားအလောင်းတော်များ ပြုတော်မူဖူးပါသလဲလို့ ဆိုတော့–

ရှေးလွန်လေပြီးသောအခါ ကပိလတိုင်း ဥတ္တရပဥ္စာလပြည်ကြီး၌ ဗြဟ္မ ဒတ်မည်သော ပဥ္စာလမင်းကြီးသည် မြတ်သောကိုယ်ကျင့်တရားကို မရှာ မမှီးဘဲမမြတ်သော အဓမ္မတရားကိုသာ စိတ်စီးပြီး ထီးနန်းကို စိုးအုပ်နေ တယ်၊ ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏားနှင့်တကွ မှူးမတ်သေနာပတိ အရာရှိ အစိုးရ ကျွန်ကျေး စေတမန်စသော သူတို့သည်လည်း မင်းတူသဘော ကြိုက် မင်းလိုကိုသာလိုက်ပြီး မထိုက်မရောက်သော အခွန်အတုပ်တို့ကိုခန့်ခွဲ လို့ ဖောက်လွဲဖောက်ပြန် ဓမ္မကံချွတ်ယွင်းလို့ တိုင်းသူပြည်သားတို့ကို နှိပ် နင်းပြီး အတင်းဗလက္ကာ အဓမ္မပြုကျင့်နေကြတယ်။

ထိုအခါ တိုင်းသူပြည်သား ဆင်းရဲသားတို့မှာလဲ တောသား သမင်တို့ ကဲ့သို့ အခွန်တောင်း မင်းချင်းယောကျ်ားတို့ မတွေ့မမြင်အောင် သားယယ် မြေးပုတို့ကို။ဆွဲငင်လို့ တစ်နေ့လုံးတောထဲမှာခိုဝင်ပုန်းအောင်းကာ နေဝင်မှ အိမ်ကိုလာပြီး သူခိုးဓားပြတို့ကို ကြောက်ရပြန်တာနှင့် အိမ်ကိုသာ ဆူးခက် တပ်လှည့်ကာ ကာလို့ ပုန်းခိုးကာအိပ်ရ နေကြရရှာသဖြင့် နေ့အခါမှာ မင်းချင်းယောကျ်ားတွေကဲ ညှဉ်းဆဲ ညဉ့်အခါမှာလဲ သူခိုးဓားပြတို့က ညှဉ်းဆဲလို့ တရားမစောင့်တဲ့ မင်း၏နိုင်ငံထဲမှာ ဆင်းရဲစွာ နေကြရတယ်။

(ပဥ္စမအကြိမ်)

အဲ-ထိုအခါ ငါတို့အလောင်းတော်မှာလဲ တည်ပင်စောင့်နတ် ဖြစ်နေရတာနှင့် ထိုသူတို့ဆင်းရဲတာကိုမြင်လို့မို့ မရှင်မသာ ကြင်နာသနား ကရုဏာပွားလှတာနှင့် နန်းတော်ကို ကိုယ်တိုင်သွားပြီး မင်းကြီးအား ဆုံးမတော်မူတယ်၊ ဘယ်လို ဆုံးမပါသလဲလို့ ဆိုတော့—"ရှင်မင်းမြတ်—တိုင်းပြည်ရပ်ကို ကြည့်ကြပ်စောင်မခရိုင်စိုးတဲ့ မင်းမျိုးလို့ ဖြစ်ခဲ့ကြက ဒုက္ခိတအများနိုင်ငံသားတို့ကို ရင်းသားလို အတူထင်ပြီး ပြည်ခွင်ကိုစိုးအုပ်ကြရပါတယ်၊ မဖွယ်မတင့် တရားကိုမထောက်ချင့်ဘဲ မသင့်သောအဓမ္မနှင့် အကျယ်၍ မင်းပြုကာ နေခဲ့ကြပါလျှင် ဗိုလ်ပါမှူးမတ် ပရိသတ်တို့သည် မအပ်သော အမှုယုတ်ကို ပြုလုပ်ကာနှိပ်နင်းပြီး ပြည်ဝင်းရှိ နိုင်ငံသူတို့ကို အမှုဖောက်လွှဲ မတော်မမှန် ခံယူခဲ့ကြတာနှင့် မစဲအောင် ပူပြင်းလို့ ရွာတွင်းမှာ မနေဝံ့ကြဘဲ ကြောက်ရွံ့မရှောင်တိမ်း ပြည်မငြိမ်းနိုင်အောင် မှုဒိန်းခားပြ ခိုးသားတွေ သူပုန်ထပြီး အစစ်ချွတ်ယွင်းလို့ ပစ္စုပ္ပန်လူဖြစ်ကျိုး မထွန်းလင်းနိုင်တဲ့အပြင် နောင်တမလွန် သံသရာကျိုးကြီး လစ်ဟင်းပြီး သေတော့ အပါယ်ဘုံထဲသို့သာ ဆင်းသွားရတတ်ပါတယ်၊ ချွတ်ယွင်းမည်လား ငါ့တရားဟု လှည့်သွားကာ စနည်းနာပြီး ချမ်းသာအောင် ကြည့်ရှု တိုင်းပြည်ကိုသာပြုစုလို့ တရားနှင့် မင်းပြုမှသာ ကောင်းမှုတိုးပွား ပစ္စုပ္ပန်တမလွန်ကိုယ်ကျိုးများပြီး ကောင်းမြတ်သောဂတိသို့ လားနိုင်ရာခရီးမည်"ဟု အဲ-ဤလို မင်းကြီးအား ဆုံးမတော်မူတယ်။

အဲ-ထိုအခါ ပဉ္စာလမင်းဘုရားလဲ ဘုရားအလောင်းဆုံးမသော စကားကို ကြားရ၍ ထိတ်လန့်ခြင်းသံဝေဂတရားပွားပြီး နန်းတော်ကို မှူးမတ်တို့အား အပ်ထားခဲ့၍ မထင်မရှားသောအသွင်ဖြင့် ပုရောဟိတ်ပုဏ္ဏားကိုရွေးသွားတင်၍ မြို့ပြင်သို့ထွက်ခဲ့ကြလို့ ယူဇနာဝက်မျှလောက် ခရီးပေါက်ပြီး တစ်ခုသော ရွာငယ်သို့ ရောက်သွားကြတယ်၊ အဲ-ထိုရွာက သူအိုကြီးတစ်ယောက်လဲ အိမ်ပေါက်မှာ ဆူးခက်ပိတ်ပြီး အခွန်တောင်း မင်းချင်း ယောကျ်ားတို့ကို ကြောက်ရွံ့တဲ့စိတ်နှင့် တစ်နေ့လုံး တောထဲမှာ ပုန်းအိပ်လို့ လူဆိတ်မှ ရွာကိုဝင်ပြီး အိမ်ပေါက်က ဆူးတံခါးကို ဆွဲငင်လေလျှင် မမြင်မှုန့်ရီ မျက်စိသိဘာနှင့် ကသီကရီအပြင်းဆူးခက်ကိုနင်းမိလို့မို့ ဆူးနှုတ်ယင်း ဆင်းရဲလှတာနှင့် "ဤပဉ္စာလမင်းမှဲ့သည် စစ်ပွဲတွင်လို့ ချက်မိပြီး မခါအောင် လူးလဲလို့ ငါကဲ့သို့ ဆင်းရဲရပါစေလို့"အဲ-ဤလို မပြေနိုင်မောင်းမဲ့ပြီး ပဉ္စာလမင်းကြီးကိုချည်းကျိန်ဆဲနေတယ်။ ထို့ကြောင့်—

(ပဉ္စမအကြိမ်)

ဝေဝံ ဝေဒေတု ပဥ္စာလော၊ သင်္ဂါမေ သရမပ္ပိတော။
ယထာဟ မဇ္ဇ ဝေဒေမိ၊ ကဏ္ဏကေန သရမပ္ပိတော။

အဇ္ဇ၊ နေ့ခြည်ရီသန်း ယနေ့ညချမ်း၌။ အဟံ၊ အရွယ်ရင့်ယို ငါလူအို သည်။ ကဏ္ဏကေန၊ အဖျားမြထက်ဆူးသစ်ခက်ဖြင့်။ သမပ္ပိတော၊ အောက် ထက်ဝင်ခပ် စူးဝင်အပ်သည်ဖြစ်၍။ ဝေဒေမိယထာ၊ နေရာမထ ဆင်းရဲရသကဲ့ သို့။ ဧဝံတထာ၊ ငါလို အလားပုံခြားဘဲသာလျှင်။ သင်္ဂါမေ၊ ရန်သူစစ်မက် အတူဘက်၍ တိုက်ဖျက်ပစ်ဆင် စစ်ခမြေပြင်၌။ သရမပ္ပိတော၊ အသွားထက်ဦး မြားချက်စူးသည်ဖြစ်၍။ ပဥ္စာလော၊ ပဉ္စာလပိုင်နင်း ပြဟ္မဒတ်မင်းသည်။ ဝေဒေတု၊ ဧင်းကာလဲခွေ ဆင်းရဲရပါစေသတည်း။

အဲ-ထိုသူအိုကြီးကျိန်ဆဲသောစကားကို ပုရောဟိတ်ပုဏ္ဏားကြား၍ သား ရေမလှ ရှုံ့တွတွနှင့် ဗလယ့်င်းယို အဘိုးအို ရှုတ်ယိုသွီးကျုံ မျက်စိမှုန်သို့မို့ ဆူးပုံကို အတင်းဆင်းပြီး နင်းလိုမ့်ကာ ထို ဤလူးတဲ့နှင့် အဘိုးအိုကိုဆူးက စူးတာပဲကို အကြောင်းထူးမငြိမရစ်တဲ့ ပဉ္စာလမင်းကေရာဇ်ကို ဘယ်ပြစ် ကြောင့် ကျိန်ဆဲရပါသလဲလို့ အဲ–ဤလို ပုရောဟိတ်ပုဏ္ဏားက တင်စားကာ အပြစ်ဆိုတယ်။ ထို့ကြောင့်–

ဇိဏ္ဏော ဒုဗ္ဗလစက္ခုသိ၊ န ရူပံ သာဓု ပဿတိ။
ကိံ တတ္ထ ပြဟ္မဒတ္တဿ၊ ယံ တံ မဂ္ဂေ ဝိဇျ ကဏ္ဏကော။

မဟလ္လကာ၊ သားရေရွှတ်ယို အဘိုးအို။ တွံ၊ အရွယ်ယွင်းယို သင် ဘိုးအိုသည်။ ဇိဏ္ဏော၊ ယိုယွင်းကုန်းကွ အိုခင်းလှသည်ဖြစ်၍။ ဒုဗ္ဗလ စက္ခု၊ မလုံလောက်ကျီသိမ္မှုန်သော မျက်စိရှိသည်။ အသိ၊ မချည့်အနေ ဖြစ်ပါချေ၏။ ရူပံ၊ ဖြူနီပြောင်းဝင်း အရောင်အဆင်းကို။ နသာဓုပဿတိ၊ ကောင်းစွာပိုင်ပိုင်မမြင်နိုင်။ တေန၊ စမ်းကာဝိုးဝါး လှမ်းကာတွား၍ အသွား မကောင်း ထိုအကြောင်းကြောင့်။ တံ၊ ယိမ်းယိုင်လဲပြို သင်ဘိုးအိုကို။ ကဏ္ဏကော၊ အဦးထက်မြက် ဆူးသစ်ခက်သည်။ ယံမဂ္ဂေဝိဇျ၊ မစူးချင်ဘဲ လူးဝင်လဲ၍ မလွဲလှဲ့ကာ စူးခဲ့ရာ၏။ တတ္ထ၊ ထိုသူအိုမျက်မဲ့ ဆူးမှာလဲ၍ မလွဲရှောင်သာ ဆူးစူးရာ၌။ ပြဟ္မဒတ္တဿ၊ ဝေးတကာင်းကင်း နန်းမြို့ဘွင်း၌ အလျဉ်းမစပ် မင်းပြဟ္မဒတ်အား။ ကိံဒေါသော၊ ဘယ်လိုနှလုံး မှန်း၍ ကုန်းကာမဲ့ကာ ကျိန်ဆဲပါသနည်း။

(ပဉ္စမအကြိမ်)

အဲ-ဤလို ပုဏ္ဏားကပြောဆိုလေလျှင် အတိုးကြီးသူအိုကလဲ လုလင်ပျို ပုဏ္ဏားငယ်-အတိုးကိုဆူးစူးရာ ဗြဟ္မဒတ်မင်းအပြစ်ကို ပြောကြားရမှာဖြင့် အလွန်ပေါများလှပါတယ်၊ အဓမ္မသည်မင်းလုပ်လို့မို့ ဇနပုဒ် နိုင်ငံများမှာ ခိုးသားတွေက ညကိုရှောင့်၊ မဖြောင့်တရား အခွန်အတုပ်တွေကို အဓမ္မ စားပြီး မင်းချင်းယောကျ်ားတွေကလဲ နေ့ကိုနှိပ်စက် နေကွက်မရ အိမ်ကို သာ ဆူးတပ်ချပြီး မင်းရေးကိုကြောက်ကြလုလို့ နေ့ကာလမှာတော့ တော မှာပုန်း နေလုံးပျောက်မှအိမ်ကိုပြန်ရတော့ ဝင်းခြံစည်းရိုး သူခိုးရန်ပြောင့် အမှောင့်အတား ဆူးခက်တွေမို့အောင်သိပ်ပြီး ဆို့ပိတ်ကာ ထားခဲ့ရတဲ့ အဲ-ဤလို အကျိုးအကြောင်းထဲမှာ မမြင်လို့ လဲသွားရဘာနှင့် ငါတို့လိုသူအို ကြီး လူးရမှုဖြင့် ဘယ်မှာ ဆူးမစူးဘဲ နေပါတော့မလဲ ငါ့မြေးရယ်လို့ အဲ-ဤလို သူအိုကြီးက ပြောကြားတယ်။ ထို့ကြောင့်—

ဗဟွေတ္တ ဗြဟ္မဒတ္တဿ၊ သောဟံ မဂ္ဂေသ္မိ ဗြာဟ္မဏ။
အရက္ခိတာ ဇာနပဒါ၊ အဓမ္မဗလိနာ ဟတာ။
ရတ္တိညို့ စောရာ ခါဒန္တိ ဒိပါခါဒန္တိ တုဏ္ဍိယာ။
ရဋ္ဌသ္မိံ ကူဋရာဇဿ၊ ဗဟု အဓမ္မိကော ဇနော။
တောဒိသေ ဘယေ ဇာတေ၊ ဘယဋ္ဋာ တာတ မာဏဝါ။
နိလ္လေနကာနိ ကုဗ္ဗန္တိ၊ ဝနေ အာဟရိတွာ ကဏ္ဍကေ။

ဗြာဟ္မဏ၊ ပုဏ္ဏားနုနယ် လုလင်ငယ်။ သောဟံ၊အရွယ်ယွင်းယို ငါလူအို သည်။ မဂ္ဂေ၊ စည်ကာအိမ်တန်း ဆူးရှိသောလမ်း၌။ပတိတော၊ သိမ့်မှန်ဝေမဲ ချွတ်ချော်၍လဲသည်။ အသ္မိ၊ မချိတွေဝေ ဖြစ်ရလေ၏။ ဧတ္ထ၊ ဤငါသူအိုလဲ ထနိုင်ခဲ၍ မျက်စိမှဲ့ပြာ ဆူးစူးရာ၌။ ဗြဟ္မဒတ္တဿ၊ တရားမဖြောင့် မစောင့် မစည်း ဗြဟ္မဒတ်မင်းအား။ ဗဟုဒေါသော၊ အပြစ်ပြောစရာ ပေါများ ပါ၏။ ဇာနပဒါ၊ တိုင်းစွန်ပြည်နား ဇနပုဒ်သားတို့ကို။ အရက္ခိတာ၊ လက်နက်ကင်းထောက် ထားကာခြောက်၍ မစောင့် မရှောက်ပါကုန်။ အဓမ္မဗလိနာ၊ ဒသမပိုပွား အလိုများ၍ မင်းစားမဟုတ် မတရားသော အခွန်အတုပ်ဖြင့်။ ဟတာ၊ မင်းချင်းအပေါင်း လွှတ် ကာ တောင်း ၍ ထောင်းကာဖိုလ်ပုံ နှိပ်စက်အပ်ကုန်၏။

ဟိသစ္စံ၊ သူအိုတော့သား ပြောစကားသည် မမှားကေန် အဟုတ်မှန်၏။ ရတ္တိံ၊ မိုးမှောင်အတိ မိုက်ခါဘိ၍ မသိသူငါ ညဉ့်အခါ၌။ စောရာ၊

အကြမ်းအနု အတုအပွား ခိုးသူများတို့သည်။ ခါဒန္တိ၊ လွယ်ရာအခန်း ကွယ်ကာသမ်း၍ ကုပ်ဖမ်းလုယက်ကြကုန်၏။ ဒိဝါ၊ သူငါ့ဘိတုန်း လူရှိ ကျုံး၍ ဖိဖုံးနိုင်ရာ နေရှိတုန်းအခါ၌။ တုဏ္ဍိယာ၊ တုတ်ခါးကိုယ်စီ တချီ ချီနှင့် ထိုဥ္ဇ လျှောက်သွား။ မင်းခွန်တောင်း ယောကျ်ားတို့သည်။ ခါဒန္တိ၊ အော်ကာ ငေါက်ငမ်း ခေါ်ကာရမ်း၍ ကုပ်ဖမ်းလုယက်ကြ ကုန်၏။ ကုဋ္ဌရာဇာသ၊ တရားမစွဲ မင်းစဥ်းလဲ၏။ ရဋ္ဌသ္မိံ၊ မြို့ပြင်ထီးရင်း နိုင်ငံတွင်း၌။ အဓမ္မိကော၊ တရားမှဝေး အမှားထောင်သော။ ဇနော၊ သူပျက်သူချော် မသူတော်သည်။ ဗဟု၊ ဂဏန်းနှင့်ပြ မျက်မှန်းဆလည်း မရတွက်ရေ များလှချေ၏။

တာတ၊ ချစ်သားနန္ဒယ် ပုဏ္ဏားငယ်သည်။ တောဒိသေ ဘယေ၊ ဤသို နေ့ည မအေးရအောင် သောကလောင်ဆွေး ဒုက္ခပေးသည်။ ဇာတေ၊ တမှုတ်ခန့်မျှ စိတ်လက်ချဖို့ မရဘဲ ဖြစ်ခဲ့ချေသော်။ ဘယဋ္ဌာ၊ မင်းချင်း သူခိုး ရန်သူမျိုးကို အစိုးမရ ကြောက်ရွံ့ကြကုန်သော။ မာဏဝါ၊ တိုင်း စွန်ပြည်သား လူအများတို့သည်။ ဝနေ၊ နီးဝေးတခွင် တောတပြင်၌။ ကအိုံကေ၊ ဇီး, ခန်မှန်တက် ဆူးခက်သစ်တို့ကို။ အာဟရိတွာ၊ တွဲကာစုဆုံ ဆွဲယူကုန်၍။ နိလ္လေနကာနိ၊ ပုန်းရာခိုမှီး ဆူးတပ်ကြီးတို့ကို။ ကုဗ္ဗန္တိ၊ အိမ်နီးမှာအုံ ပြုကြရကုန်၏။

အဲ-ဤလို သူအိုအဘိုးကြီးက ပြောဆိုသေလျှင် သူအို၏ စကားသည် သင့်မြတ်သော အကြောင်းရှိလှပေအည်တကားဟု မင်းနှင့်ပုဏ္ဏားလဲ ထို ရွာမှ ဖဲသွားကြပြန်သည်ရှိသော် တောဝင်ချုံစတွင် အမယ်အိုမကြီး တစ်ယောက်သည် နှစ်ယောက်သော သတို့သမီးပျိုများမှာ မွေးကျွေးသူ လင်ယောကျ်ား မရှိကြသေးတာနှင့် စိတ်အေးစွာမနေရဘဲ ဟင်းရွက်နှင့် ထင်းကို ရှာင်းပြီး စုဆောင်းကာ ကျွေးမွေးနေရလို့မို့ တောစကချုံ မြင့်ကို တက်ပြီး ဟင်းရွက်ကို အလှမ်းလိုက်တွင် မူးမိုက်ကာ ငိုက်စိုက် ကျပြီး ရင်ဝကို မြေနှင့်ဆောင့်မိလို့မို့ မချိအောင် နာကျင်တာနှင့် ရာဇာ စဥ်းလဲ တော်မွတ်တဲ့ တိုင်းပြည်ထဲမှာ မွဲလှတဲ့ ငါ့အမယ်အိုမှာ သမီးပျို နှစ်ယောက် အားကိုးလောက်ဖို့ မောက်မောက် မားမား ထင်ရှားစွာရှိပါ သားနှင့် ယောကျ်ားမရ သည်မင်းအို ဘယ်အချိန်လောက်မှ သေပေါက်သို့ ကျပါမလဲလို့၊ အဲ-ဤလို ပြဟ္မဒတ်မင်းကိုသာ ကျိန်ဆဲနေပြန်တယ်။ ထို့ကြောင့်—

(ပဌမအကြိမ်)

ကဒါသုံနာမယံ ရာဇာ၊ ဗြဟ္မဒတ္တော မရိဿတိ။
ယဿ ရဋ္ဌမှိ ဇိယျန္တိ၊ အပတိကာ ကုမာရိကာ။

ယဿရညော၊ အကြင်တရားမမဲ့ ဗြဟ္မဒတ်မင်းစဉ်လဲ၏။ ရဋ္ဌမှိ၊ ရိုးရာပိုင်နင်း စိုးလာသော နိုင်ငံတွင်း၌။ ကုမာရိကာ၊ ချိန်ရွယ်မလို နုနယ်သော သတို့သမီးပျိုတို့သည်။အပတိကာ၊ ဖေးကူမစ ကျွေးမွေးသူခင်ပွန်းမရနိုင်ကြကုန်ပဲသာလျှင်။ ဇိယျန္တိ၊ အဆင်းအရေ အလင်းမပြေဘဲ ယွင်းရွေကာ အိုကြရကုန်၏။ ဗြဟ္မဒတ္တော၊ ဗြဟ္မဒတ်ဟု ဘွဲ့မှတ်ခေါ်ကြ အမည်ရသော။ အယံရာဇာ၊ တရားယွင်းယို ဤမင်းအိုသည်။ ကဒါ၊ ဘယ်ချိန်တန်ရောက် ဘယ်ခါလောက်မှ။ မရိဿတိနာမ၊ နှစ်,လရွှေ့လျှောက် သေနေပေါက်သို့ဝင်ရောက်ငြိမ်းကွယ်ရပါလိမ့်မည်နည်း။

အဲ-ဤလို ကျိန်ဆဲနေသော သူအိုမကြီး၏ အသံကိုကြား၍ ပုဒရောဟိတ်ပုဏ္ဏားကလဲ စကားအရာမလိမ္မာဘဲ ယုတ်စွာညစ်ညို အပြစ်ဆို၍ မျက်လိုမာန်တင်း အဖျင်းဖျင်းနှင့် ဗြဟ္မဒတ်မင်းကိုသာ ဆဲရေးနေတဲ့ အမယ်အို-ရှေးကုသိုလ်ကံမလှလို့ သတို့သမီးပျိုတွေကို လုပ်ကျွေးရတာနှင့် အမယ်အိုချုံပေါ်က ကျရပါတာကို ကံကိုသော်လဲချ သတို့သမီးပျိုတွေကိုသော်လဲ ဆဲရေးသင့်လှပါတယ်၊ အရေးမလှ သတို့သမီးပျိုတွေ လင်ယောကျ်ားမရတာနှင့် ဗြဟ္မဒတ်မင်းကို ဆဲရေးသည်မှာ ဝေးစွာအခြားနိုင်ငံရှိ သတို့သမီးပျိုတို့ကို မင်းကပင် 'အောင်'ဆိုလို့ ခေါ်ရဦးမှာလားလို့ အဲ-ဤလို ပုဏ္ဏားက အပြစ်ဆိုတယ်။ ထို့ကြောင့်—

ဒုဋ္ဌာသိတဉ္စ တေ ဇမ္မိ၊ အနတ္ထပဒ ကောဝိဒေ။
ကုဟိံ ရာဇာ ကုမာရိနံ၊ ဘတ္တာရံ ပရိယေသတိ။

အနတ္ထပဒကောဝိဒေ၊ကြောင်းကျိုးအလိုက် ဆိုက်မဆိုက်ကို မနှိုက်မထွင် မသိမြင်ဓာတ်သော။ ဇမ္မိ၊ ယုတ်စွာမျက်ညို နှုတ်ထွက်အိုလှသောအမယ်ကြီး။ တေ တယာ၊ ဒေါသမာန်ပို သင်အမယ်အိုသည်။ ဒုဋ္ဌာသိတံ၊ အပြစ်မကပ် ဗြဟ္မဒတ်ကို မအပ်အလွဲ ဆိုကျိန်ဆဲ၏။ ဟိသစ္စံ၊ ငါပုဏ္ဏား၏ စကားကေန်စင်စစ်မှန်၏။ ရာဇာ၊ နိုင်ငံပိုင်နင်း ဗြဟ္မဒတ်မင်းသည်။ ကုမာရိနံ၊ နိုင်ငံတွင်းခို သတို့သမီးပျိုတို့၏။ ဘတ္တာရံ၊ သွေးတူချစ်ကျွမ်း ကျွေးမွေးသူ သားလင်ခင်ပွန်းကို။ကုဟိံ၊ ဘယ်ရွာဌာန ဘယ်ဒေသ၌။ ပရိယေသတိ၊ တင်ဆောင်လိုရာ 'အောင်'ဆိုကာနှင့် အဘယ်မှာဖွေရှာ၍ ပေးနိုင်ပါအံ့နည်း။

အဲ-ဤလို ပုဏ္ဏားက အပြစ်ဆိုလေလျှင် သူ့အိုအမယ်ကြီးကလဲ ငါ့မြေး ပုဏ္ဏားငယ်....အကြောင်းမျိုး အသွယ်သွယ်ကို အမယ်က သိပြီး အသက် အရွယ်လဲ မောင်တို့ထက် ကြီးပါတယ်။ သည်ဗြဟ္မဒတ်မင်းကြီး မစောင့် မအုပ်လို့မို့ ဇနပုဒ်နိုင်ငံဖျားမှာ ခိုးသားတွေကလဲ ညကိုရှုပ် မဟုတ်မလျား အခွန်အတုပ်တွေကို အမြဲစားပြီး မင်းချင်းယောကျ်ားတွေကလဲ နေ့ကို နှိပ်စက် နေကွက်မရ အိမ်ကိုသာ ဆူးတပ်ကြီးချပြီး မနေ့ကာလကိုတော့ တောမှာ ပုန်း၊ နေလုံးပျောက်မှ အိမ်ကို ပြန် မိုးသောက်ပြန်ယင်လဲ တောကို ပြေး၊ အဲ-သည်လိုချည်း ဒုက္ခတွေရှုပ်ထွေးနေရတော့ မယားကျွေးဖို့မရှာ အားတဲ့ပြင် ကိုယ်တစ်ယောက်ဖို့မှ ဝလောက်အောင် လွန်ကြိုးစားရတဲ့ ရွာ ပါးပွတ်သပ် ငတ်ငတ်မွဲမွဲ အသက်မွေး လွန်ကျဉ်းကျပ်လှတဲ့ ဗြဟ္မဒတ်မင်း နိုင်ငံထဲမှာ ဘယ်တော့ သတို့သမီးပျိုတွေ သားလင်ခင်ပွန်း ရနိုင်ပါတော့ မယဲ ငါ့မြေးရယ်လို့၊ အဲ-ဤလို အမယ်အိုကြီးက အကြောင်းကို ပြောဆိုတယ်။ ထို့ကြောင့်—

န မေ ဒုဗ္ဘာသိတံ ဗြဟ္မေ၊ ကောဝိဒတ္ထပဒေ အဟံ။
အရက္ခိတာ ဇာနပဒါ၊ အဓမ္မဗလိနာ ဟတာ။
ရတ္တိဉ္စ စောရာ ခါဒန္တိ၊ ဒိဝါ ခါဒန္တိ တုဏ္ဍိယာ။
ရဋ္ဌသ္မိံ ကူဋရာဇဿ၊ ဗဟု အဓမ္မိကော ဇနော။
ဒုဇ္ဇီဝေ ဒုဗ္ဘရေ ဒါရေ၊ ကုတော ဘတ္တာ ကုမာရိယော။

ဗြဟ္မေ၊ ပျိုသွေးနုနယ် ပုဏ္ဏားငယ်။ မေ မယာ၊ ကြောင်းကျိုး သွယ်သွယ် နားပါးလယ်၍ အရွယ်ရင့်ပြီး ငါသူအို အမယ်ကြီးသည်။ န ဒုဗ္ဘာသိတံ၊ အကြောင်းမတဲ့ စောင်းချို့ငဲ့အောင် ရွဲ့ကာရုံကာ မဆိုပါ။ အဟံ၊ အဆက်ဆက်မင်း လက်ထက်တွင်းက သက်ဆင်းဖွားလာ မယ်အို ငါသည်။ ကောဝိဒတ္ထပဒေ၊ ကောင်းဆိုးရာရာ သိလိမ္မာ၏။ ဇာနပဒါ၊ တိုင်းစွန်ပြည်နား ဇနပုဒ်သားတို့ကို။ အရက္ခိတာ၊ လက်နက်ကင်းထောက် ထားကာ ခြောက်၍ မစောင့်မရှောက်ပါကုန်။ အဓမ္မဗလိနာ၊ မတရားသော အခွန်အတုပ်ဖြင့်။ ဟတာ၊ နှိပ်စက်အပ်ကုန်၏။

ဟိသစ္စံ၊ မှန်၏။ ရတ္တိံ၊ ညဉ့်အခါ၌။ စောရာ၊ ခိုးသူတို့သည်။ ခါဒန္တိ၊ လုယက် ဖျက်ဆီးကြကုန်၏။ ဒိဝါ၊ နေရှိတုန်းအခါ၌။ တုဏ္ဍိယာ၊ မင်းချင်း ယောကျ်ားတို့သည်။ ခါဒန္တိ၊ လုယက်ဖျက်ဆီးကြကုန်၏။ ကူဋရာဇဿ၊

(ပဉ္စမအကြိမ်)

မင်းစဉ်းလဲ၏။ ရဋ္ဌသ္မိံ၊ တိုင်းနိုင်ငံ၌။ အခမ္မိကော၊ တရား မစောင့်သော။ ဇနော၊ လူသည်။ ဗဟု၊ များ၏။ ဒုစ္စိဝေ၊ အသက်မွေးကျပ် ဗြဟ္မဒတ်၏ တော်တော်မွဲမွဲ နိုင်ငံထဲ၌။ ဒါရေ၊ အပိုဝန်ပွား သားမယားတို့ကို။ ဒုဗ္ဘရေ၊ တစ်ယောက်စာမျှ မလောက်ငဘဲ မဝပွတ်သပ် အမွေးကျပ်သည်ရှိသော်။ ကုမာရိယော၊ ဗြဟ္မဒတ်ပိုင်စား နိုင်ငံဖွားရှိ ထွားထွားရင့်ပြီး သတို့သမီး တို့သည်။ ကုဓတော ဘတ္တာ၊ ကျေးချင်မွေးချင် ဝတ်ရေးဆင်ဖို့ အဘယ် မှာလျှင် သားလင် ခင်ပွန်း ရနိုင်ကုန်တော့အံ့နည်း။

အဲ့ဤလို စကားဖြင့် အမယ်အိုကြီးက အကြောင်းကို ပြောကြားလေလျှင် နှစ်ယောက်သော မင်းပုဏ္ဏားတို့လဲ သင့်လျော်သော စကားပေဟု နှလုံးထားပြီး ထိုနေရာမှတစ်ဖန် ဖဲသွားကြပြန်လေသော် တစ်ယောက်သော လယ်ထွန်သမားသည် စားချိန်ကို မစားရ ထမင်းပို့မိန်းမ နေမြင့်လွန်း လှတာနှင့် တောလမ်းက လူဆိုးတို့ကို ကြောက်ကြရလို့မို့ မျှော်လှည့်ကာ ထွန်ချေးကို နောက်ပြန်အချလိုက်တွင် ထွန်သွားချွန် ခြေထောက်ကို စူးရှ လို့မို့ သာလိယ မည်သော နွားကြီးလဲပြီး မထဘဲ အိပ်နေလေ့ရာ 'မသမာတရား စွဲလှသည့် ဗြဟ္မဒတ် မင်းစဉ်းလဲသည် ဆင်းရဲစွာ ငါ့နွားလဲ သလို စစ်ပွဲတွင် လှံစူးရှပြီး မထဘဲ လဲရပါစေ'ဟု အထွေထွေမောင်းမဲပြီး ဗြဟ္မဒတ်မင်းကြီးကိုချည်း ကျိန်ဆဲနေတယ်။ ထို့ကြောင့်–

> စေံ သယတု ပဉ္စာလော၊
> သင်္ဂါမေ သတ္တိယာ ဟတော။
> ယထာယံ ကပဏော သေတိ၊
> ဟတော ဖာလေန သာလိယော။

သာလိယော၊ သာလိယဟု နာမကျော်ကြား ငါ၏နွားသည်။ ဖာလေန၊ မြမြဖျားစွန် ထွန်သွားချွန်ဖြင့်။ ဟတော၊ အရိုးရေတွင်း တိုးမွှေထွင်း လျက် ထုဘ်ချင်းပေါက်ခတ် စူးရှအပ်သည်ဖြစ်၍။ ကပဏော၊ ကျောက် ကန်လူးလဲ တရှဲရှဲနှင့် လွဲကာပြန်ကာ ဆင်းရဲသော ဝေဒနာရှိသည်ဖြစ်၍။ သေတိယထာ၊ မြေမှာစင်းခွေ အိပ်ရလေသကဲ့သို့။ ဧဝံတထာ၊ ထိုငါ့နွားနှင့် မခြားစေမူ အလားတူသာလျှင်။ ပဉ္စာလော၊ ပဉ္စာလတိုင်း သမိုင်းမှတ်ထွင်း ဗြဟ္မဒတ်မင်းသည်။ သင်္ဂါမေ၊ တစ်တိုင်းတစ်ခွင် တုနိုင်းယှဉ်၍ ဝိုင်းဝင်၍စစ်

ခတ် စစ်မြေရပ်၌။ သတ္တိယာ၊ ညှိုးကာသတ်မှတ် မိုးကာရပ်လျက် ထိုးလွှတ် အပ်သော လှံဖြင့်။ ဟတော၊ မြုပ်ဆင်းမတ်မတ် ထုတ်ချင်းခတ်အောင် ငုတ်ထွင်းကာ စူးဝင်အပ်သည်ဖြစ်၍။ သယတု၊ ကျင်နာဆင်းရဲ ယှဉ်ကာ တွဲလျက် လဲကာစင်းခွေ လျောင်းအိပ်ရပါစေသတည်း။

အဲ-ဤလို လယ်ထွန်းယောကျ်ား ကျိန်ဆဲနေတာကိုကြား၍ ပုရောဟိတ် ပုဏ္ဏားကလဲ ယောကျ်ားထွန်စီး သင့်နွားကြီးသည် ဖီးဖီးဆူဝ ကိုယ်အား ခွန် ရှိပါလှလျက် နောက်ကထွန်မောင်း မစောင်းမယိုင် ထွန်ကိုင်းကိုတင်း လှအောင်ကိုင်ပြီး မြဲခိုင်စွာ သင် အနှင်မကောင်းခြင်းကြောင့်သာ စောင်း ကာလဲသေ ခြေထောက်ကို ထွန်သွားရှလို့မို့ သင့်နွားကြီး လဲရလေသည်။ အခြေမကျ ကိုယ်ပြုလို့ အမှုချော်ပါးသည်ကို ကိုယ့်ပေါ်ကိုသာ အပြစ်မချဘဲ နန်းတော်က ပြဟ္မဒတ်ကို ထိခတ်ကာမောင်းမဲပြီး အဘယ်ကြောင့် ကျူးလွန်စွာ သင်ကျိန်ဆဲရပါသလဲလို့ အဲ-ဤလို ပုရောဟိတ် ပုဏ္ဏားက လယ်လုပ်သားကို မေးတယ်။ ထို့ကြောင့်—

အဓမ္မေန တုဝံ ဇမ္မ၊ ဗြဟ္မဒတ္တဿ ကုဇ္ဈသိ။
ယော တွံ့ သပသိ ရာဇာနံ၊ အပရဇ္ဈိတွာ အတ္တနော။

ဇမ္မ၊ တရားမဟုတ် စကားနွတ်နှင့် ကြွားယုတ်မောက်မားလယ်လုပ်သား။ ယောတွံ၊ ချွတ်ချော်တိမ်းစောင်း အမောင်း-အနှင် မကောင်းသောအကြင် သင်သည်။ အတ္တနော၊ မတော်ပြုမိ အမှုရှိသော မိမိကိုယ်ကို။ အပရဇ္ဈိတွာ၊ မကောင်းသနစ် အကြောင်းညစ်ကို မစစ်မထွင် အပြစ် မတင်ပါပဲလျက်။ ရာဇာနံ၊ ဝေးရပ်နန်းတွင်း ဗြဟ္မဒတ်ပြည့်ရှင်မင်းကို။ သပသိ၊ မောင်းမဲ ကျိတ်ချေ ကျိန်ဆဲလေ၏။ သော တုဝံ၊ ထိုအယုတ်ဟော့ရမ်း နွှတ်သော့ သွမ်း၍ ကြမ်းတမ်းလှသော သင်သည်။ အဓမ္မေန၊ မချင့်မလောင်း မသင့် သောအကြောင်းဖြင့် ဗြဟ္မဒတ္တဿ၊ အပြစ်လွတ်ကင်း ဗြဟ္မဒတ်မင်းအား။ ကုဇ္ဈသိ၊ မျက်မာန်မောက်ကြွား မထောက်ထားဘဲ ချောက်ချားနောက်မွှေ မှောက်မှားချေ၏။

အဲ-ဤလို ပုရောဟိတ်ပုဏ္ဏားက လယ်သားကို အပြစ်ဆိုလေလျှင် လယ် ရှင်ယောကျ်ားကလဲ ထင်မှားလို့ ဆဲရေးသည်မဟုတ် ဇနပုဒ်နယ်အဝေးကို ဗြဟ္မဒတ်မင်း အရေးမလုပ်ခြင်းကြောင့် ခိုးသားတွေက ညကိုရှုပ်မဟုတ်
(ပဥ္စမအကြိမ်)

မတာရား အခွန်အာဘုပ်တွေကို အဓမ္မစားပြီး မင်းချင်းယောကျ်ားတွေက နေ့ကို နှိပ်စက် လူပျက်လူဆိုး=သူခိုးသူလျှောင်တွေ ရှုပ်ယှက်တဲ့ အတွင်းမှာ ဝမ်းစာဖို့ လယ်ထွန်ဆင်းရလို့ ထမင်းပို့ အချိန်ကို မရောက်လာတာနှင့် စိတ်နေ:ဂ:ကာ ဗျာပါငေပြီး တောခြေကဲ့အထွက်မှာ ခိုးသားတွေ လက်နက်နှင့် အသက်ပင်သေလေရော့သလား, လယ်နားသို့ အဆင်းတွင် မင်းချင်းတွေလုယက်လို့ ထမင်းချုက် ပြန်ရလေသလောဟု တွေးတောချက် အပွေပွေနှင့် အ:ထွေထွေ မျှော်ငံ့စားပြီး ထွန်ကိုင်းကို နောက်ပြန်ဆွဲလို့ မော်တွဲကာလိုက်သွားရလို့မို့ ဗျာများလှတဲ့ လယ်လုပ်သားဟာ ဘယ်မှာ နွားခြေထောက်ကို ထွန်သွား'ကောက် မစူးမရှာဘဲ ရှိတော့မလဲပုဏ္ဏားကြီး ရယ်လို့၊ အဲ—ဤလို လယ်လုပ်သားက ပုဏ္ဏားကို ပြောကြားတယ်။ ထို့ကြောင့်·

ဓမ္မေန ဗြဟ္မဒတ္တဿ၊ အဟံ ကုဋ္ဌာမိ ဗြာဟ္မဏ။
အရက္ခိတာ ဇာနပဒါ၊ အဓမ္မဗလိနာ ဟတာ။
ရတ္တိညို စောရာ ခါဒန္တိ၊ ဒိဝါ ခါဒန္တိ တုဏ္ဍိယာ။
ရဋ္ဌသ္မိံ ကုဋ္ဌရာဇဿ ဗဟု အဓမ္မိကော ဇနော။
သာ နူန ပုန ရေ ပက္ကာ၊ ဝိကာလေ ဘတ္တ မာဟရိ။
ဘတ္တဟာရိံ အပေက္ခန္တော၊ ဟတော ဖာလေန သာလိယော။

ဗြာဟ္မဏ၊ စလွယ်တင်စွပ် နွယ်မချတ်ဘဲ အဝတ်ဖြူဆီး၊ပုဏ္ဏားကြီး။ အဟံ၊ အဓမ္မကင်း မျှတခြင်းဖြင့် မျိုးရင်းနွယ်ဖွား ငါလယ်သားသည်။ ဓမ္မေန၊ လုပ်ကြံမပြော ဟုတ်မှန်သော သဘောဖြင့်။ ဗြဟ္မဒတ္တဿ၊ တိုင်းရပ်စိုးနင်း ဗြဟ္မဒတ်မင်းအား။ ကုဋ္ဌာမိ၊ အမျက်ရန်ရှာ ကျိန်ဆဲပါ၏။ တေန၊ ထိုဓမ္မသတ်ချွတ်ယွင်း ဗြဟ္မဒတ်မင်းသည်။ ဇာနပဒါ၊ရွာဖွေလုပ်စား ဇနပုဒ်သားတို့ကို။ အရက္ခိတာ၊ သူလျှိုကင်းတပ် အသင်းမှတ်၍ မကြပ်မစောင့်ပါကုန်။ အဓမ္မဗလိနာ၊ မင်းမျိုးသမ္မတ ရိုးမကျဘဲ ဒဿမလွန် အဓမ္မအခွန်ဖြင့်။ဟတာ၊မင်းချင်းအပေါင်း လှုတ်ကာတောင်း၍ထု:ထောင်းကြွက်အုံ နှိပ်စက်ကုန်၏။

ဟိသစ္စံ၊ ငါလယ်သား၏ စကားကေန် စင်စစ်မှန်၏၊ ရတ္တိံ၊ ညဉ့်အခါ၌။ စောရာ၊ ခိုးသူတို့သည်။ ခါဒန္တိ၊ လုယက်ကြကုန်၏။ ဒိဝါ၊ နေ့အခါ၌။ တုဏ္ဍိယာ၊ မင်းချင်းယောကျ်ားတို့သည်။ ခါဒန္တိ၊ လုယက်ကြ

ကုန်၏။ ကုဋ္ဌရာဇသ၊ မင်းစဉ်းလဲ၏။ ရဋ္ဌသ္မိံ၊ တိုင်းပြည်နိုင်ငံ၌။ အခမ္မိ ကော၊ တရားမစောင့်သော။ ဇနော၊ လူသည်။ ဗဟု၊ များ၏။

ရေ၊ အကျယ်အပွား ငါလယ်သားကို စကားတင်စီး ပုဏ္ဏားကြီး။ သာ၊ ထိုအိမ်နေဒုက္ခိတ လယ်လုပ်မသည်။ ပုနပက္ကာနုနံ၊ မင်းချင်းတွေညို့ ထမင်းချို့၍ ငါ့ဖို့အစာ ချက်ပြန်ရရှာလေမသိ၊ ဝိကာလေ၊ အချိန်မရောက် နေရှိန်တောက်မှ။ ဘတ္တံ၊ ဆူစမကင်း ပူလှသောအစာထမင်းကို။ အာဟရိ၊ အလျင် တဆော မရှင်မောဘဲ ဘဝင်ဇောနောက်နှာ ပို့ရောက်လာ၏။

ဘတ္တဟာရိံ၊ နေရှိန်စူးစူး အချိန်ကြူးအောင် အထူးချို့လှ ထမင်းပို့ မိန်းမကို။ အပေက္ခမာနော၊ ခိုးသူမင်းရေးအတင်းဘေးကြောင့်ခေါ်မေးရောင် လှည့် မျှော်ငေးကာကြည့်ရသည်ဖြစ်၍။ သာလိယော၊ နွားရိုး နွားသန့် အမျိုးမှန်နှင့်ဖိုးတန်နွားလှ သာလိယာကို။ ဖာလေန၊ အခွအတက် မှုမှုထွက်၍ ထက်လှအဖျား သံထွန်သွားဖြင့်။ ဟတောနုန၊ စိတ်ကြံဖောက်သွဲ နောက်ပြန်ဆွဲရမှုဖြင့် အဘယ်မှာ ခြေထောက်ကို ထွန်စူးရှလို့ မထမလဲဘဲ ရှိပါတော့အံ့နည်း။

အဲ-ဤလို လယ်လုပ်ယောကျ်ား ပြောကြားသော စကားကိုကြားလျှင် မင်း ပုဏ္ဏားတို့လဲ သင့်သောစကားကိုသာ ဤလယ်သား ပြောကြားပေ သည့်ဟု ထိုနေရာမှတစ်ပါး အခြားသောရွာသို့ သွားကြပြန်လေက ထို ရွာသားတစ်ယောက်သည် အိမ်ပေါက်စံနွားခြံတွင်းမှာ နို့ညှစ်ယင်း နွားမ ကန်လို့မို့နွားနို့အိုးလိမ့်လန်ကာ ဖိတ်ကွဲတဲ့ပြင် လူမှာသည်း ဂျမ်းပြန်ကာ လဲရတာနှင့် ကျိတ်အခဲ မပြေနိုင်ဘဲ အိုးမှောက်ကာ ဖိတ်ကြေကွဲပြီး ဂျွမ်း မှောက်ကာ ငါပါလဲခဲ့ဘာလို စစ်ပွဲဘွင်ရန်သူသတ်၍ ဗြဟ္မဒတ် မင်းစဉ်းလဲ သည် လိမ့်လဲကာသေရပါစေဟု အဲဤလိုချည်း မောင်းမဲပြီး ဗြဟ္မဒတ် မင်းကို ကျိန်ဆဲနေတယ်။ ထို့ကြောင့်-

ဧဝံ ဟညဲ့တု ပဥ္စာလော၊ သင်္ဂါမေ အသိနာ ဟတော။
ယထာဟ မဇ္ဇ ပဟတော၊ ခီရဉ္စ မေ ပဝဋ္ဋိတံ။

အဇ္ဇ၊ ယနေ့ နံနက် အရုဏ်တက်၍ ဖန်စက်ရောင်ကြွ နေထွက်စဉ်။ ပဟတောယဘာစ၊ နွားညှစ်မကန် အပြစ်ဒဏ်ကြောင့် မှောက်လှန်ဆင်းရဲ နောက်ပြန်လဲ့ရသကဲ့သို့သည်းကောင်း။ မေ ခီရံ၊ နို့ရည်ပြည့်ဖိုး ငါ၏အိုး (ပဉ္စမအကြိမ်)

သည်။ ပဝဋ္ဋိတံယထာစ၊ နိမ့်ရာမှောက်လဲလိမ့်ကာကွဲရသကဲ့သို့လည်းကောင်း။ ဝေံတာထာ၊ ဤလိုနည်းတူ မလွဲမူ၍သာလျှင်။ ပဍ္ဍာလော၊ ပဍ္ဍာလမည်မှတ် ပြည်နယ်ရပ်ကို စိုးကွပ်ပိုင်နင်း ဗြဟ္မဒတ်မင်းသည်။ သင်္ဂါမေ၊ အနေကျဉ်းကျပ် စစ်မြေရပ်၌။ အသိနာ၊ ထက်စွာအသွား သံလျက်ဓားဖြင့်။ ဟတော၊ နုပ်နုပ်နင်းဖြတ် ခုတ်စဉ်းအပ်သည်ဖြစ်၍။ ဟညတု၊ လှိမ့်ကာတွန်းလှဲ လိမ့်ကာလဲ၍ ဆင်းရဲကျင်နာ သေဘေးကြီးရောက်ရပါစေသတည်း။

အဲ-ဤလိုနို့ညှစ်ယောကျ်ား ကျိန်ဆဲသောစကားကို ပုရောဟိတ်ပုဏ္ဏားကြားလေလျှင် ယောကျ်ားလုလင် အကြောင်းအင်မှာ သင်၏နွားမ အညှစ်မခံပစ်ကာလှန်၍ကန်တတ်လှသည်ကို အစကသင်အသိ သို့လိုပင်ဖြစ်ပါလျက် ဉာဏ်သတိနည်း နွားနို့အိုးလိမ့်ကာကွဲတဲ့ပြင် လူပါပင် နောက်ပြန်လဲကာမှ ဆိုဆဲမာန်သွေး အနီးကနွားမကိုတော့ နှိမ့်ချကာအပြစ်မပေးတဲ့ အဝေးကဗြဟ္မဒတ်ကိုမှ ပုတ်ခတ်ကာ သင်ဆဲရေးရသည်မှာ ဉာဏ်သေးသူက သင်ဘစ်ယောက် ကျောက်ကန်သူက နွားမ အဆဲခံရတာက ဗြဟ္မဒတ်၊ အကြောင်းအကျိုး မစေ့စပ်ကြတဲ့ မသင့်မြတ်သော ဆဲရေးခြင်းဖြစ်ခဲ့ချေ၏တကားဟု အဲ-ဤလို ပုဏ္ဏားက အပြစ်တင်တယ်။ ထို့ကြောင့်–

ယံ ပသုံ ခိရံ ဆဍ္ဍေတိ၊ ပသုပါလံ ဝိဟိံသတိ။
ကိံ တတ္ထ ဗြဟ္မဒတ္တဿ၊ ယံ နော ဂရဟတေ ဘဝံ။

ဘော၊ အကြောင်းမစပ် ဆဲရေးတတ်သော နို့ညှစ်ယောကျ်ား။ ပသု၊ အညှစ်မခံ ပစ်ကာလှန်၍ ကျောက်ကန်တတ်လှ သင့်နွားမသည်။ ယံခိရံ၊ လျှံမောက်ပြည့်ဖြိုး အကြင်သို့သော သင့်နွားနို့အိုးကို။ ဆဍ္ဍေတို၊ ကျောက်ကန်ပေါက်ချေ မှောက်ကွဲစေ၏။ ယံ ပသုပါလဉ္စ၊ အကြင်ညှစ်ကာဆွဲငင် နွားသခင်ကိုလည်း။ ဝိဟိံသတိ၊ နောက်ပြန်လဲစေ ညှဉ်းဆဲလေ၏။ တတ္ထ၊ ထိုနို့အိုးကွဲရာ သင်လဲရာ၌။ ဗြဟ္မဒတ္တဿ၊ မစပ်အလျဉ်း ဗြဟ္မဒတ်မင်းအား။ ကိံ ဒေါသော၊ ဆိုဆဲဖို့လောက် ဘယ်အပြစ်ရောက်သနည်း။ ဘဝံ၊ စဉ်းစားဉာဏ်ပါး သင်နို့ညှစ်ယောကျ်ားသည်။ ယံဂရဟတေ၊ အကြင်သို့သဘော မတွေးတောဘဲ ကြွက်လောဆူဝေ ကျိန်ဆဲပေ၏။ တေံ၊ ဤသို့ မာန်သွင်းကဲ့ရဲ့ကာ ကျိန်ဆဲခြင်းသည်။ နောယုတ္တံ၊ ကျိုးကြောင်းမစပ် မသင့်မြတ်ချေ၏တကား။

(ပဌမအကြိမ်)

အဲ-ဤလို ပုဏ္ဏားက အပြစ်တင်လေလျှင် နို့ညှစ်တဲ့လုလင်ကလဲ အရှင် ပုဏ္ဏား… ဗြဟ္မဒတ်မင်းတရားမှာ ကဲ့ရဲ့ဖွယ် အလွန်များလှပါတယ်၊ တရားကိုလဲမစောင့်မချုပ် ဇနပုဒ်ကိုလဲ မသုတ်သင် အဓမ္မအခွန်တင်ပြီး ပြည်ခွင်ကို သာနှိပ်စက်၍ နေကွက်မရ မင်းချင်းတွေ သူ့ဥနံထသွန်းလို့ ကြမ်းလှဘဲ့နွားမကိုတဲပြီး မညှစ်ဘူးဘဲ ဇွတ်ညှစ်စေတာနှင့် ကျိတ်နှစ်ခါ အတင်းဆွဲမှ ဘယ်မှာ နွားမ-ကန်လို့ မလဲမကွဲဘဲ ရှိပါတော့မလဲ ပုဏ္ဏားကြီးရယ်လို့ အဲ-ဤလို နို့ညှစ်တဲ့ယောကျ်ားက ပုဏ္ဏားကိုပြောတယ်။ ထို့ကြောင့်—

ဂါရယှော ဗြဟ္မပဉ္စာလော၊ ဗြဟ္မဒတ္တဿ ရာဇိနော။
အရက္ခိတာ ဇာနပဒါ၊ အဓမ္မဗလိနာ ဟတာ။
ရတ္တိဉ္စိ စောရာ ခါဒန္တိ၊ ဒိဝါ ခါဒန္တိ တုဏ္ဍိယာ။
ရဋ္ဌသ္မိံ ကူဋရာဇဿ၊ ဗဟု အဓမ္မိကော ဇနော။
ဧတာဒိသေ ဘယေ ဇာတေ၊ ဘယဋ္ဌေ တာတ အာဂတေ။
တံ ဒါနိ အဇ္ဇ ဒေါဟာမ၊ ခီရကာမေဟုပဒ္ဒုတာ။

ဗြဟ္မေ၊ အရှယ်ရှင့်ပြီး ပုဏ္ဏားကြီး။ပဉ္စာလော၊ ပဉ္စာလတိုင်းနယ်တဝိုင်းကို ခန့်ပိုင်းအုပ်ချုပ် မင်းပြုလုပ်သော။ ဗြဟ္မဒတ္တဿ ရာဇိနော၊ ဗြဟ္မဒတ်မည်ရင်း ပြည့်ရှင်မင်းအား။ဂါရယှော၊ သမုဒ်မြစ်နှယ် အပြစ်ကျယ်၍ များသောကဲ့ရဲ့ဖွယ်ရှိ၏။ ဇာနပဒါ၊တိုင်းစွန်ပြည်နား ဇနပုဒ်သားတို့ကို။အရက္ခိတာ၊လက်နက်ကင်းထောက် ထားကာခြောက်၍ မစောင့်မရှောက်ပါကုန်။ အဓမ္မ ဗလိနာ၊မတရားသော အခွန်အတုပ်ဖြင့်။ ဟတာ၊နှိပ်စက်အပ်ကုန်၏။

ဟိသစ္စံ၊ ငါ့စကားသည် မမှားစေန် စင်စစ်မှန်၏။ ရတ္တိံ၊ညဥ့်အခါ၌။ စောရာ၊ခိုးသူတို့သည်။ ခါဒန္တိ၊ လုယက်ဖျက်ဆီးကြကုန်၏။ဒိဝါ၊နေ့အခါ၌။ တုဏ္ဍိယာ၊မင်းချင်း ယောကျ်ားတို့သည်။ ခါဒန္တိ၊ လုယက်ဖျက်ဆီးကြကုန်၏။ ကူဋရာဇဿ၊ မင်းစဉ်းလဲ၏။ ရဋ္ဌသ္မိံ၊ တိုင်းပြည်နိုင်ငံ၌။အဓမ္မိကော၊ တရားမစောင့်သော။ ဇနော၊ လူသည်။ ဗဟု၊ များ၏။

အယံဂါဝီ၊ သားဦးပေါက်စ ဤနွားမသည်။ စဏ္ဍာ၊ ဖမ်းချုပ်မရကြမ်းကြုတ်လှ၏။ အဋ္ဌနကာ၊ နင်းလှန်ပေါက်ခတ် ကျောက်ကန်တတ်၏။ တံ ဂါဝိံ၊ သို့လိုညစ်ညမ်း နွားမကြမ်းကို။ ပူရေ၊အတင်းအမှောက် မင်းလက်
(ပဉ္စမအကြိမ်)

ထောက်တို့ မရောက်မီက ရှေးကာလ၌။မယံ၊ ငါတို့အိမ်သားလူအများတို့သည်။ နဒုဟာမသော၊ တပ်တပ်မိမိ နွားခေါတ်သိ၍ မထိမညစ်ဝံ့ကြပါကုန်။ အဇ္ဇ ဣဒါနိ၊အော်ငေါက်စီးနင်း ရဲသားမင်းတို့ အပြင်းတိုက်လာ ဤယနေ့အခါ၌။ခိရကာမေဟိ၊နွားနို့သောက်လို မင်းချင်းပျိုတို့သည်။ ဥပဒ္ဒုတာ၊ မရလျှင်သတ် ရယင်လုပ်ဟု ဝါးညှပ်ထိပ်ချုံ နှိပ်စက်ကုန်၍။ ဒွေါဟာမ၊ နှစ်ခါကျိတ်မဲ ညှစ်ခါဆွဲရ၍ ပစ်လွှဲစုံကန် အဘယ်မှာလျှင် မလဲမကွဲဘဲခံနိုင်ပါကုန်တော့အံ့နည်း ။

အဲ ဤလိုနို့ညှစ်ယောက်ျားပြောကြားသောစကားကို ကြားလေလျှင် မင်းနှင့် ပုဏ္ဏားလဲ ကျိန်ဆဲသင့်သောအကြောင်းရှိပေတကားဟု တစ်ဖန် ထိုအရပ်မှ ဖဲသွားကြပြန်လေက တစ်ခုသောကွင်းစ၌ အမွေးအရေလှပတဲ့မွေးဖွားစနွားငယ်ကိုသတ်ပြီး သံလျက်ခေါးအိမ်တပ်ဖို့ရာ အရေဖျက်ခွါ၍ မင်းချင်း ယောက်ျားတွေ အတင်းယူသွားကြလေလျှင် နွား မိခင်လဲ အစာရေမဝင် မရှင်မလန်း တအော်အော် မြည်တမ်းပြီး တောလမ်းကိုချည်း ပြေးလျှောက်နေလို့မို့ တုကောက်ကောက်သူငယ်တွေနောက်ကလိုက်ပြီး မဆိုက်မနားဤနွားမ-သားငယ်ရေးကြောင့် ပူဆွေးကာပြေးလွှားရတာလို ပဥ္စာလ သည်မင်းအိုးလဲသားပျိုနှင့်ကွာကင်းပြီး ထမင်းဟင်းမစားရ ငိုကြွေးကာ အပူမဆုံးနိုင်ဘဲ ပိန်ချုံးကာ ကျရပါစေလို့အဲ-ဤလိုချည်း ဖြဟ္မဒတ်မင်းကို ကျိန်ဆဲနေတယ်။ ထို့ကြောင့်-

> ဧဝံ ကန္ဒတု ပဉ္စာလော၊ ဝိပုတ္တော ဝိပ္ပသုက္ခတု။
> ယထာယံ ကပဏာ ဂါဝီ၊ ဝိပုတ္တာ ပရိဓာဝတိ။

အယံဂါဝီ၊ သားငယ်ဖွားစ ဤနွားမသည်။ ကပဏာ၊ သောက ဟုန်တော်က် မြက်,ရေကိုမှ မစားမသောက်နိုင်ဘဲ။ ဝိပုတ္တာ၊သည်းခြာချစ်ရင်းသားမှကင်းသည်ဖြစ်၍။, ပရိဓာဝတိယထာ၊ မြည်ကာမအေး ထိုဤပြေးရသကဲ့သို့။ဧဝံတထာ၊ ဤလိုနည်းတူ အမြဲယူ၍သာလျှင်။ပဥ္စာလော၊ပဥ္စာလတိုင်း နယ်တစ်ဝိုင်းကိုခန့်ပိုင်းစိုးနင်း ဗြဟ္မဒတ်မင်းသည်။ဝိပုတ္တော၊ သည်းချာရင်တွင်း သားနှင့်ကင်းသည်ဖြစ်၍။ ကန္ဒတု၊ မအေးမပျောက်အဆွေးတောက်၍ ပြေးလျှောက်ငိုကြွေး ရပါစေသတည်း။

အဲ-ဤလို နွားကျောင်းသားတွေကျိန်ဆဲနေတာကိုကြား၍ပုရောဟိတ်ပုဏ္ဏားကဲလဲနွားကျောင်းသားအမောင်သူငယ် ကွင်းပြင်ကြီးဤအလယ်မှာ

တကျယ်ကျယ်မြည်ကြွေးပြီး နွားဆိုတာ ပြေးတတ်ပါတယ်၊ သင်တို့နှင့်လဲ ဝေးသေးတာမဟုတ် စုဝေးကာဖမ်းချုပ်လို့ လည်ကုပ်မှာကြိုးနှင့်တဲ့ပြီးမြဲမြဲကြီးချည်တုပ်ထားယင်လဲ့ သည်နွားမဇွတ်ဆွဲပြီးတလွဲသို့ သွားနိုင်တော့မှာ မဟုတ် သို့လိုသာ မလုပ်ပါဘဲ တအုံအုံ ကြွေးကြွေးပြီး ဘုရင်မင်းကို ဆဲဆိုကြတဲ့ အရေးမှာတော့ သင်တို့နွားမ ထိုဤပြေးစေဖို့ဗြဟ္မဒတ်မင်းမှာ ဘယ်အပြစ်များ ရှိပါသေးသလဲလို့ အဲ·ဤလိုပုဏ္ဏားက နွားကျောင်းသား တစ်ယောက်ကို မေးတယ်။ ထို့ကြောင့်–

ယံ ပသု ပသုပါလဿ၊ သမ္ဘမေယျ ရဝေယျ ဝါ။
ကောနီဓ အပရာဓတ္ထိ၊ ဗြဟ္မဒတ္တဿ ရာဇိနော။

တာတ၊ တကျယ်ကျယ်လောင် ကွင်းလယ်ခေါင်မှာ ဆဲယောင်ဆိုမှား အမောင်နွားကျောင်းသား။ ပသု၊ နွားမျိုးအစစ် ရိုးအမြစ်နှင့် ဖြစ်ရတပြီး နွားထီး,နွားမဟူသမျှသည်။ ပသုပါလဿ၊ နွားစောင့်နွားတာ နွားကျောင်းသား၏။ ရက္ခန္တဿ၊ အဝေးမသွား နီးအပါးက အများခြောက်ကာ စောင့်ရှောက်ပါလျက်သာလျှင်။ ယံ၊သမ္ဘမေယျဝါ၊ နွားကြီး နွားသေးရစ်ခါတွေး၍ အကြင် ပြေးသော်လည်းပြေးတတ်ရာ၏။ ယံရဝေယျဝါချိုသွေးခွါချွန် တမွန်မွန်နှင့် အကြင် မြည်တွန်သော်လည်း မြည်တွန်ရာ၏။ ဣဓ၊ ဤသင်တို့နွားမ ဖမ်းမရဘဲတမ်းတမြည်ကြွေး ထိုဤပြေးရာ၌။ ဗြဟ္မဒတ္တဿ ရာဇိနော၊ မစပ်မလျဉ်းဗြဟ္မဒတ်မင်းအား။ကောအပရာဓော၊ဆဲဖို့ယုတ်ညစ် ဘယ်သို့သောအပြစ်သည်။ အတ္ထိ၊ ထွေးရစ်ငြိပွေ ရှိပါချေသနည်း။

အဲ့–ဤလို နွားကျောင်းသားကို ပုဏ္ဏားကမေးလေလျှင် နွားကျောင်းသား သူငယ်ကလဲ အဖ•ပုဏ္ဏားကြီး ဤဗြဟ္မဒတ် ဘုရင်မင်းကြီးမှာ မပြီးအောင် ဆဲရေးစရာ အပြစ်တွေ ပေါများလှပါတယ်၊ တရားကိုလွှဲဖယ်ပြီး တိုင်းနယ်ကိုလဲ မကြည့်မစောင့် ဇနပုဒ်နယ်စွန်နယ်ဖျားမှာ ခိုးသားတွေက မှောင့်တဲ့ပြင် မဖြောင့်အောင် အခွန်တွေကိုသာ တင်လွန်းလို့ နယ်တစ်ခွင် လေးပြင်ရပ်မှာ မင်းချင်းတွေရှုပ်ယှက်ခတ်ပြီး မရပ်မနား ထောင်းထုကာ တောင်းစော်ကားတဲ့ပြင် ဇနပုဒ်သားတွေကိုလဲ လူမမှတ် သေးနုတ်နွားငယ် ကို သတ်ပြီး နုဖပ်တဲ့အရေပြားကို ဓားအိမ်ဖို့ယူသွားကြတာနှင့် မြက်မစားရေမသောက် နွားမကြီးမှာ သောကမီးဟုန်းဟုန်းတောက်ပြီး တပြုန်းပြုန်း

ခုန်ပေါက်လို ပြေးလျှောက်ကာအပူမစဲ မြေကြီးမှာလူးကာလဲ ရတော့မှာပဲ ဘယ်မှာလျှင် ဗြဟ္မဒတ်မင်းကို မကျိန်ဆဲဘဲနေပါတော့မလဲ ပုဏ္ဏားကြီးရယ် လို့ အဲ-ဤလို နွားကျောင်းသားက ပုဏ္ဏားကို ပြောတယ်။ ထို့ကြောင့်—

အပရာဓေ မဟာဗြဟ္မေ၊ ဗြဟ္မဒတ္တဿ ရာဇိနော။
အရက္ခိတာ ဇာနပဒါ၊ အဓမ္မဗလိနာ ဟတာ။
ရတ္တိဉ္စ စောရာ ခါဒန္တိ၊ ဒိဝါ ခါဒန္တိ တုဏ္ဍိယာ။
ရဋ္ဌသ္မိံ ကုဋ္ဌရာဇဿ၊ ဗဟု အဓမ္မိကော ဇနော။
ကထံ နော အသိကောသတ္ထာ၊ ခိရပါ ဟညတေ ပဇာ။

မဟာဗြဟ္မေ၊အဝတ်ဖြူဆီး ပုဏ္ဏားကြီး။ ဗြဟ္မဒတ္တဿ ရာဇိနော၊ပဥ္စာလ တိုင်းရပ် သမိုင်းမှတ်၍ ကွပ်ညှပ်စီးနင်း ဗြဟ္မဒတ်မင်းအား။ အပရာဓေ၊ ဆဲဖို့အကြောင်း အပြစ်ပေါင်းသည်။ဗဟု၊ အထုတောင်နေ မျှားလှချေ၏။ ဇာနပဒါ၊တိုင်းစွန်ပြည်နား ဇနပုဒ်သားတို့ကို။အရက္ခိတာ၊ လက်နက်ကင်း ထောက် ထားကာခြောက်၍ မစောင့်မရှောက်ပါကုန်။ အဓမ္မဗလိနာ၊ မတရားသောအခွန်အတုပ်ဖြင့်။ ဟတာ၊ နှိပ်စက်အပ်ကုန်၏။

ဟိသစ္စံ၊မှန်၏။ ရတ္တိံ၊ ညဥ့်အခါ၌။ စောရာ၊ ခိုးသူတို့သည်။ ခါဒန္တိ၊ လုယက်ဖျက်ဆီးကြကုန်၏။ ဒိဝါ၊ နေ့ရှိတုန်းအခါ၌။ တုဏ္ဍိယာ၊ မင်းချင်း ယောကျ်ားတို့သည်။ ခါဒန္တိ၊ လုယက်ဖျက်ဆီးကြကုန်၏။ ကုဋ္ဌရာဇဿ၊ မင်းစဲဥ်းလဲ၏။ ရဋ္ဌသ္မိံ၊ တိုင်းနိုင်ငံ၌။ အဓမ္မိကော၊ တရားမစောင့်သော။ ဇနော၊ လူသည်။ ဗဟု၊ မျှား၏။

အသိကောသတ္ထာ၊သံလျက်ထည့်သွင်းအိမ်ပြုခြင်းငှာ၊ခိရပါ၊ ဖွားစချို့ နှုန်း နို့စို့တုန်းဖြစ်သော။ ပဇာ၊ ရွှေ့နောက်ယိမ်းယိုင်မသိမ်းနိုင်ဘဲ မခိုင် ခါးသွယ် နွားသူငယ်ကို။ အဓမ္မသေဝကေဟိ၊ နွားရှင်နှင့် နွား မသနားကဲ တရားမကပ် မင်းချင်းအမတ်တို့သည်။ ကထံဟညတေ၊ ဆဲဖို့မယွင်း ဘယ် အခင်းကြောင့် အတင်းညှပ်ကာ သတ်ရပါသနည်း။

အဲ-ဤလို နွားကျောင်းသားက ပုဏ္ဏားကိုပြောကြားလေလျှင် မင်းနှင့် ပုဏ္ဏားလဲ သင့်လျော်သော စကားပေတကားဟု ထိုခနရာမှ ဖဲသွားကြပြန် သည်ရှိသော်တစ်ခုသောတောစအိုင်အတွင်း၌ကြီးတစ်သင်းဝိုင်းအုံပြီးရေကုန်

သည့် ကမ်းစနားကဖားတွေကို ပေါက်သတ်စားကြလို့မို့ ပဉ္စာလတိုင်း စည်းလဲကို စစ်ပွဲမှာ ထိုးသတ်ကြတာနှင့် ရှိသမျှသားသမီးပါ ပျက်စီးကာ သေပျောက်ပြီး ကျီး,လင်းတ စားသောက်ကြပါစေလို့ အဲ-ဤလို ဖားတွေက ဗြဟ္မဒတ်မင်းကို ကျိန်ဆဲနေတယ်။ ထို့ကြောင့်–

ဝေံ ခဇ္ဇတု ပဉ္စာလော၊ ဟတော ယုဒ္ဓေ သပုတ္တကော။
ယထာဟ မဇ္ဇ ခဇ္ဇမှိ၊ ဂါမိကေဟိ အရညဇာ။

ဂါမိကေဟိ၊ ရွာနီးပြည်မ ကြီးပွားကြကုန်သော ကျီးငှက်တို့သည်။ အရညဇာ၊ တောစွန်အိုင်စဲ ကြီးပွားရသော။ အဟံ၊ ရေတွင်ပျော်ပါး ငါတို့ ဖားကို။ အဇ္ဇ၊ တရားကျင့်ပျက် ခုမင်းလက်ထက်၌။ ခဇ္ဇာ၊ တသဲသဲကပ် ဆိတ်ဆွဲအပ်သည်။ အမှိယထာ၊ မခြိမလှ ဖြစ်ကြရသကဲ့သို့။ ဝေံတထာ၊ ထို နှင့်မပြား ပုံမခြားဘဲသာလျှင်။ ယုဒ္ဓေ၊ ထိုးပစ်နှိပ်နယ် စစ်ပွဲလယ်၌။ ဟတော၊ သူပုန်ရန်ညှပ် ပစ်သတ်အပ်သည်ဖြစ်၍။ သပုတ္တကော၊ ခြွေရံသွေးနီး သား သမီးနှင့်တကွ။ ပဉ္စာလော၊ ပဉ္စာလတိုင်းရပ် စိုးကြပ်ပိုင်းနင်း ဗြဟ္မဒတ်မင်း ကို။ ကာကဂိဇ္ဈေဟိ၊ နှုတ်လုံထက်မြ ကျီး,လင်းတတို့သည်။ ခဇ္ဇတု၊ အုံအုံ သဲသဲ စုကာဆွဲ၍ ကိုက်ခဲစားသောက်ကြပါစေသတည်း။

အဲ-ဤလို အိုင်ထဲကဖား ဆိုသောစကားကို နတ်၏တန်ခိုးနှင့်ပုရောဟိတ် ပုဏ္ဏား ကြားလေလျှင် အချင်းရေဖား-ဗြဟ္မဒတ်မင်းတရားသည် တိုင်းသူ ပြည်သား လူအများ တို့ကိုသာ ဆီးတားကန့်ကွက် ဘေးရန်လွတ်ရေးဥပဒ် အေးအောင် စစ်ရေးနှင့် ဖျောက်ဖျက်နိုင်ရာသည်၊ တောနတ်မြိုင်ဖျား အဝေးရပ်ခင်း မစပ်လျှဉ်းတဲ့ အိုင်တွင်းက-ဖား,သား,ငါးတို့ကို ကျီး,သိန်း, စွန်,လင်းတ စားရုံမျှနှင့် ရာဇကျင့်ရင်း ဓမ္မကင်းတော့သည်ဟု ပြည့်ရှင်မင်း ဗြဟ္မဒတ်ကို မအပ်အလွဲ ဖားငါးတွေစုကာတဲ့ပြီး ကျိန်ဆဲဖို့အခွင့် ရှိနိုင်ပါ့ မလား-အဆွေဖားရယ်လို့၊ အဲ-ဤလို ပုဏ္ဏားက ဖား ကို မေး တယ်။ ထို့ကြောင့်–

န သဗ္ဗဘူတေသု ဝိဓေန္တိ ရက္ခံ၊
ရာဇာနော မဏ္ဍူက မနုဿလောကေ။
နေတ္တာဝတာ ရာဇာ အဓမ္မစာရီ၊
ယံ တာဒိသံ ဇီဝမဒေယျု ဓင်္ကာ။

(ပဉ္စမအကြိမ်)

ဘောမဏ္ဍုက-ရေတွင်ကျက်စား အခဆွဖား။ ဆုဇာခနာ၊ တိုင်းပြည်စိုးကြ မင်းဟူသမျှတို့သည်။ မနုဿလောကေ၊ လူ့ရွာလူ့မြေ လူတို့ပြည်၌။ သဗ္ဗဘူတေသု၊ လုံးစုံများစွာ သတ္တဝါတို့၌။ ရက္ခံ၊ ဘေးဒဏ်ရန်ပျောက် အစောင့်အရှောက်ကို။ နဝိဓေန္တိ၊ မတားမနှင် မစီရင်နိုင်ကြကုန်။ တာဒိသံ၊ လူမှုဝေးလံ တောတောင်ယံ၌ တိရစ္ဆာန်အစစ် ဖြစ်ကြအများ သင်တို့လိုဖားကို။ ဇိစံ၊ မပျက်ဝိညာဉ် အသက်ရှင်၍ စိမ်းရွှင်လတ်လတ်။ ဓင်္ကာ၊ တောပြင် တောအောင်း ကျီးငှက်အပေါင်းတို့သည်။ အဒေယျုံ၊ ဝိုင်းအုံသွားလာ စားကုန်ရာ၏။ ဧတ္တာဝတာ၊ တောပြင် တောင်ကြား အင်းအိုင့်နား၌ ဖားကို ကျီးပေါက် ဤမျှလောက်ဖြင့်။ ရာဇာ၊ တိုင်းပြည်စိုးကြပ် ရိုးမပြတ်ဘဲ မျိုးမြက်နွယ်ရင်း ဗြဟ္မဒတ်မင်းကို။ နအဓမ္မစရိယံ၊ တရားမချဖျ အမှားကျသည်ဟု မသင့်မရာ မဆိုသာ။

အဲ-ဤလို ပြောကြားတဲ့ ပုရောဟိတ်ပုဏ္ဏားရဲ့စကားကိုကြား၍ အိုင်ထဲက ဖားသူငယ်ကလဲ မိန္နယ်ဗဇာတ် အမျိုးမြတ်နှင့် ရိုးမှတ်သော ပုဏ္ဏားကြီး မင်းကြီးဗြဟ္မဒတ် ပြည်ကြီးနတ်၏ နှစ်သက်အပ်သောစကားကို ပြောကြားတဲ့ အရိပ်အရာ နိမိတ်ကို ထောက်ဆလျှင် အဓမ္မသဘော သင်ပုဏ္ဏားလဲ မင်းများနှင့် နီးနှောပြီး လိုက်ရောကာ အတူအမျှ နှုတ်ကာယအမှား ထောင့်လို့မို့ တရားမစောင့်ပုံရချေသည်၊ ရှေးသမ္မတနွယ်ရင်း ပဥ္စာလ သင်တို့မင်းသည် အကယ်၍ ကျင့်ဓမ္မ မချွတ်ယွင်းခဲ့ပါမူ ပြည်တွင်းရှိ လူအလုံးနှင့် နတ် ဗြဟ္မာဘဝဂ်ဆုံးအောင် ရှေ့ကျင့်ထုံးနည်း မညှိုးကြဘဲ တရားကိုသာ အားကိုးကြပါလိမ့်မယ်၊ လူနတ်မျိုး မချိုးမဖယ်ဘဲ တရားကိုသာ ကျင့်ရိုးသွယ်ကြယင်လဲ မိုးမကွယ်, ရေမရှား စပါးဆန်ပေါများလို့ အနာအဖျားလဲမရှိ ရှေးပကတိထက် အသက်ရှည်တာနှင့် ဆွေမျိုးသားချင်း မိတ်သင်းပေါများ တိုင်းပြည်လုံး ပွင့်ဖူးကာပြီး ပြန့်ပွားကြွယ်ဝ ပျော်စည်သံညံမစဲအောင် စွန့်ကြဲကာ ပေးကမ်းကြလို့မို့ ကွင်းစတောချုံ အဆီရွှဲရွှဲ ငါးအမဲနှင့် စွန့်ကြဲတဲ့ ထမင်းပုံတွေကို ကျီးငှက်တွေမှ စားသောက်လို့ မကုန်နိုင်ပါဘဲ တောအုံမြိုင်အောက် အဆီနည်းနည်း ကျီခွဲခွဲနှင့် ညှီရွှံနံဟောက်တဲ့ ငါတို့လိုတောထဲက ဖားပိန်, ဖားခြောက်တို့ကို ဘယ်မှာ ကျီးငှက်တွေ လာပေါက်ကြပါတော့မလဲ–ပုဏ္ဏားကြီးရယ်လို့၊ အဲ-ဤလို အိုင်ထဲက ဖားက ပုဏ္ဏားကို ပြောကြားတယ်။ ထို့ကြောင့်–

(ပဥ္စမအကြိမ်)

အဓမ္မရုပေါ ၀တဲ ဗြဟ္မစာရီ၊
အနုပ္ပိယံ ဘာသသိ ခတ္တိယဿ။
ဝိလုပ္ပမာနာယ ပုထုပ္ပဇာယ၊
ပူဇေသိ ရာဇံ ပရမပ္ပမာဒံ။
သစေ ဠာဒံ ဗြဟ္မေ သုရဇ္ဇကံ သိယာ။
ဖီတံ ရဋ္ဌံ ပူရိတံ ဝိပသန္နံ။
ဘုတွာ ဗလိံ အဂ္ဂပိဏ္ဍဉ္စ ကာကာ၊
န မာဒိသံ ဇီဝ မဒ္ဒေယျုံ ဓင်္ကာ။

ဗြဟ္မစာရီ၊ မမှားမပြန် တရားမှန်ကို ကျင့်ကြံလေ့ရှိသော ပုဏ္ဏားကြီး။ တံ၊ ဇာတ်နွှတ်ထင်ရှား သင်ပုဏ္ဏားသည်။ ခတ္တိယဿ၊ မဟုတ်မတရား အယုတ်များသောမင်း၏။ အနုပ္ပိယံ၊ မညီမညစ် အလိုဖြစ်အောင် အပြစ်စင်ကြယ် ချစ်ခင်ဖွယ်သောစကားကို။ ဘာသသိ၊ အေးပါစေလို ဖေးကာဆို၏။ တုဝမ္ပိ၊ မင်းမှာခစား သင်ပုဏ္ဏားသည်လည်း။ အဓမ္မရုပေါ၀တာ၊ မင်းနှင့်မပြား အတွင်းသားမို့ တရားမစောင့် အမှားဘောင့်သေယောင်တကား။ ပုထုပ္ပဇာယ၊ တိုင်းသူပြည်သား လူအများကို။ ဝိလုပ္ပမာနာယ၊ အကျင့်ယွင်းပျက် ဓားဗလက်ဖြင့် နှိပ်စက်ကလူ လုယက်ကာ ယူသည်ဖြစ်၍။ ပရမပ္ပမာဒံ၊ တရားမမွေ့ အမှားကွေ့၍ ခေလ့စိဘ်စီး အခမ့်ကြီးသော။ ရာဇ၊ ဓမ္မသတ်ချွတ်ယွင်း ဗြဟ္မဒတ်မင်းကို။ ပူဇေသိ၊ ဝစီထုတ်ညွှန်း နှုတ်အစွမ်းဖြင့် ချီးမွမ်းရိုသေ ပူဇော်လေ၏။

ဗြဟ္မေ၊ တရားမမှီး ပုဏ္ဏားကြီး။ ဠမံ၊ ဤသင်တို့ခိုမှီး တိုင်းပြည်ကြီးသည်။ သုရဇ္ဇကံ၊ ချမ်းမြေအားကြည့် ကောင်းသော ပြည်သည်။ သစေ သိယာ၊ အကယ်၍သာ ဖြစ်ခဲ့ပါအံ့။ ဠမံရဋ္ဌံ၊ သင်တို့ပျော်မှီး ဤတိုင်းကြီးသည်။ ဖီတံ၊ စာရေဆူပေါ လွန်ဝပြောသည်။ ပူရိတံ၊ မိုးမှန်ရေရှိ သီးနှံပြည့်သည်။ ဝိပ္ပသန္နံ၊ တိုင်းသားပြည်ခွင် စိတ်ကြည်လင်သည်။ သစေ သိယာ၊ အကယ်၍သာ ဖြစ်ခဲ့ပါအံ့။ ဧဝံသတိ၊ ဤသို့အကြောင်း မတိမ်းစောင်းပါသည်ရှိသော်။ ကာကာ၊ နားမှာနင့်နင့် သံတကျင်သို့ မြင်သမျှ ညှိုး မြည်သံဆိုးလှကုန်သော။ ဓင်္ကာ၊ မှိုရွာမိုအောင်း ကျီးငှက်ပေါင်းတို့သည်။ ဗလိံ၊ ဗျောစည်သံငြိမ့် တခြိမ့်ခြိမ့်နှင့် သိမ့်သိမ့်ညံသဲ အလှူပွဲ၌။ အဂ္ဂပိဏ္ဍဉ္စ၊ ဆင်းနွံရသာ နတ်သုဒ္ဓါသို့ ဩဇာကြိုင်မွှေး ထမင်းဦးကို

သာလျှင်။ ဘုတွာ၊ နေ့တိုင်းအမြဲ ပေါင်းဆုံတွဲကာ ပျံ့ဝိုင်းအုံ စားရကုန်သည်ဖြစ်၍။ မာဒိသံ၊ ကြုံလို့မည်းသည်း အဆီနည်းတဲ့ ညီရွှန်ဟောက် ငါတို့လိုဖားပိန်, ဖားခြောက်ကို။ ဇီဝံ၊ သက်နေဝိညာဉ် မသေခင်ပင် အရှင်လတ်လတ်။ နအဒေယျံ၊ အင်းအိုင်ကိုနောက် ဖွေရှာကောက်၍ အဘယ်မှာ စားပေါက်လာကုန်တော့အံ့နည်း။

ဤသို့လျှင် မင်းနှင့် ပုဏ္ဏားတို့သည်လည်း တိုင်းစွန်ပြည်နားသို့ လှည့်သွားကာ စုံစမ်းကြလေက ခြောက်ပါးသော အရပ်ဌာနတို့၌ မင်းကိုသာ ဆဲရေးတဲ့ အသံကို ကြားခဲ့ရသဖြင့် ငါတို့မင်းအဖြစ်ကို ရခြင်းသည် တရားယွင်းဖောက် နတ်ရွာလမ်း ကမ်းပျောက်၍ အချည်းစည်းသို့သာ ရောက်ခဲ့ရချေပြီတကားဟု သံဝေဂဖြစ်ပွားကြပြီး နန်းတော်သို့ ပြန်သွားကြ၍ တိုင်းသားပြည်သူ ဗိုလ်လူခပ်သိမ်းတို့ကို ထိန်းသိမ်းကြပ်မတ် စည်မောင်းခတ်စေလျက် ကွပ်ညှပ်ဆုံးမ တရားပြ၍ ဒါနအစ သီလဘာဝနာ လေးဖြာဗြဟ္မစိုရ် မယွင်းယိုစေဘဲ ကုသိုလ်ကိုကြိုးပမ်း၍ သက်တမ်းရှည်လျား ဘေးရောဂါကင်းပါးပြီး သေသည်၏အခြားမှာ နတ်ရွာသို့ လားကြရတယ်။

အဲ-ဤဒေသနာ သာဓကကို ထောက်ဆစဉ်းစား၍ တရားယွင်းဖောက် အရင်းမှောက်က ထောက်မသူမရနိုင်ကြဘဲ အစစယွင်းယို သက်အာယုမ တဲခို နိုင်လို့မို့ တိုတိုနှင့် ချုပ်ပျက်ပြီး နောက်အဆက် ဘဝတစ်ပါးမှာ အပါယ်ဘုံသို့ ချည်းသာ လားကြမည်တကားဟု အတည်ကျ မှတ်သားပြီး ဘဝတစ်ပါးသို့ ပြောင်းသွားရသောသူသည် ကျင့်မှုယွင်းဖောက်၍ အပါယ်သို့ ရောက်ရသည်ရှိသော် နောက်နောက်က ကုသိုလ်ကံရှားလို့မို့ အစား အဝတ် ငတ်မွတ်ခေါင်းပါးပြီး ရိရှားညှိုးနွမ်း မပင်ပန်းရအောင် သံဃာတော် ထေရ်ရဟန်းတို့အား သေသူကိုရည်မှန်းပြီး ဆွမ်းခဲဖွယ် အဝတ် သင်္ကန်းတို့ကို လှူဒါန်းကာ အမျှဝေကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

**တည်ပင်စောင့် နတ်မင်းဝတ္ထု ပြီး၏။**

(ပဌမအကြိမ်)

# ၈-မဟာနန္ဒိယမျောက်မင်း ဝတ္ထု

ဇီဝိတံ ဗျာဓိ ကာလော စ ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။

(ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ ၂၂၈)

ဇီဝိတံ၊ ဤမျှနေ့ရက် ငါ့အသက်သည် မပျက်မြဲတည် ရှည်လိမ့်မည်ဟူ၍ လည်းကောင်း။ ဗျာဓိစ၊ ယုတ်စွာမြတ်စွာ ဤအနာနှင့် ငါ့မှာမြဲဘည် သေလိမ့်မည်ဟူ၍ လည်းကောင်း။ ကာလောစ၊ နေ့မှာညမှာ ဤချိန်ခါ၌ ငါ့မှာမြဲတည် သေလိမ့်မည်ဟူ၍လည်းကောင်း။ ဒေဟနိက္ခေပနဉ္စ၊ ဤမှာ ထိုမှာ ငါ့ခန္ဓာကို သေခါမြဲတည် စွန့်ရမည်ဟူ၍လည်းကောင်း။ ဂတိစ၊ လူ့ရွာနတ်ရွာ ငါသေခါ၌ မြဲစွာအတည် လာလိမ့်မည်ဟူ၍ လည်းကောင်း။ ဧတေပဉ္စ၊ ဤသို့ငါးခု အကြောင်းစုတို့ကို။ ဇီဝလောကသ္မိံ၊ အသက်နှင့်တည် အပြည်ပြည်၌။ အနိမိတ္တာ၊ တိုင်းထွာပိုင်းဖြတ် သမိုင်းကပ်၍ မအပ်မနှင်း အမှတ်ကင်းခြင်းကြောင့်။ နနာယရေ၊ အခြေမိမိ ပုံသေညှိ၍ မသိမမြင်နိုင်ကြကုန်။

ဤဒေသနာတော်အလာ ဘုရားရှင်အလိုတော်မှာ ဘယ်လိုဆိုလိုပါသလဲလို့ဆိုတော့...သက်ဇီဝမကင်းမကွာဘဲ အရပ်ရပ်အရွာရွာ ရှိကြတဲ့ သတ္တဝါတို့မှာ နေရာကျအမြဲကိုင်ပြီး သခင်္ကတအစွဲအခိုင်နှင့် ပိုင်ပိုင်ကြီး မသိနိုင် မမြင်နိုင်တဲ့ တရားငါးပါးရှိတယ်။ ဘယ်ငါးပါးလဲလို့ ဆိုဘော့ ငါ၏အသက်သည် မပျက်မစီး ဘေးဥပဒ် ရန်မဆီးဘဲ တစ်သန်တည်း နှစ်လကြာပြီး ဤမျှလောက် နေရမှာပဲလို့ အဲ-ဤလိုလဲ သေဖို့ နေ့ရက်ဟာကို မသိနိုင် မမြင်နိုင်တာလဲ တစ်ခုပဲတဲ့။

ထိုမှတစ်ပါးလဲ အနာယုတ်အနာမြတ် ကွဲပြားတဲ့အနာမျိုး ကိုးဆယ့်ခြောက်ပါးထဲမှာလဲ ယုတ်သောအနာမျိုးနှင့်သာ ငါသေရလိမ့်မည်၊ မြတ်သောအနာမျိုးနှင့်သာ ငါသေရလိမ့်မည်ဟု အဲ-ဤလို အတည်ကျမှတ်စွဲပြီး သေရမည့်အနာကိုလဲ မသိနိုင် မမြင်နိုင်ကြတာလဲ တစ်ခုပဲတဲ့။

---

ဤ မဟာနန္ဒိယ မျောက်မင်း ဝတ္ထုကား—ဇာတ်၊ ဋ္ဌ၊ ဒုတိယ၊ ၁၈၄-၁၈၅ ၌ လာသည်။

(ပဥ္စမအကြိမ်)

ထိုမှတစ်ပါးလဲ နေ့အခါ ညအခါ နံနက်အခါ ညချမ်းအခါတို့တွင်လဲ ဤအချိန် ဤကာလမှာသာ မုချမလွဲ ကေန္ဒငါသေရမှာပဲလို့ အဲ-ဤလိုလဲ သေချိန်ကို ဝေခွဲပြီး စွဲမြဲကာ မသိနိုင်-မမြင်နိုင်ကြတာလဲ တစ်ခုပဲတဲ့။

ထိုမှတစ်ပါးလဲပဲ မြို့ရွာဇနပုဒ် တောအုပ်ကွင်းပြင် တောင်ခွင်ကျွန်း ကျင်း ရေတွင်းကမ်းစ ဘယ်ရပ်မြေ ဘယ်ဒေသမှာ ငါ့ကိုယ်ကို စွန့်ချပြီး သေရမည် အမြဲပဲလို့ အဲ-ဤလို သေရပ်ကို အခြေစွဲပြီး မြဲမြဲကြီး မသိနိုင် မမြင်နိုင်ကြတာလဲ တစ်ခုပဲတဲ့။

ထိုမှတစ်ပါးလဲပဲ အပါယ်လေးရပ် လူနတ်ပြဟ္မာ ဘုံများစွာတို့တွင်-ဤ ဘုံက ငါဖဲ့ခွာပြီး ထိုဘုံသို့သာမုချ ငါကေန်သွားရမည်ဟု အဲ-ဤလိုလဲ လားရမဲ့ဂတိကို ကမ်းသပ်ပြီး တပ်အပ်ကြီး မသိနိုင်—မမြင်နိုင်ကြတာလဲ တစ်ခုပါပဲတဲ့။

အဲ—ဤယခုပြဆိုခဲ့တဲ့ ငါးရပ်သော အကြောင်းအရာမျိုးတို့ကို အစိုးရ သေမင်းက အချင်းချင်း သွေးစပ်လို့ လက်မှတ်နှင့်ရေးသွင်းပြီး စာရင်း နှင့် မပေးမအပ်လိုက်လို့မို့ ပိုင်းဖြတ်ကာ မသိမမြင်နိုင်ကြဘူးတဲ့၊ သို့ အသက်, အနာ, အခါ, ဒေသ, လားရမဲ့ ဂတိ ဤငါးပါးကို ပိုင်းခြား တိတိ စေ့စေ့ကသိနှင့်ရလို့ပဲ ဉာဏ်သတိသမ္ပဇဉ်နှင့် အနီးသို့မရောက် ခင်ကပင် အလျှင်တဆော ဆွေမျိုး အပေါင်းတွေနှင့်နှိုးနှော့ပြီး သော သောညီကြွက် ဆင်မြင်းဗိုလ်ပါ စည်မောင်းညာပြီး ဝိုင်းအုံကာတိုက်ဖျက် ရယင်ကော သေမင်းဘက်သို့ မပါဘဲ သေဘေးမှ လွတ်ပါရော့မလား လို့ဆိုတော့ သည်လိုလဲလွတ်နိုင်မှာ မဟုတ်သေးဘူးတဲ့။

သို့ သည်လိုမှမလွတ်သေးယင်လဲ ဆေးနှင့်တဖြာ ဂါထာမန္တရားရပ်ပွား မျက်လှည့် လက်ဖွဲ့အင်းအိုင် လောကီလာ သိပ္ပမျိုးနှင့် ပုန်းလျှိုးကာပြိုင်ရ ယင်ကော နိုင်နိုင်ဖို့အခွင့် ရှိပါဦးမလားလို့ ဆိုတော့—သည်လိုနှင့် ပြိုင် ပေတယ်လို့ သေမင်းကို နိုင်နိုင်မှာ မဟုတ်ဘူးတဲ့၊ သို့ သည်လိုမှ မနိုင်သေး ယင်လဲ နီးဝေးရှိသမျှ မိဘသားသမီး သွေးနီးသားချင်း ဉာတိရင်း အပေါင်းတို့က သိန်းသောင်းမက လက်ရှိဘဏ္ဍာ ရတနာတို့ကို မှောက် သွန်ကာ လက်ဆောင်သပြီး ခ ယတောင်းပန် အကယ်၍ ချမ်းသာခွင့် ရယင်ကော စိတ်အကြံပြီးမြောက်ပြီး သေဘေးကြီး ကွယ်ပျောက်ပြီး လွတ်ဖို့လောက် အခွင့်ရှိတန်ပါသည် မဟုတ်ပါလောလို့ဆိုတော့ သည်လိုလဲ လွတ်နိုင်စရာ မရှိဘူးတဲ့။

သည်မျှလောက်အရေး ဗာဟီရလက်ဆောင်နှင့် လွတ်ရအောင် ထုတ်ဆောင်ပေးသည်ကို မဆိုထားနှင့်ဦး၊ သားသမီး မိဘ ရှိသမျှ သိမ်းကျုံးဆွေမျိုးတွေ စုရုံးပြီး တစ်ပြုံလုံးတစ်တွဲတည်း ကိုယ်စားလှယ် လက်လွဲနှင့်အသက်နှင့်ပင် လဲကျသော်လဲ လွတ်နိုင်မြဲမမြင် ရှေးကမ္မအာဟုန် ပျက်မှုဖြင့်သေဘက်သို့သာ ဝင်သွားရတာပဲတဲ့၊ သို့ ထိုစကား၌ ယုံမှားမရှိရအောင်သာဓကဝတ္ထုဆောင်ပြီး ယုံလောက်အောင် ပြပါဦးလို့ဆိုတော့–

ရှေး အတိတ်ကာလ ဗာရာဏသီ ပြည်မတွင် ဗြဟ္မဒတ္တ မင်းတရားသည်ဆယ်ပါးသော ရာဇဓမ္မကို ပျိုးပန်၍ ထီးနန်းကို စိုးစံတော်မူသောအခါ ငါတို့အလောင်းမြတ် ဗောဓိလျာမှာလဲ ဟေမဝါဂနိုင်စောင်းတွင် ရှစ်သောင်းသော ရုံရွေအသင်းနှင့် မဟာနန္ဒိယမျောက်မင်းကြီးဖြစ်နေရတာမို့ ညီတော်ရင်း စူလနန္ဒိယပါ အတူမခွဲတဲ မျက်မမြင်မိခင်ကိုယှဉ်ပြိုင်တွဲပြီး မြိုင်ထဲမှာ အစာပေးလို့ လေးမြတ်စွာ လုပ်ကျွေးနေကြတယ်၊ ရှည်ဝေးနှစ်စဉ် မွေးမိခင်ကို သစ်ပင်ချုံကြား အေးမြတဲ့ နေရာမှာ ထားခဲ့ပြီး တောဖျားကိုလှည့်ပတ်၍ ကောင်းမြတ်တဲ့ သစ်သီးသစ်ဥများကိုအလှည့်ကျကိုယ်စီထားပြီး မျောက်များကို ပို့စေတော်မူရာ အချို့သော မျောက်ယုတ်မာတို့က သစ္စာမစောင့် မဖြောင့်မသား ကောင်းမွန်သမျှ သစ်ဥသစ်သီးတို့ကို ဝှက်မှီးကာ လမ်းတွင်စားပြီး ပိန်ပါးနွမ်းခြောက်အကောက်အကွေး မကောင်းတဲ့ သစ်သီးသစ်ဥတို့ကိုသာ ရုံးစုကာတော်ရာက ပေးပြီး အဝေးက ပြန်သွားကြတာများလို့မို့ နွမ်းပါးပိန်လျှမျောက်အိုမမှာ ချုံးတွန့်နိုးခွေ စာရေမဝ တာရှည်လှတာနှင့် မထဘဲသာအိပ်နေတယ်။

ရက်ရှည်ရင့်မြောက် ကြာမြင့်နောက်မှ နှစ်ယောက်သော နောင်ညီစုံတို့သည် ခိုလှုံချဉ်းခ မယ်တော်ကိုဖူးမြင်ကြရာတွင် မလှည့်သိုးကျုံးအမိ၏ဖြစ်ရပုံကို အကုန်စစ်ဆေး၍ အရေးကိုသိကြလေက ရုံရွေကိုမငဲ့ကွက်ဘဲမြိုင်တိုက်က ခွာထွက်လို့ ကွင်းဘက်စ အနီးအပါး မြင့်လှတဲ့ ပညောင်ပင်အထက်မှာ ငြိမ်သက်စွာ အမိကိုထားပြီး သားနှစ်ယောက် အစာပေးလို့ ရှည်မြင့်စွာ လုပ်ကျွေးနေကြတယ်။

ဗာရာဏသီ ပြည်သား ပုဏ္ဏားလုလင်ငယ် တစ်ယောက်လဲ တက္ကသိုလ်ဆရာကြီးထံအောက်မှ လိုသလောက် အတတ်ရလို့မို့ မိဘတို့နေရပ်ထံကိုပြန်တော့မယ်အကြံနှင့် ဆရာကို အခွင့်ခံလေလျှင် ပညာဉာဏ်စုံ နောင်

(ပဉ္စမအကြိမ်)

ဖြစ်ပုံကို အကုန်သိပြီး တက္ကသိုလ်ဆရာကြီးကလဲ အနည်းနည်း သင်မှတ်၍ နေရပ်သို့ ပြန်လိုသော တပည့်ငယ်-မဖွယ်မတင့် မကောင်းမှုပါပကို အခမ္မ အတွင်းယုတ်နှင့် ကြမ်းကြုတ်စွာ သင်မကျင့်ပါလင့် မသင့်မသက် အကျင့် ပျက်နှင့် ရောယှက်ရှုပ်ထွေး အကယ်၍ သင် အသက်မွေးမိခဲ့လျှင် မချိ တင်ကဲ ပါပမီး သင့်ကို လောင်တာနှင့် ကျွမ်းချစ်အောင် ဆင်းရဲရလိမ့် မယ်လို့ အဲ-ဤလို ဩဝါဒစကားနှင့် မှာထားကာ အခွင့်ပြုလိုက်တယ်။

မကောင်းတဲ့လိုက် ဒုစရိုက်ကို အားစိုက်ပြုလွယ် ပုဏ္ဏားငယ်လဲ ဗာရာ ဏသီ မြို့နယ်သို့ပြန်ပြီး မိဘထံချဉ်းကပ်၍ သင့်မြတ်သောအတတ်နှင့်အသက် မမွေးဘဲ လေးအတတ်ကိုသာ စိတ်မှာစွဲတာနှင့် မြို့ထဲကဖဲခွါပြီး ဟိမဝန္တာ တောရပ်နှင့် နီးစပ်သော ရွာငယ်တစ်ခုမှာ အိမ်ပြုကာအခြေတည်လို့ မြိုင် လယ်ကို လှည့်ပတ်ပြီး သားသမင်တို့ကိုသာ ပစ်ခတ်လျက် မအပ်သော အသက်မွေးနှင့် သားမယားတို့ကို လုပ်ကျွေးနေတယ်။

ရှည်ဝေးနှစ်လ သွားနေကျဖြင့် တောလမ်းမ မြိုင်စခန်းကို ဖြတ်သန်း ကာ ထွင်းဖောက်ပြီး ကုန်းတစ်လျှောက် ချောက်မြောင်စ တစ်နေ့လုံး လှည့် ပါသော်လဲ ယုန်ဒရယ်ကိုမျှမရ၍ စိတ်ဆန္ဒအခဲမကျေ ပြန်လှည့်ကာ တော မြိုင်လမ်းကို ဖြတ်သန်းကာ စခန်းမွေ့ပြီး မြိုင်ခြေကိုအလျှောက် ကွင်းဘက် က ညောင်ပင်ရင်းသို့ ကပ်ချဉ်းကာ အရောက်တွင် စခန်းထောက်ချ အောက်ခြေက မျက်နှာမော်ပြီး အပေါ်သို့ကြည့်လေက မချည့်ညှိုးခွေ ရိုး အရေနှင့် အခြေယွင်းယိုင် မှီးချင်းကာ အသာထိုင်ပြီး ငေးမှိုင်တဲ့ မျောက် အိုမကို သစ်ခွမှာ မြင်လေလျှင် အိမ်နေသူသုံးယောက် စိတ်ကျေလောက်ဖို့ အထောက်အမ ယနေ့ငါ့ရက် ညစာလောက်ကိုမှ စားသောက်စရာမရ လို့မို့ မျက်နှာပြရှက် လက်ချည်းသာ အိမ်ပြန်ခက်နေခိုက် အလိုက်သင့်လှ ဤမျောက်မကို ငါပစ်မှ တော်ချေတော့မယ်လို့ အဲ-ဤလို စိတ်ရှုယ် ကြံပြီး လေးမြှားကို ပြင်ဆင်နေတယ်။ ထို့ကြောင့်။

ကိံမေ တုစ္ဆေန ဟတ္ထေန၊ ဂမနေနိမ မက္ကဋိ ။
ဂဟေတွာန ဂမိဿာမ၊ ဝိဇ္ဈနတ္ထံ မနံ ဂတိ။

လို့-ဟောတော်မူတယ်။

မေ မမ၊ မိုးသောက်နေဝင် မြိုင်တစ်ခွင်ကို လှည့်ပင်ငုပ်လျှိုး ငါမုဆိုး အား။ တုစ္ဆေန ဟတ္ထေန၊ သမင်စိုင်ပြင် အိမ်ကိုဆောင်ဖို့ တစ်ကောင်မမိ

အချည်းစည်းသာ လက်ရှိသော။ ဂမနေန၊ ဟင်းလျာမှကင်း သွားရခြင်းဖြင့်။ ကိံ အတ္ထိ၊နှမ်းညှိုးပန်းရိ ဘာ-လာကျိုး ရှိချေတော့အံ့နည်း။အဟံ၊ ဟင်းလျာလာဘ်ညှိုး ငါမုဆိုးသည်။ ဣမံ မက္ကဋိံ၊ မကောင်းဖြစ်စေ သစ်ခွခြေတွင် မှိုင်ပျော့ငေးတွေ ဤမျောက်မကို။ ဂဟေတွာန၊ ဟင်းလျာမှန်းရွယ် ဆောင်ထမ်းလွယ်၍။ ဂမိဿံ၊ နားကာမနေ ပြန်သွားပေအံ့။ ဣတိ၊ ဤသို့ တွေးကြံ အရေးဖန်၍။ ဝိဇ္ဈနတ္ထံ၊ ငေါ်တမိ အလောင်းမိခင်ဟောင်းကို မကောင်းစိတ်ညှိုး ပစ်သတ်ခြင်းအကျိုးငှာ။ ခန္ဓိ၊ လွယ်ကာနောက်ပါး လေးစင့်မြားကို။ ဂဏှိ၊ စမ်းကာဖြည်ဖြေ လှမ်းယူလေ၏။

သာကီဆွေ ဗောဓိမျောက်လဲ မရောက်မီခပ်လှမ်းလှမ်းက လေးထမ်းကာလမ်းမလွှဲဘဲ မုဆိုးကြီးလာတာကို မြင်ကတည်းကပင် ခုန်လွှဲကျော်လွှားမြင့်လှတဲ့သစ်ကိုင်းသို့တက်သွားပြီး သစ်ခက်ကြားမှာကွယ်ပုန်းလို့ မုဆိုး၏အကဲအလေးကို မျှော်တွေးကာ ရပ်နေတုန်းကိုပင် လျှိုးပုန်းခိုဝင် ချုံရိပ်ကလေးပြင်တာကို မြင်လေက ဆောလျှင်စွာ စူဠနန္ဒိယကိုခေါ်ပြီး ညီတော်နှင့်တိုင်ပင်ကြတယ်။ ဘယ်လို တိုင်ပင်ပါသလဲလို့ဆိုတော့ 'ငါ့ညီခင် နန္ဒိယ-ချုံစက တောမုဆိုးဟာ ကြိုးကြိုးစားစား မပြောပလောက် တောကမျောက်ကယ်လို့ မထောက်ထားဘဲ သနားမကပ် ငါတို့မိခင်ကျေးဇူးရှင်ကိုလေးတင်ကာအသေခွင်းပြီး ခုချက်ချင်းသတ်ချေတော့မယ်၊မိမြတ်ကျေးဇူးမြင်းမိုရ်ဦးကို အထူးဆပ်ရန် ကိုယ်စားလှယ်လက်လွှဲ အမိနှင့်လဲပြီး အစ်ကိုပဲအပစ်ခံတော့မယ်၊ ပြင်းထန်သည့် လက်နက် မုဆိုးကြီး မြားဒဏ်ချက်နှင့်အသက်ကင်းကြွေ အခြေမလှ မြေမှာကျလို့ အကယ်၍ အစ်ကိုကြီးသေရလေသော် မေ့မေကို ပစ်မထားပါဘဲ အစားမကွာ အစာရေ နေ့မခြားရအောင် ငါ့အစား ကျွေးမွေးရစ်ပါလို့' အဲ-ဤလိုစကားနှင့် အကြောင်းကိုပြောကြားပြီး ညီတော်ကို မှာထားတော်မူတယ်။ ထို့ကြောင့်-

လုဒ္ဒကော ဧဟိ နန္ဒိယ၊ သော ဝိဇ္ဈိဿတိ မာတရံ။
မာတု ဇီဝံ ဒဿာမဟံ၊ တွံ ဇဂ္ဂါဟိ မမစ္စယံ။

နန္ဒိယ၊ ညီခင်မျောက်လှ နန္ဒိယ။ ဧဟိ၊ ထွက်ခါအသာ လာလှည့်ပါလော့။ သော လုဒ္ဒကော၊ ပညောင်ပင်ကြီး ခိုကာမှီး၍ အနီးဝင့်လျှိုး ထိုမုဆိုးသည်။ မာတရံ၊ ငါတို့မိခင် မျက်မမြင်ကို။ ဝိဇ္ဈိဿတိ၊မညှာမသနား
(ပဥ္စမအကြိမ်)

မခွာသွားဘဲ မြစ်တားမနေ ပစ်တော့ပေလတ္တံ့၊ အဟံ၊ နှစ်ယောက်အတူ သစ်သီးယူ၍မွေးမြူဆောင်ကြဉ်း ငါနေခဲ့ရင်းသည်။ မာတုံ၊ မြင်းမိုရ်ထိပ်ဦး မကကြူး၍ ကျေးဇူးပေါ်ထင် မွေးမိခင်အား။ ဇီဝံ၊ အန္တရာယ်မဖက် ငါ့အသက်ကို။ ဒဿာမိ၊ မွေးပေးခဲ့ဖူး သူ့ကျေးဇူးကို အထူးမှဘ်ကာ ပေးဆပ်ပါအံ့။ တွံ၊ အတူသားချင်း သင်ညီရင်းသည်။ မမစ္စယေ၊ မုဆိုး လက်နက် မြားဒဏ်ချက်နှင့် အသက်ကြေသွန် ငါသေလွန်သည်ရှိသော်။ မာတရံ၊ မမြင်ယမ်းကား စမ်းတဝါးနှင့် လှမ်းသွားယွင်းယို မွေးမိအိုကို။ ဇဂ္ဂါဟိ၊ အစာရေအား ဆောင်ကာပေး၍ အဝေးမခွာ မွေးရစ်ပါလော။

အလောင်းမြတ် ဗောဓိလျာလဲ ညီတော်ကို အစုံမှာခဲ့ပြီး ပုန်းအောင်းခဲ့ သစ်ခက်တွင်းမှ ခုန်ဆင်းထွက်ကာ အသက်ကို မငဲ့မညှာဘဲ မြားလှာမယ့်သမ်း ပေါက်က ပစ်ဖောက်လို့သေပစေဟု အမိထံ မြားမရောက်ရအောင် စောင့် ရှောက်ကာ အတင်းနေပြီး ‘အဆွေမုဆိုး တောမျောက်မျိုးကို ရန်ငြိုးစွဲ ကပ် အပြစ်စင်ကင်း မိခင်ရင်းကို ပစ်ခွင်းကာ မသတ်ပါနှင့် လူဇာတ် လူသား သားမယားနှင့် အများပျော်လို အရေခွာဆုတ် ဟင်းလျာလုပ်၍ သုပ်ကာထားပြီး စားကြမယ် တကယ်ဆိုသော်လဲ မိအိုမျောက်မ ဒုက္ခိတမှာ ဗလနည်းပါး အဆီရှားရှား၍ အသားမှမရှိတဲ့ပြင် မျက်စိကွဲကွယ် ရှုံစဖွယ်နှင့် မွေးတွယ်ညစ်ကျိ အကြောပျဉ်းမာ အိုမင်းရှာ၍ စားချင်စရာလဲ မရှိပါ မထိဒဏ်ဘေး အမိအိုကို ဘေးမဲ့ပေးပြီး ပျိုသွေးမယုတ် စားသောက်စဖွယ် ရောက်အရွယ်နှင့် သားမျောက်ငယ် အကျွန်ုပ်ကိုသာ သုပ်သုပ်နှုပ်နှုပ် ကိုယ် စားလှယ် အစားသွင်းပြီး ပစ်ခွင်းကာ အသေသတ်လို့ နေရပ်သို့ပြန် ရောက်က လိုသလောက်အမှု စဉ်းခုတ်ဖြတ်ပိုင်းပြီး စိတ်တိုင်းကျ ပြုတော် မူပါလို့’ အဲ-ဤလို မုဆိုးမှာ အခွင့်ပန်ပြီး ဗောဓိဉာဏ် အမြန်ရင့်ရအောင် အသက်နှင့် အမိကို လဲတော့မယ်လို့ ရဲရဲကြီး အသေခံနေတော်မူတယ်။ ထို့ကြောင့်—

မာတရံ မေ မာ ဝဓိ လုဒ္ဒ ဟိ၊ သာ အန္ဓာ ဒုဗ္ဗလာ ဇရာ။

မံ ဝဓိတွာ ဇီဝံ ဒေဟိ၊ မာတုံ ပုရေ နိသီဒတိ။

သမ္မလုဒ္ဒက၊ ဂန္ဓိင်တောပေါ် လေးနှင့်ပျော်သည့် အဆွေတော်မုဆိုး။ မေ မမ၊ လူကိုမဖျက် တောမှိုင်နက်၌ ပြေးတက်ပျော်လျှောက် အကျွန်ုပ်။ မျောက်၏။ မာတရံ၊ မြင်းမိုရ်အထု ဂုဏ်အစုနှင့် ပုံပြုညီဆို မွေးမိအိုကို။ မာ

(ပဌမအကြိမ်)

ဝိဇ္ဇာဟိ၊ အမိလိုပိုင်း ကိုယ်နှင့်ဘိုင်း၍ ရှုနိုင်းချင့်စာ မ၁၈စ်ပါလင့်။ သာ မာ တာ၊ သက်ရှယ်ရင့်ယို ထိုအမိအိုသည်။ အန္ဓာ၊ မျက်စိနှစ်သွယ် အစုံကွယ်၍ စားချင်ဖွယ်လည်းမရှိ။ ဒုဗ္ဗလာ၊ ကျုံလှီခါးချည့် ပါးယိယိနှင့် နည်းပါး သော အဆီအသားလဲ ရှိ၏။ ဇရာ၊ စင်းကာငေါငေါ ရိုးခေါခေါနှင့် ရင့် မာသော အရေအကြောလည်း ရှိ၏။ မံ၊ ဟင်းလျာပြုဖွယ် နူနယ်နယ်နှင့် အရှယ်မယုတ် အကျနိုပ်ကို။ ဝိဇ္ဈိဝွာ၊ အမိကိုယ်စားလှယ် စားသောက်ဖွယ် ဟု ရည်ရှယ်သွင်းမှတ် ပစ်ခွင်းသတ်၍။ ဇီဝံ၊ သားရေခန်းခြောက် ရိုးခေါက် ခေါက်နှင့် စားသောက်ဖို့ခက် အမိ၏ အသက်ကို။ ဒေဟိ၊ ကရုဏာရှေ့သွား မေတ္တာပွား၍ သနားကြင်နာ ပေးခဲ့ပါလော။ ဣတိ၊ ဤသို့ တောင်းပန် အခွင့်ခံ၍။ မာတုပုရေ၊ မြားလမ်းကိုရှေ့ မိခင်ရှေ့၌။ နိသီဒတိ၊ မပယ်မလွဲ ကိုယ်စားလှယ် လဲတော့အံ့ဟု ရဲရဲကြီး တန့်နေတော်မူ၏။

ကြမ်းကြုတ်တဲ့ တောမုဆိုးလဲ နောင်ကျိုးကိုမကြည့် အလောင်းတော် ဗောဓိသတ်ကိုမှ သူမြတ်ဟု မသိဘဲ အမိ၏ အတွက်နှင့် အသက်ကိုမှ မငဲ့မညှာ ကိုယ်စားလှယ် အစားသွင်းပြီး ရဲတင်းစွာ အသေခံရှာတဲ့ မျောက်လိမ္မာ အလောင်းမြတ်ကို ခွင်းသတ်ကာပစ်ချ သက်ဇီဝိန်ကင်းကြွေ တစ်ကိုယ်လုံး မြားဆိပ်မွေ့ပြီး မြေသို့ပင်စင်းကာကျ၁တောင်မှ အားရခြင်းမရှိ မချည့်တုံ့ရင် မျောက်အိုမ မျက်မမြင်ကိုလဲ ပစ်ချင်တဲ့မာန်နှင့် လေးတင်ကာ တစ်ဖန်မဲပြီး အံခဲကာ ကြည့်နေပြန်တယ်။ ထို့ကြောင့်—

လုဒ္ဒကောပိ တံ ဝိဇ္ဈိတွာ၊ ပါပေတွာ တဿ မာတရံ။
ဝိဇ္ဈိဿမိ မက္ကဋိံ ပိ၊ ပုနာပိ ဓနုံ သန္ဓယိ။

လုဒ္ဒကောပိ၊ ဆုတ်ခါမချပ် ယုတ်အမြတ်ကို အမှတ်မလုပ် မုဆိုးယုတ် သည်လည်း။ တံဗောဓိသတ္တံ၊ မိခင်ကိုယ်စားလှယ် အစားရှယ်၍ လဲဖယ်အပ် နှင်း ထိုမျောက်မင်းကို။ ဝိဇ္ဈိတွာ၊ သနားမညှာ အားမနာဘဲ လျင်စွာချဉ်း ကပ် ပစ်ခွင်းသတ်၍။ ပါတေတွာ၊ ဇီဝိန်ပျက်ကင်း မြေသို့ဆင်းကာ စင်း စင်းလဲ ခွေကျရောက်စေ၍။ တဿ၊ ထိုအလောင်းတော်မြတ် ဗောဓိသတ်၏။ မာတရံ၊ ဂေါတမီအလောင်း နောင်ခါပေါင်းဖို့ အကြောင်းမယွင်း မယ် တော်ရင်းဖြစ်သော။ ဣမံ မက္ကဋိမ္ပိ၊ ရိုးရေးလောက်မျှ ထောက်ကာမ၍ နောက်

ကမ္ဘိခို ဤမျောက်မအိုကိုလည်း။ ဝိဇ္ဇိုသံ၊ အသက်ဆုံးစေ ပစ်ဦးပေအံ့။ ဣတိ၊ ဤသို့ကျိတ်ဖန် စိတ်တွေးကြံ၍။ ပုနာပိ၊ မြေသို့ကျရောက်အလောင်း မျောက်ကို ကောက်၍အပြန် နောက်တစ်ဖန်လည်း။ ဓနုံ၊ အသံပြင်းကြိုး လေးဖျင်းညို့ကို။သန္နယှိ၊ နွဲကာဆွဲလှန် တင်လှဲပြန်၏။

စူဠနန္ဒိယ-ညီတော်မင်းလဲ ချက်ချင်းဒိဋ္ဌ နောင်တော်၏ သေရခြင်းကို လက်ငင်းပင်မြင်လိုက်ရလို့မို့ သောကမီးစွဲနှလုံးကိုအပူမြိုက်ပြီးမောဟိုက်ကာ နေဆဲတွင် လေးဆွဲကာတစ်ဖန် မုဆိုးကြီးချိန်ရွယ်တာကိုမြင်ရပြန်လို့မို့ လျင်မြန်စွာပြေးကပ် အမိ၏ရှေ့နားကရပ်ပြီး လူ့ဇာတ်နွယ်ရင်း မုဆိုးမင်း.... အတင်းအကျပ် ကျွန်ုပ်တို့မိခင်ရင်းကို ပစ်ခွင်းကာမသတ်ပါလင့် နုဖပ်သေးနု....သားမျောက်ငယ် အကျွန်ုပ်ကိုသာ ပြုလုပ်လိုသမျှမကြွင်း ကိုယ်စားလှယ် အစားသွင်းပြီး မုဆိုးမင်း သတ်တော်မူပါ၊ ပေါင်းစပ် ချည်နှောင် မျောက်ညီနောင်တို့ကို လုံလောက်အောင် လက်ကိုင်ရယင်လဲ စိတ်ဆန္ဒပြေအေးလို့ အရေးမသွင်း မွေးမိရင်းကို အသက်ကြွင်း ပေးသင့်ပါကြောင်းနှင့် အဲ ဤလို မုဆိုးထံခွင့်ပန်တောင်းပြီး မှစောင်းမသေ့ မယ်ခတော်ကို အသက်နှင့် လဲတော့မယ်လို့ ရဲရဲကြီး အသေခံနေပြန်တယ်။ ထို့ကြောင့်-

စူဠနန္ဒိယော တံ ဒိသွာ၊ မာတရံ မေ မာ ဝိဇ္ဈာဟိ။
မာရေတွာမေ့ ဇီဝံ ဒေဟိ၊ မာတု ပုရေ နိသီဒတိ။

စူဠနန္ဒိယော၊ ညီငယ်မျောက်လု နန္ဒိယသည်။ တံ အာကာရံ၊ ခုပင်လက်ငင်း ငါ့နောင်းရင်းကိုခွင်း၍မရပ်မွေးမိမြတ်ကိုသတ်အံ့ထပ်ကာထိုမုဆိုးယုတ်၏ အမူအရာကို။ ဒိသွာ၊ ဉာဏ်မှာထင်မိ မြင်ကာသိ၍။ လုဒ္ဒက၊ ဆန္ဒမအေး မကျေသေး၍လေးနှင့်မာန်သွင်း၊ မုဆိုးမင်း။ မေ မမ၊ လူနှင့်တုဟန် အမှုခံ၍ ရန်မာန်မလုပ် အကျွန်ုပ်၏။ မာတရံ၊ သွားရာလမ်းစဉ် စခန်းထင်အောင် မမြင်မလင်။ မိခင်ရင်းကို။ မာဝိဇ္ဈာဟိ၊ အတင်းအကျပ် ချဉ်းကာကပ်၍ မခွင်းမသတ်ပါလင့်။ အမေ့၊ နောင်ညီဖွားပေါက် ငါဘို့သားနှစ်ယောက်တို့ကို။ မာရေတွာ၊ သားမယားအပေါင်း အများကောင်းဖို့ ရှောင်းချစရာ သတ်ရပါသည်ရှိသော်။ ဇီဝံ၊ အသားမရှိ ပါးယိယိနှင့် မချိနေခက် အမိ၏ အသက်ကို။ ဒေဟိ၊ ကရုဏာရှေ့ပြေး မေတ္တာအေးနှင့် သေဘေးငှဲ့ညှာပေးခဲ့

(ပဌမအကြိမ်)

ပါလာ။ ဣတိ၊ ဤသို့တောင်းပန် အခွင့်ခံ၍။ မာတုပုရေ၊ မြားလမ်းကိုရှေ့ ခိုခင်ရှေ့၌။ နိသီဒတိ၊ မဖယ်မလွဲ ကိုယ်စားလှယ် လဲတော့အံ့ဘု ရဲရဲကြီး အသေခံလေ၏။

ကြောင်းကျိုးမစစ် မုဆိုးညစ်လဲ ငှက်နှင့်အဘင်း သားအမိ မျောက်နှစ်ကောင်ကို လွှဲမရှောင်အသေခွင်းပြီး ချက်ချင်းပြေးကောက် ရောက်သာမည့် အပြစ်ဘေးကိုမှ မျှော်တွေးကာ မခလေးမကြောက်ဘဲ ဝမ်းမြောက်ရွှင်လန်း သားအမိ သုံးယောက်ကို သီဖောက်ကာ အတူတွဲပြီး ချည်ဆွဲကာ ယူထမ်း၍ အိမ်လမ်းကို ပြန်သွားတယ်။ ထို့ကြောင့်—

တမ္ပိ ဝိဇ္ဈိတွာ လုဒ္ဒကော၊ ပုနာပိ မက္ကဋိံ ဝိဇ္ဈိ။

တယော ရဇ္ဇုယာ ဗန္ဓိတွာ၊ ကာဇေနာဒါယ ပါယာသိ။

လုဒ္ဒကော၊ မကောင်းပြုလုပ် မုဆိုးယုတ်သည်။ တမ္ပိ၊ ထိုအမိကိုကာ မြားမလာအောင် တားကာစောင့်ရှောက် ညီငယ်မျောက်ကိုလည်း။ ဝိဇ္ဈိတွာ၊ မညာအတင်း ပစ်ခွခွင်း၍။ ပုနာပိ၊ ညီငယ်မျောက်ကို ကောက်၍ အပြန် နောက်တစ်ဖန်လည်း။ မက္ကဋိံ၊ သားနှစ်ယောက်သေ သောကပွေ၍ မျက်ရေစီးကျ မျောက်အိုမကို။ ဝိဇ္ဈိ၊ ကရုဏာပါး ညာမသနားဘဲ မထား အသေ ပစ်ပြန်လေ၏။ တယောမက္ကဋေ၊ သေသွားသံရဲရဲ ဝိညာဉ်စဲ၍ ခွေလဲစီမြောင် မျောက်သုံးကောင်တို့ကို။ ရဇ္ဇုယာ၊ ဖွေရှာနိုမ်ချိုး နွယ်ကြိမ်ကြိုးဖြင့်။ ဗန္ဓိတွာ၊ မြဲစွာဖောက်သီ တွဲကာချည်၍။ ကာဇေန၊ သစ်ပင်ကိုခုတ် ထမ်းပိုးတုတ်ဖြင့်။ အာဒါယ၊ ချိဘ်ကာတန်းမြှောင် ထမ်းယူဆောင်၍။ ပါယာသိ၊ သားမယားထံမှောက် အမြန်ရောက်အောင် လျှောက်ကာမနေ ပြန်သွားလေ၏။

မကောင်းကျိုးပြု ထိုမုဆိုး မရောက်ခင် အပင်ရှိသမျှ အိမ်ထောင်နှင့်တကွ အသုံးအဆောင် ပရိဘောဂ သားအမိသုံးယောက်ပါ ကုန်ကျုံးပြီး တစ်အိမ်လုံး လောင်မီးကျတာနှင့် ကြေမွကျွမ်းတောက် ကြေနွမ်းခြောက်လို့ သေပျောက်မှောက်လှန် ထုပ်လျှောက်ဒိုင်းမြား ခေါင်အုပ်များလောက်သာ တွဲလျားခံပြီး မီးလျှံမစဲ တရဲရဲနှင့် မကျသေးဘဲ တံတဲသာ ကျန်နေတယ်။ ထို့ကြောင့်—

(ပဥ္စမအကြိမ်)

တဿ ကမ္မဝိပါကေန၊ ဌပေတွာ ဝ တုလမတ္တံ။
ဂေဟံ ဘရိယံ ပုတ္တေ စ၊ ဗျာပေတိ အသနိ သဗ္ဗံ။

တဿကမ္မဝိပါကေန၊ မျောက်သူတော်ကောင်း သုံးယောက်ပေါင်းကို မကောင်းပြုချက် ထိုကံ၏ အကျိုးဆက်ကြောင့်။ လုဒ္ဒကဿ၊ ယုတ်မာညစ်ညမ်း မုဆိုးကြမ်း၏။ တုလမတ္တံ၊ ခေါင်အုပ်ထုပ်လျှောက် ဒိုင်းမြားလောက်ကို။ ဌပေတွာ၀၊ မလောင်ကျန်ကြွင်း ချန်ကာခြွင်း၍သာလျှင်။ သဗ္ဗံ၊ ရှိသမျှ အကုန် အလုံးစုံသော။ ဂေဟဥ္စ၊ ခင်မိုးနံကာ သုံးဆောင်ရာနှင့် အိုးအင်ပါ ကျုံး တစ်အိမ်လုံးကိုလည်းကောင်း။ ဘရိယဥ္စ၊ ချစ်ခင်ပီယ အိမ့်ရှင်မကို လည်းကောင်း။ ပုတ္တေစ၊ သည်းအူဖွားပေါက် သားငယ် နှစ်ယောက်တို့ကို လည်းကောင်း။ အသနိ၊ နတ်လက်နက်မျိုး ပစ်ဖျက်ချိုးက မြေမိုးတုံဟည်း မိုးကြိုးစက် လောင်မီးသည်။ ဗျာပေတိ၊ ယမ်းပုံနှင့်မီး ဟီးဟီးလွှမ်းမွှ လောင်ကျွမ်းစေ၏။

မကောင်းကံမှောက် မုဆိုးကောက်လဲ့ မျောက်သုံးကောင်ကို ထမ်းမြှောက်ပြီး ဝမ်းမြောက်ရှင်ပ အိမ်နီးချင်းလူတစ်ယောက်နှင့် ရွာပေါက်မှာ တွေ့ကြုရလို့မို့ ဖြစ်သမျှကြောင်းသနစ်ကိုမေးစစ်၍သိရလေလျှင် တစ်ဟုန်ထဲ သောကဝေးပြီး ရှိန်မပြေမီးတောက်မျောက်ထမ်းပိုးတုပ်နှောင်ကြိုးနှင့်ပုဆိုး လေးမြားပါသမျှ ပစ္စည်းများကို ပစ်ထားကာစွန့်မှောက်လို့ လက်နှစ်ဘက်ကို အထက်သို့ ချီမြှောက်ပြီး ပြေးလျှောက်ဝင်လှည့် အသေကောင် သားမယား တို့ကို ဖယ်ရှားကာ ဖော်ယူကြည့်ပြီး မချိလိုက်လဲ့ နလုံးမှာ အပူမြှိုက်တာနှင့် တရှိုက်ရှိုက် အော်ငိုဆဲတွင်တစ်ပြိုင်ထဲလှုပ်ကြွ တိုင်ပေါ်ကထုပ်လျှောက်တွေ ပြုတ်ပြီး ရုတ်ခနဲ ထိပ်ပေါ်ကို ကျပြန့်လို့မို့ မထလဲပြို့ သွေးချင်းချင်းရဲ ဦးခေါင်းက ကွဲတဲ့ပြင် မြေခွဲကာ မျိုသွားတော့တာပဲတဲ့။ ထို့ကြောင့်—

တေန သောကေနာဘိဘူတော၊ ဆဋ္ဌိတကာဇမုနေကော။
နိဝတ္တော ပဂ္ဂယှ ဗာဟာ၊ သီသံ ဃရံ ပဝိသတော။
တုလာ ဘိန္ဒတိ တံ သီသံ၊ မဟီ ဂိလတိ တံခဏံ။

တေနသောကေန၊ သားမယား သေပျောက် ထိုမီးတောက်ဖြင့်။ အဘိဘူတော၊ လွှမ်းမောက်ဖိစီး အပူကြီးလှသည် ဖြစ်၍။ ဆဋ္ဌိတ ကာဇမုနေကော၊ ထမ်းပိုးနှင့် မျောက်မြားလေးကောက်ကို ကြဲမြှောက်မငဲ့ စွန့်ပစ်ခဲ့၍။

နိဝတ္တော၊ ရှက်ကြောက် လစ်ဟင်း အဝတ်ကင်းလျက်။ ဗဒဟာ၊ အစုံပေါင်း ယှက် မောင်းနှစ်ဘက်တို့ကို။ ပဂ္ဂယှ၊ လှုပ်လျက် ထိုဤ ပစ်မြှောက်ချီ၍။ သီဃံ၊ ပြေးကာပန်းမော တဟောဟောနှင့် အမြောအတင် ဆောတလျင်ပင်။ ဃရံ၊ ဆွေးသားအကုန် အများစုံတဲ့ စံဘုံပျော်ခင်း နေအိမ်တွင်းသို့။ ပဝိသတော၊ သားမယားလုံး မီးမှာဆုံး၍ တုံးလုံးလောင်မြိုက် ဝင်လှည့်ကာ ကြည့်ရှုခိုက်တွင်ပင်။ တုလာ၊ လောင်မီးမဖျက် တိုင်ထိပ်ထက်က ပေါင်းယှက်မြှုပ်ဖောက် ထုပ်နှင့်လျောက်သည်။ ပတိဟ္မာ·လှုပ်ကာခဏ ပြုတ်ကွာကျ၍။ တံသီသံ၊ မကောင်းမှုကြီး ပေါင်းစုဆီး၍ အနီးတွင်ချောင်း ထိုသူခေါင်းကို။ ဘိန္ဒတိ၊ မှုးမှိုင်ဝေ့မဲ မြေမှာလဲအောင် ထုဆွဲရိုက်ချေ ပစ်ခဲ့လေ၏။ တံခဏံ တသ္မိံ ခဏေ၊ ဦးခေါင်းလဲကွဲ သွေးသံရဲ၍ လူးလဲမထ ထိုခဏ၌။ မဟိ၊ သိမ့်သိမ့် တုန်ဖိ မြေမဟီသည်။ ဂိလတိ၊ ဟင်းလင်းအပေါက် ထွင်းကာဖောက်၍ သွင်းကောက်စားချေ မျိုဝါးလေ၏။

ပုဏ္ဏားမုဆိုးလဲ့ မကောင်းကျိုးပါပ့်ကြောင့်မြေမျိုလို့ တစ်ငံက်လောက်ကျတော့မှ တက္ကသိုလ်ဆရာကြီး၏ ဩဝါဒကို ပြန်လှည့်ကာ သတိရလို့မို့ မကောင်းမှု ပါပကို ပြုကြတဲ့လူမျိုးတို့မှာ မကောင်းကျိုး မျက်မှောက်လောလောဆယ်တွေ့ထိရောက်၍ မီးတောက်ကြီးသဖွယ် ကိုယ့်ကိုယ်ကို အပူစီးပြီး အားကြီးစွာ တောက်လောင်တတ်တယ်·လို့ အသွယ်သွယ်နည်းပြ၍ ပေးလိုက်သည့်အဆုံးအမကို ဂါရဝမပိုက် ဆရာ၏မှာစကားကိုလေးစားကာ နားမစိုက်မိခြင်းကြောင့် သေခြင်းမလှ ပူပြင်းစွာမီးဟုန်စွဲပြီး မြေခွဲကာအမျိုခံရချေသည်ဟု ဆရာကို တ သ·၍ ညည်းညူကာငိုယိုဆဲခဏ၌ပင်လျှင် မြေထဲက မီးလျှံကြီးထပြီး အဝီစိငရဲသို့သာ ဝင်သွားရတော့တာပဲ့တဲ့။

ထို့ကြောင့်—

ဣဒံ တာဒါစရိယဝစော၊ ပါရာဏ်ာစရိယော ဗြဝိ။
မာသု တွံ အကရိ ပါပံ၊ ယံ တွံ ပစ္ဆာ ကတံ တပေ။
ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္တနိ ပဿတိ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
ကလျာဏ်ကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
(ပဥ္စမအကြိမ်)

မာဏာ၊ အလိုသိပ္ပ ဟူသမျှကို ပြည့်ဝ်သိမြင်၊မောင်လုလင် ။တွံ၊ဂုဏ်မွန်
မရှေ့ သင်တပည့်သည်။ပါပံ၊ယုတ်မာညစ်ကျု မကောင်းမှုကို။ မာအကရိ၊
မရှုမည့ာ မပြုကျင့်ပါလင့်။ ကတံ၊ မည့ာမရှု ပြုမိသမျှ မကောင်းမှုသည်။
ပစ္ဆာ၊မျက်မှောက်တမလွန် ပေါက်ခါကျွံ၍အစွန်ရောက်လာ နောက်အခါ
၌။ တံ၊ မကောင်းမှုရှိ သင့်တပည့်ကို။ တပေ၊ မအေးနိုင်အောင် အရေး
ဆောင်၍ ပြေးရှောင်မကွာ လောင်ခဲ့ရာ၏။ ပုရိသော၊ ဘဝရှေးကံကောင်း
မှုဖန်၍ လူ့ထံသို့ပြောင်း ယောကျ်ားကောင်းသည်။ယာနိ၊အကြင်ကောင်း
မကောင်းမှု အကြောင်းစုတို့ကို။ကရောတိ၊ အမှုကိုဆိုက် အလိုလိုက်၍အား
တိုက်တစေ ပြုမိချေ၏။ တာနိ၊ ထိုပြုသမျှ အကြောင်း စုကာပေါင်း၍
ကောင်းမကောင်းကျိုး အမျိုးမျိုးတို့ကို၊အတ္တနိ၊ခုဘဝနောက် အထောက်
ထောက်တွင် ရောက်ရထိုထို မိမိကိုယ်၌။ပဿတိ၊ပြုစကပုံ ဒိဋ္ဌကြုံ၍ အစုံထူး
ထွေ မြင်ရလေ၏။ ယာဒိသံ၊ ချိုခါးဖန်ချဉ်ရသာထင်၍ အကြင်အကြင်သို့
သဘောရှိသော။ ဗီဇံ၊သရက်ပိန္နဲ နန္ဒွဲထောက်ရှာ မာကလာ ကနစိုးကောင်း
မကောင်းသော အစေ့မျိုးကို။ဝပတေ၊ ကြိုးကုတ်ရှာဖွေ စိုက်ပျိုးလေ၏။
တာဒိသံ၊ ခါးဖန်ချဉ်ချို ရသာပို၍ ထိုထိုသို့ သဘောရှိသော။ဖလံ၊ ရသာ
ကောင်းဆိုး အသီးမျိုးကို။ ဟရတေယထာ၊ မျိုးစေ့အပေါင်း ကောင်း
မကောင်းနှင့် အကြောင်းဆိုက်ပြီး လိုက်၍သီးသကဲ့သို့။ဧဝံတဲ့ထာ၊ဤနည်း
ထားယူ အလားတူသာလျှင်။ ကလျာဏကာရီ၊ ကောင်းရာ ကောင်းတု
အကြောင်းစုနှင့် ကောင်းသူ့နည်းယူ ကောင်းမှုကိုသာ ပြုလေ့ရှိသောသူ
သည်။ကလျာဏံ၊ ဘောဂမောက်ဖြိုး မခြောက်ညှိုးဘဲ နောက်မျိုးနှင့်စပ်
ကောင်းသမျှ အကျိုးမြတ်ကို။ အနုဘောတိ၊ လူ့ရပ် နတ်တိုင် မပြတ်နိုင်
အောင်မြဲခိုင်တာရှည်ခံစားလေ၏။ပါပကာရီစ၊မကောင်းအမှု အကြောင်း
စုနှင့် ကောင်းတုမယူမကောင်းမှုကိုသာပြုလေ့ရှိသောသူသည်လည်း။ ပါပ
ကံ၊ငရဲပြိတ္တာ အဖြာဖြာနှင့် ဘောဂါခြောက်ညှိုးဆင်းရဲစွာသောမကောင်း
ကျိုးကို။အနုဘောတိ၊ ဖြစ်ရာဘဝ နှစ်ကာကျ၍ ဒုက္ခတာရှည် ခံရလေ၏။
ဣတိ၊ဤသို့ညွှန်းပြ ရှေးမဆွကာပင်လျှင်။ယံဝစနံ၊အကြင်သြဝါဒထားဆုံးမ
သောစကားကို။ ပေါရာဏာ စရိယော၊ ဒိသာပါမောက် တံခွန်ဆောက်၍
လွန်မြောက်ကျော်ဟိုး ရှေးတက္ကသိုလ်ဆရာကြီးသည်၊ အဗြဝိ၊ ခွန်းသမြွက်
ချီ မိန့်ဟတော်မူခဲ့လေပြီ။ ဣဒံဝစနံ၊ ဤသို့မြွက်ကြား ဆုံးမတော်မူသော

စကားသည်။ တဒါစရိယော၊ ယခုထွေးရစ် ဘေးအပြစ်ကို စင်စစ်သိမြင်ကွင်းကွင်းထင်၍ သွန်သင်လိုက်ပေသော ထိုဆရာကြီး၏ စကားပေတည်း။

အဲ-ဤဝတ္ထုသာဓကဖြင့် ဘုရားလောင်း၏ မယ်တော် မျောက်အိုမသည် ရှေးပါပကံမှောက်လို့ သေဘေးကြီး ရောက်တော့မယ်လို့ ရှိလာတော့မြေးလျှောက်ဖက်တဲ့ သားနှစ်ယောက်တို့က ဖေးထောက်ဟာ အသက်နှင့်ပင် လဲကြပါသော်လဲ လက်လွှဲမရ သုံးယောက်ပြိုင် အတူတွဲပြီး တစ်စုတဲသေကြရသေးသည်ကိုထောက်၍ အကယ်၍ သေဘေးကြီး ရောက်ကြရသည်ရှိသော်စောင့်ရှောက်မစ ဘယ်လိုသူဘယ်အရေးနှင့်မှ နုတ်ရွေး၍ မရနိုင်ဘဲ ရှေးကမှုအကြောင်းဆောင်ပြီး သေဖြစ်အောင် သေကြရမှာဘဲလို့ အဲ-ဤလိုမြဲမြဲကြီးမှတ်သားပြီး မသေမီစပ်ကြားမှာ ဂတိသွားမည့်မယုတ်ရအောင်ႇဒါန,သီလဘာဝနာကိုသာ ကြိုးကုတ်လို့ များများကြီး သေရိက္ခာထုပ်လိုက်ကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ပတ္တနာဆုကို ပြုလိုက်ကြကုန်။

**မဟာနန္ဒိယ မျောက်မင်းတရားပြီး၏။**

---

(ပဥ္စမအကြိမ်)

# ၉-ကာထိန့်တရား

ယော ကပ္ပကောဋ္ဌိဟိပိ အပ္ပမေယျံ၊
ကာလံ ကရောန္တော အတိဒုက္ကရာနိ။
ခေဒံ ဂတော လောကဟိတာယ နာထော။
နမော မဟာကာရုဏိကဿ တဿ။

(ပါရာဇိကဏ်၊ ဌ၊ ပထမ၊ ၁)

ယောနာထော၊ အကြင် လူသုံးပါးတို့၏ ကိုးစားရာအစစ် ဖြစ်ကြီးဖြစ်တော်မူပေသော မြတ်စွာဘုရားသည်။ ကပ္ပကောဋိဟိပိ၊ ရာထောင်မျှပေမကလေဘဲ ကြွေဝေဆင့်ဆင့် ကမ္ဘာတို့၏ အကုဋေတို့ဖြင့်လည်း။ အပ္ပမေယျံ၊ ဤမွေ့ညှိမျှ ဂဏန်းချ၍ မှန်ဆရေတွက်ခြင်းငှာ မဘတ်ကောင်းသော။ ကာလံ၊ သင်္ချေလေးဖြာ မကသာ၍ သိန်းပါယူကျုံး မြင့်ရှည်စွာသော ကပ်ကမ္ဘာ ကြာသမျှ ကာလပတ်လုံး။ လောကဟိတာယ၊ လူရော နတ်ပါ သတ္တဝါတို့ ထပ်ကာတိုးပွား ခိုကိုးစားဖို့ အကျိုးများကြစေခြင်းငှာ။ အတိဒုက္ကရာနိ၊ ကရုဏာမသန် လူသာမန်တို့ ကြံဝံ့မည်ထား ကြားရုံအားဖြင့် ရှံ့ရှားတုန်ဟည်း ခဲယဉ်းလှစွာသော အမှုကြီးတို့ကို။ ကရောန္တော၊ အသက်လိုဟာ ကိုယ့်ခန္ဓာကို မညှာမရှု စွန့်စားကာ ပြုတော်မူရသည်ဖြစ်၍။ ခေဒံ-ကာယပရိသမံ၊ ငြိုငြင်နွမ်းညှိုး ဒုက္ခမျိုးတို့ လွှမ်းမိုးနှိပ်နင်း ကိုယ်တော်၏ ပင်ပန်းခြင်းသို့။ ဂတောပတ္တော၊ ဘဝကွေ့ကောက် ရွေ့ကာလျှောက်၍ တွေ့ရောက်တော်မူရရှာလေပြီ။ မဟာ ကာရုဏိကဿ၊ မတူကွဲပြား သူတစ်ပါးတို့ထက် ထူးခြားလေဘိ ကြီးမားသော မဟာကရုဏာရှိတော်မူလှပေသော။ တဿနာထဿ၊ သို့ကလောက်မပြီး ဂုဏ်တော်ကြီးတို့ဖြင့် အံ့ချီးဖို့များ မဟာကရုဏာတော်ရှင် ရှင်တော်ဘုရားအား။ တုမေ့၊ သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ နမော-နမက္ကာရော၊ လက်အုပ်တင်၍ အဉ္ဇလီဖြင့် ကိုယ်စီဝပ်စင်း ရိုသေစွာရှိခိုးခြင်းကို။ ကရောထ၊ ရှင်မောနှစ်ခြိုက် မနှောပိုက်၍ ဇောစိုက်ကာ ပြုလိုက်ကြပါကုန်လော။

**အစိပ္ပာယ်မှာတော့.. ဤလောက လူတို့ရွာမှာ ပစ္စည်းဥစ္စာ နွမ်းပါးလို့ စားရာမဲ့သောက်ရာမဲ့ နေကြတဲ့ မိဘများမှာ သားငယ် သမီးငယ်တွေက**

(ပဥ္စမအကြိမ်)

များပြားလှတာနှင့် ကျွေးမွေးစရာကိုလဲ ရှာမရ၊ ဝလောက်ရုံကိုမျှ မစားရ အဝတ်တန်ဆာကိုမှ မပေးကမ်းနိုင်ကြလို့မို့ ဒုက္ခကြီးရောက်နေကြရတဲ့ အပြင် သားငယ်သမီးငယ်တွေက တစ်ဖန် မကျန်းမမာကြပြန်လို့မို့ တညည်းညည်း တတ၊ တငိုကြွေးရှိုက်ငင် မရှင်မသာ မျက်နှာမလှ ငြိုငြင်စွာ ကသိကအောက် နှင့် အပူမီးတောက်နေကြတာတွေကို မြင်ရကြပြန်တော့ စိတ်သောက ပူဟုန်ပွားပြီး သားငယ်သမီးငယ်တွေကို သနားလှသည့်အတွက်နှင့် မိမိတို့၏ အသက်ကိုမှ မငဲ့ကွက်နိုင်ကြဘဲ ဝေးလှတဲ့ တစ်နယ်တစ်ပြည်သို့ ခွာထွက်ပြီး ခဲခက်လှတဲ့အမှု နုနု ကြမ်းကြမ်း သမုဒ္ဒရာ ပင်လယ်ကြီးများကိုပင် ကူးသန်း လို့ ပင်ပန်းစွာ ဖွေရှာပြီး ရလာတဲ့ ပစ္စည်းဝတ္ထုနှင့် ရှိကြတဲ့ သားမြေးပုတို့ကို ပြုစုကျွေးမွေးကြတာလို၊ အဲသည်လိုပါပဲတဲ့၊ ငါတို့မြတ်စွာဘုရား အလောင်း တော်မှာလဲ ဟစ်အော်ပြေးလျှောက် သုံးဘုံအောက်မှာ ထွက်ပေါက်မရ တပိန်ပိန် တလှိုလှိုနှင့် ခိုမှီးစရာကင်းပ ဝိမုတ္တိဖိုလ်ရသကိုမှ မျှတအောင် မစားမသောက်ရ သီလနှင့် သမာဓိ ဆင်ဝတ်စရာလောက်မှ မရှိကြလို့မို့ ငတ်ကြမွတ်ကြ မလှညစ်နွမ်း မရှင်လန်းနိုင်ဘဲ အသန်းကြီး ဖိနေကြတဲ့ အထဲမှာ တစ်ခါပဲ တိုးမောက်လို့ လောဘနာ, ဒေါသနာ, မောဟနာဆိုတဲ့ အနာဆိုး တစ်ထောင့်ငါးရာတွေက စွဲရောက်ပြီး ထက်အောက်တင်းကျမ်း အပြင်းဖမ်းပြန်တာနှင့် ပရမ်းပတာ ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး, မရဏဘေးကြီးတွေနှင့် တွေ့နေကြရလို့မို့ တငွေ့ငွေ့မီးထ သုံးဘုံလုံး ကြွက်ကြွက်ဆူနေကြတဲ့ အပူသည်ဒုက္ခိတဘို့ကို သားငယ် သမီးငယ်တွေမျှ မက သနားလှသဖြင့် မိမိကလဲ သဗ္ဗညုတဉာဏ် ရွှေအိုးကြီးကို မရသေး၊ ပါရမီလက်ကိုင်နွေးတာနှင့် မဖေးနိုင်မနိုင် ဝေနေယျ သားငယ် သမီး ငယ်တွေကြောင့်သာ စိတ်ဗျာလိုင်ပြီး ကြွခိုင်အားခဲ ဒီပင်္ကရာ မြတ်စွာ ဘုရားခြေတော်ရင်းမှာသာ မှောက်စင်းကာ ကိုယ်ကိုလှဲပြီး ဗျာဒိတ်ပွဲ နိယတကို အမိအရကိုင်ဆုပ် သံသရာမြစ်သမုဒ်မှာ မြုပ်ချင်သမျှမြုပ်နစ် ဖြစ်ချင်သမျှ ဖြစ်စေ သဗ္ဗညုတဉာဏ်ရွှေအိုး ငုပ်လျှိုးကာ ငါရှာဖွေဘော့ အံ့ဟု သင်္ချေလေးဖြာ သိန်းကမ္ဘာကို ရှည်ကြာဘယ်လို့မှ မရှု ယနေ့ နက်ဖြန် စိတ်မှာထင်ပြီး တွင်တွင်ကြီး အရလုဘော့အံ့ဟု ဝတ္ထုဗဟိဒ္ဓ သားမယား ကိုယ်ကာယကို ပမာဏမလုပ် ခုတ်ခုတ်ခွဲခွဲ သစ်မှိုက်လို သွန်စွန့်ကြဲပြီး အနည်းနည်း ကြိုးပမ်းတော်မူနိုင်မှ မဏ္ဍိုင်ရက္ခ ဗောဓိပင်နှင့် ပလ္လင်သို့ ရောက်ပြီး လိုသလောက် ဉာဏ်ရွှေအိုးကိုရသဖြင့် ငတ်မွတ်ကြတဲ့ သားငယ်

သမီးငယ် ဝေနေယျ ဒုက္ခသည်တို့ကို အနယ်နယ်လှည့်ပတ်၍ တရားမြတ်အမြိုက်ဆေးကို တိုက်ကျွေးတော်မူရရှာပေတယ်။

အဲ-သို့ကဲလောက် ခဲယဉ်းလှအောင် ပင်ပန်းစွာဖွေနိုင်ရှာနိုင်လှမှ ရခဲ့တဲ့ သဗ္ဗညုတ ရွှေအိုးကြီးထဲမှ ထုတ်ပြီး နှစ်မြုပ်တာရှည် တော်မွတ်ဆာလောင်ကြတဲ့ သားသမီးဝေနေယျတွေကို ဖြန့်ဝေ ကျွေးမွေးပါတာကို ကြာရှည်စွာ နွမ်းပါး၍ မစားရမှသောက်ရ တော်မွတ်ကာ နေကြရတဲ့ ဝေနေယျဒုက္ခသည်များကတော့ ကောင်းမွန်စွာသောက်မျိုသုံးစားကြပါရဲ့လောလို့ ဆိုတော့- မိခင်ဖခင်များ ဝေးလှတဲ့ရပ်နယ်တစ်ပါးက ခဲယဉ်းစွာဖွေရှာခဲ့ရတဲ့ ပစ္စည်းများကို စားသောက်သုံးစွဲကြပါစေလို့ မေတ္တာစိတ်နှင့်ပင်ဖြန့်ဝေပါသော်လဲ အချို့သော သားသမီးတွေကတော့ ပယောဂ အနာဆိုပ် မွေတာနှင့် အမေအဖေရယ်လို့မှ မသိနိုင်ကြဘဲ သတိမှောင်မှေးကွင်းဖယ်ကာခရီးလွဲပြီး ရှောင်ဖဲကာ ပြေးကြသေးတာပဲတဲ့၊ အချို့သော သားသမီးငယ်တို့ကတော့ တမိအဖပဲလို့ ပြောပါဘာကိုမှမယုံ အတွင်းက ရောဂါဟုန်ကြောင့် မာန်ဂုဏ်တွန်းလှန် မသောက်မမျိုဘဲ အတင်းခံနေကြလို့မို့ အတန်ပဲချော့မော့ဖျောင်းဖျပြီး ကျွေးမွေးကာ လွှတ်လိုက်ရသေးတာပဲတဲ့၊ အချို့သော သားသမီးငယ်များမှာတော့ မသွားရ မခေါ်ရ ရောက်လာတယ်လို့ ကြားကြယင်ပဲ အားရဝမ်းသာ ပြေးလျောက်ကာလာကြလို့မို့ ပါသမျှပစ္စည်းကိုပေးပြီး ဝအောင်ပဲ ကျွေးမွေးလိုက်ရတာပဲတဲ့၊ အချို့သော သားသမီးငယ်များမှာလဲ တောကြားတွင် အဆင်သင့်တွေ့လို့မို့ မကွေ့မရှောင်ကြ အမေအဖေတို့ထံ လျင်မြန်စွာပြေးဝင်လာကြဘာနှင့် ဗမ်းမြောက်ဝမ်းသာပဲ ကျွေးမွေးလိုက်ရပေတယ်တဲ့။

အဲ-ဤဥပမာလိုပဲ ငါတို့ဘုရားသခင်မှာလဲ ငြိုငြင်စွာ ကြိုးပမ်းပြီး အခန်းခန်း ရှာဖွေလှနိုင်မှ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရလို့မို့ ဘုရားအဖြစ်သို့ ရောက်ရတော်မူပြီးနောက်-ဗောဓိပင်အောက် ပလ္လင်နန်းနှင့် ခုနစ်ခန်း ခုနစ်လီကို ဧလွန်တွင် သုံးခွင်သော ဘုံဇစုမှာ ရင့်နုသော သတ္တဝါတွေကို ကြည့်ရှုလို့ ဘယ်သူ့ကို တရားဦးဟောရပါအံ့နည်းဟု ဆင်ခြင်လေလျှင် ငါးအင်သော ပဥ္စဝဂ္ဂီ ရဟန်းတွေကိုမြင်တာနှင့် အာကာခွင်မကြွမလှမ်းဘဲ ဥပကရဟန်းကြီးကို ရည်မှန်းပြီး ခြေကျင်လမ်းဆန့်တွားပြီး မိဂဒ္ဒါဝုန်တောကြီးသို့အသွား ခရီးလမ်း စခန်းအကြား ဂယာသီမြို့အပါးတွင် တရားဦးမရထိုက်တဲ့ ဥပက ရဟန်းကြီး ပရိဗိုဇ်နှင့် ကြုံကြိုက်ကာ

ရင်ဆိုင်တွေ့လေက မရွှေ့မကျော် စေ့စေ့ကြီး ကြည့်ကာ မျှော်ပြီး ရှင်တော်ရဟန်းကြီး ဘယ်ခရီး ဘယ်ဒေသ ဘယ်အမှုကိစ္စနှင့် ဘယ်မြို့သို့ ကြွမည်နည်း ဘယ်ဆရာထံမှ နည်းယူပြီး ဘယ်အယူကို ကြိုက်နှစ်သက်လို့မို့ လူ့ဘောင်က ရှောင်ထွက်ခဲ့ပါသနည်း၊ နှစ်သက်ဖွယ်ရာ ရှုပ်ဆင်း ဝါနှင့် တင့်တယ်စွာလှ သင့်အမည်နာမကိုတော့ဘယ်သူလို့ခေါ်ပါသလဲလို့ အဲ-ဤလို အဘောကိုမသိတဲ့ သားသမီးများလို ရပ်တန့်ကာ လမ်းကဆီးပြီး ဥပကရဟန်းကြီးက မေးတယ်တဲ့။

အဲ-ထိုအခါ မြတ်စွာဘုရားကလဲ ရဟန်းကြီးဥပက မဟာဗောဓိပလ္လင်မ၌ ပြုံသမျှဘုရားကိစ္စပြီး၍ ဗာရာဏသီမြို့ကြီးနှင့်အနီးဣပတနမိဂဒါဝုန်တောကြီးမှာ ဓမ္မစကြာအမြိုက်စည်တီးရအောင် ခရီးဒေသစာ ငါဘုရားကြွတော်မူလာတယ်၊ ငါ့မှာကား ဆရာမရှိ ကိုယ်တော်ဘိုင် အကြွင်းမဲ့ သိခဲ့သည်၊ ညစ်ကျိမှေးကာ ထွေးရစ်သမျှကိလေသာတို့ကိုအမြစ်ပါထုတ်ဖော်အရဟတ္တမဂ်ရေအေးနှင့် ဖွေးလှအောင် ဆေးဖွပ်လျှော်ရသောကြောင့် ခေါ်ဝေါ်စရာ ဝေါဟာရ ငါ့အမည် ဘွဲ့နာမမှာတော့ 'အနန္တဇိန' တွင် ကြောင်းများနှင့် ဥပကရဟန်းကြီးအား ဖြေကြားတော်မူတယ်။ ထို့ကြောင့်—

ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓိဘူတသ္မိံ လောကသ္မိံ၊ အာဟညိံ အမတဒုန္ဒုဘိံ။
န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။
မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာဟံ ဥပက ဇိနော။

လို့-ဟောတော်မူတယ်။ (ဝိနယ၊ မဟာဝါဂ္ဂ၊ ၁၂)

ဥပက၊ မုတ်ဆိတ်ဆံလို ဖန့်ဝတ်ဆီးသည့် ရဟန်းကြီး ဥပက၊ အဟံ၊ သစ္စာလေးကွင်း ဟုတ်ကိုင်းလင်း၍ အကြွင်းမထား ငါဘုရားသည်။ ကာသိနံ ပုရံ၊ ကာသိတိုင်းပြည် ဝပြောစည်သည့် ဘေဟီညီးညီး ဗာရာဏသီမြို့ကြီးသို့။ ဓမ္မစက္ကံ၊ စကြာယာဉ်ပုံပမာဟန်သို့ လိုရာပွားငြိမ်းတရားဘီးကို။ ပဝတ္တေတုံ၊ လူ့ပြည်နတ်ရပ် ထက်အောက်စပ်အောင် လှည့်ပတ်လိမ့်နင်း၊ တွန်းလှိမ့်ခြင်းငှာ။ ဂစ္ဆာမိ၊ ဖဝါးဖြန့်ချွေ ငါသွားပေအံ့။ အန္ဓိဘူတသ္မိံ။ သူကန်း အလား စမ်းတဝါးနှင့် အမှားလမ်းလယ် တရားကွယ်သော

လောကသို့၊လူရောနတ်ပါ ဘဝဂ်ရွာနှင့်ပြဟ္မာ့ဘုံဆိုးသုံးတိုက်လုံး၌။အမတ ဒုန္ဒုဘိ၊မသေစေတတ် ပြည့်တော်မြတ်သို့ တပ်ဖို့ဆော်ဟီး။ အခါ၊ စည် တော်ကြီးကို။အာဟည်၊သုံးဘုံခပ်သိမ်း မပြတ်ဟိန်းအောင် ဒိန်းဒိန်းဟီး စေငါတီးပေအံ့။

မေ မေမ၊သယမ္ဘူရှင်တစ်ဆူဝင်၍ သွန့်သင်မှဲ့ရှားငါဘုရားအား။အာစရိ ယော၊ သစ္စာလေးတန် အရေးမှန်အောင် ဖေးကြုံမထောက်ပြောပြသူဆရာ တစ်ယောက်သည်။နအတ္ထိ၊ မရှိမထင် ကြည့်မမြင်။ သဒေဝကသို့၊ထက်ချပ် ပြဟ္မာ နတ်ခြောက်ရွာနှင့် တကွသော။ လောကသို့၊ လူနေမြေဆုံး လေး ကျွန်းလုံး၌။မေ မယာ၊ သယမ္ဘူတစ်ပါး ငါဘုရားနှင့်။ သဒိသော၊သီလ မေ့ထုံ အပြည့်လုံ၍ စေ့စုံရှိသူ ဂုဏ်ရေတူသည်။ နဝိဇ္ဇတိ၊ အထက်အောက် ထိ လျှောက်ကာညို၍ လှည့်ကာရှာဖွေ မရှိချေ။မေမယာ၊သယမ္ဘူဟုတစ်ဆူ ထူးခြား ငါဘုရားနှင့်။ ပဋိပုဂ္ဂလော၊ အတုအခိုင် အမှုကိုင်၍ စုဆိုင်အဘူ တုပြိုင်နိုင်သောသူသည်။ နတ္ထိ၊ ဘုံရှိသလောက် ကုန်ညို ကောက်လည်း တစ်ယောက်ထူးတွင် မရှိချေ။

ဥပကာ၊ပရိဗိုဇ်လမ်းနည်း ကျင့်ခန်းမှီးသည့်ရဟန်းကြီးဥပကာ။မာဒိသာ မကာ့မိကျင့် အမှာဆင့်၍ကြာမြင့်ဆူဆူ ငါနှင့်သာ တူကြကုန်သော။ ယေ ဗုဒ္ဓေါ၊အကြင်ငါ၏ရှေ့သွား အလွန်များကုန်သော ရှေးနောင့်တော်ဘုရား တို့သည်။အာသဝက္ခယံ၊ မြူမှင်သရောဖြူစင်ချောအောင် နှင်မျောရှင်းလင်း အာသဝေါကုန်ကင်းခြင်းသို့။ ပတ္တာ၊ ထွက်လမ်းမကောက် တကမ်းပေါက် ၍ လှမ်းရောက်တော်မူကြလေကုန်ပြီ။တေ ဗုဒ္ဓေါ၊ ထိုအာသဝေါကုန်ကင်း ရှေးနောင်ရင်းတို့သည်။ဝေ ကေန္တနေဝ၊ အကယ်မလွဲ အမှန်မြဲသာဖြင့်သာ လျှင်။ဇိနာ၊တွင်းရန်ပါပ တွန်းလှန်ချ၍။ အနန္တဇိန၊အမည်ရကြကုန်သည်။ ဟောန္တိ၊ဖြစ်ကြကုန်၏။ ဥပက၊မဂ်လမ်းမရဥပက။ မေ မယာပိ၊ ရှေးနောင် တို့သုံး ကျင့်ရာထုံးနှင့် စံနှုန်းမပြား ငါဘုရားသည်လည်း။ ပါပကာဓမ္မာ၊ ယုတ်မာညစ်ကြေး ရစ်ခါတွေးသည့်အလေးမူလ္လာကိလေသာတို့ကို။ ဇိတာ၊ သိတ်ာထွက်ဆေး မဂ်ရေအေးနှင့် ပက်ဆေးကာ အောင်မြင်အပ်ကုန်ပြီ။ တသ္မာ ဇိတာဝ၊ ထိုသို့မပြား ရှေးဘုရားတို့နှင့် အလားမယွင်း ကိလေသာ အောင်နိုင်ခြင်းကြောင့်သာလျှင်။အဟံ၊သုံးပါးဘုံသူ အများလူတွင်တစ်ဆူ

ထူးခြား ငါဘုရားသည်။ ဇိနေ၁၊ အနန္တဇိန မည်နာမနှင့် လောကဘုံ၌မြဲ ကျော်ကြားလေ၏။

အဲ-ဤလို ရှင်တော်ဘုရားက မေးသမျှအကြောင်းစုံကို ပြန်ကြားအောင် ပြောကြားလေမှဥပကရဟန်းကြီးလဲအံ့ချီးနှစ်သိမ့်ဦး၁ခါင်းညိတ်၍ဟုတ်မှ လိမ့်ပြောကြားပြီး ရှောင်ဖဲကာ လမ်းလွဲသွားတယ်တဲ့၊ အဲ-ဤဥပကရဟန်း ကြီးမှာတော့ကြိုးပမ်းကာရှာဖွေပြီး မျှဝေတော့မယ်လို့ လာပါတာကိုခရီး မှာ ရင်ဆိုင်တွေ့ပါလျက် ရှောင်ကွေ့ကာလွဲဖယ်ပြေးကြတဲ့ သားငယ်သမီး ငယ်ကလေးတွေနှင့် တူတော့တာပဲတဲ့၊ မြတ်စွာဘုရားလဲ ဥပကရဟန်းကြီး လမ်းလွဲသွားသည့်နောက် ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့ထံသို့ရောက်၍ ချီးမြှောက် တော့မည်အကြံနှင့် ထိုရဟန်းတွေကို ခေါ်တော်မူပြန်လျှင် ပုန်ကန်မာန်ဖီ ဘုရားကို မယုံကြည်ကြပြန်လို့မို့ အတည်တည် အခန်းခန်း ယုံလာက်ဖို့ အကြောင်းလမ်းနှင့် ပင်ပန်းစွာ အကြိမ်ကြိမ်ပြောပြီး ဓမ္မစကြာဒေသနာကို ဟောလေမှ သဘောကြည်မြ အကြီးဆုံး ရှင်ကောဏ္ဍညမှာ ပြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေနှင့်တကွ သောတာပန် အဖြစ်ကို ရသွားတယ်၊ အဲ–ထို့ နောက်မှ တဖြည်းဖြည်း ကမ္မဋ္ဌာန်းနည်းလမ်းကိုပေးတာနှင့် လေးယောက် သော ကြွင်းမထေရ်တို့လဲ သောတာပန် တည်ကျပြန်တယ်၊အဲ-ထိုနောက်မှ ငါးယောက်သော ရဟန်းတို့ကို စုဝေးပြီး အနတ္တလက္ခဏာသုတ်ဒေသနာနှင့် တိုက်ကျွေးသွန်းလောင်းလေမှ ငါးယောက်ပေါင်းအာသဝေါခန်းခြောက် လို့ရဟန်းတာအဖြစ်သို့ ရောက်ကုန်ကြတယ်။

အဲသည် ပဥ္စဝဂ္ဂီရဟန်းများလဲ အမေအဖေပါပဲလို့ ပြောကြားလာတာ ကို မနာမယုံ အတွင်းက ရောဂါဟုန်ကြောင့် မာန်ဂုဏ်ငြင်းဆန် အတွင်းခံ နေကြလို့မို့ အတန်တန်ဖျောင်းဖျနားပါးချပြီး ကျွေးမွေးပေးကမ်းလိုက်ရ တဲ့ သားငယ်သမီးငယ်ကလေးတွေနှင့် တူတဲ့သူများပဲတဲ့၊ ထိုပဥ္စဝဂ္ဂီငါးဦးတို့ တွင်လဲ အထူးဝိသေသကြီးဆုံး ရှင်ကောဏ္ဍည၏ ရှေးဦးစွာ သောတာပန် တည်ရတဲ့ အကြောင်းမှာတော့–

ရှေးနုစဉ်အတိတ်ဘဝက လယ်လုပ်သားညီနောင်နှစ်ယောက် ဖြစ်နေ ကြလို့ရ့မို့ဆုံစုကာလယ်အတူလုပ်နေကြတယ်၊စိုက်မြှုပ်တဲ့ကောက်စပါးလဲ စည်ကားပွားစီးပြီးတဖြည်းဖြည်း အဖုံးအလုံးကြီးလာတော့ အစ်ကိုကြီး ဖြစ်သူက စပါးဖုံးကိုနုတ်ယူပြီး သံဃာတော်မထေရ်များကို လှူလိုတဲ့ဆန္ဒ

ကြောင့် ညီငယ်နှင့်တိုင်ပင်ကြတယ်၊ အဲ့ညီငယ်ဖြစ်သူကလဲ သဘောမကျ လယ်ပျက်မည်ကို စိုးလို့တာနှင့် ကိုယ့်အတွက်ကိုသာ ခွဲဝေပြီး အဖိုးကိုလဲ တစ်ကြိမ်လှူ ဤနည်းတူကျီတွင်းသို့ ရောက်အောင် ကိုးကြိမ်မြောက်ကောက် ဦးကို လှူခြင်းကြောင့် အဆူဆူဖြစ်သမျှတို့မှာလဲ ထူးမြတ်တဲ့ စည်းစိမ်ကို ခံစားရ၍ ရှင်ကောဏ္ဍညဘဝသို့ ရောက်လေမှ တရားထူးရှေးဦးစွာသောက်ရ လို့မို့ နိဗ္ဗာန်သို့ဝင်ရောက်သွားရတယ်၊ညီငယ်လယ်လုပ်သားမှာတော့ သဒ္ဓါ တရားကနောက်ကျ ကျီသွင်းမှတစ်ကြိမ်သာလှူခဲ့ရခြင်းကြောင့် ဖြစ်ဖြစ်သမျှ ဘဝမျိုးတို့မှာ ညှိုးညှိုးလျှလျှ သူတစ်ပါးနောက်အောက်ကျတဲ့ ယုတ်ညံ့လှ သောစည်းစိမ်မျိုးကိုသာခံစားရပြီး အဆုံးစွန်နောက်ကာလမှာလဲ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံမယ့်ညဉ့်မှရောက်ရလို့မို့ သူတစ်ပါးတို့နောက်မှ အကျွတ် တရားရပြီး ပစ္ဆိမဗုဒ္ဓသာဝက 'သုဘဒ္ဒ'ဟူသောအမည်နာမနှင့်ပင် နောက် ဆုံးမှ ပရိနိဗ္ဗာန် စံဝင်သွားရတယ်။

အဲ–ထိုပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ တရားထူးရပြီးသည့်နောက် အထောက် မကွာလှ သေနမည်သော နိဂုံးရွာကြီးက သူဌေးသမီး သုဇာတာ၏သား ယသမည်သော သတို့သားလဲ ဥတုသုံးပါးနှင့် လျော်ပတ်တဲ့ ပြာသာဒ် ကြီးသုံးဆောင်မှာ တစ်ဆောင်လျှင် တစ်ဥတုပြောင်းပြီး မောင်းမပေါင်း ကိုယ်လုပ်အများနှင့် စံစားမြူးပျော်၍နေရာ စောစောက သူဌေးသားအိပ် ပျော်၍သွားတာနှင့် တူရိယာသီချင်း ဒုံမင်းပသာ်ခရာနှဲ့ပြွေ စောင်းတယော အထွေထွေတို့နှင့် ဖျော်ဖြေဝိုင်းအုံ ကချေသည် မောင်းမအစုံတို့လဲ တူရိယာ စည်ပုံကိုပိုက်ပြီး ဆိုက်လိုရာဆိုက် လဲလိုရာလဲ ဖြစ်ချင်ရာအနဲ့နဲ့ဖြင့် စုတ်ဘွဲ့ကာ ပြွတ်သိပ်လို့ ကစဲကရဲအိပ်နေတဲ့အခါ သူဌေးသားအရင်နိုးလာလို့မို့ အမိုး ကမီးဆွဲအလင်းနှင့်ကွင်းကွင်းထင်ထင်တပြင်လုံး အစုအခဲကို ရှုတ်ခနဲမြင်လေ လျှင် သည်းဘဝင်ဆူနောက် သုသာန်ဝတစပြင်လို စိတ်အထင်က အတွေး ရောက်တာနှင့် လန့်ကြောက်ပူပြင်း ပြာသာဒ်မှ ပြေးကာဆင်းပြီး ညဉ့်တွင်း ပင် မိဂဒါဝုန်တောကိုလျှောက်လို့ မြတ်စွာဘုရားထံသို့ အဆင့်ဆင့် ရောက် သွားတယ်၊လာခဲ့တဲ့လမ်းတစ်လျှောက်မှာလဲ ထိတ်ကြောက်မအေး သံ[illegible]း ကိုချည်း စိတ်မှာတွေးမိတာနှင့်–

"ဥပဒ္ဒုတံဝတ ဘော၊ ဥပဿဋ္ဌံဝတ ဘော" ဆိုတဲ့ဥဒါန်းကိုချည်း ကျူး ကျူး ပြေးလာတာပဲတဲ့။ ဘော၊ အိုအချင်းတို့။ ဥပဒ္ဒုတံဝတ၊ တင်းကျပ် (ပဥ္စမအကြိမ်)

ကြိတ်နှက် အဆိုပ်တက်သကဲ့သို့ နှိပ်စက်ပင်ပန်းလှချေ၏တကား။ဘော၊ အို အချင်းတို့။ ဥပဿဋ္ဌံဝတ၊ ဆင်ကြမ်းကျားရဲ အတင်း ဆွဲသကဲ့သို့ ဆင်းရဲငြိုငြင်လှချေ၏တကား။

အဲ-ဤလိုချည်းညည်းတွားပြီး ဘုရားထံရောက်လေက မြတ်စွာဘုရားက လဲ ချီးမြှောက်တဲ့စကားနှင့် ချစ်သား-ယသ ဘေးဘယတို့မကျမဆီး ဤ နိဗ္ဗာန်ပြည်ကြီးမှသာ အေးအေးကြီးအေးရဘေးဘယပျောက်ကင်းပချေသည် ဟု သောကကို ဖျောက်ဖြေတော်မူလို၍—

ဣဒံ ခေါ ယသ အနုပဒ္ဒုတံ၊ ဣဒံ အနုပဿဋ္ဌံ။
ဧဟိ ယသ နိသီဒ၊ ဓမ္မံ တေ ဒေဿ သာမိ။

(ဝိနယ၊ မဟာဝါ ပါဠိ၊ ၁၂)

ဟူသောစကားဖြင့် မိန့်ကြားကာ ခေါ်တော်မူ၍ အေးကြူသော ရေ အမြိုက်ကို ကျွေးတိုက်တော် မူလေလျှင် အပူဟုန်ကင်းပျောက်လို့ သောတာ ပန် အထွက်ပေါက်ပြီး ရဟန်းအဖြစ်သို့ ရောက်သွားတယ်။

ယသ၊ ချစ်သားယသ။ ဣဒံခေါ၊ အေးမြဆိတ်ညံ ဘေးမခံတဲ့ဤနိဗ္ဗာန် ပြည်တော်ကြီးသည်ကား။ အနုပဒ္ဒုတံ၊ တင်းကျပ်သိပ်နှက် အဆိပ်တက် သကဲ့သို့ နှိပ်စက်ပင်ပန်းခြင်းမရှိ။ ဣဒံခေါ၊ဆယ့်တစ်မီးဟုန် အငြိမ်းကုန်သည့် ဤနိဗ္ဗာန် ရွှေဘုံကြီးသည်ကား။ အနုပဿဋ္ဌံ၊ ဆင်ကြမ်းသားရဲ အတင်း ဆွဲသကဲ့သို့ ဆင်းရဲငြိုငြင်ခြင်းမရှိ။ ယသ၊ချစ်သားယသ။ ဧဟိ၊ငါဘုရားထံ ရင်း နီးအောင်ချဉ်း၍ ဖြည်းညင်းသာယာ လာခဲ့ပါလော။ နိသီဒ၊ မတုန့် မရွား မရှံ့ပါးဘဲ စွန့်စားကြည့်ကာ ထိုင်တည့်ပါလော။ တေတဝ၊သည်းအူ ရင်ထဲ မီးပူစွဲ၍ မစဲရိုရှား သင်ချစ်သားအား။ အဟံ၊သင်လိုလူပေါင်း ကယ် ယူကြောင်းနှင့် မြော်ညောင်းငံ့စား ငါဘုရားသည်။ ဓမ္မံ၊ နောဒတ်အိုင်သာ ရေသီတာသို့ ကြည်စွာပျံ့မွှေး တရားအေးကို။ ဒေသေဿာမိ၊ ကရုဏာရှေ့ သွား မေတ္တာပွား၍ သနားကြင်နာ ဟောပြပါအံ့။

အဲ-ထိုနောက် ထပ်ခါ ယသ၏ခင်ပွန်းမနှင့်တကွ မိဘတို့ ပင့်ဖိတ်ရာ၌ လည်း အေးကြူစွာတရားရေသောက်ကြရသဖြင့်သောတာပန်တစ်ဘက်ကမ်း ပေါက်ကုန်ကြပြန်ဘယ်၊ ထိုနောက်များမကြာ ယသ၏သဟာယ ငါးကျိပ် လေးယောက်သော အဆွေခင်ပွန်းတို့ ရောက်လာကြရာ၌လည်း ရွှေနည်း သာတရားသွင်း၍ဝဋ္ဋတွင်းကထွက်မြောက်ပြီး ရဟန္တာအဖြစ်သို့ချည်းရောက်

(ပဥ္စမအကြိမ်)

ကုန်ကြပြန်တယ်။ အဲ-ညကို မင်္ဂလာ ဖိုလ်သို့ချည်း ရောက်ကြရတဲ့ ရှင်ယသ သူဌေးသားနှင့်တကွ ခင်ပွန်းမ အမိအဖ ငါးကျိပ် ရှစ်ယောက်ပေါင်း သဟာယတို့၏ ရှေးကုသိုလ် သမ္ဘာရမှာတော့—

နှုကြစဉ်ဘဝတုန်းက ငါးကျိပ်ငါးယောက်လုံး တိုင်ပင်ကာ ရပ်ရွာတွင် နွမ်းပါးလှတဲ့ ဆင်းရဲသား သေပျောက်လာလျှင် ကောင်းမွန်စွာစုဆည်းလို့ ဖုတ်ကြည်း သင်္ဂြိုဟ်ခြင်းကိုသာ ပြုနေကြရာ တစ်ဦးသော မာတုဂါမ သေ ပျောက်တာနှင့် ငါးကျိပ် ငါးယောက်သော အဖော်သဟာတို့ စုဘဲပြီး သုသာန်ထဲ ယူဆောင်ကာ ရှင်ယသနှင့်တကွ ငါးယောက်သော သူတို့ကိုသာ အပ်လွှဲပြီး ရွာထဲသို့ အကုန်ပြန်သွားကြတာနှင့် ရှင်ယသပါ ငါးယောက် ပေါင်းတို့လဲ အလောင်းတော်ကို ထင်းဖိုလို့ မီးရှို့ကာ သင်္ဂြိုဟ်သင်းတွင် ထိတ်လန့်ခြင်း သံဝေဂနှင့် ဇေဂုစ္ဆသဘောမြင်ပြီး အသုဘကမ္မဋ္ဌာန်းကို ဆင်ခြင်မိကြတယ်။ ရှေးအရင် ပြန်သွားကြတဲ့ အဖော်သား ငါးကျိပ်နှင့် တကွ ခင်ပွန်းမ အမိအဖတို့ကို ပြောကြားလေရာ ကြားသမျှ ထိုသူတို့မှာလဲ ထိတ်လန့်ကာ သံဝေဂနှင့် အသုဘကမ္မဋ္ဌာန်းချည်း ပွားများကြတယ်။

အဲ-ထိုကုသိုလ်သမ္ဘာရကြောင့် ပစ္ဆိမရှင်ယသမှာ အိပ်ကြတဲ့ မောင်းမ တွေကိုမြင်လျှင် သုသာန်လို စိတ်မှာထင်ပြီး မရွှင်ထိတ်ကြောက် ပြာသာဒ်မှ ပြေးကာဆင်းပြီး ညတွင်းချင်းပင် ဘုရားထံရောက်လို့မို့ အထွတ်ပေါက် သာဝက ဆုထူးနှင့် နိဗ္ဗာန်တိုင် ကူးသွားရတယ်၊ ကြွင်းသမျှ အပေါင်း အဖော်တို့လဲ ထိုကုသိုလ်လှုံ့နှိုးဆော်တာနှင့် မပျော်မမွေ့ လူ့ဘုံကိုစိတ်ငြီး ငွေ့ပြီး ပြောင်းရွှေ့ကာ ဖန်ဝတ်ဆင်လို့ နိဗ္ဗာန်သို့ ဝင်သွားကြတယ်။

အဲ-ထိုအရှင် သူတော်များမှာတော့ မသွားရ ခေါ်ရ အလိုလို မိဘထံ ရောက်ကြဘာနှင့်ဝလောက်အောင် ကျွေးမွေးလိုက်ရတဲ့ သားငယ် သမီးငယ် ကလေးတွေနှင့်တူတဲ့ အရှင်များပဲတဲ့၊ အဲ-ထိုနောက်မှ မြတ်စွာဘုရားလဲ ရဟန်းများကို အနီးတွင် စုကာထားပြီး ချစ်သားရဟန်းများတို့ ငါ ဘုရားနှင့်တကွ ခြောက်ကျိပ်သော သင်ချစ်သားတို့မှာ ခွန်အားပြည့်ဝ ကိလေသာ ရန်စစ်ကိုဖျက်ပြီး လွတ်လွတ်ကြီး ရှောင်ထွက်နိုင်ကြပေပြီ၊ ထို့ကြောင့် လျှောက်ကာ သံသရာအောက်မှာ ကြာပြီး ထွက်ရာလမ်း မတွေ့ကြတဲ့ ဝေနေယျအများ ဒုက္ခသည် အကျဉ်းသားတို့ကို သနားရင်ထု သားရင်း လို အတူရှုပြီး ကျွတ်ဆုဝေကာ နှစ်ပါးမတွဲ တစ်ပါးစီလမ်းခွဲပြီး တစ်ကွဲစီ

(ပဉ္စမအကြိမ်)

လှည့်လည်ကြပါလို့ အဲ-ဤလို အမိန့်ကြားပြီး ရှိသမျှ ရဟန်းများကို တရားဟော စေလွှတ်တော်မူပြီးမှ တစ်ပါးတည်း မိဂဒါဝုန်တောက ထွက်လို့ ငြိမ်သက်တည်ကြည် ဂင်္ဂါမြစ်ချောင်း ဥရုဝေလတောစောင်း၌ တစ်ထောင်သော ရသေ့အပေါင်းတို့ ကျွတ်လိမ့်မည်အကြောင်းကို မြော်ရည်ပြီး ဒေသစာဖြန့်ချီတော်မူလေရာ မရောက်မီ ခရီးအကြား တစ်ခုသော တော အုပ်ကြီး အပါးတွင် ပါဝါပြည်သား ကောသလမင်းကြီးနှင့် တဖတည်း မွေးဖွားကြတဲ့ ဘဒ္ဒဝဂ္ဂီ ညီနောင်မင်းများ သုံးကျိပ်သားတို့ အကျွတ်တရား ရလိမ့်မည်ကို မြင်ပြန်တာနှင့် ခရီးစဉ်ကိုပယ်ရှားလို့ တစ်ခုသော သစ်ပင်ကြီး ရင်းသို့သွားပြီး စောင့်စားကာ နေတော်မူတယ်။

အဲ ဖော်ရံရွှေအများနှင့် တောအုပ်တွင် ပျော်ပါးနေကြတဲ့ သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီညီနောင် မင်းသားများလဲ ကစားမြူးထူး၍ ယစ်မူးကာ မေ့လျော့ခိုက်တွင် အဖိုးထိုက် ပစ္စည်းဘဏ္ဍာများကို ပြည့်တန်ဆာမခိုးယူ သွားလို့မို့ အများအုပ်သိုက် သုံးကျိပ်လုံး အကုန်လိုက်ကြတာနှင့် တော တိုက်ကြီးအကွေ့ သစ်ပင်ကြီးအပါးမှာ ဘုရားနှင့် ရင်ဆိုင်တွေ့ကြလို့မို့ တိုးဝှေ့ဝပ်ညောင်း ပြည့်တန်ဆာခိုးသူမကို သုံးလူ့ဘုမြင်လိုက်ပါသလား ဟူသော အကြောင်းနှင့် စုပေါင်းကာ မေးလျှောက်ကြတယ်၊ အဲ-သုံးလောကသခင် ဘုရားရှင်ကလဲ စကားစဉ်မပျက် သုံးကျိပ်သော ထို မင်းသားတို့ကို မသွားအောင် နှုတ်ခွန်းဆက်ပြီး မမှစက် အမြိုက်အေးနှင့် ပက်ဆေးကာ သွန်းလောင်းတော်မူလေက ကြည်ဖြူဝမ်းမြောက် မဂ်ဖိုလ်ကို ကိုယ်တိုင်ပေါက်ပြီး ရဟန်းအဖြစ်သို့ ရောက်ကြလို့မို့ စောင့်ရှောက်ဖို့ မှုတင်ကမ္မဋ္ဌာန်းနှင့် ရဟန်းတို့၏ အလေ့အလာကို ပွားလို့ တစ်ခုသော တောကျောင်းသို့သွားပြီး တရားကို အားထုတ်နေကြတယ်။

အဲ-ထိုသုံးကျိပ်သော ထေရ်သခင်တို့၏ ကျွတ်တမ်းဝင် လွယ်ကူကြတဲ့ အကြောင်းမှာတော့....အတိတ်ဟောင်း ရှေးဘဝက ငါတို့၏ဂေါတမဘုရား အလောင်းတော်သည် သမ္ဘာတော် မရင့်ညောင်းသေးဘာနှင့် နစ်စောင်း ငုပ်လျှိုး ယုတ်ညံ့တဲ့ တိရစ္ဆာန်ဘဝမှာဝင်တိုးပြီး အမျိုးသိန်ဖျင်း ဂုဏ်ဘန်ခိုး မလင်းနိုင်ဘဲ တစ်ယောက်သော အမယ်အိုမကြီးလက်တွင်းမှာ မဟာတုဏ္ဍိလ* မည်သော ဝက်မင်းဖြစ်နေရလို့မို့ ညီတော်ရင်း စူဠတုဏ္ဍိလပါ အတူတွဲပြီး မခွဲမခြား အမယ်အိုက အစာကျွေးလို့ သားအမှတ်နှင့် မွေးထားဘယ်။

---

* ဤတုဏ္ဍိလ ဝတ္ထုကား—ဇာတ်၊ ၄၊ တတိယ၊ ၂၆၉-၂၇၅ ၌ လာသည်။ (ပဥ္စမအကြိမ်)

ဗာရာဏသီမြို့သား သုံးကျိပ်သော သေသောက်ကြူး ယောကျ်ားတို့လဲ ပွဲသဘင်မှာ ပျော်ပါးပြီး သောက်စားယစ်ဝ ဝက်ဟင်းမျိုး မလောက်င ကြလို့မို့ အမယ်အိုကြီးကို ဖျောင်းဖျပြီးအခါခါ ဝယ်လာကြပါသော်လဲ မရ မရောင်းလို သားအမှတ် မွေးထားပါတယ်လို့ဆိုတာနှင့် အမယ်အိုကို အရက်တိုက်ပြီး မူးမိုက်မှတစ်ဖန် တောင်းလေလျှင် တိမ်းစောင်းနွမ်းခွေ မူးရစ်တဲ့ အမယ်အိုကြီးလဲ အမေ့ကြီးမေ့လှ၍ မရသတိ အရက်ငွေ့ ဖုံးပိတ်ကွယ်တာနှင့် သားရယ်လို့မှ မသိနိုင်ဘဲ နွမ်းနယ်ပင်ပန်းသော ကိုယ် စိတ်ရှိလှလို့ ဝက်ငယ်ကို ပေးလိုက်မိတယ်။

အဲ-သေသောက်ကြူး သုံးကျိပ်သားတို့လဲ အားပါးတရ အမြန်ထပြီး ဝက်ငယ်အစားပြုလို့ အမယ်အိုကြီးကို ခေါ်စေကြတယ်။ အဲ-ထိုအခါ အလောင်းတော်မဟာတုဏ္ဍိလကလဲ အချိန်မကျ အမိ၏ ခေါ်ပုံကိုထောက် ဆသော်သေဘေးကြီးရောက်လိမ့်မည်အထင်ရတာနှင့်ညီတော်စူဠတုဏ္ဍိလကို ခေါ်ပြီး မယ်တော်၏ အကြံကိုသိရစေဖို့ အကြည့်စေခိုင်းတော်မူလိုက်တယ်၊ ညီတော် စူဠတုဏ္ဍိလလဲ နောင်တော်၏စကားကို ဝန်ခံ၍ အတန်လောက် ပြေးသွားပြီး တန့်နားကာကြည့်ရှုလေလျှင် လူစုလူဝေးကလဲများ အနား ကလဲ ကျော့ကွင်းကိုမြင် မိခင်ကလဲယစ်မူး ထူးလှသော အကြောင်းကို မြင်ရတာနှင့် လျင်လျင်ကြီးပြေးဆုတ်ပြီး တုန်လှုပ်ကာ မရပ်ဘည်နိုင်ဘဲ နောင်တော်၏ အနီးမှာ လဲနေတယ်။

အဲ-ထိုအခါ အလောင်းတော် ဝက်မင်းကလဲ ညီရင်းကို ဖေးကာမပြီး တုဏ္ဍိလညီငယ်-ကြောက်မက်ဖွယ် အသွင်အပြင် ဘာများကို သင်တွေ့မြင်ခဲ့ လို့မို့ ပူပင်တုန်ခိုက် နှုတ်သီးကို မြေမှာစိုက်ပြီး တဟိုက်ဟိုက် တိတ်ဘဆိတ် မပြောနိုင် မောပန်းတဲ့စိတ်နှင့် လူးလဲကာလာ၍ အိပ်ရပါသလဲ ကြောင်း နိမိတ်အရေးပုံတို့ကို အလုံးစုံချန်မချင်းဘဲ သိခဲယင်းအကဲလေးကို ကြံတွေး စရာ ဉာဏ်မှာ လင်းလောက်အောင် နောင်ရင်းကို အကြောင်းပြပါလို့ အဲ-ဤလို သိလိုရန်အရေးနှင့် ညီတော်ကို စစ်မေးတော်မူတယ်၊ ညီတော်စူဠ တုဏ္ဍိလကလဲ ယနေ့ညမရွှေသေဘေးဖြင့် တွေ့ကြရချေတော့မယ်၊ လီဆယ်ပုန်း အောင်း အစာနှင့်ဖြားယောင်းပြီ းဖမ်းယူကြောင်း အရေးဆင်ယို မွေး

မိခင် သေစာကျွေးဘာနှင့် မစားဘဲ ပြေးလာပါကြောင်းများနှင့် နောင်တော်ကို ပြောကြားတယ်။ ထို့ကြောင့်—

> နဝဆန္ဒကေဒါနိ ဒိယျတိ၊
> ပုဏ္ဏာယံ ဒေါဏိ သုဝါမိနီ ဌိတာ။
> ဗဟုကေ ဇနေ ပါသပါဏိကေ၊
> နော စ ခေါ မေ ပဋိဘာတိ ဘုဉ္ဇိတုံ။

ဘာတိက၊ နောင်တော်။ ဣဒါနိ၊ ဤမှထွက်သွား မိထံပါးသို့ သွားကာ မကြာ ရောက်လုနီးအခါ၌။ နဝဆန္ဒကံ၊ အငွေ့မလှစ် အစာသစ်ဖြင့်လွှမ်းရစ်ထည့်စွက် စားကျင်းခွက်ကို။ ဒိယျတိ၊ ရှေ့တွင်အပါး ချကာထား၍ ငုံ့စားငေးမျှော် ပေး၍ခေါ်၏။ အယံ ဒေါဏိ၊ ညီနောင်နှစ်ပါး နေ့စဉ်စားသည့် ဇလားစားကျက် ဤအစာခွက်သည်လည်း။ ပုဏ္ဏာ၊ စင်ဖြူမညစ်မှုမရစ်ဘဲ ပူခြစ်လွေ့လွေ့ အစာသစ်ဖြင့်ပြည့်၏။ သုဝါမိနီ၊ ငါတို့ချစ်ရှင် သားလိုခင်တဲ့ ရင်ခွင်ထားသို အဘွားအို သည်လည်း။ ဌိတာ၊ ခွေယိုင်နွဲ့ယိမ်း တမှိန်းမှိန်းနှင့် တောင်တိမ်းမြောက်ခဝ ရပ်၍နေ၏။ ပါသပါဏိကေ၊ လက်နက်ဓားတုတ် တလှုပ်လှုပ်နှင့် ထိုးခုတ်ဟန်လွှဲ ကျော့ကွင်းကိုလဲ လက်ကိုင်စွဲကြကုန်သော။ ဗဟုကေဇနေ၊ ပုဆိုးခါးတောင်း တဲမြောင်းမြောင်းနှင့် ခြိမ်းမောင်းကြသော လူအပေါင်းတို့ကိုလည်း။ ပဿာမိ၊ သိလာဖို့ရေး ကြည့်ကာတွေး၍ အဝေးကသာ မြင်ခဲ့ပါ၏။ ဘာတိက၊ နောင်တော်။ မေ မယာ၊ ငါတို့နှစ်ယောက် သေဘေးရောက်လိမ့် ကြောက်၍ တုန်လှုပ် အကျွန်ုပ်သည်။ ဘုဉ္ဇိတုံ၊ မွေးမိကကျွေး ထမင်းဘေးကို ပြေးကာဝပ်စင်း စားသောက်ခြင်းငှာ။ နောစ ပဋိဘာတိ၊ စိတ်မှာတွေးဆ မအားလှ၍ အဝေးကသာ ပြေးခဲ့ပါ၏။

အဲ-ဤလို ပြောကြားတဲ့ ညီတော်၏စကားကိုကြားလျှင် နောင်တော်စက်မင်းလဲ ညီတော်ရင်းကို ဆုံးမလို၍ ငြိုငြင်ပြင်းပြ ထိတ်လှန့်လှဲ့တဲ့တုဏ္ဍိလ ငါ့ညီငယ်-သုံးဆယ့်ဘဝ ဘုံဌာနမှာ ပဋိစ္စသဋ္ဌမကာင်းတာနှင့် ကံပစ်ရာနစ်ဆင်းပြီး ကပ်ချဉ်းတဲ့ လူအပေါင်းတို့မှာ သေမင်းကိုပုန်းခိုအောင်းဖို့ လွတ်နိုင်ကြောင်း အရပ်မရှိ သင်ဘယ်လို အရေးဆောင်၍ မသေအောင်ပြေးနိုင်ဘိမတုံး ဟိုအမိ ကျေးဇူးရှင်မှာ ရောင်းချစရာ အသားတင်စေဖို့ နေ့စဉ်မခြား ငါတို့ကို ကျွေးမွေးရပေသည်များကို သနားစိတ်ကပ်မွေး

(ပဌမအကြိမ်)

မိအိုသူ့ကျေးဇူးကို တုံ့နှစ်ဦးအတူဆပ်ရအောင် တဖျပ်ဖျပ်မလန့်မထိတ်ဘဲ ကြောင့်ကြမဲ့ စားကာအိပ်ပြီး စိတ်ကိုသာ အေးမြအောင် ပြုနေပါလို့ အဲ့ဤလို ညီတော်ကို ဆုံးမရှာတယ်။ ထို့ကြောင့်—

တသတိ ဘမသိ လေဏမိစ္ဆသိ၊
အတ္တာဏောသိ ကုဟိံ ဂမိဿသိ။
အပ္ပေါဿုက္ကော ဘုဉ္ဇ တုဏ္ဍိလ၊
မံသတ္ထာယ ပေါသိတာမသေ။

တုဏ္ဍိလ၊ ညီငယ်စုလ တုဏ္ဍိလ၊ တွံ၊ သောကဆုဖွယ် သင်ညီငယ်သည်။ တသတိ၊ တဖျပ်ဖျပ်ပေ လန့်လှချေ၏၊ ဘမသိ၊ မရပ်မဘည် ပတ်ပတ်လည်၏။ လေဏံ၊ ပြိုင်သူပျက်ရှုံး သေမင်းဘုန်းမှ ပုန်းဖို့နေရပ် အောင်မြေဘပ်ကို။ ဣစ္ဆသိ၊ ရှိလိမ့်မည်ထင် ရှာမှီးချင်၏။ အတ္တာဏော၊ သေမင်းမမြင် ပုန်းခိုဝင်ဖို့ ဥမင်လိုဏ်ဝ ရှာမရသည်။ အသိ၊ စင်စစ်မသေ့ ဖြစ်ပါချေ၏။ တွံ၊ သင်ါရလက်တွင်း သည်ညီရင်းသည်။ ကုဟိံ၊ မသေစေတတ် ဘယ်ပြည်ရပ်သို့။ ဂမိဿသိ၊ အခြေမယိမ်းအသေငြိမ်းအောင် ရှောင်တိမ်းရှားခွာ သွားနိုင်ပါအံ့နည်း။ တုဏ္ဍိလ၊ ညီငယ်စုဋ္ဌ တုဏ္ဍိလ၊ အပ္ပေါဿုက္ကော၊ မလွှတ်မအေး သေဝဋ်ဘေးကို မတွေးနှောင့်ဆ မကြောင့်ကြဘဲသာလျှင်။ ဘုဉ္ဇ ဘုဉ္ဇာဟိ၊ မရိမပျင်း သတိသွင်း၍ ဖြည့်တင်းရိက္ခာ စားအိပ်ပါလော။ နော၊ နှောင်ညီဖွားပေါက် ငါတို့သားနှစ်ယောက်တို့၏။ မာတရ၊ ခင်တွယ်သနားရင်ဝယ်သားတို့ ထင်စားကြည်ညို မွေးမိအိုသည်။ အမှေ၊ ငါတို့တရှည်း ညီနှောင်ရင်းတို့ကို။ မံသတ္ထာယ၊ အဆီအသား နှောင်စည်ကားက အများတိုးကြွ အဖိုးရစေခြင်းငှာ။ ပေါသိတာမသေ၊ ရှည်ကြာမအေး အစာပေး၍ ကျွေးမွေးစောင့်ရှောက် ရပေကုန်၏။

အဲ့ဤလို ရှေးဦးအစ ညီတော်ကိုနားချပြီးမှ ဘဝတစ်ပါး နှောင်လားဖို့ ဂတိသွားကိုသာ သတိထားမချွတ်ချော်ရအောင် ညီတော်ကို တရားဆင်ပြီး နတ်ရွာလမ်း ထွင်တော်မူလိုပြန်၍ ငါ့ညီခင်တုဏ္ဍိလ၊ ဘုံသုံးဝဋ်ဝဋ္ဋတို့မှာ သေရမြဲမမှတာကို လွတ်နိုင်စရာမရှိကြ၊ သုဂတိနတ်ရွာလမ်းကိုသာ ဖြောင့်တန်းစွာသွားနိုင်ရအောင် ဘေးဘယမကပ်ချဉ်းနိုင်တဲ့ အေးမြသည့်ရေအိုင်ကြီးကိုသာဆင်းပြီး အတွင်းမှာမွေ့လျော်ကာ ကိုယ်မှာလေးငယ် ကြေးအညစ်တို့ကို ရှေးကြွစ်ကာဆေးလျှော်လို့ အကျော်အမွှာတုံနှံ့ သာနှင့် ငုံ့မှာကြိုင်

လှောင်း ဘယ်ခါမှ ရန့်မစဲတဲ့ မြလှသော နံ့သာပြောင်းကိုသာ ကောင်း ကောင်းကြီးလိမ်းကျံလို့ သွားလမ်းကိုသာ စီမံလို့ အဲ-ဤလိုလဲ ဆုံးမတော် မူပြန်တယ်။ ထို့ကြောင့်–

သြဂါဟ ရဟဒံ အကဒ္ဒမံ၊
သဗ္ဗံ သောဒမလံ ပဝါဟယ။
ဂဏှာဟိ နဝံ ဝိလေပနံ၊
ယံသာ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။

ကနိဋ္ဌ၊ ညီငယ်။ အကဒ္ဒမံ၊ ရွှံ့ညွန်မရှိ နောက်ကျိသော။ ရဟဒံ၊မြသွေး အသွင် အေးကြည်လင်တဲ့ ဘေးစင်ရန်ကင်း ရေအိုင်တွင်းသို့။ သြဂါဟ၊ သောကဆူရေး အပူအေးအောင် ဝင်ပြေးချဉ်းကာဆင်းပါချေလော။သဗ္ဗံ၊ အတွင်းအပ မကြွင်းရအောင် ရှိသမျှအကုန် အလုံးစုံသော။ သောဒမလံ၊ ကိုယ်မှာမှေးနစ် ဆေးမဖြစ်အောင် ထေးပျစ်ရစ်ထွေး ချွေးဟူသမျှ အညစ် အကြေးကို။ ပဝါဟယ၊ တရော်ကင်ပွန်း ဖျော်ကာမွန်း၍ တွန်းကာချော ပြေ မျှော်ပါချေလော။ ယဿဂန္ဓဿ၊ အကြင် အကျော်စမွာ စုံလင်စွာနှင့် ပုံကာဖျော်ပေါင်း နံ့သာပြောင်း၏။ ဂန္ဓော၊လေညာလေအောက် ကျော် ကာဖောက်၍ ဝင်လျောက်ပြေးပျံ့ မွှေးရနံ့သည်။နဆိဇ္ဇတိ၊ဘယ်ဓါဘယ် ခေတ် ဘယ်သည်နှစ်၌ လစ်ကာဖြတ်ချေ မပြတ်ပေ။တံ နဝံ ဝိလေပနံ၊ဖျော် ကာသွေးပျစ် မဒေးညစ်တဲ့ အသစ်ကြိုင်လှောင်း ထိုမွှေးလှသော နံ့သာ ပြောင်းကို။ ဂဏှာဟိ၊သည်းအူမှာကိန်း အပူငြိမ်းအောင် သိမ်းကာအသာ လိမ်းချေပါလော။

အဲ-ဤလို ညီတော်ကို နောင်တော် မဟာတုဏ္ဍိလက တရားပြ၍ ဆုံးမ တော်မူလေလျှင် ညီတော်စူဠတုဏ္ဍိလလဲ သံသယစိတ် မရှင်းတာနှင့် မလင်း တဲ့ ဒွိဟကိုမေးပြန်လို၍အစ်ကိုမဟာတုဏ္ဍိလ၊ ရွှံ့ညွန်မှုကင်းစင်ပလို့ အေးမြ တဲ့ရေအိုင်ကြီးလဲ အနီးမှမမြင် ဘယ်အိုင်ကို ဆင်းဝင်ရမည်မသိ၊ ကပ်ငြိ တွယ်မှေး ကိုယ်မှာထွေးပြီး လူးလဲတဲ့ ချွေးဆိုတာလဲ ဘယ်ချွေးဟု မသိပါ၊ မွှေးထုံစွာရနံ့ဖြာပြီးဘယ်ခါမှမပြတ်စကောင်းဘဲတပျံ့ပျံ့ကြိုင်ကာလှောင်း နေတဲ့ နံ့သာပြောင်းဆိုတာကိုလဲ မသိ ဝက်တို့မှာ လိမ်းကျံရိုး မရှိလို့မို့ ခဲခက်သည့်ဌာန အဓိပ္ပာယ်ကို အကျယ်ပြုပြီး မိန့်ဟကာ ဖြေထွင်ပါမည့် အကြောင်းနှင့် ညီတော်က အခွင့်တောင်းပြန်တယ်။ ထို့ကြောင့်-

(ပဉ္စမအကြိမ်)

ကတမော ရဟာဒေါ အကဒ္ဒမော၊
ကိံသု သေဒမလက္ခိ ဝုစ္စတိ။
ကတမဥ္စ နဝံ ဝိလေပနံ၊
ယဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။

ဘာတိက၊ နောင်တော်။ အကဒ္ဒမော၊ ကပ်စေးနွံညွှိ ရှိညွှန်မရှိသော။ ရဟာဒေါ၊ မြသွေးရောင်စီး ရေအိုင်ကြီးသည်။ ကတမော၊ ဘယ်ရပ်နှင့်နီး ဘယ်အိုင်ကြီးပါနည်း။ ကိံသု၊ ဘယ်လိုထွေးရစ် ဘယ်ချေးသစ်ကို။ သေဒမလက္ခိ၊ ကိုယ်မှာထွေးရစ် ကြေးအညစ်ဟူ၍။ ဝုစ္စတိ၊ သမုတ်မည်တပ် ခေါ်ဆို အပ်ပါသနည်း။ ယဿဝိလေပနဿ၊ အကြင် စုံစွာစုပေါင်း နံ့သာပြောင်း၏။ ဂန္ဓော၊ ထိုထိုပျံ့လှောင်း ရနံ့ကောင်းသည်။ နကဒါစိ ဆိဇ္ဇတိ၊ဘယ်ခါ ရှင်းပြေ မကင်းချေ။ တံနဝံဝိလေပနံ၊ ထိုအသစ်ကြိုင်လှောင်းနံ့သာပြောင်းသည်။ ကတမဥ္စ၊ ဘယ်ကိုစုပေါင်း ဘယ်လိုထောင်းသည့် နံ့သာပြောင်းဖြစ်ပါလေသနည်း။

အဲ·ဤလို ညီတော်က သိလိုရေးနှင့် နောင်တော်ကို မေးလေလျှင် နောင်တော် မဟာတုဏ္ဍိလကလဲ ငါ့ညီ စူဠတုဏ္ဍိလ၊ သုံးဝသော ဘုံအတွင်း၌ စုန်ဆင်းကာအမြဲမတည်နိုင်ကြဘဲ တလဲလဲ လျှောက်ကာလည်ပြီးထို၍ဘဝ ကျင်လည်ကာနေကြရတဲ့ သခ်ါရနယ်သား သတ္တဝါလူအများတို့မှာရှစ်ပါးသော လောကဓံနှင့် တွေ့ကြရန်မလွဲဟု သံဝေဂဉာဏ် ယူရဲ့ပြီး ချုပ်တဲ့ကာတရားနှင့် သိမ်းက ကိန်းသမျှသောကမ်းတောက် ကျရောက်တဲ့ ပရိဒေဝ ရှုံညွှန်စီးတို့ကို တစ်ပြိုင်တည်း ငြိမ်းပြေရလို့မို့ သံဝေဂမြမ္မကို အမည်လွှဲပြီး အေးမြတဲ့ရေအိုင် ကြီးပဲလို့ နည်းတစ်နည်း ခေါ်ဆိုရပါတယ်။

တတွေ့တွေ့ မပြတ်မဆိတ် တဖိတ်ဖိတ်တဝေဝေ ကစိမ့်စိမ့်စီးယိုတဲ့ အကုသိုလ်စိတ်တွေကိုတော့ ဆို့ပိတ်တွယ်မှုနေး လူတို့ကို ရစ်ကာထွေးပြီး အပါယ်ဘေး ဖြစ်သည့်အမှုနှင့် မအေးအောင် လူတို့ကိုပြုတတ်သောကြောင့် ချေး အညစ်အကြေးဟု ခေါ်ဆိုရပါတယ်၊ ပဥ္စသီအစ စောင့်ရှောက်သမျှ သီလ အသွယ်သွယ်ကိုတော့ လူ့နယ်နတ်ဘုံ ဗြဟ္မာကုန်အောင် ဆန့်စုန်ညာကြေးရနံ့ဂုဏ်ပျံ့ကြူမွှေးခြင်းကြောင့် ရှည်စဝးကြာညောင်း မပြတ်အောင်ရန့ရ

(ပဥ္စမအကြိမ်)

ကောင်းလှတဲ့ သွေးသစ်စနံ့သာပြောင်းလို့ ဆိုရပါတယ်လို့ အဲ ဤလို စကားသွယ်ပြီး အဓိပ္ပါယ်အကျယ်ပြလို့ ညီငယ်ကို ဆုံးမရပြန်တယ်။ ထို့ကြောင့်–

မမ္မော ရဟာဒေါ အကဒ္ဒမော၊ ပါပံ သေဒမလန္တိ ဝုစ္စတိ။
သီလဥ္စ နဝံ ဝိလေပနံ၊ တဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။

ကနိဋ္ဌ၊ ညီငယ်။ ဓမ္မော၊ လောကခံရိပ် ဖောက်ပျက်စိတ်ကို နှင်းနှိပ်ချေ တတ် သံဝေဂတရားမြတ်သည်။ အကဒ္ဒမော၊ ပရိဒေဝ ဒေါမနနှင့် သောက နောက်ကျိ ရွံ့ညွန်နှစ်မရှိသော။ ရဟာဒေါ၊ မြရောင်ယိုစီး ပြောင်ပြောင်ညီး တဲ့ အေးမြသော ရေအိုင်ကြီး မည်၏။ ပါပံ၊ လောဘ ဒေါသ အာဃာတ နှင့် အပါယမူ ယုတ်ညစ်သော အကုသိုလ်တရားစုကို။ သေဒမလန္တိ၊ မွန်းနစ် မအေး အမြစ်ဘေးနှင့် ရစ်ထွေးသော ချွေးအညစ်ဟူ၍။ ဝုစ္စတိ၊ သမုတ် ပညတ် ခေါ်ဆိုအပ်၏။ သီလဥ္စ၊ ပဥ္စသီအစ ရှင်ကြည်မြ၍ ကျင့်သမျှအမူ သီလစု သည်သာလျှင်။ နဝံ ဝိလေပနံ၊ လူ့ရပ်နတ်ဘုံ ဘဝဂ်ကုန်အောင် ဆန်စုန်ညာကြေး ထက်အောက်မွှေး၍ သွေးသစ်စသော နံ့သာပြောင်း မည်၏။ တဿ သီလဿ၊ ရှင်ပျနှလုံး အရကျုံး၍ ကျင့်သုံးသမျှ ထိုသီလ၏။ ဂန္ဓော၊ တကြိုင်ကြိုင်လှောင်း ရနံ့ကောင်းသည်။ နကဒါစိဆိဇ္ဇတိ၊ ကမ္ဘာ ကြွေခြောက် တာရှည်ရောက်လည်း မပျောက်မကြွေ မပြတ်ပေ။

အဲ-ဤလို အလောင်းတော်ဝက်မင်းသည် ညီတော်ရင်း စူဠတုဏ္ဍိလအား မေတ္တာပါရမီတော်ကို ဖြန့်လွှား၍ တရားမြတ် အမြိုက်ဆေးကို တိုက်ကျွေး ဆုံးမတော်မူလေလျှင် မေတ္တာတော်၏ အာနိသင်ကြောင့် မြို့ပြင်မြို့တွင်း တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီမြို့ကြီးကို လွှမ်းနှင်း၍ ပြည်ရှင်ဗြဟ္မ ဒတ်မင်းနှင့်တကွ တစ်မြို့လုံး ကြားကြသဖြင့် အိမ်တိုင်းက ကိုယ်စီထွက်၍ အုတ်ကြွက်ညံ့ဆူ မင်းနှင့်တကွ တိုင်းပြည်သူတို့သည် ကြည်ဖြူရှင်ပ အလောင်း တော်ရှိရာသို့ ကပ်ချဉ်း၍ ဝပ်စင်းကာ တရားနာကြတာနှင့် ဘုရားလောင်း ၏ သြဝါဒ၌တည်ပြီး တစ်သက်လုံး ပဥ္စသီမြဲကြတယ်။ မယ်တော်ကြီးအမိအို ကြီးနှင့်တကွ သုံးကျိပ်သော သေသောက်ကြူးတို့မှာလဲ အလောင်းမင်း၏ မေတ္တာတော်စူးဘာနှင့် အမူးအယစ်ပျောက်ပြေပြီး ရိုသေစွာဝန်ချလို့ ဝပ် စင်းကာ တရားနာကြသဖြင့် ငါးဝသော ပဥ္စသီကို သက်ဆုံးအောင် ဆောက်တည်လိုက်ကြရတယ်။

(ပဌမအကြိမ်)

အဲ-ထိုဘဝကဆောက်တည်သည့် ပဥ္စသီဂုဏ်ကျေးဇူးကြောင့် သုံးကျိပ်သော သေသောက်ကြူးတို့မှာ အထူးထူးသောဘဝ ဖြစ်သမျှနောက်ကာလတို့၌ကြီးကျယ်သောအကျိုးကိုသာ ခံစံကြရပြီး ယခု ငါတို့ဘုရားရှင်လက်ထက်တော်သို့ ရောက်ကြလေမှ သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီညီနောင်မင်းသားတွေ ဖြစ်လာကြပြီး ရှေးကံမ ဆောင်ပင့်တင်လိုမို့ ဘုရားကို အဆင်သင့်တွေ့မြင်တာနှင့် တရားကိုပန်ယူဆင်ပြီး ကျွတ်တမ်းကြီး အလွယ်တကူနှင့် ဝင်သွားကြရတယ်၊ အဲ- ထိုအရှင် သုံးကျိပ်သား တို့မှာတော့ လမ်းကြားတွင် အမေ အဖေနှင့် တွေ့တာနှင့် မကွေ့မရှား ဝမ်းမြောက်စွာ အနီးသို့သွားကြလို့မို့ သနားတဲ့ ကရုဏာနှင့် ပါသမျှပစ္စည်းဥစ္စာတွေကို ပေးပြီး ကျေးမွေးကာပြုစုလိုက်ရတဲ့ သားသယ်သမီးငယ် ာလေးတွေနှင့် တူတဲ့ မထေရ်များပါပဲတဲ့။

အဲ-မြတ်စွာဘုရားက ဘဒ္ဒဝဂ္ဂီရဟန်းများ ဖဲသွားကြပြီးသည့်နောက် တစ်ပါးတည်း ဥရုဝေလတောသို့ ရောက်၍ သုံးယောက်ညီနောင် ဦးစီးဆောင်တဲ့ တစ်ထောင်သောရသေ့တို့ကိုဟောချွတ်၍နူးညွတ်ပျော့ပျောင်းရဟန္တာ တစ်ထောင်ပေါင်းနှင့်တကွ တရားမှောင်း လှည့်ကာခတ်လျက် ရာဇဂြိုဟ်ပြည်မြတဲတွင် ဗိမ္ဗိသာရမင်းကြီး၏ ပဋိညာဏ်ကို ဖြေဖြတ်ပြီး ဒုတိယဝါတော် ကပ်ခဲ့ပြီးသည့်နောက် အထောက်ရှည်လမ်း ဒေသစာအခန်းခန်းဖြင့် ကြွလှမ်းဖြန့်ချီတော်မူကာ အပြည်ပြည်အရပ်ရပ်ကို ချဉ်းကပ်ကာ လှည့်လည်တော် မူလာ၍ နှစ်ဆီသြသမ ဓမ္မာဇကို ပေးငှကျွေး တိုက်လျက် သာဝတ္ထိမြို့ကြီးသို့ ခိုမှီးကာ ခရီးဆိုက်လေက ကျွတ်ထိုက်သင့်ဝေနေယျတို့ကို မစ်နှီးဆော်ကာ ဇေတဝန် ပိဟာရ၌ မျှတဝါဆိုတော်မူသောအခါ မိဂဒါဝုန်တောဖျားမှာ ဘုရားနှင့်ခွဲသွားကြတဲ့သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီညီနောင်မင်းသားရဟန်းများလဲဘုရားကို ဖူးမြော်လိုတဲ့အကြောင်းနှင့် ပါဝါပြည်ခတောကျောင်းမှသာဝတ္ထိပြည်ဇေတဝန်ကျောင်းသို့ စုပေါင်းကြွလာကြလေရာဝါဆိုချိန်အခါကလဲနီး ခရီးကလဲခြောက်ယူဇနာဝေးလေးသေးလို့မို့ အရေးလှသျှ ရောက်ပေါက်အောင် မသွားနိုင်ကြတာနှင့်ဘုရားကို တသလျက်ပင် လမ်းအကြားမှာ ခရီးကုံဖြတ်ပြီး သာကေတမည်သော ရွာမှာသာ ဝါကပ်နေကြရရှာတယ်။

သီတင်းကျွတ်လဝါမှထ၍ဘုရားထံလာကြပြန်ပါသော်လဲမိုးတွင်းအခါ မိုးလဲ လမ်းကကြမ်း လယ်ကွင်းကို ဖြတ်သန်းပြီး ကန်စင်းလမ်းကိုလဲလာ

ရပြန် သည်းထန်တဲ့မိုးကြီးကလဲမိ ဇာတိကလဲနန်းတော်ဖွား မင်းသားက ဖြစ်တဲ့ ရဟန်းများမို့လဲ နုနယ်ပိုးသည်ထောက်မထမ်းလွယ်သူနောက်လိုက် တစ်ယောက်မှ မပါကြတဲ လေးလံလှတဲ့ နှစ်ထပ်ဖျင်ကြမ်း မိုးစိုတဲ့ဒုကုဋ် သင်္ကန်းတွေကို ထမ်းပြီး ပင်ပန်းဆင်းရဲစွာ လာခဲ့ရသဖြင့် မရှင်မသာ ညှိုး နွမ်းသောမျက်နှာနှင့် ဇေတဝန် ကျောင်းတော်သို့သာ ဆိုက်ရောက်လို့ ပစ်ရှိလူးလဲတဲ့ ရွံ့စေးညွန်ခြောက်တွေကို ဖွပ်လျှော်ကာ ဘုရားကိုဖူးမျှော် ကြရှာတယ်။

အဲ—ထိုအခါ မြတ်စွာဘုရားကလဲ ရဟန်းများတို့၏ ခရီးသွားပင်ပန်း ရပုံကို အကျိုန်မေးမြန်းပြီး ချစ်သားရဟန်းတို့-မချမ်းမသာ ယခုလိုဆင်း ရဲနှင့် အနည်းနည်းတွေ့ကြရဆိုတာ ဤဘဝမှာသာမဟုတ် သံသရာဝဋ် မပြတ်နိုင်လို့ နှစ်မြုပ်ကာကျင်လည်ပြီး အတည်တည်သော ဘုံဘဝတို့မှာ ကြုံခဲ့ကြရတဲ့ ဆင်းရဲတွေ ယခုထက်မကလွန်ကဲပြီး ပုပ္ပဲကြီးအရပ်ရပ်နှင့် အထပ်ထပ်နှင့်တွေ့ခဲ့ကြရလေပြီ၊ စက်ရဟတ်ဝဋ်ကြိုးမပြတ်မှုဖြင့် အလီလီ ဘယ်အခါမှမစဲနိုင်တဲ ဘာလဲလဲတွေ့ကြရဦးမည်ဟု သံသရာဝဋ်ကိုသာအလွန် မုန်းပြီး စိတ်နှလုံးမပျော်မွေ့ကြဘဲ ငြီးငွေ့သော နိဗ္ဗိန္ဒနှင့် ဝဋ်ဒုက္ခ မြန် မြန်ကြီးပြတ်ရအောင် တရားကိုသာ အားထုတ်ကြရမယ်လို့ အဲ—ဤလို အနမတဂ္ဂ ကထာစကားဖြင့် ရဟန်းများကို ဆုံးမတော်မူဘယ်။ ထို့ကြောင့်-

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ နပညာယ တိ....။ ဧဝံ ဒီဃရတ္တံ ဝေါ ဘိက္ခဝေ ဒုက္ခံ ပစ္စနုဘူတံ တိဗ္ဗံ ပစ္စနုဘူတံ ဗျသနံ ပစ္စနုဘူတံ ကဋသီ ဝဍ္ဎိတာ၊ ယာဝဉ္စိဒံ ဘိက္ခဝေ အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုံ။

(သံယုတ္တပါဠိ၊ ပထမ၊ ၃၇၇)

ဘိက္ခဝေ၊ သံသရာဝဋ်ဘေး ကျွတ်လွတ်အေးဖို့ မျှော်တွေးငံ့စား အို... ချစ်သားတို့။ အယံ သံသာရော၊ ဂင်္ဂါမြစ်ကြီး ပမာစီး၍မပြီးရှည်ကြာ ဤ သံသရာသည်။ အနမတဂ္ဂေါ၊ကမ္ဘာခုနှစ် တွက်ခရစစ်လည်း ခြေမြစ်တိဖြတ် သတိမှတ်ဖို့သိအပ်သော အစအစွန်းမရှိ။ ပုဗ္ဗာကောဋိ၊ သံသရာကမ်းလုမ်း ရှေ့နောက်စွန်းကို။ န ပညာယတိ၊ ပညာမျက်စိ မျှော်ကာကြည့်လည်း အသိပိုင်ပိုင် မမြင်နိုင်။ ဧဝံဒီဃရတ္တံ၊ သို့ဧဉ်ရှည်ကြာ သံသရာမှာကမ္ဘာနှစ်လ လွန်ခဲ့သမျှ ကာလပတ်လုံး။ ဒုက္ခံ၊ သည်းခံနိုင်ခဲ ငြိုငြင်သော ဆင်းရဲကို

(ပဉ္စမအကြိမ်)

လည်း။ ပစ္စနုဘူတ်၊ တွေ့ကြုံများပြား ဘုံသုံးပါးမှာ ခံစားခဲ့ဖူးလှလေပြီ။ တိဗ္ဗ၊ စပ်ခါး ခံခက် ထက်မြက်သန်ပြင်း ဆင်းရဲခြင်းကိုလည်း။ ပစ္စနုဘူတ်၊ သံသရာဟုန်ငွေ့ ဘုံစလေ့မို့ ကြုံတွေ့ခဲ့ဖူးလှလေပြီ။ ဗျသန်၊ ဆွေမျိုး စည်းစိမ် ဂုဏ်သိန်ဘောဂ လျော့ကျယိုယွင်း ဆင်းရဲရခြင်းကိုလည်း။ ပစ္စနုဘူတ်၊ ဂဏန်းမရှိ ကမ်းမသိအောင် မချိဒုက္ခ ကြုံတွေ့ခဲ့ဖူးလှလေပြီ။ ကဋသိ၊ သုသာန်သင်းချိုင်း မြေလုတ်တိုင်းကိုလည်း။ ဗဟုံ၊ များစွာ။ ဝဓိုတာ၊ ယူဇနာစွင့်စွင့် တောင်နှယ်မြင့်အောင် ပွားဆင့်စေခဲ့ဖူးလှလေပြီ။ ယာဝဥ္စ၊ အတိဝိယ။ အတိုင်းထက် အလွန်သာလျှင်။ သဗ္ဗသခါရေ သဗ္ဗ သခါရေသု၊ ဖြစ်ကပျက်ကုန် မလေ့ဘုံမို့ တွေ့ကြုံများပြား အလုံးစုံသော သခါရတရားတို့၌။ နိဗ္ဗိန္ဒိတုံ၊ ခယဝယ ဘင်္ဂနှင့် နဿနမမှော အစုဝေါကို ယူနေ့ာမှိုင်မေ့ ငြီးငွေ့ခြင်းငှာ။ အလမေဝ၊ သင့်ကြတော့သည်သာလျှင် တည်း။ ဝိရဇ္ဇိတုံ၊ ဘေးဘယစုံ ဘဝဘုံကို အာရုံမသွင်း စွန့်ပယ်ကာ မုန်းကြခြင်းငှာ။ အလမေဝ၊ သင့်ကြတော့သည်သာလျှင်တည်း။ ဝိမုစ္စိတုံ၊ ဘဝပြင်ကျယ် ဝဋ္ဋပင်လယ်မှ လွတ်လွယ်အောင် အားထုတ်ခြင်းငှာ။ အလမေဝ၊ သင့်ကြတော့သည်သာလျှင်တည်း။

အဲ-ဤလို မြတ်စွာဘုရားက အနမတဂ္ဂကထာစကားဖြင့် ဟောကြား ဆုံးမတော်မူလေမှ သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီရဟန်းများလဲ ရဟန်းတရား ပြီးမြောက်လို့ အရဟတ္တဖိုလ်သို့ ရောက်သွားကြတယ်၊ အဲ-ထိုနောက်မှ မြတ်စွာဘုရားလဲ သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီညီနောင်မင်းသား ရဟန်းများ တို့၏ လေးလံသော သက်နှ်းတွေကို ယူဆမ်းပြီး ခရီးသွားပင်ပန်းကြသည့် အရေးကို ရှေးပြေးဝတ္ထု အကြောင်းပြု၍—

'အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ' ဟု—ကထိန်ခင်းကို ခွင့်ပြုတော်မူတယ်။ ဘိက္ခဝေ၊ သံသရာဝဋ်ဘေး ကျွတ် လွတ်အေးဖို့ မျှော်တွေးငံ့စား အို-ချစ်သားတို့။ ဝဿံဝုဋ္ဌာနံဘိက္ခူနံ၊ သီတင်း ကျွတ်လပြည့် သုံးလစေ့အောင် မရွေ့မသွား ပုရိမဝါသား ရဟန်းများ တို့အား။ ကထိနံ၊ အနာမတ္တ စသည်ငါးတန် အာနိသံထည့်သွင်း ကထိန် ခင်းကို အနုဇာနာမိ၊ အပြစ်ငြိကပ် ရှေးပညာမှ ပသပ်ပဆ ငါဘုရား ခွင့်ပြုတော်မူပေ၏။

သို့ဘယ်လို ပုဂ္ဂိုလ်များ ကထိန်ခံရ—ကထိန်ခင်းရပါသလဲ။ ရဟန်း တိုင်းပင် ကထိန်ခံရ—ခင်းရပါသလားလို့ ဆိုတော့—ကထိန်ခင်းရ, ကထိန်

ခံရဆိုတာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှသာ ကထိန်ခင်းရ, ကထိန်ခံရတာ ပုဂ္ဂိုလ်တိုင်းခင်းရ, ခံရဘာ မဟုတ်ဘူးတဲ့၊ ဘယ်အင်္ဂါများပါလဲလို့ဆိုတော့-ဖွပ်ခြင်း, ဆုံးခြင်း, ဖြတ်ခြင်း, စပ်ခြင်း, ချုပ်ခြင်း, ဆိုးခြင်း, ကပ္ပဗိန္ဒု ထိုးခြင်းဟု ဆိုအပ်သော ပုဗ္ဗကရဏ်ခုနစ်ပါးကိုလဲ သိရနားလည်ရမယ်တဲ့၊ သင်္ကန်းဟောင်း၌ ပစ္စုဒ္ဓိုရ်ပြုခြင်းကိုလဲ သိရနားလည်ရမယ်တဲ့၊ သင်္ကန်းသစ်၌ အဓိဋ္ဌာန်တင်ခြင်းကိုလဲ သိရနားလည်ရမယ်တဲ့၊ ''ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ'' စသည်ဖြင့်ဆို၍ ကထိန်ခင်းခြင်းကိုလဲ သိရနားလည်ရမယ်တဲ့။

အဋ္ဌိမာ ဘိက္ခဝေ မာတိကာ ကထိနဿုဗ္ဘာရာယ ပက္ကမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, သဝနန္တိကာ, အာသာဝစ္ဆေဒိကာ, သီမာတိက္ကန္တိကာ, သဟုဗ္ဘာရာ။

ဟု-ဟောတော်မူတဲ့ မာတိကာရှစ်ပါးကိုလဲ သိရနားလည်ရမယ်တဲ့။

ဒွေမေ ဘိက္ခဝေ ကထိနဿ ပလိဗောဓာ၊ ကတမေ ဒွေ ဘိက္ခဝေ ကထိနဿ ပလိဗောဓာ၊ အာဝါသပလိဗောဓော စ စီဝရပလိဗောဓော စ။

ဟု-ဟောတော်မူတဲ့ ပလိဗောဓနှစ်ပါးကိုလဲ သိရနားလည်ရမယ်တဲ့၊ အနတ္ထိရုဗ္ဘာရ, သဟုဗ္ဘာရ, ဆိုတဲ့ ကထိန်နုတ်ခြင်း နှစ်ပါးကိုလဲ သိရနားလည်ရမယ်တဲ့၊ အနာမန္တစာရ, အသမာဒါနစာရ, ဂဏဘောဇန, ယာဝဒတ္ထစီဝရ, ယောစ တတ္ထစီဝရုပ္ပါဒ-ဆိုတဲ့ အာနိသံ ငါးပါးကိုလဲ သိရနားလည်ရမယ်တဲ့၊ အဲဒီ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှသာလျှင် ကထိန်ခံရ, ကထိန်ခင်းရပါတယ်တဲ့။ ထို့ကြောင့်—

အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ၊ ကတမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံအတ္ထရိတုံ...ပုဗ္ဗကရဏံ ဇာနာတိ, ပစ္စုဒ္ဓါရံ ဇာနာတိ, အဓိဋ္ဌာနံ ဇာနာတိ, အတ္ထာရံ ဇာနာတိ, မာတိကံ ဇာနာတိ, ပလိဗောဓံ ဇာနာတိ, ဥဒ္ဓါရံ ဇာနာတိ, အာနိသံသံ ဇာနာတိ, ဣမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။

---

ကထိန်နှင့် စပ်သော အကြောင်းအရာကို ဝိနယ၊ မဟာဝါ၊ ကထိနက္ခန္ဓက-စသည်၌ ကြည့်။

(ပဋ္ဌမအကြိမ်)

အဋ္ဌပုဂ္ဂိုလ်ဟိ၊ ကထိန်ခင်းရာ အင်္ဂါရှစ်ဖြာတို့နှင့်၊ သမန္နာဂတော၊ ကိုယ်မှာသိမ်းခြုံ လောကလုံးသော။ ပုဂ္ဂလော၊ ပရိယတ္တိဓရဝိနယဓ္ဓ ဗျတ္တမောက်မိုဗဟုသုတပုဂ္ဂိုလ်သည်။ ကထိန်၊ ရဟန်းတို့အား ကျိုးငါးပါးကို ပွားများစေတတ် ကထိန်မြတ်ကို။ အတ္ထရိတုံ၊ ခံယူညာဏ်သွင်း ဖြန့်ခင်း ခြင်းငှါ။ ဘဗ္ဗော၊ အပြစ်မစပ် မငြိကပ်ဘဲ ပညတ်မသေ့ ခင်းထိုက်ပေ၏။ ကတမေဟိ အဋ္ဌဟင်္ဂေဟိ၊ အဘယ်ရှစ်ဖြာ ဂုဏ်အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ကိုယ်မှာသိုင်းခြုံ လောကလုံးသော၊ ပုဂ္ဂလော၊ ဗျတ္တိဗလ ဗဟုသုတ ပုဂ္ဂိုလ်သည်။ ကထိန်၊ ရဟန်းတို့အား ကျိုးငါးပါးကို ပွားများစေတတ် ကထိန်မြတ်ကို။ အတ္ထရိတုံ၊ ခံယူညာဏ်သွင်း ဖြန့်ခင်းခြင်းငှါ။ ဘဗ္ဗော၊ အပြစ်မစပ် မငြိကပ်ဘဲ ပညတ်မတွေ ခင်းထိုက်ပေသနည်း။ ပုဗ္ဗကရဏံ၊ မခင်းမီက ရှေ့မဆွဲ ပြုရသင့်ရိုး ပုဗ္ဗကရဏ ခုနစ်မျိုးကို။ ဇာနာတိ၊ ပြုရေးပြုဖွယ် သိနားလည်၏။ ပစ္စုဒ္ဓါရံ၊ ရှေးမိဌာန်ပေါင်း စွန့်ကြောင်းဆို ပစ္စုဒ္ဓိုရ်ကို။ ဇာနာတိ၊ ပြုရေးပြုဖွယ် သိနားလည်၏၊ အဓိဋ္ဌာနံ၊ ကထိန်လျာဖြစ် သင်္ကန်းသစ်၌ လှစ်၍ဆိုရန် အဓိဋ္ဌာန်ကို။ ဇာနာတိ၊ ပြုရေးပြုဖွယ်သိနားလည်၏။ အတ္ထာရံ၊ ဤမာယ သံဃာဋိယာ၊ အစဖြာလျက် မြွက်ကာဆိုခြင်းကထိန်ခင်းကို။ ဇာနာတိ၊ ပြုရေးပြုဖွယ် သိနားလည်၏။ မာတိကံ၊ ပက္ကမနန္တိက စသည်ရှစ်ဖြာ မာတိကာကို။ ဇာနာတိ၊ ပြုရေးပြုဖွယ် သိနားလည်၏။ ပလိဗောဓံ၊ အာဝါသ စီဝရ ကြောင့်ကြကဲ့ပြား ပလိဗောဓ နှစ်ပါးကို။ ဇာနာတိ၊ ပြုရေးပြုဖွယ် သိနားလည်၏။ ဥဒ္ဓါရံ၊ ဉတ်ကမ္မဝါ သိမ်လှန်ကာနှင့် နှစ်ဖြာကင်းပြုတ် ကထိန်နုတ်ကို။ ဇာနာတိ၊ ပြုရေးပြုဖွယ် သိနားလည်၏။ အာနိသံသံ၊ အနာမန္တာအသမာနှင့်။ ဂဏာယာဝ၊ တတ္တစီဝရုပ်သရုပ်ငါးတန်အာနိသံကို။ ဇာနာတိ၊ ပြုရေးပြုဖွယ် သိနားလည်၏။ ဣမေဟိ အဋ္ဌဟင်္ဂေဟိ၊ ဤသို့ရှစ်ဖြာ ဂုဏ်အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်ဝလောကလုံ အင်္ဂါစုံသောပုဂ္ဂိုလ်လော၊ ပရိယတ္တိဓရ ဝိနယဓ္ဓ ဗျတ္တမောက်မို ဗဟုသုတပုဂ္ဂိုလ်သည်။ ကထိန်၊ ရဟန်းတို့အား ကျိုးငါးပါးကိုပွားများစေတတ်ကထိန်မြတ်ကို။ အတ္ထာတုံ၊ ခံယူညာဏ်သွင်း ဖြန့်ခင်းခြင်းငှါ။ ဘဗ္ဗော၊ အပြစ်မစပ် မငြိကပ်ဘဲ ပညတ်မသေ့ ခင်းထိုက်ပေ၏။

သို့ အင်္ဂါရှစ်ပါးလုံတဲ့ ပုဂ္ဂိုလ်မှသာ ကထိန်ခံရ,ကထိန်ခင်းရမယ်…လို့ ဆိုသော် ထိုအင်္ဂါရှစ်ပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ် ခင်းမှဖြင့် ဘယ်လို ခင်းခင်း

ကထိန်ခင်း မြောက်ထာချည်းပဲလို့ ဆိုရမှာလားလို့ဆိုတော့ သည်လိုချည်းလဲ မဆိုရသေးဘူးတဲ့၊ ကထိန်ခင်းမြောက်တယ်ဆိုရတာ တစ်ဆယ့်ခုနစ်ပါးရှိတယ်။ ထိုတစ်ဆယ့်ခုနစ်ပါးနှင့် ညီညွတ်အောင် ခင်းနိုင်မှသာ ကထိန်ခင်းမြောက်ပါတယ်။ သို့ ကထိန်ခင်းမြောက်တဲ့ တစ်ဆယ့်ခုနစ်ပါးဆိုတာ ဘာများပါလဲလို့ဆိုတော့.... မဝတ်ဘူး မရုံဘူးသေးသော အဝတ်သင်္ကန်းဖြင့်သော်လည်းကောင်း, တစ်ကြိမ်တစ်ခါ ဝတ်ဖူးရုံဖူးသော်လည်း အရောင်အဆင်းမပျက်သေးသော အဝတ်သင်္ကန်းဖြင့်လည်းကောင်း,များစွာဝတ်ဖူးရုံဖူး၍ မစုတ်မပြတ် ဟောင်းနွမ်းသော တစ်ပတ်နွမ်း သင်္ကန်းဖြင့်သော်လည်းကောင်း,ပုံသကူပစ်လာသော သင်္ကန်းဖြင့် သော်လည်းကောင်း, ဈေးဆိုင်, ဈေးရုံတို့၏အကြားမှ စွန့်ပစ်၍ထားသော အဝတ်သင်္ကန်းဖြင့် သော်လည်းကောင်း,ဤသင်္ကန်းကားချောမွေ့၏၊ကထိန်ခင်းဖို့ကောင်း၏၊ဤသို့စသည်ဖြင့် နိမိတ်မပြုဘဲရသော အဝတ်သင်္ကန်းဖြင့်သော်လည်းကောင်း, ကထိန်ဆိုတာ ခင်းသင့်၏၊ အကျိုးကြီး၏ ဤသို့စသည်ဖြင့်ပရိယာယ်မပြုဘဲရသော အဝတ်သင်္ကန်းဖြင့်သော်လည်းကောင်း,အခိုက်အတန့်ငှါးရမ်းခဲ့သည်မဟုတ်ဘဲ ကိုယ်ပိုင်ဖြစ်သော အဝတ်သင်္ကန်းဖြင့်သော်လည်းကောင်း, ယနေ့ သံဃာကိုလှူသော် ယနေ့ပင် သံဃာက ကထိန်ခံပုဂ္ဂိုလ်အားလှူသော် သိမ်း၍မထားသော သင်္ကန်းဖြင့် သော်လည်းကောင်း, ယနေ့ သံဃာက ကထိန်ခံပုဂ္ဂိုလ်အား လှူသော် ယနေ့ပင် ကထိန်ခံက ပြီးအောင်ချုပ်ဆိုးသော မသိုးသော သင်္ကန်းဖြင့် လည်းကောင်း, ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့်သော်လည်းကောင်း, သင်းပိုင် ကိုယ်ဝတ်-ဒုကုဋ်ဟု ဆိုအပ်သော သုံးမျိုးသော သင်္ကန်းတို့တွင် တစ်မျိုးမျိုးသော သင်္ကန်းဖြင့်သော်လည်းကောင်း, ထိုသုံးမျိုးသော သင်္ကန်းတို့မှာလည်း ငါးခန်းကို အယုတ်ဆုံးထား၍ ဓားကတ်ကြေး စသည်တို့ဖြင့် ဖြတ်ဆုတ်၍ ဆိုးချုပ်သော သင်္ကန်းဖြင့်သော်လည်းကောင်း,သံဃာ၊ဂိုဏ်း-ပုဂ္ဂိုလ်သုံးမျိုးတို့တွင်ပုဂ္ဂိုလ်သာခင်းကြသဖြင့်လည်းကောင်း,ခင်းပြီးသောကထိန်ကို ဥပစာသိမ်တွင်းကနေ၍ အနုမောဒနာပြုသဖြင့်သော်လည်းကောင်း, ဤတစ်ဆယ့်ခုနစ်ပါးသော-ခင်းခြင်းတို့ဖြင့် ခင်းမှသာလျှင် ကထိန်ခင်းမြောက်နိုင်ပါတယ်။ ထို့ကြောင့်—

ကထဉ္စ ဘိက္ခဝေ အတ္ထတံ ဟောတိ ကထိနံ၊
အဟတေန အတ္ထတံ ဟောတိ ကထိနံ၊
အဟတကပ္ပေန အတ္ထတံ ဟောတိ ကထိနံ၊

(ပဉ္စမအကြိမ်)

ပိလောတိကာယ အတ္ထတံ ဟောတိ ကထိနံ၊
ပံသုကုလေန အတ္ထတံ ဟောတိ ကထိနံ၊
ပါပဏိကေန အတ္ထတံ ဟောတိ ကထိနံ၊
အနိမိတ္တကတေန အတ္ထတံ ဟောတိ ကထိနံ၊
အပရိကထာကတေန အတ္ထတံ ဟောတိ ကထိနံ၊
အကုက္ကုကတေန အတ္ထတံ ဟောတိ ကထိနံ၊
အသန္နိဓိကတေန အတ္ထတံ ဟောတိ ကထိနံ၊
အနိဿဂ္ဂိယေန အတ္ထတံ ဟောတိ ကထိနံ၊
အပ္ပကတေန အတ္ထတံ ဟောတိ ကထိနံ၊
သံဃာဋိယာ အတ္ထတံ ဟောတိ ကထိနံ၊
ဥတ္တရာသင်္ဂေန အတ္ထတံ ဟောတိ ကထိနံ၊
အန္တရဝါသကေန အတ္ထတံ ဟောတိ ကထိနံ၊
ပဉ္စကေန ဝါ အတိရေက ပဉ္စကေန ဝါ တဒဟေဝ သဉ္ဆိန္နေန သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိနံ၊
ပုဂ္ဂလဿ အတ္ထာရာ အတ္ထတံ ဟောတိ ကထိနံ၊
သမ္မာ စေ အတ္ထတံ ဟောတိ ကထိနံ၊
တစ္ဆေ သိမဋ္ဌော အနုမောဒတိ၊ ဧဝမ္ပိ အတ္ထတံ ဟောတိ ကထိနံ၊
ဧဝံ ခေါ ဘိက္ခဝေ အတ္ထတံ ဟောတိ ကထိနံ။

ဘိက္ခဝေ၊ သံသရာဝဋ်ဘေး ကျွတ်လွတ်အေးဖို့ မျှော်တွေးငံ့စား အိုချစ်သားတို့။ ကထဉ္စ၊ ဘယ်သို့ဖြစ်ကင်း ဘယ်သို့ခင်းမှသာလျှင်။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလှော်က် အခင်းမြောက်သည်။ ဟောတိ၊မဖောက်မသွေ ဖြစ်ရပါလေသနည်း။ အဟတေန၊ မရှုံမညစ် သက်နီးသစ်ဖြင့်လည်း။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေး မလှော်က် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရပါလေ၏။ အဟတကပ္ပေန၊ ရှုံသော်မညစ် သက်နီးသစ်ဖြင့်လည်း။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ညစ်ကြေးမလှော်က် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရလေ၏။ ပိလောတိကာယ၊ဝတ်ရှုံဟောင်းညစ် ဖွပ်လျှော်သစ်ဖြင့်လည်း။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလှော်က် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရလေ၏။ ပံသုကုလေန၊ မြေမှုန်

ပြည့်လျှမ်း ပံ့သကူသက်န်းဖြင့်လည်း။ ကထိန်၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရလေ၏။ ပါပဏိကေန၊ ဈေးတံခါးဝ စွန့်ချဟောင်းနွမ်းသက်န်းကြမ်းဖြင့်လည်း၊ ကထိန်၊တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရလေ၏။ အနိမိတ္တကတေန၊ လှူစေလိုစိတ် နိမိတ်မပြ အလိုလိုရသော သက်န်းဖြင့်လည်း။ ကထိန်၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရလေ၏။ အပရိကထာ ကတေန၊ပရိယာယ်မပြော မဟောမဆို အလိုလိုလှူကြသော သက်န်းဖြင့်လည်း။ကထိန်၊ တင်ကာညာတ်သွင်းကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရလေ၏။ အကုက္ကုကတေန၊ မငှားမရမ်း ကိုယ်ပိုင်ရသက်န်းဖြင့်လည်း။ကထိန်၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရလေ၏။ အသန္နိဓိကတေန၊ တကာလှူဆက် သံဃာလက်၌ နေ့ရက်ပို့ပွားမသိုထားသော သက်န်းဖြင့်လည်း။ကထိန်၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသွေ ဖြစ်ရလေ၏။ အနိဿဂ္ဂိယေန၊ သံဃာကန့် ကထိန်ခံ၌ နေ့းကန်ဖင့်တိုး ညဉ့်မသိုးသော သက်န်းဖြင့်လည်း။ ကထိန်၊တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ ဟောတိ၊မဖောက်မသွေ ဖြစ်ရလေ၏။ကပ္ပကတေန၊ လေးထောင့်လေးပြင် တခွင်ခွင်၌ ညိုလွှင်နှုဖပ် ဗိန္ဒုမှတ်သောသက်န်းဖြင့်လည်း။ ကထိန်၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။အတ္ထတံ၊ ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ဟောတိ၊မဖောက်မသွေ ဖြစ်ရလေ၏။ သံဃာဋိယာ၊ နှစ်ထပ်တလုပ်စပ်၍ချုပ်သည် မယုတ်ပြည့်လျှမ်းဒုကုဋ်သက်န်းဖြင့်လည်း။ကထိန်၊တင်ကာညာတ်သွင်း ကထိန်ခင်းသည်။အတ္ထတံ၊ညစ်ကြေးမလျှောက် အခင်းမြောက်သည်။ဟောတိ၊မဖောက်မသွေဖြစ်ရလေ၏။ဥတ္တရာသင်္ဂေန၊ တစ်လွှာတစ်ထပ်လိုရာမှတ်၍ချုပ်စတင်လွှမ်းအပေါ်ရုံ ကိုယ်ဝတ်သက်န်းဖြင့်လည်း။ ကထိန်၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္ထတံ၊ညစ်ကြေးမလျှောက် အခင်း

မြောက်သည်၊ ဟောတိ၊ မဖောက်မသေ့ ဖြစ်ရလေ၏။ အန္တရာသကေန၊ အထပ်ကွာကင်း တစ်လွှာချင်းသာ ချုပ်သွင်းကြွံခိုင် အတွင်းဝတ်သင်းပိုင်ဖြင့်လည်း။ ကထိနံ၊ တင်ကာညာက်သွင်း ကထိန်ခင်းသည်။ အတ္တတံ၊ ညစ်ကြေးမလှော်ကဲ အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသေ့ ဖြစ်ရလေ၏။ ပဉ္စကေနဝါ၊ ငါးစပ် ငါးခန်းဖြင့်သော်လည်းကောင်း။ အတိရေကပဉ္စကေနဝါ၊ ငါးစပ်ကကျန် ငါးခန်းထက် အလွန်ဖြင့်သော်လည်းကောင်း။ တဒဟေဝ၊ ကမ္မဝါဉာတ် ဖတ်၍ စုံစေ့ပေးသည့်နေ့၌သာလျှင်။ သဥ္ဈိန္နေန၊ ချင့်ကာမှတ်တိုင်း ဆုတ်ဖြတ်ပိုင်းအပ်သော။ သမဏ္ဍလိကတေန၊ အိမ်ကြီးအိမ်ငယ် အသွယ်သွယ်ခွဲခြမ်း သင့်လျော်သော သင်္ကန်းဖြင့်လည်း။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္တတံ၊ ညစ်ကြေးမလှော်ကဲ အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသေ့ ဖြစ်ရလေ၏။ ပုဂ္ဂလဿ၊ ရှစ်အင်္ဂါစုံ ဂုဏ်နှင့်ပြည့်မောက် ကထိန်ခံပုဂ္ဂိုလ် တစ်ယောက်၏။ အတ္ထာရော၊ မိန့်မြွက်သံချီ ဝစီသန့်ရှင်း ဖြန့်ဝေကာရွတ် ခင်းခြင်းကြောင့်။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္တတံ၊ ညစ်ကြေးမလှော်ကဲ အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသေ့ ဖြစ်ရလေ၏။ သမ္မာ၊ အာဏာတော်လမ်း အခန်းခန်းနှင့် မိန့်ငြားညီညာကောင်းမွန်စွာသာလျှင်။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္တတံ၊ ညစ်ကြေးမလှော်ကဲ အခင်းမြောက်သည်။ စေဟောတိ၊ အကယ်၍ပေ ဖြစ်ခဲ့ချေအံ့။ တံကဲထိုနံ၊ ထိုသို့ခင်းအပ် ကထိန်မြတ်ကို။ သိမဋ္ဌော၊ ဥပစာရသိမ်တွင်း မှီကပ်ချဉ်း၍ သီတင်းတည်အောင်း မထေရ်ပေါင်းသည်။ စေအနုမောဒတိ၊ အကယ်၍သာ အနုမောဒနာ ပြုကြပါသည်ဖြစ်အံ့။ ဧဝမ္ပိ၊ ဤသို့ကိုယ်စီ နှုတ်သံချီ၍ ဝစီမြွက်ညောင်း ရဟန်းအပေါင်းသည့်လည်း။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္တတံ၊ ညစ်ကြေးမလှော်ကဲ အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသေ့ ဖြစ်ရလေ၏။ ဘိက္ခဝေ၊ သံသရာဝဋ် ဘေးကျွတ်လွတ်အေးဖို့ မြော်တွေးငံ့စဉ်း အိုချစ်သားတို့။ ဧဝံ ခေါ၊ ဤသို့များစွာ တစ်ဆယ့်ခုနစ်ပါးသော အခြင်းအရာတို့ဖြင့်သာလျှင်။ ကထိနံ၊ တင်ကာညာတ်သွင်း ကထိန်ခင်းသည်။ အတ္တကံ၊ ညစ်ကြေးမလှော်ကဲ အခင်းမြောက်သည်။ ဟောတိ၊ မဖောက်မသေ့ ဖြစ်ရလေ၏။

သို့ကထိန်ခံ ပုဂ္ဂိုလ်၏အင်္ဂါ,ကထိန်ခင်းလက္ခဏာ လုံလောက်လို့ ကထိန်

ပဲ ပြောက်ခဲ့ပါယင်ကော ဘယ်မျှလောက် ကျေးဇူးများလို့ ကထိန်ခင်းရတဲ့ ရဟန်းများမှာ အကျိုးထူးပွားကြပါသလဲလို့ ဆိုတော့....အင်္ဂါလက္ခဏာ လုံလောက်လို့ ကထိန်ပြောက်အောင် ခင်းကြွရတဲ့ရဟန်းများတို့၏ခံစားရတဲ့ အကျိုးထူးတရားမှာတော့ အာနိသံငါးပါးရှိတယ်၊ ဘယ်အာနိသံများပါလဲလို့ ဆိုတော့—

'နိမန္တိတော သဘတ္တော သမာနော ပုရေဘတ္တံ ပစ္ဆာဘတ္တံ ကုလေသု၊ စာရိတ္တံ အာပဇ္ဇန္တော ဒွေအာပတ္တိယော အာပဇ္ဇတိ။

နိမန္တိတော၊ ပင့်ဖိတ်၍ထားသော။ သဘတ္တော၊ ဆွမ်းရှိသောဂုဏ်ရှိလ်သည်။ သမာနော၊ ဖြစ်ပါလျက်။ ပုရေဘတ္တံ၊ နံနက်အခါ၌။ ပစ္ဆာဘတ္တံ၊ ညချမ်းအခါ၌။ ကုလေသု၊ တစ်ပါးသောအိမ်တို့၌။ စာရိတ္တံ၊ လှည့်ပတ်သွားလာခြင်းသို့။ အာပဇ္ဇန္တော၊ ရောက်သော ရဟန်းသည်။ ဒွေအာပတ္တိယော၊ နှစ်ချက်သော အာပတ်တို့သို့။ အာပဇ္ဇတိ၊ ရောက်၏။

ဤလိုပညတ်တော်မူတဲ့ စာရိတ္တသိက္ခာပုဒ်ဖြင့် သင့်ရမယ့် ဒုက္ကဋ်အာပတ်, ပါစိတ်အာပတ်မှ လွတ်ရခြင်းလဲ ကထိန်ခင်းရတဲ့ အကျိုးတစ်ပါးပဲတဲ့။

ထိုမှတစ်ပါးလဲ "ဧကရတ္တံ တိစီဝရေန ဝိပ္ပဝသန္တောကံ အာပတ္တိ အာပဇ္ဇတိ နိဿဂ္ဂိယံ ပါစိတ္တိယံ"....၊ ဧကရတ္တံ၊ တစ်ညဉ့်မျှ။ တိစီဝရေန၊ တိစီဝရိတ်နှင့်။ ဝိပ္ပဝသန္တော၊ ကင်း၍နေသော ရဟန်းသည်။ ဧကံအာပတ္တိ၊ တစ်ချက်သော အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ နိဿဂ္ဂိပါစိတ် အာပတ်တည်း။

အဲ-ဤလို ပညတ်တော်မူတဲ့ ဒုတိယကထိနသိက္ခာပုဒ်ဖြင့် တိစီဝရိတ်နှင့် ညဉ့်ကင်း၍ နေခြင်းကြောင့် သင့်ရမယ့် နိဿဂ္ဂိပါစိတ်အာပတ်မှ လွတ်ရခြင်းလဲ ကထိန်ခင်းရတဲ့ ရဟန်းများတို့၏ အကျိုးတစ်ပါးပါပဲတဲ့။

ထိုမှတစ်ပါးလဲ "ဂဏဘောဇနံ ဘုဉ္ဇန္တော ဒွေအာပတ္တိယော အာပဇ္ဇတိ" ဂဏဘောဇနံ၊ ဂဏဘောဇဉ်ကို။ ဘုဉ္ဇန္တော၊ စားသောရဟန်းသည်။ ဒွေအာပတ္တိယော၊ နှစ်ချက်သော ဒုက္ကဋ်အာပတ်, ပါစိတ်အာပတ်တို့သို့။ အာပဇ္ဇတိ၊ ရောက်၏။

အဲ-ဤလို ပညတ်တော်မူတဲ့ ဂဏဘောဇန သိက္ခာပုဒ်ဖြင့် ထမင်းခံတော်မူပါဟု မအပ်သော ဝေါဟာရဖြင့် ဖိတ်သော ဆွမ်းကို စားခြင်းကြောင့် သင့်ရမယ့် ဒုက္ကဋ်အာပတ်, ပါစိတ်အာပတ်တို့မှ လွတ်ရခြင်းလဲ ကထိန်ခင်းရတဲ့ ရဟန်းတို့၏ အကျိုးတစ်ပါးပါပဲတဲ့။

(ပဋ္ဌမအကြိမ်)

ထိုမှတစ်ပါးလဲ...."အတိရေကစီဝရံ ဒသာဟံ အတိက္ကာမေန္တော ကေ အာပတ္တိ အာပဇ္ဇတိ"၊အတိရေကစိဝရံ၊ အဓိဋ္ဌာန်ဝိပ္ပနာမပိုလွန်သောသင်္ကန်း ကို။ ဒသာဟံ၊ ဆယ်ရက်ကို။ အတိက္ကာမေန္တော၊ လွန်စေသော ရဟန်း သည်။ ကေ အာပတ္တိ၊ တစ်ချက်သော နိဿဂ္ဂိပါစိတ် အာပတ်သို့၊ အာပဇ္ဇတိ၊ ရောက်၏။

အဲ့ဤလို ပညတ်တော်မူတဲ့ ပဌမ ကထိန သိက္ခာပုဒ်ဖြင့် သင်္ကန်းကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ဆယ်ရက်ကို လွန်စေခြင်းကြောင့် သင့်ရ မယ့် နိဿဂ္ဂိပါစိတ်အာပတ်မှ လွတ်ရခြင်းလဲ ကထိန်ခင်းရတဲ့ ရဟန်းတို့၏ အကျိုးတစ်ပါးပါပဲတဲ့။

ထိုမှတစ်ပါးလဲ ကထိန် ခင်းပြီးသည့်နောက် တပေါင်း လပြည့်နေ့သို့ ရောက်အောင် ကထိန်ခင်းတဲ့ အရပ်အတွင်း၌ ဖြစ်ပေါ်လာတဲ့ သင်္ဃိကပိတ် ဖျင်သင်္ကန်းဟူသမျှကို အစိုးရကြခြင်းလဲ ကထိန်ခင်းရတဲ့ ရဟန်းတို့၏ အကျိုးတစ်ပါးပါပဲတဲ့၊ အဲ့ယခု ဆိုအပ်ခဲ့ပြီးတဲ့ အကျိုးငါးပါးတို့ကို ကထိန်ခင်းရတဲ့ ရဟန်းများ ခံစားကြရပါတယ်။ ထို့ကြောင့်—

> အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စအာနိသံသာ ကပ္ပိဿန္တိ အနာမန္တစာရော, အသမာဒါနစာရော, ဂဏဘောဇနံ, ယာဝဒတ္ထ စီဝရံ, ယောစတတ္ထစီဝရုပ္ပါဒေါ,သော နေသံ ဘဝိဿတီတိ အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ဣမာနိ ပဉ္စ ကပ္ပိဿန္တိ။

ဘိက္ခဝေ၊ သံသရာဝဋ်ဘေး ကျွတ်လွတ်အေးဖို့ မြော်တွေးငံ့စား အို ချစ်သားတို့။ အတ္ထတ ကထိနာနံ၊ ဝါမှထ၍ ခင်းရသော ကထိန်ရှိကုန် သော။ ဝေါ၊ သင်ချစ်သားတို့အား။ ပဉ္စအာနိသံသာ၊ အကျိုးဆက်မှန် ငါးပါးသော အာနိသံတို့သည်။ ကပ္ပိဿန္တိ၊ အပြစ်ကင်းပြေ အပ်ရပေကုန် လတ္တံ့။ အနာမန္တစာရော၊ မပန်မကြား ရွာတွင်းသို့ သွားရခြင်းလည်း ကောင်း။ အသမာဒါနစာရော၊ တိစီဝရိတ်ကိုထား၍ မယူမဆောင်ဘဲသွား ရခြင်းလည်းကောင်း။ ဂဏဘောဇနံ၊ အကပ္ပိယ ဝေါဟာရဖြင့် ဖိတ်ကြား သောဆွမ်းကို ယူဆောင်၍ စားရခြင်းလည်းကောင်း။ ယာဝ ဒတ္ထစီဝရံ၊ အဓိဋ္ဌာန် ဝိကပ္ပနာကို ပယ်ရှား၍ အလိုရှိတိုင်းသော ပိတ်ဖျင်သင်္ကန်းတို့ကို စားရခြင်းလည်းကောင်း။ တတ္ထ၊ ထိုကထိန်ညာတ်ခင်း ကျောင်းတိုက် တွင်း၌။ ယောစစီဝရုပ္ပါဒေါ၊ အကြင်သင်္ဃိကလှူ ကြည်ဖြူရှင်လန်း ဖြစ်လာ သော ပိတ်ဖျင်သင်္ကန်းသည်။ အတ္ထိ၊ အကယ်၍ပေ ရှိခဲ့ချေအံ့။ သော

စိဝရုပ္ပါဒေါ၊ ထိုသို့ဖြစ်သမျှ သင်္ဃိကလှူရိုး ပိတ်ဖျင် သင်္ကန်းမျိုးသည်။ နေသ်၊ ထိုကထိန်ခင်းပြီး ကျောင်းတွင် မှီးကုန်သော ပုဂ္ဂိုလ်တို့အား။ ဘဝိဿတိ၊ ကိုယ်ပိုင်စိုးစေ ဖြစ်တော့ပေလတ္တံ့။ ဣတိဣမာနိပဉ္စ၊ အာနိသံ အပြား ငါးပါးတို့တည်း။ ဘိက္ခဝေ၊ သံသရာဝဋ်ဘေး ကျွတ်လွတ်အေး ဖို့ မြော်တွေးငံ့စား အိုချစ်သားတို့။ အတ္ထတ ကထိနာနံ၊ ဝါမှထ၍ ခင်း ရသော ကထိန်ရှိကြကုန်သော။ ဝေါ၊ သင်ချစ်သားတို့အား။ ဣမာနိပဉ္စ၊ အကျိုးဆက်မှန် ငါးပါးသော အာနိသံတို့သည်။ ကပ္ပိဿန္တိ၊ အပြစ် ကင်းပြေ အပ်တော့ပေကုန်လတ္တံ့။

အဲ့ဒီလို ကထိန်ခင်းရတဲ့ ရဟန်းများမှာ ဆိုအပ်ပြီးသော ကထိန်၏ အကျိုးငါးပါးကို အသီးသီး ခံစားကြရပါတယ်။ သို့ ကထိန်အလှူကို ခံရ တဲ့ ရဟန်းများမှာတော့ အကျိုးငါးပါးကို ခံစားရတယ်လို့ဆိုတော့ ကထိန် လှူရတဲ့ သူများမှာတော့ကော အကျိုးထူး မခံစားရပါဘူးလားလို့ ဆို တော့ ပစ္စည်းဥစ္စာ မကုန်မကျဘဲ ကထိန်ခင်းရုံ အလှူခံရုံခံရတဲ့ ရဟန်းများ မှာပင် ငါးပါးသော အကျိုးရလိုက်သေးတာ ပစ္စည်းဥစ္စာ အကုန်အကျခံ ပြီး ကထိန်လှူရတဲ့သူများမှာတော့ အဘယ်မှာ အကျိုးထူးမခံစားရဘဲ ရှိပါ တော့မလဲတဲ့၊ သို့ ကထိန်လှူတဲ့သူများမှာ အဘယ်မျှလောက် ကြီးကျယ် တဲ့ အကျိုးထူးများကို ခံစားရပါသလဲလို့ ဆိုတော့—

ယခုလို လှူကြတဲ့ ကထိနဒါန မဟုတ်ဘဲနှင့် တစ်ပါးသော အခါကာလမှာ အကနိဋ္ဌ ဗြဟ္မာ့ရွာထိလောက်အောင် ရွှေငွေ သန္တာနီလာစိန်ရွဲ ပုလဲပတ္တမြား ရတနာခုနစ်ပါးတွေကို များများကြီး အပြည့်အမောက် ပုံပြီး ရတနာသုံး ပါးကို ယုံကြည်တဲ့ သဒ္ဓါပသန္နနှင့် အသက်ပင် သေဆုံးအောင် တစ်ဘဝလုံး လှူလိုက်ရတဲ့ ဒါနပင်ဖြစ်သော်လဲ ယခုလို ကထိန်ခေတ်ကာလမှာ တစ်ကြိမ် တစ်ခါမျှ လှူရတဲ့ ကထိနဒါနကို တစ်ဆယ့်ခြောက်စိတ်လောက် စိတ်လို့မှ တစ်စိတ်ကို မမီနိုင် မတူနိုင်ကြသေးဘူးတဲ့၊ ကထိနဒါနဆိုတာ သို့ကလောက် တောင် အကျိုးထူးပါတယ်။ ထို့ကြောင့်—

ယာဝ အကနိဋ္ဌာ ဒေဝါ၊ သုဝဏ္ဏရဇတံ ဗဟုံ။
နာနာ ရတန ရာသိ စ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
ကေ ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။
(ပဥ္စမအကြိမ်)

မနုဿလောကတော၊ လူတို့ခိုလှုံ လူ့ပြည်ဘုံမှ။ ယာဝအာကနိဋ္ဌာဒေဝါ၊ ရုပ်နာမ်စုံရှိ အကနိဋ္ဌပြဟ္မာ့ဘုံထိလောက်မျှ။ဗဟုံ၊ ရာထောင်သချေ ဂဏန်း ဝေ၍တွက်ရေမရမျှားပြားလှအောင်။သုဝဏ္ဏရဇတဥ္စ၊သယံဇာတညစ်ကြေး ပသည့် လောဟမှုတော ရွှေနှင့်ငွေကိုလည်းကောင်း။ နာနာရတနရာသိံစ၊ သန္တာစိန်ရွှဲ ထိန်ထိန်ရဲမျှပုလဲပတ္တမြားအပါးပါးနှင့်များပြားဝတ္ထု ရတနာ အစုကိုလည်းကောင်း။ သဗ္ဗဒါ၊ နေ့စဉ်မပြတ် ရည်ကာမှတ်၍ အမြတ် နှလုံး အသက်ဆုံးသည်တိုင်အောင်။သံဃာ၊ သီလဝန္တ ကလျာဏနှင့်။ပရ မတ္ထသမ္မုတိ၊ ရှိသမျှအရပ် သံဃာတော်မထေရ်မြတ်အား။ ဒဒေ ဒဒေယျ၊ လေးမြတ်ကြည်သာ လှူခဲ့ရာ၏။တံဒါနံ၊ သို့လောက်ထွတ်မြတ် သဒ္ဓါပြင်း၍ လှူကပ်ကြရိုး ဒါနမျိုးသည်။ ဧက ကထိနဒါနဿ၊ကထိန်ကာလတစ်ကြိမ် မျှပင် လှူရမြတ်နိုး ကထိနဒါနမျိုး၏။သောဠသိံကလံ၊တစ်ဆယ့်ခြောက်စု ခွဲဝေပြု၍ မှုလျာပမာဏတစ်စုတစ်စိတ်လောက်ကိုမျှ။နအဂ္ဃတိ၊တူတန်လိမ့်နိုး ချိန်စံထိုးလည်း အဖိုးနှုန်းပြိုင် မမီနိုင်။

သည်မျှသာမကသေးပါဘူးတဲ့ခေါမယောမ-ကောဇတုမ္ဗနှင့် စိန့်တိုင်းမှာ အစစ် ရောင်ရွှန်းသစ်သည့်တစ်ကျွန်းဖြစ်အနဂ္ဃ မပြတ်နိုင်အောင်အဖိုးထိုက် လှတဲ့ ချောမြထူးဆန်း ရဟန်းတို့၏ပရိက္ခရာအခန်းခန်းတို့ကို ဗြဟ္မာနန်းထိ လောက်မျှ သံဃာကိုရည်မှန်း၍ လှူဒါန်းတဲ့ဒါနလဲ အလှန်ပင် မြတ်ထွတ်လှ သော်လဲ ကထိနဒါနကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမျှ မမီနိုင် မတူနိုင်ကြသေးပါဘူးတဲ့။ ထို့ကြောင့်—

ယတ္ထကောဇ ပရိက္ခာရေ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
ဧက ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

ယတ္ထကောဇ ပရိက္ခာရေ၊ အကနိဋ္ဌဘုံလောက် ဆင့်ကာမြှောက်၍ မြင့် မောက်ဝေဖြာ အကြင်ရွှေ့လောက်သော ရဟန်းတို့၏ အသုံးဆောင် ပရိက္ခ ရာတို့ကို။ သဗ္ဗဒါ၊နေ့စဉ်မပြတ် ပုံကာထပ်၍ အမြတ်နှလုံး အသက်ပင်ဆုံးရ သည့်တိုင်အောင်။ သံဃဿ၊ သီလဝန္တ ကလျာဏပရမတ် သံဃာတော် မထေရ်မြတ်အား။ ဒဒေ ဒဒေယျ၊နှစ်ဝေးရှည်ကြာ ပေးလှူရာ၏။ ဝေမှိုက်ညို သို့မြတ်နိုး လှူကြတဲ့ အလှူမျိုးပင် ဖြစ်သော်လည်း။ ဧက ကထိနဒါနဿ၊ ကထိန်ကာလ တစ်ကြိမ်မျှပင် လှူရမြတ်နိုး ကထိနဒါနမျိုး၏။ သောဠသိံ

ကလံ၊ တစ်ဆယ့်ခြောက်စုံခွဲကာပြု၍မြူကျူးမာကာ တစ်ခြမ်းတစ်စိတ်လောက်သော အဖိုကိုမျှလည်း။ နအဂ္ဃတိ၊ တူတန်လိမ့်နိုး ချိန်စံထိုးလည်း အဖိုးနှန်းပြိုင် မမီနိုင်။

သည်မျှလောက်သာ မကသေးပါဘူးတဲ့၊ အဖိုးအနဂ္ဃ ထိုက်တန်လှတဲ့ ရတနာ ကကြိုးတန်ဆာ ဒွါဒရာတို့ဖြင့် ဖြိုးမောက်စွာ ဆင်ယင်အပ်သည့် ဆင်ဖြူတော်တစ်သိန်း, မြင်းတစ်သိန်း, အဿတိုရ်မြင်းကသော ရထားတစ်သိန်း, ပတ္တမြားနားတောင်းဘယက်တန်ဆာဒွါဒရာအပေါင်းတို့ဖြင့်ကောင်းမွန်တင့်တယ်စွာဆင်ယင်အပ်သော သတို့သမီးရတနာ တစ်သိန်းတို့ကိုတွက်သိမ်းကာ ဂဏန်းချပြီး သက်ဆိုးအောင် လှူဒါန်းရတဲ့ စကြာမင်းတို့၏ဒါန အလှုန်ပင် ထွတ်မြတ်လှသော်လည်း ကထိနဒါနကို တစ်ဆယ့်ခြောက်စိတ် စိတ်လို့ တစ်စိတ်မျှ မမီနိုင် မတူနိုင်ကြသေးဘူးတဲ့။ ထို့ကြောင့်—

သတံဟတ္ထိ သတံအဿာ၊ သတံ အဿတရီရထာ။
သတံ ကညာ သဟဿာနိ၊ အာမုတ္တမဏိကုဏ္ဍလာ။
ကေ ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

သတံဟတ္ထိ သတံအဿသဟဿာနိ၊ ဒွါဒရာစီလင် ခြယ်ကာတင်အပ်သော ဆင်ရတနာတစ်သိန်း, မြင်းရတနာ တစ်သိန်းတို့ကိုလည်းကောင်း။ အဿတရီ ရထာသဟဿာနိ၊ အဖိုးအနဂ္ဃ အဿတိုရ်မြင်းကသော ရထားတစ်သိန်းတို့ကိုလည်းကောင်း။ အာမုတ္တမဏိကုဏ္ဍလာ၊ ပတ္တမြားနားတောင်း ရောင်မောင်းလျှံပ တင့်တယ်စွာ ဝတ်ဆင်ကြကုန်သော။ သတံ ကညာ သဟဿာနိ၊ သချာတွက်ကိန်း တစ်သိန်းသော သတို့သမီးရတနာတို့ကိုလည်းကောင်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမတုန်း အသက်ဆုံးသည့်တိုင်အောင်။ ဒဒေ-ဒဒေယျ၊ မြတ်လေးကြည်သာ လှူခဲ့ရာ၏။ ဝေမှိ၊ ဤသို့ မြတ်မွန် လွန်ထက်လွန်အောင် ထူးချွန်ပေလှ မန္ဓာတ်မင်းတို့၏ ဒါနပင်ဖြစ်သော်လည်း။ ကေ ကထိနဒါနဿ၊ ကထိန်ကာလတစ်ကြိမ်မျှပင်လှူ ရမြတ်နိုး ကထိနဒါနမျိုး၏။ သောဠသိံ ကလံ၊ တစ်ဆယ့်ခြောက်စု ခွဲဝေပြု၍မြူကျူ ပမာဏ တစ်စုတစ်စိတ်လောက်ကိုမျှလည်း။ နအဂ္ဃတိ၊ တူတန်လိမ့်နိုး ချိန်စံထိုးလည်း အဖိုးနှန်းပြိုင် မမီနိုင်။

သည်မျှလောက်သာမကသေးပါဘူးတဲ့ ကုဋေသိန်းသန်းမက ရတနာ ရွှေငွေတွေကို သွန်ချပြီး ဘဝဂ်ထိ-ကြီးမြင့်လှအောင် မွမ်းမံသင့်သမျှရတနာ

(ပဋ္ဌမအကြိမ်)

မျိုးတွေကို စီသွင်းပြီး ပတ္တမြားပလ္လင်တွေကို အလယ်ကခင်းလို့ တဝင်းဝင်း အလျှံပြောင်တဲ့ ကျောင်းကြီးတွေ ရှစ်သောင်းလေးထောင် တို့ကို သက်ဆုံးအောင် လှူဒါန်းရတဲ့ ကြီးကျယ်သော သူဌေးကြီးတို့၏ ဒါနပင်ဖြစ်သော်လဲ ကထိနဒါနကို တစ်ဆယ့်ခြောက်စိတ် စိတ်လို့မှ တစ်စိတ်ကို မမီနိုင်ကြသေးဘူးတဲ့။ ထို့ကြောင့်—

စတုရာသီတိ သဟဿေ၊ ကာရာပေတွာန ဝိဟာရေ။
ပလ္လင်္ကေ ရတနာမယေ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
တမ္ပိ ဒါနံ မဟပ္ဖလံ၊ ဝိပုလံ သုခဒါယကံ။
ဧက ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

ရတနာမယေ၊ ရွှေငွေမြစိန် တထိန်ထိန်နှင့် တရှိန်ရှိန်ဟပ် အထူးထူးသော ရတနာတို့ဖြင့် ခြယ်စီအပ်ကုန်သော။ စတုရာသီတိ သဟဿေ၊ ရှစ်သောင်း လေးထောင် ဂဏန်းဆောင်လည်း ဆုံးအောင်မကျ အလွန်လည်း များပြားလှကုန်သော။ ဝိဟာရေ၊ ဘဝဂ်နန်းရောက် လျှမ်းလျှမ်းတောက်၍ စိန်ကျောက်ညီးညီး ကျောင်းတော်ကြီးတို့ကို လည်းကောင်း။ ပလ္လင်္ကေ၊ ဇာအုံခြုံးညွန့် တတွန့်တွန့်နှင့် မြူးကွန့်ထိန်ညီး ပလ္လင်ကြီးတို့ကို လည်းကောင်း။ ကာရာပေတွာန၊ ဝိသကြုံမိုးစံ တန်းခိုးဖန်သို့ ဖြိုးလျှံမောက်ဝေ ဆောက်လုပ်စေ၍။ သဗ္ဗဒါ၊ သိန်းသောင်းကပ်နေ မပြတ်စေဘဲ မှတ်ရေတွက်ကျုံး အသက်ရှည်သရွေ့ ကာလပတ်လုံး။ သံဃဿ၊ သီလဝန္တ ကလျာဏပုဂ္ဂိုလ် သံဃာတော် မဘေရိမြတ်အား။ ဒဒေ ဒဒေယျ၊ နှစ်ရှည်ဝေးကြာ ပေးလှူရာ၏။ တမ္ပိဒါနံ၊ အံ့ဖွယ်ဘနန်း ရှုမခန်းအောင် ထူးဆန်းပေလှ ထိုဝိဟာရဒါနသည်လည်း။ မဟပ္ဖလံ၊ ဘဝတစ်ပါး နောင်ကိုးစားဖို့ များသောအကျိုးသွား ရှိပါပေ၏။ ဝိပုလံ၊ သံသရာရေကြော နောင်ရှည်မြောအောင် ပြန့်ပြောသော အကျိုးရှိပါပေ၏။ သုခဒါယကံ၊ လူ့ဘုံနတ်ရွာ ရောက်လေရာတို့၌ ချမ်းသာသော အကျိုးကို ပေးနိုင်ပါပေ၏။ ဝေမို၊ ဤသို့မြတ်မွန် ဒါနလွန်ပင် ဖြစ်ပါသော်လည်း။ ဧက ကထိန ဒါနဿ၊ ကထိန်ကာလ တစ်ကြိမ်မျှပင် လှူရမြတ်နိုး ကထိန ဒါနမျိုး၏။ သောဠသိံကလံ၊ တစ်ဆယ့်ခြောက်စု ခွဲဝေပြု၍ မြူကုံပမာဏ တစ်စု ဟစ်စိတ် လောက်ကိုမျှ။ နဂ္ဃတိ၊ တူတန်လိမ့်နိုး ချိန်စံထိုးလည်း အဖိုးနှုန်းပြိုင် မမီနိုင်။

(ပဥ္စမအကြိမ်)

သို့-ဒါနဆိုတာ အကြောင်းဖြစ်တဲ့ လှူဖွယ်ဝတ္ထုလွန်ကဲပါမှ အကျိုးထူး အာနိသံ လွန်ကဲနိုင်ကြပါတယ်၊ ကထိန်ဒါနမှာ ဘယ်လိုအကြောင်း လွန်ကဲလို့ သို့လောက်တောင် တစ်ပါးသောဒါနတို့ထက် အကျိုးထူး လွန်ကဲ ၌သလဲလို့ ဆိုတော့...ကထိန်ဒါနလဲ သူတစ်ပါးထက် အကြောင်း လွန်ကဲ လို့သာ အကျိုးထူး လွန်ကဲတာပါပဲတဲ့၊ သို့-တစ်ပါးသော ဒါနတို့ထက် ဘယ်လို အကြောင်း လွန်ကဲပါသလဲလို့ဆိုတော့ တစ်ပါးသော ဒါနတို့မှာ အကြောင်းဝတ္ထုပင် လွန်ကဲကြပါသော်လဲ သာသနာတော်၌ဖြစ်တဲ့ အာပတ် အညစ်အကြေးကိုတော့ ဘယ်ဒါနမှ လျှော်ဆေးသုတ်သင်နိုင်ကြတာ မဟုတ် ဘူးတဲ့၊ ကထိန်ဒါနမှာတော့ လေးသချေ်နှင့် ကမ္ဘာတစ်သိန်းဖြည့်မှ ရသိ တော်မူအပ်တဲ့ ဝိနည်းပညတ် အာပတ် အညစ်အကြေးများကို မြစ်တား ဖျက်ဆီးပြီး အလွန် ကြီးကျယ်မွန်မြတ်လှတဲ့ ပါဋိမောက္ခသံဝရ သီလကြီး များကိုပင် မြောက်ချီးမစလို့ ဖြူစင်အောင် ပြုနိုင်ကြပါတယ်၊ အဲ-ဤလို တစ်ပါးသော ဒါနတို့ထက် အကြောင်းထူး ကြီးကျယ်လှသောကြောင့်သာ ကထိနဒါနမှာ အကျိုးထူး လွန်ကဲရပါတယ်။ ထို့ကြောင့်-

ယသ္မာ အာပတ္တိံ နာသေတိ၊ ဘိက္ခူနံ ကထိနဒါနံ။<br>
တသ္မာ တံ သဗ္ဗဒါနေဟိ၊ အတိဥတ္တမံ ပသဋ္ဌံ။<br>
တသ္မာဟိ ပဏ္ဍိတော ဇနော၊ သမ္ပယံ သုခမတ္တနော။<br>
သမ္ပတ္တေ ကထိနခေတ္တေ၊ ဒဒေ ဿဃဿ ကထိနံ။

ကထိနဒါနံ၊ တစ်ကြိမ်တစ်ခါမျှ ပေးလှူရသည့် ကထိနဒါနသည်။ ဘိက္ခူနံ၊ သာသနာတော်ထမ်း ဖန်သက်နီးနှင့် မင်္ဂလမ်းရှာညောင်း ရဟန်း အပေါင်းတို့၏။ အာပတ္တိံ၊ စာရိတ္တ ကထိန-စသည့်ပညတ်ငြိကပ်မည့်အရေး အာပတ် အညစ်အကြေးကို။ ယသ္မာ၊ အကြင့်ကြောင့်။ နာသေတိ၊ လျှော်ဆေးဖျောက်ဖြေဖျက်ဆီးပေ၏။ တသ္မာ၊ ထိုအကြောင်းထူး ကျေးဇူး နှင့် သာလွန်၍ ရှိခြင်းကြောင့်သာလျှင်။ တံဒါနံ၊ ကထိန်ခေတ်တွင်း အပြိုင် ကျင်း၍ ပေါင်းသင်းကြည်ဖြူ ထိုကထိန်အလှူကို။ အတိ ဥတ္တမံ၊ ထူးမြတ် ကဲချွန် ဒါနလွန်ဟူ၍။ ပသဋ္ဌံ၊ အရိယာအပေါင်း သူတော်ကောင်းတို့ သံညောင်းမိန့်ခြွေ ချီးမွမ်းပေ၏။

တသ္မာဟိ တသ္မာဝ၊ ထိုသို့အထူး ရှင်မြူးခွန်းသ ချီးမွမ်းတော်မူ ကြခြင်းကြောင့်သာလျှင်။ အတ္တနော သုခံ၊ ဘဝနောင်ခါဖြစ်လေရာ၌ လိုရာ

(ပဥ္စမအကြိမ်)

မညှိုး ချမ်းသာဖို့ မိမိအကျိုးကို။ သမ္ပယုတ်၊ သမ္ပယုတ္တေ၊ ဆင်ခြင်သတိ မြော်မြင်မိသော။ပဏ္ဍိတောဇနော၊ လိမ္မာခြင့်သိ သမာဓိနှင့် သတိမစောင်း ပညာရှိသူတော်ကောင်းသည်။ ကထိန ခေတ္တေ၊ တစ်နှစ်တစ်ခါ တစ်ကြိမ် သာလျှင် ကြုံလာကြရ ကထိန်ကာလသည်။ သမ္ပတ္တေ၊ နှစ်တစ်ပတ်မြောက် ဆိုက်ကပ်ရောက်ခဲ့သည်ရှိသော်။ သံဃဿ၊ သမ္ပုတိပရမတ် အ်မြတ်ဆိုး ကောင်း သံဃာတော်ထေရ် အပေါင်းအား။ ကထိနံ၊ ပရိယာယ်ဩဘာ မပါမဝင် အာကာခြင်သို့ မြူမှင်မသမ်း ဖြူစင်သော ကထိန်လျာသင်္ကန်း ကို။ ဒဒေ၊ ဒ္ဒဒေယျ၊ ကိုယ်ဖို့မှတ်ကိုး မပြတ်ကြိုး၍ မြတ်နိုးစိတ်နေ လှူသင့်ချေ၏။

အဲ ဤလို ကထိန်အလှူဆိုတာ တစ်ပါးသော အလှူဒါနတို့နှင့်မတူ အမူ ထူးခြား အကျိုးပေး အာနိသံများသည်ကို သိ ကြား နာခံကြရသဖြင့် ကြုံကြိုက်ခဲလှ လူ့ဘဝကို ကြုံရသည့်ခုအခါမှာ ရောင်ဝါထွန်းပ သာသနာ တော်နေမင်းနှင့် အလင်းကိုရကြ၍ သံမောဟတိမ်သလာမဝင်ဘဲ ဉာဏ်မျက်စိ ရှင်းရှင်းကြီး ကြည်လင်လို့မို့ မမြင်ဘူးတဲ့တရားကို မြင်ရသိရပြီး တစ်ပါး သော ဒါနတို့ထက် လွန်ကဲထူးမြတ်လှသော ကထိန်ဒါနများကို ပြုလိုက်ရ လှူလိုက်ရမိတာနှင့် ဓာမလွန်နှောင်ဂတိဖို့ ကောင်းကောင်းကြီး လက်ကိုင် ရှိချေပြီလို့ အဲ ဤလို ပြုမိတဲ့ ကုသိုလ်ကိုသာ စွဲမှတ်ပြီး အာစိဏ္ဏကံဇောမပြတ် ရအောင် အထပ်ထပ် ဆင်ခြင်ပွားများကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

**ကထိန်တရား ပြီး၏။**

---

**ဝဏ္ဏဘောဒနီကျမ်း–တတိယတွဲ**

**ဤတွင်ပြီးပြီ။**

(ပဌမအကြိမ်)



# ဝဋ္ဋဘေဒနီကျမ်း

## စတုတ္ထတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁)

## သီလ၏ အကျိုးအာနိသံသကို ပြသော
## ဥဒယဘဒ္ဒါမင်းသမီး ဝတ္ထု

*

သဂ္ဂါရောဟဏသောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

(ဝိသုဒ္ဓိ၊ ၁၊ ပ၊ ၁၀)

သီလသမံ၊ ငါးပါးရှစ်ပါး ဆယ်ပါး အစစောင့်ရှောက်ကြတဲ့တောက်ပစင်ဖြူ သီလနှင့်ဂုဏ်ရေတူသော။ အညံ၊ သီလကိုချန် တစ်ပါးကျန်၍ စိန်ဖန်ဝိုးဝင်း စီမံကျင်းအပ်သော။ သဂ္ဂါရောဟဏ သောပါနံ၊ ခြောက်ဘုံနတ်နန်းအရောက်လှမ်းဖို့ ထူးဆန်းရောင်မောင်းစောင်းတန်းကောင်းသည်။ ကုတော အတ္ထိ၊ ရေမြေမိုးရောက် တန်ခိုးမောက်၍ ဘိုးဖောက်တုကာယ် လျှောက်ကာလည်လည်း အဘယ်မှာလျှင် ရနိုင်ဖွယ် ရှိပါချေတော့အံ့နည်း။ နိဗ္ဗာန နဂရဿ၊ ရန်ဘေးဟူသမျှ မထွေးရအောင် ဝေးကဆို့ဆီး အေးမြသော သိဝမြို့ကြီးသို့။ ပဝေသနေ၊ဝင်ရာခရီးမ အနီးဝ၌။ သီလသမံ၊ မူတင်အစ ဖြူစင်လှသည့် ဆင်သထုံကျူ သီလနှင့်ဂုဏ်ရေတူသော။ အညံ၊ သီလကိုထားကြောင်းတစ်ပါးဖြင့် ပြောင်းသွားရန်ခင်းစီမံကျင်းအပ်သော။ ဒွါရံဝါပန၊

---

ဤဥဒယဘဒ္ဒါမင်းသမီးဝတ္ထုကား-ဇာတ်၊ ၄၊ စတုတ္ထ၊ ၁၀၅-၁၁၅ ၌ လာသည်။

(ပဉ္စမအကြိမ်)

မနှောင့်မတား မထောင့်မှားဘဲ ဖြောင့်သားမစောင်း တံခါးကောင်းသည့်ကား။ ကိုတောအတွတ်၊လူ့ပြွတ်နတ်ရောက် ဘဝဂ်ပေါက်အောင် မှေ့နှောက်ဖောက်ကာ လျှောက်ရှုရှာသည်း အဘယ်မှာလျှင် ရနိုင်ဖို့ရာ ရှိပါချေတော့အံ့နည်း။

**အစိပ္ပာယ်မှာတော့**....ဤလောကမှာ လူ့ချမ်းသာထက် နတ်ဗြဟ္မာတို့၏ချမ်းသာက သာလို့ချမ်းသာတယ်၊ သည်နတ်ဗြဟ္မာတို့၏ ချမ်းသာထက်ပင်နိဗ္ဗာန်ချမ်းသာက သာလို့ ချမ်းသာသေးတယ်လို့ အဲ ဤလို ပြောကြတဲ့စကားကို အဆင့်ဆင့်ကြားကြတာနှင့် နတ်စည်းစိမ် နိဗ္ဗာန်စည်းစိမ်ကိုခံစားစံစား ချင်ကြလို့မို့ နတ်ရွာရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်းအမှုမျိုးတို့ကို ကြံကြစည်ကြ ရှာဖွေအားထုတ် ပြုလုပ်ကြတယ်။

ဘယ်လိုပြုလုပ်ကြပါသလဲလို့ဆိုတော့-အချို့သူတို့က လှေကားသာလျှင်နတ်ရွာရောက်ကြောင်း စောင်းတန်းကောင်းပဲလို့ ကြံစည်ရမ်းဆပြီး သစ်ဝါး ရွှေငွေဖြင့်ပြီးတဲ့ လှေကားများကို မသေခင်ကပင် ပြင်ဆင်လို့ ထားကြတယ်၊ အချို့သူများကလဲ ဤလှေကားမျိုးနှင့် နတ်ရွာနိဗ္ဗာန်ကို တက်နိုင်ရောက်နိုင်ဖို့ မဟုတ်သေး၊ ဗြဟ္မာ,သိကြား,ဘုမ္မစိုး, ရုက္ခစိုးစသော တန်ခိုးကြီးသောသူတို့ကို ပူဇော်ကိုးကွယ်မှသာ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်းလှေကားဖြစ်မယ်လို့ အဲ-ဤလို ကြံစည်ရမ်းဆပြီး ဗြဟ္မာကြီးကို ကိုးကွယ်သူတို့ကလဲ့ ကိုးကွယ်၊ သိကြား,ပိဿနိုး,ဘုမ္မစိုး,ရုက္ခစိုးစသော နတ်များကိုကိုးစားပသ ပူဇော်ကိုးကွယ်ကြ၊မီးနှင့်နေလကိုလဲ တချို့ကရှိခိုး သူတစ်ပါးတို့၏ အကျိုးကို သည်ပိုးက ကိုယ့်အကျိုးလဲ ပြည့်ဝရမယ်ဟူသော အကြံနှင့် ကြက်ငှက်စသော တိရစ္ဆာန်ဘို့ကို ကျွတ်ခစရန် နတ်လမ်းပြုပြီး ပုညကြီးတစ်ခု အထင်နှင့် သတ်ဖြတ်ကာ နတ်စောင်းတန်း ပြင်သူတို့ကလဲပြင်၊ယဇ်သာလျှင်နတ်ရွာလမ်းဟူ ရော်ရမ်းကာ အထင်အမှတ်နှင့် ဆိတ်,ကြက်,ဝက်, ရသမျှတို့ကို သတ်၍ ယဇ်နတ်နှင့် နတ်လမ်းပြုသူတို့ကလဲပြု အစုစုအခန်းခန်း ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့၏ကျင့်လမ်းဟူသမျှတို့မှာ နတ်ပြည်နှင့် နိဗ္ဗာန်ကို ရည်မှန်းပြီး စောင်းတန်းကြီး ရှာကြတာချည်းပဲတဲ့။

အဲ-ထိုသူတို့ကြံဆပြုလုပ်ကြတဲ့ နတ်ရွာနိဗ္ဗာန် တက်ရောက်ဝင်စရာ စောင်းတန်း လှေကား-တံခါးဆိုတာထဲမှာလဲ ယခုကျင့်ကြ ဖောင့်ရှောက်ကြတဲ့ ဉပုည်သီလ စောင်းတန်းတံခါးနှင့်တူတဲ့ လှေကားမှန်-လှေကားကောင်း

(ပဌမအကြိမ်)

တံခါးမှန် တံခါးကောင်းဆိုတာ တစ်ခုမှမပါဘူးတဲ့၊ ယခုစောင့်ကြရောက်ကြတဲ့ ဥပုသ်သီလစောင်းတန်း တံခါးများမှသာ နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း စောင်းတန်းကောင်း, တံခါးကောင်းတွေတဲ့၊ ထိုသူတို့ကြံဆကြတဲ့ စောင်းတန်းလှေကား တံခါးတွေကတော့ နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း မဟုတ်တဲ့ စောင်းတန်းကောက် စောင်းတန်းမှား တံခါးကောက် တံခါးမှားတွေတဲ့၊ ထိုသူများမှာလဲ စောင်းတန်းမှားတွေကို လျှောက်မိ ဝင်မိကြတာနှင့် နတ်ရွာနိဗ္ဗာန်ကို မပေါက်ဘဲနှင့် အပါယ်လေးပါးသို့သာ ရောက်နေရတယ်တဲ့။

သို့ကြောင့်- နတ်ရွာနိဗ္ဗာန်သို့ မပေါက်မရောက်တဲ့ စောင်းတန်းကောက် စောင်းတန်းမှားတွေကို မလိုက်မသွားမိကြစေဘဲ နတ်ရွာနိဗ္ဗာန်ကို ဖြောင့်မှန်စွာ ရောက်စေတတ်တဲ့ သီလစောင်းတန်း လှေကားများကိုသာ ကြိုးစား၍ အားထုတ်ကြရမယ်၊ သို့ သီလဆိုတဲ့ စောင်းတန်းလှေကားက လျှောက်လို့ နတ်ပြည်သို့ ဝင်ရောက်ပြီး နိဗ္ဗာန်တိုင် ပေါက်ရောက်သွားဖူးတဲ့ သူတို့ဆိုတာ ရှေးရှေးကပင် ဒိဋ္ဌမျက်မြင် ထင်ထင်ရှားရှား ရှိကြပါရဲ့လားလို့ ဆိုတော့-

တစ်သောင်းတမ်းရှေးအတိတ်က ဇမ္ဗူဒိပ်မဇ္ဈိမဒေသဝယ် ကာသိကနယ်ယယ်ကို သိမ်းချုပ်ပြီး သုရုန္ဓနမြို့ကြီးကို စိုးအုပ်တဲ့ မင်းလုပ်တဲ့ ပြည့်ရှင်မင်းမှာ နောက်အမျိုးအစဉ်မကွယ်မယွင်းဖို့ရာ သားသမီးထီးရိုးနန်းဆက်ကင်းတာနှင့် ဂုဏ်သတင်းအကြောင်းချွတ်လို့မို့ ရှိရှိသမျှ မင်းမိဖုရားအပေါင်းတို့ကို သားဆုတောင်းလွှတ်ရတယ်၊ ငါ့ဘုရား၏ ဗောဓိသတ်အလောင်းမင်းလဲ ပါရမီစောင်ကို ဖြည့်လိုရင်းနှင့် ဗြဟ္မာ့ပြည်က သက်ဆင်းပြီး မိဖုရားကြီး၏ ရင်တွင်းမှာ ခိုလှုံလို့ ဆယ်လကုန်မွေးဖွား၍ 'ဥဒယဘဒ္ဒ' မင်းသားဟူသော အမည်ကို ဘွဲ့ချီညွန်ကြားပြီး ပြေးသွားနိုင်သောအရွယ်သို့ ရောက်သည့်နောက်မှ သိန်းကပ်လောက် ရှေးကမ္ဘာတို့က တူမကွာသမ္မာမှီးလို့ တစ်မွာတည်း နိဗ္ဗာန်ဝင်ရန် အကြောင်းနှင့် ရှည်ကြာစွာ ဆုပန်တောင်းခဲ့သော 'ယသောဓရာ' အလောင်းမင်းသမီးလဲ မိဖုရားငယ်တစ်ယောက်၏ ရင်ငွေ့ကို ခိုမှီးပြီး 'ဥဒယဘဒ္ဒါ'မင်းသမီးဟူသော အမည်အသီးနှင့် တဘဘည်းဖွားမြင်လာပြီးသည်နောက် ကြီးပြင်းသောအရွယ်သို့ရောက်ကြလေက မင်းမြောက်ဖို့အချိန်ရောက်တာနှင့် ခမည်းတော် မယ်တော်နှစ်ပါးတို့လဲ သားတော်ကို အဘိသေကမင်္ဂလာ ကျင်းပရအောင် တိုက်တွန်းကာ နားသွင်းကြတယ်။

အလောင်းတော် မင်းသားလဲ ရှည်လျားမြင့်ကြာ ကာမစ္ဆန္ဒနီဝရဏကို လျှော်ဆေးတဲ့ ကာမဝေး ပြဟ္မာ့ဘုံကလာတာနှင့် ကာမစည်းစိမ်ကို မသာယာလို့မို့ တွေးမြော်ကာ ချင့်တွက်ပြီး မိဘစကားကိုလဲ ပယ်ဖျက်ရာမကျ နန်းမွေကိုလဲ မဆက်ရအောင် နှစ်ဘက်ရ နှုတ်ဖျက်ဖို့အခွင့်အရေးနှင့်ရွှေရုပ်ကို ပုံနှင့်ပေးပြီး အရည်အသွေး အတူအမျှ ရုပ်ပုံလို ဥစ္စုံရပါက ဘိသေကသစ္စာကို ရွက်ပန်၍ နန်းမွေကို ဆက်ခံပါတော့မည်အကြောင်းနှင့် လျှောက်တောင်းကာ အခွင့်ခံတယ်။

နန်းစံထီးဘွား ခမည်းတော်နှင့် မယ်တော်နှစ်ပါးတို့လဲ သားတော်၏ဆန္ဒ အလိုကျလေအောင် မင်းဆရာ ပြာဟ္မဏရှစ်ဦးတို့ကို အကြီးအမှူးအရာ အပ်နှင်းပြီး ရုပ်ပုံကို ရွှေထမ်းစင်မှာ တည့်သွင်းလို့ အမင်းမင်းတို့၏ နိုင်ငံကို ဖြန့်ပတ်၍ နှံ့စပ်အောင်ရှာသော်လဲမရ နန်းတော်ရှိ မင်းသမီးနှင့်အတူဆိုင်ပြီး ရွှေရုပ်ကို ယှဉ်ယူပြိုင်လေက မင်းသမီးကပင် ရွှေရုပ်ထက် တင့်တယ်လှသဖြင့် ပုံစံညီမင်းသမီးကို အနီးတွင် ရပါကြောင်းများနှင့် ပုဏ္ဏားဆရာတို့က လျှောက်တင်ကြတယ်။

ခမည်းတော် မယ်တော်များလဲ သမီးတော်နှင့် သားတော်နှစ်ပါးကို ထိမ်းမြားလက်ထပ် နန်းမွေကို လွှဲအပ်ကြပြီးသည်နောက် ရှေးကံအလျောက် ဂတိသွားနှင့် ထိုက်သင့်ရာဘုံသို့ လားသွားကြတယ်။ အလောင်းတော်မင်းသားလဲ ဥဒယဘဒ္ဒါ မင်းသမီးကို မိဖုရားကြီးအရာ၌ ထားပြီး ကာမတရားမလူးမညစ် ဍာဂဖြင့် မမူးမယစ်ဘဲ အနှစ်ခုနှစ်ရာ မင်းလုပ်၍ စိုးအုပ်စံစားနေကြရာ ကင်းကွာရွှေ့ရှား အကယ်၍ ဘဝတစ်ပါး လားသွားကြသည်ရှိသော် ရှေးဦးပထမ အရင်ကျသူက ရောက်ရာဘဝကို မချန်မထားဘဲ ပြန်ကြားကာ ပြောလာကြစတမ်းဟု ချိန်းချက်လမ်း မှန်စေရာအမှုနှင့် သစ္စာခန်းပဋိညာဏ်ကိုပြုကြပြီးသည့်နောက် အသက်ရှည်သလောက် လူ့ဘုံမှာနေပြီး အလောင်းမင်းရှေးဦးစွာ စုတေ၍ တာဝတိံသာဘုံမြေ အတွင်းမှာ သိကြားမင်းဖြစ်နေတယ်။

သိကြားအဖြစ်သို့ရောက်၍ ခုနစ်ရက်လောက် ကာလကြာပြီးမှ ရှေးပြုခဲ့ကြတဲ့ အချိန်းအချက်ကို သတိရလို့မို့ ဂတိပြေဖို့ရာကလဲ တကိစ္စ မင်းသမီးကို တရားပြုပြီး နတ်လမ်းမ ထွင်ဖို့လဲတစ်ခန်း နှစ်ကိစ္စကို မြော်မှန်းပြီး ရွှေဒင်္ဂါးအပြည့်နှင့် ရွှေလင်ပန်းကို ဆောင်ထမ်းလျက် မင်းသမီး၏ အိပ်ရာတိုက်ခန်းကိုခိုဝင်၍ ကြည်လင်စွာ လက်ဆောင်သပြီးမှ တစ်ညဥ့်မျှ မွေ့လျော်

ရပါလိုတဲ့အကြောင်းနှင့်ခွင့်တောင်းကာဖျောင်းဖျတယ်။ သီလကိုဆင်ခြင်၍ တိုက်ခန်းတွင်စံနေသော မင်းသမီးကလဲ ညဥ့်နက်ကြီး သန်းခေါင်လောက်မှာ မြို့ကြီးကိုကျော်ဖောက်၍ အတွင်းကောက် အကြံမကင်းဘဲ ရဲတင်းစွာ လက်ဆောင်သွင်းလာတဲ့ အိုအချင်းယောကျ်ား အံ့ဖွယ်မပြီး ဤသို့ရှုန်ရှန မြို့ကြီးသည်ကား ရန်ဆီးကျုံးမြောင်း တန်ဆောင်းပြအိုး မြို့ရိုးရဲမက် အသင်ခက်ပါလျက် ကျော်ထွက်ထွင်းဖောက်၍ အဘယ်သို့ သင် ငါ့ထံသို့ ရောက်အောင် လှာခဲ့ပါသလဲလို့ အဲ-ဤလို စုံထောက်တဲ့ အရေးနှင့် မင်းသမီးက မေးတယ်။

အလောင်းတော် သိကြားမင်းကလဲ– 'အချင်း ဥဒယဘဒ္ဒါ-ငါကား နတ်သားတန်ခိုးအားဖြင့် များပြားရဲမက် ကျုံးမြောင်း နက်သော်လဲ ခဲခက်လှသည်ဟု အမှုမထားဘဲ ခုန်လွှားကျော်နင်း၍ သင်နေတဲ့ တိုက်ခန်းတွင်းသို့ စရုံသွင်း ငါရောက်ခဲ့ပါတယ်' ဟူသော စကားဖြင့် သိကြားက ပြန်ဆိုတယ်။ ထိုအခါ မင်းသမီးကလဲ ညဥ့်ကြီး သန်းခေါင်မှာ လက်ဆောင်လာသွင်းတဲ့ အချင်းနတ်သား-ဥဒယဘဒ္ဒမင်းသားမှတစ်ပါး အခြားလူသူတစ်ပါးကို နတ်သားသော သိကြားသော ဟူ၍လည်း သဘောမှာ မထား သင်ပြောသော‌စကားကိုလဲ မကြားမနာလိုသင်နတ်သားကိုလဲမကြည်ညို မနှစ်သက် သင့်လက်ဆောင်ကိုသာ သင်ထမ်းပြီး တိုက်ခန်းက မြန်မြန်ထွက်၍ နောင်တစ်သက် မပြန်လာပါမည့်အကြောင်းနှင့် ခြိမ်းမောင်းကာ နှင်ထုတ်လိုက်တယ်။

အလောင်းတော် သိကြားမင်းကလဲ တိုက်ခန်းတွင်းမှ ရှောင်ထွက်ခဲ့၍ နောက်တစ်ရက် ရောက်သောအခါမှာလဲ ရွှေဒင်္ဂါး ငွေလင်ပန်းကိုယူလာပြီး ရှေးကနည်း ဖျောင်းဖျလာပြန်သော် နေ့စဥ်ဆက်ခါ ဤလိုချည်း နောင်မပျက် လာနေမှာကြောင့် နှုတ်ဆက်ကာစကားတို့ မခံတာနှင့် သိကြားမင်း ပြန်သွားရပြန်တယ်။ နောက်သုံးရက် သန်းခေါင်ယံအခါမှာ ငွေဒင်္ဂါး ကြေးလင်ပန်းနှင့်လာပြန်လေက ဥဒယဘဒ္ဒါမင်းသမီးကလဲ တစ်ခါဘည်း အပြီးအပြတ် စကားဖြင့် အပါးသို့ နောင်မလာစေလိုဘာနှင့် သိကြားကို နှင်းနှိပ်ကာဆိုတယ်။ ဘယ်လို ဆိုပါသလဲလို့ဆိုတော့ 'အချင်းနတ်သား– သင်နတ်သားကား အများလူတို့၏ နည်းလမ်း စည်းကမ်းကိုလဲ မသိ အတွင်းက အလိမ္မာဉာဏ်ကလဲမရှိ မိမိကို နှစ်သက်စေလိုတဲ့ အကြောင်းနှင့် အကယ်၍လက်ဆောင်ဖြင့်ဖြားယောင်းလိုပါမူ တစ်နေ့ထက်တစ်နေ့ ပြောင်း

(ပဥ္စမအကြိမ်)

ပြီး အဖိုးတန် လက်ဆောင်ကောင်းနှင့်သာ ဖြားယောင်းကြရိုးရှိပါလျက် နည်းလမ်း စည်းကမ်းကို မသိသည့်အတွက်ကြောင့် တစ်နေ့ထက်တစ်နေ့ ဆုတ်လို့ အဖိုးယုတ်ကို လက်ဆောင်သပြီး နှစ်သက်အောင် သင်ဖျောင်းဖျ ခြင်းကား အတွင်းက ဉာဏ်ပညာကင်းလို့မဟုတ်ပါလော'ဟု စောကြော တဲ့အလိုနှင့် သိကြားမင်းကို နှိပ်နင်းကာဆိုတယ်၊ ထိုအခါ သိကြားမင်းက 'အချင်း ဥဒယဘဒ္ဒါ-ငါနတ်သားကား ဉာဏ်ပညာပါးသည်မဟုတ် ကုန် ပုပ် ကုန်ကောင်းကို စစ်ဆေး၍ ထိုက်တန်သောအဖိုးကို ပေးတတ်တဲ့ ပညာတတ် ကုန်စျေးသည်ကြီးနှင့် ငါ တူပါတယ်။ သင်တို့ လူ့ရွာက လူတို့၏ ကိုယ်ခန္ဓာဆိုတာ နတ်တို့လို မအိုမနာဘဲ အသက်တိုင်း နေကြရတာ မဟုတ် တဖြည်းဖြည်းတလုပ်လုပ်တစ်နေ့ထက်တစ်နေ့ဆုတ်ယုတ်ခြင်းကြောင့် သင့်ခန္ဓာ အထည်ထုပ်ကိုထောက်ဆ၍ အဖိုးကို ငါလျော့ကာ လက်ဆောင် သရပါတယ်၊ အကယ်၍ သင်တို့လူ့ခန္ဓာကိုယ်သည် နတ်ဘို့လို မနာမအိုဘဲ တစ်နေ့ထက်တစ်နေ့ပိုပြီး အဆင်းအရေတိုးတက်၍ ပျိုခဲ့ပါမူ ရွှေကိုသာ အဖိုးမပျက်ဘဲ တစ်နေ့ထက်တစ်နေ့တက်ပြီး ထိုက်သင့်ရာ လက်ဆောင်နှင့် ချီးမြှင့်၍ သင်မင်းသမီးကို ငါဖြားယောင်းသင့်ပါပေသည်၊ သင်တို့၏ လူ့ ခန္ဓာသည် နတ်တို့လိုလဲ ပျိုခဲ့တာမဟုတ်၊တစ်နေ့ထက်တစ်နေ့ဆုတ်၍ တလုပ် လုပ် ယိုယွင်းလို့ အိုမင်းခြင်းဇရာယူဘာနှင့် ဆုံဖြူကာ အားအန်သေးပြီး တဖြည်းဖြည်း ခုကြည့်ယင်းပုင် အိုမင်းတဲ့အထည်ဆွေးဟာမို့ တစ်နေ့ထက် တစ်နေ့ကိုဆုတ်ပြီး ယုတ်လျော့တဲ့ လက်ဆောင်ကို ငါ ပေးပါတယ်။ ငယ် သေးတဲ့ခုအခိုက်က သီလကို အားစိုက်လိုက်ပါမူ နတ်ဘုံ၌ နတ်တို့ကိုယ်လို တစ်သက်လုံး မနာမအိုရဘဲ နုပျိုတဲ့ အသင့်အရွယ်ကိုရ၍ ကြီးကျယ်သော စည်းစိမ်ကို စံစားရလိမ့်မယ်'ဟူသောစကားနှင့် သိကြားက ဆိုပြန်တယ်။

ဥဒယဘဒ္ဒါ မင်းသမီးကလဲ 'အရှင်နတ်မင်းကြီး နတ်သမီးနတ်သားတို့ ကိုယ်ဆိုတာ လူတို့လို သွားဆံယွင်းပြီး အိုမင်းခြင်း မရှိကြပါဘူးလား၊ အကယ်၍ နတ်ဆိုတာ မအိုမမင်းရဘဲ တစ်သက်လုံးပျိုရွယ်တဲ့အဆင်းနှင့်သာ နတ်မင်းတို့နေရပါမူ အဘယ့်ကြောင့် လူ့ရွာက လူအပေါင်းဟာနတ်ရွာသို့ မရွေ့မပြောင်းကြဘဲ အိုညှောင်း၍ နေချင်ကြပါသလဲ၊ မအိုမနာရ ရှည် ကြာစွာ နတ်ရွာ၌နေရပါအောင် နတ်လမ်းမသိကြောင်းသင်၍ နတ် စောင်းတန်း ထွင်တော်မူခဲ့ပါ'ဟူသော အကြောင်းများနှင့် နတ်သားကို တောင်းပန်တယ်။

(ပဉ္စမအကြိမ်)

အဲ ထိုအခါသိကြားမင်းကလဲ "အချင်း ဥဒယဘဒ္ဒါ- ငါတို့နတ်ရွာနတ်ပြည်မှာ အနေရတွန့်ရှုံ့ အားနုံ့ လျော့ရဲ မျက်မှဲဆံဖြူ နားအူသွားကျိုးအမြင်ဆိုးအောင် အိုရရိုးမရှိ၊ ရှုကြည့်စဖွယ် ဆင်းအရွယ်နှင့် တင့်တယ်ရူပမယိမ်းမယိုင် မတိမ်းနိုင်ဘဲ သက်ဆုံးတိုင်နေကြရမြဲချည်းသာ ဖြစ်ဘယ်၊ လူ့ခန္ဓာကိုစွန့်ပစ်၍ အကယ်၍နတ်ပြည်၌ဖြစ်လိုပါက ဆယ်ပါးသောဒုစရိုက်ပါပကိုရှောင်ရှားပြီး ဆယ်ပါးသော သုစရိုက်ဓမ္မနှင့် သီလကို မချွတ်ယွင်းစေဘဲကိုယ်တွင်းမှာ အမြဲထားရမယ်၊ သူ့ဘစ်ပါးတောင်းရမ်းလာရင်လဲပေးကမ်းစရာ ဝတ္ထုပစ္စည်းကို ရှာမှီးတဲ့သို့ လလဲတစ်ခု ပြုသမျှကောင်းမှုကိုလဲကြည်ယုံနှလုံးသွင်းပုံကလဲနူးညံ့ ,ခဲ့ဖြန့်ဘတ်သောအလေ့ ကိုလဲစွဲလမ်း, တောင်းရမ်းလာရင်လဲ ဝေငှ,သင်္ဂဟသေးပါ,ဖြင့်လဲချီးမြှင့်, သင့်တင့်နားလွယ်ချစ်ခင်ဖွယ်သောစကားလဲရှိ, ပြောင်းအိပြေပြစ်သောစကားကိုလဲ ဆို,၍ ဘစ်ဆယ့်ရှစ်ပါးသောတရားတို့ကို မယိုမပေါက် မပျောက်မကျသင်မင်းသမီးလက်ကိုင်ရခဲ့လျှင်နတ်ပြည်သို့ရောက်ရခြင်းအကြောင်းစောင်းတန်းကောင်းလှေကားကြီးပဲလို့ မြဲမြဲကြီးစွဲပိုက်၍ မပျက်အောင် အားစိုက်ရမယ်သို့" အဲ ဤလိုစကားနှင့် သိကြားမင်းက ပြောကြားဘယ်။

ထိုအခါ ဥဒယဘဒ္ဒါမင်းသမီးကလဲ "အရှင်နတ်မင်း-မိဘရင်းကဲ့သို့ လွန်မင်းစွာ မေတ္တာအေးနှင့် အကျွန်ုပ်ကို အဆုံးအမ ပေးပါဘယ်၊ ရှေးဘဝလူတို့နယ်တွင် ဘယ်မျိုးနွယ် ဘယ်နေရပ်က လူ့ဇာတ်ကိုစွန့်ခွါ၍ နတ်ပြည်မှာဖြစ်ရပါသလဲသို့" အဲ ဤလိုအရင်းအမြစ်ကို သိလိုရေးနှင့် မင်းသမီးကမေးပြန်တယ်။

အလောင်းတော် သိကြားမင်းကလဲ လာခဲ့ရင်းအကြောင်း ကိစ္စပြောကြားစရာအချိန်ကျတာနှင့် "မင်းသမီးဥဒယဘဒ္ဒါငါနတ်သားကားအခြားက-မဟုတ်ချေ သုရုန္ဓနမြို့ကြီး ရှင်ဘုရင်ကေရာဇ် ဥဒယဘဒ္ဒမင်းသားအဖြစ်မှ စုတေရ၍ တာဝတိံသာနတ်ပြည်အတွင်းမှာ သိကြားမင်းဖြစ်နေရတဲ့သင်၏ခင်ပွန်းဖစ်ပင် ငါဖြစ်ပေသည်၊ လူ့ပြည်မှာ နေစဉ်အခါက ဖြစ်ရာဘဝမှပြောသာကြစတမ်းဟုချိန်းချက်ခန့်ဝန်တင့်ဘစ်ခုနှင့် ဂတိကိုပြေအားစေရန်မျှော်ရှု၍ သင့်ထံသို့ ငါယခုရောက်ရသည်၊ ပြောဖို့လောက်ကိစ္စပြီးလို့မို့ဝန်ခံကြီးဂတိကျေတာနှင့် စံနေရာဝတိံနန်းသို့ ပြန်မြန်းစက်ချီတော့မည်" ဟူသောစကားနှင့် မင်းသမီးအား ပြန်ကြားကာ ပြောကြားတယ်။

**(ပဉ္စမအကြိမ်)**

ထိုအခါ ဥဒယဘဒ္ဒါမင်းသမီးလဲ အရှင်းအမြစ်ကိုသိချပြီးသည့်နှင့် သက်ကြီးလိုက်ဖိုသောကဟုန်အပူမြိုက်တာနှင့်တရှိုက်ရှိုက်ငိုယိုပြီးသိကြားမင်းကိုတောင်းပန်တယ်၊ ဘယ်လိုတောင်းပန်ပါသလဲလို့ဆိုတော့ ... "အရှင်ဥဒယဘဒ္ဒသိကြားမင်း-လူကလို နှစ်ကိုယ်မယှဉ်း ရုံရွှေအသင်း ဗိုလ်ထုအစုံနှင့်နတ်ပြည်မှာအတူဆုံရအောင် လူ့ဘုံကမျှော်မှန်းလို့ ရေဝ်ရမ်းစရာ နည်းလမ်းအရနှင့်ကျင့်ကြံဖို့ရာစည်းကမ်းချလို့မို့ နတ်သမ်းမထွင်တော်မူခဲ့ပါဦး" ဟူသောစကားနှင့် သိကြားကို တောင်းပန်ပြန်တယ်။

အဲ-သိကြားမင်းကလဲ့"မင်းသမီး ဥဒယဘဒ္ဒါ-သတ္တဝါ ဟူသမျှတို့မှာ မိမိတို့ရကြတဲ့ ဘဝအသက်ကို တမက်မက်ခင်မှားပြီး မပျက်မကွဲ ကျောက်မျက်ရွဲကဲ့သို့မြဲမလောက်ထင်စားကြလို့မို့ သုစရိုက်သီလတရားကို မကျင့်ကြသူများကြဘာနှင့် နတ်ပြည်သုဂတိသို့ ရောက်အောင် မသွားနိုင်ကြတာတွေတဲ့၊ အသက်အရွယ်ဆိုတာမှာလဲ မြဲနိုင်ကြတာမဟုတ် အနည်းငယ် တဖြုတ်မျှဖြင့်ပင် ခဏတ္တယပြောင်းကြွေပြီးသိန်းသောင်းမကာစုံတေရလို့မို့ ရုပ်နာမ်တွေ အခြေမလှုနိုင်ဘဲ ပထမအရွယ်က ဒုတိယ,ဒုတိယအရွယ်က တတိယသို့ မကြာခင် ရောက်ကြရပြီး ဘိဇ္ဇနစက်ကွင်းကို မထွင်းမဖောက်နိုင်ကြတာနှင့် အနိစ္စလက်တွင်းမှာ ကျွမ်းပျောက်သွားရတာတဲ့၊ အဲ-တာလို ဖြစ်ရမှာကို ဆင်ခြင်၍ မိမိ၏အသက်အရွယ် အဆင်းကိုမခင်မင်ဘဲ ငယ်ရွယ်စဉ်နန်းကခွါပြီး ရသေ့ရဟန်းတို့၏ပရိက္ခရာနှင့်သီလကိုသာဖွေရှာလို့နတ်ရွာကိုခရီးပေါက်တဲ့အောင် မြန်မြန်ကြီး နတ်ခေါင်းတန်းဆောက်ရမယ်" ဟူသောစကားနှင့် သိကြားက ဩဝါဒပေးတယ်။ ထို့ကြောင့်-

အတိပတတိ ဝယော ခဏော တထေဝ၊
ဌာနံ နတ္ထိ ဓုဝံ စဝန္တိ သတ္တာ။
ပရိဇိယတိ အဒ္ဓုဝံ သရီရံ၊
ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

လို့-ဟောတော်မူတယ်။

ဝယော၊ ပထမ,ဒုတိယ, တတိယပိုင်းခြား အရွယ်သုံးပါးသည်။ အတိပတတိ၊ အလွန်ပျောက်ကွယ် ကျရောက်လွယ်၏။ ခဏော၊ဥပါဒ်ဌီဘင် ခဏအစဉ်သည်။ တထေဝ၊အရွယ်ခပြား နည်းမခြားဘဲ မြက်ဖျားနှင်းနှယ်ပျက်
(ပဥ္စမအကြိမ်)

ကင်းလွယ်၏။ ဌာနံ၊ ဖြစ်ဖြစ်သမျှ သခါရတို့ မကျမယိုင် ကြံ့ကြံ့ခိုင်၍ တည်တံ့နိုင်သော သဘောသည်။ နတ္ထိ၊ စိုးစိဆံလွှာမရှိပါ။ သတ္တာ၊ သခါရဝဋ္ဋ တွင်းမလွတ်ကင်း၍ ဆင်းမိသမျှ သတ္တဝါ ဟူသမျှတို့သည်။ ဓုဝံ၊ အမြဲမချွတ် မကျွတ်မစဲ ရှောင်မလွတ်နိုင်ဘဲသာလျှင်။ စဝန္တိ၊ ကဒေါ်ကရိုက် အမော ဆိုက်၍ မြေ့ရှိုက်လိုက်ခုန် သေရကုန်၏။ သရီရံ၊ လေးပါးမဟာဘုတ် စပ်ကာချုပ်၍ ဓာတ်ရုပ်ထုပ်သို လူတို့ကိုယ်သည်။ အဒ္ဓုဝံ၊ မပြည်မကွဲ အတည်စွဲ၍ မြဲနိုင်သောသဘောမရှိ။ ပရိဇီယတိ၊ တေဇောလွှမ်းဘိ နှမ်းကာ အို၍ ရှမ်းမှည့်ယိမ်းခွေ အိုရလေ၏။ ဥဒယေ-သုရုန္ဒနမြို့ကြီး စိုးအုပ် စီးတဲ့ မင်းသမီးဥဒယ။ မာပ မာဒ၊ စည်းစိမ်နန်းငွေ့ စံမြန်းမွေ့၍ လွှမ်း မေ့ရှည်စွာ မနေပါလင့်။ ဓမ္မံ၊ အသင့်ညီမျှကျင့်သီလကို။ စံရဿု၊ ရဟန်း ရသေ့ သက်နန်းမွေ့၍ ချမ်းမြေ့သာယာ ကျင့်လေပါလော။

ထိုမှတစ်ပါးလဲ တစ်ပုံလွှဲ၍ တစ်နည်းဖြင့်ဆုံးမပြန်လို၍ မင်းသမီး ဥဒယ ဘဒ္ဒါ–စည်းစိမ်ကို တပ်မက်၍ နှစ်သက်တဲ့သတ္တဝါဆိုတာ ဇမ္ဗူဒီပါမြေပြင် လွှမ်းပြီး လေးကျွန်းကို ဖြန့်းအုပ်လို့ တစ်ယောက်တည်း မင်းလုပ်ကာ အနှစ် တစ်သိန်းပင် ကြာရစေကာမူ တင်းတိမ်အားရ စိတ်သက်ချ၍ လောဘကို ခွာနိုင်ကြတာ မဟုတ်ဘူးတဲ့၊ ယစ်မူးနှစ်သက် တမက်မက်နှင့် သီလကိုမှမလေ့ ကျက်နိုင်ဘဲ အသက်နှင့် စည်းစိမ်ကို စွန့်ခွာ၍ တပ်မက်တဲ့ စိတ်ဆန္ဒကိုမဖြေ နိုင်ဘဲသာ တဲမလွန်ရွာသို့ ကူးသွားရတာတဲ့၊ အဲဒါကြောင့် စည်းစိမ်ကို မငဲ့မညှာဘဲ အာသာကို ဖြေဖြတ်လို့ ကေစာဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီး သင့်မြတ်သော လျှော်တေသက်နန်းဖြင့် သီလကိုသာ ကြိုးပမ်းရမယ်လို့ အဲ-ဤလိုလဲ တစ်နည်းပြ၍ ဆုံးမတော်မူပြန်တယ်။ ထို့ကြောင့်—

ကသိဏာ ပထဝီ မနုဿပူရာ၊
ကေဿေဝ သိယာ အနုညမေဿျာ။
တံစာပိ ဇယတိ အဝီဘရာဂေါ၊
ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

မနုဿ ပူရာ၊ ရှာ,ထောင်,သိန်း,သောင်း လူမျိုး အပေါင်းတို့ သောင်း ပြောင်း ရောပြွမ်း တစ်ပြင်လုံး ပြည့်လွှမ်းသော။ ကသိဏာ ပထဝီ၊ ပြန့်ကျယ် အဆုံး ရှိသမျှ တစ်မြေတောင်လုံးသည်။ အနုညမေဿျာ၊ တစ်ပါးမင်းတို့ မချဉ်းမှဆိုင် အလျဉ်းပင်မပိုင်နိုင်ဘဲ ကေဿေဝ ထီးတစ်စင်းဆောက် မင်း

တစ်ယောက်၏ နှင်းဖောက်နိုင်မှု တိုင်းနိုင်ငံ တစ်ခုသည်သာလျှင်။ သိယာ၊ ပြောပလောက်ဖွယ် လေးဘကျယ်ဖို့ အာယ်၍ပေ ဖြစ်ပါချေအံ့။ တံစာပိ၊ သို့ကလောက်လုံးလုံး တစ်ယောက်သုံးဖို့ မဆုံးမပြီးနိုင်ငံကြီးကိုသော်သည်း။ အဝိတရာဂေါ၊ တတွဲမက်မက် မခွဲလျက်၍ ဆွဲဖက်မှိုင်ငေး အားမရနိုင်သေးပဲသာလျှင်။ ဇဟတိ၊ အခြေမမြဲ အသေခွဲ၍ ရှောင်လွဲရှားခွာ စွန့်ရပါ၏။ ဥဒယေ၊ ကာသိတိုင်းကြီး ဝိုင်းကာဆီးတဲ့ မင်းသမီး ဥဒယ၊ မာပမာဒ၊ အကျဉ်းလှောင်သွင်း တိုင်းနှောင်တွင်း၌ မပျင်းမမွေ့ကာ မမဲ့ပါလင့်။ ဓမ္မံ၊ သီလစောင်းတန်း နှတ်ရှာသမ်းကို။ စရဿု၊ ဖော်ရွှေမမှီးလျှော်တေ ဆီး၍ ကိုယ်တည်းဆုတ်ခွာ အားထုတ်ပါလော။

ထိုမှတစ်ပါးလဲ တပုံလွှပြီးတစ်နည်းဖြင့် ဆုံးမပြန်လို၍ မင်းသမီး ဥဒယဘဒ္ဒါ၊ ဤလူ့ရွာလောက၌ ရှိကြတဲ့ သတ္တဝါ အပေါင်းတို့မှာ အကြောင်းကံပစ် မိဘစစ်နှင့် မောင်ချစ်နှမ စပ်တော်ရာ သွေးမကင်းကြတဲ့ ဆွေညာရင်းသင်္ဂဟတို့နှင့်ဆုံသကာမကွဲမကင်းနိုင်ဘဲ တစ်တွဲတသင်းထဲပေါင်းစုပြီး ဝသုံးတစည်းတည်း နေရခြင်း၌ ရောင့်ရဲ တင်းတိမ်နိုင်ခြင်း မရှိကြဘူးတဲ့၊ တစ်ဦးနှင့်တစ်ဦးကို ယှဉ်ပူးကာ မခွာလျက်ကြဘဲ တမက်မက်တညွှာညွှာငဲ့ကွက်တဲ့ စိတ်ဝိတက်တွေနှင့်သာ တပေပေတလူးလူး တပွေပွေ တမူးမူးနှင့်သာ တမလွန်ရွာသို့ ကူးသွားကြရတာတွေတဲ့၊ အဲ့တာကြောင့် ရှိသမျှညမိတ်တွေကိုလဲ မက်မပြေစိတ် မသွင်းမိစေဘဲ ကေစာဝေးရာသို့ ရှောင်ကွင်းပြီး နောင်မျိုးရင်း မဆုတ်မယုတ်ရအောင် သီလကိုသာ အားထုတ်ရမယ်လို့၊ အဲ့-ဤလိုလဲ တစ်နည်းပြ၍ ဆုံးမတော်မူပြန်တယ်။ ထို့ကြောင့်—

> မာတာ စ ပိတာ စ ဘာတရော စ၊
> ဘရိယာပိ ဓနေန ဟောန္တိ အာတိတ္တာ။
> တေဝါပိ ဇဟန္တိ အညမညံ၊
> ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

မာတာစ၊ လွယ်ကာရင်တွင်း အမိရင်းသည်သည်းကောင်း။ ပိတာစ၊ ကြောင့်ကြမကင်း အဖရင်းသည်လည်းကောင်း။ ဘာတရောစ၊ သားချင်းမှိုခို ညီအစ်ကိုတို့သည် လည်းကောင်း။ ဘရိယာပိ၊ အိမ်တွင်နီးပါး သားမယားတို့သည်လည်းကောင်း။ ဓနေန၊ ရွှေငွေဓန ပေးဝေမှုခြင်းဖြင့်။ အာတိတ္တာ၊ ခွဲခွာမရ မရောင့်ရဲနိုင်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဝါပိ၊

ထိုသို့ခင်မင် ချစ်ကျွမ်းဝင်၍ မခွဲမခွာချင်ကြကုန်သောသူတို့ပင်သော်လည်း။ အညမည်၊မိဘ,သားသမီးချစ်မညီးတဲ့ဆွေကြီးမျိုးရင်း အချင်းချင်းပင်။ဇဟန္တိ၊ငိုမြည်ရှိုက်လဲ ဆွေပုံထဲက ပစ်လွှဲလိုက်ကုန် စွန့်ရကုန်၏။ဥဒယေ၊ဆွေတော်မျိုးကြီး ဖော်မငြိုးတဲ့မင်းသမီး ဥဒယ။မာငမာဒ၊အရိပ်တော်သရွေ့မိတ်ဖော်ငွေနှင့် ပျော်မေ့ကာ မနေပါလင့်။ ဓမ္မံ၊ သီလစောင်းတန်းနတ်ရွာလမ်းကို။ စရဿု၊မျိုးဆွေမနီးမြိုင်ဘောကြီး၌ကိုယ်တည်းဆုတ်ခွာအားထုတ်ပါလော့။

ထိုမှတစ်ပါးလဲ နည်းဘခြားဖြင့် ဆုံးမပြန်လို၍ မင်းသမီး ဥဒ္ဒယဘဒ္ဒါသတ္တဝါများ လောကီသားတို့မှာ ရုပ်ကာယ ကိုယ်ခန္ဓာကို ငါ့ဟာဘဲဟု စွဲကာထင်ပြီး ရမိတဲ့ခုဘဝမှာ တွေ့ရှိသမျှ ဆွေမျိုးဉာဘကာတို့နှင့်သာ ပျော်ရွှင်လို့ ခင်မင်တွယ်တာကာ နေကြတာတွေတဲ့၊ အမြစ်ကို စစ်ရှာဖွေလိုက်တော့ ဤကာယခန္ဓာတွေဟာ ခိုင်းစေရာကို ကြိုးကိုင်လို့ ကိုယ်လိုတိုင်းအုပ်စိုးနိုင်တာမဟုတ်၊ ပျက်ချင်ပျက် ချုပ်ချင်ချုပ် ကိုယ်ပြုလုပ်လိုသမျှကို မလိုက်မပါ ကျီးငှက်လင်းတ ပြင်ပက တိရစ္ဆာန်မျိုးနှင့် အတွင်းက ခိုဝင်ထိုးနေကြတဲ့ ပိုးမျိုးတို့၏ အစာမျှသာတဲ့၊ ခုရတဲ့ လူ့ဘဝမှာလဲ တွေ့ရတဲ့ဉာတကာတို့နှင့် တူမကွာ အကြောင်းစုံလို့ ပေါင်းဆုံကာ နေကြရဆိုတာမှာလဲ ကြာမြင့်စွာနေကြရတာမဟုတ်၊တစ်ဖြုတ်တစ်ခဏ တမုဟုတ္တလောက်မျှသာ ပေါင်းဆုံလို့ နေကြရတာတဲ့၊ တာကြောင့် ကျီးငှက်ပိုးမွှားတို့၏အစာမျှသာဖြစ်ဘဲ့ ရုပ်ခန္ဓာကိုခင်မင်လို့ အခိုက်အတန့်ပေါင်းဆုံရတဲ့ ဉာဘကာတို့နှင့် ပျော်ရွှင်ကာမနေမိစေဘဲ နတ်ပြည်ကိုသာ ရည်မှန်းပြီး သီလကိုကြိုးပမ်းရမယ်ဟူသော စကားနှင့် သိကြားက ဆုံးမပြန်တယ်။ထို့ကြောင့်—

ကာယော ပရဘောဇနန္တိ ဉတွာ၊
ဘံသာရေ သုဂတိဉ္စ ဒုဂ္ဂတိဉ္စ။
ဣတ္တရဝါသောတိ ဇာနိယာန၊
ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

ကာယော၊ ကောဋ္ဌာသစုရုံး တစ်ကိုယ်လုံးသည်။ ပရဘောဇနံ၊ လင်းတပိုးမွှား သူတစ်ပါးတို့ စားဖို့ဖြစ်လာ ဘောဇဉ်သာတည်း။ ဣတိ၊ ဤသို့ဖြစ်ရန် သဘာဘာမှန်ကို။ ဉတွာ၊ ဘွေးကြံနိုင်းညှိ ဟုတ်တိုင်းသိ၍။ သံသာရေ၊ တာရှည်လျှံစီး သံသရာကြီး၌။ သုဂတိဉ္စ၊ ကောင်းရာစုန်ဆင်းပေါင်း

ဆုံရခြင်းကိုလည်းကောင်း။ ဒုဂ္ဂတိဥ္စ၊ မကောင်းစုံဆင်း ပေါင်းဆုံခြင်းကိုလည်းကောင်း။ ဣတ္တရဝါသေ"တိ၊ အလိုမကျ တာ့ဘိုလှချေ၏ဟု။ ဇာနိယာန၊ ညှိဆောင်နိုင်းစံ သိအောင်ကြံ၍။ ဥဒ္ဒယေ၊ ကိုယ်ကိုနှစ်သက် မပစ်လျက်အောင် ရစ်မက် ထန်သည်း ဥဒယမင်းသမီး။ မာ ပမာဒ၊ ကိုယ်တစ်လုံးနှင့် နှလုံးမေ့ကာ မမေ့ပါနှင့်။ ခမ္ပံ၊ အမြွတ်ငြမ်းမှီး နတ်နန်းနီးဖို့ လမ်းကြီးပွင့်ကြောင်း အကျင့်ကောင်းကို။ စရဿု၊ လျှော်ခတကိုမက် ကိုယ်ကိုဖျက်၍ မှိုင်နက် လွှင့်ကာ ကျင့်လေပါလော့။

ဥဒယဘဒ္ဒါမင်းသမီးလဲ သိကြားမင်းကြီး ဟောပြသော တရားစကားကို ဝမ်းပါးကြည်နူး သဘောနှစ်ခြိုက် မနောစိုက်လိုမို့ သိမ်းပိုက်ကာ စိတ်မှာစူးလှတာနှင့် အထူးချီးမွမ်းထောမနာပြီးမှ နက်ဖြန်ကာ သိကြားမင်း၏ ဩဝါဒမပျက်ရအောင် တောထွက်၍ ရသေ့ရဟန်းပြုပါတော့မယ် ဟူသော ပဋိညာဉ်နှင့် သိကြားမင်းကို ဝန်ခံဘယ်။ ထို့ကြောင့်—

သာဓု ဘာသတိ'ယံ ယက္ခော၊ အပ္ပံ မစ္စာန ဇီဝိတံ။
ကသိရဥ္စ၊ ပရိတ္တဥ္စ တဥ္စ၊ ဒုက္ခေန သံယုတ္တံ။
သာဟံ ကော ပဗ္ဗဇိဿံ၊ ဟိတွာ ကာသိံ သုရုန္ဓနံ။

မစ္စာနံ၊ သံသရာမြစ်ကြီး နစ်ကာစီး၍ ခရီးရှည်လျား သတ္တဝါအများတို့၏။ ဇီဝိတံ၊ မှီရမဟာဘုတ် ဇီဝရုပ်သည်။ အပ္ပံ၊ ချုပ်လွယ်ခဏ နုပ်ငယ်လှ၏။ ဣတိ၊ ဤသို့။ ဘာသမာနော- သဘောကျစေ ဟောပြပေသော။ အယံယက္ခော၊ ဤသို့တရားသွင်း သိကြားမင်းသည်။ သာဓု၊ အကြောင်းညွှန်ကာ ကောင်းမွန်စွာသာလျှင်။ ဘာသတိ၊ သံဝေထိစွဲ သတိမြဲဖို့ ဝေခွဲနိုက်မွေ ဟောပြပေ၏။ ဇဝံ၊ ဤသို့ သိကြားမင်း ဟောပြသွင်းသည့် တရားရင်းအတိုင်းသာလျှင်။ ဇူဒံဇီဝိတံ၊ များစွာအဆက်ဆက် ဤသတ္တဝါတို့၏ အသက်သည်။ ကသိရဥ္စ၊ မသေအောင်ကျွေး ရှည်အောင်မွေးရ အလွန်လည်း ဝန်လေးပင်ပန်းလှချေ၏။ ပရိတ္တဥ္စ၊ ကျွေးမွေးသလောက် ရေးမရောက်ပဲ ပြေးလျှောက်ယွင်းယို တိုလည်းတို၏။တဥ္စ၊ ငြိုငြင်တိုပျက် ထိုအသက်သည်လည်း။ ဒုက္ခေန၊ ရှိသမျှသောင်းပြောင်း ဒုက္ခပေါင်းနှင့်။ သံယုတ္တံ၊ မပြတ်တစေ ယှဉ်စပ်ချေ၏။ သာဟံ၊ ထိုအသက်နှင့် အဖက်ပြုလုပ် အကျွန်ုပ်သည်။ ကာသိဥ္စ၊ ဝဲယာလှည့်ဝိုင်း ကာသိတိုင်းကိုလည်းကောင်း။ သုရုန္ဓနဥ္စ၊ ထီးနှင့်နန်းဘုံ ကြငှန်းခြုံတဲ့ ဆန်းစုံညီးညီး

သုရုန္ဒနမြို့ကြီးကိုလည်းကောင်း။ ဟိတ္တာ၊ နံ့ညီ့စေးခြောက် တံခွေးပေါက်သို့ ဖေးယောက်မှည့ာ စွန့်ပစ်ခွာ၍။ ကော၊ ဟေမာမြိုင်မင်း ဂန္ဒိုင်ချဉ်းလျက် လိုဏ်တွင်းခိုမှီး တစ်ကိုယ်တည်းသာလျှင်။ ပဗ္ဗဇိဿံ၊ အမြင်ငြိမ်းခေါ်နတ်လမ်း ပေါ်အောင် မှန်းမျှော်ရော်ရမ်း လျှော်သင်္ကန်းနှင့် ရဟန်းပြုပါတော့အံ့။

အဲ-အလောင်းတော်သိကြားမင်းလဲ ရှေးချိန်ချက်ရင်းရှိခဲ့ကြတဲ့ ဂတိဝန်ကင်းပလို့ မင်းသမီးတောင်းပန်တဲ့ နတ်လမ်းကိုလဲဟောပြ၍ ပြုသင့်သမျှကိစ္စပြီးတာနှင့် မင်းသမီးကိုပန်ကြား၍ တာဝတိံသာနတ်နန်းသို့ ပြန်မြန်းတက်ချီသွားတယ်။ ဥဒယဘဒ္ဒါမင်းသမီးလဲ သိကြားမင်းပြန်သွားပြီးသည်မှ နောက်တစ်ရက် နံနက်ညီလာခံအစဲတွင် အမတ်ကြီးများကို နန်းလွှဲခဲ့ပြီးမှ ဥယျာဉ်တော်ထဲတွင် ကျောင်းသင်္ခမ်းနှင့် ရသေ့ရဟန်းပြုလုပ်၍သီလကိုမညှိုးမယုတ်ရအောင် အားထုတ်ကာ ကြိုးစားသဖြင့် သေသည်၏ အခြားမှာ တာဝတိံသာ နတ်ပြည်သို့ လားသွားပြီး သိကြားမင်း၏ မိဖုရားကြီး ဖြစ်နေရတယ်။

အဲ-ဤဝတ္ထုသာဓက၌ ယသော်ဓရာ၏အလောင်း ဥဒယဘဒ္ဒါမင်းသမီးသည် လျှော်တေသင်္ကန်းနှင့် ရသေ့ရဟန်းတို့၏ အသွင်ကိုကျင့်ကြံပြီး မြတ်သောသီလကိုရှာမှီးလို့ နတ်စောင်းတန်းကြီးဆောက်ခဲ့တဲ့ ကုသိုလ်ကြောင့် နတ်ပြည်ကို ရောက်ရရုံမျှမက ပစ္ဆိမဘဝအခေါက်တွင် ဧတဒဂ်မြောက်ရာထူး အထင်အမြင်နှင့်အာသဝေါကုန်စင်ပြီးနိဗ္ဗာန်တိုင်ဝင်သွားရသည်ကို ထောက်ဆ၍ သီလကို ဆောက်တည်ကြကုန်သော သူတို့မှာလဲ ငါတို့ကား နတ်ရွာတက်စရာစောင်းတန်းလှေကားနှင့်တကွ နိဗ္ဗာန်ဝင်စရာတံခါးဝကို ကောင်းကောင်းကြီးရကြပေပြီဟု မနသိကာရသွင်းပိုက်၍ ကြည်ကြည်လင်လင် နှစ်နှစ်ခြိုက်ခြိုက် သီလကိုသာ အားစိုက်ကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

**သီလ၏ အကျိုးအာနိသံသကိုပြသော ဥဒယဘဒ္ဒါ**
**မင်းသမီးဝတ္ထု ပြီး၏။**

(ပဉ္စမအကြိမ်)

( ၂ )

### လောကီ စည်းစိမ်ကို တောင့်တ၍ သီတင်းသီလကို ဆောက်တည်ရာ၌ အပြစ်ကိုပြသော

# သီတင်းသည်မ ငါးရာ ဝတ္ထု

---

သီဝံ ပတ္ထေထ၊ ဘိက္ခဝေ၊ သီဝံ ပတ္ထေတ္ဘာန ဒါနံ။
ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ။

ဘိက္ခဝေ၊ သံသရာစက် ဝဲဂယက်မှ ကျော်ထွက်လိုကြငြား။ အိုချစ်သားတို့။ သီဝံ၊ ဇာတိအစ ဘေးဒုက္ခတို့၏ အေးမြရာမှန် ပြည်နိဗ္ဗာန်ကို။ ပတ္ထေထ၊ ကြောင့်ကြမကွာ တောင့်တကြပါကုန်လော။ သီဝံ၊ ဘေးရန်မမှီး နိဗ္ဗာန်ပြည်ကြီးကို။ပတ္ထေတွာန ကြောင့်ကြတစ်ခု တောင့်တခြင်းကိုပြုကြကုန်သည်ဖြစ်၍။ ဒါနံ၊ နိဗ္ဗာန်အဆောက်အဦ စိတ်ရှယ်ခြုံ၍ လှူသင့်လှူရိုး အလှူမျိုးကို။ ဒါတဗ္ဗံ၊ ရည်မှန်းမပြတ် လှူဒါန်းအပ်၏။သီလံ၊ ပဉ္စအဋ္ဌ ဒသသတ်မှတ် သီလမြတ်ကို။ ရက္ခိတဗ္ဗံ၊ မကျိုးမပျောက် မညှိုးခြောက်အောင် မပေါက်မပြတ် စောင့်ရှောက်အပ်၏။ ဘာဝနာ၊ သမထဝိပဿနာ လေ့လာပွားရိုး ဘာဝနာနှစ်မျိုးကို။ ဘာဝေတဗ္ဗာ၊ ခါခါထပ်ထပ် ပွားများအပ်၏။

ဤဒေသနာတော်အလာ ဘုရားရှင် အလိုတော်မှာတော့ ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုကို ဖွေရှာပြုစုကြတဲ့သူတို့မှာ လူ့စည်းစိမ် နတ်စည်းစိမ်ဆိုတဲ့ လောကီစည်းစိမ်ကိုသာ ဝါသနာအထုံစွဲပြီးလိုချင်တောင့်တခြင်းကို မပြုမိကြစေဘဲ နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာ လောကုတ္တရာ စည်းစိမ်ချမ်းသာကိုသာ အရခဲပြီး စွဲမြဲကာ တောင့်တကြရမယ်တဲ့။

သို့-လူနတ်တို့၏ စည်းစိမ်နှင့် နိဗ္ဗာန်စည်းစိမ်ဆိုတာ ချမ်းသာတာချည်း မဟုတ်ကြပါလား၊ သို့လို ချမ်းသာတာချည်း ဖြစ်ခဲ့ပါရင်လဲ ဘာကြောင့် လူနတ်တို့၏ ချမ်းသာကိုတော့ မတောင့်မတရဘဲနှင့် နိဗ္ဗာန်ချမ်းသာကိုသာ တောင့်တရမယ်လို့ မြတ်စွာဘုရားက တိုက်တွန်းနှိုးဆော်တော် မူရပါသလဲလို့

---

သီတင်းသည်မ ငါးရာဝတ္ထုကား-ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၃၇-၃၈၌လာသည်။
(ပဉ္စမအကြိမ်)

ဆိုတော့—လူနတ်တို့၏ လောကီချမ်းသာများ ချမ်းသာတာနှင့် နိဗ္ဗာန် ချမ်းသာ ချမ်းသာတယ်လို့ဆိုတာ အချမ်းသာခြင်း မတူကြသေးဘူးတဲ့၊ လောကီချမ်းသာထက် လောကုတ္တရာချမ်းသာက သာလွန်ထူးကဲ၍ ချမ်း သာတယ်၊ သို့-လောကီချမ်းသာက ဘယ်လိုချမ်းသာလို့ လောကုတ္တရာ ချမ်းသာက ဘယ်လို ထူးကဲရပါသလဲလို့ ဆိုတော့-လောကီစည်းစိမ်ဟာ ချမ်းသာတယ်လို့ ဆိုရတာကတော့ ပမာဆိုသည်ရှိသော် တစောင်းစေး တစ်ခွက်ထဲမှာ ပျားရည်တစ်စက်ကိုထည့်စက်၍ သောက်ရတာလို ချိုရတဲ့ သုခကဖြင့် နည်းနည်း ပူရတဲ့ ဒုက္ခကသာ လွန်ကဲနေတာတဲ့၊ လောကုတ္တရာ ချမ်းသာဆိုတာမှာတော့—တစောင်းစေးမပါဘဲ ပျားရည်ချည်း သောက် ရတာလို အပူဒုက္ခမဖက်ဘဲနှင့် သက်သက် အေးအေး စက်စက်ကြီး ချမ်းသာ နေတာတဲ့။

သို့-လူနတ်တို့၏ လောကီစည်းစိမ်ချမ်းသာမှာ ဘယ်လို အပူတွေနှင့် ရောယှက်လို့ စက်စက်ကြီး မအေးရပါသလဲလို့ ဆိုတော့....လောကီ ချမ်း သာဆိုတာ အာရုံငါးပါးကို ခံစားနေတဲ့ အခါတည်းမှာပင် အေးတဲ့ သုခဝေဒနာကလေးက တစ်ခုတည်းဖြစ်လာတဲ့၊ ပူရပင်ရတဲ့ ဒုက္ခဝေဒနာတွေ ကတော့ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ, သခါရဒုက္ခ, ဝိပရိဏာမ ဒုက္ခ, ဒုက္ခ ဒုက္ခ, အပိယေဟိ သမ္ပယောဂ ဒုက္ခ, ပိယေဟိ ဝိပ္ပ ယောဂ ဒုက္ခ အစရှိတဲ့ ဒုက္ခအပေါင်းတွေက သောင်းပြောင်း ရှုပ်ထွေးပြီး အေးနိုင်စရာမရှိအောင် အပူကြီးတွေတက်လို့ တနှိပ်စက်တည်း နှိပ်စက် နေကြတာတွေတဲ့၊ အဲ-သို့ကြောင့် လောကီစည်းစိမ်ဟာ ချမ်းသာတယ်- ချမ်းသာတယ်လို့ဆိုရတာ ဒုက္ခတွေ အနန္တလောက် မို့မောက်နေတဲ့ အကြားတည်းက မပြောပလောက်တဲ့ သုခကလေး တစ်ရွေးသား တစ်ပဲသား လောက် ဆိုတာလို ဖြစ်ပေါ်လာတာကို လောကီ စည်းစိမ်ချမ်းသာတယ်, ချမ်းတာတယ်လို့ မဆိုသာဆိုသာ ဆိုရတာတဲ့။

တကယ်ဆိုတော့ ပူလှတဲ့တစောင်းစေး တစ်ခွက်လောက်ထဲမှာ ပျားရည် ကလေး တစ်စက်လောက်ဟာ ထွန်းပေါက်လို့ မချိုနိုင်ဘဲ ပျောက်နေရ တာနှင့် တစေ‌ာင်းစေးပူကချည်း မောက်နေတာလို ဒုက္ခတွေ အနန္တလောက် လောင်တောက်နေတာထဲမှာ သုခကလေး တစ်စက်လောက်ဟာ အလိုလို ပပျောက်သွားရတာနှင့် လောကီချမ်းသာကို ဘာချမ်းသာရယ်လို့ ဆို လောက်တော့ မလဲတဲ့၊ သို့ကြောင့် လောကီ ချမ်းသာဆိုတာ အေးတယ်

လို့ မမှတ်ရဘူး ချမ်းသာ ပူကြီးတဲ့၊ နိဗ္ဗာန်ချမ်းသာမှသာ အိုနာသေရေး ဒုက္ခဘေးတို့ မတွေ့မယှက်ဘဲ စက်စက်မြက်မြက်ကြီး အေးတဲ့ ချမ်းသာ အေးကြီးအစစ် ဖြစ်ပါတယ်တဲ့။

သို့ကြောင့် မြတ်စွာဘုရားက ဇာတိအစ မအေးရတဲ့ ဘေးဘယမီးရှိန်တို့ဖြင့် တထိန်ထိန်တောက်ပနေတဲ့ လောကီစည်းစိမ်ဒုက္ခကိုပင် သုခလိုလို တင်စားပြီး ဘဝဘဝက ဝါသနာအလိုက် မှောက်မှားလာခဲ့ကြတဲ့ သတ္တဝါအများ ဒုက္ခသားတို့ကို တဖြည်းဖြည်း ဝါသနာကိုပယ်ရှား၍ ဒုက္ခဝဋ်ကြီး တစ်ဆင့်ထက်တစ်ဆင့် ပါးပါးပြီး အအေးကြီးအေးရတဲ့ နိဗ္ဗာန်ချမ်းသာကို ခံစားကြရပါစေလို့ မဟာကရုဏာတော် မိုးကြီးစွေတာနှင့် လောကီစည်းစိမ်တွေကို မရည်မဆဘဲ နိဗ္ဗာန်ချမ်းသာကိုသာ တောင့်တလို့ ကုသိုလ်ကောင်းမှုကို ပြုကြရမယ်လို့၊ အဲ-သည်လို နှိုးဆော်တိုက်တွန်းတော် မူရပါတယ်တဲ့။

သို့-ကုသိုလ်ကောင်းမှုကို ပြုကြတဲ့အခါမှာ နိဗ္ဗာန်ချမ်းသာကိုသတိမရဘဲ လောကီချမ်းသာကိုသာ တောင့်တဲ့ ရောင့်ရဲနေကြတဲ့ သူတို့ဆိုတာ ယခုကာလမှာသာ ရှိကြတာလား, ဘုရားရှင် လက်ထက်တော်ကကော သည်လိုလူမျိုးများ မရှိကြပါဘူးလွားလို့ ဆိုတော့-

ငါတို့မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် အခါတုန်းက ပုပ္ဖါရုံကျောင်းအစ်မ ဝိသာခါ ဒါယိကာမကြီးသည် အကြီးအငယ်အရွယ်အလတ်ဖြစ်တဲ့ သီတင်းသည်မ ငါးရာတို့နှင့် ကျောင်းတော်သို့သာ၍ ဥပုသ်သီလ စောင့်သုံးနေကြတဲ့အခါ ဇရာဒုဗ္ဗလ အိုမင်းလှဘဲ့ သီတင်းသည်မကြီးတို့၏ အလိုဆန္ဒကို သိရဖို့အရေးနှင့် ဝိသာခါ ဒါယိကာမကြီးက ချဉ်းကပ်ကာ မေးတယ်၊ ဘယ်လိုမေးပါသလဲသို့ဆိုတော့-'အမေကြီးအစ်မကြီးတို့မှာ ယခုနေ့ ကျောင်းတော်သို့လာပြီး ဥပုသ်သီလကို စောင့်ထိန်းကြသော အခါ၌ ဘယ်အာသာဘယ်ဆန္ဒနှင့် ဘယ်ကဲ့သို့သော ကောင်းကျိုးချမ်းသာကို တောင့်တပြီး ဥပုသ်သီလကို စောင့်သုံးဘော်မူကြပါသလဲလို့' အဲ-ဤလိုအကြောင်း အကျိုးကို သိရဖို့အရေးနှင့် စုံစမ်းကာမေးတယ်။

အဲ-ထိုအခါ အသက်အရွယ်ယိုယွင်း၍ အိုမင်းလှဘဲ့ သီဘင်းသည်မကြီးများကလဲ ချစ်သမီးဝိသာခါ-ယခု အမေကြီးအစ်မကြီးဘို့မှာ၊ ဇရာဒုဗ္ဗလ

မလှုပ်မကြွနိုင်အောင် ဆိုင်းတွလျော့ရီး အိုမင်းရတဲ့ဒုက္ခတွေ ဖိစီးလှဘာနှင့် သေရချိန်အခါနှင့် နီးကြရပြီး၊ ဝတ်ကြီးလှတဲ့ လူ့ခန္ဓာကိုယ် မှောက်သွန်လို့ ရောက်ရဖို့ နေ့ာင်တမလွန်ဘဝမှာတော့ ဒုက္ခဝန်အပူကင်းပြီး အိုရနာရ, ဆံဖြူ သွားကျိုး အရိုးပြိုင်းခြင်း ခါးကိုင်းခြင်းမရှိ ပကတိမယွင်း မသွေ့တဲ့ ပြည့်ဝသောအဆင်းအရေနှင့်သာ သက်ဆုံးတိုင်အမြဲနေရအောင်နတ်ပြည်ကိုသာတောင့်တပြီးမသေမီခုဘဝက သီလကိုအားထုတ်၍မယုတ်အောင်ကြိုးစားရပါကြောင်းများနှင့် ပြောကြားပြန်ဆိုကြတယ်။ ထို့ကြောင့်–

မယံဟိ ဝိသာခေ အယျေ၊ ဒုက္ခာဝ မရဏန္တိကာ။

တသ္မာ ဒိဗ္ဗံ ပ တ္ထေတွာန၊ ဠခေဝ ဥပေါသထိကာ။

အယျေဝိသာခေ၊ ပုပ္ဖါရုံကျောင်းအစ်မ ကုန်ပြည့်ဝတဲ့ ချစ်သမီးရှင်မ ဝိသာခါ။ မယံ၊ သက်ရွယ်ကြီးမား ငါတို့သတင်းသည် မကြီးများတို့သည်။ ဒုက္ခာဝ၊ ဇရာဒုဗ္ဗလ မလှုပ်ကြွနိုင်ဘဲ တုပ်ကွမှိုင်ညည်း ဒုက္ခတွေ ဝိုင်းအုံကာ ဖိစီးကြကုန်သည်ဖြစ်၍သာလျှင်။ မရဏန္တိကာ၊ နှစ်,လ,ရက်စီး အသက်ကြီး၍ သေရချိန်ခါ နီးကြပါကုန်ပြီ။ တသ္မာဟိ တသ္မာဝေ၊ လူ့ဘုံဘဝကြုံသမျှမှာ ယုတ်စွအိုမင်း ဒုက္ခတွေ ကိုယ်နှင့် မကင်းရခြင်းကြောင့်သာလျှင်။ ဒိဗ္ဗံ၊ သွား ဆံ မျက်လုံး မပျက်ဖုံးဘဲ သက်လုံးမမိုန် နတ်စည်းစိမ်ကို။ ပတ္ထေတွာန၊ အာသာစိတ်စွဲ ကျိတ်အခဲနှင့် အမြဲတောင့်တကြပါကုန်သည်ဖြစ်၍၊ ဠခေဝ၊ ဇရာတံခွန် ခန္ဓာဝန်က မသွန်မီကာလ ဤဘဝကသာလျှင်။ ဥပေါသထိကာ၊ သီလမျိုးထုပ် မညှိုးယုတ်အောင် ကြိုးကုတ်ဆောက်တည်ရပါကုန်၏။

အဲ-ဝိသာခါ ဒါယိကာမကြီးလဲ့ သီတင်းသည်မကြီးတို့၏ ပြောစကားကို မှတ်သားနာယူခဲ့ပြီးမှ ဒုလတ်ဖြစ်သော သီတင်းသည်မများကိုလဲ ရှေကနည်း မေးမြန်းပြန်တယ်၊ ထိုအလတ်ဖြစ်သော သီတင်းသည်မများကလဲ ရှင်မ ဝိသာခါ တစ်နယ်တစ်ရွာ တစ်မြို့တစ်ကျေးမှာ ချစ်ခင်လှတဲ့ သားလင်ခင်ပွန်းတို့နှင့် ကွာဝေးပြီး ဝဆွေးတည်း ဆွေးနေရတဲ့ ဒုက္ခဆိုတာ စိတ်သောက အဟုန်ပြင်းလို့မို့ လွန်မင်းစွာ ဆင်းရဲလှပါတယ်။ ဖြစ်ရမယ့် ဘဝအသွယ်သွယ်တို့မှာ တစ်မြေနယ် တစ်ဌာနမှာ ချစ်ခင်တဲ့သားလင်ခင်ပွန်းတို့နှင့် ကွာကွဲပြီး ဆင်းရဲစွာမနေရခြင်းကို တောင့်တ၍ ယခုဘဝက မျိုးမယုတ်ရအောင် သီလကိုသာ ကြိုးကုတ်ရပါကြောင်းများနှင့် ပြောကြားပြန်ဆိုကြတယ်။ ထို့ကြောင့်–

(ပဌမအကြိမ်)

မယံဟိ ဝိသာခေ အယျေ၊ ဒုက္ခံ ပိယေန ဝိယောဂေါ။
တသ္မာ တာဒိသာ မုတ္တာယ၊ ဠမေဝ ဥပေါသထိကာ။

အယျေဝိသာခေ၊ မနှောင့်မဆ မဆောင့်ဘရုတဲ့ ကျောင်းအစ်မကြီး ဝိသာခါ၊ မယံ၊ အိမ်ရာစီးပွား သီးအခြားနှင့် ကြီးပွားခဲ့ရ ငါတို့သီဘင်း သည်မတို့သည်။ ပိယေန၊ နှစ်ကြာအစဉ် မေတ္တာဝင်၍ ချစ်ခင်သူ သားလင် ခင်ပွန်းနှင့်။ ဝိယောဂေါ၊ တစ်ပြည်တစ်ရွာ တစ်နေရာမှာ သွေကွာကွေကွင်း ရှည်ကြာစွာ နေရခြင်းကြောင့်၊ ဒုက္ခံ၊ ဗျာပါဆွေးတ မအေးရဘဲ သောက စွဲ၍ ဆင်းရဲပူပန်ရပါကုန်၏။ တသ္မာဟိ,တသ္မာဝေ၊ ထိုသို့ဒုက္ခတွေ့ကြုံရခြင်း ကြောင့်သာလျှင်။ တာဒိသာ တာဒိသာယ၊ သောကမအေး တဆွေး ဆွေးနှင့် တတွေးတွေးတ ထိုကဲ့သို့သော ဒုက္ခမှ။ မုတ္တာယ၊ ဘဝရှည်နှောင် နှောင်ယခေါင်၌ လွှဲအောင် ကင်းကင်း ဖဲရှောင်ကာ လွတ်ရပါခြင်းငှာ။ ဠမေဝ၊ ဗုဒ္ဓပွင့်လင်း ဘဝတွင်းကို နှင်းမိခိုက်က ဤယခုကာလ၌သာလျှင် ဥပေါသထိကာ၊ သီလမျိုးထုပ် စိုက်ပျိုးမြုပ်၍ ကြိုးကုတ် ဆောက်တည် ရပါကုန်၏။

အဲ·ဝိသာခါ ဒါယိကာမကြီးလဲ အလတ်ဖြစ်သော သီဘင်းသည်မ တို့၏ ပြောကြားသော စကားကို မှတ်သားနာယူခဲ့ပြီးမှ အိမ်ထောင်ပြု သစ်စ ဖြစ်သော သီဘင်းသည်မတို့ကိုလဲ ရှေးကနည်း မေးမြန်းပြန်တယ်၊ အဲ·ထိုသီတင်းသည်မတို့ကလဲ ကျောင်းအစ်မကြီး ဝိသာခါ·မင်္ဂလာတစ်ဦး ဝင်လာထူးတယ်လို့ ရှေးဦးရှေးဖျား သားယောကျ်ား မွေးဖွားသော မိန်းမများကိုသာ လင်သား ခင်ပွန်း၊ ဖြစ်သူတို့က ကြည်ဖြူခင်မင် မေတ္တာ ဝင်လို့မို့ ချစ်ခင်မြတ်နိုးခြင်းကို ပြုကြပါတယ်။ မင်္ဂလာရှေ့ဖျား သား ယောကျ်ား မမွေးဖွားက တရားလွတ်ကင်း မမြတ်တဲ့ မိန်းမအရာမှာ သွင်းပြီး နှိပ်နင်းကာ ညှဉ်းဆဲဘတ်ကြပါတယ်၊ အဲ·ဤဒုက္ခ နှောင်ဖြစ် ရေးကို မျှော်တွေးကာ ကြောက်ရွံ့လှလို့မို့ သားဦးယောကျ်ား ဖွားမြင် ခြင်းကို တောင့်တပြီး စောစောက အကျိုးမယုတ်ရအောင် သီလကိုသာ အားထုတ်ရပါကြောင်းများနှင့် ပြောကြားပြန်ဆိုကြဘယ်။

ထို့ကြောင့်—

သာမီဟိ ဝိသာခေ အယျေ၊ အပ္ပိယာ ပုတ္တဝိဇာတာ။
တသ္မာ ပုတ္တံ ပတ္ထေတွာန၊ ဠမေဝ ဥပေါသထိကာ။
(ပဋ္ဌမအကြိမ်)

အယေျ့ဝိသာခေ၊ မကြောင့်မကြ မတောင့်တရတဲ့ ကျောင်းအစ်မကြီး ဝိသာခါ၊ အပုတ္တဝိဇာတာ၊ သားဦးယောကျ်ား မဖွားမမြင် မင်္ဂလာမဝင်သော မိန်းမတို့ကို။ သာမိဟိ၊ စိုးအုပ်အိမ်ရှင် ခင်ပွန်းလင်တို့သည်။ အပ္ပိယာ၊ ယုတ်ညစ်အသွင် အပြစ်မြင်၍ ချစ်ခင်ကြင်နာခြင်း မရှိကြပါကုန်။ တသ္မာ ဧဝ၊ ထိုသို့မကောင်းဖို့ အကြောင်းချို့ခြင်းကြောင့်သာလျှင်။ ပုတ္တံ၊ မင်္ဂလာနှောင်ရစ် အိမ်ထောင်သစ်က အပြစ်မပြု သားချစ်စုကို၊ ပတ္ထေတွာန၊ အာသာနှောင်ဆ အကြောင့်ကြနှင့် တောင့်တခြင်းရှိကြပါကုန်သည် ဖြစ်၍။ ဠူဓေဝ၊ အချိန်မစေ့ ကျယ်နေ့၌သာလျှင်။ ဥပေါသထိကာ၊ ဥပုသ်သီလ မယုတ်ရအောင် အားထုတ်ဆောက်တည်ကြပါကုန်၏။

အဲ ဝိသာခါဒါယိကာမကြီးလဲ အိမ်ထောင်သစ် သီတင်းသည်မတို့၏ ပြောကြားသောစကားကို မှတ်သားနာယူခဲ့ပြီးမှ အိမ်ထောင်မပြုရသေးတဲ့ သီတင်းသည်ငယ်မများကိုလဲ ရှေးကနည်း မေးမြန်းပြန်တယ်၊ အဲ-ထိုသီတင်းသည်ငယ်မများတို့ကလဲ ကျောင်းအစ်မကြီး ဝိသာခါ အချိန်အရွယ်ရှိကြတဲ့ အခိုက်အခါက ထိုက်သင့်ရာတစ်ခုခုနှင့် အိမ်ထောင်မှုကို ဂရုမထားဘဲ ရှုစားကာ ခရီးကျွံပြီး အချိန်အရွယ် ကြီးလွန်းနေတဲ့ မိန်းမများကို တစ်ပါးသော အချိန်အရွယ်ရှိသူတို့က လေးမှုကာ အရေးမလုပ်ဘဲ အဖော်အသင်းက ခွဲထုတ်၍ အကဲယုတ်သလို အတွေးအစားနှင့် ရှေးနှုတ်ကာ ထားတတ်ကြပါတယ်၊ အများနှင့် မတွဲမစပ်နိုင်ဘဲ အသင်းပြတ် အဖော်ဝေးမည်ကို ကြံတွေးကာ ကြောက်ရွံလှလို့မို့ အရွယ်အချိန် မှိန်မပျောက်ခင်ကပင် သား,လင်,ခင်ပွန်းတို့ကို တောင့်တ၍ စောစောက ကြိုဆီးလို့ ဥပုသ်သီလကို ခိုမှီးရာခါကြောင်းများနှင့် ပြောကြား ပြန်ဆိုကြတယ်။ ထို့ကြောင့်—

အနိဋ္ဌာ ဝိသာခေ အယျေ၊ ဝယာတီတာ ကုမာရိကာ။
ဝယာဂမနံ ပတ္ထေဘ္တာ၊ ဠူဒေဝ ဥပေါသထိကာ။

အယျေဝိသာခေ၊ မကြောင့်မကြ မတောင့်တရတဲ့ ကျောင်းအစ်မကြီး ဝိသာခါ၊ ဝယာတီတာ၊ မဖွယ်မန်မှ အရွယ်ကို လွန်ကြကုန်သော။ ကုမာရိကာ၊ ရင့်မာရွယ်ကြီး မြင့်ကြာသော သတို့သမီးတို့ကို။ အနိဋ္ဌာ၊ မေ့လျော်ပျော်ခင်း အဖော်သွင်း၍ အသင်းမပြုလိုကြပါကုန်။ တသ္မာဧဝ၊ ထိုသို့မကောင်းဖို့ အကြောင်းချို့ခြင်းကြောင့်သာလျှင်။ ဝယာဂမနံ၊ အရွယ်

အရှိန် မကွယ်မှိန်ဘဲ အချိန်မယွင်း ခင်ပွန်းအိမ်သို့ ရောက်ရခြင်းကို။ ပတ္တေ တွာ၊ အာသာ မနောင့်ဆ အကြောင့်ကြနှင့် တောင့်တခြင်း ရှိကြပါကုန်သည် ဖြစ်၍။ ဣဓဝေ အရွယ်မရင့် ဖွယ်မတင့်နှင့် အသင့်ချိန်ကျ ဤယခု စော စောကြီးအခါကပင်လျှင်။ ဥပေါသထိကာ၊ သီလဥပုသ် အရကုတ်၍ အားထုတ်ဆောက်တည်ကြပါကုန်၏။

အဲ–ဝိသာခါ ဒါယိကာမကြီးလဲ အသီးအသီးပြောကြားကြတဲ့ သီတင်း သည်မများ၏စကားကို မှတ်သားနာယူခဲ့ပြီးမှ ထိုသီတင်းသည်မ ငါးရာတို့ နှင့်တကွ ဘုရားထံချဉ်းခပြီး ဟောပြမယ့် ဒေသနာဓမ္မစက်ကို နာရှက်ရပေ တော့အံ့ဟူသော နှလုံးထားနှင့် သီတင်းသည်မတို့၏စကားကို စုပေါင်း၍ ပြန်ကြောင်းကာ လျှောက်ထားတယ်၊ အဲ့ ထိုအခါ မြတ်စွာဘုရားကလဲ ချစ်သမီးဝိသာခါ… သံသရာဝဋ္ဋက မလွတ်ကြဘဲ ရှည်ကြာစွာ ကျင်လည် နေကြရတဲ့သတ္တဝါဟူသမျှတို့မှာ ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး, မရဏ ဘေးဆိုတဲ့ ဘေးကြီးတွေက ဝိုင်းအုံဖိစီးလို့ မပြီးနိုင်အောင် နှိပ်စက် ချမ်းသာကွက်မရနိုင်ကြဘဲ အဆက်ဆက်ရှည်ကြာပြီး ကျင်လည်ကာနေကြ ရတာတွေတဲ့။

ဇာတိဇရာ ဗျာဓိမရဏဆိုတဲ့ ဘေးကြီးတွေဟာ နွားကျောင်းသားတွေ ကြိမ်တံပြာနှင့်ရိုက်နှက်ပြီး နွားတွေကို နွားစားကျက်သို့ ပို့နေကြတာလို ပဋိသန္ဓေနေရတဲ့ဇာတိက မြန်မြန်ကြီး အိုရအောင် ဇရာဘေးကြီးထံသို့ အဆောတလျင် မောင်းနှင်၍ ပို့လိုက်တယ်။ အိုမင်းကုန်းကွလို့ မလှုပ် မကြွနိုင်ဘဲ အနိုင်နိုင့်ခဲနေရတဲ့ ဇရာဘေးကြီးက မထမပြောင်း မစောင်း မလှည့်နိုင်ဘဲ ညည်းညူကာ အိပ်ရာမှာ ဖျားနာလို့ လဲနေရအောင် ဗျာဓိ ဆိုတဲ့ဘေးကြီးထံသို့ မြန်မြန်ကြီးမောင်းနှင်ပို့လိုက်ပြန်တယ်။ အနာအဖျား တွေက နှိပ်ကာ ဖိလို့မို့ မချိအောင် နှမ်းရိနေရတဲ့ ဗျာဓိဘေးကြီးကလဲ သတိမရအောင် ဟိုက်မောပြီး ရှုိက်မြဲကာ အဆောတလျင် သေရအောင် မရဏဆိုတဲ့ ဘေးကြီးအထံသို့ မြန်မြန်ကြီး မောင်းနှင် ပို့လိုက်ပြန်တယ်။ မရဏဘေးကြီးအထံသို့ ရောက်၍သေပြီး ပျောက်ရပါတော့မလားလို့ဆို တော့ သည်လိုလဲမပျောက်ရသေးဘူးတဲ့၊တစ်ဖန်ပဲ သေရာက တစ်ပတ်လည် ပြီး စက်ဆုပ်ဖွယ် ဘင်ပုပ်တွင်းမှာ လှောင်းသွင်းကာ အကျဉ်းချုပ်ထား လိုက်ရဦးမယ်လို့ မရဏဘေးကြီးက တစ်ခါပြန်ပြီး ဇာတိဘေးကြီးထံသို့ မြန်မြန်ကြီး မောင်းနှင်ပို့လိုက်ပြန်တယ်။

(ပဌမအကြိမ်)

အဲ့သည်လိုချည်း ဇာတိဘေးကြီးကလဲ ဇရာဘေးကြီးထံသို့ပို့၊ ဇရာဘေးကြီးကလဲ ဗျာဓိဘေးကြီးထံသို့ပို့၊ ဗျာဓိဘေးကြီးကလဲ မရဏဘေးကြီးထံသို့ပို့၊ အဲ့သည်လို အဆင့်ဆင့်ခံပြီး အဖန်ဖန် ပို့နေကြလို့မို့ ဘေးကူးတို့ ကမ်းသောင်စွယ်မှာ သံသရာဝဋ်ကြီး မပြတ်သန္တေ တပတ်ပတ် တလည်လည်နှင့် ဘယ်တော့မှ အစပြတ်ပြီး သည်ဘေးကြီးတွေ လက်စ သတ်ကြတော့မယ်လို့ မဟုတ်ကြဘူးတဲ့၊ တစ်ပူးတည်း တွဲကာစင်ပြီး တကပ် ကပ် တဆွဲဆွဲနှင့် အထပ်ထပ် မရပ်မစဲစေဘဲ မပြတ်အောင် သတ္တဝါတွေကို နှိပ်စက် ညှဉ်းဆဲနေကြတာတွေတဲ့။

အဲ့သို့လိုပဲ အကြာအရှည် ဘေးဒုက္ခတဝေဝေနှင့် သံသရာဝဋ်ကြီးထဲမှာ ဆင်းရဲစွာ ကျင်လည်နေရပေမယ်လို့ ရှေးရှေးက ဝါသနာအထုံတွေက လောကီအာရုံ ကာမဂုဏ်ထဲမှာချည်း စွဲနေရတာ တာရှည်လွန်းလို့ နိဗ္ဗာန် ကိုရှာဖွေတော့မယ်လို့ သတိမရ သံသရာဝဋ်ကြီးကို ရှောင်ကွင်းပြီး ဘေး ကင်းရာကို မတောင့်တနိုင်ကြဘဲ လောကီအာရုံ ကာမဂုဏ်တွေကိုသာ ရမ္မက် စွဲပြီး ရှေးရှေးဝါသနာ အဟုန်တွေကသာ ဝိုင်းအုံကာဆွဲတာနှင့် အမြဲပင် လူ့စည်းစိမ် နတ်စည်းစိမ်ထဲမှာလဲပြီး အားခဲကာ တောင့်တနေကြတာ တွေတဲ့။ အဲ့ဤလို ဒေသနာစက်မဓမ္မကို ဟောပြောရာစကားဆက်ရတာနှင့် သိတင်းသည့်မ ငါးရာတို့ကို အကြောင်းအကျိုးပြုပြီး ဆုံးမတော်မူခြင်းငှာ—

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါစေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါစေန္တိ ပါဏိနံ။

လို—ဟောတော်မူတယ်။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၃၇)

ဂေါပါလော၊ လယ်ယာမြေစ မမွေ့ရအောင် အခနှင့်ငှား နွားကျောင်း သားသည်။ ဒဏ္ဍေန၊ တပြာနှင့်တံ တုတ်လုံးတံဖြင့်။ ဂါဝေါ၊ ကြီးငယ် သောင်းပြောင်း နွားအပေါင်းတို့ကို။ ဂေါစရံ၊ ရေစာမြက်ပေါ စားကျက် တောသို့။ ပါစေတိယထာ၊ အတွင်ရောက်ကြောင်း နှင်ကာမောင်းသကဲ့သို့။ ဧဝံဘထာ၊ ဤနည်းထားယူ အလားတူသာလျှင်။ ဇရာစ၊ သွားဆံအဆင်း ပျက်ပြိုယွင်း၍ အိုမင်းရခြင်း ဇရာဘေးကြီးသည် လည်းကောင်း။ မစ္စုစ၊ သက်ငင်ရှိုက်ပြင်း ဟိုက်ခါခင်း၍ သေရခြင်း မရဏဘေးကြီးသည် လည်းကောင်း။ ပါဏိနံ၊ သုံးဘုံကွင်းညွတ် မကင်းလွတ်၍ မကျွတ် ခိုအောင်း သတ္တဝါအပေါင်းတို့၏။ အာယုံ၊ အလားမှန်ရှု နွားဟန်ပြု၍

(ပဥ္စမအကြိမ်)

တန္တုစံဘက် ရုပ်နာမ်ဘက်ကို။ ပုါဇေန္တိ၊ အစဉ်ကြာညောင်း ရှည်ကာ ပေါင်း၍ နှင်မောင်းဆောင်ယူ ကြလေကုန်၏။

အဲ-ဤကဲ့သို့ မြတ်စွာဘုရားက ငါးရာသော သီတင်းသည်မတို့၏ နိဗ္ဗာန်ကို မတောင့်တကြဘဲ လောကီအာရုံ ကာမဂုဏ်ကိုသာ တောင့်တ၍ သီတင်းသီလ ဆောက်တည်ကြခြင်း၌ မကင်းသော ဘေးဒုက္ခတို့ကို ဖော်ပြပြီး ဆုံးမတော်မူသည်များကို မှတ်သား နာယူမိကြကုန်သော သူတို့မှာလဲ အဆက်ဆက်သော ဘဝသံသရာက ဝါသနာအထုံ ပါလာခဲ့ကြတဲ့ လူနတ်တို့၏ စည်းစိမ်ချမ်းသာကိုသာ မတောင့်တမိကြစေဘဲ ဇာတိအစရှိသော ဘေးကြီးတွေ မပြတ်စဲနိုင်တဲ့ သံသရာဝဋ်ကြီးကို မြန်မြန်ကြီး ခုန်ကျော်လွှနိုင်ကြရအောင် ဒါန, သီလ, ဘာဝနာကိုသာ အရခဲပြီး စွဲမြဲသော ဝါသနာအလိုဆန္ဒနှင့် နိဗ္ဗာန်ကိုသာ တောင့်တကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ ထိုမှတစ်ပါးလဲ ။လ။ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

**လောကီစည်းစိမ်ကို တောင့်တ၍**

**သီတင်းသီလကို ဆောက်တည်ရာ၌ အပြစ်ကိုပြသော**

**သီတင်းသည်မ ငါးရာတို့၏ ဝတ္ထုပြီး၏။**

---

(၃)

## အသုဘအပြား, အသုဘပွားနည်း, အသုဘဘာဝနာ၏ အကျိုးကိုပြသော အသုဘကမ္မဋ္ဌာန်းတရား

အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။

(ဓမ္မပဒ၊ ပ၊ ၄၇)

အသုဘာနုပဿိံဝိဟရန္တံ၊ ဆံပင်အစ ဒွတ္တိံသကို အသုဘဘာဝေ ရှု၍ နေသော။ ဣန္ဒြိယေသု၊ စက္ခုအစ ခြောက်ဒွါရဟု ရှိကြများခြောက် တံခါး ပေါက်တို့၌။ သုသံဝုတံ၊ စောင့်ရသမုတ် လောဘယုတ်ကို နှိပ်ချုပ်တားဖျက် အသွားခက်အောင် ပိတ်အုပ်သော တံခါးရွက်လည်း ရှိထသော။ ဘောဇနမှိ စ၊ ရသာချိုချဉ် ဆွမ်းဘောဇဉ်၌လည်း။ မတ္တညုံ၊ ရှာရာခံရာ သုံးဆောင်ရာ၌ ပညာနှိုင်းညှိ အတိုင်းအရှည်ကိုလည်း သိထသော။ သဒ္ဓံ၊ ရတနာသုံးရပ် သက်ဆုံးကပ်၍ အမြတ်ဟုသိ ယုံကြည်ခြင်းလည်း ရှိထသော။ အာရဒ္ဓဝီရိယံ၊ အကုသိုလ်တရားယုတ် ငယ်ရှားနုတ်ဖို့ အားထုတ်သော ဝီရိယလည်း ရှိထသော။ တံပုဂ္ဂလံ၊ ထိုသီလသမာ လုံလောက်စွာနှင့် ထုံကာလက်မိ အခံသိန်းသောင်း ရန်ခြိမ်းမောင်းဖို့ လက်နက်ကောင်း ရှိသော ပုဂ္ဂိုလ်ကို။ ဝေကေဝဠ္ဌေန၊ ဧကန်မလွဲ မှန်အမြဲသာလျှင်။ မာရော၊ ဗျတ္တိဗလ မရှိလှတဲ့ ကိလေသမာရ် ကိုယ်တွင်းရန်သည်။ နပ္ပသဟတိ၊ စုန်းစုန်းငရဲ ဆုံးရှုံးလဲအောင် မညှဉ်းဆဲမနှိပ်စက်နိုင်ချေ။ ကိမိဝ၊ ယုံရန်တစ်ခု ပုံစံပြုဖို့ တန္တုနှိုင်းဆို အဘယ်လိုနည်း ဟူမူကား။ ဝါတော၊ အဟုန်ပြေးပြယ် ချုံမေးကွယ်၍ အေးလွယ်မပြင်း သေးငယ်သော လေပြင်းလေညင်းသည်။ သေလံပဗ္ဗတံ၊ ယူဇနာတိုးဖောက် အခိုးလျှောက်၍ မိုးရောက်နီးနီး ဖြိုးမောက်သော ကျောက်တောင်ကြီးကို။ နပ္ပသဟတိဣဝ၊ အရင်းကခွဲ နင်းကြွဆွဲ၍ မလှုပ်မချနိုင်သကဲ့သို့တည်း။

အဓိပ္ပာယ်မှာတော့.... စက္ခုဒြေစသော တံခါး ခြောက်ပေါက်တို့မှ လောဘ, ဒေါသ စသော ခိုးသား ဓားပြတွေ မဝင်မဖောက် မကပ်ရောက်နိုင်အောင်ဟာ သတိဒြေတည်းဟူသော တံခါးရွက်ဖြင့် တားဖျက် စောင့် (ပဌမအကြိမ်)

ရှောက်ကာ ဘာဝနာဉာဏ်တည်းဟူသောပညာလက်နက်ဖြင့် ထွင်းဖောက်၍ စင်းတောက်ရွေးကာ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ အစုအဝေးတို့၏ ယှက်ထွေးပေါင်းချုပ်ရာ မိမိ၏ ရုပ်ခတ်စု ကိုယ်ခန္ဓာကိုသာ ဖျက်ဆုတ်ကာ အစိတ်အစိတ် ထုခွဲလို့ တစ်တွဲတစ်တွဲစီ တန်းစဉ်လျက် အကောင်အထည် အမည်နာမပါ ကွယ်ပျောက်လို့ အဟောက်အညှီ မသတီစရာ စက်ဆုပ်ရွံရှာဖွယ် မတင့်မတယ် မဖွယ်မရာတာတွေချည်းသာဟု မိမိ၏ ဉာဏ်ပညာမှာ အထင်အမြင် ပေါက်လာအောင် အခေါက်ခေါက်အပြန်ပြန် အတန်တန် အစွဲအမြဲပြုပြီး မယုတ်မလျော့ မပေါ့မစားတဲ့ ဝီရိယဥဿာဟကြီးတစ်ခုနှင့် အဖန်ဖန် အထပ်ထပ် မပြတ်မလတ်အောင် အသုဘကမ္မဋ္ဌာန်းကို ရှုနေသော သူမှသာ ကိလေသာ အညစ်အကျူတွေ ကုန်ငြိမ်းလို့ တဖြည်းဖြည်း ဘေးဝဋ်စု လက်စသိမ်းနိုင်တာတဲ့။

သို့-ကိလေသာညစ်ကျူ ကုန်ခန်းလို ဘေးဝဋ်စုငြိမ်းချမ်းရလေအောင်ဟာ အသုဘကမ္မဋ္ဌာန်းကိုသာ စီးဖြန်း အားထုတ်ရမယ်လို့ ဆိုသော်... အသုဘ ဘာဝနာ၏ အာရုံဖြစ်တဲ့ အသုဘတို့၏ အပြားကား ဘယ်မျှ, ဘယ်အသုဘ၏ သဘောကား ဘယ်လို နှလုံးသွင်းပုံကို ဘယ်လိုထားဟု ခွဲခြားကာ စခန်းလမ်းနှင့် နည်းစည်းကမ်း အမှန်အကန် ကျအောင် ဘယ်လိုများ စီးဖြန်းရပါမလဲလို့ ဆိုတော့-ဘာဝနာ၏ အာရုံဖြစ်တဲ့ အသုဘဆိုတာ ဇီဝိန်အသက် မပျက်မသုဉ်းသေးဘဲ ကေသာအစ- မုတ္တံအဆုံးရှိဘဲ့ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ အစုတွေကို သိမ်းကျုံးပြီး တစ်ကိုယ်လုံး အပြည့်အလျှံ တရှန်းရှန်းပုပ်ညှီနံ့ တဲထောင်းထောင်းနံလို့မို့ စုန်ဆန် အောက်ထက် ရှိသမျှ ကိုးမင်ပေါက်တို့က ထွက်ပေါက်စိစို တဒီးဒီး ကျယိုနေသဖြင့် သူသေလိုပုံမခြားဘဲ စက်ဆုပ်ဖွယ် အလွန်များလှတဲ့ အသက်ထင်ရှားရှိသော သဇီဝအသုဘလဲ တစ်မျိုးပဲတဲ့။

တော့စချုံ့ရင်း သုသာန်တွင်းမှာ လျော်ငင်းစင်းလဲခွ သက်ဝိညာဉ် ကြွေတာနှင့် အခြေမလှ ဖောင်းပွပုပ်ဟောင် ဖူးဖူးရောင်လို့မို့ ယူဆောင်ကာ စွန့်ပစ်ကြတဲ့ ဥဒ္ဓုမာတက-မည်သော အသက်မရှိတဲ့ နိဇီဝအသုဘကောင်လဲ တစ်မျိုးပဲတဲ့။

နံဟောင်စွဲပုပ် မွဲကြုတ်ကြုတ်နှင့် လူရုပ်မပီ သွေးပုပ်ပြည်တို့ကိုကလဲ ညိုနီမည်းကွက် သဲဂယက်ကဲ့သို့ တပွက်ပွက်ထ တစ်ကိုယ်လုံး ဖောင်းကာ ပွနေတဲ့ ဝိနီလက-မည်သော နိဇီဝအသုဘကောင်လဲ တစ်မျိုးပဲတဲ့။

(ပဋ္ဌမအကြိမ်)

လူးလဲရောင်ပုပ် ကိုယ်လုံးစုတ်၍ သွေးပုပ်ပြည်ခဲ ကျိကျိချွဲမျှ အိတွဲလျှပ်ကြွ တတုပ်တုပ်ထွက်ယိုစီးလို့ တဒီးဒီးလျှံကာကျနေတဲ့ ဝိပုဗ္ဗက မည်သော နိမိတ် အသုဘကောင်လဲ တစ်မျိုးပဲတဲ့။

စစ်မြေတောရပ် ရန်သူသတ်၍ လတ်ဆတ်လဲခွေ အထက်မစပ် အောက်မစပ်နှင့် နှစ်ပိုင်းပြတ်စင်းကာသေခနေရတဲ့ ဝိစ္ဆိဒ္ဒက မည်သော နိမိတ်အသုဘ ကောင်လဲ တစ်မျိုးပဲတဲ့။

မြစ်စကမ်းဆိပ် တောချုံရိပ်မှာ စောင်းအိပ်မှောက်လှန် ကျီး,ခွေးတွေ ဝန်းရံပြီး မျက်ဆံကိုကုတ်အူကိုနုတ်နှင့် လှုပ်လှုပ်ရွရွ ဒူးပေါင်ခါးရော သား အကြောတို့ကို တသောသော ပေါက်ဆိတ်ဆွဲနေကြတဲ့ ဝိက္ခာယိတက မည်သော နိမိတ်အသုဘကောင်လဲ တစ်မျိုးပဲတဲ့။

သုသာန်ကျင်းဝ ကွင်းအဝတွင် ကျီးလင်းတငှက် သောသောကျက်မျှ လုယက်ဆိတ်ဆွဲ ခေါင်းခြေလက်ပါ အဆက်ကွာပြီး ပြုတ်ပျက်ကျကာ ထို ဤကျနေတဲ့ ဝိက္ခိတ္တက မည်သော နိမိတ်အသုဘကောင်လဲတစ်မျိုးပဲတဲ့။

ငြိုးထားကောခ ရှေးရန်စကြောင့် ဒေါသအစွန်း တစ်ကိုယ်လုံး ငါးလို မွန်းပြီး နှိပ်တွန်းဖြတ်တောက် တောချုံအောက်မှာ လွင့်မြောက်ပစ်ချ လက်ခြေခေါင်းပြတ် မပေါင်းစပ်ဘဲ စောင်းကပ်ကာထိုဤကျနေတဲ့ ဟတ ဝိက္ခိတ္တက မည်သော နိမိတ်အသုဘကောင်လဲ တစ်မျိုးပဲတဲ့။

ထိုးခုတ်ရိုက်ခတ်ရန်သူသတ်၍ ပေါက်ပြတ်ကွဲရှ အထက်ကိုလှန် အောက်ကိုပြန်နှင့် သွေးလျှံတွေ စီးအန်ကျနေတဲ့ လောဟိတက မည်သော နိမိတ် အသုဘကောင်လဲ တစ်မျိုးပဲတဲ့။

မျက်နှာပေါ်စပ် ဝမ်းရင်ဘတ်နှင့် အောက်ရပ်ထက်ဆုံး တစ်ကိုယ်လုံးမှာ တရွန်းရွန်းကြွ ဒိုးလောက်အိုးလောက် တိုးကာမောက်၍ ပိုးလောက်တွေ တဖွားဖွားကျနေတဲ့ ပုဠုဝကမည်သောနိမိတ်အသုဘကောင်လဲတစ်မျိုးပဲတဲ့။

အကြောအသား အရေပြားတို့ကို ခွေးစားငှက်ချီ အပုပ်ရည်နှင့် သွေး ပြည်အစ ရှိသမျှတို့ကိုတော့ ပိုးလောက်တွေက စားသောက်ကိုက်ဖောက်ဝါး ဖျက် အစားခက်တာနှင့် မပျက်မပြား ကျီးငှက်တွေ စွန့်ပစ်ကာထားခဲ့ကြ တဲ့ ခေါင်းဖျားက ဦးခွံရိုးကိုးသွယ်- ထိပ်ရိုးငယ်ကလဲတစ်ဦး၊ နဖူးရိုးကလဲ တစ်ချောင်းနှာခေါင်းရိုးကလဲတခြား၊နားရိုးမျက်ကွင်းရိုးကနှစ်သွယ်စီ မေး

(ပဌမအကြိမ်)

ရိုးငယ်ကနှစ်မျိုး လည်ဆစ်ရိုးက ခုနစ်ထပ်၊ ညှပ်ရိုးက နှစ်လုံး၊ ပခုံးရိုး မောင်းရင်းရိုးတို့မှာ နှစ်စင်းစီဘဲဖြ ။၊ မောင်းရိုးဖျားက လေးစုံ၊ ရင်အုံက တစ်ဆယ့်လေးရိုး၊ နှလုံးရိုးကဘသွယ်၊ နံငယ်ကနှစ်ဆယ့်လေးဦး၊ ကျောက် ဆူးက တစ်ဆယ့်ရှစ်မျိုး၊ ခါးပေါင်နှင့် ဒူးရိုးကနှစ်ချောင်းစီ၊ မြင်းခေါင်း နှင့် ခြေမျက်စိနှစ်လီမှာ လေးခုစီဘစ်မျိုး၊ ဖနောင့်ရိုးကနှစ်ခု၊ အသားနုရိုး နှင့် ခြေချောင်းရိုး လက်ချောင်းရိုးတို့မှာ ခြောက်ဆယ့်လေးရိုးစီဘဲခြား၊ အစုစုအပါးပါး ရှိရှိသမျှ အရိုးများတို့ကို မှတ်သားကာ ဂဏန်းကောက် လိုက်လျှင် သုံးရာလောက် အရေအတွက်ရတဲ့ အဋ္ဌိက မည်သော နိဇီဝ အသုဘကောင်လဲ တစ်မျိုးပဲတဲ့၊အဲဉ်လို အသုဘဆိုဘာ အသက်ရှိတဲ့ သဇီဝ အသုဘကတစ်မျိုး, အသက်မရှိတဲ့ နိဇီဝအသုဘာဆယ်မျိုးအားဖြင့် တစ် ဆယ့်တစ်မျိုး ပြားတယ်။ ထို့ကြောင့်–

သဇီဝကာဝ နိဇ္ဇီဝါ၊ အသုဘာ ဒုဝိဓာ မတာ။
သဇီဝါ ကေသာ လောမာဒိ၊ ဥဒ္ဓုမာတာဒိ နိဇ္ဇီဝါ။

သဇီဝကော်စ၊ ဝိညာဉ်အသက် မပျက်မကွယ် စက်ဆုပ်ဖွယ်ရှိသော အသု ဘာလည်းကောင်း။ နိဇ္ဇီဝါစ၊ဝိညာဉ်အသက် ချုပ်ပျက်ကင်းကွယ် စက်ဆုပ် ဖွယ်ရှိသော အသုဘလည်းကောင်း။ ဣတိ၊ ဤသို့။ အသုဘာ၊ အသန့်မရှိ နံ့အညှိနှင့် ပဋိကူလ အသုဘတို့ကို။ ဒုဝိဓာ နှစ်မျိုးနှစ်စား နှစ်ပါးအား ဖြင့်။ မတာ၊ ဘာဝနာဉာဏ်စွမ်း ဝေဘန်ခြမ်း၍ ချင့်မှန်းစုပုံ သိအပ်ကုန်၏။ ကေသာ လောမာဒိ၊ ဆံပင်မွေးနု ရှိဖွယ်စုကို ရေယူခေါင်းထုပ် ဤကိုယ် ရုပ်သည်။ သဇီဝါ၊ ဝိညာဉ်ရုပ်သက် မချုပ်ပျက်ဘဲ ပုပ်အက်ညှီရ နံညှီသို့၍ သဇီဝ အသုဘကောင် မည်၏။ ဥဒ္ဓုမာတာဒိ၊ ဖူးရောင်ညှိမည်း သုသာန် ထဲ၌ စွန့်ကြဲပုပ်ပောင် ဆယ်မျိုးသောအသုဘကောင်သည်။ နိဇ္ဇီဝါ၊ ဇီဝိန် ဆုံးချုပ် ကိုယ်လုံးပုပ်၍ လူရုပ်မရ မလှုပ်ကြွနိုင်သော နိဇီဝအသုဘကောင် မည်၏။

အဲ-ဤလို ကမ္မဋ္ဌာန်းစီးဖြန်းဖို့ အသုဘဆိုတာ အသက်ရှိတဲ့ သဇီဝအသု ဘ,အသက်မရှိတဲ့ နိဇီဝအသုဘရယ်လို့ နှစ်မျိုးနှစ်ပါးပဲ ရှိဘတယ်၊ ထိုနှစ် မျိုးတို့တွင်လဲ အသက်ရှိတဲ့ လူရှင်အသုဘကိုဘော့ အသုဘရယ်လို့ ထင်နိုင် မြင်နိုင်ခဲတယ်၊ အသက်မရှိတဲ့ လူသေအသုဘကိုသာ သူဘငါက အသုဘ ရယ်လို့ ထင်လွယ်မြင်လွယ်ကြတယ်၊ အဲ–သို့ကြောင့် ထင်လွယ်မြင်လွယ်တဲ့

လူသေ အသုဘကိုပုံစံထားပြီး ထင်မြင်နိုင်ခဲ့တဲ့ မိမိကိုယ် လူရှင်အသုဘကို အသုဘရယ်လို့ ထင်အောင်မြင်အောင် ရှုကြရမယ်။

သို့ ဘယ်လို ရှုရပါမလဲလို့ ဆိုတော့-သေ၍ နှစ်ရက်သုံးရက် ကြာသော် ဖူးဖူးရောင်နေတဲ့ ဥဒ္ဓုမာတက အသုဘကောင်ကို မြင်ရသောအခါ ဤ အသုဘ သူသေကောင်သည် ပုပ်နံ့တွေ တထောင်းထောင်းဟောင်၍ ပါးစောင်နဖူး ရှေးယက်ထူးအောင် စူးစူးပြောင်ပြောင် ဖူးဖူးရောင်ရခြင်း မပြောင်မလက် ဆင်းရောင်ပျက်၍ ညိုမည်းနီကွက်ရခြင်း စသော စက်ဆုပ် ရွံဖွယ် မတင့်တယ်ခြင်း ဖြစ်ရတာလို ဇီဝရုပ်ရှိသေးတယ်တဲ့ ဤငါ၏ ခန္ဓာကိုယ်လဲပဲ ထိုလိုသဘော မတိမ်းကောတဲ လွဲနိုင်အံ့သော အကြောင်းမရှိ ဇီဝိတရုပ် ဝိညာဉ်ချုပ်ခဲ့က တမုဟုတ္တ-တစ်ခဏာဉ်ပင် ဘိဇ္ဇနလက်အောက် မှချရောက်၍ ယွင်းဖောက်ပျက် ကျွန် ဤသဘောကို ငါမလွန်ဟု အား သွန်သောလုံ့လနှင့် လူသေကို ပုံစံပြုပြီး မိမိကိုယ် သဇီဝကို အသုဘ ဇေဂုစ္ဆ ပဋိကူလ ထင်မြင်အောင် ရှုကြရမယ်။ ထို့ကြောင့်–

ဧဝံ ဓမ္မော အယံကာယော၊ ဧဝံ ဘာဝီ နတိက္ကမော။
ဣစ္စုပသံဟရေ ဒိသွာ၊ ဧက ဒွိဟ မတာဒိကံ။

ဧကဒွိဟမတာဒိကံ၊ သေ၍ တစ်ရက် နှစ်ရက်ကြာကျွံ သုံးရက်လွန်ပြီး သော သူသေကောင်စသည်ကို။ ဒိသွာ၊ သုသာန်ပြင်ပ တောချုံစဉ် ဒိဋ္ဌထင် ထင် အကယ်၍ မြင်ရသည်ရှိသော်။ အယံကာယော ဆံပင်အစ ကောဋ္ဌာသ သောင်းပြောင်း ရောယှပေါင်း၍ စုအောင်းတည်းခို ဤငါ၏ကိုယ်သည်။ ဧဝံ ဓမ္မော၊ ညိုမည်း နီကြောင် ဖူးဖူးရောင်၍ ပုပ်ဟောင်ရမြဲ သဘောရှိ၏။ ဧဝံဘာဝီ၊ ညှန်ပုပ်ညှစ် ဤစနစ်လို ဖြစ်ရတတ်သော အလေ့ရှိ၏။ ဧဝံ အနတိက္ကမော၊ ဤလိုနည်းလမ်း လွတ်အောင်မှန်းလည်း ထုံးတမ်းမြဲခိုင် မလွန်နိုင်။ ဣတိ၊ ဤသို့ ဆင်ခြင် ဆွဲယူငင်၍။ ဥပသံဟရေ၊ ပြင်နှင့် အတွင်း ပြိုင်ယှဉ် ကျင်းလျက် ပုံခင်းစံရှာ သွင်းရှုရာ၏။

ထိုမှတစ်ပါးလဲပဲ ဒွတ္တိံသအစုညစ်ကျုညီစုံဤငါ့ကိုယ်သည်ရိယိုထောင်း ထောင်း ပုပ်နံ့ပေါင်းတို့ဖြင့် သောင်းပြောင်းထွေးရစ် စက်ဆုပ်ဖွယ် ရွံရှာ ဖွယ် ဖြစ်တာလို စွန့်ပစ်ခံတာတောင် ဥဒ္ဓုမာတက၊ ဝိနီလက ထိုသူကောင် လဲပဲ ညီဟောင်ယုတ်ညစ် မကောင်းသော အညစ်အကြေးတွေနှင့် ထွေးရစ်

ပြီး စက်ဆုပ်ဖွယ် ရွံရှာဖွယ် မတင့်မတယ်ဖြစ်နေရတယ်၊ ထိုဥဒ္ဒုမာတက၊ ဝိနီလက၊ သူကောင်းနှယ်အလား ပုံမခြားဘဲ ဇီဝိတ မပျက်မပြားသေးတဲ့ ဤငါ၏ ရုပ်တရားခန္ဓာညစ်လဲ့ပဲ စက်ဆုပ်ဖွယ် ရွံရှာဖွယ် မတင့်မတယ် ဖြစ်နေရဦးမှာပဲလို့၊ အဲ-ဤလိုလဲ အသုဘ သူသေကောင်နှင့် တွဲယှဉ်လို့ လူရှင်ဖြစ်တဲ့ မိမိကိုယ်ကို အသုဘ ဇေဂုစ္ဆ ပဋိကူလ ထင်မြင်အောင် ဆင်ခြင် ပွားများရမယ်တဲ့၊ ထို့ကြောင့်–

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။

အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယေ။

(အပဒါန်ပါဠိ၊ ဒု၊ ၂၂၇)

ဣဒံယထာ၊အသက်ဇီဝ စုံညီမျှ၍ နေရသလို ဤငါ့ကိုယ်ကဲ့သို့။ ဟထာ၊ ထို့တူလား ပုံမပြားဘဲသာလျှင်။ ဧတံ၊ ထိုကျိုးငှက်ဗိုလ်ပုံ သေသော အုံ၍ ကိုက်ငုံဆိတ်ဆွ တောချုံစဉ်၌ စွန့်ချပုပ်ဟောင် သူသေကောင်သည်၊ ဟောတိ ငါလိုပုံယူ မခြားမူ၍ အလားတူဖြစ်ပါချေ၏တကား။ ဧတံယထာ၊ အသက်ကင်းကွေ ထိုသူသေသည် ဂုဏ်သရေကင်း သုသာန်တွင်း၌ စင်းစင်း ဖေ့ုင်ပွ ပုပ်ဟောင်ရသကဲ့သို့။ တထာ၊ မခြားအမူ အလားတူသာလျှင်။ ဣဒံ၊ အသက်နာမ်ရုပ် မငြိမ်းချုပ်၍ ထိန်းအုပ်တည်ခို ဤငါ့ကိုယ်သည်။ ဟောတိ၊ သူလိုမလွဲ သုသာန်ထဲ၌ အမြဲမသွေ ဖြစ်ရချေမည်တကား။ ဣတိ၊ ဤသို့ ဖန်ဖန် ချင့်တွေးကြံလျက် ဖောက်ပြန်ယွင်းသွေ ထိုလူသေနှင့် နှစ်ထွေ မပြု ထပ်တူရှု၍။ အဇ္ဈတ္တဉ္စကာယေ၊ ဇီဝိန်သက်ရှိ မပျက်ဘိသည့် ရုပ်၏ တည်ခို မိမိကိုယ်၌လည်းကောင်း။ ဗဟိဒ္ဓါစကာယေ၊ သက်ရှိ သက်မဲ့ ဉာဏ်ယှဉ်ချဲ့၍ ကြွင်းမဲ့ထိုထို တစ်ပါးသောကိုယ်၌ လည်းကောင်း။ ဆန္ဒံ၊ တွယ်တာစုံမက် မခွာရက်အောင် နှစ်သက်တတ်စွာ ရာဂတဏှာကို။ ဝိရာဇယေ၊ ဘာဝနာဉာဏ်စက် စိန်သန်လျက်ဖြင့် ခုတ်ဖျက်ပယ်ခွာ ကင်း စေရာ၏။

ထိုမှတစ်ပါးလဲ ယခုသေနေရတဲ့ ဥဒ္ဒုမာတက, ဝိနီလက အကောင်ဟာလဲ ရွံစရာ စက်ဆုပ်စရာပဲ၊ အသက်မသေသေး သွားလာလို့ နေနိုင်သေးတဲ့ ဤငါ၏ ခန္ဓာကိုယ်ဟာလဲပဲ ရွံစရာစက်ဆုပ်စရာ အတိသာ ဖြစ်နေတာပဲ၊ ထိုလူသေအသုဘနှင့် မသေသေးတဲ့ ဤငါ၏ ကိုယ်ကာယနှစ်ပါးမှာ ရွံစရာ စက်ဆုပ်စရာချင်းကဖြင့် ထူးခြား ကွဲပြားဖို့ရာ မရှိ၊ အသက်ရှိမရှိ မျှလောက်သာ ငါနှင့်လူသေဟာ ထူးခြားကွဲပြားကြပါတော့သည်တကားဟု အဲ–

(ပဋ္ဌမအကြိမ်)

ဤလိုလဲ လူသေနှင့် မိမိကိုယ်ကို အလားတူထားပြီး အသုဘ ဇေဂုစ္ဆပဋိ-ကူလဘရားကို ထင်ရှားအောင် ရှုကြရမယ်တဲ့။ ထို့ကြောင့်-

ဥဒ္ဓုမာတ ဝိနီလာဒိ၊ ပဋိကူလော ဇေဂုစ္ဆိတော။
တဿေဝါယမ္ပိ မေ ကာယော၊ ဝိသေသော နာယုသာယုဝ။

ဥဒ္ဓုမာတဝိနီလာဒိ၊ ဖူးရောင်ညိုမည်း မြေမှုလှဲ၍ လူးလဲပုပ်ဟောင် သေရသော အသုဘကောင်သည်။ ပဋိကူလော၊ မသန့်မဖွယ် ပုပ်နံ့ကြွယ်၍ ရွံရှာဖွယ်လည်းရှိ၏။ ဇေဂုစ္ဆိတော၊ ဖူးရောင်မည်းကြုပ် နံဟောင်ပုပ်သဖြင့် စက်ဆုပ်ဖွယ်လည်း ရှိ၏။ မေ၊ ငါ၏။ အယမ္ပိကာယော၊ ဝိညာဉ်အသက် မပျက်မချုပ် မပြုတ်မကွာ ဤကိုယ်ခန္ဓာသည်လည်း။ တဿေ-ဝ၊ ထိုအသေ ဇီဝကင်းချုပ် ထိုကိုယ်ပုပ်ကို စက်ဆုပ်ရွံဖွယ် မတင့်တယ်သည်သာလျှင်တည်း။ နာယုသာယု၊ ဝိညာဉ်အသက် ပျက်မပျက်ဟု နှစ်ချက်အလား ဤနှစ်ပါးသာ။ ဝိသေသော၊ ထူးခြားကွဲပြားကြချေ၏ တကား။

ထိုမှတစ်ပါးလည်း အသက်ဝိညာဉ်ချုပ်ကင်းတဲ့ဥဒ္ဓုမာတက ဝိနီလက အသုဘကောင်၏ ကိုယ်တွင်းမှာဖောက်ထွင်း၍ ဖွေရှာခဲ့လျှင် နှစ်သက်စုံမက် တပ်မက်မောစရာ တစ်စုံတစ်ခုကိုမျှ ကြည့်ရှုရှာဖွေလို့မရ၊ ရွံစရာစက်ဆုပ်စရာ အညစ်အကြေး အသုဘ ဇေဂုစ္ဆ ပဋိကူလ အစုအဝေးတွေကိုသာ တွေ့ရတာလို အသက်ဇီဝနှင့်မကွာမကင်းတဲ့ ဤငါ၏ ကိုယ်ခန္ဓာအတွင်းကို ဖောက်ထွင်း၍ ဖွေရှာခဲ့လျှင်လဲ နှစ်သက်စုံမက် တပ်မက်စရာတစ်စုံတစ်ခုမျှကိုမရ၊ ရွံစရာ စက်ဆုပ်စရာ အညစ်အကြေး အသုဘ ဇေဂုစ္ဆပဋိကူလ အစုအဝေးတွေ ပြည့်နေတာကိုသာ တွေ့ရတာပဲလို့ အဲ-ဤလိုလဲ လူသေနှင့် တွဲယှဉ်ပြီး အသက်ရှိတဲ့ မိမိကိုယ်ထဲမှာရှိတဲ့ ကောဋ္ဌာသတွေကို အသုဘ ဇေဂုစ္ဆပဋိကူလထင်မြင်အောင် ကြည့်ရှုဆင်ခြင်ရမယ်တဲ့။ ထို့ကြောင့်-

ဥဒ္ဓုမာတ ဝိနီလာဒ္ဒေါ၊ သောဘနံ နတ္ထိ ကိဉ္စိပိ။
ဣမသ္မိံပိ မေ ကာယေ၊ ဂဝေသန္တောပိ သဗ္ဗသော။

ဥဒ္ဓုမာတ ဝိနီလာဒ္ဒေါ၊ ဖူးရောင်ညိုမည်း စက်ဆုပ်ဖွယ်သော အသုဘကောင်၏ကိုယ်ထဲ၌၊ ကိဉ္စိပိ၊ နည်းငယ်ဖိုးရှိ တစိုးတစိမျှလည်း။ သောဘနံ၊ ဂိုဏ်ရှိန်မောက် ထိန်ထိန်တောက်မျှ စိန်ကျောက်နှနယ် ရှုဖွယ်သည်။ နတ္ထိ၊ တစ်ခုခွေ မရှိချေ။ မေ မမ၊ ငါ၏၊ ဣမသ္မိံပိကာယေ ဒွတ္တိံသစု အတုအခဲ ဤကိုယ်ထဲ၌လည်း၊ သဗ္ဗသော၊ ဝန်းကျင်လှည့်ကာ ခပ်လုံး

(ပဋ္ဌမအကြိမ်)

စုံသော အခြင်းအရာဖြင့်။ ဂဝေသန္တော္တပိ၊ တွင်းပါပြင်ပါ ဉာဏ်ဖြင့်ခွာ၍ ခြေပါခေါင်းရောက် ဖွေရှာန္တောက်သော်လည်း။ ကိဉ္စိပိ၊ နည်းငယ်နှမ်းရှိ တစ်ခြမ်းတစ်မျှလည်း။ သောဘနံ၊ ကတိုးအထုံ ခိုးအမှုန်နှင့် အကုန်ဖက်ခြယ် စုံမက်ဖွယ်သည်။ နတ္ထိ၊ စိုးစိမျှနေ မရှိချေ။

သို-အသက်ရှိတဲ့ ဤခန္ဓာကိုယ်ကြီးအတွင်းမှာ နှစ်သက်စရာ စုံမက်စရာ အနှစ်အရသာတွေက ကင်းလို့ ရွံစရာစက်ဆုပ်စရာတွေသာ ပြည့်တင်းနေ တယ်လို့ဆိုသော် သို့လောက်အောင် ရွံစရာစက်ဆုပ်စရာဖြစ်ရအောင် ဘယ် ဝတ္ထုတွေ ဘယ်လိုပြည့်တင်းနေပါသလဲလို့ ဆိုတော့ ရွံစရာ စက်ဆုပ်စရာ နံပုပ်ဟောင်ညှီ မသုတိစရာသာဖြစ်တဲ့ ဆံအစရှိသော။ ကောဋ္ဌာသ၊ အူ သိမ်အူမ အစာသစ် အစာဟောင်း စသော မကောင်းမဖွယ် မတင့်တယ် သော အစုအဝေးတွေသာ ရောထွေးပေါင်းပြီး အချင်းချင်းတွဲစပ်၍ ရစ် ပတ်ရှန်းလှည့် တစ်ဝမ်းလုံး အကုန်ပြည့်လို့မို့ ညစ်နွံမပြတ် ပုပ်စပ်ညှီ ဟောက် ကိုးပေါက်ဒွါရ တံခါးမတ္တိမှ စီးကျဆင်းယို တအိအိ တဖျဉ်း ဖျဉ်းနှင့် ဘင်တွင်းကြီး ပြိုနေတာလို တစိုစိုတစိစိ ရွံရှာဖွယ်အညစ်အကြေး တွေသာ ပြည့်နေတော့တာပဲတဲ့။ ထို့ကြောင့်–

အန္တပူရော ဒရပူရော၊ ယကနပေဋ္ဌဿ ဝတ္ထိနော။
တဒယဿ ပပ္ဖါသဿ၊ ဝက္ကဿ ပိယကဿ စ။
သိင်္ဃာဏိကာ ခေဠဿ၊ သေဒဿ စ မေဒဿ စ။
လောဟိတဿ လသိကာယ၊ ပိတ္တဿ စ ဝသာယ စ။
အထဿ နဝဟိ သောတေဟိ၊ အသုစိ သဝတိ သဗ္ဗဒါ။
အက္ခိမှာ အက္ခိဂူထကော၊ ကဏ္ဏမှာ တဏ္ဏဂူထကော။
သိင်္ဃာဏိကာ စ နာသတော၊ မုခေတော ဝမတေ ကဒါ။
ပိတ္တံ သေမှဉ္စ ဝမတိ၊ ကာယမှာ သေဒဇလ္လိကာ။

ကာယော၊ တွယ်တာကျိတ်ခဲ ချီးအံ့အဲ၍ တပ်စွဲတတ်ကြ ကိုယ်ကာယ သည်။ အန္တပူရော၊ အတွင်းရှုပ်လိန် ပုပ်မျိုးစိမ်တဲ့ အူသိမ်အူမတို့ဖြင့် ပြည့်၏။ ဥဒရပူရော၊ အနံ့မကောင်း ပွံ့ပွံ့လှောင်းသည့် အစာသစ် အစာ ဟောင်းတို့ဖြင့် ပြည့်၏။ ယကနပေဋ္ဌဿစ၊ လက်ယာနံဘက် ကသစ် ရွက်လို မှေးယှက်တွဲပြိုင် အသည်းဆိုင်ဖြင့်လည်းကောင်း။ ဝတ္ထိနောစ၊ ဆီးပျာရေနှယ် နံ့မျိုးကြွယ်တဲ့ ရွံဖွယ်တစ်ခု ကျင်ငယ်စုဖြင့်လည်းကောင်း။

(ပဉ္စမအကြိမ်)

ဟဒယသာစ၊ ကြာပဒုံဖူး ရင်ညွန့်ဦး၌ ထွေထူးပျော့ပါး နှလုံးသားဖြင့်လည်းကောင်း။ ပပ္ဖါသသာစ၊ အသည်းနှလုံး ရစ်အုပ်ဖုံးသည့် သုံးဆယ့်နှစ်ခု အဆုတ်စုဖြင့်လည်းကောင်း။ ဝက္ကသာစ၊ နှလုံးပြွက်ဆိုင် သရက်ခိုင်လို ညှာပြိုင်ရစ်တဲ့ အညှိုခဲဖြင့်လည်းကောင်း။ ပိဟကသာစ၊ လက်ဝဲနံဘက် သရက်ရွက်သွင် မည်းနက်သောအပြင်ဖြင့်။ ပူရော၊ တွယ်ကာလှည့်ရှုန်း ကြည့်မဆုံးအောင် တစ်ဝမ်းလုံးပြည့်၍နေ၏။

သိဃ်ကာဃစ၊ ဦးနှောက်မှဆင်း နှာညွန့်နင်းသည့် ရှိမင်းဖွယ်မှုန့်အစုဖြင့်လည်းကောင်း။ ခေဠသာစ၊ ပါးနှစ်ဘက်မှ လျှောသက်ထွေထွေ တံတွေးရေဖြင့်လည်းကောင်း။ သေဒသာစ၊ တစ်ကိုယ်လုံးလျှောက်မွေးညှင်းပေါက်မှ စီးလျှောက် ချောင်းချောင်း ချွေးအပေါင်းဖြင့်လည်းကောင်း။ မေဒသာစ၊ စိစိုညှိခဲ့ ဆီခဲဖြင့်လည်းကောင်း။ လောဟိတသာစ၊ တစ်ကိုယ်လုံးမှီ ချင်းချင်းနှံမျှ နံညှိုချလော့ငေ်း သွေးအပေါင်းဖြင့်လည်းကောင်း။ လသိကာယစ၊ ရိုးဆက်စေ့ကြား လှည်းစာလားသို့ ရပ်သွားနိုင်ကြောင်း အစေးပေါင်းဖြင့်လည်းကောင်း။ ပိတ္တသာစ၊ မည်းညိုမသန့် ကိုယ်လုံးနှံ့လျက် ကြဲပြန့်ခိုအောင်း သည်းခြေအပေါင်းဖြင့်လည်းကောင်း။ ဝုသာယစ၊ ဖမိုးခြေဦး ထိပ်နဖူး၌ ကွန့်မြူးတွေတွေ ဆီကြည်ရေဖြင့်လည်းကောင်း။ ပူရော၊ ပုပ်ချဉ်နံခဲ့ သုတ်သင်ခဲအောင် အမြဲတစေ ပြည့်၍နေ၏။

အထ၊ ထိုမှတသွယ် ရှုံရှာဖွယ်ကား။ အဿကာယဿ၊ ဆံပင်မွေးညှင်း မသန့်ရှင်းတဲ့ ပေါင်းသင်းရောယု ထိုကိုယ်စု၏။ နဝဟိ သောတေဟိ၊ နှေညဲ့၍ထပ်လဲ ပုပ်နံစွဲ၍ သွားမြဲလမ်းမ ကိုးပေါက်သော ဒွါရတို့မှ။ အသုစိ၊ မစင်မကြယ် စက်ဆုပ်ဖွယ်သည်။ သဗ္ဗဒ္ဒါ၊ ဘယ်ခါမငြိမ်း အခါခပ်သိမ်းသာလျှင်။ သဝတို၊ တစိတ်ွင်းသို့ ဖျင်းဖျင်းလျှံကြွယိုစီးကျ၏။ အက္ခိမှာ၊ ဝဲယာနင်းလျှောက် မျက်ကွင်းပေါက်မှ။ အက္ခိဂူသကော၊ မျက်ဝပ်နှစ်ဖြာ ရှုံဖွယ်ရာသည်လည်းကောင်း။ ကဏ္ဏမှာ၊ ဦးနှောက်မှလျှောက် နားနှစ်ပေါက်မှ။ ကဏ္ဏဂူထကော၊ နားဖားကပ်မှေး အညစ်အကြေးသည်လည်းကောင်း။ နှာသတော၊ သဏ္ဍာန် သွယ်ကောက် နှာပြွန်ပေါက်မှ။ သိင်္ဃာဏိကာစ၊ ကပ်ငြိတွယ်မှေး နှပ်အညစ်အကြေးသည် လည်းကောင်း။ သဝတိ၊ နှေညဉ့်ခိုကပ် ရက်မပြတ်အောင် ပုပ်စပ်ဖောင်းပွ ယိုစီးကျ၏။

(ပဌမအကြိမ်)

ကေဒါ၊ ရင်မှာလေရိုက် မူးဝေမိုက်နှင့် တိုက်ဆိုက်ကြုံပြန် ခါတစ်ရံ၌။ မုခတော၊ သုသာန်မယွင်း နှုတ်ခံတွင်းမှ။ ဝမတိ၊ စာသစ်စာကျက် ပျို့အန် ထွက်၏။ ကေဒါ၊ ဥတု ဓာတ်ဖောက် အစာမှောက်မှု နာရောက်ခဲ့ရာ ရံတစ်ခါ၌။ ပိတ္တဥ္စ၊ ခါးငန်ညှိထွေး သည်းခြေသွေးသည် လည်းကောင်း။ သေမ္ဟဥ္စ၊ ရင်မှာပုန်းအိပ် လေသလိပ်သည်လည်းကောင်း။ ဝမတိ၊ ကံတိ ကပ်ါး သတိမှားအောင် ချောက်ချားပူဆာ ပျို့အန်လာ၏။ ကာယမှာ၊ ခြေပါခေါင်းဆုံး တစ်ကိုယ်လုံးမှ။ သေဒဇလ္လိကာ၊ စိစိုနံညှစ် နေမဖြစ်အောင် ထွေးရစ်ကပ်စေး ချွေးအညစ်အကြေးသည်။ သဝတိ ဒီးဒီးလျှံဖြာ ယိုစီး လာ၏။

အဲ့သို့လို ရွံရှာဖွယ်အညစ်အကြေးတွေချည်းသာ အတွင်းက ရောထွေးလို့ စုဝေးရစ်ပတ် အထပ်ထပ်နှင့် ရှုပ်ယှက်ခတ် အမြင်မကောင်းအောင် တထောင်းထောင်း အပုပ်အသိုးတွေ လှိုင်ပြီး လူသူလေးပါးတို့မှ အနီး အနားသို့မချဉ်းနိုင်, မကပ်နိုင်, မခံနိုင်စရာ စက်ဆုပ်ဖွယ် အပုပ်အစပ်ကိုသာ ကြိုက်တတ်တဲ့ ကျီး, ခွေး, ဝက်, သိန်းစွန်, လင်းတဘို့၏ အစာအာဟာရတွေ သာ အပြည့်အနှက် အသိပ်အကျပ်စုခဲ့ပြီး ရစ်တွဲယှက် စပ်လို့ နေကြတာတဲ့၊ အကယ်၍ ပြင်ဘက်က အသားအရည်တွေကို အတွင်းသို့သွင်းပြီး အတွင်း မှာ ခိုအောင်းပုန်းကွယ်နေတဲ့အူတွေတပြုံလုံး၊ နှလုံးကျောက်ကပ်ဆောင်းထပ် ပုဆိုးကြမ်းချွဲကန်းအဆုတ် ရင်အုံပ် သရက်ရွက် မည်းနက်ညှိညစ် အစာသစ် အစာဟောင်းရှိရှိသမျှဝမ်းတွင်းသားပေါင်းဘို့ကို ပြင်ဘက်သို့လဲကာ ပြောင်း ထားလိုက်မယ်လို့ ဆိုတာဖြင့် အခြားအမှုကိစ္စကို မပြုအားတဲ့ ဆွေသားမျိုး ပေါင်းနှင့်တကွ ရှိသမျှ လူအများကို စုပေါင်းလို့ တုတ်တပြာနှင်တံ တစ် ချောင်းစီကိုင်စွဲပြီး ဆိတ်ဆွဲထိုးဆွလာဘဲ့ ခွေး, လင်းတ, ကျီး, စွန်ရဲတွေကို မစဲအောင် မောင်းနှင်နေရမှာပဲတဲ့။ ထို့ကြောင့်—

သစေ ဣမဿ ကာယဿ၊ အန္တော ဗာဟိရကော သိယာ။
ဒဏ္ဍံနူန ဂဟေတွာန၊ ကာကေ သောဏေ နိဝါရယေ။

(ဝိသုဒ္ဓိ၊ ၁၊ ပ၊ ၁၉၀)

ဣမဿကာယဿ၊ အဖြူအရှုပ် အူအဆုတ်တို့ဖြင့် ဆူပုပ်ညှီစို ဤရုပ် ကိုယ်၏။ အန္တော၊ အကျဉ်းအကြား အတွင်းသားသည်။ ဗာဟိရကော၊

ခွဲကာရှင်းထွင် ဆွဲကာငင်၍ အထင်အရှား ပြင်ဦးထားသည်။ သစေသိယား အကယ်၍မပေ ဖြစ်ခဲ့ချေအံ့၊ ဒဏ္ဍာ၊ တပြာနှင်တံ တုတ် လှံဘန်ကို။ ဂဟေတွာန၊ အခိုင်အမြဲ ကိုင်ကာစွဲ၍။ ဟာဒေဟ စ၊ မစဲအသံ သဲသဲညံမျှ ဝဲပုံ ဆိတ်ဆွဲ ကျီးစွန်ရဲတို့ကိုလည်းကောင်း။ သောဏေစ၊ အချင်းချင်းဆုံ သင်းအမြုံနှင့် ဝန်းအုံသောင်းပြောင်း ခွေးအပေါင်းတို့ကိုလည်းကောင်း။ နုန ကေဒန္တန၊ မလွဲကေန် အမြဲအမှန်သာလျှင်။ နိဝါရယေ၊ ဆွေညာမိတ်ကောင်း ဆုံကာပေါင်း၍ မြိမ်းမောင်းဟစ်ကာ တားမြစ်ရာ၏။

သို့-သည်လို မိမိကိုယ် သူတစ်ပါးကိုယ်ကို ရှုံစရာ စက်ဆုပ်စရာဟု ထင်မြင်အောင် ပွားများဆင်ခြင်ရမယ်လို့ ဆိုသော်-အသုဘ ဇေဂုစ္ဆပဋိကူလပဲလို့ အကယ်၍ ဘင်မြင်လာခဲ့လျှင်ကော ဘယ်လိုများ အကျိုးအာနိသင်ရှိပါသလဲလို့ဆိုတော့…မိမိကိုယ် သူတစ်ပါးကိုယ်၌ ရှုံစရာ စက်ဆုပ်စရာလို့ မရှုမမြင် မဆင်ခြင်ဘဲနှင့် နှစ်သက်စရာ တွက်စရာဟု အခါခါရှုနေတဲ့သူမှာ မိမိ သူတစ်ပါး၌နှစ်သက်ဖွယ် စုံမက်တတ် တွယ်တာတတ်တဲ့တဏှာရာဂဟာ တစ်နေ့ထက်တစ်နေ့ တိုးပွားလာပြီး သံသရာဝဋ်ကြီးထဲမှာ ကြာရှည်အောင် လူကိုဆွဲယူထားတတ်တယ်ဘဲ၊ မိမိသူတစ်ပါးကိုယ်ကို ရှုံစရာ စက်ဆုပ်စရာဟု မတင့်တယ်တဲ့ အခြင်းအရာကိုသာ အဖန်ဖန် ဖွေရှာ၍ ရှုနေတဲ့ သူမှာတော့ မိမိ သူတစ်ပါး၌ နှစ်သက်စုံမက်တတ်တဲ့ တဏှာပေမတရား တစ်နေ့ထက်တစ်နေ့ ပါးပါးပြီး မကောင်းတဲ့ အကုသိုလ်တရားတွေကို တဖြည်းဖြည်း ပယ်ရှားနိုင်လို့မို့ သံသရာဝဋ်ကြီး၏ အကြားမှာ ရှည်ရှည်ကြီး မခိုမနားရဘဲ ဘဝဘိုဘိုနှင့် နိဗ္ဗာန်ကို အမြန်ရောက်သွားနိုင်ပါတယ်။ သို့ကြောင့် ဘဝတိုတိုနှင့် သံသရာဝဋ်ကြီးထဲမှာ ကြာကြာကြီး မနေမခိုလိုပါလျှင် တစ်ပါးသော ဗာဟိရကိစ္စတွေကို ပယ်ရှားလို့ အသုဘဘာဝနာကိုသာ ပွားများကြရမယ်။ ထို့ကြောင့်-

ဘိဇ္ဇယျ ဘိဇ္ဇေယျာဝ ရာဂဂ္ဂိ၊
သုဘော သုဘောတိ ပဿတော။
မန္ဒော မန္ဒောဝ သော အဂ္ဂိ၊
ဓိဝ မိဂ ဝိပဿတော။

သုဘော သုဘောတိ၊ မျက်စိနားနှာ ကိုယ်အင်္ဂါသည် ဖွယ်ရာလှပ ရှုမဝအောင် တင့်တယ်စွ-တင့်တယ်စွတကားဟူ၍။ ပဿတော၊ အရေးတစ်ခု အလေးပြု၍ တွေးတွေးတွေးရှုသောသူအား။ ရာဂဂ္ဂိ၊ အပါယ်ဘုံအောက်

(ပဌမအကြိမ်)

စုန်ဆန်ရောက်အောင် သောင်းဘောက်ဖိစီး ရာဂမီးသည်။ ဘိယျော ဘိယျော၊ တစ်နေ့တခြား ပွားထက်ပွား၍ရှည်လျားစွာ စည်ကားလာသည် သာလျှင်တည်း။ ဓိဝဓိဝဝိပဿနာတော၊ ရှုံ့စံရာ-ရှုံ့စရာ ညွန်ပမာဟု ဖွေရှာ စေ့ငု ဖန်ဖန်ရှုသောသူအား၊ သောရာဂဂ္ဂိ၊ ထိုအဟုန်ကြီး ရာဂမီးသည်။ မန္ဒော မန္ဒော၊ တဖြည်းဖြည်းယိမ်း ဝေးကာဘ်မ်း၍ သိမ်းကာသိမ်းကာ ငြိမ်းရပါသည်သာလျှင်တည်း။

အဲ-သို့လို အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းပွားများတဲ့ အကျိုးဆိုဘာ ရာဂမီး တဖြည်းဖြည်း ငြိမ်းလို့ သံသရာဘေးကြီး လက်စ သိမ်းနိုင်ခြင်း အကျိုးအာနိသံသ ရှိပါတယ်တဲ့။ အဲ-သို့ကြောင့် မိမိကိုယ် သူတစ်ပါး ကိုယ်ကို ရွံ့ရှာဖွယ် စက်ဆုပ်ဖွယ်ဘကားဟု ထင်ရှားစွာ သိမြင်ရအောင်ရှုပြီး ငါ-ငါဟု စွဲလမ်းတတ်တဲ့ သက္ကာယဒိဋ္ဌိ ကုန်ခန်းအောင် လက္ခဏာရေး သုံးပါးနှင့် မှတ်မန်းသို့ ဆယ်ခန်းသော ဝိပဿနာလမ်းကို ပွားဘက်ပြီး လေးပါးသော မဂ်ဉာဏ်စုံ စိန်သန်လျက်နှင့် ထောင့်ငါးရာ ကိလေသာ ဗိုလ်ထုကို တိုက်ဖျက်၍ ဘေးဖက် ရန်မကိန်းနိုင်တဲ့ အေးမြသော အမတသိဝံမြို့ကြီးကို လက်ရသိမ်းလို့ ငြိမ်းငြိမ်းကြီး ခံစား စံစား နေရအောင် မြဲမြဲကြီး ဝီရိယကို ရှေ့ဆောင်လို့ နိုင်နှင်းအောင် လောဘဘဏ္ဍာကိုပယ် ရှား၍ အသုဘကမ္မဋ္ဌာန်းကိုသာ ပွားများကြရမယ်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြွက်ဖြစ်သည်။ ထိုမှတစ်ပါးလည်း ။လ။ပတ္ထနာဆုကို ပြုလိုက်ကြကုန်။

အသုဘအပြား အသုဘပွားနည်း အသုဘ ဘာဝနာ၏
အကျိုးကိုပြသော အသုဘကမ္မဋ္ဌာန်းတရား ပြီး၏။

(၄)

## က–ကထိန်ဆော်

ပထဗျာကျုံးခြုံ မြေလုံးတုန်မျှ သုံးဘုံလူ့ဘ အံ့တုလဟု မကုဋ္ဌတန်ဆောင် မြတ်ဘုန်းခေါင်သည် ရိမှောင်မှေးအုံပ် ယှက်ထွေးရှုပ်သည့် ဘေးယုတ်ထူပြော သုံးဘုံတော၌ ပန်းမောရှူဟိုက် အပူဆိုက်လျက်ဆူအိုက်နွမ်းခြောက် လမ်းမပေါက်၍ မှန်းလျှောက်ရော်ရမ်း အေးမြည်တမ်းလျက် သားကြမ်းချုံနေ ပုံမသေ့ သန္တေဇာတိ ဘယာထိ၍ ဗျာဓိဇရာ မရဏာတောအောင်း သောသောညောင်းမျှ သောင်းသောင်းကြွက်ညို့ ဂယက်ဆန်အောင် တော်သံပြင်းပြ ရုန်းရင်းကြွလျက် ဝိုင်းကြွဝန်းအုံ လူဗိုလ်ပုံတို့ကို အာရုံစွဲမိ ဆူညံညိမျှ မြဲဘိဒုက္ခ ကိုယ်ခံရသကဲ့သို့ ငါမှတမူ မကယ်ယူလျှင် ဘယ်သူဘစ်ယောက် နရက်ချောက်မှ ထွက်မြောက်မရှိ ကမ်းမသိ၍ နွမ်းရိကျုံလို့ ဘုံသုံးလီတွင် ဆုံးမည်မထင် ဉာဏ်တော်မြင်က သုံးခွင်ခိုအောင်း ဝေနေပေါင်းကို အကြောင်းထောက်ညှာ ကရုဏာဖြင့် 'သုမေဓ' အစ ရှည်ကြာလှအောင် ဒုက္ကရ ဖိုးထိုက် မျိုးအမြိုက်ကို ပျိုးစိုက်တော်မူနိုင်မှ ဆွဲကိုင်လက်လှမ်း ပလ္လင်နန်းကို သိမ်းမြန်းတော်မူမိလျှင် ဇာတိမအေး ဗျာဓိဘေးနှင့် ရောထွေးနှောင်ညွတ် ရှောင်မလွှတ်ကြ ဝေနေယျတို့အား ဆွေးဝဋ္ဋဘုံမြေ အေးကျွတ်လေအောင် ဘေးလွှတ်စေ ရည်စူးလျက် မိန့်ကျူးတော်မူအပ်သည့် သတ္တပတ်ညှာငုံ ကြာဝတ်မှုံကို အာရုံစွဲဝင် ရွှဲကုံးဆင်သကဲ့သို့ ဥတ္တမဂ်ညွတ်တင်သလျက် ရှင်ပျတက်ပွား ကြည်လင်သောစိတ်ထားနှင့် တရားမမှုကို ကြားနာတော်မူကြပါဗျား။

ကထိန်ဆော်တစ်ပုဒ် ပြီး၏။ (၁)

## ခ–ကထိန်ဆော်

သိန္တေမက ရှိန်ဘောဇနှင့် စိန္တေယျသခင် စောချစ်ရှင်သည် သွင်သွင်ဖိုက်ဟည်း ခေယာဥ်ကြီးတို့ဖြင့် ဒိုးဒိုးအသံ ဟည်းဟည်းညံမျှ တက်ဆန့်သဲသဲ ထွက်ပျံ့ဝဲလျက် ရစ်ဆွဲပင့်မှုတ် မြစ်သာမုဒ်၌ နစ်မြုပ်ရှည်လျား ရေနေငါးနှင့်

မခြား အတူ အများလူတို့ကို ပွားမှုသစ်သစ် သားတူချစ်သဖြင့် မြုပ်နှစ်မောကြ စက်ညြဿမှ ကယ်မမည်အကြံ လွန်သည်းထန်၍ ကြီးမားခွန်အား စွမ်းပကားနှင့် စွန့်စားတော်မူပြီးလျှင် ပါရမီဒါန စာဂါရတို့ကို အာသီသ မျိုးမှုန်း ကိုယ်ညှိုးနွမ်းအောင် ကြိုးပမ်းတော်မူနိုင်မှ ပင်မကျိုင် ဗောဓိ ရိပ်၌ အောင်ဘိသိက်ဆွတ်ဖျန်း မှောင်ကိလိဌ်ဝဋ္ဋ ကုန်ခန်းသဖြင့် ရည်မှန်း ရင်းအစ စက်ဓမ္မ လက်ရသိမ်းပိုင် သိစွမ်းတော်မူနိုင်လျှင် မြဲခိုင်မပျက် တွဲပြိုင်ယှက်သို့ ဝဲဆိုင်နက် သမုဒ်ပြင်မှ ထွက်စေချင် ရည်စူးလျက် မိန့်ကျူး တော်မူအပ်သည့် ပိဋကတ်သုံးပုံ ပုလဲငုံကို အာရုံစွဲဝင် ရွှဲကုံးဆင်သကဲ့သို့ ကြည်လင်သောမနဖြင့် တရားဓမ္မကို ကြားနာတော်မူကြပါဗျား...။

ကထိန်ဆော်တစ်ပုဒ် ပြီး၏။ (၂)

## ဂ–ကထိန်ဆော်

'ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ ကာလံ ကရောန္တော' မိန့်ဟော ပါဠိ လာရှိသည်နှင့်အညီ ဝေစီလျှံထိန် ဝင်းဝင်းထိန်မျှ စိန်ရောင်ကြွ ဘော်မြ ဇုန္နီ သိဂီဇမ္ဗူရာဇ် နီသစ်တရာ ထပ်ထပ်မြွာ၍ ကိုးဖြာနဋ္ဌ-ဖိုး ထိုက်လှ တိုးလိုက်ကြစံမတူ ကိုးနဝရတ်ရောင်ဖြူသည် မှောင်ဇမ္ဗူပယ်ထွန်း ပြောင်တစ်ဆူ ရွှယ်ညွန်း၍ ထိန်ရွန်းရွှန်း ပွင့်သကဲ့သို့ လှိုင်းမိုးသြဘာ ကြေညာပျံ့သင်း နှိုင်းချင့်စရာ ရှည်ကြာနိမိတ် စည်ကာနှိပ် တိတ်ကမ္ဘာက ရိပ်ကြာဝန်းကျင် ဆယ့်ခုနစ်ခွင်ယှူဇနာ ဖြူလာနီရွှေ စိန်ပေတမျှ သောင်း လောကတွင် မြလျှံငူ-ပြစ်ယူ ဖြူဖြူတင်မိုး လေးခွင်ဓမ္မ တဲဇောကြွ ထက်လှဓာတ်အိမ် ဖန်ရဝိန်ပမာ ကိုယ်တော်ရောင် ဉာဏ်တော်ရောင် တပြောင်ပြောင်ဝင်းဖြာသော ဒီပင်္ကရာ စေ့ာမြတ်စွာ၏ ရတနာပုဏ္ဏာရိတ် ကြာတံဆိပ် စာနှိပ်အကျော် သင်းပျံ့ပေါ် ဇော်စန္ဒနမွှေးကြူ–အေးယူ လေးမူခါသ ရွှရွှဖိုးဖြိုး ထုံသင်းအကြည် ငုံနှင်းဆီ ပုံလင်း၍ မြက်တိုးလို့ ဖြန့်မိုးသာရကာ လှရိုးမှန် စိန်လျှံနွယ်ဖျား ပန်းမာလာ ဆန်းကာသာ ဓာတ်ရောင်ကူး၍ နှစ်အကျူးနွယ်ဝင် လှစ်အထူးရွှယ် အဆင်သို့ မော်ပေသပ ကျော်ဝေလှ ခေါ်ဒေဝဘုရင်တို့ ဖြိုးဖြိုးဆိုက်သွင်း နတ်ပန်းခိုင်ကျင်း (ပဌမအကြိမ်)

သကဲ့သို့ သင်းတကြိုင်ကြိုင် ဝင်းတလိုင်လိုင် ပြိုင်သူမရှိ အတိဥက္ကဋ္ဌ ကုမုဒ္ဒါရရွှေကြာ ဖွင့်တုတ်ကာ မြွက်မှိန့်နှုတ်ခွန်းတော်စကားချီ၍ စည်စည်ပြုပြု ချွေသွန်းသည့်နိယာကို သတိလှလှမိအရှခံယူပြီးလျှင် ထိုတွင်ပီတိ ဇောဝီလိ တည်တည်ကျကျ ရွှေနှလုံးဖြိုးဖြိုးကြွ၍ လေးဝသခေါ် ကမ္ဘာချင့်ဘိမ်း လာသင့်ကိန်းတစ်သိန်းနေ၍ ရိပ်ခြွေမရှိ အတိဂုမ္ဘီပါရမီဆယ်ပါး အပြား သုံးဆယ် သုံးသွယ်စရိယ် စာဂငါးတန် လှမ်းမှန်မှုချ မြတ်ဓမ္မကို တကွ လုံးစုံ မှားမကြုံ လေ့ကျက် ခြားမကုန် ဧနွမပျက်အောင် ပွားသုံး၍ဖက် ဆောင်တင် အောင်မြင်တော်မူပြီးမှ လောကအလုံး ဘုံသုံးဆယ့်တခွင် အုပ်မထင် ချုပ်ဝင်မဏ္ဍလာ စက္ကဝါဠ်လျှံဖိတ် ဘက်မိက္ခာရန်တံဆိပ် အံ့နိမိတ် ကြေညာ ကမ်းအတိတ်ဝေဘူဟာက ဘဝဂ္ဂါဥဒ္ဓန္တိ ကျော်နှံ့ဘိကုန်အစဉ် မျှော်ဆန်းသည့်ဘုံအပြင်မှာ လျှံတေဇော်တောက်ထွန်း တုန်ခိုးတော် မောက်လွှမ်း၍ ဓိပတိမှန်ကူ သယမ္ဘူ အစစ် ဘုရားဖြစ်တော်မူလျှင် သုံးဆူဘုံထပ် ယက်ရဟတ်ဝယ် မရပ်မနား လှုပ်မအား လျှောက်သွား ကျင်လည် အတည်မရ အမှိုပ မျောပါးကြသော သတ္တဝေနေ ဗိုလ်ခြေ တသင်းတို့အား ဟောပြသတိ ဆုံးမဘိသော ဓမ္မိသြဘာ မြတ်ဒေသနာ တစ်စမကျန် နာခံမှတ်သားကြသည်နှင့်အညီ ဤကထိန်ဒါန ဤကာလတွင် ပွဲကြီးဆင်၍ ရွှေစဥ္စနဝုရတ် မြတ်ဓမ္မကို ထုတ်ပြမိန့်မြွက် နှုတ်ဓမ္မစကားဖြင့် ငြိမ်သက်စွာ ဂါရဝနှင့် ဝိထိသောတာ မနေဘဒ္ဒါလျှင် စောကာတင်၍ ကြည်လင်သဒ္ဓါ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးညိတ်ညိတ် တိတ်တဆိုတ် ပန်ဆင်တော်မူကြပါ...သူတော်ကောင်းအပေါင်းတို့ဗျား။

ကထိန်ဆော်တစ်ပုဒ် ပြီး၏။

---

(ပဉ္စမအကြိမ်)

(၅)

# ကာ-တာရားတောင်းပန်ခန်း

ကိစ္ဆေန မေ အဓိကတံ၊ ဟာလံ ဒါနိ ပကာသိတုံ။
ရာဂဒေါသပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဓော။

မိန့်ဟောချေထုတ် ရွှေအာလုပ်ဖြင့် အနုတ္တရိသခင် စောချစ်ရှင်သည် ဒီပင်္ကရာ ခြေမှာဦးတင် ဂုဏ်ထူးရှင်ကို ဖူးမြင်ပြီးနောက် အဆုံးရောက်အောင် အထောက်ရှည်ကြာ ဘွဲ့သံသာမှာ ကမ္ဘာကောဋိ အပြောချိ မြောဘိနစ်မွန်း လေးထပ်သင်္ချေ သိန်းကပ်ကျော်၌ တွက်ခချက်မှန်းအောင် ညှိုးနွမ်းပင်ပန်း အခန်းခန်းဖြင့်ဖြည့်စွမ်းစိုက်ပျိုး ဗောဓိမျိုးကို ကိုယ်ကျိုးမှဟုတ် မြစ်သမုဒ်၌ နစ်မြုပ်ရှည်လျား ဝေနေများကို သနားစိတ်ဆောင် ထားထိတ်နှောင်မှ ဝဋ်ခမှောင် ရှင်းကွယ် ဘေးကင်းလွယ်အောင် ကယ်ဆယ်မည်အမှု အကြံပြု၍ အကျုံးမြူလွှာ သက်ခန္ဓာကို ထောက်ညှာစိတ်ကင်း ရဲဝံ့ခြင်းဖြင့် အတွင်းအပ ပစ္စယတို့ကို တောင့်တပူပန် အလှူခံတို့အား အကြံပြည့်ဝ လိုဆန္ဒကို တစ်စမကြွင်း ပေးအပ်နှင်းလျက် သားရင်းအစစ် သမီးချစ်တို့ကို ပစ်ပစ်ခါခါ ရင်နှစ်ညှာဟု တွယ်တာမငဲ့ အိုမင်းဇရာ ဇူဇကာကို ကရုဏာသဲ၍ စွန့်ခဲ့ခဲယဉ်း ဆဒ္ဒန်မင်းနှင့် မျောက်မင်းအဖြစ် မဆိုးညစ်ကိုမချစ်မာန်မျက် မြားဒဏ်ချက်နှင့်အသက်ဆုံးစေ စမ္ပေယျဇာတ် ဘူရိဒတ္တ သီလဝရာဇာ ခန္တိဝါ ရသေ့ ဖြစ်သရွေ့တို့၌ ကြုံတွေ့ခဲကပ် အထပ်ထပ်တို့ကိုနတ်ပြဟ္မာစံ လူသာမန်တို့ ဖောက်ပြန်သည်းအုံ ကြားရုံနှင့် တုန်ရအောင် အာသာဟုန်သန်ပြင်း ကိုယ်တော်နှင့်ရင်းပြီးလျှင် ခဲယဉ်းသည့် ဒုက္ကရတို့ကို ဥဿာဟတိုးပွား ကိုယ်တော်မြတ်ကြိုးစားမှ ကိုးပါးသော ဓမ္မနက်ကို အချက်ကျသိမြင် အာသဝေါပြုစင်၍ ဘုံသုံးခွနယ်အတွင်းဝယ် ဘဝဂ်တွင်း ကြေညာလျက် သမ္ဗုဒ္ဓါအောင်ကနက်ကို ဆောင်ရွက်တော် မူနိုင်လျှင် ဘုံသုံးဆိုင်အဏ္ဏဝကို သမန္တဉာဏ်ကွန်ခြာဖြင့် ညွှန်တကျာခန်းချုပ်အောင် လွှမ်းအုပ်တော်မူလေရာ အနန္တ ဝေနေယျာတို့မှာ မြူတိမ်လွှာယှက်သန်း ရာဂမှုန်မှိုင်းဟုန်လွှမ်းသဖြင့် ဓမ္မလမ်းမသက်လျှော် ပင်ပန်းအံ့ အထင်ဇော်နှင့် တုဏှိဘော် အကြံရှိသည်ကို သဟံပတိ ပြဟ္မာသောင်းလောက ညီတညာဖြင့် သိကဗျာရွတ်ကာတွားလျက် တရား

(ပဌမအကြိမ်)

မြတ်မိန့်မြွက်ရန် အသနားတော်ခံရာတွင် ပဋိညာဉ်ခံဝန်ချက်နှင့် ပဋ္ဌဝင်အစ ဖြာ ရှစ်ဆယ်သက်နှစ်ကြာအောင် ဒေသနာစည်တော်ကြီးကို ရိုက်တီးတော် မူခဲ့ရာ ပိဋကတ်အနန္တာသည် ဂမ္ဘီရာထဝှက် ဉာဏ်မီရာခဲခက်၍ လမ်းမသက် မှောက်မှား ကမ်းမထွက် သတ္တဝါများကို သနားသည့်ကရုဏာနှင့် ပါယ် လေးရွာတားဆီး နိဗ္ဗူတာတံခါးနီးအောင် မဂ်ခရီးညွှန်တော်မူပါမည့် အကြောင်း လက်ဆယ်ချောင်းကြာငုံနှင့် စက်ပဒုံညွတ်တွား၍ အသနား တော်ခံပါသည်... ထေရ်မြတ်သခင် ကျေးဇူးရှင် အရှင်ဘုရားမြတ်ဘုရား။

**တရားတောင်းပန်ခန်း တစ်ပုဒ် ပြီး၏။ (၁)**

---

## ခ_တရားတောင်းပန်ခန်း

ကိံ ဂမ္ဘီရေန ဉာဏေန၊ ပရိယေသနံ ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ ဗုဒ္ဓါဂရုသံ သဒေဝကံ။

မိန့်ခွန်းတော်အာမိသံကို အတန့်တန်ကြုံးပါလျက် သုံးပါးသော ဘုံ အဘွင်း၌ ညွတ်ကုင်းမိုက်မောက်ကဲ့သို့ မထွက်သာသော လောကစေတ်တွင် တော မသတ်အလိလိနှင့် အတည်တည်ရန်ဆင်း၍ ပူပြင်းလှခန္ဓာဝန်ကို မလွှန်နိုင် ထမ်းရွက်လျက် ကမ်းမထွက် လမ်းအမှိုက်တွင် ပန်းဟိုက်လျက် ဘုံနေသူ တို့ကို သောင်ခြေငူကမ်းပေါက်အောင် လမ်းမကောက် ဖြောင့်မှန်စွာနှင့် မဂ်နာဝါဖောင်ပျံကို အောင်လံထူစိုက်လျက် မြူးမိုက် အာသဝေါတို့ကို စင်ချောအောင်ဖြည်တွင် နတ်ညြဿသမုဒ်ပြင်မှ ဆောအလျင် ဖောင်ကူးတို့ နှင့် ဆောင်ပို့တော်မူမည်ဟု ကြံစည်တော်မူကဲတည်းက ထန်သည်းသော ကရုဏာဖြင့် များကမ္ဘာကုန်ခန်းအောင် အပင်ပန်းခံတော်မူလျက် အဏ္ဏမြူ ပမာဏမျှ ဇီဝိတကိုယ်အသက်ကို ငဲ့ကွက်ခြင်းမပြု ပါရမီအစုစုကို မြေ အထုမကမိုအောင် စိတ်အလိုဝန်ရဲလျက် လွန်ကဲအောင်ဖြည့်ကျင့်မှ နောင် အသင့်ပါရမီကြောင့် တုမဓိဂုဏ်အလိုက် ဘုမဟိတုန်ခိုက်အောင် ဘဝင် ဆိုက် ကျော်ညံ၍ အရဟံမည်တော်ဘွဲ့နှင့် အတုမဲ့ကြည်ညာသော ဘုန်း ခြောက်ဖြာထွတ်သခင်သည် မောဟ မြင်မြူသန်း၍ ကျွတ်စားတန်းမပါ ဝင်သော ပုထုဇဉ်အနန္တတို့ကို သမန္တဉာဏ်အစဉ်ဖြင့် ရှုမြင်တော်မူလေက

(ပဌမအကြိမ်)

မျှားဗိုလ်ခြေ ဝေနေယျတို့ကြောင့် အကြောင်းကြွကင်းကွာ၍ ဒေသနာ အမြိုက် ကျွေးတိုက်တော်မမူလိုလျှင် မျှားဆိုထို စုရုံးလျက် နတ်ပန်းကုံး အလှူတော်နှင့် အပူဇော်ဝပ်စင်း၍ ဖြုပ္ပာမင်း တောင်းပါမှ ဓမ္မခန်စည် တော်မြတ်ကို ဘဝဂ်ရပ် ဆိုက်ဟည်းအောင် ရိုက်တီးတော်မူခဲ့ရာ သုံးရပ် သော ဒေသနာသည် ခုနစ်လွှာမြေအတွင်း၌ ပျံ့သင်းသောမြေသြဇာတို့ကဲ့ သို့ မြိုန်ရသာအမြိုက်ကျူကို ထုတ်ယူရာခဲခက်၍ နဲနက်သည့်အနေကြောင့် မင်္ဂအခြေဖိုလ်လမ်း တက်လှမ်းမမှီ ဝဲသြဃ ရေနဒီတွင် ချာလည်ဆူလှည့်၍ ပူမချိန္တမ်းပါး ဒုက္ခိတသတ္တဝါများတို့ကို သနားသည့်ကရုဏာနှင့် ကံတာကျာ လမ်းပြတ် သံသရာကမ်းခတ်အောင် တရားမြတ်အမြိုက်ဆေးကို တိုက်ကျွေး တော်မူပါမည့်အခကြောင်း လက်ဆယ်ချောင်း ကြာငုံနှင့် စက်ပဒုံညွှတ် တွား၍ အသနားခံပါသည်....ထေရ်မြတ်သခင် ကျေးဇူးရှင် အရှင်သူမြတ် ဘုရား။

တရားတောင်းပန်ခန်း တစ်ပုဒ် ပြီး၏။ (၂)

( ၆ )

# ကာ–ကထိန် အမေး

**၁-အမေး**....''မမ္ဗံ ဝေါ ဘိက္ခဝေ ဒေသိဿာမိ'' ပါဠိတော်အရှိဖြင့် မုနိပုင်္ဂဝ သမ္ဗုဒ္ဓ၏ ထုတ်ပြမိန့်မှာ စက်အံ့ဘွယ်ကောင်းမှု အာဒိကလျာဏ မဇ္ဈပရိယောသနာ သုံးပြားသုံးရပ် သုံးချက်စပ်အောင် ထူးမြတ် ဂုဏ်ဟိတ်ဟုန် မဆိတ်ဘဲ ဖိုင်ဖိုင်လုံးထွက် ပြုမယုတ်သဖြင့် အနက်သဒ္ဒါ နှစ်ရသာတို့နှင့် လွန်စွာပြည့်ရှင်း မြေ့မြေ့မှန်းမျှ လေးကျွန်းမေဒနီ နှစ်မြေဆီကဲ့သို့ အေးကြည်မြိန့်ချို စိမ့်စိမ့်စိုလျက် ကြည်ညိုစိတ်ဖြူ သုံးလိုသူတို့အား။ မာန်မူမေးသမျှ ဘေးဘယတို့ကို အေးမြစေတိ ဂုဏ်ထူးရှိသည့် ဝိမုတ္တိကြွေဘာ သာသနာဝယ် မိန့်ဗျာဆောင်ကြွေး ကထိန်ရေးကို ဆွေးနွေးလိုကြောင်း အခွင့်တောင်း၏၊ အပေါင်းမိုလ်ချက် မေတ္တာသက်ပြီးလျှင် ကျမ်းတွက်နှုတ်ပုံ သံရုပ်စုံဖြင့် အာဂုံထုတ်ကာ ဖြေဆိုပါလော။

**၂-အမေး**....''ဝိသာရဒ ဉာဏ်သူရဖြင့် သီဟအာဇာ ကေသရာတို့ ပမာနိုင်း တင် အို-ငါ့ရှင်…ကထိန်မည်ပြား ဤတရားကို မြတ်ဘုရားမုနိ မာရဇိသည် ဘယ်သည့် ပိဋကတ် ဘယ်ကျမ်းမြတ်၌ ပညတ်ထုတ်ဖော် ခွင့်ပြုတော်မူပါသနည်း။

**၃-အမေး**....အဿတရိ မြင်းဇာနည်လည်း ပုံချိုကွန့်လွှား တိမ်ညွှန့်ကို စားသကဲ့သို့ ဉာဏ်သွားမြန်လျှင် အို-ငါ့ရှင်….''ယံ ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပညတ္တံ သိက္ခာပဒံ ပုရာဏံ တံ စာရိတ္တံ ယံ ဉာဒိ နဝကာတဗ္ဗံ ဗ္ဗတ္တံ ပဋိက္ခိတ္တံသာ အကရဏံ တံဝါရိတ္တံ'' ဟု ဝိသုဒ္ဓိမဂ်ကျမ်း၌ ခွဲခြမ်းစိတ်ဖြာ မိန့်မှာတော်မူအပ်သည်နှင့်အညီ ဘုရားရှင်အာဏာမပြုရာဟု မြစ်ပါသမျှ ဝါရိတ္တတည်း၊ အနုညာတ ပြုကြပစေ မိန့်ခွန်းချွေသမျှ စာရိတ္တပင် ယင်းနှစ်ပြင်ဝယ် ဘယ်တွင်တည့်သွင်း ကထိန်ခင်းကို ရှင်မင်းမြတ်စွာ ခွင့်ပြုတော်မူပါသနည်း။

**၄-အမေး**....ပုစ္ဆာမေးလျှောက် အရေးရောက်က တွေးယောက် ဖြေထွင် အို-ငါ့ရှင်…ဤကထိန်ဉာတ် အလှူမြတ်ကား အပ်မအပ်လမ်း ထူးထွေဆန်း၏၊ လှူဒါန်းဒါန သံဃိကနှင့် ပုဂ္ဂလိကဟူ ယင်းနှစ်ဆူတွင် ဘယ်အလှူပေး ကျမ်းဆိုရေးနှင့် မထွေးညီညာ ခင်းထိုက်ပါသနည်း။

(ပဋ္ဌမအကြိမ်)

၅-အမေး... ပရိဟာရ အင်းလေးဝနှင့် ညီမျှစုံလင် အို ငါ့အရှင်·ယခုလူကြွ စိဝရအတွင်း ဥာတ်မသွင်း၍ ကြွင်းသမျှဝတ္ထု သက်နှင်းအစုကို အာဂန္တုက ရှိကြတစ်မျိုး ဝါကျိုးဝါရ အာဝါသိက ရှိကြနှစ်ဆယ် ပေါင်း သုံးသွယ်တွင် လူဖွယ်ခွဲခြမ်းဘယ်သို့မှန်း၍ ကျမ်းနှင့်ညီညာဝေရပါသနည်း။

၆-အမေး... ပါဠိအဋ္ဌကထာ ဋီကာတွေးထောက် အမေးရောက်က ရွေး ကောက်ဖြေထွင် အို ငါ့ရှင်...အာနိသင်ဥာတ် လူဖွယ်ရပ်ကို ရောစပ်တူကွ သံဃဿဟု လူကပ်ကြသည်လည်းတစ်ရပ်, ဥာဘ်သက်နှင်းကို လူ ဒါန်းအသိး ခင်းတင်ပြီးမှ ကြွင်းသမျှကို သံဃိကခေစက်ပေးလူချက်လည်း တစ်ဖုံ, ဥာတ်တစ်စုံကို ကြည့်ယုံအသိး လူကပ်ပြီးမှ ကြွင်းသမျှကို မြွက်ဟ မကြား ပစ်ချထား၍ သွားကြသည်လည်း တစ်ခန်း, ဥာတ်သက်နှင်းကို လူ ဒါန်းပြီးမှ ကြွင်းသမျှကို ပုဂ္ဂလရည့်သန် ကထိန်ခံအား လူကပ်ထား၍ သွားကြသည်လည်း တစ်နည်း, သီးသီးပိုင်းခြား နည်းလေးပါးတို့တွင် တစ်ပါးပါးအနေ လူကြလေသော် ကျမ်းနေထောက်ရှု ပစ္စည်းစုကို ဝေမှု ဘယ်သို့ ပြုမည်နည်း။

၇-အမေး....တုံ့ဖြေမိပ္ပာယ် ဆန်းတကြယ်ကြောင့် အံ့ဖွယ်ဂုဏ်ဘင် အို-ငါ့ရှင်... သီလပကတိ ရှိမရှိနှစ်ထွေ သာမဏေတစ်သွယ် ဝါငယ် ဝါကြီး တစ်သီးတစ်မျိုး ပြုရိုးမချွတ် သံဃာ့ဝတ်ကို မလွတ်ပြုစု ဝတ်မပြုနှင့် ခြောက်စုခြောက်ထွေ သာမဏေတို့ကို ခွဲဝေစစ်ဆေး ဘယ်သို့ပေးမှ မထွေး မငြို ကျမ်းအရှိနှင့် နှိုင်းညှိထောက်စာ ညီညွတ်ပါသနည်း။

၈-အမေး....မေးသူစိတ်ဝမ်း ကြည်ရွှင်လန်းအောင် ထောက်လှမ်းဖြေထွင် အိုငါ့ရှင်...သံဃာများထံ မပန်မကြား လူဝတ်များကို ယူထား သိမ်းဆည်း သုံးသိုမှီးသည့် ထေရ်ကြီးထေရ်ငယ် အသွယ်သွယ်လည်း တခြား, အများသံဃာ ပိုင်ထိုက်ရာစု လူဝတ္ထုကို မရှုတရား ဖုက်ဖုံးထား လျက် သုံးစားယူမိ နောင်ဂတိကို မသိမှောက်မှား ဒါယကာများလည်း တစ်သွယ်, မျက်ကွယ် မျက်မှောက် ပေါ်ပေါက်တတ်ငြား ဤနှစ်ပါးမှာ တရားဘယ်သို့ ရှိသနည်း။

၉-အမေး... မေတ္တာဇောပြန့် မနော့ကပ်၍ ဟောမှတ်ဖြေထွင်·အို ငါ့ရှင်... ဒါယကာဗိုလ်လူ ကထိန်လှူကို လှူလိုချင်ဘိ နည်းမသိ၍ ထင် မိထင်ရာကထိန်လျှာကို ရည်ကာမှတ်သားတစ်ပါးပါးကို လှူထားပုံအပ်ပြုကြ

(ပဌမအကြိမ်)

လတ်သော် ဉာတ်မှုဉာတ်ခင်း ဘယ်သို့သွင်း၍ ဖြန့်ခင်းခြင်းငှာ သင့်မြတ်ပါသနည်း။

**၁၀-အမေး**...မိစ္ဆာညင်ကြေး အပြစ်ဒဘးကို ရှောင်ဆေးသုတ်သင်-အိုငါ့ရှင်...ပဝါရဏာမှု မပြုခဲ့ရ ပုရိမဝါ ကပ်လာကျွတ်-ငြားရဟန်းများမှာ ဉာတ်ယားဆောင်နှံ့ ကထိန်ခံဟု ခေါ်ရန်သမိုက် ထိုက်မထိုက်လား ဤနှစ်ပါးကို ရှင်ကားဘယ်သို့ ဖြေမည်နည်း။

**၁၁-အမေး**....ဝိနယဌြမ်း အခန်းခန်းဝယ် ကမ်းတစ်ဘက်ဝင် အိုငါ့ရှင်-ပုရိမဝါ ထလာမြောက်ငြား ရဟန်းများလည်း ရှစ်ပါးအင်္ဂါစုံလင်ပါမှ ကင်းကွာပြစ်မျိုး မည်သိုးမသိမ် ဤကထိန်ကို ဂုဏ်သိမ်ကြီးမြင့်ခင်းထိုက်သင့်၏ဟု အဆင့်ဆင့်ကျမ်း မှာတမ်းမှိုရာ အညီလာသောကြောင့် ဤမှာယာခု ဝိညီးဝေးပြုကြ ဗဟုများစွာ ထေရ်သဿဘိုတွင် သညာတွဲ၍ ဘယ်မထေရ်သည် ဤဝိသာခရ ဤဌာနဝယ် ပုရိမဝါ ဟာလာမမသွ အင်ရှစ်ထွေနှင့် အခြေလုံစွာ ပြည့်စုံပါသနည်း။

**၁၂-အမေး**...သာဝု သာဝု—ဤယခုဝယ် အဗ္ဗုတဘော ချီအုံသြလောက် အဟောအစ္ဆရိ ဝိလ်ပေါင်းညီလျက် ပြောင်းအိ ညွှတ်ကာကြည်သဒ္ဓါနှင့် ညီညာဝန်းရံ သောသောအုံ၍ ဘုဝသုန်းဟည်း ပဲ့တင်တီးမျှ ကောင်းကြီးဆုမှန်း နှောင်ဥဒါန်းဖွို့ ရှင်လန်းစိတ်နေ ပြုကြပေ၏၊ ရှေးလွန်လေခါ သိန်းကမ္ဘာတွင် လူနတ်တို့၏ဆရာ ဗြဟ္မာတို့၏ မကိုဋ်သုံးတိုက်လုံး ကြေးမုံ ခြေတော်စုံမှာ ကြာငုံပွင့်ဖူး ကြွတိုင်းခသည့် ပဒုမုတ္တရဗုဒ္ဓမြတ်စွာ ပွင့်ခိုက်ခါဝယ် လက်ယာတော်ရံခ သုမင်္ဂလဟု နာမည်သီးတပည့်ကြီးအား ပစ္စည်းလုပ်ကျွေး ကြည်ညွတ်လေးသည့် အလှူပေးထူးသူဌေးတစ်ဦးသည် ကြည်နူးအမြတ် ရည်းစူးမှတ်၍ လှူကပ်ရှင်လှန်း ဉာတ်သင်္ကန်းကို တစ်သန်းခြောက်သိန်း တွက်ကိန်းသင်္ချာ ထေရ်များစွာနှင့် မြတ်စွာဗုဒ္ဓ ကိုယ်တိုင်ကြွ၍ စောင်မကြည့်ကြပ် ခင်းစေအပ်၏၊ ကွတ်မြတ်ပေလှ သမ္ဗုဒ္ဓတို့ ချီးပသံညောင်း အလှူကောင်းကို ကြုံတောင်း ကြုံလှဒုလ္လဘာဝယ် ကြုံရပေပြီ မနသီနှင့် ရှင်ကြည်စိတ်ရှိ မဆိုတဲဘိဘဲ ဂိတ်ဖျန်းမောက် လျှမ်းလျှမ်းဘောက်၍ ပမ်းမြောက်နိုင်ကြသည် ဖြစ်စေဘုန်။

ကထိန်အမေး ပြီး၏၊

# က–ကထိန် အဖြေ

၁–အဖြေ....နာနာနယ နိပုဏနှင့် ဂမ္ဘီရဂုဏ် နည်းနက်ပုံတို့ဖြင့် လေးစုံသာဂရ အဏ္ဏဝတို့ကဲ့သို့ ပဒေသဉာဏ်စု သမ္ဘာနတို့မှာ ထောက်ရှုမပိုင် မှင်မ်းနိုင်အောင် ဒီဆိုင်လိုင်းပွက် ဝဲဂယက်တို့ကဲ့သို့ ခဲခက်ဖုံဖုံ နည်းမျိုးစုံတို့ဖြင့် ယှက်ရုံရစ်သန်း ဖွံခန်းခန်းတို့နှင့် ထူးဆန်းလျှို့ဝှက် သိနိုင်ခက်၏၊ အနက် သဒ္ဒါ အလင်္ကာနှင့် ဗျဉ္ဇနာဗုဒ္ဓိ ပုဒ်အရှိကို ထုတ်ဘိခွဲခြမ်း ကစ္စည်းကျမ်းမှ ဆုံးခန်းမကျ အနန္တအပရိမာ ချီးအံ့ရာသည် မိန့်ဗျာစက်တွင်း ကထိန်ခင်းကို ခပင်းသိစေ မေတ္တာစေ၍၊ လိုလေသမျှ အဝဝကို ရှင်ကယခု ပုစ္ဆာပြုလော ဓမ္မပဒေသ အခြေပြလျက် သာမကေထုတ်ကာ ဖြေဆိုပါအံ့။

၂–အဖြေ....ပညာဝရဇိန် ဉာဏ်စက်ရှိန်ဖြင့် ရွယ်ချိန်ပိုင်းခြား အရှင်ဘုရား– ကထိန်နှင့်စပ် ဤပညတ်ကို ပိဋကတ်ဝိနယာ မဟာဝါခန္ဓက ကထိနတွင် သမန္တစက္ခု သဗ္ဗညုသည် ခွင့်ပြုပညတ်တော်မူပါသည် ဘုရား။

၃–အဖြေ....ဦနအမိကော အနန္တာအညာ လေးပုစ္ဆာတွင် လိုရာတွေးထောက် အရေးရောက်ကို မေးကောက်တတ်ငြား အရှင်ဘုရား....'အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ကထိနံ အတ္ထရိတုံ'မွေးထုံပါဠိ လာရှိသည်နှင့်အညီ သုံးလီလောက ဘဝသာမိ ဓိပတိသည် သာဝတ္ထိပြည်မှန် ဇေတဝန်ဝယ် ခြွေသွန်ဩဝါ ဓမ္မဘာဇာကို ဟောကာအေးကြည် ယာလေးလီဖြင့် မျှည်တော်မူခိုက်တွင် ရောက်ဆိုက်လာကြ ပင်ပန်းလှသည့် ဘဒ္ဒနောင်ညီ သုံးကျိပ်ထေရ်တို့ကို ကိုယ်စီဆောင်ထမ်း ဝတ်သင်္ကန်းမှ ငြိမ်းချမ်းကြစေ ကရုဏာစေတော်မူ၍၊ ဘိက္ခဝေ မြင့်ရှည်ကြာလွန် ခန္ဓာဝန်ကို မသွန်နိုင်ကြ ဘေးဒုက္ခနှင့် တွေ့ရကြုံငြား ရဟန်းများတို့။ ဝဿံဝုဋ္ဌာနံဘိက္ခုနံ၊ ပုရိမဝါသား ရဟန်းများတို့အား။ ကထိနံ၊ သင်တို့မှာလည်း ချမ်းသာရှင်လန်း လှူဒါန်းရသူ ဒါယကာမူလည်း ဆုဆုဝဝ ဖြစ်သမျှတို့၌ ပြည့်ဝကောင်းကျိုး အမျိုးမျိုးကို ပွားတိုးစေတတ် ကထိန်ဉာတ်ကို။ အတ္ထရိတုံ–'ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ' စသည်အမှန် ဝိနည်းကံဖြင့် ဖောက်ပြန်မယွင်း ဖြန့်ခင်းခြင်းငှာ။ အနုဇာနာမိ၊ သင်တို့တိုးပွား အကျိုးများဖို့

(ပဋ္ဌမအကြိမ်)

ထောက်ထားမျှော်ရှု ခွင့်ပြုတော်မူ၏။ ဤသို့မြွက်ဟ စာရိတ္တ၌ နည်းဘမှု ထောက်ထားရှု၍ ခွင့်ပြုပညတ်တော်မူပါသည်ဘုရား။

**၄-အဖြေ**...မေဃဝ္ဂါရေချမ်း မျှဝေဖျန်းလျက် နောက်လမ်းအစဉ် ထောက်လှမ်းဆင် ဉာဏ်မြင်ကြီးမား အရှင်ဘုရား... "ဇာမ် ကထိနစီဝရံ သံဃဿ ဒေမ" ပါဠိတော်အရနှင့် နှိုင်းဆချင့်ချိန် ဤကထိန်မှုလှူသူများစွာ ဒါယကာတို့ ရည်ကာမှတ်သား တစ်ပါးပါးကို လှူပြောဆော လက်ရရှိက ပုဂ္ဂလိကသာ,ဥပစာမျက်မှောက် ဆိုက်ရောက်ကြလာ များသံဃာတို့ ရည်ကာသတ်မှတ် ပေးလှူကြကြ သံဃိကတည်း။ ဒါနဝေဖန် ဤနှစ်တန်တွင် ဇာမ် ကထိနစီဝရံ၊ ငါတို့ပြုအပ် ကထိန်ဉာတ်မှန်း ဤသက်န်းကို။ သံဃဿ၊ ကျောင်းခန်းဥပစာ ကြွလာခိုဓေဆောင်း သံဃာတော် အပေါင်းအား။ ဒေမ၊ ဒွါကြည်ဖြူ ကပ်လှူပါကုန်၏။ ဤသို့ မြွက်ဟ လှူကပ်ကြသဖြင့် ဖြန့်ခင်းခြင်းငှါ သင့်မြတ်ပါသည်ဘုရား။

**၅-အဖြေ**...ပိဋကတ်လမ်း အခန်းခန်းကို မေးမြန်းတတ်ပြေား အရှင်ဘုရား– "ဆိန္နဝဿာဝါ ပစ္ဆိမိကာယဥပဂတာဝါ အညသ္မိံပိ ဝိဟာရေ ဝုဋ္ဌဝဿာဝါ နလဘန္တိ အနုမောဒန္တာပိ အာနိသံသာ နလဘန္တိ" စရှိကျမ်းလာ ထောက်ချင့်စာသော် ဒါယကာများ လှူပြောသင်္ကန်း ဉာတ်ခန်းမဝင် အာနိသင်ကို ကျောင်းတွင်ရှိကြ ပုရိမဝါသား ရဟန်းများသာ ရထိုက်ပါရှင့်၊ ပထမဝါ ယင်းသံဃာလည်း အနုမောဒနာမှု မခေါ်ပြုက ငံ့စုမဝင်၊ အာဂန္တုက ပစ္ဆိမဝါမျိုး ဝါကျိုးဝါပျက် အဝေခက်၏၊ မသက်မထိုက် ကျမ်းဥမလာ သင်္ကန်းလျာမှာ ကြွင်းရာပစ္စည်း အသီးသီးတို့ကို ပေါင်းစီးညီမျှ စုပုံချလျက် သမဘာဂါ ဝေရပါ–ပါမည်ဘုရား။

**၆-အဖြေ**...ကြံစည်နဲနက် ခဲအခက်ကို ခွဲဝှက်နိုင်ပြေား အရှင်ဘုရား...လေးနည်းမယွင်း ထိုလှူခြင်းတို့တွင် ဉာတ်ခင်းပြီး လှူကြနိသင် ပိတ်ဖျင်ရောယူ သင်္ကန်းစုကိုလည်းကောင်း၊ ဉာတ်မှုဉာတ်ခန်း လှူဒါန်းပြီးမှ ကြွင်းသမျှကို မြွက်ဟမကြား ပစ်ချသွားသည်ကိုလည်းကောင်း၊ ပုရိမဝါသား ရဟန်းများသာ ဝေရပါကြောင်း ရောပြွမ်းပေါင်း၍ ငုဓဆောင်း မကြွင်း ဉာတ်မခင်းခင် ရှေးဦးတင်၍ လှူအခင်ရှိသမျှ ကဝတ္ထုတို့ကို သံဃာမြွက် ပေးလှူဆက်ကာ အာသာသင်္ကန်း ဖြစ်စတမ်းခကြွင်ငှံ့ ကျောင်း

(ပဉ္စမအကြိမ်)

ခန်းဥပစာ ဝင်လာရောက်ဘိ ပါရှိဝါကျိုး အမျိုးမျိုးပင် အုပ်စိုးတူမျှ ဝေဖန်ရရှင့်၊ သာမကေထုတ်ဖွေ ကျမ်းအခြေကား- “ယဋ္ဌကာလေပိ သံဃဿ ဣဒံ အကာလစီဝရန္တိ ပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာ နယေန ဒိန္နံ တေံ အကာလစီဝရံနာမတ္တာဒိန္နလာဘော သဗ္ဗသံ အန္တေဝါသိ မဂတာနံ ပါပုဏာတိ” စရှိမှန်စွာ အဋ္ဌကထာမိန့်ပါဌ် ပါဌ်ရပ်ဖြင့် သိမှတ်ရောက်ရာ နည်းတဖြာမှာ ဒါယကာများရည်မှတ်သား၍ ညာဘ်ထား ကြွင်းကျန်အာနိသံကို ကထိန်ခံအား ပေးလှူပြောမှု အများမပိုင် တစ်ပါး ဆိုင်ခဲ့၊သုံးပိုင်ဆိုင်မှု သက်နိုးစုမှ ကြွင်းသမျှလာဘ် အာနိသံကို ဝေဖန်ခွဲစစ် ဂရုပြုစ်မှု ဝေခတ်မထိုက် ထိုကျောင်းတိုက်မှာ ထိုက်လျော်ရာ၌ သေနာ သန သုံးဆောင်ရမဲ့။ အာဂန္တုအမြေ ကျမ်းသက်သေကား “ဧဝံ အတ္တတော ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘာတံ အာနိသံသံဒါယကာ ယေန အမှာကံ ကထိနဂဟိတံ တဿေဝ ဒေမာတိ ဝဒန္တိ ဘိက္ခုသံဃော အနိဿရော၊ တတ္ထအဝိစာရေတွာဝ ဒတ္တာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော ဣဿရော ဂရုဘဏ္ဍံ န ဘာဇေတဗ္ဗံ” ဤမှာဘမ်းဖြင့်ကျမ်းသာမကချင့်ထောက်ဆလျက် လေးဌာနပြု ကထိန်မှုကို မြော်ရှု ခွဲဝေသင့်ပါသည်ဘုရား။

၇-အဖြေ....ပုလဲလုံးညီ ရွဲကုံးစီသို့ ပေ့လီဆန်းကြယ် ဉာဏ်ကြိုးသွယ်၍ မေးဖွယ်ပေါ်များ အရှင်ဘုရား.... “ဝဿံဝုဋ္ဌာနံ ကထိနာနိသံသာနိ ကာလစီဝရဉ္စ သမဓေမဝ ဒါတဗ္ဗံ” မိန့်ပြောပါဌ် ဝိမတိအလာ ထောက်ချင့်စာသော် မြူလွှာမငြိ ဖြူစွာဘိနှင့် ပကတိသီလ ရှိကြမဖွေ သာမဏေမှာ ဝါရေပဌမ ကျွတ်ပေကမူ သမဘာဂ ရထိုက်ပါရှင့်၊ အနုမောဒနာမှု မပြု မပါ ပစ္ဆိမဝါကပ် ဝါပြတ်ဝါကျိုး ဆယ်မျိုးလိင်သင့် အကျင့်ပျက်ပြား သာမဏေများမှာ မရပါခဲ့၊ ထေရ်သံဃာစု အခွင့်ပြုမှ ဇွဲစုခဝပုံ ရပါကုန်ရှင့်၊ လုံခြုံကျင့်မြတ် ဝတ်နိဗဒ်ဟူ ရှိမှုမရှိ ပြားဘိနှစ်ထွေ ဖြစ်ပါချေလည်း ထူးထွေမရှိ မျှဝေဘိလော၊ ပိဋ္ဌိသံမယ အကာလမှာ ဖြစ်ခဲ့ပါလျှင် ဘဏ္ဍာ တိုက်တွင်း သိုသွင်းထားအပ် သက်နိုးရပ်သာ သံဃာဝတ်မှု မပြုလတ်ပေ သာမဏေကို ခွဲဝေဝတ္ထု ထက်ဝက်ပြုလော၊ ဝတ်ပြုတတ်ချေ သာမဏေ အား ရေပြောတူမျှ ကျမ်း၌ပြ၏၊ အာနိသံသ စီဝရမှ ကြွင်းသမျှလာဘ် ကား ထူးပြားမရှိ မျှဝေဘိဟု ပါဌ်သာမက ကျမ်းဂန်ရနှင့် ထောက်ဆ စနာ ဝေရပါမည်ဘုရား။

(ပဥ္စမအကြိမ်)

ဂ–အဖြေ....ကျမ်းလာသနစ် ကောင်းစွာဆစ်၍ အသစ်အသစ် နောင်ရေး
မခက်ဖို့ မေးစစ်တတ်ကြောင်း အရှင်ဘုရား....“သံဃ ဒိန္နကာလ
တော ပဋ္ဌာယ ကောစိမတ္တမ္ပိ ပုဂ္ဂလော အမိကံ ဂဏှိတုံ န လဘေယျ”
ကျမ်းအရဖြင့် ကထိန်အခါ ဒါယကာတို့ လှူလာသင်္ကန်း ရောယှက်ပြွမ်း၍
ဆွမ်းကွမ်းငှက်ပျော ဆေးရေဆန်ပါ ယမကာအသွယ်သွယ် ဖွယ်ဖွယ်ရာရာ
အဖြာဖြာတို့ကို သံဃာတော်များ သုံးစားခံရန် ရည်သန်စိတ်မှာ လှူကပ်
လာက သင်္ဃိကချည်း ဖြစ်သပြီးကား ထေရ်ကြီးထေရ်ငယ် ပေါကြွယ်
များစွာ ဒါယကာကော လှူလှူရှင်ရှင် ဆင်ခြင်မရှိ သတိမထား တရားဖောက်
ပြန် သံဃာ့ထံမှာ မပန်မကြား ဝှက်ထားပုံးဖိ သုံးစားမိသော် ဂတိဖုံးအုပ်
စုတိချုပ်က ငရဲကျဖို့ဆောင်ပါး ဝေးကြွာမြိုင်ရင်း အခါခံတွင်းမှာ မီး
ဝင်းဝင်းတောက် ပူပြင်းလှ၍ ဒုက္ခကြီးဝှန့် အတွန့်တွန့်နှင့် လွန့်ကာ လွန့်ကာ
ရှည်မြင့်ကြာအောင် ခံရှာရပေမည် ပြိတ္တာဘဝသို့ မြော်တွေးဆင်ခြင် စိတ်
မှာထင်၍ အပ်ချည်တစ်မျှင်ကိုမျှ သံဃာတွင်မပန်ကြားဘဲ မသုံးစားအပ်ပါ
ကြောင်း ထိုးကောင်းသာဓက ကျမ်းအရနှင့် တင်ပြဆုံးဖြတ်ရပါသည်
အရှင်ဘုရား။

ဇ–အဖြေ...လုံ့မီးတမျှ ညဏ်ဝစနဖြင့် ထွန်းပကျော်ကြား အရှင်ဘုရား....
“ဥပသကာ ဒါနံနာမ ပုဂ္ဂလဿ ဒိန္နတော သံဃဿ ဒိန္နံ မဟပ္ဖ
လတရံ ဟောတိ”ပါဠိသာဓက ကျမ်းအရကား ဒါယကာများ တရားမသိ
မှောက်မှားရှိ၍ ထင်ထင်ရာရာ ကထိန်လျာကို ရည်ကာသတ်မှတ် ပုဂ္ဂိုလ်
မြတ်အား လှူကပ်အံ့မှန်း ထိုသင်္ကန်းကား ရည်မှန်းရင်းမှ တစ်ဌာနခြား
သံဃာများကို သွားကာရွှေ့ကပ် မလှူအပ်ထိုက် ဂတိလိုက်၍ လှူဆိုက်မသိ
လှူလိုက်မိက အဓမ္မိကဒါန အဓမ္မအလှူခံ ဖြစ်သည်မှန်ခဲ့၊ နှစ်တန်အဖြစ်မစွမ်း
ညစ်အောင် အမြစ်မူသာ မသိကြပြား ဒကာများကို မှတ်သားရှည်ရှူမထေရ်
စုက ဥပသကာ ရတနာသုံး ပုလဲကုံးကို ဆင်သုံးမလေ် ဂုဏ်သက်တက်ကြောင့်
ရအပ်သည်သာ အို-ဒကာတို့၊ ဒါနံနာမ၊ အလှူမည်သည်ကား။ ပုဂ္ဂလဿ၊
အသီးပိုင်းခြား ပုဂ္ဂိုလ်များအား။ ဒိန္နတော၊ မှတ်သားရည်မှန်း လှူဒါန်း
ရသည်ထက်။ သံဃဿ၊ အမှတ်မဲ့သာ ပေါင်းသံဃာအား။ ဒိန္နံ၊ သဒ္ဒါ
ကြည်ဖြူ လှူရမှုကား၊ မဟပ္ဖလတရံ၊ လွန်စွာဖွံ့ဖြိုး အကျိုး ကြီးမြတ်သည်။
ဟောတိ၊ မချွတ်မသွေ ဖြစ်ပါချေ၏။ ဤကျမ်းအရ တရားပြ၍ ဓမ္မိက
(ပဋ္ဌမအကြိမ်)

ဒါန သံဃိကလှူဒါန်း ထိုသင်္ကန်းကို ညတ်ခန်းညဉ်းတွင်း ညတ်သို့သွင်း၍ ဖြန့်ခင်းခြင်းငှာ သင့်မြတ်ပါသည် ဘုရား။

၁၀-အဖြေ...ကျမ်းဂန်နက်လေး ယှက်အထွေးကို စစ်မေးတတ်ပြား အရှင်ဘုရား—"အန္တရာယေန အပဝါရိတာနံပိ ဝဿံဝုတ္ထာနံ ကထိနတ္ထာယ သမ္ဘဝတော" ကျမ်းဟောနိမိတ် ဋီကာပါဠိတ်၌ အနက်ရိပ်လာ မြင်ရပါ၍ ပဝါရဏာမှု ပြုရထင်ရှား ရဟန်းများသာ ကထိန်လျှာညတ်သွင်း ခင်းခံရသည်မဟုတ်ပါ၊ ပထမဝါကပ် မပြတ်မကျိုး မညှိုးကျွတ်လာ ပဝါရဏာမှု မပြုရပြား ရဟန်းများလည်း ညတ်ထားအပ်နှင်း ကထိန်ခင်းကို ဖြန့်ခင်းခြင်းငှါ သင့်မြတ်ပါသည် ဘုရား။

၁၁-အဖြေ...သင့်ရာသင့်ရာ ညဏ်ချင့်စာလျက် ဝိနယာညတ် တံကမ်းခတ်အောင် မေးတတ်ပေပြား အရှင်ဘုရား...ဉတ္တန္တာမေဝ ပုဒ်သဒ္ဒါနှင့် မိန့်ဟောလျှော်စွာ ဤတိုက်ဘာဝယ် သိက္ခာကာမ ပေသလနှင့် သုဘဂုဏ်ညီး မထေရ်ကြီးသည် ခိုမှီးပုရိမဝါမှထ၍ ကထိနအခြေ အင်ရှစ်ထွေနှင့် ဖြစ်နေဆန်းကျမ်း မညစ်နွမ်းဘဲ ဟောက်လှမ်းအာဂုံ ညဏ်စွမ်းဟုန်နှင့် လောက်လုံညီညွတ်ပါသည် ဘုရား။

ကထိန်အဖြေ ပြီး၏။

---

## ခ–ကထိန်အမေး

၁–အမေး....တြိဘဝ ရှိသမျှ၌ များလှဘုံသူ နတ်နှင့်လူသည် ကြည်ဖြူဝပ်လျှိုး ရှိညွတ်ကျိုးလျက် ရှိခိုးပန်ထွာလှန်သဒ္ဒါနှင့် ပူဇာသက္ကာ လှူဒါနကို စိုးရသိမ်းပိုက် ခံယူထိုက်သဖြင့် သမိုက်မကြွင်း သုံးထိုက်တွင်းဝယ် သတင်းတောက်သို့ အရဟံဟု ဂုဏ်သံကိတ္တိ ဘဝဂ်ထိအောင် နှံ့သိကျော်ထင် သာကီရှင်သည် သဗ္ဗညုဏ်တော် ရှုမြင်မြော်၍ ဟောဖော်မိန့်မြွက် ဓမ္မစက်အစုံ ကျမ်းသုံးပုံတို့၏ ဝတ်မှုန်ရနံ့ မွှေးထုံပျံ့သဖြင့် အနံ့ကြိုင်သင်း ထွန်းလင်းတော်မူဆဲအခါ သဒ္ဒါဗလဝ ရှိကြများစွာ ဒါယကာ အပေါင်း သူတော်ကောင်းတို့ ညွတ်ပြောင်းကြည်ဖြူ ပေးလှူနှုတ်မြွန် ကထိန်ဖြစ်လား အပါးပါးတွင် ပိုင်းခြားဆွေးနွေး ရှင့်ကိုမေးအံ့ အရေးသင့်ခါ ဖြေဆိုပါလော့။

၂–အမေး....သုတဂုဏ်စွမ်း စုံပြည့်လျှမ်းလျက် နက်ဝှမ်းကျယ်လစ် ခဲခက်ဆစ်ကို သနစ်မြော်မြင် အို ငါ့ရှင်....သုံးပုံကျမ်းမြတ် ပိဋကတ်

ဟု နှီးစပ်ထင်ရှားယင်းတရားတွင် ဒေဝါမနုဿ သာဝကနှင့် ဗုဒ္ဓဘာသာ ရှိသည့်အရာ အဖြာဖြာဝယ် များစွာဂုဏ်သိမ် ဤကထိန်ကား ဘယ်ဘုရားဖြစ်ပါသနည်း။

**၃-အမေး**....စိန်ဝဇီရ ရှိန်မှီပသို့ သဗ္ဗကောဂုဏ် ညာပျပုံနှင့် ပြည့်စုံဉာဏ်မြင် အိုင်ရှင်..ကထိန်ဟူခြား ဤဘုရားကို ဘုရားဟောမှန် သင် ပြောပြန်၍ ကေန်မသေ့ သိရပေပြီ၊ ထူးထွေများစွာ လူ့ဝေါဟာတွင် သညာနွှတ္ထ ရှဋ္ဌိယဟု နှစ်ဝတွင်သော မည်သည်ဝယ် ကထိန်ဝေါဟာရ ဤ နာမကား ဗျဉ္ဇနဲ့မှတ် ပညတ်ဖို့ရာ ဘယ်သာဖြစ်ပါသနည်း။

**၄-အမေး**....စက်အာသနိယ မိုးပြင်ကျသို့ ကြေမွချက်ဖြင်း ဆောင်မြိုက်ကင်း အောင် ရှင်းလင်းဖြေတွင် အိုင်ရှင်...ကထိန်နွတ္ထဟဲ ဤပညတ် ကို လောကတ်သရဖူ ယမ္ဘူသည် ပေးဆုရိယာ မျှရာဌာနီ အပြည်ပြည် တွင် ဘယ်ပြည်ပူရ ဘယ်ဌာနဌ္ဌ သိပ္ပါသမြဲ မျှတဆဲတွင် ယင်နှဲ့သတ်မှတ် မြွက်ချီလတ်၍ ပညတ်တော်မူပါသနည်း။

**၅-အမေး**...အနောဒတ္တ ရေပြန့်ပမှ စီးကျဖြိုင်ဖြိုင် ရေချက်ဆိုင်သို့ နိုင်းခိုင် ပုံသွင် အိုင်ရှင်...စေထီးဥက္ကဌ ဘုရားမြတ်သည် ချဉ်းကပ်မှီခို ရာဇဂြိုဟ်တွင် ထိုထိုသပ္ပါ မျှတခါ သညာနွှတ္ထဟဲ ဤပညတ်ကို သတ်မှတ် မယွင်း ပညတ်ခြင်းကား ကြောင်းချင်းဝတ္ထု နိဒါန်းမူနှင့် ခွင့်ပြုခဲ့ဝေ ပညာပေမည် ထွေထွေများတောင်း ပညတ်ကြောင်းတွင် မှတ်ကြောင်း ဟေတု ဘယ်ဝတ္ထုကြောင့် ခွင့်ပြုပညတ်တော်မူပါသနည်း။

**၆-အမေး**... သီတာရေမြစ် ကျတိုင်းနစ်သို့ အဆစ်အမျက် ဖြစ်အပျက်ကို ချေဖျက်ကုန်စင် အိုင်ရှင်...ဘဒ္ဒဝဂ္ဂီ ညီနောင်ထေရ် တို့၏ အကြောင်းကြောင့် ပညတ်မူလ ယင်းအစကို သင်ပြဖော်ဖြေ သိရပေပြီ၊ ကထိန်ခေါ်ယူ ဤအလှူကို ဘယ်ယူဘယ်မျိုး သဒ္ဓါကျိုး၍ ဝပ်လျှိုးတုပ် ပြုတ် ပေးလှူကပ်သော် ပညတ်မယွင်း ယူခင်းခြင်းငှါ သင့်မြတ်ပါသနည်း။

**၇-အမေး**....ခဲခက်သမျှအဝဝဌ် မုချသိမြင် အိုင်ရှင်... လူနတ်ပြဟ္မာ ဇာနန္ဒာ မိုးနတ် အမြတ်သုံးဖော် လှူသော်အပ်ကြောင်း သင်ဖြေ လောင်းရာ ရှင်းသူတို့ အဘယ်သို့လျှင် ဆောင်ပို့နှုတ်ချို မြွက်ကြားဆိုမှ အလိုဗုဒ္ဓ နှုတ်ချတံဆိပ် ကျမ်းနိမိတ်နှင့် ခတ်နှိပ်ညီညာ ခင်းအပ်ပါသနည်း။

(ပဌမအကြိမ်)

**၈–အမေး**.... ပြောင်ယိန်ငြိုးငြိုး လောင်ရှိန်မီးသို့ အံ့ချီးဂုဏ်ထင် အိုငါ့ရှင် ထိုသက်နှံ့ကို ရဟန်းထေရ်တော် ဘယ်မျှသော်လျှင် ပင့်ခေါ်စုဝေး ညီညွတ်ပေးလျက် အရေးအမှု အလေးပြု၍ ဝတ္ထုအောင် ခင်းအပ်ပါသနည်း။

**၉–အမေး**.... ပါဠိသာမက ထောက်နိုင်းဆလျက် အထုလပုံအင် ချိန်ကြီးသင့်သို့ ဖြေထွင်သိမြင် အို ငါ့ရှင်...ငါးပါးအစ ရာထောင်ကျအောင် ခင်းရထိုက်စွာ ယင်းအရာတွင် သေချာခြားနား မထင်ရှားခဲ့၊ အများစုကာ ဂိုဏ်းသံဃာနှင့် ပုဂ္ဂလာခေါ်မှု ဤသုံးစုတွင် ဘယ်သူ့အရေး ဘယ်သူ့စေးဟု ခွင့်ပေးသိုက်မြိုက် ခင်းဆိုဆိုက်ပါသနည်း။

**၁၀–အမေး**... ယန္တရားစက် ဆန်းပြားချက်သို့ အမျက်ဖြေထွင် အို ငါ့ရှင်.... ယခင်ပုဂ္ဂိုလ် သင်ပြဆိုရာ ထိုထိုဘစ်ပါး မကွဲပြားခဲ့၊ ဂုဏ်သွားမပိုင်း ပုဂ္ဂိုလ်တိုင်းပင် ညွတ်ရှိုင်းခင်းလေ်ာက် မိပွါယ်ရောက်၏။ သုံ့လောကမမှန် မဟုန်ဘန်ခဲ့ ဝေဖန်မိန့်ဆို ဘယ်ပုဂ္ဂိုလ်သာ ခင်းအပ်ပါသနည်း။

**၁၁–အမေး**.... ဝဇီရာဝုဓ် စက်သွားခုတ်သို့ မိန့်ထုတ်ဖြေထွင် အို ငါ့ရှင် .. သံဃာညီမျှ သမဂ္ဂတို့ ဒုတိယကမ္မဝါပေးကြပါမှ ဒေသနာညီ မသွေမဖီဘဲ အင်ညီညွတ်ပေါင်း ခင်းအပ်ကြောင်းကို ကောင်းကောင်းမှချ သင်မိန့်ပြ၍ ဒွိဟပျောက်ပြေ သိရပေပြီ၊ သမဂ္ဂသား သံဃာများလည်း ထောက်ထားမျက်နှာ လိုက်ကောင်းစွာဟု လိုရာဘစ်ချက် ဆိုရာထွက်၏၊ ပယ်ဖျက်ဘယ်လို ဘယ်ပုဂ္ဂိုလ်သာ ကြည်ညိုများစွာ ပေးအပ်ပါသနည်း။

**၁၂–အမေး**.... လျှံထွက်မြမြ ဉာဏ်ခဂ္ဂဖြင့် **အစဖြေထွင်** အို ငါ့ရှင်...**သင်** ဖြေဆိုကြား တရားအလာ ပေးအပ်ပါလျှင် ဤသံဃာအားပေါင်းအများတွင် ဘယ်မထေရ်အား ကံနည်းပါး၍ ပါးရာနွမ်းရိ သက်နှံ့ရှိပါသနည်း။

**၁၃–အမေး**.... ကြီးမြင့်ရောင်ရှိန် ဉာဏ်ပုဆိန်ဖြင့် ရှယ်ချိန်ဖြတ်ပိုင်း အရာတိုင်းကို ညီနိုင်းဖြေထွင် အို ငါ့ရှင်...ဘဝန္တရ လွန်အစကစာဂကျေးဇူး ဒါနထူးကြောင့် လာဘ်မြူးပေါများ ခေါင်းပါးသက်နှံ့ ပင်ပန်းရှင်းလင်း ရဟန်းကင်းသော် ရှိရင်းသံဃာ ပေါင်းများစွာသည် သဒ္ဓါရှင်လန်း ဘယ်ရဟန်းအား ကျမ်းနှင့်ညီညာ ပေးအပ်ပါသနည်း။

(ပဌမအကြိမ်)

၁၄-အမေး... သိုင်္ဂိအရောင် ရှိန်ညီပြောင်လျက် သုံးစောင်နှံ့စပ် ပိဋကတ်ကို သိတတ်မြော်မြင် အို ငါ့ရှင်....သင်ဖြေအပ်ငြား ကျမ်းစကား နှင့် ထောက်ထားညီညာ ဤသံသာတွင် သဒ္ဓာထူးလည် ဘယ်မထေရ်သည် ရှင်ဥမရိတ် ဂုဏ်နိမိတ်နှင့် တင်နှိပ်ဝေါဟာ ဖေါ်ပြသောင်သေလာသို့ ထက်စွာရှင့် သည်း သက်ဝါကြီးသော မထေရ်ကြီး ဖြစ်ပါသနည်း။

၁၅-အမေး... ဉာဏ်ဇဝန သိန္ဓဝသို့ လျင်စွာသိမြင် အို ငါ့ရှင်... ဂုဏ်အင် သီလ စုံညီမျှနှင့် ညွှန်ချလေပြီး မထေရ်ကြီးသည့် ဝိနည်း တော်မြတ် အင်္ဂါမှတ်၍ ပည့်ဝတ်တော်ရ ကရဏပစ္စုဒ္ဒိရ ထိုထိုအရာ အင် ရှစ်ဖြာနှင့် ကောင်းစွာကိုလုံ ပြည့်စုံပါမည်လော။

၁၆-အမေး....သုံးတော်င်အတွင်း ဘုန်းရောင်လင်းလျက် ထန်ပြင်းတေဇာ ကေသရာသို့ မျှားစွာဖြေထွင်—အို ငါ့ရှင်....ကထိန်ဟူသည် စင် ဖြူအပြစ် မညစ်မထေး နားပတ်သေး နားပတ်ရောင် ခွာရှောင်ပယ်ရှား စသော အားဖြင့် တရားကျမ်းမှန် ဝိနည်းကံညီညွတ်မှသာ မုချမသွေ ခင်း ရပေမည် သို့ဖြစ်သည်ကြောင့် ယုံကြည်သဒ္ဓါ စုံညီလာ၍ ပူဇာရှင်လန်း လှူသင်္ကန်းကား အပ်လမ်းအမှန် မြတ်ကျမ်းဂန်နှင့် စုံလျှံဂုဏ်အင် အင်္ဂါ ဝင်ပါ၏လော။

၁၇-အမေး .. သာဓုသာဓု အံ့ဖွယ်ပြု၏ ရှင်မှုဝမ်းမြောက် ချီးပလောက်ပင် ဘုရားရှင်တို့ ကြည်လင်နှစ်ခြိုက် ခံယူထိုက်ရာ စုံအင်္ဂါနှင့် လုံ စွာပြည့်လျှမ်း ဤသင်္ကန်းကို ရဟန်းထေရ်ကောင်းဆုံစုပေါင်း၍ အကြောင်း သင့်စွာ ထေရ်မဟာကို ကြည်သာရှင်ပ ပေးလှူကြ၍ ဓမ္မမယှင်း ဖြန့်ဝေ ခင်းမှု တိုက်တွင်းများစွာ ပေါင်းသံဃာတို့ ငါးဖြာကျိုးဆက် တန်ခိုး ထွက်၍ ငြိမ်သက်ကြည်လင် အကျိုးအင်ကို စည်ပင်ပြန့်ပွား စံစားမစောင်း လှူအပေါင်းလည်း ဆုတောင်းပတ္ထနာ နောင်အခါ၌ ငါးဖြာအကျိုး ပွား တက်တိုး၍ ပြည့်ဖြိုးစုံညီ ရပေမည်ဟု မနသိနှစ်ခြိုက် နှလုံးပိုက်၍ သောင်း တိုက်ဘုံလိုမ့် မြေတုန်ညီမ့်မျှ နှစ်သိမ့်ကြည်အေး သံပြိုင်ကြွေး၍ သာဓုပေး ကြလေကုန်။

ကထိန်အမေး ပြီး၏။

# ခ-ကထိန်အဖြေ

**၁-အဖြေ**....ဂုဏ်အနန္တစုံလျှံပ၍ ဘုမ္မန္တတွင်း ဘဝဂ်လင်းအောင် **ပေါက်ထွင်း** ဣဒ္ဓိ ဟိတ်မရှိသည် ကိတ္တိဂုဏ်ညွှီး ဒိဋ္ဌိမျိုးတို့ကို နှိပ်ချိုးပယ်လှန် တန်ခိုးထန်သည့် မျိုးမှန်ရာဇိန် အသမ္ဘိန်သည် ပူရှိန်သောက မကင်းကြ၍ ဒုက္ခဆူညောင်း နတ်လူ အပေါင်းကိုအား ဝဋ်ဟောင်းတည်တည် လွတ် ကြောင်း၍-ဝေဿတ္တပါ၌ ကြာပွင့်ချပ်မှ ဖွင့်လှပ်ထုတ်ဖော် အမိန့်တော် သည် မြေပေါ်ပျံ့ကြိုင် ကျွန်းလုံးလှိုင်လျက် ရှန်းပြိုင်ရနံ့ သုံးဆိုင်နှံ့အောင် သင်းပျံ့တော်မူဆဲအခါ သဒ္ဒါသိလ သုဘထုံလှောင် သူတော်ကောင်းတို့ ညွတ်ပြောင်းရည်ယူ ဝဋ်ဟောင်းဖြူအောင် ပေးလှူနှုတ်မြိန် ကထိန်ဖြစ်ရ အဝဝကို တောင့်တအရေး ရှင်ကမေးသော် အရေးသင့်စွာ ဖြေဆိုပါအံ့။

**၂-အဖြေ**...ပညာရှေ့ပြေး ထောက်ချိန်မေး၍ အရေးမြော်မြင် အိုငါ့ရှင်... လေးဖြာဓမ္မ ဘာသိတတွင် သာဝကဆူဆူ နတ်နှင့်လူကိုနှုတ်ယူ သတ်မှတ် ပညတ်အံ့ငှာ မထိုက်ပါ၍ ကထိန်မည်ရ ဓမ္မထူးခြား ဤဘုရား ကား ဘုရားဟောအစစ် ဖြစ်ပါသည် ဘုရား။

**၃-အဖြေ**...ပုစ္ဆာခွင့်ရောက် သင့်ရာထောက်၍ မေးကောက် နိုင်းတင် အို အရှင်“ ကထယတေ သီလာဃတေ ဗုဒ္ဓါဒီဟိတိကထိနံ” ကျမ်း ဂန်အလို ကိတ်ဝိဂြိုဟ်ကို ထုတ်ဆိုနှစ်သိမ့် ဋ္ဌကထာမိန့်သောကြောင့် ရှင်ငြိမ့် ချိုသာ သူတော်စွာတို့ ထောမနာရေး ကောင်းစွာပေးလျက် မြတ်လေး နှစ်ခြိုက် ချီးမွမ်းထိုက်သဖြင့် သမိုက်ဝေါဟာရ ထိုနာမကို **အနွတ္ထသညာ** ဆိုအပ်ပါသည် ဘုရား။

**၄-အဖြေ**....ဖွေရှာနဲ့နက် ခဲအခက်ကို ခွဲဝှက်ကဲန်မြင် အိုအရှင်....‘တေန ခေါ ပန သမယေန’ နိဒါန်းဖြင့် ဝိနယမဟာဝါ မိန့်မှာပါ၌ **လာရှိ** သည်နှင့်အညီ အလီလီပေါင်း လိုကြောင်းမရှိ ဂုဏ်သတ္တိကြောင့် သာဝတ္ထိ မည် မင်းနေပြည်ဝယ် ပေါ်ကြွယ်ပြည့်ဝ ဓနဂုဏ်သိမ် နာထပိဏ်ဟု ကျော် ရှိန်ဖြိုးမောက် သူဌေးဆောက်သည့် အံ့လောက်ကြီးမွန် ဇေတဝန်ဟု **မိုးစွန်** နီးနီး ကျောင်းတော်ကြီး၌ စောထိဥက္ကဋ္ဌ ဘုရားမြတ်သည် ပညတ်ခွင့်ပြု **တော်**မူပါသည် ဘုရား။

(ပဌမအကြိမ်)

၅-အဖြေ....ဆိုးကောင်းအမြတ် ကျိုးကြောင်းစပ်၍ မေးတတ်မြော်မြင် အိုအရှင်–"တေနခေါပန သမယေန ကိံသမတ္တာ ပါဝေဿကာ" မဟာဝါပါဠိ လာရှိသည်နှင့် အညီ ဘဒ္ဒဝဂ္ဂိ နောင်ညီသုံးကျိပ် ပင်ပန်းရိပ်ကို နိမိတ်ဝတ္ထု အကြောင်းပြု၍ ခွင့်ပြုပညတ်တော်မူပါသည် ဘုရား။

၆-အဖြေ....အဇ္ဈာကာသ ကောင်းကင်ဝက လျှောကျပမာ မေးပုစ္ဆာကို ကောင်းစွာသိမြင် အိုအရှင်...."ယေနကေနစိ ဒေဝနဝါ မနုဿေဝါ" စသည့်အာဒိ ပါဠိအာဂမ ဝိနယအဋ္ဌကထာ ကျမ်း၌လာသောကြောင့် ပြဟ္မာသိကြား လူနတ်များနှင့် ငါးပါးစာရှိ အညီဘုံးဖော် ထိုသူတော်တို့သည်၊ ရှည်ရော်ရှင်လန်း လှူသက်န်းဖြင့် တင်လှမ်းဖြန့်ကာ ခင်းအပ်ပါသည် ဘုရား။

၇-အဖြေ....ဂင်္ဂါမြစ်ကမ်း မကုန်ခန်းသို့ နက်ဝှမ်းညာဏ်မြင် အိုအရှင်...."ဝတ္တံ ကထိ နစီဝရံ သံဃဿဒေမာတိ ဒါတုံဝဋ္ဋတိ" အစရှိသဖြင့် ဝိနယအဋ္ဌကထာ ကျမ်းဂန်လာသောကြောင့် ဣမံ ကထိနစီဝရံ သံဃဿဒေမ ဟု နှုတ်က မြွက် ကြည်ညိုလှူဒါန်း ထိုသက်န်းဖြင့်သာ ကျမ်းလမ်းမှန်စွာ ခင်းအပ်ပါသည် ဘုရား။

၈-အဖြေ....လျှောကျဇလုတ် ဩဃမှုတ်သို့ မဟုတ်မဆိုင်း ဟုတ်မှန်တိုင်းကို ညှိနှိုင်းမေးတင် အိုအရှင်...."ပဏ္ဍဝဿေန ဘာဝ ပစ္ဆိမကော္ဂ ယာ ပဋ္ဌဇနာ နလဗ္ဘန္တိ" ပုဒ်အာဒိကို ဝိနယအဋ္ဌကထာ မိန့်မှာဆိုအပ်သည်နှင့်အညီ ယုတ်သောပိုင်းခြား အမှတ်အားဖြင့် ငါးပါးပုဂ္ဂိုလ် ထိုမှတပြား ရထေဝင်သာလည်း ခြင်းရာမယွင်း အကြောင်းရင်းဖြင့် ခင်းအပ်ပါသည် ဘုရား။

၉-အဖြေ....ထစ်ချုန်းဖြိုးဖြိုး ပစ္စုန်မိုးသို့ ညာဏ်မျိုးပေါ်ထင် အိုအရှင်...."နာညတြပုဂ္ဂလဿ အတ္ထရာ" ကျမ်းဂန် လာသောကြောင့် ဂိုဏ်းသံဃာများ ပယ်ခွာရှား၍ ပုဂ္ဂိုလ်အားသာ ခင်းထိုက်ပါသည် ဘုရား။

၁၀-အဖြေ....နက်နဲသာမျှ ခက်ခဲစွာကို ထောက်ဆနှိုင်းတင် အိုအရှင်...."ယဿ သံဃော ကထိနစီဝရံ ဒေတိ တေန အတ္ထရိတဗ္ဗံ" ဟု ဝိနယ အဋ္ဌကထာ မိန့်မှာအပ်သည်နှင့်အညီ အကြင် ရဟန်းအား သံဃာများတို့ ပေါင်းငြားစုကာ ပေးလှူပါ၏။ ထိုရဟန်းသာ ခင်းအပ်ပါသည် ဘုရား။

(ပဋ္ဌမအကြိမ်)

**၁၁-အဖြေ**....ထက်မြက်တန်ခိုး လက်နက်မိုးသို့ ဖြိုးဖြိုးစုံလင် အိုအရှင်.... "ယော ဇိဏ္ဏစီဝရော ဟောတိ တဿ ဒါတဗ္ဗံ" ဟု မှာတမ်းအရ ကျန်းဂန်ပြသောကြောင့် ပုညနည်းပါး ပစ္စည်းရှား၍ ပါးရှားနွမ်းရိ သက်န်းမရှိသော ရဟန်းအား ပေးရပါမည် ဘုရား။

**၁၂-အဖြေ**....သမ္မာရဉာဏ် ထက်သန်မြော်မြင် အို-အရှင်.. ကြည်လင်သော စိတ် ရှေးအတိတ်က စာရိတ္တပွား ဒါနများ၍ ပါးရှားနွမ်းရိ သက်န်းမရှိသောရဟန်း မရှိပါ ဘုရား။

**၁၃-အဖြေ**... အထင်အရှား မြင်အကြားနှင့် ထောက်ထားစုံလင် အို-အရှင် "သုလဘ စီဝရေသု သန္တေသုပိ ဝုစ္စသော ဒါတဗ္ဗံ" ဟူ၍ အဋ္ဌကထာပါဠိ လာရှိသည်နှင့်အညီ နွမ်းပါးလွတ်ရှင်း ရဟန်းကင်းသော် သီတင်းကြီးအား ပေးရပါမည် ဘုရား။

**၁၄-အဖြေ**... အာဇာနည်ဟန် ရဲရင့်မာန်နှင့် သိဉာဏ်များမြင် အို-အရှင်.... ပေါ်ထင်သမိုက် ဤကျောင်းတိုက်၌ ပျော်ပိုက်ခိုမှီး မထေရ်ကြီးသည် သီတင်းကြီး ဖြစ်ပါမည် ဘုရား။

**၁၅-အဖြေ**....သူရကန်ရောင် တူစံဆောင်ရ လင်းပြောင်ဉာဏ်မြင် အို-အရှင် အသိအကြား အမြင်များသဖြင့် ယုံမှားမထင် ထိုအရှင်သည် ရှစ်အင်မရွေ့ ဂုဏ်ဓလေ့နှင့် စုံပြည့်သော မထေရ်ဖြစ်ပါသည် ဘုရား။

**၁၆-အဖြေ**....ယုဂန်လှည့်သွား လရထားသို့ ထင်ရှားသိမြင် အို-အရှင်.... မြော်မြင်ထောက်ဆ ကျမ်းဂန်ရနှင့် ညီမျှတိုင်းထွာ စီရင်ပါသဖြင့် ကထိန်လျှာမှန်း ဤသက်န်းသည် ကျင့်လမ်းအစဉ် အင်္ဂါဝင်ပါ၏ ဘုရား။

ကထိန်အဖြေ ပြီး၏။

# ၈-ကထိန်အမေး

**၁-အမေး**....ဓမ္မိဿရ ဓမ္မသာမိ မုနိပုင်္ဂ အတုလဘုန်းပုံ တန်ခိုးဂုဏ်တို့ဖြင့် ဘုံဘဝဂ်ထိ ဘက်မရှိ တက်ဘိဖြုန်းဖြုန်း စက်၏နွန်းသို့ ဆုံးမမှီ ထ ကုံးချီပလည်း အာကာသေဠှနင်း ကောင်းကင်ကျဉ်း၏ သတင်းမဆံ့ ကြိုင်သင်းပျံ့ရ ထူးအံ့မကုန် ရန့်မွှန်တို့ဖြင့် ထုံအပ်တပြီး ဘုန်းစောထီးအား

(ပဋ္ဌမအကြိမ်)

ပူမီးရှိန်ပ ဘုံဘဝ၌ ကြုံကြုံအမြဲ ဟုန်မစဲအောင် ထပ်လဲဆူဆူ သဲသဲအူ၍ ဝဋ်မှ သူကြာညောင်း ဗိုလ်လူအပေါင်းတို့အား လမ်းကောင်းထုတ်ပြ သုတ်မေမှ နှင့် ဝိနယဉြမ်း ဗျာဒိတ်ခန်းတို့တွင် စုံစမ်းခွင့်လျော် ဝိနည်းတော်ကို လေးဘော်ပရိသတ် သူမှန်မြတ်တို့ သိမှတ်စေကြောင်း ခွင့်ပန်တောင်း၏ အကြောင်းသင့်စွာ မြေဆိုပါလော။

၂-အမေး..ဗဟုသုတ စွမ်းဗလနှင့် ပြည့်ဝစုံလင် အိုငါ့ရှင်...မမွဉရ သုံးလူ့ ဘသည် သုံးဝတိုက်တွင်း ဗိုလ်ခပင်းတို့အား ဝဋ်ကင်းစေမှု မျော်ထောက်ရှုလျက် အကျုမြှ သက်ဇီဘကို ပမာဘခရေး မဆတွေးဘဲ ကြိုး ပမ်းခဲ၍ ပုလဲစိန်ကိုး မြဘန္နန်းနှင့် ရွှသုံးပမာ သက်ဆုံးကြာအောင် ဒေ သနာဆင့်ပွား ဝေဒနာအားကို ဟောကြားတော်မူခဲ့ရာ သုံးဖြာသုံးရပ် သုံးဝှမှတ်သည့် ပိဋကတ်အစုံ ကျမ်းသုံးပုံသို့တွင် ကြီးဂုဏ်မယုတ် ကိုယ်နှင့် နှုတ်ကို ထိန်းအုပ်မစောင်း သိမ်းချုပ်ပေါင်း၍ ဆုံးမကြောင်း သတ္တိဂုဏ် ထူးရှိသောကြောင့် ဝိနယပေါဟာ ဒေသနာကို မြတ်ကာသံသင်း ဟောမိန့် ခြင်းအား မကင်းကြောင်ရေး ရှိဘန်သေး၏၊ မြတ်သေးကြည်ညို ဘယ် ပုဂ္ဂိုလ်က ဘယ်လိုတောင်းပန် မေးလျှောက်ဟန်ကြောင့် ရှစ်သိစုံငြီး ဤ ဝိနည်းကိုစာထိး ဥက္ကဌ ဘုရားမြတ်သည် ပညတ်ခွင့်ပြုတော်မူပါသနည်း။

၃-အမေး....ဂန္ထန္တရ ကျမ်းဂုန်ရနှင့် နိုင်းဆခြေထွင်-အိုငါ့ရှင်...သဗ္ဗညုတ အတုလသည် သာဝကဉာဏ် ဘဝကံဖြင့် ထက်သန်မြဲမြဲ လက်ယာ ခသည့် သိဿဘုန်းမီး တပည့်ကြီးအား ခွင့်သနားသဖြင့် ထောက်ထားရှု မျော် ဝိနည်းတော်ကိုဟောဖော်မိန့်ကြောင်း သင်ဖြေလောင်း၍ အပေါင်း ဗိုလ်ခြေ သိရပေပြီ မြိုက်အဆီနှင့် လိုက်ကြည်အေးမြဝိနယကိုဟောပြရခြင်း အကျိုးကင်းမူ လူမင်းမြတ်စွာ ဒေသနာသည် နိယျာနိက မဲ့ရာကျ၏၊ သာမကပုဒ် ဖြေပြထုတ်လော မယုတ်သင့်ငြား ဘယ်ကျိုးပွား၍ဟောကြား မြွက်ဖော် ပညတ် ခွင့်ပြုတော်မူပါသနည်း။

၄-အမေး....မေဒနီနှစ် မြေဆီညစ်သို့ ခဲဆစ်မလွယ် အသွယ်သွယ်ကို ရွေး ချယ်ခဖြထွင် အိုငါ့ရှင်....ဖြူစင်မယုတ် ကိုယ်နှင့်နှုတ်ကို ထိန်း အုပ်နိုင်မူ မျော်ထောက်ရှု၍ ခွင့်ပြုတော်မူအပ် ဝိနည်းမြတ်တွင် ပါဝင်သမျှ ပဒသိမ်းချုပ် သိက္ခာပုဒ်ပေါင်း ထောင်သောင်းသချေ် ရှိတုံပေလည်း ထူး

ထွေသမူ တစ်ခုခု၌ ဝတ္ထု အင်္ဂါ နိဒါန်းဖြာလျက် ပုဂ္ဂလာဘေဒ ခွဲဝေရ၏၊ မိန့်ဟာမနေ့း စိတ်ဖြာမေးအံ့ အာရုံမယွင်း ကထိန်ခင်းကို လူမင်းမြတ်စွာ စိန္တေယျာသည် ဘယ်ရွာဘယ်ရပ် ဘယ်ပြည်ရပ်၌ မှီကပ်ဝံါဆို ဘယ်ပုဂ္ဂိုလ်ကို ဘယ်လိုဝတ္ထု အကြောင်းရှု၍ ခွင့်ပြုပညတ်တော်မူပါသနည်း။

၅-အမေး....မဟာဘူမိ စံတူညီရ ကဝိပေါ်ထင် အိုင်ရှင်.... သဗ္ဗညုဏ်မျှော် သုံးလူ့ဘော်သည့် စံပျော်ခိုက်ရှိ သာဝတ္ထိတွင် မချိပင်ပန်း ဝတ်သက်န်းတို့ကို ယူလမ်းဆောင်ရ ထေရ်ဘဒ္ဒတို့ကြောင့် အစရှေ့ပြေး ကထိန်ရေးကို ခွင့်ပေးသောအား သင်ဖြေကြားရာ စကားမရှင်း လျှော်က်ရန်ကြွင်း၏၊ ရှင်မင်းမြတ်စွာ ခွင့်ပြုပါလျှင် နောင်လာနောက်သား တပည့်များတို့ တိုးပွားစဉ်ဆက် အကျိုးတက်လိမ့် ယုတ်ချက်မရှိဖြေကြားဘိလော့ ဘယ်သည့်အကျိုး ဘယ်မျှတိုး၍ လူမျိုးသေနဌ်နင်း ကထိန်ခင်းကို မကင်းစေမှု ဉာဏ်စက္ခုဖြင့် ခွင့်ပြုပညတ်တော်မူပါသနည်း။

၆-အမေး....ဒေသနာဂမ္ဘီ နှစ်အဆီကို ညှစ်ချိဖြေထွင် အိုင်ရှင်....ငါးအင်အကျိုး ပွားတိုးတက်ခြင်း ကထိန်ခင်းကို ရှင်မင်းမြတ်စွာ ပညတ်ရာဝယ် ဇာတ်နွယ်မထင် အလှူရှင်တို့လှူအင်မြောက်ရေး ရှိတန်သေး၏၊ လျှောက်မေးတင်ဖွယ် ဘယ်မျိုးနွယ်နှင့်ဘယ်ဇာတ်ဝယ်သူ ဘယ်သို့လှူမှ ခံယူမယွင်း ဉာတ်ရာသွင်း၍ ဖြန့်ခင်းခြင်းငှာ သင့်မြတ်ပါသနည်း။

၇-အမေး....ဝုဇီရာဝုမိ စက်သွားခုတ်သို့ မိန့်ထုတ်ဖြေထွင် အိုင်ရှင်....ငါးအင်ဘိုသူ နတ်လူသိကြား ဗြဟ္မာများတို့ မြွက်ကြားချီသာ ပေးလှူပါမှ ဉာတ်ရာထည့်သွင်း ဖြန့်ခင်းအပ်ကြောင်း သင်ဖြေလောင်း၍ အကြောင်းမသွေ သိရပေပြီ၊ နည်းတလီမှာ သာကြည်ရှင်လန်း ထိုသင်္ကန်းကို ရဟန်းထေရ်တော်ဘယ်မျှသော်လျှင် ပင့်ခေါ်စုဝေး ညီညွတ်ပေးလျက် အရေးအမှု အလေးပြု၍ တွေးရှုမျှော်ကာ ခင်းအပ်ပါသနည်း။

၈-အမေး...မဟာသမုဒ် ဝဲဇလုတ်သို့ မိန့်ထုတ်ဖြေထွင် အိုင်အရှင်....ယခင်ညွှန်ပြ ဂိုဏ်းဂဏနှင့် ပုဂ္ဂလအပေါင်း ရာထောင်သောင်းတို့တွင် အကြောင်းမပိုင်း ပုဂ္ဂိုလ်တိုင်းပင် မကိုင်းမသွေ ခင်းကြစေဟု အခြေမရ စကားကျခဲ့၊ မိန့်ဟာဖြေဆို ဘယ်ပုဂ္ဂိုလ်သာ မညိုမထွေး ကျမ်းဆိုရေးနှင့် ခွင့်ပေးသတ်မှတ် ခင်းအပ်ပါသနည်း။

(ပဋ္ဌမအကြိမ်)

၉–အမေး....ထက်မြက်တန်ခိုး လက်နက်မိုးသို့ ဖြိုးဖြိုးစုံလင် အိုငါ့ရှင်...သင်
ဖြေဆိုအပ် စကားရပ်နှင့် သင့်မြတ်ညီညာ ခင်းအပ်ပါလျှင် ဗိုလ်ပါသင်းပင်း ဤဘိုက်တွင်း၌ ရှိရင်းသံဃာ ပေါင်းများစွာတို့တွင် ဝေါဟာရစွဲလမ်း ဘုယ်ရဟန်းအား ပင်ပန်းနွမ်းရိ သက်နှိုးရှိပါသနည်း။

၁၀–အမေး....အဇဋ္ဌာပြင် အာကာခွင်က သွင်သွင်စီးလာ မြစ်အင်္ဂါသို့ များစွာဖြေထွင် အိုငါ့ရှင်...ကြီးအင်ဂုဏ အတုလဟု လူ့ဘုံမြတ်စွာ ဒေသနာသည် ပြောင်စွာဖိတ်ဖိတ် ရောင်မဆိတ်၍ ဘုန်းရိပ်ခိုအောင်း မထေရ်တော်ပေါင်းတို့မှာ အကြောင်းပစ္စယ လောကလိုဌ၍ မျှတလေဘိ သက်နှိုးရှိကြသော် ပါဠိတော်ငြိမ်း ဖြေသောက်လှမ်းလော့၊ ဘယ်ရဟန်းအား ကျမ်းနှင့်ညီညာ ပေးအပ်ပါသနည်း။

၁၁-အမေး.. ပရိယတ်ထုံး နည်းပုံနှုန်းကို ပိုက်ကျုံးမြော်မြင် အိုငါ့ရှင်....
ကျမ်းမြင်သာသော ယုံဖွယ်ပြု၍ ညွှန်ချပေပြီး သီတင်းကြီးအား ပေးထိုက်ငြားမူ လေးပါးယာပထ သပ္ပါယဖြင့် မျှတလေရာ ဤတိုက်တာတွင် မိုးဝါးကပ်မို့ ဘယ်မထေရ်သည်စုံညီကိန်းအောင်းရဟန်းပေါင်းတို့၏ လမ်းကြောင်းပဲ့စီး သက်ဝါကြီးသော သီတင်းကြီး ဖြစ်ပါသနည်း။

၁၂-အမေး....ဟေမဝါတွင်း သားများမင်းသို့ သံတင်းကျော်ထင် အိုငါ့ရှင်...ကထိန်ဟူသည် ဖင်ဖြူအပြစ် မညစ်စကောင်း နွမ်းနယ်ဟောင်းနှင့် မကောင်းဆိုးချုပ်မဆုတ်မဖြတ် အနားပတ်ရောင် အတောင်မမှီစသည်များပြား ခွာရှောင်ရှားမှ တရားကျမ်းဂန် လမ်းမှန်မသွေ ခင်းရပေမည် သို့ဖြစ်သည်ကြောင့် စုံညီလှူဒါန်း ဤသင်္ကန်းအား ဖြောင့်တန်းဖြူစင် အင်္ဂါဝင်ပါ၏လော။

၁၃-အမေး....သာဓု သာဓု ငါ့ရှင်—ဂုဏ်မျိုးထင်သည့်သခင်ဘုန်းလူသယ်မှူးတို့ ကြည်ဖြူမိန့်ညွှန်း နှုတ်ရွှေခွန်းဖြင့် ချီးမွမ်းထောပ အံ့သြကြသည် ဓမ္မစက်ရှိန် ဤကထိန်ကို ကြိုက်ကြံမ်သာသနာခေတ်အခါတွင်ကြည်သာရွှင်ပြုံး စိတ်နှလုံးဖြင့်ကျင့်သုံးတန္တိထုံးအညီနှင့် စာဂါကောင်းမျိုးစိုက်ကြပျိုးရ ဒုလ္လဘကို ကြုံရခုမူ ခပ်သိမ်းလူတို့မှ ဆူဆူဘဝ ဟူသမျှတို့၌ ယူဆတိုင်းယှဉ်နိုင်းမမြင်သည့်ပေါ်ထင်ကြီးမားကျိုးငါးပါးတို့နှင့် ထူးခြားပြည့်စုံ ထိုထိုဘုံတို့၌ ခိုလှုံရကြောင်း ထေရ်အပေါင်းတို့မှာလည်း ရှည်ညောင်းကြာလှ

(ပဌမအကြိမ်)

ငါးခါသလုံး ငါးဝန်ိသံ ကျိုးဖလံကို ဖြိုးလျှံဖြည့်ဝ ပိုင်စိုးရသဖြင့် သုခစုံစွာ မှုံဝတ်လွှာကို ဆုပ်ကားရှင်ပေ သုံးယူ၍လိမ့် များလှာရိသက် သူမွန်မြတ်ကို လောကတ်သယမ္ဘူ ထွတ်မှန်ကူသည် ဗိုလ်လူအချား ချမ်းသာပွားဖို့ ရင်သားရာဟူ အလားယူ၍ သားတူ့မတ္တာ နှုတ်ရွှေလွှာက လှစ်ကာမိန့်ကျူး ဥဂုဏ်ထူးကို ကြည်နူးမြို့န်ရှက် ထိပ်မှာရွက်၍ နှစ်သက်ချီးအေး သံပြိုင်ကြွေးလျက် သာဓုပေးကြလေကုန်။

ကထိန်အမေး ပြီး၏။

---

# ဂ–ကထိန်အဖြေ

၁-အဖြေ....သက္ကသကျ သာဂီယနှင့် ဂေါ္တမနွယ်ရှိန် အသမ္ဘိန်ဟု ရာဇိန်နန်းရိုး နေနတ်မျိုးတို့၏ ဝပ်လျှိုးခဲညောင်း မကိုဋ်ခေါင်းရ သိန်းသောင်းဆင့်ဆင့် ကိန်းပေါင်းချင့်လည်း ဆုံးခွင့်မလှယ် ကျေးဇူးကြွယ်၏၊ အံ့သွယ်လူ့ဘ အနန္တဟု လျံပဂုဏ်ထင် ဗောခုစ်ရှင်သည် သွင်သွင်လျှောကျ စက်ဩသဉ္ဈ မြောက်ကြမတ္တယ် မောဟဖယ်သဖြင့် အန္တရာယ်ဘေးကျမ်း မအေးချမ်းဘဲ ထွေးသမ်းယှက်နှော လှန်ပန်းမောလျက် လှိုက်လှော မချိ တောမသိအောင် ဇောဂထိယူ သုံးဘုံသူ့ဘုံကို ကမ်းငူ သောင်စွယ် ရောက်ကြလွယ်အောင် ရည်ရွယ်ထုတ်ပြ သုတ်စမ္မနှင့် ဝိနယပညတ် ပိဋကတ်တို့တွင် သင့်ပြတ်ခါလျော် ဝိနည်းတော်ကို လေးဖော်ပရိသတ် သူမွန်မြတ်တို့ သိမှတ်စိမ့်ရေး အခွင့်ပေး၏၊ လျှောက်မေးသမျှ အဂဝကို နှိုင်းဆမြော်ကာ ဖြေဆိုပါအံ့။

၂-အဖြေ....ဝိနယနိဒါန်း ပညတ်လမ်းကို စုံစမ်းဖွေဆင် အိုင်ရှင် ... "ဗြဟ္မစရိယဿ စိရဋ္ဌိတိကာဘဝံ ဇုဋ္ဌန္တော အာယသ္မာ သာရိပုတ္တော ဘဂဝန္တံ သိက္ခာပဒပညတ္တိံ ယာစိ" ဟု ပါဠိသာဓက ကျမ်းဂန်၌ပြသောကြောင့် လူ့ဘမျက်ရှု သဗ္ဗညုသည် ကျွတ်ဆုငေ့ မြိုက်ရေသလျက် ဗြာဟ္မဏဂါမာ ဝေရဥ္စာ၌ များစွာသားဝါဘ ဝါယာခ၍ ယာပထလေးလီ မျှညီသိမ်းပိုက် ဝါဆိုတော်မူခိုက်တွင် သောင်းထိုက်ကြည်သာ ဂုဏ်တေဇာနှင့် ပညာထက်မြက် တေဒဂ်ဆုခံ လက်ယာရံသာဝက ဖြစ်တော်မူသော အရှင်သာရိ

(ပဥ္စမအကြိမ်)

ပုတ္တာရာ မထေရ်မြတ်သည်ချဉ်းကပ်ကာ သာသနာ၏ ရှည်ကြာတည်ကြောင်း တပည့်ပေါင်းတို့အား လမ်းကောင်းမှန်လှ ဝိနယကို မြွက်ဟ ပညတ်တော်မူကြောင်းနှင့် ခွင့်ဟောင်းပန်ဆင် ရွှေနားတော် လျှောက်တင်ရာတွင် သုံးခွင်လုံး မကိုဋ္ဌ်သုံးတိုက်လုံး မှန်ကူသယမ္ဘူသည် စံယူရွှေးထုံးဘုရားနွှန်းကို စွဲသုံးထောက်ချင့် ချိန်ခါလင့်၏ အခွင့်လျော်စွာ ပညတ်တော်မူပါသည် ဘုရား။

၃-အဖြေ... လိနန္တရ မြုပ်ကွယ်ပသည့် စောဒကပုဒ် အာဘော်ငုပ်ကို ဖော်ထုတ် ကြံဆင် အိုင်ရှင်....“ဒသအတ္ထဝသေ ပဋိစ္စ သိက္ခာပဒံ ပညာပေဿာမိ” အစရှိသဖြင့် ပါဠိသာကေဲ ကျမ်းဂန်ပြုသောကြောင့် သံဃသုဋ္ဌု ကောင်းစေမှုနှင့် ဖာသုဝိဟာ ပေါင်းသံဃာတို့ ကြည်သာအေးမြ နေထိုင်ရခြင်း ရှက်ကြောက်ကင်းသဖြင့် သိမ်ဖျင်းလေ်လီ အလဇ္ဇီဟု ဒုဿီလစု ဒုမင်္ကုတို့အား ပယ်ရှားနှင်းနှိပ် ကင်းဆိတ်ပစေ ကျင့်လေးထွေကို ရှိသေကျိုးနွံ အားမျိုးသွန်းသည့် သီလဝန္တပေသလတို့မှာ စမ္ပြည့်ကျုံး သူတော်ထုံးကို ကျင့်သုံးနိုင်ရာ အာဇီဝါကို ကောင်းစွာမပြု ကိုယ်နှုတ်မှုကြောင့် ထောင်းထုံ ပုတ်ခတ် လှိုးဖြတ်တုတ်ခား စသောအားဖြင့် အများပြစ်ဒဏ် ပစ္စုပ္ပန်တွင် လွှတ်ရန်ဟာရေးတာမလွန်ဘေးလည်းကင်းဝေးစေရာသာသနာ၌ သဒ္ဓါမရှိုင်း မည့်တကိုင်းသူ များဗိုလ်လူလည်း ကြည်ဖြူစေကြောင်း ညွတ်ပြီးဟောင်းလည်း တိမ်းစောင်းမမှား ပွားထက်ပွားစေ သုံးဖြာဝေ၍ ဟောလေသမျှ သဒ္ဓမ္မလည်း ကာလဓွန့်ရှည် ငါးထောင်မီအောင် တည်စေဘဝ—ဝိနယလည်း ကွယ်ပမပျောက် ထွန်းလင်းတောက်အောင် ချီးမြှောက်နိုင်ငြား ဤသို့အားဖြင့် ဆယ်ပါးအကျိုး ပွားတိုးထင်ထင် ဉာဏ်တော်မြင်၍ သုံးခွင်ဥက္ကဋ္ဌ ဝိနည်းမြတ်ကို ပညတ်ခွင့်ပြုတော်မူပါသည် ဘုရား။

၄-အဖြေ....မဟာန္တကူ ဉာဏ်တစ်ဆူဖြင့် ကြံယူမေးတင် အိုင်ရှင်-“တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ” အစရှိသဖြင့် ပါဠိမဟာဝါ ကျမ်းဂန်လာသောကြောင့် မြတ်စွာမုနိန် မာရဇိန်သည်သမ္ဘာ ရှိန်ညီ ပြောင်ပြောင်အိလျက် သာဝတ္ထိမည် မင်းနေပြည် ပယ်ရွှေရည်မြဖလ် ဝင်းဝင်းလျှံမျှ မွမ်းမံစီခြယ် ရှုကြည့်ဖွယ်တို့ဖြင့် တင့်တယ်ထူးလွန် ဇေတဝန်ဟု မိုးစွန်နီးနီးကျောင်းတော်ကြီး၌ စံမြိုးယာပထ သပ္ပါယဖြင့် မှုဂာတော်မူဆဲအခါ ပါဝေနက ဝိုင်းဌာနမှ ဘဒ္ဒဝဂ္ဂီ ရူတင်မိုသည့် နေ့ဟင်ညှိုင်း မိတ်

ထေရ်သုံးကျိပ်တို့သည် ဘုံရိပ်လှုံခြင်း လူ့ထိပ်နင်းကို ဝပ်စင်းကော်ရော်အပူ ဇော်နှင့် ဖူးမျှော်အံ့ဌာ မြန်းကြွလာသော် ဒေသနာစခန်း ခရီးလမ်းတွင် ငိုက်သမ်းအုံ့မဲ မိုးကြီးသဲသဖြင့် တောင်လဲမြောက်ယိမ်း ကတိမ်းကယိုင် မသိမ်းနိုင်အောင် မှုးမိုင်နှောက်ကျိ မချိဆင်းရဲ ခရီးခဲမှ ကျော်လွဲလွန် မြောက် ရှေ့တော်မှောက်သို့ ဆိုက်ရောက်ကြရာ ယင်းအခါတွင် ကရုဏာ ဆင့်ပွား ရှင်တော်ဘုရားသည် အများနှောင်လာ ပေါင်းသိသော တို့ ချမ်းသာ စေမှု မျှော်ထောက်ရှု၍ ခွင့်ပြုပညတ်တော်မူပါသည်ဘုရား။

၅–အမြေ.... ဉာဏ်ဘုရိမာတ် နှိုင်းချိန်ဖြတ်လျှက် သိတတ်မြော်မြင် အိုင်ရှင် "ပဉ္စိမာနိ ဘိက္ခဝေ ကထိနာနိသံသာနိ" ပုဒ်အာဒိကို မုနိထွတ် ဖျား ဟောမိန့်ကြားသောကြောင့်လျှောက်ထားဘိတ်ဘိ ဆွမ်းကမ်းရှိလည်း မိမိအပါး ရဟန်းများကို ပန်ကြားမပြု ရှောင်မှု၍ ဖြစ်ရှုကင်းပလွတ်မြောက် ရခြင်း ရပ်ခေင်းသို့ ကပ်ခြင်းကိစ္စ ရှိတုံကမူ ကိုယ်မှာကင်းရှင်း သုံးထည် ကင်းလည်း လွတ်ခြင်းအပြစ် စွမ်းမညစ်တည့် အသစ်မဟူ ဟောင်းမှုမခြား ပိတ်ဖျင်များလည်း အလားထို့တူ အယူမိဋ္ဌာန် ကြွင်းကျန်ဝိကပ် ရှိတုံ လတ်က ပညတ်သိက္ခာ ခေတ်မပါဘဲ ချမ်းသာသုခ သုံးဆောင်ရခြင်း လေးပါးနှင်း၍ ထမင်းဝေါဟာ ဖိတ်ပင့်ရာ၌ ကြွသာစုရုံး ခံယူသုံးလည်း ကျင့်သုံးမပျက် စံနှုန်းသက်လိမ့် ပိုင်နက်ဘိုက်တွင်း ဆောင်ပို့သွင်း၍ အပ် နှင်းသံဃာ သင်္ကန်းလျာလည်း ပရိမဝါသား ရဟန်းများသာ ပိုင်းစားစိုးရ သုံးဆောင်ရခြင်း ကထိန်ခင်းမှု ရှိရင်းသံဃာ ကျိုးငါးဖြာကို မကွာနေ့ည ခံစားရလိမ့်၊ သုခပွားမည် ဉာဏ်တော်ရည်၍ သာကြည်မြတ်လေး ကထိန် ရေးကို ခွင့်ပေး ပညတ်တော်မူပါသည်ဘုရား။

၆–အမြေ....ဖန်သူရဂိ စိတ္တုညီရ ထွန်းဘိဉာဏ်မြင် အိုင်ရှင်–"ယေန ကေနစိ ဒေဝေန ဝါ မနုဿေနဝါ" အစဖြာလျှက် မဟာဝါပါဠိ လာရှိ သည်နှင့်အညီ ငါးလိမယွင်း သီတင်းသုံးတူ နတ်လူပြဟ္မာ ဇာနှာသိကြား ဉာဏ်သူများတို့ တတ်အားသမျှ ယူဆောင်သည်၍ ဒါနမျှော်ကိုး အကျိုး ရည်သန် သံဃာထံတွင် "ဣမံကထိနစီဝရံသံဃဿဒေမ"ဟု–မြွက်ဟနှုတ်ချို ကြည်ညိုရှင်လန်း ကပ်လှူဒါန်းမှ ဉာတ်ခန်းထည့်သွင်း ပေးအပ်နှင်း၍ ဖြန့် ခင်းခြင်းငှာ သင့်မြတ်ပါသည်ဘုရား။

(ပဥ္စမအကြိမ်)

၇-အဖြေ ဉာဏ်စိန္တာရေး မျှော်ထောက်တွေး၍ လျှောက်မေးကြံဆင်—
အိုငါ့ရှင် 'ဂဏဝသေန တသ ပစ္စိမကောဋ္ဌိယာ ပဋ္ဌိဒိနာ လဗ္ဘန္တိ' ပုဒ်သာဒိကို ဝိနယအဋ္ဌကထာ မိန့်မှာအပ်သည်နှင့်အညီ ငါးလီ ပုဂ္ဂလ စုဝေးကြ၍ ခင်းကကျမ်းလာ ညီညွတ်စွာတည့်၊ ထို့အောက်နည်းမူ အပြီးမရောက် ကံမမြောက်ခဲ့၊ ယင်းနောက်အလွန် ရောထောင်ကျံလည်း ကံမွန်မြဲတ်ကြောင်း ကောင်းထက်ကောင်းသဖြင့် စုပေါင်းညီညာ ခင်း အပ်ပါသည် ဘုရား။

ဂ-အဖြေ...နက်နဲဆစ်ဖု ခဲခက်စုကို ထောက်ရှုမေးတင် အိုငါ့ရှင်...'ယဿ သံဃော ကထိနစီဝရံ ဒေတိ၊ တေန အတ္ထရိတဗ္ဗံ' ဟူ၍လည်းကောင်း၊ 'ယော ဇိဏ္ဏစီဝရော ဟောတိ၊ တဿ ဒါတဗ္ဗံ' ဟူ၍လည်းကောင်း၊ မှာတမ်းအရ ကျမ်းဂန် ပြသောကြောင့် များလှ ထောင်သောင်း ဗိုလ်ပေါင်းတို့တွင် ဆိုးဟောင်းနွမ်းရိ သင်္ကန်းရှိသဖြင့် အကြွင် ရဟန်းအား ကျမ်းနှင့်ညီညာ များသံဃာတို့သည် ကမ္မဝါစာတ် ရွတ်ကာ ဖတ်လျှက် ပေးအပ်ကြည်ဖြူ သင်္ကန်းလှူ၍၊ ထိုရဟန်းအားသာ ခင်းအပ် ပါသည် ဘုရား။

၉-အဖြေ...ပဝိယတ္တိစွမ်းသတ္တိနှင့် ကဝိပေါ်ထင် အိုငါ့ရှင်....သုံးခွင်ထွတ်ချာ သာသနာသည် ရောင်ဝါရွှန်းရွှန်း ပြောင်စွာထွန်းသဖြင့် ကြိုင် မွှမ်းထုံဘိ ဝိမုတ္တိနှစ် ရသာစစ်ကို ဖွင့်လှစ်ထုတ်ကာ မြိန်သြဇာကို ဝစွာသုံးရ အားကြည်မြလျက် ဗလဝသဒ္ဓါ ယုံကြည်စွာနှင့် လှူဒါယိုကာ စာဂစွန့်ရဲ စိုက်ကြဲကြသဖြင့် သုံးစွဲမကုန် လုံးစုံပြည့်ဝ ကြောင့်ကြမပူး ပစ္စည်းများ ကြ၍ ပါးရှားနွမ်းရိ သင်္ကန်းရှိသောရဟန်း မရှိပါဘုရား။

၁၀-အဖြေ...သီတာပတ်ကုံး ရိက်ကာချုန်း၍ ရွှာကျုံးသွင်းမြှောက် မိုးရေ ပေါက်သို့ နိုင်းထောက်မေးတင် အိုငါ့ရှင်-'သုလဘ စီဝရေသု သန္တေသုပိ ဝုစ္စုဿ ဒါတဗ္ဗံ' မှာတမ်းအရ ကျမ်းဂန်ပြသောကြောင့် များ လှပေါင်းဆုံ ထေရ်ဗိုလ်ပုံတွင် ကုံလုံပြည့်ဝ ပစ္စည်းမျှသဖြင့် ဇိဏ္ဏစီဝရော မရောရှင်းလင်း ရဟန်းကင်းခဲ့သော် သီတင်းကြီးအား ပေးအပ်ပါသည် ဘုရား။

၁၁-အဖြေ...ဣန္ဒာဝုဓ စက်မီးဟုသို့ ထွန်းပညာဏ်မြင် အိုငါ့ရှင်...မည်တွင် ဝေါဟာ သမိုင်းသာလျက် သညာစွဲယူ ဘုရားငှုဟု ဗိုလ်လူ
(ပဋ္ဌမအကြိမ်)

သမိုက် ဤကျောင်းတိုက်၌ ပျော်ပိုက်ခိုမှီး မထေရ်ကြီးသည် သီသင်းကြီး ဖြစ်ပါသည်ဘုရား။

၁၂-အဖြေ....မနောမယ ဇောတမြသို့ နှိုင်းဆမြော်မြင် အိုင်ရှင်....**အစဉ်**
ထုံးနည်း သုံးယူမှီးလျက် ကျင့်နည်းနှုတ်နက် ကျမ်းအထွက်နှင့် မပျက်ညီညာ စီရင်ပါသဖြင့် ကထိန်လျှာမှန်း ဤသက်န်းသည် ဖြောင့်တန်းဖြူစင် အင်္ဂါဝင်ပါသည်ဘုရား။

**ကထိန်အဖြေ ပြီး၏။**

---

(၇)

# က=ကာယိန် ရေစက်ချ

ဣဒံ သံဃဿ ပူဇေမ၊ သံသာရဝဋ္ဋဒုက္ခတော။

မောစနတ္ထာယ သက္ကစ္စံ၊ ဣဇ္ဇံ ပူရေမ ပတ္တိတံ။

ခိပ္ပံ ဆေတွာန သံသာရံ၊ ပပ္ပေါမ အမတံ ပဒံ။

ဘာဂံ ဣဒဥ္စ ဘာဇေမ၊ လဘန္တု စ အသေသတော။

ဘန္တေ၊ စက်သံသရာ မထွက်သာ၍ သက်သာမရှိ ဘေးကြီးမိလျက်မခါ မျောပါး သတ္တဝါအများကို သနားကြင်နာ ကရုဏာဖြင့် ခေမာပူရ အမတတံခွန် ဘေးမျိုးလွန်သည့် သီဝံသောင်စွန်း နိဗ္ဗာန်ကျွန်းသို့ ပြည့်နှန်း ပေတတ် အရှင်မြတ်ဖို့။ မယံ၊ ဩဃယောဂ သောသောကြွလျက် နိဝရ ထွေးသမ်း မအေးချမ်းဘဲ ဘေးဘျမ်းပြောထူ လောလောပူသည့် လျှံဆူစက် ကွင်း ဂယက်တွင်းမှ မကင်းမကျွတ် မလွတ်မပြုတ် အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋ ဒုက္ခတော၊ ပဋိစ္စသမုပ္ပါဒ် ထွေးချုပ်စပ်၍ မပြတ်မစဲ ရဟတ်နဲ့ ကဲ့သို့ ဖြတ်ခွဲမရ မရပ်မငြိမ် ဘုံသုံးအိမ်မှာ အကြိမ်ကြိမ် ခန္ဓာကိုလဲရသဖြင့် ကျပ်တည်းလှတဲ့ ဝဋ်ဒုက္ခမှ၊ မောစနတ္ထာယ၊ တဟုန်းဟုန်းလောင် ဘုံသုံး ဆောင်မှာ ချီနှောင်ဆဲနှစ် မပြည်အောင် တွဲရစ်သည့် ဝဋ်အမြစ်မူလ အဝိဇ္ဇာလောဘကို အမောဟမဂ်စိန်ဓားဖြင့် ဖျက်ရှားစင်းတောက် သံသရာ နှောင်ဝဋ်ကြီးမှ မြန်မြန်ကြီး လွတ်မြောက်ပါရခြင်း အကျိုးငှာ။ ဣဒံ ဣမာနိ ဒါတဗ္ဗ ဝတ္ထုနို၊ ဤကထိန အာနိသံသ ရှိသမျှဝတ္ထု အစုစု အရပ် အရပ်တို့ကို။ ယထာဥဒ္ဒိဋ္ဌံ၊ မနသိကာရ စိတ်ဆန္ဒနှင့် ကြံဆဖြတ်ပိုင်း ရည် မှတ်ရင်း ရှိကြပါသည့်အတိုင်း။ သက္ကစ္စံ၊ အလှူခံဝတ္ထု မညစ်ကျုရအောင် ပြုစုပြင်ဆင် မြင့်ရာမြတ်ကြောင်း ဆိုင်ကာပေါင်းလျက် ကောင်းမွန်စွာ စီရင်ပြီး၍။ သံဃဿ၊ ယခုမျက်မှောက် ပင့်ချီးမြှောက်အံ့ဟု ကြွရောက် ခိုနား သံဃာတော် အရှင်မြတ်အား။ ပူဇေမ၊ နိဗ္ဗာန်သောင်ကမ်း ရည်ကာမှန်း၍ ရှင်လန်းသဒ္ဓါ လှူဒါန်းပူဇော်ပါကုန်၏။ ဣမိနာ ပုညာ ကမ္မေန၊ ဤသို့ကျွတ်တန်း ရည်ရွယ်မှန်း၍ လှူဒါန်းပါရ ကုသလကြောင့်။ အနာဂတေ၊ ခန္ဓာ ဤကိုယ် ကံယွင်းယို၍ ပျက်ပြိုဆုံးပျောက် ကုန်တုံး

(ပဌမအကြိမ်)

ခြောက်သည့်မှ အထောက်ရှည်ကြာ နောက်နောက်သောအခါ၌။ ဘဝါဘဝေသုလူ့ဘုံနှင့်နတ် အရပ်ရပ်တွင် ဆိုက်ကပ်ဝပ်သျှူး ဖြစ်ဖြစ်သမျှသော ဘဝမျိုးတို့၌။ ပတ္တိတ်၊ ဘောဂိခံစား လောကီသားဘို့လိုလားမပြတ် တောင့်တအပ်သော။ ဇမ္ဗူ၊ ဇောတိက, ဇဋိလ, မေဏ္ဍက, ပုဏ္ဏ, ကာကဝလ္လိ အစရှိနှံ့သိကျော်ဟုံး ရှေးကောင်းကျိုးကြောင့် မညှိုးသတင်း ဂုဏ်မျိုးလင်းလှ သူဌေးမင်းတို့၏ စည်းစိမ်။ စိတ္တဟတ္ထ၊ အာဠဝက စသည်သွယ်သွယ် လူ့ရပ်နယ်တွင် ပြန့်ကျယ်ပွားစီး အံ့ဖွယ်ကြီးလှသော သူကြွယ်ကြီးတို့၏ စည်းစိမ်၊ ကောသလ, ဗိမ္ဗိသာ, နရိန္ဒာနှင့် အဇာတသတ် လောကနတ်တို့ကဲ့သို့ တရပ်စွန်းမြိုက် ကျွန်းတစိတ်၌ လွှမ်းပိတ်နှိပ်နင်း သွန်းဘိသိက်လင်းနိုင်သော ပဒေသရာဇ်မင်းတို့၏ စည်းစိမ်၊ မန္ဓာတ်က ဇောဗလာနှင့် ထေပစရာ မင်းမြတ်လျာတို့ကဲ့သို့ ဒီပါသောင်းလုံးမိုးမြေကို ကျုံးပြီးလျှင် ရေကုန်းမကြွင်း မြေဆုံးအောင်နင်းနိုင်သော ဧကရာဇ်မင်းတို့၏ စည်းစိမ်၊ မဟာသုဒဿန၊ ရာဇနွယ်ရိုး နေနတ်မျိုးတို့ကဲ့သို့ တန်ခိုးအစွမ်း မညှိုးနွမ်းဘဲ ကျွန်းရှိသမျှအရပ် လွှမ်းဖိကာပတ်နိုင်သော မန္ဓာတ်စကြာမင်းတို့၏ စည်းစိမ်။ ဤသို့ဆိုအပ် အရပ်ရပ်တို့ဖြင့် ကြီးမြတ်တေဇာ ဂုဏ်နေကြွလျက် ဘောဂလျှံဝံ ရံခြွေရွှေနှင့် ကျက်သရေဖြန့်မိုး တက်နေလို မပျက်ညှိုးနိုင်သော လူမင်းလူမျိုးတို့၏စည်းစိမ် စူဠရဋ္ဌ, မဟာရဋ္ဌ စသည်ကျော်ဟိုး နတ်မြတ်မျိုးဘို့ကဲ့သို့ ထက်မိုးကြေညာဂုဏ်တေဇာတို့ဖြင့်ဂေဆာနွှဲဆူပျံ့ပျံ့ကျူလျက်နတ်တူရိယာ သီကဗျာတို့ဖြင့် ညီညာမှုတ်တီးရံခကာ စံမည်းနိုင်သော နတ်မင်းကြီးတို့၏ စည်းစိမ်။ မဟာသုဒဿန၊ အယုဇ္ဈကမည်း နတ်မြို့ကြီး၌ ပေျော်မွေ့ခိုနေ နတ်ဗိုလ်ခြေ၏ ကျက်သရေပြောင်ရှန်း တက်နေထွန်းသကဲ့သို့ ယှက်လွှမ်းရှိန်ဆောင် တထိန်ထိန်လောင်မျှ ဘုံဆောင်ဗိမာန် ဝေဇယန်၌ ခြံရံခမင်း ခံစံကာ မပြတ်ကျင်းရသော သိကြားမင်းတို့၏ စည်းစိမ်၊ ဤသို့အစ ရှေးပုညကြောင့် တေဇမညှိုး ဒေဝမျိုးတို့၏ ကောင်းကျိုးရိပ်ငြိမ် ထူးမြတ်သောနတ်မင်း သိကြားမင်းတို့၏ စည်းစိမ်၊ ဇနကကံရှိန် ရန်မနှိမ်၍ မှိန်မပြယ် အန္တရာယ်ဥပဒ် ပဋိဃာတ်တို့ မစပ်မထိ မကပ်ငြိဘဲ မရှိဘေးဘျမ်း လွန်အေးချမ်းလျက် အာယုတမ်းမှီ ရှင်လန်းကြည် သက်ရှည်ဆင်းလှ စွမ်းဗလနှင့် ထွန်းပ-ပညာ ဂုဏ်ရောင်ဖြာ စုံစွာအကြောင်း ကောင်းမြတ်သော ဆန္ဒအပေါင်းသည်။ ပုရေမ၊ တောင့်တမကြာ ကြောင့်ကြကွာလျက် လွယ်ကာခဏ ပြည့်စုံရပါလိုကုန်၏၊ သံသာရံ၊ ရဲရဲလျှံညီး မီးပုံကြီးအလား ဘုံသုံးပါး

(ပဌမအကြိမ်)

၌ ပြေးသွားမလွှတ် သံသရာဝဋ်ကို။ ခိုပ်ပုံ၊ဆောလျင်စွာ။ဆောတွာနှ၊ နိဗ္ဗိန္ဒ
ဉာဏ် ဆော်သန်ရှေ့သွား မဂ်ဉာဏ်ဓားဖြင့် ပျက်ပြားပစေ ဖျက်ရှားခြေ၍။
အ်မတာ၊ဇာ၊ဇာ၊ဗျာ၊မ မီးလေးပတို့ အေးမြရှင်းပျော်က် အလင်းတော်ကိုရ
ကင်းခြောက်ကွယ်လျှိုး မတွယ်ပိုးဘဲ ဒဏ်ဆိုးကံဝဋ် ရန်မျိုးလွှတ်သော။
ပမံ၊ ပညာမျက်စိ မရှိမထင် ပုထုဇဉ်တို့ မမြင်မပေါက် အစဉ်လျှောက်၍
မရောက်နိုင်ကြ ဝါနမကြံ သာရှမှန်သည့် ဗိမာန်အတည် နိဗ္ဗာန်ပြည်သို့။
ပပေါ့မ၊ သံသရာစက်ကွင်း ပယ်ဖျက်ရှင်းလျက် လွှတ်ကင်းထွက်မြောက်
ရောက်ရပါလိုကုန်၏။ ကုဒ်ပုည ဘာဂဌ ဤသို့ယခု ပေါင်းဆုံစု၍ပြုကြမချို့
ကောင်းမှု၏ အဖို့ကိုလည်း။ ဘာဗ္ဗဘဏ္ဍာနံ ပေ လိမ္မောသောင်းပြန့်သိန်းနှစ်တန်
နှင့် ကြိုးခံ…ထုံသုကဲ့သို့တန္တူ ဖွံ့တောက် ဝံပြုလေ…ကဲအောင် ရဲ့တောက်
ကျေးငှုး ယဲ…ကြုံးလှသော ဂုဏ်ထူးသခင်မွေးမိခင်၊သံတွဲရဘန်ဂီဝါ၊
ရေသိကာသုံ့ပြွန်း ညီညာ ရစ်ပတ် စီကာထပ်၍ မြင့်မြတ်သီခေါင်မိုးရှိမှောင်
အခရောင်လေးခု တောင်မရကဲ့သို့ ပုံပြုအသား ဂုဏ်စုများလှသော ပိုက်ပွား
ခင်မင် မွေးဖခင်၊ရှစ်…ဂ်ါ ထင်စွာဂုဏ်နှင့် အမြုန်ဂယံက် ဆန်စုန်တက်၍
ဆူပွက်ဒီးဒီး ဩဃကြီးတို့ဖြင့်ဟညာ်ဟည်းအသံ ငြိုးငြိုးလျှံမျှဆော်ညံမကင်း
တော်သံပွင်းလှသော လေးစင်ဟနေ့ သမုဒ်ရကဲ့သို့ ပုံအနမကြူးဂုဏ်သ
ရေ ထူးလှသော ကျေးဇူးရှင်မြတ်ဆရာ၊သယ်ဖြ မမ္မ ယဂ်ဟဘို့ဖြင့် ဒေဝင်
မ ထိန်းကျောင်း ရှင်လူအပေါင်းတို့အားတိမ်းစောင်းမထင် ငြိမ်းကြောင်း
ကိုမြော်မြင်တုတ်သော ရေမြေရှင်မင်းတရား၊ မှောက်မှားကျင့်ကြံ မသင့်
ကံကြောင့် ထောက်ခံမရှိ ဖောက်ပြန်သောသတိဖြင့် မချိဆင်းရဲဂတိလှဲကြ
သောရေအစ အပါယာတုံသူ၊လူနှင့် နတ်ရွာပြဟ္မာနှစ်ဆယ် သုံးဆယ့်တစ်ဘုံ
လုံးစုံမကြွင်း ကုန်းကျင်းပျော်နေ များပိုလ်ခြေတို့အား။ဘာဇေမ၊ပတ္တိဒါန
ရည်ကာသလျက် သမအတူ ရစေဟူ၍ ကြည်ဖြူဖြန့်ခြွ အမျှဝေပါကုန်၏။
အသေသကာ၊သုံးဆယ့်တစ်ဘုံ ဖွဲ့ကာခြုံ၍လုံးစုံများစွာ သတ္တဝါတို့သည်။
လဘန္တု၊ သာဓုနှမော် ကောင်းကြီးခေါ်လျက် သုံးဘော်သုခ လိုသမျှကို
ရကြသည် ဖြစ်ပါစေကုန်သတည်း။

ကထိန်ရေစက်ချတစ်ပုဒ် ပြီး၏။ (၁)

---

(ပဌမအကြိမ်)

# ခ-ကထိန်ရေစက်ချ

အဟောဗုဒ္ဓေါ အဟောဓမ္မော အဟောသံဃော အံ့ဩမကုန် မနောဟုန်တို့ဖြင့် မောတုန်ဖိမ့်ဖိမ့် ကိုယ်လုံးစိမ့်မျှ နှစ်သိမ့်ကြည်ရွှင် ဒိရေယဉ်ဟုဌာဘင်ဥပါဒ် မနောခါတ်မှာ ဖောဘမသတ်နိုင် ဖောကပ်လှိုင် သုံးစိုင်ဥက္ကာဋ္ဌ ဗုဒ္ဓ, ဓမ္မ, သံဃကျေးဇူး စိတ်ကြည်နူး၍ အထူးမှတ်ခဲ့မူ လောကခါတ်စူးစူး ဝိဒေဒီးက ကွန့်မြူးစက်အိမ် ဖန်သူရိန်သည် ရောင်ရှိန်ရှန်းရှန်း ပြောင်ထိန် ထွန်းလျက် လေးကျွန်း၌ရှိ မိုက်အဘိကို ဘိုက်ဖိဖျက်ချေကင်းပစေလျက် ခိုနေအတု ဗိုလ်ခြေစုကို စက္ခုအရောင် မျက်ရှုဆောင်သို့ လင်းပြောင်ပြိုးပြက် ရိုးရိုးရက် ကိုးမျက်ပမာ ရတနာတို့သည် သဒ္ဒါခလေးလက်ရှိရ ကဿပမြတ်စွာ သာသနာသည် လျှံဖြာဝင်းဝင်း ရောင်ဝါကင်းခဲ့လျှင် အလင်းမရှိ တွင်းအတိ နင်းဖိမိုက်ဖုံး တိုက်အလုံး၌ ရိုက်ကျုံးဆူဆူ များဗိုလ်လူတို့သည် စင်ဖြူဓမ္မ ပင်မူသမှု မရလက်လှမ်း ဓမ္မခန်းကျသဖြင့် ရှယ်မှန်းမပြီး ပါယ်လမ်းသို့ မီးကြခလေရာ ရောင်ဝါထွန်းသိန် နေစက်အိမ်ကဲ့သို့ အရှိန်ကြွားကြွား တို့ဘုရားသည် မားမားမြင့်မြင့် ကားကားစွင့်လျက် ပွားဆင့်အတူ ပွင့်လာတော်မူခဲ့လျှင်သုံးဆူဘုံတိုက်လှုံအမိုက်ကို ကုန်မြိုက်လောင်ကျွမ်း ဘုန်းရောင်လွှမ်းသဖြင့် စက်ဝန်းပမာသာသနာသည် ပြောင်ဝါထွန်းပြီ စွမ်းမပြီ ရှန်းအိဝေဖြာ စည်ပင်သာသဖြင့် ဝေနေယျာအများ သုံးဘုံသားတို့သည် တရားဓမ္မကံ မှားအမှန်ကို ဉာဏ်စက္ခုလှင်း မချွတ်ယွင်းဘဲ ကျင့်ယူစွဲကြသဖြင့် ပါယ်ငရဲကင်းပ ချမ်းသာချရကြသည်၊ အဟောဗုဒ္ဓဂုဏာ အဟောဓမ္မဂုဏာ အဟောသံဃဂုဏာ အံ့ဩလောက် ကျေးဇူးရာတို့ကို ကြံကာမျှော်မိ မှန်ကန်စွာသိကြသဖြင့် သတိပဋ္ဌာန်သမ္မဇဉ်ကို မှန်ပြင်ကြေးရိပ် ရေးတံဆိပ်ကဲ့သို့ မေ့းကိလိဋ္ဌပယ်ရှားလျက် တက်ပွားသောသဒ္ဓါဟုန်တို့ဖြင့် အာရုံစွဲမိရဲရဲပြီပီတိလျှံမောင်း ဤလူပေါင်းတို့သည်၊ သောင်းသောင်းညီညာ ကထိန်လျာကို ပုဏ္ဏာစန္ဒ သသင်္ကဟုထိန်ပအံ့လျှံလဗ္ဗိမာန်သည် ယုဂန်တောင်ထိပ်ရောက်မဆိုက် ပြောင်ဖိတ်ရှန်းရှန်း ပေါ်ထွက်ထွန်းသို့ ညစ်နွမ်းမရှိ စွမ်းမငြိ သမ္မုတိဝင် ထေရ်အရှင်တို့အား ကြည်လင်စိတ်နေ မဆိုတ်စေ သုံးတွေဇောပြ၍ သောမနသ်ဖြင့် ထွတ်မြတ်လှူရန် လဟုဘဏ်တို့ကို ထက်သန်စေတနာ လှူဒါန်းပါကုန်၏၊ ဂရုဘဏ်ဝတ္ထု အစုစုအဝဝရှိသမျှတို့ကို ကထိနပဋိဂ္ဂဟ ပုဂ္ဂလပည်တ်မှထေရ်မြတ်အား

(ပဌမအကြိမ်)

ဆက်ကပ်သဒ္ဒါ လှူဒါန်းပါကုန်၏၊ အာသာဆန္ဒ ဗလဝနှင့် နိစ္စလသဒ္ဒါ
ဖရဏာအဟုံ မြှုမှုန်ကလိဂ္ဂ မပိတ်မဆီး ကင်းစင်ပြီးလျှင် ထန်သည်းစွာလှ
ဉဿာဟဖြင့် တုပ်ကျုံကြိုးပမ်း ကိုယ်ညှိုးနွမ်းအောင် လှူဒါန်းကုန်ကြ ဤ
ပုညကြောင့် ဘဝစက်ယာဉ် ဖျက်မပြည် ဆက်ရှည်ဝေးနစ် မှေးအမြစ်နှင့်
ထွေးရစ်သမျှ သစ်ဘဝတို့၌ ဖြစ်ရလေရာ နောင်အခါဝယ် လေးဖြာပါယ်ရပ်
မတွယ်ကပ် ထွတ်မြတ်သောဘုံ အမြဲကုံကြ၍ ကြီးဟုန်ပဋိပ္ပန် တိုဟိတ်မှန်
ပဋိသန်အစေ် လူ့ဘုံတွင်ဖြစ်ခဲ့မူ ဆုတ်နစ်ဂုဏ်ညှိုး ယုတ်ညစ်ဆိုးလှသော
လူမျိုးဟိန အကျိုးပသည့် သူအ-သူဆွံ့ ပန်းမှိုက်သွန်နှင့် ကျွန်အစေခံ
ယွင်းဖောက်ပြန် အထိန်းကျန်ယေးကျား ဒွန်စလွှားစစ်များလှသော အပြစ်
တို့မှ မဖြစ်ဝေးကွာ ကင်းလွတ်ပါ၍ ကုဋ္ဌာဂဏ္ဍကိလာသနှင့် သောသ
အပမာ အနာကြီးမျိုး ရောဂါဆိုးတို့သည် မတိုးမဝင် ဖြစ်တိုင်းစင်လျက်
ကောင်းကင်ပထဗျာ ဝဇီရာနှင့် ပမာနှိုင်းတု နက်ကျယ်စု ပုထုဟာသ
ဇဝနတိက္ခာ မဟာနိဗ္ဗေဓ ကိုးထွေစျာန အရဟတ္တပညာ ဆယ့်ခြောက်ဖြာ
တို့ဖြင့် လွန်စွာမြမြ ထက်မြလှသော ညာဏသမ္ပတ္တိဂုဏ်, မဟာသာလ
ကြေညာလှသည့် သုံးဝရင့်သီး ပုညကြီးသဖြင့် အံ့ချီးစလောက် ဂုဏ်မီး
တောက်၍ ထွန်းပေါက်ကြွယ်ဝ စည်းစိမ်ကို ခံရသော ဘောဂသမ္ပတ္တိဂုဏ်,
သလိပ်သည်းခြေ သွေးလေဒေါသ ဓာတ်လေးဝနှင့် ရသခြောက်ခု မြှောက်
ပွားပြုလျှင် ဆန့်ဝုတိ ဘေးမရှိ နှိပ်ဘိညှဉ်းပမ်း ရောဂါခန်းသဖြင့် သက်
တမ်း ကျော်မြောက် ထင်ပေါ်မောက် ရှေးနှောက်ကံစု ထောက်ခံပြု
ရသော အာယုသမ္ပတ္တိဂုဏ်, မှဲ့မည်းတင်းတိက် ဖြုတ်မိတ်မဝင် ကောင်း
ငါးအင်နှင့် ထင်ထင်ရှန်းပ အနိဋ္ဌရှင်း ပျောက်ပကင်းသဖြင့် အဆင်းရူပ
ပြည့်စုံလှသော ဝဏ္ဏသမ္ပတ္တိဂုဏ်, လေးစုံစီဖြာ ကျွန်းဒီပါတို့ကို စကြာရဟတ်
လှည့်ကာပတ်လျက် ဆက်ကပ်ခွန်သွင်း အမင်းမင်းတို့ကို နှိပ်နင်းစိုးပိုင်
လွှမ်းမိုးနိုင်သဖြင့် တုပြိုင်မရှိ ရှိညွတ်ကာ ထိုရသော ဣဿရိယသမ္ပတ္တိဂုဏ်,
ဤသို့စုံဘိ သမ္ပတ္တိတို့နှင့် လက်ရှိမလွဲ ဘဝတိုင်းမြဲပြီးမှ ပျက်စဲချိန်ရောက်
အရှိန်တောက်သဖြင့် နောက်နောက်ဘဝ ဆောက်တည်ကြသည့် အာစာရ
အမှီ ပါရမီတို့သည် ကူညီညွှန်းပြ ကိုက်တွန်းကြ၍ ဒုလ္လဘအမြဲ ကြုံရခဲလှ
မနုဿနှင့် ဗုဒ္ဓုပ္ပါဒ်ဘုံ ဆိုက်ဆိုက်ကြုံလျက် သဘာဂုဏ်ရိပ် ဟုန်မဆိတ်
တံဖိတ်စက်သွား မဂ်ညာဏ်ဓားဖြင့် သုံးပါးဘဝ ဆုံးပါးကြအောင်
အစဆောင် ချည်နှောင်တွဲစပ် သမုပ္ပါဒ်ကို ချိုးဖြတ်ရိတ်လှီးအောင်

မြင်ပြီးမှ ဘောင်ကြီးမဂ္ဂင် ရွက်ကြိုးဆင်လျက် စုံလင်ငြိမ့်ညံ့ အောင်စည်သံနှင့် ထွက်စံကွန့်မြူး နိဗ္ဗူဦးသို့ ဆန်ကူးရောက်ရပါလိုသောဝ်၊ အံ့ဟောဝတ သောမနဖြင့် အလောဘမြူး သဒ္ဓါစူးလျက် ကြည်နူးရွှင်ပ ပြုကုန်ကြသည် ဒါနကုသိုလ် အဖို့ကိုလည်း မြင်းမိုရ်သီတာ ဘူပထဗျာနှင့် အဏ္ဏဝါဂုဏ ကျေးဇူးမျှသော မိဘဆရာ ဉာတကာနှင့် ရာဇာဓိပတိ စအာဒိဖြင့်များရှိလူ့ဘုံ ပြဟ္မာကုန်အောင် ခြောက်စုံနတ်နန်း ရည်ဆမှန်းလျက် ဆိုးစွမ်းကြမ္မာ ညှိုးနွမ်းရှာ ပါယ်ရွာလေးထပ် အရပ်ရပ်ကို သတ်မှတ်ဖြန့်ချွေ အမျှဝေ၏၊ ရေနေကုန်းရှိ ဆုံးမသိ ကြုံမိနိုင်ရာ ဘတ္တဝါတို့သည် ညီညာဖြဖြ ဤဘာဂကို တူမျှမသွေ ရကြသည် ဖြစ်စေသောဝ်။

ကထိန် ရေစက်ချတစ်ပုဒ် ပြီး၏။ (၂)

## ဂ-ရေစက်ချအမျိုးမျိုး

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဘဝတ္တယံ၊ ကာမရူပ အရူပဟု ဘဝသုံးစုံ ဘုံသုံးဘုံကို။ အာဒိတ္တံ၊ ပြောင်ပြောင်ရဲရဲ မီးလျှံစွဲသော။ အဂ္ဂိခန္ဓဝိယစ၊ အရှိန်ညီးညီး မီးပုံကြီးကဲ့သို့ လည်းကောင်း။ အတိသမ္ဗာဓံ၊ ဒုက္ခဘေးစုံ ရစ်ထွေးအုံ၍ စုပုံကျိတ်ညှပ် လွန်ကျဉ်းကျပ်သော အန္ဒုဃရံ ဝိယစ၊ ပိတ်လှောင်နှောင်ဆီး ထောင်အိမ်ကြီးကဲ့သို့လည်းကောင်း။ ဘယာဘေရဝံ၊ သားရဲဘီလူး ဖုထူးထူးတို့ ပျော်မြူးကျက်စား ထိတ်လန့်ဖွယ်များသော။ မဟာဝနံဝိယစ၊ ဂနိုင်ရစ်ဆီး တောအုပ်ကြီးကဲ့သို့ လည်းကောင်း။ ဇာတိအာဒိ ဘယာကိဏ္ဏံ၊ ပဋိသန္ဓေ အိုသေနာရေး ဒုက္ခဘေးတို့ ရောထွေးနှိပ်စက်ခြင်း ရှိကုန်၏ဟု။ မညမာနာ၊ နိဗ္ဗိန္ဒဉာဏ် တွေးကြံသတိ မှတ်ထင်ရင်း ရှိပါကုန်သည်ဖြစ်၍။ တတော၊ ထိုဒုက္ခမရှင်း သုံးဘုံတွင်းမှ။ ခိပ္ပံ၊ ဆောလျင်စွာ။ မောစနတ္ထာယစ၊ ပယ်ခွာရှင်ကျွတ် ကင်းလွတ်ပါရခြင်း အကျိုးငှာလည်းကောင်း။ အဇာတိံ၊ လူ့ရပ်နတ်ပြည်။ သန္ဓေဇာတိ၊ တည်ရခြင်းမရှိသော။ အဇရံ၊ ဆံဖြူ သွားကျိုး နွမ်းညှိုးကိုင်းအိ အိုရခြင်းမရှိသော။ အဗျာဓိံ၊ မအီမသာ ပူဆာလောင်ရိ ဖျားနာရခြင်းမရှိသော။ အမရဏံ၊ သက်ကြီးရှိုက်ငင် ပူပင်မချိ သေရခြင်းမရှိသော။ သိဝံ၊ ဘေးရန်မနှော အသဝေါမငြိ ချမ်းအေးခြင်းရှိသော။ နိဗ္ဗာနံ၊ ဘဝယုတ်မြတ် မစုတ်ပြတ်အောင် ချုပ်စပ်တတ်စွာဝဋ်တဏှာမှ လွတ်ကွာမကပ် နိဗ္ဗာနဓာတ်ကို။ သစ္ဆိကရဏတ္ထာယစ၊ လက်ရောက်ထင်ထင် သိမြင်

ကြည့်ရှု မျက်မှောက်ပြုပါရခြင်း အကျိုးငှာလည်းကောင်း။ တိသရဏေန၊ အပါယ်ဘေးကြီး ဟားဆီးပေတတ် သုံးပါးသော သရဏဂုံမြတ်နှင့်။ သဟ၊ ဟက္ခ။ ပဉ္စသီလာနိ၊ ငါးချက်ဝိရတီ ငါးလီထွတ်တင် ငါးအင်္ဂါမှတ် ငါးပါးသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ၊ သမာဒါန ဂါရဝ လေးမူ ကောင်းမွန်စွာခံယူပြီး၍။ လောကေ၊ သတ္တပညတ် လောကဓာတ်၌။ အနုတ္တရော၊ အလွန်တုဘက် မပေါ်ထွက်သော။ အရဟံ၊ လူနတ်ပြဟ္မာ သတ္တဝါတို့၏ သီသာညွှတ်ဆိုက် ပူဇော်ထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သဗ္ဗညုတ ဉာဏလက်ဝင် ဘုရားရှင်သည်။ ဒေဝမနုဿာနံ၊ နတ်နှင့်လူသား ပြဟ္မာများတို့၏။ ဗဟုပကာရာယ၊ အကျိုးစီးပွား ထွန်းကားခြင်းငှာ။ ဥပ္ပန္နော၊ ပွင့်တော်မူလာပေ၏။ ဗုဒ္ဓေါ၊ ဂုဏ်တော်ကျေးဇူး အထူးကြီးမား မြတ်စွာဘုရား၌။ ပူဇေန္တာနံ၊ လေးမြတ်ကော်ရော် ပူဇော်ရကုန်သော သူတို့၏။ ဖလံ၊ ကံအာနုဘော် နှောင်သော်ပွံ့ပြူး အကျိုးထူးသည်။ အပ္ပမေယျံ၊ မရေတွက်နိုင်သည်သာလျှင်တည်း။ လောကေ၊ သတ္တပတ္တတ် လောကဓာတ်၌။ မုတ္တော၊ သံသရာဝဋ် ကျော့ကွင်းညွှတ်မှ လွတ်မြောက်စေတတ်သော။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သတ်မှတ် တရားတော်မြတ် သည်လည်းကောင်း။ ဒက္ခိဏေယျော၊ အလှူခံစစ် အမြတ်ဖြစ်သော။ သံဃော၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ပရမတ် သံဃာတော်မြတ် သည်သည်း ကောင်း။ ဒေဝမနုဿာနံ၊ နတ်နှင့်လူသား ပြဟ္မာများတို့၏။ ဗဟုပကာရာယ၊ အကျိုးစီးပွား ကျေးဇူးများခြင်းငှာ။ ဥပ္ပန္နော၊ ဖြစ်ပေါ်လာပေ၏။ ဓမ္မေ၊ တရားတော်၌လည်းကောင်း။ သံဃေ၊ သံဃာတော်၌လည်း ကောင်း၊ ပူဇေန္တာနံ၊ မြတ်နိုးကော်ရော် ပူဇော်ရကုန်သော သူတို့၏။ ဖလံ၊ ကံအာနုဘော် နှောင်သော်ပွံ့ပြူး အကျိုးထူးသည်။ အပ္ပမေယျံ၊ မရေတွက်နိုင်သည်သာလျှင်တည်း။ ဇာတိ၊ ဤသို့။ ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ၏အကျိုးကိုလည်းကောင်း။ ရတနတ္တယဉ္စ၊ ရတနာသုံးပါး ကိုလည်းကောင်း။ ရတနတ္တယဂုဏဉ္စ၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို လည်းကောင်း။ သြကပ္ပေတွာ၊ သက်ဝင်ယုံကြည်ပါကုန်သည်ဖြစ်၍။ ဒိဋ္ဌိံ၊ အယူကို။ ဥဇုံကတွာ၊ ဖြောင့်စွာပြု၍။ ပဏိဘာနိ၊ မွန်မြတ်ကုန်သော။ သုဒ္ဓါနိ၊ စင်ကြယ်ကုန်သော။ ဣမာနိ ဒါနဝတ္ထုနိ၊ ဤလှူဖွယ်ဝတ္ထုတို့ကို။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။ ဟတ္ထေ၊ လက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ ယထာဥဒ္ဒိသံ၊ ရည်မှတ်ပါသည်

အတိုင်း။ ဒေမ၊ လူဒါန်းပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ အနုဂ္ဂဟေမ၊
ချီးမြှောက်ပါကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ အမှာကံ၊ အကျွန်ုပ်တို့
၏။ ဝုဒ္ဓိပုညံ၊ ကြီးကောင်းမှုသည်။ အနာဂတေ၊ နောင်အခါ၌။ အန္တိမ
ဘဝေ၊ အဆုံးစွန်သောဘဝ၌။ ဆဠဘိညာဒိ ပရိဝါရော၊ အဘိညာ၆
ခြောက်ရပ် သမာပတ်ရှစ်ဖြာ သမ္ဘိဒါလေးတန် ထူးမြတ်သော အခြံအရံရှိ
သော။ ဗောဓိသမ္ဘာရော-ဓိဏာသဝ၊ ဉာဏထောက်ကူ အဆောက်အဦ
သည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗာနပါရံ၊ နိဗ္ဗာန်ဆောင်နန်း တစ်ဘက်ကမ်းသို့။
အာဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ မယံ၊
အကျွန်ုပ်တို့သည်။ ယာဝ၊ အကြင်မျှလောက်။ သံသာရစက္ကသ၊ သမုပ္ပာဒ်
ကွက် သံသာစက်၏။ ဒွေမူလေ၊ အဝိဇ္ဇာနှင့် တဏှာပေါင်းသင်း နှစ်ပါး
သော အမြစ်ရင်းတို့ကို။ ဆေတွာန၊မဂ်အရဟတ္တ ဉာဏ်ခဂ္ဂဖြင့် တူးဆွနုတ်
သ်တ် စင်းခုတ်ဖြတ်၍။ နိဗ္ဗာနပူရံ၊ ဘေးရန်မဆို နိဗ္ဗာန်ရွှေပြည်မြို့သို့။
အပဝိသေယျာမ၊ မဝင်ရကုန်သေး။ တာဝ၊ ထိုမျှလောက်။ သံသာရေ၊
ဘဝများစွာ သံသရာ၌။သံသရန္တာ၊ လူးလာအောက်ယက် စုန်ဆန်တက်၍
အဆက်ကြာရှည် ကျင်လည်ရကုန်သည်ရှိသော်။ အပါယာဒိဟိ၊ လေးရပ်
အပါယ် သုံးသွယ်သောကပ် ဝိပတ်လေးမျိုး ရပ်မျိုးရှစ်ပြစ် ယုတ်ညံ့သော
အဖြစ်တို့မှ။ မုစ္စိတွာန၊ မတွေ့မကြုံ လွတ်မြောက်ကုန်၍။ သုဂတိဘဝေသု
ယေဝ၊ လူ့ရပ် နတ်ရွာ သုဂတိဘုံတို့၌သာလျှင်။ ဥစ္စကုလေသု၊ မင်း
နှင့်ပုဏ္ဏား သူဌေးသူကြွယ် ကြီးကျယ်မောက်ဖြိုး မြင့်မြတ်သော အမျိုး
တို့၌။ တိဟေတုကာ၊ ဉာဏသမ္ပယုတ် ဥက္ကဋ္ဌစိတ် တိဟိတ်ပဋိသန္ဓေ စွဲယူနေ
ရကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဇာတိ ဇာတိယံ၊ဖြစ်တိုင်းဖြစ်တိုင်းသော
ဘဝ၌။နတ္ထိတိဝစနံ၊မရှိမမျှ မရဟူသောစကားကို။ မာသုဏောမ၊ မကြားရ
ပါလိုကုန်။ ဒေဟိတိဝစနံ၊ ပေးပါမျှပါ စွန့်ချပါဟူသော စကားကိုလည်း။
မာဝဒါမ၊ မပြောဆိုရပါလိုကုန်။ ဣစ္ဆိတ စိတ္တေန၊ ထိုထိုမှုမျိုး သည်ပိုး
ဆောင်ရိတ် တောင့်တသောစိတ်ဖြင့်။ အာကာသံ၊ အဇဋာပြင် မိုးကောင်း
ကင်ကို။ ဥလ္လောကေန္တော၊ မျက်နှာမျှော်လှည့် မော်၍ကြည့်သည်ရှိသော်၊
ဝလာဟကတော၊ နဘံဖောက်ထွင်း တိမ်တိုက်တွင်းမှ။ ရတနဝဿာ။
ရွှေငွေမြရွှဲ သဲသဲမောက်ဖြိုး ရတနာမိုးသည်။ ပဝဿတု၊ အလိုပြီးကာ
ရွာသွန်းလာပါစေသတည်း။ သဗ္ဗဒိသံ၊ ရှေ့နောက်ဝဲယာ ဒိသာရပ်ခွင်
ထက်ဝန်းကျင်ကို။ အနုဝိလောကေန္တော၊ လှည့်ကာနှံ့စပ် ကြည့်ရှုလတ်
သည်ရှိသော်။ ဒဿနဋ္ဌာနတော၊ လိုရာသတ်မှတ် ကြည့်ရှုရာ အရပ်မှ။

(ပဌမအကြိမ်)

ကပ္ပရုက္ခာ၊ အဇဝတ်တန်ဆာ လိုရာမရှား အပါးပါးဆင် ပဒေသာပင်တို့သည်။ ဥဠုဟေယျုံ၊ လိုအင်ချိုးမြှောက် အပြီးရောက်အောင် ပေါ်ပေါက်ထွက်ပြူ လာစေကုန်သတည်း။ အဓောဘာဂံ၊ မျက်လွှာတည့်မတ်အောက်မြေရပ်ကို။ ဩလောကေန္တော၊ ငုံ့ကာတန့်ရပ် ကြည့်ရှုလတ်သည်ရှိသော်။ ပထဝိတော၊ ပထဗျာအထုပ်သုဖောက်ထွင်း မြေအတွင်းမှ။ မဟာနိဓိပဗ္ဗတာ၊ ယူဇနာမျှလောက် အစောက်ငြိုးငြိုး ရွှေအိုးရွှေဘောင်ကြီးတို့သည်။ နိက္ခမေယျုံ၊ ငွေ့စွင့်ထက်ကာ ပေါ်ထွက်လာပါစေကုန်သတည်း။ အမှေဟို၊ အကျွန်ုပ်တို့သည်။ အဒေနန္တသု၊ ကြည်ဖြူမြတ်လေး မပေးမလှူကုန်သည်ရှိသော်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဘောဂေ၊ စည်းစိမ်ဥစ္စာ ရတနာတို့ကို။ ဧရိယော၊ ခိုးသူခင်းစိုး ရန်သူမျိုးတို့ [illegible] မသိလုယူသျှင်၊ မလုမယက် မဖျက်ဆီးနိုင်စေကုန်သတည်း။ နဉ္ဇုပက္ကမမှဒေဿော၊ သူတစ်ပါးတို့၏သို့လ ပယောဂ ဉာဏ်ဘာကြောင့် မဆုံးရှုံးသည်လည်းကောင်း။ သဗ္ဗာဝုဓဝိသဓရဇောစ၊ အလုံးစုံသောလက်နက်မျိုး ဆိပ်မျိုးတို့ကြောင့် မသေရခြင်းသည်လည်းကောင်း။ အသယှသာဇ္ဇကာယောစ၊ သူတစ်ပါးညှဉ်းဆဲပစ်ဖောက်ခွဲလည်းကွဲပြိုသော ကိုယ်ရှိခြင်းသည်လည်းကောင်း။ သကလဒေဝ မနုဿေဟိ၊ လောကဓာတ်လုံးစုံ ကမ္ဘာယက္ခ နွေ့ဗ္ဗနှင့် သက္ကပြဟ္မာ ဝိဇ္ဇာဘုတ်စုန်း နတ်လူလုံးတို့သည်။ ကေမတော၊ တစ်ပေါင်းတစ်လုံးတည်း။ ဝါယမေန္တောသုပိ၊ တိုင်ပင်ရုံးစု လုံ့လပြုကုန်သော်လည်း။ ဘာသမတ္တမ္ပိ၊ ကြက်သည်းခုန်ကြွ ထိတ်လန့်ရုံမျှကိုလည်း။ ကာတုံ၊ ပြုခြင်းငှာ။ အသက္ကောန္တော၊ မစွမ်းနိုင်ကြကုန်သည်ဖြစ်၍။ ဇီဝိတဿ၊ အသက်၏။ အနန္တရာယောစ၊ အန္တရာယ် မရှိခြင်းသည့်လည်းကောင်း။ သုခဒီဃာယုကောစ၊ သက်တမ်းကျော်နေချမ်းသာသော အသက်ရှည်ခြင်းသည်လည်းကောင်း။ ဘဝေယျာမ ဖြစ်ရပါလိုကုန်၏။ ဇာတိ ဇာတိယံ၊ ဖြစ်ဘိုင်း ဖြစ်ဘိုင်းသော ဘဝ၌။ သဗ္ဗင်္ဂသုဘာသမ္ပန္နောစ၊ ငါးအင်ကလျာ ခြောက်ဖြာပြစ်ရှင်း အလုံးစုံသော ကိုယ်အင်္ဂါ၏ တင့်တယ်ခြင်းနှင့် ပြည့်စုံခြင်းသည်လည်းကောင်း။ သိင်္ဂနိက္ခ သုဝဏ္ဏ ဝဏ္ဏောစ၊ သိင်္ဂနိက်ရွှေစင် အဆင်းနှင့်တူသော အဆင်းရှိခြင်းသည်လည်းကောင်း။ ဗာတ္တိံသ လက္ခဏူပေတောစ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံခြင်းသည်လည်းကောင်း။ သကလဒိဝသံပိ၊ တစ်နေ့ပတ်လုံးလည်း။ အပေက္ခာန္တာနံ၊ ရှုကြည့်လာကုန်သော။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတိတ္တိကရူပဝန္တောစ၊ တင်းတိမ်အားရ မဝမင်

မရောင့်ရဲနိုင်သော အဆင်းရှိခြင်းသည်လည်းကောင်း။ ဝဿသတိကောပိ၊
အသက်တစ်ရာရှည်မြင့်ကြာသော်သည်း။ သောဠသဝဿိကောဝိယ၊ တစ်ဆယ့်
ခြောက်နှစ် ပျိုမျစ်နုနယ် ငယ်သောအရွယ်ကဲ့သို့။ အဘိန္နဝယသမ္ပန္နော စ၊
မပျက်မယို မအိုသော အရွယ်ရှိခြင်းသည်လည်းကောင်း၊ အဖလိဘာဒိသမ္ပ-
န္နော စ၊ မဖြူသောဆံ မကုန်းသောခါး, မကျိုးသောသွား, မထိုင်းသောနား,
မဆံ့သောစကား, မတွန့်သော အရေရှိခြင်းသည်လည်းကောင်း။ သဗ္ဗင်္ဂ-
ဝဏ္ဏအဓိကော စ၊ အလုံးစုံသော အဆင်းအင်္ဂါနှင့် ပြည့်စုံသော သူတို့ထက်
လွန်ကဲသောအဆင်းအင်္ဂါနှင့် ပြည့်စုံခြင်းသည်လည်းကောင်း။ ဘဝေယျာမ၊
ဖြစ်ရပါလိုကုန်၏။ ဇာတိ ဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ ဗြဟ္မ
သရော စ၊ ဗြဟ္မာ့သဟံ ကျူးရင့်သံကဲ့သို့ သာယာသော အသံရှိခြင်းသည်
လည်းကောင်း။ ကရဝိကသဒ္ဒေါ စ၊ ကရဝိက်ငှက်မင်း ကျူးရင့်ခြင်းကဲ့သို့
သန့်ရှင်းသော အသံရှိခြင်းသည်လည်းကောင်း။ မဉ္ဇုမဓုရသရော စ၊ ချိုသာ
ကြည်အေး မထွေးမယှက် ကောင်းစွာထွက်သော အသံရှိခြင်းသည်
လည်းကောင်း။ အင်္ဂသရသမ္ပန္နော စ၊ အင်္ဂါရှစ်ပါး ထူးခြားလုံခြုံ အသံ
ဂုဏ်နှင့် ပြည့်စုံခြင်းသည်လည်းကောင်း။ အတပ္ပနရဝေါ စ၊ နတ်နှင့်လူပေါင်း
မငြောင်းမညာနား၍ မစဲမရောင့်ရဲနိုင်သော အသံရှိခြင်းသည်လည်းကောင်း။
သရသမ္ပန္န အဓိကော စ၊ အသံသာကြွား လူအများတို့ထက် ကဲတက်လွန်ကြူး
ထူးသောအသံရှိခြင်းသည်လည်းကောင်း။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။
ဇာတိ ဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌။ အမှာကံ၊ အကျွန်ုပ်တို့၏။
ကာယေ၊ ကိုယ်၌။ ကေသဂ္ဂ မတ္တမ္ပိ၊ တစ်ဆံချည် ဖျားမျှလည်း။ ဗျာဓိ၊
နူနာကုတ်ဟီး မှဲ့မည်းတင်းတိတ် ဖြုတ်, မိတ်, ဝက်ခြံ ယားယံပွေးဝဲ
ကျိတ်ခဲထွက်မြင်းခရူသင်းရင်းနာဒူလာမြင်းသရိုက်အကိုက်အတက်ပါဒရက်
အစဆာနဝုတိရှိသမျှရောဂါဝေဒနာသည်။ မာဟောတု၊ မဖြစ်ပါစေသတည်း။
ဍံသာဒယော၊ ခြင်, မှက်, ကင်းသန်း, အခန်းခန်းနှင့် ဆိုးစွမ်းခွေး, မြွေ,ရေ
နေတောရိုး အမျိုးမျိုးသော တိရစ္ဆာန်တို့သည်။ မာဟိံသန္တု၊ မကိုက်မခဲ
မညှဉ်းဆဲနိုင်စေကုန်သတည်း။ ဆဒ္ဒန္တမဟာဗလော စ၊ ကောင်းကင်ပျံဆင်း
ဆဒ္ဒန်မင်းကဲ့သို့ ကြီးမားသော ခွန်အား ရှိခြင်းသည်လည်းကောင်း။
သိန္ဓဝဇဝေါ စ တိမ်တောင်ပျံနှင်းသိန္ဓောမြင်းကဲ့သို့ လျင်မြန်ပေါ့ပါးသော
ခွန်အားရှိခြင်းသည်လည်းကောင်း။ ဒုက္ကရကမ္မံ၊ ပြုငြင်ခဲယဉ်းသောအမှုကို။
ကရောန္တမ္ပိ၊ ပြု၍သော်လည်း။ အကိလန္တဗလော စ၊ မပင်ပန်းသော ခွန်အား
ရှိခြင်းသည်လည်းကောင်း။ လက္ခ ယောဇနမဂ္ဂံ၊ ယူဇနာတစ်သိန်းမျှလောက်

သောခရီးကို။ ကောဟေနေ၊ တစ်နေ့ချင်းဖြင့်သာလျှင်။ ဂံမနာ၊ ဂမနဗလော၊ သွားလာနိုင်သော ခွန်အားရှိခြင်းသည်လည်းကောင်း။ သဟဿကောဋိဘာရံ၊ ကုဋေတစ်ထောင်မျှလောက်သော ဝန်ကို။ အပ္ပကဘာရံဝိယ၊ အနည်းငယ်သောဝန်ကဲ့သို့။ ဝဟန္တဗလော၊ ထမ်းဆောင်နိုင်သော ခွန်အားရှိခြင်းသည်လည်းကောင်း။ ဒသယောဇနာကာသံ၊ ဆယ်ယူဇနာမြင့်သော ကောင်းကင်ပြင်သို့ ဥလ္လင်္ဃနဗလော၊ ခုန်တက်ကျော်လွှားနိုင်သော ခွန်အားရှိခြင်းသည် လည်းကောင်း။ မဟာဗလင္ဂအဓိကောစ၊ အားခွန်ဗလ ကြီးမားကြွလွန်သော သူတို့ထက် ကဲဘက်လွန်ကြူးထူးသော ခွန်အားရှိခြင်းသည် လည်းကောင်း။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။ နိစ္စံ၊ အမြဲ။ ကာယစိတ္တသုခေါပေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်လည်းကောင်း။ပိယဝိပ္ပယောဂဝိဂတောစ၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းဒုက္ခမှ ကင်းလွတ်ရခြင်း သည်လည်းကောင်း။ အပ္ပိယသမ္ပယောဂ ဝိဂတောစ၊ မချစ်မနှစ်သက်သော သူတို့နှင့်အတူ ပေါင်းဖော်ရခြင်းဒုက္ခမှ ကင်းလွတ်ရခြင်း သည်လည်းကောင်း။ ပရိဒေဝဝိဂတောစ၊ ဟစ်အော်ပူပြင်း ငိုကြွေးရခြင်း ဒုက္ခမှ ကင်း လွတ်ရခြင်း သည်လည်းကောင်း။ အနုပါယာသောစ၊ ရှိုက်ငင်သောင်ပြင်း ပင်ပန်းခြင်း ဒုက္ခမှ ကင်းလွတ်ရခြင်း သည်လည်းကောင်း။ အဒေါသာကောစ၊ ညှိုးနွမ်းမှိုင်းစိုးရိမ်ရခြင်းဒုက္ခမှ ကင်းလွတ်ရခြင်း သည်လည်းကောင်း။ အဘယောစ၊ လိုက်ခုန်ချုတ်ယှင်း ကြောက်ရွံ့ခြင်းဒုက္ခမှ ကင်းလွတ်ရခြင်းသည် လည်းကောင်း။ သူရသတ္တိသမ္ပန္နောစ၊ ရဲရင့်ခြင်းသတ္တိ အမြဲရှိခြင်းသည် လည်းကောင်း။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။ သုဒ္ဓမဟာပရိဝါရောစ၊ ကိုယ်ကျင့်မပျက် နှစ်သက်စဖွယ် စင်ကြယ်စိတ်ထားများသော သားသမီးစသော အခြွေအရံရှိခြင်းသည်လည်းကောင်း။ အဘိဒသမပရိဝါရောစ၊ သင့်တင့်ယှဉ်တွဲ မကွဲမပြို အလိုဆန္ဒသိမျှသော အခြံအရံ ရှိခြင်းသည် လည်းကောင်း။ဩဝါဒသုဏပရိဝါရောစ၊ ကျိုးကြောင်းပြသ ဩဝါဒကို ဂါရဝမူ အရေးယူ၍ ကြည်ဖြူမဖယ် ဆုံးမလွယ်သော အခြံအရံရှိခြင်းသည်လည်းကောင်း။ ဥပဋ္ဌာနပရိဝါရောစ၊ သက်စွန့်ကြိုးပမ်း ကိုယ်ညွှန်းနှမ်းအောင် အကြမ်းအနု အမှုမရွေး ကိုယ့်အရေးကို အလေးတမူ လုံ့လထူ၍ မွေးမြူတတ်သော အခြံအရံ ရှိခြင်းသည်လည်းကောင်း။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။ ဇာတိဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌။ သဗ္ဗဝေရီတို့၊ ဝန်းကျင်ပတ်လည် ထိုဥဿုံလုံး အလုံးစုံသော ရန်သူပုန်တို့သည်။

(ပဌမအကြိမ်)

အသဲယျာ၊ မတိုက်မဖျက် မနှိပ်စက်နိုင်သော။ သဗ္ဗဝေရီ၊ နယ်ဘွင်း နယ်ပြင် ဝန်းကျင်လုံးစုံ ရန်သူဒုန် ကို၊ ဇာသနန္တာ၊ ကြံ့ကြံ့ခိုင်ခိုင် အောင်စွမ်းနိုင်သော။ ကေသတရာဇူဟိ၊ တစ်ရာ့ဘစ်ပါး မင်းအများတို့သည်။ သက္ကတော၊ ရိုညွတ်တုပ်ကွ ပူဇော်ရသော။ သဗ္ဗကလေဟိ၊ မင်းနှင့်ပုဏ္ဏား ဆင်းရဲသားသူကြွယ် ကုန်သွယ်လယ်လုပ် ဇနပုဒ်ဂါမ ရှိသမျှ လူမျိုးဘို့သည်။ အနုဝတ္တကော၊ အလိုအကြိုက်သို့ လိုက်ကြရသော။ ကေသော ဇနင္ဒာနံ၊ အထက်တစ်ယူဇနာ အောက်ဘစ်ယူဇနာ အရပ်ဘိုင်အောင်။ အာဏာပဝတ္တော၊ အာဏာမဆုံ့ ပျံ့နှံ့နိုင်သော။ မဟာသေနော၊ များသော စစ်သည်ရှိသော။ မဟာဗလော၊ များသောဗိုလ်ထုရှိသော။ မဟာယသော။ များသော အခြွေအရံရှိသော။ မဟိဒ္ဓိကော၊ ကြီးသော တန်ခိုးရှိသော။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသော။ ဓမ္မစာရော၊ တရား ကိုကျင့်သော။ ဓမ္မကာမော၊ တရားကို လိုလားတတ်သော။ ဓမ္မမာမကော၊ တရားကို မြတ်နိုးတတ်သော။ သာသနဇောတကော၊ သာသနာတော်ကို ထွန်းလင်းစေတတ်သော။ မဟိဿရော စ၊ ကြီးကျယ်သော အစိုးရခြင်း သည်လည်း။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။ ဇာတိ ဇာတိယံ၊ ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝ၌။ ထလံ၊ ကုန်းကို။ ဥဒကံဝိယ၊ ရေကဲ့သို့။ ဥဒကံ၊ ရေကို။ ထလံဝိယ၊ ကုန်းကဲ့သို့။ ပဌဝိံ၊ မြေကို။ အာကာသံဝိယ၊ ကောင်းကင်ကဲ့သို့၊ အာကာသံ၊ ကောင်းကင်ကို။ ပထဝိံဝိယ၊ မြေကဲ့သို့။ ကမ္မဇိဒ္ဓိနာဝ၊ ကမ္မဇတန်ခိုးဖြင့်သာလျှင်။ မာပေယျာမ၊ ဖန်ဆင်းနိုင်ရပါလိုကုန်၏။ အမှာကံ၊ အကျွန်ုပ်တို့၏၊ ဘောဂေ၊ ထမင်းအဖျော် အိပ်ရာနေရာ အဝတ်တန်းဆာ ဘဏ္ဍာ အသုံးအဆောင် တို့ကို။ ကမ္မဇိဒ္ဓိနာဝ၊ ကမ္မဇတန်ခိုးဖြင့်သာလျှင်။ မာပေယျာမ ဖန်ဆင်း နိုင် ရပါလိုကုန်၏။ ယံယံ၊ အကြင်အကြင်ဝတ္ထု အမှုကိစ္စဟူသမျှကို။ ဣစ္ဆိတံ၊ အလိုရှိအပ်၏။ ပတ္ထိတံ၊ တောင့်တအပ်၏။ ယံယံ၊ အကြင်အကြင်အကြံအစည်ဟူသမျှကို။ စိန္တိတံ၊ ကြံစည်အပ်၏။ တံတံ၊ ထိုထိုဝတ္ထု အမှုကိစ္စ အကြံအစည် ဟူသမျှသည်။ ယထာဣစ္ဆိတံ၊ အလိုရှိသည် အတိုင်း။ ယထာပတ္ထိတံ၊ တောင့်တသည်အတိုင်း။ ယထာစိန္တိတံ၊ ကြံစည်သည် အတိုင်း။ ကမ္မဇိဒ္ဓိနာဝ၊ ကမ္မဇ တန်ခိုးဖြင့်သာလျှင်။ သမိဇ္ဈတု၊ ပြီးစီးပါစေသတည်း။ ဇာတိ ဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ တိက္ခဂမ္ဘီရ ပညော စ ထက်မြက်သော ပညာ,နက်နဲသော ပညာရှိခြင်းသည်လည်းကောင်း။ ဟာသဇဝနပညော စ၊ ရွှင်သောပညာ, လျင်မြန်သောပညာရှိ

ခြင်းသည်လည်းကောင်း။ ဘူရိနိဗ္ဗေဓပညော စ၊ မြေအိုထုနှင့်တူသောပညာ၊ ထိုးထွင်းနိုင်သော ပညာရှိခြင်းသည်လည်းကောင်း။ ပရပ္ပဝါဒမဒ္ဒနော စ၊ သူတစ်ပါးတို့၏ မှားသော အယူကို နှိပ်နင်းနိုင်သော ပညာရှိခြင်းသည် လည်းကောင်း။ သောဠသဝဿိကော စ၊ တစ်ဆယ့်ခြောက်နှစ် အရွယ်ကပင် လျှင်။ တိဟိ ဗေဒေဟိ စ၊ ဗေဒင်သုံးပုံတို့နှင့်လည်းကောင်း။ သံဝဏ္ဏနာဟိ စ၊ အဖွင့်ဋီကာ ကျမ်းဂန်တို့နှင့်လည်းကောင်း။ ဂန္ထန္တရေဟိ စ၊ ကျမ်းဂန်အထူး တို့နှင့်လည်းကောင်း။ သဟ၊ တကွ။ သာဋ္ဌကထာတိပိဋကံ၊ အဋ္ဌကထာနှင့် တကွသော ပိဋကတ်သုံးပုံကို။ ဓာရေတာသမတ္ထော စ၊ ဆောင်ခြင်းငှါ စွမ်းနိုင် ခြင်းသည်လည်းကောင်း။ သဗ္ဗကမ္မေသု၊ အလုံးစုံသော အမှုမျိုးတို့၌ လည်းကောင်း။ သဗ္ဗသိပ္ပေသု စ၊ အလုံးစုံသော အတတ်မျိုးတို့၌ လည်းကောင်း။ အသိက္ခိတေဿဝ၊ မသင်မကြားဘဲသာလျှင်။ ကောဝိဒေါ စ လိမ္မာတတ်မြောက်ခြင်းသည်လည်းကောင်း။ ပုစ္ဆန္တာနံ၊ မေးမြန်းလာကုန် သောသူတို့၏။ ဥတ္တာနံ ဝါ၊ ပေါ်လွင်သည်လည်း ဖြစ်သော။ ဂမ္ဘီရံ ဝါ၊ နက်နဲ ခက်ခဲသည်လည်းဖြစ်သော။ သဗ္ဗပဉှံ၊ အလုံးစုံသော အမေးပုစ္ဆာ ပြဿနာကို။ တံခဏေယေဝ၊ ထိုမေးမြန်းသောခဏ၌သာလျှင်။ သီဃံ၊ လျင်မြန်စွာ။ အဝိရဒ္ဓံ၊ မချွတ်မယွင်းဘဲ။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဝိသဇ္ဇနပညော စ၊ ဖြေကြားနိုင်သော ပညာရှိခြင်းသည်လည်းကောင်း။ သကလေ၊ အလုံးစုံသော။ ဂန္ထဇာတေပိ၊ ကျမ်းဂန်အပေါင်း၌လည်းကောင်း။ သကလေ၊ အလုံးစုံသော။ သုတဇာတေပိ၊ အကြားအမြင် အပေါင်း၌ လည်းကောင်း။ သကလေ၊ အလုံးစုံသော။ သိပ္ပဇာတေပိ၊ တတ်မျိုး အပေါင်း၌ လည်းကောင်း။ သကိံ ဒဿနမတ္တေန စ၊ တစ်ကြိမ် မြင်ကာ မျှဖြင့်လည်းကောင်း။ သကိံ သဝနမတ္တေန စ၊ တစ်ကြိမ် ကြားကာမျှဖြင့် လည်းကောင်း။ ယာဝဘဝဂ္ဂန္တရူပဂါ၊ ဘဝဆုံးသည်တိုင်အောင်။ အမုဋ္ဌ-သတော စ၊ မမေ့မလျော့ မပျောက်မပျက်သော သတိရှိခြင်းသည် လည်းကောင်း။ ဧကသတဘာသာသု စ၊ တစ်ရာ့တစ်ပါးသော လူမျိုးတို့၏ ဘာသာတို့၌လည်းကောင်း။ သဗ္ဗရုဝေသု စ၊ အလုံးစုံသော တိရစ္ဆာန်မျိုး တို့၏ တွန်သံမြည်သံ ကျူးရင့်သံတို့၌ လည်းကောင်း။ အသိက္ခိတေဿဝ၊ မသင်မကြားဘဲသာလျှင်။ ကောဝိဒေါ စ၊ တတ်သိလိမ္မာခြင်းသည် လည်းကောင်း။ သဗ္ဗသိပ္ပာ အဓိကော စ၊ အလုံးစုံသော အတတ်ပညာ၌

လိမ္မာကုန်သောသူတို့ထက် အလွန်အကြူး အထူးအားဖြင့် လိမ္မာတတ်မြောက်ခြင်းသည်လည်းကောင်း။ ဘဝေယျာမ၊ ဖြစ်ရပါလို့ကုန်၏။ ဇာတိဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ အသန္တံ၊ သူတော်မဟုတ်သော။ ဗာလံ၊ သူမိုက်ကို။ နပဿေယျာမ၊ မတွေ့မမြင် ရပါလို့ကုန်။ ဗာလဿ၊ သူမိုက်၏။ ဝစနံ၊ ပြောဟောသောစကားကို။ နသုဏေယျာမ၊ မကြားမနာရပါလို့ကုန်၏။ ဗာလေန၊ သူမိုက်နှင့်။ နသမာဂမေယျာမ၊ မပေါင်းဖော်မမှီဝဲရပါလို့ကုန်။ ဗာလေန၊ သူမိုက်နှင့်။ အလ္လာပသလ္လာပံ၊ တိုင်ပင်နှီးနှော စကားပြောဟောခြင်းကို။ မာကရေယျာမ၊ မပြုရပါလို့ကုန်။ သန္တေဟိ၊ သူတော်ကောင်းဖြစ်ကုန်သော။ ပဏ္ဍိတေဟိ၊ ပညာရှိတို့နှင့်။ သမာဂမော စ၊ ပေါင်းဖော်ယှဉ်တွဲ မှီဝဲရခြင်းသည်လည်းကောင်း။ အလ္လာပသလ္လာပေါ စ၊ တိုင်ပင်နှီးနှော ပြောဟောရခြင်းသည်လည်းကောင်း။ တေဟေဝ၊ ထိုပညာရှိ သူတော်ကောင်းတို့ကို သာလျှင်။ မာမကော စ၊ နှစ်သက်မြတ်နိုးခြင်းသည်လည်းကောင်း။ ဗဟုဿုတော စ၊ များသောအကြားအမြင် ရှိခြင်းသည်လည်းကောင်း။ သုတကာမော စ၊ အကြားအမြင်ကို အလိုရှိခြင်းသည်လည်းကောင်း။ သုတမာမကော စ၊ အကြားအမြင်ရှိသောသူကို မြတ်နိုးခြင်းသည်လည်းကောင်း။ ဓမ္မာရာမော စ၊ တရား၌ မွေ့လျော်ခြင်းသည်လည်းကောင်း။ ဓမ္မကာမော စ၊ တရားကို လိုလားခြင်းသည်လည်းကောင်း။ ဓမ္မမာမကော စ၊ တရားရှိသောသူကို မြတ်နိုးခြင်း သည်လည်းကောင်း။ ဓမ္မပကာသကော စ၊ မြုပ်တိမ်သော ဓမ္မကို ဖော်ပြနိုင်ခြင်းသည်လည်းကောင်း။ ဂမ္ဘီရကထော စ၊ နက်နဲသော တရားစကားကို ပြောဟောနိုင်ခြင်းသည်လည်းကောင်း။ ဘဝေယျာမ၊ ဖြစ်ရပါလို့ကုန်၏။ ဇာတိဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ လောကဓမ္မသု၊ လာဘ-အလာဘ, ယသ-အယသ, သုခ-ဒုက္ခ, နိန္ဒ၊ ပသံသ-ဟု ဆိုအပ်သော လောကဓံတရား ရှစ်ပါးတို့၌။ အနုဏ္ဏောနတော စ၊ မတက်မကြွ မယုတ်ကျသော စိတ်ရှိခြင်းသည်လည်းကောင်း။ အစလနစိတ္တော စ၊ မတုန်လှုပ်သော စိတ်ရှိခြင်းသည်လည်းကောင်း။ သဟော စ၊ သည်းခံနိုင်ခြင်းသည်လည်းကောင်း။ လဇ္ဇီ စ၊ မကောင်းမှုကို ပြုခြင်းမှ ရှက်ခြင်းသည်လည်းကောင်း။ ကုက္ကုစ္စကော စ၊ မကောင်းမှုကို ပြုခြင်း၌ အလိုလို ရှိခြင်းသည် လည်းကောင်း။ သုပေသလော စ၊ ကိုယ်ကျင့်သီလကို ချစ်မြတ်နိုးခြင်းသည် လည်းကောင်း။ သိက္ခာကာမော စ၊ သိက္ခာသုံးပါးကို လိုလားခြင်းသည်လည်းကောင်း။

(ပဥ္စမအကြိမ်)

ဇီဝိတံ ပဟာတုံပိ၊ အသက်သေအံ့သော အကြောင်းကြောင့်လည်း။ သီလံ၊ အကျင့်သီလကို။ အဝိကောပေန္တော စ၊ မဖျက်မဆီးခြင်းသည်လည်းကောင်း။ သုရက္ခတော စ၊ ကောင်းစွာစောင့်ရှောက်ခြင်းသည်လည်းကောင်း။ သောဝစ္စဿတာ စ၊ သူတော်ကောင်းတို့ ဆိုဆုံးမလွယ်ခြင်းသည်လည်းကောင်း။ မိတ္တာဂါဟဝိသင်္ဂေါ စ၊ မှားသောအယူကို စွန့်လွှတ်လွယ်ခြင်းသည်လည်းကောင်း။ သဗ္ဗကာမေသု၊ အလုံးစုံသော အိမ်ထောင်ခမ်းနား သားမယား အာရုံ ကာမဂုဏ်တို့၌။ အလဂ္ဂေါ၊ တွယ်တာငြိကပ်ခြင်း ကင်းသည် ဖြစ်၍။ သဗ္ဗသဝေသု၊ လူ့ရပ်လူဘုံ ဖြစ်ကြုံသမျှ အလုံးစုံသော ဘဝတို့၌။ နိက္ခမာဓိမုတ္တော စ၊ ဿရော့စွဲနှောင် လူ၏ဘောင်မှ ခွဲရှောင်စွန့်ကြဉ် တောသို့ ဝင်၍ ဈာန်ယှဉ်ပျော်မွေ့ ရသော့ရဟန်းပြုခြင်း၌ ညွတ်ကိုင်းသောစိတ် ရှိခြင်းသည်းလည်းကောင်း။ ဘဝေ ဘဝေ၊ ဖြစ်ရပါလိုကုန်၏။ ဇာတိ ဇာတိယံ၊ ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝ၌။ သက္ကော စ၊ သိကြားမင်းသည် လည်းကောင်း။ မာတလိ စ၊ မာတလိ နတ်သားသည် လည်းကောင်း။ ဝိသုကမ္မော စ၊ ဝိသုကြုံနတ်သားသည်လည်းကောင်း။ ဇာနော စ၊ ဇာန နတ်သားသည်လည်းကောင်း။ ပဇ္ဇုန္နော စ၊ မိုးနတ်သားသည်လည်းကောင်း။ ယေမရူ၊ အကြင်နတ်တို့သည်။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကြကုန်၏။ တေ မရူ၊ ထိုတန်ခိုးကျော်ကြား နတ်အများတို့သည်။ အမှေ၊ အကျွန်ုပ်တို့ကို။ ကပေတ္တံဝ၊ တစ်ယောက်တည်းသော သားကဲ့သို့။ သဒါ၊ အခါခပ်သိမ်း။ အနုရက္ခန္တု၊ ဘေးဒဏ်ရန်မှောက် မလာရောက်အောင် စောင့်ရှောက်ကြပါစေကုန်သတည်း။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဝစနံ၊ စကားကို။ သုဏန္တု၊ လိုက်နာကြပါစေကုန်သတည်း။ နော၊ အကျွန်ုပ်တို့၏။ ကမ္မံ၊ အမှုကိစ္စ ဟူသမျှကို။ ဝဟန္တု၊ ရွက်ဆောင်ကြပါစေကုန်သတည်း။ နော၊ အကျွန်ုပ်တို့၏။ ပုညာ နုဘာဝေန စ၊ ကုသိုလ်၏ အာနုဘော်ကြောင့်လည်းကောင်း။ သမ္မာဓျာနံ၊ ချုပ်နှောင်ဖမ်းဆီး ဘေးကြီး ထိကပ် ကျဉ်းမြောင်းရာအရပ်သို့။ ပတ္တော၊ ရွေးကံအလျောက် ကျရောက်၍ နေကြကုန်သော။ ဉာတကေ စ၊ အဆွေတော်သော သူတို့ကိုလည်းကောင်း။ အညာတကေ စ၊ အဆွေမတော်သော သူတို့ကိုလည်းကောင်း။ အတ္တာနဥ္စ၊ မိမိကိုယ်ကိုလည်းကောင်း။ တတော၊ ထိုဘေးဒုက္ခကပ် ကျဉ်းကျပ်ရာအရပ်မှ။ ခပယောဂေန၊ လျင်မြန်ခဏ လွယ်ကူသောလုံ့လဖြင့်။ မောစယျာမ၊ လွတ်မြောက်စေနိုင်ရပါလိုကုန်၏။ ဇူဒံပုညဘာဂဥ္စ၊ ဤ

ကောင်းမှု၏ အဖို့ကိုလည်း။ မာတာပိတရော၊ မိခင်ဖခင် ကျေးဇူးရှင်တို့ကို။ အာဒိ ကတွာ၊ အစပြု၍။ ဉာတိနဉ္စ၊ အဆွေအမျိုးတို့အားလည်းကောင်း။ အာစရိယာနဉ္စ၊ ဆရာသမားတို့အားလည်းကောင်း။ ဒေဝါနဉ္စ၊ အိမ်စောင့်နတ်, ရွာစောင့်နတ်, ဟောယာစောင့်နတ်, တောင်စောင့်နတ်, ရုက္ခစိုး, ဘုမ္မစိုး, အာကာသစိုး, စတုမဟာရာဇ်, တာဝတိံသာ အစရှိကုန်သော နတ်တို့အားလည်းကောင်း။ သက္ကာနဉ္စ၊ သိကြားတို့အားလည်းကောင်း။ ဗြဟ္မာနဉ္စ၊ ဗြဟ္မာတို့အားလည်းကောင်း။ ဘူပါလသာမဝ၊ ရေမြေသဖြင်းပြည့်ရှင်မင်းအားလည်းကောင်း။ အပါယာနဉ္စ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်တိုသားတို့အား လည်းကောင်း။ ယမရာဇဿ၊ ယမမင်းအားလည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေ၊ ထိုသုံးဆယ့်တစ်ဘုံ အလုံးစုံသော သတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ လဗ္ဘန္တု၊ ရကြသည် ဖြစ်ပါစေကုန်သတည်း။ အနာဂတေ၊ နောင်အခါ၌။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ ဂတိဒဝက လွှာပိ၊ ဂတိယွင်းဖောက် ငရဲသို့ရောက်ရပါသော်လည်း။ အယံယမရာဇာ၊ ဤယမမင်းသည်။ တွံ၊ သင်ကား။ ကေဒါ၊ တရံရောအခါ၌။ ဣဒံနာမပုညံ၊ ဤမည်သောကောင်းမှုကို။ ကတွာ၊ ပြု၍။ အမှာကံပိ၊ ငါတို့အားလည်း။ ဘာဂံ၊ အဖို့ကို။ ဘာဇေသိနနုံ၊ ဝေငှခဲ့ဖူးပါသည် မဟုတ်တုံလော။ ဣတိ ဝစနံ၊ ဤသို့သောစကားကို။ ဝဒေန္တော၊ ပြောဆိုလျက်။ သတိံ၊ သတိကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ သုဂတိမဂ္ဂဒေသကော၊ သုဂတိဘဝ လမ်းပြတိုက်တွန်း ခရီးညွှန်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အယံ၊ မေဒနီပိ၊ ဤမြေကြီးသည်လည်း။ သက္ခိယုတ္တကာလေ၊ သက်သေမူသင့်သောအခါ၌။ အယံ၊ ဤသူကား။ ပုဗ္ဗေ၊ ရှေးအခါ၌။ မမ၊ ငါ၏။ ဥပရိ၊ ထိပ်ထက်၌။ ဥဒကဗိန္ဒု၊ ရေစက်ရေပေါက်ကို။ ပါတေတွာ၊ ကျစေ၍။ ပုညံ၊ ကောင်းမှုကို။ အာကာသိ၊ ပြုခဲ့ဖူး၏။ ဣတိ ဝစနံ၊ ဤသို့သောစကားကို။ ဝဒန္တော ဝိယ၊ ဆိုဘိသကဲ့သို့။ ဥဒကပရိယန္တံ၊ ရေဆုံးသည့်တိုင်အောင်။ ယန္တစက္ကာ ဒိဝိယ၊ ယန္တရားပုခက် အိုးထိန်းစက်ကဲ့သို့။ ကမ္ပန္တော၊ သွက်သွက်ခါဟည်းပဲ့တင်တီးလျက်။ သက္ခိဌာနေ၊ သက်သေအရာ၌။ တိဋ္ဌတု၊ တည်ပါစေသတည်း။

ဤရေစက်ချကား—ဘယ်အ-လူမဆို အလုံးစုံသော အလူမျိုးတို့၌ချခြင်းငှာ လျော်သော ရေစက်ချတည်း၊ ရှည်အံ့ထင်လျှင် တော်ရာမှာ ဖြတ်ပြီး

(ပဌမအကြိမ်)

လျှင် အမျှဝေနှင့် အဆုံးသတ်၍ချလေ၊ ပရိတ်မေတ္တာ ဘာဝနာကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးသည်၏ အဆုံး၌ ဆုတောင်းရေစက်ချ အမျှဝေ လိုမူ ဇာမိနာ ပုညကမ္မေန၊ ဤသို့သော ပရိမေတ္တာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါရ ကုသလကြောင့်။ အနာဂတော၊ နောင်အခါ၌။ အန္တိမဘဝေ၊ အဆုံးစွန်သောဘဝ၌။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏေယျာမ၊ ရောက်ရပါလို၏။ မယံ၊ အကျွန်ုပ်တို့သည်။ ယာဝ၊ အကြင်မျှလောက်။ သံသာရစက္ကသာ၊ သမုပ္ပါဒ်ကွက် သံသရာစက်၏။ ဒွေမူလ၊ အဝိဇ္ဇာနှင့် တဏှာပေါင်းသင်း နှစ်ပါးသော အမြစ်ရင်းတို့ကို စသည်ဖြင့် ရှေးနည်းအတူ ဆက်၍ဆိုလေ၊ ရှေးရေစက်ချကြီးနှင့် အတူတူပင်။ ရှေးရေစက်ချကြီးတစ်ခုကို ရပါက အသုံးချတိုင်း အသုံးကျပါသည်၊ ဤကား—အမှာ ပြီး၏။

ရေစက်ချ အမျိုးမျိုး ပြီး၏။

ဝဋ္ဋဘေဒနီကျမ်း-စတုတ္ထတွဲ ဤတွင် ပြီးပြီ။

## အသိမ္မာစာမှာ ရှိသည့်
## လူတော်လူကောင်းဖြစ်အောင်
## စာပေကိုလေ့လာပါ-ဖတ်ပါ။


၁။ ထေရာအပဒါန်ဝတ္ထုတော်ကြီး ပ,ဒု,တ
၂။ ဓမ္မာစရိယမျက်ရှု
၃။ ပကိဏ္ဏက ဝိသဇ္ဇနာကျမ်း ပထမတွဲ
၄။ အလင်္ကာနိသျသစ် စံကျောင်းဆရာတော်
၅။ ကင်္ခါမေးခွန်းနှင့်အဖြေ ပ,ဒု
၆။ ပရိဝါသ မာနတ္တ
၇။ ဦးထွန်းရီ ၃၈ ဖြာမင်္ဂလာ
၈။ ငါးပါးသီလ
၉။ အာတပ္ပနယ်ဘြာပေါင်းချုပ်
၁၀။ သံဒိဋ္ဌိဇာတာဖွဲ့နည်း
၁၁။ အင်္ဂဝိဇ္ဇာ ဗေဒင်ဟောနည်း (ဆရာမောက်ရေး)
၁၂။ ဝဋ္ဋဘောဒနီကျမ်း တရားပေါင်းချုပ်
၁၃။ တန်ခိုးထက်မြက်သော ဥပ္ပါတသန္တိမြန်မာပြန် (ဆင့်မူ)
၁၄။ မအူမူ ပါရာဇိကဏ်အဋ္ဌကထာနိသျ (ပ,ဒု,တ,စ)
၁၅။ ဗုဒ္ဓယဉ်ကျေးမှု
၁၆။ မှန်ကန်သော သစ္စာဆိုခြင်းဖြင့် စည်းစိမ်ဥစ္စာတိုးတက်၍
တန်ခိုးထက်မြက်သော စူဠဝေဒဗ္ဗသစ္စမန္တန်တော်
၁၇။ မဟာဝေဒဗ္ဗမန္တန်တော်ကြီး

# ကြွင်ကြွင်

အမျိုးသမီးသိဒ္ဓိပိဋကတ်စာအုပ်ဆိုင်
အမှတ် ၄၃-၄၄၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊
ရွှေဂုံတိုင်စာတိုက်၊ ဗဟန်း၊ ရန်ကုန်မြို့။